


# မစန္ဒာ

# အရိပ်



MAUNG NOE

က ကန်စွန်းပင် ရေမှာရှင်

ခ ခရမ်းသီး ခေါ်နဲ့လှီး

အမာညိုသည် သူငယ်တန်း မြန်မာဖတ်စာအုပ်ကလေးကို ရှေ့တွင်ချကာ အသံကုန်အော်ဟစ်ကျက်မှတ်လိုက်သည်။ ကျက်မှတ်နေရင်းမှ စာအုပ်ထဲတွင်ပါသော အရုပ်ကလေးများကို သဘောကျစွာ ငုံ့၍ငုံ့၍ကြည့်မိလေသည်။ ဆ အက္ခရာနေရာတွင် ခေါင်းပေါင်းနှင့်ဆရာကြီးက ခေါင်းလောင်းတီးနေသော ပုံ ပါသည်။

ဆ ဆရာကြီး ခေါင်းလောင်းတီး၊

ထ ထရံထက် အိမ်မြှောင်တက်

ဘ ဘယက် ရွှေဒေါင်းခွက်

အမာညိုသည် သူနှစ်သက်သော ရောင်စုံရုပ်ကလေးများကို လက်ညှိုးကလေးနှင့်ထောက်ကာ ထောက်ကာ ဆိုနေသည်။ အမာညို၏ ဘေးတွင် ညီလင်းညိုက ဝမ်းလျားလေး မှောက်နေသည်။ အရုပ်ကလေးများကိုကြည့်ရင်း မပီကလာပီကလာနှင့် လိုက်အော်နေလေသည်။

'မမ ဒနန်း ဒနန်း'

'ကဏန်း ညီလင်းရဲ့ ကဏန်း'

'ထွေးကြီး ထွေးကြီး'

ညီလင်းသည် ဒရယ်ရုပ်ကလေးကို လက်ညှိုးနှင့်ထောက်ကာ ဝမ်း

သာ အားရ အော်ပြန်လေသည်။

'ခွေးမဟုတ်ဘူး ဒရယ်'

'သရယ်'

'အင်း ဒရယ် မှတ်ထား၊ ဒ ဒရယ်ဖို ချိုတိုတိုတဲ့'

အမာညိုသည် ညီလင်း လှမ်းလှမ်းဆွဲသော သူ့စာအုပ်ကလေးကို လက်ဖနောင့်နှင့်အားစိုက်ပြီး ဖိထားရသည်။ ညီလင်းသည် ထိုစာအုပ်ကလေးကို အလွန်သဘောကျလေသည်။ အမာညို လစ်လျှင် လစ်သလို ဆွဲယူသွားတတ်သည်။ သူ့ရှေ့တွင်ချကာ မပီကလာ ပီကလာနှင့် ဟန်ကျပန်ကျ ကျက်မှတ်တတ်သည်။ သူ့အစ်မ အမာညိုကိုအားကျပြီး သူငယ်တန်းကျောင်းသားကြီး တက်လုပ်တတ်လေသည်။

'သမီးက အတော်တတ်နေပြီဟေ့'

ဖေဖေက ချီးကျူးလေသည်။ ဖခင်၏ချီးကျူးသံကို ကြားရသော အခါ အမာညိုဝမ်းသာသွားသည်။ မျက်နှာလေးပြုံးသွားသည်။ တတ်သမျှ မှတ်သမျှကို အသံကုန်ဆက်၍ အော်ဟစ်ရွတ်ဆိုလိုက်သည်။

'သတင်းစာ သတင်းစာ'

စက်ဘီးခေါင်းလောင်းကို ကလင် ကလင်တီးပြီး သတင်းစာသမား လေးက အိမ်ပေါက်ဝမှအော်သောအခါ ညီလင်းသည် လူးလဲထပြီး တဒိုင်းဒိုင်း ပြေးသွားလေသည်။ သတင်းစာရသောအခါ ဖေဖေ့ဆီသို့ ယိုင်ထိုးယိုင်ထိုးနှင့် ပြန်ပြေးလာသည်။ သူဝတ်ထားသော ဖလန်နယ် ကြိုးသိုင်းဘောင်းဘီလေး သည် ပွယောင်းနေသဖြင့် ညီလင်းသည် ကာတွန်းရုပ်လေးနှင့်တူနေသည်။

'ကဲ သမီးလေး၊ ဒါကို ပေါင်းဖတ်ကြည့်စမ်း'

ဖေဖေသည် ညီလင်းကို ပေါင်ပေါ်ဆွဲတင်ရင်း သတင်းစာခေါက် ကလေးကို ဖြန့်လိုက်သည်။ ထို့နောက် သတင်းစာခေါင်းစီးကို လက်နှင့် ထောက်ပြသည်။ အမာညိုသည် ဖေဖေ့ဆီသို့တိုးသွားပြီး ဖေဖေထောက်ပြသော စာလုံးကို ငုံ့ကြည့်လိုက်သည်။

'မ ရရစ်နသတ်မြန်၊ မ ရေမ၊ မ ရေးချမာ၊ အောက်ကမြစ် မာ့ မြန်မာ့၊ အ ရေ အ မြန်မာ့ အ၊ လ သေတ်လင် ဝစ်စနှစ်လုံးပေါက်တော့ လင်း၊ မြန်မာ့ အလင်း'

'ဟား တော်တယ်ဟေ့၊ ကဲကဲ ဒီအောက်က နေ့စွဲလေးကို ဆက်ဖတ်

ကြည့်စမ်း'

'တစ် ကိုး ငါး ငါး'

'အဲဒီလို မဖတ်ရဘူးသမီးရဲ့၊ ထောင့်ကိုးရာ ငါးဆယ့်ငါးလို့ဖတ်ရတယ်၊ ဖေဖေဖတ်ပြမယ် နားထောင်၊ "၁၉၅၅ နိုဝင်ဘာလ ၂၈ ရက်" တဲ့'

'၁၉၅၅ ဆိုတာ ဘာလဲ ဖေဖေ'

'အဲဒါ ခုနှစ်ပေါ့ သမီးရဲ့'

'အဲဒါကရော ဘာလဲ ဖေဖေ'

'အဲဒါက အဲ အင်း ဒီလို သူက အချိန်ကာလကို သတ်မှတ်တာ၊ သမီးကို ၁၉၅၀ တုန်းက မွေးခဲ့တယ်လေ၊ သမီးအသက် တစ်နှစ်ကြီးလာရင် အဲဒီခုနှစ်ကလည်း တစ်ခုတိုးတာပဲ၊ အခု ၁၉၅၅၊ သမီးအသက်ကလည်း ငါးနှစ်၊ ဟုတ်ပြီလား'

ဖေဖေကရှင်းပြသည်။ အမာညိုသည် ကောင်းစွာ နားမလည်သော်လည်း ခေါင်းညိတ်လိုက်သည်။ ထို့နောက် အိမ်ရှေ့သို့ ပြေးထွက်လာခဲ့လေသည်။ မေမေနှင့်မေမေကြီးတို့ ဈေးမှပြန်လာကြသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။ သူတို့နောက်မှလိုက်လာသော ကိုကို၏လက်ထဲတွင် စာကလေးခွေများ ကိုင်ထားလေသည်။

'ဈေးဖိုးတော့ ဖောဖောသီသီ သုံးပစ်ခဲ့တာပဲ ကိုရေ့၊ ခြောက်ကျပ်တစ်မတ်တောင် ကုန်ခဲ့တယ်'

မေမေသည် မောက်လျှံနေသော ဈေးခြင်းတောင်းကို အိမ်ဝတွင် ချထားလိုက်ပြီး လက်မောင်းအောင့်သလို လက်ကို ခါနေလေသည်။ ခြင်းတောင်းထဲမှ ကြက်ခြေထောက်နှစ်ချောင်းက ပြူထွက်နေသည်။ နှုတ်ခမ်းမွေး ကားကားနှင့် ပုစွန်တုပ်ကြီးများကိုလည်းတွေ့ရသည်။ အမာညိုသည် ပုစွန်တုပ်များကို တွေ့သောအခါ ပျော်သွားသည်။ မီးဖုတ်စားရမည်ကို တွေးမိသောကြောင့် ဖြစ်သည်။ အိမ်တွင် ပုစွန်ဟင်းချက်ရန် မေမေဝယ်လာတိုင်း အမာညိုတို့ မောင်နှမသည် ပုစွန်များကို အလစ်တွင်ဆွဲယူပြီး မီးဖုတ်စားလေ့ရှိကြသည်။

'ဘာတွေများဝယ်လာလို့တုံး'

ဖေဖေက လှမ်းမေးသည်။ မေမေကြီးသည် အိမ်ထဲသို့လှမ်းဝင်လာရင်း မျက်နှာကို မဲ့လိုက်သည်။

'အောင်မလေး ကြက်တစ်ပိဿာခြောက်ကျပ်တဲ့ မောင်ညိုဝင်းရေ့

လေးဆယ်သား အကောင်နုနုလေးဝယ်တာ နှစ်ကျပ်လေးဆယ်ချောရော၊ ကျုပ်တို့ငယ်ငယ်က ဈေးဖိုးတစ်ကျပ်ယူသွားရင် တစ်အိမ်လုံး ဗိုက်ရိုက်စားရင်တောင် မကုန်ဘူး၊ ခုများတော့ နှစ်ရက်စာလေးဝယ်တာတောင် ခြောက်ကျပ်ကျော်တယ် တဲ့တော်'

မေမေကြီးက တဖျစ်တောက်တောက် ပြောသွားသည်။ အမာညို သည် ကျော်ထွန်းညိုလှမ်းပေးသော စာကလေးခွေကလေးများကို စားပွဲပေါ်တွင် ယှဉ်ချလိုက်ပြီး အကြီးအသေးရွေးနေမိသည်။ စာကလေးခွေ လေးခု ဝယ်လာ သည်။ သူတို့မောင်နှမက သုံးယောက်ဖြစ်၍ ပိုသောတစ်ခုကို ကျော်ထွန်းညိုက အညီအမျှသုံးပိုင်းပိုင်းကာ ထပ်၍ ဝေပေးလေသည်။

"မယူကြနဲ့ဦးနော်"

ကျော်ထွန်းညိုက ပါးစပ်တပြင်ပြင်ဖြစ်နေသော အငယ်နှစ်ဦးကို ဟန့် တားကာ စိတ်တိုင်းကျအောင် အညီအမျှဝေစုခွဲနေလေသည်။ ချိုးထားသော မုန့်ကျိုးလေးများကို ဟိုဘက်ထည့်လိုက် ပြန်နုတ်လိုက်၊ ဒီဘက်ထည့်လိုက် ပြန်နုတ်လိုက်၊ အနီးကကြည့်လိုက်၊ အဝေးကကြည့်လိုက်နှင့် ကျေနပ်သောအခါ မှ 'ကဲ ယူကြတော့'ဟု ယူခွင့်ပေးသည်။ သူ့အစ်ကို ဝေစုခွဲထားသည်မှာ ညီမျှ လွန်းသဖြင့် အမာညိုသည် မည်သည့်မုန့်ပုံကိုယူရမည်မသိဘဲ ဝေခွဲမရ ဖြစ်နေ သည်။

'အေး စားထားကြ၊ စားထားကြ၊ ဒီတစ်ပတ်ကျောင်းပိတ်ရင်တော့ ဝမ်းနုတ်ဆေးတိုက်ရမယ်၊ ညက ဟိုကောင်မလေး မိညို အီးပုပ်တွေချည်းပဲ ပေါက်နေတယ်၊ အဝင်သာရှိပြီး အထွက်မရှိတဲ့ဗိုက်၊ အစားပုပ်၊ ဒီညသာ ဒီလို ဆက်ပြီး ဓာတ်ငွေ့လွှတ်နေရင်တော့ ကျုပ်နဲ့အတူမအိပ်နဲ့တော့၊ ညည်း အဖေနဲ့ ညည်းပြန်အိပ်'

မေမေကြီးကပြောသောအခါ အမာညိုသည် တွေ့ရာမုန့်ပုံကို ကျုံးယူ လိုက်ပြီး ပြေးထွက်ခဲ့သည်။ အမာညိုသည် ညတိုင်း မေမေနှင့်မအိပ်ဘဲ မေမေ့ အမေ မေမေကြီးနှင့်အတူ အိပ်သူဖြစ်သည်။ မေမေကြီး၏ရင်ခွင်ထဲတိုးဝင်ပြီး၊ ကရမက်နံ့သင်းသင်းကို ရှူရှိုက်ရင်းအိပ်ရသည်ကို နှစ်သက်သည်။ ည အိပ်ရာ မဝင်မီ အဆန်းတကြယ်ပုံပြင်များကို ပြောပြတတ်သော မေမေကြီးသည် အလွန် ချစ်စရာကောင်းလေသည်။ မေမေကြီး၌ မကောင်းသော အချက်သည်ကား တစ်ချက်တည်းသာရှိသည်။ ထိုအချက်က ဝမ်းနုတ်ဆေးအကျွေးသန်ခြင်း

ဖြစ်သည်။ အော့ချင် အန်ချင်စရာကောင်းသော ကြက်ဆူဆီကို ကြွေဇွန်းနှင့် အပြည့်မောက်မောက်ထည့်ပြီး နှာခေါင်းပိတ်ကာ အတင်း သောက်ခိုင်းတတ်သည်။ ဒီအတိုင်း မသောက်ချင်ဘူးဟုငြင်းသောအခါများတွင် ကော်ဖီထဲထည့် ဖျော်ပေးတတ်သည်။ ကြက်ဆူဆီများဝေ့ကာ နံစော်နေသော အီစလည်ကော်ဖီကြီးကိုကြည့်ကာ အမာညိုတို့နှာခေါင်းတရှုံ့ရှုံ့ဖြစ်နေသောအခါ ဘေးမှနေ၍ မျက်နှာထားတင်းတင်းနှင့် တုတ်မိုးထားတတ်လေသည်။ မေမေကြီးကို မကြောက်သော်လည်း တုတ်ကိုကြောက်သောကြောင့် ဇွတ်မှိတ်ပြီး မျိုချခဲ့ရသောအခါပေါင်းလည်း များလှချေပြီ။

'မာညို၊ နင့်ကျောက်ကျောတွေ ခဲပြီလား'

ကျော်ထွန်းညိုကမေးသောအခါမှ ကျောက်ကျောများကိုသတိရပြီး အိမ်အောက်သို့ပြေးဆင်းခဲ့သည်။ သဖန်းသီးမှအတွင်းအနှစ်များကို ရေနှင့်နယ်ကာ အဝတ်ပါးနှင့်စစ်ပြီး ပြန်လည်အခြောက်ခံထားခြင်းဖြစ်သည်။ အေးပြီးခြောက်သွားသောအခါများတွင် တကယ့်ကျောက်ကျောလေးပမာ ကြည်ပြီးတုန်ခါနေတတ်သည်။

'ခဲပြီ ကိုကို၊ ခဲနေပြီ'

ဒန်အိုးပေါက်စလေးထဲတွင်ထည့်ခဲထားသော သဖန်းသီးကျောက်ကျောများသည် ခဲနေချေပြီ။ ပြောင်ချောနေသောမျက်နှာပြင်ကို လက်ညှိုးနှင့် မထိတထိပွတ်ကြည့်ရင်း အမာညိုက ဝမ်းသာအားရအော်လိုက်လေသည်။

ကျော်ထွန်းညိုက ကျောက်ကျောကို မကြည့်နိုင်သေးချေ။ နို့ဆီခွက်ထဲတွင် ရေနံဆီနှင့်ထည့်စိမ်ထားသော သူ၏သားရေကွင်းများကိုပြေး၍ ကြည့်နေရသောကြောင့်ဖြစ်သည်။ သားရေကွင်းများကို တုတ်ချောင်းလေးနှင့်ထိုးကာ ကော်ယူလိုက်သည်။ ရေနံဆီဝနေသော သားရေကွင်းများသည် ထူထူတုတ်တုတ်နှင့် အကြီးကြီးဖြစ်နေလေသည်။

'ဟော့ ဒီမှာကြည့်၊ ဒီမှာကြည့်'

'ဟယ် အကြီးကြီး'

အမာညိုသည် အနီရောင်သားရေကွင်းကြီးကို လှမ်း၍ဆွဲယူလိုက်သည်။ ကျော်ထွန်းညိုက လက်ကိုနောက်ဘက်သို့ဆုတ်လိုက်သောကြောင့် သားရေကွင်းသည် အတန်ငယ်တင်းသွားသည်။ ဖတ်ခနဲပြတ်သွားသည်။

'ခွေးမလေး'

ကျော်ထွန်းညိုက မျက်လုံးပြူးကြည့်ကာ ရေရွတ်လိုက်သည်။ ရေနံဆီစိမ်ထားခြင်းအားဖြင့် သားရေကွင်းသည် ပွကာ ကြီးလာသော်လည်း အဆွဲအတင်းမခံဘဲ ဆွေးသွားတတ်သည်ကို သူ မသိချေ။

'ဟယ်၊ ခွေးကလေး'

အမာညိုက ရေရွတ်မိပြန်သည်။ ညီလင်းကိုဖြစ်သည်။ သူသည် အမာညို၏ကျောက်ကျောခွက်ထဲသို့ လက်ညှိုးလေးကို တစွပ်စွပ်နှင့် ထိုးထည့်နေသည်။ လက်ညှိုးရာအပေါက်များနှင့်မို့ သဖန်းသီးကျောက်ကျောလေးသည် ကွဲအက်ကြေမွလျက်ရှိချေပြီ။

*

၅. ၇. ၆၀

**အချစ်ဆုံးသူငယ်ချင်း သက်သက်**

ဒို့မိန်းကလေးတွေရဲ့ဘဝဟာ ပန်းလိုပဲတဲ့။
ဒီတော့ သဇင်လိုလည်း အမြင့်မှာ မပျော်နဲ့၊
စံပယ်လိုလည်း အညှာမလွယ်နဲ့၊
နှင်းဆီလိုလည်း ဆူးမဖက်ပါနဲ့လို့ ပြောလိုက်ချင်ပါတယ်ကွယ်။

မဆုံးသောခင်မင်မှုများဖြင့်

အမာညို
(၅. ၇. ၆၀)

အမာညိုသည် ကြိုးစားပမ်းစားရေးထားသော သူ့လက်ရေးလေးများကို တစ်ခေါက်ပြန်ဖတ်သည်။ လှပဝိုင်းစက်နေသဖြင့် ကျေနပ်စဖွယ်ပင်ဖြစ်သည်။ စာသားများကမူ အမာညို၏ မူပိုင် မဟုတ်ချေ။ အခြားသူများ ရေးလေ့ရှိသည်များကို ခိုးချပြီးရေးလိုက်ခြင်းဖြစ်သည်။

သက်သက်က အော်တိုရေးခိုင်းသောအခါ အမာညိုသည် ကောင်းကောင်းလေးရေးရန်စဉ်းစားသည်။ ကဗျာလည်းဆန်၊ ကောင်းလည်း ကောင်း၊ အဓိပ္ပာယ်လေးလည်း လှအောင် စဉ်းစား၍ မတတ်သောအခါ ထုံးစံအတိုင်း အလွတ်ကျက်ထားသောစာသားများကိုသာ ရေးထည့်လိုက်ရတော့သည်။

'ဟော့ ဒီမှာကြည့်စမ်း'

အမာညိုလှည့်ကြည့်လိုက်သောအခါ ကင်းထောက်ဝတ်စုံလေး ဝတ်ထားသော ကျော်ထွန်းညိုကို တွေ့ရသည်။ အပြာရောင်လည်စည်းကို ကြေးကွင်းလေးနှင့်စွပ်ရင်း သူ့ကိုယ်သူ မှန်ထဲပြန်ကြည့်နေသည်။

'ဘယ်သွားမလို့လဲ ကိုကို'

'လုပ်အားပေးပွဲလေ၊ ကြိုက်တာခိုင်း တစ်ကျပ်'

'ကိုကိုက ချောလို့'

'ဟား ဟား၊ တရော်သုတ်ထားတာ ချောမှာပေါ့ဟ'

ကျော်ထွန်းညိုက ဦးထုပ်ကလေးကို ကောက်ယူပြီး မစောင်းတစောင်းလေး ဆောင်းလိုက်သည်။

'ကိုကို ဟိုက တကယ်ခိုင်းနေရင် တကယ်လုပ်ရမှာနော်၊ ရှုးတွေ မိုးတွေ သိပ်ထုတ်မနေနဲ့'

'လုပ်မှာပေါ့'

ကျော်ထွန်းညိုသည် ခပ်ပြတ်ပြတ်ပြောသည်။ သူတို့ ကင်းထောက်အဖွဲ့မှ ရံပုံငွေအတွက် အလှူခံထွက်ရန် ဖြစ်သည်။ သို့သော် အလကားသက်သက် အလှူခံခြင်းတော့ မဟုတ်ပေ။ "လုပ်ငန်းတစ်ရပ်၊ ငွေတစ်ကျပ်" သတ်မှတ်ပြီး တစ်အိမ်တက်ဆင်း အလုပ်တောင်းခံကာ ပြုလုပ်ပေးခြင်းဖြစ်သည်။ သို့သော် စေတနာရှင်အိမ်များက လူငယ်လေးများကို မခိုင်းကြပေ။ အလှူငွေသာ ထည့်လိုက်ကြသည်။ ကျော်ထွန်းညိုတို့ကမူ အမှန်တကယ် အလုပ် လုပ်ချင်သည်။ တန်ရာတန်ကြေးလုပ်ပေးပြီးမှ ထည့်လှူသောငွေကို ပို၍လိုချင်မိလေသည်။

'ကဲ သွားမယ်'

ကျော်ထွန်းညိုသည် သူ့ကိုယ်သူကြည့်၍ ကျေနပ်သွားသောအခါ ခပ်သွက်သွက် ထွက်သွားသည်။

အမာညိုသည် စားပွဲပေါ်မှ ပဲကြီးလှော်တစ်စေ့ကို ကောက်ဝါးလိုက်ပြီး အော်တိုစာရွက်ကလေးများကို တဖျပ်ဖျပ်လှန်လိုက်သည်။

"သင် အနှစ်သက်ဆုံးများကို ရေးပေးပါ" ဟူသော ခေါင်းစီးရှိ စာမျက်နှာကိုရောက်သောအခါ ဖောင်တိန်ကို တစ်ခါဖွင့်ရပြန်သည်။

"အရောင် . . . အဖြူရောင်" ဟုရေးလိုက်သည်။ အဖြူရောင်ကြိုက်သော မိန်းကလေးသည် စိတ်ထားဖြူစင်သည်ဟုပြောသောကြောင့် အဖြူရောင်

ကြိုက်လိုက်ခြင်း ဖြစ်သည်။ စင်စစ် အမာညိုကြိုက်သောအရောင်သည် အနီရဲရဲ စူးစူးတောက်တောက် အရောင်များ ဖြစ်သည်။

စာရေးဆရာ　　တက္ကသိုလ်ဘုန်းနိုင်
ဝတ္ထု　　ညီမလေးရယ် စိုးရိမ်မိတယ်
အဆိုတော်　　သန်းသန်းဆင့်
သီချင်း　　အစ်ကိုကြီးရယ် စိုးရိမ်မိတယ်

ထိုအကွက်များကိုကား စဉ်းစားရန်မလို။ ကိုယ့်အကြိုက်ကို ကိုယ် ပြတ်ပြတ်သားသား သိလေသည်။ သို့သော် ပန်း ဟူသောနေရာတွင်ကား အခက်ကြုံပြန်သည်။ အမာညိုသည် ဘာပန်းအကြိုက်ဆုံးနည်း၊ သူ့ကိုယ်သူ မသိရှာပေ။ စံပယ်ကိုလည်း ကြိုက်သည်၊ နှင်းဆီကိုလည်း ကြိုက်သည်၊ ခရေပန်းကိုလည်း ကြိုက်သည်ပင်။ ကံ့ကော်၊ သရဖီ၊ ပိတောက်များကိုမြင်လည်း အငမ်းမရ ဖြစ်တတ်သည်သာ ဖြစ်သည်။ နောက်ဆုံး ကုန်ကုန်ပြောရလျှင် ခေါင်ရန်းပန်း အပွင့်ကားကားကြီးများကိုပင် အမာညိုသည် မငြင်းမဆန် ပန်ဆင်လေ့ရှိသူ ဖြစ်သည်။ ထို့ကြောင့် "အားလုံးကြိုက်သည်" ဟု ရေးထည့်လိုက်သည်။

ရုပ်ရှင်　　ဤဘဝဝယ်

ထိုနေရာတွင်တော့ စဉ်းစားရန်မလို၊ ရွေးရန်မလို၊ အမာညိုသည် ရုပ်ရှင်များများ ကြည့်ရသူမဟုတ်ပေ။ တစ်နှစ်နေမှ နှစ်ကား သုံးကားလောက်သာ ကြည့်ရသူဖြစ်သည်။ ထို့ကြောင့် ရွေးစရာမလိုချေ။ သူကြည့်ရသော ကားကိုပင် အကြိုက်ဆုံးအနေနှင့် သတ်မှတ်ကာ ရေးထည့်လိုက်ရသည်။

ရုပ်ရှင်မင်းသား　　မြင့်အောင်၊ မောင်မောင်တာ
ရုပ်ရှင်မင်းသမီး　　ခင်ယုမေ၊ မြင့်မြင့်ခင်

'ဟေ့ မမ ဘာတွေလုပ်နေလဲ'

ညီလင်းသည် အမာညို၏ပခုံးကို ပုတ်လိုက်သည်။ အာရုံစူးစိုက်စွာ ရေးနေသော အမာညိုသည် ဆတ်ခနဲ တုန်သွားလေသည်။ အမာညိုဖြည့်ထားသော အကွက်လေးများကို ညီလင်းက အပေါ်မှဆီးပြီး ငုံ့ဖတ်နေသည်။

'ဘယ်သူ့ အော်တိုလဲ'

'ငါ့သူငယ်ချင်း သက်သက်'

ညီလင်းသည် အမာညို၏လက်ထဲမှ အော်တိုလေးကိုဆွဲယူကာ အစဘက်သို့ လှန်ကြည့်လိုက်သည်။ ဆဋ္ဌသံဂါယနာတင် ကမ္ဘာအေးလိုဏ်ဂူကြီး

ကို နောက်ခံထားပြီးရိုက်ထားသော မိန်းကလေးတစ်ဦး၏ဓာတ်ပုံကို တွေ့ရသည်။ ဆံပင်တိုတို ပါးဖောင်းဖောင်းလေးနှင့် ကလေးမျက်နှာလေးဖြစ်သော်လည်း ထဘီကိုကျစ်ကျစ်ဆွဲဝတ်ကာ အပျိုကြီးဂိုက်ဖမ်းထားလေသည်။

'သူတို့တွေ ဟိုဘက်လမ်းထဲကိုပြောင်းလာတော့မယ်တဲ့၊ ငါနဲ့နီးလာရင် စာအတူကျက်လို့ရမယ်'

'မမတို့ အတန်းထဲကလား'

'အင်းပေါ့'

အမာညိုက ခေါင်းကို ဆတ်ခနဲညိတ်ကာ အော်တိုစာအုပ်လေးကို ပြန်၍ဆွဲယူလိုက်သည်။ ထို့နောက် ရေးလက်စနေရာကို ပြန်လှန်လိုက်သည်။ အကြိုက်ဆုံးအသီးဟူသောနေရာတွင် ဘာရေးရမည်နည်း စဉ်းစားရင်း အခြားသူများ ရေးထားသည်များကို ဖတ်ကြည့်နေမိသည်။ စပျစ်သီး၊ ပန်းသီး အများဆုံးရေးကြသည်။ သရက်သီး အချို့အဝင်ပါသည်။ တစ်ဦးကမူ ရွှတ်နောက်နောက်နှင့် "ဇမ္ဗူ့သပြေသီး" ဟု ရေးထားလေသည်။ အမာညိုသည် ဖောင်တိန်အဖုံးလေးကို သွားနှင့်ကိုက်ကာ အတန်ကြာအောင်စဉ်းစားပြီးမှ အမှန်အတိုင်း "ဆီးသီး" ဟု ရေးထည့်လိုက်သည်။

*

'ညောင်ပင်တစ္ဆေ'

'ဝေလေလေ'

အမာညိုသည် နှုတ်ခမ်းစူပြီး တစ်အားအော်ထူးလိုက်သည်။ သူ့ခမျာ ညောင်ပင်တစ္ဆေလုပ်ရသည်မှာ သုံးခါရှိပြီဖြစ်၍ စိတ်တိုနေခြင်းဖြစ်သည်။ ဝိုင်းထားသော စည်းဝိုင်းကြီးက ကျယ်လွန်းသည်။ ထို့ပြင် ခင်မကြီး ညောင်ပင်တစ္ဆေ လုပ်ရစဉ်က သူ့ကိုငြိုးဖမ်းသည်ဟု ထင်မိသည်။ ထို့ကြောင့် စိတ်ထဲတွင် တေးထားလိုက်သည်။ ယခု သူ့အလှည့်တွင်လည်း ခင်မကြီးကို ပြန်ငြိုးမည်။

'နင် ဘယ်ကိုင်းမှာနေ'

'ညောင်ကိုင်းမှာနေ'

'နင် ဘာသီးစား'

'ညောင်သီးစား'

'နင် ဘာရေသောက်'

'ညောင်ရေသောက်'

'နင် ဘာကွမ်းစား'

'ညောင်ကွမ်းစား၊ ညောင်ထမင်းစား၊ ညောင်ချေးပါ၊ ညောင်အီးပေါက်တယ်ဟေ့၊ ကဲ ကဲ'

အမာညိုသည် စိတ်မရှည်သဖြင့် မဟုတ်တရုတ်တွေ အော်လိုက်သည်။ စည်းဝိုင်းအပြင်ဘက်မှ ခုန်ဆွခုန်ဆွ လုပ်နေကြသော မိန်းကလေးများက

ဝါးခနဲရယ်လိုက်ကြလေသည်။ အမာညိုမှ၏နှုတ်ခမ်းသည် ရှေ့သို့ ပို၍ စူပြီးထွက်လာသည်။

'အထဲလား အပြင်လား'

သူတို့ကမေးသောအခါ အမာညိုသည် ရုတ်တရက်မဖြေဘဲ မြေကြီးကို စိုက်ကြည့်ကာ အကြံယူနေသည်။ သူက အထဲဟုအော်လျှင် မိန်းကလေးများက စည်းဝိုင်းအပြင်တွင် နေကြရမည်ဖြစ်သည်။ သူက အပြင်ဟု အော်လျှင်မူ၊ သူတို့တစ်တွေ စည်းဝိုင်းထဲသို့ အလုအယက် ပြေးဝင်ကြရမည်ဖြစ်သည်။ သူက အပြင်ထွက်ပြီး စည်းဝိုင်းထဲမှမိန်းကလေးများကို အမိအရ လက်တံရှည်နှင့်လှမ်း၍ဆွဲပြီးဖမ်းရမည်ဖြစ်သည်။

'အပြင်'

အမာညိုသည် ခင်မကြီးကို ပေစောင်းစောင်းကြည့်ကာ အော်သည်။ ထို့နောက် စည်းဝိုင်းထဲပြေးဝင်လာသောသူ့ဆီသို့ ဦးတည်၍ပြေးကာ ခါးကို ဆီး၍ ဖက်လိုက်သည်။

'ဟယ် ငြိုးတယ်ဟယ် ဒို့ကိုငြိုးတယ်'

'သူ့တုန်းကလည်း ကိုယ့်ကိုငြိုးတာကိုး'

'အို ငြိုးပါဘူး'

'ငြိုးပါတယ်နော် ဟင်း'

သူတို့နှစ်ယောက် ငြင်းခုံနေစဉ် ကျောင်းတက်ခေါင်းလောင်းထိုးလေသည်။ ထို့ကြောင့် ငြင်းခုံပွဲသည် အလိုလိုရပ်သွားသည်။ တိုင်ထောင့်တွင် စုပြီး ချွတ်ထားသော ဖိနပ်ကလေးများကို ကမန်းကတန်းကောက်၍ စွပ်ကာ စာသင်ခန်းသို့ပြေးကြရလေသည်။

အခန်းထဲရောက်သောအခါ အနောက်ဘက်ရှိ ရေအိုးစင်ဆီသို့ စု၍ ရောက်သွားကြသည်။ အမောတကောနှင့် ရေသောက်မိကြသည်။ ရှေ့ရောက်ပြီး ဦးသူများက ရေကို နှစ်ခွက်ဆင့်သောက်နေရာ အမာညိုသည် စိတ်မရှည်စွာနှင့် စောင့်ဆိုင်းနေရလေသည်။

'ဟေ့ မသန်းအေး၊ ယူ့လုံချည် တိုလွန်းနေတယ်၊ တော်ကြာ တီချာက ခြေသလုံးကို ကြိမ်နဲ့ ဆော်နေဦးမယ်'

သက်သက်က မသန်းအေးကို လှမ်းပြောသည်။ မသန်းအေးက လုံချည်မှ ဖုန်များကိုခါလိုက်ပြီး ရှည်ရှည်ပြင်ဝတ်လိုက်သည်။ ခင်ယုမေကို အား

ကျပြီး အမာညိုတို့အားလုံး လုံချည်ကို တိုတိုလေး လိုက်ဝတ်ကြသည်။ ခင်ယုမေ လှသလို လှမည်လားဟု ကြိုးပမ်းကြခြင်း ဖြစ်သည်။ လှ မလှတော့ မသိ၊ ဆရာမ အပျိုကြီးများကမူ လုံချည်တိုသည်ကိုတွေ့တိုင်း ခြေသလုံးကို ကြိမ်နှင့် စပ်စပ်လေး ရိုက်တတ်သည်။ သူတို့ကမူ ရေးမြန်မာဆန်သူများဖြစ်၍ ဖိုင်းကောင်း ကျောက်ဖိနေမှ နှစ်သက်ခြင်းဖြစ်သည်။ လုံချည်ကို ခြေသလုံး တစ်ဝက်ခန့်ပေါ် အောင် ဝတ်ပြီး တလွှားလွှားနေခြင်းများကို မျက်စိနောက်ဟန်ရှိသည်။ သို့သော် အမာညိုတို့က ဆရာမများလစ်လျှင်လစ်သလို လုံချည်ကို တိုတိုဝတ်တတ်ကြ သည်။ ယခု ခင်ယုမေ လုံချည်မတိုတော့သော်လည်း သူတို့ကတော့ တိုဆဲပင် ဖြစ်သည်။ ခင်မကြီးဆိုလျှင် ခင်ယုမေထံသို့ပင် လုံချည်တိုတိုလေး ဝတ်ပါ၊ အလွန်လှပါသည်၊ ရှည်ရှည်ပြန်မဝတ်ပါနှင့် ဟု စာရေးပြီး တောင်းပန်ဖူးသည်ဟု ဆိုလေသည်။

'ဟော့ ဒီနေ့ စစ်တပ်က အာဏာသိမ်းတယ်ဆို'

သက်သက်သည် ရေခွက်ကို အမာညိုအား လှမ်းပေးရင်းမှ ပြောလိုက် သည်။ ထိုအခါမှ အမာညိုသည်လည်း ဖေဖေနှင့်ခေါင်းရင်းအိမ်မှ ဦးလေးကြီး တို့ သတင်းစာဖတ်ရင်း ဆူဆူညံညံဆွေးနွေးနေကြသည်ကို သတိရသည်။ ဘာ တွေ ပြောနေကြမှန်းတော့မသိပေ၊ တိုင်းရေးပြည်ရေးကို သူတို့တစ်တွေသည် ညောင်ပင်တစ္ဆေကစားရသည်လောက်ပင် စိတ်ဝင်စားလှသူများ မဟုတ်ပေ။

'ဒီနေ့မဟုတ်ပါဘူး၊ မနေ့တုန်းက ပါနော်'

နားစွန်နားဖျား ကြားလိုက်သော မသန်းအေးက ဝင်ပြောသည်။ ဆော့ ရင်း ကစားရင်း ပြေကျသွားသော ကျစ်ဆံမြီးကို ကမန်းကတန်း ပြန်ကျစ်နေ သည်။

'ပြဿနာပေါင်း သောင်းခြောက်ထောင်နဲ့ တိုင်းပြည်က ရေစုန်မျော တော့မယ်တဲ့၊ ဒါကြောင့်မို့ စစ်တပ်ကဝင်ထိန်းလိုက်ရတာတဲ့ အိမ်ကလူကြီးတွေ ပြောနေတာပဲ'

'ဟယ် ဟုတ်လား၊ ပြဿနာတွေက တစ်သောင်းနဲ့ခြောက်ထောင် တောင် ရှိတယ်တဲ့လား၊ အများကြီးပဲနော်'

အမာညိုက တအံ့တသြ ဝင်ပြောမိသည်။ သက်သက်သည် လုံချည် ကို လှည့်ဝတ်ကာ ရေသောက်သည်။ ဆော့ကစားထားသဖြင့် နဖူးပြင်တွင် ချွေးစို့နေသည်။ ပါးဖောင်းဖောင်းလေးနှစ်ဖက်သည် သွေးရောင်လွှမ်းပြီး နီထွေး

နေသည်။

'ကိုယ့်နေရာကိုယ်ထိုင်ပါ၊ ကျောင်းတက်ပြီ၊ ကျောင်းတက်ပြီ'

ဆော်ဩသံကိုကြားရသောအခါ သူတို့သည် ကိုယ့်နေရာကိုကိုယ် အပြေးအလွှားလျှောက်သွားကြသည်။ သက်သက်သည် သူ့နေရာတွင်သူ ဝင်ထိုင်လိုက်ရင်းမှ ယှဉ်လျက်ခုံကို လှည့်ကြည့်သည်။ စုစုလှိုင်၏ခုံ ဖြစ်သည်။ ရောက်မလာသေးပေ။

'စုစုလှိုင် ကျောင်းမလာဘူးလား မသိဘူး'

နောက်ဘက်တွင်ထိုင်သော ခင်မာထွေးကိုလှည့်၍ပြောလိုက်သည်။ ခင်မာထွေးကကြားသော်လည်း မဖြေအားရှာချေ။ သူ့စားပွဲခုံပေါ်တွင် ဖောင်တိန်အပျက်ခံပြီး အင်္ဂလိပ်စာ စာလုံးပေါင်းများကို ကူးရေးနေသောကြောင့် ဖြစ်သည်။ နံနက်ပိုင်း ဒုတိယအချိန်သည် အင်္ဂလိပ်စာအချိန်ဖြစ်သည်။ အင်္ဂလိပ်စာသတ်ပုံ ရေးရမည်ကို ကြိုတင်သိထားသည်။ ထို့ကြောင့် ခင်မာထွေးက စားပွဲပေါ်မှ စာလုံးများကို အမှတ်မဲ့ကြည့်ပြီး ကူးရေးနိုင်ရန် ကြိုးစား အားထုတ်နေခြင်း ဖြစ်သည်။

'သူ့အဖေက အမတ် မဟုတ်လား'

ခင်မာထွေး၏ဘေးမှ ခင်ခင်လှက ဝင်မေးသည်။ သက်သက် မျက်မှောင်ကုတ်သွားလေသည်။

'ဘယ်သူ့အဖေလဲ'

'စုလှိုင်ရဲ့အဖေလေ၊ ပ ထ စ အမတ် မဟုတ်လား'

'ဟင့်အင်း သိဘူး၊ သူဌေးဆို'

'သူဌေးလည်း သူဌေး၊ အမတ်လည်း အမတ်၊ ယူကလည်း ခုံချင်း ယှဉ်ထိုင်နေပြီး မသိဘူးလား'

'ဟင့်အင်း'

သက်သက်က မျက်လုံးအဝိုင်းသားနှင့် ခေါင်းယမ်းပြသည်။ သူ့ခမျာ အမှန်တကယ်ပင် မသိရှာခြင်းဖြစ်သည်။ သူတို့အတန်းတွင် ခုံနေရာများ တစ်လ တစ်ခါပြောင်းသည်။ စာမေးပွဲတွင်ရသော အဆင့်အလိုက်၊ ခုံများကို နေရာချ ပေးသည့်အတွက်ဖြစ်သည်။ အတန်းတွင်း၌လည်း လစစ်စာမေးပွဲ မှန်မှန်ရှိ၍ သက်သက်တို့သည် တစ်လတစ်ခါ နေရာပြောင်းကြရသည်။ ထိုစနစ်အရ အတန်းထဲ ဝင်လျှင် မည်သူက စာတော်ကြောင်း တန်းသိနိုင်သည်။ ပထမတန်း

ညာဘက်အစွန်းခုံတွင် ပထမရသူက ထိုင်ပြီး တဖြည်းဖြည်း အဆင့်အလိုက် စီသွားခြင်းဖြစ်သည်။ ယခုလစစ်တွင် စုလှိုင်က အဆင့် ၃၊ သက်သက်က အဆင့် ၄ ရ၍ ခုံချင်းကပ်ထိုင်ရခြင်းဖြစ်သည်။ ထိုင်ရသည်မှာ လေးရက်ခန့်သာ ရှိသေး၍ စုစုလှိုင်၏အကြောင်းကို သက်သက် ဘာမျှမသိသေးချေ။ ထို့ပြင် သူသည် ယခုနှစ်မှ သက်သက်တို့ကျောင်း ရောက်လာသောလူသစ်ဖြစ်လေသည့်အတွက် ယခင်တုန်းကလည်း မပေါင်းသင်းဖူးချေ။

'အမတ်ပေမယ့် ခါတော်မီအမတ်ပါ၊ နိုင်ငံရေးခံယူချက်လည်း ရှိတာမဟုတ်ဘူးတဲ့၊ တော်လှန်ရေးတွေ ဘာတွေတုန်းကလည်း ပါဖူးတာမဟုတ်ဘူး၊ သူများတွေ တိုင်းပြည်အတွက်တိုက်နေတုန်းက သူတို့အဖေက ဆန်တွေလှောင်ပြီး ဈေးကြီးနဲ့ရောင်းနေတာတဲ့၊ ခုကျတော့ ဒီလိုလူ အမတ်တက်ဖြစ်နေတာ ကောင်းသလားဆိုပြီး ဖေဖေတို့ပြောနေသံကြားဖူးတာပဲ'

အလုပ်ပြီးစီးသွားသော ခင်မာထွေးက ယခုမှ စကားပြောနိုင်တော့သည်။

'ရှူး ဟိုမှာလာနေပြီ'

ခင်ခင်လှက လက်ကုတ်သောအခါ ခေါင်းလေးပုပြီး စကားရပ်သွားလေသည်။ စုစုလှိုင်သည် အခန်းတွင်းသို့ ခပ်ဖြည်းဖြည်းဝင်လာသည်။ ဆရာမလည်း မရောက်သေးသဖြင့် ကျောင်းနောက်ကျကြောင်းခွင့်တိုင်စရာမလိုဘဲ သူ့နေရာသို့သူ တန်းပြီးလျှောက်လာသည်။

အဆင့် ၁၂ သာရသော အမာညို၏ခုံသည် သက်သက်နှင့် အတော်လေး လှမ်းလေသည်။ သို့သော် ကိုယ်ကိုစောင်းပြီးနားထောင်လျှင် သူတို့ ပြောသောစကားများကို ကြားရသည်။ ထို့ကြောင့် စုလှိုင်၏အဖေအကြောင်းကို သိလိုက်ရသည်။ အမာညိုနှင့် သက်သက်သည် အငြင်းအခုံ အဆော့ အကစား သန်လှသော်လည်း နှစ်ဦးလုံး သိပ်ပြီး မစပ်စုတတ်ကြပေ။ ထို့ကြောင့် စုလှိုင်၏မိဘအကြောင်းကို အခြားသူများသိကြသော်လည်း သူတို့က မသိခြင်း ဖြစ်သည်။

'ဒါပေမဲ့ အခုတော့ အမတ် ဘယ်ဟုတ်တော့မလဲနော်'

အမာညိုသည် သူ့ဘေးမှမသန်းအေးကိုလှည့်ပြီး တိုးတိုးလေးပြောလိုက်သည်။ မသန်းအေးက မျက်ခုံးနှစ်ဖက်ကိုပင့်ပြီး တိုးတိုးပြန်မေးသည်။

'ဘာဖြစ်လို့လဲ'

'တော်လှန်ရေးကောင်စီ တက်ပြီလေ'

'အေး ဟုတ်သားပဲ'

မသန်းအေးက ခေါင်းညိတ်သည်။

ထိုစဉ် အတန်းထဲသို့ ဆရာမဝင်လာသည်။ တစ်တန်းလုံး ဝုန်းခနဲ ထရပ်ကာ အရိုအသေပေးလိုက်ကြသည်။

*

‘ဟေး ခြောက်ဆယ့်ငါးခုနှစ်အတွက် လူရည်ချွန် စခန်းတွေ တိုးလိုက်ပြီတဲ့’

ညီလင်းသည် သတင်းစာကို ဖေဖေ့ဆီယူလာပေးရင်း လမ်းတစ်ဝက်မှ ဖြတ်ဖတ်လာသည်။ ထို့နောက် ဝမ်းသာအားရ အော်သည်။ သူ့ခမျာ လူရည်ချွန်ရူး ရူးနေရှာသူ ဖြစ်သည်။ လူရည်ချွန်အရွေးခံရလျှင် ငပလီသို့ ရောက်ရမည်မို့ ပင်လယ်မြင်ဖူးချင်စိတ်နှင့် စာကို အရမ်းကြိုးစားနေခဲ့သည်။

‘စခန်းမှ သုံးခုတောင် ဖေဖေရဲ့၊ ငပလီရယ်၊ ရန်ကုန်ရယ်၊ အင်းလေးရယ်တဲ့၊ ပျော်စရာကြီးဗျာ’

‘ရောက်ချင်ရင် ကြိုးစားပေါ့ သားရဲ့’

‘စာတော်ရုံနဲ့မရဘူး ဖေဖေရ၊ သားက စာကိုတော့ ဘယ်သူ့မှ မကြောက်ပါဘူး၊ ဒါပေမဲ့ အားကစားကျတော့ သိပ်မရဘူး၊ ပေါင်းသင်း ဆက်ဆံရေးကျတော့လည်း သိပ်မကောင်းဘူး၊ သားတို့အတန်းထဲက တင်ဝင်း ဆိုရင် ဆက်ဆံရေးသိပ်ကောင်းတာပဲ၊ နောက်ပြီး ဘားကျွမ်းလည်း ကစားတယ်’

ညီလင်းသည် ပင်လယ်ကိုပင် တစ်ခါတစ်ရံမျှမြင်ဖူးခဲ့သူမဟုတ်ချေ။ ညီလင်းသာ မဟုတ်။ ကျော်ထွန်းညီရှော၊ အမာညိုပါ မြင်ဖူး ရောက်ဖူးကြသူများ မဟုတ်ပေ။ ရေပြင်ကျယ်ဆို၍ အင်းလျားနှင့် ကန်တော်ကြီးကိုသာ အကျယ်ဆုံး မြင်ဖူးကြသူများဖြစ်လေသည်။ နယ်တွင်မွေးသော်လည်း ရန်ကုန်တွင်ပင် ကြီးရသော သူတို့မောင်နှမတစ်တွေသည် ပင်လယ်ပြာကိုသာ မဟုတ်၊ တောင်တန်းပြာကိုလည်း မမြင်ဖူးချေ။ ဒေသန္တရဗဟုသုတ ခေါင်းပါးကြသည်။

‘ငပလီသာရောက်ရရင်တော့ဗျာ၊ ခရုတွေကို တောင်းတစ်လုံးနဲ့ အပြည့်

ကောက်ခဲ့မယ်'

'ခရုများ အဆန်းလုပ်လို့၊ ငါသာဆိုရင်တော့ ပင်လယ်ကိုမြင်ရင် ပထမဆုံး ဘာလုပ်မလဲသိလား၊ တစ်ခါတည်း ပြေးဆင်းပြီး နည်းနည်းလေး သောက်ကြည့်လိုက်မှာပဲ'

အမာညိုက ဝင်ပြောသည်။ ဖေဖေသည် လက်ထဲမှသတင်းစာကို မဖတ်အားသေးဘဲ အမာညိုကိုစောင်းကြည့်ကာ မသိမသာပြုံးလိုက်လေသည်။ ညီလင်းကမူ မျက်နှာရှုံ့သွားသည်။

'ဘာလုပ်ဖို့လဲ မမရ'

'တကယ်ငန်လား၊ မငန်လား သိချင်လို့ပေါ့ ဟဲ့'

'လူတိုင်းပြောနေတာ ငန်ပါတယ်ဆိုမှ ဒီလောက်ဆားတွေပျော်ဝင်နေတာကို စာထဲမှာလည်း သင်ရသားနဲ့ မမကလဲ'

'သင်ရတာက တခြားပဲဟ၊ ငါက လက်တွေ့သိချင်တာ'

အမာညိုက ပြုံးစပ်စပ်လေးပြောသည်။ ထို့နောက် စားပွဲပေါ်ရှိ ပန်းအိုးထဲမှ ညမွှေးပန်းခက်ကလေးကို လှမ်း၍ ဆိတ်လိုက်သည်။ ညီလင်းစိုက်ထားသော ညမွှေးပန်းရုံသည် ဝေနေအောင်ပွင့်သည်။ အခြားပန်းများကို တွန့်တိုသော်လည်း ပေါပေါများများပွင့်သော ညမွှေးပန်းများကိုမူ ညီလင်း မတွန့်တိုပေ။ လိုချင်သလောက် အလှူပေးလေ့ရှိသည်။ သို့သော် ထိုပန်းများက နေ့အခါတွင် လုံးဝမမွှေးဘဲ ညရောက်ပါကလည်း အီနေအောင်မွှေး၍ ခေါင်းကိုက်စေပြန်သည်။ အမာညိုသည် ပန်းမရွေးဘဲ အကုန်လုံးကြိုက်သော်လည်း ညမွှေးပန်းကိုမူ စွဲစွဲလမ်းလမ်း မကြိုက်လှပေ။

'အီးပေါလောပန်းကြီး၊ နေ့ခင်းကျတော့ တစ်စက်မှလည်း မမွှေးဘူး'

အမာညိုသည် ပန်းပွင့်လေး နှစ်ပွင့်သုံးပွင့်ကို ဆိတ်ခြွေကာ နမ်းရှုပ်ကြည့်ရင်း မကျေမနပ်ပြောလိုက်သည်။ ညီလင်းသည် ဘာမှပြန်မပြောဘဲ ပန်းအိုးလေးကိုသာ အမာညို မမီသောနေရာသို့ တွန်းပြီးရွှေ့လိုက်သည်။

'ညိုတို့အတန်းမှာသာ လူရည်ချွန်ရွေးရင် စုလှိုင်ရမှာပဲ သိလား ဖေဖေ၊ ဒါမှမဟုတ် သက်သက်ရချင်ရမှာ'

'သမီးကရော မရနိုင်ဘူးလား'

'ထင်ပါဘူး'

ညီလင်းက ဝင်ပြောသည်။ အမာညိုသည် ဘာမှပြန်မချေပဘဲ ငြိမ်

နေလိုက်သည်။ ညီလင်း တမင်သက်သက် နှိမ်ပြောခြင်းဖြစ်သော်လည်း အမာညိုသည် သူ့အရည်အချင်းကို သူသိလေသည်။ လူရည်ချွန်ဖြစ်လောက်အောင် သူ့ခမျာ မထူးချွန်ရှာပေ။

'ပေါင်းသင်းဆက်ဆံရေးကိုပါကြည့်ပေးရင်တော့ စုလိုင်ရမှာမဟုတ်ဘူး၊ သူက ဘယ်သူနဲ့မှ မပေါင်းဘူး၊ အဲဒါသာဆိုရင် သက်သက်ရမှာ၊ သက်သက်ကို မချစ်တဲ့သူ မရှိဘူး၊ ဆက်ဆံရေး သိပ်ကောင်းတယ်'

'သမီးကရော မကောင်းဘူးလား'

အမာညိုသည် ပြုံးရယ်ရင်း ခေါင်းခါပြလိုက်သည်။ ဆက်ဆံရေးကောင်းလား မကောင်းလားတော့ မသိပေ။ လက်ငင်းအခြေအနေ၌မူ လူလေးဆယ်ခန့်ရှိသော အတန်းထဲ၌ အမာညိုနှင့်မခေါ်သူ ငါးဦးတိတိရှိသည်။ သုံးဦးသည် ကစားရင်းငြင်းခုံရန်ဖြစ်ပြီး စောင်နေခြင်းဖြစ်သည်။ ကျန်နှစ်ဦးကိုကား အလိုလို မျက်မုန်းကျိုးမိ၍ မိမိဘာသာမိမိ စကားမပြောဘဲ နေခြင်းဖြစ်သည်။ ထိုနှစ်ဦးက သူတို့ကို အမာညို စကားပြောမပြော သတိပင် ထားမိပုံမရချေ။

'ဟိုလေ မာညိုတို့ အခုသင်နေရတာ ဦးကြင်ဥကဗျာထဲမှာပါတာလေ၊ ဝင်ကစွပ်ကောင်လေးတွေတော့ တွေ့ဖူးချင်သား၊ ကိုယ့်ဟာကိုယ် သွားလည်ရအောင်နော် ဖေဖေရာ'

'ဟဲ့ ကောင်မလေး၊ နင်က သူဌေးမို့ သွားလည်ချင်တာလား၊ ရောက်ဖူးချင်ရင် စာကျက်၊ လူရည်ချွန်ဖြစ်တော့ သွားရလိမ့်မယ်'

နောက်ဖေးဘက်မှထွက်လာသော မေမေကြီးကပြောသည်။ အမာညို၏ မျက်နှာပေါက်သည် မေမေကြီးနှင့်တူသည်ဟု ပြောကြသည်။ မေမေကြီး၏ မျက်နှာသည် ခုထိ လှဆဲဖြစ်သည်။ နှာတံထင်းထင်း၊ မျက်ခုံးနက်နက်နှင့် တိကျပြတ်သားဟန်ရှိသည်။ အမာညိုသည် ရုပ်ရည်လေးသာ မေမေကြီးနှင့် တူလိုသည်။ ကိုယ်လုံးပါတူမည်ကိုကား တွေး၍ကြောက်မိရှာသည်။ မေမေကြီးသည် ကိုယ်အလေးချိန် ပေါင်တစ်ရာ့ငါးဆယ်ကျော်ရှိသဖြင့် အိနေအောင် ဝလေသည်။

'ဝင်ကစွပ်၊ မြင်ဆွတ်က ကြည်ဖို့ရာ

ဟိုသို့လာ၊ သည်သို့သွားနှင့်

အငှားခန္ဓာ မြှောင်ရတယ်၊

ဆန်းခေါင်ထိမျိုး . . . တဲ့၊ မေမေကြီးရ၊ အဲဒီ အကောင်လေးတွေကို မြင်ဖူးချင်တာပါ'

အမာညိုက ဦးကြင်ဥ၏မော်တင်စွန်းဘွဲ့ကို သံနေသံထားနှင့်ရွတ်ပြလိုက်သည်။

'မြင်ရမယ်လေ၊ ကျွန်တော်သွားတော့ ဖမ်းလာခဲ့မယ်၊ နောက်ပြီး ပုလင်းထဲမှာ ပင်လယ်ရေ ထည့်ယူခဲ့ဦးမယ်။ ဒီကျတော့မှ သောက်ပေါ့ ဟုတ်လား'

ညီလင်းက ရယ်မောပြောကာ အခန်းထောင့်တွင်ရှိသော ရေပန်းကရားကို သွားယူသည်။ ထို့နောက် ခြံထဲဆင်းသွားလေသည်။ ကျောင်းမသွားမီ နံနက်စောစောတွင် သူ့ပန်းပင်လေးများကို ရေလောင်းရန်အတွက် ဖြစ်သည်။

'အမာညို'

မေမေ့အသံက နောက်ဖေးဘက်မှထွက်လာသည်။ အမာညိုသည် နေရာမှ ကမန်းကတန်း ထလိုက်သည်။ တိုင်ကပ်နာရီကို မော်ကြည့်မိသည်။ ခုနစ်နာရီကျော်ပေပြီ။

'စာမေးပွဲနီးပြီဆိုလို့ စာကျက်ပါစေဆိုပြီး နောက်ဖေးမကူခိုင်းဘူး၊ သူက အဖေနားကပ်ပြီး လေပန်းနေတယ် လာခဲ့၊ ဘုရားဆွမ်းတော်ပွဲလာ ပြင်လှည့်'

'လာပြီ မေမေ လာပြီ'

အမာညိုသည် မီးဖိုချောင်သို့ခပ်သွက်သွက် ပြေးဝင်လာသည်။ ပြောင်လက်နေအောင်တိုက်ချွတ်ထားသော ကြေးသပိတ်ကလေးကို ကြောင်အိမ်ပေါ်မှ လှမ်းယူလိုက်သည်။ စာမေးပွဲနီးလှပြီဖြစ်သဖြင့် မေမေသည် အမာညိုကို ဘေးမဲ့ပေးကာ မီးဖိုတွင် တစ်ဦးတည်းကျုံး၍ လုပ်နေခြင်းဖြစ်သည်။ ခုနစ်တန်းတုန်းက အစိုးရစစ်နှင့်လွဲခဲ့သော အမာညိုတို့သည် ယခုကိုးတန်းရောက်သောအခါ အစိုးရစစ်နှင့် တိုးတော့သည်။ အစိုးရစစ်ဆိုတော့လည်း ခါတိုင်းကျောင်းစစ်လို ပေါ့ပေါ့မနေရဲချေ။ သို့ပါသော်လည်း မွေးကတည်းက ပါလာသော စာကျက်ပျင်းသော အကျင့်ကြောင့် အမာညိုသည် စာကိုတော့ ကြိုးကြိုးစားစား မကျက်ဖြစ်ချေ။ အိမ်အလုပ်များကို အချောင်ခိုရင်း အောင်မှတ်ရရုံလောက်သာမှန်းပြီး ကျက်တတ်လေသည်။

'ဆွမ်းတော်ကို ဘာနဲ့တင်ရမလဲ မေမေ'

'အဲဒီပေါ်မှာ လိမ္မော်သီးရှိတယ် မဟုတ်လား'

အမာညိုသည် ကြောင်အိမ်ပေါ်မှ လိမ္မော်သီးလေးကို လှမ်းယူကာ အခွံနွှာလိုက်သည်။ တစ်စိတ်ချင်းခွဲပြီး အကြောလေးများကိုစင်နေအောင် သင်ပြီးမှ

အငွေ့ထနေသော ဆွမ်းပေါ်တွင်စီ၍ တင်လိုက်လေသည်။

သတင်းစာဖတ်ရင်း အိမ်သာတက်တတ်သောဖေဖေသည် နောက်ဖေးသို့လျှောက်လာသည်။ ချိုင်းတွင် သတင်းစာကိုညှပ်ထားရင်းမှ မျက်လုံးများက ခုံဖိနပ်ကိုရှာနေသည်။ အိမ်သာနှင့်ရေချိုးခန်းသည် မီးဖိုနှင့်တွဲလျက် ဖြစ်သည်။ မီးဖိုကိုပါ အင်္ဂတေခင်းထားသဖြင့် သူတို့အိမ်သည် မီးဖိုချောင်၌ပါ ခုံဖိနပ် သုံးရသည်။ ယခုလည်း မေမေတစ်ရန်၊ အမာညိုတစ်ရန် စီးထားသဖြင့် ဖေဖေ့အတွက် ဖိနပ်မကျန်ချေ။

'ဖေဖေ ဒီမှာဖိနပ်'

အမာညိုသည် ဖိနပ်ကို ကမန်းကတန်းချွတ်၍ပေးလိုက်သည်။ ထို့နောက် 'မေမေရေ ဈေးထဲက ခုံဖိနပ်ဝယ်ခဲ့ပါဦး' ဟု လှမ်း၍ပြောလိုက်မိသည်။

'အဖေရေ့ ဒီနေ့ဘာထူးသေးတုံး'

မေမေသည် ဝက်သားကို ဆားနှင့်ဆုပ်နယ်နေရင်းမှ မေးနေကျအတိုင်း လှမ်းမေးသည်။ နံနက်တိုင်းဆိုလျှင် ဈေးဝယ်ချက်ပြုတ်နှင့်မို့ မေမေသည် လုံးဝမအားရာပေ။ သတင်းစာကို နေ့ခင်းမှသာ ကောက်၍ ကိုင်နိုင်သည်။ ထို့ကြောင့် မနက်တိုင်း ဖေဖေသတင်းစကြိုင်၍ အိမ်သာဝင်တိုင်း 'ဘာထူးလဲ' ဟု သတင်းထူးကို မေးလေ့ရှိသည်။

'ချာချီကြီးဆုံးပြီတဲ့ကွ'

'ဘယ်သူလဲ ဖေဖေ၊ ချာချီဆိုတာ အရင်တုန်းက အင်္ဂလန်မှာဝန်ကြီးချုပ် မဟုတ်လား၊ အမာညိုတို့ စာထဲမှာ သင်ရတယ်'

'ကြီးလှရောပေါ့'

မေမေသည် ဝက်သားအိုးကို မီးဖိုပေါ်တင်ကာ မီးစာမြှင့်လိုက်သည်။

'အသက်ကိုးဆယ်တဲ့၊ ဦးနှောက်သွေးကြောပိတ်တာတဲ့'

'ကိုးဆယ်ဆိုတဲ့အသက်ဆိုတာ ကြီးလှပြီ၊ ညိုဆိုရင် ကိုးဆယ်အထိ မနေချင်ပါဘူးနော် မေမေရယ်၊ ခါးကုန်းကုန်းကြီးနဲ့နေရတာ စိတ်ညစ်စရာကြီး'

အမာညိုသည် ဆွမ်းသပိတ်လေးကို လင်ပန်းထဲထည့်ကာ မ ယူလိုက်သည်။ ထို့နောက် ဖေဖေ့လက်တွင်ပတ်ထားသော လက်ပတ်နာရီကို ကဲကြည့်လိုက်သည်။ ခုနစ်နာရီခွဲပေပြီ၊ ထို့ကြောင့် ဖိုပေါ်မှ ဝက်သားဟင်းသည် ကျောင်းအမီ ကျက်မှ ကျက်ပါမည်လားဟု စိုးရိမ်သွားသည်။

'သမီး ခုမှဆယ့်ငါးနှစ်ပဲရှိသေးတာကိုး ပြောဦးမှာပေါ့၊ ကြီးလာပြီး

ခါးကုန်းလာတော့လည်း ခါးကုန်းကုန်း ဆံဖြူဖြူကြီးနဲ့ပဲ ဘဝကို မက်မော ခင်တွယ်နေဦးမှာပဲကွဲ့၊ ဘဝတဏှာဆိုတာ အင်မတန်ကြီးတာ’

မေမေက တရားသံနှင့်ပြောသည်။ ထို့နောက် မဆီမဆိုင် အိမ်သာတွင်း ဝင်သွားသော ဖေဖေ့ကိုပါ စိုးရိမ်တကြီး လှမ်းပြောလေသည်။

‘အဖေနော် ဒီနေ့နည်းနည်းအေးတယ်၊ ရေမချိုးနဲ့၊ အသက်တွေကငယ်တော့တာမဟုတ်ဘူး၊ တော်ကြာ ဦးနှောက်ထဲ သွေးခဲနေဦးမယ်၊ လေဖြတ်သွားဦးမယ်’

*

'ဟင်း သိပ္ပံမောင်ဝသာ ရှိသေးရင်၊ ပြေးပြီးမေးကြည့်လိုက်ချင်သေးတယ်၊ ဒီလောက်မတရားငြင်းနေတာ'

သက်သက်က အမာညိုကို မျက်စောင်းထိုးရင်း ဒေါနှင့်မောနှင့် ပြောလေသည်။ အမာညိုကလည်း မလျှော့၊ ခပ်ဆတ်ဆတ်ပြန်ပြီး အော်သည်။

'ဟော့ မရှိတော့တဲ့သူကို သက်သေမထူနဲ့ကွ၊ ခင်သန်းမြင့်တို့၊ မောင်လူမွေးတို့၊ မယ်မွေးတို့ရှိသေးတယ်၊ မယုံရင် သူတို့ကို သွားမေးကြည့်'

'မေးကို မေးရမယ်'

'အေး မြန်မြန်သာမေး'

စုလှိုင်သည် စကားနိုင်လုနေသူနှစ်ဦးကို ငေးကြည့်နေသည်။ ကြည့်မယ့်သာ ကြည့်နေသော်လည်း သူတို့ကို မမြင်ချေ။ တစ်ယောက်တစ်ခွန်း အော်ဟစ် ရန်ဖြစ်နေသော ဖေဖေနှင့်မေမေတို့၏ မနက်က ရန်ပွဲကို မြင်ယောင်နေမိသောကြောင့် ဖြစ်သည်။

'ဟော့ ယူတို့တွေ ဘာငြင်းနေကြတာလဲဟင်'

နံရံတွင်ကပ်ထားသော ကျောက်သင်ပုန်းကြီးကို ရေဝတ်နှင့် ပွတ်ဖျက်နေသော မသန်းအေးက လှမ်းမေးသည်။

'သက်သက်ပေါ့ မတရားကြီး ငြင်းနေတယ်'

'အောင်မာ သူက ငြင်းတာများ'

'ချီ၊ ဘူး၊ ဒိုင်းတို့ကလေ ခွေးနက်ကြီးရဲ့ ကလေးတွေတဲ့၊ အာမိတ်ကြီးရဲ့ ကလေးတွေပါနော် မသန်းအေးရာ'

အမာညိုက ပြဿနာကို တင်ပြရင်း မသန်းအေးကိုပါ စစ်ကူတောင်းသည်။ ပြဿနာမရှိ ပြဿနာရှာနေကြသော သူတို့နှစ်ဦးကိုကြည့်ရင်း စုလှိုင်၏ ရင်ထဲတွင် ညစ်ညူးပြီး ငြီးငွေ့လာသည်။

အခန်းထောင့်တွင်ရှိသော သောက်ရေအိုးကို ကျောင်းသူနှစ်ဦးက ရေဖြည့်နေကြသည်။ အပြင်ဘက်တွင် ဆော့ကစားနေကြသော အသံများသည်ကား စီခနဲ ညံခနဲ လျှံ၍လျှံ၍လာတတ်သည်။ ကျောင်းတက်ရန် နာရီဝက်ခန့်လိုသေးသဖြင့် အတန်းထဲတွင် လူမစုံသေးပေ။

'အေးလေ အာမိတ်ရဲ့ ကလေးတွေပေါ့'

မသန်းအေးကပါ ပြဿနာထဲ ပါလာသည်။ စုလှိုင်သည် သက်ပြင်းကလေး မသိမသာချရင်း စားပွဲပေါ်တွင်မှောက်ထားသော စာအုပ်ကလေးကို စိုက်ကြည့်နေလိုက်မိသည်။ သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးစာအုပ်ကလေး ဖြစ်သည်။

'ဟုတ်ပါဘူး၊ ခွေးနက်ကြီးရဲ့ ကလေးတွေပါနော်'

အမာညိုဘက်မှ စစ်ကူရောက်လာသောအခါ သက်သက်သည် မခံနိုင် မရပ်နိုင်ဖြစ်သွားသည်။ စုလှိုင်ကို အကူအညီတောင်းဟန်နှင့် လှမ်းကြည့်သည်။ စုလှိုင်က မလှုပ်သောအခါ သိပ္ပံမောင်ဝကို သွားမေးမည်ဟု အော်ပြန်လေသည်။

ထို ဝတ္ထုဆောင်းပါးများသည် တက္ကသိုလ်ဝင်တန်း မြန်မာစာ အတွက် သတ်မှတ်ထားသော စာအုပ်ဖြစ်သည်။ ထို့ကြောင့် စုလှိုင်တို့အားလုံး သိပ္ပံ မောင်ဝ ပင်တိုင်ထားပြီး ရေးဖွဲ့ထားသော "မောင်လူအေး"၏ အကြောင်းကို ကျက်ကြ မှတ်ကြရသည်။ ကျက်ရင်း မှတ်ရင်း စဉ်းစားရင်းမှ "ကလေးတို့အဖေ" ဟူသော ဝတ္ထုကလေးနှင့်ပတ်သက်ပြီး အငြင်းပွားကြရခြင်း ဖြစ်သည်။

အာမိတ်နှင့်လွှေဇောသည် မောင်လူအေးနှင့်ခင်သန်းမြင့်တို့၏ အိမ်တွင် မွေးမြူထားသော ချင်းခွေးလေးနှစ်ကောင်ဖြစ်သည်။ ခင်သန်းမြင့်က အာမိတ်နှင့် လွှေဇောကို ပေါင်းဖက်စေလိုသည်။ သို့သော် လွှေဇောက အာမိတ်ကို မကြိုက်ချေ။ အောက်တန်းစား ခွေးနက်ကြီးနှင့်ကြိုက်သဖြင့် ခင်သန်းမြင့်က အတင်းခွဲထားခဲ့ကြောင်း "အချစ်မီး" ဟူသော ဝတ္ထုထဲတွင် ရေးဖွဲ့ထားသည်။ ထိုမှအဆက် "ကလေးတို့အဖေ" ဟူသောဝတ္ထုထဲတွင်ကား လွှေဇောသည် "ချီ၊ ဘူး၊ ဒိုင်း" ဟူသော ခွေးငယ် ရင်သွေးကလေးများ ရနေပြီ ဖြစ်သည်။ ခွေးအမေ လွှေဇော

က ခွေးငယ်ကလေးများကို အရေးမစိုက်ချေ။ ခွေးနက်ကြီးနှင့်သာ တတွဲတွဲနေလေသည်။ အာမိတ်ကြီးကသာ ခွေးကလေးများကို ဂရုတစိုက် ထိန်းသိမ်းနေကြောင်း ရေးဖွဲ့ထားလေသည်။ ထိုအခါ အမာညိုနှင့် သက်သက်တို့ နှစ်ယောက်ကြားထဲတွင် ပြဿနာပေါ်တော့သည်။

'ဟော့ ခေါင်းစဉ်ကိုက ကလေးတို့အဖေတဲ့၊ ရေးတာက အာမိတ်အကြောင်း၊ ရှင်းနေတာပဲ၊ ဘာမှငြင်းနေစရာမလိုဘူး မိသက်ရဲ့'

'ဟာ ဟ၊ လွှေဇောက အာမိတ်ကို အစ်ကိုလိုပဲ ချစ်တာ၊ အာမိတ်ကလည်း လွှေဇောကို မကြိုက်ဘူး၊ သူတို့နှစ်ယောက်က မောင်နှမလိုပဲ နေတာ လင်မယားလို မကြိုက်ဘူး သိရဲ့လား'

'အမယ် နင့်ဘယ်သူပြော'

"အချစ်မီး" ထဲမှာ ပါတာ မမှတ်မိဘူးလား၊ ခွေးနက်ကြီးနောက်ကို လွှေဇောက ဆင်းလိုက်သွားတော့ အာမိတ်ကြီးကပါ တတန်းတန်းနဲ့ ယောက်ဖနောက် လိုက်သွားတယ်လို့ ရေးထားတယ်လေ၊ ဒီမှာကြည့်၊ ဒီမှာ ပြန်ဖတ်ကြည့်ပါလား'

'ဒါပေမဲ့ ခင်သန်းမြင့်က အတင်းပေးစားရင် သူတို့က ဘယ်ငြင်းနိုင်မလဲ၊ ယူလိုက်ရမှာပေါ့'

'ဟော့ ခွေးဆိုတာ လူတွေထက်သစ္စာရှိတယ်၊ အတင်းပေးစားတိုင်း ယူမယ်အောက်မေ့လို့လား'

'ဟာ ဟ၊ ခွေးကများ လူထက်သစ္စာရှိသေးတယ်တဲ့'

'ဟုတ်တယ်'

'ဒီလိုဆို နင်လူကိုမကြိုက်နဲ့၊ ခွေးကိုကြိုက်၊ ခွေးသစ္စာရှင်ကြီးကိုပဲ ယူ၊ ခွေးကတော်ပဲ လုပ်တော့ပေါ့ အောင်နက်ကတော်ရဲ့'

'အောင်မာ အောင်မာ'

သက်သက်သည် ဆွေ့ဆွေ့ခုန်အောင် ဒေါသထွက်သွားသည်။ ခုံပေါ်မှ ဝါးပေတံလေးကိုကောက်ယူကာ အမာညိုအား မမီမကမ်းလှမ်း ရိုက်လိုက်သည်။ အမာညိုက လျင်ပြီးသားဖြစ်သည်။ ကိုယ်ကို ယို့၍ လွတ်အောင် ရှောင်လိုက်သည်။ ထို့နောက် ရယ်မောရင်းမှ ခုံကိုပတ်၍ အခန်းအပြင်သို့ ထွက်ပြေးသွားသည်။ အခန်းအပြင်ရောက်သောအခါမှ 'အောင်နက်ကတော်၊ ခွေးကတော်၊ တကြော်ကြော်အော်ပါနဲ့၊ အလိုတော် ခေါ်ပါရဲ့၊ အောင်နက် ကတော်၊ ခွေး

ကတော်’ဟု ထပ်ခါ ထပ်ခါ အော်လေတော့သည်။ သက်သက်က အံ တကျိကျိ ကြိတ်ရင်း မကြားချင်ဟန်ဆောင်နေသည်။ ကျောခိုင်းထားလိုက်သည်။ မခံနိုင်၍ ထလိုက်လျှင်လည်း မိအောင်လိုက်နိုင်မည် မဟုတ်ချေ။ အမာညိုသည် အလွန် အပြေးသန်ကြောင်း သိထားသောကြောင့် ဖြစ်သည်။

သက်သက်သည် အမာညို့ကို ခေတ္တမျှ လျစ်လျူရှုထားလိုက်ပြီး စုလှိုင်ကို လှည့်ကြည့်သည်။ ဆူညံလှုပ်ရှားနေသော ဝန်းကျင်တွင် စုလှိုင်သည် အငြိမ်ကြီး ငြိမ်နေလေသည်။ ပြောင်စပ်စပ်နှင့် ခုန်ဆွခုန်ဆွလုပ်ရင်း အော်နေသော အမာညိုကို တွေတွေဝေဝေ ငေးမောကြည့်နေလေသည်။

‘စုလှိုင် ဘာဖြစ်နေတာလဲ’

‘ဘာမှမဖြစ်ပါဘူး’

သက်သက်က မေးသောအခါ စုလှိုင်၏ ညိုမှိုင်းသောမျက်လုံးအစုံသည် သက်သက်ဆီသို့ ပြောင်းလွဲကြည့်ရှုလာသည်။ ထိုမျက်လုံးများကို သက်သက် မနှစ်မြို့ပေ။ သူ့အတွင်းစိတ်ကို ဖတ်၍မရအောင် သူ့မျက်လုံးများကို အလွှာတစ်ခု ထပ်မံပြီး အုပ်ထားသလို ခံစားရတတ်သောကြောင့် ဖြစ်သည်။

‘ဘာလို့ မှိုင်နေတာလဲ’

‘ကိုယ်မှိုင်နေလို့လား’

စုလှိုင်က ခပ်ကြောင်ကြောင် ပြန်မေးစဉ် စူးရှသောခေါင်းလောင်းသံက ထွက်ပေါ်လာသည်။ ကျောင်းတက်ပေပြီ။ အခန်းအပြင်ဘက်မှကျောင်းသူများသည် အခန်းထဲသို့ တဝုန်းဝုန်းဝင်လာကြသည်။ စားလက်စ သရက်ပြားချဉ်ချဉ်ကို ကမန်းကတန်း ပြီးအောင်စားနေသော ခင်ခင်လှ၏မျက်နှာသည် ရှုံ့မဲ့နေသည်။ အမာညိုသည် သက်သက်ကို ပေစောင်းစောင်းကြည့်ရင်း သူ့နေရာသို့သူကြောက်ဆုတ် ကြောက်ဆုတ်နှင့် ပြန်ရောက်လာသည်။ သက်သက်က သူ့ကို ဂရုမထားဘဲ စုလှိုင်ကို အကဲခတ်နေဟန်ကိုတွေ့ရသောအခါ သူကပါ စုလှိုင်ကို ငဲ့ပြီးကြည့်မိလေသည်။ စုလှိုင်သည် သူတို့နှစ်ဦးကို ခပ်စိန်းစိန်းပြန်ကြည့်ပြီး ပြုံးလိုက်သည်။ သို့သော် သူ့အပြုံးသည် အသက် မပါလှချေ။

‘စုလှိုင်က တစ်မျိုးပဲ’

အမာညိုက စိတ်ထဲမှပြောလိုက်မိစဉ် အတန်းပိုင်ဆရာမ ဝင်လာသည်။ ထို့ကြောင့် တစ်တန်းလုံးမတ်တတ်ရပ်ကာ အရိုအသေပြုလိုက်ကြသည်။ ဆရာမက ကျောင်းခေါ်ချိန်စာအုပ်ကိုဖွင့်ကာ ခေါ်သောအခါတွင်ကား အမာညို

သည် စုလှိုင်ကို သတိမရတော့ပေ၊ မေ့သွားပြီဖြစ်သည်။

'ခင်ခင်လှ'

'ပရဲဆင့်တီချာ'

'စုစုလှိုင်'

'ပရဲဆင့်တီချာ'

'အယ်မာထွေး'

'ခွင့်တိုင်ထားပါတယ်'

'သက်သက်'

'ပရဲဆင့်တီချာ'

ထိုအချိန်တွင် အမာညိုသည် မကျေလည်သေးသော ခက်ဆစ်များကို ကမန်းကတန်း ကျက်မှတ်နေသည်။ ကျောင်းမတက်ခင် အပြီးကျက်မည်ဟု စိတ်ကူးထားသော်လည်း အာမိတ်တို့ လွေဖောတို့ ဝင်ရောက်နှိပ်စက်လိုက်သော ကြောင့် မကျက်ဖြစ်လိုက်ပေ။ ဆရာမ စာမေး၍ မဖြေနိုင်လျှင် ပြန်မထိုင်ရပေ။ မတ်တတ်ရပ်နေရသောကြောင့် အလွန်ရှက်ဖို့ကောင်းလေသည်။

'ဒီနေ့ မုန့်ဖိုးတစ်မတ်အပိုပါတယ် ဆရာ၊ မနေ့တုန်းက နို့ဆီခွက် ရောင်းတာလေ၊ ငါးပြားဖိုး ငါးခွက်ရတယ်၊ နို့ဆီခွက်က နှစ်ဆယ့်လေးလုံးပဲ ရှိတာ၊ အဘိုးကြီးက သဘောကောင်းတယ်၊ တစ်မတ်ပေးသွားတယ်၊ တစ်လုံး လျှော့ယူသွားတယ် သိလား'

'ဟယ် တန်တာပေါ့၊ ဒို့ဘက်မှာ ခြောက်ခွက်မှ ငါးပြားရယ်'

အမာညို၏ ရှေ့ခုံတွင်ထိုင်နေသော သက်သက်နှင့်မသန်းအေးတို့က ခပ်တိုးတိုး ပြောနေကြသည်။ အမာညိုသည် ခက်ဆစ်ကျက်နေရင်း မီးဖိုအောက် မှ နို့ဆီခွက်ပုံကြီးကို ပြေး၍မြင်ယောင်လိုက်သည်။ စိတ်တွက်နှင့် တွက်ကြည့်ရင်း ငါးမူးဖိုးခန့်ရှိမည်ဟု ခန့်မှန်းလိုက်သည်။ မေမေတို့ မရောင်းမီ ဦးအောင် ရောင်းပြီး မုန့်ဖိုးရှာရန် စဉ်းစားမိပြီး ပျော်သွားသည်။

'ဟေ့ အမာညို သန်လျင် ကူးတို့သစ် နှစ်စင်းရောက်ပြီတဲ့ သိလား၊ သဘော်နာမည်က ယူ့နာမည်အတိုင်းပဲ'

နောက်ဘက်ခုံမှ အယ်မာထွေးက ကိုယ်ကို ရှေ့ဘက်သို့ကိုင်းညွတ် ကာ တိုးတိုးလေးလှမ်းပြောသည်။

'ဘာလဲ အမာညိုတဲ့လား'

'ဟုတ်ပါဘူး၊ သူကဗျာစပ်ရင်သုံးမယ့် ကလောင်နာမည်လေ'

'ဟောတော် သီတာတဲ့လား'

အမာညိုသည် ကာရန်အကြောင်း လုံးဝနားမလည်သော်လည်း ကဗျာစပ်ရန် ကြိုးပမ်းနေသူဖြစ်သည်။ ကဗျာက ဘယ်နေမှန်းမသိသေးသော်လည်း အေးမြခြင်းကို အဓိပ္ပာယ်ဆောင်သည့် ကလောင်အမည်လှလှကိုကား ရွေးထား ပြီးဖြစ်သည်။ ယခုတော့ လူနာမည်ကို သဘော် ဦးသွားချေပြီ။

'ဟုတ်တယ်၊ သီတာ ၁ နဲ့ သီတာ ၂ တဲ့'

'ဒီလိုဆို ကိုယ်က သီတာ ၃ ပေါ့'

စကားသံကြားရာသို့ ဆရာမက မျက်လုံးလှန်ပြီး လှမ်းကြည့်သည်။ အမာညိုသည် ခေါင်းလေးပုသွားရင်း ငြိမ်သွားသည်။ ထို့နောက် စက္ကူဖြူနှင့် ဖုံးထားသော စာအုပ်အဖုံးပေါ်တွင် ခက်ဆစ်အဖြေများကို လက်ရေးသေးသေးနှင့် မှုန်မှုန်လေး ရေးနေလိုက်သည်။

| | |
|---|---|
| အတန်းရှိ | ၄၅ |
| တက် | ၄၂ |
| ခွင့် | ၂ |
| ပျက် | ၁ |
| နေ့စွဲ | ၂၂၊ ၉၊ ၆၅ |

အတန်းမော်နီတာ ခင်ခင်လှက နံရံတွင်ကပ်ထားသော ကျောက်သင်ပုန်းကြီး၏ ထောင့်တွင် လှပ သေသပ်စွာ ရေးပြီးသောအခါ ဆရာမကလည်း ကျောင်းခေါ်ချိန်စာအုပ်ကို ပိတ်လိုက်သည်။

'ကဲ စာအုပ်တွေပိတ် ခက်ဆစ်မေးမယ်'

အမာညို စာမရသေးပေ။ စာမရသေးသော်လည်း ဒဏ်ပေးတော့ မခံချင်ပေ။ ဒီအရေးများကို ကြိုမြင်သဖြင့် စာမေးလျှင်ခေါင်းငုံ့ပြီး စဉ်းစား သလိုလိုနှင့် စာအုပ်ဖုံးပေါ်မှ ခက်ဆစ်များကို ကြည့်ပြီးဖြေရန် စီစဉ်စဉ်းစားပြီးဖြစ်သည်။ သို့သော်လည်း တတ်နိုင်လျှင်တော့ စာမေးမခံချင်ပေ။ ထို့ကြောင့် မျက်နှာထားကို ပြင်ရသည်။ ဆရာမက အလွန်ပါးသည်။ မျက်နှာကဲ အလွန်ခတ်တတ်သည်။ ခေါင်းငုံ့နေသူ၊ သူနှင့်မျက်နှာချင်းမဆိုင်ဝံ့သူများကို ရွေးပြီးမေးတတ်သည်။ ထိုသူများသည် စာမရသူများဟု အလိုလိုသိပုံရသည်။

သို့သော် အမာညိုတို့က ဆရာမထက် ပါးသည်။ မျက်နှာကို ရဲရဲ

တင်းတင်း မော့၍ထားသည်။ ပြုံး၍ပင်နေလိုက်သေးသည်။ ထို့ကြောင့် ဆရာမ က သူ့ကိုကျော်ကာ သူ့နောက်ဘက်တွင်ထိုင်နေသော စုလှိုင်ကိုမေးလေသည်။ စုလှိုင်သည် စာကို စိတ်ဝင်စားဟန်မတူဘဲ ကျောက်သင်ပုန်းကြီးကို ငေးမော ကြည့်နေသောကြောင့် ဖြစ်လေသည်။

စုလှိုင်ကို စာမရဟု ထင်မှတ်သောကြောင့် မေးခြင်းဖြစ်သော်လည်း သူသည် ဆရာမ မေးသမျှကို ဒိုးဒိုးဒေါက်ဒေါက် ဖြေနိုင်လေသည်။ ထို့နောက် သူ့နေရာသူ ပြန်ထိုင်ကာ ကျောက်သင်ပုန်းကြီးကို ပြန်ငေးနေပြန်လေသည်။

'စုလှိုင်က တစ်မျိုးပဲ'

အမာညိုသည် စုလှိုင်ကိုငဲ့ကြည့်ရင်း ဒုတိယအကြိမ် စိတ်ထဲမှ ပြော လိုက်မိပြန်လေသည်။

*

'သူတို့တွေက ပြောတယ်၊ စုလှိုင်က တစ်မျိုးပဲတဲ့၊ အဲဒါ ဟုတ်သလား ဟင် မာမီကြီး'

စုလှိုင်သည် မာမီကြီး၏ခုတင်ဘေးတွင် အသာလေးဝင်ထိုင်ရင်း မေးသည်။ မာမီကြီးသည် သူ့လက်ထဲမှ ဓမ္မပဒစာအုပ်လေးကိုခေါက်၍ ပိတ်လိုက်ပြီးမှ စုလှိုင်ကိုငုံ့ကြည့်သည်။ နက်မှောင်နေသော ဆံပင်များသည် ပါးရေ နားရေ တွန့်နေသော မာမီကြီး၏မျက်နှာနှင့် မလိုက်ဖက်လှပေ။ မာမီကြီးသည် အသက်ခုနစ်ဆယ်နားနီးကာ အိုမင်းမစွမ်းရှိပြီ ဖြစ်သော်လည်း ဇရာကို ဖုံးကွယ်ရန် ကြိုးစားနေဆဲဖြစ်လေသည်။

'စုလှိုင်က တစ်မျိုးပဲ တစ်မျိုးပဲနဲ့ ခဏခဏပြောကြတယ်၊ ဘာဖြစ်လို့ ပြောကြတာလဲ ဟင်'

စုလှိုင်က ထပ်၍မေးလိုက်မိပြန်သည်။ မာမီကြီးသည် စုလှိုင်ကို ခြေဆုံးခေါင်းဆုံး ခပ်စူးစူးကြည့်ပြီး သရော်သလိုပြုံးလိုက်လေသည်။

'တစ်မျိုးဖြစ်နေလို့ တစ်မျိုးပဲလို့ပြောတာ ဖြစ်မှာပေါ့အေ့၊ ညည်းက အမေတူပဲ၊ ညည်းအမေလည်း တစ်မျိုးပဲဟာ'

'မာမီက မာမီကြီးရဲ့ သမီးပဲ'

မကျေမနပ် စောဒကတက်လိုက်သော စုလှိုင်ကို မာမီကြီးက ဂရုမပြုအားပေ။ အိပ်ရာဘေးရှိ စားပွဲပေါ်မှ ကရင်ပတ်ဖ်ဘူးလေးကိုလှမ်းယူကာ သူ့မျက်နှာကို တစ်ချက်နှစ်ချက် သ လိုက်သည်။ ဖြူသောဆံပင်ကို ဆေးနက်များက မည်းသွားစေသော်လည်း တွန့်နေသောပါးရေများကို ကရင်ပတ်ဖ်က ဖုံးကွယ်

ခြင်း မပြုနိုင်သည့်အတွက် စုလှိုင်သည် အသာမျက်နှာလွှဲလိုက်သည်။ ဓမ္မပဒကို ဟန်တပြပြဖတ်နေသော်လည်း မာမီကြီး၏ရင်ထဲတွင် တရားဟူ၍ မြူမှုန်မျှ မရှိသေးသည်ကို စုလှိုင်နားလည်လိုက်သည်။

'ငါ့သမီးပေမယ့် ဒင်းက ငါ့စကားကို တစ်သက်လုံးနားထောင်ခဲ့တာမှ မဟုတ်ဘဲ၊ သူထင်ရာ သူလုပ်နေတာ'

အောက်ထပ်ရှိ ဖဲဝိုင်းမှရယ်မောသံများသည် အပေါ်ထပ်ထိအောင် လျှံပြီး တက်လာသည်။ ချိုလွင်သော ရယ်သံလေးက အကျယ်ဆုံးဖြစ်သည်။ မာမီ့အသံဖြစ်ကြောင်း စုလှိုင်သိလိုက်သည်။

'အန်တီကြီး ဆေးသောက်ချိန်ရောက်ပြီလေ'

မာမီကြီးအတွက် သီးသန့်ငှားထားသော သူနာပြုဆရာမလေးက အခန်းထဲဝင်လာကာ သတိပေးသည်။ မာမီကြီးသည် ဆေးမသောက်လိုဟန်နှင့် ခေါင်းယမ်းသော်လည်း သူနာပြုဆရာမလေး ကမ်းပေးသောဆေးခွက်ကလေးကို မငြင်းမဆန်သောက်ချလိုက်သည်။

'ဒင်းက ငါ့စကားကို နားထောင်တာမဟုတ်ဘူး၊ ကလေကချေကောင်တွေနဲ့ ရည်းစားထားလားထားရဲ့၊ လိုက်ပြေးမယ် လုပ်လား လုပ်ရဲ့'

'မာမီကပြောဖူးတယ်၊ ဒက်ဒီဟာ မာမီကြီးရွေးတဲ့ သမက်ဆို'

'အေးလေ ညည်းအဖေက ကျုပ်ရွေးတဲ့ သမက်ပေါ့၊ အရည်အချင်းရှိတယ်၊ ချမ်းသာတယ်၊ လုပ်ရဲကိုင်ရဲရှိတယ်၊ ဒီလိုလူမျိုးကိုယူရင် တစ်သက်မဆင်းရဲဘူးဆိုတာ၊ မိစုလှိုင် ညည်းလည်းမှတ်ထား'

'မာမီကြီးက မာမီ့ကို ဒက်ဒီနဲ့ အတင်းပေးစားခဲ့တာလားဟင်'

'ဒါပေါ့ ဒင်းက သမီး ငါက အမေပဲ'

အောက်ထပ်မှရယ်မောသံများသည် ပျံ့လွင့်လာပြန်သည်။ ရယ်သံများကိုနားစိုက်ထောင်ရင်း စုလှိုင်ငြီးငွေ့လာသည်။ ခုတင်တိုင်လေးကို ခပ်လျော့လျော့မှီလိုက်ပြီးမှ မိတ်ကပ်ခြယ်သထားသောမာမီကြီး၏မျက်နှာကို ငေးကြည့်နေမိသည်။

'ခုတော့ကြည့်လေ ရယ်လို့မောလို့ ပျော်လို့ရွှင်လို့ မဟုတ်လား၊ သူဌေးကတော်ဆိုတာ နည်းတဲ့ဂုဏ်လား၊ ဒါတောင် ခေတ်ပြောင်းသွားလို့၊ ညည်းအဖေအမတ်ဖြစ်တုန်းကဆိုရင် ပဝါနှစ်စချပြီးသမ္မတအိမ်ကညစာ်ခံပွဲတွေတက်ရတာ ဘယ်လောက်ဂုဏ်ရှိတယ် အောက်မေ့လဲ'

စုလှိုင်သည် ပျင်းရိစွာသမ်းဝေလိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။ မာမီကြီး၏စကားများကို နားထောင်ရန် စိတ်မဝင်စားတော့ပေ။ မာမီကြီးသည် အင်္ဂလိပ်ခေတ်အကြောင်းကို စကားစ ဆွယ်သွားပြီး ပြောပြတော့မည်ကို သိထားသည့်အတွက်ကြောင့်ဖြစ်လေသည်။ မာမီကြီးပြောပြမည့်မျက်နှာဖြူသခင်ကြီး၊ သခင်မကြီးများအကြောင်းကို စုလှိုင်ငယ်စဉ်ကတည်းကပင် ထပ်ပြန်တလဲလဲ နားထောင်ခဲ့ဖူးပြီဖြစ်သည်။

'ပဝါချတာ စကားစပ်မိလို့ပြောရဦးမယ်၊ ရစ်ချတ်သခင်ကြီးဆိုရင် ပဝါချတာ မာမီကြီးလှလွန်းလို့တဲ့၊ တဖွဖွချီးကျူးပြီး ဓာတ်ပုံတောင်ရိုက်ယူသွားတာ၊ လူကလေးမောင်လှ မောင်မင်းမိန်းမ သိပ်လှတယ် သိပ်လှတယ်နဲ့ ညည်းတို့အဘိုးကို ကျောသပ်သပ်ပြီး ပြောတာကွယ်'

ကုလားထိုင်တွင်ထိုင်နေသော သူနာပြုဆရာမလေး၏မျက်တောင်သည် စင်းငိုက်နေသည်။ ဇာခန်းဆီး ပြာပြာလေးကမူ လေပြည်ထဲတွင် တလွန့်လွန့်လူးနေသည်။ စုလှိုင်သည် ဇာခန်းဆီးလေးကို လက်နှင့်သိမ်းဖယ်ကာ အခန်းထဲမှ ခပ်သွက်သွက်ထွက်လိုက်သည်။ ထို့နောက် မာမီကြီးကို မကြားတကြား လှမ်းပြောလိုက်မိသည်။

'မာမီကြီးကလည်း တစ်မျိုးပါပဲ'

*

'ဘာပဲဖြစ်ဖြစ် ဒို့တွေဟာ ဒို့အဘိုးတွေ အဖေတွေထက်တော့ ကံကောင်းတယ် သိလား'

'ဘာဖြစ်လို့'

စုလှိုင်သည် ပါတာနီစေ့လေးများကို တစ်စေ့ချင်းဝါးနေရင်းမှ အမာညိုနှင့်သက်သက်ကို မသိမသာငဲ့ကြည့်လေသည်။ သက်သက်သည် ခုံပေါ်တွင် ရပ်ရင်း ရေဆွတ်ထားသောအဝတ်နှင့် မှန်ပြတင်းကိုပွတ်တိုက်နေသည်။ အမာညိုက ရေတစ်ပုံးနှင့် အောက်ဘက်မှစောင့်နေလေသည်။ သူတို့နှစ်ဦးသည် တတွဲတွဲနှင့်အလွန်ခင်လှသည်။ ခင်သလောက်လည်း ရန်ဖြစ်လှသည်။ သူတို့လောက် အငြင်းသန်သူကို ရှာတွေ့ရန်မလွယ်လှပေ။ ယခုလည်း တစ်စုံတစ်ခုကို ငြင်းခုံရန် အစပျိုးပြန်ချေပြီဟု စုလှိုင် တွေးလိုက်မိလေသည်။

'ဒို့တွေက လွတ်လပ်ရေးရပြီးမှမွေးတာလေ၊ သခင်ကလေးတွေ အဖြစ် လွတ်လွတ်လပ်လပ်မွေးလာတာ'

'အေးပေါ့ ဒီမှာကြည့်၊ သခင်မကြီး အမာညိုတဲ့'

'အမေတို့ အဖေတို့ကတော့ ကျွန်ကလေးတွေအဖြစ် မွေးလာပြီး ကျွန်ကြီးတွေအနေနဲ့ ကြီးပြင်းခဲ့ရတာ ဘယ်လောက်သနားဖို့ ကောင်းသလဲ'

စုလှိုင်သည် ဒီတစ်ခါ မငြင်းမခုံဘဲ အတိုင်အဖောက်ညီညီပြောနေသော သူတို့နှစ်ဦးကိုငေးကြည့်ရင်း ခေါင်းထဲတွင် ဝေတေတေ ဝါးတားတား ဖြစ်သွားသည်။ အဘွားသည်လည်း ကျွန်ကလေးအဖြစ်နှင့်မွေးဖွားလာခဲ့ပြီး ကျွန်ကြီးအဖြစ်နှင့်ကြီးပြင်းခဲ့ရသူဖြစ်လေသည်။ သို့သော် သူသည် ထိုကျွန်ဘဝ

ကိုပင် တတမ်းတတနှင့် တမ်းတ၍မဆုံးနိုင်အောင်ရှိတော့သည်။ ထိုကျွန်ဘဝ တွင် အဘွားသည် အလွန်ပျော်ခဲ့ဟန်ရှိလေသည်။

'ကိုကိုကတော့ နှစ်ရက်ကပ်ပြီး ကျွန်ဖြစ်သွားသေးတယ်၊ သူက ဇန်နဝါရီလ နှစ်ရက်နေ့မှာ မွေးတာ၊ လေးရက်နေ့မှ လွတ်လပ်ရေးရတာလေ၊ မေမေ့ကို ခဏခဏပြောတယ်သိလား၊ မေမေကလည်း အောင့်ထားရောပေါ့၊ လွတ်လပ်ရေးရမှ မွေးရောပေါ့တဲ့'

သက်သက်လှမ်းပေးသောရေဝတ်ကို အမာညိုသည် ရေပုံးထဲနှစ်ကာ ပွတ်တိုက်လိုက်သည်။ ထို့နောက်မှာ ညှစ်ကာ ပြန်ပေးသည်။ စုလှိုင်သည် အနည်ထနေသော ရေများကိုငုံ့ကြည့်နေရင်း အမာညို့အစ်ကိုဖြစ်သူ၏ အသက်ကို စိတ်တွက်နှင့် တွက်ကြည့်နေမိသည်။

'အင်္ဂလိပ်တွေဟာ နှစ်ရှည်စီမံကိန်းနဲ့ကို ယုတ်မာတာကွ သိလား၊ မနေ့တုန်းကမှ ဦးလေးထွန်းကရှင်းပြနေတယ်၊ ရခိုင်ပြည်နယ်ဘက်မှာ အရက်ဆိုင်တွေဖွင့်တာ၊ တစ်ပြည်လုံးအနှံ့ ဘိန်းခန်းတွေဖွင့်ပေးတာဟာ လူမျိုးလိုက်အညွန့်တုံးအောင် လုပ်တာတဲ့၊ နောက်ပြီး တက္ကသိုလ်ဆောက်ဖို့ ရန်ပုံငွေဆိုပြီး လောင်း ကစားဝိုင်းတွေ ထောင်ပြီး ငွေရှာသတဲ့ကွာ၊ တောင်သူ လယ်သမားတွေပဲ ဖြုံကာ ပြာကာကျပြီး ဆင်းရဲသွားတာပေါ့'

'အေးလေ နောက်ပြီး ဘုရားများ ထူးခံချင်သေးတယ်တဲ့၊ ထူးတဲ့လူတွေကလည်း ထူးတာပဲတဲ့၊ သခင်သခင်နဲ့ လက်အုပ်ချီနေတဲ့အလိုတော်ရိတွေကလည်း အများကြီးပဲတဲ့'

စုလှိုင်၏ရင်ထဲတွင် ဒိန်းခနဲဖြစ်သွားသည်။ အားရပါးရပြောနေသော အမာညို၏မျက်နှာကိုစိုက်ကြည့်နေမိရာမှ ဖျတ်ခနဲ မျက်လုံးလွှဲလိုက်သည်။ သူ့လက်ထဲတွင်ကိုင်ထားသော သံကိုင်းတပ်ရေပုံးလေးကို ဝေဝါးစွာကြည့်နေမိသည်။ ရေပုံးထဲမှ ရေများက ဘောင်ဘင်ခတ်နေသည်။ 'သခင် သခင်နဲ့ လက်အုပ်ချီနေတဲ့ အလိုတော်ရိတွေ' ဟု စိတ်ထဲမှထပ်ဆင့်ပြီး ရေရွတ်နေမိသည်။

'ဖြူရိုကရက်ဆိုတာဘာလဲဟင်'

'အင်္ဂလိပ်ခေတ်ကအရာရှိတွေကိုခေါ်တာပဲဟ'

'ဒီလိုဆို ဗြူရိုကရက်ဆိုတာ ဘောင်းဘီကြီးတွေနဲ့ပေါ့'

'ဘာဆိုင်လို့လဲ'

'အင်္ဂလိပ်ခေတ်ကဆို'

'ဟုတ်သေးပါဘူးဟ၊ ဖြူရိုကရက်ဆိုတာ ပုဆိုးဝတ်ချင်လည်း ဝတ်မှာပေါ့၊ ဘောင်းဘီဝတ်ချင်လည်း ဝတ်မှာပေါ့၊ ပုဆိုးဝတ်ဝတ် ဘောင်းဘီ ဝတ်ဝတ် ဖြူရိုချင် ဖြူရို ကရက်ချင် ကရက်နေမှာပေါ့၊ ငါတော့ အသေအချာ မသိပါဘူး၊ တီချာလာတော့ မေးကြည့်'

သက်သက်သည် ကုလားထိုင်ပေါ်မှခုန်ဆင်းလိုက်သည်။ သူပွတ်တိုက်ခဲ့သော မှန်ပြတင်းလေးသည် ပြောင်လက်နေလေသည်။ စုလှိုင်သည် အဘွားပြောလေ့ရှိသော ရစ်ချတ်သခင်ကြီးအကြောင်းကို စဉ်းစားနေမိသည်။ သက်သက်တို့စကားအရပြောရလျှင် ရစ်ချတ်သခင်ကြီးသည် ဖြူရိုကရက်ကြီးဖြစ်ကာ သူ့ကိုလက်အုပ်ချီရှိခိုးနေကြသော အဘိုးတို့ အဘွားတို့သည် အလိုတော်ရိကြီးများ ဖြစ်လေသည်။

'တော်လှန်ရေးတုန်းက ဦးလေးထွန်းပါသလားဟင်'

'ပါတာပေါ့၊ ဦးလေးထွန်းရော ဖေဖေရော'

'သိပ်သတ္တိကောင်းတာပဲနော်'

'အမျိုးကိုချစ်တာကိုးဟ'

'သူတို့တွေ နည်းနည်းမှမကြောက်ဘူးလားဟင်'

'ဦးလေးထွန်းကို ဂျပန်တွေဖမ်းမိတော့ လက်သည်းခွံတွေတောင် ခွာသေးတယ်တဲ့၊ ဖေဖေ ဘယ်မှာလဲမေးတာလေ၊ ဦးလေးထွန်းက အတင်းဘူးခံနေလိုက်တာတဲ့၊ ဖေဖေ့ကိုသာမိသွားရင် ငါတို့တွေ လူ့ပြည်ကိုတောင် ရောက်လာတော့မှာမဟုတ်ဘူး'

သက်သက်သည် ခုံများကို ညီနေအောင်စီရင်း ပြောသည်။ သူ့မျက်နှာလေးသည် ဂုဏ်ယူဟန် ဝင့်ကြွားဟန်နှင့်တောက်ပနေလေသည်။ ထိုမျက်နှာလေးကို စုလှိုင်သည် မနာလိုသလို ငေးပြီးကြည့်နေမိသည်။

'တချို့အလိုတော်ရိတွေက သူတို့သခင်တွေနဲ့ အတူတူ ကုလားပြည်ထွက်ပြေးကြတယ်တဲ့လေ၊ အားကြီးကျွန်စိတ်ရှိတဲ့ဟာတွေ'

စုလှိုင်၏ရင်သည် ဒုတိယအကြိမ် ဒိန်းခနဲခုန်ပြန်လေသည်။ မျက်နှာတစ်ပြင်လုံး ပူထူသွားသည်။ ဒက်ဒီကြီးနှင့်မာမီကြီးတို့အကြောင်း တွေးမိပြီး ရှက်စိတ်ကလေး ဝေတက်လာသည်။ မြန်မာ့တော်လှန်ရေးစသောအခါ ဒက်ဒီကြီးနှင့်မာမီကြီးတို့သည် ရစ်ချတ်သခင်ကြီးနှင့်အတူတူ အထက် မြန်မာပြည်သို့ တက်ပြေးခဲ့ကြသည်။ ၎င်းမှတစ်ဆင့် အိန္ဒိယသို့ပြေးရန် ကြံရွယ်ခဲ့ကြောင်း မာမီကြီးက

ပြောခဲ့ဖူးသည်။ လမ်းခရီးတွင် ဒက်ဒီကြီးအပြင်းဖျား၍ သေဆုံးသောကြောင့် သခင်ကြီးနှင့်အတူလိုက်မသွားနိုင်ဘဲ နေခဲ့ရကြောင်းကို မာမီကြီးက ဝမ်းနည်းပန်းနည်းပြောပြတတ်သည်။ စုလှိုင်သည် သက်ပြင်းလေးတစ်ချက်ချကာ သူ့လက်ထဲမှ ပါတာနီစေ့လေးများကို ဖိချေ လိုက်သည်။ ပဲစေ့လေးများကမူ ကြေမသွားချေ။ သို့သော် ဆိုးထားသော ဆေးနီလေးများက လက်တွင် စွန်းထင်းပြီး ကျန်ရစ်သည်။

'စုလှိုင်'

အခန်းထဲသို့ဝင်လာသော အယ်မာထွေးက လှမ်းခေါ်သည်။ ထို့နောက် အလောတကြီးပြေးလာပြီး လက်ဝါးဖြန့်သည်။

'ပါတာနီ နှစ်စေ့သုံးစေ့လောက်'

အယ်မာထွေးတိုက်သွားသဖြင့် ရွဲ့သွားသောခုံကို သက်သက်က မကျေမနပ်နှင့်ပြန်စီနေစဉ် စုလှိုင်သည် သူ့လက်ထဲသို့ ပါတာနီတစ်ထုပ်လုံး ထည့်ပေးလိုက်သည်။ အယ်မာထွေးသည် အနီဆုံး အရဲဆုံး ပါတာနီစေ့လေးများကို ရွေးယူကာ သူ့နှုတ်ခမ်းကို ပွတ်နေသည်။ ကြာကြာမပွတ်ရပါချေ။ နှုတ်ခမ်းနုနုတွင် ဆေးနီများကူးကာ နီထွေးလာသည်။ ကျောင်းကို နှုတ်ခမ်းဆိုး မလာရဟူသော ကျောင်းစည်းကမ်းချမှတ်ထားသည်။ ထို့ကြောင့် အယ်မာထွေးတို့လို မ လှချင်ကလေးများက ဝိနည်းလွတ်အောင် ပါတာနီကို အသုံးပြုကြသည်။ ဆရာမဆူလျှင် "နှုတ်ခမ်းဆိုးတာမဟုတ်ပါဘူး၊ ပါတာနီစားထားတာပါ" ဟု ဆင်ခြေကန်ကြလေသည်။

'ဟော့ အင်္ဂလိပ်စာအမှတ်တွေသိပြီတဲ့'

နှုတ်ခမ်းဆိုး၍ပြီးသောအခါမှ အယ်မာထွေးကပြောသည်။ ခြောက်လပတ် စာမေးပွဲမှ အမှတ်များဖြစ်သည်။ စုလှိုင်တို့အားလုံး မျှော်နေရသော အမှတ်များလည်း ဖြစ်သည်။

'ခင်ခင်လှပြောတယ်၊ ကော်မွန်းရွမ်းထဲမှာ တီချာစစ်နေတာ သူတွေ့ခဲ့တယ်တဲ့'

စုလှိုင်သည် အဘိုးတို့အဘွားတို့အကြောင်းကို ခေတ္တမေ့ထားလိုက်ကာ သူဖြေဆိုခဲ့သောအဖြေလွှာကို ပြန်လည်စဉ်းစားနေမိလေသည်။ သူတို့သင်ရသော အင်္ဂလိပ်စာ ပြဋ္ဌာန်းစာအုပ်သည် "အင်နာပူရနား" ဖြစ်သည်။ အင်နာပူရနားတောင်ကို ကြိုးစားပမ်းစားတက်ကြသော တောင်တက်သမားတစ်စု

အကြောင်းဖြစ်သည်။ သူတို့ထဲမှ ခေါင်းဆောင်ဖြစ်သူ "ဟာဇော့" သည် အအေးဒဏ်ကြောင့် သေဆုံးခဲ့သွားပြီး လက်ချောင်း ခြေချောင်းလေးများပုပ်သွားကာ ကြွေကျခဲ့ရသည်။ သူတို့၏ကြိုးပမ်းမှုကို စုလှိုင် အဓိပ္ပာယ်ရှာ၍ မရပါ။ ပြဋ္ဌာန်းထားသော စာအုပ်ဖြစ်၍ ကျေညက်အောင်တော့ သင်အံလေ့ကျက်ခဲ့ရသော်လည်း စိတ်ထဲတွင်မူ မကျေနပ်လှချေ။ "ငါသာဆိုရင် တောင်ထိပ်မှာ အလံစိုက်ချင်တာလေး တစ်ခုတည်းနဲ့တော့ ဒီလောက်အပင်ပန်းမခံပေါင်၊ ဘာမှလည်း အကျိုးရှိတာ မဟုတ်" ဟု မကြာခဏ အတွေးပေါက်မိသေးသည်။ သို့သော် "ဟာဇော့တို့သည် အင်နာပူရနားတောင်ကို အဘယ်ကြောင့် ဤမျှအပင်ပန်းခံကာ တက်ခဲ့ကြသနည်း" ဟူသော မေးခွန်းကို စာမေးပွဲ၌မေးလာသောအခါတွင်ကား စိတ်ရင်း အတိုင်း ရေး၍ မဖြစ်တော့ပေ။ ထို့ကြောင့် ဆရာမ သင်ထားသည့်အတိုင်း အလွတ်ကျက်ထားသော အကြောင်းအချက်များကို စုံစေအောင် ရေးဖြေလိုက်ရသည်။

'ဟော့ စုလှိုင်၊ အင်္ဂလိပ်ရှိမှာ စုလှိုင်အမှတ်အများဆုံး'

ခင်ခင်လှသည် ကျယ်လောင်စွာအော်ဟစ်ရင်း အခန်းထဲသို့ ပြေးဝင်လာသည်။ သူက စုလှိုင်ဆီသို့လာကာ တစ်တန်းလုံးက သူ့ဆီသို့ဝိုင်းအုံလာကြသည်။ တစ်ယောက်တစ်ပေါက်တိုက်ခိုက်သွားသဖြင့် ခုံများ ရွေ့စောင်းကုန်ပြန်လေသည်။ သက်သက်သည် အော်ရင်းဟစ်ရင်း ခုံများကို ပြန်ညှိနေသည်။ သူ့ခမျာသည် တစ်ပတ်အတွက် အတန်းသန့်ရှင်းရေးတာဝန်ခံမို့ ခုံများ ညီညာသပ်ရပ်စေရန် ထာဝစဉ်ဂရုစိုက်နေရသည်။ စာမေးပွဲ အမှတ်ကိုပင် မမေးအားရှာသေးချေ။

'တီချာက ပြောနေတယ်၊ စုလှိုင်သိပ်တော်တာပဲတဲ့၊ ရှစ်ဆယ်တောင်ရတယ်၊ အယ်မာတောင် ခုနစ်ဆယ့်ငါးမှတ်ပဲရတာ၊ ဒို့က ငါးဆယ်ပဲရတယ်'

ခင်ခင်လှက ဝမ်းသာအားရပြောသည်။ သူအမှတ်နည်းသော်လည်း စုလှိုင်အတွက် ဝမ်းသာနေသည်။ ထိုသို့ နေရာတကာတွင် စိတ်ကောင်းရှိခြင်းကြောင့်လည်း တစ်တန်းလုံး၏ချစ်ခင်လေးစားမှုကိုရကာ အတန်း ခေါင်းဆောင်ဖြစ်နေရခြင်း ဖြစ်သည်။

'ဟော့ ဒို့ရော၊ ဒို့ဘယ်လောက်ရလဲ'

အမာညိုက မေးသည်။ ခင်ခင်လှသည် ခေါင်းတစ်ချက်ကုတ်လိုက်ကာ ရယ်သည်။

'အမာညိုက လေးဆယ့်တစ်၊ သက်သက်က လေးဆယ့်ငါး၊ ကျတဲ့သူက ဆယ့်ငါးယောက်ရှိတယ်'

'ဒို့ရော အောင်ရဲ့လား'

နီနီက မရဲတရဲဝင်မေးသည်၊ ခင်ခင်လှသည် နီနီ့ကိုအားနာဟန်နှင့် လှည့်ကြည့်လိုက်ပြီး ခေါင်းခါသည်။

'မအောင်ဘူး'

'ထင်သားပဲ၊ ဖြေမှမဖြေနိုင်ဘဲ'

နီနီသည် မျက်နှာငယ်လေးနှင့် ငြီးသလိုလို ပြောသည်။ ထို့နောက် စုလှိုင်ကို အထင်ကြီး အားကျဟန်လေးနှင့် လှမ်းပြီးကြည့်လေသည်။

'စုလှိုင်များ တော်လိုက်တာဟယ် ရှစ်ဆယ်တောင်ရတယ်၊ ဒို့က အဲဒီ တစ်ဝက် လေးဆယ်ရအောင်တောင် မဖြေနိုင်ဘူး'

ထိုကဲ့သို့သောအသံများကြားရသောအခါ စုလှိုင်သည် ဘဝင်မြင့်ချင်သလိုလိုပင် ဖြစ်လာသည်။ ဘာမှအပန်းတကြီး ဖြေလိုက်ရသည်မဟုတ်ဘဲနှင့် အမှတ်အများဆုံးရနေသည်ကိုပင် အံ့ဩချင်သလိုလိုဖြစ်နေသည်။ ဒီလောက်လွယ်တာကို ဘယ်လိုများ ကျအောင်ဖြေလိုက်သလဲဟုတွေးရင်း နီနီ့ကို အထင်သေးမိသေးသည်။

စောစောလေးကမှ ခံစားခဲ့ရသော အဘိုးအဘွားတို့အတွက် ရှက်အားစိတ်ငယ်နှင့် ယခုလောလောဆယ် ခံစားနေရသော မိမိကိုယ်မိမိ အထင်ကြီးစိတ်တို့သည် စုလှိုင်ရင်ထဲတွင် လုံးထွေးနေကြသည်။

'တော်လိုက်တာဟယ်'

'သိပ်တော်တာပဲ'

'စတော်ကြီး စတော်ကြီးစုလှိုင်'

သူငယ်ချင်းများသည် တစ်ယောက်တစ်ပေါက်ဝိုင်းပြောနေကြသည်။ သူတို့ပါးစပ်ကသာ ချီးကျူးနေသော်လည်း မျက်လုံးများက ဝန်တို ငြူစူသော မျက်လုံးများဟု စုလှိုင်ထင်မိသည်။

ထို့ကြောင့် စုလှိုင်သည် ဘာမှပြန်မပြောဖြစ်ဘဲ သူတို့ကို ခပ်စိန်းစိန်း စိုက်ကြည့်ကာ သဲ့သဲ့လေးပြုံးနေမိလေသည်။

*

က္ကန္တြေလုပ်ကာ လှုရုံလေးပြုံးနေကြသော မိန်းကလေးတို့သည် အဆင့်ဆင့်စီတန်းနေကြသည်။ အလယ်တွင်ထိုင်နေသောအတန်းပိုင်ဆရာမကြီး၏ မျက်နှာသည်ကား တည်လှသည်။ ကျော်ထွန်းညိုသည် ဆရာမကြီး၏မျက်နှာကို အသေအချာ စိုက်ကြည့်ရင်း ပြုံးလိုက်မိသည်။ စာကျက်ပျင်းသော အမာညိုကို ခုံပေါ်တွင် မကြာခဏတက်၍ ရပ်ခိုင်းသော ဆရာမကြီးမှာ သူပင်ဖြစ်ပေလိမ့်မည်။

'ဘာပြုံးတာလဲ ကိုကိုရဲ့'

'နင့်ကို ခဏ ခဏ ဒဏ်ပေးတာ ဒီဆရာမကြီးမဟုတ်လား မိညို'

'ဒါပေါ့ နေ့ခင်းတုန်းကတောင် အရိုက်ခံရသေးတယ်'

'ဘာဖြစ်လို့လဲ'

'အဟက် ကျောင်းတက်ချိန်မှာ မုန့်ခိုးစားတာမိသွားလို့'

'နင် မရှက်ဘူးလား မိညိုရယ်၊ ဒီအရွယ်ကြီးထိ အရိုက်ခံနေရတာ၊ ကြည့်ပါဦး ဆယ်တန်းတောင် ရောက်နေပြီ'

'ဘယ်တတ်နိုင်ပါ့မလဲ'

အမာညိုသည် ပြောင်စပ်စပ်နှင့် ပခုံးလေးတွန့်ကာပြောသည်။ ထို့နောက် ကျော်ထွန်းညိုကြည့်နေသော ဓာတ်ပုံလေးကိုလှမ်း၍ ဆွဲယူလိုက် သည်။ သူ့ကိုတည်တည်ကြီးစိုက်ကြည့်နေဟန်ရှိသော ဆရာမကြီးကို အသေအချာ တည့်တည့်ပြန်ကြည့်ပြီး လျှာထုတ်ပြလိုက်လေသည်။

'ကိုကို ကျွန်တော့ကို ဒီဂဏန်းတစ်ပုဒ် တွက်ပေးစမ်းပါ'

ညီလင်းညိုက အခန်းထဲဝင်လာရင်း ပြောသည်။ သူ့လက်ထဲတွင် ဂဏန်းသင်္ချာစာအုပ်ကလေးကို ကိုင်ထားလေသည်။

'ညီလင်းနော်၊ ငါ့ကို အဲဒီလိုညာညာပြီး လာမတွက်ခိုင်းနဲ့လို့ ပြောထားတယ်မဟုတ်လား၊ နားမလည်ရင်မေး ရှင်းပြမယ်၊ နင်တို့နှစ်ယောက် လုံးတူတူပဲ၊ အင်မတန် အပျင်းထူတယ်'

'မပျင်းပါဘူး ကိုကိုရာ'

အမာညိုနှင့် ညီလင်းညိုတို့သည် ကပျာကသီ ရှင်းချက်ထုတ်လိုက်ကြသည်။ သူတို့နှစ်ဦးသည် သူတို့အစ်ကိုကြီးလောက် စာမကြိုးစားသည်ကတော့ အမှန်ပင်။ ဒါကိုတော့ ခြွင်းချက်မရှိ လက်ခံသည်။ သို့သော် ကိုကို့လောက် စာမကြိုးစားတိုင်း ပျင်းသည့်အဆင့်အထိ ချက်ချင်းရောက်သွားသည်တော့ မဟုတ်ပါချေ။ သူတို့အငယ်နှစ်ဦးသည်လည်း ကိုယ့်အတန်းနှင့် ကိုယ့်စာ၊ တန်ရုံ

လောက်တော့ ကြိုးစားကြပါသည်။

'မိညို အဲဒီပုစ္ဆာကိုဖတ်ကြည့်၊ ညီလင်းကို ရှင်းပြလိုက်၊ ရှစ်တန်းသင်တဲ့ ဂဏန်းသင်္ချာကို ဆယ်တန်းကျောင်းသူက ရှင်းမပြတတ်မှ ငါ့ဆီယူခဲ့'

ကျော်ထွန်းညိုက ခပ်ပြတ်ပြတ် ပြောလေသည်။ အမာညိုသည် သူ့အစ်ကိုအား မကျေမနပ်နှင့် မျက်စောင်းခဲလိုက်မိသည်။ သူသည် အင်္ဂလိပ်စာ ညံ့သော်လည်း သင်္ချာတော့ တော်ပါသည်။ သို့သော် ညီလင်း မတွက် တတ်သော ပုစ္ဆာသည် မည်မျှခက်သည်ကို မသိရသေးပေ။ တော်ကြာ အမာညို မတွက်တတ်ပါက ဆယ်တန်းကျောင်းသူကြီးသည် နေရင်းထိုင်ရင်း သိက္ခာကျရတော့မည့်အရေးဖြစ်လေသည်။

'ညီလင်းကလည်း ဖြည်းဖြည်းပေါ့ဟာ၊ ဒီနေ့ ကျောင်းပိတ်တာပဲ၊ ဒီမှာ ကြည့် စမ်း၊ ငါတို့ဆယ်တန်း(အေ)က စုရိုက်ထားတဲ့ပုံ၊ ငါ့ကို ခဏခဏ ဒဏ်ပေးတာ ဒီဆရာမကြီးပေါ့'

အမာညိုသည် သူ့လက်ထဲမှ ဓာတ်ပုံလေးကို ထောင်ပြရင်း လိမ္မာပါးနပ်စွာ စကားလွှဲလိုက်သည်။ စကားလွှဲရကျိုးလည်း နပ်ပါသည်။ ညီလင်းသည် သင်္ချာစာအုပ်ကို စားပွဲပေါ် ပစ်ချလိုက်ပြီး ဓာတ်ပုံလေးကို ကုန်းကြည့်သည်။

'ငါ့ဘေးနားမှာရပ်နေတာ သက်သက်လေ၊ သူ့ခေါင်းမှာပန်ထားတဲ့ ပန်းဖြူဖြူလေး တွေ့တယ်မဟုတ်လား၊ အဲဒါ နင်စိုက်ထားတဲ့ ဇီဇဝါပင်က ပွင့်တာပေါ့၊ ငါလည်း တစ်ပွင့်ပန်ထားတယ်'

'မမက ကျွန်တော့ပန်းတွေ ခိုးသွားတာပေါ့'

'ဒါပေါ့ဟ နင်က ကောင်းကောင်းတောင်းရင် တိုတာကိုး'

ညီလင်းသည် အမာညို့ကို အောင့်သက်သက်နှင့် စောင်းကြည့်သည်။ အမာညိုက ရယ်ကျဲကျဲလုပ်နေလေသည်။ သူတို့နှစ်ဦးကိုကြည့်ကာ ကျော်ထွန်းညို သည် ဟက်ဟက်ပက်ပက် ရယ်လိုက်မိသည်။ ညီလင်းသည် မွေးကတည်းကပင် မြေကြီးကို ဖက်မွေးလာသလားဟု ထင်မှတ်ရအောင် အစိုက်အပျိုးဝါသနာထုံသူဖြစ်သည်။ လက်ဆိပ်ရှိသည်ဟုပင် ခေါ်ရမည်လားတော့ မသိချေ။ သူစိုက်သော အပင်လေးများသည်လည်း အောင်မြင်သန်စွမ်းလှလေသည်။ အဖြစ်မရှိဘဲ အညွန့်ခူးချင်သည်ကား အမာညို ဖြစ်သည်။ ညီလင်း တကုပ်ကုပ်နှင့် စိုက်ပျိုးနေချိန်တွင် မြေကြီးကလေး တစ်ချက်ဆွ၊ ရေကလေးတစ်ခွက်

လောင်းပေးရန်ပင် စိတ်ကူးထဲထည့်သူမဟုတ်ချေ။ သို့သော်လည်း သူသည် ပန်းဖူး၊ ပန်းပွင့် အလှအပလေးများကိုကား သာမန်မိန်းကလေးတို့ ကြိုက်သည် ထက်ပင် လွန်ကဲကာ ငမ်းငမ်းတက် ကြိုက်တတ်လေသည်။ ညီလင်းသည် သူစိုက်ပျိုးထားသောအပင်ငယ်လေးများက ပွင့်ဖူးလာသည်ကို တစိမ့်စိမ့်ကြည့် ကာ ကြည်နူးချင်သူဖြစ်သော်လည်း သူ့ခမျာ ဆန္ဒမပြည့်ဝရှာပေ။ ပန်းကလေး များ ပွင့်လာလျှင် အမာညိုဧ၏လက်ချက်မိသွားသည်သာဖြစ်သည်။ အစပိုင်းက ဖြောင်ပင်ခူးယူသွားလေ့ရှိသည်။ ညီလင်းက တွန့်တိုဟန်ပြသောအခါ တောင်း၍ ခူးသည်။ နှစ်ပွင့်တောင်းလျှင် တွန့်ဆုတ်ဆုတ်နှင့် တစ်ပွင့်သာရသောအခါ အမာညိုတို့ အကျင့်ယုတ်တော့သည်။ ညီလင်းမနိုးမီ အစောကြီးထ၍ ခိုးခူးထား တတ်သည်။

'အောင်မာ နင်က အခုမှ တိုနေလိုက်တာ၊ နင့်ဇီဇဝါရုံက အားကြီးပွင့် တာပဲ၊ ငါနေ့တိုင်း နှစ်ပွင့် နှစ်ပွင့် ခူးခူးသွားနေတာ၊ အဲဒီတုန်းကဖြင့် သိတောင် မသိဘဲနဲ့'

'ကျွန်တော်က မေမေ့ကို ဘုရားတင်ဖို့ နေ့တိုင်းခူးခူးပေးနေလို့ ပန်း တွေ လျော့နေတယ် အောက်မေ့တာ'

'ဟား ဟား ဘယ်ဟုတ် မလဲ အီစကို့ လက်ချက်၊ ဒီက သခင်မကြီး အမာညိုရဲ့လက်ချက်'

အမာညိုသည် လက်မလေးထောင်ကာ ရယ်မောရင်း ပြောသည်။ ရယ်မောနေသော အစ်မအားကြည့်ရင်း ညီလင်းသည် စူအောင့်အောင့်ဖြစ်နေ လေသည်။

'ကျွန်တော့ပန်းလေး ပန်ထားလို့ ဒီထဲမှာ မမသက်က လှနေတာကိုး'

ယင်ကောင် ခေါင်းလောက်သာရှိသော မျက်နှာလေးကို စူးစိုက်ကြည့် ရင်း ညီလင်းက မလိုတမာပြောလေသည်။ ဇီဇဝါပွင့်လေးသည် ဓာတ်ပုံထဲတွင် အပ်ဖျားသာသာလေးသာရှိသော်လည်း အသားမယူသာယူသာ အခြောက်တိုက် အသားယူလိုက်ခြင်း ဖြစ်သည်။

'အောင်မာ သက်သက်က အပြင်မှာလည်း လှပါတယ်နော်'

'ဟား ဟား မျက်လုံးမှေးမှေးလေးနဲ့'

'မျက်လုံးမှေးမှေး မဟုတ်ပါဘူး၊ အစ်အစ်ကလေးပါ၊ ပါးကလေး ဖောင်းဖောင်းနဲ့ ချစ်စရာလေး၊ နော် ကိုကိုရာ'

အမာညိုသည် သူငယ်ချင်းဘက်မှ ရှေ့နေလိုက်ရင်း ကျော်ထွန်းညိုဆီမှ စစ်ကူတောင်းသည်။ ကျော်ထွန်းညိုသည် ပြုံးရယ်ရင်း ယင်ကောင်ခေါင်းခန့် သာရှိသော မျက်နှာလေးများကို တစ်ခုချင်းလိုက်၍ ကြည့်နေမိလေသည်။

'သက်သက်က သဘောကောင်းတယ် ကိုကို ရ၊ မိသက်ကိုကြိုက်စမ်းပါ၊ လှလည်း လှပါတယ်'

အမာညိုက ဖွတ်ပင်တိုက်တွန်းနေသည်။ ညီလင်းက လည်ချောင်းယားလာဟန်နှင့် ချောင်းဟန့်ရင်း သူ့အစ်ကိုအား မျက်လုံးတစ်ဖက်မှိတ်ပြသည်။

'နေဦးလေ ငါရွေးဦးမှာပေါ့'

'ရွေးမနေနဲ့ ကိုကိုရာ၊ သက်သက်က အလှဆုံးပါ'

'ဟ အရွေးမှားရင် ငါ့ခမျာယောက်ျားလေး၊ နစ်နာသွားမယ်ဟ ရွေးပါရစေဦး'

'ကျွန်တော်လည်း ရွေးမယ်လေ'

ညီလင်းသည် ပြောပြောဆိုဆို သူ့အစ်ကိုနှင့်ခေါင်းချင်းဆိုင်ကာ ဓာတ်ပုံကို ဝင်ကြည့်သည်။

'ဟဲ့ နင်က အငယ် နင်နဲ့မဆိုင်ဘူး'

'ငယ်လဲဘာဖြစ်လဲ ရွေးမှာပဲ၊ ဟော သူ့ကိုကြိုက်တယ်၊ သူဘယ်သူလဲ'

ညီလင်းထောက်ပြသောသူကို အမာညိုက ကဲပြီးကြည့်လိုက်သည်။ အယ်မာဖြစ်သည်။ ဆံပင်တိုတိုလေးသာထားသော အယ်မာ၏မျက်နှာဝိုင်းဝိုင်းလေးသည် နုနယ်သန့်စင်ပြီး ကလေးလေးနှင့်တူနေသည်။

'ဟဲ့ ဒီထဲမှာငယ်နေတာ၊ အပြင်မှာ နင့်ထက်ကြီးတယ်'

'ကြီးလည်း ကြိုက်လို့ရတာပဲ မမရ ဟား ဟား'

'ဟောဒီမှာမေမေရေ ညီလင်းရယ် သမီးသူငယ်ချင်းကိုကြိုက်တယ်တဲ့၊ မေမေရေ ဟောဒီမှာ'

အခန်းအပြင်ဘက်မှဖြတ်သွားသောမေမေ့ကိုတွေ့သောအခါ အမာညိုသည် ရုတ်တရက် ထအော်လိုက်သည်။ ညီလင်းသည် အမှတ်မဲ့ ကြောင်သွားပြီးမှ အမာညို၏ပါးစပ်ကို လှမ်းပြီးပိတ်ထားလိုက်သည်။ အမာညိုက မလျှော့ချေ။ ဂူးဂူးဝါးဝါးနှင့် ဆက်ပြီးအော်ဟစ်နေသည်။

'ရန်ဖြစ်နေကြပြန်ပြီလား'

မေမေသည် အခန်းထဲသို့ လှမ်းဝင်လာသည်။ လုံးထွေးနေသော အငယ်နှစ်ဦးကိုအကဲခတ်ကြည့်ရင်း မျက်မှောင်ကုတ်လိုက်သည်။

'ရန်ဖြစ်တာ ဟုတ်ဘူးမေမေ ညီလင်းကို သမီးက ဆုံးမစကားပြော နေတာ'

'ဟုတ်ဘူးမေမေ ဟုတ်ဘူး'

'ဟုတ်တယ် မေမေ'

'ကဲ ကဲ တော်ကြစမ်း၊ သားငယ် ဖေဖေ့ကို သွားကူလိုက်၊ အပေါ်ထပ်မှာ စာအုပ်ဗီရိုရှင်းနေတယ်၊ သမီးက မေမေကြီးဆီသွား၊ ညောင်းတယ် ပြောတယ် နှိပ်ပေးလိုက်ဟုတ်လား၊ သားကြီးက မြို့ထဲသွားဦး၊ သားတို့ ဖေဖေက မှာစရာရှိတယ်လို့ပြောနေတယ်'

မေမေပြောသောအခါမှ မေမေကြီး သိမ်းထားလေ့ရှိသော သကြားလုံးများကို တောင်းစားရန် သတိရတော့သည်။ သားတွေ သမီးတွေ လာရောက်ကန်တော့ထားလေ့ရှိသော အုန်းယို၊ နှမ်းပျစ်၊ သကြားလုံး၊ အုန်းထန်းလျက်၊ စွန်ပလွန်ယို စသည်များသည် မေမေကြီး၏ခုတင်အောက်ရှိ သံပုံးထဲတွင် တစ်ခု မဟုတ် တစ်ခု မပြတ်ရှိနေတတ်သည်။

အမာညိုသည် အခန်းထဲမှထွက်သွားသော မေမေ့နောက်မှပြေးလိုက်သွားမည်ပြုစဉ် ကျော်ထွန်းညိုက ရုတ်တရက်လှမ်းခေါ်သည်။ ဓာတ်ပုံလေး တစ်နေရာကို လက်ညှိုးနှင့်ထောက်ပြီး 'သူဘယ်သူလဲ' ဟုမေးလေသည်။ အမာညိုသည် ပြန်လှည့်လာပြီး ဓာတ်ပုံလေးကို အသေအချာကုန်း၍ကြည့်လိုက်သည်။

'စုလှိုင်'

ဆံပင်များကိုနောက်ဘက်သို့အကုန်သပ်တင်ပြီးဖြီးထားသော စုလှိုင်၏မျက်နှာလေးသည်ရှင်းနေသည်။ နှုတ်ခမ်းကို တင်းတင်းစေ့ကာ ကင်မရာဆီသို့ စိန်းစိန်းစားစား စိုက်ကြည့်နေလေသည်။

'စုလှိုင်တဲ့လား၊ သူ့အကြောင်း နင်မပြောဖူးဘူး'

'သိပ်မှမခင်ဘဲ'

အမာညိုသည် ဓာတ်ပုံကို အသေအချာထပ်၍ ကြည့်လိုက်မိပြန်သည်။ အတွင်းစိတ်ကို အကဲခတ်၍မရသော ထိုမျက်လုံးစိန်းများကို မနှစ်မြို့သည်ကား အမှန်ပင်။

'ဘယ်လိုမှန်းလည်း မသိဘူး၊ ဘဝင်'

'စာတော်လား'

'တော်လည်း တော်တယ်၊ ဘဝင်လည်း မြင့်တယ်'

အမာညိုက မျက်နှာလေးကိုမဲ့ကာပြောလိုက်သည်။ ထိုနောက် ဓာတ်ပုံလေးကိုပစ်ချလိုက်ကာ ညီလင်း၏ နံကြားကို လက်သီးနှင့်တစ်ချက်ထိုးလိုက်ပြီး အခန်းထဲမှပြေးထွက်သွားသည်။

'မေမေကြီးရေ အနှိပ်ခံရန် အသင့်ပြင်တော်မူထား၊ အနှိပ်သည်လာပြီ၊ သခင်မကြီးအမာညို ကြွတော်မူလာပြီ'

အပေါ်ထပ်သို့ပြေးတက်ရင်း အော်ဟစ်သွားသည်။

'အမယ်လေးဟဲ့ မိညိုမျောက်မရယ်'

ပြေးလွှားတက်ရင်းမှ မေမေ့ကိုဝင်တိုးမိသည်။ အပေါ်ထပ်မှဆင်းလာသော မေမေ့ရင်ခေါင်းကို ခေါင်းနှင့်တည့်တည့်ဝင်ပြီးဆောင့်မိသဖြင့် မေမေ ခမျာ အတော်အောင့်သွားပုံရသည်။ ရင်ဝကိုလက်နှင့်ဖိရင်း အော်သည်။

အသွားမတော်တစ်လှမ်း၊ အစားမတော်တစ်လုတ်ဟုဆိုကြသည်။ အတက်မတော်သောအခါတွင်ကား အခေါက်ခံရတော့သည်။ မေမေခေါက်သဖြင့် ပူခနဲဖြစ်သွားသောနဖူးကို လက်နှင့်ပွတ်နေမိစဉ် ညီလင်းက လှေကားရင်းမှရပ်ကာ မော့ကြည့်ရင်း တဟားဟား ရယ်နေလေသည်။

*

စုလှိုင်သည် လွယ်အိတ်နီနီလေးကို ခုတင်ပေါ်သို့ ပစ်ချလိုက်ပြီး ရီပို့ကဒ်ကလေး ဆွဲထုတ်လိုက်သည်။

| | |
|---|---|
| မြန်မာစာ | ၆၀ |
| အင်္ဂလိပ်စာ | ၈၀ |
| အပိုသင်္ချာ | ၉၀ |
| ဓာတုဗေဒ | ၇၅ |
| ရူပဗေဒ | ၈၈ |
| အမှတ်ပေါင်း | ၃၉၃ |
| အဆင့် | ပထမ |

စုလှိုင်သည် အမှတ်များကိုစိတ်ထဲမှပြန်လည်ပေါင်းကြည့်နေမိလေ

သည်။ ထို့နောက် သက်ပြင်းလေး တစ်ချက် ရှိုက်လိုက်မိသည်။

'ဟေ့ မင်းကိုငါပြောနေတာ၊ ဘာဖြစ်လို့ ဒီလုရွှေဆိုတဲ့အကောင်ကို အရေးပေးနေရတာလဲကွဟင်'

'ရှင် သဝန်တိုလှချေကလား'

'ဘာ ငါက သဝန်တိုတာလား၊ မင်းကနန့်ကြောဆွဲတာလား၊ ပြောစမ်းပါဦး'

တစ်ဖက်ခန်းမှအသံများလွင့်ထွက်လာသည်။ စုလှိုင်သည် ရီပို့ကဒ်လေးကို စားပွဲပေါ်ပစ်တင်လိုက်ပြီး ခေါင်းငုံ့ထားလိုက်သည်။ ဒက်ဒီနှင့်မာမီတို့ ရန်ဖြစ်နေကြပြန်ချေပြီ။

'ဟာ ဟာ ငပြူးကများ ပြိုရတယ်ရှိသေးတယ်၊ အမြှောင်မယားတွေ မှိုလိုပေါက်နေတဲ့သူကများ'

'ဟေ့ ငါ့ဟာငါ မှိုလိုပေါက်ပေါက် မြက်လိုပေါက်ပေါက် ဘာဖြစ်လဲ၊ ငါက ယောကျ်ား'

စုလှိုင်သည် ခုတင်ပေါ် ပစ်လှဲလိုက်ပြီး နားနှစ်ဖက်ကို လက်ဝါးလေးနှင့်ပိတ်ထားလိုက်သည်။ မကြားချင်တော့သည့်အတွက်ဖြစ်လေသည်။ စုလှိုင်လူမှန်းသိကတည်းက ဒက်ဒီနှင့်မာမီတို့သည် တခြိမ်းခြိမ်းရန်ဖြစ်လေ့ရှိသည်ကို မှတ်မိခဲ့ရသည်။ ထိုရန်ပွဲများသည် ခုထိမပြီးသေးချေ။ နောင်လည်း ဆက်လက်ပြီး ဖြစ်နေဦးမည်ကို အလိုလိုလက်ခံထားမိလေသည်။

'ရှင်သာတစ်ကိုယ်ကောင်းဆန်တဲ့ တဏှာရူး၊ အတ္တသမား၊ ကိုယ့်အလိုပဲ ကိုယ်ကြည့်တဲ့သူ'

နားပိတ်ထားသည့်ကြားထဲမှ မာမီ့အသံကို စူးစူးရှရှကြားရသေးသည်။ ထိုအသံ၏နောက်တွင် ဒက်ဒီ၏ ဆဲဆိုသံ၊ ရိုက်သံ၊ ပုတ်သံများကို ဆက်တိုက်ကြားရတော့မည်ကို စုလှိုင် သိသည်။

စားပွဲပေါ်ရှိ ရီပို့ကဒ်လေးသည် ငြိမ်သက်စွာ လဲလျောင်းနေရှာသည်။ စုလှိုင်တို့အိမ်တွင် သူ့ကိုစိတ်ဝင်တစားကြည့်မည့်သူမရှိသည်ကို အရင့်အရင်လများကတည်းက သိခဲ့ပြီးဖြစ်ဟန်တူပေသည်။

'ချလွမ် ချလွမ် ခွမ်း'

ဆဲဆိုသံများ၏နောက်ကွယ်မှ ကွဲသံ ရှသံများကိုကြားရချေပြီ။ စုလှိုင်သည် သူ့ရင်ဝကို လက်နှင့်အသာဖိရင်း မျက်လုံးမှိတ်ထားလိုက်မိသည်။ နှုတ်ခမ်း

ကို ခပ်ဖိဖိလေးကိုက်ထားရင်းမှ 'ဒီလောကကြီးထဲကို ငါ ဘာဖြစ်လို့များ ရောက်လာမိတာပါလိမ့်' ဟု နာနာကြည်းကြည်း တွေးလိုက်မိလေသည်။

စုလှိုင် လူ့လောကထဲသို့ရောက်လာစဉ်က ကြိုဆိုမည့်သူမရှိခဲ့ချေ။ လမစေ့ဘဲ ခုနစ်လနှင့်မွေးသော ကလေးငယ်လေးဖြစ်၍ ပိန်လှီချည့်နဲ့လှသည်။ ထိုအထဲတွင် ဒက်ဒီက သူနှင့်လက်ထပ်အပြီး ခုနစ်လကျော်ကျော်တွင် မွေးသောကြောင့် သူ့သမီး မဖြစ်နိုင်ဟု သင်္ကာမကင်းရှိခဲ့သေးသည်ဟု ဆိုသည်။ မာမီကိုယ်တိုင်ကပင် စုလှိုင်ကိုနှစ်လိုခဲ့သည်မဟုတ်ချေ။ ကိုယ်ဝန် နုစဉ်က ဆေးပူဆေးခါးများ စားခဲ့ကြောင်းကို မာမီကြီးက ပြောပြသေးသည်။

'ညည်းက အသက်ပြင်းတဲ့သက်ပြင်းမ၊ လူ့လောကထဲကို မရမက ရောက်အောင်ကိုဝင်လာခဲ့တာပဲ' ဟု မာမီကြီးက ပြောသင့်သည် မပြောသင့်သည်ကို မစဉ်းစားဘဲ ပြောချင်ရာကိုပြောချခဲ့လေသည်။ ထို့ကြောင့် စုလှိုင်သည် သူမသိသင့်သော သူမမွေးမီက အကြောင်းအချက်များကိုပင် ကလေးဘဝ ကတည်းက သိခဲ့ရသည်။ ဖြူစင်နုနယ်လှသော နှလုံးသားအဖြူခံလေးပေါ်တွင် နာကျင်ခြင်း၊ ဆွေးမြည့်ကြေကွဲခြင်း စသော အစိမ်းရောင်၊ အနက်ရောင်များက စောစီးစွာ စွန်းထင်းခဲ့ရလေသည်။

စုလှိုင်သည် မျက်လုံးကို စုံမှိတ်ထားရင်း အမာညိုကို မြင်ယောင်လာသည်။ အမာညိုသည် အင်္ဂလိပ်စာ ၄၁ မှတ်တည်းရသည့်အတွက် အိမ်ရောက်လျှင် အဆူခံရတော့မည့်အကြောင်း ရှုံ့ရှုံ့မဲ့မဲ့နှင့် ညည်းနေသည်။ 'ဘယ်သူက ဆူမှာလဲဟင်' ဟု စုလှိုင်ကမေးလိုက်သောအခါ 'တစ်အိမ်လုံးပေါ့၊ ဖေဖေရော မေမေရော မေမေကြီးရော ကိုကိုကရော ဆူကြမှာ၊ ဟင်း ညီလင်းကတောင် သံယောင်လိုက်ပြီး ဝင်ဆူချင်ဆူဦးမှာ' ဟုပြောလေသည်။ စုလှိုင်သည် အမာညို၏စကားကိုနားထောင်ရင်း အထူးတဆန်းခံစားရသည်။ 'စုလှိုင်ကတော့ ပျော်နေမှာပေါ့၊ ပထမကြီးများတောင်ရတာ၊ စုလှိုင် ဖေဖေနဲ့မေမေဆို ဘယ်လောက်သဘောကျလိုက်မလဲ' ဟု အမာညိုက အားကျသလို ပြောလေသည်။ ထိုအခါ စုလှိုင်၏ရင်ထဲတွင် ဟာတာတာကြီးဖြစ်သွားပြီး အူကြောင်ကြောင် ခေါင်းယမ်းပြလိုက်သည်။ အဆူခံရမည်ဟု အားငယ်သလိုပြောနေသော အမာညိုကို ကြည့်ရင်း ကြွားနေခြင်းဖြစ်သည်ဟု ထင်လာမိသည်။ စုလှိုင်၏ဟာနေသောရင်ထဲတွင် အမာညို့လိုပင် အဆူခံချင်စိတ်ဝင်လာသလိုလိုရှိသည်။ သို့သော် စုလှိုင်ကို ဆူမည့်သူမရှိချေ။ စာမေးပွဲကျလျှင်ပင် အရေးတစိုက်နှင့်ဆူမည်မဟုတ်။ ပထမ

ရလျှင်လည်း ချီးကျူးစကားမကြားခဲ့ရဖူးချေ။ စုလှိုင်၏ခံစားမှုကို ဝေမျှခံစားမည့်သူ မရှိ။ ရှိရကောင်းစေဟုလည်း စုလှိုင်အမှတ်မထားမိတော့ချေ။

'ဒက်ဒီ သွားပြီ'

အရှိန်ပြင်းပြင်းနှင့် မောင်းထွက်သွားသော ကားသံကိုကြားရသည်။ ဒက်ဒီထွက်သွားပေပြီ။ သူ၏ နံပါတ်နှစ်ဆီသွားသလော သုံးဆီသွားသလော။ စုလှိုင်ခေါင်းရှုပ်ခံ၍ စဉ်းစားမနေချင်တော့ပေ။ ဒီည အိမ်ပြန်အိပ်တော့မည် မဟုတ်သည်ကား ကျိန်းသေလေသည်။

'အေးတင် အေးတင် အခန်းထဲလာရှင်းစမ်း'

မာမီ၏အော်ခေါ်သံကိုကြားရသည်။ မအေးတင်သည် တံမြက်စည်းတစ်ချောင်းဆွဲကိုင်ကာ ခပ်သွက်သွက် လျှောက်သွားလေသည်။ ရန်ဖြစ်တိုင်းကွဲရှကျန်ရစ်ခဲ့သောပုလင်းများ၊ ဖန်ခွက်များကို မကြာခဏ ရှင်းလင်း သိမ်းဆည်းရသဖြင့် သူ့လက်ထဲတွင် အမှိုက်ကျုံးဂေါ်ပြားကိုပါ တစ်ခါတည်း အဆင်သင့်ကိုင်သွားသည်ကို တွေ့လိုက်ရသည်။

'ဆာမိကိုပြော ကားထုတ်ထားပါလို့'

မာမီလည်း အပြင်သို့ထွက်ဦးမည်ဖြစ်သည်။ အိမ်အပြန် ညဉ့်နက်မည်ကား သေချာလေသည်။

စုလှိုင်သည် လှဲနေရာမှထကာ မာမီ့အခန်းသို့ကူးလာမိသည်။ မာမီ့မျက်ခွံလေးများသည် မသိမသာမို့နေသည့်အတွက် မျက်ရည်ကျထားကြောင်းသိသာလေသည်။ ဆေးကူထားသောပါးပြင်လေးသည် နှင်းဆီ သွေးစို့နေသည်။ မှန်ထဲတွင်အရိပ်ထင်လာသော စုလှိုင်ကိုမကြည့်အားသေးဘဲ နှုတ်ခမ်းနီကို သတိထားပြီး ပုံဖော်ဆိုးနေလေသည်။ အသက်လေးဆယ်ပင်မပြည့်သေးသော မာမီသည် ယောကျ်ားသားတို့ လည်ပြန်ကြည့်ရမည့် အလှအားလုံးကို ပိုင်ဆိုင်နေဆဲပင် ဖြစ်သည်။

'ထမင်းစားမသွားဘူးလား မာမီ'

'ဟင့်အင်း ကြည်ကြည်တို့အိမ်မှာပဲ စားတော့မယ်'

ကြည်ကြည်ဟူသည်မှာ မာမီ အပေါင်းအသင်းတစ်ဦးပင်ဖြစ်သည်။ သူတို့အိမ်တွင် ကုန်သည်၊ ပွဲစား၊ အရာရှိ လူပေါင်းစုံဆုံကာ မိုးအလင်း ဖဲဝိုင်းများလည်း ရှိတတ်လေသည်။

'စု ပထမရတယ် မာမီ'

'ဘယ်မှာလဲ'

'အခု ဒုတိယအစမ်း စာမေးပွဲမှာလေ'

'ဟုတ်လား တော်သားပဲ'

မာမီသည် ဗီရိုထဲမှ ပိုးပျော့လုံချည် ခရမ်းရောင်လေးကိုထုတ်ယူ ကာ ကိုယ်တွင် ကပ်ကြည့်လိုက်သည်။ မကြိုက်သလို ခေါင်းယမ်းပြီး ခုတင်ပေါ် ပစ်တင်လိုက်လေသည်။ ထို့နောက် ဘရိုကိတ်အစိမ်းရင့်ရင့်ကလေးကို ဆွဲထုတ်လိုက်ပြန်သည်။

'နက်ဖြန်ကျရင် ရီပို့ကဒ်ပြန်ပေးရမယ်၊ မာမီဆိုင်းထိုးပေးခဲ့ပါဦး'

စုလှိုင်သည် ရီပို့ကဒ်အပြာရောင်လေးကို မာမီ့ရှေ့သို့ထိုးပေးလိုက်ရင်း ပြောသည်။ အသင့်ယူလာသောဖောင်တိန်ကို အဖုံးဖွင့်ပြီး တစ်ပါတည်း လှမ်းပေးလိုက်သည်။

မာမီသည် ရီပို့ကဒ်လေးကို မှန်တင်ခုံပေါ်ချလိုက်ပြီး ကုန်း၍လက်မှတ်ထိုးလိုက်သည်။ ပါးစပ်ကမူ အမိုက်သိမ်းနေသော မအေးတင်ကို ဆူပူနေလေသည်။

'မီးပူတိုက်တာ ဘယ်လိုတိုက်ထားတာလဲ အေးတင်၊ ဒီလုံချည်ကြည့်ပါဦး၊ အလယ်မှာ ကြေလို့၊ ပြန့်လည်းမပြန့်ပါလား'

စုလှိုင်သည် မာမီပြန်လှမ်းပေးလိုက်သော ရီပို့ကဒ်နှင့်ဖောင်တိန်လေးကို နာနာကြည်းကြည်းစိုက်ကြည့်ပြီး သက်ပြင်းလေးရှိုက်လိုက်မိ လေသည်။

*

'နာတယ်ဆိုတာလည်းစိတ်၊ ပျော်တယ်ဆိုတာလည်းစိတ်ပဲ ကျောင်းအမရဲ့၊ ပျော်တယ်၊ ပျင်းတယ်၊ ငြီးငွေ့တယ်၊ ဒီစိတ်တွေကို ဖမ်းပြီး ငြိမ်အောင်ထားနိုင်တဲ့တစ်နေ့မှာ ဈာန်ပျံတယ်ဆိုတာ ဘာခဲယဉ်းတော့မှာလဲ'

'အဲဒီစိတ်က မငြိမ်လို့ ခက်နေတာပေါ့ ဦးလေးရဲ့'

'အသက်ကို ပြင်းပြင်းရှူ၊ ပြင်းပြင်းထုတ်၊ ဘဝင်မှာမှတ်၊ သွားလည်း သတိ၊ စားလည်းသတိနဲ့ သတိကိုမပြတ်စေနဲ့၊ ခြေလှမ်းတာကအစ လှမ်း တယ် ကြွတယ်ချတယ်ဆိုတာ အမြဲမှတ်နေ၊ ဟော စားပြန်ရင်လည်း ရသာစုံကို စိတ်မစွဲဘဲ အာဟာရအတွက် ဒီကိုယ်ခန္ဓာကြီးရှင်သန်ဖို့အတွက် စားရတယ် ဝါးရတယ်၊ ဒီအစားကို တံတွေးတွေနဲ့ ပါးစပ်ထဲမှာလိမ်းရတယ် နယ်ရတယ် ဆိုတာ

မှတ်ရင်း မျိုချကွဲ့’

ဘဘကြီးသည် ပြောရင်းဆိုရင်း သူ့ရှေ့မှလက်ဖက်သုပ်ကို တစ်ဇွန်း မောက်မောက်ခပ်ကာ ပါးစပ်ထဲထည့်လိုက်သည်။ စာငုံ့ကျက်နေသော သက်သက်သည် လက်ဖက်စားချင်နေသော ဘဘကြီးကို ငဲ့ကြည့်လိုက်သည်။ သူ့တရားနှင့်အညီ ‘ဝါးတယ်၊ ဝါးတယ်’ ဟု အာရုံမှသွင်းပါ့မလားဟု တွေးရင်း တစ်ဦးတည်းပြုံးလိုက်မိသည်။

‘အဲဒီလိုဆင်ခြင်ပြီး ဖြည်းဖြည်းစားရတယ် ကျောင်းအမရဲ့၊ ရသာရုံကို တပ်မက်ပြီး အလောတကြီးမျိုချရင် လောဘတဲ့၊ ထွေးထုတ်ပြန်ရင်လည်း ဒေါသတဲ့’

‘ဟုတ်ကဲ့’

ဘဘကြီးသည် ပြောပြောဆိုဆို လက်ဖက်တစ်ဇွန်း ခပ်စားလိုက်ပြန်သည်။

‘ဆားလေးများ နည်းနည်းပေါ့သလား မသိဘူး’

ဆင်ခြင်ခြင်းတရားဟောနေသော ဘဘကြီးက ပြောသောအခါ သက်သက်သည် ခွိခနဲကျိတ်၍ ရယ်လိုက်မိလေသည်။ ကျိတ်၍ပင် ရယ်လိုက်ခြင်းဖြစ်သော်လည်း သက်သက်၏ အသံက အတန်ငယ် ကျယ်သွားပုံ ရလေသည်။ မေမေက မျက်စောင်းလှမ်းထိုးသည်။ သတင်းစာဖတ်နေသော ဖေဖေကမူ သက်သက်ကိုလှမ်းကြည့်ပြီး မသိမသာ ပြုံးနေလေသည်။

သက်သက်တို့အိမ်သည် မကျယ်လှပေ။ မြန်မာရပ်ကွက်ထဲတွင်ရှိသော တစ်ထပ်ပျဉ်ထောင်အိမ်လေးဖြစ်သည်။ စာကျက်ရန် အခန်းသတ်သတ်မရှိသည့်အတွက် သက်သက်၏စာကြည့်စားပွဲကို ဧည့်ခန်းတွင်ပင် နေရာချထားရသည်။ ထို့ကြောင့် ညတိုင် ဧည့်သည်လာတိုင်း သက်သက်ခမျာ စာကြည့်ပျက်ရလေသည်။ နံရံကိုမျက်နှာမူကာ ကျောခိုင်းပြီး စာကျက်ရန် ကြိုးစားသော်လည်း စကားပြောသံများကို တားဆီး၍မရပေ။ သက်သက်၏ နားထဲသို့ ဒလဟော ဝင်ရောက်လာလေ့ရှိသည့်အတွက် အာရုံပျက်ပြားရလေ့ရှိသည်။

‘ဒုတိယအစမ်း အမှတ်တွေ သိပြီလား သမီး’

ဖေဖေက သတင်းစာကိုဘေးသို့ချလိုက်ရင်းမှ လှမ်းမေးသည်။ သက်သက်သည် ဖြုန်းခနဲရင်ခုန်ပြီး မအီမသာဖြစ်သွားလေသည်။

‘ရိုပို့ကဒ်တောင် ဒီနေ့ရခဲ့ပြီ’

'ဟင်၊ ဘာလို့ စောစောက မပြောတာလဲ'

ဖေဖေကနေရာမှထကာ သက်သက်ဆီသို့ လျှောက်လာသည်။ သက်သက်သည် အပြောရခက်နေသော မျက်နှာထားလေးနှင့် လွယ်အိတ် ကလေးကို တင်းတင်း ပွေ့ထားလိုက်သည်။

'ဖေဖေ၊ သမီးကို မဆူရဘူးနော်'

'ဘာဖြစ်လို့လဲ'

'သမီး၊ အဆင့် ခုနစ်ပဲရတယ်'

'ဟောဗျာ'

သက်သက်သည် မေးခွန်းထုတ်ဟန်နှင့်ကြည့်နေသော ဖေဖေ့လက်ထဲသို့ ရီပို့ကဒ်ပြာပြာလေးကို တွန့်ဆုတ်ဆုတ်နှင့်ထည့်ပေးလိုက်သည်။ ဖေဖေက လက်ထဲမှမျက်မှန်ကို ပြန်တပ်ကာ မီးရောင်တွင်ထောင်ရင်း အမှတ်များကို အသေအချာ ကြည့်နေသည်။

'အင်္ဂလိပ်စာမှာ သိပ်နည်းသွားတယ် ဖေဖေ၊ ပထမရတဲ့စုလှိုင်က ရှစ်ဆယ်တောင်ရတယ်'

'ဒီလိုဆို သမီး ဒုတိယတော့ ချိတ်သင့်တာပေါ့၊ ဒုတိယမဟုတ်လည်း တတိယ စတုတ္ထ၊ ကဲ သင်္ချာမှာလည်း ရှစ်ဆယ်ပဲရတယ်၊ မှားကိုမှားတာလား၊ ဒါမှမဟုတ် လျှမ်းတာလား၊ မြန်မာစာကတော့ မဆိုးပါဘူး၊ ခြောက်ဆယ့်ငါး မှတ်တဲ့'

'အင်္ဂလိပ်စာမှာ သိပ်နည်းသွားလို့ပါ ဖေဖေရဲ့'

သက်သက်သည် ဆင်ခြေကန်ဟန်နှင့်ပြောနေသည်။ ပထမအစမ်းတုန်းက ဒုတိယရထားခဲ့ရာမှ အဆင့်ခုနစ်ထိ လျှောကျသွားသဖြင့် သက်သက်သည် ရီပို့ကဒ်ကို အိမ်ကိုပင် ယူမလာချင်ပေ။ မကျေမနပ်နှင့် မအီမသာကြီး ဖြစ်နေလေသည်။ ထို့ကြောင့် မပြသေးဘဲ သိမ်းထားသည်။ နက်ဖြန်မနက် ကျောင်းသွားခါနီးမှကပ်ပြီး လက်မှတ်ထိုးခိုင်းမည်ဟု စိတ်ကူးထားခြင်းဖြစ်သည်။

'အဆင့် ဘယ်လောက်ရသလဲ'

နားစွန်နားဖျားကြားလိုက်သော မေမေက ဘဘကြီး၏ဆင်ခြင်ခြင်း တရားကို ခေတ္တဘေးချိတ်ထားလိုက်ကာ လှမ်းမေးသည်။ သက်သက်သည် ခေါင်းလေးပုဝင်သွားပြီး ခပ်တိုးတိုးပြောလိုက်လေသည်။

'ခုနစ်'

'ဟင်၊ ဘယ်လိုဖြစ်တာလဲ'

'မေမေကလည်း အနိစ္စ အမြဲမရှိတဲ့၊ ဒီ ဒုတိယနေရာကြီးကို သမီးက အမြဲယူထားရင် အနိစ္စသဘောကို လွန်ဆန်ရာကျမှာစိုးလို့ပါ'

မေမေသည် ရုတ်တရက် ရယ်ချင်သွားဟန်ရှိသော်လည်း အတင်းပြန်တည်ထားလိုက်သည်။ သက်သက်ကို လက်ညှိုးတစ်ချောင်းထောင်ပြကာ 'သတိထား' ဟု အသံတိတ် ကြိမ်းလိုက်လေသည်။

ဖေဖေသည် ဖောင်တိန်ကိုထုတ်ကာ မိဘဟုရေးထားသောအကွက်ကလေးတွင် မှတ်ချက်အနည်းငယ်ရေးပြီးမှ လက်မှတ်ထိုးလိုက်သည်။ သက်သက်သည် ဖေဖေရေးသော မှတ်ချက်ကလေးကို ကဲ၍ကြည့်လိုက်မိသည်။

"ဆတက်ထမ်းပိုး ကြိုးစားပါစေမည်" တဲ့။

*

'အမာညို'

စုလှိုင်က ခပ်တိုးတိုး ခေါ်လိုက်သည်။ ထုပ်ဆီးတိုးနေသော အမာညိုက မကြားချေ။ ခေါင်းစည်းနေရာတွင် တည့်တည့်ရပ်ပြီး 'ခေါင်းစည်းပေါ် ချေးယိုချ၊ အောင်သူလာမှ ဖယ်ပေးမယ်၊ အောင်သူလာမှ ဖယ်ပေးမယ်' ဟု ခုန်ဆွခုန်ဆွနှင့် အော်ဟစ်နေသည်။

'အမာညို'

အသံကိုမြှင့်ပြီး အော်လိုက်သောအခါမှ အမာညိုက လှည့်ကြည့်သည်။

'ပန်းတွေပါလာတယ်'

'ဘာပြောတယ်'

'ပန်းတွေ၊ ဆောင်တော်ကူးပန်းတွေ ပါလာတယ်၊ ကားထဲမှာ၊ ကိုယ်တစ်ယောက်တည်း မနိုင်ဘူး၊ လိုက်သယ်လှည့်လေ'

'ဝေး ဟေး ဟေး ဆောင်တော်ကူးပန်းတွေ ပါတယ်တဲ့ ဟေ့'

အမာညိုသည် ရုတ်ခြည်းပြုံးသွားပြီး လက်နှစ်ဖက်ကိုဝှေ့ယမ်းကာ ပြေး ချလာသည်။

ကားနောက်ခန်းတွင် ဆောင်တော်ကူးပန်းများ အပြည့်အသိပ် ထည့်ထားလေသည်။ ဖွေးနေသော ပန်းခက် ပန်းခိုင်များကို အမာညိုသည် လောဘ

တကြီး ပြေးပွေ့လိုက်ရင်း ဝမ်းသာအားရ ရယ်မောနေမိလေသည်။

'အမာညို ဘာလို့ ဒီလောက် ရယ်နေတာလဲဟင်'

'ပျော်လို့ပေါ့ ကြည့်စမ်း ပျော်စရာ မကောင်းဘူးလား'

အမာညိုသည် ပန်းဆုပ်ပန်းခဲများကို တအားရှိုက်နမ်းလိုက်ရင်းမှ ပြုံးရွှင်စွာဖြေသည်။ စုလှိုင်သည်ပန်းလေးတစ်ခက်ကို ဆွဲယူကာ အမာညို့လိုပင် ရှိုက်နမ်းကြည့်လိုက်သည်။ မွှေးပျံ့သင်းထုံသောရနံ့ကို ရှူရှိုက်လိုက်ရသည်။ သို့သော် အမာညို့လိုတော့ ရွှင်မြူးဝမ်းသာစိတ် ဖြစ်ပေါ်၍မလာပါချေ။

'ဟယ် ပန်းတွေ ပန်းတွေဟေ့'

'လှလိုက်တာဟယ်'

'ရှူး အား၊ မွှေးလိုက်တာ'

'သယ်ကြ၊ သယ်ကြ၊ ကူသယ်ကြဦး၊ တစ်တန်းလုံး ဝေပြီးပန်ရ အောင်၊ ဟေ့ အလှဆုံးအခက်က တီချာတို့ဖို့ ထားလေ'

ပန်းများကို လောဘတကြီးနှင့် တစ်ပွေ့တစ်ပိုက်သယ်သွားကြသော မိန်းကလေးများကို စုလှိုင်သည် ငြိမ်ငြိမ်ကြီးရပ်၍ ငေးကြည့်နေမိလေသည်။ မနေ့တုန်းက ခင်ခင်လှပေးသော ဆောင်တော်ကူးပန်းလေးတစ်ခက်ကို အမာညို နှင့်သက်သက်တို့ လုနေကြလေသည်။ မည်သူကမျှမလျှော့ချင်ကြသဖြင့် ပန်း ခက် ကလေးကို ထက်ပိုင်းချိုးကာ တစ်ပိုင်းစီ ပန်ဆင်ခဲ့ကြသည်ကို စုလှိုင်တွေ့ခဲ့ရ သည်။ ထိုပန်းများသည် စုလှိုင်တို့ခြံထဲတွင် အများအပြား ပွင့်လေ့ရှိသည်။ မည် သူမျှ အရေးလုပ် ခူးယူပြီးပန်ဆင်လေ့ မရှိကြပေ။ သူတို့က ဒီလောက် မက်မက် မောမော ဖြစ်နေသည်ကိုတွေ့ရသောအခါ စုလှိုင် အမှန်တကယ်ပင် အံ့သြခဲ့မိ သည်။ ထို့ကြောင့် ဒီနေ့မနက် ပန်းများ တစ်ဆုပ် တစ်ခဲပွင့်နေသည်ကို တွေ့ရ သောအခါ ဦးဆာမိကို ခူးခိုင်းပြီး ကားထဲသို့ ထည့်ယူလာခြင်းဖြစ်လေသည်။

'ကဲ ပြီးပြီလားစု'

ဦးဆာမိကမေးသည်။ စုလှိုင်သည် ခေါင်းတစ်ချက်ဆတ်ပြကာ ကား တံခါးကို ဆောင့်ပိတ်လိုက်သည်။ ပန်းအကြွေ လတ်လတ်ဆတ်ဆတ် ကလေး များသည် ကားနောက်ခန်းတွင် ဖွေးနေသည်။

ကားထွက်သွားသောအခါမှ စုလှိုင်သည် အသက်ဝဝရှူလိုက်မိသည်။ သင်းထုံချိုမွှေးနေသော ပန်းရနံ့သည် လွင့်ပျံထွက်မသွားသေးဘဲ တဝေ့ဝေ့ဝဲနေ လေသည်။

'ဟယ် အများကြီးပဲ အများမှအများကြီး၊ စုလှိုင်က လိမ္မာလိုက်တာ'

သင်းပျံ့မွှေးကြိုင်သောရနံ့နှင့်အတူ မိန်းကလေးတို့၏ ရွှင်ချိုသော အသံလေးများသည်လည်း အခန်းအပြင်သို့ လျှံပြီးထွက်နေလေသည်။ စုလှိုင်သည် အခန်းထဲသို့ လှမ်းမဝင်သေးဘဲ အဝတွင်ရပ်ကာ ခပ်စူးစူးကြည့်လိုက်မိသည်။ သူသည် တစ်ယောက်တစ်ပေါက်နှင့် 'စုလှိုင်က လိမ္မာလိုက်တာဟယ်' ဟု အော်နေကြသော်လည်း စုလှိုင်ကို တစ်စုံတစ်ဦးကမျှ သတိ မရချေ။ ဖြူဖွေးလတ်ဆတ်သော ပန်းခိုင်များအနီးတွင်သာ ခုန်ဆွခုန်ဆွလုပ်နေကြလေသည်။

အလှဆုံးပန်းခက်ကြီးကို ဆရာမ၏ခုံပေါ်တွင်တင်ထားသည်ကို တွေ့ရ၏။ ကျန်သောပန်းများကို အမာညိုက လက်ဝါးကြီးအုပ်ထားသည်။ သူ စိတ်တိုင်းကျ ဝေစုခွဲနေလေသည်။ တတ်နိုင်သမျှ အချိုးကျညီအောင်ခွဲပြီး ခုံများပေါ်တွင် ဝေပုံကျလိုက်ပြီး တင်ပေးနေသည်။

'ဟေ့ ဆံညှပ် တစ်ချောင်းလောက် မပိုဘူးလားဟင်'

'ငါပန်ထားတာ ကောင်းရဲ့လား'

'အဲဒီလို ဝိုက်ပန်တာလေး သိပ်လှ'

'ဟေ့ အယ်မာ ယူ့ပန်းခိုင်နဲ့၊ ကိုယ့်ပန်းခိုင် လဲမလား'

'မသန်းအေး ကျောင်းမတက်ရင် သူ့ဝေစု ငါပိုင်တယ်နော်'

ပန်းပန်ရင်းအလုပ်ရှုပ်နေကြသောမိန်းကလေးများကို စုလှိုင်သည် ငေးပြီးကြည့်နေမိသည်။ ဒီပန်းလေးရတာ ဘာများပျော်စရာရှိပါလိမ့်ဟု တွေးနေမိလေသည်။ ပျော်ရွှင်တက်ကြွနေသောမျက်နှာလေးများကိုကြည့်ရင်း ရင်ထဲတွင် ပိုပြီး ဟာသွားသည်။ သူတို့ကိုပင် ဝန်တိုသလိုလို ငြူစူလာမိသည်။

ဆံတို၊ ဆံရှည်၊ ကျစ်ဆံမြီး၊ တစ်ပတ်လျှိုဆံထုံး၊ အကုန်လုံးသော ဆံပင်များပေါ်တွင် ဖြူနုနုပန်းခက်လေးများက ယိမ်းကနေကြသည်။

'ဟေ့ စုလှိုင် ပန်းမပန်ဘူးလား'

သက်သက်က လှမ်းမေးလေသည်။ သူ့တစ်ခေါင်းလုံးတွင်ကား ဆံပင်ကိုပင် မမြင်ရတော့ချေ။ ပန်းများကို မနိုင်မနင်းနှင့် လောဘတကြီး ပန်ဆင်ထားလေသည်။

'ဟင့်အင်း'

စုလှိုင်က ခေါင်းယမ်းကာ ပြလိုက်သည်။ ထို့နောက် သူ့လက်ထဲတွင် အမှတ်မထင် ကိုင်ထားသော ပန်းခက်လေးကို ငုံ့ကြည့်လိုက်မိလေသည်။ ဖွေးနု

နေသော ပန်းဆုပ် ပန်းခဲလေးသည် စိမ်းဖန့်ဖန့်အရောင်လေး သန်းနေသည်။

ပျော်ရိပ်ရွှင်ရိပ်သန်းနေသော မျက်လုံးလေးများသည် ထိုပန်းခက်ကလေးကို တန်ဖိုးတထားနှင့် မြတ်မြတ်နိုးနိုးကြည့်နေကြသည်ကို စုလှိုင် သိသည်။ ဟာနေသော စုလှိုင်၏ရင်ထဲမှကွက်လပ်ထဲသို့ အရိုင်းစိတ်တစ်ခုက ငြင်ငြင်သာသာ တိုးဝင်လာသည်။

'ပန်လိုက်ပါလား စုလှိုင်ရယ်၊ တစ်တန်းလုံး ပန်ထားကြတာ၊ ဖက်ရှင်ပေါ့'

'အေးလေ စုလှိုင်က ပန်းတွေတော့ အများကြီးယူလာပြီး၊ သူကိုယ်တိုင်တော့ မပန်ဘူးလားဟင်'

တိုက်တိုက်တွန်းတွန်းပြောနေကြသော အသံလေးများကိုကြားရသောအခါ စုလှိုင်သည် ခပ်အေးအေးပြုံးလိုက်သည်။ ထို့နောက် ဖွေးနုနေသော ပန်းပွင့်လေးများကို တစ်ပွင့်ချင်း ခြွေချလိုက်လေသည်။

'ဟယ် ဟယ် စုလှိုင်ရယ်၊ ပန်းလေးတွေကို ခြွေပစ်တယ်၊ နင် အရူးလား၊ ဘာလို့ခြွေပစ်တာလဲ'

အမာညိုသည် လွင့်ကြဲသွားသော ပန်းပွင့်လေးများကို နှမြောတသစွာ ကြည့်ရင်း အော်လေသည်။ စုလှိုင်သည် အရိုးချည်းသာကျန်တော့သော ပန်းခက်လေးကို လွှတ်ချလိုက်ပြီး အမာညို့ကို ခပ်စိန်းစိန်း လှမ်းကြည့်သည်။ ထို့နောက် တိုးတိုးလေးပြောလေသည်။

'ခြွေပစ်တာ ခြွေချင်လို့ပေါ့'

*

'သူလေ ပန်းတွေကိုမပန်ဘဲ ခြွေပစ်လိုက်တယ် ညီလင်းရာ၊ အာ ကွာ နှမြောဖို့ကောင်းလိုက်တာ'

အမာညိုက တအံ့တသြပြောပြလိုက်မိသည်။ ကြမ်းပေါ်သို့လွင့်ကြဲကျသွားသော ဖြူလွလွပန်းပွင့်လေးများကို ယခုတိုင် မြင်ယောင်ပြီး နှမြောနေဆဲဖြစ်သည်။

'မမက ခုန်ဆွခုန်ဆွ လုပ်နေတာကို မျက်စိနောက်လာလို့ဖြစ်မှာပေါ့'

'အောင်မာ ငါခုန်ဆွခုန်ဆွလုပ်တယ်လို့ ဘယ်သူပြော၊ နင့်ဘယ်သူပြော'

'အို အသိသာကြီး၊ ပန်းများမြင်ရရင် မမဘယ်တုန်းက ငြိမ်ငြိမ်နေနိုင်လို့လဲ'

'အောင်မာ'

အမာညိုသည် နာလိုခံခက်နှင့် ညီလင်းကိုမျက်စောင်းထိုးလိုက်သည်။ ညီလင်းသည် သူ့အစ်မကို သဘောကျစွာကြည့်ရင်း ရယ်နေသည်။ ညီလင်းပြုံးရယ်လျှင် သူ့မေးစေ့လေးသည် ခွက်ဝင်သွားပြီး အရာလေးပေါ်လာလေ့ရှိသည်။ ဟောလီးဝုဒ်မင်းသားကပ်ဒေါက်ကလပ် ပြုံးပုံနှင့်တူသဖြင့် ထိုမေးမှအချိုင့် လေးကို အမာညိုသဘောကျမိလေသည်။

'မိညို စာမေးပွဲနီးပြီနော်၊ စာကျက်ချိန်မှာ တော်ရုံလေပေါ'

တစ်ဖက်စားပွဲမှ ကျော်ထွန်းညိုက လှမ်းပြောသည်။ အမာညိုသည် မေမေကြီးနှင့်အတူအိပ်ရသည်။ သူ့အတွက် စာကြည့်စားပွဲသက်သက်မရှိချေ။ ယခင်က မောင်နှမသုံးဦးပေါင်း၍ တစ်စားပွဲတည်း ကျက်မှတ်ခဲ့ကြရသည်။ ကျော်ထွန်းညို ဆယ်တန်းအောင်၍ စက်မှုတက္ကသိုလ်တက်ခွင့်ရသောအခါတွင်ကား ဖေဖေသည် သားကြီးအတွက် စာကြည့်စားပွဲတစ်လုံး သတ်သတ် စီစဉ်ပေးသည်။ ယခင်ကျက်စ စားပွဲဟောင်းကြီးကို အမာညိုနှင့် ညီလင်းညိုတို့ ဆက်လက် အသုံးပြုကြရလေသည်။

'အရေးကြီးတဲ့အကြောင်း ပြောနေတာပါ ကိုကိုရ'

'ဘာအကြောင်းမို့လဲ'

'စုလိုင်အကြောင်း'

'ဟိုခဲတံပုံထဲက ကောင်မလေးလား'

'ဒါပေါ့'

ကျော်ထွန်းညိုက လှည့်မကြည့်အားသေးပေ။ ဆလိုက်ရူးလ် တစ်ချောင်းနှင့် တကုန်းကုန်းအလုပ်ရှုပ်နေသည်။ ဆလိုက်ရူးလ်သည် သင်္ချာတွက်ရာတွင် အမာညိုတို့အသုံးပြုနေသော လော့ဂရမ်သမ်ထက်လွယ်သည် ဟု သူ့အစ်ကိုက ပြောလေ့ရှိသည်။ သူ့တန်ဖိုးကလည်း မသေးလှ။ တစ်ချောင်းကို ခြောက်ဆယ်ပေးရသည်။ ဆလိုက်ရူးလ်မှ အလယ်သားလေးကို ဘယ်ရွှေ့လိုက်၊ ညာရွှေ့လိုက် တကုန်းကုန်းရေးမှတ်လိုက်လုပ်နေသော ကိုကို့ကို အမာညိုသည် ကြည့်ရင်း သဘောကျလာသည်။ ခက်ရာခက်ဆစ် တွက်ချက်နေသော ပညာရှိကြီးနှင့်တူနေသောကြောင့်ဖြစ်သည်။

'စုလှိုင်က ပန်းတွေအများကြီး ယူလာတယ် ကိုကိုရ၊ ဟား တအား လှ၊ တအားမွှေးတာပဲ'

'နင် သူ့ကိုမခင်ဘူးဆို'

'ဟဲဟဲ ခုတော့ နည်းနည်းခင်သွားပြီ'

'ဘာဖြစ်လို့လဲ၊ ပန်းတွေယူလာပေးလို့လား'

'ဒါပေါ့လို့'

အမာညိုသည် ပြုံးစစလေးပြောရင်း လွယ်အိတ်ထဲမှ မရန်းပြားထုပ်ကို နှိုက်ယူလိုက်သည်။ အထုပ်ကိုဖောက်လိုက်သောအခါ မည်းမည်း ခြောက်ခြောက် မရန်းပြားလေးသုံးပြား ပေါ်လာသည်။ အနားသားလေးများသည် မှိုတက်နေသော်လည်း အမာညို လွှင့်မပစ်ရက်ပေ။ အလယ်သားလေးများကို ရွေးကာ စားသည်။

မက်မက်မောမော စားနေသော အမာညိုကိုလှမ်းကြည့်ရင်း ညီလင်းက နှာခေါင်းရှုံ့လိုက်သည်။

'ဖေဖေက အချဉ်ထုပ်တွေ မစားရဘူးဆို၊ စားပြန်ပြီလား'

'ဖေဖေမှမသိတာ၊ နင်လည်း စားပါလား'

'အို ညစ်ပတ်တယ်တဲ့'

'ပတ်ပတ်ပေါ့၊ ငါတော့ကြိုက်တာပဲ၊ အခု ဒါလေးတစ်ထုပ် ငါးပြား ပေးနေရတာ နာတယ်သိလား၊ ကြည့်ပါဦး သုံးဖတ်ထဲရယ်၊ ငါတို့ ငယ်ငယ်က နဂါးနီထုပ်ဆိုရင် ကောင်းတယ်နော် ညီလင်း၊ ချိုချို ချဉ်ချဉ်၊ စပ်စပ်၊ ငါးပြား တန်ထုပ်ကလည်း အများကြီးရတယ်'

'မမ ဒါလောက်ပိန်နေတာ အဲဒါတွေစားနေလို့သိလား'

'ဘာဖြစ်သေးလဲ၊ ပိန်တာများ သေတတ်တာကျလို့'

'ဒါပေမဲ့ သေဘားနဲ့တော့ နီးတာပေါ့'

'ဘာလို့နီးရမှာလဲ၊ ဝတော့မှပိုနီးတာ၊ ဝတဲ့ခန္ဓာကိုယ်က ပိုးမွှားဝင်စရာ နေရာများများရှိတာပေါ့၊ ငါတို့လို ပိန်ပိန်လေးတွေကျတော့ ပိုးမွှားဝင် လာဦးတော့ နေရတာ ကျပ်တာနဲ့ ပြန်ထွက်သွားရော၊ ဟား ဟား'

အမာညိုက စကားနိုင်လုကာ ပြောသည်။ မရန်းပြားများကုန်သွားပြီ ဖြစ်သဖြင့် စက္ကူခွံကို လုံးထွေးကာ လွယ်အိတ်ထဲပြန်ထည့်လိုက်သည်။ စာကြည့် စားပွဲနားတွင် စက္ကူခွံများတွေ့ပါက အချဉ်ထုပ်စားသည့်တရားခံကို တန်းပြီး

မိသွားမည့် အရေးကို ကြိုတင်မြင်ယောင်မိသောကြောင့်ဖြစ်သည်။

'မီညို၊ ညီလင်း စာကျက်ချိန်မှာကျက်ကြစမ်း၊ တိတ်တော့၊ နောက် တစ်ခွန်းမှမပြောနဲ့'

ကျော်ထွန်းညိုက နားငြီးလာဟန်နှင့် အော်တော့သည်။ အမာညိုသည် ခေါင်းလေးပုသွားရင်း နှုတ်ခမ်းမဲ့လိုက်သည်။ သို့သော် ဘာမှပြန်မပြောရဲသည့် အတွက် စာအုပ်ထဲတွင် ခေါင်းစိုက်ထားလိုက်ရလေသည်။

သို့သော် စိတ်က ကြာရှည်မငြိမ်ချေ။ စုလှိုင်ကို သတိရသည်။ စုလှိုင် အကြောင်း တွေးမိပြန်သည်။ စုလှိုင်သည် တသီးတသန့်နေလွန်းသော မိန်း ကလေးတစ်ဦးဖြစ်သည်။ မည်သူနှင့်မျှ ရောရောထွေးထွေးမနေတတ်ပေ။ ထို့ ကြောင့်လည်း ပြောင်လား နောက်လား၊ လုံးလားထွေးလား နေတတ်သော အမာညိုနှင့် မခင်မင်ခဲ့ခြင်းဖြစ်လေသည်။

'စုလှိုင်က မာနကြီးတယ်'ဟု အကုန်လုံးက သတ်မှတ်ထားကြသည်။ သူ့ဖခင်သည် သူဌေးတစ်ဦးဖြစ်သည်။ တော်လှန်ရေးကောင်စီ မတက်မီ ကာလ က ပ ထ စ အမတ်ပင်ဖြစ်ခဲ့သေးသည်ဟုဆိုသည်။ မည်မျှ ချမ်းသာလဲတော့ မသိ။ စုလှိုင်တို့ချမ်းသာသည်ကားအမှန်ပင်။ သူ့အမေကလည်း အလွန်လှသည် ဟု ပြောကြသည်။ သူ့အမေ လှမလှတော့ အမာညို မမြင်ဖူး၍ မသိခဲ့ရပေ။ သို့ သော် စုလှိုင်လှသည်ကိုကား အမာညိုသိလေသည်။ ကိုယ်လုံးသွယ်သွယ်၊ မျက်နှာရှင်းရှင်းနှင့်ကြည့်၍ကောင်းလှသည်ကိုကား အားလုံးလက်ခံမိကြသည်။ ချမ်းသာသည်၊ ရုပ်ချောသည်၊ စာတော်သည်။ စုလှိုင်၏ဘဝတွင် နောက်ထပ် ဘာမျှမလိုတော့ဟုတွေးရင်း အမာညို အားကျမိသေးသည်။ ထိုသို့သော မိန်း ကလေးသည်လည်း မာနကြီးရန် အကြောင်းအချက် လုံလောက်စွာ ရှိလေသည်။

သို့သော်၊ သို့သော်၊ အမာညိုရင်ထဲတွင် မရှင်းသည်ကား သူ့မျက်လုံး နှင့် သူ့အကြည့်ဖြစ်သည်။ သူ့မျက်လုံးများသည် မျက်တောင်ရှည်များ ဘောင် ခတ်ကာ လှပသော်လည်း နွေးထွေး၍နွှန်းလက်မှုမရှိချေ။ မာကျောကျော အေး စက်စက်ကြည့်တတ်သော မျက်လုံးစိမ်းများဖြစ်သည်။ သံသယ အရိပ်အယောင် များက ထိုမျက်လုံးကို အမြှေးပါးသဖွယ် ရစ်သိုင်းထားလေ့ ရှိသေးလေသည်။

'စုလှိုင်က လိမ္မာလိုက်တာဟယ်၊ သိပ်ချစ်ဖို့ကောင်းတာပဲ၊ တကယ် တကယ်'ဟု အမာညိုက ကျေးဇူးတတင်ပြောသောအခါ စုလှိုင်က 'ဘာလဲ၊ ပန်းယူလာပေးလို့လား' ဟု ခြောက်ကပ်ကပ်အသံနှင့်ပြန်မေးလေသည်။ ထို့

နောက် ပျင်းရိငြီးငွေ့လာသလို သမ်းဝေလိုက်သည်ကို အမာညိုပြန်၍ စဉ်းစားကြည့်နေမိသည်။ ထိုမျှ အစစအရာရာပြည့်စုံနေသော မိန်းကလေးတစ်ဦးသည် ပျော်ရွှင်တက်ကြွနေသင့်သည်ဟု အမာညိုထင်မိမှတ်မိသည်။ သို့သော် စုလိုင်ဟူသည့် မိန်းမချောလေးသည် သံသယအခိုးအငွေ့များဝေနေသောမျက်လုံးများနှင့် အရာရာကိုငြီးငွေ့နေသလို ငေးပြီးကြည့်တတ်လေသည်။

'ဟော့ မမ'

ညီလင်းက ခပ်တိုးတိုးလှမ်းခေါ်သောအခါ အမာညို၏အတွေးပြတ်သွားလေသည်။ ခေါ်သူက တိုးတိုးလေးခေါ်၍ သူကလည်း တိုးတိုးလေးပြန်ထူးလိုက်လေသည်။ အသံကျယ်သွားပါက သချ်ာကုန်းတွက်နေသော ကိုကိုကြားသွားမည်ကို စိုးရိမ်ရသည်။

'ဘာလဲဟ'

'ခင်ယုမေနဲ့ဝါဝါဝင်းရွှေ ဘယ်သူပိုလှလဲဟင်'

'ဝါဝါဝင်းရွှေလှတာပေါ့'

'အောင်မာ၊ ခင်ယုမေလှတာပါ မမရာ'

သူ့သဘောနှင့်မတိုက်ဆိုင်သောကြောင့် ညီလင်းက စိတ်ပျက်သွားသည်။ သူတို့သူငယ်ချင်းတစ်စု နေ့ခင်းက ထိုပြဿနာကိုငြင်းခဲ့ကြသည်။ ဝါဝါဝင်းရွှေဘက်က အင်အားမသေးလှချေ။ ထို့အတူ သူပါဝင်သော ခင်ယုမေပရိသတ်ကလည်း အင်အားကောင်းသည်။ အကြိတ်အနယ်ငြင်းကြသည်။ အဖြေမထွက်။ ယခု အစ်မဖြစ်သူအားမေးမိသည်။ စစ်ကူရမလားဟု မျှော်လင့်မိသော်လည်း နောက်ထပ်တစ်ကြိမ် တချီတမောင်းငြင်းရဦးမည့်ပုံမို့ ညီလင်း မကျေမနပ်ဖြစ်သွားလေသည်။

'ဝါဝါဝင်းရွှေက အပြတ်အသတ်ပိုလှတယ်'

'ခင်ယုမေက ဆယ်ဆသာတာပေါ့၊ ရုပ်တင်မကဘူး အသံလည်းကောင်းသေး'

'ဘာဖြစ်ဖြစ် ဝါဝါဝင်းရွှေ ပိုလှတာပဲ'

အမာညို၏အသံက ရုတ်တရက်ကျယ်လာသည်။ ထိုပြဿနာသည် မသေးလှချေ။ ယခင်က ခင်ယုမေကို အရမ်းကြိုက်သော အမာညိုသည် 'စိတ်' ဇာတ်ကားကို ကြည့်ပြီးတော့ ပို၍ငယ်သော ဝါဝါဘက်သို့ မသိမသာ ယိုင်သွားသည်။ သူနှင့် မျက်နှာကြော မတည့်လှသော မသန်းအေးက ခင်ယုမေမှ ခင်ယု

မေဆိုတော့ အမာညိုက ဝါဝါဘက်မှ မားမားမတ်မတ် ရပ်မိတော့သည်။ သူတို့ အတန်းထဲတွင်လည်း အော်ကြီးဟစ်ကျယ် ငြင်းခဲ့ပြီး ဖြစ်သည်။ ဝါဝါ့ဘက်သား အမာညိုနှင့် မမမေဘက်သား မသန်းအေးတို့ပင် တစ်ပတ်ခန့် မခေါ်နိုင် မပြောနိုင် ဖြစ်ခဲ့ရသေးသည်။

'ဝါဝါလှတယ်ဟ'

'ခင်ယုမေလှတယ်ဗျ'

'ဘယ်သူပိုလှလှ မင်းတို့အပူလားကွ၊ စာကျက်ပါဆို အေးအေးဆေး ဆေး မကျက်ဘူး၊ ငါ စိတ်တိုလာပြီနော်'

စိတ်ပေါက်ပေါက်နှင့် ထအော်သော ကိုကို့အသံကြားသောအခါ အမာ ညိုရော ညီလင်းပါ ခေါင်းလေးများပုသွားကြသည်။ ဧည့်ခန်းတွင် ရေဒီယိုသတင်း နားထောင်နေသော ဖေဖေသည် သူ့သားကြီးအသံ ကြားလိုက်ဟန်တူသည်။ နေရာမှထလာပြီး စာကြည့်ခန်းတွင်းသို့လှမ်းကြည့်သည်။ စာအုပ်နှင့် မျက်နှာ အပ်မတတ် ကြိုးစားဟန်ပြုနေသော အငယ်နှစ်ဦးကို အကဲခတ်သလို ကြည့်နေ သော်လည်း ဝင်ရောက်ဆူပူခြင်းမပြုပေ။ တော်ရုံတန်ရုံကိစ္စများကို မိဘက ဝင် ရောက် ဖြေရှင်းလေ့မရှိပေ။ သားကြီးကိုသာ လွှဲထားလေ့ရှိသည်။ ထို့ကြောင့် အမာညိုရော ညီလင်းပါ အာဏာပိုင်ကိုကို့အား ကြောက်ကြရသည်။ ကိုကိုက လည်း သူ့အာဏာကို အလွဲသုံးစားပြုလေ့မရှိပေ။ ထို့ကြောင့် ညီလင်းနှင့် အမာညို တို့ နှစ်ဦးကြားတွင် မကြာခဏ တက်လေ့ရှိသော ပြဿနာ အသေးအဖွဲလေးများ သည် ကိုကို့တရားခွင်တွင်ပင် ပြေငြိမ်းသွားလေ့ရှိသည်။ ဖေဖေ၊ မေမေတို့ဆီသို့ မရောက်တော့ပေ။

ဖေဖေပြန်ထွက်သွားသည်ကို မျက်လုံးထောင့်နှင့်လိုက်ကြည့်ပြီး သောအခါမှ သူတို့နှစ်ဦးခေါင်းမော်လာသည်။ တစ်ဦးနှင့်တစ်ဦး ရယ်ကျဲကျဲနှင့် လှမ်းကြည့်မိကြသည်။ သို့သော် ဆက်လက်ငြင်းခုန်ရန်ကား စိတ်မကူးရဲကြတော့ ပေ။ မပြီးပြတ်သေးသော ငြင်းပွဲကို ခေတ္တအားလပ်ချိန် ပေးထားလိုက်ရလေ သည်။

ညီလင်းသည် အမာညိုကို နှာခေါင်းရှုံ့ပြကာ ကွန်ပါဘူးထဲမှ စက်ဝိုင်း ခြမ်းသေးကို ထုတ်ယူလိုက်သည်။ အမာညိုကလည်း ညီလင်းကိုမကြည့်တော့ ဘဲ သူ့ရှေ့မှမှတ်စုစာအုပ်တွင်းသို့ စိတ်ကို စိုက်ထားလိုက်သည်။

ညီလင်းတစ်ယောက် မျက်မှောင်တကုတ်ကုတ်နှင့် ဂျဲသြမေထရီပုံများ

ဆွဲနေစဉ် အမာညိုသည် ကိုယ်ကိုရှေ့နောက်ယိမ်းရင်း အင်္ဂလိပ်စာကို အသံထွက်၍ ကျက်မှတ်နေပြီဖြစ်သည်။ သူ့ဦးနှောက်တွင်းသို့ မှတ်စုတွင်းမှ ရေခဲဖုံးလွှမ်းသော အင်နာပူရနားတောင်ကြီးက ရောက်နေပြီဖြစ်လေသည်။

*

စုလှိုင်သည် မှတ်စုစာအုပ်ကလေးကိုပိတ်၍ နေရာမှထလိုက်သည်။ စာကျက်ရန် စိတ်မပါတော့၍ဖြစ်သည်။

စားပွဲတင်နာရီလေးမှလက်တံတိုသည် ကိုးဂဏန်းသို့ရောက်ရှိနေလေသည်။ ည ကိုးနာရီရှိပေပြီ။ မြန်မာပိုင်းအစီအစဉ်များပြီး၍ အင်္ဂလိပ်ပိုင်း အစီအစဉ်များ စနေပြီဖြစ်သည်။

'စု'

အခန်းဝမှပေါ်လာသည်။ မအေးတင်ဖြစ်သည်။ စုလှိုင်သည် ငဲ့ကြည့်လိုက်ပြီး ခေါင်းတစ်ချက်ဆတ်ပြလိုက်သောအခါမှ ဝင်လာသည်။ သူ့လက်ထဲမှ ဗန်းလေးထဲတွင် နွားနို့တစ်ဖန်ခွက်နှင့် ကြက်ဥပြုတ်နှစ်လုံးကို ထည့်ထားသည်။

'မာမီပြန်လာပြီလား မအေးတင်'

'မလာသေးဘူး စုရဲ့'

'ဒက်ဒီကတော့ ပြန်အိပ်မယ်မထင်ဘူးနော်'

မအေးတင်သည် ဘာမျှအဖြေမပေးဘဲ လင်ဗန်းလေးကိုသာ စားပွဲပေါ်သို့ အသာအယာချလိုက်သည်။ သူ ဖြေရန်မလိုပေ။ သူရော စုလှိုင်ရော ထိုအဖြေကို သိပြီး ဖြစ်သည်။ ဒက်ဒီ၏နံပါတ်နှစ်က သားယောက်ျားလေး မွေးဖွားနေသည်ကို သူတို့သိထားသည်။ နံနက်က ဒက်ဒီနှင့်မာမီတို့ ရန်ဖြစ်ကြသည်။ ထို့ကြောင့် ဒက်ဒီသည် သူ၏နံပါတ်နှစ်ထံတွင် သားငယ်ကို သွားကြည့်ကာ နံပါတ်သုံး၏ အိမ်တွင် အိပ်လိမ့်မည်ဖြစ်လေသည်။

'မာမီကြီးရော အိပ်ပြီလား'

'မအိပ်သေးဘူးစု၊ ဆရာမနဲ့စကားပြောနေတယ်'

'ရစ်ချတ်သခင်ကြီးအကြောင်း ပြောနေတာလားဟင်'

'မဟုတ်ပါဘူးစုရဲ့'

'ဒါဆို ငယ်ငယ်တုန်းက သူ့ကိုပိုးတဲ့ ဝန်ထောက်မင်း ဦးဘတင့်အကြောင်းပဲဖြစ်ရမယ်'

မအေးတင်သည် စုလှိုင်ကို အံ့သြသလို လှမ်းကြည့်ပြီး ရယ်လိုက်မိသည်။ စုလှိုင်ပြောသည့်အတိုင်းဖြစ်သည်။ ဝန်ထောက်မင်းပါးသော ချစ်သဝဏ်လွှာများကို အဘွားက ပြန်ရွတ်ပြနေသည်ကို မအေးတင် တစ်ဝက်တစ်ပျက်ကြားခဲ့ရသည်။ ကာရန်တွေ နဘောတွေနှင့်မို့ မအေးတင်နားမလည်ချေ။ ဆရာမလည်း နားလည်ပုံမရ။ သို့သော် တအင်းအင်းနှင့် အင်းလိုက်ကာ မျက်တောင်စင်းငိုက်ပြီးနားထောင်နေရှာလေသည်။ မအေးတင်အမြင်အားဖြင့်မူ ဆရာမတွင် ဘာအလုပ်မျှမရှိပေ။ စကားများလှသော အဘွားကြီးကို အချိန်မှန်မှန်စောင့်ပြီး ဆေးတိုက်နေရုံသာ အလုပ်ရှိသည်။ ထိုကဲ့သို့သော သက်သက်သာသာ အလုပ်ကလေးအတွက် လခကောင်းကောင်းရထားလေတော့လည်း ဆရာမခမျာ ဒီမျှလောက်တော့ သည်းခံရပေမည်ဟု စဉ်းစားနေမိသည်။

'စု အိပ်တော့မလား'

'ဟင့်အင်း အိပ်ချင်သေးဘူး၊ ကြက်ဥတွေ ပြန်ယူသွား မအေးတင် စု မစားချင်ဘူး၊ နွားနို့ပဲ ထားခဲ့'

မအေးတင်သည် ကြက်ဥပြုတ်ပန်းကန်ကို ပြန်ယူသွားသည်။ စုလှိုင်သည် ပူနွေးနေဆဲဖြစ်သော နွားနို့ဖြူဖြူကိုငေးကြည့်နေရင်း ဒက်ဒီ၏နံပါတ်နှစ်မှ မွေးသော သားငယ်အကြောင်းကို တွေးနေမိလေသည်။ သူ့ထက် ဆယ့်ခြောက်နှစ်ကျော်ကျော်ငယ်သည့် သူ၏မောင်ငယ်ပင်ဖြစ်သည်။ မခေါ်ချင်လျှင်နေရမည်။ မတော်ချင်၍တော့မရပေ။ ဒက်ဒီ၏ရင်သွေးသည် သူ၏ မောင်သာဖြစ်ရမည်။ စုလှိုင်သည်တွေးနေရင်း ရင်ထဲတွင်လှိုက်ခနဲဖြစ်သွားသည်။

'စုလှိုင် စုလှိုင်ကိုယ်တိုင်ကတော့ ဒက်ဒီ့သွေးစစ်ရဲ့လား'ဟု ဖြုန်းခနဲတွေးမိသည်။ မာမီနဲ့ဒက်ဒီလက်ထပ်ပြီး ခုနစ်လကျော်ကျော်နှင့်မွေးသော စုလှိုင်သည် သူ့ရင်သွေးမဟုတ်နိုင်ဟု ဒက်ဒီကိုယ်တိုင်က သင်္ကာမကင်းဖြစ်ခဲ့သေးသည် မဟုတ်ပါလော။

စုလှိုင်သည် နွားနို့ဖန်ခွက်ကလေးကို တင်းကျပ်စွာဆုပ်ကိုင်လိုက်မိရင်း အပြင်ဘက်ရှိ အမှောင်ထုကို စိုက်ကြည့်နေမိသည်။ ဒက်ဒီအကြောင်း တွေးနေမိသည်။ ဒက်ဒီသည် စုလှိုင်ကိုတစ်ခါမျှ 'သမီး'ဟုမခေါ်ဖူးပေ။ တစ်အိမ်လုံးခေါ်ကြသည့်အတိုင်း 'စု'ဟုသာခေါ်လေ့ရှိသည်။ တစ်ခါတစ်ရံ စိတ်မလိုသောအခါ၊ မကြည်သာသောအခါများတွင် အမည်ရင်းအတိုင်း 'စုစုလှိုင်'ဟုခေါ်တတ်လေသည်။

'သူ ဘယ်သူနဲ့များတူမလဲ မသိဘူး'

စုလှိုင်သည် တစ်ဦးတည်းအသံကလေးထွက်အောင် ပြောလိုက်မိသည်။ နံပါတ်နှစ်သည် အသားညို၍ နွဲ့နွဲ့နှောင်းနှောင်းရှိလေသည်။ နူးညံ့ ပျော့ပျောင်းသော မျက်လုံးများကိုပိုင်ဆိုင်ပြီး စကားနည်းလေသည်။ မာမီ့လောက် မလှသော်လည်း သိမ်မွေ့နှိမ့်ချသောအမူအရာက ဒက်ဒီ့ကိုဆွဲဆောင်ထားဟန်ရှိသည်။ သူက မွေးသော သူ့သားသည် သူ့လိုပင် ပျော့ပျောင်းနူးညံ့သော မျက်လုံးများပါလာလိမ့်မည်ထင်သည်။ ဒက်ဒီ့မျက်နှာပေါက်တွင် ထိုမျက်လုံးလေးများတပ်ပေးလိုက်ပါက ချစ်ခင်စဖွယ်ကလေးငယ်လေးသာ ဖြစ်ပေလိမ့်မည်။

စုလှိုင်သည် မှန်တင်ခုံထဲမှ သူ့အရိပ်ကိုသူလှမ်းကြည့်လိုက်မိသည်။ စုလှိုင်၏မျက်လုံးများသည်ကား ပျော့ပျောင်းဟန် လုံးဝမရှိပေ။ မာမီ့ဆီမှ မာနနှင့်ဒက်ဒီ့ဆီမှသံသယများသည် စုလှိုင်၏မျက်လုံးအိမ်ကို ရစ်သိုင်း လွှမ်းခြုံထားကြလေသည်။

'စု'

မအေးတင်က အခန်းဝမှလာခေါ်ပြန်သည်။

'တယ်လီဖုန်းလာနေတယ်စု'

'ဘယ်သူတဲ့လဲဟင်'

'ဖလက်ဒီတဲ့'

မအေးတင်သည် ဖရက်ဒီကို ထာဝစဉ်ပင် ဖလက်ဒီဟုသာခေါ်လေ့ရှိသည်။

'အပေါ်ထပ် ဆက်ပေးလိုက်လေ'

ဖရက်ဒီသည် မာမီ့မိတ်ဆွေ ဒေါ်ကြည်ကြည်၏သားဖြစ်သည်။ မာမီအိမ်ပြန်မအိပ်တော့ပဲ ဒေါ်ကြည်ကြည်၏အိမ်တွင်ပင် မိုးအလင်းထိုင်တော့မည်ဟုဆိုလျှင် သူက တယ်လီဖုန်းဆက်ပြီး အကြောင်းကြားတတ်လေသည်။

'ဟဲလို ဖရက်'

'စု လား'

ဖရက်ဒီက ခပ်တိုးတိုးမေးလေသည်။ စုလှိုင်သည် နှုတ်မှပြန်မပြောတော့ပဲ တယ်လီဖုန်းခွက်ကိုင်ရင်း ခေါင်းညိတ်ပြလိုက်မိသည်။

'အန်တီတော့ သဲသဲမဲမဲဖြစ်နေပြီစု၊ ဒီညနောက်ကျလိမ့်မယ်ထင်တယ်'

'နောက်ကျမှာလား၊ ပြန်မလာမှာလားဟင်'

'ဩော် အင်း၊ ပြန်မလာနိုင်ဘူးထင်တယ်'

'အင်း'

'စုလှိုင်'

'အင်'

စုလှိုင်သည် အမှောင်ထုကိုငေးကြည့်နေရင်း ခပ်ငိုင်ငိုင်ဖြစ်သွားသည်။ ဒက်ဒီသည် နံပါတ်နှစ်ထံတွင် သားလေးကိုမြှူချော့နေလိမ့်မည်ထင်သည်။ မာမီကလည်း ဒိုင်းမွန်းများ စပိတ်များနှင့် နပန်းလုံးလျက်ရှိနေသည်။ စုလှိုင်သည် တစ်ဦးတည်း ပင့်သက်ကလေးရှိုက်လိုက်မိသည်။

'ကိုယ့်အတွက် အဖြေမသိရသေးဘူးလား စုလှိုင်ရယ်'

'အင်'

ဖရက်ဒီက ခပ်ချွဲချွဲပြောသောအခါမှ စုလှိုင်သည် ယောင်တောင်တောင် ဖြစ်သွားပြီး နားထောင်ခွက်နှင့်ကပ်ထားသော ဦးခေါင်းကို ဆတ်ခနဲခါလိုက်မိသည်။

'ကိုယ် မင်းကိုချစ်တယ်စု'

'စုကို ချစ်တယ်တဲ့လား'

'ဟုတ်တယ်၊ ဒါကိုလည်း အရာအထောင်မက ပြောခဲ့ပြီးပါပြီ ဒါလင်ရယ်၊ ကိုယ့်မေတ္တာကို ခုထိမယုံသေးဘူးလား'

'မေတ္တာဆိုတာ ဘာလဲဟင်'

'မေတ္တာဆိုတာ ချစ်ခြင်းပေါ့စုရဲ့'

'ဘယ်ကနေ ချစ်တာလဲဟင်'

'နှလုံးသားထဲကလေ'

စုလှိုင်သည် သက်ပြင်းကလေးချလိုက်မိပြန်သည်။ တယ်လီဖုန်းခွက်ကို ခပ်လျော့လျော့ကလေးကိုင်ကာ စားပွဲပေါ်မှ ပြက္ခဒိန်ကို ငိုင်တွေတွေ ကြည့်နေမိသည်။ လေက ခပ်ကြမ်းကြမ်းလေးတိုက်ခတ်ဝင်ရောက်လာသော အခါများတွင် ထောင်ထားသောပြက္ခဒိန်လေးသည် ယိုင်လဲကျတော့မလို တလှုပ်လှုပ်ဖြစ်သွားတတ်သည်။

'စု'

'အင်'

'ကိုယ့်ကို ပြန်မချစ်ဘူးလားဟင်'

'ဟင့်အင်း'

'ဘာဖြစ်လို့လဲကွယ်'

'စုလှိုင်မှာ မေတ္တာမှမရှိတာ'

'ဘာရယ်'

'စုမှာ နှလုံးသားမှမရှိတာ'

'စုရယ်'

'စု ချစ်မှမချစ်တတ်တာ'

စုလှိုင်သည် တယ်လီဖုန်းခွက်ကလေးကို ပြန်ချထားလိုက်သည်။ ထို့နောက် ချာခနဲလှည့်ကာ မအေးတင်ကိုအော်ခေါ်လိုက်လေသည်။

'မာမီ့ကို စောင့်မနေနဲ့တော့၊ မာမီ ပြန်လာမှာမဟုတ်ဘူး၊ တံခါးပြန်ပိတ်ပြီး အိပ်ကြတော့'

မအေးတင်ကတစ်ဖန် အောက်ထပ်မှ ဦးကြီးဘဖံတို့ ဒေါ်ငြိမ်းမယ်တို့ကိုညွှန်ကြားချက် ထုတ်ပြန်နေစဉ်၊ စုလှိုင်အခန်းသို့ပြန်လာခဲ့သည်။ တစ်ဝက်တစ်ပျက်သာသောက်ရသေးသော နွားနို့ဖန်ခွက်ကို တစ်ရှိန်ထိုးမော့ကာ သောက်ချလိုက်ပြီး အိပ်ရာပေါ်သို့ပြန်လှဲလိုက်သည်။

စုလှိုင်သည် မှန်ပြတင်းတွင်ထင်ဟပ်နေသော သစ်ပင်ရိပ်မည်းမည်းများကို ငေးကြည့်ရင်း အတွေးတို့က ပျံ့လွင့်စပြုလာလေသည်။

တဖြည်းဖြည်းနှင့် မီးခိုးများလို လွင့်ပါးနေသောစိတ်အတွေးအမြွှင်များကို ဆွဲ၍စုစည်းရန် မကြိုးစားတော့ဘဲ လွှတ်ထားလိုက်သည်။

စုလှိုင်တွင် တွေးစရာ အတွေးများများမရှိပေ။

ဒက်ဒီ့ အကြောင်း၊

မာမီ့ အကြောင်း၊

ထို့နောက် သူငယ်ငယ်တုန်းက အကြောင်း။

*

စုလှိုင် ငယ်ငယ်တုန်းကအကြောင်းကို ညတစ်ညက စ၍ မှတ်မိသည်။ ငယ်ငယ်တုန်းကအကြောင်းကို ပြန်စဉ်းစားလိုက်လျှင် ထိုညကိုသာ ထင်ထင်ရှားရှား သတိရလေ့ရှိလေသည်။ ထိုစဉ်က စုလှိုင် သုံးနှစ်ခန့်သာ ရှိဦးမည် ထင်သည်။

ထိုညက မိုးမှောင်ကြီးကျနေလေသည်။ မိုးစက်မိုးပေါက်များသည် မြေပြင်ပေါ်သို့ အဆက်မပြတ် ခုန်ဆင်းနေကာ လျှပ်စီးများ တဝင်းဝင်း လက်နေသည်။ မှန်ပြတင်းတွင် ထင်ဟပ်နေသော သစ်ရိပ်များသည် ပုံသဏ္ဍာန် အမျိုးမျိုးနှင့်ယိမ်းထိုးပြီးလှုပ်ရှားနေသည်။ ညည့်အလယ် သန်းခေါင်ယံတွင် ဖြုန်းခနဲ လန့်နိုးလာသော စုလှိုင်လေးသည် ထိုအရိပ်မည်းများကို စိုက်ကြည့်ရင်း ချောက်ချားလာလေသည်။

'နာနီ နာနီ'

စုလှိုင်က အော်ခေါ်လိုက်သည်။ သို့သော် စုလှိုင်၏အသံလေးသည် မိုးသံ လေသံများနှင့်ရောထွေးနေသည်။ တစ်ဖက်ခုတင်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဟန်ရှိသော နာနီက တုတ်တုတ်မျှမလှုပ်ချေ။ စုလှိုင်သည် ခြုံထားသော ဂွမ်းစောင်ဖြူလေးကို လက်နှစ်ဖက်နှင့်တင်းတင်းဆုပ်ကိုင်ထားရင်း အားငယ်ကြောက်ရွံ့စိတ်များက တစ်ကိုယ်လုံးကိုလွှမ်းမိုးလာလေသည်။

'ဝုန်း ဒိုင်း'

'အား'

ရုတ်တရက် စူးစူးရှရှလင်းလာပြီး ထစ်ချုန်းမြည်ဟည်းသွားသော မိုးကြိုးသံကိုကြားရသောအခါ စုလှိုင်လေးသည် အိပ်ရာမှလူးလဲထလိုက်မိသည်။ ထို့နောက် သူ့ကိုယ်သူမသိခင်မှာပင် မာမီရှိရာအခန်းဆီသို့ဦးတည်ပြီး ပြေးလွှားသွားနေမိပြီဖြစ်သည်။

'မာမီ မာမီ'

တစ်အိမ်လုံး မှောင်နေသဖြင့် စုလှိုင်သည် စိတ်မှတ်နှင့်သာ စမ်းတဝါးဝါးပြေးလာခဲ့သည်။ မာမီ့အခန်းဆီသို့အရောက် ပြေးဝင်လိုက်မိစဉ် ပိတ်ထားသောတံခါးရွက်များနှင့်ဝင်ပြီးတိုးမိတော့သည်။ နဖူးနှင့်တံခါးရွက် တိုက်ခိုက်ကာ ဖင်ထိုင်လျက်လဲကျသွားစဉ် စုလှိုင်လေးသည် မာမီကို အသံကုန်အော်၍ ခေါ်မိလေသည်။ စူးစူးဝါးဝါးအော်၍ငိုမိလေတော့သည်။

'ဟယ် စု၊ ဘာလာလုပ်နေတာလဲ'

အတန်ကြာသောအခါမှ အခန်းတံခါးသည် ဖြုန်းခနဲပွင့်သွားသည်။ အခန်းတွင်းမှ လျှံထွက်လာသော ပြာလဲ့လဲ့မီးရောင်ဖျော့ဖျော့လေးတွင် မားမားကြီးရပ်နေသောဒက်ဒီ့ကိုတွေ့ရသည်။ အလဲလဲအပြိုပြိုနှင့်အော်ငိုနေသော စုလှိုင်ကို ခေတ္တမျှတွေဝေကြည့်နေပြီးမှ ကုန်း၍ပွေ့ချီလိုက်သည်။ ဒက်ဒီ၏ လက်များ

သည် ပူနွေးပြီး နူးညံ့နေလေသည်။ စုလှိုင်သည် ဒက်ဒီ၏လည်ပင်းကိုလှမ်း၍ ဖက်ထားလိုက်ပြီး သူ့လိုလားချက်ကို အော်ဟစ်ပြီး ပြောလိုက်မိသည်။

'မာမီနဲ့အိပ်မယ် မာမီနဲ့အိပ်မယ်'

စုလှိုင် မာမီ့ရင်ခွင်ကို တမ်းတခဲ့သည်။ မာမီ့ရင်ခွင်ကြားတွင် မာမီ့လက်နွေးနွေးလေးများနှင့်ဖက်ထားသည်ကိုခံယူရင်း အိပ်စက်လိုခဲ့သည်။ မာမီ့ကိုယ်နံ့ သင်းပျံ့ပျံ့လေးကို ရှူရှိုက်ရင်း မာမီ့ကိုပြန်ဖက်ကာ နွေးနွေး ထွေးထွေးကလေး အိပ်ရန် မျှော်လင့်ခဲ့သည်။ သို့သော် သူသည် မာမီနှင့် အတူ တစ်ခါမျှ မအိပ်ခဲ့ရဖူးချေ။ သီးသန့်ခန်းတွင်သာ နာနီနှင့်အတူတူ အိပ်ခဲ့ရလေသည်။ တာဝန်ဝတ္တရားအရ လှုပ်ရှားနေသော နာနီ၏လက်ချောင်းအေးအေးများနှင့်သာ ထိတွေ့ခဲ့ရလေသည်။

'ဟော့ ဒီမှာ မာမီနဲ့အိပ်မလို့တဲ့'

ဒက်ဒီက လှမ်းပြောသောအခါ အိပ်ရာပေါ်မှမာမီက တံတောင်ဆစ်ကို အားပြု၍ ထောက်ကာ ထထိုင်လေသည်။

ထွေးအိနက်မှောင်သောဆံပင်များသည် ပြေလျော့ကျနေသည်။ မာမီဝတ်ထားသော ညဝတ်အင်္ကျီလေးသည်လည်း ပါးလွှာလှသည်။ ပြာလွဲ့လွဲ့ မီးရောင်လေးတွင် တိုးလျှိုးပေါက်နီးပါးမြင်နေရသည်။ မည်သို့ပင်ဆိုစေ မာမီသည် အလှကြီးလှနေသည်ကို စုလှိုင်မှတ်မိသည်။ မျက်ရည်စများ မစင်သေးသော စုလှိုင်၏ ငိုမဲ့မဲ့မျက်နှာလေးကို မာမီကလှမ်းကြည့်ကာ ညည်းသလိုလိုပြောသည်။

'ဘာလာရှုပ်တာလဲ စု ရယ်'

'မာမီနဲ့အိပ်မယ်'

'မာမီမအားဘူး စု၊ ဒက်ဒီနဲ့စကားပြောရဦးမယ်'

အိပ်ရာထဲတွင်အိပ်နေသောမာမီက မအားဘူးဟုပြောသည်ကို စုလှိုင်လေး လုံးဝနားမလည်နိုင်ချေ။ မာမီ့စကားကိုကြားသောအခါ၌ ဒက်ဒီ သဘောကျသလို ရယ်လိုက်သည်ကိုတော့ သတိထားလိုက်မိလေသည်။

'မာမီနဲ့အိပ်မယ်'

'အို တော်ကြာ သေးပေါက် ဘာပေါက်နဲ့ မရှုပ်စမ်းပါနဲ့ သမီးရယ် နာနီ နာနီ'

မာမီက အော်ခေါ်သောအခါ စုလှိုင်သည် ဒက်ဒီ့လည်ပင်းကို အားကိုးတကြီးနှင့် တစ်အားဖက်ကာ အသံကုန်အော်မိလေတော့သည်။

'နာနီနဲ့အိပ်ဘူး မာမီနဲ့အိပ်မယ်၊ နာနီနဲ့အိပ်ဘူး'

နက်မှောင်ပျော့ပျောင်းသော ဆံခွေလေးများသည် မာမီ့နဖူးပြင်ပေါ်တွင် ဝဲကျနေသည်။ အပြာနုရောင်အခန်းထဲသို့ လျှပ်ရောင်တဝင်းဝင်း ဝင်ရောက်လာသောအခါများတွင် မာမီ့မျက်နှာလေးသည် ပို၍လင်းပြီး ပို၍လှသွားတတ်သည်။ စုလှိုင်ငယ်လှသေးသောကြောင့် မာမီ့မျက်လုံးများကိုမူ အကဲမခတ်တတ်ခဲ့ချေ။

'ကလေးထွက်လာတာမသိဘူးလား နာနီ၊ ဂရုစိုက်မှပေါ့'

ဒက်ဒီသည် သူ့လည်ပင်းကိုဖက်တွယ်ထားသော စုလှိုင်၏လက်ချောင်းနုနုလေးများကို ဆွဲဖြုတ်ရင်း နာနီကို အပြစ်တင်သည်။ ထို့နောက် အိပ်ချင်မူးတူးနှင့်ထလာသောနာနီ၏ အေးစက်စက်လက်များထဲသို့ စုလှိုင်လေးကို ထည့်လိုက်သည်။ စုလှိုင်သည် နာနီ၏လက်တွင်း၌ ကော့ထိုးရုန်းကန်နေစဉ် ဝုန်းခနဲဒိုင်းခနဲ မြည်ဟည်းသွားသော မိုးကြိုးသံကို ကြားရပြန်သည်။

စုလှိုင်ထင်သည်။ စုလှိုင်ကြီးပြင်းလာသောအခါ၌တွေးမိသည်။ ထိုအချိန်က ပစ်လိုက်သောမိုးကြိုးနှင့်မိုးရေများထဲတွင် စိုးရွံ့ခြင်း၊ အားငယ်ခြင်း၊ အထီး ကျန်နိုင်ခြင်း၊ ကြေကွဲဝမ်းနည်းခြင်းဟူသော အမှောင်ရိပ်များ ပါလာသည် ထင်သည်။ သူ့နှလုံးသား ငယ်ငယ်နုနုလေးကို ထိုအမှောင်ရိပ်များက စောင်မည်းကြီးလို လွှမ်းခြုံလိုက်လေသည်။

စုလှိုင်သည် အော်ဟစ်မငိုတော့ပေ၊ လက်နက်ချ အရှုံးပေးလိုက်သူလို နာနီ၏လက်ထဲ၌ ပါသွားရင်း မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလာသည်။ တအင့်အင့်ရှိုက်ရင်း မာမီ့အခန်းဆီမှ ပြာလဲ့လဲ့မီးရောင်လေးကို လည်ပြန်ပြီး တမ်းတမ်းတတ ကြည့်မိသည်။ စုလှိုင်ကြည့်နေစဉ်မှာပင် တံခါးရွက်များ ပိတ်သွားသည်။ ထို့နောက် ဂျက်ချသံကို ကြားရသည်။

စုလှိုင်လေး၏ရင်ထဲတွင် ဟာသွားလေသည်။

*

'ဇာတ်ကြီးဆယ်ဘွဲ့လေ သိတယ်မဟုတ်လား၊ 'တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ တဲ့'

'တေက တေမိ၊ ဇက ဇနက္က၊ သုက သုဝဏ္ဏသာမ၊ နေက နေမိ၊ မက မဟောသဓ၊ ဘူက ဘာလဲဟင် မိသက်'

အမာညိုသည် လက်တစ်ချောင်းစီချိုးကာ ရေတွက်နေရင်း မျက်မှောင်ကုတ်သွားသည်။ ထို့နောက် သက်သက်ကို လှမ်းမေးသည်။

'ဘူရိဒတ်လေဟယ် နဂါးမင်း၊ ဘူရိဒတ်နဂါးမင်း၊ လူ့ပြည်လာပြီး ဥပုသ်စောင့်တာ'

'အဲ ဟုတ်သားပဲ၊ စံက စန္ဒကုမ္မာရနော်၊ ဟုတ်ရဲ့လား၊ နာက နာရဒထင်တယ်၊ မသေချာဘူး၊ အဲဒါ ရသေ့လား ဘုရင်လား'

'သေချာမသိဘူးဟဲ့'

'အေးဟယ် အဲဒီအကြောင်း သေသေချာချာမသိဘူး၊ မေမေပြောပြတဲ့အထဲမှာ အဲဒီ နာရဒအကြောင်းမပါသေးဘူး'

'ဟယ် အမာညို နင်ခုထိ ပုံနားထောင်တုန်းပဲလား'

'ဒါပေ့ါဟ အဲဒီဇာတ်ကြီးဆယ်ဘွဲ့စလုံး မေမေပြောပြတာတွေပေ့ါ၊ မေမေကြီးလည်း ပြောတတ်တာပဲ၊ မေမေကြီးပြောပြတာက ပိုကောင်းတယ်၊ ဟန်နဲ့ပန်နဲ့ ကွက်စိပ်ဟောသလို ပြောပြတာ သိပ်ကောင်းတာပဲ သိလား၊ မေမေကြီးက အဲဒီထဲက ဝေဿန္တရာဇာတ်ကို ကြိုက်တယ်တဲ့၊ ငါကတော့ မဟောသဓဇာတ်ကို ပိုကြိုက်တယ်'

စုလှိုင်သည် တွက်လက်စ သင်္ချာပုစ္ဆာကို ဆက်မတွက်ဖြစ်ဘဲ သူတို့နှစ်ဦးကို ငေးကြည့်နေမိသည်။ ဆရာမ မလာသောကြောင့် တစ်တန်းလုံး လွတ်လပ်ရေး ရနေသည်။ စာမေးပွဲနီးပြီဖြစ်၍ စာကျက်နေကြရန် ဆရာမကြီးက လာရောက်ပြောကြားထားသည်။ ထို့ကြောင့် တစ်တန်းလုံး စာကျက်နေကြသော်လည်း အမာညိုနှင့် သက်သက်ကမူ စာကိုခဏသာ စိတ်ဝင်စားလိုက်သည်။ စာတစ်ပိုဒ်နှစ်ပိုဒ်ခန့်ကျက်ပြီးသောအခါ ဆီးပြားခိုးစားရင်း စကားဖောင်ဖွဲ့ကြတော့သည်။

'ဘာဖြစ်လို့'

'မဟောသဓကေ ပျော်ဖို့ကောင်းတယ်ဟ၊ ပညာစမ်းခန်းတွေကလည်း ကောင်းတယ်'

'ဘာလဲ လည်ရွဲပြဿနာတို့၊ နွားပြဿနာတို့၊ ရှားနှစ်တုတ်ပြဿနာတို့ကို ကြိုက်တာလား'

'အဲဒါတင်ဘယ်ကမလဲ၊ ဒုတိယတွဲမှာ သူတို့တိုင်းပြည်ကိုရန်သူလာဝိုင်းတဲ့အကြောင်း ပါသေးတယ်တဲ့ မေမေကြီးက ပြောတယ်၊ မြို့ကိုဝိုင်းပြီး

အစာရေစာပြတ်အောင်လုပ်ထားတော့ မဟောသဓေ ဉာဏ်ဆင်တာ သိပ်ကောင်းတာပဲ သိလား'

'ဘယ်လို ဉာဏ်ဆင်လို့လဲ'

'ဝါးတွေကိုအဆစ်ဖောက်ပြီး ကြာပင်စိုက်သတဲ့၊ ကြာဆိုတာ ရေမြင့်သလောက် မြင့်တယ်မဟုတ်လား၊ ဒီတော့ ကြာရိုးကြီးက ဝါးလုံးအရှည်အတိုင်း အရှည်ကြီးဖြစ်လာတာပေါ့၊ အဲဒီတော့မှ ကြာရိုးတွေကိုခွေပြီး ရန်သူဆီ ပစ်ပေးတယ်တဲ့၊ ငါတို့ဆီမှာ ဒီလောက်နက်တဲ့ရေကန်တွေရှိနေတာ ဘာပူရမှာလဲ ဆိုပြီး တစ်ပတ်ရိုက်လိုက်တာပေါ့'

'ဟား ဟား တော်တော်ဉာဏ်ကောင်းတယ်၊ အဲဒီအကြောင်းတွေ နင်ဘယ်ကသိ'

'မေကြီးပြောပြတာပေါ့'

စုလှိုင်သည် ပင့်သက်ကလေးရှိုက်ကာ ခေါင်းကိုငုံ့ထားလိုက်သည်။ အမာညိုပြောနေသည့်အကြောင်းအရာများကို သူလုံးဝမသိပေ။ သိရအောင်လည်း ပြောပြမည့်သူ မရှိချေ။ မာမီကြီးသည် ရစ်ချတ်သခင်ကြီးနှင့် ဝန်ထောက်မင်းဦးဘတင့်၏အကြောင်းကိုသာပြောပြတတ်သည်။ မာမီသည် စပိတ်၊ ဒိုင်းမွန်းနှင့် ဂျက်၊ ကင်း၊ ကွင်းများအကြောင်းကိုသာ သိလိမ့်မည်ထင်သည်။ ဒက်ဒီကမူ ဇာတ်ကြီးဆယ်ဘွဲ့သိဖို့နေနေသာသာ ဘုရားရှိခိုးကိုပင် ဆုံးအောင်တတ်မည့်သူ မဟုတ်ပေ။ သိလျှင်လည်း စုလှိုင်ကိုပြောပြနိုင်လောက်အောင် အားလပ်ချိန် မရှိပေ။ အားလပ်ချိန်ရှိစေဦး၊ သိစေဦးတော့ စုလှိုင်ကိုပြောပြလိမ့်မည်လည်း မထင်ပါ။

'ငါငယ်ငယ်တုန်းကဆိုရင် ပုံနားမထောင်ရရင် မအိပ်ဘူး၊ ညီလင်းဆိုရင် သာဆိုးသေး၊ ငါ့တုန်းက သိပြီးသားပုံပေမယ့် နားထောင်သေးတယ်၊ ညီလင်းက သူသိပြီးသားပုံဆိုရင် အာပြဲကြီးနှင့်အော်ရောတဲ့သိလား'

'အေးနော် ပုံနားထောင်ရင်းအိပ်ပျော်သွားရတာ သိပ်ဇိမ်ရှိတာပဲ'

သက်သက်သည် ဆီးပြားကို တမြုံ့မြုံ့စားနေသည်။ သူ့ကိုလှမ်းကြည့်သော စုလှိုင်ကိုတွေ့သောအခါ ပြုံးရယ်ရင်း ဆီးပြားလေးကို ခုံအောက်မှလက်လျှို၍လှမ်းပေးသည်။ စုလှိုင်သည် ခေါင်းကိုအသာခါယမ်းကာ ငြင်းလိုက်လေသည်။ ထိုသို့သော ဆီးထုပ်ဆီးပြားများကို စုလှိုင်စားလေ့မရှိပေ။

'ကောင်းတယ် စုလှိုင်ရဲ့၊ ချိုချိုမွှေးမွှေးလေး စားကြည့်'

သက်သက်သည် သူ့ဆီးပြားကို ချီးမွမ်းခန်းဖွင့်ရင်း မျက်မှောင်ကုတ်သွားသည်။ ထို့နောက် ပါးစပ်ထဲမှ တစ်စုံတစ်ခုကိုဆွဲထုတ်လိုက်ကာ လက်ဝါးပေါ် တင်ကြည့်လိုက်သည်။ ပေရေနေသော တံမြက်စည်းရိုးလေး ဖြစ်သည်။ ရုတ်ခြည်း ရှုံ့မဲ့သွားသော သက်သက်၏ မျက်နှာကို ကြည့်ကာ အမာညိုက တဟားဟားနှင့်ထရယ်လေတော့သည်။

'ဆီးပြားထဲက ပါတာလား'

စုလှိုင်က ပြုံးစေ့စေ့နှင့်မေးလိုက်မိသည်။ သက်သက်က မသက်မသာနှင့် ခေါင်းညိတ်ပြသည်။ ထို့နောက် ပါးစပ်ကိုဟကာ အာမထိ လျှာမထိနှင့် ရှုံ့ရှုံ့မဲ့မဲ့ပြောသည်။

'ဒါကြောင့် ကောင်းတာထင်တယ်၊ တုတ်မို့လို့သိတာ၊ ခွေးချေးသာဆိုရင် သိမှာမဟုတ်ဘူး၊ ပျော့စိစိနဲ့ရောနေမှာ'

'အောင်မာ အခုဟာကရော ခွေးချေးထဲမှာပါလာတဲ့တုတ် ဖြစ်ချင်ဖြစ်မှာပေါ့၊ မဟုတ်ဘူးလားစုလှိုင်ရယ်'

'ထွီ'

သက်သက်သည် သူ့ပါးစပ်ထဲမှ ဆီးမှုန့်များကိုပါ ထွေးထုတ်လိုက်သည်။ ရှုံ့မဲ့နေသဖြင့် နဂိုက ကျဉ်းသော မျက်စိပေါက်ကလေးများက ပို၍ ကျဉ်းသွားသဖြင့် သူ့မျက်နှာလေးသည် ရယ်စရာကောင်းနေသည်။

'ဒါမှမဟုတ် အိမ်သာလှည်းတဲ့တံမြက်စည်းက အရိုးကျိုးလာတာလားမသိတာ'

အယ်မာထွေးကပါ နောက်လှည့်ကြည့်ရင်း ဝင်ပြောသည်။ ထိုအခါ သက်သက်သည် ရေအိုးစင်ဆီသို့ ကမန်းကတန်းထပြေးလေတော့သည်။ တခွီးခွီးနှင့် ပလုတ်ကျင်းနေသော သက်သက်ကိုလှည့်ကြည့်ရင်း တစ်တန်းလုံး အာရုံပျက်ပြားကုန်ကြတော့သည်။ တအုန်းအုန်းရယ်မောမိကြတော့သည်။ စုလှိုင်သည်လည်း အများနှင့်လိုက်၍ရယ်မောမိလေသည်။

'ဒါ ရွံစရာလား မိသက်ရ၊ မြတ်စွာဘုရားအလောင်းတော်တောင် မစင်နဲ့ လိမ်းကျံတာခံခဲ့ရသေးတာပဲ၊ တေမိဇာတ်တော်ထဲမှာလေ၊ နင်ကလည်း ဇာတ် ကြီး ဆယ်ဘွဲ့အကြောင်း ပြောနေရင်းများတောင် တရားသဘောကို နှလုံးမသွင်းတတ်ဘူး'

အမာညိုက ရယ်မောနေရင်းမှ မထိတထိ ထပ်စနေသေးသည်။ သက်

သက်သည် ဘာမှပြန်မပြောတော့ဘဲ မျက်စောင်းသာတစ်အားပစ်ထိုးလိုက်သည်။ နဂါးသာဆိုလျှင် အမာညို ပြာကျလောက်ပေပြီ။ နဂါးဟုဆိုသောအခါ စုလှိုင်သည် အမာညိုတို့နှစ်ဦး ခုနတုန်းကပြောနေသော ဘူရိဒတ်ဟူသော နဂါးမင်းအကြောင်း သတိရမိသည်။ ထိုနဂါးမင်းအကြောင်းကိုလည်း စုလှိုင်မသိပေ။ မာမီ့လက်မောင်းပေါ် ခေါင်းအုံးပြီး မာမီ့ကိုယ်နံ့ မွှေးမွှေးလေးကိုရှူရှိုက်ရင်း ဘူရိဒတ်ပုံပြင်ကို နားထောင်ရသော် မည်မျှ ကောင်းလေမည်နည်းဟုတွေးရင်း ရင်ထဲတွင် လှိုက်မောသွားလေသည်။

'ဟော့ တီချာဒေါ်ခင်အေးလာနေတယ် ရှူး'

အတန်းထိပ်တွင်ထိုင်သော သန်းသန်းခင်က အချိန်မီသတိပေးသည်။ မီးကိုရေနှင့်ဖျန်းချလိုက်သလို တစ်တန်းလုံးငြိမ်တိတ်သွားလေသည်။ မှတ်စုစာအုပ်ကလေးများကိုယ်စီနှင့် ကျက်ကြ၊ မှတ်ကြ၊ တွက်ကြ ချက်ကြနှင့် ချက်ချင်း အလုပ်ရှုပ်ကုန်ကြတော့သည်။ ထို့ကြောင့် ဆရာမ အခန်းထဲ ဝင်လာသောအခါတွင် ငြိမ်ဝပ်လျက်ရှိသော တပည့်လိမ္မာကလေးများကို တွေ့ရလေသည်။

'တယ်ဟုတ်ပါလားဟေ့၊ ခင်ခင်လှက တစ်တန်းလုံးကိုငြိမ်နေအောင် ထိန်းထားတာပေါ့လေ၊ ကောင်းတယ် ကောင်းတယ်၊ စာဆက်ကျက်ကြ၊ ဟုတ်လား၊ စာမေးပွဲက တစ်လကျော်ကျော်ပဲလိုတော့တာ'

ဆရာမက အတန်းမော်နီတာ ခင်ခင်လှကို ချီးကျူးသောအခါ အယ်မာထွေးသည် ရယ်ချင်လွန်းသဖြင့် နှုတ်ခမ်းကိုဖိကိုက်ကာ မျက်နှာကို ငုံ့ထားရသည်။ ခင်ခင်လှ၏လက်ထဲတွင် သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးစာအုပ်ရှိသည်။ ကျက်မှတ်နေခြင်းတော့ မဟုတ်ပါ။ အယ်မာထွေးနှင့်အတူ စာအုပ် လှန်တမ်းကစားနေခြင်းဖြစ်၏။ ထို့ကြောင့် ဆရာမက ချီးကျူးသောအခါ သူသည် မျက်နှာနီ သွားပြီး မလုံမလဲဖြစ်သွားသည်။ ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

'အေး အေး၊ စာဆက်ကျက်နေကြနော်'

ဆရာမ ပြန်ထွက်သွားသောအခါမှ ခင်ခင်လှသည် သက်ပြင်းကြီး ဟင်းခနဲချလိုက်မိလေသည်။ ထို့နောက် ပါးစပ်ထဲတွင်ငုံထားသော သကြားလုံးကို ကမန်းကတန်း ဝါးစားလိုက်သည်။ ခုနတုန်းက တစ်ချိန်လုံး ရင်ထိတ်နေရသည်။ ဆရာမကသာ သူ့ကို တစ်ခုခုမေးလျှင် မည်ကဲ့သို့ပြန်ဖြေရမည်ပင်မသိ။ ပါးစပ်ဟလိုက်သည်နှင့်ငုံထားသောသကြားလုံးက ထွက်ကျတော့မည် ဖြစ်သည်။ ဆရာမလာပြီဆိုစဉ်က ခုံပေါ်တွင်လောင်းကြေးတင်ထားသော ဩဇာ

စေ့များကို ကမန်းကတန်းဝှက်နေရလေသည်။ ထို့ကြောင့် ပါးစပ်ထဲတွင်ရှိသော သကြားလုံးကို အချိန်မီထွေးထုတ်ရန် သတိမရဘဲဖြစ် ခဲ့ရသည်။ ဆရာမ သူ့ရှေ့ လာရပ်သောအခါမှပင် သတိရတော့သည်။ ထွေးထုတ်၍လည်းမရ၊ မျိုချ၍ လည်းမရနှင့်မို့ ဂေါ်လီလုံးခန့်ကြီးသော သကြားလုံးကြီးကို ပါးစောင်တွင် ငုံ ထားရင်း ရင်တဒိတ်ဒိတ်ခုန်နေခဲ့ရသည်။ အရေးထဲ ဆရာမက ချီးကျူးနေပြန် သောအခါ မျက်နှာကိုပင် ဘယ်လိုထားရမည် မသိတော့ချေ။ ထို့ကြောင့် ယခုမှ အငြိုးတကြီးနှင့်ဝါးစားပစ်မိတော့သည်။ ကျောင်းသူတော်ကြွက်သူခိုး ခင်ခင်လှကို ကြည့်ရင်း တစ်တန်းလုံးကျိတ်ပြီး ရယ်နေမိကြသည်။ အတန်းခေါင်းဆောင်ပင် ဖြစ်သော်လည်း မဟုတ်တာမှန်သမျှ အကုန်လုပ်သော ခင်ခင်လှကို တစ်တန်း လုံးက ချစ်ကြလေသည်။ သူကိုယ်တိုင် မုန့်ခိုးစားလေ့ရှိသဖြင့် အခြားသူများ မုန့်ခိုးစားသည်ကိုတွေ့သောအခါ မမြင်ချင်ဟန်ဆောင်တတ်သည်။ သူကိုယ် တိုင် စာခိုးချလေ့ရှိ သဖြင့် အခြားသူများခိုးချသည်ကိုလည်း မျက်ကွယ်ပြုတတ်သူ မို့ သူ့ကိုသာ အစဉ်အမြဲ အတန်းခေါင်းဆောင်တင်ကြသည်။ ခင်ခင်လှသည် စာသိပ်မတော်သော်လည်း ရိုးသားပွင့်လင်းသဖြင့် ဆရာမများကလည်း ချစ်ကြ ပြန်သည်။ စုလှိုင်ကမူ ခင်ခင်လှကို သိပ်သဘောမကျချေ။ ဆရာမများရှေ့တွင် အမှတ်ယူပြီး ကွယ်ရာတွင် ထင်ရာလုပ်သောသူဟုသာ ထင်မြင်ယူဆမိ သည်။ ထို့ကြောင့် အထင်လည်း မကြီး ခင်လည်း သိပ်မခင်ချေ။ ခင်ခင်လှကိုသာ မဟုတ်။ စုလှိုင် မည်သူ့ကိုမျှလည်း သိပ်မခင်ပေ။ အေးအေးသာနေတတ်သည်။

'မိသက်'

'ဘာလဲဟ'

'ကိုကိုကပြောတယ် သိလား'

'ဘာတဲ့လဲ၊ ဘာတဲ့လဲ'

သက်သက်က ပျာပျာသလဲဟန်နှင့် ပြောင်ချော်ချော်မေးသည်။ သို့ သော် အမှန်တကယ်စိတ်ဝင်စားခြင်းဖြစ်ကြောင်းကို မျက်လုံးလေးများက ဖော်ပြ နေကြသည်။

'ကြိုက်တယ်တဲ့'

'ဟင်၊ ရှက်စရာကြီး'

'ဟုတ်တယ်၊ လက်ဖက်သုပ် သိပ်ကြိုက်တာပဲတဲ့'

'အယ်၊ ခွေးမ'

သက်သက်သည် မျက်နှာလေးနီသွားပြီး အမာညို့ပေါင်ကို ရက်ရက်နှင့်လှမ်းဆိတ်လိုက်သည်။ အမာညိုက သက်သက်၏လက်ကိုလှမ်း၍ ဖမ်းကိုင်ထားရင်း ရယ်နေသည်။

'ယောက်မရယ်၊ နင်ကလည်း ငါ့ကိုချည်းအားကိုးနေလို့ဖြစ်မှာလား၊ ကိုယ့်ဟာကိုယ်လည်း အားထုတ်ဦးမှပေါ့'

'ဟုတ်တယ်၊ ကျွန်မက ရှင့်အစ်ကိုကို ရည်းစားစာရေးပေးရမှာလား၊ ကိုကျော်ထွန်းညိုရယ် ရှင့်ကိုလေ ကျွန်မ ချစ်လိုက်ရတာ ဆတ်ဆတ်ကို တုန်နေတာပဲလို့ ရေးပေးလိုက်မယ်လေ၊ ကဲ'

သက်သက်က အရွဲ့တိုက်ကာ ပြောသည်။ သူတို့နှစ်ဦးသည် တစ်လမ်းကျော်သာဝေး၍ အိမ်ချင်းနီးသည်။ ကျော်ထွန်းညိုနှင့်ကစားဖက်မဟုတ်သော်လည်း အပျိုဖော် မဝင်မီကတည်းက သိခဲ့ခင်ခဲ့ရသည်။ အမာညိုခေါ်သလိုပင် သူကလည်း 'ကိုကို' ဟု လိုက်ခေါ်လေသည်။

'နင်ကလည်းဟယ် စိတ်ချည်းပဲ၊ ဒီလောက်တော့ မလိုပါဘူး၊ ဒါပေမဲ့ အိမ်ကိုလာရင် အလှလေးဘာလေးပြင်ပြီးလာလေဟာ၊ ဒါမှ ကိုကိုက ကြိုက်မှာပေါ့၊ ယောကျ်ားဆိုတာ လှရင်ကြိုက်တာပဲဟ'

'ဟော့ အေးဟယ်'

'ဘာဖြစ်လို့လဲ'

'ဟင် ချက်တယ်၊ ချက်တာပေါ့'

သက်သက်က မျက်နှာကို လက်ဝါးနှင့်အုပ်ကာ မပီကလာ ပီကလာနှင့် ရွတ်နောက်နောက်ပြောလေသည်။ စုလှိုင်သည် တွက်လက်စသင်္ချာပုစ္ဆာ အဖြေထွက်သွားပြီဖြစ်သဖြင့် ခါးကိုဆန့်ကာ အညောင်းဖြေလိုက်သည်။ ထို့နောက် အခန်းအနောက်ဘက်ရေအိုးစင်ဆီသို့ လျှောက်ခဲ့သည်။ စုလှိုင်၏နောက်ကျောကို လှမ်းကြည့်ရင်း အမာညိုက တိုးတိုးလေးပြောသည်။

'ဒို့ခုံတပ်ပုံတွေထဲမှာ ကိုကိုက စုလှိုင်ကိုမှ စိတ်ဝင်စားတယ်ဟ၊ ဘယ်သူလဲတဲ့ မေးနေတယ်'

'စုလှိုင်က လှတာကိုး'

သက်သက်ကမှတ်ချက်ချရင်း သူ့မျက်လုံး အစ်အစ်ကလေးများကို စိတ်ထဲမှ မကျေမနပ်ဖြစ်သွားသည်။ သူ၏မျက်လုံးကလေးများသည် စုလှိုင်လို ဝိုင်းဝန်းလှပပြီး မျက်တောင်ရှည်များ ဘောင်ခတ်ထားပါက ခုံတပ်ပုံထဲတွင်

ထူးခြားပေါ်လွင်လိမ့်မည်ထင်သည်။

'သူက လှတာကိုး'

သက်သက်က ဒုတိယအကြိမ်ပြောမိပြန်သည်။ ထို့နောက် တစ်သက်နှင့်တစ်ကိုယ် ပထမဦးဆုံးအကြိမ် တစ်ဦးတစ်ယောက်ကို မနာလိုဖြစ်မိလေသည်။

စုလှိုင်ကိုဖြစ်သည်။

ထို့ထက် ရှင်းရှင်းပြောရလျှင် စုလှိုင်၏ အလှအပကို ဖြစ်လေသည်။

*

သက်သက် ဒုတိယအကြိမ် စုလှိုင်ကို မနာလိုဖြစ်မိသည်ကား သင်္ချာဖြေသောနေ့တွင်ဖြစ်သည်။

'ဟယ် လျှမ်းလိုက်တာ၊ ငါ့နှယ် လျှမ်းသွားတယ် သေလိုက်ပါတော့လား မိသက်ရယ်'

သက်သက်သည် သူ့နဖူးကိုသူထုကာ အော်မိသည်။ မတွက်တတ်သည်မဟုတ်ပါဘဲနှင့် အပေါင်းအနှုတ်၊ အမြှောက် အစားလွဲသောကြောင့် အဖြေမှားရသည်မို့ စိတ်ထဲတွင် မချိတရိဖြစ်ရသည်။ ချုံးပွဲချ ငိုလိုက်တော့ မလို မျက်ရည်များ ရစ်ဝိုင်းကာ နှုတ်ခမ်းလေးများပင် တဆတ်ဆတ်တုန်နေသည်အထိ စိတ်ထိခိုက်ရသည်။

'ငါးပုဒ်ခွဲပဲမှန်တယ်၊ တစ်ပုဒ်က အဖြေနားရောက်ခါနီးမှ ချော်ထွက်သွားတယ်ဟာ'

'တော်သေးတာပေါ့အမာညိုရဲ့၊ ငါက ခုနစ်ပုဒ်ဖြေရမှာ သုံးပုဒ်လုံးလုံး လျှမ်းလွတ်လိုက်တယ်၊ ပုဒ်ခွဲတစ်ပုဒ်က မှားသေးတယ်၊ ကဲ အောင်ရင် တောင်ကံကောင်း'

သက်သက်သည် ပြောရင်းဆိုရင်း မျက်ရည်များကျလာသည်။

'ခုနစ်ပုဒ်မှာ သုံးပုဒ်ခွဲမှန်နေပြီပဲ မိသက်ရယ်၊ အမှတ်ငါးဆယ်ရရင် မဆိုးပါဘူး၊ အောင်နေတာပဲ'

အမာညိုက တတ်သမျှ မှတ်သမျှ အားပေးနေစဉ် သက်သက်သည် မြက်ခင်းပေါ်တွင် ငုတ်တုတ်လေးထိုင်ချလိုက်သည်။ ထိုနောက် ဘေးလူများကို

ပင် မရှက်နိုင်ဘဲ ရှိုက်နေလေသည်။

'အောင်ရုံလေး ဘာလုပ်ရမှာလဲ၊ ဒီအမှတ်ကလေးနဲ့ ငါဖြစ်ချင်တဲ့ အင်ဂျင်နီယာ ဖြစ်မှာလားဟဲ့'

'နင်ကလည်းဟာ အကောင်းဘက်က တွေးစမ်းပါ၊ အကုန်လုံးမှား တာနဲ့စာရင် သုံးပုဒ်ခွဲမှန်တာက သိပ်ကောင်းနေတာပဲ'

'ဘာကောင်းတာလဲ၊ ချီး ချီးမှပဲ၊ ကောင်းရင် နင့်အမှတ်နဲ့ ငါ့အမှတ် နဲ့ လဲပါလား'

သက်သက်သည် ကလေးဆန်စွာပင် ဒေါနှင့်မောနှင့်ပြောလေသည်။ ထို့နောက် မျက်ရည်များကို အင်္ကျီလက်နားနှင့်ပင့်ပြီးပွတ်သုတ်သည်။ အမာညိုက သူ့လက်ထဲမှ လက်ကိုင်ပဝါဖြူကလေးကို လှမ်းပေးလိုက်ပြီးမှ သတိရပြီး ကမန်းကတန်းလက်ကိုပြန်ဆုတ်သည်။ သို့သော် မမီတော့ချေ။ သက်သက် သည် ဆောင့်ကြီးအောင့်ကြီးလှမ်း၍ဆွဲယူကာ ရှီးခနဲ နှပ်ညှစ်ထည့်လိုက်သည်။

အမာညိုသည် သူ၏လက်ကိုင်ပဝါလေးကို မျက်နှာငယ်ငယ်ကလေး နှင့် နှမြောတသစွာကြည့်နေမိသည်။ စာမေးပွဲအတွင်း နေ့တိုင်း ဆောင်ထားရန် ဗားကရာမှဘုန်းကြီးတစ်ပါးက မန်းမှုတ်ပေးထားသော ဆေးလက်ကိုင်ပဝါလေး ဖြစ်သည်။ ထိုလက်ကိုင်ပဝါလေးကို စာမေးပွဲဖြေနေစဉ် ခုံပေါ်တင်ထားပြီး အိမ် ပြန်ရောက်သောအခါ ဘုရားစင်တွင် တရိုတသေ တင်ထားရမည်ဟု ဆိုလေ သည်။ စာမေးပွဲအခန်းထဲမှ အထွက်၌ လက်ထဲတွင် ဖွဖွကိုင်ထားရင်း ရိုးရိုး လက်ကိုင်ပဝါမှတ်၍ အမှတ်မဲ့ လှမ်းပေးမိခြင်းဖြစ်သည်။

'ဟယ် ဟိုမှာ အဖြေစာရွက်တွေယူသွားပြီ၊ မိမာညို ငါလိုက်လုချင် တယ်ဟယ် လုချင်တယ်၊ ပြန်ဖြေချင်တယ်'

'အဖြေစာရွက်များကို သယ်သွားသည်ကိုတွေ့ရသောအခါ သက် သက်သည် မြေကြီးကိုဖနောင့်နှင့်ပေါက်ရင်း ကျိတ်မနိုင်ခဲမရ အော်ပြန်လေသည်။ စင်စစ်အားဖြင့် သက်သက်သည် အမာညိုထက် သချာတော်လေသည်။ လစဉ် စာမေးပွဲများ၌လည်း အမြဲလိုလို အမှတ်ပြည့်နီးပါးရတတ်သည်။ အရေးကြီးဆုံး စာမေးပွဲကြီးကျမှ မှန်ချင်လွန်းဇောကြီးပြီး တစ်လွဲတွေလျှောက်ဖြစ်ကုန်ခြင်း ဖြစ် သည်။ သို့သော် ထိုတစ်လွဲများက ပြင်၍မရသော တစ်လွဲများဖြစ်သည်။ ထိုအမှတ် များပေါ်မူတည်ပြီး တက္ကသိုလ်ပညာကို သင်ယူကြရမည်မို့ သက်သက်ခမျာ သူဖြစ်ချင်လှသော အင်ဂျင်နီယာမ ကြီးဖြစ်ရန် သိပ်ပြီး မလွယ်ကူလှတော့ချေ။

'စုလှိုင် ဟော့ စုလှိုင် ဘယ်နှပုဒ် မှန်လဲဟင်'

အမာညိုကလှမ်းအော်ပြီးမေးသောအခါ ကျောင်းပေါက်ဝနားရောက်နေသော စုလှိုင်က လှည့်ကြည့်သည်။ ထို့နောက် ခပ်ဖြေးဖြေးပြန်လျှောက်လာလေသည်။

'အဖြေတွေ တိုက်ကြည့်ပြီးပလားဟင်'

'အင်း'

'ဘယ်လောက်မှန်လဲ'

အမာညိုက အလောတကြီးမေးသည်။ သက်သက် ရုတ်တရက် မျက်ရည်အကျရပ်သွားပြီး စုလှိုင်ကိုမော့ကြည့်သည်။ အလိုလိုနားစွင့်မိလျက်သားဖြစ်သွားသည်။ စုလှိုင်သည် မြက်ခင်းပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ရင်းမှ သူ့ကိုမော့ကြည့်နေသော သက်သက်ကို အံ့ဩသလိုကြည့်သည်။ ထို့နောက် ခပ်အေးအေး ဖြေလေသည်။

'အကုန်မှန်တယ် ထင်တာပဲ'

'ဟယ် တော်လိုက်တာဟယ်'

အမာညိုက ချီးကျူးလိုက်စဉ် သက်သက်၏ပါးပြင်ပေါ်သို့မျက်ရည်များ စီးကျလာပြန်လေသည်။ ထို့နောက် တစ်သက်နှင့်တစ်ကိုယ် ဒုတိယ အကြိမ်မနာလိုဖြစ်မိပြန်လေသည်။ စုလှိုင်ကိုဖြစ်သည်။ ဒီထက်ရှင်းရှင်း ပြောရလျှင် အကုန်လုံးမှန်အောင်ဖြေနိုင်သော စုလှိုင်၏ဉာဏ်ရည်ကို ဖြစ်သည်။

'သက်သက်က ဘာလို့ ငိုနေတာလဲဟင်'

'သုံးပုဒ်ခွဲတောင် မှားသွားလို့တဲ့'

'ဟယ် လွယ်လွယ်လေးတွေကိုများ'

အမာညိုက သက်သက်ကိုယ်စား ဝင်ဖြေသည်။ စုလှိုင်၏မှတ်ချက်ကို ကြားရသောအခါ သက်သက်သည် ရုတ်တရက်ဒေါသဖြစ်သွားပြီး နေရာမှ ဆတ်ခနဲ ထလိုက်မိသည်။ စုလှိုင်တော်သည်မှာ မှန်ပါသည်။ ငြင်းစရာ မလိုပါပေ။ သို့သော် သူတော်တိုင်း သူတစ်ပါးကို နှိမ်နှိမ်ချချ ပြောရန် မလိုပါ၊ သုံးပုဒ်ခွဲလုံးလုံးမှားသူကို အကုန်လုံးမှန်သူက 'လွယ်လွယ်လေးတွေကိုများ' ဟု ပြောခြင်းသည် နှိမ်ချခြင်းပင်ဖြစ်သည်ဟု တွေးမိရင်း ဒေါသဖြစ်လာသည်။ ရင်ထဲတွင် မကျေမနပ်ဖြစ်နေသော အစိုင်အခဲသည် ထွက်ပေါက်ရှာ၍တွေ့သွားသည်။ သို့သော် တစ်စုံတစ်ခုပြန်ပြောလိုက်ချင်သော်လည်း ဘာပြောရမည်မသိဘဲ

စကားစ ရှာမရဖြစ်နေသည်။

'ဟော့ မိညို'

'ကိုကို'

အခြေအနေက တင်းမာတော့မည်ပြုစဉ် ရုတ်တရက် အာရုံပြောင်းသွားသည်။ အမာညို၏အနီးသို့ ခြေလှမ်းကျဲကြီးနှင့်လျှောက်လာသော ကျော်ထွန်းညိုကို စောင့်ကြည့်ရင်း သက်သက်သည် မျက်ရည်များကို ကမန်း ကတန်း သုတ်လိုက်မိလေသည်။

'ကြာလှချေလားလို့ စိတ်တောင်ပူလာရော၊ စောင့်နေရတာ စိတ်မရှည်တာနဲ့ ဝင်လာတာ နင်က လေပေါ်နေတာပေါ့လေ။ ကားကရုံးကား ဟ၊ အကြာကြီးစောင့်နေရရင် ဖေဖေ ဆူလိမ့်မယ်'

'အင်းပါ အင်းပါ ကိုကိုရ၊ အဖြေတိုက်နေတာပါ'

'အားလုံးမှန်ရဲ့လား'

'ဟင့်အင်း ဒါပေမဲ့ ငါးပုဒ်ခွဲမှန်ပါတယ်'

'အင်း သိပ်တော့မဆိုးပါဘူး'

ကျော်ထွန်းညိုက ဝေ့ကြည့်လိုက်သောအခါ သက်သက်သည် ပြန်မကြည့်ဘဲ မျက်လွှာချထားလေသည်။ ဖိနပ်ဦးနှင့်မြက်ပင်လေးများကို ထိုးကော်နေရင်း သူ့ကို 'ဖြေနိုင်လား' ဟု လှမ်း၍မေးလိုက်မည်ဟု စိုးရွံ့နေမိသည်။ ကြောက်ရွံ့၍ပင်မဆုံးသေး၊ မေးသံကိုကြားရတော့သည်။

'သက်သက်ရော ဘယ်နှပုဒ်မှန်လဲ'

သက်သက်သည် ဘာမှပြန်မဖြေနိုင်ဘဲ ခေါင်းကိုသာ တွင်တွင်ခါပြလိုက်သည်။ စကားပြောလိုက်ပါက ငိုသံပါသွားမည်စိုးသဖြင့် ပါးစပ်ကို တင်းတင်းပိတ်ထားသည်။

'သုံးပုဒ်ခွဲထဲမှန်တယ်လို့ဆိုပြီးထိုင်ငိုနေတာကိုကိုရ၊ ချော့လိုက်ပါဦး၊ အမာညိုချော့တာတော့ မရဘူး'

အမာညိုက အရေးထဲ တွန်းပေးနေပြန်လေသည်။ ကျော်ထွန်းညိုက သက်သက်၏နီအစ်နေသောမျက်လုံးလေးများကိုကြည့်ကာ ပြုံးလိုက်သည်။

'သက်သက်က ကလေးကျနေတာပဲ၊ အောင်ရင်တော်ရောပေါ့၊ ဒီပြင်ဘာသာတွေ ဂုဏ်ထူးရအောင်ဖြေပေါ့'

'သူက အင်္ဂလိပ်ကိုင်း... 

တော့ ဘာဖြစ်သေးလဲ မိသက်ရ၊ အင်ဂျင်နီယာကတော်လုပ်လိုက်ပေါ့နော် ကိုကိုရာ'

အမာညိုက ရှုးသလို ပေါသလို ပြောလိုက်သောအခါ သက်သက်သည် ရက်ရက်နှင့်မျက်နှာလေးငုံ့သွားသည်။ ပြုံးရယ်နေသော အင်ဂျင်နီယာကျောင်းသားကြီးကို ခိုးကြည့်ရင်း ရင်ခုန်လာလေသည်။

စုလှိုင်သည် သူတို့သုံးဦးကိုငြိမ်သက်စွာရပ်၍ကြည့်နေလေသည်။ ထို့နောက် လှည့်ထွက်သွားတော့မည်ပြုစဉ် ကျော်ထွန်းညိုက လှမ်း၍ပြုံးပြလေသည်။ စုလှိုင်သည် ရုတ်တရက်ပြန်မပြုံးမိသေးဘဲ သူ့ကိုစိတ်ဝင်တစား ကြည့်နေသော မျက်ဝန်းညိုများကို ခပ်အေးအေး ပြန်ကြည့်နေမိသည်။

'သူက စုလှိုင်လေ အမာညိုတို့အတန်းထဲကပဲ၊ စုလှိုင် သူက ကိုကို၊ နာမည်က ကျော်ထွန်းညိုတဲ့၊ စက်မှုတက္ကသိုလ်မှာ ဒုတိယနှစ် ရောက်ပြီလေ'

'ဟုတ်လား'

စုလှိုင်က ခေါင်းညိတ်ပြလိုက်စဉ် ကျော်ထွန်းညို၏မျက်နှာအပြောင်းအလဲကို သက်သက်က လှမ်း၍အကဲခတ်လိုက်မိလေသည်။

'ဖြေနိုင်လားခင်ဗျ'

'ဟုတ်ကဲ့'

'အကုန်လုံး မှန်တယ်ထင်တယ်'

'ဟုတ်ကဲ့'

ကျော်ထွန်းညိုက ဖော်ရွေစွာမေးသော်လည်း စုလှိုင်က မပွင့်တပွင့်လေးသာပြုံး၍ ခေါင်းကိုသာ အတွင်ညိတ်နေသည်။ နက်မှောင်ပျော့ပျောင်းသော ဆံပင်များကို နောက်ဘက်သို့အကုန်သိမ်းတင်ထားပြီး ဖဲပြားစိမ်းစိမ်းလေးနှင့် စည်းထားသည်မှလွဲ၍ သူ့မျက်နှာတွင် ဘာအပြင်အဆင်မှမရှိပေ။ သနပ်ခါးမလိမ်းဘဲ အဆီတမျိုးမျိုးလိမ်းထားဟန်ရှိသည်။ ဝင်းပြီး ပြောင်နေသော်လည်း တစ်မျိုးကြည့်ကောင်းနေလေသည်။ ကျော်ထွန်းညိုသည် ထိုမျက်နှာလေးကို စိတ်ကူးထဲ၌ တစ်ပတ်လျှိုဆံထုံးထုံးပြီး နှင်းဆီဖြူလေး တစ်ပွင့်ပန်ဆင်ကြည့်မိသည်။ ရွှေဘိုသနပ်ခါးဝါဝါလေးလိမ်းကြည့်မိသည်။

'ကိုကိုတို့များ ငမ်းလိုက်တာ'

အိမ်သို့ရောက်သည်အထိပင် မအောင့်နိုင်ချေ၊ ကားပေါ်ရောက်သည်နှင့် အမာညိုက ရန်တွေ့တော့သည်။ သို့သော် ကျော်ထွန်းညိုက မကြားချင်

ဟန်ဆောင်ပြီး စကားလွှဲလေသည်။

'ကဲ ဦးလေးရေ ဒီကောင်မလေး လေကြောရှည်နေလို့ ကြာနေတာဗျ၊ အိမ်ကိုသာ မြန်မြန်မောင်းပေတော့၊ စာမေးပွဲကိစ္စမို့ ရုံးကားယူသုံးရတာ၊ ဖေဖေက အိမ်ကိစ္စကို ရုံးကားသုံးစေချင်တာမဟုတ်ဘူး၊ ကြာနေရင် စိတ်တိုဦးမယ်'

'သူငမ်းတာ ကြာတာများ' ဟု အမာညိုသည် မကျေမနပ်နှင့်ထပ်ပြီး ပြောလိုက်ချင်သေးသော်လည်း၊ တော်ကြာ ရက်ရမ်းရမ်းမည်ကိုကြောက်ရ သဖြင့် မပြောရဲတော့ချေ။ ထို့ကြောင့် မျက်စောင်းတစ်ချက်ကိုသာ တစ်အား ပစ်ထိုးလိုက်ရလေသည်။

'မေးခွန်းပြစမ်း၊ ဘယ်လောက်ခက်လို့ တစ်ပုဒ်ခွဲမှားလိုက်တာလဲ'

ကျော်ထွန်းညိုက အာရုံလွှဲ၍ တောင်းသည်။ အမာညိုသည် ပြချင်ဇော နှင့်လွယ်အိတ်ထဲမှမေးခွန်းစာရွက်ကလေးကို ခပ်သွက်သွက် နှိုက်ယူလိုက်သည်။

'အယ်'

မေးခွန်းစာရွက်ကို မစမ်းမိချေ၊ အေးစိစိ ချွဲကျိကျိဖြစ်နေသော လက် ကိုင်ပဝါကိုသာစမ်းမိသည်။ မိရွှေသက် ပြန်ထည့်ပေးလိုက်ခြင်း ဖြစ်လေသည်။

'ဘာဖြစ်တာလဲ'

မျက်နှာလေး ရှုံ့မဲ့သွားကာ လက်ကိုဆတ်ခနဲ ပြန်ထုတ်လိုက်သော အခါ အမာညိုအား မျက်လုံးပြူး၍ကြည့်ရင်း ကျော်ထွန်းညိုက မေးသည်။ အမာ ညိုသည် သူ၏လက်ချောင်းများကို ကားကားကြီး ဖြန့်ထားသည်။ သုတ်စရာ ရှာရင်း နှုတ်ခမ်းစူလာသည်။ အသံက အလိုလို ဘောက်ဆတ်ဆတ်ဖြစ်လာလေ သည်။

'နှပ်ချေး'

'ဘာ'

'နှပ်ချေးပေါ့ နှပ်ချေးပေလို့ သက်သက်ရဲ့ နှပ်ချေး'

'ဟောဗျာ'

အမာညိုသည် မျက်နှာလေးရှုံ့မဲ့ပြီး ကြံရာမရဖြစ်လာပြီး ကျော်ထွန်း ညို၏ ပုဆိုးစနှင့် ဖျတ်ခနဲ လှမ်းသုတ်လိုက်သည်။ ကျော်ထွန်းညိုသည် ဘာမသိ ညာမသိ ရုတ်တရက် အငိုက်မိသွားသည်။ ဇာတ်ရည်လည်သော အချိန်တွင် သူ့ပုဆိုး၌ နှပ်ချေးတွေပေလျက်ရှိပေပြီ။

'ကြည့်စမ်း ခွေးမ'

ဝတ်ထားသောပုဆိုးမို့ ချွတ်ပစ်၍လည်းမရပေ၊ ထို့ကြောင့် ရွံရှာစွာ ငုံ့ကြည့်ရင်း ဒေါသတွေတလိပ်လိပ်တက်လာသည်။ အမာညိုရဲ့ခေါင်းကို တစ်အားထုချလိုက်တော့မလို လက်တရွယ်ရွယ်ဖြစ်လာသည်။ သို့သော် တကယ် မထုဖြစ်ဘဲ မျက်လုံးကြီးသာ တစ်အားပြူးလာရင်း 'ခွေးမ ခွေးမ အညစ်အပတ်မ' ဟု ရေရွတ်နေလေသည်။

အမာညိုသည်ကား တစ်ဖက်ထောင့်တွင်ကပ်နေရင်း ခေါင်းကလေး ပုနေသည်။ စိတ်ထဲတွင် ရယ်ချင်နေသော်လည်း ဖွင့်ဟမရယ်ရဲသည့်အတွက် အတင်းတည်ထားရသောမျက်နှာလေးသည် အပိုးမသေလှပေ။ သက်သက်ကို အရေးမစိုက်ဘဲ စုလှိုင်ကိုသာ အငမ်းသန်နေသော ကိုကို့အား ဒီနည်းနှင့် ဆုံးမ လိုက်ရ၍ အမာညို၏စိတ်ထဲတွင် ကျေကျေနပ်နပ်ကြီး ဖြစ်သွားလေသည်။

*

'ဟေး စု'

ဖရက်ဒီ၏အသံသည် တယ်လီဖုန်းခွက်ထဲမှ ကျယ်လောင်စွာ ထွက် ပေါ်လာသည်။ သူ့အသံကိုကြားသောအခါ စုလှိုင် ရင်ခုန်လာသည်။ အောင် စာရင်းကိုသတင်းစာတိုက်တွင် သွားကြည့်ပြီး ဖုန်းဆက်မည်ဟု သူကပြောထား သောကြောင့် ဖြစ်လေသည်။

'ဖ ရက် ဒီ ယူ သိ ပြီ လား'

'အင်း'

'ဘယ်လိုလဲ ဘယ်လိုလဲ'

'နာမည် ရှာမတွေ့ဘူး'

'ဟင်'

စုလှိုင်၏ခေါင်းထဲတွင် ဆူဝေသွားသည်။ 'မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး' ဟု စိတ်ထဲမှအော်ဟစ်နေမိသော်လည်း ဒူးနှစ်ဖက် ရုတ်တရက် ယိုင်ညွတ်သွား လေသည်။ ထို့ကြောင့် စားပွဲကိုမှီထားလိုက်ရသည်။ ထိုအချိန်၌ တစ်ဖက်မှ ရယ်သံကိုကြားရသည်။

'ကွန်ဂရက်ကျူလေးရှင်း စုလှိုင်၊ ကွန်ဂရက်ကျူလေးရှင်း'

'အိုး ဖရက်ဒီ'

'အောင်ပါတယ်အချစ်ရယ် အောင်ပါတယ်ကွဲ့'

'အို ယူ သိပ်နောက်တာပဲ'

'ဆောရီးကွယ် စု တော်တော်လန့်သွားလား'

'လန့်တာပေါ့ နောက်ပြီး နောက်ပြီး'

'နောက်ပြီး ဂုဏ်ထူး သုံးခု ခင်ဗျ'

'ဟင် သုံးခုထဲလား'

စုလှိုင်က မကျေမနပ်လေး ပြောလိုက်မိသည်။ ဖရက်ဒီက အားပါးတရ ရယ်ပြန်လေသည်။

'လောဘကြီးလှချေကလား ဒါလင်၊ ယူက ဒီဘယ်နှလုံးမှန်းထားလို့လဲ'

'အို ဘာသာစုံမှန်းတာပဲ'

'စု'

'အင်'

'ချစ်တယ်ကွာ'

'အိုကွာ အရေးထဲမှာ'

စုလှိုင်သည် တယ်လီဖုန်းခွက်ကလေးကို ခွပ်ခနဲပြန်ချလိုက်ပြီး အိမ်ပေါ်ထပ်သို့ပြေးတက်ခဲ့သည်။ လှေကားပေါ်မှဆင်းလာသော မအေးတင်သည် စုလှိုင်ကိုကြည့်ကာ မျက်လုံးပြူးသွားသည်။ တိုက်မိမည်စိုးသောကြောင့် ကမန်းကတန်း ဘေးသို့ကပ်၍ရပ်ပေးလိုက်လေသည်။ စုလှိုင်ကို ထိုကဲ့သို့ ရွှင်ရွှင် လန်းလန်း သွက်သွက်လက်လက်တွေ့ရခဲလှလေသည်။

'မာမီရေ မာမီ'

စုလှိုင်သည် မာမီ့အခန်းထဲသို့ခုန်၍ဝင်လိုက်သည်။ အခန်းထဲတွင် ဒက်ဒီ့ကိုပါတွေ့ရသည်။ နှစ်ဦးလုံးဝတ်ကောင်းစားလှနှင့်ဖြစ်သည်။ မင်္ဂလာဆောင် တစ်ခုခုသွားရန်ပြင်ဆင်နေကြခြင်းဖြစ်ဟန်တူသည်။

'ဒက်ဒီ မာမီ စု အောင်တယ်'

'ဟေ ဟုတ်လား'

ဒက်ဒီသည် အားရပါးရပြုံးရင်း စုလှိုင်၏ပခုံးလေးနှစ်ဖက်ကို ညှစ်လိုက်သည်။ ဒက်ဒီ၏သံသယမျက်လုံးများတွင် စိတ်ဝင်နေပြီး ကျေနပ်နေမှုကို ရှာ၍တွေ့လိုက်ရသဖြင့် စုလှိုင်ပျော်သွားသည်။

'ဂုဏ်ထူးက သုံးခု'

'တော်တယ်ဟေ့ မာမီ့သမီးက တကယ်တော်တယ်'

မာမီက စုလှိုင်၏နဖူးလေးကိုအသာမွှေးလိုက်သည်။ မာမီ့ကိုယ်မှ သင်းပျံ့မွှေးထုံနေသောရနံ့များသည် စုလှိုင်၏နဖူးလေးတွင်ပင်စွဲ၍ကျန်ရစ်လေသည်။ စုလှိုင်သည် သူ့နဖူးကိုသူ ဖွဖွလေးစမ်းကြည့်လိုက်မိရင်း ရင်ထဲတွင်နွေးသွားကာ မျက်ရည်ရစ်ဝဲလာသည်။ ဒက်ဒီနှင့်မာမီသာ ရန်မဖြစ်ကြတော့ဘဲ ထာဝစဉ်ပင် ယခုလိုကြည်သာနေကြမည်ဆိုပါက မည်မျှကောင်းလိုက်မည်နည်းဟု တွေးလိုက်မိသည်။

မာမီနှင့်ဒက်ဒီသည် ထာဝစဉ် ရန်ဖြစ်နေကြသည်တော့ မဟုတ်ပါချေ။ တစ်လတွင် သုံးလေးရက် တစ်ပတ်တော့ ယခုလို ကြည်ကြည်သာသာရှိတတ်သည်။ ပွဲထိုင်သွားစရာရှိလျှင် ဒက်ဒီသည် မာမီနှင့်သာအတူသွားရမည်မို့ တစ်ခါတစ်ရံ မကြည်သာသော်လည်း ခေတ္တစစ်ပြေငြိမ်းကာ အတူတူ သွားတတ်သည်။ တစ်ပတ်ဆယ်ရက်ခန့် ကြည်ကြည်သာသာနေပြီးလျှင်ကား ပြဿနာတစ်ခုခုပေါ် အရင်းတည်ကာ စကားများတတ်ကြပြန်သည်။

'စု မုန့်ဖိုးယူမလား'

ဒက်ဒီကမေးသည်။ ရှပ်အင်္ကျီအဖြူနှင့်ပိုးတိုက်ပုံအင်္ကျီအဖြူကိုဝတ်ထားသဖြင့် ဒက်ဒီ့ကိုကြည့်ရသည်မှာ ဖြူစင်ပြီးသပ်ရပ်နေသည်။ စုလှိုင်သည် ဒက်ဒီ့ကိုမော်ကြည့်ရင်း ဒက်ဒီ၏နံ့ပါတ်နှစ်မှမွှေးသောသားငယ်ကို သတိရနေသည်။ ထိုကလေးငယ်ကို စိတ်ထဲမှနေပြီး ပြင်းပြင်းပြပြ မနာလို ဖြစ်လာမိသည်။

'ဟင့်အင်း'

စုလှိုင်က ခေါင်းယမ်းလိုက်သည်။ မာမီသည် တစ်ကိုယ်လုံးမွှေးထုံနေသော်လည်း မှန်ရှေ့တွင်ရပ်ပြီး ရေမွှေးထပ်ဆွတ်နေသေးသည်။ မာမီရေမွှေးပုလင်းဖွင့်သောအခါ တစ်ခန်းလုံးမွှေးကြိုင်သွားသည်။

'ဒီလိုဆို ဘာယူမလဲပြော'

ထူးထူးခြားခြားသဘောကောင်းနေသောဒက်ဒီက ထပ်မေးပြန်သည်။ မာမီကပါ ပြုံးရယ်ရင်းတိုက်တွန်းသည်။

'ပြောလိုက်သမီး ပြောလိုက်၊ သူ သဘောကောင်းနေတုန်း တန်ဖိုးကြီးကြီးတောင်းထားလိုက်'

စုလှိုင်၏နှလုံးသားများက အရှိန်ပြင်းပြင်းခုန်လာကြလေသည်။ နှုတ်ခမ်းလေးများခြောက်လာသောကြောင့် လျှာနှင့်သပ်ရင်း ဒက်ဒီ့ကိုမသိ မသာ

စောင်းကြည့်လိုက်သည်။

'စု ရုပ်ရှင်ကြည့်ချင်တယ်'

'အောင်မယ်လေးဟဲ့စုရယ် ရုပ်ရှင်ကြည့်မှာများ၊ ကဲ ပြော၊ ရုပ်ရှင်ဖိုးက တစ်ရာယူမလား၊ နှစ်ရာယူမလား၊ ငါးရာယူမလား'

'ငါးရာ နှစ်ဆယ့်ရှစ်'

စုလှိုင်က တိုးတိုးလေးပြောကာ မာမီ့လက်မောင်းအိအိလေးများကို ဖက်တွယ်လိုက်သည်။ ဘာကြောင့်များ ရင်ထဲတွင် ဒီလောက်လှုပ်ရှားနေရသနည်း မပြောတတ်ပေ။ စုလှိုင်သည် မျက်ရည်ဝဲကာ အသံလေးမသိမသာ တုန်နေလေသည်။

'ဒက်ဒီနဲ့မာမီနဲ့ အတူတူကြည့်ချင်တယ်၊ ဒက်ဒီရယ် မာမီရယ် စုရယ် သုံးယောက်အတူတူ'

မရွံ့မရဲလေးပြောသော စုလှိုင်ကိုကြည့်ရင်း မာမီသည် ရုတ်တရက် စိတ်ထိခိုက်သွားသည်။ စုလှိုင်၏လက်ကလေးများကိုညှစ်ကိုင်ကာ မျက်တောင် တဖျပ်ဖျပ်ခတ်နေလေသည်။

ဒက်ဒီသည် စိတ်မကောင်းဖြစ်သွားသလို စုလှိုင်ကိုတွေ၍ကြည့်နေသည်။ ထို့နောက် ပြုံး၍ပြောလေသည်။

'ကြည့်မှာပေါ့စုရယ်၊ ကဲ စုကြိုက်တဲ့ကား ရွေးထား ဟုတ်လား'

စုလှိုင်သည် အခန်းထဲမှ ပျော်ရွှင်စွာပြေးထွက်လာခဲ့သည်။ မျက်လုံးလေးများလည်း ထူးထူးခြားခြား တောက်ပလာသည်။ ရင်ထဲတွင်လည်း တေးတစ်ပုဒ်ပြီးတစ်ပုဒ်ဆိုနေမိလေသည်။

*

အမာညိုသည် တဆတ်ဆတ်တုန်နေသော ဒူးနှစ်လုံးကို လက်နှင့်အတင်းဖိထားရင်း အောက်နှုတ်ခမ်းလေးကို သွားနှင့်ကိုက်ထားသည်။

'သိပ်လည်း ကြောက်မနေစမ်းပါနဲ့သမီးရယ်၊ အောင်မှာပါကွယ်'

မေမေက အားပေးနေသည်။ မေမေကြီးကမူ တုန်လှုပ်နေသော အမာညို၏ဒူးနှစ်လုံးကိုကြည့်ကာ ရယ်လေသည်။

'ညီလင်းကလည်း ကြာလိုက်တာ'

အမာညိုက ညည်းလိုက်မိသည်။ စင်စစ်အားဖြင့် ညီလင်းထွက်သွားသည်မှာ သုံးမိနစ်ခန့်သာရှိသေးသည်။ ကျောင်းတွင်အောင်စာရင်းကပ်ထားမည်ဆို၍ ပြေးကြည့်ခြင်းဖြစ်သည်။ အမာညိုခမျာ ကိုယ်တိုင်သွားကြည့်ရန် သတ္တိမရှိရှာပေ။

'ဟော့၊ ဟော့၊ အောင်စာရင်းထွက်နေပြီဆို'

သက်သက်သည် အိမ်ပေါ်သို့ အူယားဖားယားနှင့်ပြေးတက်လာသည်။ အခန်းထောင့်တွင်ကပ်ကာ ကုပ်ကုပ်ကလေးထိုင်နေသော အမာညိုဆီကို ခပ်သွက်သွက်ပြေးလာသည်။

'ညီလင်း သွားကြည့်နေတယ်'

'ငါကြောက်လိုက်တာဟယ်'

သက်သက်သည် အမာညို၏ဘေးတွင် ကပ်ထိုင်ချလိုက်သည်။ ကြုံ့ကြုံ့လေးထိုင်ကာ ဒူးကိုလက်နှင့်ပိုက်ထားရင်း မျက်နှာလေးငုံ့ထားလေသည်။ ပါးစပ်ကမူ တလှုပ်လှုပ်ဖြစ်နေသည်။ သမ္ဗုဒ္ဓေရွတ်နေခြင်းဖြစ်လေသည်။

'အိမ်မှာ ဖေဖေလည်း မရှိဘူး၊ ခရီးထွက်သွားတယ်၊ ငါကိုယ်တိုင်လည်း သွားမကြည့်ရဲဘူး၊ ညီလင်းကို ငါ့ခုံနံပါတ်ပြောလိုက်ရဲ့လား မိညို'

'ပြောစရာမလိုပါဘူး၊ သူတို့အလွတ်ရပါတယ် မိသက်ရဲ့၊ ကိုကိုရော ညီလင်းရော သူတို့ကြည့်လာမှာပါ'

'ငါကြောက်လိုက်တာဟယ်'

သက်သက်သည် ဒုတိယအကြိမ်ပြောမိပြန်လေသည်။ ထို့နောက် သမ္ဗုဒ္ဓေရွတ်ပြန်သည်။ သူတို့နှစ်ဦးဖြစ်ပျက်နေပုံကိုကြည့်ရင်း မေမေကြီးက ပြုံးရယ်နေသည်။ မေမေကမူ အားပေးဟန်နှင့် အမာညို၏လက်ကလေးများကို လှမ်း၍ ဆုပ်ကိုင်လိုက်သည်။ လက်ချောင်းကလေးများသည်ချွေးစေးပြန်ကာ အေးစက်နေသဖြင့် လန့်သွားဟန်ရှိသည်။

'အောင်မယ်လေး၊ ငါ့သမီးသတ္တိခဲကလည်း လက်တွေကိုအေးစက်နေတာဘဲ၊ မှန်းစမ်း သက်သက်ရဲ့လက်ကလေးကရော'

သက်သက်၏လက်များသည်ကား သာ၍ပင်ဆိုးသေးသည်။ ရေခဲတုံးတမျှ အေးစက်နေရသည့်အထဲ တဆတ်ဆတ်တုန်ယင်လျက်ရှိသည်။ လက်များကသာ အေးစက်နေသော်လည်း နဖူးပြင်တွင်ကား ချွေးစို့နေသည်။ ချမ်းသလိုလို၊ အိုက်သလိုလိုနှင့် စိတ်တွေယောက်ယက်ခတ်နေသော မိန်းကလေး

နှစ်ဦးသည် သနားစရာလည်းကောင်း၊ ရယ်စရာလည်းကောင်း နေလေသည်။

'မိညို၊ မိညိုရော'

ကျော်ထွန်းညို၏အသံကိုကြားရသည်။ ညီလင်းကို အောင်စာရင်းကြည့်ခိုင်းလိုက်ခြင်းဖြစ်သည်။ သို့သော် ညီလင်းပြန်မရောက်မီ ကိုကိုက မြို့ထဲမှ ပြန်ရောက်လာခြင်းဖြစ်သည်။ အောင်စာရင်းထွက်ကြောင်းသိ၍ တစ်နေရာရာတွင် ဝင်ကြည့်ခဲ့သည်မှာ သေချာသည်။ အမာညိုသည် ရုတ်ခနဲ နေရာမှ ထပြီးမှ ဆတ်ခနဲပြန်ထိုင်လိုက်သည်။ နားနှစ်ဖက်ကို လက်ဝါးနှင့်အုပ်ထားလိုက်သည်။ 'ကျသည်'ဟုပြောလိုက်မည်ကို မကြားရဲ၍ဖြစ်သည်။ သို့သော် 'အောင်သည်'ဟုဆိုပါက မကြားရမည်ကိုစိုး၍ လက်ကို မသိမသာလေး ပြန်ပြီး ချထားမိပြန်သည်။

'မိညို ချွေးမ၊ နင်အောင်တယ်ဟ'

'တကယ်၊ တကယ်လား'

ကျော်ထွန်းညိုသည် ဝမ်းသာအားရအော်ပြောရင်း အခန်းထဲသို့ပြေးဝင်လာစဉ် အမာညိုသည် နေရာမှခုန်ထလိုက်သည်။

'မိသက်ရော၊ မိသက်ရော'

သက်သက်၏ နဂိုမှေးသောမျက်လုံးလေးများသည် ပြူး၍ထွက်တော့မယောင် ထင်မှတ်ရသည်။ ပြူးဝိုင်းနေသောမျက်လုံးလေးများနှင့် ကျော်ထွန်းညိုကို လှမ်းကြည့်နေသည်။ လက်သီးလေးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

ပြေးဝင်လာသော ကျော်ထွန်းညိုသည် သက်သက်ကိုတွေ့သောအခါ ရုတ်တရက် ခြေလှမ်းတန့်သွားသည်။ မျက်နှာပျက်သွားပြီး ရီးတီးယောင်တောင်ဖြစ်သွားလေသည်။

'သက်သက်ရော အောင်ရဲ့လား၊ မိသက်ရော'

အမာညိုက အမောတကော ထပ်ပြီး မေးပြန်လေသည်။ ကျော်ထွန်းညိုက အဖြေရခက်နေသလို သက်သက်ကို အားနာသောမျက်နှာထားနှင့် လှမ်းကြည့်သည်။

'ငါ ငါ၊ သတိမထားမိဘူး'

သူက ထစ်ထစ်ငေါ့ငေါ့နှင့် ဖုံးဖိကာ ဖြေသော်လည်း သက်သက်နားလည်လိုက်သည်။ မျက်လုံးများပြာဝေကာ ရင်ထဲတွင်ဆို့သွားလေသည်။

အခန်းထဲတွင်ရှိနေသော မေမေနှင့်မေမေကြီးတို့သည် ကြောင်ငေးငေးလေး ဖြစ်သွားသော သက်သက်ကို ငိုင်၍ကြည့်နေမိကြသည်။ အမာညိုအောင်သည်ကိုပင် ချက်ချင်းဝမ်းမသာနိုင်ကြတော့ပေ။

'မမရေ ဟေ မမရ၊ မမ အောင်တယ်ဗျ'

'ဟော ညီလင်း'

အခုမှပြန်ရောက်လာသော ညီလင်းက ခြံဝကတည်းက အသံပြဲကြီးနှင့် ကျုံးပြီးအော်ဟစ်လာသည်။

'မမ အောင်တယ်ဗျ၊ ဓာတုဗေဒဂုဏ်ထူးလည်း ပါတယ်၊ မမသက်တော့ မတွေ့ဘူးဗျ၊ ကျတယ်ထင်တယ်ဗျ၊ အယ်မာထွေးလည်း အောင်တယ်၊ ဂုဏ်ထူး မပါဘူး၊ စုစုလှိုင်ဆိုတာက ဂုဏ်ထူးသုံးခု အယ် အယ်'

တစ်အိမ်လုံး သိမ့်သိမ့်တုန်အောင် ခုန်ပေါက်ပြီးပြေးဝင်လာသော ညီလင်းသည် သက်သက်ကိုတွေ့သောအခါမှ အအော်ရပ်သွားသည်။ သက်သက်သည် ညီလင်းကို ခပ်ကြောင်ကြောင်လေးလှမ်းကြည့်ကာ ပြုံးရယ်ပြလိုက်သေးသည်။ ထို့နောက်မှ ရုတ်တရက်အားပြတ်သွားသလို နံရံကိုမှီချလိုက်သည်။

'ဟုတ်မှ ဟုတ်ရဲ့လား သားတို့ရယ်၊ သားတို့များအကြည့်မှားတာလား သက်သက်က ကျောင်းမှာ အမာညိုထက်တောင်တော်တာပဲ'

မေမေက မယုံနိုင်သလိုဝင်ပြောနေစဉ် အမာညိုသည် သက်သက်၏လက်မောင်းကလေးကိုညှစ်ပြီးကိုင်လိုက်သည်။ မိမိအောင်သဖြင့် ဝမ်းသာသည်က တစ်ပိုင်း၊ သက်သက်ကျသဖြင့် ဝမ်းနည်းသည်က တစ်ပိုင်းမို့ ရင်ထဲတွင် တစ်ခြမ်းက ပူ တစ်ခြမ်းက အေးနေသလို ခံရခက်လှသည်။ ရယ်လည်း ရယ်ချင်ပြီး ငိုလည်းငိုချင်လေသည်။ 'ငါးတန်းကတည်းက စပြီးတွဲ လာသော အချစ်ဆုံး သူငယ်ချင်း၊ ဒီတစ်ခါတော့ ကွဲချေပြီ' ဟုစဉ်းစားမိသောအခါ အမာညို၏ရင်ထဲတွင် ဆို့သွားသည်။ ထို့ကြောင့် သက်သက်မငိုမီ သူက အရင် မျက်ရည်ကျမိလေတော့သည်။

'အာ မမ ဘာလို့ငိုတာလဲ'

စာမေးပွဲရှုံးသူကိုအားမပေးဘဲ အရှေ့မှထိုင်ကာ ငိုပြနေသော အမာညိုအား ညီလင်းက တအံ့တသြလှမ်းမေးသည်။ ငေးကြောင်နေသော သက်သက်သည် အမာညို၏မျက်ရည်ကိုမြင်သောအခါမှ ငိုရန်သတိရသွားသည်။ မျက်လုံးအိမ်ထဲမှ မျက်ရည်တို့သည် တာကျိုးသလို ဒလဟော အန်ထွက်လာသည်။

'မငိုပါနဲ့မိသက်ရာ၊ မငိုပါနဲ့'

အမာညိုက ငိုရင်းပြောလေသည်။ မေမေကြီးသည် အမာညိုလုပ်နေပုံကိုကြည့်ရင်း ခေါင်းယမ်းကာ သက်ပြင်းချမိရှာသည်။

သက်သက်သည် မျက်ရည်များကို လက်ဖမိုးနှင့်ပွတ်သုတ်ကာ နေရာမှဖြုန်းခနဲထလိုက်သည်။ ထို့နောက် အိမ်ပေါ်မှဆင်းပြေးသွားလေသည်။

'ဟဲ့ ဟဲ့ သက်သက် အို သားကြီးလိုက်သွားစမ်း၊ တော်ကြာအရမ်းလျှောက်ပြေးပြီး ကားတိုက်နေဦးမယ်'

မေမေကအော်နေစဉ် ကျော်ထွန်းညိုသည် သက်သက်၏နောက်သို့ အပြေးအလွှားလိုက်သွားသည်။

'သက်သက်၊ ဟဲ့ မိသက်ရဲ့ နေပါဦး ဒို့ကိုစောင့်ပါဦး၊ လိုက်ပို့ပေးပါ့မယ်'

ခြံဝရောက်လုနီးခါမှ သက်သက်ကိုမီသည်။ သူ၏လက်မောင်း ပြည့်ပြည့်လေးကို အမှတ်မဲ့ဆွဲ၍ဖမ်းကိုင်လိုက်ရင်း စေတနာအပြည့်နှင့်ပြောလိုက်လေသည်။

သက်သက်သည် ကျော်ထွန်းညိုကိုမော်ကြည့်ရင်း ပိုပြီးဝမ်းနည်းလာသည်။ မျက်လုံးအစ်အစ်လေးတွင် မျက်ရည်များပြည့်လျှံနေပြီး နှုတ်ခမ်းလေးကတဆတ်ဆတ်တုန်ယင်နေသည်။

'စာမေးပွဲကျတာများ အဆန်းလုပ်လို့ မိသက်ရယ်၊ ဒီနှစ်ဆက် ကြိုးစား ဟုတ်လား၊ အမှတ်ကောင်းကောင်းနဲ့အောင်တော့မှ စက်မှုတက္ကသိုလ် လာခဲ့နော်'

ဝမ်းနည်းအားငယ်နေရှာသော မိန်းကလေးကို ကျော်ထွန်းညိုက ကြင်နာစွာကြည့်ရင်း အားပေးစကားပြောမိလေသည်။

*

စုလှိုင်သည် မာမီကြီး၏အခန်းထဲသို့ ခေါင်းပြူကာကြည့်လိုက်သည်။ ဒေ့သည် ရောက်နေသည်ကို တွေ့ရသည်။ နောက်ဘက်မှမြင်ရခြင်းဖြစ်သော်လည်း လည်ကုပ်တွင်ထောင်နေသော ပန်းပွားလေးကိုတွေ့ရသဖြင့် အန်တီရွှေမှန်း သိလိုက်သည်။ သူသည် ပုလဲပုတီး တိုကပ်ကပ်ကလေးကို ထာဝစဉ် ဆွဲတတ်ကြောင်း စုလှိုင်သိထားလေသည်။ မာမီကြီးနှင့်သက်တူရွယ်တူပင် ဖြစ်သော်

လည်း စုလှိုင်က သူ့ကို အဘွားဟုခေါ်မည်ကို စိုးရွံ့လှသဖြင့် သူ့ကိုယ်သူ 'အန်တီက အန်တီက' နှင့် ထည့်ပြောတတ်သော အပျိုကြီးဖြစ်သည်။

'ဘာလဲ စုလှိုင်'

မာမီကြီးက လှမ်းမေးသည်။ မာမီကြီး၏ရှေ့တွင်ရှိသော ဗန်းလေးထဲတွင် မာမီကြီးအတွက် ညစာပြင်ထားသည်။ ဆီးချိုရှိသဖြင့် မာမီကြီးသည် အချိုအဆိမ့် လျှော့စားရသည်။ ညစာကိုအောက်ထပ်ဆင်းမစားဘဲ အခန်းထဲသို့ ပို့ပေးရလေသည်။

'ဘာမှမဟုတ်ပါဘူး'

စုလှိုင်သည် ပြန်လှည့်ထွက်သွားတော့မည်ပြုပြီးမှ အန်တီရွှေက လှည့်ကြည့်နေသောကြောင့် အခန်းထဲသို့ ဝင်လာရသည်။ မအေးတင်များ မာမီကြီး၏ အခန်းထဲတွင်ရှိလေမည်လားဟု ကြည့်မိခြင်းဖြစ်သည်။ ညနေ ရုပ်ရှင်ကြည့်ရန် အတွက် ရွေးထားသော ရွှေဝါရောင်အင်္ကျီလေးသည် အတန်ငယ် ကြေနေသည် ဟုထင်သောကြောင့် မီးပူတိုက်ခိုင်းရန် ဖြစ်သည်။

'စုလေး ဂုဏ်ထူးသုံးခုနဲ့အောင်တယ်နော်၊ သိပ်တော်တာပဲကွယ်'

အန်တီရွှေက ပြောသည်။ နီရဲနေသော သူ့နှုတ်ခမ်းများကိုစိုက်ကြည့်ရင်း စုလှိုင်က ခေါင်းညိတ်ပြလိုက်သည်။

'ဒီခေတ်ဆယ်တန်းများ အလကားပါပဲ အရွှေရယ်၊ ဘာတတ်လို့လဲ၊ သူတို့သင်တဲ့ အင်္ဂလိပ်စာကလည်း ကလေးတန်းသင်တာကျနေတာပဲ၊ ကချော်ကချွတ်နဲ့ ထမင်းစား ရေသောက်တောင် ပြောနိုင်တာမဟုတ်ဘူး၊ စိန်တို့ခေတ်က လေးငါးခြောက်တန်းဆိုရင် မွတ်နေပြီနော်'

'မှတ်မိသေးတယ် စိန်ရယ် ဟုတ်ပါရဲ့၊ အရွှေတို့ ငါးတန်းတုန်းက ကျောင်းကိုလာစစ်တဲ့ မျက်နှာဖြူဘိုကြီးတွေက မေးရင်မြန်းရင် အရွှေတို့က အင်္ဂလိပ်လို ပြန်ဖြေရတာ'

'စုလှိုင်၊ ညည်းတို့တွေ ဆယ်တန်းသာအောင်တယ်၊ ညည်းတို့ အတန်းထဲမှာ ဘယ်နှယောက်များ အင်္ဂလိပ်လိုရေရေလည်လည်ပြောတတ်သလဲ'

'အကုန်ပြောတတ်တယ်'

စုလှိုင်က အရွဲ့တိုက်ကာ ဖြေလိုက်သည်။ စုလှိုင်သည်နိုင်ငံနှင့်လူမျိုးကို ချစ်လှသည်မဟုတ်သော်လည်း သူတို့၏'မျက်နှာဖြူကိုယ်တော်ကြီးများ

တမ်းချင်း'ကို နားငြီးလှပြီဖြစ်သည်။

'မတွေ့ရတာကြာလို့ထင်တယ်၊ စုကိုကြည့်ရတာ ဝလာသလိုပဲ'

အန်တီရွှေက အလိုက်တသိ စကားလွှဲလိုက်သည်။ ဘာပဲပြောပြော ဒီအပျိုကြီးသည် မာမီကြီးလောက်တော့မဆိုးဟု စုလှိုင်တွေးလိုက်မိသည်။ မာမီကြီးကမူ အနည်းငယ်မျှ အလိုက်သိသူမဟုတ်ပေ။ သူများ နားထောင်ချင်သော မထောင်ချင်သော၊ စိတ်ဝင်စားသော မစားသော စဉ်းငယ်မျှ ဂရုစိုက်လေ့မရှိပေ။ သူပြောချင်ရာကိုသာ ပါးစပ်မှ တံတွေးများ စင်ထွက်အောင် မနားတမ်းပြောတတ်သူဖြစ်လေသည်။

'ညည်းဒက်ဒီရော ပိန်သလား ဝသလား စုလှိုင်'

မာမီကြီးက ဝင်မေးပြန်သည်။ တစ်အိမ်တည်းသာနေသော်လည်း မာမီကြီးနှင့်ဒက်ဒီသည် မျက်နှာချင်းမဆိုင်ဖြစ်ကြပေ။ မာမီကြီးကို အိမ်ဦးခန်းတွင် သူနာပြုဆရာမ ငှားထားပေးကာ ပြုစုထားသော်လည်း ဒက်ဒီမပြောနှင့် မာမီကိုယ်တိုင်ကပင်လျှင် အရေးတစိုက်မရှိလှပေ။ မာမီကြီးနှင့်ရင်းရင်းနှီးနှီး နေလေ့မရှိပေ။ စုလှိုင်ကို ငယ်ငယ်တုန်းကနာနီ့လက်ထဲအပ်ထားသလို ယခုအခါ၌ မာမီကြီးကိုလည်း ဆရာမလက်ထဲအပ်ထားလေသည်။ စုလှိုင်တို့အိမ်ကြီးကလည်း တစ်ယောက်အခန်းကိုတစ်ယောက် ကူးမလာလျှင် ဆုံနိုင်ခဲသော အိမ်ကျယ်ကြီးဖြစ်သည်။ ထို့ကြောင့် အခန်းထဲတွင်အနေများသော အဘွားနှင့် အပြင်သို့ အထွက်များသော ဒက်ဒီတို့ မာမီတို့သည် မဆုံဖြစ်ကြတော့ပေ။ ထို့ကြောင့် တစ်ခါတစ်ရံ မာမီကြီးက စိတ်တိုလာသောအခါများတွင် ထိုကဲ့သို့ ရွဲ့ကာ မေးတတ်လေသည်။

'ဒက်ဒီကတော့ ဝပါတယ်၊ မာမီက ခုတလော နည်းနည်းပိန်သလိုပဲ'

'ဖဲရိုက်တာ ညောင်းတယ်အေ့ အညောင်းမိတာပေ့ါ၊ သူရော ကြည်ကြည်ရော အတူတူပဲ၊ ဟိုမိန်းမကတော့ လင်သေပြီး ဖဲဝိုင်းထောင်စားတာ သူဌေးတောင်ဖြစ်နေပြီ၊ ကြည်ကြည်ကိုသိတယ်မဟုတ်လား အရွှေ၊ မမမိရဲ့ သားနဲ့ရတာလေ'

'သိပါတယ် စိန်ရဲ့'

'ဒါနဲ့ သူ့ရဲ့သား ဖရက်၊ အဲ ဖရက်ဒီက ညည်းကိုကြိုက်နေတယ်ဆို စုလှိုင်'

'ဟင် ဘယ်သူပြော'

စုလှိုင်က တအံ့တသြလေး မေးလိုက်သည်။ မာမီကြီးသည် ပါးနပ်စွာ ပြုံးရင်း မျက်လုံးက အိပ်ရာဘေးရှိတယ်လီဖုန်းဆီသို့ရောက်သွားသည်။ စုလှိုင် ချက်ချင်းနားလည်လိုက်လေသည်။ စုလှိုင်တို့အိမ်တွင် တယ်လီဖုန်း လိုင်းခွဲများ ရှိသည်။ မာမီကြီး၏အခန်းတွင်လည်း တစ်လုံးထားပေးထားသည်။ ဖရက်ဒီနှင့်စုလှိုင် စကားပြောသောအခါများတွင် မာမီကြီးက ကြားမှ ဖြတ်ကာ နားထောင်ခဲ့ခြင်း ဖြစ်ဟန်တူပေသည်။

'ကောင်လေးက မဆိုးပါဘူး၊ ကောလိပ်လည်းရောက်နေပြီပဲ၊ နောက်ပြီး သားတစ်ယောက်တည်း၊ သူ့အမေရှာထားသမျှ သူအကုန်ရမှာ'

မာမီကြီးက ဆက်ပြောနေစဉ် စုလှိုင်သည်ဒေါသငွေ့ငွေ့ထွက်လာလေသည်။ သူတစ်ပါးစကားပြောနေသည်ကို ကြားမှဖြတ်ပြီးနားထောင်ရန် ရစ်ချတ်သခင်ကြီးက သင်ပြခဲ့သလားဟု မေးလိုက်ချင်စိတ်နှင့် ပါးစပ်ယားလာသည်။

'မာမီကြီးက ဖရက်ဒီကို သဘောကျပြန်ပြီပေါ့ ဟုတ်လား'

စုလှိုင်က သရော်ပြုံးလေးနှင့်မေးလိုက်သည်။ ထို့နောက် နာရီကို လှမ်းကြည့်မိသည်။ ညနေငါးနာရီထိုးနေပေပြီ။ ရုပ်ရှင်သွားရန်ပြင်ရဆင်ရ ဦးမည်ကို သတိရလိုက်သည်။

'ငါရွေးပေးတဲ့လူဆို ဘယ်တော့မှမမှားဘူး၊ ညည်းအမေကိုကြည့် ဟန်ကိုကျလို့'

စုလှိုင်သည် အဘွားဖြစ်သူ၏မျက်နှာကို စူးစူးရဲရဲစိုက်၍ကြည့်လိုက်မိလေသည်။ ထို့နောက် ပြောင်လှောင်သောအသံလေးနှင့်ပြောလိုက်သည်။

'ဟုတ်တယ် မာမီသိပ်ဟန်ကျတာပေါ့၊ တစ်လကို ဒက်ဒီနဲ့ သုံးလေးခါလောက် ရန်ဖြစ်ရတယ်'

'ဟဲ့ လင်မယား လျှာနဲ့သွားတဲ့၊ ဆန်းသလား'

'နောက်ပြီး ကိုယ့်ယောက်ျားရဲ့ နံပါတ် နှစ်တွေ သုံးတွေ လေးတွေ အကြောင်း သူများက မကြားတကြားပြောတာကို မကြားချင်ယောင်ဆောင် နေရတယ်၊ ကဲ အဲဒါ ဟန်ကျတာလား'

စုလှိုင်သည် ပြောအပြီးတွင် ချာခနဲလှည့်ကာ အခန်းအပြင်သို့ထွက်လာခဲ့သည်။ ပါးစပ် နီနီရဲရဲကြီး ဟောင်းလောင်းပွင့်လျက် သူ့ကိုငေးကြည့်နေသော အန်တီရွှေကိုပင် နှုတ်မဆက်ခဲ့တော့ပေ။ 'ယောက်ျားကောင်း မောင်းမ တစ်ထောင်တဲ့၊ အဲဒါဆန်းသလား'ဟု မာမီကြီးက လှမ်းအော်သည်ကို ကြား

သော်လည်း လှည့်မကြည့်တော့ဘဲ ခပ်သွက်သွက်ထွက်လာခဲ့လေသည်။

'မအေးတင် စုကို အင်္ကျီမီးပူတိုက်ပေးပါဦး'

မာမီ့အခန်းထဲလှမ်းဝင်သွားသော မအေးတင်ကိုမြင်လိုက်သဖြင့် လှမ်း၍အော်ပြောလိုက်သည်။

'စုအင်္ကျီ ဒီကိုယူလာခဲ့ပါလားစုရယ်၊ ဒီမှာ မမထဘီလည်း မပြန့်လို့တဲ့၊ ပြန်တိုက်ရဦးမယ်'

မအေးတင်ကပြောသောအခါ စုလှိုင်သည် သူ့အင်္ကျီလေးကို သွားယူလာခဲ့သည်။ ရုပ်ရှင်သွားရမည့်အကြောင်း စဉ်းစားမိသောအခါ မကျေမနပ် ဖြစ်နေသော စုလှိုင်၏စိတ်ကလေးများသည် အတန်ငယ် အနည်ထိုင်သွားလေသည်။

မာမီ့အခန်းထဲမှ အမွှေးနံ့များသည်ကား အခန်းအပြင်သို့ပင် လျှံပြီးထွက်နေသည်။ မာမီသည် အလှပြင်ရန်အတွက်ဆိုလျှင် ထာဝစဉ်ပင် ဝီရိယပိုလေ့ရှိသည်။ ခြောက်နာရီခွဲပွဲရုပ်ရှင်ကြည့်မည်ဖြစ်သော်လည်း ငါးနာရီ ကျော်ကျော်ကတည်းက မျက်နှာကိုစ၍လိမ်းခြယ်နေပြီဖြစ်သည်။ စုလှိုင်သည်ကား ရေပင်မချိုးရသေးပေ။ ထို့ကြောင့် အင်္ကျီလေးကို မအေးတင်ဆီသို့ ပစ်ပေးခဲ့ပြီး ရေချိုးရန်ပြန်လာခဲ့သည်။

'ဒီအရွယ် တင့်တင့်တို့အရွယ်၊ ကျွန်မ ကျွန်မတို့အရွယ်၊ တစ်ဆယ်ကျော် ငါးနှစ်ပတ်လည်၊ မစူးမစမ်းတဲ့အရွယ်၊ ရူးနှမ်းနှမ်းအရွယ်ပါတဲ့၊ အပျိုဖြန်းဆိုလား၊ အပျိုမတမ်းဆိုလား၊ ဆန်းဆန်းပြားပြား ခေါ်ကြပြန်တယ်'

စုလှိုင်သည် ရေချိုးရင်း သီချင်းကို ထူးထူးခြားခြားညည်းမိလေသည်။ မာမီ၊ ဒက်ဒီတို့နှင့်အတူသွားရမည်ဖြစ်သဖြင့် စိတ်ထဲတွင် ရွှင်နေသောကြောင့်ဖြစ်သည်။ ထိုသီချင်း ခေတ်စားနေသည်မှာ ကြာလှပြီဖြစ်သော်လည်း စုလှိုင်မဆိုဖြစ်ချေ။ သက်သက်တို့ အမာညိုတို့ ကျက်ကြ ဆိုကြသည်ကိုကြားခဲ့ရ၍ အလိုလိုရနေခြင်းဖြစ်သည်။ ယခုမှစိတ်ရွှင်ပြီး သီဆိုမိခြင်းဖြစ်သည်။

'မာမီရေ ငါးနာရီခွဲနေပြီ၊ ဒက်ဒီ ပြန်မလာသေးဘူးလား'

စုလှိုင်ရေချိုးပြီးသောအခါ ငါးနာရီခွဲနေပေပြီ။ သူ့အင်္ကျီလေးကို အပြေးလာယူရင်း ပြောသည်။ မာမီသည် မျက်နှာကိုလိမ်းခြယ်ပြီးလုပြီဖြစ်၏။ သေးမျှင်သောစုတ်တံလေးနှင့်မျက်ခုံးဆွဲနေသည်။ မာမီ့မျက်ခုံးမွေးပုံသည် စင်ရော်တောင်လေးလို ပုံပန်းကျနပြီး ဖြစ်သည်။ ထို့ကြောင့် ပုံဖော်၍မဆွဲဘဲ

ရှိလက်စမျက်ခုံးမွေးများကိုသာ ပိုမိုထင်ရှားမည်းနက်သွားအောင် စုတ်တံနှင့် ဆေးတင်ပေးလေ့ရှိလေသည်။

'ရုပ်ရှင်ပြီးရင် ခေါက်ဆွဲစားမယ်နော် မာမီ'

စုလှိုင်သည် အင်္ကျီလေးကို လက်တစ်ဖက်မှဆွဲကာ ခပ်သွက်သွက် ပြန်ထွက်သွားသည်။ ဒက်ဒီပြန်လာလျှင် စောင့်နေရမည်စိုးသောကြောင့် သနပ်ခါးပင်မလူးတော့ပေ။ ဟေဇလင်စနိုးလေးခံပြီး ကရင်ပတ်ဖ် တစ်ချက် နှစ်ချက် ရိုက်လိုက်လေသည်။

မက်စ်ဖက်တာ ပါးနီအဆီကိုမူ မသိမသာလေး ဆိုးလိုက်မိသည်။ ဆံပင်များကို ထုံးစံအတိုင်း နောက်သို့လှန်ညှပ်ပြီး ရွှေဝါရောင်ဟဲယားဘဲင်လေးနှင့် စည်းလိုက်သည်။ ထို့နောက် အင်္ကျီ လုံချည် ကောက်စွပ်လိုက်ရုံသာရှိသည်။ စုလှိုင်သည် လဲရင်း ပြင်ရင်း ဒက်ဒီ၏ကားသံကို စိတ်တထင့်ထင့် နှင့် နားစွင့်နေမိသည်။ အလုံးစုံပြင်ဆင်ပြီးသောအခါ ခြောက်နာရီကျော်ပေပြီ။ ဒက်ဒီ ပြန်ရောက်မလာသေးပေ။

ခြောက်နာရီခွဲခါနီးတွင် တယ်လီဖုန်းလာသည်။

ဒက်ဒီ့ဆီမှဖြစ်သည်။

'စုလား'

ဒက်ဒီကမေးသည်။ ဒက်ဒီ့အသံသည် အလျင်လိုနေသလို အလောတကြီးဖြစ်နေသည်။

'စု ဒက်ဒီ ဆေးရုံက ဆက်နေတာ'

'ဟင် ဒက်ဒီဘာဖြစ်လို့လဲ'

စုလှိုင်က အထိတ်တလန့်အော်လိုက်မိသည်။

'ဒက်ဒီဘာမှမဖြစ်ဘူး၊ ဟို ဟို ကလေးနေမကောင်းလို့'

'ကလေး'

အရောင်တောက်ပနေသော စုလှိုင်၏မျက်လုံးလေးများသည် ရုတ်ခြည်း မှေးမှိန်သွားလေသည်။

'နမိုးနီယားဖြစ်လို့စု၊ အဲ စိုးရိမ်ရတယ်၊ အဲဒါ ဒက်ဒီပြန်မလာနိုင်တော့ဘူး'

'ဟင်'

'ဆောရီး စု၊ ဒက်ဒီကတိဖျက်ရတာ စိတ်မကောင်းပါဘူး၊ နောက်

တစ်ခါမှ ကြည့်ကြတာပေါ့နော်'

'နောက်တစ်ခါ ဟုတ်လား'

စုလှိုင်သည် တုန်အက်သောအသံနှင့်မေးလိုက်မိသည်။ ဒက်ဒီ၏ ဖြေသံကိုမကြားရတော့ပေ။ တယ်လီဖုန်းချသွားပေပြီ။ တယ်လီဖုန်းခွက်လေးကို ကိုင်ကာ ငိုင်နေမိစဉ် မာမီကမေးသည်။

'ဘာတဲ့လဲ သူ ပြန်မလာနိုင်ဘူးမဟုတ်လား'

'ကလေး နေမကောင်းလို့တဲ့'

'ဟုတ်လား'

မာမီက သက်ပြင်းချလိုက်သည်။ အတန်ကြာအောင်ငေးနေသည်။ ထို့နောက် သူ့ကိုယ်မှအဝတ်အစားများကိုငုံ့၍ကြည့်လေသည်။ ပြန်ပြီးလဲချင်ပုံမရပေ။

'ဒီလိုဆို မာမီ ကြည်ကြည်တို့အိမ် သွားလိုက်ဦးမယ်၊ စု လိုက်မလား'

'ဟင့်အင်း'

စုလှိုင်သည် ခေါင်းယမ်းလိုက်သည်။ စိတ်ပျက်လက်ပျက်ဖြစ်သွားသော စုလှိုင်ကိုလှည့်ကြည့်ရင်း မာမီက ပြုံးလိုက်လေသည်။ ထို့နောက် ခပ်တိုးတိုးပြောသည်။

'ဘဝဆိုတာကို ဘယ်တော့မှပုံသေကားကျ တွက်မထားရဘူး၊ လုပ်မယ်မှန်းထားလည်း ဖြစ်ချင်မှဖြစ်တာ၊ မလုပ်ဘူးမှန်းထားပေမယ်လို့လည်း ဖြစ်ချင်ရင်ဖြစ်တာပဲ၊ ရုပ်ရှင်လေး မကြည့်ဖြစ်တာလောက်ကို စိတ်မကောင်းဖြစ်မနေပါနဲ့ သမီးရယ်'

မာမ့်စကားကို စုလှိုင်နားမလည်ပေ။ ဆိုလိုရင်းကိုစဉ်းစားနေမိစဉ် ကားထွက်သွားသံကိုကြားရသည်။ မာမီသည် သူပျော်ရာဒေသသို့ သွားပေပြီ။ ယခင်က သူပျော်သည့်အရာများကို အိမ်သို့ခေါ်သည်။ အိမ်တွင်ဝိုင်းဖွဲ့သည်။ ဒက်ဒီက ဝန်တိုငြူစူဟန်ပြသောအခါအိမ်ကိုမခေါ်တော့ဘဲ မာမီက သူတို့နောက်လိုက်သွားတတ်လေသည်။

မာမီထွက်သွားပြီး မကြာမီပင် တယ်လီဖုန်းလာပြန်သည်။ ဖရက်ဒ္ဒီဆီမှဖြစ်သည်။

'ဟေး စု'

သူ့အသံသည်ကား ရွှင်နေလေသည်။

'ယူ စိတ်ကောက်နေရစ်တယ်ဆို၊ ရုပ်ရှင် မကြည့်ဖြစ်လို့ဆို'

'အင်း'

'ကြည့်မလားဟင်၊ ကိုယ်လာခေါ်မယ်လေ'

'အင်း'

'ဟေး စု၊ တကယ်နော်'

'အင်း'

စုလှိုင် ထိုညက ဖရက်ဒီနှင့်တွဲပြီး ရုပ်ရှင်ကြည့်ဖြစ်လေသည်။ လေလွင့်နေသောစိတ်များကို ဖမ်းချုပ်ရန်ကြိုးစားရင်း သူပြောသမျှ ချစ်စကားများကို နားထောင်နေမိသည်။ သူက စုလှိုင်၏လက်ကလေးကို ဆွဲယူဆုပ်ကိုင်ထားသော်လည်း မရုန်းမိပေ။ တစ်ဆင့်တက်ပြီး စုလှိုင်၏ပါးပြင်ကို ညင်သာစွာ နမ်းသော်လည်း မငြင်းမိပေ။ အနည်ထနေသောစိတ်တေလေသည် ယောက်ယက်ခတ်နေသည်။ ရင်ခွင်သစ်ကို တမ်းတရှာဖွေနေမိလေသည်။

ဖရက်ဒီ၏နူးညံ့ချိုသာသောစကားလေးများတွင် စုလှိုင်၏စိတ်တို့သည် လွင့်မြောပါသွားသည်။ တွေဝေသောစိတ်တို့သည် သာယာလာသည်။ မည်သို့ပင် ဆိုစေ ထိုညဦးကို ဖရက်ဒီနှင့်အတူရုပ်ရှင်ကြည့်ရင်း ကုန်ဆုံးခဲ့ရသည့်အတွက် စုလှိုင်ကျေနပ်မိလေသည်။ ထိုသို့သာမဟုတ်လျှင် မှန်ပြတင်းတွင် တစ်ဦးတည်းမှီရပ်ကာ လဝန်းကိုမျှော်ကြည့်နေရမည်ဖြစ်သည်။ အထီးကျန်ဆန်သော တိမ်မည်းညိုကြီးသည် စုလှိုင်၏နှလုံးသားကို ဖုံးအုပ်လာဦးမည် ဖြစ်လေသည်။

'စု အိမ်ပြန်ချင်ပြီလား'

'ပြန်တော့ မပြန်ချင်သေးဘူး၊ ဒါပေမဲ့ ပြန်မယ်'

ရုပ်ရှင်ပြီးသောအခါ ဖရက်ဒီက မေးလေသည်။ စုလှိုင်အိမ်မပြန်ချင်သေးပေ။ ဖရက်ဒီ့ပခုံးကို ခပ်နွဲ့နွဲ့မှီရင်း မြို့လုံးပတ်လည် ကားစီးနေရလျှင် ကောင်းမည်ဟု စဉ်းစားမိသည်။ သို့သော် ဦးနှောက်တစ်စိတ်တစ်ဒေသတို့က အချိန်မီသတိပေးသဖြင့် အိမ်ပြန်မည်ဟုသာဆုံးဖြတ်လိုက်သည်။

ဖရက်ဒီသည် စုလှိုင်ကိုပြန်လိုက်ပို့သည်။ စုလှိုင်၏ရင်ထဲတွင် ဟာနေသည်။ အိမ်တွင် ဒက်ဒီလည်းမရှိ၊ မာမီလည်းပြန်မရောက်သေးပေ။

ကားကို ဆင်ဝင်အောက်ထိမသွားဘဲ ပန်းချုံဘေးတွင်ရပ်လိုက်သည်။ ထို့နောက် ဖရက်ဒီသည် စုလှိုင်၏တစ်ကိုယ်လုံးကို ဆွဲ၍ ဖက်လိုက်သည်။

နှုတ်ခမ်းလေးကို နမ်းရန်ကြိုးစားသည်။ စုလှိုင်သည် ရုတ်တရက် အိပ်မက်မှ လန့်နိုးသူလိုဖြစ်သွားသည်။ ရောက်ရှိနေသောအနေအထားကို လက်မခံနိုင်အောင် ဖြစ်သွားသည်။

'စု စု ဘာဖြစ်တာလဲ'

'ဘာဖြစ်ရမှာလဲ'

စုလှိုင်သည် ကားတံခါးကိုဖွင့်ကာ ဆင်းလိုက်သည်။ ဖရက်ဒီက စုလှိုင်၏လက်ကိုလှမ်းဆွဲလိုက်ကာ ဖမ်းကိုင်ထားသည်။

'စု ကိုယ့်ကိုမချစ်ဘူးလား'

'ဟင့်အင်း'

'ဒီလိုဆို ရုပ်ရှင်ရုံထဲမှာတုန်းက ဘာလို့ငြိမ်နေလဲ၊ ကိုယ်နမ်းတာ ဘာလို့ခံနေသလဲ'

'မသိဘူး'

စုလှိုင်က ခပ်ဆတ်ဆတ်အော်ကာ လက်ကိုဆောင့်၍ရုန်းလိုက်သည်။

'စု ဘာစိတ်ကောက်တာလဲ၊ တကယ်ပဲ ကိုယ့်ကိုမချစ်ဘူးလား'

ဖရက်ဒီက မယုံနိုင်သလို ထပ်မေးသည်။ ရုန်းကန်နေသော လက်ကလေးကို လက်ကောက်ဝတ်မှနေ၍ ညှစ်ကိုင်ထားလေသည်။

'မချစ်ဘူး၊ ဘာလို့ချစ်ရမှာလဲ၊ တစ်စက်မှမချစ်ဘူး'

စုလှိုင်က ဒေါနှင့်မောနှင့်ပြောသည်။ ကြေကွဲရိပ် သမ်းသွားသော သူ့မျက်လုံးများကိုမြင်ရသောအခါ ဘာကြောင့်မှန်းတော့မသိ၊ စုလှိုင် ကျေနပ် သလိုလို ပျော်ရွှင်သလိုလို ဖြစ်သွားလေသည်။ ဖရက်ဒီက ငိုင်တွေတွေ ဖြစ်သွားစဉ် စုလှိုင်သည် သူ့လက်ကလေးကို ဆောင့်၍ရုန်းလိုက်သည်။ ထို့နောက် အိမ်ပေါက်ဝသို့ ခပ်သွက်သွက်ပြေးထွက်သွားလေသည်။

*

'ညီလင်းရယ်၊ ငါ့ကို နှင်းဆီပန်းအဝါရောင်လေး ပေးဟာ၊ ငါက အဝါရောင်လေး ဝတ်မှာ'

'အာ မမကလဲ၊ အဲဒီအဝါက ခုမှပွင့်တာ၊ တစ်ပွင့်တည်းရှိတာ'

'နင်က တိုတယ်ပေါ့လေ၊ နေ နေပေါ့'

'ပန်းရောင်လေးယူလေ နော်'

'ဘာလုပ်ဖို့လဲ သွား'

အမာညိုသည် ခြေကိုဆောင့်ကာလှည့်ထွက်ခဲ့သည်။ မကျေမနပ်နှင့် ဒေါသခိုးများဆူတက်လာသည်။ ပန်းကလေးတစ်ပွင့်လောက်ပန်ရမည့် အရေး ညီလင်းကို ထာဝစဉ်ပင် မျက်နှာချိုသွေးရသည်။ မည်သည့်အခါမျှလည်း လွယ်လွယ်ကူကူရလေ့မရှိချေ။ အမြဲတမ်း တွန့်တွန့်တိုတိုဖြစ်နေတတ်သည်။

ဒီနေ့ မောင်မယ်သစ်လွင်နေ့ဖြစ်သည်။ ထို့ကြောင့်လည်း အမာညိုက ပိုပြီးလှချင်နေခြင်းဖြစ်သည်။ ဘဝဟူသည်မှာ ရည်မှန်းတိုင်းလည်း မဖြစ်တတ်ပေ။ သက်သက်က အင်ဂျင်နီယာဖြစ်ချင်သည်ဟု တဖွဖွပြောနေသော အချိန်များတွင် အမာညိုသည် ဆီးပြားစားရင်း ပြောင်စပ်စပ်ရယ်နေမိသည်သာ ဖြစ်သည်။ အမာညိုဟူသည့်မိန်းကလေးသည် ဘာကိုမျှလေးလေးနက်နက်နှင့် ကြိုးစားအားထုတ်ချင်သူမဟုတ်ပေ။ စာကိုလည်း ပင်ပင်ပန်းပန်းကြိုးစားလေ့ရှိသူ မဟုတ်ပေ။ သို့သော် ကံကောင်းချင်တော့ စာမေးပွဲတွင် အမှတ် ကောင်းလာသည်။ သူကျက်သမျှလေးတွေက တန်းပါလာသည်။ သူတွက်သမျှလေးတွေကလည်း မှန်သွားသည်။ သူ့ထက်တော်သော သက်သက်က အလွဲလွဲ အချော်ချော်ဖြစ်ကာ စာမေးပွဲကျသွားသော်လည်း သူက အောင်သည်။ အောင်ရုံသာမက စက်မှုတက္ကသိုလ်ကိုပါ တက်ခွင့်ရသည်။ ဒီလိုဆိုပြန်တော့လည်း ကုသိုလ်ကံဆိုသည်ကို ယုံရတော့မည်ထင်သည်။ သက်သက်သည် ကံဆိုး၍ အမာညိုသည် ကံကောင်းခဲ့လေသည်။ သက်သက်တစ်ယောက် ဆယ်တန်းစာများကို ပြန်လည်ကျက်မှတ်နေချိန်ဝယ် အမာညိုက စက်မှုတက္ကသိုလ် တက်ရလိမ့်မည်ဟု ယခင်တုန်းက လုံးဝမမျှော်မှန်းခဲ့မိပေ။ မထင်မှတ်ခဲ့မိပေ။

'မမရေ၊ လာဟ လာဟ၊ လာစူးဟ'

အမာညိုလှည့်ထွက်လာသောအခါ ညီလင်းက ခပ်ဆောင့်ဆောင့် အော်လိုက်သည်။ အမာညိုလှည့်မကြည့်ပေ။ ခပ်တည်တည်ပင် ဆက်ထွက်လာခဲ့သည်။ ညီလင်းကမနေနိုင်ဘဲ ကိုယ်တိုင်ရူးလာကာ ဆောင့်ကြီးအောင့်ကြီး လိုက်ပေးသည်။

'ရော့ယူ'

'ယူပါဘူး'

'ယူလို့ဆိုနေ'

'ဟင်း၊ သနားလို့ယူတာ'

အမာညိုက အပေါ်စီးနှင့်ပြောသည်။ မယူချင့်ယူချင်ဟန်နှင့် လှမ်းယူသည်။ ညီလင်းလှည့်ထွက်သွားသောအခါမှ မျက်နှာလေးပြုံးသွားသည်။ နှင်းဆီငုံဝါဝါလေးကိုငုံ့၍နမ်းလိုက်သည်။ အပေါ်ထပ်သို့ပြေးတက်လာပြီး သူရွေးထားသောအင်္ကျီဝါဝါလေးနှင့်အရောင်လိုက်မလိုက် တိုက်ပြီးကြည့်လိုက်သည်။

အမာညိုစိတ်တိုင်းကျပြင်ဆင်နေသည်ကို ကျော်ထွန်းညိုက စိတ်မရှည်စွာနှင့်စောင့်ဆိုင်းနေရလေသည်။ မောင်မယ်သစ်လွင်နေ့ဆိုလျှင် စောစော သွားချင်သည်မှာ ကျောင်းသားကြီးတိုင်း၏ဆန္ဒဖြစ်သည်။ လူသွားလမ်း စင်္ကြံတွင် တန်းစီရပ်ပြီး ရောက်လာသမျှ မယ်သစ်လွင်လေးများကို ခြေဆုံးခေါင်းဆုံး ကြည့်ကြသည်။ ခြေလှမ်းမှားအောင် နောက်ပြောင်ကြသည်။ ကျောင်းသူကလေးများခမျာ အယောင်ယောင်အမှားမှားနှင့် ခလုတ်တိုက်လျှင် ဝါးခနဲ ဝိုင်း၍ ရယ်ကြသည်။ မိန်းကလေးများကို စေ့စေ့စပ်စပ် ကြည့်ပြီး အမျိုးမျိုးအမည်ပေးကြသည်။ အလှဆုံးကိုရွေးကြသည်။ ထို့ ကြောင့်လည်း ကျော်ထွန်းညိုက စောစော သွားရန် အလိုလိုစိတ်စောနေမိခြင်း ဖြစ်သည်။ သို့သော် ကျောင်းသားကြီးများ မျက်စိစားပွဲထိုင်မည့်အထဲတွင် ကိုယ့်နှမတစ်ယောက်လုံးပါနေတော့ စိတ်ထဲတွင် မအီမလည်ဖြစ်နေလေ သည်။ သူများနှမကိုစ၍ ပြောင်၍၊ ခြေလှမ်းမှားအောင် ပြုလုပ်ခဲ့စဉ်က အရသာရှိလှသော်လည်း ကိုယ့်နှမလေး အစအနောက်ခံရမည်ကိုကား မလိုလားပေ။

လက်ထဲမှနာရီကိုငုံ့ကြည့်မိသည်။ နံနက်ခုနစ်နာရီသာရှိသေးသည်။ မိရွှေညိုကို နောက်ထပ်ဆယ့်ငါးမိနစ်ခန့်စောင့်ရဦးမည်မှာ သေချာသည်။

'ကို ကို'

ညီလင်းက ခြံထဲမှလှမ်းခေါ်လေသည်။ သူစိုက်ထားသော တစ်ထပ်စံပယ်လေးများ ဖွေးနေအောင်ပွင့်နေသည်ကို ခေါ်၍ပြခြင်းဖြစ်သည်။ ထိုစံပယ်သည် အနံ့မမွှေးလှချေ။ သင်းသင်းလေးသာရှိသည်။ သို့သော် တစ်ရုံလုံးဝေနေအောင်ပွင့်ကာ တော်ရုံနှင့်မညှိုးဘဲ တာရှည်ခံလေသည်။

'အေး၊ မင်းက ကြိုးစားပမ်းစားစိုက်နေ၊ တော်ကြာ မိညိုလက်ချက်မိပြီး ပြောင်မှာပဲ'

'ခုနကလည်း နှင်းဆီအဝါလေး ပေးလိုက်ရတယ်'

ညီလင်းက နှုတ်ခမ်းစူကာပြောသည်။ မနေနိုင်၍ပေးမယ့်သာပေးလိုက်ရသော်လည်း ယခုတိုင်နှမြောနေဆဲဖြစ်လေသည်။ ဖြူဖွေးလန်းဆန်း

နေသော စံပယ်ပန်းလေးများကို ကျော်ထွန်းညိုက ငေး၍ကြည့်နေမိသည်။ ပွင့်ဖတ်ကလေးများပေါ်တွင် နှင်းစက်ကလေးများတင်နေသည်မှာ တစ်မျိုးကြည့်၍ကောင်းသည်။

'ကို ကို'

ညီလင်းက တိုးတိုးခေါ်ပြန်သည်။ အိမ်ဘက်သို့ကဲကြည့်ပြီးအသံကိုနှိမ့်ကာပြောသည်။

'ကိုကို၊ မမသက်ကို ကြိုက်လားဟင်'

'ဟာ၊ ဘာပြုလို့တုံးကွ'

ကျော်ထွန်းညိုက အထိတ်တလန့်မေးလိုက်မိသည်။

'ညက မေမေနဲ့ မေမေကြီးနဲ့ပြောနေတာ ကျွန်တော်ကြားလာလို့'

'ဘာတဲ့လဲ'

'မေမေကြီးကပြောတယ်၊ သက်သက်ကလေးက စိတ်ကောင်းရှိတယ်တဲ့၊ သူ့မိဘတွေကလည်း ရိုးသားတယ်တဲ့၊ ပစ္စည်းသိပ်မချမ်းသာပေမယ့် သူတို့မိသားစုလေးက ပျော်စရာကောင်းတယ်တဲ့'

'အေးလေ ဒီတော့'

'ဒီတော့ ကိုကို့ ကိုလေ မမသက်နဲ့သဘောတူတယ်တဲ့'

'ဟောဗျာ'

ကျော်ထွန်းညိုသည် သူ့နဖူးကိုသူရိုက်လိုက်မိသည်။ မေမေကြီးသည် သူ့မြေးအတွက် ယခုကတည်းကပင် ကြိုတင်၍မိန်းမရွေးနေပြီထင်သည်။ အမာညိုက သက်သက်ကြိုက်ပါဟု တစ်ပြောတည်းပြောခဲ့စဉ်က စိတ်ထဲတွင် မည်သို့မျှ မနေချေ။ နားငြီးရုံ ရယ်ရုံအပြင် အလေးအနက်မရှိခဲ့ချေ။ သို့သော် ယခုလို လူကြီးများကပါ ပြောလာကြသည်ကို သိရသောအခါတွင်ကား ရင်ထဲတွင် ရှိန်းမြမြဖြစ်သွားလေသည်။

စံပယ်ပွင့်ဖြူဖြူလေးကို စိုက်ကြည့်ရင်း သက်သက် ဟူသည့် မိန်းကလေးကို ပုံဖော်ပြီးကြည့်မိသည်။ အရပ်ပျတ်ပျတ် အသားဝါဝါလေးနှင့် ပြုံးချိုသော နှုတ်ခမ်းလေးများကို မြင်ယောင်လာသည်။ မျက်လုံးအစ်အစ်၊ မျက်ခုံးထူထူ၊ ပါးဖောင်းဖောင်းလေးနှင့်မို့ သူ့မျက်နှာလေးသည် အပျိုမလေးနှင့်မတူဘဲ ကလေးလေးနှင့် တူလေသည်။ သူ့လက်မောင်းလေးများကမူ ပြည့်ဖြိုးလှပကြောင်းကို ကျော်ထွန်းညို သိထားပြီးဖြစ်သည်။ အောင်စာရင်းထွက်သည့်နေ့က ခြံပြင်သို့

ထွက်ပြေးစဉ် သူဆွဲပြီးဖမ်းကိုင်ခဲ့ရသော လက်မောင်းလေးကို ပြန်လည် တွေး နေမိသည်။ စိုးရိမ်တကြီးအားစိုက်ပြီးဆွဲလိုက်မိသောကြောင့် လက်မောင်းသား ဝင်းဝင်းလေးတွင် သူ၏လက်ချောင်းရာများက ရဲပြီးထင်ကျန်ခဲ့သည်ကို သတိ ပြုမိသည်။

'မမသက်က သဘောတော့ကောင်းတယ်ဗျ နော ကိုကို'

ညီလင်းက ရေပန်းကရားကိုရေဖြည့်ပြီး ဆွဲယူလာသည်။ ထို့နောက် ခပ်မြင့်မြင့် မြောက်ကိုင်ကာ စံပယ်ရုံကိုအပေါ်ဘက်မှ ပက်ဖျန်းလိုက်သည်။ ကျော် ထွန်းညိုစိုက်ကြည့်နေသော စံပယ်ပွင့်ဖြူဖြူလေးပေါ်သို့ ရေစက်ရေပေါက်များ ကျလာသည်။ ရေစိုသောပန်းကလေးသည် တနွဲ့နွဲ့ယိမ်းညွှတ်သွားသည်။ စံပယ် ပွင့်ထဲမှ သက်သက်၏ရုပ်သွင်လည်း ပျောက်သွားသည်။

'ဘာပြောတယ် ညီလင်း'

'ဩော် မမသက်က သဘောတော့ ကောင်းတယ်လို့ပါ'

'မင်းကလဲ၊ သဘောတော့ ကောင်းတယ်ဆိုတော့၊ ဘာကတော့ မကောင်းလို့လဲ'

'အဟီး ဟုတ်ပါဘူး'

'ပြောပါကွ'

'မျက်လုံးလေးမေးတာတစ်ခုပါပဲ၊ ကျွန်တော်က မျက်လုံးဆိုရင် မျက် သားပြာလဲ့လဲ့၊ မျက်နက်ကျယ်ကျယ်၊ မျက်တောင်ကော့ကော့နဲ့မှကြိုက်တာ ဟား ဟား'

ကျော်ထွန်းညိုသည် ဘာမှပြန်မပြောဘဲပြုံးနေမိသည်။ ညီလင်းသည် ဝတ္ထုထဲမှ စကားလုံးများကို ရွတ်လိုက်ခြင်းဖြစ်သည်။ မျက်သား ပြာလဲ့လဲ့၊ မျက် နက်ကျယ်ကျယ်၊ မျက်တောင်ကော့ကော့ဟု ညီလင်းကပြောလိုက်သောအခါ မျက်ဝန်းနက်နက်ကလေးတစ်စုံကို ပြေးပြီးမြင်ယောင်မိသည်။ စုလှိုင် ဟူသည့် မိန်းကလေးကို သတိရမိသည်။

'ဟော ဟိုမှာ ပြောရင်းဆိုရင်း မမသက်လာနေတယ်'

ညီလင်းက အရယ်ရပ်ကာ ခြံဝသို့လှမ်းကြည့်သည်။ ထို့နောက် လှမ်း အော်၍နှုတ်ဆက်သည်။

သက်သက်သည် သူတို့နှစ်ဦးဆီသို့ ခပ်သွက်သွက်လျှောက်လာလေ သည်။ လက်ထဲတွင် ဖွေးနုနေသော သဇင်ပန်းသုံးခက်ကို ကိုင်ထားသည်။

'အမာညိုရော'

'အလုပြင်တုန်းပဲ မမသက်ရ'

'သူ ဘာရောင်ဝတ်မှာတဲ့လဲဟင်'

'သိပါဘူးဗျာ ဒီနေ့မှပွင့်တဲ့ နှင်းဆီပန်း အဝါလေးတော့ အတင်းယူသွားတာဘဲ'

ညီလင်းက ရှုံ့ရှုံ့မဲ့မဲ့ပြောလေသည်။ ကျော်ထွန်းညိုကမူ ဘာမှမပြောဖြစ်ဘဲ သက်သက်ဟူသည့်မိန်းကလေးကို စူးစိုက်ပြီးကြည့်နေမိလေသည်။ ကိုယ်တိုင် စာမေးပွဲရှုံးသော်လည်း အမာညိုကို လုံးဝဝန်တိုဟန်၊ ငြူစူဟန် မပြရှာပေ။ သစ်လွင်ပွဲအတွက်ပင် တကူးတကန့်ပန်းလာပို့ပေးသည်ဆို တော့ တော်တော်စိတ်ကောင်းရှိသည့်မိန်းကလေးဟု တွေးလိုက်မိသည်။ အမာညိုသာ သက်သက်နေရာမှာဆိုလျှင် ထိုကဲ့သို့ ပန်းသွားပေးမည်မဟုတ်သည်ကို ကျော်ထွန်းညို သိလေသည်။

သူ့ကို စူးစိုက်ကြည့်နေသော ကျော်ထွန်းညိုကို သက်သက်သတိပြုမိသည်။ ရင်ထဲတွင် ကျေနပ်လှိုင်းကလေးရိုက်ခတ်ပြီး ရှက်သွေးလေး မသိ မသာ ဖျန်းတက်လာလေသည်။

'နောက်နှစ်ဆိုရင် သက်သက်အလှည့်ပေါ့၊ သစ်လွင်နေ့ကျရင် မိညိုက ညီလင်းရဲ့ပန်းတွေကိုခိုးပြီး လာပို့ပေးလိမ့်မယ်'

ကျော်ထွန်းညိုက ပြုံးရယ်ကာပြောလိုက်သည်။ ညီလင်းက သက်သက်၏လက်ထဲမှ ပန်းများကိုလှမ်းပြီးဆွဲယူလိုက်သည်။

'ပေး မမသက် ကျွန်တော် မမကိုသွားပေးလိုက်မယ်'

'ဥကလေးတွေ ပြန်ပေးနော် ညီလင်း၊ အပင်ပြန်စိုက်ရမယ်'

သက်သက်ကအော်ပြောစဉ် ညီလင်းသည် အပြေးထွက်ခွာသွားသည်။ ညီလင်း တမင်တကာရှောင်ထွက်သွားခြင်းဖြစ်ကြောင်း ကျော်ထွန်းညို သိလိုက်သည်။ သူတို့နှစ်ယောက်တည်းသာကျန်ခဲ့အောင် အကွက်ဆင်သွားခြင်းဖြစ်လေသည်။

'သက်သက် အင်ဂျင်နီယာမလုပ်တော့ဘူး ကိုကို'

အတန်ကြာငြိမ်နေပြီးမှ သက်သက်ကပြောသည်။ ဗရုတ်ကျသော၊ အငြင်းသန်သော၊ ပြောင်စပ်စပ် မိန်းကလေးသည် ကျော်ထွန်းညိုရှေ့ရောက်လျှင် တည်တည်ကြည်ကြည်လေးဖြစ်သွားတတ်သည်။

'ဘာဖြစ်လို့လဲဟင်'

'သူများယောင်လို့ပေါင်ပြီး၊ သူများကိုအားကျပြီး အင်ဂျင်နီယာဖြစ်ချင်နေတာပါ၊ တကယ်ဝါသနာပါတာမဟုတ်ပါဘူး'

'ဒီလိုဆို ဘာကိုဝါသနာပါလို့လဲ'

'သူနာပြု'

'ဆရာဝန် မဟုတ်ဘူးလား'

'ဟင့်အင်း သူနာပြုပဲ၊ သက်သက်ဆယ်တန်းအောင်ရင် သူနာပြု သင်တန်းပဲ တက်တော့မယ်'

'ကောင်းတယ် သက်သက်'

ကျော်ထွန်းညိုက ထောက်ခံမိသည်။ ဆရာဝန် ဆရာဝန်နှင့် ဆေးတက္ကသိုလ်ကိုပြုံပြီးတိုးနေကြစဉ် သက်သက်၏အဆုံးအဖြတ်ခံယူချက်ကလေးက စိတ်ဝင်စားဖွယ် ကောင်းနေသည်။

'လူနာကို တကယ်လက်ပွန်းတတီးပြုစုရတာက သူနာပြုဆရာမတွေကိုကိုရဲ့၊ ဆရာဝန်က ဒီလောက်မဟုတ်ဘူး၊ သက်သက်လေ ဝေဒနာခံနေရတဲ့သူတွေကို သက်သာအောင် ဖေးဖေးမမ သိပ်ပြီးပြုစုပေးချင်တာပဲ၊ အဲဒါကမှ သက်သက်ရဲ့ဝါသနာအစစ်'

သက်သက်၏မျက်လုံး မှေးမှေးလေးသည် အရောင်တစ်မျိုး တောက်ပကာ ရွှန်းလဲ့လာသည်။ ကျော်ထွန်းညိုသည် ထိုမိန်းကလေးကို ပေါ့ချာချာလေးဟုသာ ယူဆခဲ့သည်။ ယခုလို အလေးအနက်စဉ်းစားကာ အမွန်အမြတ် ခံယူချက်ကလေးနှင့် ဘဝကိုဦးတည်မည့်သူဟု မထင်မှတ်မိခဲ့ပေ။ သက်သက် ဟူသည့် မိန်းကလေးကို ယခုမှ ပထမဦးဆုံးအကြိမ် လေးစားစိတ်ဝင်လာသည်။

'သက်သက်က ဒို့ထင်တာထက်တော်တယ်'

ကျော်ထွန်းညိုဖွင့်ဟ ချီးကျူးမိသည်။ သက်သက်၏ပါးဖောင်းဖောင်းလေးများသည် နီတွေးသွားသည်။ နှုတ်ခမ်းလေးတွင် ကျေနပ်ပြုံးလေး ပွင့်ဖူးလာလေသည်။

*

'စုလှိုင်တဲ့ ထိပ်စုဘုရားလား၊ လှိုင်ထိပ်ထားလား'

'ဒီနှစ် သူအချောဆုံးပဲကွ'

ကျော်ထွန်းညိုသည် စကားသံထွက်ပေါ်လာရာ လက်ဖက်ရည်ဆိုင် ထဲသို့ စောင်းကြည့်လိုက်သည်။ ကိုတင်မောင်ဌေးတို့လူသိုက်ဖြစ်သည်။ သူတို့ သည် ကျောင်းဖွင့်ပြီဆိုသည်နှင့် ကျောင်းသူစာရင်းကောက်ထားပြီး အချော အလှ စံချိန်အဆင့်ဆင့်ခွဲထားပြီးဖြစ်သည်။ အချောဆုံးကိုရွေး၍ လိုက်သည်။ သို့သော် သူ့ကို မည်သူမျှပြန်မကြိုက်သေးပေ။

'ဦးတင်မောင် ခင်ဗျားကော်ဖီက နို့ဆီနည်းတယ်ဗျ၊ သကြားပေါတိုင်း သကြားချည်းအရမ်းထည့်နေတာပဲ၊ သကြားလျှော့ပြီး နို့ဆီများများထည့်ပေးပါ ဗျ'

ကျော်ထွန်းညို ဆိုင်ထဲသို့လှမ်းဝင်လိုက်စဉ် တစ်ဖက်ဝိုင်းမှ ကျောင်း သားတစ်ဦးက အော်လေသည်။

'မင်းဘိုးအေ နို့ဆီက အခုအပြင်မှာဘယ်ဈေးမှတ်လဲ၊ နှစ်ကျပ်ခွဲကွ၊ ကော်ဖီတစ်ခွက်တစ်မတ်ပေးသောက်ပြီး နှစ်ကျပ်ခွဲတန်နို့ဆီကို ဘူးတစ်ဝက် လောက်ထည့်စေချင်နေလို့ဖြစ်မှာလား၊ ဒီလိုသာဆို ငါတို့ ဦးတင်မောင်ကြီး မွဲရ ချေရဲ့ဗျာ'

ဦးတင်မောင်ကမူ ဘာမှမပြောရှာ၊ ကွမ်းစားထားသဖြင့် နီရဲနေသော သွားများပေါ်အောင်ပြုံးနေသည်။ ကော်ဖီခွက်ကိုယူပြီး နို့ဆီထပ်ထည့်ပေးလေ သည်။ သို့သော် လက်ဖက်ရည်ဆိုင်ထိုင်ရင်း အပျိုစာရင်းကောက်နေသော ကို တင်မောင်ဌေးက မနေနိုင်ချေ။ လှည့်ကြည့်ရင်း ထိုကျောင်းသားကို လှမ်းပြော သည်။ ပြောရင်းဆိုရင်းမှ ဆိုင်ထဲဝင်လာသော ကျော်ထွန်းညိုကို တွေ့သောအခါ ခေါင်းဆတ်ပြီးပြုံးပြသည်။ သူ့ရှေ့မှကုလားထိုင်ကို တွန်း ထုတ်လိုက်ပြီး 'လာကွ' ဟု ဖိတ်ခေါ်သည်။ ထို့နောက် ပြောလက်စ စကားကို အပြတ်မခံ၊ ဆက်၍ ပြောသည်။

'ကလေးပါးစပ်၊ အရူးပါးစပ်၊ သဘင်သည်ပါးစပ်များ အားကြီး ကြောက်ဖို့ကောင်းတယ်ကွ၊ ဟိုတလောက တွံတေးသိန်းတန်ဆိုလိုက်တာလေ၊ ဧည့်သည်သီချင်းလား "ပြေးကာလွှားကာ ဆန်ဝယ်ဆီဝယ်" ဆိုတာ၊ အဲဒီ အတိုင်း ဖြစ်ကုန်တာပဲ၊ ငါ့အမေတောင် ဆန်တွေရှားမယ်၊ ဝယ်ထားမှ ဆိုပြီး နှစ်အိတ်တောင် ပြေးဝယ်တာ ပိုးထိုးကုန်ရောကွ'

ကိုတင်မောင်ဌေးသည် သူ့ရှေ့မှလက်ဖက်ရည်ကို တစ်ကျိုက်သောက် လိုက်သည်။ ထောပတ်ကျဲကျဲသုတ်ထားသော ပေါင်မုန့်ကင်ကို တစ်ချက် ကိုက်

စားလိုက်သည်။ ကျော်ထွန်းညိုကမူ လက်ထဲမှ ထမင်းဘူးကိုချပြီး ဖွင့်လိုက်သည်။ ဟင်းနံ့က ပျံ့မွှေးပြီးထွက်လာသည်။ ထမင်းဘူးထုပ်သော လက်သုတ်ပဝါလေးသည်ကား ဆီများစွန်းထင်းလျက်ရှိသည်။

'ဘာဟင်းလဲကွ'

ကိုတင်မောင်ဌေးက ငုံ့ကြည့်သည်။ နီရဲနေသော ပုစွန်တုပ်ကြီး၏ အပေါ်ဘက်တွင် ခရမ်းချဉ်သီးနှင့်ကြက်သွန်နီကို အကွင်းလိုက်လှီးကာ အုပ်ထားသည်။ ထမင်းပေါ်တွင် သခွားသီးစိတ်ကလေးများနှင့် ငါးပိကြော်ကို ဖိထည့်ထားသည်။

'ပုစွန်ဗျ စားလေအစ်ကို'

ကျော်ထွန်းညိုက ထမင်းဘူးနှင့်ဟင်းခွက်ကို သူ့ဘက်တိုးပေးလိုက်သည်။ သူက တစ်လုတ်ခပ်စားလိုက်ပြီး ပြန်တိုးပေးသည်။

လက်ဖက်ရည်ဆိုင်ရှေ့တွင် အဆောင်အသစ်တစ်ခုဆောက်လျက်ရှိသည်။ ဒုန်းဒုန်းဒိုင်းဒိုင်းနှင့် ထုသံရိုက်သံများသည် ဆူညံနေသည်။ ဆောက်လက်စ အဆောက်အအုံမှ ဖုန်များ သဲများသည် လက်ဖက်ရည်ဆိုင်ထဲသို့ လွင့်စဉ်ဝင်ရောက်လာလေ့ရှိသည်။ ကျော်ထွန်းညိုသည် နေရာပြောင်းကာ ကျောခိုင်းထိုင်လိုက်သည်။ သို့မှသာ ဖုန်များကို ကိုယ်လုံးနှင့် အကာအကွယ်ယူထားသလိုဖြစ်ပြီး ထမင်းဘူးထဲသို့ တသဲသဲဝင်မလာနိုင်မည်ဖြစ်သည်။

'မင်းလက်သုတ်ပဝါကလည်း ဆီနဲ့စိမ်လာတာကျနေတာပဲ'

'ဘတ်စ်ကားပေါ်မှာ ဖိတ်တာအကိုရ၊ တည့်တည့်ကိုင်လို့မှမရတာ'

'ဆီလျှော့ထည့်ခိုင်းပေါ့ကွ'

'ပြောတော့ပြောတာပဲ၊ ဒါပေမဲ့ မေမေက ဆီမပါဘဲ ခြောက်ခြောက်ကြီးဆိုရင် ငါ့သား စားနိုင်မှာမဟုတ်ဘူးဆိုပြီး ဖွတ်ထည့်တာပဲ'

တစ်ဖက်ဆိုင်မှခေါက်ဆွဲကြော်နံ့သည် သင်းပျံ့လာသည်။ တင်မောင်ဌေးသည် လက်ဖက်ရည် အကတ်အသတ်ကို အကုန်မော့သောက်လိုက်ပြီး ပန်းကန်လုံးကို ရေနွေးကြမ်းနှင့်ကျင်းကာဆေးလိုက်သည်။ ထို့နောက် ရေနွေးကြမ်း ဖြည့်ကာ တဖူးဖူးမှုတ်ပြီး သောက်ပြန်သည်။

'ဒို့မြန်မာဆိုတာတွေကလည်း ဆီဆိုရင် ရွှဲနေမှစားတတ်တာ၊ ဘိုးတွေဘေးတွေလက်ထက်ကတည်းက ဆီရေချိုးပြီး ကောက်ရိုးမီးလှုံလာတဲ့လူမျိုးကိုးကွ၊ ဒါပေမဲ့ ဖြုန်းတာဆိုရင် ဘယ်ကောင်းမလဲ၊ ဆီက ငါးကျပ်ဈေး မဟုတ်

လား၊ ကဲ တစ်ပိဿာ ငါးကျပ်ဆိုရင် တစ်ဆယ်သားငါးမူး၊ မင်းဖိတ်ပစ်လာတာ ငါးကျပ်သားလောက်တော့ရှိမယ်၊ တစ်မတ်ဖိုးပဲကွ'

ထမင်းတစ်လုတ်နှစ်လုတ်ဝင်သွားသောအခါမှ ဗိုက်က ပိဆာလာသည်။ ထို့ကြောင့် အလောတကြီးနှင့်ဆက်တိုက်စားရင်း တင်မောင်ဌေး ပြောသမျှကို ခေါင်းတညိတ်ညိတ်နှင့်ထောက်ခံနေမိသည်။ တင်မောင်ဌေးသည် ကျော်ထွန်းညိုထက် နှစ်နှစ်စောပြီး တက္ကသိုလ်ရောက်သူဖြစ်သည်။ သို့သော် ပထမနှစ်တွင် နှစ်နှစ်၊ ဒုတိယနှစ်တွင် နှစ်နှစ်နေခဲ့သဖြင့် တစ်နှစ် တစ်တန်းတက်လာသော ကျော်ထွန်းညိုနှင့်အတန်းအတူတူပင်ဖြစ်သွားလေသည်။ ကျောင်းသက်ငါးနှစ်ရှိပြီဖြစ်သော တတိယနှစ် သင်တန်းသား ကျောင်းသားကြီးဖြစ်၍ အတွေ့အကြုံ ဗဟုသုတ အစစအရာရာကြွယ်ဝလေသည်။

'ဟေ့ ဒီနှစ် ဖရက်ရှာတွေထဲမှာ အဲဒီကောင်မလေး အလှဆုံးကွ'

တင်မောင်ဌေးသည် ဆေးလိပ်ကိုမီးညှိမည်ပြုပြီးမှ မညှိသေးဘဲ တိုးတိုးပြောသည်။ ကျော်ထွန်းညိုလှည့်ကြည့်လိုက်သောအခါ ဆိုင်ရှေ့မှ ဖြတ်သွားသော စုလှိုင်ကိုတွေ့ရသည်။ ဆိုင်အတွင်းသို့ စောင်းငဲ့၍ပင် မကြည့်ဘဲ တစ်ဦးတည်း ပင်လယ်ကမ်းခြေတွင် လေညင်းခံထွက်နေပုံနှင့် သက်သက် သာသာ ကြော့ကြော့မော့မော့လေးလျှောက်သွားသည်။ စကားသံများတိတ်ကာ သူ့ကို လိုက်ကြည့်နေကြသောဆိုင်ထဲမှ သူကောင်းသားများကို ဖုတ်လေသည့်ငါးပိ ရှိသည်ဟုပင် အမှတ်မထားသော ပုံစံလေးဖြစ်သည်။

'မိညိုတို့ကျောင်းကပဲဗျ'

'ဘာလို့ အမာညိုနဲ့မတွဲတာလဲ'

'သူက အဲဒီလိုပဲ တစ်ယောက်ထဲနေတတ်တယ်တဲ့၊ ဘယ်သူနဲ့မှလည်း သိပ်မခင်ဘူးတဲ့'

'မာနကြီးတာလား'

'အင်း ဒါပဲဖြစ်မှာပေါ့၊ သူ့အဖေက ချည်စက်သူဌေးလေ၊ မြို့ထဲမှာလည်း ရုပ်ရှင်ရုံတစ်ရုံပိုင်သေးတယ်ထင်တယ်၊ ပ ထ စ အမတ်တောင် တက်လုပ်လိုက်သေးတာ၊ ဦးသာလှိုင်လေ သိတယ်မဟုတ်လား'

'အေး သိပါတယ်ကွ'

တင်မောင်ဌေးသည် စုလှိုင်ကို မျက်စိတစ်ဆုံးလိုက်ကြည့်နေသည်။ တင်မောင်ဌေးသာမက တစ်ဆိုင်လုံးရှိကျောင်းသားအားလုံး လိုက်ကြည့်နေကြ

ခြင်းဖြစ်သည်။ သူတို့စက်မှုတက္ကသိုလ်က မိန်းကလေးရှားပါးလှသည်။ လွန်ခဲ့သော သုံးလေးနှစ်ခန့်ကဆိုလျှင် ပို၍ပင်ဆိုးသေးသည်။ မိန်းကလေးများ မလာရဟု စာတန်းချိတ်ထားသောနေရာလို မိန်းကလေး အစအနကိုပင် တွေ့ရခဲလှလေသည်။ ယခုမှ တစ်စထက်တစ်စ စက်မှုတက္ကသိုလ်ဝင်လာကြသော မိန်းကလေးများက ခြောက်သွေ့နေသောကျောင်းကြီးကို စိုပြည်လာစေသည်။ သို့သော် အလွန်ပင်နည်းလှသေးသည်ဟုထင်မိသည်။ စာသင်ခန်းမများထဲတွင် ထိုင်နေသောအခါ ပိုပြီးသိသာသည်။ မိန်းကလေးများသည် ရှေ့ဘက်တစ်တန်းနှစ်တန်းသာ ရှိသည်။ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှာလို မိန်းမလှလေးများတစ်ဝက်ကျော်ကျော် ရှိနေသော စာသင်ခန်းများသာဆိုပါက တင်မောင်ဌေးတို့ အတန်းလစ်ပြီး လက်ဖက်ရည်ဆိုင်ထိုင်နေမည် မဟုတ်ပေ။ တစ်ချိန်မှမပျက်ကွက်အောင် ဝီရိယရှိရှိနှင့် တက်ဖြစ်မည်ဖြစ်လေသည်။

ကျော်ထွန်းညိုသည် ထမင်းကို လက်စသတ်ပြီး ရေနွေးကြမ်းနှင့် ပလုတ်ကျင်းသောက်လိုက်သည်။ လက်တွင်ပတ်ထားသောနာရီကိုငုံ့ကြည့်သည်။ ဆယ့်နှစ်နာရီခွဲလုပေပြီ။

'အစ်ကို ကျူတိုရီရယ် မတက်ဘူးလား'

'ပျင်းတယ်ကွာ၊ အတန်းထဲရောက်တော့လည်း ငါက ဘာမှတွက်တတ်တာမှမဟုတ်ဘူး၊ ခိုးချရမှာလည်း ကြာတော့ ရှက်လာပြီ'

'ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ ပျက်တာနဲ့စာရင် တော်သေးတာပေါ့'

'ဟော့ ဟိုမှာ မင်းနှမ'

တင်မောင်ဌေးသည် ကျော်ထွန်းညို၏စကားကိုမဖြေဘဲ ဆိုင်ရှေ့ဘက်သို့မေးငေါ့ပြသည်။ အမာညိုဖြစ်လေသည်။ သူနှင့်အတူ ကျောင်းသူလေး သုံးဦးပါသေးသည်။ အဆောင်နေ ကျောင်းသူလေးများဖြစ်ဟန်တူသည်။ ပထမနှစ်အဆောင်နေ ကျောင်းသူလေးများသည် နယ်မှရောက်လာစဖြစ်သောကြောင့် အဆင်အပြင် ရိုးသားကြလေသည်။ အမာညိုသည် ကိုယ်တိုင် ရန်ကုန်သူ ဖြစ်သော်လည်း ရန်ကုန်သူများနှင့်မတွဲဖြစ်ပေ။ ထိုကျောင်းသူလေးများနှင့်အဖွဲ့ကျပြီး မိန်းကလေးဆောင်သို့ လိုက်သွားလေ့ရှိသည်။ တစ်ချိန် နှစ်ချိန်၊ ကြားချိန်များ အားနေပါက မိန်းကလေးများစုဝေးရာ အယ်လ်စီအာတွင် အချိန်မဖြုန်းဘဲ အဆောင်သို့ ရောက်နေတတ်သည်။ ယခုလည်း အဆောင်သို့ပြန်ကြခြင်း ဖြစ်ဟန်တူသည်။ မျက်လွှာလေးများချကာ ခေါင်းကိုတွင်တွင်ငုံ့၍ လက်ဖက်ရည်

ဆိုင်ရှေ့မှ သွက်သွက်ဖြတ်သွားကြသည်။ ဆိုင်ထဲမှ သူကောင်းသားတို့၏ စူးစူး ဝါးဝါးအကြည့်ကို ရင်မဆိုင်ရဲရှာကြပေ။

'သိပ်လှတယ်ကွယ်၊ လဲမယ် လဲမယ်၊ ဖြည်းဖြည်းလျှောက်'

ကျောင်းသားတစ်ဦးက မကြားတကြားလှမ်းနောက်သည်။ ကျောင်းသူလေးတစ်ဦး ခြေလှမ်းမှားကာ ကျောက်ခဲကိုခလုတ်တိုက်မိတော့သည်။ ဟပ်ထိုးလဲသွားမည်ပြု၍ အမာညိုက ဆွဲထိန်းလိုက်ရသည်။

'မရက်ပါနဲ့ကွယ်၊ ဟေ ဟေ'

ကျောင်းသားတစ်ဦး ရယ်မောရင်းပြောပြန်သည်။ ကျော်ထွန်းညိုသည် ယောင်ယောင်ကန်းကန်းဖြစ်နေသော သူ၏နမငယ်အပါအဝင် မိန်းကလေး တစ်သိုက်ကို မသက်မသာကြည့်နေမိသည်။ ရယ်သံများသည် အမာညိုတို့၏ ခြေဖဝါးတွင် ဂျက်လေယာဉ်တပ်ပေးလိုက်ဟန်ရှိသည်။ လေးဦးသား သုတ်ခြေတင်သွားကြလေသည်။

'ကျောင်းရောက်စတော့ ရှက်သလိုလိုပဲကွ၊ အဲ နောက် လေးငါးလ နေရင်ကြည့်ပေါ့၊ ဘာအရှက်မှကျန်တော့မှာမဟုတ်ဘူး၊ အရေတွေ အခေါက်တွေ ထူကုန်ကြရော'

'ကြာတော့လည်း ဘယ်ရှက်နိုင်တော့မလဲဗျ'

'အေးကွ၊ ကြည့်နေပါ နောက်ကျရင် သူတို့ကတောင် ငါတို့ကိုပြန်ပြီး ဟားလိမ့်မယ်၊ ကျောင်းရောက်စ အူတူတူကောင်မလေးတွေ အစတုန်းကပဲ ချစ်ဖို့ကောင်းတယ်၊ စလို့နောက်လို့ကောင်းတယ်၊ ကြာရင်မကောင်းတော့ဘူး'

တင်မောင်ဌေးသည် နောက်ထပ် ရေနွေးကြမ်းတစ်ပန်းကန်ထပ် ထည့်ပြန်သည်။ သူ့ကြည့်ရသည်မှာ ဒီလက်ဖက်ရည်ဆိုင်က ခွာဦးမည့်ပုံ မဟုတ်ပေ။ ကျော်ထွန်းညိုသည် ထမင်းဘူးအဖုံးကိုပြန်ပိတ်ကာ လက်သုတ်ပဝါ ဆီစွန်းနှင့်ပင် ပြန်ပြီးထုပ်ထားလိုက်သည်။

'ဦးတင်မောင်ရေ၊ သံပရာရည် တစ်ခွက်ပေးပါ၊ ဆယ့်ငါးပြားတန် နော်'

ထတော့မည်ပြုပြီးမှ ရေသောက်ချင်လာသောကြောင့် သံပရာရည် လှမ်းမှာလိုက်သည်။ ဗိုက်တင်းနေပြီမို့ တစ်မတ်တန်မသောက်တော့ဘဲ ခွက် အသေးကိုသာမှာလိုက်သည်။ တစ်မတ်တန်ခွက်သည်ကြီးသဖြင့် ကျော်ထွန်းညို ကုန်အောင်သောက်နိုင်မည် မဟုတ်ပေ။

သံပရာရည်ခွက်သည် မည်းနေသည်။ အနားဝတွင် အမည်းရစ် ထင်နေသော ချေးကြောင်းကိုတွေ့ရလေသည်။ သို့သော် ကျော်ထွန်းညိုတို့ကျောင်းရောက်လာကတည်းက ထိုခွက်များနှင့်ပင် သောက်ခဲ့ရပြီးဖြစ်သည်။ ထိုချေးများထဲတွင် ရောဂါပိုးပါမည်ဆိုပါက သူတို့တစ်တွေဗိုက်ထဲသို့ အလုံးနှင့် အရင်းနှင့် ရောက်နေလောက်ပြီဖြစ်သည်။ သို့သော် မြန်မာများသည် ကိုယ်ခံအလွန်ကောင်းကြသည်။ တော်ရုံတန်ရုံနှင့် ရောဂါဖြစ်လေ့မရှိချေ။

'ဖြည်းဖြည်းသောက်ပါကွ၊ မင်းကလည်း အမောတကော'

'အချိန်ပြောင်းတော့မယ်ဗျ၊ ကျုတိုရီရယ်မဝင်ခင် မရှင်းတာတွေ ဆရာ့သွားမေးချင်သေးတယ်'

ကျော်ထွန်းညိုသည် ရေခဲတုံးလေးများကိုလှုပ်ကာ တစ်ရှိန်ထိုးမော့ချလိုက်သည်။ တင်မောင်ဌေးက နှာခေါင်းရှုံ့၍ကြည့်နေလေသည်။

'မင်း အတော်မိုက်တွင်းနက်တဲ့ကောင်၊ ဘယ်သူကရိုက်ပြီး ကြိုးစားခိုင်းနေလို့ ဒီလောက် ကြိုးစားနေရတာလဲ၊ အခုဟာ တက္ကသိုလ်ကွ၊ စာမရရင် ကိုးတန်း ဆယ်တန်းလို ခုံပေါ်တက်ရပ်ရတာမှမဟုတ်တာ၊ ခုထက်ထိ ဟိုက်စကူး ကျောင်းသားစိတ်မပျောက်သေးဘူး၊ မင်းစိတ်ဓာတ်က တက္ကသိုလ်နဲ့မတန်ဘူး၊ အင်မတန် အောက်တန်းကျတယ်'

တင်မောင်ဌေးက အသံကျယ်ကျယ်နှင့်ပြောသောအခါ တစ်ဆိုင်လုံးဝိုင်းရယ်ကြလေသည်။ ကျော်ထွန်းညိုက ဘာမှပြန်မပြောချေ။ ဖန်ခွက်ထဲမှရေခဲတုံးလေးကို လက်ချောင်းများနှင့်နှိုက်ယူကာ ပါးစပ်ထဲထည့်လိုက်သည်။ သူ့ကိုတုပ၍ပြောနေလျှင် ပြောသူသာရှုံးမည်ဖြစ်သည်။ ကျောင်းတက်ရန်အတင်း ခေါ်ပါကလည်း သူကတော့ကျောင်းကိုပါလာမည်မဟုတ်ချေ။ ကျောင်းတက်ရန်ခေါ်သူကသာ လက်ဖက်ရည်ဆိုင်တွင် အချိန်ကုန်သွားရမည် ဖြစ်လေသည်။

'ကျောင်းခေါ်ချိန် ခုနစ်ဆယ့်ငါးရာခိုင်နှုန်းမပြည့်ရင် စာမေးပွဲမဖြေရဘူးဗျ၊ သိသားနဲ့အစ်ကိုရာ၊ လာ လိုက်ခဲ့ပါလား'

'ဟေ့ ဒါကြောင့်မို့ပေါ့ကွ၊ ကျော်ထွန်းညိုရဲ့ မှတ်ထား၊ အချိန် လေးချိန်မှာ တစ်ချိန်အပြည့်အဝပြေးခွင့်ရှိတယ်၊ ဒါဟာ ပါမောက္ခချုပ်အပါအဝင်ဒို့ရဲ့ချစ်လှစွာသော ဆရာသမားကြီးများက ဒို့ကိုအသုံးချဖို့ပေးထားတဲ့ အခွင့်အရေး'

ကျော်ထွန်းညို ဘာမှထပ်ပြီးပြောရန် မကြိုးစားတော့ပေ။ အိတ်ထဲမှ ပိုက်ဆံဆယ့်ငါးပြားကိုထုတ်ကာ စားပွဲပေါ်တင်လိုက်သည်။ သံပရာရည်ဖိုး ဖြစ်သည်။ ထို့နောက် လွယ်အိတ်နှင့်ထမင်းဘူးကို ကောက်ယူလိုက်လေသည်။

'ဟေ့ကောင်၊ ငါ့အတွက်ပါ ပေးသွားလေကွာ'

'ပိုက်ဆံမရှိဘူးဗျ၊ အပြန်အတွက် ကားခပဲရှိတော့တယ်'

တင်မောင်ဌေးက မျက်နှာကိုရှုံ့ကာ ဆေးလိပ်တဖွားဖွား ဖွာနေချိန်တွင် ကျော်ထွန်းညိုသည် ဆိုင်ထဲမှထွက်လာခဲ့သည်။ ဆိုင်၏ရှေ့ဘက် စောင်းစောင်းတွင်ရှိသော မြေလှေကားထစ်လေးများကို ကျော်လွှားပြီးတက်လာခဲ့သည်။

'ဟေ့ကောင်၊ သရီးအိုဝမ်းအချိန်ကျရင် ငါ့အတွက် ထူးပေးနော၊ ငါ တက်ချင်မှတက်ဖြစ်မှာ'

တင်မောင်ဌေးက မမီမကမ်း လှမ်းအော်သည်။ ဆရာက ကျောင်းခေါ်ချိန်ခေါ်သလို ခုံနံပါတ်များကိုခေါ်သည်။ ကျောင်းသားများက ထူးရသည်။ ကျောင်းသားက အများ၊ ဆရာက တစ်ဦးတည်းဖြစ်၍ လူတိုင်းကို မမှတ်မိနိုင်ချေ။ ထို့ကြောင့် အချို့ကျောင်းသားများသည် မလာသော ကျောင်းသားများအတွက်ပါ နှစ်ခါ သုံးခါပြန်ပြီး 'ပရဲဆင့်' ဟု အော်ကြရ လေသည်။

စာတိုက်ပုံးနီနီလေးအနားရှိ ထင်းရှူးပင် ပုပုလေးများသည် စိမ်းမြနေသည်။ ထင်းရှူးပင်များကြားတွင် ရောညှပ်ပြီးစိုက်ထားသော ပန်းချယ်ရီ တစ်မျိုးသည် ပင်လုံးကျွတ်ပွင့်နေ၏။ သူတို့ရှေ့မှ ကံ့ကော်ပင်ကလေးများကလည်း ငယ်လှသေးသည်။ အကိုင်းကလေးများသည် မြေကြီးနှင့်ထိလုမတတ် ကိုင်းညွတ်ဝေဆာနေလေသည်။ အသစ်ဖွင့်သော တက္ကသိုလ် အဆောက်အအုံသစ်ကြီးတွင် အကွက်ချပြီးစိုက်ပျိုးထားသော အပင်ငယ်ကလေးများဖြစ်၍ မြင်မြင်သမျှသည် သစ်လွင်နုပျိုနေလေသည်။

ကျော်ထွန်းညိုသည် ငေးမောပြီးလျှောက်နေရာမှ မသိမသာ နှာခေါင်းရှုံ့သွားသည်။ လှေကားဘေးရှိအိမ်သာမှ ကျင်ငယ်နံ့ကို ရှူရှိုက်လိုက်ရသောကြောင့် ဖြစ်သည်။ အနံ့မှလွတ်လိုလွတ်ငြား လှေကားကို တစ်ထစ်ကျော် နင်းကာ ခပ်သွက်သွက်လှမ်းပြီးတက်လိုက်သည်။ ထို့ကြောင့် အပေါ်ဘက်မှ ဆင်းလာသူ တစ်ဦးနှင့် ရင်ဆိုင်တိုက်မိတော့မလို ဖြစ်သွားလေသည်။

'စုလှိုင်'

ကျော်ထွန်းညိုသည် ကမန်းကတန်း ကိုယ်ရှိန်သတ်လိုက်ရင်း ထို အမည်ကို ခေါ်လိုက်မိသည်။ စုလှိုင်သည် လေ့ကားလက်ရန်းလေးကို ခပ်လျော့ လျော့လေးကိုင်ကာ သူ့လက်ထဲမှလွတ်ကျသွားသော စာအုပ်ကလေးကို ငုံ့ကြည့် နေသည်။ ကျော်ထွန်းညိုသည် စာအုပ်ကလေးကို ကမန်းကတန်းကုန်းကောက် ကာ လှမ်းပေးလိုက်သည်။

'စုလှိုင်၊ ကျွန်တော့်ကို မမှတ်မိဘူးလား'

'မှတ်မိပါတယ် ကိုကျော်ထွန်းညို'

စုလှိုင်သည် တစိမ်းဆန်သောမျက်လုံးများနှင့် ကျော်ထွန်းညိုကို ကြည့် ရင်း နှုတ်ခမ်းလေးများကမူ ပြုံးလာသည်။

'ကတ်တယ် ကတ်၊ ဒီအခန်းကို ဆင်ဆာကတ်တယ်၊ မကြိုက်ဘူး'

'ဟိတ်၊ ကောင်မလေးကို လွှတ်လိုက်'

စာသင်ခန်းထဲမဝင်သေးဘဲ စင်္ကြံတွင်ရပ်နေကြသောကျောင်းသား များက ဝိုင်းအော်ကြသည်။ ကျော်ထွန်းညို၏မျက်နှာသည် ရဲခနဲဖြစ်သွားပြီး စုလှိုင်ကို အားနာစွာကြည့်မိသည်။ စုလှိုင်ကမူ အပြုံးမပျက်ချေ။

'အောင်မလေး၊ မောင်ကျော်ထွန်းညိုရဲ့လေး၊ ငါ့အသည်းကို မခွဲပါနဲ့ လား ဟေး ဟေး၊ သူကလေးဟာ ငါ့အတွက်ကွယ်၊ အို မင်းမသေမချင်း မှတ် ထား'

တစ်စုံတစ်ဦးက ငိုချင်းချလိုက်သည်။ ဝါးခနဲ ရယ်လိုက်သော အသံ ကြီးသည် ကျောင်းကြီးပင်ပွင့်ထွက်သွားမတတ် ကျယ်လောင်လှသည်ဟု ကျော် ထွန်းညိုထင်မိသည်။

'သွားမယ်နော်'

ကျော်ထွန်းညိုက နှုတ်ဆက်သောအခါ စုလှိုင်က ခေါင်းလေး မသိ မသာညိတ်ပြသည်။ ဝိုင်းဝန်းပြောင်နောက်နေသောအသံများကို လုံးဝ အမှုထား ပုံ မရချေ။

စုလှိုင်က လှပစွာလျှောက်သွားချိန်တွင် ကျော်ထွန်းညိုသည် အပေါ် ထပ်သို့ဆက်တက်ခဲ့သည်။ ရင်ထဲတွင်လှုပ်ခါနေသည်။ နားထဲတွင်လည်း ကြား ရသမျှအသံများက ဝါးနေသည်။

'ဖိုးစွံကွ၊ ဖိုးစွံ'

အပေါ်ဘက်မှငုံ့ကြည့်နေကြသော မောင်မောင်လေးတို့လူစုက အော်

ကြပြန်သည်။ ကျော်ထွန်းညိုသည် သူတို့ကိုမော်ကြည့်မိစဉ် ကိုယ့်ပုဆိုးစ ကိုယ်တက်နင်းကာ ဟပ်ထိုးလဲတော့သည်။ ဝါးခနဲ ရယ်လိုက်ကြသော အသံကြီးသည် သူ့နားထဲသို့ အလုံးလိုက် အရင်းလိုက် ပြေးဝင်လာပြန်လေသည်။

*

'သမီးရယ် အိပ်ပါတော့လား'

မေမေက သူ့ပခုံးလေးကို ခပ်ဖွဖွလေးပုတ်ကာပြောသောအခါ သက်သက်သည် နံရံမှတိုင်ကပ်နာရီကြီးကို လှမ်း၍ကြည့်မိသည်။ ဆယ့်တစ်နာရီခွဲပေပြီ။

'ခဏနေရင် အိပ်ပါတော့မယ်မေမေရဲ့'

'အေး၊ သိပ်ပြီးညဉ့်နက်မခံနဲ့ကွယ်၊ အလကားနေရင်း ကျန်းမာရေးထိခိုက်နေမယ်'

'ဟုတ်ကဲ့ပါမေမေရဲ့၊ ခဏလေးပါ'

ဖွဲ့ခတ်နေသော သက်သက်ကိုကြည့်ရင်း မေမေက ပင့်သက်ရှိုက်မိသည်။ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှဒီလောက်မကြိုးစားဖူးပေ။ အခုမှ စာမေးပွဲကျသောအရသာ ခါးခါးသီးသီးကြီးကို မြိုးစမ်းဖူးသွားပြီး အလန့်ကြီး လန့်သွားဟန် တူသည်။ စာအုပ်ထဲတွင် ခေါင်းစိုက်နေတတ်လေသည်။ ထိုခါးသီးသော အရသာကြီးကို နောက်တစ်ခါထပ်ခံစားရပါက သက်သက်သည် ခံနိုင်ရည် ရှိတော့မည်မဟုတ်ဟု သူ့ကိုယ်သူထင်မိသည်။ အတန်းဟောင်းတွင် ပြန်တက်ကာ စာဟောင်းများကိုကျက်ရင်း လူသစ်များနှင့် ပေါင်းရခြင်းသည် အလွန်စိတ်ပင်ပန်းရသောအလုပ်ဖြစ်သည်။

မေမေသည် အိပ်ရာထဲမဝင်သေးဘဲ သက်သက်၏ဘေးတွင်ဝင်ထိုင်သည်။ သက်သက်ကို ဆက်ပြီးစာကျက်စေလိုဟန်မတူတော့ပေ။ ထို့ကြောင့် သက်သက်သည် တွက်လက်စ ရူပဗေဒပုစ္ဆာလေးကို အဖြေထွက်အောင် ကမန်းကတန်း ဆက်၍တွက်နေမိလေသည်။

'အမာညိုတို့လည်း ပထမနှစ်ဝက်စာမေးပွဲနီးပြီတဲ့၊ အရမ်းကြိုးစားနေတယ်လို့ပြောတယ်၊ မနက်က သူ့အမေနဲ့ဈေးထဲမှာတွေ့ခဲ့တယ်'

'ဟုတ်တယ်မေမေ၊ ဒါကြောင့် သမီးနဲ့တောင် အခုတလော သိပ်မတွေ့ဖြစ်ဘူး'

'သူတို့မောင်နှမတွေက စိတ်ရင်းလေးတွေကောင်းတယ်၊ သမီးကို လည်း တော်တော်ချစ်ကြပုံရတယ်'

သက်သက်သည် ဖြုန်းခနဲ ရင်ခုန်သွားလေသည်။ အမာညိုချစ်သည် ကတော့ ထားပါတော့။ မေမေက သူတို့မောင်နှမဟုဘာကြောင့်ပြောရလေ သနည်း။ သူတို့မောင်နှမဟူသောစကားထဲတွင် အမာညိုနှင့်ညီလင်းသာမက ကျော်ထွန်းညိုလည်း အကျုံးဝင်သည်။

'မနေ့ညနေတုန်းကတောင် ကျော်ထွန်းညိုလာသေးတယ်'

'ဟုတ်လား'

'ဖျာပုံကပုစွန်ချဉ်တွေရလို့ သူတို့အဘွားက ပေးခိုင်းလိုက်တာတဲ့၊ နက် ဖြန်ကျမှသုပ်စားရမယ်၊ ပုစွန်ချဉ်လေးက ကောင်းကကောင်းနဲ့၊ ရဲပြီး လတ်နေ တာပဲ၊ သမီးကိုတောင် မေးသွားသေးတယ်၊ စာတွေ သိပ်ပြီးကြိုးစားနေသလား တဲ့'

'အဲဒီတုန်းက သမီး ကျောင်းကပြန်မလာသေးဘူးထင်တယ်'

'ဟုတ်တယ်၊ ကောင်လေးက ရည်ရည်မွန်မွန်လေး၊ စိတ်ရင်းလေး လည်း ကောင်းတယ်၊ အဲဒီလိုကလေးတွေကိုတွေ့ရင် မေမေလေ သားလေး တစ်ယောက် ထပ်ထပ်ပြီး လိုချင်လာရော'

မေမေသည် သက်သက်ကို မွေးအပြီးတွင် သားအိမ်အနာဖြစ်လာ သောကြောင့် သားအိမ်ကိုထုတ်ပစ်ခဲ့ရသည်။ ထို့ကြောင့် နောက်ထပ် ကလေး ထပ်မံ၍ရနိုင်သော အခွင့်အရေးမရှိတော့ပေ။ အခြေအနေသာပေးခဲ့ပါလျှင် မေမေသည် သားတွေ သမီးတွေ ဝိုင်းဝိုင်းလည်နေသောဘဝကိုသာ လိုချင်ခဲ့ပုံရ သည်။ ယခုအခါတွင်ကား ရှားရှားပါးပါး တစ်ဦးတည်းရထားသော သမီးငယ် ကိုသာ အရိပ်ကြည့်နေရရှာလေသည်။

'သမီးတစ်ယောက်ရှိရင် သားတစ်ယောက်အလိုလိုရမှာပဲပေါ့ မေမေ ရဲ့၊ ပူမနေပါနဲ့'

သက်သက်က ရယ်ရွှန်းဖတ်ရွှန်းနှင့်ပြောသည်။ ရင်ထဲတွင်လည်း နှလုံးသားက လှုပ်ခါနေသည်။

'အဲဒီသားကမှ ကိုယ့်ဘက်ပါမယ့်သားမေမေ၊ သားအရင်းဆိုတာက အချိန်တန်ရင် မိန်းမနောက်ကို ထည့်လိုက်ရရော၊ ကဲ ဘယ်မှာကောင်းလို့ လဲ၊ သမီးကတော့ မေမေအတွက် သားချောသားလှ သားလိမ္မာလေးခေါ်ခဲ့ ပေးမယ်

လေ၊ နော် မေမေ'

မေမေသည် ဘာမှပြန်မပြောဘဲ သက်သက်ကိုအကဲခတ်သလို လှမ်းကြည့်သည်။ မျက်နှာကလေး မသိမသာနီနေသောသက်သက်သည် မေမေ့လက်မောင်းများကို ဆွဲဖက်ပြီးရယ်လိုက်မိသည်။

'ကြင်နာရသည်က ဘဝတစ်လျှောက်လုံး× × ချစ်ရသည်က အသက်ထက်ဆုံး× × ချမ်းမြမြ× စန်းလနှယ်တန္ခုန်း× × ချစ်သူမျက်နှာ × × ရွှင်ကြည်တပြုံးပြုံး× × မြင်ပါရ× အေးမြမြ ဘဝင်မှာ× × သာကြည် တင့်မဆုံး× × '

လမ်းပေါ်မှဆိုသွားသော သီချင်းသံကိုကြားရသည်။ အိမ်အပြန် ညဥ့်နက်သောတစ်စုံတစ်ဦးသည် ကိုယ့်အသံကိုကိုယ် အဖော်ပြုပြီး ဆိုသွားပုံရသည်။ မေမေသည် စားပွဲပေါ်ရှိ ဖန်ပန်းအိုးသွယ်သွယ်လေးထဲမှ သစ္စာ ပန်းခက်ကလေးကို ငေးကြည့်နေလေသည်။

သက်သက်သည် မေမေငြိမ်နေစဉ် အဖြေထွက်ခါနီးလုပြီဖြစ်သော ရူပဗေဒပုစ္ဆာကို မြန်မြန်တွက်လိုက်သည်။ ရှောရှောရှူရှူအဖြေထွက်သွားသဖြင့် စိတ်လက်ပေါ့ပါးသွားသည်။ စားပွဲပေါ်မှနာရီကိုထပ်ကြည့်မိသည်။ ဆယ့်တစ်နာရီ လေးဆယ့်ငါးရှိပေပြီ။ စာအုပ်ကလေးကို ဖျတ်ခနဲပိတ်ကာ နေရာမှထလိုက်သည်။ ငြိမ်ငြိမ်ကြီးထိုင်ကာ အတွေးနယ်ချဲ့နေသောမေမေ့ကို လက်မှကိုင်၍ ဆွဲထူလိုက်လေသည်။

'ကဲ မေမေ၊ ထ အိပ်မယ်'

ထိုအချိန်တွင် ဖေဖေတစ်ရေးနိုးလာလေသည်။ ခြေသံတရပ်ရပ်ကြားရပြီး အခန်းဝတွင် လူလုံးပေါ်လာသည်။

'ကြည့်စမ်း ဒီသားအမိ ခုထိမအိပ်သေးဘူးလား'

'သမီးစာကျက်တာ နည်းနည်းကြာသွားလို့ မေမေက လာခေါ်တာပါ ဖေဖေရဲ့၊ အိပ်တော့မယ်'

သက်သက်သည် မေမေ့ခါးကိုနောက်မှနေ၍တွန်းကာ ဖေဖေ့ဆီသို့ ပို့ပေးလိုက်သည်။

'ဟွန်း ဖေဖေကလည်း မေမေပျောက်လို့ထရှာတာမဟုတ်လား၊ သိပါတယ်နော်၊ ရော့ ခေါ်သွား၊ ဖေဖေ့ မေမေကြီးကို ခေါ်သွား'

'ဟဲ့ ကောင်မလေး'

မေမေက ပြုံးရယ်ရင်းဟန့်တားစဉ် သက်သက်သည် မီးဖိုဘက်သို့ လျှောက်သွားပြီး မီးဖိုချောင်နှင့်တွဲထားသော ရေချိုးခန်းထဲသို့ဝင်သွားလေသည်။ မျက်နှာသစ်နေသောရေသံကို နားထောင်ရင်း ဖေဖေသည်အိမ်တံခါးများကိုလိုက် ၍ပိတ်နေလေသည်။ ထို့နောက် ရေချိုးခန်းထဲမှထွက်လာသော သက်သက် ကို ဆီး၍ပြောပြန်သည်။

'ကဲ ကဲ အိပ်တော့သမီးလေး'

'ဖေဖေကလည်း ဘုရားတောင်မကန်တော့ရသေးဘူး'

သက်သက်သည် ဘုရားရှိခိုးစာကို ရွတ်ဆိုမနေနိုင်တော့ချေ။ ဦးသုံး ကြိမ် ပုဆိန်ပေါက်ချလိုက်ရင်း ဘုရားစင်ရှေ့မှပြန်ထွက်ခဲ့သည်။ ထို့နောက်မှ အိပ်ရာထဲရောက်နေကြပြီဖြစ်သော ဖေဖေနှင့်မေမေကိုသွား၍ကန်တော့ရသည်။

'အေးကွယ် ဘုန်းကြီးပါစေ သက်ရှည်ပါစေ၊ အန္တရာယ်ကင်းပြီး ဘေး ရှင်းပါစေဗျား'

ဖေဖေက အားရပါးရဆုပေးသည်။ မေမေကမူ 'သမီးလေး အမြဲ စိတ် ချမ်းသာပါစေကွယ်'ဟု ရိုးရိုးလေးပင်ပြောလေသည်။ သက်သက်စဉ်းစားမိ သည်။ ဖေဖေပေးသောဆုနှင့် မေမေပေးသောဆုနှစ်ခုလုံးသာပြည့်ဝပါလေလျှင် ဘဝတွင် အစစအရာရာပြည့်စုံပြီဖြစ်လေသည်။

သက်သက်သည် ဧည့်ခန်းမှမီးကိုပိတ်ကာ သူ့အိပ်ခန်းလေးဆီသို့ စမ်း ၍ လျှောက်ခဲ့သည်။ သက်သက်၏အိပ်ခန်းလေးသည် မီးဖိုနှင့်ကပ်လျက် အခန်း လေးဖြစ်သည်။ ကျဉ်းမြောင်းလှသဖြင့် ခုတင်တစ်လုံးသာ ဆန့်သည်။ စာကြည့် စားပွဲတစ်လုံးပင် မသွင်းလောက်ပေ။ ခုတင်ဘေး နေရာလွတ်ကလေးတွင် သနပ်ခါးကျောက်ပျဉ်ကို ကျပ်ကျပ်သတ်သတ်နေရာချထားရသည်။ အမှန် စင်စစ် ထိုအခန်းလေးကို ငါးပိ၊ ငါးခြောက်၊ ငရုတ်သီး၊ ကြက်သွန်များ သိုလှောင် ရာ စတိုခန်းအနေနှင့်သာ အသုံးပြုသင့်လေသည်။ ခုတော့ အိမ်ကလေးက ကျဉ်း ကျဉ်းမို့ အပျိုခန်းအနေနှင့်အသုံးပြုနေရလေသည်။

သက်သက်သည် ခေါင်းရင်းဘက် ပြတင်းပေါက်မှသစ်သားတံခါး ရွက်များကို တွန်း၍ဖွင့်လိုက်သည်။ ညလေအေးက သုတ်ခနဲပြေးဝင်လာကာ သူ၏ဆံစများကို ပွတ်သပ်ဆော့ကစားသွားကြသည်။

ဆယ့်နှစ်နာရီသံချောင်းခေါက်သံက သဲ့သဲ့လေး လွင့်ပျံ့လာစဉ် သက် သက်သည် ခြင်ထောင်ကိုဆွဲချလိုက်လေသည်။ အိပ်ရာနှင့်ကျောနှင့် ထိသော

အခါ တစ်ကိုယ်လုံးရှိ အကြောအခြင်များပြေလျော့သွားသလို ခံစားရသည်။ သက်သောင့်သက်သာနှင့်အညောင်းပြေသွားလေသည်။

အိပ်တော့မည်ဟူ၍ မျက်လုံးအစုံကိုမှေးမှိတ်လိုက်သောအခါ အစိုး မရသောစိတ်ထဲသို့ ကျော်ထွန်းညိုက ချဉ်းနင်းပြီးဝင်ရောက်လာလေသည်။ သက်သက်က သူနာပြုဆရာမပြုလုပ်မည်ဟုဆိုသောအခါက သူ့မျက်နှာသည် ပြုံးသွားသည်။ သူ့မျက်လုံးများသည် အရောင်ရွှန်းလဲ့လာသည်။ ထို့နောက် သက်သက်ကို 'တော်သည်'ဟူ၍ ချီးကျူးစကားဆိုလေသည်။ သက်သက်သည် ထိုအကြောင်းများကိုပြန်တွေးရင်း ရင်ထဲတွင် တသိမ့်သိမ့်ကြည်နူးလာသည်။ သူနာပြု ဆရာမလုပ်မည်ဟူသော ဆုံးဖြတ်ချက်ကလည်း ပို၍ခိုင်မြဲသွားလေသည်။

ဖေဖေတို့အခန်းဆီမှစကားသံကို ခပ်ဝါးဝါးကြားရသည်။ တစ်ရေးနိုးမျက်စိကျယ်နေသောဖေဖေသည် မေမေ့ကိုဇွတ်အတင်းလိုက်ပြီး လေပေါ်နေလေပြီဟုတွေးမိရင်း သက်သက်သည် တစ်ဦးတည်းပြုံးလိုက်မိလေသည်။ ပြုံးရင်း တွေးရင်းမျက်တောင်များစင်းကျလာသည်။ ထို့နောက် မှိတ်ခနဲ အိပ်ပျော်သွားသည်။

ထိုညက သက်သက်သည် အိပ်မက်ပင်မမက်ချေ။ မိုးလင်းသည်အထိ တစ်ခါတည်းတောက်လျှောက် အိပ်ပျော်သွားလေသည်။

*

'စုလှိုင်'

သက်သက်က ဝမ်းသာအားရ လှမ်းခေါ်လိုက်သည်။

'ဟာ သက် သက်'

သက်သက်နှင့် အမာညိုသည် စုလှိုင်ဆီသို့ ခပ်သွက်သွက်လျှောက်လာကြသည်။ သက်သက်နှင့်စုလှိုင် မတွေ့ဖြစ်ခဲ့ကြသည်မှာ တစ်နှစ်ပင် ကျော်ပေပြီ။ ထိုတစ်နှစ်အတောအတွင်း၌ သက်သက်သည် အတန်ငယ်ပိန်သွားသည်ဟု စုလှိုင်ထင်မိသည်။ သက်သက်ကမူ စုလှိုင်ပို၍လှလာသည်ဟု ထင်မိသည်။

'ကွန်ဂရက်ကျူလေးရှင်း သက်သက်၊ ယူသရီးဒီနဲ့အောင်တယ်မဟုတ်လား'

'စုလှိုင်ထက် တစ်နှစ်နောက်ကျပြီးမှ အောင်တာပါကွယ်'

စုလှိုင်၏ လက်ကလေးများကို သက်သက်က ဖမ်းကိုင်လိုက်သည်။

အိုးတိုက်ရသော သက်သက်၏လက်ကလေးများသည် စုလှိုင်၏နူးညံ့ထွေးအိနေသော လက်ဖမိုးလေးများနှင့်ယှဉ်သောအခါ ကြမ်းနေလေသည်။

'အခုလိုက်လည်တာလား'

'အင်း မာညိုခေါ်လို့၊ မုန့်ကျွေးမယ်ဆိုလို့၊ စုလှိုင်ကရော မကျွေးဘူးလား'

'ကျွေးပါတယ်'

စုလှိုင်ကခေါင်းလေးဆတ်ကာ ပြောသည်။ စုလှိုင်သည် အမာညိုလိုလွယ်အိတ်ကြီးမလွယ်ပေ၊ စာအုပ်ကလေးများနှင့်ပိုက်ဆံအိတ်ကိုထပ်ကိုင်ပြီးလက်ထဲတွင်ပိုက်ထားသည်။ ထို့ကြောင့် ပိုပြီးကြော့ရှင်းနေလေသည်။ ဆံပင်များကိုကား ထုံးစံအတိုင်း အကုန်လုံးနောက်ဘက်သို့လှန်ဖြီးပြီး ဖဲပြား အစိမ်းလေးနှင့်စည်းထားသည်။

'ကိုယ်အခု ဝပ်ရှော့အချိန်၊ ယူ အားသလား မာညို'

'အားတယ်'

'ခဏစောင့်နော် ဟေ့ သက်သက် ကိုယ်တို့မိန်းကလေးတွေ တူထုတာ၊ လွှတိုက်တာ လိုက်ကြည့်ပါလား၊ ပြီးမှ မုန့်စားတာပေါ့'

'ကောင်းတယ် ကြည့်မှာပေါ့'

သက်သက်က ခေါင်းညိတ်လေသည်။ သုံးဦးသား ကျောင်းအနောက်ဘက်သို့ လျှောက်လာကြသည်။ များပြားလှသော ကျောင်းသားများက စူးစူးစိုက်စိုက်ကြည့်သောအခါ သက်သက်ရင်ဖိုလာမိသည်။ စုလှိုင်သည် ထိုသူများကို လုံးဝအမှုထားပုံမရ။ အမာညိုကမူ လွယ်အိတ်ကြီးတကားကားနှင့် ဝရုန်းသုန်းကားလျှောက်လေသည်။ ရောက်ခါစတုန်းကလို ရှက်ကြောက်သော အမူအရာ မရှိတော့ပေ။

'ဟေ့ အဲဒါစွယ်တော်ပင်လေ၊ နှစ်လွှာပေါင်းမှတစ်ရွက်ဖြစ်တဲ့အရွက်ကလေးတွေလေ'

စွယ်တော်ပင်ပုပုလေးအောက်မှ အဖြတ်တွင် အမာညိုကပြောသည်။ အသည်းပုံစွယ်တော်ရွက်ကလေးကို ခုန်၍ခူးလိုက်ပြီး သက်သက်ကိုလှမ်းပေးသည်။

'အပွင့်လည်း မရှိဘူး'

'ဒီအချိန်တုံးပြီဟ၊ ဖတ်စ်တမ်းမ်တုန်းကဆို ပင်လုံးကျွတ်ပွင့်တာပဲ၊

လှတယ်ဆရာ၊ ဒါပေမဲ့ ကြာကြာမခံဘူး နွမ်းလွယ်တယ်'

အပင်ပုလေးများကို အသီးစိမ်းစိမ်း ရှည်ရှည်လေးများကတန်ဆာဆင်ထားလေသည်။ အမာညိုက လက်အငြိမ်မနေနိုင် ခြေအငြိမ်မနေနိုင် ထိုအသီးလေးများကို မမီမကမ်းနှင့်ခုန်၍ ခုန်၍ဆွဲသည်။ အပင်ကလေးများသည် ယိမ်းခနဲ ယိုင်ခနဲညွတ်၍ ညွတ်၍လာတတ်သည်။ သို့သော် သူ့ လက်ထဲတွင် အသီးတော့ ပါမလာချေ။ ခါချဉ်များကသာ တဖွဲဖွဲ ခုန်ဆင်းလာသည်။ ထို့ကြောင့် အပင်အောက်မှ အော်ဟစ်ပြီး ထွက်ပြေးလာလေသည်။

'ယူတို့က မိန်းကလေးတွေဖြစ်ပြီး တူထု၊ လွှတိုက်လုပ်ရတာပဲလားဟင်'

'သဘောလောက်ပါ'

သက်သက်က မေးသောအခါ စုလှိုင်ကခပ်ပြုံးပြုံးဖြေသည်။ အမာညိုကမူ မျက်နှာလေးမဲ့ကာ ခေါင်းယမ်းပြသည်။

'သူက လှတာကိုး သက်သက်ရ၊ ကောင်လေးတွေက ကူလုပ်ပေးတယ်၊ ငါတို့ကတော့ ကူမယ့်လူမရှိဘူး၊ အစအဆုံး ကိုယ့်ဟာကိုယ်ပဲလုပ်ရတာပဲ၊ အရင်တစ်ပတ်က တူထုရင်း လက်မကိုထုမိပြီးကွဲသွားသေးတယ်'

'ဟယ် နင်တော်တော်နာသွားမှာပေါ့'

သက်သက်က ကရုဏာသက်စွာပြောရင်း အမာညို၏လက်မကို လှမ်းကြည့်မိသည်။ ဘာဒဏ်ရာကိုမှမတွေ့ရပေ။

'ငါမနာပါဘူး'

အမာညိုက ရယ်မောနေလေသည်။

'ငါကထိုင်ခုံရိုက်ရတာ၊ ဆရာက သံရိုက်ရမယ့်နေရာမှန်အောင် သံကိုကိုင်ပေးထားတယ်၊ ဆရာ့လက်မလွှတ်ခင် ငါက တူနဲ့တစ်အားထုထည့်လိုက်တာ ဆရာ့လက်မ ကွဲသွားတာပေါ့'

'ခွေးမလေး'

သက်သက်က မျက်လုံးလေးပိတ်သွားအောင် ရယ်လိုက်မိသည်။

သူတို့သုံးဦးသား စားပွဲပေါ်တွင်သံညှပ်ကြီးများတပ်ထားသောအခန်းထဲသို့ဝင်လိုက်ကြသည်။ တစ်ဖက်ခန်းတွင် လွှဝိုင်းကြီးကိုတွေ့ရသည်။ ခလုတ်ဖွင့်လိုက်သောအခါ တဝီးဝီးနှင့်မွှတ်နေအောင်လည်တော့သည်။ ခြောက်လက်မပတ်လည် သစ်တုံးကြီးကိုသူ့ရှေ့တွန်းပို့လိုက်သောအခါ ခဏလေးနှင့် နှစ်ပိုင်း

ပြတ်သွားလေသည်။ သက်သက်သည် ထိုလွှဝိုင်းကြီးကို ရင်တဖိုဖို အသည်းတယားယားနှင့် စိုက်ကြည့်နေမိလေသည်။ သူ့ရှေ့ရောက် လာသမျှအကုန်လုံးကို အစိတ်စိတ်အမွှာမွှာ ဖြတ်ပစ်မည်ဟု စိန်ခေါ်ကြုံးဝါးနေသလို တဝီးဝီး လည်ပတ်သံသည် ဆူညံစွာမြည်ဟည်းနေသည်။

'လာ သက်သက် ငါတို့နှစ်ယောက် ဆီးငန်စေ့စားရင်းစောင့်ကြတာပေါ့'

အမာညိုနှင့်သက်သက်သည် လှေကားထစ်အုတ်ခုံလေးပေါ်တွင် ထိုင်လိုက်ကြသည်။ တစ်ဖက်တွင် စွယ်တော်ပင်လေးရှိသဖြင့် အရိပ်အနည်းငယ်ရသည်။ စွယ်တော်ပင်လေးသာ ကြီးမားလာပါက ထိုနေရာသည် စွယ်တော်ရိပ်နှင့် အေးမြနေမည်ဖြစ်လေသည်။

'မိသက်ရယ် နင်ကလည်း ဒီကိုပဲလာခဲ့ရောပေါ့၊ ဘယ်လောက်ပျော်စရာကောင်းလဲ'

'ငါ သူနာပြုသင်တန်းပဲ တက်မယ် မာညိုရာ'

သက်သက်သည် ဆီးငန်စေ့လေးကို ပါးစပ်ထဲပစ်ထည့်လိုက်ပြီး အခန်းထဲမှစုလှိုင်ကို လှမ်းပြီးကြည့်နေသည်။ စုလှိုင်၏လက်ထဲတွင် လေးထောင့်သံတုံးလေးတစ်ခုကို တွေ့ရသည်။ ထိုသံတုံးလေးကို စားပွဲပေါ်ရှိ သံညှပ်ကြီးကြားထဲတွင် ကျပ်နေအောင် ညှပ်နေသည်။

'ဟော ဟိုမှာကိုကို ဟော့ ကိုကို'

အမာညိုသည် တစိုက်စိုက်နှင့်လျှောက်လာသော ကျော်ထွန်းညိုကို လက်ခုပ်တီးပြီးခေါ်လိုက်သည်။ ကျော်ထွန်းညိုနှင့်အတူ ကျောင်းသားသုံး လေးဦးပါသည်။ သူတို့သည် ပုံဆွဲရာတွင်အသုံးပြုသော တီစကွဲယားကြီးများကို ကိုင်ထားကြသည်။ ကျော်ထွန်းညိုက သူတို့ဘက်လျှောက်လာသောအခါ ကျန်ကျောင်းသားများကလည်း လိုက်လာကြသည်။ 'ဟော့ကောင်တွေ မင်းတို့က ဘာကိစ္စလိုက်လာရတာလဲ'ဟု ကျော်ထွန်းညိုက ခပ်အုပ်အုပ်ပြောသည်ကို မကြားဟန်ဆောင်ကာ အတင်းကပ်လိုက်လာကြခြင်းဖြစ်လေသည်။

'လာလည်တာလား သက်သက်'

'ဟုတ်တယ်ကိုကို၊ မာညိုက မုန့်ကျွေးမယ်ဆိုလို့၊ ကိုကိုရော ပုံဆွဲခန်းက ထွက်လာတာလား'

'ဒါပေါ့၊ မိညို နင်ကသက်သက်ကို ဘာမုန့်ကျွေးမှာလဲ၊ ဦးတင်မောင်

ဆိုင်က သကြားပလာတာလား၊ မတင်အေးခေါက်ဆွဲလား၊ ငါတို့ကျောင်းမှာ ဘာမှဖြင့် ထူးထူးခြားခြားရှိတာမဟုတ်ဘဲနဲ့'

ကျော်ထွန်းညိုကပြောရင်းဆိုရင်း သူ့နောက်မှ သူငယ်ချင်းများကို မျက်စောင်းခဲကြည့်သည်။ ငနဲသားတို့သည် ယောင်ပေပေနှင့်ရပ်နေကြလေသည်။ မတတ်သာတော့မိတ်ဆက်ပေးရတော့မည်သာဖြစ်သည်။

'ကဲ သက်သက် ဒါက ဒို့သူငယ်ချင်းတွေမှတ်ထား၊ သူက ကိုတင်မောင်ဌေးတဲ့ သူက အသက်ကြီးရုံ အရုပ်ဆိုးရုံတင်မကဘူး စာလည်းမတော်ဘူး'

'အဲဒါ အလကားသက်သက် မတရားပြောတာပါခင်ဗျား၊ ကျွန်တော် စာမတော်ပေမယ့် ရုပ်ကတော့မြင့်တဲ့အတိုင်းရုပ်ချောလေးပါ'

တင်မောင်ဌေးက သနားစဖွယ်မျက်နှာလေးနှင့် ပြောသည်။ သက်သက်သည် ထိုမျက်နှာကိုလှမ်းကြည့်နေရင်း ပြုံးရယ်မိလေသည်။

'သူက မောင်မောင်လေးတဲ့၊ သူကတော့ ဝင်းအောင်တဲ့၊ အားလုံး ဒို့နဲ့ တစ်နှစ်တည်းတစ်တန်းတည်းပဲ၊ ကဲ သူက ကျွန်တော်ရဲ့နှမလေးဆိုပါတော့ဗျာ "သက်သက်" တဲ့၊ ဒီနှစ် ဆယ်တန်းကို ဂုဏ်ထူးသုံးခုနဲ့အောင်တယ်၊ စာကျက်လွန်းလို့ မျက်လုံးလေးတော့ မှေးသွားရှာတယ်'

'ဟာ ကိုကိုကလဲ'

သက်သက်၏မျက်နှာလေးသည် ရဲခနဲဖြစ်သွားပြီး ကျော်ထွန်းညိုကို လှမ်း၍ထုလိုက်သည်။ အမာညိုသည် သဘောကျစွာရယ်မောလိုက်ရင်း ရုတ်တရက် မျက်လုံးပြူးသွားသည်။ ပါးစပ်ထဲမှဆီးငန်စေ့လေး လည်ချောင်းထဲကျသွားသောကြောင့်ဖြစ်သည်။

'ဟာ အမာညို ဘာဖြစ်နေတာလဲ'

မျက်လုံးကြီးပြူးကာ နင်နေသော အမာညိုအားကြည့်ရင်း မောင်မောင်လေးက မေးသည်။ အမာညိုကဘာမှ ပြန်မဖြေနိုင်ချေ။ ဆီးငန်စေ့က လည်ချောင်း တစ်ဝက်တွင်အထက်မကျ အောက်မကျနှင့် တစ်နေသည်။ ဟပ်ထုတ်သော်လည်းမရသဖြင့် လည်ချောင်းကိုလက်နှင့်သပ်ကာ မျိုချလိုက်ရသည်။

'ဆီးငန်စေ့ လည်ချောင်းထဲကျသွားလို့'

အမာညို၏အဖြေကိုကြားရသောအခါ ဝါးခနဲရယ်မိကြပြန်လေသည်။ အုန်းအုန်းကျွက်ကျွက်ဖြစ်နေသောသူတို့အုပ်စုကို စုလှိုင်သည် အခန်းထဲမှနေ၍

လှမ်းကြည့်နေသည်။

'နင်တို့ဒီမှာ ဘာလုပ်နေကြတာလဲ'

'စုလှိုင်ကို စောင့်နေတာ'

'စုလှိုင်'

ကျော်ထွန်းညိုသည် အခန်းထဲသို့လှမ်းကြည့်မိသည်။ မျက်ဝန်းနက်နက်ကလေးများနှင့်အကြည့်ချင်းဆုံရလေသည်။ စုလှိုင်သည် ကျော်ထွန်းညိုကို ခပ်စိန်းစိန်းကြည့်ပြီး သွားကလေးများပေါ်အောင်ပြုံးရယ်လိုက်သည်။ ညီညာပြီး ဖြူဖွေးနေသောသွားကလေးများသည် နှုတ်ခမ်းပြည့်ပြည့်နီနီလေးကြားမှ လှစ်ခနဲ ပေါ်လာသည်။ 'မရယ်လည်းလှ ရယ်လည်းလှ၊ မပြုံးလည်း လှ ပြုံးလည်းလှတဲ့ မိန်းကလေးရယ်'ဟု ကျော်ထွန်းညိုသည် ရင်ထဲတွင်မြည်တမ်းလိုက်မိသည်။

'သတိထား သူငယ်ချင်း၊ သတိထားမှပေါ့'

တင်မောင်ဌေးသည် ကျော်ထွန်းညို၏ကျောကိုသပ်ကာ ခပ်နောက်နောက် ပြောလေသည်။

'ဘာလဲဗျ ခင်ဗျားကလဲ'

ကျော်ထွန်းညိုသည် ရှက်ရှက်နှင့်ဣန္ဒြေဆည်လိုက်သည်။ ဆီးငန်စေ့ နင်နေသော အမာညိုကမူ သတိထားမိပုံမရချေ။ သို့သော် သက်သက်ကမူ အစအဆုံးသတိထားလိုက်မိသည်။ စုလှိုင်ကိုငေးကြည့်နေသောကျော်ထွန်း ညို၏မျက်ဝန်းများသည် အရောင်တစ်မျိုး ရွှန်းလဲ့သွားကြောင်းသိလိုက်ရသည်။

'အဲဒါ ဝက်အူရစ်လုပ်နေရတာ သိလားသက်သက်၊ ဒို့လည်း စက် တစ်မျိုး ထွင်ရဦးမယ်'

ကျော်ထွန်းညိုက စကားလွှဲလေသည်။ မောင်မောင်လေးက 'ဘာစက် လဲကွ' ဟုဝင်မေးသည်။

'မျက်လုံးပြူးအောင်လုပ်တဲ့စက်ပါ သက်သက်ဖို့လေ'

'ကိုကိုနော် ကိုကို'

သက်သက်သည် ရုတ်တရက် နှုတ်ခမ်းစူသွားပြီး မမီမကမ်းလှမ်း၍ ထုမိပြန်သည်။ ဘာကြောင့်မှန်းမသိ၊ အားငယ်စိတ်လွှမ်းမိုးကာ မျက်ရည် များ ချက်ချင်းဝဲလာသည်။

'ကိုကို သက်သက် ငိုတော့မယ်နော် ငိုရင်တော့ ကိုကိုပဲချော့ မာညို မချော့ဘူး'

အမာညိုက ဝင်အော်သောအခါမှ ကျော်ထွန်းညိုသည် မျက်ရည်ရစ်ဝဲနေသောမျက်လုံးလေးများကို သတိပြုမိသည်။ ထိုအခါမှ တင်မောင်ဌေးတို့လည်း အရယ်ရပ်ကာ မျက်နှာပိုးသတ်တော့သည်။

'သက်သက်ကလည်းကွာ၊ ပျော်လို့စတာပါ၊ စိတ်မဆိုးပါနဲ့'

ကျော်ထွန်းညိုက လေသံပျော့ပျော့လေးနှင့်ပြောသည်။ သက်သက်က မျက်စောင်းခဲမိစဉ် မောင်မောင်လေးက ညောင်နာနာအသံလေးနှင့် မကြားတကြားပြောလေသည်။

'ကွယ်၊ ကိုကိုက ချစ်လို့ကြည်စားတာပဲဟာ'

သက်သက် မနေနိုင်တော့။ ဣန္ဒြေမဆောင်နိုင်တော့။ ရယ်မိပြန်သည်။ သူရယ်သောအခါ အားလုံးဝိုင်း၍ ရယ်ကြပြန်လေသည်။

စုလှိုင်သည် သံတုံးကို တံစဉ်းနှင့်တိုက်နေရာမှ ဆက်မတိုက်ဖြစ်ဘဲ သူတို့တစ်တွေကို မသိမသာလှမ်းကြည့်နေမိသည်။ သက်သက်က ကျော်ထွန်းညိုကို မျက်စောင်းတစ်ခဲခဲနှင့်လှမ်း၍လှမ်း၍ထုသည်ကို သူတွေ့နေရသည်။ တဝါးဝါးရယ်ကြသည်ကိုလည်း ကြားနေရသည်။ 'သူတို့မောင်နှမ သိပ်ရင်းနှီးတာပဲ'ဟု တွေးရင်း တံစဉ်းကိုတစ်ချက်နှစ်ချက်တိုက်သည်။ 'သူတို့ကြည့်ရတာ ပျော်နေလိုက်ကြတာ'ဟု ဆက်၍တွေးမိပြန်သည်။ ထို့နောက် ရင်ထဲတွင် မလိုတမာဖြစ်လာသလိုခံစားရသည်။ 'ဘာလို့ ဒီလောက် အူမြူးနေရတာလဲ၊ တဟီးဟီး တဟားဟားနဲ့ မုန်းစရာ'ဟု စိတ်ထဲမှရေရွတ်လိုက်မိလေသည်။ ကျော်ထွန်းညိုကို လှမ်း၍လှမ်း၍ကြည့်သော သက်သက်၏မျက်လုံးလေးများကို မူ သူနားလည်သည်။ မိန်းကလေးချင်းမို့ ခြေမြင်သည်။ ပျော်ရွှင်မှု၊ ချမ်းမြေ့ ကြင်နာမှုများကို ထိုမျက်လုံးလေးထဲတွင် စုလှိုင် တွေ့ရသည်။

အပြင်ဘက်မှရယ်သံများက ပျံ့လွင့်လာပြန်သည်။

စုလှိုင်၏စိတ်ထဲသို့ အရိုင်းစိတ်ကလေးတစ်ခုက ငြင်ငြင်သာသာ တိုးဝင်၍လာပြန်သည်။

ထို့ကြောင့် သူ့ကိုဖျတ်ခနဲလှမ်းကြည့်သော ကျော်ထွန်းညိုကို စူးစူးရဲရဲလေး ပြန်ပြီးကြည့်လိုက်မိသည်။ နှုတ်ခမ်းဖူးဖူးလေးကို တင်းတင်းစုထားပြီး အရည်လည်နေသောမျက်ဝန်းနက်ကလေးများနှင့် ညို့ပြီးကြည့်လိုက်လျှင် ထောင့်ငါးရာခြံရံသော ပုထုဇဉ် သူကောင်းသားတို့ ဝိုင်ဆင်းသွားလေ့ရှိသည်ကို စုလှိုင်သိထားသည်။

သူ သိထားသည့်အတိုင်းပင်ဖြစ်သည်။ ကျော်ထွန်းညိုသည် သူ၏ ညှို့ကွန်ရက်တွင် စင်းခနဲမိသွားရင်း ခပ်ငေးငေးပြန်ကြည့်နေသည်။ ထို့ကြောင့် သူတို့၏စကားသံများလည်း တိတ်သွားသည်။ သက်သက်ခမျာလေးလည်း စုလိုင်ကို တတိယအကြိမ် မနှာလိုဖြစ်ရပြန်လေသည်။ ထို့ပြင် အားငယ် ဝမ်းနည်းစိတ်နှင့် ထိုညက ကျိတ်ပြီးငိုခဲ့ရလေသည်။

*

'စု ယူက ကိုယ့်ကို အရူးလုပ်နေတာလား'

ဖရက်ဒီသည် စုလှိုင်ကို စူးစူးရဲရဲစိုက်ကြည့်ရင်း ပြောလေသည်။ စုလှိုင်သည် ခေါင်းကိုခါယမ်းကာ ပြုံးလိုက်သည်။

'ယူက အရူးမှမဟုတ်ဘဲ ဖရက်ဒီ၊ ဘယ်လိုလုပ်ပြီး အရူးလုပ်ရမှာလဲ'

'စကားကို ဝေ့လည်ကြောင်ပတ်မပြောနဲ့ စု'

စုလှိုင်သည် ပခုံးလေးတွန့်လိုက်သည်။

ကားရှေ့မှန်တွင် ချိတ်ဆွဲထားသော ဘီကီနီမယ်လေးသည် ခါးကလေးထောက်ရင်း ချာလည်လှည့်နေသည်။ ပိုးသားမျှင်နှင့်လုပ်ထားသော ဆံပင်ပျော့ပျော့လေးများသည် တကယ့်ဆံပင်အစစ်ပမာ လေတွင်လွင့်ခါသွားတတ်လေသည်။ မို့မောက်သောရင်တွင် မလုံ့တလုံလေးပတ်ထားသော အဝတ်စလေးသည် ပြုတ်ကျတော့မလို လျော့ရိလျော့ရဲလေးဖြစ်နေ၍ အသည်းယားဖွယ်ကောင်းလှသည်။

'ယူက အာရ် အိုင် တီ မှာလည်း ပေါ်ပြူလာ သိပ်ဖြစ်နေတော့ ဟိုမှာလည်း ငနဲဘယ်နှကောင်လောက်ကို အရူးလုပ်နေသလဲမသိဘူး'

'သူတို့တွေလည်း အရူးမှမဟုတ်တာ၊ ဘယ်လိုလုပ်ပြီး အရူးလုပ်ရမှာလဲ'

'စုရယ်၊ ယူလေ ယူ'

ဖရက်ဒီသည် စုလှိုင်၏ကိုယ်လုံးလေးကို ရုတ်တရက်လှမ်းဆွဲကာ ရင်ခွင်ထဲသွင်းလိုက်သည်။ ကျစ်ကျစ်ပါအောင်ဖက်ထားလိုက်သည်။

'ဟော့၊ လူတွေကြည့်နေမယ်'

'ဘယ်သူမှမရှိဘူး၊ ရှိတဲ့လူတွေလည်း သူ့အလုပ်နဲ့သူမအားဘူး'

ဖရက်ဒီသည် စုလှိုင်ကို ငုံ့၍နမ်းရင်းပြောသည်။

သူပြောသည့်အတိုင်းပင်ဖြစ်သည်။ ကန်တော်ကြီးရေစပ်တွင် ထိုးဆိုက်ထားသော ကားကလေးနှစ်စင်း သုံးစင်းရှိသော်လည်း အချင်းချင်း ဂရုပြုမိကြမည်မဟုတ်ပေ။ သူတို့လည်း ကိုယ်လိုလူတွေမို့ သူတို့အလုပ်နှင့်သူတို့ အာရုံနှင့်၊ အခြားသူကို အရေးစိုက်နိုင်မည်မဟုတ်ချေ။

'စု'

'အင်'

'ချစ်တယ်နော်'

ဖရက်ဒီက လှိုက်လဲသောအသံနှင့်ပြောသောအခါ စုလှိုင်သည်ပြုံး၍ငြိမ်နေလိုက်သည်။ ဖရက်ဒီက ကျေနပ်ဟန်မတူဘဲထပ်၍မေးလေသည်။

'ချစ်တယ်နော် စု'

'အင်း ချစ်မှာပေါ့'

'ကိုယ့်ကိုချစ်ရဲ့လား စုရယ်'

'မသိဘူး'

'စု ကိုယ့်ကိုမချစ်ဘူးလား'

'မသိဘူး'

ဖရက်ဒီသည် သက်ပြင်းချပြီး စုလှိုင်ကိုစိုက်၍ကြည့်လေသည်။ စုလှိုင်သည် ရီဝေဝေနှင့် မခိုးမခန့်လေးပြုံးရင်း ပြန်ကြည့်နေလိုက်သည်။

'ကဲ၊ ကိုယ့်ကိုမချစ်ရင် ကိုယ်နဲ့ဘာလို့တွဲသွားနေသလဲ၊ ကိုယ်နမ်းတာကို ဘာလို့ခံသလဲ၊ ကဲ'

'ပျော်လို့'

'ဘာ'

'ပျော်လို့ပါဆို'

'ဩ၊ ငါက မင်းကိုပျော်တော်ဆက်နေရတာပေါ့ ဟုတ်လား'

ဖရက်ဒီ၏အသံသည် အဖျားခတ်ကာ တုန်ယင်သွားသည်။ မျက်နှာသည် နီရဲသွားသည်။ မျက်လုံးများသည်လည်း ဒေါသရောင်လွှမ်းကာ တောက်ပြောင်လာလေသည်။

စုလှိုင်သည် ရေစပ်မှမြက်ပင်ရှည်များကိုငေးကြည့်နေသည်။ ဖရက် ဒီ့ကို သူမကြောက်ပေ။ ကြောက်ရန်လည်း အကြောင်းမရှိပေ။ ငယ်ငယ်ကတည်း က သူ့ဆိုးကျိုးခံကာ သူ့အလိုလိုက်ခဲ့သောဖရက်ဒီသည် သူ၏ငယ်နိုင်ဖြစ်သည်။ ဖြူဖပ်ဖြူရော်နှင့်လူမမာလေးနှင့်တူသောဖရက်ဒီကို ကြောက်စရာဟုလည်း မသတ်မှတ်ချင်ပေ။ သူစိတ်ဆိုးအောင်၊ သူစိတ်ထိခိုက်အောင် မည်သည့်အခါမှု လုပ်ရဲလိမ့်မည်မဟုတ်ဟုလည်း တစ်ထစ်ချယုံကြည်ထားသည်။

'ပျော်စေရမယ် စုစုလှိုင်၊ မင်းက ပျော်စရာအကောင်းဆုံးအကြောင်း ကိုမှမသိသေးဘဲ၊ ဟုတ်လား၊ ဒီ့ထက်ပျော်ရအောင် ကျွန်တော်မျိုး ပျော်တော် ဆက်ပေးပါ့မယ်'

ဖရက်ဒီသည် စုလှိုင်ကိုအတင်းဆွဲပြီး သူ့ပေါင်ပေါ်ဆွဲလှဲလိုက်သည်။ သူ့လက်များသည် အကြမ်းပတမ်းလှုပ်ရှားလာကြသည်။ နယ်ကျူးလာကြ သည်။

'ဖရက် အို ဖရက်ဒီ၊ ဒီလိုမလုပ်နဲ့'

စုလှိုင်သည် ရုတ်တရက် ကြောက်စိတ်ဝင်လာသည်။

ချာလည်လုည့်နေသော ဘီကီနီမယ်လေးသည် မခို့တရို့လေးပြုံးနေ ဆဲပင်ဖြစ်သည်။ မလုံ့တလုံ ရင်လွှမ်းအဝတ်ကလေးသည် ပြုတ်ကျတော့ မယောင် တဖျပ်ဖျပ်လွင့်နေလေသည်။

'မင်းပျော်အောင်လို့ပါ၊ ပျော်ရအောင်လေ စုစုလှိုင်'

ဖရက်ဒီက သရဲစီးနေသောအသံနှင့်ပြောသည်။ ဒီတစ်ခါတော့ စုလှိုင် တကယ်ကြောက်ရွံ့မိပြီဖြစ်သည်။ နဂိုအင်အားချင်းယှဉ်လျှင်ပင် ဖရက်ဒီ့ကို သူ နိုင်မည်မဟုတ်ချေ။ သောက၊ ဒေါသနှင့်ရမ္မက်ပါပေါင်းနေသော ဖရက်ဒီသည် နဂိုထက်ပင် အင်အားနှစ်ဆသုံးဆ ကြီးနေလေသည်။

'ဖရက်ဒီ မလုပ်နဲ့'

စုလှိုင်သည် ဖရက်ဒီ၏မျက်နှာကိုလက်သည်းနှင့်ဆွဲကုတ်လိုက်သည်။ လက်သည်းရှည်ထားသောအကျိုးကို စုလှိုင်ခံစားလိုက်ရသည်။ ဖရက်ဒီ၏မျက် နှာတွင်အစင်းကြောင်းထင်သွားပြီး သွေးများဖြာထွက်လာသည်။

ဖရက်ဒီသည် မျက်လုံးကို ကမန်းကတန်းမှိတ်လိုက်သောကြောင့် သက်သာရာရသွားခြင်းဖြစ်သည်။ မျက်ခွံတွင်ကား လက်သည်းရာကြောင်းက ခပ်နက်နက် ထင်သွားလေသည်။ စုလှိုင်ကိုလွှတ်လိုက်ပြီး သူ့မျက်လုံးကိုသူ

စိုးရိမ်စိတ်နှင့်အုပ်ပြီးစမ်းလိုက်မိသည်။

'ကဝေမ စုန်းမ'

ဖရက်ဒီက ဒေါသနှင့်ရေရွတ်စဉ် စုလှိုင်သည် ကားပေါ်မှဆင်းမိပြီ ဖြစ်သည်။ တွန့်ကြေနေသောအင်္ကျီများကိုပင် ဆွဲမဆန့်နိုင်သေးဘဲ ပြေး၍ ထွက်လာခဲ့သည်။ စုလှိုင်တစ်သက်လုံး ရယ်စရာ ကစားစရာလုပ်ခဲ့သော ဖရက်ဒီသည် ကြောက်စရာလူတစ်ဦးအဖြစ်ပြောင်းလဲလာပြီဖြစ်သည်ကို သိလိုက်ရပြီမို့ ရင်ထဲတွင် လှိုက်မောနေသည်။

'မပြေးနဲ့ စုလှိုင်'

ဖရက်ဒီ၏ကားသည် စုလှိုင်ကိုချက်ချင်းမီလာသည်။ ကန်တော်ကြီး စောင်းသည် လူရှင်းလှသည်။ အမှောင်ရိပ်သမ်းနေသည်။ ငှက်များ အိပ်တန်းတက်သောအသံကိုသာ ညိုးညိုးညံညံကြားနေရသည်။

'မလာနဲ့ မလာနဲ့ မလိုက်ခဲ့နဲ့'

'မလိုက်လို့မဖြစ်ဘူး၊ တက် ကားပေါ်အခုတက်'

'မတက်ဘူး'

'ယူ ဘယ်ကိုပြန်မှာလဲ စုလှိုင် တက်လို့ဆို၊ ကိုယ်ပြန်ပို့ပေးမယ်၊ ဘာမှ မလုပ်ဘူး'

ဖရက်ဒီသည် သူ့စကားနှင့်အညီ စုလှိုင်ကိုအိမ်ပြန်ပို့ပေးသည်။ တစ်လမ်းလုံး စကားတစ်ခွန်းမျှမပြော။ မျက်ခုံးကို အတွန့်ချိုးထားလေသည်။

စုလှိုင်သည် ကားတံခါးနားတွင်ကပ်ထိုင်ရင်း လက်တစ်ဖက်က ဒေါက်ဖိနပ်ကိုအသာလေးစမ်းထားမိသည်။ ဒီတစ်ခါကြမ်းလာလျှင် ဒေါက်ဖိနပ်နှင့် ချိုစောင်းကိုရိုက်ချလိုက်မည်ဟုစိတ်ကူးရင်း သူ့အပွေ့ သူ့အဖက် သူ့အနမ်းကို မျှော်လင့်မိပြန်သည်။ စုလှိုင်၏စိတ်တို့က ရိုက်ချမည်ဟုတွေးရင်း သွေးသားတို့က သူ့ကိုတောင်းဆိုနေသည်။ စုလှိုင်၏ကိုယ်တွင် လှည့်ပတ်နေသောသွေးများသည် ပူနွေးလျက်ရှိကြသည်။

သို့သော် ဖရက်ဒီသည် စုလှိုင်ကို ထပ်ပြီးမနမ်းတော့ပေ။

'ကဲ မယ်မင်းကြီးမ ကြွပေတော့၊ ခင်ဗျားလေးကို ကျုပ်တကယ်ချစ်မိလို့ မနစ်ရက်လို့ ညှာလိုက်တာကိုလည်း စွဲစွဲမြဲမြဲ မှတ်ထား၊ နောက်တစ်ခါ ထိကပါး ရိကပါးနဲ့ ကျုပ်ကိုကစားစရာလုပ်လာရင်တော့ မရတော့ဘူး သိလား၊ နောက်ပြီး ဘယ်ယောကျ်ားကိုမှလည်း အခုလိုသွားမလုပ်ပါနဲ့လို့ ပြောလိုက်ပါ

ပေရဲ့၊ ယောကျ်ားတွေဟာ နွားလည်းမဟုတ်ဘူး၊ ရဟန္တာလည်း မဟုတ်ဘူး၊ ကျားမှကျား၊ လူသားစားတဲ့ကျား သိရဲ့လား'

စုလှိုင်ကို အိမ်အရောက်ပြန်ပို့ပေးပြီးသောအခါမှ ဖရက်ဒီကပြော သည်။ ထို့နောက် ကားကိုခပ်ကြမ်းကြမ်းမောင်းပြီးထွက်သွားလေသည်။

ကားရှေ့မှန်တွင်ချိတ်ထားသော ဘီကီနီမယ်လေးသည် ချာလည် လှည့်ကာ မခို့တရို့လေးပြုံးနေသည်ကို စုလှိုင်တွေ့လိုက်ရသည်။

*

အမာညိုသည် စာကြည့်စားပွဲပေါ်မှပန်းအိုးလေးကိုစိုက်ကြည့်နေမိသည်။ ပန်း ထိုးထားသဖြင့် ပန်းအိုးဟုခေါ်ရသော်ငြားလည်း စင်စစ်အားဖြင့် ဖန်ခွက် ကလေး သာဖြစ်သည်။ ဖန်ခွက်ရှည်လေးထဲတွင် ဇီဇဝါပန်းများ ဝေနေအောင် ထိုးစိုက် ထားခြင်းသာဖြစ်လေသည်။

'ကဲ ဘယ်လောက်ကျက်သရေရှိသလဲ၊ စိတ်ကြည်လင်ဖို့ကောင်း သလဲ၊ ပန်းနံ့မွှေးမွှေးလေးရှူရင်း စာကျက်တော့ ခေါင်းကြည်ပြီး စာပိုရတာပေါ့'

အမာညိုက ကိုယ့်အစီအစဉ်ကို ကိုယ့်ဟာကိုယ်အားပေးရင်းပြော သည်။ ဇီဇဝါပန်းများသည် ပြွတ်သိပ်နေအောင်ပွင့်သောကြောင့် ညီလင်း သိပ် တွန့်တိုခြင်းမရှိပေ။ အားရပါးရပန်ဆင်ရုံသာမက ပန်းအိုးထိုးခွင့်လည်း ရလေ သည်။

'မွှေးတယ်နော်'

ညီလင်းသည် ကိုယ်ကိုကိုင်းညွတ်ကာ ပန်းပွင့်လေးများကို မထိတထိ လေး ရှိုက်နမ်းလိုက်သည်။ အမာညိုပန်းအိုးထိုးပုံ ဟန်မကျလှချေ။ ကျပ်ညပ် နေပြီးကြည့်၍မကောင်းလှချေ။ သို့သော် ညီလင်းက ဝေဖန်တတ်သူ မဟုတ်။ မွှေးပျံ့ပျံ့ရနံ့လေးရှူရှိုက်နေရသည်ကိုပင် ကျေနပ်နေလေသည်။

'နင် မိန်းမယူရင် ပန်းကြိုက်တတ်တဲ့သူကိုယူပေါ့ ညီလင်းရ၊ ဒါမှ နင်တို့တူတူအိပ်တော့ သူ့ခေါင်းက ပန်းနံ့လေး အမြဲရနေမှာ'

'အင်း မမလည်း ပန်းစိုက်တတ်တဲ့သူ ရွေးကြိုက်သိလား၊ တော်ကြာ မစိုက်တတ်တဲ့သူကိုယူမိရင် ပန်းပန်ရတော့မှာမဟုတ်ဘူး'

'ဝယ်ပန်မှာပေါ့ဟ ခက်တာလိုက်လို့'

အမာညို၏စကားကိုကြားသောအခါ ညီလင်းက ထရယ်လေသည်။

ထို့နောက် သူ့လက်ထဲမှ စက္ကူလုံးလေးနှင့် အမာညိုကိုပစ်ပေါက်လိုက်သည်။

'ဟား ဟား မရသေးတဲ့ သူ့ယောက်ျားလေးကိုတော့ ပင်ပန်းမှာစိုးလိုက်တာ ဟား ဟား ဝယ်ပန်မယ်တဲ့၊ ဒီလိုဆိုခုကတည်းကဝယ်ပန်ပါလား မမရ ဟား ဟား'

အမာညိုသည် သူ့မျက်နှာဆီသို့တန်းဝင်လာသောစက္ကူလုံးလေးကို လက်နှင့်ပုတ်ထုတ်လိုက်သည်။ သူ့စကားနှင့်သူမိကာ ဘာပြန်ပြောရမည် မသိဘဲ ညီလင်းနှင့်အတူလိုက်၍ရယ်မောနေမိလေသည်။

'ငါတို့ကျောင်းမှာ "ပန်းစံပယ်" ဆိုတဲ့လူတစ်ယောက်ရှိတယ်'

'ဘာလဲ စံပယ်ပန်းကြိုက်လို့လား'

'ဟင့်အင်း'

'သူက စံပယ်ပင်စိုက်လို့လား'

'ဟုတ်ပေါင်'

'ဒီလိုဆို စံပယ်ပေါင်ဒါသုံးတဲ့လူဖြစ်ရမယ်'

'လွဲပြီ'

'ကဲ ဘာဖြစ်လို့'

'သူက အရုပ်ဆိုးတယ်ဟ၊ တစ်ခါမှမစွံဘူး'

'အဲဒါနဲ့ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့၊ သူပင်ပင်ပန်းပန်းနဲ့ စပြီးလိုက်တယ်ဆိုတာနဲ့တစ်ပြိုင်နက်တည်း အပယ်ခံရတာလေ၊ အဲဒါမှ "ပန်းစံပယ်" ပေါ့'

'ဟား ဟား ဟား'

ညီလင်းသည် သဘောကျစွာနှင့်တဟားဟားရယ်နေသည်။ ထိုစဉ် အခန်းရှေ့မှ ဖေဖေဖြတ်သွားသည်ကို တွေ့လိုက်ရသောကြောင့် ရယ်ရှိန်သတ်လိုက်ရသည်။ ခုံပေါ်လှမ်းတင်ထားသောခြေထောက်ကို ဖျတ်ခနဲ အောက်ချလိုက်သည်။ ကုလားထိုင်ပေါ် ခြေတင်ထိုင်ခြင်းကို ဖေဖေ မနှစ်မြို့ပေ။

'အဲဒါဘာရင်ထိုးလေးလဲ ညီလင်း'

အမာညိုသည် ညီလင်း၏ကွန်ပါဘူးထဲမှ ရင်ထိုးနီနီလေးကိုလှမ်း၍ နှိုက်ယူလိုက်သည်။

'ဝမ်းမောင် ပေးတာလေ'

ရင်ထိုးနီရဲရဲလေး၏အလယ်တွင် အိမ်နီးချင်း တိုင်းပြည်မှ ခေါင်း

ဆောင်ကြီးတစ်ဦး၏ရုပ်ပုံကိုတွေ့ရသည်။ သဘောသကာယကောင်းစွာနှင့် ပြုံးနေဟန်ရှိသော ကိုယ်တစ်ပိုင်းရုပ်ပုံလေးကို အမာညိုကသဘောကျစွာ ကြည့်နေမိသည်။

'နင်ဘယ်ကရလဲဟင်'

'ကျွန်တော်တို့အတန်းထဲက ဝမ်းမောင် ပေးတာလေ၊ လှတယ်နော်၊ တစ်တန်းလုံးလိုလို အဲဒီရင်ထိုးလေးတွေရှိတယ်'

'နင်တို့တွေ အမြဲတပ်ထားကြတာပေါ့'

'အင်းပေါ့ မမရ ဖက်ရှင်ပေါ့'

ထိုအချိန်တွင် ကျော်ထွန်းညိုသည် အခန်းထဲသို့လှမ်းဝင်လာလေသည်။ အမာညိုလက်ထဲမှရင်ထိုးလေးကိုလှမ်းယူပြီးကြည့်သည်။

'လှတယ်နော် ကိုကို'

ညီလင်းက ပြောသောအခါ ခပ်ပြုံးပြုံးနှင့်ခေါင်းညိတ်ပြသည်။ ထို့နောက် ညီလင်း၏ခေါင်းမှဆံပင်များကို လက်နှင့်တွန်းကာဖွလိုက်သည်။

'ဒါပေမဲ့ ဒါမြန်မာပြည် ညီလင်းရ'

'အင်း လေ'

'တကယ့်တကယ်ဆိုရင် မင်းတို့တွေက ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံကို တပ်သင့်တာပေါ့ မဟုတ်ဘူးလား'

'ဟုတ်တာပေါ့ ကိုကိုရ၊ ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းပုံက အလကားမှ မရတာ ဘယ်လိုလုပ်တပ်ရမလဲ'

ညီလင်းက ဆင်ခြေကန်လေသည်။

ကျော်ထွန်းညိုသည် ဘာမှမပြောဘဲ ရင်ထိုးလေးကိုစိုက်၍ကြည့်နေလေသည်။ သူ့မျက်ခုံးများသည် မသိမသာ အတွန့်ချိုးနေသည်။ နှုတ်ခမ်း များကို ပိပိရိရိစေ့ထားသည်။ အတန်ကြာငြိမ်နေပြီးနောက် ပင့်သက်ရှိုက်လိုက်လေသည်။

*

'ဟေး ကျောင်းတွေပိတ်လိုက်ပြီတဲ့၊ ပျော်တယ်ဟ'

ရေဒီယိုမှ ကြေညာချက်ကိုကြားသောအခါ ညီလင်းသည် ဝမ်းသာအားရ ထခုန်လေသည်။

'ဟဲ့ ကောင်လေး၊ ငြိမ်ငြိမ်နေစမ်းပါ ဒါပျော်စရာလား'

မေမေကြီးက ငေါက်လိုက်သည်။ ဖေဖေသည် မျက်မှောင်ကုတ်နေပြီး မေမေက သက်ပြင်းရှိုက်ကာ ခပ်တိုးတိုးပြောသည်။

'လူမျိုးရေး အရေးအခင်းတွေ ဖြစ်ရတာမကောင်းပါဘူး၊ ကျွန်မတို့ ငယ်ငယ်တုန်းကလည်း ကုလားမြန်မာ အရေးအခင်းဖြစ်သေးတယ်နော်'

ကျော်ထွန်းညိုသည် ရေဒီယိုခလုတ်ကိုပိတ်လိုက်သည်။ ညီလင်းက မူ အိမ်ပေါ်ထပ်သို့ ခပ်ကုပ်ကုပ်ပြေးတက်သွားလေသည်။ သတင်းထူးကို မသိရသေးသော အမာညိုအား ဖောက်သည်ချရန်အတွက်ဖြစ်သည်။ နားစွန် နားဖျား ကြားလိုက်ရသော အမာညိုသည် ခပ်သွက်သွက်ပြေးဆင်းလာသည်။

'ကျောင်းတွေပိတ်လိုက်ပြီတဲ့ မမ'

'ဟယ် အဟုတ်လား'

အမာညိုသည် လှေကားတစ်ဝက်တွင် ငိုင်ငိုင်လေးရပ်နေမိပြီးမှ အောက်ထပ်သို့ ဆက်ဆင်းသွားသည်။

'ကျောင်းတွေပိတ်တယ်ဆိုရင် အဆောင်က ကျောင်းသူကျောင်းသား တွေ အိမ်ပြန်ကြရတော့မှာပေါ့နော် ကိုကို'

'အေးပေါ့ဟ'

'ဒီလိုဆို မိမိလေးတို့တွေ ပြန်ရပြီပေါ့၊ မာညို့ဆီမှာ သူ့လက်ချာ စာအုပ်တွေရောက်နေတယ်၊ သွားပြန်ပေးရရင်ကောင်းမယ်'

'အရေးထဲဟာ နင်က ဆီမီးခွက်တောက်နေလိုက်တာ'

ကျော်ထွန်းညိုက စိတ်မရှည်ဟန်နှင့်ပြောသည်။ အမာညိုသည် မကျေမနပ်နှင့် နှုတ်ခမ်းစူသွားလေသည်။ တက္ကသိုလ်ရောက်သောအခါ အထက်တန်း တွင် တက်စဉ်ကလို မှတ်စုများကို အလွယ်တကူမရတော့ပေ။ အမာညိုတို့ အထက်တန်းတုန်းကမူ အရေးကြီးသော အချက်အလက်များကို ဆရာမက ပါးစပ်မှ ကြောင်းပေးပြီး အေးအေးသက်သာလိုက်ရေးရသည်။ ယခုအခါတွင်ကား ဆရာက သူ့ဟာသူသင်သွားခြင်းဖြစ်သည်။ အရေးကြီးသည့်အချက်ရော၊ မကြီးသည့်အချက်ရော ရောနှောပါဝင်လေသည်။ တစ်ခါတစ်ရံ ရယ်စရာများ ကြားညှပ်၍ ပါတတ် ပြောတတ်သေးသည်။ ထိုအထဲမှ အရေးကြီးသော အချက် များကိုရွေးပြီး ရေးတတ် မှတ်တတ်ရသည်။ အမာညိုက မမှတ်တတ် မရေးတတ် ပေ။ ဆရာက ဓာတုဗေဒသင်နေစဉ် စကားစပ်၍ လကမ္ဘာအကြောင်း ပြော လည်း ထည့်ရေးသည်။ အပိုလိုတွေ လူနာတွေကိုလည်း ထည့်မှတ်သည်။ ရှုရှား

နှင့် အမေရိကန် မည်သူက လပေါ်ကိုဦးစွာရောက်မည်ထင်သည့် အကြောင်းလည်း ရေးသည်။ ထို့ကြောင့် အမာညိုရေးထားသည်များကို ပြန်ပြီး ဖတ်ကြည့်သောအခါတွင်ကား ဓာတုဗေဒမှဓာတ်ငွေ့များနှင့် ရုရှား အမေရိကန်တို့ ရောထွေးနေလေတော့သည်။

မိမိလေးကမူ အမာညိုထက်သာသည်။ အရေးကြီးသည်များကို ကွက်တိဝင်အောင် ရေးမှတ်တတ်သည်။ ထို့ကြောင့် မိမိလေး၏စာအုပ်များကို အမာညိုက ထာဝစဉ်ပင် တစ်ဆင့်ငှားပြီး ပြန်၍ကူးယူရလေ့ရှိလေသည်။ စာအုပ်များကို ပြန်ပေးရန်သတိရသော်လည်း ကျောင်းမတက်ရသည်မှာ နှစ်ရက်ရှိပြီမို့ မပေးဖြစ်ပေ။ အမာညိုသာမက ကျော်ထွန်းညိုရော ညီလင်းညိုပါ ကျောင်းမတက်ရပေ။ မေမေကြီးက သူတို့မောင်နှမသုံးဦးလုံးကို မျက်စိရှေ့မှ အပျောက်မခံဘဲ အိမ်ထဲတွင် လှောင်ထားလေသည်။

'ဟိုး အရင်တုန်းကဖြစ်တဲ့ ကုလား မြန်မာ အရေးအခင်းကျတော့ အင်္ဂလိပ်အစိုးရက အာရုံလွှဲတာဆို ဟုတ်သလားဖေဖေ'

'ဒီလိုပဲပြောကြတာပဲသားရဲ့၊ အဲဒီတုန်းက ရေနံမြေအရေးတော်ပုံ၊ ကျောင်းသားသပိတ်တွေဖြစ်တဲ့နှစ်ပဲပေါ့၊ လူတွေက အရမ်းစည်းလုံးပြီး မျိုးချစ်စိတ်သိပ်ပြီးတက်ကြွနေတဲ့အချိန်လေ'

'အဲဒီတုန်းက "မော်လဝီနှင့်ယောဂီအရေး" ဆိုတဲ့စာအုပ်ကလေး ထွက်တယ်လေ၊ ဗုဒ္ဓဘာသာကိုအများကြီးထိခိုက်ရေးထားတာတွေ ပါတာရော အဖေကြီးရဲ့၊ အဲဒီအကြောင်းကနေ စ တာပဲလေ'

မေမေကပါ ဝင်၍ပြောသည်။ အတိတ်မှဖြစ်ရပ်များကို ပြန်လည် စဉ်းစားနေဟန်နှင့် နှစ်ဦးလုံးမျက်မှောင်ကုတ်နေကြသည်။ မေမေကြီးသည် သက်ပြင်းကြီးချကာ ယွန်းဘူးထဲမှဆေးပေါ့လိပ်တစ်လိပ်ကိုကောက်ယူကာ နှုတ်ခမ်းတွင် တပ်လိုက်သည်။ ညီလင်းညိုက အလိုက်တသိနှင့် မီးခြစ်ပြေးယူသည်။ မေမေကြီးသည် ဆေးလိပ်ကိုအစဉ်အမြဲနှစ်သက်စွဲလမ်းစွာ သောက်တတ်သူတော့ မဟုတ်ပေ၊ စိတ်လှုပ်ရှားသောအခါများတွင်ကား အငွေ့တထောင်းထောင်း ထွက်အောင် ဖွာတတ်လေသည်။

'အဲဒီတုန်းက မြန်မာသတင်းစာဆိုလို့ "မြန်မာ့အလင်း" နဲ့ "သူရိယ" ပဲ ရှိတယ်နော် ဖေဖေ၊ အဲဒီအရေးအခင်းကို လှုံ့ဆော်ရေးလို့ "သူရိယ" တောင် နှစ်ပတ်အပိတ်ခံရတယ်ဆို၊ ကျွန်တော်စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတယ်'

'အေး ဟုတ်လိမ့်မယ် ထင်တယ်ကွဲ'

'အဲ သူရိယက ဂဠုန်ဦးစောရဲ့ သတင်းစာဆို ဟုတ်လားဖေဖေ'

ကျော်ထွန်းညိုက မေးသည်။ အမာညိုတို့မောင်နှမသုံးဦးတွင် သူသည် အသက်အဖြကြီးဆုံးဖြစ်သလို ဗဟုသုတလည်း အများဆုံးဖြစ်သည်။ ကျောင်းစာကိုသာမက ဗဟုသုတဖြစ်ဖွယ် အပြင်စာများကိုလည်း စွဲစွဲလမ်းလမ်းဖတ်လေ့ရှိသည်။ ထို့ကြောင့် ဖေဖေနှင့်အပြန်အလှန်မေးနိုင်ပြောနိုင် ဆွေးနွေးနိုင်သည်။ တိုင်းရေးပြည်ရေး၊ နိုင်ငံရေးကိုပြောင်းဖူးပြုတ်နှင့်လက်ဖက်သုပ်လောက်ပင် နားမလည်သူ အမာညိုကမူ သူများပြောသမျှ ဖေဖဖဖဖဖဖ

'ကုလားမြန်မာအရေးအခင်းဖြစ်တော့၊ ရေနံမြေသပိတ်တို့ ကျောင်းသားသပိတ်တို့ကရော ရပ်လို့လား ဖေဖေရာ မရပ်ပါဘူးနော်'

'ဘယ်ရပ်လိမ့်မလဲ၊ ဒီလိုကွယ် ခဏတော့ ရောထွေးသွားတာပေါ့၊ နယ်ချဲ့မုန်းတီးစိတ်တွေ အရမ်းတက်ကြွနေချိန်မှာ အာရုံက တခြားဘက်ကို ခဏလေးတော့ရောက်သွားတာပေါ့၊ ဒါပေမဲ့ အဲဒီနှစ်က သပိတ်တွေဆက်တာပဲ၊ နယ်ချဲ့ဆန့်ကျင်ရေးကို တော်တော်လေးပြတ်ပြတ်သားသားပြနိုင်တာပဲ'

ဖေဖေကပြောရင်း ရယ်လိုက်လေသည်။ မေမေကမူ စိုးရိမ်ပူပန်သောမျက်လုံးများနှင့်အပြင်ဘက်သို့ ငေးကြည့်နေသည်။ မေမေကြီးသည် ဆေးပေါ့လိပ်ကို အငွေ့တထောင်းထောင်းထအောင် ဖွာနေသည်။ ညီလင်းကမူ အိမ်ပေါ်မှခပ်ကုပ်ကုပ်ဆင်းသွားကာ ခြံဝတွင်ယောင်လည်လည်လုပ်နေသည်။ လမ်းပေါ်တွင် ပြောဆိုသွားကြသည်များကို လည်ဆန့်ပြီးနားစွင့်နေလေသည်။

ဖေဖေနှင့်ကိုကိုတို့ အပြန်အလှန်စကားကောင်းနေကြစဉ် အမာညိုသည် နေရာမှထကာ စာကြည့်ခန်းထဲလှမ်း၍ဝင်ခဲ့သည်။ မနေ့ညက ကျက်မှတ်လက်စ စာအုပ်ကို စာကြည့်စားပွဲပေါ်တွင်ဖွင့်လျက်သား တွေ့ရသည်။

အမာညိုသည် ထိုစာအုပ်ကလေးကိုငေးကြည့်နေပြီးမှ ဖြန်းခနဲလှမ်းပိတ်လိုက်သည်။ ထို့နောက်စားပွဲဘေးရှိ စာအုပ်ဗီရိုလေးထဲသို့ထည့်ထားလိုက်လေသည်။

ကျောင်းပိတ်ထားသည့်အတောအတွင်း၌ စာကျက်ရန်မလိုအပ်သေးပေ။

*

**သိပ်ချစ်ရတဲ့စုစု**

မောင့်ရွှေလမင်းရယ်၊ ဘာလို့ ဒီလောက် လှနေရတာလဲ၊ မနေ့တုန်းက မောင် အတန်းမတက်ဖြစ်ဘူး၊ စုစုတက်တဲ့ အတန်းတွေ လိုက်တက်နေလို့လေ၊ ဟိုး နောက်ဘက်ကထိုင်ပြီး စုစုရဲ့နောက်ကျောကိုဘဲ အပေါ်စီးကနေ စိုက်ကြည့်နေမိတယ်၊

**စုစုလှိုင်ဆိုတဲ့မိန်းကလေးရယ်**

မင်းကိုစတွေ့ရတဲ့နေ့ကတည်းကချစ်မိတယ်၊ စိတ်ဝင်စားမိတယ်၊ မေတ္တာဆိုတာ ဆန်းကြယ်တယ်နော်၊ ကိုယ့်ရင်ထဲမှာ နှလုံးသား လေး ငါး ခြောက်ခု ထပ်ပွားလာတယ်၊ ဒီတော့ ရင်ထဲမှာ မေတ္တာနဲ့အပြည့်ပေါ့၊ အားလုံးမင်းအတွက်ချည်းပဲ'

**စုစုလှိုင်**

ကျွန်တော်တို့ ဘိုး ဘေးတွေ လက်ထက်ကတည်းက သုံးလာကြတဲ့ စကားတစ်ခွန်း ပြောချင်တယ်။

မင်းကိုငါချစ်တယ်။

**လှိုင်**

နယူတန်ရဲ့တတိယနိယာမကို သိတယ်မဟုတ်လား၊ ထပ်ပြောပြမယ် နားထောင်။

"သက်ရောက်မှုတိုင်း၌ တန်းတူညီမျှသော တန်ပြန်သက်ရောက်မှုရှိသည်" တဲ့လေ၊ အသေအချာစဉ်းစားကြည့်နော်။

ဒီတော့ မောင်မောင်စိတ်ထဲမှာ သေချာနေတယ်၊ ဘာကိုလဲသိလား၊ လှိုင်ဆိုတဲ့မိန်းမလှလေးက မောင်မောင့်ကို သိပ်ချစ်လာမှာကိုပေါ့၊ ဘာကြောင့်လဲရော သိရဲ့လား၊ မောင်မောင်က လှိုင့်ကိုသိပ်ချစ်လို့ပေါ့၊ ကမ္ဘာ့သိပ္ပံပညာရှင်ကြီးကလဲ အသေအချာ ပြောပြခဲ့ တယ်လေ၊ ထပ်ပြောပြဦးမယ်၊ "သက်ရောက်မှုတိုင်း၌တန်းတူညီမျှသော တန်ပြန်သက်ရောက်မှုရှိသည်" တဲ့။

နံနက်ခင်း၏ နုထွေးသောနေရောင်ခြည်သည် အခန်းထဲသို့တိုးပြီး ဝင်ရောက်လာသည်။ လေပြည်အေးက ပန်းနုရောင်ဇာခြင်ထောင်ပါးပါးလေးကို ဆော့ကစားသွားသည်။ အခန်းထောင့်ရှိမှန်တင်ခုံဘေးမှ ကိုယ်လုံး ပေါ်မှန်ကြီးကို နေခြည်က ရှပ်ပြီးထိသွားသည်။ လင်းလက်သော တန်ပြန်အရောင်သည် တစ်ဖက်နံရံကိုသွားပြီး အရိပ်ထင်နေသည်။

စုလှိုင်သည် အိပ်ရာထဲမှမထသေးဘဲ ချစ်သဝဏ်လွှာများကို ကျေနပ်ပြုံးလေးပြုံးကာ ပြန်ဖတ်နေမိသည်။ သူ့ဘေးတွင် ဖြူနီဝါပြာ အရောင်စုံသော စာရွက်ကလေးများ ကြဲပြန့်နေလေသည်။ ခြင်ထောင်တွင်းသို့တိုးဝှေ့ ဝင်ရောက်လာသောလေပြည်အေးက စာရွက်လေးများကို တဖျပ်ဖျပ်လွင့်အောင် စွမ်းဆောင်နေသည်။ ပန်းရောင်စာရွက်ပါးလေးသည် အိပ်ရာခင်း ဖြူဖြူပေါ်တွင် လေဟုန်စီးပြီး ရှပ်တိုက်ပြေးနေသည်။

'စု'

ပိတ်ထားသောတံခါးရွက်များကို ခပ်သာသာခေါက်ရင်း ခေါ်လိုက်သောအသံကိုကြားရသည်။ မအေးတင်ဖြစ်သည်။ နံနက်စောစော ကော်ဖီကို အခန်းထဲသို့ပို့ပေးရမလား၊ အောက်ထပ်ဆင်းသောက်မလား လာမေးခြင်းသာ ဖြစ်ပေမည်။ စုလှိုင်သည် ဘာအသံမှပြန်မပေးဘဲ ငြိမ်နေလိုက်သည်။ အခန်းတံခါးသည် စေ့ရုံသာစေ့ထား၍ မအေးတင်သည် အသာလေးတွန်းဖွင့်ပြီး အခန်းထဲ လှမ်းကြည့်သည်။ စုလှိုင်သည် မျက်လွှာကိုမှေးမှိတ်ကာ အိပ်ချင်ဟန်ဆောင်နေလိုက်သည်။ ထို့ကြောင့် မအေးတင်သည် ခြေကိုဖော့နင်းကာ အသာလေး ပြန်ထွက်သွားလေသည်။

မအေးတင်ပြန်ထွက်သွားသောအခါမှ စုလှိုင်သည် မျက်လုံးကို အသာ

ပြန်ဖွင့်လိုက်သည်။ ဖတ်လက်စ စာများကို ဆက်ဖတ်သည်။ နံနက်ခင်း၏ နေခြည်ထွေးထွေး လေပြည်အေးအေးတွင် မိမိကိုတမ်းတနေသူများ၏ စာများကို ဖတ်နေရခြင်းကို စုလှိုင်နှစ်သက်သည်။ သဘောကျကျေနပ်မိလေသည်။ ကျောင်းတွေ ပိတ်ထားသောကြောင့် ကျောင်းတက်ရန်လည်း အလုပ် မရှိချေ။ အေးအေးဆေးဆေး ဖတ်ချိန်ရသည်။ ထိုအချိန်တွင် မအေးတင်ဝင် လာပါက စုလှိုင်အိပ်ချင်ဟန်ဆောင်နေလိုက်သည်သာဖြစ်သည်။ စကားမပြောချင်၍ ဖြစ် လေသည်။

**သက်ထားစု**

စာရေးရတာလည်း လေးငါးစောင်ရှိပြီ။ ကိုကို့ကို အဖြေပေး ဖို့ ကောင်းပါပြီကွယ်။ ချစ်ရင်လည်း ချစ်တယ်၊ မုန်းရင်လည်း မုန်း တယ်ပေါ့။ ဘာဖြစ်လို့ဒီလောက်တောင် မတုန်မလှုပ် နေနိုင်လွန်းရ တာလဲ မိန်းကလေး။ ခံစားရတဲ့ ကိုကို့မှာတော့ အသည်းတွေကြွေ တော့မယ်။ ဒါကို မင်းကလေးသိရဲ့လား စုသက်ထားရယ်။

စုလှိုင်သည် ထိုစာကိုဖတ်ရင်း သမ်းဝေလိုက်မိသည်။ သူ့နာမည်ကို မေ့သွား၍ အောက်ဘက်တွင်ထိုးထားသောဆိုင်းကို ပြန်ကြည့်ရသည်။ အေး ကျော်ဖြစ်သည်။ စုလှိုင်ထက် အသက်ရော အတန်းရော များစွာကြီးသည်။ နောက်ဆုံးနှစ် သင်တန်းသားကြီးဖြစ်လေသည်။ ဖွဲလည်း အတော်ကောင်းလေ သည်။ စုလှိုင်၏အခန်းရှေ့တွင် တစ်ချိန်လုံး မညောင်းမညာရပ်ပြီး စုလှိုင်ကို ငေးကြည့်တတ်သူဖြစ်သည်။ အသားဖြူပြီး ဝဖိုင့်ဖိုင့်ရှိသော ကိုယ်ခန္ဓာကြောင့် သူ့ကို "အင်ထရိုပီ" ဟု မိန်းကလေးများက အမည်ပေးထားသည်ကို ကြားရဖူး သည်။ အင်ထရိုပီ ဟူသည်မှာ ဓာတုဗေဒစကားလုံးဖြစ်သည်။ ပုံပျက်ခြင်းဟု အဓိပ္ပာယ်ထွက်လေသည်။

စုလှိုင်သည် စာရွက်လေးကိုပစ်ချလိုက်ပြီး ခေါင်းအုံးဘေးမှ ဓာတ်ခဲ သုံး ရေဒီယိုလေးကိုစမ်းပြီး ခလုတ်ဖွင့်လိုက်သည်။ နံနက်ခင်းတေးသံသာများက မြူးရွှင်စွာထွက်ပေါ်လာသည်။ ခုနစ်နာရီကျော်ပေပြီ။ ထဖို့ကောင်းပြီဖြစ်သည်။

စုလှိုင်အောက်ထပ်သို့ဆင်းသောအခါ ရှစ်နာရီပင် ထိုးလုပေပြီ။ ကျောင်းပိတ်ထားသဖြင့် အားပြီးပျင်းနေသည်။ ကျောင်းပိတ်သည်က အရေး မကြီးလှချေ။ ကျောင်းသာမက ရုပ်ရှင်ရုံများပါပိတ်ထားသောကြောင့် ပို၍ ပျင်းဖို့

ကောင်းနေခြင်းဖြစ်လေသည်။

'စု'

ထမင်းစားခန်းထဲမှ ဒက်ဒီက လှမ်းခေါ်သည်။ မာမီ့ကိုမူမတွေ့ရပေ။ အိပ်ရာက ထသေးပုံမရ၊ သို့မဟုတ် ရေချိုးခန်းသို့ဝင်နေခြင်းဖြစ်ချင်ဖြစ်ပေမည်။

ဒက်ဒီသည် အသက်လေးဆယ့်ငါးနှစ်ရှိပြီဖြစ်သော်လည်း နုပျိုလှသည်။ ဆံပင်များလည်း လုံးဝမဖြူသေးပေ။ စင်းနေသောနှာတံနှင့်ပြည့်ဖြိုးသော နှုတ်ခမ်းများကိုပိုင်ဆိုင်သည်။ စုလှိုင်သည် မာမီနှင့်တူသော်လည်း နှုတ်ခမ်းများကမူ ဒက်ဒီနှင့်တူလေသည်။ စုလှိုင်၏နှုတ်ခမ်းသည် မာမီ့လို နှုတ်ခမ်းပါးလေးများ မဟုတ်ပေ။ ဒက်ဒီ့လိုပင် အောက်နှုတ်ခမ်းလေးမသိ မသာတွဲကာ ထူဝန်းပြည့်ဖြိုးလေသည်။ ထိုနှုတ်ခမ်းများကို ဒက်ဒီကလည်းသဘောကျဟန်တူသည်။ ထိုနှုတ်ခမ်းသားများကြောင့်လည်း သူ့သွေးအနေနှင့် လက်ခံလာခဲ့ဟန်တူသည်ဟု စုလှိုင် တစ်ခါတစ်ရံတွေးမိသေးသည်။

'စုကို ဒက်ဒီပြောမလို့၊ မကြုံတာနဲ့မပြောဖြစ်ဘူး'

ဒက်ဒီသည် ကော်ဖီကိုဖြည်းဖြည်းသောက်လျက်ရှိသည်။ သူ့ရှေ့တွင် ဝင်ထိုင်လိုက်သော စုလှိုင်ကို ခပ်စူးစူးကြည့်သည်။

'သဲလ်မာသွားတဲ့ ဖဲဝိုင်းတွေကို စု မလိုက်ပါနဲ့'

မာမီ၏အမည်ရင်းသည် ဌေးဌေးရွှေဖြစ်သော်လည်း သဲလ်မာဟူသော အနောက်တိုင်းအမည်ကိုသာ လူသိများသည်။ ဒက်ဒီကလည်း သဲလ်မာဟုပင် ခေါ်လေ့ရှိသည်။

စုလှိုင်သည် ဒက်ဒီ့ကို တအံ့တဩလှမ်းပြီးကြည့်လိုက်မိသည်။ စုလှိုင်ကို တားဆီးပိတ်ပင်မှုများကို ဒက်ဒီ အရင်က တစ်ခါမျှမပြုလုပ်ခဲ့ဖူးပေ၊ စိတ်ဝင်စားပုံလည်းမရ၊ ခုမှ ဘာများစိတ်ကူးပေါက်လာပါလိမ့်ဟု တွေးမိသည်။

'စု လိုက်ခဲ့ပါတယ် ဒက်ဒီ၊ အခုကျောင်းပိတ်နေတော့သာ တစ်ခါတလေ ပျင်းလွန်းရင် လိုက်သွားပြီး ဖရက်ဒီနဲ့စကားပြောနေတာပါပဲ'

'အဲဒီဖဲဝိုင်းတွေက လူစုံတယ်၊ စုလိုအရွယ်လေး မသွားသင့်ဘူး၊ ဒက်ဒီပြောတာ နားလည်တယ် မဟုတ်လား'

'ဒါပေမဲ့ ဒါပေမဲ့ ဒက်ဒီ'

စုလှိုင်က စောဒကတက်လိုက်မိသည်။

'ဒက်ဒီ အရင်က စုကို တစ်ခါမှမစိုးရိမ်ဖူးပါဘူး၊ အခု အခုဟာက

ရော စိုးရိမ်တာလား’

ဒက်ဒီသည် ကော်ဖီပန်းကန်ကိုပြန်ချထားလိုက်ပြီး၊ စုလှိုင်၏သံသယ မျက်လုံးလေးများကို စိုက်ကြည့်သည်။

‘လူတွေဆိုတာ ဘယ်တော့မှမကောင်းဘူးစု၊ အဲဒါကိုသိထား၊ တစ်ယောက်နဲ့တစ်ယောက် တင်ဖို့ စီးဖို့ အမြတ်ထုတ်ဘို့ အမြဲအားထုတ်နေကြတာ၊ ကတုံးပေါ်မှာထိပ်ကွက်နေကြတဲ့ အလည်အနပ်တွေချည်းပဲ၊ အဲဒါတွေကို ဒက်ဒီက သိထားလို့ပြောတာ’

‘ကောင်းတဲ့လူလေး တစ်ယောက်တစ်လေလောက်တောင် မရှိဘူးလား ဒက်ဒီရယ်’

‘မရှိဘူး၊ ဘယ်သူမှမကောင်းဘူး၊ ကိုယ်ကလည်နိုင်ရင်လည်၊ မလည်နိုင်ရင် ကိုယ့်အပေါ်မှာ ကျောသွားမှာပဲ’

စုလှိုင်သည် သက်ပြင်းရှိုက်လိုက်သည်။ ဒက်ဒီ၏မျက်လုံးများသည် သံသယ အရိပ်အငွေ့များနှင့်မာပြီး အေးစက်နေသည်။

‘လူတွေဟာ ဒီလောက်ဆိုးသလား ဒက်ဒီ’

‘ဒီ့ထက်မက ဆိုးတာပေါ့၊ စု ဘာမှမသိသေးဘူး၊ ဒက်ဒီ တစ်ခုပြောလိုက်မယ် ဘယ်သူ့ကိုမှ မယုံနဲ့’

‘စု မယုံပါဘူး’

‘အေး အဲဒါကောင်းတယ်’

ဒက်ဒီက ကျေနပ်သောအသံနှင့်ပြောသည်။ စုလှိုင်သည် လက်ထဲမှ ကိတ်မုန့်ချပ်ကလေးကို မစားဖြစ်သေးဘဲ ကိုင်ထားရင်းမှ တွေနေမိသည်။

‘ဒက်ဒီ မာမ့်ကိုရော မယုံဘူးလား’

‘ဒက်ဒီ ဘယ်မိန်းမကိုမှမယုံဘူး စု’

ဒက်ဒီသည် အပြတ်ပင်အဖြေပေးလိုက်သည်။ ထိုစကားအရ မာမ့်ကို သာမက သူ၏နံပါတ်နှစ်တွေ၊ သုံးတွေကိုလည်း မယုံကြည်ကြောင်း အဓိပ္ပာယ် ရှင်းရှင်းကြီးထွက်လာသည်။ စုလှိုင်သည် ကိတ်မုန့်လေးကိုပြန်၍ ချကာ ဒက်ဒီ၏ မျက်လုံးများကို တည့်တည့်စိုက်ကြည့်လိုက်သည်။ ထို့နောက် တိုးတိုးလေး မေးလိုက်မိသည်။

‘မာမ့်ကို ဒက်ဒီချစ်လား’

ဒက်ဒီသည် စုလှိုင်၏မျက်လုံးများကိုလွှဲဖယ်ကာ ခပ်ခြောက်ခြောက်

ရယ်လိုက်လေသည်။

'ချစ်မှာပေါ့'

စုလှိုင်သည် ခေါင်းယမ်းလိုက်သည်။ ထို့နောက် ထပ်ပြီး မေးမိသည်။

'တည့်တည့်ပြောပါလားဒက်ဒီ မာမီ့ကိုချစ်ရဲ့လား'

'ကိုယ်လက်ထပ်ထားတဲ့မိန်းမပဲ၊ ချစ်မှာပေါ့'

'ချစ်တယ်ဆိုတာဘာလဲ ဒက်ဒီသိရဲ့လား'

ဒက်ဒီသည် အဖြေမပေးတော့ဘဲ ငြိမ်နေသည်။ စုလှိုင်နှင့်ဒက်ဒီသည် တစ်ခါမျှ ဒီလောက်အခြေအတင်စကားကြာကြာမပြောခဲ့ဘူးပေ။ ဒီနေ့မှ ဒက်ဒီက ထူးထူးခြားခြားစိတ်ရှည်လက်ရှည်ထားပြီး ပြောနေခြင်းဖြစ်သည်။ ဒက်ဒီသည် ရွှေနားရစ် ကော်ဖီပန်းကန်လေးကိုငေးကြည့်ရင်း မျက်မှောင် မသိမသာကုတ်နေလေသည်။

'ဒက်ဒီငယ်ငယ်တုန်းက မိထွေးလက်ထဲမှာကြီးခဲ့ရတယ်၊ ဒက်ဒီရဲ့ အဖေကလည်း ဒက်ဒီ့ကိုမချစ်ဘူး၊ မိထွေးနဲ့မွေးတဲ့ကလေးတွေကိုပဲချစ်တယ်၊ ဒက်ဒီအရွယ်ရောက်တော့ အမေမသေခင်က ဒက်ဒီ့နာမည်နဲ့ထားခဲ့တဲ့ အတွင်းပစ္စည်းတွေကို အမွေရတယ်၊ ဒါတောင် မိထွေးက ကြားကဖြတ်ပြီး အတော်များများ နှိုက်ယူသေးတယ်တဲ့၊ ရတဲ့ပစ္စည်းတွေကို ထုခွဲပြီး ကိုယ့်စွမ်း ကိုယ့်စနဲ့ ကြီးပွားအောင်အားထုတ်ခဲ့ရတယ်၊ ဒက်ဒီ ကြုံရ ဆုံရ ဆက်ဆံရတဲ့လူတွေက ဒက်ဒီ့ကိုဒုက္ခပဲပေးကြတာပဲ၊ အမျိုးမျိုးကျောသွားကြတာပဲ၊ ကောင်းတဲ့လူ စာနာတတ်တဲ့လူဆိုတာ အပြင်လောကမှာတကယ်မရှိပါဘူး၊ ဒီတော့ ဒက်ဒီမှာ လူတွေကိုမုန်းတဲ့စိတ်ပဲရှိခဲ့တာ ဆန်းလား'

အေးစက်မာကျောနေသော ဒက်ဒီ၏သံသယမျက်လုံးများသည် ရီဝေလာလေသည်။

'လူတွေဟာ ချစ်စရာမှမကောင်းဘဲ၊ ဒက်ဒီ ဘယ်ချစ်တတ်မှာလဲ၊ ချစ်ဖို့ရာရော လိုအပ်လို့လား'

'စု ဖတ်ဖူးတယ်၊ အိမ်ထောင်တစ်ခုတည်ထောင်ရင် မေတ္တာဟာ အရေးအကြီးဆုံးတဲ့'

စုလှိုင်ကပြောသောအခါ ဒက်ဒီရယ်လေသည်။ ပြက်လုံးကောင်းတစ်ခုကိုကြားလိုက်ရသကဲ့သို့ ရယ်လေသည်။

'အပိုတွေပါ၊ အရူးတွေရဲ့စကား'

ဒက်ဒီက ရယ်မောရင်းမှ မှတ်ချက်ချသည်။ စောစောတုန်းက ရီဝေနေသော မျက်လုံးများသည် ရုတ်ခြည်းပင်ပြန်ပြီး အေးစက်သွားပြန်လေ သည်။

'လောကမှာ ကိုယ်လိုချင်တာကိုယ်ရဖို့က အရေးအကြီးဆုံးမဟုတ်လား၊ ကိုယ်ဖြစ်ချင်တာဖြစ်၊ ကိုယ်လိုချင်တာရနေရင် အစစ ပြည့်စုံပြီပေါ့၊ အဲဒါတွေအတွက်တော့ ငွေလိုတယ်၊ ဒါပဲ'

'ငွေရှိရင် အစစပြည့်စုံပြီပေါ့နော်'

'ဒါပေါ့ ငွေကိုရအောင်ရှာ၊ ရှာပြီးကောင်းကောင်းသုံး၊ သူများတင်စီးတာ ကျော့တာကိုဘယ်တော့မှမခံနဲ့၊ ဘယ်သူ့ကိုမှလည်း မယုံနဲ့၊ ဘာလို့လဲဆိုတော့ လူဆိုတာဘယ်တော့မှကောင်းမယ့်သတ္တဝါတွေမဟုတ်ဘူး၊ အင်မတန်ကောက်ကျစ်တယ်၊ အဲဒါကိုမြဲမြဲမှတ်ထား၊ ဒါပဲ'

ဒက်ဒီသည် အခန်းထဲမှ ထွက်သွားလေသည်။ စုလှိုင်သည် ထမင်းစားခန်းကျယ်ကြီးတွင် တစ်ဦးတည်းငြိမ်သက်စွာတွေးရင်း ကျန်ရစ်လေသည်။

ဇာခန်းဆီးရှည်ကြီးများသည် တဖျပ်ဖျပ်လွင့်နေသည်။ လိပ်ပြာ ဝါဝါလေးနှစ်ကောင်သည် မှန်ပြတင်းအနားတွင် ပျံဝဲနေကြသည်။ အပေါ် မြင့်လိုက်အောက်နိမ့်လိုက်၊ နီးသွားလိုက် ဝေးသွားလိုက်နှင့် လည်ယှက်ကာ ဝဲပျံနေကြသော လိပ်ပြာလေးနှစ်ကောင်သည် တစ်လောကလုံးကို မေ့နေကြဟန်တူသည်ဟု စုလှိုင်တွေးလိုက်မိလေသည်။ တစ်ဆက်တည်းမှာပင် ဖရက်ဒီကို သတိရသည်။ ဖရက်ဒီက ပြောသည်။ 'မင်းကိုငါတကယ်ချစ်မိလို့ ညှာလိုက်တာ' ဟု ပြောခဲ့သည်။

စုလှိုင်သည် ငြိမ်သက်စွာထိုင်ရင်း အချစ်ဆိုသော အရာအကြောင်းကို တွေးနေမိသည်။ အချစ်၏အစွမ်းသတ္တိ အတိုင်းအတာကို စုလှိုင်ကောင်းစွာ မသိပေ။ တွေးတော၍လည်း ဉာဏ်မမီပေ။ အတန်ကြာတွေးပြီးသော အခါ၌ "အချစ်ဟူသည်မှာ စင်စစ်ဘာမှမဟုတ်။ အရူးရောဂါတစ်မျိုးသာဖြစ်သည်"ဟု ကောက်ချက်ချမိသည်။

အခန်းထောင့်ရှိခုံလေးပေါ်တွင်တင်ထားသော အချစ်နတ်ဘုရားမဗီးနပ်စ်သည် စုလှိုင်ကို ပြုံးယောင်ယောင်မျက်နှာထားနှင့် ခပ်လွှဲလွှဲကြည့်နေဟန်ရှိသည်။ သူ၏ရင်လျှမ်းတန်ဆာသည် မလုံ့တလုံနှင့် လျော့ရဲရဲလေးဖြစ်နေသည်။

စုလှိုင်သည် ဗီးနပ်စ်ကိုစိုက်ကြည့်ရင်း ပြုံးရယ်လိုက်မိလေသည်။

သူ့ကိုပေးသောစာတစ်စောင်ထဲတွင် အချစ်နတ်ဘုရားမလေး စုလိုင်ဟူ၍ တင်စားထားသည်ကိုသတိရလိုက်သောကြောင့်ဖြစ်လေသည်။

*

၁၂-၆-၆၇

အမာညိုရေ

မိတို့တစ်တွေလည်း အပြေးအလွှားနဲ့ အိမ်ကိုဖြုန်းခနဲ ဒိုင်းခနဲ ပြန်ရောက်သွားကြတယ်၊ ကျောင်းပိတ်တဲ့နေ့က အမာညိုကျောင်းမတက်ဘူးနော်၊ မိ ဆီးသီးတွေယူလာသေးတယ်၊ စားရကံမကြုံတော့ ကြောက်ချေးပါပြီး ကျောင်းမတက်တဲ့သူငတ်တာပေါ့။

ဒီနေ့ အိမ်မှာ မုန့်ဟင်းခါး ချက်တယ်၊ မိတို့ အညာကရန်ကုန်လို ငါးကိုအားကိုးပြီးချက်တာမဟုတ်ဘူး၊ ပဲနဲ့ချက်တာ၊ သိပ်ချိုတယ်၊ ဟင်းရည် ပေါ်ပေါ်နိုင်နိုင်ဆမ်းပြီး သောက်တာ၊ ဒါကြောင့် အညာမှာဆိုရင် မုန့်ဟင်းခါး သောက်တယ်လို့ ပြောကြတာပေါ့၊ အမာညို့ကို အညာမုန့်ဟင်းခါးတိုက် ချင်တယ်၊ နောက်ပြီး မုံရွာဘက်မှာ တွင်းပိုးဆိုတာရှိသေးတယ်၊ ဖြူဖြူလေးတွေ၊ လောက်နဲ့ တူတယ်တဲ့၊ သိပ်ပြီး စားကောင်းတာပဲ သိလား၊ ပုရစ်ကြော်ရော ကြိုက်သလားဟင်၊ အပြန်ကျရင် ယူခဲ့မယ်နော်။

ကျောင်းပိတ်ထားတော့ စာအုပ်တွေလည်း ဖုန်တက်နေတယ်၊ လှည့်ကိုမကြည့်ဖြစ်ဘူး၊ ကျောင်းဖွင့်ဖွင့်ချင်း စာမေးပွဲများစစ်ရင်တော့ ဒုက္ခပဲ၊ ဘာမှတတ်မှာမဟုတ်ဘူး။

အမာညိုသည် မိမိလေး၏စာကို ဖတ်ရင်း ပြုံးနေမိသည်။ အထက်တန်း ကျောင်းသူဘဝတုန်းက သက်သက်တို့အခင်ဆုံးဖြစ်ခဲ့သော အမာညိုသည် စက်မှုတက္ကသိုလ်ရောက်သောအခါ သက်သက်နှင့်အတွဲပျက်ခဲ့ရသည်။ ခုံအမှတ်ရှေ့ဆင့်နောက်ဆင့်ဖြစ်သော အညာသူ မိမိလေးနှင့်အခင်ဆုံးဖြစ်ခဲ့ရပြန်သည်။ မမျှော်လင့်ဘဲကျောင်းပိတ်သွားသောကြောင့် သူတို့ သူငယ်ချင်းနှစ်ဦး နှုတ်ပင်မဆက်ဖြစ်လိုက်ကြပေ။

'သမီးအမာညို လာစမ်း မေမေ့ကိုလာကူစမ်းပါဦး'

အိမ်နောက်ဖေးမှမေမေကခေါ်သောအခါ မိမိလေး၏စာကို စာအုပ်

ကြားထဲညှပ်ထားခဲ့ပြီးပြေးလာခဲ့သည်။ မီးဖိုချောင်တွင် ချက်ရေးပြုတ်ရေးကို မေမေတစ်ဦးတည်းမနိုင်ပေ၊ မေမေကြီးကလည်း ထိုင်လိုက်ထလိုက်နှင့် သိပ်မလှုပ်ရှားနိုင်တော့သဖြင့် ဟင်းနုနွယ်သင်ရုံ၊ ကန်စွန်းရွက်ဆိတ်ရုံကိုသာ စကားတပြောပြောနှင့် အကူအညီပေးနိုင်သည်။ ထို့ကြောင့် မေမေ သားငါး ကိုင်နေစဉ် ငရုတ်သီးထောင်း ပန်းကန်ဆေး အလုပ်များကို အမာညိုလုပ်ရလေသည်။

'ကျွန်တော်လည်းကူမယ်မေမေ ဘာလုပ်ပေးရမလဲ'

ညီလင်းညိုကပါ စိတ်လိုလက်ရ မီးဖိုချောင်ဝင်လာသည်။ ညီလင်းသည် မေမေ၏အချစ်တော်ဖြစ်သည်။ တောက်တိုမယ်ရ ကူညီတတ်သော သားငယ်ကို မေမေကအချစ်ပိုသည်။ ကျော်ထွန်းညိုသည်ကား ဖေဖေ၏အချစ်တော်ဖြစ်သည်။ ဖေဖေသည် သူ့သားကြီးကို လူကြီးအရာသွင်းကာ တိုင်းရေး ပြည်ရေး ဆွေးနွေးလေ့၊ တိုင်ပင်လေ့ရှိသည်။ ထို့ကြောင့် ကြားချောင်နေသော အမာညိုသည် မေမေကြီးကို အပိုင်ကပ်ထားရလေသည်။ သူနှင့်အတူ ငယ်စဉ်ကတည်းက အိပ်ခဲ့သောအမာညိုကိုလည်း မေမေကြီးက ပိုချစ်သည်။ ကျွေးစရာရှိလျှင်လည်း အစားပုတ်သော အမာညိုကို ဦးစွာသတိရလေ့ရှိသည်။

'သားငယ်က ငရုတ်သီးထောင်း၊ သမီးက အဲဒီငါးတွေကိုကိုင်လိုက်'

အမာညိုသည် ဈေးခြင်းတောင်းထဲမှငါးများကိုငုံ့ကြည့်ရင်း မျက်နှာလေး ရှုံ့သွားသည်။ ငါးခူများဖြစ်သည်။ ခေါင်းများကို ကြေနေအောင်ထုထားသော်လည်း အမြီးဖျားလေးက လှုပ်နေသေးသည်။ မသေမရှင်ဖြစ်နေသော ငါးများကို အမာညို မကိုင်ရဲချေ။

'လုပ်လိုက်စမ်းသမီးရယ်၊ မေမေ ဒီမှာ ဆွမ်းတော်ပွဲပြင်နေရလို့၊ ဒီနေ့ သမီးတို့မေမေကြီးမွေးနေ့'

'ဟုတ်လား၊ မေမေကြီးအသက် ဘယ်လောက်ရှိပြီလဲ'

'ခြောက်ဆယ့်ရှစ်'

'ကြီးလှပြီ'

'ဒါပေါ့အေ့ ကျုပ်ကညည်းရဲ့အဘွားပဲ၊ ညည်းတောင်ကောလိပ်ရောက်နေမှဟာ'

'အဟက် ဟုတ်သား'

မေမေကြီးသည် ယောဂီရောင်ထဘီကိုဝတ်ထားသည်။ ဒီနေ့ ဥပုသ်စောင့်လိမ့်မည်ထင်သည်။ အမာညိုသဘောကျသွားသည်။ မေမေကြီးဥပုသ်

စောင့်ပါက ညနေပိုင်းတွင် မေမေကြီးအတွက် ကြံရည်ဝယ်ရသည်။ မေမေကြီးက အနည်းငယ်သာသောက်သဖြင့် ပိုသောကြံရည်ကို အမာညိုအမြဲသောက်ရလေသည်။

'မေမေ ငရုတ်သီးက ဒီလောက်တော်ပြီလား'

'တော်ပြီသားလေး အစေ့တွေထုတ်မပစ်နဲ့နော်၊ ညက်အောင်ထောင်း၊ ငရုတ်သီးက တစ်ပိဿာ လေးကျပ်ဈေး သိရဲ့လား'

ညီလင်းသည် ငရုတ်သီးထောင်းလျှင် ငရုတ်သီးထဲမှ အစေ့များကို ထုတ်ပစ်ပြီး အသားချည်းသက်သက်ထောင်းလေ့ရှိသည်။ အသားများသည် ညက်လွယ်သောကြောင့်ဖြစ်သည်။ ထိုအကြောင်းကိုသိသောမေမေက ကြိုတင်ပြောလိုက်ခြင်းဖြစ်လေသည်။ ညီလင်းသည် ခေါင်းလေးပုသွားပြီး ငရုတ်သီးတောင့်များကို အညှာခြွေသည်။ သို့သော် မေမေမသိအောင် အစေ့များကို တတ်နိုင်သလောက် ရေထဲသို့ခိုးပြီးမျှောပစ်လိုက်သေးသည်။ အစေ့များသည် ညက်ခဲလှသောကြောင့် ထောင်းရသည်ကို စိတ်မရှည်လှပေ။

အမာညိုသည် ဈေးခြင်းထဲမှငါးများကို ဒန်အိုးထဲသို့သွန်ထည့်လိုက်သည်။ တွန့်ခနဲလှုပ်ခနဲဖြစ်သွားသောငါး ရှိမရှိအသေအချာငုံ့ကြည့်ရင်း ဖွန်းဖျားလေးနှင့် မထိတထိထိုးပြီး ကြည့်နေမိသည်။

'အမလေး အရှင်ကြီး အရှင်ကြီး'

ညီလင်းသည် အမာညို၏နားနားတွင်ကပ်ပြီး အော်လိုက်သည်။ အမာညိုသည် ဒန်အိုးကိုတွန်းထုတ်လိုက်ပြီး ကြောက်လန့်တကြားထခုန်လိုက်မိလေသည်။

'ဟား ဟား ဟား'

အမာညိုဖြစ်သွားပုံကြည့်ပြီး ညီလင်းက သဘောကျစွာ ရယ်နေသည်။ အမာညိုသည် ညီလင်း၏ထိပ်ကိုလှမ်းခေါက်သည်။ သို့သော် အရပ်ကြီး မိုးထိုးလာသော ညီလင်းက ယခင်တုန်းကလို လွယ်လွယ်ကူကူနှင့်ထိပ်ခေါက်၍ မရတော့ပေ။

'ကဲ ကဲ၊ ခေါက်ချင်ရင် ထိုင်ပေးမယ်၊ မမီရှာဘဲကိုး၊ ပုရှာတာ၊ သနားစရာ၊ ကျွတ် ကျွတ်'

ညီလင်းက အမာညိုမမီလောက်သော နေရာရောက်မှ ငုတ်တုတ်လေး ထိုင်ရင်း ဆက်နောက်သည်။ ငရုတ်ဆုံကိုပါ ထိုဘက်သို့ဆွဲယူသွားသည်။ အမာ

ညိုသည် မျက်စောင်းခဲရင်း ငါးများဘက်သို့ပြန်လှည့်ရသည်။ ရန်ကုန်မြို့တော်သူ မြို့တော်သားများသည် လတ်လတ်ဆတ်ဆတ်မှ သဘောကျသည်။ ရေချိုငါးဆို လျှင် အရှင်ကိုရိုက်ပေးမှ ကျေနပ်ကြသည်။ တလှုပ်လှုပ် တတွန့်တွန့်ဖြစ်နေသော ငါးများကို ခြင်းတောင်းထဲထည့်ဆွဲပြီးပြန်ရမှ စားဝင်ကြသည်။ ထိုငါးမျိုးကို မှရိုျသည်ထင်ပြီး စားချင်သော အသိုင်းအဝိုင်း ဖြစ်လေသည်။ ထိုသို့သော ပတ်ဝန်းကျင်တွင်ကြီးပြင်းခဲ့ရသော်လည်း အမာညိုသည် အမြီးလှုပ်နေသောငါးများ ကို လုံးဝမကိုင်ရဲပေ။ မေမေနှင့်ဈေးထဲလိုက်သွားသောအခါများ၌လည်း တဖျပ် ဖျပ်ခုန်နေသောငါးကို ပိသာလေးနှင့်ထုနေသည်ကို တွေ့ရသောအခါများတွင် မျက်စိကိုစုံမှိတ်ထားတတ်သူဖြစ်သည်။ မေမေက ခေါင်းကိုကြေနေအောင် အထု ခံထားရသောငါးကိုမှ ရွေးဝယ်သည်။ သို့သော် အကြောဆွဲသည်လားတော့ မသိ။ တစ်ခေါင်းလုံး ကွဲအက်ကာ ကြေနေသော်လည်း ငါးကလေးများသည် အရေခွံကမူ တတွန့်တွန့်ဖြစ်နေတတ်လေသည်။

'မမကလည်း ကြောက်ဆုတ်ဆုတ်နဲ့၊ ထုထည့်လိုက်စမ်းပါ၊ တစ်ခါ ထဲ ခေါင်းဖြတ်ပစ်လိုက်'

'ဟဲ့ လုပ်ရဲပါဘူး'

'ဘာဖြစ်လို့'

'ငရဲကြီးတာပေါ့၊ ပါဏာတိပါတာ ကံလေ'

အမာညိုက ဘုရားဟောနှင့် ကိုးကားလိုက်သည်။ မေမေနှင့်မေမေကြီး က မသိမသာ လှမ်းကြည့်ပြီး မသိသလို မျက်နှာလွှဲလိုက်ကြသည်။ သူတို့ သဘောအားဖြင့်မူ ဆိုးဆတ်နှင့်သွက်သွက်လက်လက်နှင့်ခေါင်းဖြတ်ချလိုက်စေ ချင်ပုံပင်။ သို့သော် ဝင်ပြောပါက အကုသိုလ်အရေးတွင် ကြံရာပါ ဖြစ်မည်ကို စိုးရိမ်ဟန်ရှိသည်။

'ဘာ ပါဏာတိလဲ၊ ဒီလိုဆိုသက်သတ်လွတ်စားပါလား'

'မစားနိုင်လို့ပေါ့ဟဲ့'

'တယ်ဟုတ်၊ ဒီလိုဆိုကိုယ်စားဖို့ သူများက သတ်ပေးရမယ် ဟုတ် လား၊ သူများသတ်တာဝယ်တော့ရော ငရဲမကြီးဘူးလား'

'ငါတို့က ဘယ်ကြီးမှာလဲ၊ သတ်တဲ့လူပဲကြီးမှာ'

'ကောင်းတယ် တယ်ကောင်း၊ ဝယ်တဲ့လူရှိလို့သတ်ပြီးရောင်းတဲ့လူ ရှိတာ မမရဲ့'

'ဟုတ်ပေါင် ရောင်းလို့ဝယ်တာ'

'ဝယ်လို့ရောင်းတာ'

'ရောင်းလို့ဝယ်တာပါဟဲ့ နော် မေမေ၊ ရောင်းလို့ ဝယ်တာနော်၊ သူတို့ကို ဘယ်သူမှ အတင်းရောင်းခိုင်းတာမှ မဟုတ်တာ၊ အတင်းသတ်ခိုင်းတာမှ မဟုတ်တာနော် မေမေ'

အမာညိုသည်မေမေ့ကိုလှည့်၍ တိုင်တည်သည်။ အဖြေမရပေ။ မေမေသည် ဆွမ်းတော်ပွဲကို မ၍ ရှောင်ထွက်သွားသည်။ မေမေကြီးကလည်း အလုပ်များချင်ဟန်ဆောင်ကာ ဘုရားပန်းအိုးကိုယူ၍ ထွက်သွားသည်။ ထောက်ခံမဲမရသော အမာညိုသည် ပင့်သက်ရှိုက်လိုက်သည်။ အိုးထဲမှ ချောကျိကျိ ငါးတစ်ကောင်ကို ဇက်မှကိုင်ကာ စဉ်းတီတုံးပေါ်ဆွဲတင်လိုက်သည်။ ငါးက ရှင်သလား သေသလားတော့မသိ။ ရင်ထဲရှိအသည်းကမူ တယားယားဖြစ်နေလေသည်။ ညီလင်းသည် ငရုတ်သီးထောင်းနေရင်းမှ အမာညို့ကိုကြည့်ကာ ပါးစပ်ဆိုင်းတီးပေးနေသည်။

အမာညိုသည် မျက်စိကိုစုံမှိတ်ကာ ဓားမနှင့်တအားပိုင်းချလိုက်သည်။ ငါးခေါင်းပြတ်ကလေးသည် ခုန်ပြီးလွင့်ထွက်သွားသည်။ ထိုအခါ မဆီမဆိုင် ပြင်သစ်တော်လှန်ရေးတွင် ခေါင်းဖြတ်အသတ်ခံရသော မင်းဆွေမင်းမျိုးများကို ပြေးပြီးသတိရမိသည်။

'မမကလည်း ရေနွေးနဲ့ဖျောလိုက်ပါလား၊ အချောသက်သာတာပေါ့'

'ဟာ တော်ကြာ မသေသေးရင် သနားပါတယ်'

'အယ် ခေါင်းဖြတ်တော့ရော'

'ညီလင်းရယ် ဝဠ်လိုက်မယ့်လိုက်ရင် ခေါင်းဖြတ်ခံရတဲ့ဝဠ်က တော်သေးတယ်၊ အရှင်လတ်လတ်ရေနွေးဖျောခံရတာက ပိုကြောက်ဖို့ကောင်းတယ်ဟ'

အမာညိုက မသက်မသာပြောလိုက်သည်။ ငါးကလေးသည် ခေါင်းပင် ပြတ်နေသော်လည်း အရေခွံများ တွန့်ခနဲတွန့်ခနဲဖြစ်နေတုန်းပင်ဖြစ်သည်။ အကြောဆွဲနေခြင်း ဖြစ်ဟန်တူသည်။ အမာညိုသည် စူးစူးစိုက်စိုက် ကြည့်ရင်း သက်ပြင်းလေးချမိရှာသည်။

'ညီလင်းရေ ဟော့ မိညို'

ကျော်ထွန်းညိုသည် အော်ဟစ်ခေါ်ရင်း မီးဖိုထဲသို့ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့်

ဝင်လာသည်။ မျက်နှာသည် ပြုံးရွှင်နေသည်။

‘ဘာလဲ ကိုကိုရ’

‘ကျောင်းတွေ ဖွင့်တော့မယ်တဲ့၊ နှစ်ဆယ့်လေးရက်နေ့ကျရင် ဖွင့်တော့မယ်တဲ့’

*

‘ကျောင်းတွေ ဖွင့်မယ်လည်းဆိုရော၊ အပြေးအလွှားမှာပြီးဝယ်လာရတာ၊ စားလေ အမာညို’

‘ဟင် စားရဲဘူး’

အမာညိုသည် မိမိလေးလှမ်းပေးသော ပုရစ်ကြော်လေးကိုကြည့်ကာ အသည်းယားလာသည်။ မျက်လုံးလေးပြူးကြောင်ကြောင်ဖြစ်နေသော ပုရစ်ကလေးသည် သူ့ကိုစိုက်ကြည့်နေဟန်ရှိသည်။ ခုံပေါ်မှ ပလပ်စတစ်အထုပ်ထဲတွင်လည်း ပိုးလိုးပက်လက်လန်နေသော ပုရစ်ကလေးများကို တွေ့ရသည်။

‘ဗျို့ မိမိလေး ကျွန်တော်တို့ကိုရော မကျွေးဘူးလား’

‘ကျွေးပါတယ် စားပါလား’

ပေါက်ကျိုင်းသည် သူ့လက်ထဲမှာစာအုပ်ကလေးကိုချထားပြီး ပုရစ်ကြော်ကိုလှမ်းနှိုက်သည်။ မျက်လုံးလေး အပြူးသားနှင့် ပါးစပ်ထဲ ဒိုင်ဗင်ထိုးဝင်သွားသော ပုရစ်မဲမဲလေးကိုကြည့်၍ အမာညို၏အူထဲတွင် ယားကျိကျိ ဖြစ်သွားသလို ခံစားရသည်။

‘ကောင်းတယ်ဗျ၊ အမာညို မစားဘူးလား’

‘ဟင့်အင်း’

‘ဘာဖြစ်လို့’

‘ကြောက်တယ်’

‘ဟားဟား ရန်ကုန်သူတွေက ငါးသာ အရှင်ရိုက်စားတာ၊ ပုရစ်သေကျတော့ ကြောက်တတ်သလားဗျ’

အမာညိုက ဘာမှပြန်မပြောဘဲ ပခုံးလေး တွန့်လိုက်သည်။ သူနှင့်ပြိုင်ပြောနေ၍တော့ အမာညို နိုင်မည်ဟုမထင်မိပေ။ စကားတတ်လား မတတ်လား မသိခင်ကတည်းကပင် အမည်ကြားရုံနှင့်လန့်ခဲ့သည်။ ကတ်သီးကတ်သပ်ပေါက်ကျိုင်းဟူသောအမည်ကို ခံယူထားသူဖြစ်၍ စကားကိုလည်း ကတ်သတ်

ပြောတတ်မည့်သူဟုသာ ထင်မှတ်ထားမိသည်။

'ဒီနေ့ ရည်ပျော်အောင်းပူရှာရမယ်'

'ရေခဲရဲ့ရည်ပျော်အောင်းပူနော်'

'ဒါပေါ့'

'ဟော၊ ဆရာမ လာပြီ'

လက်တွေ့ခန်းထဲသို့ ဆရာမဝင်လာသောအခါ စကားသံများတိတ်သွားသည်။ သို့သော် အထက်တန်းကျောင်းတုန်းကလို မတ်တတ်ရပ်ပြီး အရိုအသေပေးခြင်းမရှိတော့ပေ။ တက္ကသိုလ်ရောက်စတုန်းကတော့ ထိုအကျင့်မပျောက်သေးပေ။ ဆရာ၏အရိပ်ကိုမြင်သည်နှင့် အားလုံးဝုန်းခနဲ ထရပ်မိကြသည်သာဖြစ်၏။ ထိုအကျင့်ကို ဆရာများကပင် ဖျက်ခဲ့သည်။ မင်းတို့ လူကြီးတွေ ဖြစ်နေပြီ၊ မတ်တတ်ရပ်ရန်မလိုအပ်ဟုပြောပြီး ပြန်ထိုင်ခိုင်းခဲ့သည်။ ယခုတော့ အမာညိုတို့အားလုံးတွင် ထိုအကျင့်မရှိတော့ပေ။ ပျောက်ပျက်သွားပြီဖြစ်၏။ အမာညိုကမူ နှမြောမိသည်။ ဆရာသမား ဝင်လာသောအခါ တပည့်များက မတ်တတ်ရပ်၍ အရိုအသေပေးခြင်းသည် အလွန် ချစ်ဖွယ်ကောင်းသော စရိုက်လေးဖြစ်သည်။ ထိုအကျင့် ထိုစရိုက်လေးကို အစဉ်တစိုက် ဆက်လက် ထိန်းသိမ်းသွားသင့်သည်ဟုသာ ယူဆမိလေသည်။

မိမိလေးသည် ပုရစ်ကြော်ထုပ်ကို လွယ်အိတ်ထဲသို့ထိုးထည့်လိုက်သည်။

ဆရာမသည် လက်တွေ့သင်ခန်းစာမစမီ ယခင်အပတ်ကတင်ထားခဲ့ရသော လက်တွေ့ လေ့ကျင့်ခန်းစာအုပ်လေးများကို ပြန်ဝေပေးသည်။ အမာညိုသည် စာအုပ်ရရချင်း အလောတကြီးဖွင့်၍ကြည့်လိုက်သည်။ အမှတ်မည်မျှရသနည်း ကြည့်ခြင်းဖြစ်သည်။

'ဟယ်၊ ခြောက်မှတ်ခွဲထဲရယ်'

အမာညိုက တိုးတိုးလေးညည်းလိုက်ပြီး မိမိလေး၏စာအုပ်ထဲသို့ ကဲ၍ကြည့်လိုက်သည်။ အမှတ်တူတူပင်ဖြစ်သည်။

'မတူရင်မတုနဲ့၊ ရှစ်မှတ်ဗျ'

ပေါက်ကျိုင်းက ကြွစောင်းစောင်းပြောသည်။ အမာညိုနှင့်မိမိလေးသည် တိုင်ပင်စရာမလို၊ နှစ်ဦးလုံး မကြားချင်ဟန်ဆောင်နေလိုက်ကြသည်။

ဆရာမသည် မည်ကဲ့သို့လုပ်ရမည်ကို ရှင်းလင်းပြောပြပြီး ဖန် က

တော့၊ ရေခဲတုံးများနှင့်သာမိုမီတာများကို လေးယောက်တစ်ဖွဲ့ပေးသည်။ အမာညို၊ မိမိလေး၊ ပေါက်ကျိုင်းနှင့် မြတ်ကိုကိုတို့တစ်ဖွဲ့ကျသည်။ အတူတူ လုပ်ရသည်။ ထို့ကြောင့် အမာညိုအရှောင်ခိုလေသည်။ သူတို့သုံးဦး လုပ်ကိုင်နေသည်ကို ဖြိမ်နှင့်ထိုင်ကြည့်ပြီး ရေခဲခိုးစားနေလေသည်။

'စုစုလှိုင်မှာ ရည်းစားရှိလားဟင်၊ ခင်ဗျားသိလား အမာညို'

'မသိဘူး'

မြတ်ကိုကိုက မေးသောအခါ အမာညိုခေါင်းယမ်းလိုက်သည်။ ယောကျ်ားလေးပင်ဖြစ်သော်လည်း ပေါင်ဒါနံ့တသင်းသင်းနေသောသူ့ကို အမာညို ကြည့်မရပေ။ ဆံပင်ကိုထောင်ပြီး အမောက်လုပ်ထားသေးသည်။ သူ လမ်းလျှောက်သောအခါ ထိုအမောက်သည် တလှုပ်လှုပ်ဖြစ်နေတတ်သည်။ ကျပ်ထုပ်နေသော ဘောင်းဘီဖင်ကျပ်နှင့် ဦးချွန်ဖိနပ်ကိုစီးလေ့ရှိသည်။ သူ့ ဘောင်းဘီက ကျပ်လွန်းသဖြင့် မတော်ရာကဖုထွက်နေတတ်သည်ကို မိန်းကလေးများ စကားဝိုင်းတွင် ရယ်ပွဲဖွဲ့ကြသည်ကို အမာညို မကြာခဏ ကြားရလေသည်။

'ရှိတယ်ဗျ၊ ကျွန်တော် သမ္မတရုံမှာတစ်ခါတွေ့တယ်၊ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်က လူ'

ပေါက်ကျိုင်းက ဝင်ပြောသည်။ အမာညိုက သူတို့အလစ်တွင် ရေခဲတုံးတစ်တုံးထပ်နှိုက်လိုက်သည်။ ရေခဲရည်ပျော်အောင်းပူကိုရှာ၍ရပြီလား မရပြီလားတော့မသိ။ စမ်းသပ်ရန်ပေးထားသော ရေခဲများသည်ကား အမာညို စား၍ကုန်လောက်နေပေပြီ။

'အသားဖြူဖြူ မျက်နှာသွယ်သွယ်နဲ့လူ မဟုတ်လား'

'အင်း၊ ဟုတ်တယ်ထင်တာပဲ'

'အဲဒါ ဖရက်ဒီပါ၊ သူတို့က သမီးရည်းစားရယ်လို့ မဟုတ်ပါဘူး၊ ကျွန်တော် သိပါတယ်'

'ဟဲ့၊ ဒါက ရေခဲရည်ပျော်အောင်းပူရှာခိုင်းနေတဲ့ လက်တွေ့ခန်း၊ စုလှိုင်ရည်းစား ရှာခိုင်းနေတာမဟုတ်ဘူး၊ တကတဲ'

မိမိလေးသည် အလုပ်ကို တစ်ဦးတည်းကျုံးလုပ်နေရင်းမှ နားကြားပြင်းကတ်လာဟန်ရှိလေသည်။ ငေါက်ဆတ်ဆတ်နှင့်ဝင်ပြောသည်။ သူတို့သုံးဦးလုံး ခေါင်းပုသွားကြလေသည်။

'သူက စပြောတာ မိမိလေး၊ ကျွန်တော်ကမေးသူရှိလို့ အားနာပါးနာ

နဲ့ ဖြေရတာပါ'

ပေါက်ကျိုင်းက ဆင်ခြေကန်သည်။ မြတ်ကိုကိုက ဘာမှပြန်မပြော တော့ဘဲ ရယ်နေလေသည်။ မိမိလေးကိုမူ သူတို့လန့်လေသည်။ အသားညို စိမ့်စိမ့်၊ ကိုယ်လုံးသွယ်သွယ်လေးနှင့် ရုပ်ကလေးယဉ်စစရှိသော်လည်း ဘုကျ လွန်းသောကြောင့်ဖြစ်သည်။ စိတ်မထင်လျှင်မထင်သလို ဘုတွေ ဂလန့်တွေ ပြောတတ်သောမိန်းကလေးဖြစ်သည်။

'ဟေ့၊ မပြီးကြသေးဘူးလား၊ ဒို့ဘက်ကတော့ပြီးပြီ'

တစ်ဖက်စားပွဲမှလှမ်းပြောသည်။ ပုလင်းတွေ၊ ခွက်တွေကို သိမ်း ဆည်းနေသည်။

'မပြီးသေးဘူး၊ ပေါက်ကျိုင်းတို့က လက်တွေ့ခန်းမှားဝင်လာလို့'

မိမိလေးက နှုတ်ခမ်းစူရင်းပြောသည်။ အခြားသူများ ပြီးစီးသွားသော် လည်း သူတို့က တော်တော်နှင့်မပြီးနိုင်ပေ။ ကတိုက်ကရိုက်လုပ်သောကြောင့် အဖြေကို တိတိကျကျထုတ်မရဘဲ နှစ်ခါပြန်လုပ်နေရပြီး ပိုကြာနေသည်။ သူတို့ ကို ဆရာမက စောင့်ကြည့်နေသည်။ ထို့ကြောင့် လေလည်း မပေါ်ရဲကြတော့ပေ။ သူတို့အဖွဲ့ လက်တွေ့ခန်းထဲကထွက်လာသောအခါ အခန်းထဲတွင် မည်သူမျှ မကျန်တော့ပေ။ နောက်ဆုံးပင်ဖြစ်သည်။

'ကဲ မြတ်ကိုကို၊ ဟိုမှာ စုစုလှိုင်၊ သွား စကားပြောချေပါလား'

သူတို့တွေ အပေါ်ထပ်ကော်ရစ်ဒါမှ လျှောက်သွားစဉ် တစ်ဖက် အဆောက်အအုံအောက်ထပ်တွင်ရပ်နေသော စုလှိုင်ကိုလှမ်းမြင်ရသည်။ မိမိ လေးက မေးငေါ့ပြရင်း မြတ်ကိုကိုအားလှမ်း၍ပြောသည်။

စုလှိုင်သည် စာအုပ်လေးများကို လက်နှစ်ဖက်နှင့်ပိုက်ထားရင်း ခပ် နွဲ့နွဲ့လေးရပ်နေသည်။ တစ်စုံတစ်ဦးနှင့် စကားပြောနေသည်။ တိုင်ကွယ်နေ သောကြောင့် စုလှိုင်နှင့်စကားပြောနေသူအား သူတို့မမြင်ရပေ။

'သူ့အလှက ကလီယိုပက်ထရာလို အလှမျိုး'

ပေါက်ကျိုင်းက ပြောသည်။ အဆောက်အအုံကြား မြေကွက်လပ်တွင် ပေါက်နေသော ဆီးပင်ပျိုလေးများသည် အသီးအပွင့်လေးများနှင့် ဝေဆာနေ သည်။ အသီးကင်းလေးများကို ကျောင်းသားအချို့က တုတ်နှင့်ရိုက်ချနေကြ သည်။

'အောင်မာ၊ မင်းက ဘယ်တုန်းက ကလီယိုပတ်ထရာကိုမြင်ဖူး

လိုက်လို့လဲ'

'ဟတ်ဟား၊ တင်စားတာပါဗျ၊ ကျွန်တော်ဆိုလိုတာက အန္တရာယ်ရှိတဲ့အလှ၊ အေးစက်မာကျောတဲ့ အသည်းနှလုံးတွေနဲ့ နှုတ်ခမ်းလေးကသာ ပြုံးရယ်နေတဲ့ မြွေနတ်ဘုရားမရဲ့အလှမျိုး'

သူတို့စကားကောင်းနေကြစဉ် အမာညိုသည် တိုင်နှင့်ကွယ်နေသူကို ကိုယ်ကိုကိုင်းပြီး ကဲ၍ကြည့်လိုက်သည်။

'ဟင် ကိုကို'

အမာညိုက တိုးတိုးလေး ရေရွတ်လိုက်မိသည်။

ကျော်ထွန်းညိုသည် စုလှိုင်၏မျက်နှာလေးကို ရွှန်းရွှန်းစားစားကြည့်ကာ ပြုံးရယ်နေသည်ကို တွေ့လိုက်ရလေသည်။

*

'သမီးရယ်၊ ဒီရည်မှန်းချက်ကြီးကို မပြင်တော့ဘူးလား'

မေမေကမေးသောအခါ သက်သက်သည် ပါးစပ်က ဘာမှပြန်မဖြေဘဲ ခေါင်းကိုသာ ယမ်းပြလိုက်သည်။

'သမီးဂုဏ်ထူးသုံးခုတောင်ရတာ၊ ဆေးတက္ကသိုလ်တက်ရင်တောင်ရတယ်၊ မေမေတို့ထားနိုင်ပါတယ်၊ သမီးအဖေ ပင်စင်ယူဖို့လည်း လိုသေးတာပဲ'

သက်သက်သည် ဘာမှပြန်မဖြေဘဲ ခေါင်းလေးငုံ့ရင်း ကြမ်းပြင်ကို စိုက်ကြည့်နေသည်။ အနာဂတ်ကိုမှန်းဆ၍ကြည့်မိသည်။ ဂျူတီကုတ်ဖြူဖြူလေး ဝတ်၍ နားကြပ်ကိုင်ထားသော သက်သက်နှင့် ထမီနီနီ ခေါင်းဆောင်းဖြူဖြူလေးဆောင်းထားသောသက်သက်တို့သည် သူ့ရှေ့တွင်ယှဉ်တွဲ၍ ပေါ်လာကြသည်။

'ဒါမှမဟုတ် အမာညိုတို့လို စက်မှုတက္ကသိုလ်ပဲ တက်ချင်ရင်လည်း တက်ပေါ့'

'သမီးက အင်ဂျင်နီယာ တကယ်ဖြစ်ချင်တာမဟုတ်ဘူးမေမေ၊ အားကျတဲ့စိတ်နဲ့ မှန်းသန်းပြောနေတာ၊ သူတို့ကျောင်းသွားကြည့်တုန်းက သူတို့လုပ်ကိုင်နေတာတွေကို သမီးမလုပ်ချင်ပါဘူး၊ သမီးစာမေးပွဲကျတဲ့နှစ်က ဦးလေးထွန်း ဆေးရုံတက်ရတယ်လေ၊ မနှစ်တုန်းကပေါ့၊ မေမေမှတ်မိတယ်

မဟုတ်လား၊ အဲဒီတုန်းက ဆေးရုံသွားကြည့်ရင်း သမီး သူနာပြုဖြစ်ချင်သွားတာ၊ သူတို့လုပ်ကိုင်ပြုစုပေးနေသလို သမီးလည်း လူမမာတွေကို ပြုစုပေးချင် စိတ်က ရင်ထဲမှာ တဖွားဖွားပေါ်လာတယ်'

မေမေသည် သက်ပြင်းရှိုက်လိုက်သည်။ ဦးလေးထွန်းသည် သူ့ ဖေဖေ၏ ညီဖြစ်သည်။ မြန်မာ့တော်လှန်ရေးတွင် အားကြိုးမာန်တက် ပါဝင်ခဲ့သူမို့ သက်သက်သည် သူ၏ဦးလေးထွန်းကို သူရဲကောင်းတစ်ဦးသဖွယ် အထင်ကြီး လေးစားသူဖြစ်သည်။ ဦးလေးထွန်းသည် အိမ်ထောင်ပြု နောက်ကျသူဖြစ်၍ သူ့သားသမီးများသည်ကား ငယ်သေးသည်။ သက်သက်နှင့် သိပ်ပြီး မတွဲဖြစ်ပေ။

'အဲဒီတုန်းက မောင်ထွန်းက ဘာပြောလိုက်လို့လဲ'

'ပြောပါဘူး မေမေရဲ့၊ သမီးကသာ သူနာပြုလေးတွေကို ငေးကြည့်နေမိတာ၊ ဒီတော့မှ ဦးလေးထွန်းက သိပ်ပြီးမွန်မြတ်တဲ့အလုပ်တဲ့၊ ဒီလောက် မွန်မြတ်တဲ့ စင်ကြယ်တဲ့အလုပ်ကို လုပ်ကိုင်နေတဲ့ဆရာမလေးတွေကို တချို့လူတွေက အထင်သေး အမြင်သေးနဲ့ ထိကပါး ရိကပါးလုပ်ချင်သေးတယ်တဲ့၊ နောက်ပြီး သမီးကို ဆယ်တန်းအောင်ရင် ဘယ်တက္ကသိုလ် သွားမလဲလို့မေးတယ်'

'ဒီတော့'

'ဒီတော့ သမီးက တက္ကသိုလ်မသွားတော့ဘူး၊ သူနာပြုသင်တန်း တက်မယ်လို့ ပြောလိုက်တယ်'

'မောင်ထွန်းက ဘာပြောလဲ'

'ဘာမှမပြောဘူး၊ ပြုံးနေတယ်'

မေမေသည် ဘာမှဆက်မမေးတော့ဘဲ သက်ပြင်းချလိုက်မိလေသည်။ ဖေဖေသည်ကား တစ်ချိန်လုံး အငြိမ်ကြီးငြိမ်နေလေသည်။ သားအမိ နှစ်ဦးပြောနေသောစကားဝိုင်းထဲသို့မဝင်ဘဲ သတင်းစာကိုသာငုံ့ဖတ်နေသည်။ စင်စစ် ဖတ်နေခြင်းမဟုတ်။ စိုက်ကြည့်နေခြင်းသာဖြစ်သည်။ နားနှစ်ဖက်ကမူ ဇနီးနှင့်သမီးပြောသမျှကို အလိုလိုနားစွင့်ပြီး စူးစိုက်နားထောင် နေမိသဖြင့် စာကို ကြည့်နေသော်လည်း မဖတ်ဖြစ်ပေ။

'နောက်ပြီး ဦးလေးထွန်းက မာမာ့ကိုပြောတယ်၊ ကြည့်စမ်း သမီးတဲ့၊ မိသက်ဘယ်လောက်တော်သလဲတဲ့၊ သမီးသာဆိုရင် သမီးမမလိုဆုံးဖြတ်ပါ့

မလားတဲ့'

သက်သက်သည် မေမေ့လက်မောင်းများကိုဖက်ကာနွဲ့မှီလိုက်သည်။ မေမေသည် မျက်မှောင်မသိမသာ ကုတ်နေလေသည်။ သက်သက် ဆေးရုံသွားစဉ်က ဆရာမလေးများကိုသာမဟုတ်၊ ဂျူတီကုတ်ဖြူဖြူလေးများဝတ်ထားသော ဆရာဝန်မလေးများကိုလည်း တွေ့ခဲ့ရသည်ပင်။ ဆရာဝန်ကို အားမကျဘဲ ဘယ့်အတွက်ကြောင့်များ သူနာပြုဆရာမကိုသွား၍ အားကျရပါလိမ့်ဟု တွေးရင်း မကျေမနပ်ဖြစ်နေသည်။ မိခင်တစ်ဦးအနေနှင့်တော့ သမီးငယ်ကို ဆရာဝန်မလေးသာ ဖြစ်စေချင်သည်။ 'သမီးက ဆရာဝန်လေ' ဟုသာ ရင်ကော့ပြီး ခပ်မော့မော့ ပြောလိုသည်။ ဂုဏ်မက်သည်။ ပကာသန မက်သည်ဟု ဆိုလိုကလည်း ဆိုစေတော့။ 'ကျွန်မသမီးက သူနာပြုသင်တန်း တက်နေတယ်'ဟု ပြောရမည့်အစား 'သမီးလေးက စာတွေသိပ်များတယ်၊ ကျက်လိုက်ရတာ မနိုင်ပါဘူး၊ အင်းလေ သူများအသက်ကယ်ရမယ့်သူဆို တော့လဲ ဒီလောက်တော့ ကျက်ရမှာပေါ့ရှင်' ဟုသာ လေသံညက်ညက်လေးနှင့် ပြောလိုခဲ့ပေသည်။

'သမီးရယ် သူနာပြုဆရာမဆိုတာ တချို့တွေက အင်မတန် အထင်သေးချင်တာ၊ ယောကျ်ားတွေကလည်း သူတို့စလိုက်ရင်ရမယ်အောက်မေ့တတ်ကြတာ'

'အဲဒီအစွဲအလမ်းကြီးကို တိုက်ဖျက်ရမယ်မေမေ၊ ဘာဖြစ်လို့ ဒီအစွဲအလမ်းကြီး ဖြစ်နေရသလဲ၊ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ခဲ့ရတာမျိုးပါ မေမေရဲ့'

ဖေဖေသည် မျက်မှန်ပေါ်မှကျော်ကာ သူ့သမီး သက်သက်ကို မျက်လုံးလှန်၍ကြည့်လေသည်။ ဘာမှတော့ဝင်မပြောချေ။ သားသမီးတို့၏ အတွေးအခေါ် ဆုံးဖြတ်ချက်များကို သူသည် မည်သည့်အခါမျှ လွှမ်းမိုးချုပ်ချယ်လေ့မရှိပေ။ တည့်မတ်ပေးရုံ လမ်းပြပေးရုံသာပြုလုပ်တတ်သည်။ ယခုလည်း ဘာမှဝင်မပြောဘဲ အသာလေးစောင့်ကြည့်နေသည်။ မိဘတို့ ဓမ္မတာအတိုင်း သားသမီးကို ပို၍မြင့်သောနေရာတွင်သာ ကြည့်မြင်လိုသော်လည်း သမီးငယ်၏ဆုံးဖြတ်ချက်ကို တစ်ဖက်မှသဘောကျလေးစားနေမိသည်။

'ဟော ပြောရင်းဆိုရင်း ဦးလေးထွန်းလာပြီ၊ ဟာ မာမာလည်းပါတယ်၊ လာ လာ ဦးလေးထွန်း၊ သက်သက်ဘက်က ကူပြောပေးပါဦး'

သက်သက်သည် ဦးလေးထွန်းကို ဝမ်းသာအားရနှင့် ပြေး၍ကြိုလိုက်

လေသည်။ မေမေကမူ ဦးလေးထွန်းကိုဆီး၍ မျက်စောင်းထိုးလေသည်။ ဖေဖေကမူ ခေါင်းတစ်ချက်ဆတ်ပြကာ 'လာကွ ငထွန်း'ဟုပြောသည်။ သူသည် သူ့ညီကို ချစ်စနိုးနှင့် 'ငထွန်း' ဟုသာ ထာဝစဉ်ခေါ်တတ်လေသည်။

'ဟေ့ ငထွန်း သတိသာထား၊ မင်းအစ်မက မင်းကို ဆီးပြီးတီးလိမ့်မယ်နော'

'အာ ဘာလို့တုံး မမထွေးရ'

'ဘာရမလဲ မင်းတူမကို မင်းမြှောက်ပေးထားတယ် မဟုတ်လား၊ ဂုဏ်ထူးသုံးခုရတာတောင် ဆေးတက္ကသိုလ် မတက်ဘူး၊ သူနာပြုသင်တန်း တက်မတဲ့လေ'

မေမေကနူတ်ခမ်းကိုမဲ့၍ပြောသည်။ မာမာသည် သူ့အဒေါ်ကိုကြည့်ကာ ခစ်ကနဲရယ်လိုက်သည်။ ဆယ့်သုံးနှစ်ခန့်သာရှိသေး၍ အပျိုဖော် မဝင့်တဝင် အရွယ်လေးဖြစ်သည်။ ထို့ကြောင့် သူသည် ဘာကိုမဆို အမြဲ ရယ်ချင်နေသူ ဖြစ်သည်။ လေတိုက်လျှင်လည်း ရယ်သည်။ မိုးရွာလျှင်လည်း ရယ်သည်။ လမ်းမတွင် ခွေးချင်းကိုက်နေလျှင်လည်း ရယ်သည်။ ဘာမှရယ်စရာမရှိလျှင်ပင် လူကြီးများစကားပြောသည်ကို ထိုင်နားထောင်ပြီး ရယ်နေတတ်လေသည်။

'ကောင်းတယ်ငါ့တူမ သိပ်တော်တယ်၊ ကွန်ဂရက်ကျူလေးရှင်း၊ မင်းရဲ့ဆုံးဖြတ်ချက်အတွက် ဦးလေးထွန်း သိပ်ဂုဏ်ယူတယ်'

ဦးလေးထွန်းသည် အားရပါးရပြုံးကာ သူ့ညာလက်ကို သက်သက်ဆီသို့ကမ်းပေးသည်။ အားရပါးရ လက်ဆွဲနူတ်ဆက်သည်။ အနောက်တိုင်းယဉ်ကျေးမှုကို လုံးဝမြတ်နိုးသူမဟုတ်သော်လည်း မရီးဖြစ်သူကို စချင် နောက်ချင်သောစိတ်နှင့် ခပ်ရွဲ့ရွဲ့ပြုလုပ်လိုက်ခြင်းဖြစ်သည်။

'အစ်ကိုက သဘောမတူဘူးလားဗျ'

'တူတယ် မတူတယ် မဟုတ်ပါဘူးကွာ၊ ငါစိုးရိမ်တာ တစ်ခုထဲပဲ၊ တစ်စုံတစ်ဦးကိုအားကျစိတ်နဲ့ ကိုယ်တကယ်ဝါသနာမပါတဲ့အလုပ်ကို ရွေးချယ်မိမှာစိုးတာပဲ'

'ဒီလိုမဟုတ်ပါဘူးဖေဖေ၊ သမီးတကယ်စိတ်ပါတာပါ။ အခုမှပြန်တွေးမိတယ်၊ သမီးငယ်ငယ်တုန်းက တူထုတမ်း၊ လွှတိုက်တမ်း၊ အိမ်ဆောက်တမ်းကစားဖူးလို့လား၊ ဖေဖေနဲ့မေမေကို လူနာလုပ်ပြီး ဆေးထိုးတမ်းသာ ကစားခဲ့တာပဲ'

သက်သက်က စိတ်အားထက်သန်စွာပြောသည်။ မာမာသည် သက်သက်ကိုကြည့်ကာ ရယ်ပြန်သည်။ လူနာလုပ်ပြီး ဆေးထိုးခံနေရသော ဦးလေးနှင့်အဒေါ်ကိုတွေးကြည့်ကာ အလိုလိုအူမြူးလာလေသည်။

'အင်း ဒါတော့လည်း ဟုတ်သားပဲ၊ သမီး ငယ်ငယ်တုန်းက ကော်ရုပ်ကလေးတွေ ခြေကျိုးလက်ကျိုးရင် ပတ်တီးတွေချည်ပြီး ပြန်ပြန်ဆက်တတ်တယ်လေ'

'ဒါကြောင့်ပါမေမေရယ်၊ သမီးသူနာပြုသင်တန်းပဲ တက်ပါရစေ'

မေမေကပါ သက်သက်၏ငယ်ဘဝကိုမှန်းဆပြီး ပြန်သတိရသွားသည်။ သက်သက်သည် တအားတက်လာပြီး မေမေ့လက်မောင်းကိုဖက် ကာ ခပ်ချွဲချွဲလေးပြောလိုက်လေသည်။

'ဆရာဝန်လည်း ဆေးကုတာပဲ သမီး'

မေမေကမလျှော့နိုင်သေးချေ။ သက်သက်၏ဆံစလေးများကို သပ်ကာ ချော့သည်။ စင်စစ်အားဖြင့် ဖေဖေ့လခသည် သုံးရာကျော်ခန့်သာရ၍ သက်သက်တို့သည် ချောင်လည်လှသည် မဟုတ်ချေ။ ဆေးတက္ကသိုလ် တက်စေမည်ဟုဆိုပါက အတော်လေး ခြစ်ခြုတ်စုဆောင်းပြီး ပို့ရမည်ဖြစ်သည်။ သို့သော် ကျပ်တည်းမှသာ ကျပ်တည်းပါစေတော့၊ သမီးငယ်ကိုကား ဆရာဝန်မကြီးသာ ဖြစ်စေလိုသောစိတ်ဆန္ဒက ပို၍စောနေလေသည်။

'မတူဘူးမမ၊ လူနာကိုတကယ်လက်ပွန်းတတီး ယုယုယယနဲ့ စိတ်ချမ်းသာအောင်ပြုစုရတာက ဆရာမလေးတွေခင်ဗျ၊ ဆရာဝန်ဆိုတာက နားကြပ်ကိုင်ရင်ဘတ်ထောက်စမ်းပြီးရင် ပြီးတာပဲ'

'သူနာပြုဆရာမဆိုရင် တချို့က အထင်သေးတယ်'

'ဘာလို့သေးရမှာလဲ၊ အဲဒီလိုသေးတာကို တိုက်ဖျက်ရမယ်၊ ငါးခုံးမ တစ်ကောင်တလေဆိုတာတော့ ရှိတတ်တာပဲ၊ အဲဒါက သူနာပြုထဲမှာမှ မဟုတ်ဘူး၊ ဆရာဝန်ထဲမှာလည်း ရှိတယ်၊ အင်ဂျင်နီယာထဲမှာလည်း ရှိတယ်၊ ဆရာမထဲမှာလည်း ရှိတယ်၊ စာရေးစာချီတွေထဲမှာလည်း ရှိတာပဲ၊ ဘာဖြစ်လို့ သူနာပြုဆရာမလေးတွေကိုမှ ထူးပြီးအထင်သေးရမှာလဲ၊ အဲဒီ အထင်သေးတယ်ဆိုတဲ့ အစွဲအလမ်းကြီးဆုပ်ကိုင်ထားတဲ့လူတွေကို အကျွတ်တရားရအောင် သက်သက်တို့လို မိန်းကလေးတွေကပဲ တတ်နိုင် မယ်၊ ငါ့တူမသက်သက်၊ ဒီမှာ မှတ်ထား၊ တိုက်ပွဲမှာဒဏ်ရာရလာတဲ့စစ်သားတွေရဲ့အသက်ပေါင်းများစွာကို ကယ်ဆယ်

ခဲ့တဲ့ မီးအိမ်ရှင်မ ဖလောရင့်နိုက်တင်ဂေးဟာ ဆရာဝန်မ မဟုတ်ဘူး သိရဲ့လား၊ ဒီလိုပဲ လူတကာ အထင်သေးအမြင်သေးတာကို ခုခံတွန်းလှန်ပြီး သူနာပြုလုပ်ခဲ့တဲ့ သူနာပြုဆရာမလေးပါကွ'

ဖလော့ရင့် နိုက်တင်ဂေးအကြောင်းကြားရသောအခါ မေမေသည် ငိုင်ဆင်းသွားလေသည်။ တိုက်ပွဲတွင်ဒဏ်ရာရလာသော စစ်သားများကို မီးအိမ်လေးတလက်လက်နှင့် တစ်ယောက်ပြီး တစ်ယောက် လှည့်လည်ပြီး အားပေးကာပြုစုကုသပေးခဲ့သော ဖလော့ရင့်နိုက်တင်ဂေးဟူသောသူနာပြုလေး အကြောင်းကိုကား သူလည်းကြားဖူးပါသည်။ လေးစားချစ်ခင်စိတ်ကလည်း ရင်ထဲတွင်အပြည့်ရှိနေသည်။

'မမသက်ကလည်း မေတ္တာရှင်မလေး သက်သက်ပေါ့၊ စေတနာရှင်မလေး သက်သက်ပေါ့'

မာမာက ပြုံးချိုချိုလေးဝင်ပြောသည်။ ထိုအသံကိုကြားသောအခါ မေမေ့ရင်ထဲတွင် လှုပ်ခတ်သွားသည်။ ဖေဖေကမူ အားရပါးရ ပြုံးလိုက်လေသည်။

အရောင်တစ်မျိုးတောက်ပ ရွှန်းစိုလာသော မေမေ့မျက်လုံးများကို တွေ့သောအခါ သက်သက်သည် တအားတက်သွားသည်။ အမေ့ရင်ခွင်ကို ခေါင်းနှင့်ဝှေ့ပြီး တိုးတိုးလေး ပူဆာမိသည်။

'သမီးကို ခွင့်ပေးပါမေမေရယ်၊ သမီးသူနာပြုဆရာမလေးပဲလုပ်ပါရစေ'

မေမေသည် သက်သက်၏ဆံပင်လေးများကိုပွတ်သပ်ပြီး အတန်ကြာအောင်ငြိမ်နေသည်။ ထို့နောက် သမီးငယ်၏မျက်နှာကိုဆွဲမော့ကာ စေ့စေ့ကြည့်သည်။ မေမေ့မျက်လုံးများသည် နူးညံ့ရွှန်းစိုပြီး နှုတ်ခမ်းများက ပြုံးနေလေသည်။ သက်သက်သည် မေမေ့ကိုပြန်ကြည့်ရင်း ရင်ခုန်လာသည်။ 'မလုပ်ပါနဲ့သမီးရယ်' ဟုများ ပြောလိုက်လေမလားဟု စိုးရွံ့နေမိစဉ် မေမေသည် ခေါင်းကိုညိတ်ပြလေသည်။ သက်သက်၏ပါးဖောင်းဖောင်းလေးနှစ်ဖက်ကို ညှစ်ကိုင်ကာတုန်ယင်သောအသံနှင့်ပြောလေသည်။

'သမီးလေးသက်သက် မေတ္တာရှင်မလေး၊ စေတနာရှင်မလေး သက်သက်ရယ်၊ သမီးဆန္ဒနဲ့အညီ သူနာပြုလေးပဲ လုပ်ပါတော့'

*

'သား'

မေမေ၏အသံကို နောက်ဘက်မှကြားရသည်။ ကျော်ထွန်းညိုသည် ရေးလက်စ ဒိုင်ယာရီစာအုပ်ကလေးကို အမှတ်မဲ့ဟန်နှင့်ပိတ်ချလိုက်လေသည်။

'စာရေးချင်ရင် စားပွဲနဲ့ရေးပါလား သားရဲ့၊ ခုတင်ပေါ်မှာမှောက်လျက်ကြီး ဘာလုပ်နေတာလဲ'

မေမေသည် ပြောပြောဆိုဆို အခန်းထဲသို့ ဝင်လာသည်။ ကြိုးတန်းပေါ်တွင်ဖြစ်သလိုပစ်တင်ထားသော ရှပ်အင်္ကျီများကိုဆွဲ၍ချလိုက်လေသည်။ ကျော်ထွန်းညိုသည် ဒိုင်ယာရီစာအုပ်လေးကို ခေါင်းအုံးအောက်သို့ မသိမသာ ထိုးထည့် လိုက်ပြီး လူးလဲထလိုက်သည်။

'အပြင်မှာ သက်သက်ရောက်နေတယ်'

'ဟုတ်လား မေမေ'

ကျော်ထွန်းညိုသည် မေမေကိုင်လာသော တံမြက်စည်းကိုလှမ်း၍ ဆွဲယူလိုက်သည်။ ကျော်ထွန်းညိုရော ညီလင်းရော အသိမ်းအဆည်း အရှင်းအလင်း ဝါသနာမထုံကြပေ။ ထို့ကြောင့် သူတို့နှစ်ဦး၏အခန်းသည် ထာဝစဉ်ပင် ပွရှုပ်နေတတ်သည်။ မေမေက မနေနိုင်သောအခါများတွင် ဝင်ရောက် ရှင်းလင်းပေးတတ်လေသည်။ ထိုအခါမျိုးကျမှပင် အခန်းလေးသည် သပ်သပ်ရပ်ရပ်နှင့် ကြည့်ပျော်ရှုပျော်ဖြစ်သွားလေ့ရှိသည်။

'တံမြက်စည်းကနေဦး၊ အိပ်ရာတွေခါစမ်းပါဦး၊ တကတဲ၊ ဖုန်တွေချည်းပဲ'

မေမေက ပြောပြောဆိုဆို ခေါင်းအုံး စောင်များကို ဆွဲဖယ်ကာ မွေ့ရာများကို ရိုက်ခါလိုက်သည်။ အခန်းထဲသို့တိုးဝင်နေသော နေရောင်ခြည်တွင် ဝဲပျံတက်သွားသောဖုန်မှုန့်များသည် သိပ်သိပ်သည်းသည်း ဖြစ်သွားလေသည်။ အခန်းထဲတွင်လည်း ဖုန်ခိုးများနှင့်လုံးကာ မွန်သွားသည်။ ဒိုင်ယာရီစာအုပ်နီနီလေးသည် ခုတင်အောက်သို့ကျကာ ပွင့်သွားသည်။ မေမေသည် စာအုပ်လေးကို အမှတ်မဲ့ကုန်းကောက်လိုက်သည်။ ပွင့်နေသောစာမျက်နှာတွင် ရေးမှတ်ထားသော စာသားများကို ဖတ်မည်ဟုမရည်ရွယ်ဘဲနှင့် အမှတ်မဲ့ဖတ်လိုက်မိသည်။

၂၆-၇-၆၇

ရုပဗေဒဌာနအနီးတွင် သူနှင့်တွေ့သည်။ အတန်ကြာအောင် စကားပြော ဖြစ်သည်။ စကားပြောရင်း ရင်ထဲတွင် လှုပ်ရှားလာသည်။

တကယ်လှသောမိန်းကလေး။
သူ့ကိုငါစိတ်ဝင်စားမိပြီလားမသိ။

၂၈–၇–၆၇
ညကအိပ်မက် မက်သည်။
အိပ်မက်ထဲသို့ သူလာလည်သည်။
'ဟာ မေမေ၊ ကျွန်တော့ ဒိုင်ယာရီ'

ကျော်ထွန်းညိုက မေမေ့လက်ထဲမှစာအုပ်ကလေးကို ကယောင် ကတမ်းနှင့် လှမ်း၍ဆွဲယူလိုက်သည်။ မေမေက ပြုံးရယ်ရင်း စာအုပ်ကလေးကို လွှတ်ပေးလိုက်သည်။

'သားက ချစ်သူတွေ့နေပြီလား'

'ဟုတ်ပါဘူး မေမေကလဲ'

ကျော်ထွန်းညိုသည် မျက်နှာကြီးနီပြီး ရှက်ကိုးရှက်ကန်းဖြစ်သွားလေသည်။ နှလုံးသားနုနုသည် အရှိန်ပြင်းပြင်းနှင့်ခုန်ပေါက်ပြီး လှုပ်ခါနေသလို ခံစားရပြီး ပူထူနေလေသည်။

မေမေသည် သူ့သားကြီးကို ကြည့်ကာ ရယ်သည်။ ထို့နောက် စောင်များကို ဆွဲယူကာ ခါပြီးခေါက်လိုက်သည်။

'သားက ငယ်မှမငယ်တော့ဘဲ မေမေ မတားပါဘူး၊ အချိန်တန် အရွယ်ရောက်ရင် ဆန့်ကျင်ဘက်လိင်ကို စိတ်ဝင်စားတာ၊ ချစ်တတ်လာတာ ဟာ သဘာဝပဲ၊ မေမေနားလည်တာပေါ့'

ကျော်ထွန်းညိုသည် မေမေ့ကို ဖျတ်ခနဲလှမ်းကြည့်လိုက်သည်။ သားသမီးများအပေါ်တွင် နားလည်မှုအလွန်ရှိသောမေမေသည် ချစ်စရာ လေးစားစရာ ကောင်းလှသည်။

အခန်းထောင့်တွင်ရှိ ညီလင်းညို၏ ခုတင်သည်လည်း ရှုပ်ပွနေသည်။ အတွင်းခံဘောင်းဘီတစ်ထည်သည် စောင်များနှင့်လုံးထွေးနေသည်။ ခေါင်းအုံးက ခုတင်ခြေရင်းတွင်ရောက်နေပြီး ခွခေါင်းအုံးကြီးက ခေါင်းရင်းဘက်သို့ရောက်နေလေသည်။ ဖြစ်ကတတ်ဆန်း ဆွဲတင်ထားသော ခြင်ထောင်သည် တင်းတင်းရင်းရင်းမရှိပေ။ ထို့ကြောင့် သူတို့အခန်းထဲသို့ ဖေဖေသည် မကြာခဏဝင်ပြီး စစ်ဆေးတတ်သည်။ သပ်သပ်ရပ်ရပ်နေထိုင်ရန် ဆုံးမတတ်သည်။ ဆုံးမစဉ်

သုံးလေးငါးရက်တော့ သတိထားပြီး သပ်ရပ်နေသည်။ သို့သော်လည်း မကြာမီ ပင် နှစ်ဦးလုံး အကျင့်ဟောင်းပြန်ပေါ်ကာ ဖြစ်ကတတ်ဆန်းပင် ပြန်ဖြစ်သွားလေ့ ရှိသည်။

'ဒါပေမဲ့ သားရွေးတဲ့မိန်းကလေးဟာ သားနဲ့ လိုက်ဖက်ဖို့ ဝါသနာ စရိုက်တူညီဖို့၊ အရွေးမှန်ဖို့တော့ လိုတယ်နော်'

ကျော်ထွန်းညို လက်ထဲမှတံမြက်စည်းနှင့်ခုတင်အောက်ကိုလျှိုလှည်း ရင်း ခေါင်းညိတ်ပြလိုက်သည်။ ပူထူပြီး ရှိန်းရှိန်း ဖိန်းဖိန်းဖြစ်နေသောကြောင့် စကားတော့ ပြန်မပြောမိချေ။ စကားပြောနိုင်လျှင်လည်း 'စုလှိုင်ကို မေမေ တွေ့ဖူး ရင် သဘောကျသွားမှာပါ၊ သူကသိပ်လှတာ' ဟုပြောမိလေမည်လား မပြော တတ်ချေ။

'သက်သက်ကလေးဆိုရင် သိပ်ပြီး စိတ်ကောင်းရှိတာပဲ၊ တကယ့်ကို ပကာသန စိတ်ဓာတ်မရှိတာ၊ အရိုးခံလေး၊ ဂုဏ်ထူးသုံးခုနဲ့အောင်တာ တောင် သူနာပြုသင်တန်း တက်တာပဲ ကြည့်ပေတော့'

'ဟပ်ချိုး'

ကျော်ထွန်းညိုသည် ဖုန်များနှင့်မွန်ပြီး ချေဆတ်လိုက်မိသည်။ ရင်ထဲ တွင် ပူဆာဆာနှင့် မအီမသာကြီးဖြစ်သွားသည်။ မေမေသည် စုလှိုင် အကြောင်း ကို မမေးဘဲနှင့် ဘယ့်အတွက်ကြောင့်များ သက်သက်အကြောင်းကို မဆီမဆိုင် ဝင်ပြောရလေသနည်း။

'ကိုကိုရေ'

'ဘာတုံးကွ'

ညီလင်းသည် အခန်းထဲသို့ခုန်ပေါက်ပြီး ဝင်လာသည်။ ညီလင်း၏ ဆံပင်ကလေးများသည် ပျော့ပျောင်းပြီး လှိုင်းတွန့်လေးများရှိသည်။ မျက်ခုံး နက်နက်၊ နှာတံပေါ်ပေါ်၊ မေးနှစ်ခွနှင့်မို့ ညီလင်းသည် ကျော်ထွန်းညိုထက် ပိုပြီး ကြည့်၍ကောင်းသည်။ အသက် ဆယ့်ငါးနှစ်သာရှိသေးသော်လည်း အရပ် က ငါးပေခုနစ်လက်မရှိပြီမို့ သူ့အစ်ကိုထက် အရပ်မြင့်မည်မှာလည်း ကျိန်းသေ သည်။

'မမသက်က မေးနေတယ် သိလား'

နံရံတွင်ကပ်ထားသော မှန်ထဲမှတစ်ဆင့် လှမ်း၍ကြည့်လိုက်သော မေမေ၏အရိပ်ကို ညီလင်းကပြုံးရယ်ပြလိုက်ရင်း ပြောသည်။

'သူနာပြုသင်တန်းတက်ဖို့ စာမေးပွဲဖြေတာ အောင်ပြီတဲ့၊ အဲဒါ ဘာစားမလဲတဲ့'

'ဟုတ်လား'

ကျော်ထွန်းညိုက အူကြောင်ကြောင်နှင့်ခေါင်းညိတ်ပြလိုက်သည်။ ညီလင်း ပြောလိုက်သောစကားသည် သူ့နားထဲသို့သိပ်ပြီးမဝင်ပေ။

'အဲဒါ ဘာစားမလဲဗျ ကိုကို'

'ရုပ်ရှင်ပြခိုင်းပါလား သားငယ်ရဲ့'

မေမေက ဝင်ပြောသည်။ ကျော်ထွန်းညိုသည် မေမေနှင့်ညီလင်းကို တစ်လှည့်စီကြည့်နေသည်။ ညီလင်းကလှည့်ကြည့်သောအခါမှ လုပ်မိလုပ်ရာ ခေါင်းညိတ်ပြီး ထောက်ခံမဲပေးလိုက်သည်။

'အေးကွ ကောင်းသားပဲ'

'ဗျိုး မမသက် ကိုကိုကပြောနေတယ်၊ ရုပ်ရှင်ပြပါတဲ့၊ ရုပ်ရှင်ကြည့်မယ်တဲ့၊ ကျွန်တော်လည်း ရုပ်ရှင်ပဲကြည့်ချင်တယ်'

ညီလင်းသည် အော်ဟစ်ပြောရင်း ပြန်ထွက်သွားသည်။ တံမြက်စည်းကြီး ကိုင်ကာ ကြောင်စီစီရပ်နေသောကျော်ထွန်းညိုကိုကြည့်ကာ မေမေက မသိမသာပြုံးရယ်လိုက်သည်။ သားဖြစ်သူ၏နှလုံးသားထဲသို့ တစ်စုံတစ်ဦးသည် ထိုးဖောက်ကာ ဝင်ရောက်နေပြီကို အကဲခတ်လိုက်မိပြီး စိတ်ထဲတွင် အတန်ငယ်လေးသွားလေသည်။

ကျော်ထွန်းညိုသည် မေမေ့ကိုဖျတ်ခနဲလှမ်းကြည့်သည်။ ထို့နောက် အခန်းထဲမှထွက်လာသည်။ မေမေ့ရှေ့မှောက်တွင်ဆက်လက်ရပ်နေရန် စိတ်မလုံတော့ပေ။

'ဘာကားကြည့်ချင်လို့လဲ ကိုကို၊ သက်သက်က နောက်ပြီး ဘာစားမလဲ မေးတာကိုများ ကိုကိုက အားမနာပါးမနာ ရုပ်ရှင်ပြခိုင်းမလို့လား'

အမာညိုက ဆီးပြောလေသည်။ သူတို့မောင်နှမသုံးယောက်ကို ရုပ်ရှင်ပြရလျှင် နှစ်ကျပ်ခွဲတန်းကပင်ဖြစ်စေဦးတော့၊ တစ်ဆယ်တော့ ကုန်တော့မည်ဖြစ်သည်။ သူငယ်ချင်း၏ဘတ်ဂျက်အခြေအနေ ထိခိုက်မည်ကို စိတ်တွက်နှင့် တွက်ပြီး စိုးရိမ်နေသည်။

'ရပါတယ် ကိုကို၊ သက်သက် မုန့်ဖိုးတွေ စုထားတာရှိပါတယ်၊ ဘာကြည့်မလဲ'

သက်သက်က စိတ်ပါလက်ပါပြောရှာသည်။ ညီလင်းသည် သတင်းစာကို ဆွဲယူပြီး ရုပ်ရှင်ကြော်ငြာများကို ဖတ်နေလေသည်။

'ပလေဒီယံရုံမှာ နတ်တီးပရော်ဖက်ဆာတဲ့၊ အဲဒါကြည့်ရအောင်နော် ကိုကို၊ ဂျယ်ရီလူးဝစ် နှစ်ကိုယ်ခွဲဗျ၊ သိပ်ရယ်ရတာပဲတဲ့နော်ဗျာ၊ မမသက် အဲဒီကား ကြည့်ရအောင်၊ ဒီတစ်ပတ်တနင်္ဂနွေကြည့်ကြရအောင်'

ညီလင်းသည် သူ့ဟာသူတစ်ဦးတည်းအဆိုတင်ပြီး သူ့အဆိုကို သူ ဖွတ်ပင်အတည်ပြုနေလေသည်။ ကျော်ထွန်းညိုသည် ညီငယ်ဖြစ်သူကို ကြည့်ကာ ရယ်ချင်လာသည်။

'သက်သက်က သင်တန်းဘယ်တော့စမှာလဲ'

ဇန်နဝါရီမှာ စမယ်ကိုကို၊ တက်ပြီးသုံးလကြာရင် စာမေးပွဲစစ်မယ်၊ ကျရင် ဆက်တက်ခွင့်မရှိတော့ဘူး၊ အဲဒီမှာ အောင်မှဆက်တက်ရမှာတဲ့'

သက်သက်က ပြုံးချိုစွာပြောသည်။ အမာညိုသည် သူ့သူငယ်ချင်းကို ငေးကြည့်နေသည်။ ထမီနီနီလေးနှင့်ခေါင်းဆောင်းဖြူဖြူလေးကို စိတ်ကူးနှင့် မှန်းပြီး ထင်ကြည့်နေမိသည်။

'သက်သက်က အဆောင်မှာသွားနေရမှာ ကိုကိုရဲ့၊ အိမ်ကနေ မတက်ရဘူး'

'ဟင် အဆောင်က ဘယ်မှာလဲ'

'သူနာပြုဆောင်လေ၊ ဆေးရုံကြီးဝင်းထဲမှာတင် ရှိတာပဲ၊ နောက်ပြီး စတိုင်ပင်လည်း တစ်လခုနစ်ဆယ့်ငါးကျပ်ရမယ် သိလား'

'ဟား ဟား ဒီလိုဆို ရုပ်ရှင်ပြရုံတင်မကဘူး၊ မုန့်ပါကျွေးဖို့ကောင်းနေပြီ'

ကျော်ထွန်းညိုက ပြုံးရယ်ကာ ပြောလိုက်သည်။ ထူထူပူပူနှင့်ထွေသွားသော စိတ်သည် ယခုမှပင် ပုံမှန်အခြေအနေသို့ပြန်လည်ရောက်ရှိလာလေသည်။

'မာညိုတို့ရီဇတ်တွေ သန်ဘက်ခါထွက်မယ်မဟုတ်လား ကိုကိုရ၊ ဒီတော့ ကိုကိုက စာမေးပွဲအောင်တဲ့ အထိမ်းအမှတ်အနေနဲ့ မုန့်ကျွေးပေါ့၊ ကဲ မကောင်းဘူးလား'

အမာညိုကဝင်ပြီးတွန်းပြန်လေသည်။ ညီလင်းက ဝမ်းသာအားရ လက်ခုပ်တီးပြီးထောက်ခံသည်။ ဆူညံနေသော လူငယ်ဝိုင်းကို ဖေဖေက လှမ်းကြည့်သည်။ ပြောဆိုနေသောစကားများကို ကြားပြီးဖြစ်ပုံရသည်။ မျက်နှာထား

က ချိုသာနေသဖြင့် ကန့်ကွက်လိုစိတ်မရှိကြောင်း သိသာသည်။

'နင်လည်း အောင်မှာပဲဟာ နင်ကျွေးပေါ့ မိညို'

'အင် ကိုကိုကလဲ၊ မာညိုက ကိုကို့ကို ကုသိုလ်ရပါစေတော့လို့ ကျွေးခိုင်းတာပါ။ မာညိုနဲ့ညီလင်းက ကိုကိုတို့စုံတွဲ အလှူပြောက်အောင်စားပေးမှာပါ'

'ဟဲ့ မိညို'

သက်သက်က အမာညို၏ပေါင်ကိုလှမ်းပြီး ထုလိုက်သည်။ ကိုကိုတို့စုံတွဲဟု ပြောင်ကြီးစလိုက်သဖြင့် မျက်နှာလေးနီရဲကာ အနေခက်သွားသည်။ ရှက်သွားသည်။ ရှက်ပင်ရှက်ငြားသော်လည်း စိတ်ဆိုးသည်တော့ မဟုတ်ပေ။ ထို့ကြောင့် ခေါင်းလေးငုံ့၍ မသိမသာလေး ပြုံးလိုက်မိလေသည်။

ကျော်ထွန်းညိုကမူ အမာညို့ကို မျက်လုံးပြူး၍ကြည့်ကာ မသိမသာလေး လက်သီးဆုပ်ပြသည်။ အမာညိုက ပြုံးစပ်စပ်နှင့် မမြင်ချင်ဟန်ဆောင်နေလိုက်သည်။

'မေမေကြီးရေ တနင်္ဂနွေနေ့ကျရင် မမသက်က ရုပ်ရှင်ပြမယ်တဲ့၊ ကိုကိုက မုန့်ကျွေးမယ်တဲ့'

အပေါ်ထပ်မှဆင်းလာသော မေမေကြီးကိုတွေ့သောအခါ ညီလင်းက သတင်းထူးကို ဆီးပြီးပြောသည်။ မေမေကြီးသည် သူတို့အနီးသို့ လျှောက်လာရင်း သက်သက်ကို နှစ်လိုစွာလှမ်းကြည့်သည်။

'မေမေကြီးတို့ကိုရော သတိမရဘူးလားသမီး၊ အပြန် မုန့်ဝယ်ခဲ့နော်'

'ကျွန်တော်ဝယ်ခဲ့မလို့ပါ မေမေကြီးရ၊ မေမေကြီးကြိုက်တဲ့ ဖရုံစေ့လှော် ဝယ်ခဲ့ပေးမယ်လေ'

ညီလင်းက သူ့ဝါသနာအတိုင်း အကြိုက်ကလေးလိုက်ကာ ချော့ပြောသည်။ ကွယ်လျှင်မေ့ပြီး တွေ့လျှင်သေအောင်လွမ်းတတ်သူမှာ ညီလင်းလို သတ္တဝါလေးများပင်ဖြစ်မည်ဟုတွေးရင်း အမာညိုသည် နှာခေါင်းလေးရှုံ့လိုက်သည်။

'သက်သက်က အဆောင်မှာသွားနေရမှာတဲ့ သိလား မေကြီးရဲ့၊ မာညိုတို့နဲ့ အမြဲမတွေ့နိုင်တော့ဘူး'

အမာညိုသည် မေမေကြီးအတွက် နေရာဖယ်ပေးလိုက်သည်။ မေမေကြီးက ကုလားထိုင်တွင်ဝင်ထိုင်လိုက်သောအခါမှ မေမေကြီး၏ခြေရင်းဘက်

ကြမ်းပေါ်တွင်ထိုင်ချလိုက်သည်။ ထို့နောက် မေမေကြီး၏အိဖြိုးသော ပေါင်များကို နောက်ပြန်မှီလိုက်သည်။

'အဆောင်မှာ နေရမယ်ဆိုရင် ငါ့သမီးလေးတော့ အစားအသောက်ဆင်းရဲတော့မှာပဲ၊ မေမေကြီး ငါးပိကြော် ပေးလိုက်မယ်လေ'

'ဟင်၊ မေမေကြီးကလည်း အားနာစရာဘကီး'

သက်သက်က ခေါင်းလေးငဲ့ကာ အားနာဟန်နှင့်ပြောသည်။ သူ့ကိုလည်ပြန်မော့ကြည့်နေသော အမာညိုကို မျက်လုံးလေးတစ်ဖက်မှိတ်ပြလိုက်သည်။

'ဘာလဲ၊ မယူချင်ဘူးလား'

'အဟဲ၊ ငါးခြောက်ကြော်ရော ပါရဲ့လားဟင်'

'ရပါတယ်တော်၊ ရပါတယ်'

မေကြီးက အားရပါးရပြောသည်။ သက်သက်၏ ပါးဖောင်းဖောင်းလေးကို လက်နှင့်ညှစ်ကာ ဆွဲလိမ်လိုက်သည်။ သက်သက်သည် အသံလွင်လွင်လေးနှင့်ရယ်မောရင်း သူ့ပါးကိုလက်နှင့်အုပ်ထားလေသည်။

ကျော်ထွန်းညိုသည် သက်သက်ကိုအမှတ်မဲ့ငေးကြည့်နေရင်း စုလှိုင်ကို သတိရလာသည်။ သက်သက်၏နေရာတွင် စုလှိုင်သာဖြစ်လိုက်ပါတော့ဟု တောင့်တမိသည်။ ရိုးသားသန့်ရှင်းပွင့်လင်းသော သက်သက်၏အမူအရာ၊ အပြုအမူဝင်ရောက်နိုင်စွမ်းမရှိသည်မှာ ဘာကြောင့်များပါလိမ့်ဟုလည်း တွေးနေမိလေသည်။

*

သူတို့အုပ်စုကိုတွေ့သောအခါ စုလှိုင်သည် ကားကိုအတန်ငယ်အရှိန်လျှော့လိုက်သည်။ ကားလီဗာကို ဖွဖွလေးနင်းရင်း သူတို့ဘေးသို့ကပ်ကာ ခပ်တိုးတိုးနှုတ်ဆက်လိုက်လေသည်။

'ဟော့ သက်သက်၊ အမာညို'

'ဟာ စုလှိုင်ရယ်'

အမာညိုက ဝမ်းသာအားရ အော်လိုက်သည်။ စုလှိုင်သည် ကားစတီယာရင်ပေါ်တွင်လက်တင်ရင်း သူတို့ကိုခပ်စူးစူးလေးကြည့်နေသည်။ ထို့နောက် ကားကို စက်ရှိန်သတ်လိုက်သည်။

'ကိုယ်တို့တစ်တွေ ရပ်ရှင်သွားကြမလို့၊ သက်သက်ပြတာလေ၊ သူက သူနာပြုသင်တန်းတက်ခွင့်ရပြီ'

'ဟုတ်လား'

စုလှိုင်သည် မိန်းကလေးနှစ်ဦး၏နောက်ဘက်တွင် ရပ်နေသော ကျော်ထွန်းညိုတို့ ညီအစ်ကိုအား မျက်လုံးလေးဝေ့ကြည့်လိုက်သည်။ ကျော်ထွန်းညိုက စုလှိုင်အား ခေါင်းလေး မသိမသာညွှတ်ကာ ပြုံးပြသည်။

'စုလှိုင် အောင်တယ်မဟုတ်လား'

'အောင်ပါတယ်'

ညီလင်းသည် ကားတွင်းမှမိန်းမချောလေးကို ငေးပြီးကြည့်နေသည်။ ပခုံးပေါ်တွင်ဖြန့်ချထားသော ဆံပင်နက်နက်များသည် အိထွေးနေသည်။ ထူဝန်းနီတွေးသော နှုတ်ခမ်းနှစ်လွှာသည် မပွင့်တပွင့်ပြုံးနေဟန်ရှိသော်လည်း မျက်လုံးလေးများကမူ အတိတ်က နေရာကို မှန်းမြော်ပြီး ကြည့်နေဟန်ရှိသည်။

'သြော်၊ သူက ညီလင်းလေ၊ ဒို့မောင်လေးပေါ့၊ ညီလင်းညိုတဲ့၊ ဒီနှစ်ဆယ်တန်းဖြေမှာ'

'ကျွန်တော် ညီလင်းညိုပါခင်ဗျ၊ မမစုလှိုင်နာမည်ကိုတော့ ကျွန်တော်ကြားဖူးပါတယ်'

အမာညိုက မိတ်ဆက်ပေးသောအခါ ညီလင်းက နှုတ်ရေး စကားတတ် လုပ်ကာ လေးလေးစားစားပြောသည်။ သက်သက်သည် ညီလင်း၏အမူအရာကိုကြည့်ပြီး ဣန္ဒြေမဆောင်နိုင်ဘဲ ရယ်လိုက်မိလေသည်။ ကျော်ထွန်းညိုပင် သူ့ညီကိုကြည့်ပြီး ပြုံးယောင်ယောင်ဖြစ်သွားသည်။

'လိုက်ခဲ့ကြပါလား၊ လိုက်ပို့ပေးမယ်လေ'

'ဟေး၊ ပွတာပဲ'

အမာညိုသည် ကားတံခါးကို ဝမ်းမြောက်ဝမ်းသာဆွဲ၍ဖွင့်လိုက်သည်။ ထို့နောက် ဇွေ့ခနဲဝင်၍ထိုင်လိုက်လေသည်။ ဘတ်စ်ကားစီးရသည်ကို အမာညို စိတ်ညစ်လက်ညစ် မရှိလှပေ။ တိုးဝှေ့ပြီးစီးလိုက်သည်သာဖြစ်၏။ သို့သော် ယခုလို ရုပ်ရှင်ရုံကို ကားလေးနှင့် သက်သက်သာသာရောက်ရမည်ဆိုတော့လည်း လုံးဝမငြင်းဆန်ချင်ပေ။

'ရှေ့ကိုတစ်ယောက်လာခဲ့ပါလား'

စုလှိုင်က လှည့်ကြည့်ရင်းပြောသည်။ မိန်းကလေးနှစ်ဦးလုံး ကား

နောက်ခန်းထဲရောက်သွားပြီဖြစ်သဖြင့် ညီအစ်ကိုနှစ်ဦးသည် တစ်ဦးကိုတစ်ဦး လှမ်း၍ကြည့်လိုက်မိကြသည်။

'ကိုကို သွားလေ'

ညီလင်းက ရယ်ကျဲကျဲနှင့်ပြောသောအခါ ကျော်ထွန်းညိုသည် မသိမသာလေး ရင်ခုန်သွားလေသည်။ ထို့နောက် ကားကိုကွေ့ကာ ရှေ့ခန်းဘက်သို့ လျှောက်လာသည်။ စုလှိုင်က ကိုယ်လေးကိုကိုင်းကာ ကားတံခါးကို လှမ်း၍ ဖွင့်ပေးသည်။

'စုလှိုင်ရော ဘယ်သွားမလဲ၊ ကားက လမ်းမှကြုံရဲ့လားဟင်'

'ရပါတယ်'

စုလှိုင်သည် ကားသော့ကို လှည့်၍ဖွင့်လိုက်ရင်း ခပ်ပေါ့ပေါ့လေးပြောသည်။ လီဗာကို ခပ်ဖိဖိလေး နင်းလိုက်သောအခါ ကားကလေးသည် ဝီးခနဲ ပြေးထွက်သွားသည်။ အိထွေးသော ဆံပင်လေးများသည် လေဟုန်တိုးပြီး လွင့်ခါသွားကြသည်။

'စုက ပျင်းရင် ဒီလိုပဲ ကားလျှောက်မောင်းနေတာဘဲ၊ ဘယ်ရယ်လို့ မဟုတ်ပါဘူး'

စုလှိုင်သည် ရှေ့တည့်တည့်ကို စူးစိုက်ကြည့်ရင်း တစ်ဦးတည်းပြောသလို ခပ်ညည်းညည်းလေး ပြောသည်။ သူ့ကို အထူးတဆန်းစိုက်ကြည့်နေသော ညီလင်း၏မျက်လုံးများကို ကားရှေ့မှန်လေးထဲမှတစ်ဆင့်မြင်ရသည်။ စုလှိုင်နှင့် အကြည့်ချင်းဆုံလိုက်သောအခါ ညီလင်းသည် အိုးတိုးအမ်းတမ်းဖြစ်သွားပြီး ဖျတ်ခနဲမျက်လွှာချလိုက်သည်။

'မြို့ထဲရုံပဲမဟုတ်လား၊ ဘယ်ရုံလဲ'

'ပလေဒီယံ'

'ပြည်လမ်းမသို့ရောက်သောအခါ စုလှိုင်သည် ကားကိုချိုး၍ကွေ့လိုက်သည်။ ထို့နောက် အစိုးမရသောစိတ်တို့က အိမ်သို့ပြန်ရောက်သွားလေသည်။

အိမ်တွင် ရန်ပွဲလေးတစ်ပွဲ ဖြစ်ကျန်ခဲ့သည်။ ထုံးစံအတိုင်း ဒက်ဒီနှင့် မာမီတို့၏ရန်ပွဲသာဖြစ်သည်။ မာမီဆီသို့ လူတစ်ယောက်လာလည်သည်။ မုတ်ဆိတ် ကျင်စွယ်များနှင့် ညှဉ်းသိုးသိုးပုံမို့ စုလှိုင်ဂရုတစိုက်ပင် မကြည့်ဖြစ်ပေ။ မာမီတို့နှစ်ဦး ဧည့်ခန်းထဲတွင်ထိုင်စကားပြောနေစဉ် ဒက်ဒီပြန်ရောက်လာသည်။

ဧည့်သည်ရှိနေစဉ် ရန်မဖြစ်သေးသော်လည်း ဧည့်သည်ပြန်သွားသောအခါ ရန်ဖြစ်ကြတော့သည်။ သူတို့ပြောနေသောစကားများကို ဆက်စပ်၍ ကြည့်ခြင်းအားဖြင့် ဧည့်သည်သည် မာမီ၏ငယ်ရည်းစားဟု ထင်ရသည်။ စုလှိုင် ထိုသို့ပင်မှတ်ယူမိသည်။ ထို့နောက် ထုံးစံအတိုင်းပင် ပုလင်းများ၊ ဖန်ခွက်များကို ခွဲကြလေသည်။ စုလှိုင်သည် ယခင်တုန်းကလို ကိုယ့်အခန်းထဲတွင်ကိုယ် စိတ်ညစ်ညစ်နှင့် ငြိမ်ကုပ်၍မနေတော့ပေ။ ဒက်ဒီသည် သူ့နံပါတ်နှစ်နှင့် သုံးများဆီ မသွားမီ၊ မာမီကလည်း ဖဲဝိုင်းသို့မသွားမီ သူကအလျင်ဦးအောင် အိမ်မှထွက်လာခဲ့လေသည်။

'စုလှိုင် ယူရော ကြည့်ပါလားဟင်'

သက်သက်က လှမ်းပြောသည်။ စုလှိုင်သည် ကြားဟန်မရှိချေ။ ကားရှေ့တည့်တည့်ကိုသာ စိုက်ကြည့်နေလေသည်။ ထို့ကြောင့် သက်သက်က အသံကို မြှင့်ကာ ထပ်၍ပြောလိုက်သည်။

'ဟေ့ စု၊ ယူရော ရုပ်ရှင်လိုက်ကြည့်ပါလားလို့၊ ကိုယ်ပြပါ့မယ်'

'ဟင် ဘာပြောတယ်'

'ဟောတော် ယူ ဘာတွေတွေးနေလဲ'

အမာညိုက စုလှိုင်ကိုကြည့်ကာ ရယ်လိုက်မိသည်။ ကျော်ထွန်းညိုသည် ရီဝေဝေ ဝါးတားတားဖြစ်နေသော စုလှိုင်၏မျက်လုံးလေးများကို အကဲခတ်သလို လှမ်း၍ကြည့်မိသည်။

'သက်သက်က ယူ့ကိုရုပ်ရှင်ကြည့်ဖို့ခေါ်နေတာ'

'သြော် ဘာကားလဲလို့'

'နတ်တီးပရော်ဖက်ဆာ'

'ဂျယ်ရီလူးဝစ်နော်'

'အေးလေ ယူ မကြည့်ရသေးဘူးမဟုတ်လား၊ လာပါကွယ် စုလှိုင်ရာ ပျော်ပျော်ပါးပါးပေါ့'

'ဟုတ်တယ် မမစုလှိုင်၊ တကယ် ရယ်ရတယ်တဲ့ဗျ'

'တစ်ခါထဲလိုက်ကြည့်လိုက်ပါလား စုလှိုင်ရာ၊ ဟုတ်သားပဲ'

'အင်းလေ ကောင်းသားပဲ'

တစ်ယောက်တစ်ပေါက်နှင့် ဝိုင်းဝန်း၍တိုက်တွန်းနေကြသောကြောင့် စုလှိုင်သည် အမာညိုတို့နှင့်အတူ ရုပ်ရှင်ကြည့်ဖြစ်လေသည်။

'စုလှိုင် အိမ်ကိုပြောခဲ့ရဲ့လားဟင်'

'ဘာကိုလဲ'

ရုံထဲအဝင်တွင် ကျော်ထွန်းညိုက ခပ်တိုးတိုးမေးသည်။ စုလှိုင်က နားမလည်ဟန်နှင့်ပြန်မေးသည်။

'ရုပ်ရှင်ကြည့်မယ့်အကြောင်းလေ၊ တော်ကြာနောက်ကျလို့ စိတ်ပူနေဦးမယ်'

'စုကို ပူမယ့်သူမှ မရှိတာ၊ ပြောဖို့မလိုပါဘူး'

စုလှိုင်က လှောင်သလိုလို၊ နာကြည်းသလိုလို ခပ်ဆန်းဆန်း အပြုံးကလေးကိုပြုံးလိုက်သည်။ ညီလင်းသည် နှုတ်အေးချောင်းကို တစ်ကိုက် ကိုက်ချလိုက်ရင်း စုလှိုင်၏လက်ချောင်းသွယ်သွယ်လေးများကိုကြည့်နေသည်။ လက်သူကြွယ်တွင်ဝတ်ထားသော စိန်လက်စွပ်ကလေးသည် မီးရောင်တွင် တလျှပ်လျှပ်လက်နေသည်။ ပန်းရောင်နုနုလေးဆိုးထားသော လက်သည်းလေးများသည် ချောမွတ်ပြီး ပြောင်လက်နေလေသည်။ လက်သည်းရှည် ထားသောကြောင့် လက်ကလေးများသည် ပို၍သွယ်နေဟန်ရှိသည်။

မိန်းကလေးသုံးဦးကို ယောကျ်ားလေးနှစ်ဦးက ဘေးမှညှပ်၍ထိုင်သည်။ ထို့ကြောင့် အမာညိုသည် ကျော်ထွန်းညိုနှင့်ကပ်၍ထိုင်ကာ သက်သက်နှင့် ညီလင်း ကပ်၍ထိုင်ဖြစ်သည်။ စုလှိုင်သည်ကား အမာညိုနှင့် သက်သက်တို့၏ အလယ်တွင် ထိုင်လေသည်။

ရုပ်ရှင်ကားရှည်မပြမီ အစမ်းပြသော ကားတိုလေးများတွင် အိုလံပစ်ပြိုင်ပွဲများပါသည်။ မာရသွန်ပြေးပွဲကိုပြသောအခါ သက်သက်သည် ရှုးကြောင်ကြောင်လေးအတွေးပေါက်လာမိသေးသည်။ 'ရှေ့ဆုံးမှာပြေးနေတဲ့ နံပါတ် ၇ က အရင်ဆုံးပန်းဝင်ရင် ကိုကိုက ငါ့ကိုချစ်နေမယ်၊ နောက်ဘက်က လူခပ်ချောချောက ပန်းဝင်ရင်တော့ စုလှိုင်ကိုချစ်နေရမယ်' ဟုတွေးပြီး နံပါတ် ၇ ပန်းဝင်ရန် ရင်တဖိုဖိုနှင့်ဆုတောင်းမိသည်။ သို့သော် သက်သက်ခမျာ ဆုတောင်း မပြည့်ရှာပေ။ တဖြည်းဖြည်းခြေကျလာသော နံပါတ် ၇ ကို အခြားသူများက ဖြတ်၍တက်ကုန်သည်။ စုလှိုင်အဖြစ်သတ်မှတ်ထားသော လူချောချောကလည်း ပန်းမဝင်ပေ။ ကပ္ပလီလူမည်းကြီးတစ်ဦးက ဦးစွာ ပန်းဝင်သွားသည်။ ရင်တထိတ်ထိတ်ဖြစ်နေရသော သက်သက်သည် ရုပ်ရှင်ထဲမှညြဘာသံများကို နားထောင်ရင်း ပန်းလျသွားလေသည်။

'စုလှိုင် ချမ်းနေလား၊ ကျွန်တော့ ဆွယ်တာအင်္ကျီခြုံထားမလား'

ကျော်ထွန်းညိုက လှမ်းမေးသည်။ အအေးဓာတ်ပေးထားသော ရုပ်ရှင်ရုံဖြစ်၍ အင်္ကျီလက်တိုဝတ်ထားသော စုလှိုင်ကို ချမ်းနေလိမ့်မည်ဟု ထင်မှတ်မိဟန်တူသည်။ အမာညိုနှင့်သက်သက်တို့သည်ကား အင်္ကျီလက်ရှည်များ ဝတ်ထားလေသည်။

'ရပါတယ် မချမ်းပါဘူး'

စုလှိုင်က ခေါင်းလေးခါယမ်းလိုက်သည်။ သက်သက်၏ဘေးမှ ညီလင်းက ပြုံးရယ်ကာ နောက်တောက်တောက် ပြောသည်။

'မမသက် ချမ်းနေလား၊ ကျွန်တော့ပုဆိုးခြုံထားမလားဟင်'

'အေး ခြုံထားမယ် ချွတ်ပေး' သက်သက်က ခပ်ငေါ့ငေါ့လေးပြောသည်။

'အာ တကယ်လား'

'တကယ် တကယ်'

'အဟက် အောက်ခံဘောင်းဘီမပါဘူးဗျ'

'ခွေးလေး'

အမာညိုက ကိုယ်ကိုကုန်းကြည့်ကာရယ်သည်။ သက်သက်သည် ကြွေမြေမပျက် ရယ်နေလိုက်ရသော်လည်း နှလုံးသားက တဆတ်ဆတ်ခါပြီး နာကျင်သလိုဖြစ်နေသည်။ အားငယ်စိတ်က လွှမ်းမိုးလာပြန်သည်။ စုလှိုင်ကမူ သူတို့မောင်နှမကိုကြည့်ကာ အားကျပြီး မနာလိုသလို ဖြစ်လာသည်။ အထီးကျန်ဆန်သော စိတ်က ရင်ထဲတွင် တဝဲဝဲနှင့်လည်နေလေသည်။

ရုပ်ရှင်ဇာတ်လမ်းသည် အရုပ်ဆိုးအကျည်းတန် ပရော်ဖက်ဆာတစ်ဦး အကြောင်းဖြစ်သည်။ ဆေးသောက်လိုက်သောအခါ သူသည် ချောမောလှပ သွားသည်။ ဆေးဓာတ်ပြယ်သောအခါ၌ကား ပြန်လည်ပြီး နဂိုရုပ်ပေါ်လာသည်။ ဆေးသောက်ထား၍ ချောမောနေသော လူချောကလေးသည် ပါတီပွဲ၌ တက်၍သီချင်းဆိုနေစဉ် တဖြည်းဖြည်းဆေးပြယ်ကာ အသံပျက်ပြီး ပြန်လည် အရုပ်ဆိုးသွားသောအခန်းတွင် လူများက တအုန်းအုန်း ရယ်နေကြလေသည်။

'ဟား ဟား အသံက တစ်ခါတည်း ညောင်နာနာ ပြန်ဖြစ်သွားတော့ မယ် သိလား မမသက် ဟား ဟား'

ညီလင်းက တဟားဟား ရယ်နေသည်။ စင်မြင့်ပေါ်တွင် မသက်

မသာ ဖြစ်နေသော ပရော်ဖက်ဆာကြီး၏အဖြစ်သည် ရယ်စရာကောင်းသော်လည်း သနားစရာ ပိုကောင်းနေသည်ဟု သက်သက်ထင်မိသည်။ ထို့ကြောင့် အများတကာရယ်နေစဉ် သက်သက်ခမျာ မရယ်နိုင်ချေ။ ပရော် ဖက်ဆာအဖြစ် သရုပ်ဆောင်သူ ဂျယ်ရီလူးဝစ်ကို မျက်ရည်ဝဲသော မျက်လုံးများနှင့် ငေးကြည့်နေမိသည်။

သက်သက်သည် သက်ပြင်းလေးချလိုက်ရင်း သူ့ဘေးမှ စုလှိုင်ကို လှည့်ကြည့်မိသည်။ စုလှိုင်သည်လည်း ရယ်နိုင်ဟန်မတူပေ။ ပိတ်ကားကို ရီဝေဝေ မျက်လုံးများနှင့်စိုက်ကြည့်နေသည်။ ထို့နောက် သက်သက်ကိုလှမ်းကြည့်ကာ တိုးတိုးလေးပြောသည်။

'ဘာတွေ ရယ်နေကြတာလဲ သက်သက်ရယ်၊ ရယ်စရာလည်း မကောင်းဘဲနဲ့'

စုလှိုင်သည် အိမ်ကိုသတိရနေသည်။ ဒီအချိန်ဆိုလျှင် ဒက်ဒီအိမ်က ထွက်သွားလောက်ပြီဖြစ်သည်။ မာမီလည်း ဖဲဝိုင်းရောက်နေလောက်ပေပြီ၊ သို့တည်းမဟုတ် သူ၏ငယ်ရည်းစားဖြစ်သူများနှင့် တစ်နေရာရာတွင် သွား၍ တွေ့နေမည်လားဟု တွေးနေမိသည်။ တဟားဟား ရယ်နေသောရယ်သံများကြားထဲတွင် စုလှိုင်၏စိတ်တို့သည် တလွင့်လွင့်ဖြစ်နေသည်။ မတည်မငြိမ် ဖြစ်နေလေသည်။

'ရယ်ရတယ်နော်'

အမာညိုသည် စုလှိုင်၏လက်ချောင်းလေးများကိုဆုပ်ကိုင်ကာ ပြောသည်။ စုလှိုင်သည် ရွှင်ချိုနုပျိုနေသော အမာညို၏မျက်နှာလေးကိုငဲ့ကြည့်ရင်း ယောင်ကန်းကန်းနှင့်ခေါင်းညိတ်ပြလိုက်လေသည်။

*

'မာမီ'

စုလှိုင်က တိုးတိုးလေးခေါ်လိုက်သောအခါ ကျောက်ရုပ်လေးလို ငြိမ်နေသောမာမီက လှည့်ကြည့်သည်။ မာမီ၏ပါးသည် ရောင်ပြီး နီရဲနေသည်။ ဧကန္တ ဒက်ဒီရိုက်ထားတာပင်ဖြစ်ရမည်ဟု တွေးရင်း စုလှိုင်သည် သက်ပြင်းလေး ရှိုက်လိုက်မိသည်။

'ခြံထဲမှာ မအေးဘူးလား မာမီရယ်၊ အိမ်ထဲဝင်ရအောင်လေ'

'ဟင့်အင်း မာမီဒီမှာပဲ ထိုင်နေချင်တယ်'

မာမီထိုင်နေသောခုံတန်းလေးသည် နှင်းများနှင့်စိုနေသည်။ လပြည့်ဝန်း၏အရောင်သည် မာမီ၏မျက်တောင်တွင်ခိုတွဲနေသော မျက်ရည်စလေးကို လက်နေအောင် ရောင်ပြန်ဟပ်နေစေသည်။

'မာမီ ဘာလို့ ဖဲဝိုင်းမသွားတာလဲ'

'တစ်ခါတစ်ခါတော့လည်း လူတွေကိုငြီးငွေ့ပြီး မုန်းလာတယ်၊ တစ်ယောက်တည်းပဲ နေချင်တယ်'

စုလှိုင်သည် မာမီ၏ဘေးတွင်ဝင်၍ထိုင်ကာ မာမီ၏လက်ကလေးများကို ဆုပ်ကိုင်လိုက်မိသည်။ နူးညံ့ပျော့ပျောင်းသော လက်ဖမိုးလေးများသည် သွေးအသွားအလာရပ်ဆိုင်းနေသလို အေးစက်နေသည်။

'စု ရုပ်ရှင်ကြည့်ပြီးပြန်လာတာ၊ နတ်တီးပရော်ဖက်ဆာလေ ရယ်စရာကားတဲ့'

'ရယ်ရသလား'

'ဟင့်အင်း'

ခုံတန်းလေးဘေးတွင် ကပ်၍စိုက်ထားသော နှင်းဆီပန်းရုံလေးတွင် ပွင့်နေသော နှင်းဆီဖြူလေးသုံးပွင့်သည် ခေါင်းလေးများ မော်ကြသည်။ သူတို့သားအမိကို စိတ်ဝင်တစားနှင့် လှမ်းကြည့်နေဟန်ရှိလေသည်။

'ယောကျ်ားတွေကို ဘယ်တော့မှမယုံနဲ့နော် သမီး'

မာမီသည် လပြည့်ဝန်းကိုမော်ကြည့်ရင်း နာကြည်းသောအသံနှင့် ပြောသည်။

'သူတို့မှာ မေတ္တာတရား အကြင်နာတရားဆိုတာတွေ ဘယ်တော့မှ မရှိဘူး၊ တဏှာပဲရှိတာ၊ ကိုယ်ချင်းစာ တရားဆိုတာလည်း ရှိဖို့ဝေလာဝေး'

မာမီ၏ဖြူဝင်းသော နဖူးပြင်ပြန့်ပြန့်ပေါ်ဝယ် ဆံနွယ်ဆံစလေးများ လွန့်လူးနေကြသည်။ ပါးလေးနှစ်ဖက် မသိမသာရောင်နေသော်လည်း မာမီသည် အလှမပျက်ပေ။ မျက်နှာလေးပြည့်ပြီး ပို၍လှလာသယောင်ပင်ရှိသည်ဟု စုလှိုင်တွေးလိုက်မိလေသည်။

'ညနေကလာတာ ဘယ်သူလဲ မာမီ'

'ကိုကိုတင်ပေါ့'

'သူက သူက'

'အင်း သူက မာမီ့ ငယ်ငယ်တုန်းက ချစ်သူ'

စုလှိုင်သည် မာမီ့ကိုတအံ့တသြကြည့်လိုက်မိသည်။ မာမီ့ကို ထိုသို့ ပွင့်ပွင့်လင်းလင်းပြောလိမ့်မည်ဟု မထင်မှတ်မိပေ။

'မာမီတို့သိပ်ချစ်ခဲ့ကြတယ်၊ သမီးတို့ ဒက်ဒီနဲ့မာမီကြီးက ပေးစားမယ် လုပ်တော့ မာမီ သူနဲ့လိုက်သွားဖို့စီစဉ်သေးတာပေါ့၊ ဒါပေမဲ့ မာမီကြီးသိသွားလို့ အကြံပျက်ခဲ့ရတယ်လေ'

မာမီသည် သူ့နှုတ်ခမ်းပါးလေးများကို တင်းတင်းကျပ်ကျပ်စေ့ကာ ပင့်သက်ရှိုက်လိုက်သည်။ နှင်းဆီဖူးဖြူဖြူလေးကိုစိုက်ကြည့်ရင်း သူ၏စိတ်တို့ သည် အတိတ်ဆီသို့ လွင့်မျောသွားဟန်ရှိလေသည်။

'သူက သတ္တိမရှိဘူး၊ မာမီ့ကို ချစ်သူကောင်းစားရေးအတွက် အနစ်နာ ခံမယ် ဘာညာနဲ့ စာရှည်ကြီးရေးပေးခဲ့ပြီး ရှောင်ပြေးသွားတယ်လေ'

'အခု သူ ဘာလာလုပ်တာလဲ မာမီ'

သူ နေမကောင်းဘူး သမီး၊ ပန်းနာရောဂါဖြစ်နေပြီး သူ့မိန်းမလည်း ဆုံးသွားပြီတဲ့၊ သြော် သူလည်း မိန်းမရတယ်၊ အဲဒီမိန်းမကိုလည်း သူ သိပ်နှိပ်စက် တယ်လို့ သတင်းကြားရတာဘဲ၊ အဲဒါ အဲဒါ သူမသေခင် မာမီ့ကို တွေ့ချင်တယ် ဆိုပြီး လာတွေ့တာ'

'ဟင် သူက သေတော့မှာလား'

လရောင်ထိုးကျနေသော မာမီ၏မျက်လုံးများသည် မျက်ရည်များနှင့် ရွှန်းစိုလာသည်။ မာမီ၏မျက်ရည်ကိုတွေ့သောအခါ စုလှိုင်၏ရင်ထဲတွင် တင်း တင်းကျပ်ကျပ်ကြီးဖြစ်လာလေသည်။ မာမီ ငိုသည်ကိုမတားလိုသော်လည်း ဒက်ဒီ မဟုတ်သော အခြားယောကျ်ားတစ်ဦးအတွက်တော့ မငိုစေချင်ပေ။

'စုရဲ့ဒက်ဒီက သိပ်ပြီး တစ်ကိုယ်ကောင်းဆန်တယ်၊ မာမီ့ကို အတင်း အကြပ် မရမက ယူခဲ့ပေမဲ့ မကြင်နာဘူး၊ အမြဲတမ်း မယုံသင်္ကာဖြစ်နေတာပဲ၊ သူဖောက်ပြန်သလို မာမီ့ကိုလည်း တခြားယောကျ်ားတွေနဲ့ဖောက်ပြန်လိမ့်မယ် ထင်နေတယ်'

မာမီသည် တစ်ခါမျှ ထိုအကြောင်းများကို ပြောလေ့မရှိပေ။ ဒက်ဒီနှင့် ရန်ဖြစ်ကြသော်လည်း ထိုသို့ဖြစ်ပြီးတိုင်း နှစ်ဦးလုံးအပြင်သို့ထွက်လည်လေ့ရှိ ကြသည်။ ထို့ကြောင့် မာမီ၏ရင်ထဲမှ နာကြည်းမှုများကို စုလှိုင်မမြင်ခဲ့ရပေ။ ယနေ့မှ ထူးထူးခြားခြား ခံ့ထဲဆင်းထိုင်နေသောကြောင့် စုလှိုင်နှင့် စကားပြော

ဖြစ်ခြင်းဖြစ်သည်။ ပြောမယ့်ပြောတော့လည်း မာမီသည် သူ့ရင်ကိုဖွင့်ပြသလို မခြွင်းမချန် ပြောတော့မည်ထင်သည်။

'မာမီ ဒက်ဒီကိုမချစ်ဘူးလား'

စုလှိုင်သည် တိုးတိုးလေး မေးလိုက်မိသည်။ ထိုမေးခွန်းကိုကြားသော အခါ မာမီသည် ဆတ်ခနဲတုန်သွားသည်။ ထို့နောက် စုလှိုင်ကို မကြည့်ဘဲ တိမ်ကြားထဲသို့ခိုဝင်သွားသော လပြည့်ဝန်းကိုမော်ကြည့်ကာ လှောင်ပြုံးလေး ပြုံးလိုက်သည်။

'မာမီ အခု ဘယ်သူ့ကိုမှမချစ်တော့ဘူး'

'ဟင်'

'ဘယ်ယောက်ျားကိုမှ မာမီ မချစ်တော့ဘူး စု၊ ဘယ်သူ့မေတ္တာကိုမှ လည်း မာမီ မယုံတော့ဘူး'

'ဟို ဟို လူကြီးကိုရော'

စုလှိုင်က ထစ်ထစ်ငေါ့ငေါ့မေးသောအခါ မာမီသည် စုလှိုင်ကို ဖျတ်ခနဲလှမ်းကြည့်လေသည်။ ထို့နောက် မချိပြုံးလေး ပြုံးလိုက်သည်။

'ကိုကိုတင်ကိုလား'

'အင်း'

'သူ့ကိုလည်း မာမီမချစ်တော့ပါဘူးကွယ်၊ သူလည်း မာမ့်ကိုမရခဲ့လို့ ခုထိ တမ်းတပြီးစွဲနေတာပါ၊ မာမ့်ကိုသာ စုရဲ့ဒက်ဒီလို ရခဲ့တယ်ဆိုရင် သူလည်း ကောင်းချင်မှကောင်းမှာပေါ့၊ ဒီလိုပဲ မယုံသင်္ကာနဲ့ ချုပ်ချုပ်ချယ်ချယ် လုပ်ချင် လုပ်နေမှာပေါ့'

အပေါ်ထပ်တွင်ရှိသော မာမီကြီး၏အခန်းသည် မီးလင်းနေသည်။ ပြတင်းဝတွင်ရပ်နေသော မာမီကြီး၏သဏ္ဌာန်ကိုတွေ့ရသည်။ နှင်းဆီရုံအောက်ရှိ ခုံတန်းလေးပေါ်မှ လူရိပ်သဏ္ဌာန်နှစ်ခုကို စူးစိုက်ကြည့်ပြီး အကဲခတ်နေဟန်ရှိ လေသည်။ အဘွား၊ အမေနှင့်မြေးတို့သည် ခန္ဓာကိုယ်ချင်း အလှမ်းမဝေးသော် လည်း စိတ်ချင်း ဝေးကွာနေကြသည်။ ဆက်စပ်၍မရသလို ခံစားနေရပြီး စုလှိုင် ၏ ရင်ထဲတွင် ဟာပြီး ပူပူလောင်လောင်ဖြစ်နေလေသည်။

'ဒါပေမဲ့ သူ့အပေါ်မှာ သံယောဇဉ်ဆိုတာတော့ ရှိသေးတာပေါ့၊ မာမီ မညာချင်ပါဘူး'

'ဒက်ဒီကိုတော့ သစ္စာမဖောက်ပါနဲ့ မာမီ'

'သစ္စာ ဟုတ်လား'

မာမီသည် ပြက်လုံးကောင်းတစ်ခုကိုကြားရသလို ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည်။ မာမီ၏ရယ်သံသည် လှောင်ပြောင်သရော် နာကြည်းသော ခံစားမှုများနှင့် ရောထွေးနေဟန်ရှိသည်။

'သူနဲ့မာမီနဲ့ ဘာသစ္စာမှထားခဲ့ကြတာမှမဟုတ်တာပဲ၊ မာမီက ဘာသစ္စာစောင့်နေရမှာလဲ'

'ဘာပဲဖြစ်ဖြစ် ဒက်ဒီဟာ မာမ့်ယောကျ်ား၊ စုရဲ့ဒက်ဒီ'

'ဟုတ်တယ်၊ ဒါပေမဲ့ သူဟာ မာမီတစ်ယောက်တည်းပိုင်တဲ့ ယောကျ်ားမဟုတ်ဘူး၊ စု တစ်ယောက်တည်းပိုင်တဲ့ အဖေလည်း မဟုတ်ဘူး'

မျက်ရည်များနှင့်ရွှန်းစိုနေသော မာမီ၏မျက်လုံးတွင် ရုတ်ခြည်းပင် မျက်ရည်များခန်းခြောက်သွားသည်။ အေးစက်စက်ဖြစ်သွားပြီး ဒေါသရိပ်သမ်းကာ ပြောင်လက်လာလေသည်။

'မာမီက ဒီ့ပြင်မိန်းမတွေနဲ့ဝေပြီး သူ့ကိုပိုင်ရတယ်၊ စုကလည်း ဒီ့ပြင်ကလေးတွေနဲ့ဝေပြီး သူ့ကိုဆိုင်ရတယ်'

စုလှိုင်သည် ခေါင်းကလေးငိုက်ကာ ငြိမ်ကျသွားသည်။

'မာမီရယ်၊ စုကို ဘာလို့ဒီအကြောင်းတွေပြောနေရတာလဲ'ဟု စိတ်ထဲမှ မြည်တမ်း ညည်းညူနေမိသော်လည်း လူကမူ ကျောက်ရုပ်ကလေးလို ငြိမ်နေမိသည်။

ကောင်းကင်တွင် ကြယ်ကလေးများ လင်းလက်နေသည်။ လပြည့်ဝန်း ကမူ တိမ်ကြားထဲမှ ပြန်လည်ထွက်မလာသေးပေ။ နှင်းဆီရနံ့က သင်းသင်းလေး ပျံ့နေသည်။ သင်းသင်းပျံ့ပျံ့ ရနံ့လေးကိုရှူရှိုက်ရင်း မာမီသည် မောဟိုက်လာ သည်။ ကျောက်ဆစ်သားလေးလို ဖြူရော်သွားသော သမီးငယ်၏ မျက်နှာလေး ကို စိုက်ကြည့်ကာ သက်ပြင်းချလိုက်သည်။

'သမီး ဘာမှစိတ်မကောင်း ဖြစ်မနေနဲ့၊ ဖြစ်ခဲ့တာတွေက ဖြစ်ခဲ့ပြီ၊ ပြီးတာတွေက ပြီးခဲ့ပြီ၊ ဘာမှ တတ်နိုင်တာမှမဟုတ်တာကွယ်၊ မာမီလည်း ငယ်ငယ်တုန်းကတော့ စိတ်ကူးယဉ်ခဲ့ဖူးတာပဲ၊ ချစ်သူနဲ့အတူတူ သာယာတဲ့ ချမ်းမြေ့တဲ့ ဘဝလေးကို ထူထောင်မယ် ဘာညာနဲ့ပေါ့၊ ဒါပေမဲ့ ဖြစ်မလာခဲ့ဘူး၊ သမီး အဘွားက ဂုဏ်တွေ ပကာသနတွေကို မက်တော့ မာမ့်ကို ဂုဏ်ပုံ ငွေပုံ၊ ပကာသန ပုံပေါ်မှာ အတင်းတင်ထားခဲ့တယ်၊ မာမီမညာချင်ဘူး စု၊ ဂုဏ် ငွေ ပကာသန

တွေဟာ လူကိုယစ်မူးစေတာတော့ အမှန်ပဲ၊ မာမီလည်း ယစ်မူးခဲ့တာပါပဲလေ၊ ဒါပေမဲ့ အဲဒါတွေဟာ တကယ့်ရင်ထဲက ချမ်းမြေ့မှုကိုတော့ မပေးခဲ့ဘူး'

မာမီသည် စုလှိုင်၏ဆံစလေးများကို သပ်လိုက်သည်။ မာမီ၏မျက်နှာသည် ပြိုတော့မည့်မိုးလို ညိုမှိုင်းရီဝေနေသည်။

'မာမီ တစ်ခုပဲပြောမယ်သမီး၊ ဘယ်ယောကျ်ားကိုမှ မယုံလေနဲ့၊ သူတို့ရဲ့မေတ္တာကိုလည်း ဘယ်တော့မှ မယုံလေနဲ့၊ သူတို့ကိုလည်း ဘယ်တော့မှ ပြန်မချစ်လေနဲ့၊ မရခင်တစ်မျိုး၊ ရပြီးတော့တစ်မျိုး၊ အချိုးပြောင်းကြတာချည်းပဲ'

'ကောင်းတဲ့ယောကျ်ား မရှိနိုင်ဘူးလား မာမီရယ်'

'အင်း၊ ရှိချင်လည်း ရှိမှာပေါ့လေ၊ တစ်ဖက်သတ်ချည်းတော့ မပြောချင်ပါဘူး၊ ဒါပေမဲ့ မာမီတော့ ယောကျ်ားကောင်း ယောကျ်ားမြတ်ရယ်လို့ တစ်ခါမှ မတွေ့ခဲ့ဖူးပါဘူး'

မာမီကြီး၏အခန်းတွင် မီးရောင်ပျောက်သွားပေပြီ။ အိပ်ရာဝင်ပြီထင်ရသည်။ သို့တည်းမဟုတ် မီးမှိတ်ပြီး လူလုံးဖျောက်ကာ ရပ်ကြည့်နေခြင်းဖြစ်ချင်လျှင်ဖြစ်နိုင်သေးသည်။

ခေါင်းရင်းခန်းရှိ ဘုရားခန်းတွင်မူ မှိန်ပျပျမီးလေးကို တွေ့ရသည်။ စုလှိုင်တို့အိမ်ရှိ ဘုရားရုပ်ပွားတော်လေးသည် မျက်နှာငယ်ရှာသည်။ တစ်အိမ်လုံးရှိသမျှ အိမ်သားများက မေ့လျော့ထားကြသောကြောင့်ဖြစ်သည်။ မည်သူကမျှ နေ့စဉ်မှန်မှန် အမှတ်တရ ရှိခိုးကန်တော့လေ့မရှိကြပေ။

'တစ်ခါတလေတော့ စိတ်ရှုပေါက်တယ်၊ ဘဝကို အစက နေသာပြန်ပြီးစလို့ရမယ်ဆိုရင်လေ မာမီဘယ်ယောကျ်ားကိုမှ မယူဘူး'

'ဘာဖြစ်လို့လဲ'

'သူတို့ကိုသာ တစ်ယောက်ပြီးတစ်ယောက် အရူးဖြစ်အောင် လှည့်စားပစ်ပြီး ထိုင်ရယ်နေမှာပဲ သိလား၊ သူတို့တွေဟာ ဒို့တွေ မိန်းမတွေရဲ့ မေတ္တာတွေ၊ စေတနာတွေနဲ့ တန်တာ မဟုတ်ဘူး၊ အလကား တဏှာကျွန်တွေ၊ မာမီ လူတစ်ယောက်ကို ချစ်ခဲ့မိလို့ စိတ်ဒုက္ခရောက်ခဲ့ရတယ်၊ ဒါနဲ့ မပြီးသေးဘူး၊ နောက်တစ်ယောက်ကို ယူခဲ့မိလို့ စိတ်ဆင်းရဲရပြန်တယ်'

တိမ်ကြားထဲက ပြန်လည်ထွက်လာသော လပြည့်ဝန်း၏အလင်းရောင်သည် မာမီ၏မျက်နှာပေါ်သို့ ကျရောက်လာပြန်သည်။ စုလှိုင်သည် ပူလောင် ညစ်ထွေးနေသောစိတ်နှင့် မာမီ့ကိုငေးကြည့်နေမိသည်။ နာနာ ကြည်း

ကြည်းပြောလိုက်သော မာမီ၏စကားသံလေးသည် သူ့နှလုံးသားထဲသို့ တသွင်သွင် စီးဝင်သွားသလို ခံစားရသည်။

'စုကို ကိုယ်ဝန်ရှိတုန်းက မာမီ ဖျက်ချသေးတယ်ဆို'

စုသည် တိုးတိုးလေးမေးလိုက်မိသည်။ မာမီ၏မျက်နှာလေးသည် ဖြူရော်သွားပြီး သက်ပြင်းလေးရှိုက်လိုက်သည်။

'မာမီက သမီးဒက်ဒီကို အဲဒီတုန်းက မုန်းနေတာကိုး'

'မာမီရော ဒက်ဒီရော မချစ်တတ်ကြဘူးနော်'

'အင်း မာမီက ချစ်တတ်ခဲ့ပေမဲ့ နောက်တော့ ပြိုကွဲပြီး ချစ်တယ် ဆိုတာ ဘာလဲ မေ့သွားတယ်၊ သမီးဒက်ဒီကတော့ နဂိုထဲက မေတ္တာတရား မရှိတဲ့ လူစားပဲ၊ သူ လုံးဝမချစ်တတ်ဘူး'

မာမီက ဒက်ဒီကိုအပြစ်ဖို့ကာ ပြောသည်။ စုလှိုင်သည် ရုတ်တရက် မျက်ရည်လည်ကာ ချုံးပွဲချငိုလိုက်ချင်သလို ချောက်ချောက်ချားချား ဖြစ်လာလေသည်။

'စုကိုလည်း ပြောကြတယ် နှလုံးသား မရှိဘူးလားတဲ့'

'ဟုတ်လား'

'နှလုံးသားမရှိရင် သေရောပေါ့၊ အသက်ရှင်ဖို့အတွက်တော့ နှလုံးသား ရှိရမှာပေါ့၊ ဒါပေမဲ့ ချစ်ဖို့အတွက်တော့ မရှိဘူးလို့ စုက ပြန်ပြောလိုက်တယ်'

စုသည် သူ့မျက်ရည်များကို လက်ဖမိုးနှင့် မသိမသာလေးပွတ်သုတ်လိုက်သည်။ ပျံ့ပျံ့သင်းသော နှင်းဆီရနံ့ကိုရှိုက်၍ရှူလိုက်သည်။

'ဘာလို့ အဲဒီလိုပြောတာလဲ စု'

'မာမီရယ်'

စုလှိုင်သည် တစ်ချက်ရှိုက်လိုက်မိသည်။ လုပ်မိလုပ်ရာ နှင်းဆီဖူးလေးကို ကုန်း၍ ခူးကာ လက်ထဲတွင် တင်းတင်းဆုပ်ပြီး ချေမွပစ်လိုက်သည်။

'စု စာအုပ်တစ်အုပ်ထဲမှာဖတ်ဖူးတယ်၊ အချစ်မခံခဲ့ရတဲ့ကလေးဟာ မချစ်တတ်ဘူးတဲ့၊ စုရဲ့နှလုံးသားထဲမှာ မာမီကရော ဒက်ဒီကရော ချစ်တတ်တဲ့ မေတ္တာတရားလေးကို ထည့်မှ မပေးခဲ့ကြတာ'

'သမီး'

မာမီက ကယောင်ကတမ်းလေးအော်လိုက်သည်။ စုလှိုင်သည် သူ့လက်ထဲမှ နှင်းဆီပွင့်ဖတ် ကြေမွမွလေးများကို မြေပေါ်သို့ပေါက်ကြဲချလိုက်ပြီး

ရှိုက်သံနှင့်ပြောသည်။

'ဘယ်ယောကျ်ားကိုမှ မချစ်နဲ့လို့ မာမီက စုကို သတိပေးနေတယ်၊ သတိပေးစရာမလိုပါဘူးမာမီရယ်၊ စု စုလေ ဘယ်သူ့ကိုမှ မချစ်ဘူးသိလား၊ ဘယ်သူ့ကိုမှလည်း မယုံဘူး၊ ယုံရအောင်လည်း မယုံတတ်ဘူး၊ ချစ်ရအောင် လည်း မချစ်တတ်ဘူး'

'သမီးရယ်'

မာမီသည် ခုံတန်းနောက်မှီလေးကို တင်းတင်းဆုပ်ကိုင်ရင်း ကြေကြေ ကွဲကွဲ ညည်းညူလိုက်သည်။ နှစ်ရှည်လများ မျက်ခြည်ပြတ်နေခဲ့သော သမီးငယ် သည် သူ့မိဘများကို စွဲချက်တင်လျက်ရှိပေပြီဟု ချောက်ချားစွာ တွေးလိုက်မိ လေသည်။

'လူတွေကို စုမယုံဘူး၊ လူတွေကို စုမချစ်ဘူး၊ ပျော်နေတဲ့ ရယ်နေတဲ့ လူတွေကို စု မနာလိုဘူး၊ အို သူတို့တွေကို စု ကြည့် ကြည့်လို့မရဘူး၊ သူတို့ ကို စု မုန်းတယ်'

စုလှိုင်သည် ငိုရှိုက်ရင်း နှင်းဆီပွင့်လေးများကို ရိုက်ခြွေလိုက်သည်။ ဖြူလွလွပွင့်ဖတ်ကလေးများသည် မြေပေါ်သို့လွင့်ကြဲပြီး ကျသွားကြသည်။

'မုန်းတယ် သူတို့တွေအားလုံးကို စု သိပ်မုန်းတယ်'

စုလှိုင်သည် သူ့ဘက်သို့လွင့်လာသော နှင်းဆီပွင့်ဖတ်လေးများကို ဖိနပ်နှင့် ဖိပြီး နင်းချေလိုက်သည်။

လသည် တိမ်ကြားသို့ ခိုဝင်သွားသည်။

ကြယ်ကလေးများပင် အရောင်မှိန်သွားသလို ထင်ရသည်။

သင်းပျံ့ပျံ့နှင်းဆီရနံ့လည်း မမွှေးတော့ပေ။

*

'ရုရှားနဲ့အမေရိကန် လပေါ်ကို ဘယ်သူအရင်ရောက်မလဲ'

'ရုရှားရောက်မှာပေါ့'

ညီလင်းက မေးသောအခါ အမာညိုက ခပ်အေးအေးပင်ပြောသည်။ ရုရှားဘက်ကလိုက်ပြောချင်လှသောကြောင့်တော့မဟုတ်ချေ။ သို့သော် ညီလင်းက အမေရိကန်ကိုအထင်ကြီးကြောင်း သိထားပြီးဖြစ်၍ ဆန့်ကျင်ဘက်နေရာမှ ရပ်တည်လိုက်ခြင်းဖြစ်သည်။

'မမကလည်း အမေရိကန် အရင်ရောက်မှာပါဗျာ'

'ငါကတော့ ရုရှားပဲ'

'ကဲ လောင်းမလား'

'မလောင်းပါဘူး၊ ဘာလုပ်ဖို့ အရှည်မရ အဖတ်မရ'

အမာညိုက ငေါက်ဆတ်ဆတ်လေးပြောပြီး စပ်လက်စ ဆေးများကို စုတ်တံနှင့်မွှေနေသည်။ စားပွဲပေါ်တွင်ဖြန့်ထားသောစာရွက်ကို ညီလင်းက ငုံ့၍ ကြည့်လိုက်သည်။ လေးထောင့်တုံးပုံ၊ စတုရန်းလေးများကို အကြီးအသေး ကြည့်၍ ကောင်းအောင် ခဲတံနှင့် ဖွဖွလေးသာ လျာပြီး ဆွဲထားသည်။

'အဲဒါဘာလဲ မမ'

'နက်ဖြန်ခါတင်ရမယ့်ပုံပဲ ငါခုထိ မပြီးသေးဘူး'

'ဘာပုံလဲ'

'ကူးလ်ကာလာကွန်ဘိုင်နေးရှင်း အဲ အေးတဲ့အရောင်တွေကိုကြည့်

ကောင်းအောင်တွဲပြီး ဆွဲရတာလေဟာ'

ညီလင်းသည် အမာညို၏ဆေးခွက်ထဲသို့ လာကြည့်သည်။ အစိမ်းရောင် ဆေးစပ်နေခြင်းဖြစ်သည်။ ဆေးဘူးထဲတွင်ပါသော ရိုးရိုးအစိမ်းကို အမာညို မသုံးပေ၊ အပြာရောင်နှင့်အဝါရောင်စပ်ပြီး ဖက်ဖူးစိမ်းရင့်ရင့်လေး ရအောင် ကြိုးစားပြီး စပ်နေခြင်းဖြစ်သည်။

အမာညို ဒုတိယနှစ်ရောက်သောအခါ ညီလင်းသည် ထူးထူးဆန်းဆန်းများကိုမြင်ရသည်။ ကျော်ထွန်းညိုတုန်းက ဆေးဘူး၊ ဆေးခွက်၊ စုတ်တံများနှင့်အလုပ်လုပ်ရသည်ကို မတွေ့ခဲ့ရဖူးချေ။ အမာညိုလက်ထက်ရောက်သောအခါမှပင် စုတ်တံတစ်ချောင်းနှင့် တကုပ်ကုပ် အလုပ်ရှုပ်လေတော့သည်။ သူ့လွယ်အိတ်ထဲမှ ဘူးလေးထဲတွင်လည်း ခဲတံအမျိုးစုံတွေ့ရသည်။ သံချောင်းနီးနီး မာကျစ်နေသောခဲဆံရှိသည့် ခဲတံမှအစပြု၍ မျက်ခုံးမွှေး ခဲတံလို ခဲသား ထူထူပွပွကြီးများပါသည့် ခဲတံများအထိ အမျိုးပေါင်းစုံလှသည်။

'ကိုကို့တုန်းက မမလို စုတ်တံတွေဘာတွေ မကိုင်ရပါဘူး'

'ဟဲ့ သူက အင်ဂျင်နီယာ၊ ငါက ဗိသုကာ တူတာလိုက်လို့'

'ဘာထူးလို့တုံးဗျ'

'သိပ်ထူးတာပေါ့၊ ငါတို့ခိုင်းတာ သူတို့က လုပ်ရမှာ၊ ငါတို့ဆွဲပေးလိုက်တဲ့ပုံကို သူတို့က ဆောက်ပေးရတာ ဟား ဟား'

'ခွေးမနော် မိညိုနော်'

တစ်ဖက်စားပွဲမှ ကျော်ထွန်းညိုကလှည့်၍မျက်စောင်းထိုးသည်။ အမာညိုက မေးလေးငေါ့ကာ မခံချိမခံသာ ထပ်ပြောသည်။

'ဟုတ်ဘူးလားလို့ဟင်း'

'နင်တို့သာ စိတ်ကူးယဉ်သမားတွေ၊ ဘာမှ လက်တွေ့မသိဘဲ ပေါက်ကရတွေ စိတ်ကူးပြီး ပေါက်ကရတွေ ဆွဲနေတာ'

'ဘာလို့လက်တွေ့မသိရမှာလဲ သိတာမှ သိသိနဲ့တောင်မြည်နေသေးတယ်၊ ဗိသုကာဆိုတာ အနုပညာနဲ့သိပ္ပံပညာရပ်ကို ပေါင်းစပ်ထားတဲ့ပညာရပ်၊ အနုပညာဦးနှောက်ရှိရမယ်၊ သိပ္ပံပညာကို လက်တွေ့ တတ်ရမယ်၊ ဒီမှာ ကြည့်ထားပါ ကိုကိုရ၊ အမျိုးသမီးဗိသုကာကြီး အမာညိုဆောက်မယ့် အဆောက်အအုံတွေကို စောင့်ကြည့်ပါ'

'အေး စောင့်ပြီးကြည့်ရုံပဲ ကြည့်မယ်၊ နင်ဆောက်တဲ့အိမ်မှာ နေရမယ်

ဆိုရင်တော့ မနေဘူး'

'ဘာဖြစ်လို့'

'စိတ်ကူးယဉ်ချင်တိုင်း ယဉ်ပြီးဆွဲတာ၊ ခိုင်ပါ့မလားဟ၊ပြုံမှာပေါ့'

'အောင်မာ အောင်မာနော်'

အမာညိုသည် မခံချင်စိတ်နှင့်ဆေးခွက်လေးကိုတအားမွှေလိုက်သည်။ ကျော်ထွန်းညိုကို အပြစ်ပြော၍ မရပေ။ သူတို့ဗိသုကာ လူနည်းစုလေးသည် အင်ဂျင်နီယာ လူများစုထဲတွင် စိတ်ကူးယဉ်သမားများအဖြစ် အသတ်မှတ်ခံနေရသည်မှာလည်း တကယ်ပင်ဖြစ်သည်။ မတရားကြီး သတ်မှတ်သည်တော့လည်း မဟုတ်ပေ။ သူတို့အားလုံး အနည်းနှင့်အများ စိတ်ကူးယဉ်ကြသည်။ နုကြသည်။ သင်္ချာတွက်ရမည့်အစား ပုံသာဆွဲချင်ကြတော့သည်။ စတူဒီယိုခေါ် ပုံဆွဲခန်းကလေးကို ကိုယ်ပိုင်ရကြလေတော့လည်း အခြား ကျောင်းချိန်များကိုပင် မတက်ဘဲ ကိုယ်ပိုင်အခန်းတွင် ကိုယ် ဆွဲချင်ရာပုံကို တကုပ်ကုပ်နှင့် ဆွဲလေ့ရှိကြသည်။ ထို့ကြောင့်လည်း စာမေးပွဲများတွင် အမှတ်စာရင်း ကြေညာသောအခါ ဗိသုကာများက ရှေ့ဆုံးမှနေပြီး ဂရိတ်ဝမ်းတွေ၊ တူးတွေ စီနေအောင် ရပြကြလေသည်။ သူတို့ဘာသာတွေကို ဝမ်းတွေ၊ တူးတွေရအောင်ဖြေပြီး ပုံဆွဲရန်သာ စိတ်ဝင်စားနေသော ဗိသုကာကျောင်းသားများကို ဆရာများကလည်း သဘောမတွေ့လှပေ။ အမာညို ကိုယ်တိုင်လည်း စုတ်တံများ ပုံဆွဲခဲတံများနှင့်သာ ပျော်နေသည်။ ယခင် သင်္ချာတော်သော်လည်း ယခုသိပ်ပြီးမတော်တော့ပေ။ ဆရာက သင်္ချာသင်နေသော်လည်း သူက ဆွဲရမည့်ဒီဇိုင်းကိုသာ စဉ်းစားနေသည့်အတွက် ဖြစ်သည်။ ဒါတောင်မှ သူတို့တစ်တွေ အဆောက်အအုံပုံများ ရေးဆွဲရသည် မဟုတ်သေးပေ။ အရောင်အကြောင်းကိုသာသင်ရပြီး အရောင်နိုင်နင်းအောင်၊ အလင်း အမှောင် သဘောတရားလောက်ကိုသာ တီးမိခေါက်မိအောင် ရေးဆွဲနေရခြင်းဖြစ်သည်။

'အေးတဲ့အရောင်ဆိုတာ ဘာလဲ မမ၊ ရေခဲတုံးအရောင်လား'

'နှင့်ဘိုးအေမှပဲ၊ မျက်စိအေးတဲ့အရောင်တွေကိုပြောတာဟဲ့၊ အပြာတို့ အစိမ်းတို့ပေါ့၊ အဖြူလည်း ပါတယ်'

'မမစုလှိုင် ဟိုတစ်နေ့ကဝတ်ထားတာ အင်္ကျီအပြာလေးနဲ့ထဘီအပြာလေးလေ ဖဲကြိုးကလည်းအပြာ၊ တစ်ကိုယ်လုံးအေးနေတာပဲ၊ လှတယ်ဗျနော'

ရုပ်ရှင်ကြည့်ခဲ့ရသောနေ့ကို ညီလင်းက အမှတ်တရပြောသည်။ စုလှိုင်

၏ အမည်ကိုကြားသောအခါ ကျော်ထွန်းညိုကလည်း မသိမသာ လှည့်ကြည့်လေသည်။

'သူ့အဖေက မိန်းမတွေ အများကြီးဗျ'

'နင်ဘယ်လိုလုပ်သိလဲ'

'သိတာပေါ့ ဒီလိုပဲပေါ့၊ တစ်နေ့ကတောင် ကားနဲ့ဖြတ်သွားတာ တွေ့လိုက်သေးတယ်၊ သူ့အဖေနဲ့မိန်းမတစ်ယောက်၊ ကလေးလေး တစ်ကောင်လည်း ပါတယ်'

'ဟုတ်လား'

'ကျွန်တော့်သူငယ်ချင်းကပြောတယ်၊ ဦးသာလှိုင်နဲ့ သူ့နံပါတ် ၂ တဲ့'

အမာညိုသည် ဆေးကို စိတ်တိုင်းကျစပ်၍ ရသွားပြီဖြစ်သဖြင့် စုတ်တံလေးနှင့်တို့ယူကာ စာရွက်ပေါ် တင်လိုက်သည်။ ဘေးဘက်သို့ စွန်းမထွက်ရန် သတိထားပြီး လက်ကိုငြိမ်ငြိမ်ထား၍ခြယ်ရသည်။ အမာညိုပုံဆွဲလျှင် မျက်တောင်ခတ်ရန်၊ အသက်ရှူရန် မေ့နေတတ်သည်။

မေမေကြီးသည် မြေပဲလှော် တစ်ပန်းကန်ကိုင်ကာ စာကြည့်ခန်းထဲသို့ တလှုပ်လှုပ်ဝင်လာသည်။ သူ့မြေးများစာကျက်နေစဉ် အဆာပြေစားသောက်ရန်ဖြစ်သည်။

'ဘယ်သူ့နံပါတ် ၂ လဲ'

မေမေကြီးက နားစွန်နားဖျားနှင့် ဝင်မေးသည်။ သူ့မြေပဲလှော်ပန်းကန်ကို မည်သူမျှမနှိုက်သေးခင် သူကအရင် လက်တစ်ဆုပ်နှိုက်ကာ တဖောက်ဖောက် ဝါးစားရင်း အမာညိုဆွဲနေသောပုံကို ကုန်း၍ကြည့်သည်။

'မမရဲ့သူငယ်ချင်းရဲ့အဖေက မိန်းမပွေတယ် မေမေကြီးရ၊ မိန်းမနှစ်ယောက် သုံးယောက်နဲ့'

'ဟုတ်လား သူ့သားသမီးတွေတော့ ဒုက္ခပဲ'

မေမေကြီးသည် အမာညို၏ဘေးတွင် ဝင်၍ ထိုင်သည်။ ကရမက်နံ့က တသင်းသင်း ဝေ့လာသည်။ အမာညိုသည် ကရမက်နံ့သင်းသင်းကို ရှူရှိုက်ရင်း နမြောနေသည်။ မေမေကြီးသည် ဝသဖြင့် သူ့တစ်ကိုယ်လုံး မပြောနှင့် ပေါင်တစ်လုံးစာရအောင်ပင် အမာညို မနည်းသွေးရလေသည်။ မေမေကြီးကလည်း ဘာလိမ်းလိမ်း ခြေဆုံး ခေါင်းဆုံး မွှေးကြိုင်နေအောင် လိမ်းတတ်သူမို့ တစ်ကျောက်ပျဉ်လုံး ကုန်အောင်လိမ်းရသည်။ လိမ်းပြီး သုံးလေးရက် ရေမချိုးဘဲ

နေလျှင် ကိစ္စမရှိ၊ ဒီနေ့လိမ်းကြီးပီး နက်ဖြန်ရေချိုးချလိုက်ပါက အမာညို နမြော၍ မဆုံးတော့ပေ။

'မိဘတွေ အိမ်ထောင်ရေး အဆင်မပြေရင် သားသမီးတွေ အင်မတန် ဒုက္ခရောက်တယ် စိတ်အားငယ်ရတယ်'

'အေးဗျ ဖေဖေသာ နောက်မိန်းမယူရင် ဒုက္ခ၊ ပွေရင်ဒုက္ခ၊ ရှက်စရာ ကြီး'

'ဒီလိုပဲပေါ့ သားငယ်ရဲ့၊ အိမ်ထောင်တစ်ခုဆိုတာ တစ်ယောက်နဲ့ တစ်ယောက် အမှီသဟဲပြုနေကြရတာပဲ၊ မိဘမကောင်းရင် သားသမီးကို ထိခိုက်တာပဲ။ သားသမီးမကောင်းရင်လည်း မိဘကိုထိခိုက်တာပဲ၊ အလုပ်တစ်ခု လုပ်မယ် ကြံရင် ကိုယ်သာမက ကိုယ့်မိသားစုရဲ့အရေးကိုပါ တွက်ရစဉ်းစားရမှာပေါ့'

အမာညိုသည် စုတ်တံလေးကို ခွက်ထဲပြန်ချကာ အသက်ကို တစ်ဝကြီး ရှိုက်၍ရှူလိုက်သည်။ ဖက်ဖူးရောင် ရင့်ရင့်လေးထောင့်ကွက်ကလေးသည် အဖြူရောင်စက္ကူထဲမှ ကြွ၍ထွက်လာဟန်ရှိသည်။

'အထူးသဖြင့် မိဘတွေ အိမ်ထောင်ရေး အဆင်မပြေရင် သားသမီးကို သိပ်ထိခိုက်တာပေါ့၊ အဲဒီလို ကလေးမျိုးဟာ စိတ်ဓာတ်တွေ ချွတ်ယွင်းတတ်တယ်၊ တစ်ကိုယ်ကောင်း ဆန်တတ်တယ်လို့ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတယ် မေကြီးရဲ့'

ကျော်ထွန်းညိုက ပြောသည်။ နေရာမှ ထလာကာ မြေပဲတစ်ဆုပ်ကို လှမ်း၍ နှိုက်လိုက်လေသည်။ အမာညိုသည် လက်တွင်စွန်းပေနေသော ဆေးများကို ထဘီနှင့်သုတ်မည်ပြုပြီးမှ မေမေကြီးလှမ်းကြည့်နေသည်ကို သတိပြုမိသောကြောင့် စားပွဲပေါ်ရှိ အဝတ်စုတ်နှင့်သုတ်လိုက်သည်။ ထို့နောက်မှ မြေပဲလှော် လှမ်းနှိုက်ကာ အခွံပါးလေးများကိုမချွတ်ဘဲ ပါးစပ်ထဲသို့ ပစ်ထည့်လိုက်သည်။

'ကလေးတွေရဲ့ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုလေးတွေဟာ ဖယောင်းရုပ်ကလေးတွေလိုပဲ သားရဲ့၊ လူကြီးက ပုံသွင်းသလိုဝင်သွားတာ၊ ပစ်ထားရင်လည်း ပစ်ထားသလို ပုံပျက်ပန်းပျက်ကလေးဖြစ်သွားရော'

'ကျွန်တော်တို့ကိုရော မေကြီး ပုံသွင်းရသေးလား'

ညီလင်းက ဝင်မေးသည်။ စာကျက်ချိန် လေပေါရမည်ဆိုလျှင် ညီလင်းတို့က ရှေ့တန်းမှ စိတ်ပါလက်ပါ လေပေါလေ့ရှိသည်။

'သွင်းရပြီလားတော်၊ ဟောဒီ ကိုကျော်ထွန်းညို ငယ်ငယ်တုန်းကဆို ကြောက်တတ်လိုက်တာ ကမ်းကုန်ရော၊ ကျုပ်မှာ သူ့ကို ရဲစိတ်ရဲမာန်တက်လာအောင် ပြောလိုက်ရတဲ့ပုံတွေ၊ ဗန္ဓုလတို့၊ သမိန်ဗရမ်းတို့ကိုစုံလို့၊ ပြောစရာကုန်တော့လည်း ထွင်ပြီး သူရဲကောင်းပုံတွေ ပြောပြလိုက်ရတာ၊ ဒီတော့လည်း ရဲစိတ်ရဲမာန်တွေတက်ပြီး ရန်ဖြစ်လိုက်တာ ပွဲတိုင်းကျော် ငပွကြီးဖြစ်လာပြန်ရော၊ တစ်ခါထဲ ကျုပ်လည်း မျက်လုံးမျက်ဆန်ပြူးပြီး သူရဲကောင်း စိတ်ဓာတ်ဆိုတာ ဘယ်လို၊ သတ္တိဆိုတာ သည်းခံခြင်းကိုခေါ်တယ်၊ ဘာညာနဲ့ကျုပ်ခမျာကြီးမှာ ခန္တီစပုံပြင်တွေပြောရပြန်ရောတော့'

မမကြီးက ဟန်နှင့်ပန်နှင့်ပြောသည်။ အမာညိုတို့ မောင်နှမတွေသည် အုန်းခနဲ ရယ်လိုက်မိကြလေသည်။ မမကြီးပြောသော ပုံပြင်များ၏ အဓိပ္ပာယ်ကို ခုမှပင် ရေးရေး သဘောပေါက်မိကြတော့သည်။

'ဟောဒီကောင်မလေး အမာညိုကျတော့တစ်မျိုး၊ မိန်းကလေးတန်မဲ့နဲ့ အင်မတန် သတ်ချင် ဖြတ်ချင်တယ်၊ ပိုးဟပ်မြင်ရင်လိုက်ပြီး ဖနောင့်နဲ့ ပေါက်တတ်တာ ငယ်ငယ်လေးကတည်းကအကျင့်၊ နောက်ပြီး အာကြမ်းလျှာကြမ်းနဲ့ အဆဲက သန်သေးတယ်၊ ဘယ်က တတ်လာတာတွေမှန်းလည်း မသိဘူး၊ ဖေရော မောင်ရော မိုးမွှန်အောင်ဆဲလွှန်းလို့ နာနာရိုက်ရတာ မှတ်မိလား မိညို'

အမာညိုသည် သူ့မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ရယ်မောရင်း ခေါင်းညိတ်ပြလိုက်သည်။ အမာညိုငယ်စဉ်က အလွန်အဆဲသန်ခဲ့သည်။ သူငယ်ချင်းတစ်ဦးဆီမှ တတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာတို့သည် ကမ္ဘာပေါ်တွင် နစ်နစ်နာနာ အဆဲတတ်ဆုံးလူမျိုးဖြစ်သည်။ အခြားလူမျိုးများက ခွေး၊ နွား၊ တိရစ္ဆာန်များနှင့်သာ နှိုင်း၍ဆဲဆိုတတ်သည်။ အလွန်ဆုံး မိဘကို ထိခိုက်၍ ဆဲသည်။ ကိုရွှေမြန်မာများလိုတော့ သားနှင့်အမိ၊ မောင်နှင့်နှမ၊ အဖေနှင့်သမီး ရက်ရက်ရောရောပေးစား၍ မဆဲတတ်ကြချေ။ ဆဲဆိုသော စကားလုံးများ၏ အဓိပ္ပာယ်ကို နားမလည်သော်လည်း အမာညိုငယ်ငယ်က ဆဲနည်းအစုံတတ်ခဲ့သည်။ အိမ်တွင် ပြန်လာပြီး နှုတ်စွမ်းပြမိသဖြင့် ကြိမ်နှင့် အနှက်ခံခဲ့ရလေသည်။

'အဲဒီတုန်းကသာ လွှတ်ပေးခဲ့ရင်၊ ခုအချိန်ဆို မိရွှေညိုပါးစပ်ကို ငါးစိမ်းသည်တောင် မီမှာမဟုတ်ဘူး၊ နောက်ပြီး ညီလင်းကျတော့တစ်မျိုး၊ မဟုတ်တာကို အင်မတန်လုပ်ချင်တယ်'

'ဟာ မကြီးကလဲ'

'မဟုတ်ဘူးလား၊ လူကြီးစကားဆို နည်းနည်းမှ နားမထောင်ချင်ဘူး၊ မလုပ်ပါနဲ့ဆို လုပ်ချင်တယ်၊ ဖရဲသီးစားပြီး ဘဲဥမစားရဘူးဆိုတာ ခိုးစားလို့ သေခါနီးဖြစ်တာရော မှတ်မိသေးလား'

သူများအလှည့်တုန်းက တဟားဟား ရယ်ခဲ့သော ညီလင်းသည် သူ့အလှည့်ကျသောအခါ ခေါင်းပုပြီး ပြုံးဖြဲဖြဲလေးလုပ်နေသည်။

'အစပိုင်းတော့ ညီလင်းလည်း ကောင်းကောင်း အဆော်ခံရတာပဲ၊ တစ်ခါကလည်း အိမ်ရှေ့ပန်းအိုးထဲက နှင်းဆီပင်ကို လူကြီးတွေအလစ်မှာ မြေလှန်ပြီးတူးပစ်တယ်၊ သူ့အမေဆို ရင်ဘတ်စည်တီးပေါ့၊ အမျိုးကောင်းကောင်း၊ ပွင့်ခါနီးလေးလေ၊ ဘာလုပ်တာလဲဆိုတော့ နှင်းဆီပင်ရဲ့အမြစ်ဟာ ဘယ်လို ဖြာသွားလဲ သိချင်လို့တဲ့၊ နောက်တော့ သူ့အဖေက သူ့မှာ စူးစမ်းတတ်တဲ့ အကျင့်ရှိတယ်ဆိုတာသတိထားမိသွားတယ်၊ ဒါကြောင့် သူ့ကို အမြဲလေးလေးစားစားနဲ့ ရှင်းပြရတယ်၊ မင်းဂွတ်သီးစားပြီး သကြားမစား ရဘူးလို့ သာမန်မပြောတော့ဘဲ အဲဒီလိုဆိုရင် အဆိပ်ဖြစ်တတ်တယ်၊ သေတတ်တယ်လို့ ပြောရတယ်၊ အဲဒီလို သေသေချာချာရှင်းမပြရင် ကိုစူးစမ်းလေးက သကြားခိုးစားပြီသာ မှတ်ပေရော့'

'ဟုတ်ပါတယ်မေကြီးရ၊ ကျွန်တော် ဘဲဥခိုးစားတုန်းကလည်း ဘာဖြစ်မလဲ သိချင်လို့ စားတာပါ'

ညီလင်းက ခုမှပင်လျှောက်လဲချက်ပေးနိုင်တော့သည်။ မေမေကြီးသည် ညီလင်းကို မျက်စောင်းခဲလိုက်ရင်း ရယ်သည်။

'ဟုတ်ပါတယ်တော်၊ ဒါပေမဲ့ အဲဒီအကျင့်ကို မသိဘဲ လွှတ်များ ပေးခဲ့ရင် ခုလောက်ဆို ကိုစူးစမ်းလေး သေနေလောက်ပါပြီ၊ နင်တို့အဖေက အဲဒီ မဟုတ်တရုတ်စူးစမ်းတတ်တာကို သတိထားမိလို့ သိပ္ပံစာအုပ်တွေဝယ်ပေး၊ စိုက်ပျိုးရေး စာအုပ်တွေဝယ်ပေးနဲ့ နည်းမှန်လမ်းမှန် အကျိုးရှိရှိ စူးစမ်းတတ်အောင် ပြုပြင်ခဲ့ရတာ'

ရေဒီယိုမှမြန်မာပိုင်းအစီအစဉ်များပြီးဆုံးသွားပြီး အင်္ဂလိပ်ပိုင်းအစီအစဉ် စသော ဆိုင်းသံကို ကြားရသည်။ ကိုးနာရီထိုးပေပြီ။ အမာညိုသည် ဆွဲလက်စ ပုံကို ကြည့်၍ စိတ်ညစ်သွားရှာသည်။ ဘာမှမပြီးသေးချေ၊ သန်းခေါင်ကျော် အောင် ဆွဲရတော့မည်ကား ကျိန်းသေသည်။

'ဒါကြောင့်ပြောတာပေါ့ ကလေးတစ်ယောက်ရဲ့စိတ်ဓာတ်ဟာ ငယ်

ငယ်ကတည်းက ပုံဝင်သွားတာပဲလို့၊ ဆိုးတာ ကောင်းတာ၊ မြင့်မြတ်တာ၊ ယုတ်မာတာတွေဟာ သူ့ရဲ့နှလုံးသားထဲမှာ အဲဒီအရွယ်ကလေးကတည်းကစပြီး စွဲထင်ပုံဝင်သွားပြီလေ၊ ကဲကွယ် ဘုရားရှိခိုးရဦးမယ်'

မေမေကြီးသည်နေရာမှ လေးပင်စွာထလိုက်သည်။ ငါးပါးသီလနှင့် ဘုရားရှိခိုးပေါင်းစုံသာမက ဓမ္မစကြာပါ အစအဆုံးရွတ်တတ်၍ မေမေကြီး ဘုရားရှိခိုးလျှင် အချိန်အတော်ကြာလေသည်။

'ကလေးဘဝဟာ တော်တော်အရေးကြီးတာပေါ့နော် မေကြီး'

ညီလင်းက တွေးတွေးဆဆလေးပြောလေသည်။ ကျော်ထွန်းညိုကမူ မြေပဲကိုမြုံ့၍ဝါးနေရင်း အငြိမ်ကြီးငြိမ်နေသည်။

'ဒါပေါ့ကွဲ့ ကလေးဘဝဟာ အင်မတန်အရေးကြီးတာပေါ့၊ သူ့ရဲ့ စိတ်ခန္ဓာကျန်းမာမှုကို အဲဒီအချိန်မှာတည်ဆောက်ရတယ်'

'စိတ်ခန္ဓာကျန်းမာမှု'

အမာညိုက တိုးတိုးလေး ရေရွတ်လိုက်မိသည်။ မေမေကြီး၏ စကားလုံး သုံးနှုန်းပုံလေးကို သဘောကျသွားသည်။

'လူကြီးဘဝဆိုတာက အဲဒီကလေးဘဝတုန်းက တည်ဆောက်ခဲ့တဲ့ အဆောက်အအုံက ထင်ဟပ်တဲ့ အရိပ်'

မေမေကြီးသည် မြေပဲလှော် သုံးလေးစေ့လှမ်းနှိုက်ကာ အခန်းထဲမှ ထွက်သွားသည်။

အမာညိုတို့မောင်နှမသုံးဦးသည် တစ်ဦးနှင့်တစ်ဦးလှမ်းကြည့်ကာ သက်ပြင်းလေး ရှိုက်လိုက်မိကြသည်။ သူတို့သုံးဦးလုံး စုလိုင်ကို သတိရမိသော်လည်း နှုတ်မှဖွင့်ဟ၍ မပြောမိကြပေ။ ညီလင်းကမူ အသက်ရှူရသည်ကို ကျဉ်းကျပ်လာသလို ပြတင်းပေါက်ကိုတွန်း၍ဖွင့်လိုက်သည်။

လေပြည်အေးက အခန်းထဲသို့ သုတ်ခနဲ ပြေးဝင်လာသည်။ ပြတင်းပေါက်တွင်ဆွဲထားသော ခရုခန်းဆီးလေးမှ ခရုခွံလေးများ အချင်းချင်းရိုက်ခတ်ကာ အသံမြည်သွားသည်။

အမာညိုသည် ဆွဲလက်စ ပုံလေးကိုစိုက်ကြည့်ရင်း ရင်ထဲမှရေရွတ်နေမိသည်။

'လူကြီးဘဝဆိုတာ ကလေးဘဝရဲ့ အရိပ်တဲ့'

*

'သက်သက်ရေ'

အခန်းအပြင်ဘက်မှ ခေါ်သံကိုကြားရသည်။ ဦးစိတ်တို၏အသံဖြစ်သည်။ ဦးစိတ်တိုဟု ဆိုသောကြောင့် ယောကျာ်းဟု ထင်မှတ်လိုက်လျှင် မှားပေမည်။ ကာတွန်းဦးအောင်ရှိန်၏ ဦးစိတ်တိုနှင့်မျောက်ညိုက ကာတွန်းထဲက ဦးစိတ်တိုလို ပါးစုန့်ဖောင်းဖောင်း၊ ဝတုတ်တုတ်ကလေးမို့ အများက အပ်နှင်းသော ဦးစိတ်တိုဟူသောအမည်ကို ခံယူသွားရရှာခြင်းဖြစ်သည်။ အမည်ကသာ ဦးစိတ်တိုဟုခေါ်ရသော်လည်း သူ့ခမျာ အလွန်စိတ်ရှည်သော သူနာပြုသင်တန်းသူလေး ဖြစ်လေသည်။ သူ့အမည်ရင်းသည် နော်အေးမြ ဖြစ်သည်။

'အခန်းတံခါး ပိတ်မထားဘူး၊ တွန်းဝင်ခဲ့'

သက်သက်က ကျက်လက်စ မှတ်စုစာအုပ်မှ မျက်နှာလွှဲလိုက်ရင်း ပြောလိုက်သည်။ နော်အေးမြသည် အခန်းတံခါးကိုတွန်းဖွင့်ပြီး ခေါင်းလေး ပြူကြည့်သည်။

'ဟေး နင့်ဆီမှာ အုန်းဆီရှိလား ဟေ'

'ရှိတယ် ရှိတယ်'

'ငါ့နည်းနည်းပေးနော'

'ယူပါ ဦးစိတ်တိုရဲ့ အဲဒီစင်လေးပေါ်မှာ၊ ပုလင်းလိုက်ပဲ၊ လိမ်းချင်သလောက် လိမ်း'

နော်အေးမြသည် အခန်းထဲသို့လှမ်းဝင်လာပြီး သက်သက်၏ခုတင်ဘေးတွင် ဝင်ထိုင်လိုက်သည်။ အုန်းဆီကို လက်ခုပ်ထဲသွန်ချပြီးမှ ငယ်ထိပ်ကို

ဖိပြီး နာနာပွတ်လိုက်သည်။

'နေ့ခင်းက ပေးရှင့်အိတ်စပါရာဖြစ်လို့၊ ငါ့မှာ လန့်လိုက်တာဟယ်၊ ခေါင်းထဲမှာ မီးတောက်ကြီး ထသွားသလိုပဲ'

'ဘာရောဂါလဲ'

'သိပါဘူးဟယ် ကားတိုက်ပြီးရောက်လာတာဟ၊ အတွင်းကြေကြေ ကုန်တယ် ထင်တာပဲ၊ သွေးတွေအန်တယ် သွေးဝမ်းတွေသွားတယ်ဟယ်၊ သနားပါတယ်၊ ငါမကြည့်ရက်ပါဘူး'

သက်သက်တို့ သင်တန်းတက်စ သင်တန်းသူလေးများသည် ငယ်နုကြသေးသည်။ မျက်စိရှေ့တွင် သေကြေ၊ အသက်ထွက်သည်များကို မမြင်ဖူးသူများလေသည်။ ထို့ကြောင့် သင်တန်းတက်စအချိန်တွင် မြင်ရ တွေ့ရသောအခါ မမြင်ဝံ့ မမြင်ရက် ဖြစ်တတ်ကြလေသည်။ သက်သက် ကံကောင်းသေးသည်ဟုဆိုရမည်။ သူ့မျက်စိရှေ့တွင် အသက်ထွက်သွားသည်ကို မကြုံရသေးချေ။

'ယောကျ်ားလား မိန်းမလား'

'ယောကျ်ားတဲ့ ဟိုလေ အက်ဒီဆင်ရဲ့အစ်ကိုတဲ့၊ အက်ဒီဆင်တောင် ရောက်လာသေးတယ်'

'ဟယ် အက်ဒီဆင့် အစ်ကိုလား'

အက်ဒီဆင်သည် သက်သက်တို့နှင့်အတူတူ စတင်၍သင်တန်းတက်ခဲ့သော သူနာပြုသင်တန်းသားဖြစ်သည်။ သို့သော် သုံးလတက်အပြီး၌ စာမေးပွဲဖြေသောအခါတွင် ကျရှုံးပြီး ဆက်တက်ခွင့်မရဘဲ ထွက်လိုက်ရရှာသည်။ သူ့ခမျာ ယောကျ်ားလေးပင်ဖြစ်သော်လည်း သူနာပြု ဝါသနာပါလွန်းသောကြောင့် သင်တန်းတက်ခြင်းဖြစ်သည်။ သင်တန်းသူ ငါးဆယ် ခန့်တွင် ယောကျ်ားဟူ၍ ရှားရှားပါးပါး သုံးဦးတည်းသာ ပါသဖြင့် သူတို့ကို သက်သက်က အသေအချာမှတ်မိလေသည်။ 'လုပ်ချင်တာကတော့ ဆရာဝန်ပေါ့၊ ဒါပေမဲ့ ကျွန်တော်တို့က ဆင်းရဲတယ်၊ မိဘမရှိဘူး၊ အစ်ကိုက ကျောင်းထားပေးတယ်၊ ဆရာဝန်ဖြစ်အောင် ဘယ်လိုလုပ်သင်ရမလဲ၊ သူနာ ပြုဖြစ်ရင် တော်ပါပြီ' ဟု ခပ်လေးလေးနှင့် ထစ်ထစ်ငေါ့ငေါ့ပြောသော သူ့စကားသံကို သက်သက်ကြားယောင်မိသေးသည်။ ရေးဖြေအပြီး နှုတ်ဖြေတွင်မှ သူ့ခမျာ ကြောက်ကြောက်နှင့် စကား မထွက်ဘဲ ထစ်နေရှာသည်။ စကားထစ်သည်ကို ထစ်သည်ဟု မသိသော ဆရာများကလည်း သင်ခဲ့သော စာများ လုံးဝမကြေညက်၍ တစ်ခွန်းမှမဖြေနိုင်ခြင်းဖြစ်သည်

ဟု မှတ်ယူပြီး အောင်မှတ်မပေးခဲ့ခြင်းဖြစ်သည်။ သူကလည်း သူထစ်ကြောင်း ပြောပြရန် ဝန်လေးပြီး ရှက်နေခဲ့လေသည်။

'သူ့ကို ကျောင်းထားပေးတယ်ဆိုတဲ့ အစ်ကိုထင်တယ်နော်'

'အေး ဟုတ်မှာပေါ့ဟယ်'

နော်အေးမြသည် ဟထိုးသံကို မပြောတတ်ပေ၊ ဟထိုးဖြုတ်ပြီး ဝဲဝဲ လေးပြောလေ့ရှိသဖြင့် နားထောင်၍ တစ်မျိုးကောင်းလေသည်။

'သူလည်း သူ့အစ်ကိုအလောင်းကိုစိုက်ကြည့်ပြီး မျက်ရည်တွေကျနေ တယ် ငါလည်း ရောပြီးငိုရော'

သင်တန်းမှ အရှုံးနှင့်ထွက်သွားရသော အက်ဒီဆင်ကို သူတို့အားလုံး သနားပြီး ကရုဏာသက်မိကြသည်။

နော်အေးမြသည် မျက်ရည်လေးဝဲဝဲနှင့်ပြောရင်း အုန်းဆီပုလင်းလေး ကို အသေအချာပြန်ပိတ်လိုက်သည်။ အုန်းဆီဝပြီး ပြောင်လက်လာသော ဆံပင် ပျော့ပျော့လေးများသည် သင်းပျံ့လာသည်။ သဇင်ပန်းလေးများကို အခြောက်ခံ ပြီး အုန်းဆီပုလင်းထဲထည့်စိမ်ထားခြင်းကြောင့် သဇင်ပန်းရနံ့လေးများ သင်း သင်းလေး မွှေးပျံ့နေလေသည်။

'သနားပါတယ်ဟယ် သူအခု ဘာလုပ်နေတယ်တဲ့လဲ'

'ဟယ် ဘယ်လိုလုပ်မေးရမှာလဲ၊ သူ့အစ်ကို သေနေတာကို ငါက ဟဲ့ နင် ဘယ်မှာလုပ်နေသလဲလို့ သွားမေးရမှာလား'

နော်အေးမြက မျက်လုံးလေးပြူး၍ပြောသည်။ ထို့နောက် သက် သက်၏ မှတ်စုစာအုပ်ကလေးကို ကဲ၍ကြည့်သည်။ လူ၏ခန္ဓာကိုယ် တည် ဆောက်ပုံကိုဆွဲထားသောပုံကို တွေ့ရလေသည်။ စာသင်ခန်းထဲတွင် အရိုးစုကြီး ချိတ်ဆွဲထားသည်။ သက်သက်က ထိုအရိုးစုကို ကြည့်၍ ကူးဆွဲထားခြင်း ဖြစ် လေသည်။ သိသင့် မှတ်သင့်သော အရိုး အကြော အဆစ်အမြစ်များကို မြား လေးများပြပြီး သပ်သပ်ရပ်ရပ်ရေးမှတ်ထားလေသည်။

'ဟော အိတ်အော့ဖ်သမားတွေလာပြီ'

ဆူဆူညံညံ ဖိနပ်သံများကိုကြားရသောအခါ သက်သက်က ခေါင်း ထောင်ကြည့်ရင်းပြောလိုက်သည်။ ဆေးရုံတွင် ဆရာဝန်များနည်းတူ သူနာပြုများ သည်လည်း အစဉ်ရှိနေရမည်ဖြစ်၍ အလုပ်ချိန်ကို နေ့လုံးပတ်လည် လှူလဲနှင့် ဆက်ထားရသည်။ ယခုအပတ်အဖို့ သက်သက်တို့သည် နံနက် ခုနစ်နာရီမှ

လေးနာရီအထိဆင်းရသည်။ အချို့က ညရှစ်နာရီမှ ပြီးသည်။ နိုက်ဂျူတီသမား ကလည်း ညရှစ်နာရီမှ နံနက်ရှစ်နာရီအထိ ဆင်းရသည်။ ထို့ကြောင့် သာမန် ကျောင်းဆောင်များလို သူတို့သူနာပြုဆောင်သည် ညအချိန်၌ လူစုံလေ့မရှိပေ။ နိုက်ဂျူတီသမားများက ထာဝစဉ်ပင် လျော့နေလေသည်။

'ပင်ပန်းတယ်ကွယ် ညီမလေးတို့ရေ'

ဒုတိယနှစ်မှ အစောထွေးက အခန်းတံခါးများကို လက်နှင့်လျှောက် ထုသွားရင်းအော်လေသည်။ သူသည် ပုသိမ်ခရိုင် ငပုတောမြို့နယ်မှ သင်တန်း လာတက်သောသူဖြစ်သည်။ သားငါးပေါများသော မြစ်ဝကျွန်းပေါ်ပိုင်းမှ လာ သူဖြစ်၍ ထမင်းဝိုင်းထိုင်တိုင်း ပုစွန်တုပ်ဟင်းကို တောင့်တလေ့ရှိသူဖြစ်သည်။

'ဟေး ညီမလေး ရေခွက်ခဏလောက်ယူမယ်နော'

'ယူ မမ ယူပါ'

ရိစီသည် အခန်းထဲသို့ဝင်လာကာ ခုတင်အောက်မှ ရေခွက်နှင့်ရေပုံး ကို ငုံ့၍ဆွဲယူလိုက်သည်။ ထဘီရင်လျားထားပြီး မျက်နှာသုတ်ပဝါတိုတိုလေး ကို မလုံ့တလုံခြုံထားသည်။ သူတို့သည် ဆေးရုံကြီးအရေးပေါ်ဌာနသို့ ဆင်းနေရ သော အုပ်စုဖြစ်သည်။

'ဟောဒီညီမလေးဟာလေ အစ်ကိုချောချောတစ်ယောက်လုံးရှိတာ လေးလလုံးလုံးဝှက်ထားတယ်ပေါ့လေ၊ ဟုတ်လား'

'သက်သက်မှာ အစ်ကိုမရှိပါဘူး မမရဲ့'

'အောင်မယ် တွေ့ခဲ့ပါတယ်နော်၊ အာရ်အိုင်တီကျောင်းသားကြီးလေ၊ နာမည်ပြောရဦးမလား၊ ကျော်ထွန်းညိုတဲ့ရှင့်'

'အို ကိုကိုနဲ့ဘယ်မှာတွေ့ခဲ့လဲ'

သက်သက်က ပျာပျာသလဲ မေးလိုက်မိသည်။ ရိစီက သက်သက်၏ မျက်လုံးဝိုင်းလေးများကိုကြည့်ကာ ရယ်လိုက်သည်။

'စက်ရုံမှာလုပ်အားပေးရင်း ကျောင်းသားတစ်ယောက်လက်ကို စက် ညပ်မိလို့တဲ့၊ ဆေးရုံလိုက်ပို့တာလေ၊ သူကမေးတာ ကျွန်တော့ညီမလေး သက် သက်နဲ့ မသိဘူးလားတဲ့'

အခန်းအပြင်ဘက်မှ ခံ့ဖိနပ်သံကို စည်းချက်လုပ်ပြီး သီချင်းဆိုသွား သံကြားရသည်။ မြင့်မြင့်ဦး ဖြစ်သည်။ သီချင်းအဆိုဝါသနာပါသလောက် အသံ လည်း ကောင်းလှသည်။ သူမရသောသီချင်းပင်ရှိမည်မထင်၊ သီချင်းကို အချိန်

ကုန်ခံပြီး ကျက်မှတ်ရန်ပင်မလိုချေ၊ တစ်ခါနှစ်ခါကြားရုံနှင့် အလွတ်ရသွားအောင် ပါရမီထူးသူဖြစ်လေသည်။

'သက်သက်နဲ့မတွေ့ရတာတောင် နှစ်လလောက်ရှိပြီတဲ့၊ နေကောင်းရဲ့လားတဲ့ မေးလိုက်သေးတယ် ယောက်မလေးရေ့'

ရိုစီသည် ရယ်မောပြောဆိုရင်း ရေပုံးနှင့်ရေခွက်ကို တကျောင်ကျောင် တဂျင်ဂျင်မြည်အောင် ဆွဲကိုင်ကာ အခန်းထဲမှထွက်သွားသည်။

သက်သက်သည် ပြုံးယောင်ယောင် မျက်နှာထားလေးနှင့် ခပ်ငေးငေး လေးကျန်ခဲ့သည်။ ဒီတစ်ခေါက် အိမ်ပြန်လျှင် ကိုကို့ကို အဆောင်လိပ်စာ ပေးခဲ့မည်။ လာလည်ပါဟုပြောခဲ့မည်ဟု စဉ်းစားရင်း ရင်ထဲတွင်ပူနွေးလာလေသည်။

'သက်ကြီးရေ အုန်းဆီပုလင်းထားခဲ့ပြီနော'

'အေး အေး ထားခဲ့ ဦးစိတ်တိုရေ့'

နော်အေးမြ ပြန်သွားသော်လည်း သက်သက် စာဆက်၍မကျက်ဖြစ် တော့ချေ။ ခေါင်းအုံးအောက်မှ နေ့စဉ်မှတ်တမ်းစာအုပ်ကလေးကိုဆွဲထုတ်ကာ ပြန်လည်ဖတ်နေမိသည်။

'ဟေး သင်္ကြန်ကျတော့မယ်ဟေ့၊ နှစ်သစ်နဲ့သင်္ကြန်ကျပလေ အပြစ် ဖြစ်မယ့် အတွင်းရန် ဘယတွေ၊ သွေကြောင်းနဲ့ရေလောင်းကာထွေထွေ တောင်း ဆုရှေ့'

ရေချိုးခန်းထဲမှဟစ်ဆိုလိုက်သော သီချင်းသံကိုကြားရသည်။ သီချင်း သံ ကြားသောအခါမှပင် သတိရတော့သည်။ သင်္ကြန်ကျတော့မည်။ နီးလှပေပြီ။ သင်္ကြန်ရက် တစ်ရက်ရက်တော့ အိမ်ပြန်ခွင့်ရပါစေဟု တွေးနေမိရင်း ဖောင်တိန် အဖုံးလေးကို ဆွဲဖွင့်လိုက်သည်။

၅–၄–၆၈

ဒီနေ့ ထူးထူးခြားခြား အခက်အခဲမရှိ၊ အဆင်ပြေသည်။ ခုတင်နံပါတ် ၃ မှ ဒေါ်မြင့် နေကောင်း၍ ဆင်းသွားပြီ။ နံပါတ် ၈ မှ လူနာကမူ အလွန် အငမ်းသန်သည်။ အမည်မေးသည်။ မပြောခဲ့။ လူနာပေါ် စိတ်မတိုမိအောင် သတိထားရသည်။

ရိုစီက ပြောသည်။ ကိုကိုနှင့်တွေ့ခဲ့သည်တဲ့။

ကိုကိုက ငါ့ဝါဒ်ကိုတော့ လာမလည်ဘူး။

*

'နိုင်လား ကိုကို နိုင်လား'

အမာညိုက အိမ်ဝမှ ဆီးမေးသည်။ ဒီနေ့ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်နှင့် စက်မှုတက္ကသိုလ်ဘောလုံးပွဲ ဆီမီးဖိုင်နယ်တက်ရသည်။ မနှစ်တုန်းက စက်မှုတက္ကသိုလ် ဒိုင်းရထားသဖြင့် အမာညိုတို့ အလွန်စိတ်အားထက်သန်နေသည်။ ဘောလုံးပွဲကြည့်ချင်လှသည်မှာ တစ်ပိုင်းသေနေသော်လည်း မေမေကမူ မကြည့်ရဟုတားထားသည်။ ထို့ကြောင့် ကိုကိုနှင့်ညီလင်းသာ သွားပြီး ကြည့်ကြလေသည်။

'ရှုံးတယ်'

'ဟယ်'

ကျော်ထွန်းညို၏မျက်နှာသည် ညို့မှိုင်းနေသည်။ တိုတိုပြတ်ပြတ် ဖြေကာ အခန်းထဲ တန်းဝင်သွားလေသည်။

'သရေပွဲဖြစ်နေလို့ ခေါင်းပန်းလှန်ရတာ မမရ၊ အဲဒီမှာရှုံးတာ'

'ဟယ် နာလိုက်တာ'

အမာညိုက စိတ်ပျက်လက်ပျက်လေးညည်းလိုက်မိသည်။ ဒီနှစ်အတွက်တော့ စက်မှုတက္ကသိုလ်ခမျာ ဒိုင်းနှင့်ဝေးရာလေပြီ။

'မမတို့ကျောင်းက တစ်ယောက် နံရိုးကျိုးသွားတယ်'

ညီလင်းက အမာညို့နားကပ်ပြီး ခပ်တိုးတိုးပြောလေသည်။ ထို့နောက် အခန်းထဲသို့မေးငေါ့ပြကာ မျက်လုံးလေးပြူးပြသည်။

'ဘောလုံးပွဲက လူချလိုက်ကြတာ ရန်ဖြစ်တော့မလားတောင် ထင်ရတယ်၊ တဝုန်းဝုန်းနဲ့ ပရိသတ်ကလည်း တစ်ဖက်နဲ့တစ်ဖက် စောင်ကုန်ရော၊ ကိုကိုလည်း ဒေါတွေပွနေတယ်ဗျ'

'ဟော တော့၊ ကိုကိုရေ ဟေ့ ကိုကိုရ၊ ဘယ်သူနံရိုးကျိုးသွားတာလဲဟင်'

အမာညိုသည် သူ့ရင်ဘတ်ကိုလက်ကလေးနှင့်ဖိထားပြီး လူပျိုခန်းထဲ အပြေးဝင်သွားသည်။ ကျော်ထွန်းညိုသည် ခုတင်ပေါ်တွင် ခြေပစ်လက်ပစ်နှင့် မှောက်လျက်ကြီးအိပ်နေသည်။ အမာညိုက သူ့လက်မောင်းကို ကိုင်လှုပ်ကာ မေးသည်။

'ကက်နက်'

'ဟာ ဘယ်နှချောင်းကျိုးသွားလဲ'

'ဘယ်သိမလဲဟ'

ကျော်ထွန်းညိုက နံရံကို ခြေနှင့်ဝုန်းခနဲဆောင့်ကန်ကာ အော်၍ဖြေသည်။ အမာညို ရုတ်တရက်လန့်သွားပြီး ကြမ်းပေါ်တွင်ငုတ်တုတ်လေးထိုင်ချလိုက်မိသည်။

'ဂိုးလ်ကီပါက သိန်းမောင် ဟ၊ ဒီကောင်ကြီး အချခံရပြီးမှောက်သွားတော့ ထွန်းထွန်း ဝင်တယ်၊ မျက်မှန်မပါတော့ ဘောလုံးမမြင်ရဘူး၊ တစမ်းစမ်းဖြစ်နေတယ်၊ နောက် ကက်နက်အချခံရပြီး မှောက်ဆင်းသွားပြန် ရော၊ တောက် ဒါတောင်သရေပွဲမို့ ခေါင်းပန်းလှန်ရတာ၊ ဒီတော့မှ ရှုံးတာ ဟ ရှုံးတာ'

ကျော်ထွန်းညိုက နံရံကိုသာ တဝုန်းဝုန်းဆောင့်ကန်ရင်း ကြိတ်မနိုင်ခဲမရပြောသည်။

'ဟေး ဟေး ဘာဖြစ်နေတာလဲ'

ဖေဖေက အခန်းထဲသို့ဝင်လာရင်း စိုးရိမ်တကြီးမေးသည်။ အမာညိုတို့အိမ်သည် သစ်သားအိမ်မို့ နံရံတစ်ချပ်ကိုကန်လိုက်လျှင် တစ်အိမ်လုံး လှုပ်သွားတတ်သည်။

'ဘောလုံးပွဲရှုံးလာလို့ ဖေဖေ'

'ဟ ဒါစိတ်ဆိုးစရာလား၊ ကျော်ထွန်းညို မင်းနှယ်ကွာ အားကစားစိတ်ဓာတ် မရှိလိုက်တာ'

ဖေဖေကပြောသောအခါ ကျော်ထွန်းညိုသည် အိပ်နေရာမှလူးလဲထထိုင်သည်။ ခုတင်ခေါင်းရင်းတွင် လွှားတင်ထားသောမျက်နှာသုတ်ပဝါကို လှမ်းဆွဲပြီး မျက်နှာသုတ်လိုက်သည်။ သူ့မျက်နှာသည်နီနေပြီး နှုတ်ခမ်းများတုန်နေသည်။ ရန်လိုလှသဖြင့် 'ငပွကြီး' ဘွဲ့ပင် ရရှိခဲ့သူမို့ ရန်မဖြစ်ခဲ့သည်မှာပဲ တော်လှပြီဟု ဖေဖေက တွေးလိုက်မိလေသည်။

'ရာဇူးက လူချတယ် ဖေဖေ'

'သားတို့ဘက်ကရော မချဘူးလား'

'ဒါပေမဲ့ သူတို့ဘက်က နံရိုးမကျိုးဘူး ဖေဖေရ၊ သားတို့ဘက်က နံရိုးကျိုးသွားတယ်'

'တော်စမ်းပါကွယ်၊ အားကစားကို အားကစားပီပီ မကစားဘဲ နိုင်ချင်ဇောနဲ့ကစားတာ မကောင်းပါဘူး၊ ဒီ တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲကို အစိုးရ လုပ်ပေးတဲ့ရည်ရွယ်ချက်က သားတို့ကို ရန်ဖြစ်စေချင်လို့မှ မဟုတ်တာ၊

ခုတော့ ဖေဖေ ကြားနေရသမျှတော့ ရန်ချည်းဖြစ်နေတာပဲ၊ တစ်ဖက်နဲ့တစ်ဖက် မခံချင်အောင် စကြ ပြောင်ကြနဲ့ ဟိုတစ်နေ့ကလည်း ပညာရေးတက္ကသိုလ်နဲ့ ရန်ဖြစ်တယ်တဲ့၊ အခုတော့တစ်ခါ ရာဇူးနဲ့ ဖြစ်တယ်၊ အားကစား စိတ်ဓာတ် ဖွံ့ဖြိုးစေချင်လို့လုပ်ပေးခါမှ ကျောင်းစိတ် ကျောင်းမာန်၊ ကျောင်းစွဲကြီးပြီး ထစ်ခနဲရှိ ချမယ်၊ ရိုက်မယ်၊ ဆဲမယ် လုပ်နေကြတာ ဘယ်ကောင်းမလဲ'

ဖေဖေက ကျော်ထွန်းညို၏ ဘေးတွင်ဝင်ထိုင်ရင်း သာယာညင်းပျောင်း ပြောသည်။ ဖေဖေမည်မျှပြောပြော ကျော်ထွန်းညို၏ စူအောင့်အောင့် မျက်နှာကြီး က ပြေမကျသွားပေ။ အမာညိုကလည်း ကြမ်းပေါ်တွင်လုံးထွေးကျနေသော ကျော်ထွန်းညို၏ အတွင်းခံစွပ်ကျယ်၏ ကျောဘက်မှ ကျောင်းတံဆိပ်ကလေးကို စိုက်ကြည့်ရင်း မျက်ရည်ဝဲနေသည်။ ကိုယ့်ကျောင်းက ကျောင်းသား နံရိုးကျိုးရ သည်ကိုတော့ အားကစားစိတ်ဓာတ်နှင့်ခွင့်မလွှတ်နိုင်ပါဟု ဖေဖေ့ကို နှုတ်လှန် ထိုးချင်သေးသည်။ သို့သော်လည်း မပြောရဲသောကြောင့် ငြိမ်နေရလေသည်။

'ညီလင်း တက္ကသိုလ်မရောက်သေးလို့ တော်သေးတယ်၊ ညီလင်းသာ ရာဇူးတက်နေတဲ့သူဆိုရင် ဘောလုံးပွဲအပြီးမှာ မောင်နှမချင်းရန်ပွဲဆက်ကြဦးမှာ မြင်ယောင်သေးတယ်'

အခန်းဝတွင်လာရောက်နားထောင်နေသော မေမေက ဝင်ပြောသည်။ မေမေ့နောက်ဘက်တွင် ညီလင်းက ပြုံးကျဲကျဲလေးရပ်နေသည်။ စူစူပုပ်ပုပ် ဖြစ်နေကြသော အစ်ကိုနှင့်အစ်မကို မခံချင်အောင် လှျာထုတ်ပြလိုက် လေသည်။

'ဒီလိုသာ ရန်ပွဲတွေဖြစ်နေရင် ဒီအားကစားပွဲတွေကို အစိုးရက ခွင့်ပြု တော့မှာ မဟုတ်ဘူး'

ဖေဖေကမေမေ့ကိုလှမ်းပြောရင်း နေရာမှထသည်။ အော်ခဲ့၊ ဟစ်ခဲ့၊ လက်သီးလက်မောင်းတန်းခဲ့သဖြင့် တစ်ကိုယ်လုံးချွေးများနှင့်နစ်ကာ ချဉ်စော် နံနေသော ကျော်ထွန်းညိုသည် ငိုင်ငိုင်ကြီးထိုင်နေသည်။ ဖေဖေက သူ့ပခုံးကို သာသာပုတ်လိုက်သောအခါ ခေါင်းမဖော်ဘဲ မျက်လုံးကိုသာ လှန်ကြည့်သည်။ ဖေဖေက ပြုံးရယ်ရင်း သူ့ဆံပင်များကိုဆွဲဖွကာ ပြောသည်။

'ငါ့သား ငပွကြီးကို ရန်မဖြစ်ခဲ့တာပဲ ချီးကျူးရမှာပေါ့ကွာ၊ ဟုတ် လား ငပွ၊ ကဲကဲ ထ၊ ရေသွားချိုး'

*

'စုလှိုင်ပါလားခင်ဗျာ'

'ဟုတ်ပါတယ်'

စုလှိုင်သည် တယ်လီဖုန်းခွက်ကလေးကို ခပ်လျော့လျော့ကိုင်ရင်း တစ်ဖက်မှ အသံရှင်ကိုစဉ်းစားနေမိသည်။ ထိုအသံကိုကြားဖူးသလိုလိုရှိသော်လည်း သူ့ဆီသို့ဖုန်းဆက်နေကျ အသံတော့မဟုတ်ပေ။

'ကျွန်တော် ကျော်ထွန်းညိုပါ'

'သြော် ကိုကျော်ထွန်းညို'

'ဟို ဟို ဟာပါ၊ မနေ့ညက ဘောလုံးပွဲလာမကြည့်ဘူးလား စုလှိုင်၊ ဘာလို့ အားမပေးတာလဲ'

'သြော် ဟော် ဒီလိုပါပဲ၊ မအားတာနဲ့'

စုလှိုင်သည် မျက်မှောင်လေးကုတ်ကာ ပြုံးလိုက်မိသည်။

ကျော်ထွန်းညိုဟူသောလူသည် သူ့ဆီသို့ သက်သက်မဲ့ အကြောင်းရှာပြီး ဖုန်းဆက်စကားပြောခြင်းဖြစ်ကြောင်းသိလိုက်သည်။

'ကျွန်တော်တို့ ရှုံးသွားတယ်'

'ဟုတ်လား'

'ကျွန်တော်တို့ဘက်က တစ်ယောက်လည်း နံရိုးကျိုးသွားတယ်လေ'

'အို'

အားကစားပွဲများကို စုလှိုင်ဝါသနာမပါလှပေ။ ကိုယ်တိုင် ကစားရန် ဝေလာဝေး၊ ကြည့်ဖို့ပင်စိတ်မပါလှ။ သို့သော်လည်း ယခုလို ကိုယ့်ဘက်က အထိနာသည်ဆိုတော့လည်း ကျောင်းစွဲလေးဝင်လာသည်။ မခံချင်စိတ်ကလေး ဖြစ်လာသည်။

'ကျွန်တော် အခုစက်ရုံက ဆက်နေတာ'

'ဟုတ်လား'

'ကျွန်တော်အခုလို ဖုန်းဆက်တာကို အမာညိုမသိစေနဲ့နော် စုလှိုင်'

'ဟာ ဟ'

စုလှိုင်သည် လှောင်ရယ်လေးရယ်လိုက်မိသည်။ တစ်ဖက်မှ သူ ကောင်းသားက ရင်တွေ ဒူးတွေ တုန်နေကောင်းတုန်နေမည် ဖြစ်သော်လည်း သူက ရယ်ချင်နေလေသည်။

'အခု ကျောင်းတွေပိတ်ထားတာ၊ အမာညိုနဲ့မှမတွေ့ရဘဲ၊ ကျောင်းတွေ

ဖွင့်မှ ပြောနိုင်မှာပေါ့'

'ဟာဗျာ၊ ကျောင်းဖွင့်ရင်လည်း သွားမပြောလိုက်ပါနဲ့'

'ဟာ ဟ၊ ဘာဖြစ်လို့'

'သူ့နှုတ်သီးက သိပ်ချွန်တာ၊ ကျွန်တော့ကို နှုတ်သီးနဲ့ထိုးလိမ့်မယ်'

ကျော်ထွန်းညိုက အမှန်တကယ် ကြောက်ရွံ့ဟန်နှင့်ပြောရှာသည်။ စုလှိုင်သည် အသံသာသာလေးနှင့်ရယ်မောလိုက်မိလေသည်။

'ဒါနဲ့ သက်သက်ရော'

'သက်သက်က သူနာပြုသင်တန်း တက်နေတယ်လေ'

'သူ့ဆီသွားမလည်ဘူးလား'

'ကျွန်တော်တို့က ရိုးရိုးခင်တာပါ စုလှိုင်ရယ်'

ကျော်ထွန်းညိုက ကြိုတင်ပြီးရှင်းလင်းချက်ထုတ်သည်။ စုလှိုင်ရယ်မိပြန်သည်။ ဘာပြောပြော သူနှင့်စကားပြောရသည်မှာ ဖရက်ဒီနှင့်ပြောရသည်ထက်တော့ ပို၍ပျော်စရာကောင်းသည်ဟု တွေးလိုက်မိသည်။ ထိုအခါ ဖရက်ဒီကို သတိရလာသည်။ ခုတလော ဖရက်ဒီနှင့်နှစ်ယောက်တည်း အပြင်မထွက်တော့ပေ။ ကံကောင်း၍ တစ်ခါက ချမ်းသာရာရခဲ့သော်လည်း နောင် ထိုကဲ့သို့ ဆက်လက်ပြီး သွားလာနေလျှင် သူ့အတွက် ဒုက္ခရောက်နိုင်သည်ကို စုလှိုင် နားလည်သည်။ ထို့ကြောင့် ဖရက်ဒီက ခေါ်တိုင်း သူငြင်းဆန်ခဲ့သည်။ တစ်ခါတစ်ရံ အဖော်နှင့်ရုပ်ရှင်ကြည့်လိုစိတ်ဖြစ်လာသော်လည်း ဖရက်ဒီနှင့်တော့ မသွားလိုတော့ပေ။

'ဒါနဲ့ ဖုန်းနံပါတ် ဘယ်ကရ'

'စုလှိုင်တို့အဖေက နာမည်ကြီးပဲ၊ ခက်တာလိုက်လို့၊ ဖုန်းဒိုင်ယာထရီထဲမှာ ရှာလိုက်တာပေါ့'

'ဟုတ်လား၊ ဒက်ဒီ့နာမည်က ဘယ်လောက်ကြီးလို့လဲ'

'စကောဝိုင်းလောက် ခင်ဗျ'

'ဟာ ဟာ၊ စုက ဒီထက်ကြီးတယ် အောက်မေ့နေတာ'

သူတို့နှစ်ယောက် ရယ်ရပြန်သည်။ ကျော်ထွန်းညိုသည် စကားပြောရင်း နာရီကိုငုံ့ကြည့်မိသည်။ သူပြောနေသည်မှာ သုံးမိနစ်ကျော်ပေပြီ။ စက်ရုံမန်နေဂျာ အခန်းတွင်းမှဝင်ဆက်နေခြင်းဖြစ်သည်။ မန်နေဂျာမရှိချေ။ အပြင်ထွက်သွားသည်။ သို့သော် ကြာကြာပြောလျှင်တော့ မကောင်းချေ။

'ဖုန်းချလိုက်တော့မယ်နော် စုလှိုင်'

သူကပြောသောအခါ စုလှိုင်သည်ချက်ချင်း ပျင်းသွားသလို ခံစားရသည်။ ဆက်လက်စကားပြောနေရလျှင် ကောင်းမည်ဟု စဉ်းစားမိသည်။

'နက်ဖြန် ဆက်ရဦးမလားဟင်'

'ကိစ္စရှိလို့လား'

'ရှိတာပေါ့'

'ဘာကိစ္စ'

'စကားပြောချင်တဲ့ ကိစ္စလေ'

'ဟုတ်လား'

စုလှိုင်သည် ပြုံးရယ်ရင်း တယ်လီဖုန်းခွက်လေးကို ဦးအောင်ချလိုက်သည်။ သို့မှသာ တစ်ဖက်သား ကသိကအောက်ဖြစ်သွားမည်ကို များပြားလှသော အတွေ့အကြုံများအရ စုလှိုင်ကောင်းစွာသိထားလေသည်။

တယ်လီဖုန်းဘေးမှ စုလှိုင်လှည့်ထွက်မသွားမီ ခေါ်သံက မြည်လာပြန်သည်။ ကျော်ထွန်းညို ပြန်ဆက်ခြင်းဖြစ်လိမ့်မည်ဟုတွေးရင်း ခပ်သွက်သွက်လေးကောက်ကိုင်လိုက်သည်။

'ဟဲလို'

'စု လား'

ဖရက်ဒီဖြစ်သည်။ သူသည် စုလှိုင်၏အသံကိုမှတ်မိနေသဖြင့် တန်း၍မေးလိုက်သည်။ စုလှိုင်သည် သူ့အသံကိုကြားရသောအခါ ပျင်းသွားပြန်သည်။ ချစ်စကားများကိုချည်း ထာဝစဉ်ကြားနေရသဖြင့် စုလှိုင်ငြီးငွေ့လျက် ရှိပြီကို သူသိဖို့ကောင်းသည်ဟုတွေးမိလိုက်သည်။

'ခုနတုန်းက ဘယ်သူနဲ့ပြောနေတာလဲ'

'ဒီလိုပဲပေါ့'

'အကြာကြီးပဲ'

'ဟုတ်လား'

'ဒီည အပြင်ထွက်ရအောင် စု၊ ကိုယ်လာခေါ်မယ်လေ'

'ဟင့်အင်း'

'ဒီလိုဆို စကားပြောရအောင်၊ လာခဲ့မယ်'

'မလာခဲ့နဲ့ဖရက်ဒီ၊ ယူနဲ့ အပြင်လည်းမထွက်ချင်ဘူး၊ စကားလည်း

မပြောချင်တော့ဘူး'

'ဘာဖြစ်လို့လဲ'

'ယူက ရာဇူးကလူပဲ၊ ယူတို့ရာဇူးက အာရ်အိုင်တီကလူကို နံရိုးချိုး လိုက်တယ်လေ'

'ဟာ ဘောလုံးပွဲနဲ့ ကိုယ်တို့နဲ့ ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့၊ ရာဇူးဆိုရင် မုန်းရမှာပဲ၊ ယူ့ကို အစကတည်းက မချစ် ဘူး၊ အခုမုန်းတယ်'

စုလှိုင်သည် တယ်လီဖုန်းခွက်လေးကို ခပ်ဆောင့်ဆောင့်ပစ်ချလိုက် သည်။ မခံချိမခံသာဖြစ်နေသည့် ဖရက်ဒီကိုတွေး၍မြင်ယောင်မိရင်း စိတ်ထဲတွင် ကျေနပ်သလိုဖြစ်သွားသည်။ စင်စစ်အားဖြင့် စုလှိုင်သည် ကျောင်းစိတ် ကျောင်းစွဲ ကြီးလှသူမဟုတ်ပေ။ သို့သော်လည်း ပြောမိပြောရာ ခပ်နာနာလေး ပြောပစ်လိုက် ခြင်းဖြစ်သည်။ တယ်လီဖုန်းက တစ်ခါမြည်ပြန်သည်။ စုလှိုင် ကောက်၍ ကိုင် ကိုင်ချင်းပင် ဖရက်ဒီအသံက ဟိန်း၍ထွက်ပေါ်လာသည်။

'ယူသိမယ်စု၊ သတိသာထား၊ မင်းဟာ ကောင်းကောင်းမွန်မွန် မေတ္တာ ထား စေတနာထားလို့ရတဲ့သူမဟုတ်ဘူး၊ ဟိုတစ်ခါတုန်းက ညာလိုက်တာ သိပ်မှားသွားတယ်'

'အခုမှ မှားမှန်းသိနေလား၊ ကျွတ် ကျွတ်'

'အေး သတိသာထား မရွှေစုရေ'

ဒီတစ်ခါတော့ ဖရက်ဒီက ဦးအောင် တယ်လီဖုန်းကို ချသွားလေ သည်။ စုလှိုင်သည် ရုတ်တရက် စိမ့်ကာကြောက်သွားသလို ပခုံးလေးတွန့်လိုက် သည်။ ထို့နောက် သရော်ပြုံးလေးပြုံးလိုက်လေသည်။ ဖရက်ဒီကို ကြောက် လောက်စရာ၊ အရေးထားလောက်စရာဟု စုလှိုင် မသတ်မှတ်ချင်ပေ။

'ဖရက်ဒီကို ညည်း ဒီလိုဆက်ဆံဖို့မကောင်းဘူး စုလှိုင်၊ သူနဲ့ညည်းနဲ့ ကို ငါသဘောတူတယ်'

မာမီကြီး၏အသံကို နောက်ဘက်မှကြားရသည်။ စုလှိုင်သည် ဒိတ် ခနဲ ရင်ခုန်သွားပြီး ချာခနဲလှည့်ကာ ရင်ဆိုင်ကြည့်လိုက်သည်။

'တယ်လီဖုန်းကိုဖြတ်ပြီး နားထောင်ပြန်ပြီပေါ့ ဟုတ်လား မာမီကြီး၊ သူများပြောတာ ဘာလို့ကြားကဖြတ် နားထောင်ရတာလဲ'

မာမီကြီးသည် စုလှိုင်၏ စူးစူးရဲရဲမျက်လုံးလေးများကိုကြည့်ကာ ရယ်

လိုက်သည်။ ထို့နောက် မေးကိုဆတ်ကာ ပိုင်ပိုင်နိုင်နိုင်ပြောသည်။

'ညည်းက ငါ့မြေးပဲ'

စုလှိုင်သည် လက်သီးလေး ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိသည်။ မုန်းတီးစိတ်များက ရင်ထဲတွင်လှိုက်လာသည်။ တစ်စုံတစ်ခုပြန်ပြောချင်သော်လည်း ဘာပြောရမည်မသိဘဲ ရင်ထဲတွင်သာ ခါးခါးသီးသီးကြီး ဖြစ်လာသည်။ အော်ဟစ် ရန်ဖြစ်ချင်သောစိတ်နှင့် တုန်တုန်ယင်ယင်ပင်ဖြစ်လာသလို ခံစားရသည်။ ထို့ကြောင့် စားပွဲပေါ်မှကြွေပန်းအိုးလေးကို အရင်းမှဆုပ်ကိုင်ကာ ကြမ်းပေါ်သို့ ပေါက်ခွဲချလိုက်သည်။

'ချလွမ် ခွမ်း'

ပန်းအိုးလေးသည် အစိတ်စိတ်ကွဲသွားကာ ရေများလွင့်ဖြာသွားသည်။ လိမ္မော်ရောင် ဒေစီပန်းလေးနှစ်ပွင့်သည် မာမီကြီး၏ခြေထောက်နားသို့ လွင့်သွားလေသည်။

'ဟတ်ဟား ညည်းလည်း ညည်းအမေလိုလာတာပဲ'

မာမီကြီးသည် အသံညင်းညင်းလေးနှင့်ရယ်ကာ ပန်းလေးနှစ်ပွင့်ကို ခြေနှင့်ခတ်လိုက်သည်။ ထို့နောက် ချာခနဲလှည့်ကာ ထွက်သွားလေသည်။

မကြာမီပင် မာမီကြီး၏အခန်းမှ ခေါ်သံကြားရသည်။

'ဆရာမ ဆရာမ အန်တီကြီးကိုဆေးတိုက်ပါဦး၊ မောနေတယ်'

အောက်ထပ်သို့ ထမင်းဆင်းစားနေသော ဆရာမက အူယားဖားယား ပြေးတက်လာသည်။ ရန်လိုသလိုကြည့်နေသော စုလှိုင်၏မျက်လုံးလေးများကိုရှောင်ကွင်းကာ မာမီကြီး၏အခန်းထဲသို့ ဝင်သွားလေသည်။

မအေးတင်သည် တံမြက်စည်းနှင့်ဂေါ်ပြားကိုင်ကာ ခပ်ကုပ်ကုပ်လေး ရောက်လာသည်။ ကွဲကြေနေသော ကြွေပန်းအိုးလေးကို နှမြောသလို ကြည့်ရင်း ဂေါ်ပြားထဲ သိမ်းထည့်လိုက်လေသည်။

*

'ဘယ်အချိန်ကတည်းက တိတ်တိတ်ဆိတ်ဆိတ်လေး သေနေတာလဲ မသိပါဘူး မေမေရယ်၊ သမီးဖြင့် အရမ်းလန့်သွားတာဘဲ'

သက်သက်သည် လိပ်ဥခွံလေးကို လက်သည်းနှင့်ဆွဲဖွဲ့လိုက်ရင်းမှ ပြောသည်။ အခွံပါးပါးပျော့ပျော့လေးကို ဆွဲဖြဲကာ အနှစ်များကို ထမင်းပန်းကန်ထဲသို့ သွန်ချလိုက်သည်။ ထို့နောက် ဆားဖြူးကာ ထမင်းနှင့်နယ်လိုက်သည်။

'သမီးတို့က အဲဒီလိုအိပ်ရာထဲလဲနေတဲ့လူနာတွေကို မျက်နှာသစ်ပေးရတယ်၊ အိပ်ရာသိမ်း၊ အိပ်ရာခင်းလဲ၊ အကုန်လုံးပေါ့မေမေရာ၊ လူနာလိုအပ်သမျှ သက်သာအောင်လုပ်ပေးရတယ်လေ၊ အဲဒီအဘွားကြီးကတော့ လူနာစောင့်လည်း မရှိဘူး၊ ဆွေမျိုးလည်း ရှိရဲ့လားမသိပါဘူး၊ ဧည့်သည်လာတာလည်း မတွေ့ရပါဘူး'

မေမေသည် ဟန်နှင့်ပန်နှင့်ပြောနေသောသမီးကိုကြည့်ကာ ကြည်ကြည် နူးနူး ပြုံးနေမိသည်။ သမီး၏မျက်လုံးလေးသည် ကျဉ်းပြီးမှေးသော်လည်း မေတ္တာရိပ် ကရုဏာရိပ်များ ဖိတ်လျှံပြီး ထွက်နေဟန်ရှိသည်ဟု တွေးလိုက်မိသည်။

'အဲဒီနေ့ကလည်း သမီးက ထုံးစံအတိုင်းပေါ့၊ သူ့ဘေးမှာလိုက်ကာကြီး ဆွဲကာပြီး အဒေါ်ရေ ထ ထ၊ မျက်နှာသစ်ရအောင် မိုးလင်းနေပြီလို့ နှိုးရင်း ခြင်ထောင်ကို ဆွဲတင်လိုက်တယ်လေ၊ သူက ကွေးကွေးလေးအိပ်နေတော့ သမီးက မနိုးသေးဘူးပဲ အောက်မေ့တာပေါ့၊ ဒါနဲ့ ရေဇလုံကြီးကို အသာဘေးချပြီး အဒေါ်ရဲ့ အိပ်လှချည်လား ထ ထလို့ အသာလေးလှုပ်နှိုးလိုက်တယ်၊ သူက သေနေတာ ဘယ်ထပါ့မလဲ၊ အဟီး ပြောရင်းကျောချမ်းလိုက်တာ'

သက်သက်သည် ပခုံးလေးတွန့်ကာ ထမင်းကို တစ်လုတ်စားလိုက်သည်။ လိပ်ဥနှင့်နယ်ထားသော ထမင်းသည် ချိုပြီးဆိမ့်နေသည်။ အတန်ငယ်ဝါရင့်လာပြီဖြစ်၍ ယခင်တုန်းကလို သက်သက်တို့ အသည်းမငယ်တော့ပေ။ ရောဂါအကြောင်း၊ လူနာအကြောင်းပြောရင်း ထမင်းကို ဟန်မပျက် စားနိုင်လာပြီဖြစ်သည်။

'ဒါလည်း သမီးက သိသေးတာမဟုတ်ဘူး၊ နည်းနည်းမသင်္ကာလို့ သွေးစမ်း ကြည့်တော့ စမ်းမရတော့ဘူး၊ ဒီတော့မှပျာသွားပြီး နဖူးစမ်းကြည့်တယ်၊ နည်းနည်းလေးပဲ အေးနေတယ်၊ တစ်ခါ တံတောင်ဆစ်နားက စမ်းကြည့် သွေးမခုန်ဘူး၊ ချိုင်းကြားက စမ်းကြည့်ပြန်ရော၊ သူ့ကိုယ်က နွေးနေတော့ သေတာလည်း သိပ်မကြာသေးဘူးလေ၊ သွေးကတော့ ဘယ်စမ်းလို့ရတော့မလဲ၊ ဒီတော့မှ ရင်ဘတ်ကိုလက်နဲ့ဖိပြီး စမ်းကြည့်မိပြန်ရော၊ အဲဒီတော့မှ သေချာတာ မမေရေ့၊ ဟ သေနေတာပဲဆိုပြီး လန့်ခုန်မိတော့တယ်၊ အချိန်က ဝေလီဝေလင်း၊ သူ့မျက်လုံးက မပွင့်တပွင့်ဖွင့်လို့ သမီးကို စိုက်ကြည့်နေသလိုပဲ၊ သမီးလေ ကိုယ့်ကိုယ်ကို တော်တော်အသည်းကောင်းပြီအောက်မေ့နေတာ နည်းနည်းတော့လန့်သွားသား၊ အဘွားကြီးက ပိန်လိုက်တာကပ်လို့၊ သွားကလေးက ခေါခေါလေး၊ အဟီး ခုတောင် မျက်စိထဲမြင်သေးတယ်'

သက်သက်သည် ပြောရင်းဆိုရင်း ထမင်းဇလုံကို လှမ်းဆွဲသည်။ လိပ်ဥဆိုလျှင် အသေအလဲ ကြိုက်တတ်မှန်းသိသဖြင့် မေမေသည် သက်သက်အိမ်ပြန်မည့်ရက်များရောက်လျှင် မရမက ရှာပြီးဝယ်ထားလေ့ရှိသည်။ လိပ်ဥနှင့်ပုစွန်ဆီကို ထမင်းနှင့်များနယ်စားရလျှင် သက်သက်သည် စားပိုးနင့်ပြီး နေရာမှ မထနိုင်အောင်ပင် စားတတ်သူဖြစ်လေသည်။

'သမီး အပြန်ကျရင် ထည့်ယူသွားဦးလေ၊ လိပ်ဥ ဆယ်လုံးလောက်ကျန်သေးတယ်'

'နေပါစေ၊ မေမေတို့စားပါ'

'ယူသွားပါသမီးရဲ့၊ နက်ဖြန်မနက်ကျတော့ ထမင်းနဲ့ နယ်စားပေါ့'

မေမေသည် လိပ်ဥများကို ပလပ်စတစ်အိတ်ထဲသို့ထည့်ကာ ထုပ်လိုက်သည်။ ထို့နောက် သက်သက်ယူလာသော ကြိမ်ခြင်းလေးထဲသို့သွားထည့်သည်။ ငါးပိကြော်ပေးလိုက်ချင်သော်လည်း ပုစွန်ခြောက်တစ်ပိဿာ သုံးဆယ့်ငါးကျပ်ဆို၍ ပေးချင်စိတ်ကို မြိုသိပ်ထားလိုက်ရသည်။ မေမေ့ အလိုအရ

တစ်ပတ်တစ်ခါလောက်ပေးချင်သော်လည်း အခြေအနေအရ တစ်လ တစ်ခါလောက်သာ ကြော်ပေးနိုင်လေသည်။

'ဖေဖေကလည်း ပြန်မလာသေးဘူး၊ နောက်ကျလိုက်တာ'

'သူတို့ရုံးမှာ အရာရှိအသစ်ပြောင်းလို့ အလုပ်ရှုပ်နေကြတယ်တဲ့'

ဖေဖေသည် လစာ ဘားထိရောက်နေသော ဝါရင့်စာရေးကြီးဖြစ်၍ အရာရှိများ၏လက်စွဲဖြစ်သည်။ သိလိုသမျှ သူ့ကိုမေးကြမြန်းကြလေ့ရှိသည်။ သက်သက်နှင့်အမာညိုသည် တန်းတူပေါင်းမည့်ပေါင်းနေသော်လည်း အမာညိုတို့အဖေသည် လခတစ်ထောင်နီးနီးရသော အရာရှိဖြစ်သည်။ သို့သော် အမာညိုသည် အခြား အရာရှိသားသမီးများနှင့်မခင်ဘဲ သက်သက်နှင့်ခင်လေသည်။ တက္ကသိုလ်ရောက်သောအခါ၌လည်း ရန်ကုန်သူများနှင့်သိပ်မတွဲဖြစ်ချေ။ နယ်ကျောင်းသူများနှင့်သာ အဖွဲ့ကျလေသည်။

'အမာညိုနဲ့လည်း မတွေ့ရတာတောင်ကြာပြီ'

'တစ်နေ့ကတောင် အိမ်ရှေ့ကနေပြီး အော်မေးသွားသေးတယ်၊ မိသက်ဘယ်တော့လာမလဲတဲ့'

'သူတို့က သမီးအဆောင်ကို တစ်ခါမှလည်း လာမလည်ဘူး'

သက်သက်က ဝမ်းနည်းသံလေးနှင့်ပြောမိသည်။ ထမင်းကို လက်စသတ်စားပြီး ရေနွေးကြမ်းမော့လိုက်သည်။ သက်သက်သင်တန်းတက်နေရသည်မှာ နှစ်ဝက်ကျိုးချေပြီ။ တစ်ခါမျှ လာရောက်မတွေ့ဆုံကြသော သူတို့မောင်နှမကို စိတ်ထဲတွင် ခုချင်ချင်ဖြစ်၍နေမိသည်။

'ဒေါ် ဒေါ် ရေ ဗျို့ ဒေါ် ဒေါ် နွဲ့'

အိမ်ရှေ့မှ ကုန်းဟစ်လိုက်သောအသံကိုကြားရသောအခါ သက်သက်၏ ခေါင်းလေးသည် ချာခနဲလည်သွားသည်။ အိမ်ရှေ့သို့ကုန်း၍ကြည့်မိသည်။ ညီလင်းသည် မြက်ဦးထုပ်ကြီးဆောင်းထားပြီး လှေကားထိပ်တွင် ရပ်နေသည်။

'ဟော့ ညီလင်းလား၊ လာ လာ နောက်ဖေးလာခဲ့၊ ဒီမှာ သက်သက်လည်း ရောက်နေတယ်'

'ဟဲလိုး မမသက်၊ မတွေ့ရတာကြာပေါ့'

ရေစက်ရေပေါက်များတင်နေသော ဦးထုပ်ကြီးကို အိမ်ရှေ့တွင် ချွတ်ထားခဲ့ပြီး ညီလင်းသည် အိမ်နောက်ဖေးသို့ ခြေလှမ်းကျဲကြီးနှင့်လျှောက်လာသည်။ သူ့ဦးထုပ်ကြီးမြင်မှ သက်သက်သည် အပြင်ကိုလှမ်း၍ ကြည့်မိသည်။

မိုးဖွဲလေးများတဖွဲဖွဲရွာနေလေသည်။ မိုးရွာထဲပြန်ရတော့မည်ကို တွေးမိပြီး စိတ်ညစ်သွားသည်။

'ကြာမှာပေါ့တော့၊ တော်တို့က လာမှမလည်ဘဲ'

သက်သက်က မျက်စောင်းလေးခဲကာ မှုန်ကုပ်ကုပ်ပြောလိုက်သည်။ ညီလင်းသည် ဟားခနဲရယ်ကာ သက်သက်၏မျက်နှာကို အနီးကပ်ပြီး ပြုံး၍ကြည့်လိုက်သည်။

'မှန်းစမ်း သေချာကြည့်ရအောင် အဲဒါ စိတ်ဆိုးနေတာလား ဒါမှမဟုတ် အမြီးတိုနေတာလား၊ ဒေါ်ဒေါ်နွဲ့ရေ မမသက်ရဲ့ဖင်စမ်းကြည့်စမ်းပါ၊ အမြီးမှ ရှိသေးရဲ့လားလို့၊ ကျွန်တော် စမ်းကြည့်ရင်တော့ အရိုက်ခံရလိမ့်မယ်'

'တော်စမ်း ညီလင်းရယ်'

သက်သက်သည် ကြာကြာစိတ်မဆိုးနိုင်ဘဲ ရယ်လိုက်မိသည်။ ညီလင်းသည် ရင်အုပ်ပို၍ကျယ်ကာ အရပ်ပိုမြင့်လာဟန်ရှိသည်။ မိုးရွာထဲတွင် ထီးမဆောင်းဘဲ မြက်ဦးထုပ်ကိုသာဆောင်းခဲ့သဖြင့် ပခုံးစွန်းတွင် မိုးစက် မိုးပေါက်များ တင်နေလေသည်။

'နင် ထွားလာသလိုပဲ၊ အမာညိုရော နေကောင်းရဲ့လား'

'မမလား နေကောင်းပါတယ်၊ အရင်တလောကတော့ ကိုကိုနဲ့မမ ပေါင်းပြီး ဒေါတွေ ဖောင်းလိုက်ကြတာ'

'ဟဲ့ ဘာဖြစ်တာလဲ'

'ဘောလုံးပွဲကိစ္စလေ ခုတော့တက္ကသိုလ်ပေါင်းစုံအားကစားပွဲတွေ ပိတ်လိုက်ပြီ၊ ရန်အဖြစ်ကောင်းကြလို့၊ ကိုကို့သူငယ်ချင်း ကိုတင်မောင်ဌေးကို ရော သိတယ်မဟုတ်လား'

'အေး သိတယ် တစ်ခါမြင်ဖူးတယ်'

'သူက ရာဇူးက ကောင်မလေးတစ်ယောက်နဲ့စွံတော့မလို့တဲ့၊ အဲဒါ ဘောလုံးပွဲပြီးလည်း ပြီးရော၊ ကောင်မလေးက သူ့ကို အကပ်မခံတော့ဘူး၊ ရှင့်ကို ယူမယ့်အစား သူတောင်းစားကို ယူမယ်လို့ပြောလိုက်တယ်တဲ့ ဟား ဟား'

ညီလင်းသည် တဟားဟားရယ်ရင်း သက်သက်၏ဘေးမှဖင်ထိုင်ခုံလေးတွင်ဝင်ထိုင်လိုက်သည်။ သံပန်းကန်ထဲတွင် ငါးသလဲထိုးကြော်လေးများ တွေ့သောအခါ တစ်ကောင်ကောက်စားလိုက်ပြီး၊ ကုန်ခါနီးမှ 'စားမယ်နော် ဒေါ်ဒေါ်နွဲ့'ဟု လှမ်းပြီးခွင့်တောင်းလေသည်။

'သြော် မေ့လို့ညီလင်း၊ နင်စာမေးပွဲအောင်တာ ဒို့ကိုဘာမှလည်း မကျွေးဘူးလား'

'ဘာလုပ်ဖို့လဲ မမသက်ရာ၊ ဒီတစ်လုံးမှမပါဘဲ ရိုးရိုးအောင်တာကြီးကို ခုပုံကြည့်ရတာဖြင့် ရာဇူးကိုပဲ ယွန်းရတော့မယ် ထင်တယ်၊ ဖေဖေက ကျွန်တော့ကို ဆရာဝန် ဖြစ်စေချင်တာ'

ညီလင်းက မျက်နှာလေးရှုံ့ကာ ပြောလိုက်ရင်း တဖွဲဖွဲကျနေသော မိုးဖွဲများကို ငေးကြည့်နေလေသည်။ ဣန္ဒြေမဆောင်ဘဲ ရင်းနှီးပွင့်လင်းစွာပြောလေ့ ဆက်ဆံလေ့ရှိသောသူ့မျက်နှာလေးသည် ငယ်နုပြီး သန့်စင်နေသည်။

'သြော် ဒေါ်ဒေါ်နွဲ့ရေ မေမေက မေးခိုင်းလိုက်လို့ဗျ၊ ပွင့်ကောင်း ငန်ပြာရည်တစ်ပုံးရတယ်၊ အဲဒါ တစ်ဝက်ယူမလားတဲ့၊ အိမ်ဘေးနားက အပျိုကြီးတွေကလည်း လိုချင်နေတယ်၊ မေမေက ဒေါ်ဒေါ်နွဲ့ကိုမေးချေဦးတဲ့၊ ငန်ပြာရည်က တော်တော်ကောင်းတယ်တဲ့'

'ယူမှာပေါ့ သားရဲ့၊ ခွဲထားလိုက်လေ ညနေလာယူမယ်ပြောလိုက်၊ သက်သက်ကို ငန်ပြာရည်ကြော် ကြော်ပေးလို့ရတာပေါ့ ဈေးကရော'

'အာ ဒါတော့သိဘူးဗျ'

'အေးလေ ညနေမှပဲ မေးတာပေါ့'

သက်သက်သည် စားပွဲပေါ်မှပန်းကန်များကို ထပ်ယူသွားပြီး ဖွဲပြာခွက်ကလေးကို လှမ်းဆွဲလိုက်သည်။ ရေနွေးတစ်ထပ်ဆေးပြီးမှ ပန်းကန်များကို ဖွဲပြာနှင့်ဆပ်ပြာ တိုက်လေသည်။

'ဇီဇဝါတွေယူမလား မမသက် အားကြီးပွင့်တာပဲ၊ မိုးနဲ့အပြိုင်ကို ဖွေးနေအောင်ပွင့်တာ၊ အပြန်လှည့်ယူလေ၊ ကျွန်တော်ခူးထားလိုက်မယ်'

သက်သက်သည် လည်ပြန်လေးလှည့်ကြည့်ပြီး ရယ်လိုက်မိသည်။ အတန်ငယ် အသက်ကြီးလာသောကြောင့် ထင်သည်။ ညီလင်းသည် သူ့ ပန်းလေးများကို ယခင်တုန်းကလို တုန်နေအောင်နမြောဟန်မရှိတော့ချေ။

'ဒို့တွေက ပန်းမပန်ရဘူး'

'ဟင် ဘာဖြစ်လို့'

'ခေါင်းဆောင်းလေးတွေပဲ ဆောင်းရတယ် ညီလင်းရဲ့၊ တစ်ခါတလေတော့ သဇင်ပန်း စံပယ်ပန်းလေးတွေကိုဝှက်ပြီး ခိုးပန်ရတယ်၊ စစ္စတာ မြင်ရင်တော့ ကမန်းကတန်း ဖြုတ်ပစ်ရတာပေါ့'

'ဟုတ်သားပဲနော် ကက်ပ်နဲ့ပန်းနဲ့ ဘယ်လိုက်မလဲ'

ညီလင်းသည် ပြောပြောဆိုဆို နေရာမှထလိုက်သည်။ ထပြီးမှ ငါး ကြော်တစ်ဖဲ့ ကုန်းကောက်ကာ ပါးစပ်ထဲထည့်လိုက်လေသည်။

'ဒါပေမဲ့ ညီလင်းပေးရင်တော့ ယူမယ်၊ အဆောင်မှာနေရင်း ပန်ရတာ ပေါ့ ပန်းအိုးထိုးရင်လည်း ရတာပေါ့'

'ပေးပါတယ် မမသက်ရ အပြန်ဝင်ယူလှည့်'

ညီလင်းသည် ခြေလှမ်းကျဲကြီးနှင့်ပြန်ထွက်သွားလေသည်။ မျက်နှာ ကသာ ငယ်နုနေသေးသော်လည်း ကိုယ်လုံးကိုယ်ထည်က မြင့်မားကြံ့ခိုင်လျက် ရှိချေပြီ။ သူ့နောက်ကျောကိုလှမ်းကြည့်ရင်း သက်သက်သည် မရဲတရဲလေး မေးလိုက်မိသည်။

'ကိုကိုရော နေကောင်းရဲ့လားဟင်'

'ကောင်းပ့ါဗျာ ဒေါင်ဒေါင်ကိုမြည်လို့၊ ခုတလော အိမ်မကပ်ဘူးဗျ၊ အကြောင်းအမျိုးမျိုးပြပြီးလည်နေတာပဲ၊ ဖေဖေကတောင် ကြိမ်းနေတယ် ဒီကောင် မူမမှန်ဘူးတဲ့ ဟား ဟား'

ညီလင်းသည် ရယ်မောနေရင်းမှ မြက်ဦးထုပ်ကိုကောက်ဆောင်း လိုက်သည်။ ထို့နောက် မိုးရေထဲ ပြေးထွက်သွားလေသည်။

*

'ဒီ ဒီမှာ အမာညို'

အမာညိုသည် သူ့ရှေ့တွင် လမ်းပိတ်ပြီးရပ်လိုက်သူကိုမော်၍ကြည့် လိုက်သည်။ စတုတ္ထနှစ်မှ ကျောင်းသားကြီး ဖြစ်သည်။ ခုတလော အမာညို တက်သောအတန်းများအပြင်တွင် မယောင်မလည်နှင့်တွေ့နေရတတ်သူ ဖြစ်၍ သူ့ကိုမျက်မှန်းတန်းမိသည်။ သို့သော် သူ့အမည်ကိုတော့ အမာညိုမသိချေ။

'ခဏလောက် စကားပြောရအောင်'

'ဟင် ဘယ်ဖြစ်မလဲ'

အမာညိုသည် မျက်လုံးလေးပြူးသွားသည်။ ဟိုဟိုဒီဒီ အကူအညီ ရှာသလိုကြည့်မိသော်လည်း အတန်းတက်ချိန်လည်းဖြစ် လူရှင်းသော အိမ်သာ အခန်းကွေ့အချိုးလေးလည်းဖြစ်နေ၍ မည်သူကိုမျှ မတွေ့ရပေ။

'ခဏလေးပါအမာညို ဒီအခွင့်အရေးရအောင် အကြာကြီးစောင့်ခဲ့ရ

တာပါ’

သူက တောင်းတောင်းပန်ပန်ပြောသော်လည်း အမာညိုသည် ရင်တဒိတ်ဒိတ်ခုန်ပြီး မျက်ရည်ဝဲလာလေသည်။ ခါတိုင်းအမြဲတမ်း မိမိလေးနှင့်အတူ နှစ်ဦးသား ခွဲလေ့မရှိကြ။ ဒီနေ့မှ ပြဿနာပေါ်ခြင်းဖြစ်သည်။ စာသင်ခန်းထဲ ရောက်ခါမှ အမာညိုခမျာ မိန်းမတို့ဓမ္မတာကိစ္စ ပေါ်လေသည်။ ထို့ကြောင့် မိမိလေးဆီမှ အခန်းသော့တောင်းပြီး အဆောင်သို့ တစ်ဦးတည်း အပြေးအလွှား ထွက်ခဲ့ခြင်းဖြစ်သည်။ ကံဆိုးချင်တော့ အခွင့်အရေးကိုချောင်းနေသော ကိုမောင်မောင်ချောင်းနှင့် ပက်ပင်း တွေ့ရတော့သည်။

‘မင်းကို ကိုယ်ချစ်တယ် အမာညို’

‘မြတ်စွာဘုရား’

သူက မျက်ကလဲဆန်ပျာဖြစ်နေသော အမာညို့ကိုကြည့်ကာ အချိန်ဆွဲ၍ မဖြစ်တော့ဟုတွေးမိဟန်တူသည်။ ဆိုင်းမပါ ဗုံမပါ ဝုန်းခနဲပြောချသည်။ ထိုအခါ အမာညိုကလည်း မဆီမဆိုင် မြတ်စွာဘုရားကို အားကိုးတကြီးနှင့် ဒိုင်းခနဲ တလိုက်မိလေသည်။

‘အဲဒါ ကိုယ့်ကိုပြန်ချစ်နိုင်မချစ်နိုင် သိချင်တယ်’

‘အမလေးတော် ဘုရား သိကြား’

စက်မှုကျောင်းသားပီသစွာ ကဗျာလုံးဝမဆန်ဘဲ အတုံးလိုက်အတစ်လိုက်ပြောသောသူ့ကို အထိတ်တလန့် ကြည့်ရင်း အမာညိုသည် ဘုရားကို သာမကတော့ဘဲ သိကြားကိုပါထည့်၍ တလိုက်မိသည်။ ဒီတစ်ခါတော့ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာတင်းသွားသည် ထင်သည်။ လှူပြည့်ကိုငုံ့ကြည့်သောအခါ အိမ်သာခန်းအနီး၌ ကျင်ငယ်နံ့ကိုရှိုက်၍ရှူရင်း ဒူးတုန်နေရှာသော အမာညိုကို တွေ့သွားဟန်တူသည်။ ဝိသကြုံနတ်သားကို မောင်ပေါက်ကျိုင်းသဏ္ဌာန်ဖန်ဆင်းပြီး လှေကားမှတဖျတ်ဖျတ်ဆင်းလာစေလေသည်။

‘ဟေ့ ပေါက်ကျိုင်း ပေါက်ကျိုင်း’

အမာညိုက အားကိုးတကြီးခေါ်လိုက်လေသည်။ ပေါက်ကျိုင်းသည် လှေကားပေါ်မှငုံ့ကြည့်ရင်း အရာရာကို ချက်ချင်းသဘောပေါက်သွားဟန် ရှိလေသည်။ ပြုံးဖြဲဖြဲဖြစ်သွားသည်။

‘ဟ အမာညို အိမ်သာထဲက သေးနံ့က မွှေးလို့ ရပ်ရှူနေတာလား’

ပေါက်ကျိုင်းက အော်မေးသောအခါ စတုတ္ထနှစ်ကျောင်းသားကြီး

မျက်မှောင်ကုတ်သွားသည်။ အရေးကောင်းဒိန်းဒေါင်းဖျက်လေသည့် ဝိသကြုံနတ်သားကို မျက်စောင်းခဲ၍ကြည့်လေသည်။

'ကဲ ကိုယ်သွားမယ်'

သူက အမာညိုအ၏လွယ်အိတ်ထဲသို့ စာအိတ်ကလေးထိုးထည့်ကာ အောင်မြင်စွာ ဆုတ်ခွာသွားလေသည်။

အမာညိုသည် သက်ပြင်းလေးချကာ သူ့လွယ်အိတ်ထဲမှ စာအိတ်ဝါဝါကလေးကို အသာငုံ့ကြည့်မိသည်။ တဆတ်ဆတ်တုန်နေသော ဒူးများကမူ အရှိန်မသေသေးပေ။

'ဟား ဟား ကလပ်စ်အချိန်ကြီးမှာ ခင်ဗျားက ဒီမှာတစ်ယောက်ထဲ ဘာလာလုပ်နေတာလဲ'

'ကိစ္စရှိလို့ပေါ့ဟ တကတဲ'

အမာညိုအဆောင်ဘက်သို့ ဆက်လျှောက်လာသောအခါ ပေါက်ကျိုင်းက ယှဉ်လျက်လိုက်လာသည်။ စုလှိုင်တို့လို အတွေ့အကြုံမများသော အမာညိုခမျာ စာပေးခံရရုံလောက်နှင့် တော်တော်ကြီး အထိတ်တလန့် ဖြစ်ရရှာလေသည်။

'မာညိုတစ်ယောက်ထဲ ကလပ်စ် မတက်တာမှ မဟုတ်ဘဲ၊ ပေါက်ကျိုင်းကရော ဘာလို့မတက်လဲ'

'ကျွန်တော်က ပျင်းလို့ ခုနတုန်းက ကင်တင်းရှေ့မှာ စကားပြောနေကြတာ နားထောင်ကောင်းတာနဲ့ ထိုင်နားထောင်နေတာ'

'ဘာအကြောင်းမို့လဲ'

'စုလှိုင်အကြောင်းလေ ခင်ဗျားအစ်ကိုနဲ့ သူနဲ့ စွံနေလား'

'ဟယ် ကြံကြံ ဖန်ဖန်'

အမာညိုက ခေါင်းလေးကို တအားခါယမ်းလိုက်သည်။ ကိုကိုနှင့် စုလှိုင်စွံရအောင် ကိုကို့ခမျာ စုလှိုင်ကိုပင် ပိုးပန်းသူမဟုတ်ပေ၊ ဘယ်အတွက်ကြောင့် စွံရလေမည်နည်းဟု တွေးမိသည်။

'ခင်ဗျားကသာ ကြံကြံ ဖန်ဖန် လုပ်နေ၊ ရုပ်ရှင်တောင် နှစ်ယောက်တည်း တွဲကြည့်တာမြင်ခဲ့ကြတယ်တဲ့'

'ဟယ် အဟုတ်'

'ကိုယ့်အစ်ကိုအကြောင်းတောင်ကိုယ်မသိဘူးလားဗျ၊ စုလှိုင်က လှ

တော့ လုပါတယ် ဒါပေမဲ့ ရက်စက်တယ်နော်၊ တော်ကြာ ခင်ဗျားအစ်ကို နောက် ကောက်ကျနေဦးမယ်'

'ဟယ် ပေါက်ကျိုင်းရယ် ဟုတ်မှ ဟုတ်ရဲ့လား'

'မဟုတ်ဘူးဟ မဟုတ်ဘူး၊ ကျွန်တော်လိမ်ပြောတာ၊ လိမ်တာ၊ ကဲ ကျေနပ်ပြီလား'

ပေါက်ကျိုင်းသည် စိတ်မရှည်ဟန်နှင့်ဆောင့်ကြီးအောင့်ကြီး ပြောလေသည်။ ထိုအခါအမာညိုမယုံ၍မဖြစ်တော့ချေ။ မျက်လုံးလေးအဝိုင်းသားနှင့် မကျေမနပ် ယုံလိုက်ရလေသည်။ ပေါက်ကျိုင်းသည် အသားလွတ် သက်သက် တော့ မဟုတ်တရုတ်ပြောလိမ့်မည်မဟုတ်ချေ။

'ကျော်ထွန်းညိုနဲ့ကျွန်တော့ကိုတော့ ကုန်းမတိုက်နဲ့နော်၊ ကျွန်တော်က ဘာပြောတယ် ညာပြောတယ်နဲ့ သွားပြန်မမေးနဲ့'

စားသောက်ဆိုင်များအနားသို့ရောက်သောအခါ ပေါက်ကျိုင်းရပ်နေရစ်လေသည်။ မိန်းကလေးဆောင်အထိ ဆက်သွားရန်လည်း အမိုးအကာရှိသောလမ်း မရှိတော့ချေ။

'အေးပါ၊ ဒို့က ကုန်းမတိုက်တတ်ပါဘူး'

အမာညိုသည် တဖွဲဖွဲကျနေသော မိုးစက်များကိုကြည့်ရင်း မျက်နှာလေး ရှုံ့သွားသည်။ ထို့နောက် ခေါင်းကို လက်ကိုင်ပဝါလေးနှင့်အုပ်ကာ မိုးရေထဲသို့ထွက်လိုက်ရသည်။ အစပိုင်းတွင် ခပ်သွက်သွက်လေးသာ လျှောက်လေသည်။ သို့သော် မိုးစက် မိုးပေါက်များက စိပ်ကာ သည်းလာသောအခါ အမာညိုခမျာ ဣန္ဒြေကိုဘေးချိတ်ထားလိုက်သည်။ တုပ်နေသော ထဘီကို ဆွဲမ ပြီး အဆောင်ဘက်သို့ ခြေကုန်သုတ်၍ ပြေးလေတော့သည်။ စားသောက်ဆိုင်မှ လှမ်းမြင်သောကျောင်းသားများသည် လက်ခုပ်လက်ဝါးတီးကာ 'တစ်ယောက်တည်း ပြိုင်တာ ပထမကွ'ဟု လှမ်းအော်ကြသည်ကိုကြားသော်လည်း မကြားချင်ဟန်ဆောင်ကာ အဆောင်ထဲသို့ ပြေးဝင်သွားလေသည်။

*

၅–၈–၆၈

စုလှိုင်ရေ

ကိုယ်တို့အကြောင်း အမာညိုသိသွားပြီ၊ ကိုယ့်ကိုမေးတယ်၊ ကိုကိုတို့ ကြိုက်နေကြသလားတဲ့၊ ကိုယ်ဘယ်လိုဖြေရမလဲ စုလှိုင်၊

ဘယ်လိုပြောရမလဲ။

ကိုယ်တို့ ရုပ်ရှင်အတူတူကြည့်ခဲ့ဖူးကြတယ်နော်၊ စုလှိုင်ကို ကိုယ်ချစ်မိတာတော့ သိပြီးရောပေါ့။ ပါးစပ်က မမေးရဲလို့ မမေးခဲ့တာကိုလည်း သိမှာပေါ့။ ဒီတော့ စာနဲ့ပဲ မေးလိုက်တယ် စုလှိုင်၊ ကိုယ့်ကိုချစ်ရဲ့လား။

အမာညို့ကို ကိုယ် ခေါင်းညိတ်ပြရမှာလား၊ ဒါမှမဟုတ် ခေါင်းခါပြရမှာလား။

စုလှိုင်သည် စာရွက်ဖြူဖြူလေးကိုပစ်ချလိုက်ကာ သက်ပြင်းရှိုက်လိုက်သည်။ ယောကျ်ားတွေဟာ နောက်ဆုံးတော့ ဒီဘူတာပဲ လာဆိုက်ကြတာပဲဟု တွေးရင်း ငြီးငွေ့သွားသည်။

အရင်တစ်ပတ်က စုလှိုင်သည် ကျော်ထွန်းညိုနှင့်အတူ ရုပ်ရှင်ကြည့်ဖြစ်သည်။ အယ်လီဇဘက်တေလာ သရုပ်ဆောင်ပါဝင်သည့် "ကလီယိုပါထရာ" ဖြစ်သည်။ ကျော်ထွန်းညိုကို ရုပ်ရှင်ကြည့်ရအောင်ဟု စ၍ပြောခဲ့သူက စုလှိုင်ဖြစ်သည်။ တအံ့တသြဖြစ်သွားသော ကျော်ထွန်းညိုသည် ဝမ်းသာ အားရသဘောတူလေသည်။ ခြောက်နာရီခွဲပွဲကြည့်မည်မို့ ရုပ်ရှင်ရုံတွင်ဆုံရန် စုလှိုင်က ချိန်းလိုက်သည်။ ရုပ်ရှင်ပြီးသောအခါ စုလှိုင်က ကားပါသူမို့ ကျော်ထွန်းညိုကို လမ်းထိပ်အထိ ပြန်ပို့ပေးခဲ့လေသည်။ ကျော်ထွန်းညိုသည် ဖရက်ဒီလို ရုပ်ရှင်ရုံထဲ၌ သူ့လက်များကိုဆုပ်ကိုင်ခြင်းမရှိပေ။ ပခုံးချင်းထိ ကပ်ပြီး တီးတိုး စကားပြောဟန်နှင့် သူ၏နဖူးဆံစများကို မထိတထိနမ်းခြင်းလည်း မပြုလုပ်တတ်ပေ။ သို့သော် မကြာခဏလှည့်လှည့်ပြီး ခိုးကြည့်တတ်သည်ကို စုလှိုင်သိသည်။ သူခိုးကြည့်နေသည်ကို မသိဟန်ဆောင်ရင်း အလှဆုံးမျက်နှာပေးလေးနှင့် ပိတ်ကားကို စိုက်ကြည့်နေသော စုလှိုင်သည် ဝမ်းထဲ၌မူ လှောင်ရယ်လေး ရယ်ချင်နေလေသည်။

'စု ဧည့်သည်လာနေတယ်'

'ဘယ်သူလဲ မအေးတင်'

'ဖလက်ဒီ'

စုလှိုင်သည် နေရာမှ ပျင်းပျင်းရိရိထကာ အင်္ကျီကိုဆွဲဆန့်လိုက်သည်။ မှန်တင်ခုံရှေ့တွင်ရပ်ပြီး ဆံပင်ကို တစ်ချက်နှစ်ချက်သပ်လိုက်သည်။

စားပွဲခုံနောက်ဘက်တွင်ထောင်ထားသော တီစကွဲယားဏ်အရိပ်ကို

မှန်ထဲတွင်တွေ့ရသည်။ စားပွဲပေါ်တွင်ဖွင့်လျက်သားရှိနေသော ဓာတုဗေဒ စာအုပ်ထူကြီးကိုလည်း မှန်ထဲမှတစ်ဆင့် မြင်ရသည်။ စုလှိုင်သည် စားပွဲဆီသို့ လျှောက်သွားပြီး စာအုပ်ကိုပိတ်လိုက်သည်။

ဖရက်ဒီသည် ခြံထဲရှိ ခုံတန်းလျားလေးတွင်ထိုင်နေသည်။ ဆည်းဆာရောင်ခြည် နီတွေးတွေးသည် သူ၏ဖြူဖျော့သောအသားပေါ်သို့ ယှက်ဖြာပြီး ကျရောက်နေသည်။ သူ့ဆီသို့ ခပ်လေးလေးလျှောက်လာသော စုလှိုင်ကို ငေးကြည့်ရင်း မချိပြုံးလေးပြုံးလိုက်သည်။

'မင်းကိုကြိုးစားပြီးမုန်းတာပဲ စု၊ မုန်းမရလို့လာခဲ့တာ'

'ဘာဖြစ်လို့ မုန်းမရတာလဲ'

'ရှင်းပြလို့နားလည်မှာမှမဟုတ်တာဘဲ၊ ဘာလို့မေးနေရတာလဲ'

စုလှိုင်သည် ဖရက်ဒီကိုကြည့်ရင်း စိတ်ညစ်သွားသည်။ ဖရက်ဒီတို့ အသိုင်းအဝိုင်းမှလူငယ်များသည် မိန်းကလေးများကို ထည်လဲတွဲကြလေသည်။ သူ့လိုတော့ ချစ်သည့်အကြောင်းများကို ဇာချဲ့ပြီးပြောလေ့မရှိကြပေ။ သူကမူ သူ့အသိုင်းအဝိုင်းထဲမှ ထူးခြားစွာပဲ့ထွက်နေသည်။ အဆွေးသမား အလွမ်းသမားလေးလို ဖြူရော်ဖျော့တော့နေသည်။ ခံစားတတ်လွန်းသည်။

'မာမီက ကိုယ့်ကို သိပ်အလိုလိုက်ခဲ့တယ်၊ ဒက်ဒီက ရောပေါ့၊ ကိုယ်အသက် ဆယ့်ရှစ်နှစ်ပြည့်ခါနီးမှ ဒက်ဒီဆုံးတာလေ၊ စု မှတ်မိတယ် မဟုတ်လား၊ သူ မဆုံးခင်အထိတော့ ကိုယ့်ကို အစွမ်းကုန်အလိုလိုက်သွားတာပဲ၊ ကိုယ်တစ်သက်လုံး လိုချင်လျက်နဲ့ မရတာမရှိခဲ့ဘူး၊ အခုကျတော့ တစ်သက်နဲ့ တစ်ကိုယ် အလိုချင်ဆုံးအရာကျမှ မရတော့ဘူး'

'ဘာကိုလဲ'

'စုရဲ့မေတ္တာကိုပေါ့'

စုလှိုင်သည် သက်ပြင်းလေးချလိုက်မိသည်။ ဆွေးမြည့်ကြေကွဲနေဟန်ရှိသော ဖရက်ဒီကို ကြောင်ငေးငေးနှင့်စိုက်၍ကြည့်မိလေသည်။

'ဖရက်ရယ်၊ စု စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ဘာမှမတတ်နိုင်ဘူး'

'မင်း ကိုယ့်ကို တကယ်မချစ်ဘူးလား၊ စုလှိုင်"

ဖရက်ဒီသည် စုလှိုင်ပခုံးလေးကို တင်းတင်းဆုပ်ကိုင်ကာ မေးသည်။ စုလှိုင်သည် သူ့မျက်လုံးများကိုတည့်တည့်စိုက်ကြည့်ရင်း နှုတ်ခမ်းလေး ပိပိရိရိစေ့ကာ ခေါင်းညိတ်ပြလိုက်သည်။

'ဒီလိုဆို ဘယ်သူ့ကိုချစ်နေလဲ ပြော'

'မချစ်ပါဘူး ဖရက်ဒီရာ၊ စု ဘယ်သူ့ကိုမှမချစ်ဘူး'

'ဘယ်လိုလဲ စုလှိုင်၊ မင်းကို ကိုယ်ဘယ်လိုလုပ်ပြီး နားလည်ရမလဲ'

'တစ်ခါတလေ စုကိုယ်စုတောင် နားမလည်ဘူး၊ ဖရက်က ဘယ်လို လုပ်ပြီး နားလည်နိုင်မှာလဲ'

စုလှိုင်က စိတ်ရှုပ်ထွေးစွာနှင့်ပြောသည်။ ဆည်းဆာရောင်ဆိုးနေသော စုလှိုင်၏မျက်နှာလေးသည် နီတွေးနေသည်။ မျက်နှာလေးသည် ညှိုးကျနေသော်လည်း မာကျောကျောဖြစ်နေသည်ဟု ဖရက်ဒီကထင်မိလေသည်။

'ဒီနှစ်ကုန်ရင် ကိုယ်လည်းဘွဲ့ရပြီ၊ မာမီ့ကိုလည်း ပြောထားတယ်၊ အိမ်မှာ ဝိုင်းတွေမလုပ်ပါနဲ့တော့လို့၊ အဲဒါတွေကို စုမကြိုက်ဘူးမဟုတ်လား'

'မကြိုက်ဘူးလည်း မဟုတ်ပါဘူး'

စုလှိုင်က ယောင်ဝါးဝါးဖြေသည်၊ ဘယ်တုန်းကများ မကြိုက်ဘူးဟု ပြောမိပါလိမ့်ဟု မျက်မှောင်လေးကုတ်ကာ စဉ်းစားနေမိသည်။

'စုရဲ့မာမီကြီးကလည်း ကိုယ့်ဆီ ဖုန်းဆက်သေးတယ်'

'ဟင်'

'စုနဲ့ကိုယ်နဲ့ကို သဘောတူပါတယ်တဲ့'

'အို သူနဲ့ဘာဆိုင်လို့လဲ'

စုလှိုင်သည် ခါးခါးသီးသီးပြောလိုက်သည်။ အတန်ငယ်ပျော့ပျောင်းနေသောစိတ်တို့သည် ရုတ်ခြည်းပင် မာကျောကျောဖြစ်သွားသည်။ မယုံသင်္ကာစိတ်၊ မုန်းတီးစိတ်များက လျှံတက်လာကာ ဖရက်ဒီ့ကို စူးစူးဝါးဝါး စိုက်ကြည့်လိုက်မိလေသည်။

'မာမီကြီးက ပြောတယ်၊ စုရော စုမာမီရော အတူတူပဲတဲ့။ ခေါင်းမာကြတယ်တဲ့၊ ဒါပေမဲ့ နောက်ဆုံးတော့ သူစီစဉ်တာကို လက်ခံကြရတာပါပဲတဲ့၊ ကိုယ်ကတော့ စုကို အတင်းအကြပ်မယူချင်ပါဘူး'

'အတင်းအကြပ်ယူနိုင်ရင် ယူပေတော့ ဖရက်ဒီ၊ စုသဘောနဲ့စုတော့ ယူ့ကို တစ်သက်မယူတော့ဘူး'

စုလှိုင်သည် လှောင်ရယ်လေးရယ်ကာ ပြောလိုက်သည်။ ဖြူရော်ဖျော့တော့နေသောဖရက်ဒီ၏မျက်နှာသည်နီရဲသွားသည်။ ယောကျ်ားမာနကို အထိခိုက်ခံရသဖြင့် မခံချင်ဖြစ်ပြီး အံကြိတ်လိုက်မိသည်။

'ယူ သိပ်အပြောမကြီးနဲ့ စု၊ ယူ့ကို ကိုယ်ညှာနေတာကိုလည်း သတိထားဦး၊ မင်းနဲ့ငါ လွန်လွန်ကျူးကျူးဖြစ်ပြီးပါပြီတဲ့ ကဲ မယူလို့ဖြစ်မလား'

'ဟာ ဟ ဘာလို့ယူရမှာလဲ'

'မင်း ကိုယ်ဝန်ရှိပါပြီတဲ့ကွာ'

'ဖျက်ချလိုက်မှာပေါ့'

'မင်းရူးနေသလား စု၊ ဟင် ရူးနေသလား'

ဖရက်ဒီသည် စုလှိုင်၏ပခုံးလေးနှစ်ဖက်ကို သိမ့်သိမ့်ပါအောင် ကိုင်လှုပ်လိုက်သည်။ စုလှိုင်၏ဦးနှောက်များသည် ဆူဝေနေပြီး ခေါင်းထဲတွင် တဝီဝီမြည်နေသည်။ မျက်လုံးကိုစုံမှိတ်ကာ ခေါင်းကို တအားခါယမ်းလိုက်သည်။

'မသိဘူး၊ စုလည်းမသိဘူး၊ စု ရူးနေသလား မသိဘူး၊ အို ဖရက်ဒီရယ်၊ စု စိတ်တွေဟာတစ်မျိုးပဲ၊ အို ဘယ်လိုပြောမှရမလဲ၊ စု ရင်ထဲမှာ အမြဲ ဟာနေတယ်၊ အမြဲ အမြဲပဲ'

စုလှိုင်သည် မျက်လုံးကို တင်းတင်းမှိတ်ထားပြီး ကတုန်ကယင်လေးပြောသည်။ ဖရက်ဒီသည် သက်ပြင်းကြီး ဟင်းခနဲချကာ ခြေပစ်လက်ပစ်ကြီးဖြစ်သွားသည်။

ခြံထဲသို့ဝင်လာသော ကားသံကိုကြားရသောအခါမှ စုလှိုင်သည် မျက်လုံးလေးဖွင့်ကြည့်မိသည်။ မာမီပြန်လာခြင်းဖြစ်သည်။ မာမီနှင့်အတူ ဖရက်ဒီ၏မိခင် အန်တီကြည်ပါ ပါလာလေသည်။ ခြံထဲတွင်ထိုင်နေသော စုလှိုင်တို့ကို လက်ပြနှုတ်ဆက်ပြီး အိမ်ထဲဝင်သွားကြသည်။

'စုကိုလည်း စီးကရက်ပေးပါလား ဖရက်ဒီ'

ဖရက်ဒီက စီးကရက်ထုတ်ပြီး မီးညှိသောအခါ စုလှိုင်က လှမ်းပြီးတောင်းမိလေသည်။ ဖရက်ဒီက အံ့သြဟန်နှင့်လှမ်းကြည့်သော်လည်း မတားချေ။ စီးကရက်ဘူးကို ကမ်းပေးသည်။ စုလှိုင်က စီးကရက်တစ်လိပ် နှိုက်ယူလိုက်သောအခါ ဓာတ်မီးခြစ်ကလေးကို ဖျောက်ခနဲဖွင့်ပြီး အသင့် ထိုးပေးလေသည်။

စုလှိုင်သည် စီးကရက်ကို တအားရှိုက်ဖွာလိုက်သည်။ စီးကရက် မီးခိုးလေးများသည် လေထဲတွင်ဝေ့ဝဲကာ တဖြည်းဖြည်းလွင့်ပါးသွားကြသည်။

စီးကရက်မီးခိုးများကို စုလှိုင်သည် တငေးတမောကြည့်နေမိသည်။ ထို့နောက် အတွေးမျှင်များက မီးခိုးလိုလွင့်ပါးလာကြသည်။

*

စီးကရက်မီးခိုးများသည် အခန်းထဲတွင် ဝေ့ဝဲ၍ နေသည်။ စကားပြောသံ ရယ်မောသံတို့သည်လည်း ဆူညံနေသည်။ စုလှိုင်သည် ကျောင်းလွယ်အိတ်လေးကို တင်းတင်းဆုပ်ကိုင်ကာ အခန်းဝတွင်ရပ်၍ အကဲခတ်နေမိသည်။

'စုလှိုင် လာလေ'

မာမီကြီးက လှမ်းခေါ်သည်။ စုလှိုင်သည် လွယ်အိတ်ကိုမချခဲ့ဘဲ လွယ်လျက်သားပင် အခန်းထဲသို့ ခပ်ဖြည်းဖြည်းဝင်သွားသည်။

'သဲလ်မာသမီးလေ၊ သဲလ်မာနဲ့မတူဘူးလား မမမိရဲ့'

မာမီကြီးကပြောသောအခါ စီးကရက်ကိုအဆက်မပြတ်ဖွာရှိုက်နေသောမိန်းမကြီးသည် စုလှိုင်ကို မျက်လုံးလေးမှေးပြီးကြည့်လိုက်သည်။ စုလှိုင်သည် သူဝတ်ထားသောဂါဝန်အပြာလေးကို အကြောင်းမရှိဘဲပွတ်သပ်ရင်း အခန်းထဲမှလူများကို တစ်ဦးစီလိုက်ကြည့်မိသည်။

မာမီနှင့်စကားပြောနေသောအမျိုးသမီးကြီးသည် သူ့ရှေ့မှဆံပင်များကို ဖြတ်ပြီး လိုင်းတွန့်လေးများဖြစ်အောင် ကောက်ထားသည်။ သူ့ဘေးတွင်မူ ရှစ်နှစ်အရွယ်ခန့်ရှိ ဖြူဖြူနွဲ့နွဲ့ကောင်လေးတစ်ယောက်ကိုတွေ့ရသည်။ ကောင်လေးသည် စုလှိုင်ကို ရယ်ပြသည်။ သို့သော် စုလှိုင်က ပြန်မရယ်ဘဲ ဖျတ်ခနဲ မျက်လုံးလွှဲလိုက်သောအခါ ကြောင်စီစီလေးဖြစ်သွားလေသည်။

အခန်းထဲတွင် ဒက်ဒီကိုမတွေ့ရပေ။ ထို့ကြောင့် ဒက်ဒီအရွယ်ခန့်ရှိသော လူတစ်ဦးသည် စကားပြောဖော်မရှိဘဲ မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို လှန်လှောဖတ်နေသည်။

'သဲလ်မာ့သမီးက အချောလေးပဲ၊ ကြည့်စမ်း ကြီးရင်တော့ တကယ့်ကို စားမယ့်ရုပ်'

မာမီနှင့်စကားပြောနေသောအမျိုးသမီးကြီးက စုလှိုင်၏ပခုံးလေးကို လှမ်းဖက်ကာပြောသည်။ စုလှိုင်က ရှန်းလိုက်မိလေသည်။

'အန်တီကြည်ခေါ်တာ သွားလေ စု၊ သမီးက လူရာမဝင်ဘူး ကြည်ကြည်ရဲ့'

'အန်တီ့ကိုမှတ်ထားသမီး၊ နောက်တွေ့ရင်ခေါ်နော်၊ ကြည့်စမ်း၊ သမီးအင်္ကျီလေးက လှလိုက်တာ မာမီချုပ်ပေးတာလား'

စုလှိုင်သည် ခေါင်းယမ်းပြပြီး သူဝတ်ထားသောအင်္ကျီလေးကို ငုံ့ကြည့်လိုက်သည်။ ဆိုင်က ဝယ်သလား၊ အပ်သလား အသေအချာမသိသော် လည်း

မာမီချုပ်ပေးခြင်းမဟုတ်သည်ကတော့ ကျိန်းသေသည်။ မာမီသည် စုလှိုင်ကို တစ်ခါတစ်ရံမျှ သူကိုယ်တိုင် အင်္ကျီချုပ်ပေးခြင်း မပြုခဲ့ပေ။

'ကိုကိုရေ၊ ဒီမှာ သမီးကိုခေါ်ပါဦး၊ သားနဲ့မိတ်ဆက်ပေးပါဦး'

မဂ္ဂဇင်းဖတ်နေသောလူကြီးသည် စုလှိုင်ကို ပြုံးချိုစွာ လှမ်း၍ကြည့်သည်။ ပြုံးချိုသောသူ့မျက်နှာကိုငေးကြည့်ရင်း စုလှိုင်သည် ဒက်ဒီကို သတိရမိသည်။ ဒက်ဒီသည် မျက်နှာထား တည်လွန်းသည်။ တစ်ခါတစ်ရံ ပြုံးသော်လည်း ချိုသာခြင်း မရှိပေ။

'သမီးလေး'

စုလှိုင်သည် ဆက်ခနဲ တုန်လှုပ်သွားသည်။ ဒက်ဒီက စုလှိုင်ကို သမီးဟု မခေါ်ဖူးသော်လည်း သူက ခေါ်ချေသည်။

'သူက ဖရက်ဒီတဲ့ မှတ်ထားနော် ကဲ သားဖရက်က ညီမလေးကိုနှုတ်ဆက်လိုက်'

ဖြူနွဲ့နွဲ့ကောင်ကလေးသည် ပြုံးရယ်ရင်း စုလှိုင်ကို ခေါင်းညိတ်ခေါ်သည်။ 'လာလေ တူတူအရုပ်ကြည့်ရအောင်'ဟုပြောသည်။ စုလှိုင်သည် မျက်မှောင်ကုတ်ရင်း ဆံပင်လေးများလွင့်ခါသွားအောင် ခေါင်းယမ်းပြလိုက်သည်။

'လာသမီး အန်ကယ်လ် ဖတ်ပြမယ်လေ၊ ဘီလီသကစ်အကြောင်း ကြိုက်သလား၊ ကစ်ကာဆင်အကြောင်းကြိုက်သလား၊ ရော်ဘင်ဟု အကြောင်း နားထောင်မလား'

'အဲဒါတွေ သား နားထောင်ပြီးသားဒက်ဒီ၊ ဒီကော်မစ်ထဲက မစ်ကီး မောက်စ်အကြောင်းပဲ ပြောပြတော့'

ဖြူနွဲ့နွဲ့ကောင်ကလေးသည် သူ့ဖခင်၏ပေါင်ပေါ်တွင် လက်ထောက်ထိုင်ရင်း သူ့လက်ထဲမှစာအုပ်လေးကိုထိုးပေးသည်။ စုလှိုင်သည် စာအုပ်ထဲမှ ရောင်စုံကာတွန်းရုပ်ကလေးများကိုငေးကြည့်နေမိသည်။ ထို့နောက် သူတို့ အနားသို့ တရွေ့ရွေ့တိုးသွားမိမှန်းပင် သူ့ကိုယ်သူသတိမထားမိအောင် အရုပ်ကလေးများကို စိတ်ဝင်စားသွားသည်။

'ကဲ သား ညီမလေးကိုပြလိုက်ပါဦး'

ကောင်ကလေးနှင့် စုလှိုင်သည် ဆိုဖာပေါ်တွင် အတူတူယှဉ်ထိုင်ရင်း ချစ်စဖွယ်အရုပ်ကလေးများကို အတူတူကြည့်ဖြစ်ကြလေသည်။

'ဒီကြွက်ကလေးနာမည် မစ်ကီးမောက်စ်တဲ့၊ သူက အိမ်ဆောက် မလို့

တောထဲမှာသွားပြီး သစ်သားရှာတော့ အဲဒီက ဦးဝက်ကြီးနဲ့တွေ့တယ်'

ဟုတ်လားမဟုတ်လားတော့မသိ၊ ကောင်ကလေးသည် အရုပ်ကား လေးများကို လက်ညှိုးနှင့်ထောက်ကာ ဟန်ကျပန်ကျပြောသည်။ အင်္ဂလိပ်စာ ကောင်းစွာမတတ်သေးသဖြင့်၊ ဖတ်နိုင်ဟန်တော့ မတူပေ။ သူ့အဖေသည် သူ့ကို ကြည့်ကာ ပြုံးလျက်ရှိသည်ကို စုလှိုင်သတိထားလိုက်မိသည်။

'နင့်ဆီမှာရော ကောမစ်မရှိဘူးလား'

ကောင်လေးက မေးသောအခါ စုလှိုင်သည် ခေါင်းလေးခါယမ်းပြ လိုက်သည်။ ဒက်ဒီနှင့်မာမီသည် စုလှိုင်ကို ကော်မစ်စာအုပ် ဝယ်ပေးရန် လုံးဝ သတိရကြဟန် မတူပေ။

'ဒို့ဆီမှာ အများကြီးပဲ'

'ဟုတ်လား'

'ဒက်ဒီဝယ်ပေးတာ'

ကောင်ကလေးက ခပ်ကြွားကြွားလေးပြောသည်။ မျက်နှာထားက ပျော့ပျောင်းချိုသာသော်လည်း သူ့ကိုကြည့်ရသည်မှာ ဆောင့်ကြွားကြွားနိုင်လှ လေသည်။ စုလှိုင်ကြည့်၍မပြီးမီ သူ့စာအုပ်ကလေးကို ဖျတ်ခနဲပိတ်လိုက်ကာ မျက်နှာလေးမော့ပြီး ကြွားပြန်သည်။

'အိပ်လိုက်ရင် မျက်စိမှိတ်သွားတဲ့ ဒေါ်လီရုပ်လေးလည်း ဒို့မှာရှိတယ်'

'စုမှာလည်း ရှိပါတယ်'

'ပစ်လိုက်ရင် မီးထွက်တဲ့သေနတ်ရော'

'မကြိုက်ပါဘူး'

'ရေပေါ်မှာပေါ်နေတဲ့ ပလပ်စတစ်ဘောလုံးကြီးတွေရော'

'စု မှာ ရှိတယ်'

စုလှိုင်သည် နှုတ်ခမ်းလေးကို ပိပိရိရိလေးစေ့ကာ အားကျမခံ မျက်နှာ လေး မော့ထားလိုက်သည်။ ကောင်ကလေးသည် အကြံထုတ်နေသလို မျက် မှောင်လေး ကုတ်သွားသည်။

'ငါပုံတွေ အများကြီးသိတယ်'

စုလှိုင်သည် နှုတ်ခမ်းလေးကို ကိုက်ကာ ငြိမ်သွားသည်။ သူသိသော ပုံများကို အပြေးအလွှားစဉ်းစားသည်။

'စင်ဒရဲလား အကြောင်း စနိုးဝှိုက်အကြောင်း အဲဒါတွေကိုသိတယ်၊

ဆော်လမွန်ဘုရင်ကြီးရဲ့ရတနာသိုက်ရော ရေသူမလေးအကြောင်းရော

စုလှိုင်၏ရင်ထဲတွင် မခံချင်စိတ်များက ဘောင်ဘင်ခတ်လာလေသည်။ သူပြောနေသောအကြောင်းများကို စုလှိုင် ဘာမျှမသိပေ။ ထို့ကြောင့် အကြွားသန်သော ကောင်ကလေးကို ချဉ်ချဉ်စူးစူးနှင့်ကြည့်ရင်း ကိုင်ဆောင့်ပစ်လိုက်ချင်စိတ်ပင် ပေါက်လာသည်။

'ဒက်ဒီက ပြောပြတယ်သိလား မာမီကရော၊ ဒို့မသိတဲ့ပုံမရှိဘူး'

'စုလည်း ပြောခိုင်းမှာပေ့ါ'

'ပြောခိုင်းပေ့ါ ဒါပေမဲ့ ဒို့ဒက်ဒီလောက်တော့ ပြောပြတတ်မှာ မဟုတ်ဘူး'

'ဘာလို့မတတ်ရမှာလဲ၊ တတ်တာပေ့ါ'

စုလှိုင်က ဘောက်ဆတ်ဆတ်လေးပြောလိုက်သည်။ သူ့မျက်နှာကို လက်သည်းနှင့်တအား ဆွဲကုတ်ပစ်လိုက်ချင်စိတ်ပင်ဖြစ်ပေါ်လာသည်။ မခံချင်စိတ်နှင့်အားငယ်စိတ်များက ရင်ထဲတွင်လုံးထွေးကာ ပလုံစီထလာလေသည်။

'ဘွားဘွားမိကလည်း ပုံပြောတတ်တာဘဲ၊ ကမ္ဘာပေါ်မှာ ငါမသိတဲ့ပုံမရှိဘူး'

ဖရက်ဒီက ကမ္ဘာကြီးနှင့်ကိုင်ပေါက်ကာကြွားလိုက်စဉ် စုလှိုင်သည် ဆိုဖာပေါ်မှခုန်ချလိုက်သည်။ သူ့မျက်နှာကို မုန်းတီးစွာတစ်ချက်လှမ်းကြည့် ပြီး အခန်းထဲမှ ခြေဆောင့်၍ထွက်ခဲ့သည်။

'ကြည့်စမ်း စုလှိုင် ဆိုးလှချေလား'

မာမီကြီးက မကျေမနပ်လှမ်းပြောသည်ကို မကြားချင်ဟန်ဆောင်လိုက်သည်။ ထို့နောက် အပေါ်ထပ်သို့ ပြေးပြီးတက်သွားသည်။ ဖရက်ဒီ ဟူသည့်ကောင်ကလေးကိုရော ပုံတွေကိုပြောပြသည်ဆိုသည့် သူ့မိဘများကိုရော နောက်ထပ်တစ်ခါ မတွေ့ချင်တော့ပေ။ ဒေါ်လီရုပ်ပါရှိလျက် ဘောလုံး ရှိပါလျက်နှင့် ပုံပြင်များအကြောင်းကျတော့ ဘာမှပြန်မပြောနိုင်ဘဲ ခေါင်းငုံ့နေခဲ့ရသည်ကို စုလှိုင်မကျေနပ်ပေ။ စုလှိုင်၏နာနီသည်လည်း ညတိုင်းပုံပြောရမည့်အစား သူ့ချစ်သူဆီသို့စာရေးရန်သာ စိတ်ဝင်စားသူဖြစ်သည်။

စုလှိုင်သည် သူ့အခန်းထဲပြေးဝင်ပြီး အိပ်ရာထဲမှ ဝက်ဝံရုပ်ကလေးကို ဆွဲယူပြီး လွှင့်ပစ်လိုက်သည်။ သားငယ်၏ဘေးတွင်ကပ်ထိုင်ရင်း ပြုံးချိုစွာ ပြောနေသော အောက်ထပ်ကလူကြီးများ၏မျက်နှာကို မြင်ယောင်လာရင်း အိပ်ရာ

ဘေးမှ ဘောလုံးလေးကို တအားကန်ထည့်လိုက်ပြန်လေသည်။ တစ်စုံ တစ်ခုကို မွတ်သိပ်စွာတောင့်တမိသလို စုလှိုင်၏ရင်ထဲတွင် ပူဆာဆာကြီးဖြစ်၍ နေသည်။ ဧည့်သည်များ မပြန်မချင်း ပြန်ဆင်းမလာတော့ပေ။ ဧည့်သည်များပြန် ထွက်သွားသောကားသံကိုကြားသောအခါမှ စုလှိုင် အောက်ထပ်ပြန်ဆင်းခဲ့သည်။

'မာမီကြီး စုကို စနိုးဝှိုက်အကြောင်းပြောပြပါ'

ဦးစွာ မာမီကြီးကို ချဉ်းကပ်မိသည်။ မာမီကြီးက ခေါင်းယမ်းသည်။

'မအားပါဘူးကွယ် ဗျူတီပါလာ သွားရဦးမယ်၊ ဆံပင်အဖျားလေးတွေ နည်းနည်းဖြတ်ပြီး ကောက်မလို့'

ထို့ကြောင့် မာမ့်ဆီကိုသွားသည်။ မာမ့်အခန်းတံခါးပိတ်ထား၍ အသာခေါက်ရသည်။

'စုလား'

မာမ့်အသံကိုကြားရသည်။

'တွန်းဝင်ခဲ့လေ'

မာမီသည် ကိုယ်လုံးပေါ်မှန်ရှေ့တွင် ရေကူးဝတ်စုံလေးဝတ်ကာ ရပ်ကြည့်နေသည်။ ရေကူးဝတ်စုံ နီနီရဲရဲလေးသည် ဝင်းဝါသောမာမ့်အသားနှင့် ဟပ်နေသည်။ မာမ့်ပေါင်တံဝင်းဝင်းလေးသည် ရွှေရောင်တောက်ပြီး ဝင်းအိနေသည်။ ဝတ်စုံရင်ဘတ်က ဟိုက်သဖြင့် ဖြိုးအိသောရင်နှစ်မွှာသည် အံထွက်တော့မည့်အလားရှိသည်ကို စုလှိုင်သတိထားမိသည်။ စုလှိုင်သည် ငယ်စဉ်က မာမီ၏ရင်နို့ကို မသောက်စို့ခဲ့ရပေ။ ရင်သားအလှပျက်မည်စိုးသော မာမီက နို့ဘူးကိုသာ တိုက်ခဲ့သည်။

'လှလား စု ကြည့်ကြည့်ဆီက မာမီဝယ်လိုက်တာ'

မာမီသည် မှန်ရှေ့တွင် ဟိုလှည့်ဒီလှည့်နှင့်ကြည့်နေသည်။ စုလှိုင်သည် မှန်တင်ခုံကိုမှီရပ်ရင်း မာမ့်ကိုငေးကြည့်နေမိသည်။ မာမ့်ရင်ဘတ်တွင် ဆွဲထားသော ဆွဲကြိုးလေးမှ စိန်ဒေါ်လာသည် တလျှပ်လျှပ်လက်လျက် ရှိသည်။

'အဲဒီအကျႌက ဘာလုပ်ဖို့လဲဟင်'

'ရေကူးဖို့ပေါ့'

မာမီသည် မှန်ရှေ့မှခွာကာ အဝတ်ဗီရိုဆီသို့ လျှောက်သွားသည်။ သေးကျင်သောခါးအောက်မှလှုပ်ခါသွားသောတင်သားများကို မှန်ထဲမှ တစ်ဆင့်တွေ့ရသည်။

'မာမီ စုကို ပုံပြောပြပါလား'

'ဘာရယ်'

'ရော်ဘင်ဟု အကြောင်း၊ စနိုးဝှိုက် အကြောင်း'

စုလှိုင်သည် ဖရက်ဒ်ဒီဆီမှကြားခဲ့ရသောအမည်များကို ရေရွတ်လိုက်သည်။ မာမီ့မျက်နှာကို မျှော်လင့်တကြီး လိုက်ကြည့်မိသည်။

'အောင်မာ တယ်လှပါလားကွ'

ထိုစဉ်တွင် ဒက်ဒီသည် အခန်းထဲသို့ ပြောပြောဆိုဆိုဝင်လာသည်။ ရေကူးဝတ်စုံလေးဝတ်ထားသောမာမီ့ကို ခြေဆုံးခေါင်းဆုံးကြည့်၍ မချို မချဉ် ပြုံးလိုက်သည်။

'ကြည်ကြည့်ဆီက ဝယ်လိုက်တာ'

ဒက်ဒီသည် လက်ထဲမှဖိုင်တွဲများကို စားပွဲပေါ်တင်လိုက်ပြီး မာမီ့ဆီသို့ လျှောက်လာသည်။

'ဘာလုပ်ဖို့ ဝယ်လိုက်တာလဲ'

'ရေကူးမလို့လေ'

'ဘယ်မှာကူးမလို့လဲ'

'အိုးရီးယင့်'

'ဘယ်ဖြစ်မလဲ၊ မင်းဒီအဝတ်အစားနဲ့ ရေကူးချင်ရင် ရေချိုးခန်းထဲက ရေကန်ကိုပဲ ရေအပြည့်ဖြည့်ပြီးဆင်းကူး'

'အို ဘာဖြစ်လို့'

'ဒီလိုမလုံ့တလုံနဲ့ ယောကျ်ားတွေကြားထဲသွားပြီး ဟန်ရေးပြချင်လို့လားကွ၊ ငါခွင့်မပေးဘူး'

'အောင်မာ'

'မာမီသည်မျက်နှာလေးနီရဲသွားပြီး ဒက်ဒီ့ကို မျက်စောင်းနှင့်ကြည့်လိုက်သည်။ ဒက်ဒီက မထိတထိလေးရယ်ကာ မာမီ့တင်သားကို ခပ်ဆတ်ဆတ်လေး လက်ပြန်ရိုက်လိုက်လေသည်။

'သိပ်ဝတ်ချင်ရင်တော့ ဒီလိုပဲ အိပ်ခန်းထဲမှာဘဲ ဝတ်ပေါ့၊ မဆိုးပါဘူး သိပ်လှတာပဲ'

ငြိမ်သက်စွာရပ်နေသော စုလှိုင်သည် အရောင်တောက်နေသော ဒက်ဒီ့ မျက်လုံးများကိုကြည့်ရင်း သက်ပြင်းလေးချလိုက်မိသည်။ ထိုအခါမှ ဒက်ဒီသည်

သူ့ကိုတွေ့သွားဟန်ရှိလေသည်။

'ဟာ စုပါလား၊ မာမီသိပ်လှလို့ လာကြည့်နေတာလား'

စုက ခေါင်းကိုခါယမ်းပြလိုက်သည်။ ဖရက်ဒီ၏ဖခင်လို ချိုသာသော အပြုံးကိုပြုံးလိုက်လေမလားဟု ဒက်ဒီ့မျက်နှာကိုမျှော်လင့်တကြီး မော်ကြည့်မိသည်။ ထို့နောက် ညည်းတွားသလို မဆီမဆိုင်လေး ပြောလိုက်မိသည်။

'ဖရက်ဒီက ပုံတွေအများကြီးသိတယ်'

'ဒီတော့'

'စုက ဘာမှလည်းမသိဘူး၊ စုကို ရော်ဘင်ဟုအကြောင်းပြောပြပါလား ဒက်ဒီ'

'ဘာပြောတယ်'

'ရော်ဘင်ဟုအကြောင်း စနိုးဝှိုက်အကြောင်း'

'ဟား ဟား သဲလ်မာ မင်းသမီး ဘာဖြစ်လာတာလဲ၊ ရော်ဘင်ဟုဆိုတာ လူလား ခွေးလား ငါတောင်မသိဘူး'

ဒက်ဒီက တဟားဟားရယ်ရင်း စုလှိုင်၏ခေါင်းကိုပုတ်လိုက်သည်။ ထို့နောက် ဝတ်ထားသောတိုက်ပုံအင်္ကျီကိုချွတ်ကာ မှုန်ကုပ်ကုပ်နှင့်ရပ်နေသော မာမ့်ဆီသို့ ပစ်ပေးလိုက်သည်။

'ဖရက်ဒီရဲ့ဒက်ဒီကတော့ ပြောပြတယ်'

စုလှိုင်က မျက်ရည်လေးဝဲလာရင်း ဝမ်းနည်းသံလေးနှင့်ပြောမိသည်။ ဒက်ဒီက အရေးမစိုက်ပေ၊ အိပ်ရာပေါ်တွင် အိခနဲလှဲချလိုက်ရင်း 'နောက်ဖေးက တစ်ယောက်ယောက်ကို သံပရာရည်လာပို့ခိုင်းစမ်းစု' ဟု ခိုင်းသည်။ ထို့နောက် မာမ့်ကို 'မလဲပါနဲ့ဦးကွ ဒီအတိုင်း လှပါတယ်' ဟု လှမ်းပြောလေသည်။

စုလှိုင်သည် မှန်ထဲတွင်ထင်ဟပ်နေသော သူ့အရိပ်ကိုတွေတွေလေး ကြည့်လိုက်မိသည်။ ဂါဝန်ပြာလေးဝတ်ထားသော စိတ်ပျက်ဝမ်းနည်းနေသည့် ကလေးမလေးသည် မှန်ထဲမှနေပြီး သူ့ကိုညှိုးငယ်စွာ ပြန်ကြည့်နေ လေသည်။ ဖရက်ဒီဟူသောကောင်လေးနှင့် နောက်တစ်ခါတွေ့ပါက 'စုဒက်ဒီလည်း ပုံပြောတတ်တယ်'ဟု မျက်နှာလေးမော့ကာ ပြောနိုင်တော့မည်မဟုတ်သည့်အကြောင်း တွေးနေမိရင်း မျက်ရည်ဝဲလာသည်။

ရင်ထဲတွင်စုခဲနေသော မခံချင်စိတ်များသည် ကောင်းကင်သို့အငွေ့ပျံတက်သွားသလို စုလှိုင်၏ရင်ထဲတွင် ဟာသွားလေသည်။

ရန်ဖြစ်ရန်အရှိန်ယူနေကြသော မိဘနှစ်ပါးကိုကြည့်ရင်း မျှော်လင့်ချက်တောင်ကြီး ကွဲအက်ကာ ပြိုသွားသည်။

စုလှိုင်သည် ထိုနေ့ကစ၍ မျက်ရည်မကျဘဲ ငိုတတ်ခဲ့သည်။

အသံမထွက်ဘဲ ရှိုက်တတ်ခဲ့သည်။

*

'ဟော့ မိသက်'

သက်သက်၏ ပခုံးကို တစ်စုံတစ်ဦးက ဖြန်းခနဲ ရိုက်လိုက်ကာ တရင်းတနှီးခေါ်လိုက်သည်၊ လှည့်ကြည့်စရာပင်မလို၊ ထိုအသံကို သက်သက် မှတ်မိသည်။

'ဟယ် အမာညို'

အမာညိုသည် အသားအနည်းငယ်ညိုပြီး အတန်ငယ်ပိန်သွားဟန်ရှိသည်။ သို့သော် ရင်းနှီးပွင့်လင်းသောအပြုံးလေးကမူ မပြောင်းလဲချေ။ ခေါင်းဆောင်းဖြူဖြူ၊ အင်္ကျီဖြူဖြူနှင့်သန့်ရှင်းသပ်ရပ်သော သက်သက်ကို ကျေနပ်အားရစွာ ကြည့်နေလေသည်။ သက်သက်သည် ပြဒါးတိုင်နှင့်တကွ ဆေးအစုံထည့်ထားသော လက်တွန်းလှည်းလေးကို လမ်းဘေးသို့ကပ်ကာ တွန်းလိုက်ပြီးမှ အမာညို၏လက်များကို ဆုပ်ကိုင်လိုက်သည်။

'အမာညိုရယ် မတွေ့ရတာကြာလှပြီ ငါ့ဆီဘာလို့လာမလည်တာလဲ'

'ဒီလိုပဲဟ နင်ကရော အိမ်ပြန်တဲ့အခိုက်ကလေးများ ငါ့ဆီလာလည်လို့လား'

အမာညို၏ဘေးတွင် ကျောင်းသူသုံးယောက် ပါသေးသည်။ မိမိလေးကိုတော့ သက်သက်မှတ်မိသည်။ ကျန်နှစ်ဦးကိုတော့ မသိချေ။ သူတို့ စုပြုံရပ်နေသဖြင့် လမ်းကျဉ်းလေးသည် ပိတ်နေသလိုဖြစ်နေသည်။

'မာညိုရယ် ခဏနော်၊ ငါ လူနာတွေကိုဆေးတိုက်ပေးလိုက်ဦးမယ်'

သက်သက်က အားတုံ့အားနာတောင်းပန်လိုက်သည်။ အလုပ်ချိန်

ဖြစ်နေသဖြင့် အလုပ်ကိုဦးစားပေးရမည်ဖြစ်ကြောင်းကို အမာညိုကလည်း နားလည်ဟန်ရှိလေသည်။

'အေးပါ အေးပါ သွားပါ ဒါပေမဲ့ ဒီဆေးရုံကြီးမှာရှိတဲ့ ခွဲစိတ် ဆရာဝန်ကြီးတွေရဲ့ အခန်းလေးတွေတော့ ပြောခဲ့ပါဦး'

'ဒါ ခွဲစိတ်ဆောင်ပဲ မာညိုရဲ့၊ အဲဒီမှာ ဆရာဝန်ကြီးအခန်း'

'ဟုတ်လား လာ လာ အတော်ပဲ'

အမာညိုတို့အုပ်စုသည် ဆရာဝန်ကြီးအခန်းထဲသို့ တရုန်းရုန်းဝင်သွားကြလေသည်။ 'သူတို့တွေ ဘာကိစ္စများရှိပါလိမ့်' ဟုတွေးရင်း သက်သက်သည် မျက်မှောင်ကလေးကုတ်သွားသည်။ သို့သော် ကြာကြာတွေးချိန်မရပေ၊ လူနာများကို ဆေးပေးချိန်ရောက်နေပြီမို့ လက်တွန်းလှည်းကလေးကို ခပ်သွက်သွက်လေး ဆက်ပြီးတွန်းလာခဲ့သည်။

အခန်းထဲသို့ တရုန်းရုန်းဝင်သွားကြသော အမာညိုတို့သည် ဆရာဝန်ကြီးနှင့်ပက်ပင်းတွေ့သောအခါ အတန်ငယ်လန့်သွားကြသည်။ ကြောင် အအလေးများ ဖြစ်သွားကြသည်။

'ဟေ ဘာလိုချင်လို့တုံး'

ကြောင်စီစီလေး ရပ်နေသော မဝါကိုလက်ညှိုးထိုးပြရင်း မိမိလေးက အရင်းမရှိ အဖျားမရှိပြောလေသည်။ ဆရာဝန်ကြီးက သူ့ကိုလှည့်ကြည့်သောအခါ မဝါသည် မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နှင့် မချိသွားဖြဲကလေး ရယ်ပြသည်။

'အဟမ်း ကျွန်မတို့က စက်မှုတက္ကသိုလ်ကပါဆရာ၊ အဟမ်း အဟမ်း၊ အဲဒါ သူ့ရင်ဘတ်မှာ အကျိတ်တွေ့တော့ ကင်ဆာ၊ အဟမ်း၊ ကင်ဆာဖြစ်မှာကြောက်လို့ ခွဲဖို့လိုမလားလို့ လာခဲ့ကြတာပါ'

အမာညိုက ချောင်းတဟန့်ဟန့်နှင့်ရှင်းပြသောအခါ ဣန္ဒြေကြီးမားသော ဆရာဝန်ကြီးသည် မသိမသာပြုံးလိုက်လေသည်။ ကျောင်းသူများသည် ဘုမသိဘမသိနှင့် သူ့အခန်းထဲစွတ်ဝင်လာကြကြောင်း ရိပ်မိဟန်ရှိသည်။

'မင်းတို့ တက္ကသိုလ်ဆေးရုံမှာ မပြဘူးလား'

'မပြဘူးရှင့်'

'အခု ဆေးရုံကြီး အပြင်လူနာဌာနမှာကော'

'မပြဘူးရှင့်'

'ဒီလိုဆို ဘယ်လိုလုပ်ပြီး ဒီလာခဲ့ကြတာလဲ'

'ခွဲစိတ်ဆရာဝန်ကြီးရုံးခန်း ဘယ်မှာရှိလဲလို့ မေးပြီးတက်လာခဲ့ကြတာပါ'

ဆရာဝန်ကြီးသည် ပြုံးရုံမကတော့ဘဲ ဟက်ဟက်ပက်ပက်ရယ်မောလေသည်။ မည်သူ့ထောက်ခံချက် မည်သူ့လွှဲစာမှမပါဘဲ ကိုယ့်ဟာကိုယ် ဆရာဝန်ကြီးရုံးခန်းထဲ တန်းဝင်ကာ ဆေးရုံလာတက်သော မဝါသည် ပြုံးကျဲကျဲလေး လုပ်နေလေသည်။

'ကဲ ကဲ၊ မချွေးချော အကျိတ်ကို တစ်ဆိတ်ပြပါဦး'

'ဟောတော့၊ မပြချင်ဘူး'

'မပြလို့ မရပါဘူးခင်ဗျာ၊ ကင်ဆာဟုတ်မဟုတ် သေချာအောင် ကျန်တဲ့ သုံးယောက်ပါ စမ်းကြည့်ရမှာပါပဲ'

ရယ်ချင်နေသေးသော ဆရာဝန်ကြီးက ခပ်ငေါ့ငေါ့ပြောသည်။ ဆေးရုံစည်းကမ်းထုံးစံတွေကို ဘာတစ်ခုမှ နားမလည်ဘဲနှင့် ကျောင်းသားမှတ်ပုံတင်လေးများကိုင်ကာ သူ့အခန်းစွတ်ဝင်လာကြသော မိန်းကလေးများသည် မျက်စိမျက်နှာပျက်သွားကြသည်။ မိမိလေး၏ခြေထောက်သည် တံခါးဝသို့ အလိုလိုလည်ပြီး ဦးတည်ပြီးသားဖြစ်သွားသည်။

'ကျွန်မတို့မှာ ဘာအကျိတ်မှမရှိပါဘူး'

'ဟုတ်ပါတယ်၊ သူတစ်ယောက်ထဲပါ'

'ကျွန်မရင်ဘတ်မှာ အကျိတ်ရှိဖို့နေနေသာသာ အသားတောင်မရှိဘူး၊ ဘုရားစူး'

မိန်းကလေးသုံးဦးသည် မျက်လုံးပြူး မျက်ဆံပြူးနှင့်ငြင်းချက်ထုတ်ကြသည်။ ပိန်လွန်းသဖြင့် ငါးဖောင်ရိုးဘွဲ့ပင်ရရှိခဲ့သော ခင်စန်းအေးက သူ့အကျီင်္ရင်ဘတ်ကို လက်နှစ်ဖက်နှင့်ဆွဲစေ့ကာ ဘုရားစူးကျိန်ပြောလိုက်ရာသည်။

'ကဲ ကဲ ဒီလိုဆိုအကျိတ်ရှိတဲ့လူက ပြပေါ့'

'ဟဲ့ မဝါ ပြလိုက်လေ၊ ပြလိုက်'

'နင်တို့တစ်တွေ ဟိုဘက်လှည့်နေ'

အမာညိုတို့က အူယားဖားယား တိုက်တွန်းကြသည်။ အရေးထဲ မဝါက ဈေးကိုင်နေပြန်သည်။ အမာညိုတို့ အားလုံးကိုတစ်ဖက်လှည့်ခိုင်းပြီးမှ သူ့အကျိတ်ကိုပြသည်။ ဆရာဝန်ကြီးက မဝါကိုစမ်းသပ်နေစဉ် အမာညိုသည်

အခန်းအပြင်ထွက်ခဲ့သည်။ သက်သက်နှင့်တွေ့လိုသေးသောကြောင့် ဖြစ်လေသည်။

သက်သက်ကို အမျိုးသမီးလူနာခန်းထဲတွင် တွေ့ရသည်။ အိပ်ရာထဲတွင် မထနိုင်သောအမျိုးသမီးကြီးတစ်ဦး၏ခေါင်းကို အသာလေးထူမပြီး ကရားလေးနှင့် ရေတိုက်ပေးနေသည်။

'ပျောက်တော့မယ် အဒေါ်ရောဂါပျောက်တော့မှာ။ ဒီဇင်ဘာ အားကစားကျတော့ ကျွန်မတို့နဲ့အတူတူ ကန်တော်ကြီးကို ပတ်လျှောက်ကြမယ် ဟုတ်လား နော်'

သက်သက်က ခပ်ရွှင်ရွှင်လေး ပြောသည်။ အမျိုးသမီးကြီးကို အိပ်ရာထဲတွင် သက်သက်သာသာဖြစ်အောင် နေရာပြင်ပေးပြီး အတန်ငယ် တွန့်နေသော အိပ်ရာခင်းကိုဆွဲ၍ ဆန့်လိုက်လေသည်။ အမာညိုသည် သူ့သူငယ်ချင်းကို တိတ်တိတ်ဆိတ်ဆိတ်လေးရပ်ကြည့်နေမိသည်။

'မိသက်ရ နင့်အလုပ်မှာ နင်သိပ်ပျော်နေတာပဲလား၊ နင့်မျက်နှာလေးကို ရွှင်ပြုံးနေတာပဲ'

လူနာအနားမှထွက်လာသော သက်သက်အား အမာညိုက တိုးတိုးလေး မေးလိုက်မိသည်။ သက်သက်သည် အမာညိုပန်ထားသော သနပ်ခါးပန်း ဝါဝါလေးများကို လှမ်းကြည့်ပြီး အခက်လေးတစ်ခက် လှမ်းဖြုတ်လိုက်သည်။ ပန်းခက်လေးသည် ဆံပင်နှင့်ငြိနေသဖြင့် အပွင့်ဝါဝါလေးများ တစ်ဖြုတ်ဖြုတ် ကြွေကျသွားကြသည်။ သက်သက်သည် ကြွေကျသွားသော အပွင့်လေးများကို နှမြောသလိုငုံ့ကြည့်ရင်း ပန်းခက်လေးကို မထိတထိလေး ရှိုက်နမ်းလိုက်သည်။

'ငါ့အလုပ်မှာ ငါသိပ်ပျော်တာပေါ့ မာညိုရဲ့၊ ပန်းမပန်ရတာ တစ်ခုက လွဲလို့ ငါအကုန်ပျော်တယ်၊ အခုဆိုရင် ငါသင်တန်းတက်တာ တစ်နှစ်ပြည့်တော့မယ်။ နောက် နှစ်နှစ်ပဲကျန်တော့တယ်'

'ကောင်းပါတယ်၊ နင့်မျက်နှာ ပြုံးပြုံးလေးနဲ့ဆိုတော့၊ လူနာတွေလည်း ရောဂါသက်သာတာပေါ့'

'အေးပေါ့ဟယ်၊ တစ်ခါတလေတော့လည်း ကိုယ်တိုင် နေမကောင်းတဲ့အခါ စိတ်မကြည်လင်တဲ့အခါတွေ ရှိတော့ရှိတာပေါ့၊ ဒါပေမဲ့ ငါလေ ဆေးရုံအရိပ်ကိုနင်းလိုက်တာနဲ့ အဲဒါတွေကို မေ့ပစ်လိုက်တယ်၊ ငါတို့အလုပ်က ဝေဒနာအမျိုးမျိုးခံစားနေရတဲ့ ဝေဒနာသည်တွေကို ရောဂါသက်သာအောင် တတ်နိုင်ရင်

ပျောက်ကင်းအောင် ပြုစုပေးရတဲ့ အလုပ်မဟုတ်လား၊ ဝေဒနာသည်တိုင်းဟာ ကိုယ်မှာဝေဒနာရောက်ရင် စိတ်လည်း အလိုလို ပင်ပန်းဆင်းရဲကုန်တာပဲ'

'အေးပေါ့ဟ၊ ငါတောင် တလောက လေထိုးလို့ ဗိုက်တွေအောင့်တာ၊ စိတ်တိုလိုက်တာအရမ်းပဲ၊ ငါဗိုက်အောင့်နေတုန်း ညီလင်းက သီချင်းဆိုနေလို့ ဒေါသဖြစ်ပြီး သူ့ကို စာအုပ်နဲ့ကောက်ပေါက်မိတယ်'

အမာညိုကပြောရင်းရယ်လိုက်မိသည်။ သက်သက်က သနပ်ခါးပန်း အခက်လေးကို ဗီရိုပေါ် လှမ်းတင်လိုက်ကာ ခေါင်းညိတ်သည်။

'အေးပေါ့၊ ဒီလိုလူတွေကိုပြုစုရတဲ့ ဒို့သူနာပြုတွေဟာ ပြုံးနေဖို့မလိုအပ်ဘူးလား၊ ဆေးရုံရောက်နေတဲ့အချိန်မှာ ကိုယ့်တစ်ကိုယ်ထဲ သောက၊ မိသားစု ဒုက္ခအကုန်လုံးကို ရင်ထဲက ခဏထုတ်ပြီး အပြင်မှာချထားလိုက်တယ်။ ကမ္ဘာပေါ်မှာ အပျော်ဆုံး အကျေနပ်ဆုံးလူလို ပြုံးပျော်ဖျတ်လတ်ပြီး ရွှင်နေရတယ်၊ ငါတို့က ငါတို့ဒုက္ခ၊ ငါတို့သောကနဲ့ ကြက်နာကြီးလိုဖြစ်နေရင် ငါတို့က တစ်ခါ ပြုစုရတဲ့လူနာက ကြက်နာမကတော့ဘူး၊ ကြက်သေကြီး ဖြစ်သွားမှာပေါ့ မာညိုရယ်'

အမာညိုသည် သက်သက်၏ပြုံးချိုသောမျက်နှာလေးကို ချီးကျူးစိတ်နှင့် ကြည့်ကာ ရယ်မိပြန်သည်။ ထိုစဉ်တွင် ထဘီနီဝတ်သူနာပြုလေးတစ်ဦးသည် အခန်းထဲသို့ ခပ်သွက်သွက်ဝင်လာသည်။ ထို့နောက် ဗီရိုထဲမှ ဂွမ်းလိပ်ကို ထုတ်ကာ ဂွမ်းအနည်းငယ်ဖြတ်ယူလိုက်သည်။

'ဘာလုပ်ဖို့လဲ ဦးစိတ်တို'

'ဘက်ဖိုးက လူနာလေ၊ အနာမကျက်ဘူး'

'ဒို့ လိုက်ခဲ့ရမလား'

'ကိစ္စမရှိဘူး၊ နေပါ၊ ရပါတယ် ဟိုမှာ ဆရာရှိတယ်'

သူနာပြုလေးသည် သွက်သွက်လက်လက် ပြန်ထွက်သွားလေသည်။ အသားပြည့်ပြည့်၊ ဝတုတ်တုတ်လေးဖြစ်သော်လည်း သွက်လက် ဖျတ်လတ်လှသော သူ့ဟန်လေးကို အမာညိုကစူးစိုက်ပြီး သဘောကျနေမိသည်။

'နင့်လက်ထဲကိုအပ်ဖို့ လူနာတစ်ယောက် ရှိသေးတယ်'

'ဘယ်သူ ဘာဖြစ်လို့'

'ကိုကိုပေါ့'

'ဟင် ကိုကို ဘာဖြစ်လို့လဲ'

သက်သက်က စိုးရိမ်စိတ်ကလေးနှင့်မေးသည်။ အမာညိုသည် နှုတ်ခမ်းလေးမဲ့လိုက်ကာ၊ မျက်နှာစူသွားသည်။ ထို့နောက် မကျေမနပ်နှင့်ပြောသည်။

'အသည်းကွဲနေလို့ဟေ့၊ ဟက်တက်ကြီး ကွဲနေပြီး ချစ်သွေးတွေ တောက်ခနဲ တောက်ခနဲ တစက်စက်ကျနေလို့'

'ဟောတော့'

သက်သက်သည် စူပုပ်ပုပ်ပြောနေသောအမာညိုအား မျက်လုံးလေး အဝိုင်းသားနှင့်စိုက်၍ ကြည့်နေမိသည်။

'စုလှိုင်ပေါ့ စုလှိုင်နဲ့သူနဲ့ တွဲနေကြတယ် သိလား'

'ဟယ် သူတို့ ကြိုက်သွားကြပြီလား'

'ကြိုက်ရင် တော်သေးတာပေါ့ မိသက်ရယ်၊ ကိုကိုကသာ ကြိုက်တာဟဲ့ စုလှိုင်က မကြိုက်ဘူးတဲ့၊ ရုပ်ရှင်တူတူကြည့်တိုင်း မုန့်တူတူစားတိုင်း လူတစ်ယောက်ကို ချစ်ရမှာလားတဲ့၊ ကြိုက်ရမှာလားတဲ့၊ သူဘယ်သူ့ကိုမှ မချစ်ဘူး၊ ဘယ်သူ့အချစ်ကိုမှလည်း မယုံဘူးလို့ပြောလိုက်တယ်တဲ့ သိရဲ့လား'

သက်သက်၏မျက်နှာလေးသည် ညှိုးသွားသည်။ တစ်စုံတစ်ခုကို လက်လွှတ်ဆုံးရှုံးလိုက်ရသလို ရင်ထဲတွင် တုန်ခါလှိုက်မောသွားလေသည်။

ညင်းညံ့သော လေပြည်အေးက အခန်းတွင်းသို့ ပြေးဝင်လာသည်။ စားပွဲပေါ်ရှိစာရွက်လေးများသည် တဖျပ်ဖျပ်လန်သွားသည်။ အမာညိုက သက်ပြင်း ရှိုက်လိုက်မိသည်။

'ဟဲ့ အမာညိုက ဒီမှာ၊ ဒို့ကဖြင့် ဘယ်များပျောက်သွားပါလိမ့်လို့ လိုက်ရှာနေတာ'

မိမိလေးသည် အခန်းတွင်းသို့ ခေါင်းလေးပြူကာကြည့်သည်။ ငိုင်တွေတွေလေးဖြစ်နေသော သက်သက်ကို ရယ်ပြကာ သုံးဦးသားအခန်းထဲသို့ တရုန်းရုန်း ဝင်လာကြပြန်သည်။

'အန္တရာယ်တော့မရှိသေးဘူး၊ ဒါပေမဲ့ ခွဲလိုက်တာ ကောင်းတယ်တဲ့၊ သဘက်ခါ အော်ပရေးရှင်းဒေးတဲ့၊ နက်ဖြန်ကျရင် မဝါကို ဆေးရုံလာတင်ကြရမယ်'

'အတော်ပဲ ဒီမှာ သက်သက်လည်း ရှိနေတာ၊ ဩော် မိသက် မိမိလေးကို တော့ သိပြီးသားနော်၊ သူက ခင်စန်းအေးတဲ့၊ သူက မဝါလေ သာယာဝတီသူပေါ့ ဂျူနီယာဆရာစံတို့အမျိုး'

သက်သက်သည် ခေါင်းကို ဖျတ်ခနဲ ခါယမ်းလိုက်ကာ စိတ်အနှမ်းများကို မောင်းထုတ်လိုက်သည်။ ထို့နောက် အမာညိုပြောသော ဆရာစံ၏ အမျိုးကို လှမ်း၍ကြည့်မိသည်။ အသားလတ်လတ်၊ နှာတံပေါ်ပေါ်နှင့်ယဉ်စစလေးလှသော မိန်းကလေးက သူ့ကို ပြုံး၍ ကြည့်နေလေသည်။ ဆရာစံသည် တောင်သူ လယ်သမားအရေးတော်ပုံကို ဦးစီးခဲ့သော မြန်မာ့မျိုးချစ်ကြီး ဖြစ်သည်။ သေနတ်၊ အမြောက်၊ ခဲယမ်းမီးကျောက်ပေါများလှသော အင်္ဂလိပ်များကို ဓားနှင့်ထခုတ်ခဲ့သော သူများမို့ လက်နက်ချင်းမယှဉ်နိုင်ဘဲ အရေးတော်ပုံ ရှုံးနိမ့်ခဲ့ရသည်။ သို့သော်လည်း သူတို့၏သတ္တိ၊ သူတို့၏စိတ်ဓာတ်နှင့် နောင်လာ နောက်သားများ၏ နယ်ချဲ့ဆန့်ကျင်ရေး အစဉ်အလာကို ဦးစွာလမ်းခင်းပေးခဲ့သူများမို့ သက်သက် လေးစားကြည်ညိုခဲ့ရလေသည်။

'ဆရာစံကိုတော့ ကျွန်မသိပ်ကြည်ညိုတာ'

'မဝါက ဆရာစံရဲ့အမျိုး မဟုတ်ပါဘူး၊ သာယာဝတီသူမို့ အမာညိုက နောက်တာပါ၊ ဒါပေမယ့် ဆရာစံရဲ့အရေးတော်ပုံအရပ်မှာ မွေးရတဲ့ အတွက်ကြောင့်တော့ ကိုယ့်ကိုယ်ကို ရာကြဲ အသားယူနေရတယ်လေ'

'သတ္တိကတော့သိပ်ကောင်းတယ် သက်သက်ရေ ရင်ဘတ်မှာ အကျိတ်လေးစမ်းမိတာနဲ့ ကင်ဆာဖြစ်ပါပြီ သူ့ကိုယ်သူ သေပါတော့မယ်ဆိုပြီး ငိုယို နေလို့ ဆေးရုံကြီးကို တစ်အုပ်ကြီးရောက်လာကြရတာသာကြည့်ပေတော့'

မိမိလေးက ရယ်ရွှန်းဖတ်ရွှန်းနှင့်ပြောသည်။ သက်သက်သည် ဟန်မပျက်လေးလိုက်ရယ်နေရင်း စိတ်ထဲမှ စုလှိုင်ကိုသတိရနေသည်။ အကဲခတ်ရခက်ခဲသော စုလှိုင်၏မျက်လုံးညိုလေးများကို မြင်ယောင်နေမိသည်။

'ဟေး စတူးဒင့်တွေ စတူးဒင့်တွေ ဘယ်ရောက်နေကြလဲ ဘက်ဆဲဗင်းက ပေးရှင်းဆီသွားကြစမ်း'

'ဟော'

စစ္စတာကြီး၏အသံကိုကြားရသောအခါ သက်သက်သည် မျက်လုံးလေး ဝိုင်းသွားသည်။ အမာညို၏လက်ကို ညှစ်ကိုင်၍ နှုတ်ဆက်ကာ ခပ်သွက်သွက်လေးထွက်လာမိသည်။

ခုတင်နံပါတ်ခုနစ်မှလူနာသည် အိပ်ရာပေါ်တွင် လူးလိမ့် အော်ဟစ်နေသည်။ ဆရာဝန်၏အစမ်းသပ်ကိုပင် မခံနိုင်သလို သူ့ဗိုက်ကိုလက်နှစ်ဖက်နှင့်ဖိကာ နှိပ်ထားသည်။ ချွေးသီးချွေးပေါက်များ စီးယိုကျနေသည်။

အလုပ်သင်ဆရာဝန်လေးသည် လူနာကို မစမ်းသပ်နိုင်သေးဘဲ အအော်အဟစ်အလူးအလိမ့်ရပ်စေရန် ချော့မော့နေရသည်။ လူနာနှင့်အပြိုင် သူ့နဖူးတွင် ချွေးစက်များ စီရရီသီးနေသည်။

သက်သက်သည် လိုအပ်သည်ကိုကူညီနိုင်ရန် အဆင်သင့်ရပ်ကြည့်ရင်း လူနာကိုအကဲခတ်ကာ ရောဂါကိုမှန်းကြည့်နေမိသည်။ မခံနိုင်မရပ်နိုင် နာကျင်နေပုံကိုထောက်၍ အူအတက်ပေါက်ခြင်းဖြစ်မလား အူပိတ်ခြင်းဖြစ်မလား ဟုစဉ်းစားရင်း စုလှိုင်ကိုမေ့သွားသည်။ ကိုကို့ကိုလည်းသတိမရတော့၊ အမာညိုတို့ ဘယ်အချိန်ပြန်သွားသနည်းပင် သတိမထားလိုက်မိတော့ ချေ။

*

'ဟောတော့ ကိုယ်ကျိုးနည်းပါပြီ'

မာမီကြီးသည် သူ့ရင်ဘတ်ကိုသူဖိကာ မျက်လုံးကြီးပြူးထွက်လာသည်။

ဆရာမလေးသည် မာမီကြီး၏အဖြစ်ကိုကြည့်ကာ ထိတ်လန့်သလိုဖြစ်ပြီး စိတ်ညစ်သွားသည်။ သူ့အိပ်ရာဘေးရှိတယ်လီဖုန်းမှနေပြီး အိမ်ရှိ လူကုန်ဖုန်းပြောသမျှကို ဖြတ်နားထောင်နေသောအကျင့်ကို ဆရာမခများ သတိထားမိသည်မှာ ကြာချေပြီ။ သို့ပါသော်လည်း မတားဝံ့ မတားသာသဖြင့် ကြည့်နေရလေသည်။ ယနေ့လည်း ဖုန်းလိုင်းက ကလင်ခနဲ မြည်သွားသောအခါ ထုံးစံအတိုင်း ဖုန်းကိုကောက်ကိုင်ကာ နားထောင်သည်။ ခါတိုင်း တိတ်တိတ် ဆိတ်ဆိတ်နားထောင်သော်လည်း ဒီတစ်ခါတော့ ဘာများကြားရလေသည် မသိရချေ။ အထိတ်တလန့်နှင့်ထအော်လေသည်။

'သဲလ်မာ သဲလ်မာ တကယ်ပဲလား အဲဒါ တကယ်ပဲလား၊ ငါ့ကိုလာပြောပါဦး'

မာမီကြီးသည် စကားပြောခွက်ကိုပြန်ချလိုက်ရင်း အော်ဟစ်လိုက်သည်။ ထို့နောက် အခန်းအပြင်သို့ အမောတကောထွက်သွားသည်။

မာမီကြီး၏အော်သံကြားရသောအခါ စုလှိုင်ကလည်း အခန်းထဲမှထွက်လာမိသည်။ တယ်လီဖုန်းခွက်ကိုင်ကာ စားပွဲဘေးတွင်ရပ်နေသော မာမီကမူ ငိုင်တွေတွေလေးဖြစ်နေလေသည်။

'မာမီ ဘာဖြစ်လို့လဲ'

'ကုမ္ပဏီကို ပြည်သူပိုင်သိမ်းလိုက်ပြီတဲ့'

စုလှိုင်သည် သက်ပြင်းလေး ရှိုက်လိုက်သည်။ စိတ်မကောင်းသော်လည်း သိပ်ပြီး အထိတ်တလန့်မဖြစ်လှပေ။ တစ်နေ့နေ့ဖြစ်လာမည်ဟု မျှော်လင့်မိပြီးသားဖြစ်လေသည်။ မာမီနှင့်စုလှိုင်သည် မာမီကြီးလောက်တော့ တိုင်းပြည်အခြေအနေကို မျက်ခြည်ပြတ်နေသူများ မဟုတ်ပေ။

'ဘယ်သူပြောလဲ မာမီ'

'စုရဲ့ဒက်ဒီပေါ့'

ဒက်ဒီ အိမ်ပြန်မအိပ်သည်မှာ သုံးလေးညရှိပေပြီ။ သူ၏နံပါတ် ၂ မှ မွေးသော သားငယ်သည် ချူချာလှသည်။ မကြာခဏ ဆေးရုံတင်ရလေသည်။ စုလှိုင်ကိုသာ သမီးဟုမခေါ်ခဲ့သော်လည်း၊ ချူချာလှသော ထိုသားငယ်ကိုတော့ ဒက်ဒီသည် တော်တော်လေးသံယောဇဉ်ကြီးပုံရသည်။ တော် တော်လေးလည်း အလိုလိုက်ပုံရလေသည်။ အစပိုင်းကတော့ စုလှိုင် မခံချင် ဖြစ်ရသည်။ မနာလိုဖြစ်ရသည်။ သို့သော် ယခုတော့ စိတ်ကိုလျှော့ကာ မေ့ထားလိုက်လေသည်။ မိဘ၏မေတ္တာကိုလည်း တန်ဖိုးမထားချင်တော့၊ ငမ်းငမ်းတက် ခံယူချင်စိတ်လည်း မရှိတော့ပေ။

'သမီးရဲ့ဒက်ဒီက တော်တော်စိတ်မကောင်းဖြစ်နေပုံရတယ်၊ သုံး လေး ရက်လောက် အိမ်ပြန်မလာသေးဘူးတဲ့'

မာမီက လေသံကိုကြိုးစား၍ငြိမ်အောင်ထိန်းကာ ပြောသည်။ စုလှိုင်က နှုတ်ခမ်းလေးကိုမဲ့လိုက်သည်။

'တစ်သက်လုံး ပြန်မလာနဲ့လို့ ပြောလိုက်ပါလား မာမီ၊ ဒီလိုအချိန်မှာ မိသားစု တစုတဝေးရှိသင့်တာကို သူမသိဘူးလား'

'သူ့မှာ မိသားစုတွေများတယ်လေ'

'နေပါဦး နေပါဦး အဲဒါတွေက ထားပါဦး၊ ကုမ္ပဏီကို ငါတို့လုံးဝ မပိုင်ရတော့ဘူးလား'

မာမီကြီးက လက်ကိုဝှေ့ယမ်းကာ အော်သည်။ စုလှိုင်နှင့်မာမီအတွက် ဒက်ဒီကအရေးကြီးသော်လည်း သူ့အတွက်မူ ကုမ္ပဏီနှင့်ရုပ်ရှင်ရုံက ပို၍ အရေးကြီးပုံရသည်။

'ပြည်သူပိုင်သိမ်းပါတယ်ဆိုမှ မာမီရယ် ဝင်ပြီးပိုင်ချင်နေသေးလို့ လား'

'အမလေးတော် ကိုယ်ကျိုးနည်းပါပြီ၊ အဲဒီရုပ်ရှင်ရုံဝယ်တုန်းက ငါ့စိန်

ဆွဲကြိုးကြီးရောင်းပြီးစိုက်ခဲ့ရတာ အောင်မယ်လေး အခုအမြတ်များလာမှ ဆွဲကြိုး ပြန်လုပ်ရမလား စဉ်းစားနေတာ ကုန်ပါပြီ ဟီး ကုန်ပါပြီ’

စုလှိုင်သည် ကုလားထိုင်ပေါ် ပစ်၍ထိုင်ချလိုက်ကာ မာမီကြီးကို စိတ်ပျက်လက်ပျက် ကြည့်နေမိလေသည်။ အသက်ခုနစ်ဆယ်ပြည့်ပြီဖြစ်သော်လည်း စိတ်ပုတီးလည်ပင်းဆွဲရန်မစဉ်းစားဘဲ စိန်ဆွဲကြိုးဆွဲချင်နေသေးသော မာမီကြီးသာ ခုနေသေသွားလျှင် သေချာပေါက် ပြိတ္တာဖြစ်လိမ့်မည်ဟု စဉ်းစားနေမိသည်။

‘ဘယ်တတ်နိုင်မှာလဲ မာမီရယ် ပစ္စည်းသခ်ါရ လူသခ်ါရပေါ့’

‘ဘာသခ်ါရလဲ အမလေးလေ နည်းတဲ့ပစ္စည်းတွေ မဟုတ်ဘူး၊ ညည်းက ဘာလို့မငိုတာလဲ မိသဲလ်မာ ဟင် ရှေ့လျှောက်ဘာနဲ့သွားစားမလဲ’

မာမီကြီးသည် မျက်ရည်တွေတွေကျကာ ရှိုက်လိုက်သည်။ မာမီကြီး၏မျက်ရည်ကိုမြင်သောအခါမှ စုလှိုင်လည်းရှေ့ရေးကိုစဉ်းစားမိတော့သည်။

‘မာမီ ခွေးပေးထားတဲ့ သမက် ရှိသားပဲ၊ လုပ်ရည်ကိုင်ရည်ရှိတယ်၊ ထက်မြက်တယ်လေ ငွေမရှိရင် သူမနေတတ်ဘူး၊ ရှာလိမ့်မယ်ပေါ့’

မာမီကမျက်ရည်ရစ်ဝဲနေသော်လည်း ခပ်အေးအေးပင်ပြောသည်။ ထို့နောက် အခန်းထောင့်သို့လျှောက်သွားပြီး ရေဒီယိုဂရမ်ကိုဖွင့်လိုက်သည်။ ကြည်လင်အေးမြသောသီချင်းသံကလေးသည် ငြိမ့်ခနဲထွက်ပေါ်လာလေသည်။

‘အမလေး မောလိုက်တာ မောလိုက်တာ’

မာမီကြီးသည် သူ့ရင်ဘတ် သူဖိကာ ညည်းညူနေသည်။ စုလှိုင်သည် ဖြူတစ်ဝက် နက်တစ်ဝက်ဖြစ်နေသော မာမီကြီး၏ ဆံပင်ကျားကျားကို ကြည့်နေသည်။ ခြေထောက်ကို ဆိုင်းချက်ကျကျတွင် လှုပ်ယမ်းနေသော်လည်း သီချင်းသံက စိတ်ထဲသို့မဝင်ချေ။ ရင်ထဲ မောဟိုက်ဟိုက်ကြီးဖြစ်နေသည်။ မတည်မငြိမ်ဖြစ်နေသော စိတ်များက ဟိုဟိုဒီဒီ ပြေးလွှားနေကြလေသည်။

ပထမဆုံး ပြည်သူပိုင်အသိမ်းခံရသောပစ္စည်းများ၏ တန်ဖိုးကို စိတ်တွက်နှင့်တွက်ရင်း နမြောတသကာ ရင်ထဲတွင်ဟာသွားသည်။ ဒက်ဒီ့ကို သတိရသည်။ ထို့နောက် သူ၏သားငယ် ချူနာသည်လေးအကြောင်းတွေးမိပြန်သည်။ ထိုမှတစ်ခါ ဖျတ်ခနဲ ဖရက်ဒီ့ကိုအမှတ်ရကာ ကျော်ထွန်းညိုကို မြင်ယောင်မိပြန်သည်။ ကျော်ထွန်းညိုက သူ့ကို ပြောင်းဖူးစေ့လေးများ ခွါကာ ကျွေးသည့်အကြောင်း စဉ်းစားနေရင်း ‘မောလိုက်တာ မောလိုက်တာ’ ဟုအော်နေသော

မာမီကြီး၏စကားသံက သူ့နှလုံးသားကို ဖျစ်ညှစ်နေသလို မွန်းကျပ်လာလေသည်။

*

အမာညိုသည် ပုံဆွဲစားပွဲလေး၏ဘေးနှုတ်ခမ်းများကို မုန့်ဟင်းခါးဖတ်များနှင့် ဖိကာ သုတ်လိုက်သည်။ အဓိပ္ပာယ်မရှိဆော့နေခြင်းတော့ မဟုတ်ပါ။ ပုံဆွဲရန် ပြင်ဆင်နေခြင်း ဖြစ်လေသည်။ အဆောက်အအုံပုံစံများကို ရုပ်လုံးကြွလာစေရန် အလင်းအမှောင် အရိပ်ကျသည်များကိုပါ ဆွဲရသောအခါ စုတ်တံနှင့် အထပ်ထပ် အခါခါဆွဲရလေသည်။ ထို့ကြောင့် စက္ကူသား ပွထမလာစေရန်အတွက် ကြိုတင် ပြင်ဆင်မှုပြုရလေသည်။

စားပွဲပြားလေး၏ လေးဖက်လေးတန် ကော်ကပ်ပြီးသောအခါမှ အပေါ်ဘက်တွင် စက္ကူကိုဖြန့်ခင်းကာ ရေနှင့်လောင်းချလိုက်သည်။ ပုံဆွဲ စက္ကူလေးသည် ရေစိုကာ ခုံတွင်ကပ်သွားသောအခါ စက္ကူဘေးသားများကို အဆင်သင့် သုတ်ထားသောကော်နှင့် ဆွဲ၍ ကပ်လိုက်သည်။

'ဗျို့ ဗိသုကာအဒေါ်ကြီး ရေတွေနဲ့ ဆော့နေပြန်ပြီလား'

စားသောက်ဆိုင်ထဲမှ ကျောင်းသားများက မကြားတကြားလှမ်းအော်ကြသည်။ အမာညိုတို့ကျောင်းရောက်စက ဆောက်လက်စအဆောက်အအုံများသည် ပြီးစီးပြီဖြစ်သည်။ စားသောက်ဆိုင်များနှင့်မျက်နှာချင်းဆိုင် ရှိသော အရှေ့ဆုံးမှအဆောက်အအုံ၏အပေါ်ထပ်သည် ဗိသုကာဌာနဖြစ်လာလေသည်။ ပင်မအဆောင်တွင်ရှိစဉ်က ရရာအခန်းလေးများတွင် ပုံဆွဲခန်းများပြုလုပ်ထား၍ တစ်တန်းနှင့်တစ်တန်း မနီးစပ်ဘဲ ပြန့်ကျဲနေသည်။ ယခုတော့ အပေါ်ထပ် တစ်ထပ်လုံးသည် ဗိသုကာဌာနဖြစ်သွားသည်။ ဒုတိယနှစ်မှစ၍ ဆဋ္ဌမနှစ်ထိ ပုံဆွဲခန်းများသည် စီရရီ ဆက်တိုက်ရှိ လေသည်။

'အမာညို၊ ကျွန်တော် ဘာကူပေးရဦးမလဲ'

'ပြီးပါပြီ'

အမာညိုက ရေတွေရွှဲနေသော ပုံဆွဲစားပွဲလေးကို အရိပ်တကြည့်ကြည့်နှင့်ပြောသည်။ ပေါက်ကျိုင်းသည် စားပွဲပြားလေးကိုမပြီး ရေစစ်ကာ ထောင်လိုက်သည်။ ရေခြောက်သွားသောအခါ စက္ကူလေးသည် လေးဖက်လေးတန်မှ ဆွဲဆန့်ထားသလို တင်းနေမည်ဖြစ်လေသည်။ သို့မှသာ စက္ကူသားများ ပွတက်

ခံးတက်ခြင်းမရှိဘဲ အကြိမ်ကြိမ်ထပ်ဆွဲသောစုတ်၏ဒဏ်ကို ခံနိုင်မည်ဖြစ်သည်။

'ခင်ဗျား ဒီဇိုင်း စဉ်းစားလို့ရပြီလား'

'ရသေးဘူး၊ စဉ်းစားတုန်းပဲ'

'ကျွန်တော်လည်း မရသေးဘူး၊ ဓာတ်ဆီဆိုင်ဆွဲရမယ်ဆိုကတည်းက အိမ်နားက ဓာတ်ဆီဆိုင်ကိုချည်း မြင်နေတာပဲ၊ အသစ်စဉ်းစားလို့ကို မရဘူး'

ပေါက်ကျိုင်းသည် မြေနီကုန်းတွင်နေထိုင်သူဖြစ်သည်။ ထို့ကြောင့် ဘောင်ဒရီလမ်းနှင့်ပြည်လမ်းထောင့်ရှိ ဓာတ်ဆီဆိုင်လေးကိုသာ မြင်ယောင်နေခြင်းဖြစ်လေသည်။

'မိမိလေး စဉ်းစားထားတာလေးက ကောင်းတယ်ဆရာ၊ ဒီတစ်ခါ ဒီကောင် အမှတ်များမှာပဲ'

အမာညိုသည် သူ့လက်မှနာရီလေးကို ငုံ့ကြည့်လိုက်သည်။ သုံးနာရီခွဲ ကျော်ပေပြီ။ ပြန်ရန် အချိန်တန်ပြီဖြစ်၏။

'ဟေ့ အမာညို၊ မပြန်သေးဘူးလား'

မိမိလေးက အခန်းထဲမှလှမ်းမေးသည်။ ပုံဆွဲခန်းထဲတွင် လူသိပ်မကျန်တော့ပေ။ စုစုပေါင်း ဆယ့်ခြောက်ယောက်သာရှိသောအတန်းမို့ နဂိုကတည်းကလည်း လူနည်းလှပေသည်။

'မဝါတောင် မှာလိုက်သေးတယ်၊ သက်သက်ကိုတွေ့ရင် သူက သတိရနေတယ်လို့ ပြောပေးပါတဲ့'

မဝါနှင့်သက်သက်သည် အတော်လေးအဖွဲ့ကျသွားပုံရသည်။ အမာညိုက နေ့ကျောင်းသူဖြစ်၍ မဝါက အဆောင်နေသူဖြစ်သည်။ ဘာသာရပ်ချင်းလည်း မတူတော့ နေ့စဉ်မတွေ့ဖြစ်ကြပေ။ သို့သော်လည်း သက်သက်ကို သတိရကြောင်း မိမိလေးမှတစ်ဆင့် မကြာမကြာ လှမ်းပြောတတ်သည်။

အမာညိုသည် အတန်းထဲပြန်ဝင်လာကာ ပစ္စည်းများကို သိမ်းလိုက်သည်။ အခန်းအနောက်ဘက်ထောင့်တွင် ကိုစံသိန်းသည် မျက်မှောင်ကြီးကုတ်၍ ထိုင်နေသည်။ ဓာတ်ဆီဆိုင်ပုံစံကိုစဉ်းစားနေခြင်းဖြစ်သည်။ ပုံဆွဲစာရွက် အလွတ်ကို စိုက်ကြည့်ရင်း အကြံဉာဏ်ထုတ်သလို ဆေးပေါ့လိပ်ကြီး တငေါ့ငေါ့ဖွာနေလေသည်။

'ဟေး ဆယ်မိနစ်လိုသေးတယ်နော်၊ ကျောင်းမဆင်းသေးဘူး'

ပစ္စည်းများသိမ်းနေသော အမာညိုအား လှမ်းကြည့်ရင်း ခင်စန်းအေး

က ပြောလေသည်။ အမာညိုသည် သူ့အား မျက်နှာလေးမဲ့ကာ လျှာထုတ်ပြ လိုက်သည်။ ပုံဆွဲကိရိယာများကို အံဆွဲထဲထည့်ကာသော့ခတ်လိုက်သည်။

'ပေါက်ကျိုင်းရေ၊ မာညို ဒရောရင်းဘုတ်လေး အထဲသယ်ခဲ့ပေးပါ ဟာ၊ အပြင်မှာထားခဲ့ရင် ပေသွားမှာစိုးလို့'

ပေါက်ကျိုင်းသည် ခုံလေးကိုလက်နှစ်ဖက်နှင့်မကာ သယ်လာသည်။ သူ့ပါးစပ်တွင် စီးကရက်ခဲထားသည်ကိုတွေ့သောအခါ အမာညိုက အလန့်တကြားအော်လေသည်။

'ဟယ် ပေါက်ကျိုင်း အသက်အောင့်ထားနော်၊ ဘုရား ဘုရား ယောင်မှားပြီး အသက်မရှူလိုက်ပါနဲ့'

ပေါက်ကျိုင်းသည် ခုံကိုအခန်းထောင့်တွင် ထောင်ထားလိုက်ပြီးမှ ပြူးတူးပြဲတဲလှည့်ကြည့်သည်။ 'ဘာဖြစ်လို့လဲ'ဟု လှမ်းမေးသည်။

'အို စီးကရက်ခဲထားပြီးတော့ ထိပ်မှာလည်း ပြာအတောင့်လိုက်နဲ့၊ တော်ကြာအသက်ပြင်းပြင်းရှူမိပြီး ပြာတွေကြွေသွားရင် ဒို့စက္ကူလေး ပေသွားမှာပေါ့'

အမာညိုက လေအေးအေးနှင့်ရှင်းပြသည်။ တစ်ချိန်လုံး ငြိမ်နေသော ကိုစံသိန်းသည် ခေါင်းမော်ကြည့်ပြီး တဟားဟားရယ်လေသည်။ ပေါက်ကျိုင်း ကမူ မျက်နှာကြီးရှုံ့မဲ့သွားလေသည်။ ထို့နောက် စက္ကူဖွေးဖွေးလေးကို ငုံ့ကြည့်ရင်း အလန့်တကြားထအော်သည်။

'ဟ ခင်ဗျားပြောတာ နောက်ကျသွားပြီ အမာညို၊ ဒီမှာပေနေပြီ'

'ဟောတော့'

အမာညိုသည် ထောင်ထားသော စားပွဲခုံလေးဆီသို့ အပြေးအလွှား ရောက်လာသည်။ ပေါက်ကျိုင်း နောက်ပြောင်ပြောမှန်းသိ၍ အားလုံးရယ်လိုက်ကြသည်။ လူအမျိုးမျိုး စိတ်အထွေထွေ ရှိကြမည်ဖြစ်သော်လည်း ဗိသုကာကျောင်းသူကျောင်းသားတို့၏စိတ်ဓာတ်မှာ တစ်နေရာတွင်တော့ တညီတညာ တည်း တူသည်။ ဆွဲလက်စ၊ ဆွဲခါနီးပုံစံလေးများ စွန်းထင်းပေကျံပြီး ပျက်စီးသွားမည်ကို သေမလောက်ကြောက်ကြသည်။ မုန်းလျှင် လူရိုက်သွားပါ။ ခေါင်းထိုးပေးလိုက်မည်။ ပုံဆွဲခုံလေးကိုတော့ မထိပါနှင့်ဟု ပြောလေ့ရှိကြသည်။

အမာညိုသည် ရေမခြောက်တခြောက် စားပွဲခုံလေးကို စိုးရိမ်စိတ်နှင့် ငုံ့ကြည့်လိုက်မိစဉ် ပေါက်ကျိုင်းက နောက်နားမှကပ်၍ ခပ်တိုးတိုးပြောသည်။

'ခင်ဗျားကို ကျွန်တော်ချစ်တယ် အမာညို'

အမာညိုသည် မျက်လုံးလေးပြူးသွားသည်။ ကြားလိုက်ရသော စကားကို မယုံနိုင်သလိုရှိရင်း ငုံ့ကြည့်နေသော စက္ကူဖြူဖြူလေးသည် အပြာရောင် ပြောင်းသွားသလို ထင်လိုက်မိသည်။

'ကျွန်တော် တကယ်ပြောတာ၊ ခင်ဗျားမိဘတွေဆီမှာ လာတောင်းရမလား'

'ဟောတော့'

အမာညို၏အသံသည် အကျယ်ကြီးထွက်သွားသည်။ မိမိလေးက စိုးရိမ်သလို လှမ်းမေးသည်။

'တကယ်ပေသွားလို့လား မာညို'

'ပေါက်ကျိုင်း၊ ခွေးပေါက်ကျိုင်း၊ မကောင်းဘူး'

အမာညို၏မျက်လုံးထဲတွင် အဖြူရောင် အပြာရောင်များတောက်ပြီး ဝေဝါးနေရာမှ ကတုန်ကယင်ပြောလိုက်မိသည်။

'ဟယ် ပေါက်ကျိုင်းရယ်၊ နင်ကလည်း ဆေးလိပ်သောက်ရင် သတိထားတာ မဟုတ်ဘူး'

မိမိလေးက ဘုမသိဘမသိ ဝင်အော်နေသည်။ အမာညို၏ပုံဆွဲစက္ကူပေါ်တွင် အမှန်တကယ်ပင် ဆေးလိပ်ပြာများ ပေသွားသည်ဟု ထင်မိသောကြောင့် ဖြစ်လေသည်။ ပေါက်ကျိုင်းက မျက်စိမျက်နှာပျက်နေသော်လည်း လေကို မလျှော့ချေ။ စပ်ဖြဲဖြဲနှင့် စကားဖာလေသည်။

'နည်းနည်းလေးပေတာပါ မိမိလေးရာ၊ သူက အလကား ဒေါ်ဖောင်းနေတာ'

'မဟုတ်ဘူး မဟုတ်ဘူး၊ အများကြီး'

အမာညိုက မျက်စောင်းတအားထိုးကာ ပြောမိပြောရာ မဆီမဆိုင် ပြောလိုက်မိလေသည်။ လူတွေ တစ်ပုံတစ်ခေါင်းကြီးကြားထဲတွင် လူလည်လုပ်ကာ ရည်းစားစကားပြောတတ်သော ပေါက်ကျိုင်းအား တအားဆွဲပြီး ထုရိုက်ပစ်လိုက်ချင်စိတ်ပေါက်နေလေသည်။

'ဟုတ်တယ် ဟုတ်တယ် အများကြီး'

ပေါက်ကျိုင်းက သံယောင်လိုက်ကာ အော်သည်။ ထို့နောက် 'ကျွန်တော့ မေတ္တာတွေ'ဟု တိုးတိုးလေး ဆက်ပြောသည်။

အမာညိုသည် ဒေါသဖြစ်ဖြစ်နှင့်ဝုန်းခနဲ ထခုန်မိလေသည်။ ပေါက်ကျိုင်း ဟူသည့်သတ္တဝါသည် သူ့ကို မခန့်လေးစားပြောနေသည်ဟု ထင်မှတ်မိသည်။ ပြာဝေနေသောမျက်လုံးများသည် အခိုးအငွေ့များထွက်လာသလို ထူပူသွားသည်။ ပေါက်ကျိုင်းက သွားဖြဲပြီး မျက်နှာချိုသွေးသည်။ 'အဟုတ် ပြောတာပါ အမာညိုရဲ့'ဟု ထစ်ငေါ့ငေါ့ ဆက်ပြောသောအခါ ပိုဆိုးတော့သည်။ ဒေါသဖြစ်နေသောအမာညိုသည် သတ်ချင်ဖြတ်ချင်စိတ်များပင် ဝင်လာသည်။ ထို့ကြောင့် စားပွဲပေါ်မှကောက်မိကောက်ရာ တစ်စုံတစ်ခုကို ကောက်၍ တအားပေါက်ထည့်လိုက်မိလေသည်။

'ဟယ် အမာညို'

မိမိလေးက အလန့်တကြားအော်လိုက်သည်။ သူ့ဆီသို့ တစ်စုံတစ်ခု ရိပ်ခနဲပြေးဝင်လာသည်ကို မြင်သဖြင့် ပေါက်ကျိုင်းသည်ခေါင်းကိုငုံ့ကာ ရှောင်လိုက်သည်။ သို့သော် နောက်ကျသွားလေသည်။ သူ့နားထင်သည် ပူခနဲ ဖြစ်သွားသည်။ မိုက်ခနဲဖြစ်သွားသည်။

'ဟာ'

ပေါက်ကျိုင်း၏ချိုစောင်းမှ သွေးများယိုစီးလာသောအခါ သူတို့ကိုကြည့်ရင်း ရယ်နေကြသူများ လန့်ဖျပ်ကုန်ကြတော့သည်။ အူယားဖားယား ဝိုင်းအုံလာကြလေသည်။

'ဟယ် အမာညိုရယ် နင်ဘယ်လိုလုပ်လိုက်တာလဲ'

ငိုင်တွေတွေကြီးရပ်နေသောအမာညိုအား ကိုင်လှုပ်ရင်း မိမိလေးက အပြစ်တင်သည်။ အမာညိုပစ်ထည့်လိုက်သော တစ်စုံတစ်ခုသည် စာရွက်ဖိကျောက်တုံးဖြစ်နေသည်။ ခင်စန်းအေးက ကတုံကယင်နှင့်ပြန်ကောက်လာလေသည်။

'ကိစ္စမရှိပါဘူး သိပ်မများပါဘူး'

ပေါက်ကျိုင်းသည် သူ့ချိုစောင်းကို သူလက်နှင့်အုပ်ကာ ခပ်ပျော့ပျော့ပြောလေသည်။ ကြေကွဲဝမ်းနည်းသောမျက်လုံးများနှင့်အမာညိုကိုလှမ်းကြည့်ကာ သက်ပြင်းရှိုက်လိုက်သည်။

'လာ လာ ဆေးခန်းသွားရအောင် မင်းကသာ မများဘူးပြောနေ၊ သွေးတွေက တစက်စက်နဲ့ အမာညို ခင်ဗျားမကောင်းဘူး၊ ပြာလေးတစ်စက်နှစ်စက်ပေတာ ဘာဖြစ်တတ်လဲ အချင်းချင်း ဒီလောက်မှ သည်းမခံနိုင်ဘူးလား'

ကိုစံသိန်းက ပေါက်ကျိုင်းကို ဆွဲခေါ်သွားရင်း အမာညိုအား မျက်စောင်းခဲကာပြောသည်။ အမာညိုသည် အာစေးထည့်ထားသလို မတုန်မလှုပ်ကြီးဖြစ်နေလေသည်။ ပေါက်ကျိုင်း၏လက်တွင်ပေနေသော နီရဲရဲ သွေးများကို စိုက်ကြည့်ရင်း၊ ရင်ထဲက တဒိန်းဒိန်းခုန်လာသည်။ ဒူးများက တဆတ်ဆတ်တုန်လာသည်။

'မာညိုရယ် နင့်နယ် လက်ယဉ်လိုက်တာ'

သူတို့နှစ်ဦးထွက်သွားသောအခါမှ မိမိလေးက ပြောမိပြန်သည်။ ဒုတိယနှစ် အခန်းထဲမှထွက်လာသောဆရာတစ်ဦးကိုတွေ့သောအခါ လန့်သွားသည်။ ထို့နောက် ခင်စန်းအေးအား အလန့်တကြားလှည့်ပြောသည်။

'တော်သေးတယ်ဟဲ့ ဆရာ မရှိပေလို့တဲ့၊ ခင်စန်းအေးလိုက်သွားပါဦး တော်ကြာ ကိုစံသိန်းကြီးက ဆရာဝန်ကို အမှန်အတိုင်းသွားပြောနေဦးမယ် မကောင်းဘူး တံခါးပေါင်နဲ့တိုက်မိတာပါလို့ ပြောချေ သိလား၊ သန်းဆွေလှိုင်တို့ရော၊ မြမြတို့ရော ဒီအကြောင်း အပြင်မှာမပြောနဲ့နော်၊ ပေါက်ကျိုင်းလည်း ရှက်စရာ၊ ဒီမိန်းမလည်း မကောင်းဘူး ဆရာတွေသိသွားလည်း ဒုက္ခ'

မိမိလေးက စီမံခန့်ခွဲပြောဆိုနေစဉ် အမာညိုသည် ငုတ်တုတ်လေး ထိုင်ချလိုက်မိသည်။ ထို့နောက် မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလာကာ ရှိုက်၍ငိုမိလေသည်။

'အောင်မာ ခင်ဗျားက ခဲနဲ့လည်းပေါက်သေး ငိုလည်းငိုသေး၊ တယ်တတ်တယ် ဟုတ်တယ် ဟုတ်တယ် ပေါက်ကျိုင်းကို မှာလိုက်မယ် ဆေးထည့်ပြီးရင် လာချော့ပါဦး ဒီမှာ ငိုနေတယ်လို့'

အဆွေးသမားလေး ခင်မောင်အေးကမြင်ပြင်းကတ်လာသလို အငေါ်တူး၍ ပြောလေသည်။ ခါတိုင်း ရန်စွာနေကျ အမာညိုသည် ဘာတစ်ခုမှ ပြန်မပြောနိုင်ဘဲ ရင်ထဲတွင် ဗလောင်ဆူ၍နေသည်။ ထို့နောက် မိမိလေး၏ လက်ကို လှုပ်ယမ်းကာ ရှိုက်သံလေးနှင့်ပြောလိုက်လေသည်။

'မိမိလေးရယ် သူသိပ်နာသွားသလားမသိဘူး၊ သွေးတွေမှ အများကြီးပဲ၊ လိုက်သွားစမ်းပါ သူ့ကိုလိုက်ကြည့်စမ်းပါ'

*

'ယူ့ ကို စု အစကတည်းကပြောသားပဲ မချစ်ပါဘူးလို့'

စုလှိုင်က ခပ်အေးအေးလေးပြောလိုက်သည်။ အခံရခက်၍ နီရဲသွားသော ယောကျ်ားသားများ၏ မျက်နှာကိုကြည့်ရသည်မှာ ကျေနပ်နှစ်သက်ဖွယ်ကောင်းလှလေသည်။

'မချစ်ရင် ကျွန်တော်နဲ့ဘာလို့ ဒီနေရာကိုလာရသလဲ'

စုလှိုင်၏ တတိယမြောက်လူက ပြောသည်။ သူသည် စုလှိုင်ထက်ငယ်လေသည်။ ယခုနှစ်မှ ဆေးတက္ကသိုလ်ရောက်လာသောသူဖြစ်သည်။ ရှမ်းမျိုးနွယ်သဖြင့် သူ့ပါးအို့လေးများသည် နီနေသည်။ တောင်ကြီးမှ ရောက်လာသူဖြစ်သဖြင့် ရန်ကုန်ဆောင်းကို အပြုံးမပျက်ခံနိုင်သည်။ အနွေးထည် ဝတ်ထားခြင်းမရှိပေ။

'ပြောစမ်းပါ မချစ်ရင် ကျွန်တော်နဲ့ ဘာဖြစ်လို့တွဲသလဲ'

သူက ခပ်ဆတ်ဆတ်မေးလေသည်။ စုလှိုင်က လှောင်ရယ်လေးရယ်ကာ ပခုံးတွန့်လိုက်သည်။ ဘေးဘက်မှမြက်ပင်လေးတစ်ပင်ကိုဆွဲနုတ်ကာ သူ့မျက်နှာကို မထိတထိလေး ရိုက်ခတ်လိုက်သည်။

အင်းလျားရေပြင်သည် ငြိမ်သက်နေသည်။ နံနက်ရှစ်နာရီခန့်ရှိပြီ ဖြစ်သော်လည်း နှင်းမှုန်များက သိပ်သိပ်သည်းသည်းကျဆဲဖြစ်လေသည်။

'လပေါ်ကိုတောင် လူတွေရောက်တော့မယ် စိုင်း၊ ယူက ဘာလို့ ဒီလောက် ခေတ်နောက်ပြန်ဆွဲတဲ့အတွေးကြီးတွေ တွေးနေရတာလဲ၊ ချစ်မှတွဲရမှာလား'

စုလှိုင်က ဝေ့လည်ကြောင်ပတ်လေး ပြောလိုက်လေသည်။ အမှန်အတိုင်း 'ပျော်မလားလို့ တွဲတာ'ဟု မပြောရဲတော့ပေ။ ဖရက်ဒီက သူ့ကို ဒီလောက် တဲ့တိုးမပြောရန် သင်ခန်းစာပေးထားခဲ့သည်ကို စုလှိုင်မမေ့ပေ။ စိုင်းက အံကလေးကြိတ်ကာ စုလှိုင်ကို စိန်းစိန်းစားစားကြည့်နေလေသည်။ နဂိုနီသောပါးပြင်ကလေးသည် ပို၍နီကာ နှင်းဆီသွေးလွှမ်းလာသည်။ အလိုမကျ ခံပြင်းနေသော ကလေးငယ်ကဲ့သို့ မှုန်ကုပ်ကုပ်ဖြစ်နေသည်။

'စုတို့အိမ်က စိတ်ညစ်စရာကောင်းတယ် စိုင်း၊ အရင်ကတည်းက ပျော်စရာမကောင်းဘူး၊ အခုပိုပြီး စိတ်ညစ်စရာကောင်းနေတယ်'

'ဘာဖြစ်လို့'

'မာမီကြီးလေ စုမာမီရဲ့ မာမီပေါ့ အသည်းအသန်ကို နေမကောင်းဖြစ်နေတယ်'

'ဘာရောဂါလဲ'

'ရောဂါတွေကတော့ စုံလို့၊ ဆီးချိုလည်းရှိတယ်၊ သွေးတိုးလည်း ရှိတယ်၊ အသက်ကလည်း ကြီးပြီ၊ အဆိုးဆုံးကတော့ ဥစ္စာရူးတဲ့ရောဂါ'

'ဥစ္စာရူး'

'အင်း ဟုတ်တယ် ကုမ္ပဏီနဲ့ရုပ်ရှင်ရုံကို ပြည်သူပိုင်သိမ်းတယ်လည်း ဆိုရော မာမီကြီးလည်း အိပ်ရာထဲ လဲတော့တာပဲ'

စုလှိုင်က စိတ်လိုလက်ရလေးပြောပြကာ သက်ပြင်းရှိုက်လိုက်သည်။ သူ့အိမ်က အိမ်တွင်းရေးများကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပြောပြလေ့မရှိပေ။ ဒီတစ်ခါတော့ ရင်ထဲတွင်ကျပ်နေသဖြင့် အတန်ငယ်ချောင်လိုချောင်ငြား ပြောမိခြင်းဖြစ်သည်။

'အဲဒီအဘွားကို မမစုက သိပ်ချစ်လား'

'ဟင့်အင်း'

စုလှိုင်က ခေါင်းလေးခါယမ်းလိုက်သည်။ မပြောကောင်း၍သာ နှုတ်မှ မပြောလိုက်သော်လည်း 'သိပ်မုန်းတာ' ဟု ရင်ထဲမှတီးတိုးလေးပြောလိုက်မိသည်။

'သွားကြစို့ကွယ်၊ ကလပ်စ်က ရှစ်နာရီစတက်ရတာ၊ နောက်ကျနေမယ်'

'မမစုအကြောင်းတွေ ကျွန်တော် တော်တော်များများကြားရတယ်'

'ဘာတွေပါလိမ့်'

'ယောကျ်ားတွေကို အင်မတန် အရူးလုပ်တတ်တယ်တဲ့'

'ဟုတ်လား၊ သူတို့တွေ ရူးသွားကြလား'

ခပ်လှောင်လှောင်လေးပြောသော စုလှိုင်အား စိုက်ကြည့်ရင်း စိုင်းသည် မသိမသာလေးအံကြိတ်လိုက်သည်။

'ကျွန်တော့ကိုတော့ မစမ်းနဲ့ သိလား၊ ကျွန်တော်က သည်းမခံတတ်ဘူး၊ ပါးကိုက်ရင် နားကိုက်တတ်တဲ့လူမျိုး၊ ကျွန်တော့အဖေက ရှမ်း၊ အမေက မြန်မာ၊ ဒါပေမဲ့ နှစ်ယောက်လုံးစိတ်ကြီးတယ်၊ သူတို့ကမွေးလာတဲ့ ကျွန်တော်ကတော့ သူတို့ထက်တောင် စိတ်ကြီးသေးတယ်'

စိုင်းက လေသံအေးအေးလေးနှင့် ကြိမ်းလိုက်သည်။ စုလှိုင်သည် ပခုံးလေး တွန့်ကာ အရယ်ရပ်လိုက်သည်။ လှောင်ချင်ပြောင်ချင်နေသော်လည်း စိတ်

တွင်မူ လေးလေးလံလံကြီးဖြစ်သွားသည်။ ဒီကောင်လေးနှင့် အဆက်အဆံ မလုပ်ခဲ့မိရင် ကောင်းသား၊ မတွေ့ခဲ့ရင်ကောင်းသားဟု တွေးမိသည်။ တကယ့်တကယ်တွေ့ပုံလေးကလည်း ရိုးရိုးလေးဖြစ်သည်။ ဗိုလ်ချုပ်ဈေးထဲတွင် ဈေးဝယ်ထွက်ရင်း အထုပ်အပိုးများပိုက်ကာထွက်လာသော စုလှိုင်နှင့် သူနှင့်တိုက်မိသည်။ စုလှိုင်၏လက်ထဲမှ အထုပ်များ ကျကုန်သည်။ သူက ကောက်ပေးသည်၊ တောင်းပန်စကားဆိုသည်၊ စုလှိုင်၏မျက်နှာလှလှလေးကိုကြည့်ရင်း မိတ်ဆက်စကားဆိုသည်၊ စုလှိုင်က ပြုံးသည်၊ ရယ်သည်၊ အမည်ပြောခဲ့သည်၊ အတန်းပြောခဲ့သည်၊ အိမ်လိပ်စာ ပေးခဲ့သည်၊ နောက်တစ်နေ့ ညနေတွင် သူက အိမ်လာလည်လေသည်။

'ကဲ ကျောင်းသွားကြစို့'

စုလှိုင်က စကားကိုဖွတ်ပင်ဖြတ်လိုက်သည်။ နေရာမှ သွက်သွက်ထကာ စိုင်း၏လက်ကိုဆွဲထူသည်။ သို့သော် သူက နေရာမှမထပေ။

'ကျွန်တော် ဒီနေ့ကျောင်းမတက်တော့ဘူး၊ မမစု သွားချင်ရင် သွားတော့'

စုလှိုင်ထွက်လာသောအခါ သူသည် သရက်ပင်ရိပ်တွင်တစ်ဦးတည်း ရပ်၍နေရစ်လေသည်။

'စိုင်းကို အရှုံးမလုပ်ချင်ပါဘူး၊ နောက်တစ်ခါစုနဲ့အဆက်အသွယ် မလုပ်နဲ့တော့၊ စုဆီလာမလည်နဲ့တော့၊ စုက ချစ်တတ်တဲ့လူမဟုတ်ဘူး'

စုသည် ကားထဲရောက်ခါမှ ကားစက်ကိုဆောင့်နှိုးလိုက်ရင်း အော်ပြောသည်၊ နှင်းထုထဲမှနေပြီး သူ့ဆီကိုပြေးလာသောသဏ္ဌာန်လေးကို လက်ပြနှုတ်ဆက်ကာ လီဗာကိုဖိ၍ နင်းလိုက်သည်။

'စု မမစု'

အော်ခေါ်သံကိုကြားသော်လည်း လှည့်မကြည့်တော့ပေ။ ကားစက်ရှိန်ကို တိုး၍မြှင့်လိုက်လေသည်။ စုလှိုင်၏ဆံပင်ပျော့ပျော့လေးများသည် လေတိုးပြီး တလွင့်လွင့်ခါသွားသည်။ စုလှိုင်၏ရင်ထဲမှ နှလုံးသားသည်လည်း တစ်စစီ ကွဲကြေကာ လွင့်ကြဲနေသလို ကတုန်ကယင်ဖြစ်လာလေသည်။

စုလှိုင်သည် ကားစက်ရှိန်ကို မိုင်လေးဆယ်အထိ တင်လိုက်သည်။ လမ်းဘေးမှတိုက်တာအဆောက်အအုံများနှင့်သစ်ပင်များသည် ရိပ်ခနဲ ရိပ်ခနဲ ကျန်ခဲ့လေသည်။ ဖွင့်ထားသောကားမှန်ပေါက်မှ နှင်းမှုန်နှင်းစက်များက လေနှင့်

အတူ ရုတ်တရက် သဲသဲဝင်လာကြသည်။ အေးစိမ့်နေသော နှင်းမှုန်များက မျက်နှာကိုပက်ဖျန်းနေသော်လည်း စုလှိုင်၏ရင်ထဲတွင်မူ ပူနေလေသည်။

စုလှိုင်သည် ကျောင်းဝင်းထဲရောက်သောအခါမှ စက်ရှိန်ကိုလျှော့တော့သည်။ ခရေပင်ရိပ်တွင် ကားကိုထိုးဆိုက်ပြီး ခေတ္တမျှမျက်လုံးမှိတ်ထားကာ အသက်ကို ဝဝ ရှူလိုက်လေသည်။

'စုလှိုင်'

ကျော်ထွန်းညိုက ကားဘေးမှရပ်ကာ ခေါ်လိုက်သည်။ နွမ်းနယ်နေသော စုလှိုင်၏မျက်နှာလေးကို စူးစိုက်ကြည့်နေစဉ် မျက်တောင်ကော့များ ပွင့်လာသည်။ ကျော်ထွန်းညိုကို ခပ်ကြောင်ကြောင်နှင့် ခပ်စိန်းစိန်း စိုက်ကြည့်လေသည်။

'စုလှိုင်ရဲ့အမေကပြောတယ် အိမ်ကိုပြန်လာပါတဲ့'

'မာမီက ပြောတယ် ဟုတ်လား'

စုလှိုင်သည် တအံ့တသြလေးဖြစ်သွားသည်။ မာမီနှင့်ကျော်ထွန်းညိုမည်ကဲ့သို့ အဆက်အစပ်ရှိနေရသနည်းဟုတွေးတော၍ နားမလည်နိုင်အောင်ဖြစ်နေသည်။ ကျော်ထွန်းညိုက သက်ပြင်းရှိုက်လိုက်သည်။

'ကျွန်တော် မနေ့ညက အဆောင်မှာအိပ်တယ် စုလှိုင်'

ကိုတင်မောင်ဌေးနှင့်အတူ အဆောင်တွင်အိပ်ပြီး စာကျက်မည်ဟုအိမ်တွင် ခွင့်တောင်းခဲ့သည်။ ကျောင်းစာကို အကြောင်းပြခဲ့သော်လည်း စင်စစ်အားဖြင့် စာတစ်လုံးမျှကျက်ရန် ရည်စူးခဲ့သည်လည်း မဟုတ်ပေ။ ကျက်လည်းမကျက်ဖြစ်ပေ၊ ညနေစောင်းကတည်းက အင်းစိန်မှ အရက်ပုန်းဆိုင်လေးသို့ရောက်နေသည်။ တစ်ခွက်ပြီးတစ်ခွက်မော့ရင်း မူးမူးရူးရူးနှင့်'စုလှိုင်ရေ စုလှိုင်ရေ'နှင့်အော်နေမိသည်။ အဆောင်သို့ ကိုတင်မောင်ဌေးကတွဲပြီး ပြန်ခေါ်ခဲ့ရသည်။ ဒီနေ့မနက်တော့ နိုးနိုးချင်း အိပ်ရာမှ လူးလဲထသည်။ မျက်နှာ မသစ်သေးဘဲ အဆောင် ၁ အဝင်ဝရှိ တယ်လီဖုန်းရုံလေးဆီသို့ပြေးသည်။ စုလှိုင်နှင့် စကားပြောရန် ဖြစ်သည်။ သို့သော်လည်း စုလှိုင်နှင့်မတွေ့ခဲ့ရပေ။

'စုလှိုင်ရဲ့အမေကပြောတယ် စုလှိုင် မနက်အစောကြီးကတည်းကထွက်သွားတယ်တဲ့'

စုလှိုင်သည် ကားတံခါးကိုဖွင့်ကာ ဆင်းလိုက်သည်။ အတန်ငယ်ပိန်ကာ ညှဉ်းသိုးသိုးဖြစ်နေသော ကျော်ထွန်းညိုကို စိုက်ကြည့်ရင်း ခပ်အေးအေးပင်

မေးသည်။

'အင်း ဒီတော့ ဘာဖြစ်လဲ'

ကျော်ထွန်းညိုသည် ပြောရခက်နေသလို တုံ့ဆိုင်းဆိုင်းဖြစ်သွားသည်။

'စိတ်မကောင်းတော့ မဖြစ်နဲ့ စုလှိုင် အဲ၊ စုလှိုင်အဘွား အခုလေးပဲ ဆုံးသွားပြီတဲ့'

စုလှိုင်သည် ကားတံခါးကိုနောက်ပြန်မှီကာ ရုတ်တရက်ငြိမ်သက်သွားသည်။ လူက ငြိမ်သက်သွားသော်လည်း စိတ်ထဲတွင်မူ ဂယက်ထနေ သော ရေပြင်ထဲသို့ နောက်ထပ် ခဲတစ်လုံးထပ်ကျသွားသလို ခံစားလိုက်ရသည်။ စိတ်ဂယက်သည် ပလုံစီထကာ ပွက်လောရိုက်သွားသည်။

ခရေပန်းနံ့က ပျံ့မွှေးလာသည်။

အပင်ပေါ်မှဖျတ်ခနဲကြွေကျလာသော ခရေပွင့်ဖြူဖြူလေးတစ်ပွင့်သည် စုလှိုင်၏ဆံပင်တွင် ခေတ္တမျှ ငြိတွယ်နေသည်။ ထို့နောက်မှ လျှော ကာ မြေပေါ်သို့ကျသွားလေသည်။

ကျော်ထွန်းညိုသည် စုလှိုင်ကို ဖြေသိမ့်စကား မပြောတတ်ဟန်နှင့် တွေတွေဝေဝေဖြစ်နေသည်။ စုလှိုင် မျက်ရည်ကျလာလိမ့်မည်ဟူသော အထင်နှင့် ငေးကြည့်နေမိစဉ် စုလှိုင်က ခပ်ကြောင်ကြောင်လေးပြုံးလိုက်လေသည်။ ထို့နောက် တိုးတိုးလေးပြောသည်။

'မာမီကြီး သေသွားပြီတဲ့'

*

'မိသက်ရေ စုလှိုင်အဘွားဆုံးသွားတယ်တဲ့'

အမာညိုက အိမ်ဝမှ ကုန်းဟစ်လာသည်။ နောက်ဖေးချောင်အထိ ဖုန်းဖုန်းဒိုင်းဒိုင်းဝင်လာသည်။

'ဟယ် အဟုတ်လား'

'သက်သက်သည် ပုစွန်ခြောက်ထောင်းနေရာမှ မော်ကြည့်ရင်း မျက်လုံးလေး ဝိုင်းသွားသည်။ စုလှိုင်၏အဘွားကို အသက်မည်မျှကြီးပြီလဲ စိတ်ထဲမှနေ၍ မှန်းကြည့်လိုက်မိသည်။

'ကြီးတော့ ကြီးရောပေါ့နော်'

'ခုနစ်ဆယ်ကျော်ပြီတဲ့ဟ'

'ဘာရောဂါတဲ့ ဟော ကိုကိုပါလာတာကိုး'

ခပ်ဖြည်းဖြည်းဝင်လာသော ကျော်ထွန်းညိုကို သက်သက်က အခုမှ လှမ်းမြင်ကာ ဝမ်းသာအားရလေး နှုတ်ဆက်လိုက်သည်။ ထို့နောက် ထဘီစလေးကို ဆွဲဖုံးပြီး သပ်သပ်ရပ်ရပ် ပြင်ထိုင်လိုက်လေသည်။

'ဒီအရွယ်သေတာ လူကြီးရောဂါပေါ့ဟာ၊ အဲဒါ သဘက်ခါ အသုဘချမယ်၊ နင်လိုက်ပို့ဦးမလား'

သက်သက်သည် ဒူးပေါ်တွင် မေးလေးတင်ကာ ငုတ်တုတ်လေးထိုင်ရင်း မျက်မှောင်လေးကုတ်သွားသည်။ အလုပ်ချိန်များကို ပြန်စဉ်းစားရင်း အားမအား စိတ်ထဲမှတွက်ဆနေမိသည်။

'နေ့ခင်း နှစ်နာရီချမှာဟ၊ ငါတို့တွေလည်း လိုက်ပို့မှာ'

'ပြီးရင် နင်တို့က ကျောင်းပြန်မှာလား'

'မပြန်ပါဘူး၊ အိမ်မှပဲ တန်းပြန်တော့မှာပေါ့။ အဲ နင့်ကို အဆောင် လိုက်ပို့မယ်လေနော် ကိုကို၊ ကြံတောကနေ မိသက်ကြီး အဆောင်လိုက်လည်ပြီးမှ အိမ်ပြန်ရအောင်လေ'

သက်သက်၏မျက်လုံးလေးများသည် ဖျတ်ခနဲအရောင်လက်သွားသည်။ ကျော်ထွန်းညိုကို လှမ်းကြည့်သည်။ မီးဖိုချောင်အဝင် ခါးပန်းလေးတွင် ထိုင်နေသော ကျော်ထွန်းညိုက ခေါင်းညိတ်ပြသည်။ မျက်နှာကမူ သိပ်မရွှင်လှပေ။

'ကိုကိုရယ် ပိန်သွားလိုက်တာ'

သက်သက်က ကရုဏာနှင့်ပြောမိသည်။ အမာညိုသည် သူ့အစ်ကိုအား မျက်စောင်းထိုးရင်း သက်သက်၏လက်ထဲမှငရုတ်ဆုံကို လှမ်း၍ဆွဲယူသည်။ ထို့နောက် တဒုန်းဒုန်းနှင့် တအားထောင်းရင်း စူပွစူပွပြောသည်။

'ပိန်မှာပေါ့ ဟွန်း ချစ်သည်းကြီး ဟက်တက်ကွဲနေတာကိုး၊ အူတွေရော၊ ကလီဇာတွေရော၊ ကျောက်ကပ်တွေရော ဖြန်းဖြန်းကွဲ'

'တော်စမ်း မိညို'

ကျော်ထွန်းညိုက မျက်နှာထားနှင့် ငေါက်လိုက်သည်။ အမာညိုသည် ခေါင်းလေးပုသွားသည်။ ရှေ့ဆက်မပြောရဲတော့သော်လည်း နှုတ်ခမ်းလေးကို အရုပ်ဆိုးလောက်အောင် စူထားလိုက်လေသည်။

'ဦးလေးတို့ ဒေါ်ဒေါ်တို့ရော သက်သက်'

'ဖေဖေက ဦးလေးထွန်းလာခေါ်လို့ အစည်းအဝေးလိုက်သွားတယ်၊ တော်လှန်ရေးရဲဘော်တွေ စုကြတာလေ၊ မေမေကတော့ စိမ်းစားငါးပိ သွားဝယ်တယ်'

'ဘာလုပ်ဖို့'

'သက်သက်အတွက် ချဉ်ပေါင်ရွက်ကြော်မလို့လေ၊ နောက်တစ်ပတ်ဆိုရင် နိုက်ဂျူတီဝင်ရပြီ၊ ညတိုင်း သိပ်ဆာတာပဲကိုကိုရဲ့၊ ချဉ်ပေါင်ကြော်လေး ရှိထားတော့ ထမင်းလေးနည်းနည်းရှိရင် စားလို့ဖြစ်တာပေါ့၊ အဆာပြေပေါ့၊ ဘာတွေညာတွေ ဝယ်မစားနိုင်ဘူး၊ သိပ်ပိုက်ဆံကုန်တာ'

သက်သက်က ဂျေတ်ဆုံထဲမှစဉ်ထွက်လာသော ပုစွန်ခြောက်လေးများကိုကောက်၍ ရေဆေးကာ ပြန်ထည့်လိုက်သည်။ အမာညိုက တဒုန်းဒုန်းနှင့် အားစိုက်ထောင်းရင်း ပုစွန်ခြောက်တစ်ဖတ်ကောက်စားလိုက်သည်။

'ညတိုင်း နည်းနည်းမှမအိပ်ရဘူးလား'

'ဘယ်အိပ်ရမလဲ၊ လူနာ အသည်းအသန်ဖြစ်ရင် အိပ်ဖို့သတိတောင် မရဘူး၊ အေးအေးဆေးဆေးပဲ ဆိုရင်တော့ ထိုင်လျက်ငိုက်ရတာပေါ့ ကိုကိုရာ'

ကျော်ထွန်းညိုသည် သက်သက်၏ ပြည့်ပြည့်ဖောင်းဖောင်းမျက်နှာလေးကို အမှတ်မဲ့ ငေးကြည့်လိုက်မိသည်။ သူ့မျက်လုံးမေးမေးလေးများသည် စုလိုင်၏မျက်ဝန်းနက်များလို အရည်လည်ကာ ညှို့ယူနိုင်စွမ်းမရှိလှပေ။ သို့သော် ချိုချိုပျော့ပျော့လေးနှင့် ဖြူစင်အပြစ်ကင်းဟန်က ပေါ်လွင်နေသည်။

'ကိုကိုရယ်၊ ပိုက်ဆံပေါရင်လေ ဒီပြင်နေရာတွေမှာ လှူမယ့်အစား ဆေးရုံကိုသာလှူစမ်းပါ၊ သက်သက်တို့ဆေးရုံတွေမှာ လှူမယ့်သူ တကယ်လိုတယ်၊ ပိုက်ဆံရှိတဲ့လူတွေကို သက်သက် သေသေချာချာပြောပြချင်တယ်၊ ရွှေတွေ ဝင်းပြီး အိနေတဲ့ဘုရားကြီးကို ထပ်ခါထပ်ခါ ရွှေချနေမယ့်အစား၊ မုန့်ဟင်းခါးလေး တစ်ခွက်လောက်တောင် အာသာငမ်းငမ်းစားချင်လျက်နဲ့ ငွေမရှိလို့ မစားနိုင်တဲ့လူမမာတွေ၊ ဆေးမဝယ်နိုင်လို့ သေနေရတဲ့လူနာတွေကိုလာပြီး ကျွေးစမ်းပါ၊ လှူစမ်းပါလို့ပေါ့၊ မြတ်စွာဘုရားကိုယ်တိုင် သက်တော်ထင်ရှားရှိရင်လည်း အို ငါ့ရုပ်တုကြီးမှာ ရွှေတွေထပ်ခါထပ်ခါနဲ့ ဘာလုပ်ဖို့လဲ၊ လိုနေတဲ့သူတွေကို ပေးစမ်းပါ၊ ကျွေးစမ်းပါလို့ပြောမှာ သေချာပါတယ် ကိုကိုရာ၊ ခုတော့ လူတွေက ဘုရားရွှေချမှ နဖူးစီးစာတန်းအကြီးကြီးထိုးပြီး ဇရပ်ဆောက်မှ ကုသိုလ်ရမယ် အောက်မေ့နေကြတယ်'

သက်သက်က စိတ်လိုက်မာန်ပါလေး ပြောလိုက်မိသည်။ အမာညိုသည် ပုစွန်ခြောက်တစ်ဆုံညက်သွားပြီဖြစ်၍ ရေစိမ်ထားသော ငရုတ်သီးခြောက်ဇလုံကို လှမ်း၍ဆွဲယူလိုက်သည်။

'တစ်နေ့က ဆေးရုံမှာ ယှဉ်ရက်လူနာနှစ်ယောက်လေ၊ တစ်ယောက်က ချမ်းသာလိုက်တာကျိုကျိုတက်၊ တစ်ယောက်ကတော့ ဖွတ်မွဲ၊ ပိုက်ဆံခန်းမရှိတော့လည်း ယှဉ်လျက်ဖြစ်ရတော့တာပေါ့၊ ချမ်းသာတဲ့မိန်းမကြီးကိုလေ ချိုင့်ကြီးချိုင့်ငယ်တွေနဲ့ပို့လိုက်ကြတာ၊ သစ်သီးတွေကလည်းစုံလို့၊ ဗီရိုလေးနဲ့တောင်မဆံ့ဘူး၊ သောက်စရာတွေကလည်းအပြည့်၊ သူ့ဘေးကမိန်းမကတော့ ဆေးရုံလာတက်တာ ရေပုလင်းတောင်ပါမလာဘူး၊ ဘေးကအမျိုးသမီးကြီး စားတာသောက်တာကို တံတွေးလေးတနင်နင်နဲ့ လှမ်းကြည့်လှမ်းကြည့်လုပ်နေတယ်၊ သက်သက်ကလည်း စိတ်ထဲကနေဆုတောင်းနေမိတယ် ကိုကိုရယ်၊ မိန်းမကြီးက စားမကုန် သောက်မကုန်ပိုနေတာပဲ၊ ဟိုမိန်းမကြီးကို လှမ်းပြီး စားမလားမေးပါစေ ပေးပါစေလို့ပေါ့၊ အမလေး၊ ဆုတောင်းရတာသာမောတယ် မပေးဘူး ကိုကိုရေ့၊ သူစားသောက်ပြီးတာတွေကို အိမ်ပြန်ယူသွားခိုင်းတယ်၊ သူက စပါယ်ရှယ်နပ်စ် ငှားထားတယ်လေ၊ ညကျတော့ သူ့နပ်စ်ကို သူ့သားသမီးတွေ ရှင်ပြုနားသတုန်းက ဘယ်နှထောင် ဘယ်နှသောင်း အကုန်ခံတဲ့အကြောင်းပြောပြနေတာကြားရတယ် ကိုကိုရာ၊ သက်သက်ရင်ထဲမှာလေ ယားကျိယားကျိနဲ့ အသံကုန် ထအော်ပစ်လိုက်ချင်သလိုပဲ ခံရခက်လိုက်တာ'

စိတ်ပါလက်ပါပြောနေသော သက်သက်ကို ငေးစိုက်ကြည့်ရင်း ကျော်ထွန်းညို၏ရင်ထဲတွင် သိမ့်ခနဲဖြစ်သွားသည်။ သူ့ရင်တွင်းမှ နှလုံးသားအလှသည် သူ့မျက်နှာကို လာဟပ်နေသည်။ တစ်သက်နှင့်တစ်ကိုယ် သက်သက်ဟူသောမိန်းကလေး၏အလှကို ပထမဦးဆုံးအကြိမ် လျှပ်တစ်ပြက် တွေ့လိုက်ရသည်။

'ယားကျိ ယားကျိ လုပ်မနေနဲ့၊ ရော့ တစ်လှည့်ထောင်းဦး၊ ညောင်းလာပြီ'

အမာညိုက ငရုတ်ဆုံကြီးပြန်တွန်းပေးသောအခါ သက်သက်သည် ရှက်ပြုံးလေး ပြုံးလိုက်မိလေသည်။

'ကိုကိုရေ ဗျိုး ကိုကို'

'ဟော ညီလင်း'

ညီလင်းသည် အိမ်ပေါက်ဝတွင် ဘောင်းဘီတိုလေးနှင့်ရပ်ကာ အော်နေသည်။ နောက်ဖေးဘက်သို့ငုံ့ကြည့်ရင်း သူ့နဖူးမှချွေးများကိုသုတ်လိုက်သည်။

'ညီလင်း လာလေ'

'လာတော့ဘူး မမသက်ရေ၊ ချာတိတ်တွေနဲ့ဘောလုံးကန်နေတာဗျို့ ကိုကို၊ အိမ်မှာ ကိုတင်မောင်ဌေး ရောက်နေတယ်ဗျ'

'အေးအေး၊ လာခဲ့မယ်'

ညီလင်းသည် တက္ကသိုလ်ရောက်ခါမှ သူငယ်ပြန်နေလေသည်။ လမ်းထဲမှကလေးများနှင့်ဆင်းပြီး ဟေးလား ဟားလား ဘောလုံးကန်နေတတ်သည်။

'ကဲ သွားဦးမယ် သက်သက်ရေ၊ သဘက်ခါအသုဘပို့မယ်မဟုတ်လား၊ လာခဲ့နော်'

ကျော်ထွန်းညိုသည် ပြောပြောဆိုဆို ထပြန်သွားသည်။ သက်သက်သည် ကျော်ထွန်းညို၏နောက်ကျောကို မျက်စိတစ်ဆုံးလိုက်ကြည့်မိစဉ် အမာညိုက သူ့လက်မောင်းကို ဖျတ်ခနဲပုတ်လိုက်လေသည်။

'အောင်မလေး သွားမှသွားပါတော့မလားလို့၊ တကတဲ ဒီမှာမိသက်ရဲ့၊ နင့်ကိုငါပြောရဦးမယ်'

အမာညိုသည် သက်သက်၏အနားသို့ တိုးကပ်လာသည်။ ဟိုဟိုဒီဒီကြည့်ရင်း ဟိကနဲရယ်သည်။

'ဘာလဲဟ'

'ငါလေ ငါ အဟိ နင်မရယ်နဲ့နော်'

သက်သက်ကို မရယ်နှင့်ဟုပြောရင်း အမာညိုက သူ့ဟာသူရယ်နေသည်။ မျက်နှာလေး နီတွေးလာသည်။ ပြောမည် အရှိန်ယူလိုက် ရယ်လိုက်နှင့် အပိုးမသေနိုင်အောင်ဖြစ်နေလေသည်။

'တော်ပြီဟာ တော်ပြီ၊ မပြောတော့ဘူး ငါရှက်တယ်'

'ခွေးမ မိညို နင်ဒါမျိုးတော့ မလုပ်နဲ့ ပြော'

'ဟိ ရှက်တယ်ဟ၊ ငါဘယ်သူ့ကိုမှမပြောသေးဘူး'

'ပြောလို့ ဆို'

'ငါလေ ငါ'

'အင်း'

'ငါလေ ဟီ ဟိ၊ ရည်းစားထားတော့မလို့ သိလား'

'ဟောတော့'

သက်သက်က မျက်လုံးပြူးသွားစဉ် အမာညိုသည် သူ့မျက်နှာကို သူ့လက်ဖဝါးနှင့်အုပ်ထားလေသည်။ ခိုးခိုးခစ်ခစ်ရယ်နေသည်။

'အောင်မာ အောင်မာ၊ နင်က ဟား ဟား'

သက်သက်သည် ဖြုန်းခနဲရယ်ချလိုက်မိသည်။ ငရုတ်ကျည်ပွေ့ကြီးကို ညာဘက်လက်တွင် မြှောက်ကိုင်ထားရာမှ ပစ်ချလိုက်သည်။ မျက်နှာကို အုပ်ထားသော အမာညို၏လက်များကို အတင်းဆွဲဖယ်သည်။ အမာညိုသည် လက်များ ပြေသွားသော်လည်း မျက်နှာကို ဖွတ်ငုံ့ထားလေသည်။

'ခွေးမလေး၊ နင့်ရည်းစားဘယ်သူလဲ၊ မှန်မှန်ပြော'

'ရည်းစားမဟုတ်သေးပါဘူး'

'အေး အေး၊ ထားပါတော့၊ နင့်ရည်းစားလောင်းနာမည်က ဘာတဲ့လဲ'

'နဂါးနိုင်မင်းဟဲ့၊ အညတြမှတ်လို့လား'

အမာညိုက နီတွေးနေသောမျက်နှာလေးကို မော့ကာ ဖွတ်အတင်းတည်၍ ပြောသည်။ သက်သက်သည် အမာညို၏မျက်နှာလေးကို အသေအချာ အကဲခတ်ကြည့်လိုက်မိသည်။

'မောင်ပေါက်ကျိုင်းဆိုတာလား၊ ဟို တစ်ခါတုန်းကတွေ့တဲ့ အရပ်ခပ်မြင့်မြင့်လူလေ'

'အင်းပေါ့'

'နင့်ကိုသူက ဘယ်တုန်းကကြိုက်တယ်ပြောတာလဲ'

'တစ်လလောက်ရှိပြီ'

'ဟယ် မိမာညို၊ နင်က တစ်လလောက်အတွင်းပြန်ကြိုက်တော့မလို့လား၊ ခွေးမ'

သက်သက်က မျက်လုံးလေးပြူးကာ ကြိမ်းလိုက်သည်။ အမာညိုက မျက်နှာလေးငယ်သွားသည်။ မျက်လုံးလေး ပေကလတ် ပေကလတ်နှင့်ခေါင်းကုတ်ကာ အူကြောင်ကြောင်လုပ်နေသည်။ ထို့နောက်မှ ဆင်ခြေကန်သလို ပြောသည်။

'အဲဒီတစ်လတောင် မနည်းနေ နေရတာ၊ နင်က ကိုယ်ချင်းမှမစာတတ်

ဘဲ၊ ငါက သူ့ကို ကျောက်တုံးနဲ့ပေါက်လို့သွေးတွေထွက်လာတာလည်း မြင်ရော ငါလည်း သူ့ကိုတစ်ခါထဲအရမ်းသနားပြီး ကြိုက်သွားရော၊ အင်းလေ နင့်ကို ပြောလို့တော့ ဘယ်နားလည်နိုင်မလဲ။ မေတ္တာဆိုတာ သိပ်ဆန်းကြယ်တာ’

ခံစားချက်အပြည့်နှင့်ပြောနေသောအမာညိုအား သက်သက်သည် ပါးစပ်လေး ဟကာ တအံ့တသြ ကြည့်နေမိလေသည်။

*

မာမီကြီး၏အသုဘတွင် စုလှိုင် မငိုချေ။ ငိုချင်စိတ်လည်း မရှိချေ။ ဝမ်းနည်းသည့် အထိမ်းအမှတ်နှင့် ဇာအင်္ကျီအနက်ကလေးဝတ်ထားသော်လည်း ဝမ်းနည်းစိတ်ကား သိပ်မရှိလှချေ။ သစ်သားခေါင်းထဲတွင် ငြိမ်သက်စွာလဲလျောင်းနေသော မာမီကြီးကို နောက်ဆုံးငုံ့ကြည့်ရချိန်၌မူ ရင်ထဲတွင်လှုပ်ရှားလာသည်။ မာမီကြီး၏မျက်နှာမှ လောဘ၊ ဒေါသနှင့် မာန်မာနများသည် အသက်ဝိညာဉ်နှင့် အတူတူထွက်ခွာသွားကြသည်။ သေသူ၏မျက်နှာထားသည် အေးချမ်းသည် မဟုတ်သော်လည်း ပူလောင်ခြင်းတော့ မရှိတော့ပေ။

‘သွားပေတော့ မာမီကြီးရေ’

စုလှိုင်သည် မာမီကြီး၏မျက်နှာကိုစိုက်ကြည့်ရင်း တိုးတိုးလေးပြောလိုက်သည်။ အေးစက်နေသော နှလုံးသားသည် ထိုအခါကျမှပင် အတန်ငယ်လေး ပူနွေးလာသည်။ မျက်ရည်ကြည်များ စိမ့်ဝဲလာလေသည်။

မီးသင်္ဂြိုဟ်ခန်းထဲမှ ဟုန်းဟုန်းတောက်နေသောမီးများသည် မျက်နှာကိုပင်လာဟပ်သည်ဟု စုလှိုင်ထင်မိသည်။ မီးစွယ်မီးညွန့်များကို စုလှိုင်ငေးစိုက်၍ကြည့်နေစဉ် မာမီကြီးကို ထိုအခန်းလေးထဲတွန်းကာ သွင်းလိုက်ကြသည်။ ထို့နောက် သံတံခါးကို ဂျိုင်းခနဲပိတ်လိုက်သည်။

ထိုတံခါးပိတ်သံကိုကြားရသောအခါ စုလှိုင်သည် တစ်ကိုယ်လုံး အေးစိမ့်သွားကာ တုန်ယင်လာသည်။ ‘ဂျိုင်း’ခနဲပိတ်ချလိုက်သောအသံက မာမီကြီးနှင့် စုလှိုင်ကို ကမ္ဘာခြားလိုက်ပြီဖြစ်ကြောင်း ပြောလိုက်ဟန်ရှိသည်။

‘စု ငိုချင်ငိုလိုက်ပါလား ဘာလို့တင်းထားတာလဲ’

ဖရက်ဒီသည် စုလှိုင်၏လက်မောင်းကို ဆုပ်ကိုင်ကာပြောသည်။ စုလှိုင်သည် သက်ပြင်းရှိုက်လိုက်သည်။ မာမီ၏ငိုသံကို သူ၏ဘေးဘက်မှ ကြားနေရသည်။ ဒက်ဒီသည် မာမီ့ကို ဖေးမထားသည်ဟု ထင်လိုက်သည်။

'တင်းမထားနဲ့ စု'

ဖရက်ဒီက ထပ်ပြောသည်။ စုလှိုင်သည် ခေါင်းယမ်းလိုက်သည်။ မျက်လုံးအိမ်တွင် မျက်ရည်များဝဲနေသော်လည်း ငိုချင်စိတ်ကား မရှိလှချေ။ ငိုမှ တာဝန်ကျေမည်ဟုယူဆလျှင် စုလှိုင်ကို တာဝန်မကျေသူအဖြစ်သာ သတ်မှတ်လိုက်ပေတော့ဟု ရင်ထဲမှတွေးနေမိသည်။ သူ့ကိုငိုချင်လျက်နှင့် တင်းထားသည်ဟု အဘယ်ကြောင့်ထင်ကြလေသနည်းဟု စဉ်းစားရင်း ခေါင်းထဲတွင် ရီဝေဝေနှင့် ထိုင်းမှိုင်းလာလေသည်။

'စုလှိုင်ရေ'

သက်သက်သည် စုလှိုင်၏ဘေးသို့ရောက်လာသည်။ အေးစက်နေသော လက်ကလေးကို တင်းတင်းလေးဆုပ်ကိုင်လိုက်သည်။ ခေါင်းဆောင်းဖြုတ်ထားသော်လည်း ထဘီအနီ အင်္ကျီအဖြူလေးကိုပင်ဝတ်ထားသည်။ သက်သက်၏ဘေးတွင် အမာညိုကိုတွေ့ရသည်။ မည်ကဲ့သို့ အားပေးစကားပြောရမည်ကိုမသိသဖြင့် ဆီးရွက်ခန့်ရှိသောမျက်နှာလေးကိုဆောင်ထားပြီး စုလှိုင်ကို ငိုင်၍ကြည့်နေသည်။

'ကျေးဇူးတင်ပါတယ်ကွယ်'

သူ့အနားသို့လာဝိုင်းပြီး နှုတ်ဆက်ကြသော ကျောင်းသူကျောင်းသားများကို ခပ်ဝါးဝါးကြည့်လိုက်မိရင်း စုလှိုင်ကလေသံလေးနှင့်ပြောသည်။ မဝါသည် စုလှိုင်၏ဘေးတွင် ငိုင်တွေတွေလာရပ်ရင်း အုတ်ခုံနံဘေးတွင် စွန့်ပစ်ထားသောပန်းခွေများကို နှမြောသလို ကြည့်နေသည်။ သေဆုံးသူအတွက် ရည်ရွယ်ကာ လွမ်းသူ့ပန်းခွေပို့ကြသော်လည်း တမလွန်သို့ခရီး ထွက်သွားသူသည် ထိုပန်းခွေများကို ယူဆောင်မသွားနိုင်ကြပေ။ နေအိမ်မှ ကြံတောအထိသာ ပန်းခွေများနှင့်အတူလာပြီး သင်္ဂြိုဟ်စက်ထဲဝင်သောအခါ ပန်းခွေများကို ထားခဲ့ရလေသည်။ ထို့ကြောင့် နံနက်ကမှ မဝါတို့ တကူးတကန့်ဝယ်ပြီးပို့ထားသော ပန်းခွေကြီးသည် မြေပေါ်တွင်မျက်နှာငယ်ငယ်နှင့် ကျွမ်းစိုက်ကာ စံပယ်နေလေသည်။

ရန်ကုန် အသုဘတို့ ထုံးစံအတိုင်း ကားများလည်း တစ်စီးပြီးတစ်စီး ပြန်ထွက်သွားကြသည်။

'ကျွန်တော်တို့ ပြန်တော့မယ် စုလှိုင်'

လူများကျဲသွားသောအခါမှ ကျော်ထွန်းညိုက လာရောက်နှုတ်ဆက်

သည်။ တိုင်ကို ခပ်နွဲ့နွဲ့မှီကာ တစ်ဦးတည်းရပ်နေသော စိုင်းကမူ စုလှိုင်ကို ဘာမှ လာမပြောပေ။ နှုတ်ခမ်းကိုတင်းတင်းစေ့ကာ ရီဝေဝေလှမ်းကြည့်နေလေသည်။

မီးလောင်ချော်နံ့သည် လေထဲတွင်ပျံ့လာသည်။ မည်းနက်သောမီးခိုးလုံးကြီးများသည် ခေါင်းတိုင်ဝမှအန်၍ထွက်လာသည်။ မာမီကြီး၏အသွေး၊ အသား၊ ဆံပင်၊ အရိုး၊ အသည်း၊ နှလုံး၊ အကုန်လုံး ပြာဘဝသို့ရောက်ကာ လူ့လောကမှပျောက်ကွယ်သွားကြတော့မည်ဟု စဉ်းစားရင်း စုလှိုင်သည် စိမ့်စိမ့်အေးလာသည်။ လေထဲတွင်လွင့်မျောသွားသူလို လှိုက်မောတုန်ယင်သွားသည်။

သို့သော် မာမီကြီးသည် ပျောက်ကွယ်သွားသည်တော့မဟုတ်ပေ။ လူ့ဘဝ၊ လူ့လောကတွင် သူ၏အရိပ်ကိုထားခဲ့သည်ဟု စုလှိုင်ထင်မိသည်။

'စုရေ ပြန်ကြစို့တဲ့'

ဖရက်ဒီက ပြောသောအခါစုလှိုင်သည် ကားဆီသို့လေးလေးတွဲ့တွဲ့ လျှောက်လာသည်။

'အရိုးပြာ မယူတော့ဘူးလား ဒက်ဒီ'

'ဘာလုပ်မှာလဲကွယ်'

ဒက်ဒီက ပင်ပန်းနေဟန်နှင့်ပြောသည်။ ဒက်ဒီက ကားရှေ့ခန်းတွင်ထိုင်ကာ မာမီနှင့်စုလှိုင်သည် နောက်ဘက်တွင်အတူထိုင်သည်။ 'အရိုးပြာ စောင့်ယူရအောင်'ဟု မာမီက ပြောလေမလားဟု စုလှိုင်တွေးမိသည်။ သို့သော် မာမီက ဘာမျှမပြောချေ။ အိပ်မက် မက်နေသူလို ငိုင်တွေတွေဖြစ်နေသည်။

သုသာန်ဝသို့ရောက်သောအခါမှ မာမီသည် နောက်ဘက်သို့လှည့်ကြည့်သည်။ ကောင်းကင်ပြင်သို့လွင့်ပါးပြီး တက်သွားကြသော မီးခိုးများသည် တလွင့်လွင့်နှင့် သူတို့ကို လက်ပြနှုတ်ဆက်နေဟန်ရှိသည်။

'မာမီ တကယ်သေသွားပြီ စု'

မာမီက စုလှိုင်၏လက်များကိုလှမ်း၍ဆုပ်ကိုင်ကာ တုန်ယင်သောအသံနှင့်ပြောသည်။ မာမီ၏လက်များသည် ချွေးစေးများပျံကာ အေးစက်နေသည်။

စုလှိုင်သည် သူ့ကိုကျော၍ခိုင်းကာလျှောက်သွားနေကြသော ကျော်ထွန်းညိုတို့ကို လှမ်းကြည့်နေမိသည်။ သက် သက်နှင့်ကျော်ထွန်းညိုယှဉ်တွဲပြီး လျှောက်သွားကြသည်။ နောက်ဘက်တွင် အမာညိုနှင့်ပေါက်ကျိုင်းကို တွေ့ရသည်။ ပေါက်ကျိုင်းသည် အမာညို့ကို ငုံ့ကာငုံ့ကာနှင့်ကြည့်ရင်း စကားတွေ

ဖောင်အောင်ပြောနေသည်။

'သူသေပေမဲ့ သူ့အရိပ်ကျန်ခဲ့တယ် မာမီ'

စုလှိုင်သည် တိုးတိုးလေးပြောလိုက်သည်။ မာမီက စုလှိုင်၏စကားကို နားလည်နိုင်ဟန် မတူချေ။ ခပ်ကြောင်ကြောင်လှမ်းကြည့်သည်။

စုလှိုင်သည် မာမီ့ကိုမကြည့်ချေ။ ထိုးဆိုက်လာသော ဘတ်စ်ကားဆီသို့ အပြေးအလွှားလျှောက်သွားကြသော အမာညိုတို့ကိုသာ လှမ်းကြည့်နေမိသည်။ သက်သက်၏လက်ထဲမှ လက်ကိုင်ပဝါဖြူဖြူလေး လွတ်ကျခဲ့သည်။ သက်သက်က လှည့်ကြည့်ပြီး ပြေးအကောက် ကျော်ထွန်းညိုကလည်း ကုန်းအကောက်တွင် သူတို့ခေါင်းချင်းတိုက်မိသွားသည်။ ကိုယ့်နဖူး ကိုယ်ပွတ်ကာ ရယ်လိုက်ကြရင်း ကားနောက်ဘက်ပေါက်ဆီသို့ ပြေးသွားကြသည်။

ဦးဆာမိက ကားရှိန်မြှင့်လိုက်ကာ မှတ်တိုင်တွင် ရပ်ထားဆဲဖြစ်သော ဘတ်စ်ကားကို ကျော်တက်လိုက်သည်။ ကားပေါ်တိုးတက်နေကြသော အမာညိုတို့က စုလှိုင်ကို မမြင်လိုက်ကြပေ။

'စုနဲ့မာမီက မာမီကြီးရဲ့အရိပ်ပေါ့'

စုလှိုင်က လေသံနွမ်းနွမ်းလေးနှင့်ပြောကာ ဦးခေါင်းကိုနောက်ဘက်သို့ မှီချလိုက်သည်။ မျက်လုံးကို စုံမှိတ်ထားလိုက်သည်။ အသက်ကို ပင်ပန်း မောဟိုက်စွာရှိုက်၍ ရှူရင်း ထိုင်းမှိုင်းရီဝေလာလေသည်။ ထို့နောက် စိတ်ထဲမှတစ်ဦးတည်း ဆက်ကာပြောနေမိသည်။

'မာမီကြီးလိုပဲ စိတ်ထားမတည်ငြိမ်တဲ့ အတ္တကြီးတဲ့ တစ်ကိုယ်ကောင်းဆန်ကြတဲ့ မာမီကြီးရဲ့အရိပ်တွေလေ'

*

‘တိုးတက်နေသော မြန်မာပြည်ခင်ဗျ၊ တိုးသာတိုး တက်သာတက်၊ မတိုးတက် လို့ကတော့ လိုရာခရီးကိုရောက်မှာမဟုတ်ဘူး’

ဘတ်စ်ကားစပယ်ယာလေးက ဟာသနှောကာ အော်နေသည်။ အမာညိုတို့သည် ကားဂိတ်ဆုံး ဟံသာဝတီအဝိုင်းမှ စီးလာသူများဖြစ်သော်လည်း အတန်ငယ်နောက်ကျသွားသောကြောင့် ထိုင်စရာနေရာမရကြပေ။ အလယ်လမ်းတွင်ပင် မတ်တတ်ရပ်၍လိုက်ပါလာကြရလေသည်။

‘အသုဘက စည်ကားလိုက်တာနော်’

‘မျက်နှာကြီးတွေကိုးဟ’

သက်သက်၏စကားကို အမာညိုက မျက်နှာလေးမသိမသာမဲ့ကာ ပြန်ပြောသည်။ သူ့လက်ထဲတွင်မူ သုသာန်အဝကကောက်လာသော စကားပန်း ဖြူဖြူများကို ညှာတံမှစုကာကိုင်ထားလေသည်။ ပန်းပွင့်ဖတ်ကလေးများသည် လူတိုးသဖြင့် ကြေနွမ်းကာ ညိုယောင်သန်းနေပြီဖြစ်သော်လည်း အမာညိုက လွှင့်မပစ်ရက်ပေ။

‘ပန်းခွေတွေ နှမြောဖို့ကောင်းလိုက်တာ မိသက်ရယ်၊ တစ်ခွေများ နှင်းဆီပန်းတွေနဲ့ချည်းလုပ်ထားတာလေ သိလား၊ နင် သတိထားမိလား’

‘ဟင့်အင်း၊ ငါက စုလိုင်ကိုပဲ ကြည့်နေမိတာ’

သက်သက်သည် သူ့ဘေးတွင်ထိုင်နေသောအမျိုးသမီးကြီး၏ဆံပင်ကို ငုံ့ကြည့်ရင်းပြောသည်။ သူ့ဆံထုံးသည် ဆံပင်များကို အတွင်း၌ရှုပ်ပွပြီး နေအောင် တပင်တပန်းလုပ်ပြီးမှ ဖွဖွလေးထုံးရသောဆံထုံးဖြစ်သည်။ အပေါ်ယံ သပ်ထားသော ဆံပင်ပါးပါးကလေးက ညီညာလျှင် ကိစ္စမရှိ၊ ယခုတော့ သူ့ခမျာ ကားတိုး

ရသည်နှင့်ပင် ဆံပင်များက အက်ကြောင်းပေါ်ကာ အတွင်းမှ ဆံပင် ရှုပ်ရှုပ် ထွေးထွေးများကို အတိုင်းသားမြင်နေရသည်ကို သိပုံမရချေ။

'အမာညိုက ပန်းသိပ်ကြိုက်တာပဲနော်၊ ဒီလိုမှန်းသိရင် အဲဒီပန်းခွေကြီး ကို ကျွန်တော်ကောက်ခဲ့မှာပေါ့'

'ဟင် ဘာလုပ်ဖို့'

'သြော်ဟော် အမာညိုရဲ့အိပ်ရာခေါင်းရင်းမှာ ထောင်ထားရအောင်ပါ'

ပေါက်ကျိုင်းက အတည်ပေါက်နှင့်နောက်သောအခါ အမာညိုသည် ဘာပြန်ပြောရမည်မသိဘဲ ကြောင်အအလေးဖြစ်သွားသည်။ သက်သက်၏ ရယ်သံကိုကြားရသောအခါမှ စိတ်ဆိုးရန်သတိရပြီး ကမန်းကတန်း နှုတ်ခမ်းစူလိုက်ရသည်။ ထို့နောက် ကယောင်ကတမ်းနှင့် မျက်စောင်းထိုးကာ မျက်နှာကို တစ်ဖက်သို့လှည့်ထားလိုက်လေသည်။

'အမာညိုက သိပ်ပြီး ကလေးဆန်တာပဲနော် ကိုကို'

ကားက စောင်းအကွေ့တွင် သက်သက်သည် ကျော်ထွန်းညိုဘက်သို့ ယိမ်းယိုင်သွားပြီး ခပ်တိုးတိုးလေးလှမ်းပြောလိုက်သည်။ ကျော်ထွန်းညိုသည် သက်သက်ကိုငုံ့ကြည့်ကာ ပြုံးမိသည်။

'မိညိုနဲ့ သက်သက်နဲ့ ဘာထူးလို့လဲ'

'ထူးပါတယ် ကိုကိုရယ်၊ သက်သက်က အခုလူကြီးလုပ်နေရပြီ၊ သူ့လို ကလေးမဆန်တော့ဘူး'

'အဟုတ်လား'

ကျော်ထွန်းညိုက ပြုံးစပ်စပ်နှင့်မေးသောအခါ သက်သက်က မျက်နှာကို တည်တည်လေးထားကာ အလေးအနက်ခေါင်းညိတ်၍ပြလိုက်သည်။ သက်သက် ဟူသည့် မိန်းကလေးတစ်ယောက်သည် သူနာပြုဆရာမလေးဘဝတွင် မည်မျှရင့်ကျက်နေပြီဖြစ်ကြောင်း မည်မျှကြင်နာစွာပြုစုတတ်နေပြီဖြစ်ကြောင်း များကို သူ့အား သိစေချင်လှသည်။

'လဲမယ် လဲမယ်'

ကားက ရုတ်တရက်ဘရိတ်ဆောင့်၍ အုပ်လိုက်သဖြင့် သက်သက် သည် ယိမ်းယိုင်သွားသည်။ ကျော်ထွန်းညိုသည် သက်သက်၏လက်မောင်း ကလေးကို ရုတ်တရက်ထိန်းကိုင်လိုက်ပြီးမှ ဖျတ်ခနဲ ပြန်၍လွှတ်လိုက်လေသည်။

'အမာညို လာ၊ ဒီဘက်မှာ နေရာရပြီ'

ပေါက်ကျိုင်းက အမာညိုအားလှမ်းခေါ်သည်။ သူရှိသောနေရာကို အခြားသူဝင်ထိုင်သွားမည်ကိုစိုးရိမ်ဟန်နှင့် အလျင်ထိုင်ချပြီးမှ လှမ်းခေါ်ခြင်းဖြစ်သည်။ အမာညို သူ့ဘက်လှည့်လာသောအခါမှ နေရာမှထပေးသည်။ အမာညိုသည် နှုတ်ခမ်းစူလျက်သားက ပေါက်ကျိုင်း၏မျက်နှာကို တစ်ချက်မှ လှမ်းမကြည့်ဘဲ ဝင်ထိုင်လိုက်သည်။

'မဟုတ်မှလွဲရော ဒီပေါက်ကျိုင်းဆိုတဲ့မောင်တော့ ဒို့နှမကို ပိုးနေပြီထင်တယ်နော် သက်သက်၊ ဟုတ်တယ်မို့လား'

ကျော်ထွန်းညိုက တိုးတိုးလေး ပြောသည်။

'ပိုးပါစေပေါ့ ကိုကိုရဲ့၊ ကိုကိုလည်း သူများတွေကို ပိုးနေတာပဲဟာ'

သက်သက်က သူ့ကိုယ်သူ သတိမထားမိခင်မှာပင် မကျေမနပ်လေး ပြောလိုက်မိသည်။

'ဒို့က ဘယ်သူ့ကိုပိုးလို့လဲ'

ကျော်ထွန်းညိုသည် ရုတ်တရက်မျက်နှာနီသွားသည်။ ထို့နောက်မှ မသိမသာသက်ပြင်းရှိုက်ကာ မချိပြုံးပြုံး၍ မေးလေသည်။

'စုလှိုင်ကိုလေ'

သက်သက်က မကျေမချမ်းနှင့် ဝမ်းပန်းတနည်းပြောလိုက်မိသည်။ စုလှိုင်နှင့်ယှဉ်မိတိုင်း ကိုယ့်ကိုယ်ကို တစ်ဆင့်နိမ့်နေသူလိုခံစားရပြီး အားငယ်ရသည်။

'ဂျင်မခါနာ ကလေးဆေးရုံ၊ ချစ်ဒုက္ခမှတ်တိုင်ခင်ဗျ၊ ချစ်ဒုက္ခသည်တွေ တိုးဆင်းကြပါ၊ တိုးတက်ကြပါ'

မျက်နှာကို ဇွတ်အတင်းတည်ထားသော အမာညိုသည် ကားစပယ်ရာလေး၏အသံကိုကြားရသောအခါ ဟက်ခနဲရယ်လိုက်မိလေသည်။ အမာညို့ဘေးတွင်ထိုင်နေသော ကိုယ်ဝန်ဆောင်အမျိုးသမီးသည် စပယ်ရာလေးကို မကျေမနပ်နှင့် မျက်စောင်းချိတ်လိုက်သည်ကို သတိထား လိုက်မိ၍ ပိုပြီးရယ်ချင်သွားသည်။

'လူတွေများ သိပ်ပြီးအလှကြိုက်ကြတာပဲနော်၊ အင်းလေ စုလှိုင်ကလည်း သိပ်လှတာကိုး'

သက်သက်က ညည်းသယောင်ယောင်ပြောသည်။ သူတစ်ပါး၏ကိုယ်ရေးကိုယ်တာကို မစွက်ဖက်သင့်ကြောင်းသိသော်လည်း စကားနာထိုး

ချင်စိတ်ကိုကား တားဆီး၍မရနိုင်ပေ။

'သက်သက်ရော အလှမကြိုက်ဘူးလား'

ကျော်ထွန်းညိုက စကားလွှဲသည်။ သက်သက်သည် မကြားချင် ဟန်ဆောင်ကာ ကားအပြင်ဘက်သို့ငေး၍ကြည့်နေလိုက်သည်။ ကားလမ်းဘေးရှိ ရေမြောင်းထဲသို့ ကလေးငယ်တစ်ဦး မစင်စွန့်ချနေသည်။ ရေမြောင်းကို ကျော ပေးပြီး ငုတ်တုတ်ထိုင်နေရာမှဖြတ်သွားသောကားများကို တစ်စီး နှစ်စီး လက်ညှိုး ထိုး၍ရေတွက်နေသည်။ မလှမ်းမကမ်းတွင်ကား ဗန်းနှင့်လှန်းထားသော သရက် သီးခြောက်များကိုတွေ့ရသည်။ အမာညို အသည်းစွဲကြိုက်သောအချဉ်ထုပ်များ လုပ်ရန်ပင်ဖြစ်သည်။ ရေမြောင်းထဲတွင် ကျွမ်းလှိမ့်ထိုးနေသော ရွှေယင်ကောင်တို့ သည် ထိုဗန်းထဲသို့လည်း အလည်အပတ်သွားကြမည်မှာ ကျိန်းသေလှသည်။

'သက်သက်ကရော အလှမကြိုက်လို့လား'

'သိပ်ကြိုက်တာပေါ့ ကိုကိုရယ်'

သူ့ဘေးမှတိုးဖြတ်သွားသော စပယ်ရာလေးအား ကိုယ်ကျုံ့၍ရှောင် ပေးရင်း သက်သက်က မချိပြုံးလေးနှင့်ပြောမိလေသည်။

'ကဲ ကဲ အလှကြိုက်တာနောက်မှကြိုက် နောင်ကြီးရေ၊ ညာဘက်ဘေး နည်းနည်းကပ်'

စပယ်ရာလေးက ရယ်မောပြောသောအခါ တစ်ကားလုံးပြုံးမိကြတော့ သည်။ ကျော်ထွန်းညိုသည်လည်း ရှက်ကိုးရှက်ကန်းနှင့်ရယ်လိုက်မိသည်။ ထို့ပြင် ရယ်သံကြီးကြီးတစ်ခုကိုလည်း သတိထားမိသည်။

ပေါက်ကျိုင်းဖြစ်သည်။ သူသည် ကားအမိုးပေါ်မှ သံဘားတန်းကို ခိုဆွဲထားရင်း လည်ကြီးလိမ်ကာ ကျော်ထွန်းညိုအားလှည့်ကြည့်နေသည်။ ပါးစပ် ဖြဲကာရယ်နေသည်။

သက်သက်သည် နဖူးမှချွေးများကို လက်ဖမိုးနှင့်သုတ်လိုက်သည်။ နားမလည်လိုက်သလိုလှည့်ကြည့်နေသော အမာညိုအား ပြုံးပြလိုက်ရင်း 'သက် သက် အလှကြိုက်ရုံတင်မကဘူး၊ လှလည်း သိပ်လှချင်တာ၊ သိပ်လှတဲ့သူဖြစ် ချင်တာ' ဟု ရင်ထဲမှပြောနေမိလေသည်။

*

ညဥ့်အမှောင်ထုက သိပ်သည်းလှသည်။

ထိုသိပ်သည်းနက်ရှိုင်းလှသော အမှောင်ထုကြီးသည် သူ့ကိုယ်ပေါ်ကို တဖြည်းဖြည်းဖိလာသလို ခံစားရရင်း စုလှိုင်သည် မွန်းမွန်းကျပ်ကျပ်ကြီးဖြစ်လာသည်။

သစ်သားခေါင်းထဲတွင် ငြိမ်သက်စွာ လဲလျောင်းနေသော မာမီကြီး၏ မျက်နှာသည် အမှောင်ထဲမှ ဝဲလှည့်ပြီးပေါ်လာသည်။ မပွင့်တပွင့်ဖြစ်နေသော မျက်လုံးအစုံနှင့်အထက်နူတ်ခမ်း တိုတက်ကာ ဟနေသောပါးစပ်အတွင်းမှ ဖြူဖွေးသောသွားများကို မြင်ယောင်လာရင်း စုလှိုင်၏ဦးကျောက်တို့သည် အေးစက်ပြီး မူးမှိုင်းလာလေသည်။

'ဒီနေ့ မာမီကြီးသေတာခုနစ်ရက်ရှိပြီ၊ တချို့လူတွေရဲ့အယူအဆအတိုင်းဆိုရင် သေတဲ့လူဟာသေပြီးလို့ခုနစ်ရက်နေမှ သူသေတာ သူသိတယ်တဲ့၊ မာမီကြီးလည်း ဒီနေ့မှ သူသေတာသူသိတော့မယ်ထင်တယ်။ ဒီလိုသိပြီးတော့ သူဘယ်ကိုသွားမလဲ၊ သေခြင်းရဲ့ဟိုဘက်မှာ ဘာများရှိသလဲ မသိဘူး၊ နတ်ပြည်ဆိုတာ ငရဲပြည်ဆိုတာ တစ္ဆေသရဲဆိုတာတွေရော တကယ်ရှိသလား'

စုလှိုင်သည် သူ့မျက်စိထဲတွင် မြင်ယောင်နေသော အသုဘမျက်နှာကြီးကို အံကြိတ်၍ကြည့်ရင်း စဉ်းစားနေမိသည်။ စုလှိုင်ငယ်စဉ်က ပုံတိုပတ်စများ မကြားဖူး နားမထောင်ခဲ့ဖူးချေ။ ငရဲခန်းခြောက်၍ ဘုံခန်းမြှောက်တတ်သော ပုံပြင်များကို မကြားဖူးခဲ့သောကြောင့် ငရဲပြည် နတ်ပြည်ဆိုသည်များကိုလည်း အယုံအကြည်သိပ်မရှိလှပေ။ အမာညိုနှင့်သက်သက်တို့က တစ္ဆေသရဲဆိုလျှင် အသံကြားရုံနှင့် ကြက်သီးတဖြန်းဖြန်းထ၍ သိမ့်သိမ့်တုန်အောင် ကြောက်တတ်ကြသော်လည်း စုလှိုင်ကမူ ကြောက်စရာဟုပင် သဘောမထားခဲ့ချေ။ သို့သော် ယခုတော့ တစ်စုံတစ်ရာကို ကြောက်ရွံ့ မုန်းတီးသလို ခံစားရပြီး ရင်ထဲတွင် စိမ့်အေးလှိုက်မောလာလေသည်။

'တစ္ဆေသရဲဆိုတာမရှိနိုင်ပါဘူး၊ အလကား စွဲလမ်းယုံကြည်နေတာတွေပါ'

စုလှိုင်သည် စိတ်ထဲမှ ဗလုံးဗထွေးပြောနေမိရင်း အိပ်ရာခေါင်းရင်းမှ မီးကို လှမ်း၍ဖွင့်လိုက်သည်။

ဖြန်းခနဲလင်းသွားသောအလင်းရောင်ကြောင့် မျက်စိများပြာဝေသွားသော်လည်း အတန်ငယ်အသက်ရှူချောင်သွားသလိုခံစားရလေသည်။

ပန်းနုရောင် ဇာခန်းဆီးများသည် လေပြည်လေညင်းဝယ် ဝဲလွင့်နေ

ကြသည်မှအပ တစ်ခန်းလုံးငြိမ်သက်နေလေသည်။ စုလှိုင်၏လက်များသည် အေးစက်နေသော်လည်း နဖူးပြင်တွင်မူ ချွေးများစို့နေသည်။ စုလှိုင်သည် လက်သီးကို တင်းတင်းဆုပ်၍ငြိမ်သက်နေရင်း အသက်ကိုမှျဉ်း၍ရှူနေမိလေသည်။ သူလှုပ်ရှားလိုက်လျှင် တစ်စုံတစ်ခုက လာရောက်ဖိစီးတော့မည်ဟု ထင်မှတ်နေရင်း လှုပ်လိုက်ရမည်ကို ကြောက်ရွံ့ဝန်လေးနေသည်။

'စု ဘာပြောလိုက်တယ်၊ စုနဲ့မာမီက မာမီကြီးရဲ့ အရိပ်တွေဟုတ်လား'

မာမီ၏အသံကို ကြားယောင်လာပြန်သည်။ မာမီသည် စုလှိုင်၏ စကားကို နားလည်ဟန်မတူဘဲ မျက်မှောင်ကုတ်နေခဲ့လေသည်။

စုလှိုင်သည် သက်ပြင်းကို ဟင်းခနဲချကာ ဆုပ်ထားသောလက်ချောင်းလေးများကို ဖြေလျှော့လိုက်သည်။ ထို့နောက် အိပ်နေရာမှလူးလဲထထိုင်လိုက်သည်။ တစ်စုံတစ်ရာချုပ်ကိုင်ဖိစီးမှုကို မခံစားရသောအခါမှ စိတ်သက်သာရာရသွားသည်။ အသက်ကိုတစ်ဝကြီးရှူကာ နဖူးပြင်မှချွေးများကိုသုတ်ရန် စားပွဲပေါ်မှလက်ကိုင်ပဝါလေးကို လှမ်း၍ဆွဲယူလိုက်လေသည်။ လက်ကိုင်ပဝါအောက်ရှိ စာအိတ်အပြာရောင်လေးသည် စားပွဲအောက်သို့ လွင့်ကျသွားသည်။ စာအိတ်ပေါ်တွင် စုလှိုင်၏အမည်ကို လှပဝိုင်းစက်သောလက်ရေးနှင့် ရေးထားသည်။ စာကိုမဖတ်ရသေးသောကြောင့် မည်သူ့ဆီမှ စာနည်း စုလှိုင် မသိသေးချေ။

'သေခြင်းဆိုတာ ငြိမ်းချမ်းခြင်းလား၊ ဝေဒနာအပေါင်းမှ လွန်မြောက်ခြင်းလား၊ အခုဘဝနဲ့ နောက်ဘဝကြားမှာ ဘာရှိသလဲ၊ နောင်ဘဝဆိုတာရော တကယ်ရှိပါ့မလား'

ကြမ်းပေါ်မှ စာအိတ်ပြာလေးကို ငေးစိုက်ကြည့်ရင်း စုလှိုင်သည် ဆက်၍ တွေးနေမိပြန်သည်။ လက်ကိုင်ပဝါကို အေးစက်တုန်ယင်နေသော လက်ချောင်းလေးများနှင့် တင်းတင်းဆုပ်ကိုင်ထားသော်လည်း နဖူးပြင်မှချွေးများကို သုတ်ရန် ရုတ်ခြည်းမေ့လျော့သွားလေသည်။

'သေခြင်းဆိုတာ ဝေဒနာအပေါင်းက ချုပ်ငြိမ်းရာလို့ပြောကြတယ်၊ ဟင့်အင်း ဟင့်အင်း၊ မဖြစ်နိုင်ဘူး၊ ဝေဒနာအပေါင်း စုပြီးခံစားရတာပါ၊ သေတယ်ဆိုတာ လွယ်တာမှတ်လို့၊ ဝိညာဉ်ဆိုတာ လွယ်လွယ်ကလေးနဲ့ ဒီကိုယ်ခန္ဓာကြီးကို စွန့်သွားနိုင်တာမှမဟုတ်တာ၊ မခံနိုင်လွန်းမှ တွယ်လို့ ကပ်လို့ မရလွန်းမှ ထွက်သွားရတာ၊ သေခြင်းဆိုတာဟာ အဆုံးစွန်သော ဝေဒနာအပေါင်းကို

အသက်ရှင်လျက်မခံစားနိုင်တော့လို့ မခံနိုင်လွန်းလို့ ဝိညာဉ်လေး လွင့်စဉ်ထွက်သွားရတာပါ၊ ဟုတ်တယ်၊ မာမီကြီးလည်း မသေခင် ဘယ်လောက်တောင် ဝေဒနာတွေခံလိုက်ရမယ်မသိဘူး၊ မအေးတင်ပြောတော့ လက်ချောင်းတွေ ကုပ်သွားသတဲ့၊ မျက်ဖြူကြီးလန်သွားသတဲ့၊ ပါးစပ်ထဲက အရည်တွေ အို အို ဘုရား'

စုလှိုင်သည် မတစဖူး ဘုရားတလိုက်ရင်း မျက်စိကို တအားမှိတ်ထားလိုက်မိသည်။ ထိုအခါ စန့်စန့်ကြီးလဲလျောင်းနေသော မာမီကြီး၏အသွင်ကို မြင်ယောင်လာပြန်သဖြင့် 'အား'ခနဲအော်ကာ အိပ်ရာပေါ်မှ ခုန်၍ဆင်းလိုက်မိသည်။

'ညည်းအမေက ငါ့သမီး၊ ညည်းက ငါ့မြေးပဲအေ့'

သစ်သားခေါင်းထဲတွင် အစန့်သား အိပ်နေသော မာမီကြီးက ရုတ်တရက်လှမ်းပြောလိုက်သလို ထင်လိုက်မိရင်း စုလှိုင်၏တစ်ကိုယ်လုံး တုန်ယင်လာသည်။ ချစ်ခြင်းမေတ္တာကို တောင့်တကာ ဟာနေသောရင်ထဲသို့ ကြောက်ရွံ့ခြင်း နှင့် ချောက်ချားခြင်းတို့သည် ဝရုန်းသုန်းကား တိုးဝင်လာကြလေသည်။

စုလှိုင်သည် အခန်းထဲမှပြေးထွက်လာခဲ့မိသည်။ စင်္ကြံလမ်းလေးသည် ပြာမှိန်သောမီးပွင့်လေးအောက်ဝယ် ရီဝေမှုန်မွှားနေသည်။ မာမီကြီး၏ အခန်းဘက်သို့လှမ်း၍ကြည့်မိသောအခါတွင်ကား စုလှိုင်သည် နောက်ဆုတ်၍ သူ့အခန်းထဲသို့ သူပြန်ပြီး ခုန်ဝင်လိုက်မိပြန်သည်။ ပိန်းပိတ်အောင် မှောင်နေသော အခန်းလေးရှေ့မှဖြတ်၍သွားရန် သတ္တိမရှိသောကြောင့်ဖြစ်လေသည်။

'မအေးတင် မအေးတင်'

စုလှိုင်သည် အော်၍ခေါ်လိုက်မိသည်။ သူ့ကိုယ်သူ အော်၍ခေါ်သည် ဟုထင်သော်လည်း စင်စစ်အားဖြင့် အသံတိုးတိုးသာထွက်သည်ကို ဂရုမပြုမိပေ။

'မာမီ ဒက်ဒီ အို လာပါ စုဆီကို တစ်ယောက်ယောက်လာကြပါ'

စုလှိုင်သည် အသံသဲ့သဲ့လေးနှင့်အော်နေရင်း အခန်းတွင်းရှိရှိသမျှ မီးတို့ကို အကုန်လျှောက်၍ အပြေးအလွှား ဖွင့်လိုက်မိသည်။ ထိန်လင်း တောက်ပသော မီးရောင်များအလယ်တွင်ရောက်နေသောအခါမှ အတန်ငယ် လုံခြုံသွားသလို ခံစားရသည်။ မာမီကြီး၏ အသုဘမျက်နှာကြီးကို မြင်ယောင်မိဦးမည်စိုးသဖြင့် မျက်တောင်ခတ်ရန်ပင် ကြောက်ရွံ့နေသည်။ ပြူးကျယ်သောမျက်လုံးကို အစွမ်းကုန်ဖွင့်ကာ အသက်ကို ကယောင်ကတမ်း ရှိုက်၍ရှူနေမိလေသည်။

'ငါ ဘာကိုကြောက်နေတာလဲ၊ ဘာများကြောက်စရာရှိလို့လဲ၊ သေ

တဲ့လူဟာ ကြောက်စရာလား မဟုတ်ဘူး၊ သေတဲ့လူဆိုတာ ကြောက်စရာ မဟုတ်ဘူး၊ ငါကြောက်နေတာ သေခြင်းကိုကြောက်နေတာ၊ မသေခင် ခံစားရတဲ့ ဝေဒနာတွေကိုကြောက်နေတာ၊ ဟုတ်ပါဘူး ဝေဒနာဆိုတာ မသေခင်တော့ ခံစားရမှာပေါ့၊ အို ဒီမျက်နှာကြီး အပေါ်နှုတ်ခမ်းကြီးက ဘာလို့တိုတက်သွားရတာလဲ၊ သွားတွေကလည်း ပေါ်လို့၊ မျက်ခုံးမွေးကြီးကလည်း ဆွဲထားလိုက်တာ မည်းလို့ နက်လို့ ထင်းလို့၊ ဘယ်သူများဆွဲပေးလိုက်တယ် မသိဘူး၊ လောဘ ဒေါသ မာနဆိုတာတွေဟာ အသက်ဝိညာဉ်ဆိုတာနဲ့ အတူတူ ကပ်နေတယ် ထင်ပါရဲ့၊ အသက်ဆိုတာလည်း ထွက်သွားရော မာမီကြီး မျက်နှာကြီးဟာ အေးစက်ပြီး ငြိမ်သွားရော၊ အို တစ်မျိုးကြီးပဲ'

စုလှိုင်သည် နံရံကိုကျောမှီကာ ကြမ်းပေါ်တွင်ထိုင်ချလိုက်သည်။ ယောက်ယက်ခတ်နေသောအတွေးများကို ဆွဲ၍စုရင်း စိတ်ကိုပြန်လည်ငြိမ်သက်အောင် ကြိုးစားနေမိသည်။ နဖူးပြင်တွင် စီးကျနေသောချွေးများကို အင်္ကျီလက်မောင်းနှင့်ပွတ်သုတ်လိုက်သည်။ ထိန်ထိန်လင်းနေသော အလင်းရောင်အောက်တွင်ကား သေဆုံးပြီးဖြစ်သော မာမီကြီး၏သဏ္ဍာန်ကို စဉ်းစားမိသော်လည်း အမှောင်ထဲကလောက် ကြောက်ရွံ့လှိုက်မောခြင်း မရှိတော့ချေ။

ကြမ်းပေါ်သို့လွင့်ကျနေသောစာအိတ်ပြာလေးကို ယခုမှပင်သတိထားမိတော့သည်။ စိတ်အာရုံပြောင်းမှပြောင်းစေတော့ဟု လှမ်း၍ကောက်ယူကာ ဖွင့်လိုက်သည်။

စုဆိုတဲ့ မမစု

သိပ် စိတ်ညစ်နေလား။ စိုင်းလေ စုအနားကိုလာပြီး အားပေးချင်ပါတယ်။ ဒါပေမဲ့ ပိုင်လည်းမပိုင် ဆိုင်လည်းမဆိုင်တဲ့ဘဝမို့ လက်မှိုင်သာချနေရပါတယ် စုရယ်။ သေဆုံးခြင်းဆိုတာ ထာဝရခွဲခွာခြင်းပါ၊ အဘွားဖြစ်သူနဲ့ထာဝရခွဲခွာလိုက်တော့ စုဘယ်လောက် စိတ်မကောင်းဖြစ်နေမယ်ဆိုတာ စိုင်းလည်း ကိုယ်ချင်းစာ . .

ဝိုင်းစက်သောလက်ရေးလေးများကို စူးစိုက်ကြည့်နေရင်း စုလှိုင်ခေါင်းထဲတွင် ရီဝေမှုန်မှိုင်းလာပြန်သည်။

'သေခြင်းဆိုတာ ထာဝရခွဲခွာခြင်းတဲ့၊ ဟုတ်သားပဲ၊ မာမီကြီးနဲ့ ငါနဲ့ ထာဝရ ကွဲကွာသွားပြီပဲ၊ ဘာမှ မဆိုင်တော့ဘူး ရှင်းသွားပြီ လွတ်သွားပြီ။ အို ဒါပေမဲ့ ဘယ်လိုကြီးလဲကွယ်၊ မရှင်းသလို မလွတ်သလို၊ အိုကွယ် အရိပ်ကြီး

လွှမ်းနေတယ် မုန်းတယ်'

စုလှိုင်သည် စာရွက်ပြာလေးကိုပစ်ချကာ ငေးနေမိလေသည်။ နောက်တစ်နေ့မနက် မအေးတင်ရောက်လာသောအခါ တစ်ခန်းလုံး ရှိရှိသမျှမီးတို့ကို အကုန်ဖွင့်ကာ ကြမ်းပေါ်တွင်အိပ်ပျော်နေဟန်ရှိသောစုလှိုင်ကို တအံ့တသြတွေ့ရသည်။

'ဟယ် စု'

မအေးတင်သည် စုလှိုင်ကို ကမန်းကတန်းပွေ့ထူလိုက်သည်။ စုလှိုင်၏ကိုယ်သည် ခြစ်ခြစ်တောက်အောင် ပူနေလေသည်။

'မအေးတင် လား'

စုလှိုင်က တိုးတိုးလေးမေးသည်။ အားတက်သွားသလို ပင့်သက်ရှိုက်ရင်း ပြုံးလိုက်သည်။ စိုးရိမ်တကြီးကြည့်နေသော မအေးတင်ကို မျက်လွှာပင့်ကြည့်ရင်း ငိုသံလေးနှင့်ပြောသည်။

'ညကြီးကလည်း ရှည်လိုက်တာ ကြာလိုက်တာ၊ ဒီနေ့ည စုနဲ့လာအိပ်ပါ၊ စုနဲ့လာအိပ်ပါနော်'

*

'စားတဲ့နေရာ အိပ်တဲ့နေရာ အစစအရာရာ ဖိမ်ခံနေတဲ့ ဖိမ်ခံအရင်းရှင်လူတန်းစားတွေ အများကြီးရှိသေးတယ်၊ မွေ့ရာ အထပ်ထပ် ဂွမ်းစောင်အထပ်ထပ်နဲ့ မှိန်းနေတဲ့လူတွေရဲ့ဘဝနဲ့ ခြုံစရာစောင်မရှိလို့ ဂုန်နီအိတ်ခြုံပြီး ကွေးနေရတဲ့သူတွေရဲ့ဘဝကို ညှိပစ်ရမယ် သိရဲ့လား'

တင်ထွန်းမောင်သည် စားပွဲကိုလက်သီးနှင့်ထုလိုက်သည်။ သစ်သားစားပွဲ ခနော်နီခနော်နဲ့လေးပေါ်ရှိ သံပရာရည်ခွက်သည် ယိုင်လဲတော့မည်ကဲ့သို့ ဖြစ်သွား၍ ညီလင်းက ကမန်းကတန်း လှမ်း၍ဖမ်းကိုင်လိုက်ရလေသည်။

"နိုင်ငံမှာ ဘယ်လိုရန်တွေ ပတ်လည်ဝိုင်းနေသလဲ၊ နင်းပြားတွေ ဘယ်လောက်အဖိနှိပ်ခံနေရသလဲ၊ ဒါတွေကို မင်းမြင်စမ်းပါ၊ တွေးစမ်းပါ၊ စဉ်းစားစမ်းပါ ညီလင်း၊ ဒါတွေကို စဉ်းစားဖို့ ကာကွယ်ဖို့ မင်းမှာလည်းတာဝန်ရှိတယ်၊ ငါ့ မှာလည်း တာဝန်ရှိတယ်၊ နိုင်ငံသားတိုင်းမှာ တာဝန်ရှိတယ်"

စားပွဲပေါ်တွင် ကနစိုးပွင့် ဖြူဝါဝါလေးများ ကြွေကျနေသည်။ ဦးယမ်းဘီလူး၏အအေးဆိုင်သို့လာတိုင်း ညီလင်းညိုသည် ထိုစားပွဲလေးတွင် ထိုင်နေ

ကျဖြစ်သည်။ အမိုးအကာနှင့်ကင်းလွတ်ပြီး သဘာဝအလင်းရောင်အောက်တွင် ထိုင်ရသည်မှာ နှစ်သက်စရာကောင်းသည့်အပြင် ကနစိုးပင်ကြီးသည် နေရောင် ကိုလည်းကောင်း၊ မိုးစက်မှုန်မှုန်များကိုလည်းကောင်း၊ အတော် အကာအကွယ် ပေးသည်။ ကနစိုးပွင့်ချိန်တွင် သူ့စားပွဲပေါ်သို့ကြွေလင့်ကျလာသော ကနစိုးပွင့် ကလေးများကိုကောက်ရင်း တစ်ပွင့် နှစ်ပွင့် ရေတွက်နေမိတတ်သည်မှာ သူ့ အကျင့်ဖြစ်သည်။

ညီလင်း၏ဘေးတွင်ထိုင်နေသော နွေသူရိန်ကမူ တင်ထွန်းမောင် ပြော သမျှ တစ်လုံးမှနားထဲဝင်ဟန်မရှိချေ။ သူ့ရှေ့ရှိ လက်ဖက်ရည်ပန်းကန်ကို သတိရ ဟန်မတူ၊ တစ်ဖက်စားပွဲမှ မိန်းမလှလေးနှစ်ဦးကိုသာ အငေးသားကြည့်နေ သည်။ ခပ်လှမ်းလှမ်းတွင်ကား ခေါင်းချင်းဆိုင်ထိုင်ကာ တွတ်ထိုးနေသော အတွဲ ကလေးနှစ်တွဲထိုင်နေသည်။ ဖျော်ရည်ခွက်ကိုပင် တစ်ခွက်စီမသောက်၊ ဝေးနေ၍ ထင်သည်၊ တစ်ခွက်ထဲတွင်ပင် စုပ်တံနှစ်ချောင်းတပ်ပြီး ခေါင်းချင်းဆိုင်ကာ အတူတူသောက်ကြသည်။

'အားကျလိုက်တာနော်'

ခပ်နောက်နောက် ကျောင်းသားတစ်ဦးက အံကြိတ်သံနှင့်မကြား တကြားပြောလိုက်သံကို ကြားလိုက်ရသည်။

'အခု ကျောင်းသားအများစု ဘာလုပ်နေကြသလဲ၊ စာအုပ်ကလေးတွေ ကိုင် ကျောင်းလာ၊ အတန်းထဲမှာ မိန်းကလေးတွေကို စက္ကူမြားနဲ့ပစ်၊ မျက်လုံး ကျွတ်အောင်ငမ်း၊ ဦးချစ်ဆိုင်ထိုင်၊ ပြီးတော့ပြန်၊ ဒါဟာ ငါတို့တာဝန်တွေလားကွ ဟေ ပြောစမ်းပါ ငါတို့အလုပ်ဟာ ဒါအကုန်ပဲလား၊ ကဲ ကြည့် နွေသူရိန်ဆိုတဲ့ ကောင် ကြည့်စမ်း၊ ဈာန်သမာပတ်ဝင်စားနေလိုက်တာ၊ သူ့ရင်ထဲမှာ ကဗျာစပ်နေ တယ် သိလား၊ သူစပ်နေတဲ့ကဗျာကို ငါ ဒီကနေတောင်လှမ်းဖတ်နိုင်တယ်'

'ဖတ်ကြည့်စမ်းပါဗျာ'

ညီလင်းညိုက မြှောက်ပေးလိုက်သည်။

'အဟမ်း ဒီလိုကွ တင်ထွန်းမောင်၊ စကားတော်ရုံဖောင်လို့ ရန်မစောင်နဲ့ တဲ့၊ အဲ နောက်ပြီး အဲ ယဉ်တကာ့ထိပ်ခေါင်၊ အလှမှာ မယ်သူယောင်သို့၊ အဲ အလှမှာ မယ်သူယောင်သို့၊ အဲ ရိုးဂေါင်ဂင်နဲ့ တဲ့'

'ဟာဗျာ'

ညီလင်းညိုသည် သူ့နဖူးကိုသူရိုက်လိုက်မိသည်။ မသိမသာနားစွင့်

နေသော မိန်းကလေးနှစ်ဦးသည် ရုတ်ခြည်းနှုတ်ခမ်းစူသွားသည်။ သူတို့ကို ယခု ထက်တိုင် တမေ့တမောငေးကြည့်နေသော နွေသူရိန်ကို ဆောင့်ခနဲ မျက်စောင်း ထိုးလိုက်ကြလေသည်။

'အဲ ဗျာ'

နွေသူရိန်၏ပါးစပ်မှ ယခုမှပင်အသံထွက်လာတော့သည်။ အလှ အိပ် မောကျနေရာမှ မျက်စောင်းလက်နက်စူးစူးရှရှလေးနှင့်အနှိုးခံလိုက်ရသောကြောင့် ဖြစ်သည်။

'တတ်နိုင်ဘူးလေကွာ၊ ငါ ကဗျာဆရာမှမဟုတ်တာ၊ ရှာတတ်သမျှ ကာရန်ပဲ ရှာရတာပေါ့'

တင်ထွန်းမောင်က ဆင်ခြေလဲနေသည်။ ညီလင်းညိုကမူ တဟားဟားရယ်နေမိသည်။ ဘာမှမသိလိုက်ဘဲ အူကြောင်ကြောင်ဖြစ်နေသော နွေသူရိန် ကြည့်ရင်း ရယ်ရှိန်မသတ်နိုင်အောင်ဖြစ်နေသည်။ နွေသူရိန်က သင်္ကာမကင်း ဖြစ်လာဟန်နှင့်မေးသည်။

'ဟေ့ ဘာဖြစ်ကြတာတုံးကွ'

'ကဗျာစပ်ကြတာပါ၊ ကဗျာဆရာလေး နွေသူရိန်ကို အားကျပြီး ကဗျာ စပ်ကြတာပါခင်ဗျာ'

တင်ထွန်းမောင်က ပြုံးရယ်၍ပြောနေစဉ် မိန်းမလှလေးနှစ်ဦးသည် ဆတ်ခနဲ ထသွားကြလေသည်။

'စပ်ပါလားကွာ၊ စက်ရုံထဲက အလုပ်သမားကြီးအကြောင်း၊ လယ်သမားကြီး ပိုးထိတဲ့အကြောင်း၊ ပဲပြုတ်သည် ဒေါ်ပုသားလေး ကျောက်သင်ပုန်း ကျကွဲလို့ ငိုနေတဲ့အကြောင်း၊ ပြည်သူ့ကြားက ကဗျာတွေရေးစမ်းပါ၊ ဘတ်စ်ကား စီးတာ တိုးတာ ကျပ်တာ အိုကွာ အများကြီး၊ ခုတော့ကွာ၊ တစ်ခါလာ ကောင်မလေးလှတာ၊ နောက်တစ်ခါလာ ကောင်မလေးချောတာ၊ ဟောနောက် တစ်ခါ သစ်ရွက်ကြွေ လေတိုက်၊ လသာ၊ ကြယ်ရောင်ဖြာ၊ မင်းစပ်နေတာ ဒါ အကုန်ပဲလားကွ'

'အေးဗျ ဒါအကုန်ပဲ၊ ကျွန်တော်က ဒါပဲသိတာပဲဟာ၊ ခင်ဗျားပြောတဲ့ ပဲပြုတ်သည်ဒေါ်ပုကို ကျွန်တော်မှမသိတာ'

နွေသူရိန်က အရိုးခံနှင့်ပြောသည်။ ထို့နောက် ငြီးငွေ့သလို လမ်းထ လျှောက်လိုက်သည်။ တင်ထွန်းမောင်တစ်ယောက် စားပွဲကိုထုထုပြီး သူ့ကဗျာ

များကို ဝေဖန်အပုပ်ချနေသည်မှာ ကြာလှချေပြီ။ အစပိုင်းက စိတ်ဆိုးသလိုလို ရှိသော်လည်း နောက်ပိုင်းတွင်တော့ လျစ်လျူရှုထားလိုက်သည်။ တင်ထွန်းမောင်ကို သူခင်သော်လည်း ထိုလိုလူမျိုး သူ့ပရိသတ်ထဲတွင်မပါ၍လည်း အရေး မကြီးပေ။ လိုလည်း မလိုအပ်ပေ။ နု၍လှသော သူ့အချစ်ကဗျာလေးများကို ကြိုက်နှစ်သက်သောပရိသတ်က သီးခြားရှိသည်။ သူသည် သူ့ဆီလာသမျှ မိတ်ဆက်စာများကိုလည်း တရိုတသေဖိုင်တွဲထားသည်။ တလေးတစား စာပြန်သည်။ 'နွေသူရိန်' ဟူသော သူ့အမည်သည် ကဗျာလောကတွင် အသင့်အတင့် ရေပန်းစားလျက် ရှိပြီဖြစ်သည်။

'မင်းတို့နှစ်ကောင်နဲ့ငါ ပေါင်းမယ့်သာပေါင်းနေတာ၊ နှစ်ကောင်လုံးကို မကျေနပ်ဘူးကွ၊ ရှင်းရှင်းပဲ'

တင်ထွန်းမောင်သည် ဖင်စီခံနားကပ်နေပြီဖြစ်သော ဆေးလိပ်တိုတိုကို အငွေ့တထောင်းထောင်းထအောင် ဖွာရှိုက်ရင်း မကျေမနပ်ပြောလေသည်။ မျက်မှန်ပြူးပြူးထဲမှ သူ့မျက်လုံးမှေးမှေးများကို အစွမ်းကုန်အကျယ်ချဲ့ကာ သူ့သူငယ်ချင်းနှစ်ဦးအား ခြေဆုံးခေါင်းဆုံးကြည့်နေလေသည်။

စင်စစ်အားဖြင့် သူတို့သုံးဦးသည် တစ်ဦးနှင့်တစ်ဦး လုံးဝအသွင်တူကြသူများမဟုတ်ပေ။ သို့သော် ဘာကြောင့်မှန်းတော့မသိ၊ တွဲမိလျက်သား ဖြစ်နေလေသည်။ တင်ထွန်းမောင်ဟူသောအမည်ကိုလည်းကောင်း၊ နွေသူရိန် ဟူသောအမည်ကိုလည်းကောင်း ညီလင်းညိုသည် သူ့အိမ်၌ မကြာခဏပြောမိသည်။

အမာညိုတို့ ကျော်ထွန်းညိုတို့သည် ညီလင်းညိုနှုတ်ဖျားမှတစ်ဆင့် သူတို့နှစ်ဦးကို ရင်းနှီးပြီး ဖြစ်လေသည်။ လူကိုတွေ့သောအခါတွင်ကား အမာညိုသည် မျက်နှာလေးမဲ့ရင်း 'နွေသူရိန်ကတော့ ရုပ်ကလေးချောချင်လျက်နဲ့ ပျော့ စိစိနဲ့ အခြောက်ပါလားဟ၊ တင်ထွန်းမောင်ကတော့ အရုပ်ဆိုးတယ်ဟာ၊ နင်စိတ်တော့မဆိုးနဲ့ ညီလင်းရာ၊ သူ့ကိုကြည့်ရတာ နွံကောင်ကလေးကို မျက်မှန်တပ်ပေးထားတာနဲ့ မတူဘူးလား' ဟု မှတ်ချက်ချဖူးလေသည်။

'တစ်ယောက်ကတော့ နုလို့နွဲ့လို့၊ အိပြဲနေတဲ့ကောင်၊ နောက် တစ်ယောက်ကျတော့ လူ့ပေါ်ကျော့၊ ဘူဇွာသား'

တင်ထွန်းမောင်က အားမနာ ပါးမနာပြောလေသည်။ သူ့ကိုကြည့်ရင်း အမာညိုပြောသော နွံကောင်ကလေး မျက်မှန်တပ်ထားပုံကိုသတိရမိသဖြင့် ညီလင်းက ရယ်နေမိသည်။

'ဟော့ကောင် သူရိန်၊ ဒီကောင်မနက်က ကျောင်းလာတာ သူ့အဖေ ရုံးကားနဲ့သိလား၊ မင်းတို့ ငါတို့တစ်တွေ ကျောင်းအရောက်လာရေးအတွက် ချွေးတလုံးလုံးနဲ့ ကားတိုးနေတဲ့အချိန်မှာ ဒီကောင်က သူ့အဖေကားလေးနဲ့ ကျောင်းကို ကြော့ကြော့လေးလာတာကွ'

'အဲဒါ ဘာဖြစ်လဲဗျ'

ညီလင်းညိုသည် ရယ်မောရင်းမှ ပြန်မေးသည်။ အရှိန်မပျက်ရယ်နေသော်လည်း သူ့မျက်နှာသို့ သွေးတက်သွားပြီး နွေးခနဲဖြစ်သွားသည်ကို သိလိုက်သည်။

'ဘာဖြစ်ရမလဲကွ'

စကားဝိုင်းသည် ရုတ်တရက်ငြိမ်သွားပြီး စားပွဲပေါ်ဝဲလွင့်ကျလာသော သစ်ရွက်ဝါလေးကိုစိုက်ကြည့်နေမိကြသည်။ အတန်ကြာငြိမ်နေကြပြီးမှ ညီလင်းက စ၍ထလိုက်သည်။

'ကဲ လာဗျာ၊ ကျူတိုရီရယ်ရှိသေးတယ်လေ အချိန်နီးပြီ'

တင်ထွန်းမောင်သည် မီးသေနေသော ဆေးပေါ့လိပ်တိုကို ပါးစောင်တွင် ခဲရင်း နေရာမှ ထသည်။ အိတ်ထဲတွင် ဟိုစမ်းဒီစမ်းနှင့်မီးခြစ်ရှာသည်။ မတွေ့သောအခါမှ ဆေးပေါ့လိပ်တိုကို ပါးစပ်မှ ထွေးထုတ်လိုက်လေသည်။

'ငါ မကျေနပ်သေးပါဘူးကွာ၊ မင်းကို နှက်ချင်ပါသေးတယ်၊ ဟော့ နွေသူရိန်ဆိုတဲ့ ကဗျောင်ဆရောင် ကြောင်တောင်တောင် လုပ်မနေစမ်းပါနဲ့ကွ၊ ငါ့ကို စစ်ကူပေးပါဦး'

တင်ထွန်းမောင်က နွေသူရိန်ကိုလှည့်ကာ အကူအညီတောင်းလေသည်။

'နှက်ပါဗျာ၊ ကျွန်တော်တို့ထက်ဆိုးတဲ့လူတွေကိုရော နှက်ဖို့စိတ်မကူးဘူးလား'

'ဟော့အေး'

'အဲဒါကျတော့ ဘာဖြစ်လို့'

'ကြောက်လို့ပေါ့ကွ၊ လချီး'

ဒေါကြီးမောကြီးပြောသော တင်ထွန်းမောင်ကို ခေတ္တမျှတွေကြည့်နေမိပြီး နွေသူရိန်သည် ဟက်ဟက်ပက်ပက်ထရယ်လေသည်။ သူ့ရယ်သံက ကျယ်လွန်း၍ ဘေးလူများပင် လှည့်ကြည့်ကြသည်။ အရှေ့ဘက်မှလျှောက်သွား

နေသော ပန်းရောင်ဝတ်စုံဝတ်မိန်းကလေးသည် ခေါင်းကလေးငဲ့၍ လှည့်ကြည့်သည်။ ထို့နောက် သူ့ဘေးမှအပြာရောင်လေးကို လက်ကုတ်ကာ တီးတိုးပြောသည်။ အပြာလေးကလည်း မသိမသာလှည့်ကြည့်သည်။ သူတို့၏စကားသံကို မကြားရသော်လည်း ပန်းရောင်လေးက 'နွေသူရိန်ဆိုတာသူပေါ့၊ ဟိုအင်္ကျီအညိုရောင်နဲ့ရယ်နေတဲ့လူလေ' ဟု အပြာလေးအားပြောလိုက်ကြောင်း ညီလင်းညို တပ်အပ်သိလေသည်။

ဒီလိုဆိုတော့လည်း ညီလင်းညို ကဗျာစပ်ချင်စိတ်ပင်ပေါက်သည်။ ကဗျာဆရာကို မိန်းကလေးများစိတ်ဝင်စားကြသည်မှာ အားကျစရာကြီးပင်။

*

'အစ်မရေ ဘယ့်နှယ်နေသေးတုံး'

'ဒီလိုပါပဲ ညီမလေးရယ်'

အသံသဲ့သဲ့နှင့်ဖြေသော အမျိုးသမီးကိုကြည့်ရင်း သက်သက်၏ စိတ်ထဲတွင် မြင်ဖူးသလိုထင်လာသည်။ သို့သော် ဘယ်နေရာတွင်မြင်ဖူးသနည်း စဉ်းစား၍တော့မရပေ။

'ကဲ ဆေးထိုးမယ်နော် အစ်မ'

သက်သက်သည် ပုလင်းထဲမှ ဆေးကို စုပ်ယူလိုက်သည်။ ကြည်လဲ့လဲ့ဆေးရည်များသည် ပုလင်းထဲမှတစ်ဆင့် ဆေးထိုးပြွန်ထဲသို့ တစိမ့်စိမ့်ဝင်ရောက်သွားကြသည်။

'ဆေးထိုးရတာလည်း ဖင်နာလှပါပြီကွယ်၊ အစ်မ ရောဂါက ဘာမှန်းလဲမသိသေးဘူးလား ဟင်'

'ဓာတ်မှန်ရိုက်ထားတယ်မဟုတ်လား အစ်မရယ်၊ သိရတော့မှာပေါ့'

ယခုအဆောင်သို့ သက်သက်ရောက်လာသည်မှာ နှစ်ရက်သာရှိသေးသည်။ သင်တန်းသူဆရာမလေးများသည် သုံးလတစ်ခါ အဆောင်ပြောင်းကြရသည်။ အဆောင်သစ်ကိုရောက်လျှင် လူနာသစ်များကို အကျွမ်းဝင်အောင်၊ သူတို့၏ရောဂါများကိုလည်း သိပြီးဖြစ်အောင် သက်သက် ပေါင်းသင်းလေ့လာမြဲဖြစ်သည်။ ယခုလူနာ၏ရောဂါကိုတော့ အတိအကျမသိသေးပေ။ ရောဂါလက္ခဏာများအရ ကင်ဆာအများဆုံးဖြစ်နိုင်ကြောင်းကို ဆရာဝန်များဆုံးဖြတ်ထားသော်လည်း လူနာကိုအသိမပေးသေးကြောင်း သိခဲ့ရသည်။

'ရင်ထဲက သိပ်ပူတယ် ညီမရယ်၊ ကင်ဆာတော့ မဟုတ်နိုင်ဘူးကွယ် နော်'

အမျိုးသမီးသည် ပြူးကျယ်သောမျက်လုံးကြီးများနှင့် သက်သက်ကို အားကိုးတကြီးကြည့်ရင်းပြောသည်။

သက်သက်၏ရင်ထဲတွင် ကျင်ခနဲဖြစ်သွားသည်။

'အို မဟုတ်နိုင်ပါဘူး၊ ရာသီဥတုကလည်း ပူပါတယ်အစ်မရဲ့။ တအား အိုက်တာပဲ၊ ချွေးဆိုတာ ရေချိုးထားသလိုထွက်တာ'

သက်သက်သည် ဖြေသိမ့်စကားကို ပရမ်းပတာလေးပြောလိုက်မိသည်။ ကိုယ့်မျက်စိရှေ့တွင်ပင် အသက်ထွက်သွားသူ အများအပြားတွေ့လာရပြီဖြစ်သဖြင့် သက်သက်တစ်ယောက် အတော်လေးအသည်းကောင်းလာပြီ ဖြစ်သည်။ သို့ပါသော်လည်း တဖြည်းဖြည်းချဉ်းကပ်လာသော သေမင်းကို ကြောက်ရွံ့ထိတ်လန့်စွာတိုးလျှိုးတောင်းပန်နေဟန်ရှိသော မျက်လုံးဝိုင်းများကို တွေ့ရတိုင်း ရင်ထဲတွင်စူးရှနာကျင်ကာ မျက်ရည်ရစ်ဝဲလာတတ်သည်ကိုတော့ ထိန်း၍ မရသေးချေ။

'ဘာရောဂါဖြစ်ဖြစ် မသေသေးရင် ပြီးတာပါပဲကွယ်၊ အစ်မ မသေချင်သေးဘူး၊ သားလေးကို မထားခဲ့ချင်ဘူး'

သက်သက်သည် သူ့တင်ပါးထဲသို့ အပ်ကိုစိုက်သွင်းကာ ဆေးရည်များကို ဖိချလိုက်သည်။ ထိုဆေးရည်များနှင့်အတူ သေမင်းကိုအန်တုနိုင်သော စိတ်တန်ခိုးနှင့် သတ္တိများကိုပါ ရောဖျော်ပြီး သူ့ကိုယ်ထဲသို့သွင်းပေးလိုက်ချင်သော စေတနာရှူးလေးနှင့် ပင့်သက်ရှိုက်မိလေသည်။

'ဟော မိမာညို'

ဒီတစ်ခါတော့ အမာညိုကို သက်သက်က အရင်တွေ့သည်။ အမာညိုသည် အခန်းဝတွင်ရပ်ရင်း ဟိုကြည့်ဒီကြည့်နှင့် သက်သက်ကို ရှာနေသည်။ လှမ်း၍ လက်ပြလိုက်သော သက်သက်ကိုမြင်သောအခါမှ ပြုံးပြီး ခပ်သွက်သွက် ဝင်လာသည်။

'မိသက်ရာ နင်ကတော့ အမြဲအလုပ်များနေတာပဲလား'

'အေးပေါ့ဟ၊ နင်ရော ဘာလာလုပ်တာလဲ'

အမာညို၏လက်ထဲတွင် ပလပ်စတစ်အိတ်နှင့်ထုပ်ထားသော ကျောက်ကျောထုပ်ကို ကိုင်ထားသည်။

'ငါ ဗိုလ်ချုပ်ဈေးထဲမှာ ကျောက်ကျောသောက်ရင်း နင့်ကိုသတိရလို့ ကျောက်ကျောဝယ်လာတာ မဝါတို့လည်းပါတယ်၊ တောကအဒေါ် ဆေးရုံလာတက်လို့တဲ့၊ အပေါ်ထပ်မှာလေ၊ ခွဲပြီးပြီဟ၊ ပြုံးလို့ရွှင်လို့'

'ကျေးဇူးပဲ မိညို၊ အဲဒီကျောက်ကျော ငါသိပ်ကြိုက်'

'ငါကလည်း သိပ်သိ'

အမာညိုက ပြောရင်းရယ်သည်။ အုန်းနို့ကျောက်ကျောကို အုန်းနို့ရည်ဆမ်းထားသဖြင့် မွှေးပြီး ချိုဆိမ့်နေသော ထိုကျောက်ကျောကို အမာညိုတို့ အားလုံးကြိုက်ကြသည်။ ဗိုလ်ချုပ်ဈေးရောက်တိုင်း ဝတ္တရားတစ်ခုသဖွယ် မပျက်မကွက် သောက်ကြလေသည်။

'ရှေ့အပတ်ကျရင် ငါအညာသွားရမယ်၊ ဘာမှာဦးမလဲ'

'ဘာလုပ်ဖို့'

'ရှေးဟောင်းအဆောက်အအုံတွေတိုင်းပြီး ပုံပြန်ဆွဲဖို့ပေါ့၊ ငါကဗားကရာကျောင်းကြီးကို တိုင်းရမှာ၊ တံတားဦးမှာလေ'

ရွှင်လန်းတက်ကြွနေသော အမာညို၏ပါးကလေးများသည် နီရောင်ပြေးနေသည်။

'အဲဒီမှာ ဘာပေါလဲ'

'ဘာပေါလဲတော့မသိဘူး၊ နင့်အတွက် ငါအညောက်သားတယာဝယ် ခဲ့မယ်'

သက်သက်သည် ကျောက်ကျောထုပ်ကလေးကိုလှမ်းယူကာ သူတို့ပိုင်ရာအခန်းလေးဆီသို့လာခဲ့သည်။ အမာညိုက နောက်ဘက်မှကောက်ကောက်ပါအောင်လိုက်လာရင်း ခပ်တိုးတိုးမေးလေသည်။

'ဟော့ ခုနအမျိုးသမီးက ဘယ်သူလဲ'

'ဘယ်သူ့ကိုပြောတာလဲ'

'ခုနက လူနာလေ'

'နာမည်ကတော့ ဒေါ်ခင်ခင်စောတဲ့'

'အဲ ဟုတ်ပြီ၊ အဲဒါ စုလှိုင်အဖေရဲ့ နံပါတ်နှစ် မဟုတ်ဘူးလား'

'အဲ'

အမာညိုကသက်သက်ထက်ပို၍ အမှတ်သညာကောင်းနေလေသည်။ တစ်ခါနှစ်ခါဖြတ်သွားဖြတ်လာမြင်ဖူးသည်ကို အသေအချာမှတ်မိနေပုံရသည်။

'အေး ဟုတ်ပါရဲ့၊ ဒါကြောင့် ငါက မြင်ဖူးပါတယ်အောက်မေ့နေတာ'

'သူက ဘာရောဂါလဲဟင်'

'ကင်ဆာဖြစ်ဖို့ များတယ်'

'အကျိုးနည်း ကြောက်စရာကြီး'

အမာညိုသည် ပခုံးလေးတွန့်လိုက်သည်။ ကင်ဆာရောဂါဆိုးကို သူ ကိုယ်တိုင်ခံစားရတော့မလို မျက်လုံးပြူးပြီး မျက်နှာလေးရှုံ့နေသည်။

'စုလှိုင်သိရင်တော့ ထ က နေမှာမြင်ယောင်သေးတယ်'

'ဘာဖြစ်လို့လဲ'

'နင်ကလဲ သူ့အဖေရဲ့နံပါတ်တွေကို သူက သိပ်မုန်းမှာပေါ့၊ ကဲ ထားပါတော့၊ နင်ကျောက်ကျောသောက်လိုက်လေ၊ တော်ကြာ ပူကုန်ဦးမယ်'

အမာညိုက တိုက်တိုက်တွန်းတွန်းပြောသည်။ သက်သက်သည် ကျောက်ကျောထုပ်အေးစိမ့်စိမ့်လေးကိုငေးကြည့်ရင်း အမာညိုအား တောင်းပန်သလိုလှမ်းကြည့်သည်။

'နင် စိတ်မဆိုးပါနဲ့အမာညိုရယ်၊ ငါ ဒီကျောက်ကျောကို ဟိုဘက်ခန်းက ဦးလေးကြီးကို ပေးလိုက်ချင်တယ်၊ သူက သိပ်ဆင်းရဲတာ'

'ခွေးမ၊ နင် ငါပေးတာ တစ်ခါမှမစားဘူး၊ ဟိုတစ်ခါ ငှက်ပျောသီးတုန်းကလည်း အဒေါ်ကြီးတစ်ယောက်ကို သွားကျွေးတယ်'

'မိမာညိုရယ်၊ နင်လည်းကုသိုလ်ရပါတယ်၊ သူတို့အတွက်က တကယ့် ကို အာဟာရလိုအပ်တာ၊ နင်ပေးတာကို ငါမစားချင်လို့မှမဟုတ်တာ၊ ဒါပေမဲ့ ငါ့ထက်သူတို့က ပိုပြီးလိုအပ်နေလို့ပါ။ ဟို ငါငှက်ပျောသီးကျွေးတဲ့ အဒေါ်ကြီး ကလည်း တစ်ကောင်ကြွက်၊ အပျိုကြီးဟ၊ တောကလာတာ'

'အေးပါဟ အေးပါ'

မျက်နှာငယ်လေးနှင့်ရှင်းပြနေသောသက်သက်ကိုကြည့်ရင်း အမာညိုသည် နှုတ်ခမ်းစူလျက်သားက ရယ်လေသည်။ ထို့နောက် 'နင့်ဖို့ငါ အညောက် သား တယာဝယ်ခဲ့ရင်တော့ အဲဒီအပျိုကြီးသွားမကျွေးနဲ့၊ ဆဲလွှတ်လိမ့်မယ်' ဟု ပြောသည်။

'အညောက်သား တယာ'

သူပြောသောစကားကို သက်သက်နားမလည်ပေ။ သူပြန်သွားသည် အထိ နားမလည်ဘဲ မျက်မှောင်လေးကုတ်ရင်းကျန်ခဲ့ရလေသည်။ မိမာညို

တစ်ယောက်ဘာများပြောသွားပါလိမ့်ဟု မအိပ်ခင်စဉ်းစားသော်လည်း အဓိပ္ပာယ် မပေါ် ကြံကြံဖန်ဖန်တစ်ရေးနိုးကျမှ စဉ်းစားမိတော့သည်။ ပြုံးမိတော့သည်။

'သြော် အညာသားတစ်ယောက်'

*

'ဒီအဆောင်တွေအကုန်လုံးသာဆောက်ပြီးသွားရင် ဒီဝင်းကြီးတော့ အတော် လှမယ်သိလား၊ နောက်ပြီး အရမ်းစိုပြည်သွားမှာပဲ'

ကျော်ထွန်းညိုသည် ဆောက်လက်စ အဆောက်အအုံများကို ငေးကြည့်နေမိသည်။ ဝင်းပသောနေရောင်ခြည်အောက်တွင် အားနှင့်မာန်နှင့်မြင့်တက်လာဟန်ရှိသော အဆောက်အအုံများကို ပြီးစီးသည်အထိ ပုံဖော်ကြည့်နေမိသည်။

'ဘယ်ဟာ မပြီးပြီး ပြီး၊ အရေးကြီးတာက မိန်းကလေးဆောင်တွေ ပြီးဖို့ပဲ၊ ခုတော့ဗျာ ကျွန်တော်တို့ကို တစ်ကျွန်းလာပို့ထားတာကျနေတာပဲ'

အင်းလေးဆောင်သားဖြစ်သူ တင်မောင်အေးက ပြောလေသည်။ သူသည် တင်မောင်ဌေး၏ညီဖြစ်သည်။ တင်မောင်ဌေးနှင့်အမည်ချင်းဆင်ရုံ သာမက ရုပ်ချင်းလည်းအတော်ဆင်သည်။ အသားအရောင် အဖြူအမည်းသာ အနည်းငယ်ကွဲပြားလေသည်။ စက်မှုတက္ကသိုလ်တွင် ယခုနောက်ပိုင်း၌ စာသင်သားဦးရေ များပြားလာသည်။ ကျောင်းဝင်းထဲရှိ ယောကျ်ားလေးအဆောင်ခြောက်ဆောင်နှင့်မလုံလောက်တော့ပေ။ ထို့ကြောင့် နောက်မှရောက်လာသော မောင်သစ်လွင်လေးများသည် သမိုင်းဝင်းထဲရှိ 'အင်းလေး' ဆောင်တွင်နေကြရသည်။

'ဟိုးက အဆောင်တွေ တွေ့လား အစ်ကို၊ အဲဒါ မိန်းကလေးဆောင်တွေပေါ့၊ ဘယ်တော့များမှ ပြီးမလဲမသိပါဘူး၊ ကျွန်တော်တို့ကျောင်းထွက်မှ ပြီးမယ်ထင်ပါရဲ့ဗျာ'

ဆန္ဒစောစွာနှင့် ညည်းညည်းညူညူပြောသော တင်မောင်အေး၏ စကားသံကို ကြားတစ်ချက် မကြားတစ်ချက်နှင့် ကျော်ထွန်းညို၏စိတ်အတွေးများသည် ပျံ့လွင့်သွားသည်။ ကောင်းကင်ပြာကိုနောက်ခံထားပြီး လှိုင်းအိသဖွယ် ရွေ့လျားနေသော တိမ်ဆုပ်တိမ်ခဲများကို ငေးကြည့်နေမိသည်။ ညီလင်း၏ သူငယ်ချင်း နွေသူရိန်စပ်သော 'ချစ်သူမျက်နှာ' ဟူသော ကဗျာလေးကို သတိရနေသည်။ ကဗျာကို အလွတ်မရသော်လည်း တိမ်တိုက်များကြားထဲတွင် ပြေး

လွှားဆော့ကစားရင်း ရက်စနိုးပုန်းကွယ်ရင်း ပြုံးပြ ရယ်ပြနေသော အိပ်မက်ချစ်သူလေးအကြောင်းကို ဖွဲ့ဆိုထားကြောင်းကိုကား သိသည်။

လှောင်သလိုလိုပြုံးတတ်သော စုလှိုင်၏မျက်နှာလှလှလေးသည် တိမ်ကြားထဲတွင် မြုပ်ချည်ပေါ်ချည်ဖြစ်နေသလို ထင်လာသည်။

'ဒီ အားကစားရုံကြီးကတော့ သိပ်ကောင်းတာပဲနော် အစ်ကို၊ ကျွန်တော် တကယ်ကြိုက်တယ်၊ ကျွန်းဆွယ်ပွဲကျရင် အားကစားသမားတွေကို ဒီဝင်းထဲမှာ အားကစားရွာတည်ပေးမယ်ဆိုပြောနေကြတယ် ဟုတ်လားဟင်'

'ပြောနေကြတာပါပဲကွာ၊ ကျွန်းဆွယ်ပွဲက အဝေးကြီးလိုသေးတာပဲ'

သူတို့နှစ်ဦး ဆက်၍လမ်းလျှောက်လာကြသည်။ ခပ်လှမ်းလှမ်းတွင် ကျန်ခဲ့သော တင်မောင်ဒွေးကမူ လမ်းဘေးရှိ ပန်းအဝါလေးများပွင့်နေသည့် အပင်အောက်တွင် ထိုင်နေလေသည်။ သူသည် ကျော်ထွန်းညိုတို့ကဲ့သို့ လမ်းလျှောက်ရန် ဝါသနာပါသူမဟုတ်ပေ။ နေပူရှိန်ငွေ့ငွေ့လေးနှင့်နွေးနေသေးသော ညနေစောင်းတွင် ဆောက်လက်စအဆောက်အအုံ ထိုးထိုးထောင်ထောင်များအကြား လျှောက်သွားနေမည့်အစား အင်းလျားစောင်းတွင်သွား၍ထိုင်ရင်း လမ်းလျှောက်ထွက်လာသောအလှအပလေးများကို ငေးနေလိုသူသာဖြစ်သည်။

'ကျွန်တော် စလိုက်ရူးလည်း ထိုးတတ်ပြီ အစ်ကို၊ တတ်သွားတော့လည်း အလွယ်လေးပဲ၊ ဘေးကပ် ဘေးကပ် အစ်ကို'

ဟီးနိုးကားတစ်စီးသည် သူတို့ဘေးမှ ဝီးခနဲဖြတ်သွားသည်။

'ဟော့ကောင် ဖိုးအေး၊ ရော့ မင်းဖို့ ငါးပိချက်'

ကားပေါ်မှ ကျောင်းသားတစ်ဦးက အထုပ်သေးလေးတစ်ထုပ် ပစ်ပေးသွားသည်။ ထို့နောက် ရယ်မော၍ လက်ပြသွားလေသည်။ သူပစ်ပေးသွားသော အထုပ်ကလေးကို လှမ်း၍ဖမ်းရမည့်အစား တင်မောင်အေးသည် ခုန်၍လွတ်အောင်ရှောင်လိုက်သည်။

'ဒီကောင် စူစကာဆောင်ကကောင် အစ်ကိုရ၊ ကျွန်တော်တို့မြို့ကပဲ'

'စူစကာဆောင်' ဟူသည်မှာ 'ဇီဝကဆောင်' ကို ဆိုလိုရင်းဖြစ်သည်။ တမင်သက်သက်ဖျက်၍ နံနိမ်ကာခေါ်ခြင်းဖြစ်သည်။ ဇီဝကဆောင်သည် ဆေးကျောင်းသားတို့၏အဆောင်ဖြစ်သည်။ သူတို့လက်ဆောင်ပေးတတ်သော ငါးပိချက်၊ ဝက်အူချောင်း စသည်များကို တင်မောင်အေးတို့ ကြောက်ကြရသည်။

'ဒီကောင်တွေ အင်မတန်ယုတ်ပတ်တယ်ဗျ။ ဟိုတစ်ခါတုန်းကလည်း

ဟိုဒင်းကြီး ဖြတ်ယူလာတယ်။ ဝက်အူချောင်းဆိုပြီး လာပေးသေးတယ်'

'ဘာဖြစ်လဲကွ၊ စားပစ်လိုက်ပေါ့'

'ဖွီ'

တင်မောင်အေး၏မျက်နှာသည် ရှုံ့မဲ့သွားသည်။ ကျော်ထွန်းညိုက အားရပါးရရယ်လိုက်မိစဉ် သူ၏နောက်ဘက်မှခေါ်သံလေးကိုကြားရသည်။

'ကိုကို၊ ကိုကို'

'ဟင်၊ သက်သက်'

သက်သက်သည် ကျော်ထွန်းညိုဆီသို့ အပြေးလေး လျှောက်လာသည်။

'အတော်ပဲ၊ ကိုကိုနဲ့တွေ့တာ အတော်ပဲ၊ ကားပေါ်ကနေ ကိုကို့ကို လှမ်းမြင်လို့ ကမန်းကတန်းဆင်းလာတာ'

သက်သက်၏ နဖူးတွင်ချွေးလေးများစို့နေသည်။ ခေါင်းဆောင်း ဖြူဖြူလေးကိုဖြုတ်ထားသော်လည်း အင်္ကျီဖြူနှင့်ထဘီနီလေးကိုပင် ဝတ်ထားလေသည်။

'အင်းလေးဆောင်ဆိုတာလေ၊ ဘယ်နားမှာလဲ ကိုကို၊ ဒီနားမှာပဲ မဟုတ်လားဟင်'

'အေးလေ ဒီနားမှာပဲ၊ နေပါဦးမိသက်ရဲ့၊ ဘာလုပ်ဖို့လဲ'

'နောက်ပြီး ဒီအဆောင်က ကိုလွင်မောင်ဆိုတာ သိလားဟင်၊ ရှိတယ် မဟုတ်လား၊ အသားညိုညို အရပ်ပျပ်ပျပ်နဲ့တဲ့'

သက်သက်က အမောတကောပြောလေသည်။ ကျော်ထွန်းညိုသည် တင်မောင်အေးကို အကူအညီတောင်းဟန်နှင့် လှမ်း၍ကြည့်သည်။ အင်းလေး ဆောင်သား တင်မောင်အေးက မနေသာတော့ဘဲ ဝင်မေးလေသည်။

'အခန်းနံပါတ် ဘယ်လောက်လဲဟင်'

'ဟင့်အင်း၊ မသိဘူးတဲ့'

'ဒါဖြင့် ဘယ်နယ်ကလဲ'

'ဟင့်အင်း၊ မသိ၊ ဟို ဟို မြောင်းမြဘက်က ထင်တယ်'

သက်သက်သည် ယောင်ဝါးဝါးဖြေသည်။ စူးစမ်းသလို မျက်မှောင် ကုတ်၍ကြည့်နေသောကျော်ထွန်းညိုကို မလုံမလဲပြုံးပြရင်း မျက်နှာလေးနီသွား သည်။

'နေပါဦး မိသက်ရ၊ ဘာမှလည်း ရေရေရာရာမသိဘဲ ဘာဖြစ်လာတာလဲ'

ကျော်ထွန်းညိုက ခပ်ဆတ်ဆတ်လေးမေးမိလေသည်။ ယောကျ်ားလေးဆောင်သို့ သုတ်သီးသုတ်ပျာနှင့် တစ်ဦးတည်းရောက်လာသော သက်သက်ကို အလိုမကျဖြစ်ပြီး ရုတ်ခြည်းစိတ်တိုချင်သွားသည်။

'ဘာမှမဖြစ်ပါဘူး ကိုကိုရဲ့'

'ဘာမဖြစ်ရမှာလဲ'

သိသိသာသာအသံမာနေသောကျော်ထွန်းညိုကို အလန့်တကြားလှမ်းကြည့်ရင်း သက်သက်သည် မျက်နှာလေးငယ်သွားသည်။ စကားစပျောက်သွားသလို ကြောင်အအလေးဖြစ်သွားလေသည်။

'ဩော် ရှိတယ် ရှိတယ်။ အပေါ်ထပ်မှာ ရှိတယ်။ မြောင်းမြကလား ဘာလားတော့ မသိဘူး။ အသားညိုညို အရပ်ပျပ်ပျပ်ပဲ။ ဘာလဲ သူနဲ့တွေ့ချင်လို့လား'

'ဟုတ်၊ အဲ၊ မဟုတ်ပါဘူး၊ စာပေးချင်လို့ပါ၊ စာလေးတစ်စောင်ပေးချင်လို့ပါ။ ဒီလို ဒီလိုပါ။ ဆေးရုံက လူနာတစ်ယောက်က သူ့ကို သိပ်တွေ့ချင်နေပါတယ်။ အဲဒါ စာပေးခိုင်းလိုက်လို့ပါ။ သူ့လက်ထဲကို ဒီစာလေးတဆိတ် အဲ၊ ပေးပေးပါနော်'

သက်သက်က အထစ်ထစ် အငေါ့ငေါ့ပြောရင်း သူ့အိတ်ထဲမှစာလေးတစ်စောင်ကို ထုတ်ယူလိုက်သည်။ တင်မောင်အေး၏လက်ထဲသို့ စာလေးကို ထည့်လိုက်ရင်း ကျော်ထွန်းညိုကိုလှမ်းကြည့်သည်။ စင်စစ်အားဖြင့် ကိုလွင်မောင်ဆိုသူကို သူကိုယ်တိုင်တွေ့ပြီး အကျိုးအကြောင်းပြောပြကာ စာပေးရန်ဖြစ်သည်။ သို့သော် လေသံမာကာမျက်မှောင်ကုတ်နေသောကျော်ထွန်းညိုကို တွေ့ရသောအခါ ရုတ်တရက်ဘာလုပ်ရမည်မသိဘဲ အယောင်ယောင် အမှားမှားဖြစ်သွားလေသည်။

'ကျွန်တော် ဆက်ဆက်ပေးလိုက်ပါမယ်၊ စိတ်ချပါ'

တင်မောင်အေးက တာဝန်ခံလေသည်။ ထဘီနီ၊ အင်္ကျီဖြူလေးနှင့်ဖြစ်သော်လည်း သက်သက်ကို သူနာပြုဆရာမလေးဟု မသိပေ။ ကျော်ထွန်းညို၏ အသိမိတ်ဆွေတစ်ဦးဦးဟုသာ ထင်မှတ်ပုံရသည်။

'သူတို့နှစ်ယောက်က ငယ်ရည်းစားတဲ့ ကိုကိုရဲ့၊ လူကြီးချင်းမတည့်လို့

အတင်းခွဲထားတယ်။ အခု ကောင်မလေးက မစားနိုင်မသောက် နိုင်နဲ့ ရောဂါရပြီး ဆေးရုံလာတက်ရတယ်။ အဲဒါ သူ့ကောင်လေးကိုတွေ့ချင်လွန်းလို့ သက်သက်ကို တောင်းပန်လို့ သက်သက်ကကူညီတာပါ'

တင်မောင်အေး လမ်းခွဲ၍ထွက်သွားသောအခါမှ သက်သက်က ရှင်းပြသည်။

'ဘာလဲ၊ ဒီတော့ မိသက်က အောင်သွယ်လုပ်တာပေါ့ ဟုတ်လား'

'အောင်သွယ်လို့တော့မပြောပါနဲ့ ကိုကိုရယ်'

သက်သက်သည် ရုတ်တရက်မျက်ရည်ဝဲလာသည်။ 'အောင်သွယ်' ဟူသောစွပ်စွဲချက်ကို လက်သင့်မခံနိုင်သလို ရင်ထဲတွင်ခါးသွားသည်။

'သက်သက် စေတနာကောင်းတာ၊ ကူညီတတ်တာတွေကို ဒို့သိပါတယ်။ ဒါပေမဲ့ အတိုင်းအတာနဲ့ပဲကူညီပါကွာ။ ကိုယ်ရေးကိုယ်တာကိစ္စတွေကိုတော့ ကြားမဝင်ပါနဲ့'

ကျော်ထွန်းညိုက သက်ပြင်းရှိုက်ကာပြောသည်။ မျက်တောင်လေး တဖျပ်ဖျပ်ခတ်နေသော သက်သက်၏မျက်နှာလေးသည် ငိုမဲ့မဲ့လေးဖြစ်သွားသည်။

'နောက်ပြီး ဒီလိုယောကျ်ားလေးဆောင်တွေ ဘာတွေကိုဘယ်တော့မှ တစ်ယောက်ထဲမလာနဲ့၊ ဘယ်လောက်တောင်အော်ကြဟစ်ကြ၊ နောက်ကြပြောင်ကြသလဲဆိုတာ သက်သက်ကသိမှမသိဘဲ၊ သူတို့ကတော့ ပျော်လို့ရွှင်လို့ နောက်ပြောင်အော်ဟစ်ကြတယ်။ ဒို့လည်း နောက်ခဲ့ဖူးတာပဲ၊ ဒါပေမဲ့ အဲ ဒါပေမဲ့ ဒီလိုအစအနောက်မခံစေချင်ဘူး'

မျက်ရည်များသည် အထဲသို့ချက်ချင်းပြန်ဝင်သွားကြသည်။ ရင်ထဲတွင် သိမ့်ခနဲဖြစ်သွားပြီး ဒန်းစီးနေရသူလို ငြိမ့်ငြိမ့်အေးအေးလေး ဖြစ်သွားလေသည်။

နှုတ်ခမ်းလေးက ပြုံးရိပ်သန်းကာ မျက်လွှာလေးချလိုက်သော သက်သက်၏မျက်နှာလေးသည် ထူးထူးခြားခြား စွဲမက်ဖွယ်ကောင်းနေသည်။ သူ့ရင်ထဲမှ မေတ္တာစေတနာများနှင့် ဝါရွှေသောဆည်းဆာရောင်သည် သူ့မျက်နှာလေးပေါ်တွင် အကုန်စုပုံကျရောက်ပြီး တစ်ခုနှင့်တစ်ခုရောင်ပြန်ဟပ်နေသလို ဝင်းထိန်တောက်ပနေလေသည်။

'သူ့ဟာသူလာတာ မင်းက ဘာလို့ဒေါသဖြစ်သွားရတာလဲ၊ ကျော်

ထွန်းညို မင်းကိုယ်မင်းမလိမ်နဲ့၊ ဒီမိန်းကလေးကို မင်းသိပ်ပြီးတန်ဖိုးထားတာ မင်းကိုယ်မင်းသိပြီလား'

ကျော်ထွန်းညိုသည် သက်သက်ကို ငေးစိုက်ကြည့်နေမိစဉ် သူ့ရင်ထဲမှ နှလုံးသားက ကျယ်လောင်စွာအော်ဟစ်ပြောလိုက်သလိုထင်လိုက်မိသည်။ ထိတ်ခနဲဖြစ်ပြီး ရင်ခုန်သံမြန်လာသည်။

'မာညိုသွားပြီလား ကိုကို'

'အေး မနေ့ကပဲသွားပြီ၊ လာ သက်သက် အဆောင်ပြန်မယ်မဟုတ်လား၊ ပြန်စို့'

'ကိုကို လိုက်ပို့မယ်လား'

'ဒါပေါ့'

ဆည်းဆာရောင်သည် တောက်ပသည်ထက်တောက်ပလာသည်။ ငွမ်းလိပ်ငွမ်းဆိုင်ကြီးများသဖွယ် လေနှင်ရာရွေ့နေသောတိမ်တိုက်များသည် အရောင်စုံတောက်၍ အလှကြီးလှနေသည်။ လေတိုက်သဖြင့် တဖျပ်ဖျပ်လှုပ်နေသော သဘော်မယ်ဇလီပွင့်ဝါဝါလေးများသည်လည်းကောင်း၊ မြက်ပင်စိမ်းလေးများသည်လည်းကောင်း၊ မပြီးစီးသေးသော အဆောက်အအုံများသည် လည်းကောင်း သက်သက်၏မျက်စိထဲတွင် အကုန်လုံးလှနေလေသည်။

'သိပ်လှတာပဲနော် ကိုကို'

သက်သက်ကပြောသောအခါ ကျော်ထွန်းညိုသည် ပြုံးလိုက်သည်။ ထို့နောက် သက်သက်၏မျက်နှာလေးကို အဓိပ္ပာယ်ပါပါကြည့်ကာ နောက်ပြောင်သလိုပြောသည်။

'အေး သိပ်လှတာပဲ'

*

'စု သိပြီးပြီလား'

မာမီက ခပ်တိုးတိုးမေးသည်။ စုလှိုင်က ခပ်ကြောင်ကြောင်ခေါင်းယမ်း ပြလိုက်သည်။ သူ ဘာကိုသိရမည်နည်း။

'သူ့ရဲ့နံပါတ်နှစ် ဆေးရုံတက်နေရတယ်လေ'

'ဟုတ်လား'

'အင်း ဟုတ်တယ်၊ ကင်ဆာ ဆပ်စပက်တဲ့'

'ကောင်းတာပေါ့'

စုလှိုင်က လှောင်သလိုလိုပြုံး၍ အေးစက်စက်လေးပြောလိုက်လေသည်။ ဒါကြောင့်မို့လို့ ခုတလော ဒက်ဒီမျက်နှာမှုန်နေတာကိုးဟု တွေးလိုက်မိသည်။

'ကင်ဆာသာဆိုရင်တော့ ကြာကြာခံမှာမဟုတ်ဘူးနော်'

'သေပေါ့မာမီရာ၊ လူဆိုတာ သေဖို့ဖြစ်လာတာပဲမဟုတ်ဘူးလား'

'ဘာရယ် စု'

'လူဆိုတာ သေဖို့ဖြစ်လာတာပဲ၊ သေတယ်ဆိုတာ ဝမ်းနည်းစရာမဟုတ်ပါဘူး'

မာမီသည် စုကို တအံ့တသြလှမ်းကြည့်သည်။ ခုတလော စုလှိုင်၏ အမူအရာများက အတန်ငယ်ထူးခြားနေသည်။ မအေးတင်ကို သူ့အခန်းထဲခေါ်အိပ်ခိုင်းသည်။ သုံးလေးည အိပ်ခိုင်းပြီးသောအခါတွင်ကား သူ့ဟာသူ တစ်ယောက်ထဲ ပြန်အိပ်လေသည်။ မာမီသည် သမီးဖြစ်သူကို မျက်ခြည်မပြတ်ဂရုစိုက်သူမဟုတ်သော်လည်း ယခုတလော စုလှိုင်သည် တစ်ဦးတည်းငြိမ်သက်စွာ ထိုင်ရင်း ငေးငိုင်နေတတ်သည်ကိုကား သတိပြုမိလေသည်။

'သေတာဟာ ဝမ်းနည်းစရာမဟုတ်ဘူး၊ ဟုတ်လား စု'

'ဟုတ်တယ်မာမီ၊ စု အဲဒါကိုပဲတွေးနေမိတယ်၊ ဝေဒနာသာမရှိရင်သေခြင်းတရားဆိုတာ ကြောက်စရာမလိုပါဘူး၊ ငြိမ်းချမ်းခြင်းပဲ၊ တကယ့်ကိုငြိမ်းချမ်းခြင်းပဲ'

စုလှိုင်က ခိုင်ခိုင်မာမာပြောလေသည်။ အေးစက်ရီဝေနေသော မျက်လုံးညိုလေးများသည် သူ့မိခင်ကို တစိမ်းဆန်ဆန်ငေးကြည့်နေကြလေသည်။ မာမီသည် ရုတ်တရက် ထိတ်လန့်သလိုဖြစ်သွားသည်။

'စု နေကောင်းရဲ့လား'

'ကောင်းပါတယ် မာမီ'

စုလှိုင်သည် မှန်တင်ခုံပေါ်မှ ရက်ဗလွန်လက်သည်းဆိုးဆေးလေးကို လှမ်းယူလိုက်သည်။ ပန်းနုရောင်၊ ပန်းရင့်ရောင်၊ အနီရဲ၊ မရန်းစေ့ရောင်၊ ခရမ်းရောင်၊ အရောင်စုံစွာသောလက်သည်းနီဆိုးဆေးလေးများသည် တန်းစီနေကြသည်။ ရှည်သွယ်သော စုလှိုင်၏လက်သည်းလှလှလေးများသည် ဘာရောင်ဆိုးဆိုး အလှပေါ်အယဉ်ဆင့်နေကြသည်သာဖြစ်သည်။

'စု အသစ်မဆိုးခင် အဟောင်းကို အရင်ဖျက်ဦးလေ'

မာမီကသတိပေးသည်။ စုလှိုင်၏လက်သည်းရှည်ရှည်လေးများပေါ်တွင် ယခင်တစ်ပတ်ကဆိုးထားသော ခရမ်းနုရောင်ဖျော့ဖျော့လေးများက မပျက်ပျယ်သေးပေ။

စုလှိုင်သည် သူ့လက်သည်းလေးများကို ငိုင်ကြည့်နေမိပြီးမှ လက်သည်းဆိုးဆေးပုလင်းလေးကို မှန်တင်ခုံပေါ်ပြန်တင်လိုက်သည်။ လက်သည်းဆိုးရန် ရည်ရွယ်ချက်ရှိသည်မဟုတ်ဘဲနှင့် ထိုပုလင်းလေးကို အဘယ်ကြောင့် လှမ်းယူမိသနည်းဟု သူ့ကိုယ်သူအံ့ဩမိရင်း မကျေမနပ်ဖြစ်သွားသည်။ ထို့နောက်မှ ခုနကပြောနေသောစကားဆက်သည် သူ့စိတ်ထဲပြန်လည်တိုးဝင်လာသည်။ ဒက်ဒီ၏နံပါတ်နှစ် ဆေးရုံတက်နေရသည့်အကြောင်းဖြစ်သည်။ ကြားစက အမှုမထားသော်လည်း ယခုပြန်တွေးမိသောအခါမှ တုန်လှုပ်သလိုဖြစ်သွားသည်။

'သူသေလည်း ဒက်ဒီအတွက်က အရေးမကြီးပါဘူး၊ မိန်းမတွေ အများကြီးကျန်သေးတာပဲ'

ခေတ္တမျှငိုင်ပြီး သေခြင်းဝေဒနာကို စဉ်းစားနေမိသည်။ ထို့နောက်မှ ကောက်ကာငင်ကာပြောလိုက်လေသည်။ ထို့နောက် မဆီမဆိုင် 'စိုင်း' ကို သတိရမိသည်။ မာမီကြီးသေဆုံးပြီးသည့်နောက်ပိုင်း၌ သူသည် စုလှိုင်ဆီသို့ သုံးကြိမ်တိုင်တိုင်လာသည်။ စုလှိုင်တစ်ခါမျှအတွေ့မခံခဲ့ပေ။ ထို့ကြောင့်ထင်သည်။ စိုင်းပေးသောစာတစ်စောင်ထဲတွင် 'စုက စုရဲ့အဖေကို ကြည့်ပြီး ယောကျ်ားတွေကို တစ်တန်းတစ်စားထဲသတ်မှတ်ထားသလားဗျာ၊ စိုင်းက အဲဒီလိုယောကျ်ားမျိုး မဟုတ်ပါဘူး' ဟု ရေးထားခဲ့လေသည်။

'ဒါပေမဲ့ ခု ဒက်ဒီက သူ့ကိုတော်တော်စွဲတယ်'

'ဘာဖြစ်လို့လဲ'

'မာမီ ဘယ်သိပါ့မလဲ'

မာမီသည် သူ့လက်သူကြွယ်တွင်စွပ်ထားသော မြလက်စွပ်လေးကို လှည့်ကစားရင်း ပြောသည်။ မြမြစိမ်းနေသောကျောက်အရောင်သည် မာမီ့အသားကိုဟပ်ကာ ဝင်းအိနေသယောင်ရှိသည်။ လက်ဆစ်ခုံပေါ်တွင်ပေါက်နေသော မွေးညင်းနုနုလေးများကိုငေးကြည့်ရင်း အချို့လူများပြောလေ့ရှိသော 'လက်မွေး မီးမလောင်၊ ခြေမွေးမီးမလောင်' ဟူသောစကားကို စုလှိုင်သတိရမိသည်။

မာမီ၏လက်မှ အမွေးနုလေးများသည် မီးဖိုမှမီးနှင့် လုံးဝမထိတွေ့ခဲ့ရပေ။ စုလှိုင်၏လက်ကလေးများကမူ မီးဖိုမီးနှင့်မတွေ့ရသော် လည်း ဓာတုဗေဒလက်တွေ့ လုပ်ရင်း ဘန်ဆင်မီးခွက်မှ မီးဟပ်ခြင်းခံရသည်။ တစ်ခါက အဆင်မသင့်၍ အက်ဆစ်လောင်ခဲ့သေးသည်။ ပညာကို လေ့လာသင်ကြားနေရသော စုလှိုင်၏ လက်သည် ဖဲချပ်များကိုသာကိုင်ကစားနေသော မာမီ့လက်များလောက် မနူးညံ့နိုင်ပေ။

'သူ့ကို မာမီမုန်းသလား'

'မာမီလား'

'ဟုတ်တယ်၊ သူ့ကိုမုန်းလား'

'ရှင်းရှင်းပြောရရင်တော့ မုန်းတာပေါ့'

မာမီက ပွင့်ပွင့်လင်းလင်းပြောကာ ပြုံးလိုက်သည်။ ထို့နောက် နေရာမှထကာ လုံချည်ကိုဖြန့်ပြီးမှ ကျစ်ကျစ်ဆွဲကာပြန်ဝတ်လိုက်သည်။ ကျစ်နေစွာဆွဲလိုက်သောအထက်ဆင်စသည် မာမီ၏ရင်ပိုင်းနှင့်တင်ပိုင်းကို ပိုင်းခြား၍ပေးလိုက်သည်။ ဖြိုးအိသောရင်သည် ပို၍မောက်လာပြီး စွင့်ကားသောတင်သားများသည် ဘေးသို့အိပြီးလျှံ၍ထွက်လာသယောင်ထင်ရသည်။

'ဆာမိကလည်း ကြာလိုက်တာ၊ ဧကန္တတော့ ဒက်ဒီက ဓာတ်စာရာခိုင်းထားပြီနဲ့တူတယ်၊ သူ့ဟာမ အတွက်လေ'

'မာမီ အပြင်သွားဦးမှာလား'

'သွားမှာပေါ့၊ အိမ်မှာ ဘာလုပ်ရမလဲ၊ မနေ့တုန်းကတောင် ဖရက်ဒီက မေးသေးတယ်၊ စု နေကောင်းရဲ့လားတဲ့၊ သူ့ကို စုတကယ်သဘောမကျဘူးလား'

'ဟင့်အင်း'

စုလှိုင်က ခေါင်းခါပြလိုက်သည်။ မာမီသည်လည်း မာမီကြီး၏ ဘက်သားပင် ဖြစ်ဟန်တူသည်။

'အခု သူ နယ်လီချို့နဲ့တွဲနေတယ်၊ ဦးဘချိုသမီးလေ'

မာမီက စု၏မျက်နှာအပြောင်းအလဲကို အကဲခတ်ရင်းပြောသည်။ စုလှိုင်၏ရင်ထဲတွင် ရုတ်တရက်မခံချင်သလိုဖြစ်သွားသော်လည်း ရုတ်ခြည်းပင် ပြန်လည်အေးစက်သွားလေသည်။

'အဲဒါပဲ ကောင်းပါတယ်၊ ဒါမှ အေးအေးနေရမယ်'

စုလှိုင်က ရင်ထဲတွင်ပေါ့ပါးသွားသလို ရယ်မောလိုက်သည်။ လှောင်

လိုပြောင်လိုသောအရိပ်အယောင်များသည် သူ့မျက်လုံးတွင်ထင်ဟပ်လာကြသည်။

ခြံထဲသို့ဝင်လာသော ကားသံကိုကြားရသည်။ အိမ်မှကားသံကို စုလှိုင်မှတ်မိသည်။ ဦးဆာမိပြန်လာခြင်းဖြစ်လေသည်။

'ခုမှပဲ လာတော့တယ်'

မာမီသည် မှန်ရှေ့တွင်ရပ်ကာ အင်္ကျီစကိုဆွဲ၍ ဆန့်သည်။ ဆံပင်ကိုတစ်ချက်နှစ်ချက်သပ်ကာ နှုတ်ခမ်းနီထပ်၍ဆိုးသည်။ ထို့နောက်မှ လက်ဆွဲအိတ်ကိုဖွင့်ကာ စီးကရက်ကိုထုတ်၍ နှုတ်ခမ်းတွင်ဖွဖွလေးတပ်သည်။ မာမီ စီးကရက်သောက်ပုံသည် ရုပ်ရှင်မင်းသမီးကြီးတင်တင်မူ၏ ဟန်မျိုးဖြစ်သည်။ အလွန်ကြည့်၍ကောင်းသည်ဟု ပြောကြသည်။

'သဲလ်မာ'

မှန်ထဲတွင်အရိပ်ထင်လာသောဒက်ဒီကိုတွေ့ရသည်။ ခါတိုင်း ဒီအချိန်ဒက်ဒီတစ်ခါမှ အိမ်ပြန်မလာဖူးချေ။ တစ်စုံတစ်ခုကိစ္စရှိ၍ ကားနှင့် အတူ ပြန်ပါလာခြင်းဖြစ်မည်ထင်သည်။

'သဲလ်မာ၊ အိမ်မှာ ငွေဘယ်လောက်ရှိသေးလဲ'

ဒက်ဒီက ခပ်လေးလေးမေးသည်။ မာမီက ဒက်ဒီကို လည်စောင်း၍ကြည့်ကာ အံ့သြသလို မျက်မှောင်ချီသွားသည်။

'ဘယ်လောက်ရှိရမှာလဲ၊ တစ်လနှစ်ထောင် တိုင်းပေးထားတာ၊ ဘယ်လောက်များရှိရဦးမလဲ'

'အရေးတကြီး ငါးရာလောက်လိုချင်တယ် သဲလ်မာ၊ ကို့ဆီမှာ မလွယ်လို့'

'ဘာလဲ၊ လူမမာဓာတ်စာ ဝယ်ဖို့လား'

'ဘာအတွက် ဖြစ်ဖြစ်ပေါ့ကွာ'

မာမီက နှုတ်ခမ်းကို အလှမပျက်ရုံလေးမဲ့ထားသည်။ သောကရောက်နေဟန်ရှိသောဒက်ဒီကို သရော်သလိုကြည့်နေလေသည်။ ကုမ္ပဏီများကို ပြည်သူပိုင်သိမ်းပြီးသည့်နောက်ပိုင်းတွင် စုလှိုင်တို့သည် ယခင်တုန်းကလောက် အလျှံပယ်မသုံးနိုင်တော့ပေ။ စီးပွားရေးလာဘ်မြင်သောဒက်ဒီက ရုပ်ရှင်ဘက်သို့ခြေဦးလှည့်သည်။ ငွေရင်းစိုက်ထုတ်ကာ ကုမ္ပဏီတည်သည်။ အရင်းဝင်ပြီး အမြတ်မထွက်သေးသဖြင့် ဒက်ဒီအခက်ကြုံနေဟန်ရှိသည်။ သို့ပါသော်လည်း စုလှိုင်

မသိသော ဒက်ဒီ၏ကြားပေါက်စီးပွားရေးများမှ အသင့်အတင့် ငွေဝင်နေသေး၍ တော်သေးသည်ဟုဆိုရပေမည်။

'ရှင့်ကို ငါးရာပေးဖို့နေနေသာသာ ဖဲကြွေးတောင်မဆပ်နိုင်သေးဘူး ကိုရေ့'

မာမီက လှောင်ပြုံးလေးနှင့်ပြောကာ စီးကရက်မီးခိုးများကို မှုတ်ထုတ်လိုက်သည်။ ဒက်ဒီ၏မျက်နှာသည် ချက်ချင်းနီလာကာ တောက်ခေါက်လိုက်သည်။

စုလှိုင်သည် သက်ပြင်းကြီး ချလိုက်မိသည်။ ရန်ပွဲတစ်ခုတော့ အစပျိုးချေပြီ။ ဒက်ဒီနှင့်မာမီတို့၏ရန်ပွဲကို မကြည့်ချင်လျှင်လည်း မြင်ရဦးမည်။ ရန်စကားများကို မကြားချင်လျှင်လည်း ကြားရပေဦးမည်။

ဒက်ဒီသည် အဝတ်ဗီရိုဆီသို့ ခြေဆောင့်နင်းသွားကာ ဆွဲ၍ဖွင့်လိုက်သည်။ မာမီက ရန်ဖြစ်လိုဟန်မတူချေ။ အခန်းထဲမှ ထွက်သွားလေသည်။ မာမီ ပိုက်ဆံထားနေကျ ဗီရိုအံဆွဲထဲတွင် တစ်ပြားတစ်ချပ်မျှ ရှိမနေပေ။ အကုန်လုံးကို ပိုက်ဆံအိတ်ထဲ ထည့်ယူသွားဟန်ရှိသည်။

'တောက်'

ဒက်ဒီက တောက်ခေါက်ကာ အံဆွဲကို ဆောင့်ပိတ်လိုက်သည်။ ထိုစဉ် ကားထွက်သွားသံကို ကြားရသည်။ စုလှိုင် ပင့်သက်ရှိုက်လိုက်မိသည်။ မာမီ သွားချေပြီ။

'စုဆီမှာ ရှိလား'

တွေတွေဝေဝေ ငေးကြည့်နေသော စုလှိုင်ကို ဒက်ဒီကလှမ်းမေးသည်။ စုလှိုင်သည် ရုတ်တရက်လန့်သွားသည်။ နှုတ်က ဟင့်အင်းဟုပြောကာ ခေါင်းကညိတ်လိုက်မိသည်။

'စုဆီမှာ ငွေငါးရာလောက်ရှိလား၊ ဒက်ဒီ ခဏလိုချင်တယ်'

'သုံးရာတော့ ရှိတယ်'

'ခဏပေးပါလားစု၊ တစ်ရက်နှစ်ရက်နေရင် ဒက်ဒီပြန်ပေးမယ်။ ဒက်ဒီ့ဆီမှာငွေက သုံးရာပဲရှိတယ်။ ငါးရာလောက် အရေးတကြီးလိုနေလို့'

စုလှိုင်သည် နေရာမှစက်ရုပ်တစ်ရုပ်လို ထခဲ့သည်။ စင်စစ် စုလှိုင်ထံတွင် သုံးရာမက ငါးရာကျော်ခန့်ပင်ရှိသည်။ လစဉ်ရသော မုန့်ဖိုးများကို တစ်ခါမှ ကုန်အောင်သုံးဖူးသည်မရှိ။ ဗီရိုထဲတွင် ဟိုတစ်ရွက် သည်တစ်ရွက်၊ ဟိုကြား

သည်ကြားညှပ်ကာပစ်ထည့်ထားတတ်သည်မှာ စုလှိုင်၏အကျင့်ပင်ဖြစ်သည်။

'ဒီလောက်ငွေလေးဟာ ဒက်ဒီ့အတွက် လုံးဝမလဲယဉ်းပါဘူး။ ဒါပေမဲ့ ဖြုန်းစားကြီးမို့ပါ။ အထိန်းက သူမရှိရင် မဖြစ်ဘူးဆိုတာသိလို့ အကျပ်ကိုင်ပြီး သုံးလစာကြိုတောင်းနေလို့'

'အထိန်း'

'ဩော် ကလေးထိန်းကလေ၊ ကလေးအမေက ဆေးရုံတက်နေရတော့ ကလေးကို အထိန်းနဲ့ ထားရတယ်၊ စု သိရောပေါ့၊ သူ ဆေးရုံတက်နေရတယ်လေ'

'သိပါတယ်'

ဒက်ဒီက မျက်နှာပူသလို စုလှိုင်၏မျက်နှာကိုမကြည့်ဘဲ ခပ်လွဲလွဲပြောသည်။ စုလှိုင်သည် ခြောက်ကပ်ကပ်ဖြေရင်း ရင်ထဲတွင်မောကျပ်လာသည်။ သူ့လက်ထဲမှငွေသုံးရာကို ရုတ်တရက်ချေမွပစ်ပြီး ဆွဲဆုတ်ပစ်လိုက်ချင်စိတ်ပေါက်လာသော်လည်း ထိုသို့လုပ်ရန်သတ္တိမရှိဘဲ ငိုချင်သလိုဖြစ်လာသည်။

'သုံးလေးရက်အတွင်း ပြန်ပေးမယ် စု'

စုလှိုင်လက်ထဲမှငွေစက္ကူများကိုဆွဲယူရင်း ဒက်ဒီက ကတိပေးသည်။

'စု သိတယ်မဟုတ်လား၊ ဒီလောက်ငွေလေးဟာ ဒက်ဒီ့အဖို့ လွှင့်ပစ်သလောက်ပဲရှိပါတယ်၊ ဒါပေမဲ့ လက်ထဲမှာဖြုန်းစားကြီးမရှိတော့လည်း ခက်တယ်၊ သူများဆီကလည်း မယူချင်ဘူး'

ဒက်ဒီက အခန်းထဲမှထွက်မသွားခင် ထပ်ပြောသွားသည်။ စုလှိုင်သိပါသည်။ သုံးလေးငါးရာမပြောနှင့်၊ သုံးလေးငါးထောင်ပင် ဒက်ဒီ့အတွက် အရေးစိုက်လောက်သည် မဟုတ်ချေ။ ငွေလေးသုံးရာကို သမီးဆီမှပြန်ယူရသည့်အတွက်လည်း ဒက်ဒီသည် မိမိကိုယ်မိမိ မကျေမနပ်ဖြစ်နေကြောင်း စုလှိုင်သိပါသည်။ သို့သော် သူ့သားအတွက်လိုအပ်သောငွေကိုကား မိမိဆီမှမယူသင့်ဟု စုလှိုင်ထင်သည်။ မကျေမနပ်တွေးရင်းတွေးရင်း ရင်ထဲတွင်မွန်းကျပ်လာသလို မောလာလေသည်။

မာမီသည် ညနေစောင်းမှ အိမ်ပြန်လာသည်။ စုလှိုင်က သူ့မုန့်ဖိုးများကို ပေးလိုက်ကြောင်းသိသောအခါ တအံ့တသြဖြစ်သွားလေသည်။

'ဟယ် စု တကယ်လား'

'တကယ်ပါမာမီ'

'တယ်သဘောထားကြီးပါလား၊ အံ့သြစရာ၊ သူ့အတွက်များ စုကပေး လိုက်ရသလား၊ သူ့ကို စုမမုန်းဘူးလား'

စုလှိုင်သည် ရုတ်တရက်မျက်ရည်ဝဲလာသည်။ အမှောင်ကမ္ဘာထဲတွင် ရှန်းကန်လှုပ်ရှားနေရသလို အသက်ကို ပင်ပင်ပန်းပန်းရှိုက်၍ ရှူနေမိသည်။ သူ့ကို အံ့သြသလိုကြည့်နေသောမာမီ့ကို မမှတ်မိသလိုငေးကြည့်နေရင်း တိုးတိုးလေး ပြောလေသည်။

'သူ့ကိုလား မုန်းတာပေါ့၊ စု သိပ်မုန်းတာပေါ့၊ သူ့ကိုမှမဟုတ်ပါဘူး၊ မြင်မြင်သမျှလူတွေကို စု မုန်းတာချည်းပဲ၊ အကုန်လုံးကို မုန်းတယ်လေ'

*

'ဟယ် မုန်းစရာကောင်းလိုက်တာ၊ ဒီနတ်ရုပ်ကြီးမျက်နှာကို သေသေချာချာကြည့် စမ်း၊ ဘိုင်အိုကြီးနဲ့မတူဘူးလားဟင် မုန်းစရာကြီးတော့'

အမာညိုသည် ပြာသာဒ်ဆောင်တံခါးရွက်တွင် ထွင်းထုထားသော နတ်ရုပ်ကြီးကိုကြည့်ကာ ရုတ်တရက် ထအော်သည်။ သူ့ဘေးမှ မိမိလေးသည် ကား သူ့ကိုလှည့်မကြည့်အားပေ။ ဘုံငါးဆင့်မျှရှိသော ပြာသာဒ်ဆောင်ကြီးကို တအားမော့၍ကြည့်နေသည်။ ပြာသာဒ်ကြီးသည် ကောင်းကင်သို့တလူလူလွင့် တက်သွားတော့မယောင် မြင့်မားလှသည်။ အနောက်ဘက်တွင် တိမ်ဖြူဖြူလေး များက တရိပ်ရိပ်ဖြတ်ပြေးနေသည်။ တိမ်ဖြူများက ပြေးနေခြင်းဖြစ်သော်လည်း ကြည့်ရင်းကြည့်ရင်းနှင့် မျက်စိလှည့်စားကာ တိမ်များကရပ်ပြီး ပြာသာဒ်အိုကြီး က ယိမ်းထိုးလှုပ်ရှားနေသယောင် ထင်လာရလေသည်။

'မိမိလေးရဲ့ ကြည့်စမ်းပါဆို၊ ဒီနတ်ကြီးကို ကြည့်စမ်းပါဆိုနေမှ'

အမာညိုသည် မိမိလေး၏လက်များကို လှုပ်ယမ်းကာ ပြောသည်။

'ဘာလဲဟ၊ တကတဲ'

'ကြည့်စမ်းပါ ဘယ်သူနဲ့တူလဲ'

ကြာပန်းပွင့်ပေါ်တွင် မတ်တတ်ရပ် အနေအထားနှင့်ရှိသော နတ်ရုပ်ကို မိမိလေးသည် အမှတ်မဲ့လှမ်းကြည့်လိုက်သည်။ ကြည့်ရင်းကြည့်ရင်း မျက်မှောင် ကုတ်လာသည်။ ထို့နောက် ထရယ်လေတော့သည်။

'ဟုတ်ပါရဲ့ ဘိုင်အိုကြီးနဲ့ တူလိုက်တာ'

'ဘိုင်အို' ဟူသည်မှာ ပထမနှစ် မယ်သစ်လွင်ဘဝတုန်းက မိမိလေး

အား အရှုးအမူးစွဲလမ်းခဲ့သော ကျောင်းသားကြီးဖြစ်သည်။ အတန်းကြီးသမား ဖြစ်၍ သူ့ကိုအသက်ကြီးပြီ၊ အိုပြီဟု အမာညိုတို့အားလုံးက မယ်သစ်လွင်ပီပီ ဆုံးဖြတ်ချက် ချထားကြသည်။ ထို့ပြင် သူသည် ဘိုင်ကျသည်ဟု အကြောင်းပြ ကာ တွေ့သမျှလူကို အားမနာပါးမနာ လက်ဖက်ရည်တိုက်ခိုင်းတတ်သည်ဟူ သောသတင်းကို တစ်ဆင့်စကားကြားရလေသည်။ ထို့ကြောင့် သူ့ခမျာ စက်မှု ကျောင်းသားရင့်မကြီးပင်ဖြစ်သော်လည်း 'ဘိုင်အို' ဟူသော ဆေးစော်နံနံဘွဲ့ထူး ကြီးကို အများသဘောတူ အင်တိုက် အားတိုက် ချီးမြှင့်ခြင်းခံခဲ့ရရှာသည်။

'နေပါဦး၊ ဒီဗားကရာကျောင်းကြီးကိုဆောက်တာ အင်းဝခေတ်က နော်၊ ဟာ မိမိလေး အင်းဝခေတ်တုန်းက ဘိုင်အိုကြီးက နတ်ဖြစ်နေတာကိုး ဟား ဟား ကြည့်ပါဦး။ အချွန်တွေ အတက်တွေဝတ်ပြီး ခေါင်းပေါ်မှာလည်း အချွန်ကြီးဆောင်းလို့၊ လက်စသတ်တော့ ဘိုင်အိုခမျာ နတ်ဘဝက စုတေစိတ် ကျပြီး အာရ်အိုင်တီ ရောက်လာရှာတာကိုး ကျွတ် ကျွတ် သနားပါတယ်'

တည်ကြည်သော ဣန္ဒြေအပြည့်ဆောင်သောထိုနတ်ရုပ်ကို အပိုးမသေ သော ဖြစပ်စပ်မျက်နှာထားရှိ ဘိုင်အိုကြီးနှင့်တော့ မနှိုင်းသင့်ပါ။ သို့သော် ဘယ် နေရာကတူနေသည်တော့မသိ၊ နတ်ရုပ်ကြီးသည် ဘိုင်အိုနှင့်ဆင်ဆင်တူနေသည် ကတော့ အမှန်ပင်။

'ဗျို့ ဘာတွေရယ်နေကြတာလဲဗျ'

မြတ်ကိုကို၏အသံက ကြမ်းပေါက်ကြားထဲမှပေါ်လာသည်။ မိမိလေး သည် ရုတ်တရက်လန့်သွားပြီး ကြမ်းပေါက်ကျဲကျဲကြားထဲသို့ ငုံ့၍ကြည့်လိုက် သည်။ မြတ်ကိုကိုနှင့်ပေါက်ကျိုင်းတို့နှစ်ဦးသား ရွှံ့ဗွက်များကြားထဲတွင် ပေကြိုး တစ်ခွေနှင့်အလုပ်ရှုပ်နေကြသည်ကို မသဲမကွဲတွေ့ရ၏။

'ဘေးဖယ်ဗျ ဖယ်၊ တော်ကြာ ကျုပ်တို့ ဘုန်းနိမ့်ကုန်ဦးမယ်'

'အောင်မာ ကြီးကျယ်လိုက်တာ နင့်အမေလည်း မိန်းမပါပဲဟဲ့'

မိမိလေးက ခပ်စွာစွာ ပြန်ပြောလိုက်သော်လည်း ချက်ချင်းပင်လွတ်ရာ သို့ တိမ်းဖယ်လိုက်သည်။ ဘုရားဆုပန် ပုဂ္ဂိုလ်နှစ်ဦး ဘုန်းနိမ့်မည်စိုးသောကြောင့် တော့မဟုတ်ပါ။ သူတို့တွေ အမှတ်မဲ့မော့ကြည့်လိုက်မည်ကို စိုးကြောက်မိပြီး စိတ်မလုံသောကြောင့်ဖြစ်သည်။

'ပေါက်ကျိုင်းရေ မောပြီလား'

အမာညိုက ခပ်နောက်နောက်လှမ်းမေးသည်။

'မောလိုက်တာကွယ် ဟယ် ဟယ်'

မြတ်ကိုကိုက ပေါက်ကျိုင်းအစား ဇာတ်မင်းသားသံနှင့်ဝင်ဖြေလေသည်။

'အို မောင်ဘုရား၊ မောရင် အပေါ်ကိုကြွ၊ တစ်ပြလောက်မှာရှိတဲ့ရာဝင်အိုးကို အသာ မ လို့ထမ်းခဲ့ပါ့ မောင်မောင်၊ နှမလေး ခပ်ကာတိုက်ပါ့မယ်'

နှုတ်သီးကောင်းလျှာပါးရှိသူ မိမိလေးက ချက်ချင်းပြန်တွယ်လိုက်သည်။ ခါးတောင်းမြောင်အောင်ကျိုက်၍ ပြာသာဒ်ဆောင်ပေါ်ဖက်တက်နေသောကျောင်းသားတစ်ဦးသည် နားစွန်နားဖျားကြားလိုက်ပြီး တဟားဟားရယ်နေလေသည်။

မြတ်ကိုကိုသည် ရုတ်တရက် ဘာပြန်ပြောရမည်မသိဘဲ မကျေမနပ်နှင့် ငြိမ်သွားလေသည်။ အမာညိုသည် ကြမ်းပေါက်ကြားမှ အသေအချာငုံ့ကြည့်လိုက်သည်။ သူတို့နှစ်ဦးလုံးသည် ပုဆိုးကို ဒူးလောက်ထိအောင် တိုတိုဝတ်ထားကြသည်။ ရွှံ့များ နုန်းများသည် သူတို့ခြေဆစ်ထိအောင်မြုပ်နေကြလေသည်။

'တိုင်တွေအားလုံးပေါင်း နှစ်ရာခြောက်ဆယ့်ခုနစ်တိုင်တောင်ရှိတယ်သိလားမာညို၊ အကြီးကြီးတွေပဲ၊ လက်တစ်ဖက်စာ မပတ်မိဘူး'

ပေါက်ကျိုင်းက အော်ပြောသည်။ နိုင်ငံခြားသားများကိုသာခေါ်၍ပြရလျှင် မည်မျှကောင်းမည်နည်းဟု အမာညိုတွေးမိသည်။ မြန်မာလူမျိုးတို့သည် သူတို့အနောက်တိုင်းသားများတန်ဖိုးတထားနှင့်မက်မောလှသော ကျွန်းသစ်များကို ဤမျှပေါပေါများများ သုံးထားနိုင်ကြောင်းပြချင် ကြွားချင်စိတ်များပေါ်လာသည်။

'ကဲ မာညို၊ ဒီနတ်ရုပ်ကြီးကို နင်ဆွဲမှာလား၊ ဒါဆိုရင် ငါက ဟိုနားက ဂဠုန်ရုပ်ကြီးကို ဆွဲမယ်နော်'

မိမိလေးနှင့် အမာညိုတို့နှစ်ဦးသည် ဗားကရာကျောင်းကြီးရှိ အသေးစိတ် ထွင်းထုထားသော ပန်းပုနှင့်ကနုတ်များကို ကူးယူရေးဆွဲကြရမည်ဖြစ်သည်။ သို့မှသာ လေဒဏ်၊ မိုးဒဏ်၊ ဥတုဒဏ်တို့ကြောင့် အိုမင်းနေပြီဖြစ်သော ကျောင်းကြီး ပျက်စီးသွားသောတစ်နေ့တွင် မှတ်တမ်းကျန်ခဲ့မည် ဖြစ်လေသည်။

'ကျောင်းအမြင့်ကလည်း ဒို့အရပ် နှစ်ပြန်မကဘူး၊ ဆယ့်နှစ်ပေတောင်ရှိတယ်သိလား မာညို၊ အရင်တုန်းကဆိုရင် ဒီထက်တောင်မြင့်တယ်တဲ့၊ ကျောင်းအောက်ကိုဆင်စီးပြီး ထီးဆောင်းဝင်တယ်ဆိုပဲ'

'အောင်မာ နင့်နတ်ရုပ်က ပြောင်စပ်စပ်နဲ့ပါလား၊ ကြည့်စမ်း'

အမာညို ပုံဆွဲနေစဉ် သူ့အနားသို့ ခင်စန်းအေးရောက်လာသည်။ သူ့လက်ထဲတွင် မန်ကျည်းသီးကြက်ဆူများ အပြည့်သယ်လာသည်။ သူသည် ဗား ကရာကျောင်းကြီး၏ အရှေ့မြင်မတ်ရုပ်ပုံကို ရေးဆွဲနေရသူဖြစ်သည်။ မန်ကျည်းပင်အောက်တွင် ဒေါက်ဖြုတ်ထားသောကောက်ရိုးလှည်းပေါ်တက်ထိုင်ကာ သက်သောင့်သက်သာ ပုံဆွဲရင်း မန်ကျည်းသီးမှည့်များကို ဆာဆာနှင့် တွင်တွင် ခူးစားနေခဲ့လေသည်။

'မန်ကျည်းသီးစားရတာ ကောင်းတော့ကောင်းပါရဲ့၊ ဒါပေမဲ့ ချမ်းပီးပြီ မာညိုရေ့၊ ငါတော့မလွယ်ဘူး'

ခင်စန်းအေးသည် သူ့လက်ထဲမှ မန်ကျည်းသီးများကို အမာညို၏ လွယ်အိတ်ပေါ်တွင် စုပုံချလိုက်သည်။ ထို့နောက် ဗလာစာအုပ်ထဲမှ စာရွက်တစ်ရွက်ကိုဆုတ်ပြီး ခပ်သုတ်သုတ်ထွက်သွားသည်။

'ဟာ ဒီအစ်မကြီးဆွဲနေတဲ့နတ်ရုပ်က ချောသကွာ'

'အေးကွ၊ စပ်ဖြဲဖြဲနဲ့ ပြုံးပြုံးကြီး'

အမာညိုဘေးတွင် ဝိုင်းအုံလာသော ဘုန်းကြီးကျောင်းသားလေးများက ထောမနာပြုကြသည်။ အမာညိုသည် သူ့ပုံကိုသူကြည့်ရင်း အတော်လေးစိတ်ညစ်သွားရာသည်။ သူ၏ပန်းချီသည် မူလပန်းပုနှင့်မျက်နှာအနေအထား တစ်ခုမှလွဲ၍ အတော်တူသည်။ ဘိုင်အိုနှင့်ဆင်ဆင်တူသော်လည်း မူလက ဣန္ဒြေသိက္ခာအပြည့်ရှိသောနတ်ရုပ်သည် ယခုတော့ သူ့လက်ချက်နှင့်ပြောင်ဖြဲဖြဲဖြစ်နေရာလေသည်။ အမာညိုသည် ခဲဖျက်ကိုကောက်ယူကာ မျက်နှာပိုင်းကို ဖျက်ပစ်လိုက်သည်။

'ဟာ ဒီထဲမှာ သင်္ကန်းတွေ တွေ့တယ် ဆရာ'

အမာညိုက ကြိုးစားပမ်းစား ပြန်ဆွဲနေစဉ် ပြာသာဒ်ဆောင်ခေါင်မိုးပေါ်မှကျောင်းသားတစ်ဦး၏အော်သံကို ကြားရလေသည်။ ဗားဟူသည်မှာ မွန်စကားဖြစ်၍ ကျောင်းဟူသောအဓိပ္ပာယ်ရသည်။ ကရာသည်ကား ခရာမှ ဆင်းသက်လာခြင်းဖြစ်သည်။ ထို့ကြောင့် ဗားကရာဟူသည်မှာ ခရာပင်များ ရှိသောကျောင်းဟု ဆိုလိုရင်းဖြစ်သည်။ ခရာပင်များ ရှိမရှိ မသိသေးချေ။ အင်းများအနှံ့အပြားချထားသည်ကိုကား တွေ့ရသည်။ ထိုကျောင်းကြီးတွင် ပထမဆုံးကျောင်းထိုင်ခဲ့သောပုဂ္ဂိုလ်သည် အင်းအိုင်ခါးလှည့်အတတ်၌ သူမတူအောင်

တတ်ကျွမ်းသော ဗားမဲ့ဆရာတော်ဖြစ်သည်ဟု ပြောကြလေသည်။

'ဟာ အခုမှကောင်းတာ၊ ရွှေဘ၊ ရွှေဘ'

'အေး ဟုတ်တယ်၊ ဇာတ်လိုက်ကွ'

အမာညို၏နောက်ထပ်တစ်ခါ ကြိုးပမ်းချက်ကို ထောမနာပြုသံများ ထွက်လာပြန်သည်။ အမာညိုသည် မှုန်တေတေမျက်နှာထားနှင့် ကြာပန်းပေါ်တွင် မတ်တတ်ရပ်နေသော သူ့နတ်ရုပ်ကြီးကိုကြည့်ကာ ငိုချင်စိတ် ပေါက်သွားရှာလေတော့သည်။

*

အင်းလျားရေပြင်သည် ဂယက်ထနေသည်။

ညီလင်းသည် ဂယက်တစ်ခုမငြိမ်မီ နောက်ထပ်ခဲတစ်လုံးထပ်၍ ပစ်လိုက်သည်။ ခဲနစ်မြုပ်သွားရာနေရာကိုဗဟိုပြုပြီး အဝိုင်းအဝိုင်းနှင့်လည်ပတ်ကာ တဖြည်းဖြည်းဝေးသွားသော ဂယက်ဝိုင်းလေးများသည် နှစ်သက်ဖွယ်ကောင်းလှသည်။

'ကဲ ဒီတစ်ခါတော့ လာရော့ကွာ'

တင်ထွန်းမောင်က ညီလင်းထက်အရင် အုတ်ခဲကျိုးကြီးကို တအားလွှဲပစ်လိုက်သည်။ ရေစက်ရေပေါက်များသည် ဗွမ်းခနဲစဉ်ကာ ဂယက်ဝိုင်းလေးများ ပျက်ကုန်သည်။

'ခင်ဗျား တယ်အလှဖျက်တဲ့လူပဲဗျာ'

ညီလင်းက မကျေမနပ်ပြောလိုက်သည်။ ဘောင်ဘင်ခတ်သွားသော ရေပြင်ထဲတွင် တိမ်ရိပ်များက ယိမ်းထိုးလှုပ်ရှားနေသည်။

'ဘာအလှပျက်ရမှာလဲ၊ ပိုလှအောင်လုပ်တာလို့ မပြောနိုင်ဘူးလား'

'တယ်လှတယ်၊ သူ့ဟာသူဂယက်လေးတွေဖြာနေတာ ဘယ်လောက်လှသလဲ၊ ခင်ဗျားလုပ်တာ သံစဉ်ကိုပျက်သွားတာပဲ'

'အောင်မာကွာ၊ တစ်ခါတလေ ဒီလိုပဲလုပ်ရတယ်၊ နှဲမှုတ်နေတုန်း အီနေပြီဆိုရင် ပတ်မကြီး ဂျိမ်းခနဲ ဝင်တီးရတယ်ကွ၊ ခုရော မင်းက ခဲပေါက်စလေးတွေနဲ့ ပလုံ ပလုံခနဲပစ်နေတာ ဆယ်လုံးထက်မနည်းတော့ဘူး၊ အီနေပြီ၊ ပျင်းစရာကောင်းနေပြီ၊ ဒါကြောင့် မင်းကို ငါကပတ်မကြီးဝင်တီးပေးတာ၊ ဗိုျး ရှမ်းမင်းသားလေး ကျုပ်ပြောတာမဟုတ်လားဗျာ'

သရက်ပင်ရင်းတွင် တစ်ဦးတည်းထိုင်နေသော လူငယ်လေးကို တင်ထွန်းမောင်က စစ်ကူတောင်းရင်း မိတ်ဖွဲ့လိုက်သည်။ ရှမ်းဘောင်းဘီပွပွကို ဝတ်ထား၍ ရှမ်းကလေးဟုပင် ချက်ချင်းသတ်မှတ်လိုက်ဟန်ရှိသည်။ ရေပြင်ကို ငေးကြည့်နေသောလူငယ်လေးသည် အတွေးပျက်သွားသလို ပင့်သက်ရှိုက်လိုက်ပြီး သူတို့နှစ်ဦးကိုလှမ်း၍ကြည့်သော်လည်း ဘာမှပြန်မပြောချေ။

ညီလင်းသည် မသိမသာ ညှိုးနေသောသူ့မျက်နှာလေးကိုကြည့်ရင်း ဘာတွေများစဉ်းစားနေပါလိမ့်ဟု တွေးလိုက်မိသည်။

'ရှမ်းပြည်နယ်ကို လွမ်းနေသလား ဟင်'

ညီလင်းက ပြုံးရယ်ရင်း မေးလိုက်သည်။ အင်းလျားရေစပ်တွင် တစ်ဦးတည်းထိုင်ကာ ငေးနေတတ်သောသူ့ကို နှစ်ခါသုံးခါမြင်ဖူးနေ၍ မျက်မှန်းတန်းမိနေသည်။

ရှမ်းကလေးသည် မိတ်ဖွဲ့သလိုစကားဆိုသော ညီလင်းကို မျက်မှောင်ကုတ်၍ ကြည့်နေသေးသည်။ ထို့နောက်မှ ခဲခဲယဉ်းယဉ်းပြုံးကာ ခေါင်းခါပြလိုက်သည်။ ပြုံးလိုက်သောအခါ သူ့မျက်နှာလေးသည် ပို၍ငယ်နုသွားကာ ကလေးငယ်နှင့်ပင် တူသွားလေသည်။

'ငါ့ညီက ဘာမေဂျာလဲ'

တင်ထွန်းမောင်က တေမိမင်းလေးဆီမှ စကားပြန်ရအောင်ကြိုးစားသည်။ မေးပြီးမှ တက္ကသိုလ်ကျောင်းသား ဟုတ်ချင်မှဟုတ်မည်ဟု စဉ်းစားမိလေသည်။

'ဆေးကပါ'

'အောင်မာ၊ ဆေးက လူက နယ်ကျူးလှချေကလားကွ၊ အင်းလျားမှာ ထိုင်ထိုင်ငိုင်နေလို့ ငါက ဒီကလူပဲ အောက်မေ့နေတာမောင်'

တင်ထွန်းမောင်က တရင်းတနှီးပြောကာ ရယ်လေသည်။ လူစိမ်း လူကျက်မရွေး တရင်းတနှီးပြောတတ်သည်မှာ သူ့အကျင့်ဖြစ်သည်။ ထို့မျှသာ မကသေး စိတ်မထင်လျှင်လည်း လူစိမ်းလူကျက်မရွေး ပိဿာလေးနှင့် ဘားပစ်သလို နှုတ်ဆက်တတ်လေသည်။

'ဆေးက ဆိုရင် ဒီကို မလာရဘူးလား'

လူငယ်လေးက မျက်မှောင်ကုတ်ကာ မေးသည်။ သူသည် ညီလင်း ထက် တစ်နှစ်ခန့်ငယ်ပုံရသည်။ ရှမ်းတိုက်ပုံနှင့်ရှမ်းဘောင်းဘီဝတ်ကာ သရက်

ပင်မြစ်ဆုံပေါ်တွင် ခပ်ငေးငေးထိုင်နေပုံက တစ်မျိုးကြည့်ကောင်းနေသည်။

'မဟုတ်ရပါဘူးကွာ၊ ဒီအင်းလျားကန်ကြီးကို ဒို့ပိုင်တာလိုက်လို့၊ ပြည်သူပိုင်ကန်ကြီးပါ၊ ရာဇူးနဲ့လည်းဆိုင်၊ အီကိုနဲ့လည်းဆိုင်၊ စက်မှုနဲ့လည်း ဆိုင်၊ အရာရှိ၊ အရာခံ၊ ကုန်သည်၊ ပွဲစား၊ ခေါင်းရွက်၊ ဗျပ်ထိုး၊ ငါးစိမ်းသည်အဆုံး လူတန်းစားအသီးသီးနဲ့ဆိုင်ပါတယ်ဗျာ'

တင်ထွန်းမောင်က လေရှည်နေစဉ် လူငယ်လေးသည် သက်ပြင်းချလိုက်သည်။ ထို့နောက် ညီလင်းကို အကူအညီတောင်းဟန်နှင့် လှမ်း၍ကြည့်လေသည်။ 'ခင်ဗျားလူကို မထိန်းတော့ဘူးလား' ဟု ဆိုလိုဟန်ရှိသဖြင့် ညီလင်းး ရယ်ချင်သွားသည်။

'ကဲ ကိုတင်ထွန်းမောင် သွားစို့၊ ဟိုမှာ လှေလှော်မယ့်လူတွေ လာကုန်ကြပြီလေ'

ညီလင်းက အလိုက်တသိဝင်၍ စကားဖြတ်လိုက်သည်။ တက္ကသိုလ်ရောက်သည့်နောက်ပိုင်းတွင် ညီလင်းသည် လှေလှော်ရသည်ကို ပန်းစိုက်ရသည်ထက် ပို၍နှစ်သက်လာသည်။ ယခုလည်း လှေလှော်ရန်လာခြင်း ဖြစ်သည်။ ဒီနှစ်အတွက် တက္ကသိုလ်ချွေတံဆိပ်ကို ညီလင်းတို့အသင်းက ချိန်ကာ ကျိတ်၍ ကြိုးစားနေသည်။ ညနေစောင်း ညီလင်း လှေလှော်သင်းသွားတိုင်း လိုက်လာတတ်သူကား တင်ထွန်းမောင်ဖြစ်သည်။ ထို့နောက် 'မလုပ်ပါနဲ့ကွာ၊ ပင်ပန်းလိုက်တာ၊ လှေလှော်ပြီး မင်းခွန်အားတွေကို အရည်မရ အဖတ်မရ ဖြုန်းတီးပစ်နေတယ်၊ ကမ်းနားသွားပြီး ဆန်အိတ်ထမ်းလည်း အတူတူပါပဲကွ၊ အဲဒါကမှ ပိုက်ဆံရသေးတယ်၊ လုပ်အားအတွက် ပြစရာအဖြေရှိ သေးတယ်'ဟု တကျည်ကျည်နှင့် အားပေးစကားဆိုနေတတ်သည်။

'ကဲ သွားမယ်နော်၊ ကျောက်ကျဲအမင်းသား၊ အဲ ဟုတ်ပါဘူး၊ ကျောက်ကျန်းအမဲသား၊ အိုကွာ ဘွား ဘွား ကျောက်မဲအကျဉ်းသားလေးရေ့'

တမင်လုပ်သည်လား တကယ်ဖြစ်သည်လားတော့ ညီလင်းညို မသိချေ။ တင်ထွန်းမောင်သည် အယောင်ယောင် အမှားမှားပြောကာ နှုတ်ဆက်စကားဆိုသည်။

'ဟေး စိုင်း'

လှော်တက်ကို ပခုံးပေါ်တွင်ထမ်းကာ ရေစက်မှတက်လာသော မိန်းမပျိုလေးတစ်ဦးက ထိုလူငယ်လေးကို လှမ်း၍နှုတ်ဆက်သည်။ စပို့ရှပ် အင်္ကျီဖြူ

လေးနှင့်ဘောင်းဘီတိုအဖြူလေးကိုဝတ်ထားရာ သူ့ကိုကြည့်ရသည်မှာ ဖြူစင်သန့်ရှင်းနေသည်။ ယခုမှစ၍လှော်သော အသင်းသူသစ်ဖြစ်မည် ထင်သည်။ သူ့ကို ညီလင်း မမြင်ဖူးသေးပေ။

'ဘာတွေ ဆွေးနေတာလဲ၊ စိုင်းအကြောင်းတွေ သိတယ်နော်'

'ဘာသိတာလဲ'

လူငယ်လေးက မျက်မှောင်ကုတ်ကာ ခပ်ဆတ်ဆတ်ပြောသည်။ ညီလင်းတို့လည်း အလိုက်တသိ ကျောခိုင်းကာ ထွက်လာရသည်။ မိန်းကလေးသည် လှော်တက်ကို မြေတွင်ထောက်လိုက်ကာ မကျေမနပ်လှောင်သံလေးနှင့် မရယ်ချင့်ရယ်ချင်ရယ်လိုက်သည်။

'ဘာသိတာလဲဆိုတော့ စိုင်းနဲ့စုအကြောင်းပေါ့၊ တောင်ပေါ်က ရှမ်းကလေးနဲ့ မြေပြန့်က အသည်းစားဘုရင်မ စုစုလှိုင်တို့အကြောင်းပေါ့'

ခပ်တိုးတိုးပြောသောစကားကို ညီလင်းက ကြားဖြစ်အောင်ကြားလိုက်သောကြောင့် လှမ်းလက်စခြေလှမ်းပင် တုံ့ခနဲဖြစ်သွားလေသည်။ စုစုလှိုင်ကိုတော့ သူ စိတ်ဝင်စားသည်။ ဘာကြောင့်လဲတော့မသိ။ သို့သော်လည်း သူ့အစ်ကို၏အသည်း ခွဲဖူးသူမို့ သူက စိတ်ဝင်စားခြင်းဖြစ်သည်ဟုပင် သူ့ကိုယ်သူ သတ်မှတ်ထားလေသည်။

လူငယ်လေး၏မျက်နှာသည် နီသွားသလော၊ ဝါသွားသလော သိလိုသော်လည်း နောက်ကျောဘက်တွင် မျက်စိမပါသောကြောင့် မသိခဲ့ရပေ။ ပြောင်ကြီး လှမ်းကြည့်ရအောင်ကလည်း လူ့ယဉ်ကျေးမှုအရ အားနာစိတ်ကလေးကြောင့် ဝန်လေးနေသည်။

'ရှမ်းကလေးက ချောတယ်မောင်'

တင်ထွန်းမောင်က ပြောသည်။ ညီလင်းက ခေါင်းညိတ်ကာ ထောက်ခံလိုက်သည်။

'ခွေးမြီးပြတ် အဖော်ညှိသည်' ဟူသောစကားကိုကား မသုံးသင့်ပါ။ သို့သော် ညီလင်းညီုသည် ထိုစကားကိုပင် တစ်ချိန်လုံးသတိရနေသည်။ ဘာပဲပြောပြော သူ့အစ်ကို ကျော်ထွန်းညီုအတွက်ကား အားတက်မိသည်။ အမြီးပြတ်ဖော်ပြတ်ဖက် သူကောင်းသားဦးရေသည် တစ်နေ့တခြား တိုးပွားနေသည် မဟုတ်ပါလား။

*

'အားမငယ်ပါနဲ့ ကိုကိုရ၊ ကိုကို့လိုလူတွေ အများကြီးပါ၊ အဲဒီရှမ်းလေးဆို ငယ်ငယ်ချောချောလေး သနားစရာဗျာ၊ မစုလှိုင်လက်ချက်မိတော့ ခမျာလေး မချိမဆန့်ဖြစ်နေတယ်ဗျ'

ညီလင်းက ခပ်တိုးတိုးလှမ်းပြောသည်။ မှောင်မှောင်ရီပိုးတဝါးဖြစ်နေသည့်ပြင် တစ်ခုတင်စီအိပ်နေသောကြောင့် သူ့မျက်နှာကိုကား မမြင်ရ၊ သို့သော်လည်း သူ့အသံကြားရုံနှင့် သူ့မျက်နှာထားသည်လည်း နောက်တီး နောက်တောက် ဖြစ်နေလိမ့်မည်ကို ကျော်ထွန်းညိုအလိုလို ခန့်မှန်းမိလေသည်။

'အမ်စီက ချာတိတ်လေး ကိုကိုရ၊ သူ့အသည်း ကွဲကြီးကို သူ့ဟာသူ တင်ချာများလောင်းထည့်နေရင်တော့ ရှူး အာစပ်လိုက်မယ့်ဖြစ်ခြင်း'

ကျော်ထွန်းညိုသည် ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။ ဘာစကား ပြန်ပြောရမည်နည်း စဉ်းစား၍လည်းမရပေ။ ညီလင်းက ခေါ်ပြန်သည်။

'ကိုကို၊ ဒီမှာကိုကိုရ'

'ဘာတုံးကွ'

'သူ့ကို ကြိုက်သေးလားဟင်'

'ဘယ်သူ့ကိုလဲ'

'စုကိုလေ စုလှိုင်ကို'

'မကြိုက်တော့ပါဘူးကွာ'

ကျော်ထွန်းညိုက ခပ်ပြတ်ပြတ်ပြောလိုက်သည်။ ညီလင်းက မယုံသလို ဟက်ခနဲရယ်လေသည်။

'တကယ်လားဗျာ၊ ဒီလိုဆို သူ့ကိုရရင် ကိုကိုမယူဘူးလား၊ လှတယ်နော်'

ကျော်ထွန်းညိုထံမှ အသံပြန်ထွက်မလာချေ။ မခံချင်စိတ်နှင့်မို့ စပျစ်သီးချဉ်ကာ မကြိုက်ဘူးပြောလိုက်ရသော်လည်း သူ့အတွင်းစိတ်ကမူ စုလှိုင် ဟူသည့် မိန်းကလေးကို စွဲလမ်းနေဆဲဖြစ်ကြောင်း သူ့ကိုယ်သူ သိလေသည်။

'ကိုကိုတို့စက်မှုကဆို တိုက်ဂေါ်လေးတွေ၊ ပုံတုံးလေးတွေ များတာပါဗျာ၊ ဒါပေမဲ့ အကုန်လုံးကို သူ့တစ်ယောက်တည်းနဲ့ ဖြန့်ထိန်းထားတယ်နော် ကိုကို၊ ကျွန်တော်သာဆိုရင် သူ့ကိုရရင် ယူမှာပဲဗျ'

ညီလင်းက ရယ်သံလေးနှင့်ပြောသည်။ အပြောင်အပြက်ပြောဟန်ရှိသော်လည်း ကျော်ထွန်းညို ထိတ်ခနဲဖြစ်သွားသည်။ ညီလင်းတစ်ယောက် စုလှိုင်

ကို လိုသည်ထက်ပိုပြီးစိတ်ဝင်စားနေပြီထင်သည်။

'ဟော့ အိပ်ကြပြီလား'

အမာညိုက အခန်းဝမှ မေးသည်။

'အိပ်ကြတော့မယ်ဗျ'

'ဒို့အခန်းထဲ လာမယ်၊ မီးဖွင့်မယ်၊ လုံလုံခြုံခြုံနေကြနော်'

အမာညိုက ကြိုတင်သတိပေးပြီးမှ ဝင်လာသည်။ သတိမပေး၍လည်း မဖြစ်၊ သူတို့ညီအစ်ကိုနှစ်ဦးလုံး အအိပ်ဆိုးသည်။ ညီလင်းဆိုလျှင် နံနက်ခင်း အိပ်ရာနိုးသော်လည်း ခြင်ထောင်ထဲမှမထွက်နိုင်သေးဘဲ စောင်များနှင့် လုံးထွေး နေသော သူ့ပုဆိုးကို နေ့စဉ်ပင် အူယားဖားယား ရှာရလေ့ရှိသည်။

'ဖျောက်'ခနဲ မီးဖွင့်သံနှင့်အတူ မီးရောင်က ဖြာထွက်လာသည်။ 'ဘာ လုပ်မလို့လဲ မမရ'ဟု ညီလင်းက စူအောင့်အောင့်ပြောရင်း ပြာသွားသော မျက်စိ ကို လက်ဝါးနှင့်ကာထားလိုက်သည်။

'အစောကြီး ရှိသေးတယ်ညီလင်းရ၊ မအိပ်နဲ့ဦး၊ ငါပျင်းလို့ပါ'

အမာညိုက ညီလင်း၏ဘေးတွင်ဝင်ထိုင်သည်။ သူ့လက်ထဲတွင်ကိုင် ထားသော သံပန်းကန်လေးထဲ၌ မန္တလေးထိုးမုန့်များကို တွေ့ရသည်။ အညာမှ အပြန်ဝယ်လာသော မုန့်များဖြစ်သည်။

'ဘာလဲ မယ်နုအုတ်ကျောင်းက လိုဏ်ခေါင်းထဲမှာ မြွေဥတွေ တွေ့တာ ပြောမလို့လား၊ ဗားကရာကျောင်းကြီးက လင်းနို့ချေးစော်နံတာ ပြောမလို့လား'

ညီလင်းညိုက အငေါ်တူး၍ ပြောသည်။ အမာညိုပြန်ရောက်လာ ကတည်းက ပါးစပ်မပိတ်တမ်းပြောခဲ့သဖြင့် ထိုရှေးဟောင်းအဆောက်အအုံများ အကြောင်းကို သူတို့ကိုယ်တိုင် ရောက်ခဲ့ရသလို တရင်းတနှီး သိထားပြီ ဖြစ် သည်။

'မပြောပါဘူးဟာ၊ နင်တို့ပြောတာ နားထောင်မလို့ပါ၊ သိပ်မကြီးကျယ် ပါနဲ့ ဟင်း၊ ညီအစ်ကိုနှစ်ယောက်ဆိုပြီး အားကြီးကိုကြီးကျယ်တယ်၊ ငါ့မှာသာ အစ်မတစ်ယောက်၊ ဒါမှမဟုတ် ညီမတစ်ယောက်ရှိရင် နင်တို့ကို အရေးမစိုက်ပါ ဘူး၊ တကတဲ'

'ဒါကြောင့် မမအဖော်ရအောင် ကျွန်တော်က ရည်းစားထားပေးမလို့'

'အောင်မာ တယ်ဟုတ်၊ နင့်ရည်းစားနဲ့တော့ ငါကအဖော်လုပ်ရမလား၊ ငါ့ဟာငါပဲ ငါ့ရည်းစားကိုငါအဖော်လုပ်မှာပေါ့'

ကျော်ထွန်းညိုသည် မျက်စောင်းတခဲခဲနှင့် ပြောနေသောညီမငယ် ကို ငေးကြည့်နေမိသည်။ 'အမာညိုက သိပ်ကလေးဆန်တာပဲ' ဟု သက်သက်က ပြောခဲ့သည်ကို သတိရမိသည်။ ဟုတ်ပါသည်။ အမာညို၏ အမူ အရာ အပြော အဆို အားလုံးသည် ပွင့်လင်းရိုးသားပြီး ခပ်ဆိုးဆိုးဟန်ကလေးက ထာဝစဉ်ပင် စွက်ဖက်နေသည်။

'မမရည်းစားက ဘယ်သူလဲ'

'နင့် အပူလား'

'ဟုတ်ပါတယ်၊ ကျွန်တော့အပူ ဟုတ်ပါဘူး၊ ကျွန်တော်က ယောက်ျား ပဲ၊ ဘယ်လိုလုပ်ပူလို့ရမှာလဲ မမသာ ပူရမှာ'

'ခွေး'

အမာညိုက မျက်လုံးလေးပြူးကာ ဆဲသည်။ ထို့နောက် ပန်းကန်ထဲမှ ထိုးမုန့်များကိုနှိုက်ကာ ပလုတ်ပလောင်းစားရင်း မျက်စောင်းခဲနေသည်။ ညီလင်း ညိုသည် နောက်တီးနောက်တောက်ဟန်လေးနှင့် ချောင်းဟန့်လိုက်သည်။ ပြုံးနေ သော ကျော်ထွန်းညိုအား မျက်စိတစ်ဖက်မှိတ်ပြသည်။

'မမက ရည်းစားထားနေပြီလား'

'နင်နဲ့ဆိုင်လား'

'ဆိုင်တာပေါ့ဗျာ တော်ကြာ ကိုယ့်အစ်မ စွာလန်ကြဲ ကက်ကက်လန် ကလေးကို သူများလက်ထဲထည့်လိုက်ရမှာ နမြောစရာ'

'မင်းက စိုးရိမ်တယ်ပေါ့'

ကျော်ထွန်းညိုက ပြုံးရယ်ရင်း ဝင်မေးသည်။ အမာညို လှမ်းပေးနေ သောထိုးမုန့်ပန်းကန်ကို လှမ်းနှိုက်မည်ပြုပြီးမှ ခေါင်းယမ်းလိုက်သည်။ အိပ်ရာဝင် ခါနီး သွားတိုက်ပြီးဖြစ်သဖြင့် နောက်ထပ်ဘာမှမစားလိုတော့ချေ။

'သူ့ကို စိုးရိမ်တာ ဟုတ်ပါဘူးဗျာ'

'အောင်မာနော်'

'ကျွန်တော်တို့နဲ့ဇာတ်တူ ယောက်ျားသားတစ်ယောက် အနိုပ်စက်ခံရ မှာ စိုးတာပါ'

'အောင်မာ ညီလင်းနော်'

'ဒါပေမဲ့ သူကတော့ မမစွာသမျှ သဘောကျနေမှာပါ။ စွာတာလေး ကိုပဲ ကြိုက်တယ်ဖြစ်နေမှာပါ၊ သူကလေ သူက'

'ဘယ်သူကလဲ'

'မောင်ပေါက်ကျိုင်း နဂါးနိုင်မင်းရာဇာ'

'ခွေး'

ညီလင်းက တဟားဟားရယ်နေသည်။ အမာညို၏မျက်နှာသည် ရဲရဲနီသွားပြီး သူ့ကို တအုန်းအုန်းလှမ်း၍ထုသည်။ ညီလင်းက ရယ်မောရင်းမှ ခြေကားယား လက်ကားယားနှင့်ရှောင်နေလေသည်။

'အမာညို'

မေမေ့အသံကိုကြားရသည်။ အပေါ်ထပ်မှလှမ်း၍ခေါ်ခြင်းဖြစ်သည်။

'အမာညို မအိပ်သေးဘူးလား ထွက်မလာသေးဘူးလား၊ ဘာတွေဆူနေတာလဲ'

'အိပ်တော့မလို့ မေမေ ဟောဒီမှာ ညီလင်းရယ် သမီးကိုအတင်း ခေါ်ထားလို့ သူပျင်းလို့ စကားပြောနေပါဆိုလို့'

'ကြည့် ကြည့် ကုန်း၊ ဒေါ်ကုန်း'

ကျော်ထွန်းညိုသည် ဘာမှဝင်မပြောဘဲ အငယ်နှစ်ဦးကိုကြည့်ရင်း ပြုံးနေသည်။ ညီလင်းက ရယ်ချင်နေသောမျက်နှာထားနှင့် မျက်နှာကိုမဲ့ထားသည်။

'ဟုတ်တယ်မဟုတ်လား ကိုပေါက်ကျိုင်းက အစ်မအဆက်မဟုတ်လား'

'ဟုတ်သေးပါဘူး'

'တကယ်'

'တကယ်ပါဟ သူကကြိုက်တာ'

'မမက ပြန်မကြိုက်သေးဘူးပေါ့'

'အဟက်'

အမာညိုက မလုံမလဲ ရယ်လေသည်။ သူ့ကို ကျော်ထွန်းညိုက စိုက်ကြည့်ပြီး အကဲခတ်နေသည်ကိုတွေ့သောအခါ အူကြောင်ကြောင်နှင့် ခေါင်းကုတ်လိုက်သည်။

'တကယ်ပါ ကိုကိုရဲ့၊ မာညိုက သူ့ကိုကြိုက်တယ်လို့ ပြောသေးပါဘူး'

'ပြောသေးပါဘူးဆိုတော့ ပြောတော့ပြောမယ်ပေါ့၊ ဟုတ်လား'

'သိဘူးလေ'

အမာညိုသည် စကားရောဖောရောနှင့် ထပြေးတော့သည်။ အခန်းမီးပြန်ပိတ်ပေးသွားရန် ညီလင်းကအော်သော်လည်း ပိတ်မသွားချေ။ သူယူလာသောထိုးမုန့်ပန်းကန်ကိုလည်း ပြန်ယူမသွားပေ။ ထို့ကြောင့် ညီလင်းက အိပ်ရာမှ မကျေမနပ်နှင့်ထရသည်။ မုန့်ပန်းကန်ကို ကြောင်အိမ်ထဲသွားပို့ကာ မီးပြန်ပိတ်ရလေသည်။

'ငါသာဆိုရင် မိညိုလိုကောင်မလေးမျိုး မကြိုက်ပါဘူးကွာ'

'အေးဗျ ရုပ်ပျာတေးလေး'

ညီအစ်ကိုနှစ်ဦး စိတ်တူသဘောတူ အတင်းပြောမိကြသည်။ အမာညိုလာနှောင့်သောကြောင့် သူတို့ပြောလက်စ စကားဆက်ပြတ်သွားရသည်ကို နှစ်ဦးလုံး သိပ်မကျေနပ်သော်လည်း ဖွင့်၍တော့မပြောပေ။ အတန်ကြာသောအခါမှ ကျော်ထွန်းညိုက စကားဆက်ကို ပြန်ကောက်သည်။

'စုလှိုင်ကိုရရင် မင်းတကယ်ယူမှာလား ညီ'

'ယူမှာပေါ့ဗျ'

ညီလင်းက မဆိုင်းမတွ ပြန်ဖြေသည်။ ထို့နောက် တိုးတိုးလေး ရယ်သည်။

*

စက္ကူမြားလေးများသည် စုလှိုင်၏အနီးတွင် ပလူပျံနေသည်။ တချို့လက်တည့်သူများကမူ စုလှိုင်ကိုထိအောင် ပစ်နိုင်ကြ၏။ ကျောထက်တွင် ဖြန့်ချထားသော စုလှိုင်၏ဆံပင်တွင်စိုက်ဝင်တွယ်ငြိသွားကြသောအခါ 'ဟေး' ခနဲ 'ဟား'ခနဲ အော်ဟစ်သံများထွက်လာတတ်သည်။

စုလှိုင်သည် သူ့ခေါင်းပေါ်မှစက္ကူမြားလေးများကို ဖြုတ်ယူလိုက်သည်။

'ဖူးစာရှင် မှန်ပါစေ'

'ချစ်တယ် အသက်ရယ်'ဟု ရေးထားသော စာများကို အမှတ်မဲ့ ဖတ်မိလိုက်ပြီးမှ ကြမ်းပေါ်သို့ပြန်ချလိုက်သည်။

'ဟေ့ ဒီလိုမလုပ်နဲ့ကွ၊ မကြိုက်ဘူး'

ကျောင်းသားတစ်ဦးက အသံဖျက်ကာ အသံကြီးနှင့်အော်လိုက်သည်။ မခံနိုင်သောကျောင်းသူတစ်ဦးတလေက မျက်စောင်းခဲလိုက်လျှင်လည်း ဝါးခနဲ ရယ်ကြပြန်သည်။ စာသင်ခန်းထဲ ဆရာဝင်မလာမီ ငါးမိနစ်ခန့်အချိန်

လောက် ကာလကလေးသည် သူတို့အတွက် အလွန်ပျော်စရာကောင်းဟန်ရှိသည်။ ထိုင်ခုံများသည် ရုပ်ရှင်ရုံသဖွယ် အဆင့်ဆင့်မြင့်တက်သွားသည်။ ရှေ့ဆုံးတန်းတွင်ထိုင်ကြရသော မိန်းကလေးလူနည်းစုကလေးသည် အနိမ့်ဆုံးနေရာတွင် ရောက်နေသည်။ အကောင်းဆုံးမြင်ကွင်းနေရာတွင် ရောက်နေသဖြင့် စက္ကူမြားရှင်များ၏ဒဏ်ကို အလူးအလဲခံရတတ်လေသည်။

အခန်းအပြင်ဘက် လူသွားလမ်းတွင် မတ်တတ်ကိုယ်တော်များ ရှိသည်။ သူတို့နှင့်ဆိုင်ရာအခန်းထဲသို့မဝင်သေးဘဲ အခန်းတွင်းမှ မိန်းကလေးများကို မျက်စိစားပွဲထိုင်နေကြသည်။

စုလှိုင် ဟိုမှာ ယူ့ရဲ့ 'အင်ထရိုပီ' ကြီးတွေ့လား'

စုလှိုင်၏ဘေးမှ မိန်းကလေးတစ်ဦးက ပြောသည်။ စုလှိုင် အပြင်ဘက်သို့ မသိမသာကြည့်လိုက်သောအခါ ခပ်ညှိုးညှိုးကြည့်နေသူနှင့် အကြည့်ချင်းဆုံသည်။

'သူအောင်သွားပြီ မဟုတ်လား'

'အင်းလေ အောင်သွားတာ ကြာပေါ့'

'ဒါနဲ့များ၊ ဘာလာလုပ်နေတာလဲ'

'အချစ်နတ်ဘုရားလေး စုလှိုင်ကိုလာကြည့်တာ နေမှာပေါ့ကွယ်'

'ဟာ ဟ၊ အချစ်နတ်ဘုရားမလေးတဲ့'

'ဘာလဲ ယူက အဲဒီနာမည် မကြိုက်ဘူးလား'

'ကြိုက်ပါဘူး'

'ဒီလိုဆို စက်မှုက မြွေဟောက်မလေးဆိုတာရော'

'သာပြီးတောင် မကြိုက်သေးတယ်'

'ဒါပေမဲ့ ကောင်လေးတွေက ယူ့ကိုအဲဒီလိုပဲခေါ်ကြတယ်'

'ခေါ်ချင်သလိုခေါ်ပေါ့၊ ဂရုမစိုက်ပါဘူး'

စုလှိုင်က မခိုးမခန့်လေးပြောလိုက်သည်။ ဟန်ဆောင်၍ပြောခြင်းတော့ မဟုတ်ပေ။ စုလှိုင်အမှန်တကယ်ပင် မည်သူ့ကိုမျှအရေးစိုက်လိုစိတ် မရှိသည်ကို ကိုယ့်ဟာကိုယ်သိလေသည်။

'သူတို့တွေက ပြောသေးတယ်၊ မြွေဟောက်ဆိုတာ သိပ်ပြီးအဆိပ်ပြင်းတယ်တဲ့'

'ဟုတ်လား'

'စုလှိုင်ကလည်း သိပ်အဆိပ်ပြင်းတယ်တဲ့'

'ဟာ ဟ၊ ကိုယ်က မြွေလိုမှ မပေါက်တတ်တာ၊ ပေါက်တတ်ရင်လည်း ကောင်းသား'

'ဘာဖြစ်လို့'

'အကုန်လုံးကိုပေါက်သတ်ပစ်လိုက်မှာပေါ့၊ တစ်ခါတည်း ပါးစပ်တွေကို ပိတ်ရော၊ အဲဒီတော့မှအေးမှာ အို ဒီမြားတွေဟာလေ'

စုလှိုင်သည် သူ့လက်မောင်းကို လာထိသော မြားလေးကို ပုတ်ချလိုက်သည်။ စက္ကူမြားပင်ဖြစ်သော်လည်း ထိပ်ဖူးသည် ချွန်၍မာနေသဖြင့် အရှိန်နှင့်ထိလျှင် စပ်ဖျဉ်းဖျဉ်းဖြစ်သွားတတ်လေသည်။

ဆရာ ဝင်လာသောအခါ ဆူညံနေသော အသံများသည် ရုတ်ခြည်းတိတ်သွားသည်။ ထိုဆရာကိုတော့ သူတို့ကြောက်ကြသည်။ စာမေးလွန်းသောကြောင့် ဖြစ်သည်။ လူ ၁၀၀ ကျော် ၁၅၀ ခန့်အရှေ့တွင် ထမေးခံရမည်ကို လူတိုင်း ကြောက်ကြသည်။ မေးသည့်စာ မရမည်ကိုကား ပို၍ကြောက်ကြရလေသည်။

ဆရာသည် ကျောင်းခေါ်ချိန်စာရွက်လေးကို ဖြန့်လိုက်ကာ ခုံအမှတ်အလိုက် စတင်ခေါ်သည်။

'ဟေ့ ဆရာ့မိန်းမက နာတာရှည်ဖြစ်နေတာတဲ့ သိလား'

စုလှိုင်၏ဘေးမှ မိန်းကလေးက တီးတိုးပြောလိုက်သည်။

'ဟုတ်လား'

'ကိုယ်ကတော့ ရောဂါတွေထဲမှာ ကင်ဆာကိုအကြောက်ဆုံးပဲ၊ သိလား စုလှိုင် သူရောဟင်'

'ကင်ဆာ'

စုလှိုင်၏ရင်ထဲတွင် လှိုက်ခနဲဖြစ်သွားသည်။ ဒက်ဒီ၏နံပါတ်နှစ်ကိုချက်ချင်းပြေး၍သတိရသည်။ ဆေးစစ်ချက်အရသူသည် အဆုတ်ကင်ဆာဖြစ်နေကြောင်း သိရပြီဟုဆိုသည်။ ဆရာဝန်များက သူ့အသက်ကို ခြောက်လသာခံတော့မည်ဟု ပိုင်းထားပြီဟုဆိုသည်။

'သူသိပ်ကြောက်နေမှာပဲ၊ သေခြင်းတရားကို သူဘယ်လိုများရင်ဆိုင်ရမလဲ၊ ခြောက်လဆိုတာ ဘာမှကြာတာမဟုတ်ဘူး၊ သူ လူ့လောကကြီးထဲကနေ ထွက်သွားရတော့မယ်'

ကြမ်းပြင်ပေါ်တွင်ကြဲပြန့်နေသော စက္ကူမြားဖြူဖြူလေးများကိုငေး ကြည့်ရင်း စုလှိုင်၏အတွေးများက ကစဉ့်ကလျားဖြစ်သွားကြသည်။

'ဒက်ဒီသားရှိသေးတယ်၊ ခုနေဆိုရင် လေးနှစ်ကျော်ပြီထင်တယ်၊ အင်း တကယ့်တကယ်ဆိုရင် ငယ်ငယ်လေးပဲ၊ သေတယ်ဆိုတာ ဘာမှန်း သိဦးမှာ မဟုတ်ဘူး၊ အို ဒါပေမဲ့ သူ့အမေသေလည်း ဒက်ဒီရှိသားပဲ၊ ဒက်ဒီက အဲဒီချူနာ ကလေးကိုတော့ အတော်ချစ်ပုံရတယ်၊ ငါဆယ်တန်း အောင်တုန်းက ရုပ်ရှင် ကြည့်ဖို့ဟာ အဲဒီကောင်ကလေး ဆေးရုံတက်ရလို့ဆိုပြီး မကြည့်ခဲ့ရဘူး၊ အို မကြည့်ရရော ဘာဖြစ်လဲ၊ အရေးမစိုက်ပါဘူး'

'ဟေ့ ဟေ့ စုလှိုင်၊ စုလှိုင် ယူ့ရိုးလ်ခေါ်နေပြီ'

ဘေးမှမိန်းကလေးက သတိပေးသည်။ ငိုင်တွေတွေဖြစ်နေသော စုလှိုင် သည် ထိုအခါမှ သတိပြန်ဝင်လာသည်။

'ပရဲဆင့်' ဟု ကယောင်ကတမ်းနှင့်အော်လိုက်ရင်း သက်ပြင်းချလိုက် လေသည်။

'ဟေ့ ဘာတွေ တွေးနေတာလဲ'

နောက်ဘက်တန်းမှ ကျောင်းသားတစ်ဦးက ရယ်သံတိုးတိုးနှင့် မကြား တကြားပြောသည်။ စုလှိုင်သည် မကြားချင်ဟန်ဆောင်ရင်း ခုံအမှတ်စဉ်များကို ဖတ်၍ခေါ်နေသောဆရာ့အား လှမ်းကြည့်နေလိုက်သည်။ ထို့နောက် အတွေးမျှင် အစဉ်အတန်းလေးများသည် ကစဉ့်ကလျား ကြဲပြန့်သွားကြပြန်လေသည်။

*

'ညီမ ခဏ'

သက်သက်သည် သူ့ကိုလှမ်းခေါ်သူ မမစောအား လည်ပြန်ကြည့်ရင်း ပြုံးပြလိုက်သည်။ ရှေ့မှလူနာကို ဆေးပေးနေစဉ်ဖြစ်၍ သူ့ဆီတော့ချက်ချင်းမသွား နိုင်သေးပေ။ ရှင်းရှင်းပြောရလျှင် သွားရမည်ကိုလည်းဝန်လေးနေသည်။ သူသည် စုလှိုင် ဖခင်၏နံပါတ်နှစ်ဖြစ်သည်။ အဆုတ်ကင်ဆာဖြစ်နေကြောင်း ဆရာဝန် များ သိပြီးဖြစ်သော်လည်း သူ့ကိုတော့ အသိမပေးဘဲထားသည်။

'ညနေကျရင် မမဆေးရုံက ဆင်းရတော့မယ်'

'ဒါကြောင့် ပျော်နေတာပေါ့ဟုတ်လား မမစော'

သက်သက်က လိုသည်ထက်ပို၍ ရွှင်ပျသောအမူအရာနှင့် ပြောလိုက်

မိသည်။ သူ့ရောဂါကို ဘာရောဂါနည်းဟု မေးလိုက်မည်ကိုတွေးပြီး စိုးရိမ်နေမိသည်။ လိမ်ညာပြောရမည်ကို သက်သက် အလွန်ဝန်လေးသည်။ ထို့ပြင် မျက်နှာထားကိုလည်း အလေးအနက်ထားမရဘဲ ရီးတီးယောင်တောင်ဖြစ်နေတတ်လေသည်။ အကြောင်းသိသူများကို သက်သက်သည် နောက်ပြောင်သည့် သဘောနှင့်ပင် လိမ်ညာ၍မရပေ။ သူ့မျက်နှာထားကို မြင်ရုံနှင့် အတည်ပြောခြင်းလော၊ ညာပြောခြင်းလော တန်း၍သိသွားတတ်ကြသည်။

'ညီမလေး မမတို့အိမ် လာလည်ပါလား'

'လာရင် မုန့်ကျွေးရမှာနော်'

'ကျွေးမှာပေါ့ကွယ်၊ ရှိသမျှအကုန်ကျွေးမှာပေါ့၊ လာခဲ့နော်၊ မမက ညီမ မျက်နှာ ပြုံးပြုံးလေးကို ချစ်လွန်းလို့ပါ၊ အိမ်လာရင် သားလေးကိုလည်း တွေ့ရတာပေါ့'

သူ့သားအကြောင်းပြောသောအခါ သူ့မျက်လုံးများသည် အရောင်တောက်လာသည်။ သက်သက်သည် သူ့ကိုကြည့်ရင်း ရင်ထဲတွင် တင်းကျပ်သွားသည်။ သူ့သားငယ်ကို သူသည် လပိုင်းအတွင်းထားရစ်ခဲ့ရတော့မည်ကိုသိလျှင် သူ့ခမျာမည်သို့ဖြစ်နေရှာမည် မတွေးရက်ပေ။

'မမယောကျ်ားကတောင် ပြောသေးတယ်၊ ဒီဆရာမလေးကို ကြည့်ရတာ ပြုံးပြီးပျော်နေတာပဲ၊ အလုပ်မှာစိတ်ဝင်စားပြီး ရွှင်လန်းဖျတ်လတ်နေလိုက်တာ၊ အမြဲတမ်း ဒီလိုပဲလားတဲ့၊ မမက အမြဲတမ်း ဒီလိုပါပဲ၊ သူ့ကို မြင်ရတာနဲ့ စိတ်ထဲမှာအေးပြီးချမ်းသာသွားတာပဲလို့ ပြောရသေးတယ်၊ အဟုတ်ပြောတာ'

သက်သက်သည် ရွှင်ရွှင်လန်းလန်းလေးရယ်လိုက်ပြီး သူ့လက်များကို ဆုပ်ကိုင်ထားလိုက်သည်။ 'မမယောကျ်ား' ဟူသောစကားကို ဂုဏ်ယူဟန်လေးနှင့်ပြောသောသူ့ကို စိုက်ကြည့်နေမိသည်။ မိန်းမနဲ့ယောကျ်ားမှာ မိန်းမတွေက ပိုပြီးချစ်တတ်ကြတယ်ထင်ပါရဲ့ဟု တွေးနေမိသည်။ စုလှိုင်၏အဖေက သူ့ကို ချစ်မချစ်တော့မသိ။ သူကမူ စုလှိုင်၏အဖေကို တော်တော်လေးချစ်ပုံရသည်ကို သက်သက်အကဲခတ်မိသည်။ ဧည့်ချိန်ရောက်လျှင် သနပ်ခါးမှုန့်ရိုက်ပြီး နှုတ်ခမ်းကို နီပြေပြေလေးဆိုးကာ မျှော်နေတတ်သည်။ တစ်ခါတစ်ရံ မျှော်သူသာ မောရတတ်သည်။ သူမျှော်သူကား ပေါ်မလာတတ်ပေ။ ထိုသို့သောနေ့မျိုးတွင် မျက်နှာလေးညှိုးကာ စောစောအိပ်သွားတတ်လေသည်။

'သူ့မှာ မိန်းမကြီးရှိသေးတယ် မမယောကျ်ားမှာလေ'

'ဟယ် အဟုတ်လား'

သူက စိတ်လိုလက်ရပြောသောအခါ သက်သက်သည် သိပြီးဖြစ်သော်လည်း အံ့ဩချင်ဟန်ဆောင်လိုက်ရသည်။

'ဒီတော့ အိမ်မှာအမြဲတမ်းရှိမှာက မမရယ်၊ သားလေးရယ်ပဲ၊ ညီမလာရင် လွတ်လပ်ပါတယ်၊ အခု မမ ဆေးရုံတက်နေရတုန်းတော့ သားလေးကို ကလေးထိန်းနဲ့ ထားရတယ်၊ မမဆေးရုံကဆင်းရင်လည်း သူ့အဖေက အထိန်းကို ဆက်ထားဦးမယ်တဲ့၊ မမက သိပ်မကျန်းမာတော့ ကလေးဝေယျာဝစ္စတွေ လုပ်ဖို့ မကောင်းသေးဘူးတဲ့၊ မမရောဂါက ကင်ဆာတော့မဟုတ်ပါဘူးနော်'

'အို ဟုတ်ပါဘူး'

'သေချာရဲ့လား ညီမရယ်၊ မမက ဖွင့်မပြောဘဲ တမင်များဖုံးထားတာလားလို့'

'ဟုတ်ပါဘူး မမစောရယ်၊ မမက အဲဒါကို အမြဲစိုးရိမ်ပြီး အမြဲစွဲလမ်းနေတာကိုး'

'အေးကွယ် စိုးတော့ စိုးရိမ်တာပေါ့'

အမျိုးသမီးသည် သက်ပြင်းလေးချလိုက်သည်။ အိပ်ရာပေါ်သို့ လှဲချလိုက်ရင်း သက်သက်ကို မချိပြုံးလေး ပြုံးပြသည်။

'မမက သေရမှာကို သိပ်ကြောက်နေတယ်'

'လူတိုင်းပဲ ကြောက်ကြတာပေါ့ မမရယ်'

'မဟုတ်ဘူး လူတိုင်းထက် မမက ပိုမယ်ထင်တယ်'

'ဘာဖြစ်လို့လဲဟင်'

'သားလေးကို တစ်ယောက်ထဲ ထားခဲ့ရမှာစိုးတယ်'

'မမကလည်း ဘာလို့မဟုတ်တာတွေ တွေးတွေးနေတာလဲ၊ ပျော်ပျော်နေစမ်းပါ၊ သေတာကတော့ လူတိုင်းသေရမှာပေါ့၊ မမရဲ့သားလေးလည်း တစ်နေ့ သေရမှာပဲ၊ သက်သက်လည်း သေရမှာပဲ၊ ဒါပေမဲ့ အရေးကြီးတာက နေရတဲ့အချိန်လေးမှာ အကျိုးရှိရှိနေဖို့က ပိုအရေးကြီးတယ် မဟုတ်လား၊ သက်သက်ကတော့ သေမင်းကို ဘယ်တော့မှကြိုတွေးမနေဘူး၊ သေနေ့ စေ့လို့ သေချိန်တန်မှပဲ အပြုံးမပျက်ရင်ဆိုင်လိုက်မယ်၊ "ဟော့ သေမင်း နေကောင်းရဲ့လား၊ နင်ရော ဘယ်တော့သေမှာလဲလို့" လှမ်းနှုတ်ဆက်လိုက်မယ်'

သက်သက်သည် ဖျောင်းဖျပြောဆိုနေရင်း အရွှန်းလေးဖောက်လိုက်

သည်။ ဒေါ်ခင်ခင်စောက မရယ်သော်လည်း ဘေးဘက်ခုတင်မှ ဒေါ်လှအေးက တသိမ့်သိမ့်ရယ်လေသည်။

'အဲဒီ အစောတစ်ယောက်ဟာလေ အမြဲပဲ ကြံဖန်ပြီးစိတ်ညစ်နေတာ ဆရာမလေးရေ့'

'ပျော်ပျော်နေ သေခဲတယ် မမစောရဲ့'

'အင်း အင်း၊ သေမှာတော့ကြောက်တယ်၊ ပျော်ပျော်ပဲနေတော့မယ် ဟုတ်လား'

သူက မချိုပြုံးလေးနှင့်ပြောကာ ရယ်သည်။ မရွှင်မပျလေးရယ်သည် ကပင် သူ့ကိုကြည့်ရသည်မှာ စွဲမက်ဖွယ်ကောင်းနေသည်။ ဝမ်းနည်းကြေကွဲနေဟန်ရှိသော မျက်လုံးညိုကြီးများက တစ်ဖက်သား၏နှလုံးသားအစုံကို လှုပ်ခတ်နိုင်စေဟန်ရှိသည်။

'ညီမမှာ ချစ်သူများရှိပြီလား၊ စိတ်မဆိုးနဲ့နော်၊ မမက ညီမရင်းလို ချစ်လို့ မေးတာပါ'

မမစောက ဆိုင်းမပါ ဗုံမပါ ဗြုန်းစားကြီးမေးသောအခါ သက်သက် လန့်သွားသည်။ မဆီမဆိုင်မေးခြင်းဖြစ်၍ စိတ်ထဲတွင် မနှစ်မမြို့ဖြစ်သွားသော်လည်း ခပ်ပြုံးပြုံးပင် ခေါင်းယမ်းပြလိုက်သည်။

'အဲဒါပဲ ကောင်းတယ်'

'ဘာဖြစ်လို့လဲ ဟင်'

'ချစ်ခြင်းဆိုတာ ဆင်းရဲခြင်းပဲ ညီမလေးရဲ့၊ ညီမဘယ်သူ့ကိုမှ မချစ်နဲ့၊ အဲဒါဆိုရင် ဘယ်တော့မှ စိတ်ဆင်းရဲရမှာမဟုတ်ဘူး၊ ချစ်တတ်လာတဲ့ တစ်နေ့မှာ ညီမရဲ့မျက်နှာပေါ်က အပြုံးလေး ပျောက်သွားမှာ မမက စိုးရိမ်လို့'

မမစောသည် သက်သက်၏မျက်နှာ ပြည့်ပြည့်ဖောင်းဖောင်းလေးကို ချစ်ခင်စွာကြည့်ရင်း ပြောသည်။ သက်သက်သည် ပြုံးရယ်ရင်းမှ ပင့်သက်ရှိုက်လိုက်မိလေသည်။

'သက်သက် ချစ်တတ်သားပဲ မမစောရဲ့'

'ဟုတ်ဘူးကွယ်၊ သက်သက်က မေတ္တာထားတတ်တာပါ၊ ပူပူ လောင်လောင် ပြင်းပြင်းပြပြ ချစ်တတ်တဲ့ ဖိုမအချစ်ကို မမက ပြောနေတာ'

သူသည် သူ့ယောက်ျားအကြောင်းကို တွေးပြီး ပြောနေသည် ထင်သည်။ မေတ္တာကိုတန်ဖိုးထားတတ်သော မမစောလိုအမျိုးသမီးမျိုးသည် နံပါတ်

နှစ်လည်း မဖြစ်သင့်၊ ထိုသို့သော ယောကျ်ားမျိုးနှင့်လည်း မပေါင်းဆုံသင့်ဟု သက်သက်တွေးနေမိလေသည်။

'ဟော၊ ပြောရင်းဆိုရင်း သူလာပြီ'

မမစောသည် လှဲနေရာမှ လက်ကလေးထောက်၍ ထလိုက်ကာ ဝမ်းသာအားရ ပြောသည်။ သက်သက်သည် ထိတ်ခနဲရင်ခုန်သွားရင်း လှည့်ကြည့်လိုက်သည်။ သူ့ဝမ်းတွင်းမှကျိတ်ပြီး မနှစ်မမြို့ဖြစ်နေသော စုလှိုင်၏ဖခင်၊ မမစော၏ယောကျ်ားကို အနီးကပ်ပြီး တွေ့လိုက်ရသည်။

'ဒီနေ့ ဆင်းရမယ် မဟုတ်လား'

'ဟုတ်တယ် မောင်၊ စောလည်း မျှော်နေတာ'

မမစောသည် ချိုသာသောအသံနှင့် ခပ်နွဲ့နွဲ့ပြောသည်။ လှဲနေရာမှ ထ၍ ထိုင်သော်လည်း သက်သက်သည် သူ့ကို မဖေးမမိဘဲ စုလှိုင်၏ဖခင်ကိုသာ ငေးစိုက်ကြည့်နေမိသည်။ အသက် ငါးဆယ်ခန့်ရှိပြီဖြစ်သော်လည်း သွက်လက်ဖျတ်လတ်သည်။ အသားဖြူ၍ အရပ်မြင့်ကာ သူ့နှုတ်ခမ်းများသည် စုလှိုင်၏ နှုတ်ခမ်းလေးများကဲ့သို့ပင် ထူဝန်းပြည့်ဖြိုးလေသည်။ ဆံပင်များကမူ ဆေးဆိုးထားသည်လား၊ တကယ်ပင် မဖြူသေးသည်လား မခွဲခြားတတ်ပေ။

ထိုစဉ် သူသည် သက်သက်ကိုငဲ့၍ကြည့်သည်။ ထို့နောက် မပွင့်တပွင့် ပြုံးပြလေသည်။

'သိပ် မိန်းမပွေတဲ့လူကြီး' ဟု သက်သက်က စိတ်တွင်းမှရေရွတ်လိုက်မိသည်။ ကြောက်ရွံ့လှုပ်ရှားမိသလို ရင်ခုန်လာပြီး ရုတ်တရက် ပြန်ပြုံး၍မရဘဲ မျက်နှာမှအကြောများသည် တင်းမာနေကြသည်။ ထို့နောက်မှ ခဲခဲယဉ်းယဉ်း ပြန်၍ ပြုံးပြလိုက်ရသည်။ သို့သော်လည်း အပြုံးရှင်မလေးဘွဲ့ရ သက်သက်၏ အပြုံးသည် အသက်မဝင်ဘဲ ခြောက်ကပ်ကပ်ဖြစ်နေလိမ့်မည်ကို ကိုယ့်ဟာကိုယ် အလိုလိုသိနေလေသည်။

*

ခပ်ကျဲကျဲကျနေသော မိုးပေါက်များသည် တဖြည်းဖြည်းစိပ်လာသည်။ အရှိန်ပြင်းပြင်းနှင့် ခုန်ဆင်းလာကြသည်။

အမာညိုသည် ထိုမိုးစက်မိုးပေါက် အေးစိမ့်စိမ့်လေးများကို မျက်နှာမော့၍ ခံယူရင်း ပျော်ရွှင်လာသည်။ မြို့လယ်ခေါင်တွင်သာမဟုတ်လျှင် မိုးရေ

ထဲတွင် အော်ဟစ်ပြီး ပြေးလွှားဆော့ကစားမိမည်လား မပြောတတ်ပေ။

'မာညို မြန်မြန်လာလေ၊ မိုးတွေရွာနေပြီ'

မိမိလေးက အမာညို၏လက်ကိုဆွဲကာခေါ်သည်။ အမာညိုက ရယ်မောရင်း သူ့လက်ကိုပြန်ရုန်းသည်။ မိုးရွာထဲတွင် ထီးမပါဘဲလျှောက်ရသော အရသာသည် ဘာနှင့်မျှမတူပေ။ အလွန်ပျော်စရာကောင်းသည်။

သူတို့တစ်တွေသည် အောင်ဆန်းကွင်းမှပြန်လာကြခြင်းဖြစ်သည်။ ပဋ္ဌမအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ်ပွဲကို ရန်ကုန်မြို့တွင်ကျင်းပမည် ဖြစ်သည်။ ထို့ကြောင့် မီးရှူးစင်အသစ်ဆောက်လုပ်ရန်အတွက် သူတို့သည် စင်မြင့်နှင့်နေရာကို လာ၍ကြည့်ကြရလေသည်။ ပတ်ဝန်းကျင်အခြေအနေနှင့် နေရာအနိမ့်အမြင့်ကိုသိသောအခါမှ တစ်ဦးချင်း ပုံစံတစ်မျိုးစီ ရေးဆွဲတင်ရမည် ဖြစ်သည်။

မိုးတွင်းပင်ဖြစ်သော်လည်း သူတို့တွင် ထီးမပါကြပေ။ ထို့ကြောင့် အများစုက နီးရာသမ္မတရုံဘက်ပြေးကြသော်လည်း အမာညိုကမူ အေးအေးဆေးဆေး လျှောက်နေသည်။ သမ္မတရုံအရှေ့ဘက်ရှိ ဘုရားရှိခိုးကျောင်းဝင်းထဲ ဝယ် ဇီဇဝါပန်းများပွင့်နေသည်။ ဖွေးနုဖြူဆွတ်နေသောပန်းကလေးများကို ကြည့်ရင်း ခူးယူချင်စိတ်ပေါက်လာသည်။

'မိမာညို နင်ရူးနေသလား၊ မိုးရွာနေတာဟ၊ ပန်းကြဲနေတာမဟုတ်ဘူး'

မိမိလေးက စိတ်မရှည်ဘဲအော်သည်။ သနပ်ခါးထူထူလိမ်းထားသော သူ့မျက်နှာကို မိုးရေများက ကွက်ကျားပက်ဖျန်းထားသဖြင့် ကွက်တိ ကွက်ကျားဖြစ်ကာ ရယ်ဖွယ်ကောင်းနေသည်။

'သိသားပဲ'

'သိရင်လာလေဟာ၊ ရွဲတော့မယ်'

'ရွဲတော့ကောင်းတာပေါ့ မိမိလေးရဲ့၊ ကြည့်စမ်း၊ မိုးပေါက်လေးတွေ မျက်နှာလာထိတာ ဘယ်လောက်ခံလို့ကောင်းသလဲ'

'အရူးမ'

မိမိလေးသည် ဒေါနှင့်မောနှင့်ထောမနာပြုကာ သူ့ခေါင်းကိုလက်ဝါးလေးနှစ်ဖက်နှင့်အုပ်ရင်း လမ်းကိုအပြေးဖြတ်ကူးသွားသည်။

သမ္မတရုံဘေးရှိ ကသစ်ပင်လေးအောက်တွင် မုန့်ဆိုင်များတန်းစီ

နေသည်။ ပေါက်ကျိုင်းနှင့် မြတ်ကိုကိုတို့သည် ကော်ပြန့်ဆိုင်လေးတွင် ရောက်နှင့်နေကြပြီဖြစ်သည်။

'အမာညိုရောဗျ'

ပေါက်ကျိုင်းက ဆီးမေးသောအခါ အပြေးအလွှားရောက်လာသော မိမိလေးက မျက်နှာကိုတအားမဲ့လိုက်သည်။ ထို့နောက် လမ်းမဘက်သို့ မေးငေါ့ပြသည်။ အမာညိုသည် လသာသာတွင် ပင်လယ်ကမ်းစပ်၌ လေညင်းခံ လမ်းလျှောက်နေသူကဲ့သို့ အေးအေးဆေးဆေး လျှောက်လာနေသည်။

'ဗျိုး အမာညို၊ မြန်မြန်လာလေ'

ပေါက်ကျိုင်းက လှမ်းအော်သည်။ မြတ်ကိုကိုကမူ စိတ်ပျက်သလို တစ်ဖက်သို့လှည့်သွားလေသည်။ ရှုးတူးတူးပေါတောတောနှင့် စိတ်ထင်ရာ စွတ်လုပ်တတ်သော အမာညိုဟူသည့်မိန်းကလေးကို သူကသိပ်ပြီးကြည့်မရချင်ပေ။

'ဖျားနေဦးမယ်နော်'

စိုးရိမ်စိတ်ကဲနေသောပေါက်ကျိုင်းကိုကြည့်ရင်း အမာညိုက ရယ်လေသည်။ သူ့တစ်မျက်နှာလုံး ရွှဲရွှဲစိုနေပြီး ဆံပင်များသည် မိုးရေများနှင့် စိုကပ်ကာ အချောင်းအချောင်းဖြစ်နေသည်။ ဝတ်ထားသောအင်္ကျီက ထူထဲသဖြင့် တော်သေးသည်ဟု မိမိလေးက တွေးမိသည်။

'သေမှအေးမှာ'

မြတ်ကိုကိုက မကြားတကြားပြောသည်။ ပေါက်ကျိုင်းနှင့် အမာညိုတို့၏ဆက်ဆံရေးသည် သူငယ်ချင်းမက သံယောဇဉ်နှောင်တည်းမိကြသော်လည်း သမီးရည်းစားဟူ၍လည်း သတ်မှတ်မရသေးချေ။ သို့သော် သူတို့ နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦးသက်ဆိုင်ကြသည်ဟု အားလုံးက အလိုလိုသတ်မှတ်ထားပြီးဖြစ်သည်။

'နင်ကတော့ ငါ့ကိုသေစေချင်မှာပေါ့ ဂေါ်မစွံရဲ့'

'ဘာဂေါ်မစွံရမှာလဲ'

'ဂေါ်မစွံလို့ ဂေါ်မစွံပေါ့'

'အောင်မာ၊ ဘာမစွံလို့လဲ'

'စုလိုင်ကို ပိုးတာလေ၊ နင်စွံလို့လား၊ ထွတ်'

အမာညိုက နိုင်ပေါက်ကိုင်၍ပြောသောအခါ မြတ်ကိုကို၏မျက်နှာသည် နီသွားသည်။ မကျေမနပ်နှင့်မှုန်သွားသောသူ့ကို အမာညိုက ဆောင့်ကြွား

ကြွားမျက်နှာပေးနှင့် မျက်စောင်းထိုးလိုက်သေးလေသည်။

'ပေါက်ကျိုင်းနှယ်ကွာ၊ ဘာလို့များ သူ့လိုဟာမျိုးကို ကြိုက်ရတယ် မသိဘူး'

မြတ်ကိုကိုကလည်း ပြန်၍နိုင်ပေါက်ကိုင်သည်။ အမာညိုသည် ရှက်သွားသော်လည်း မရှက်ချင်ဟန်ဆောင်ကာ ရယ်နေလိုက်သည်။ ပေါက်ကျိုင်းကမူ ကော်ပြန့်ကြော်ကို ပလုတ်ပလောင်းဝါးကာ မကြားချင်ဟန်ဆောင်နေလေသည်။

မိုးက တဖြည်းဖြည်းသည်းလာသည်။ တွန်းလှည်းပေါ်တွင် အုပ်မိုးထားသော ပလပ်စတစ်အမိုးသည် သူတို့အားလုံးကို လုံခြုံအောင်မတတ်နိုင်ပေ။ ထို့ကြောင့် ခွေးခြေလေးပေါ်တွင်ကျုံ့ကျုံ့ထိုင်ရင်း ပက်သမှုမိုးကို ကျောပေးပြီး ခံရလေသည်။

'ဒီဗိုင်းက တစ်ပတ်အတွင်း အပြီးတင်ရမှာတဲ့'

မိမိလေးက ညည်းညူပြောရင်း အချိန်ကို လက်ချိုးရေတွက်နေသည်။ စင်စစ်အားဖြင့် ပြိုင်ပွဲသဘောပင်ဖြစ်သည်။ ပုံစံအမျိုးမျိုးကို အပြိုင် အဆိုင် တင်ပြကြရမည်ဖြစ်ပြီး ဆိုင်ရာလူကြီးများက အကောင်းဆုံးပုံစံကို ရွေးချယ်ပြီး ဆောက်လုပ်စေမည်ဖြစ်လေသည်။

'ဒီမိုးကလည်း ဘယ်တော့မှစဲမှာလဲ၊ ဟော့ကောင် ပေါက်ကျိုင်း၊ မင်းက နဂါးနိုင်ဆိုတော့ တီကောင်တော့ အပျော့ပဲနေမှာပဲ၊ လာစမ်းပါကွ၊ ဒီမှာ ငါ့ခုံပေါ် တီတက်နေလို့'

ဆီချက်ခေါက်ဆွဲဆိုင်မှ ကျောင်းသားတစ်ဦးက ခွေးခြေပေါ်တွင် တက်၍ ဆောင့်ကြောင့်ထိုင်ရင်းအော်သည်။

'နဂါးနိုင်မင်းဆိုမှ တီနိုင်မင်းမှမဟုတ်တာဘဲကွ'

ပေါက်ကျိုင်းသည် တီကောင်ဆိုလျှင် အလွန်အသည်းယားသူဖြစ်သည်။ တီသာမက မြွေ၊ ကျွတ်၊ မျှော့ အကုန်လုံး သူကြောက်သည်သာဖြစ်သည်။ ပေါက်ကျိုင်းဟူသောအမည်ကို သူ့အမေက ဘာသဘောနှင့်မှည့်ခေါ်ခဲ့သနည်း၊ စဉ်းစား၍ပင်မရချေ။

အမာညိုသည် ပေါက်ကျိုင်းကိုကြည့်ကာ အကြောင်းမဲ့ရယ်ချင်နေသည်။ ထို့နောက် အကယ်၍သာ သူနှင့်ပေါက်ကျိုင်းရကြလေလျှင် မည်ကဲ့သို့သော အိမ်ထောင်ဖြစ်မည်နည်း၊ ဆက်၍စဉ်းစားမိသည်။ စဉ်းစားရင်း ပျော်သလို

လို၊ စိတ်ရှုပ်သလိုလိုဖြစ်လာသည်။ ယောကျ်ားယူရသောအလုပ်သည် အနည်းဆုံးတော့ စိတ်ဝင်စားဖွယ်ကောင်းပေမည်။ အတူတူရုံးသွားကြမည်။ အတူတူချက်ပြုတ်စားသောက်၊ ထို့နောက် စကားစမြည်ပြောပြီး အိပ်ရာဝင်ရမည်။ နေ့စဉ်နေ့စဉ် ထိုသံသရာကို လည်ပတ်ရမည်ဆိုလျှင်တော့ စဦးပိုင်း ပျော်သလိုလို ရှိသော်လည်း ကြာလာလျှင် ပျင်းနိုင်သည်။ သြော် မေ့နေသည်။ ယောကျ်ားယူလျှင် ကလေးမွေးရမည်ကို အမာညိုမေ့နေသည်။ ကလေးလေးရလာလျှင်တော့ ပျင်းရိဖွယ်ကောင်းမည် မဟုတ်တော့ပေ။ ကလေးဟူသည်မှာ အိမ်၏ ဆည်းလည်းဟု ပြောကြသည် မဟုတ်ပါလော။

ထိုနေ့ညက အမာညိုကျောင်းသို့ပြန်လိုက်မသွားတော့ပေ။ အိမ်သို့သာ တန်းပြန်ခဲ့သည်။ အမာညိုအား ပေါက်ကျိုင်းက လိုက်ပို့လေသည်။

'မာညို ဒို့ကိုခုထိ အဖြေမပေးသေးဘူးလား'

အခွင့်အရေးကို ပေါက်ကျိုင်းက လက်လွှတ်မခံချေ။ ပလေဒီယံရုံဘက်နားသို့အရောက်တွင် ခပ်တိုးတိုးမေးသည်။

အမာညို၏မျက်နှာသည် ရှိန်းခနဲပူသွားသည်။ မကြောက်စဖူး သူ့ကိုကြောက်မိသလိုလို ခံစားရပြီး ရင်ဖိုလာသည်။

'ချစ်ရင်လည်း ခေါင်းညိတ်ဟာ၊ မချစ်ရင်လည်း အပြတ်ပြောပေါ့၊ ဒို့ကို အားမနာပါနဲ့'

သုံးနာရီကျော်ကျော် ရုပ်ရှင်ပြီးချိန်မို့ ရုံတွင်းမှလူများအန်ထွက်လာသည်။ လူသံများက ဆူညံနေသော်လည်း တိုးတိုးလေးပြောသော ပေါက်ကျိုင်း၏အသံသည် အမာညို့နားထဲ၌ အသံအားလုံးကိုလွှမ်းကာ အကျယ်ဆုံးကြားရသည်။

အမာညိုသည် ပျော်သလိုလိုနှင့် စိတ်ရှုပ်မိသည်။ သူ့ကိုယ်သူ သတိမထားမိခင်မှာပင် ဆတ်ခနဲခေါင်းညိတ်မိပြီးဖြစ်သွားသည်။

'ဟယ် ဒို့ကိုချစ်တယ်ပေါ့'

'ဟင် ချစ်ဘူး၊ ချစ်ပါဘူး'

အမာညိုက ကယောင်ကတမ်းလေးပြောမိသေးသည်။ အေးစက်နေသော လက်များကို လက်သီးတင်းတင်းလေးဆုပ်ရင်း ခပ်သွက်သွက်လေး လျှောက်လာသည်။ ထို့နောက်မကျေမနပ်နှင့် ငိုချင်စိတ်ပေါက်လာသည်။ အမာညိုသည် ရုပ်ရှင်ထဲ ဝတ္ထုထဲ၌ မြင်ရဖတ်ရသလို ပန်းရနံ့များမွှေးထုံနေသော

ဉယျာဉ်တွင်းဝယ် ချစ်သူအား ရှက်စနိုးလေးအဖြေပေးလိုသူဖြစ်သည်။ ခုတော့ 'စီးကရက် စီးကရက်၊ ကွာစေ့လှော် မြေပဲလှော်ရမယ်' ဟု တစီစီ တညံညံ အော်သံများကြားထဲမှ ချစ်သည့်အကြောင်း အဖြေကိုပေးမိပြီးဖြစ်သွားသည်။ စိတ်ကူးယဉ်ခဲ့ရသော ပန်းကမ္ဘာလေးထဲတွင် ကုလားပဲသုပ်နှင့်သံပရာရည် စီးကရက်နံ့များ မွှန်ထူသွားပြီး မကျေမနပ်ကြီးဖြစ်နေလေသည်။ ပေါက်ကျိုင်းဟူသည့်သူသည် ထိုကဲ့သို့ပင်လူထုထူကြားထဲတွင်မှ နားပူနားဆာလုပ်တတ်သည် ဟုတွေးရင်း မျက်စောင်းခဲလိုက်သည်။

'ဟား ချစ်မျက်စောင်းလား အမာညို'

'ဟုတ်ဘူး၊ နဂါးမျက်စောင်း'

'နဂါးမျက်စောင်း အကြောင်းသုံးပါး မရွေးပေမယ့် ဒီက ပေါက်ကျိုင်းက နဂါးနိုင်မင်းနော် သိရဲ့လား နဂါးမလေးရဲ့'

ပေါက်ကျိုင်းက အူမြူးနေသည်။ ဒီလိုဆိုပြန်တော့လည်း ကုလားပဲသုပ်နံ့ထဲတွင် ပန်းရနံ့လေးများ မွှေးပျံ့ပါလာသလို အမာညိုထင်မိသည်။ ဆူညံလှုပ်ရှားနေသောလောကကြီးသည် သာယာလှပနေချေသည်။

*

'မမစုလှိုင်'

ညီလင်းညိုကခေါ်လိုက်သောအခါ စုလှိုင်သည် ချာခနဲလှည့်ကြည့်သည်။ သူ့ကိုပြုံး၍ကြည့်နေသော ညီလင်းညိုကို ရုတ်တရက်မှတ်မိဟန်မရှိချေ။

'မမစု ဈေးလာတာလား'

'ဆိုပါတော့'

'ကျွန်တော် ညီလင်းညိုလေ၊ မမှတ်မိဘူးလား၊ အမာညိုရဲ့မောင် ကျော်ထွန်းညိုရဲ့ညီ'

'ဪ'

အတွန့်ချိုးနေသော စုလှိုင်၏မျက်ခုံးနက်နက်လေးများသည် အတွန့်ပြေသွားကြသည်။

စနေနေ့ဆိုလျှင် ဗိုလ်ချုပ်ဈေးတွင် လူစည်ကားလှသည်။ မိန်းမလှလေးများက ဈေးဝယ်လာကြသည်။ ယောကျ်ားလေးများက မိန်းမလှလေးများကို ကြည့်ရန်လာကြသည်။ စုလှိုင်ကမူ ဈေးမလာဖြစ်သည်မှာ ကြာချေပြီ။ ဒီနေ့

တော့ ကျောင်းအပြန် ပျင်းပျင်းရှိသည်နှင့် ဈေးဘက်သို့ရောက်လာခြင်းဖြစ်သည်။ ဘာမှမည်မည်ရရဝယ်ရန်မရှိသောကြောင့် မှန်အိမ်တွင်းမှ ရင်ထိုးများကို ကြည့်နေမိသည်။

'ဘာဝယ်မလို့လဲ ဟင်'

ညီလင်းက စုလှိုင်၏လက်ထဲတွင်ကိုင်ထားသော ကျောက်စိမ်းရင်ထိုးလေးကို လှမ်းကြည့်သည်။ မြမြစိမ်းနေသော ကျောက်စိမ်းအရောင်သည် စုလှိုင်၏ဖြူဝင်းနေသောလက်ချောင်းလေးများကို ဟပ်နေသည်။ စုလှိုင်လှပုံမှာကား မျက်နှာလေးကိုမဆိုထားနှင့်၊ လက်ချောင်းလေးများကိုပင် တမေ့တမြော အလှကြည့်နေချင်စရာကောင်းသည်ဟု ထင်မိသည်။

'ဘာရယ် ဟုတ်ပါဘူး၊ ဒီလိုပဲ ဟိုကြည့် ဒီကြည့်'

စုလှိုင်သည် သူ့လက်ထဲမှရင်ထိုးလေးကို မှန်အိမ်ပေါ်ပြန်တင်လိုက်သည်။ ညီလင်းညိုသည် ရင်ထိုးလေး ကံဆိုးလေခြင်းဟုတွေးမိသည်။ စုလှိုင်သာ ထိုရင်ထိုးလေးကို တပ်ဆင်လိုက်လျှင် ထိုရင်ထိုးလေးသည် ပို၍ လှသွားမည်ဖြစ်သည်။ ရှင်းရှင်းပြောရလျှင် စုလှိုင်ကြောင့် ရင်ထိုးလေး၌ အလှရော တန်ဖိုးရော တက်သွားမည်ဟု တစ်ထစ်ချတွေးမိသည်။ ယခုတော့ ကံဆိုးသူရင်ထိုးခမျာ အလှနတ်ဘုရားလေး စုလှိုင်၏ရင်ပေါ်တွင် ခိုနားခွင့် မရတော့ချေ။

'ညီလင်းညိုကရော ဘာလာလုပ်တာလဲ'

'အဟဲ အမှန်တိုင်းပြောရရင်တော့ ငေးဖို့လာတာ'

'ငေးဖို့'

'ဟုတ်တယ် ကောင်မလေးတွေကို ငေးကြည့်ဖို့'

ညီလင်းက ပွင့်ပွင့်လင်းလင်းဖြေသောအခါ စုလှိုင်သည် သွားဖွေးဖွေးလေးများပေါ်အောင် ရယ်လိုက်သည်။ ညီလင်းသည် စုလှိုင်ကိုငေးကြည့်ရင်း တင်ထွန်းမောင်နှင့် နွေသူရိန်တို့ပါမလာကြသည်ကို ကျိတ်ပြီး ကျေနပ် နေသည်။ သူတို့သာပါလာလျှင် အနည်းဆုံးသူတို့နှင့်စုလှိုင်ကိုတော့ မိတ်ဆက်ပေးရမည်ဖြစ်သည်။ နောက်ပြီး ယခုလိုလည်း အေးအေးဆေးဆေး စကားပြောခွင့်ရမည်မဟုတ်ချေ။

'မမစုလှိုင် တစ်ယောက်တည်းလား'

'ဟုတ်တယ် တစ်ယောက်တည်းပဲ၊ ညီလင်းညိုရော အဖော်မပါဘူးလား'

'ဟင့်အင်း မပါဘူး'

သူတို့နှစ်ဦးသည် မရည်ရွယ်ဘဲ ယှဉ်လျက်လျှောက်လာမိကြသည်။ ငါးပေလေးလက်မခန့်ရှိသော စုလှိုင်၏အရပ်သည် မိန်းကလေးများထဲတွင် အရပ်မြင့်သူစာရင်းထဲပါသည်။ သို့သော် ညီလင်းနှင့်ယှဉ်သောအခါ ခြောက်လက်မခန့် နိမ့်နေလေသည်။

'ကျွန်းဆွယ်ပွဲအတွက် တက္ကသိုလ်တိုင်းက အာရာတွေရွေးနေတယ် မဟုတ်လား မမစု'

'အင်းလေ'

'မမစု အရွေးမခံဘူးလား'

'ဒို့က မရွေးချင်ဘူး၊ ဒါပေမဲ့ ဆရာတွေက တိုက်တွန်းနေတယ်၊ အရပ်က ငါးပေနှစ်လက်မကျော်ရမယ်ဆိုတော့ ကျော်တဲ့လူကသိပ်မများဘူး'

'မမစုမပါရင် ဘယ်ဖြစ်မလဲ'

'ဘာဖြစ်လို့လဲ'

စုလှိုင်က မျက်စလေးချီကာ မေးမိသည်။ 'စုမပါရင် ရာဇဝင်ရိုင်းမှာပေါ့' ဟူသောစကားကို အထပ်ထပ်ကြားပြီးဖြစ်သော်လည်း ညီလင်းက ပြောသည်ကို ကြားချင်သေးသည်။ သို့သော် ညီလင်းက ဘာမှမပြောဘဲ ပြုံးနေလေသည်။ သူ့ဆံပင်က သာမန်ထက်ရှည်သော်လည်း ကြည့်ကောင်းနေသည်။ လွယ်အိတ်ပြာကို ရိုးရိုးမလွယ်ဘဲ စလွယ်သိုင်း၍လွယ်ထားသည်။ ပခုံးကျယ်၍ အရပ်မြင့်သော်လည်း ရင်အုပ်ဖွင့်ကာ ကျားကျားလျားလျားလမ်းလျှောက်တတ်သူ မဟုတ်ချေ။ လွယ်အိတ်စလွယ်သိုင်းနှင့် ပြက်တိပြက်ချော်ပြုံးရင်း ဖိုသီဖတ်သီ လျှောက်တတ်သူဖြစ်သည်။

'ဒို့ ပေါင်ချိန်ဦးမယ်'

ဗိုလ်ချုပ်ဈေးဒေါင့်မှ ပေါင်ချိန်စက်သို့ရောက်သောအခါ စုလှိုင်က ရပ်လိုက်သည်။ ညီလင်းကလည်းလိုက်၍ရပ်ကာ စုလှိုင်ကို ငေးကြည့်နေလေသည်။

ဂျုံးခနဲမြည်သံနှင့်အတူ အံခွက်ထဲသို့ကျလာသော ကပ်ပြားလေးကို ကောက်၍ စုလှိုင်က ခံပေါ်မှဆင်းလိုက်သည်။ မီးရထားလက်မှတ်နှင့်တူသော ကပ်ပြားလေးကို တစ်ချက်ကြည့်ပြီး ညီလင်းကိုလှမ်းပေးသည်။

'ပေါင်ချိန်က တစ်ရာ့တစ်ဆယ်တဲ့၊ ဒီအရပ်နဲ့ ဒီပေါင်ချိန်အတော်ပဲ

ထင်တယ်နော်၊ အောင်မာ အိမ်တွင်းရေးသတိထားပါ၊ ကံကောင်းလာမည်၊ ချစ်သူနှင့်တွေ့ရမည်တဲ့၊ ဟား ဟား'

ညီလင်းညိုသည် ဖတ်ပြီး ရယ်လေသည်။ စုလှိုင်က ဘာမှမပြောဘဲ ပြုံးနေသည်။ အခြားသူများသာဆိုလျှင် 'ချစ်သူနှင့်တွေ့ရမည်တဲ့ ဟုတ်လားစု' ဟု တိုးတိုးပြောကာ အရည်လည်သောမျက်လုံးများနှင့် တမ်းတသလိုကြည့်မည် ဖြစ်ကြောင်း တွေးနေမိသည်။ ယခုတော့ ညီလင်းညိုဟူသည့်ကောင်ကလေး သည် အကွက်ပေါ်လာသော စကားလမ်းကြောင်းပေါ်ကို မနင်းတတ်ဘဲ ရယ် မောရန်သာ စိတ်ဝင်စားနေဟန်တူသည်။

'ဒို့ ပြန်တော့မယ်'

စုလှိုင်က နှုတ်ဆက်သည်။ ညီလင်းသည် ကားနားထိလိုက်လာသော် လည်း သူ့ကို တစ်ခုခုစားရအောင်ဟု မခေါ်သည့်အတွက် စုလှိုင်စိတ်ထဲတွင် အံ့သြသလိုလို မခံချင်သလိုလိုဖြစ်လာသည်။ သူက ဒီမျှရယ်ရယ်မောမော ဆက် ဆံလိုက်လျှင် ချာချာလည်မသွားသူ မရှိသေးချေ။ အနည်းဆုံး သူပြန်မည်ဟု ပြောလျှင် မျက်နှာတော့ပျက်သင့်သည်။ နောက်ထပ်တစ်ခါ ဆုံရကြုံရရေးကို မေးမြန်းအားထုတ်သင့်သည်ဟု စုလှိုင်ထင်မိသည်။

'ညီလင်းညို အိမ်ပြန်မှာလား'

'ပြန်တော့ပြန်မှာပေါ့၊ ခုတော့ မပြန်သေးဘူး'

'ဘာဖြစ်လို့'

'ငေးဦးမယ်လေ'

စုလှိုင်သည် ကားစက်ကိုဆောင့်၍နှိုးလိုက်သည်။ မကျေမနပ်နှင့် မအီ မသာဖြစ်လာသည်။

'ပြန်ရင် လိုက်ခဲ့ပါလား လမ်းကြုံတယ်'

'ဟင့်အင်း ကြောက်ပါတယ်'

'ကြောက်တယ် ဘာကိုလဲ'

'ကိုကို့လို အပြုစားခံရဦးမှာကိုပေါ့'

ညီလင်းက ရယ်သံလေးနှင့်ပြောသည်။ ထို့နောက် စုလှိုင်ကို လက် တစ်ဖက်မြှောက်၍ နှုတ်ဆက်လိုက်လေသည်။

*

'ဟယ် ညီလင်း ဘယ်ကနေ မျက်စိလည်လာတာလဲ'

သက်သက်က တအံ့တသြနှုတ်ဆက်မိသည်။ ဧည့်သည်လာသည် အသားဖြူဖြူ အရပ်မြင့်မြင့်နှင့်ဟု ဦးစိတ်တိုလာပြောစဉ်က 'ကိုကို' များဖြစ်လေမည်လားဟု ရင်ခုန်မိသည်။ သို့သော် လုံးဝမမျှော်လင့်သော ညီလင်းဖြစ်နေသဖြင့် အံ့သြရသည်။

'ဘာလဲ မမသက်ကလဲ၊ ကျွန်တော်လာမလည်ရဘူးလား'

'လာရပါတယ်ဟယ်၊ ဒါပေမဲ့ အံ့သြလို့ပါ'

ညီလင်းက အားရပါးရပြုံးသည်။ ပြုံးလိုက်သောအခါ သူ့မေးဖျားလေးသည် ထုံးစံအတိုင်း ချိုင့်ဝင်သွားလေသည်။

'ကျွန်တော် ပျင်းပျင်းရှိလို့ရောက်လာတာ၊ မမသက်အားတဲ့အချိန်မှ ဟုတ်ရဲ့လား'

'ကိစ္စရှိလို့လား'

'ရှိတယ်'

'ဘာကိစ္စ'

'အဟဲ၊ ဆရာမလေးတွေကို ငမ်းချင်လို့'

'ဘာရယ်'

'မမသက်ကလည်းဗျာ၊ ဆရာမချောချောလေးတွေကို ငမ်းချင်လို့ပါဆိုမှ မရှင်းဘူးလား'

'အောင်မာ၊ တယ်ဟုတ်'

သက်သက်က မကျေမနပ်ဖြစ်သွားလေသည်။ မျက်စောင်းခဲရင်းနေရာမှ ဆတ်ခနဲထသည်။ သူတို့ သူနာပြုဆရာမလေးများကို ပိုးပန်းစရာ၊ ငမ်းစရာသဘောထားပြီး မျက်စိစားပွဲလာထိုင်သည်ကိုတော့ အားမပေးချင်ပေ။

'ဟား ဟား မမသက်ကလည်း ဗျာ၊ တကယ်ပြောတာကို အဟုတ်ထင်ပြီး စိတ်ဆိုးမလို့လား'

ပြက်တိပြက်ချော်ပြောနေသော ညီလင်းညိုကို သက်သက်က မျက်မှောင်လေးကုတ်၍ ကြည့်နေသည်။ ပြောင်တတ်နောက်တတ်သော သူ့အကြောင်းကို သိထားသူမို့ စိတ်ဆိုးချင်သော်လည်း ဆိုးရခက်နေလေသည်။

'ကျွန်တော်က စနေနေ့ဆိုရင် အိမ်ပြန်ရမှာ သိပ်ပျင်းတယ်။ ဒါကြောင့် ဈေးထဲသွားပြီးကောင်မလေးတွေကို ငေးနေတာ၊ အဲဒါလည်း ပျင်းလာတာနဲ့

မမသက်ကိုသတိရလို့လာလည်တာ၊ အဲဒီလို မျက်နှာပုပ်ကြီးနဲ့ ဆီးကြိုတာတော့ ဘယ်ကောင်းမှာလဲ'

'ရှင့်ဟာရှင် ပျင်းလို့လာတိုင်း ကျွန်မကပြုံးပြရမှာလား ကိုညီလင်းညို ရဲ့'

သက်သက်က ရယ်ချင်လာသော်လည်း မျက်နှာကိုဆက်၍တည်ထား ကာ ခပ်ငေါ့ငေါ့လေးပြောသည်။

'အေးပေါ့ဗျာ၊ ပြောပေါ့၊ ကိုကိုသာလာရင်တော့ ဒီလိုပြောမယ် မထင် ပေါင်ဗျာ'

'ကိုကိုသာဆိုရင်တော့ ဘာလို့ပြောရမှာလဲ'

'ထားပါတော့ဗျာ၊ ကျွန်တော်ကတော့ အပယ်ခံဘဝပေါ့'

ညီလင်းသည် သနားစဖွယ်မျက်နှာထားနှင့်ပြောသည်။ ထို့နောက် စကားမဆုံးခင် ဟားခနဲရယ်ပြန်သည်။ ရွှင်နေသော သူ့မျက်နှာကိုကြည့်ကာ သက်သက်သည် တည်တည်မနေနိုင်တော့ပေ၊ လိုက်၍ရယ်မိလေတော့သည်။

'ကျွန်တော် ဈေးထဲမှာ မစုလှိုင်နဲ့တွေ့ခဲ့တယ် သိလား မမသက်၊ လှ တယ်ဗျာ'

'နင်တို့ ယောကျ်ားတွေကလည်း အလှကို တော်တော်မက်ကြတယ် နော်'

သက်သက်က သူ့နေရာသူပြန်ထိုင်ရင်း ခပ်ညည်းညည်းလေးပြော သည်။ "လှတာမက်တော့ ညစာခက်မယ် ညီလင်းရဲ့" ဟုပြောချင်သော်လည်း ပြောမကောင်းသောကြောင့် တွေတွေကလေး ငေးနေမိသည်။

'မမသက် အားရဲ့လား'

'အခုတော့ အားပါတယ်၊ ဒါပေမဲ့ ညနေစောင်းကျရင်တော့ မမစောဆီ သွားမလားလို့'

'မမစော၊ ဘယ်သူလဲဟင်'

'စုလှိုင်အဖေရဲ့ နံပါတ်နှစ်လေ'

'ဩော် မစုလှိုင်ရဲ့အဖေပါအမေပေါ့၊ သူနဲ့မမသက်နဲ့ သိတယ်လား'

'သူ ဆေးရုံတက်တုန်းက သိတာ၊ သူက ကင်ဆာဖြစ်နေတာ၊ ကြာ ကြာခံမှာ မဟုတ်တော့ဘူး၊ ဒါပေမဲ့ သူ့ကိုယ်သူတော့ မသိဘူး'

'အဲဗျာ'

ညီလင်းသည် စိတ်မကောင်းသလို စုတ်သပ်လိုက်သည်။ ထို့နောက် နေရာမှချက်ချင်းထလေသည်။

'ဒါဖြင့် သွားလေ၊ ကျွန်တော်လည်း ပြန်မယ်'

'ဟယ် ချက်ချင်းပဲလား'

'နေမကောင်းတဲ့လူက အရေးကြီးပါတယ်မမသက်ရ၊ ကျွန်တော်က အလကားလျှောက်လည်နေတာပဲဟာ၊ မမကို ဘာမှာဦးမလဲ မမသက်'

သက်သက်သည် ညီလင်းနှင့်အတူ ဧည့်ခန်းဝထိ လိုက်လျှောက်လာသည်။

'မမှာတော့ပါဘူး၊ တစ်နေ့ကတောင် ရုပ်ရှင်ရုံတွေဘက်မှာ တွေ့လိုက်သေးတယ်'

'သူတစ်ယောက်ထဲလား'

ညီလင်းက စူးစမ်းဟန်နှင့်မေးသည်။ နမြောတွန့်တိုသလိုဖြစ်နေသော သူ့မျက်နှာထားကိုကြည့်ရင်း သက်သက်သည်ပြုံးလိုက်မိသည်။

'ဟုတ်ဘူး၊ နှစ်ယောက်'

'ထင်သားပဲ'

'မျက်နှာကြီးက ဘာလို့ရှုံ့သွားရတာလဲ ညီလင်းရဲ့'

'ရှုံ့ပါဘူးဗျာ၊ မမသက် မမြင်လို့၊ ဖင်ကသာ ရှုံ့သွားတာ'

ညီလင်းသည် လွယ်အိတ်ကို စလွယ်သိုင်းလွယ်ချလိုက်ရင်း မချိ သွားဖြဲနှင့်ပြောသည်။

'ဖင်က ဘာလို့ရှုံ့ရမှာလဲ'

'ကျိန်းလို့ပေါ့ဗျ'

နားမလည်သလိုကြည့်နေသောသက်သက်ကို ညီလင်းက ထပ်၍ သွားဖြဲပြသည်။ ထို့နောက် ဆောင့်ဆောင့်အောင့်အောင့်ပြောလေသည်။

'မကြားဖူးဘူးလား၊ နှမလင်နေ မောင်ဖင်ကျိန်းတဲ့၊ တကတဲဗျာ'

*

စုလှိုင် အိမ်သို့ပြန်ရောက်သောအခါ ဧည့်ခန်းထဲတွင် တစ်ဦးတည်းထိုင်နေသော ဒက်ဒီကိုတွေ့ရသည်။ အခန်းတစ်ခုလုံး စီးကရက်နံ့မွှန်နေသည်ကို ထောက်ရှုသော် ဒက်ဒီသည် စီးကရက်ကို တစ်ချိန်လုံးဖွာရှိုက်နေပုံရသည်။ စားပွဲပေါ်မှ

ပြာခွက်ကလေးထဲတွင် စီးကရက်တိုလေးများ ပြည့်သိပ်နေသည်။

'စု လား၊ လာခဲ့လေ'

စုလှိုင်က တိတ်တိတ်ဆိတ်ဆိတ်လေးရပ်ကြည့်ကာ ပြန်လှည့်မည်ပြု စဉ် ဒက်ဒီက လှမ်းခေါ်သည်။

ဒက်ဒီသည် တစ်လှမ်းချင်းလျှောက်ဝင်လာသော စုလှိုင်ကို စီးကရက် မီးခိုးများကြားမှ ခပ်ဝါးဝါးကြည့်နေသည်။ ဒက်ဒီ၏မျက်နှာတွင် သောက၏ အရေးအကြောင်းများ ထင်ဟပ်နေသည်။

'ဒက်ဒီ စိတ်ညစ်နေလား'

'ဘာလို့မေးတာလဲ စု'

'ထင်လို့ပါ'

'ဘာလို့စိတ်ညစ်နေတယ်လို့ ထင်သလဲ'

'ဒက်ဒီ့ မိန်းမ သေမှာစိုးလို့ပေါ့'

ဒက်ဒီသည် ခပ်တိုးတိုးပြောသော စုလှိုင်ကိုကြည့်ကာ မရယ်ချင့် ရယ် ချင်နှင့် ရယ်လေသည်။ ထိုအခါမှ စုလှိုင်သည် ဒက်ဒီ့အာခံတွင်းမှ ပျံ့သင်းလာ သော အရက်နံ့ကိုရသည်။ သို့သော် ထိုအနံ့သည် စုလှိုင်အတွက် အဆန်း မဟုတ် ချေ။ ငယ်စဉ်ကတည်းက ယဉ်ပါးခဲ့ပြီ ဖြစ်သည်။

'ဟုတ်တယ်၊ သူသေမှာစိုးတယ်'

'ဒက်ဒီ့အတွက် မိန်းမမှ မရှားဘဲ၊ ဘာကိုစိုးရိမ်နေရတာလဲ'

အပြာနုရောင် ဇာခန်းဆီးများကိုငေးကြည့်ရင်း စုလှိုင်က လှောင်သံ လေးနှင့်ပြောမိသည်။ တစ်ဗိုလ်ဆင်းလျှင် တစ်ဗိုလ်တက်မည်၊ ငကန်း သေလျှင် ငစွေပေါ်မည်ဟု ပြောလိုသော်လည်း ထိုမျှအထိတော့ မပြောရဲချေ။

'ဒက်ဒီ့အတွက် စိုးရိမ်တာ မဟုတ်ပါဘူး'

'ဘယ်သူ့အတွက်လဲ'

'ကလေးအတွက်ပါ'

'ဪ'

'သူက သူ့ကလေးကို သိပ်ချစ်တယ်'

'ဒါ ဆန်းသလား ဒက်ဒီ'

'ဆန်းတာပေါ့စု၊ ကလေးအမေတိုင်း ကလေးကို ချစ်တတ်ကြတာမှ မဟုတ်တာ'

'ဟုတ်တယ် ဒက်ဒီ၊ ကလေးအဖေတိုင်းလည်း ချစ်တတ်ကြတာ မဟုတ်ဘူး'

စုလှိုင်က ဒက်ဒီ့မျက်လုံးများကို ဖျတ်ခနဲ လှမ်းကြည့်ကာ နာကြည်းသောအသံလေးနှင့် ပြောလိုက်သည်။ ဒက်ဒီသည် စီးကရက်မီးခိုးများကို မှုတ်ထုတ်ကာ သူ့ခြေထောက်ကို စားပွဲပေါ် လှမ်းတင်လိုက်သည်။ ခေတ္တမျှငြိမ်နေပြီး သက်ပြင်းရှိုက်လိုက်လေသည်။

'ဟုတ်တယ်စု၊ ဒက်ဒီက ချစ်တတ်တဲ့အဖေ မဟုတ်ဘူး၊ ချစ်တတ်တဲ့ ယောကျ်ားလည်း မဟုတ်ဘူး၊ အို ကွာ ချစ်တတ်တဲ့ လူသားတစ်ယောက်မှ မဟုတ်တာ'

စားပွဲပေါ်ရှိ စီးကရက်ဘူးလေးကိုကြည့်ရင်း စုလှိုင်သည် စီးကရက် သောက်လိုစိတ် ဖြစ်ပေါ်လာသည်။ စိတ်ထဲတွင် ဟာသလိုလိုရှိတိုင်း စီးကရက် ကောက်ဖွာတတ်သောအလေ့ စွဲကပ်နေသည်မှာ သုံးလေးလခန့်ရှိပေပြီ။ စီးကရက်သောက်လျှင် အာခေါင်များခြောက်ကာ ချောင်းဆိုးတတ်သေးသော်လည်း တစ်ထိုင်တည်းနှင့် သုံးလိပ်ခန့်ကုန်အောင် ဖွာတတ်နေပြီဖြစ်သည်။

'စုလည်း ဒက်ဒီ့သွေးပါလာတယ်ထင်တယ်၊ မချစ်တတ်ဘူး'

စုလှိုင်သည် စီးကရက်ဘူးလေးကိုကောက်ယူပြီး လက်ထဲတွင်ဖွဖွလေး လှည့်ကစားနေမိသည်။ ဒက်ဒီ့ကိုကြောက်ရွံ့သည်မဟုတ်သော်လည်း ရှေ့တွင်ထားပြီး မီးညှိဖွာရှိုက်ရန်ကား သိပ်ပြီးမရဲလှချေ။

'မချစ်တတ်တာ ကောင်းပါတယ်'

'စုကတော့ တစ်ခါတလေ ချစ်တတ်ချင်တယ်'

'ဘာဖြစ်လို့လဲ'

'ချစ်ခြင်းမေတ္တာဆိုတာ သိပ်ပြီးနူးညံ့တယ်၊ ပျော်ရွှင်ကြည်နူးစေတယ်လို့ ကြားဖူးလို့ပါ'

'အရူးတွေက ပြောတာပါ၊ လိုရင်းကတော့ ယောကျ်ားနဲ့မိန်းမ အတူတူ အိပ်ကြတာပါပဲ'

ဒက်ဒီသည် အတန်ငယ် ယစ်ထွေနေပုံရသည်။ ခပ်ရမ်းရမ်းလေး ပြောချကာ ရယ်လေသည်။

ဖခင်ဖြစ်သူက သမီးပျိုလေးအား ပြောပြလိုက်သည့်မေတ္တာဘွဲ့ကို ကြားသောအခါ စုလှိုင်၏မျက်နှာသည် နွေးခနဲဖြစ်သွားသည်။ မျက်တောင်လေး

စင်းငိုက်ပြီး ကြမ်းပြင်ကိုစိုက်၍ ကြည့်နေမိသည်။ ကြမ်းခင်းထားသော ကျွန်းတုံးလေးများသည် ပေါ်လစ်ရောင် ပြောင်နေသည်။ ပုရွက်ဆိတ်အမည်းလေး သုံးကောင်သည် အရစ်ထနေသော ကျွန်းသားကွက်ကလေးထဲတွင် ချာလည်လှည့်ပြီး ပြေးနေကြသည်။

'သူသေတော့မှာလား ဒက်ဒီ'

'အင်း နီးပြီပေါ့'

စုလှိုင်သည် စီးကရက်ဘူးထဲမှ စီးကရက်သုံးလိပ်ကိုနှိုက်ယူကာ ပိုက်ဆံအိတ်ကိုဖွင့်၍ ထည့်လိုက်သည်။

'ဆေးလိပ် သောက်နေလား'

'တစ်ခါတလေပါ'

'တစ်ခါတလေလည်း မကောင်းဘူး'

'မကောင်းတာတွေကတော့ အများကြီးပေါ့ ဒက်ဒီရယ်'

ဒက်ဒီသည် စုလှိုင်၏ ရီဝေဝေမျက်လုံးများကို ငေးကြည့်နေသည်။ စုလှိုင်က ဒက်ဒီ၏အကြည့်ကို ရင်မဆိုင်ဘဲ လူးလွန့်လှုပ်ရှားနေသော ဇာခန်းဆီးရှည်ကြီးများကို ကြည့်နေသည်။ ဒက်ဒီသည် စုလှိုင်၏အတွင်းစိတ်ကို လှမ်းပြီး အကဲခတ်နေဟန်နှင့် အတန်ကြာအောင် ငြိမ်နေလေသည်။ စုလှိုင်ကလည်း သူ့အတွင်းစိတ်ကို ထုတ်ဖော်ပြောမိမည်စိုး၍ ဘာမှမပြောဘဲ ငြိမ်နေလေသည်။

'ဒက်ဒီ စုကိုဘာပြောမလို့ လှမ်းခေါ်တာလဲ'

အနေရခက်လာသော စုလှိုင်က မေးလိုက်သည်။ ဒက်ဒီရှေ့တွင် ဆက်၍ထိုင်မနေလိုတော့ပေ။

'ဩော် ဟုတ်သားပဲ၊ စုကို ပြောထားမလို့'

'ဘာကိုလဲ ဟင်'

'သူ့အမေဆုံးသွားရင် ကလေးကို ဒီခေါ်လာရမှာကိုပေါ့'

'ဟင်'

'ဒီလိုမလုပ်လို့ ဘယ်လိုလုပ်ရမလဲ၊ သဲလ်မာကိုလည်း ပြောထားပြီးပြီ၊ သူ့အထိန်းနဲ့သူ ထားမှာပဲပေါ့၊ ဒါပေမဲ့ ဒီအိမ်ကိုခေါ်လာရမှာပဲ'

ဒက်ဒီက ယတိပြတ်ဆုံးဖြတ်ပြီးဟန်နှင့်ပြောသည်။ စုလှိုင်ကို တိုင်ပင်ခြင်းမဟုတ်၊ အသိပေးခြင်းသာဖြစ်ကြောင်းကို သူ့လေသံက ဖော်ပြနေသည်။

စုလှိုင်သည် စီးကရက်မီးခိုးများကြားမှ ဒက်ဒီ့မျက်နှာကို ဝေဝါးစွာ

လှမ်းကြည့်သည်။ ထို့နောက် နေရာမှ ဖြည်းဖြည်းလေး ထလိုက်လေသည်။

'ဒက်ဒီ့အိမ်မှာ ဒက်ဒီသဘောပဲပေါ့၊ စုတို့ကို အသိပေးစရာတောင် မလိုပါဘူး'

စုလှိုင်က ခြောက်ကပ်ကပ်ကလေး ပြောလိုက်ကာ အခန်းတွင်းမှ ထွက် လာခဲ့သည်။

အခန်းထဲရောက်သောအခါ အဝတ်အစားမလဲသေးဘဲ အိပ်ရာပေါ် ပစ်လှဲလိုက်သည်။ ထို့နောက် ပိုက်ဆံအိတ်အတွင်းမှ စီးကရက်ကိုလှမ်း၍ ထုတ် ယူလိုက်လေသည်။

*

'နှစ်ကျပ်တန်းတစ်ဆောင်'

'ကျော်ထွန်းညိုသည် ငွေနှစ်ကျပ်ကို အပေါက်ငယ်လေးထဲသို့ လှမ်း သွင်းလိုက်သည်။ ရုပ်ရှင်ကြည့်ချင်လှသောကြောင့်တော့ မဟုတ်ချေ။ သို့သော် လည်း နေ့တစ်ဝက်အတန်းပြီးနေသောကြောင့်ဖြစ်သည်။ ညနေပိုင်း အချိန်တွင် ဆရာ နေမကောင်းဖြစ်နေ၍ လာနိုင်မည် မဟုတ်ကြောင်း ကြိုတင် သတင်းရ သည်။ ထို့ကြောင့် အိမ်ပြန်မည့်အတူတူ ရုပ်ရှင်ကြည့်ရအောင်ဟု အဖော်စပ်မိ သည်။ သမိုင်းရှိ 'စန္ဒာမြိုင်'ရုံတွင် 'နှစ်ယောက်ထဲနေချင်တယ်' ပြနေသည်။ ကား ဟောင်းဖြစ်သော်လည်း ကျော်ထွန်းညိုက ကြိုက်သည်။ ထပ်၍ ကြည့်ချင်သည်။ သို့သော် တစ်စုံတစ်ဦးကိုမျှ အဖော်စပ်၍ မရချေ။ မြန်မာရုပ်ရှင် ကြည့်ရမည်ထက် ကုလားရုပ်ရှင်ကြည့်ရန် ပို၍စိတ်ဝင်စားနေကြသည်။ ကုလား ရုပ်ရှင်ဟူသည်မှာ ဂျက်၊ ကွင်း၊ ကင်း၊ ကုလားရုပ်များကို ဆိုလိုရင်းဖြစ်လေသည်။

စက်မှုကျောင်းသားများမို့ ဂဏန်းတွက်ဝါသနာပါကြလေသလား တော့ မပြောတတ်ပါ။ အဆောင်တွင် ကျိတ်ဝိုင်းလေးများရှိသည်။ ကျော်ထွန်းညို တို့အတန်းထဲမှ ကျောင်းသား လေးငါးယောက်လောက် ထိုဂဏန်းကို ဝါသနာ ပါလွန်း၍ ကျောင်းမတက်သောကြောင့် ကျောင်းခေါ်ချိန် ခုနစ်ဆယ့်ငါး ရာနှုန်း မပြည့်ဘဲဖြစ်ခဲ့ရသည်။ စာမေးပွဲဝင်ခွင့်မရဘဲ တစ်နှစ်ကျ ဖြစ်ခဲ့ရသည်။ ထို့ကြောင့် အဆောင်မှထွက်ရပြီး အပယ်ရတနာဆောင်သို့ ရောက်ခဲ့ရသည်။ အပယ် ရတနာ ဆောင်ဟူသည်မှာ ဂျီဟောနောက်ဘက်ရှိ အိမ်မည်းကြီးဖြစ်သည်။ နှစ်ကျ ကျောင်းသားများ စုပြီးငှားနေသောအိမ်ဖြစ်သည်။ သူတို့ကို အဆောင်မှ အပယ်ခံ

ရသော ရတနာများအဖြစ် မိန်းကလေးများက တင်စားကာ အပယ်ရတနာဆောင်ဟု အမည်လှလှ ပေးထားကြသည်။

ကျော်ထွန်းညိုသည် ပျင်းပျင်းရှိသည်နှင့် ရုံထဲသို့မဝင်သေးဘဲ မုန့်ဆိုင်တန်းများဘက်သို့ လျှောက်လာသည်။ ဧရပ်သီးမှုန့် မဆလာများနှင့် နယ်ထားသော သရက်သီးစိမ်းများကိုမြင်သောအခါ အမာညိုအား သတိရသည်။ အမာညိုဟူသည့် မိန်းကလေးသည် ပိန်သည်ကိုလည်း မပြောနှင့်၊ အချဉ်အစပ် အလွန်ကြိုက်တတ်လေသည်။

'ပြောင်းဖူးတစ်ဖူး ဘယ်လောက်လဲ'

'တစ်မတ် အကို'

'ဟင် ဆယ့်ငါးပြားရပါတယ်'

'ခု မရတော့ဘူးအကိုရဲ့၊ နောက်နှစ်ဆိုရင် ငါးမူးဖြစ်မယ်၊ နောက်ဆိုရင် သုံးမတ်၊ တစ်ကျပ် ဖြစ်မယ်'

'လွန်လှချေလားဗျာ'

ကျော်ထွန်းညိုသည် ပြောင်းဖူးရွေးရင်း စုလှိုင်ကို သတိရလာသည်။ စုလှိုင်နှင့်သူ ရုပ်ရှင်အတူကြည့်ကြစဉ်ကလည်း ရုံတွင်း၌ ပြောင်းဖူးစားခဲ့သည်။ ပြောင်းဖူးစေ့လေးများကိုခွေကာ စုလှိုင်၏လက်ဖဝါးနုနုလေးထဲသို့ လှမ်း၍ ထည့်ခဲ့သည်ကို အမှတ်ရရင်း ရင်ခုန်လာသည်။ စုလှိုင်ဟူသည့် မိန်းမချောလေးသည် သူ့ကိုမြင်ရုံမျှမက တွေးမိရုံလေးနှင့်ပင် တစ်ဖက်သား၏နှလုံးသားကို ခုန်ပေါက်လာအောင် စွမ်းဆောင်နိုင်သောသူဖြစ်သည်။

'ဒီအဖူး ကောင်းတယ် အစ်ကို'

'အေးဗျာ၊ ကောင်းမယ်ထင်တာသာပေး'

ပြောင်းဖူးသည်လေးသည် ပြောင်းဖူးအခွံကိုဆွဲခွာပြီး ဆားသုတ်ပေးသည်။ အသက်ဆယ့်ငါးနှစ်ခန့်ရှိမည်ဖြစ်ပြီး နေလောင်သောအသားသည် ကြေးနီရောင် တောက်နေသည်။

'တစ်နေ့တစ်နေ့ ဘယ်လောက်ကျန်လဲ'

'အမှန်မရှိဘူး အစ်ကိုရဲ့၊ ရှစ်ကျပ်တစ်ဆယ်ပေါ့၊ ကားကောင်းရင် ကောင်းသလိုရတယ်၊ ကားကောင်းတော့ လူများများကြည့်၊ လူများတော့ မုန့်စားတဲ့လူများတာပေါ့၊ ကားမကောင်းတဲ့အပတ်ဆိုရင် တစ်နေ့လုံးရောင်းတာ တောင် တစ်တောင်းမကုန်ဘူး'

နဖူးပေါ်မှချွေးများကို အင်္ကျီလက်မောင်းနှင့် ပင့်သုတ်ရင်း စိတ်ရှည်လက်ရှည်ရှင်းပြနေသည်။ ကျော်ထွန်းညိုသည် ဘဝကို အင်အားနှင့်ရင်ဆိုင်နေသော မိန်းမပျိုလေးကိုကြည့်ရင်း ခင်မင်နှစ်သက်လာသည်။

'အဲဒီနေ့လိုဆိုရင် ဘယ်လောက်ကျန် ဟာ'

'ဟင် ကိုကို'

ပြောင်းဖူးတောင်းဘေးတွင် ငုတ်တုတ်ဝင်ထိုင်သော အမာညိုသည် သူ့အစ်ကိုအားမော်ကြည့်ရင်း ခေါင်းလေးပုသွားသည်။ သူ့နောက်တွင် ရပ်နေသော ပေါက်ကျိုင်းကမူ အိုးတိုးအမ်းတမ်းနှင့် သွားဖြဲပြလေသည်။

'အမာညိုတို့ ကျွန်းဆွယ်ပွဲကြော်ငြာပိုစတာပြိုင်တာ အရွေးခံရတယ် ကိုကိုရဲ့၊ အပေါက် အဲဒါနဲ့ ရုပ်ရှင် အဲ ရုပ်ရှင်ကြည့်ရအောင်လို့'

'အဟဲ ဟုတ်တယ်ဗျ၊ ကျွန်တော်တို့ ပိုစတာအရွေးခံရတယ်'

မျက်နှာလေး နီထွေးနေသော အမာညိုက ခေါင်းကုတ်ရင်း အထစ်ထစ်အငေါ့ငေါ့ပြောသည်။ ပေါက်ကျိုင်းက ခေါင်းတဆတ်ဆတ်ညိတ်ကာ ထောက်ခံလေသည်။

'ကိုကိုရော ရုပ်ရှင်ကြည့်မလို့လား'

'အင်း၊ အယ် ဟုတ်ပါဘူး ဟင့်အင်း'

ကျော်ထွန်းညိုသည် ခေါင်းညိတ်လိုက်၊ ခေါင်းခါလိုက်နှင့် အယောင်ယောင် အမှားမှားဖြစ်သွားသည်။

'ငါ ပြောင်းဖူးလာဝယ်တာ'

စက်မှုတက္ကသိုလ်မှ စန္ဒာမြိုင်ရုပ်ရှင်ရုံသို့ ပြောင်းဖူးလာဝယ်သည် ဆိုသောစကားသည် ယုတ္တိမတန်လှသော်လည်း အမာညိုရော ပေါက်ကျိုင်းပါ မရယ်ရဲကြချေ၊ ကျော်ထွန်းညို လှည့်၍ထွက်သွားသည်အထိ ရယ်မလို ငိုမလို အူကြောင်ကြောင် မျက်နှာပေးများနှင့် ခေါင်းကုတ်နေမိကြသည်။

ကျော်ထွန်းညိုသည် ရုပ်ရှင်ကြည့်ရန်ချက်ချင်းမေ့သွားသည်။ ပြောင်းဖူးပြုတ်ကို အငြိုးနှင့်ဖိကိုက်ရင်း ရုံထဲမှပြန်ထွက်လာသည်။

'ကို ကို'

အမာညိုက မမီမကမ်းပြေးလိုက်လာသည်။ ကျော်ထွန်းညို၏ အင်္ကျီလက်မောင်းကိုဆွဲကာ မျက်နှာငယ်လေးနှင့်ပြောသည်။

'ကိုကိုရာ မေမေ့ကို မတိုင်ကြေးနော်'

'အောင်မာ တယ်ဟုတ်'

'နော် မတိုင်ကြေး'

'ခွေးမ'

ကျော်ထွန်းညိုက ရယ်သံနှင့် ဆဲလိုက်မိသည်။ အိတ်ထဲမှလက်မှတ်ကိုလည်း ယခုမှသတိရသည်။ သူတို့ကိုပေးလိုက်ရကောင်းမလားဟု စဉ်းစားမိသော်လည်း၊ ပေါက်ကျိုင်းဟူသည့် မူရင်းမရှိသတ္တဝါက ကမ်းတက်လာမည်စိုးသောကြောင့် ဒီအတိုင်းအဆုံးခံရန် ဆုံးဖြတ်လိုက်လေသည်။

*

သက်သက်သည် မမစောဩလက်ကလေးများကိုဆုပ်နယ်ရင်း ပြောသည်။ သုံးလေးလအတွင်း ယူပစ်လိုက်သလို ချုံးကျသွားသဖြင့် သူ့လက်ချောင်းလေးများသည် ပိန်လှီနေသည်။ ပါးရိုး နားရိုးကျသွားပြီး နဂိုက ကြည့်ကောင်းရုံရှိသောမျက်လုံးညိုများသည် ပြူးကျယ်လာသလို ဖြစ်နေသည်။

'အင်း၊ စုစုလှိုင်နဲ့ထွန်းနဲ့ဆိုရင် အဖေတူအမေကွဲ မောင်နှမတွေပေါ့နော်၊ ဒါပေမဲ့ အင်း ကွယ်၊ သူတို့ တစ်ခါမှမမြင်ဖူးကြသေးဘူး'

ထူထဲများပြားသော သူ့ဆံပင်များသည် ကျွတ်ကုန်ကြပြီဖြစ်သဖြင့် ခပ်ပါးပါးသာကျန်တော့သည်။ နှုတ်ခမ်းများသည် ဖြူရော်ဖျော့တော့နေကြသည်။

'မမလေ ညတိုင်ဘုရားရှိခိုးရင် စုစုလှိုင်တို့သားအမိကို အမြဲတမ်း ရည်မှန်းပြီး မေတ္တာပို့တယ်၊ ခွင့်လွှတ်ပါလို့ တောင်းပန်မိတယ်၊ အငယ် အနှောင်းဘဝဆိုတာ မကောင်းပါဘူးကွယ်၊ သူများယောကျ်ား၊ သူများ အဖေကို ဝင်ပြီး ခွဲယူရတာ မကောင်းဘူး၊ ဒီဘဝတော့ မပြင်နိုင်တော့ဘူးလေ။ နောင်ဘဝဆိုရင်တော့ ဒီလိုမဖြစ်စေရဘူး'

မမစောက မောဟိုက်နေသောအသံနှင့် ပန်းလျစွာပြောသည်။ ဘဝကို မကျေနပ်ဘဲ ဖွတ်နှစ်နေရသောအဖြစ်သည် ဆိုးဝါးလှချေသည်။

'မေမေ'

ထွန်းသည် အခန်းထဲသို့ ပြေးဝင်လာသည်။

'မေမေ နေကောင်းလား'

'ကောင်းပါတယ် သားရယ်'

ထွန်းသည် သူ့မိခင်၏ခတင်ပေါ် ကျော်တက်ပြီး ဘေးတွင်ဝင်၍ အိပ်သည်။

'ထွန်း မေမေနဲ့အိပ်ချင်တယ်'

'မေမေ နေမကောင်းလို့ပါသားရယ်၊ နေကောင်းတော့မှ အိပ်နော်၊ မေမေ ချောင်းဆိုးရင် သားကို ကူးကုန်ဦးမယ်'

သက်သက်သည် သားနှင့်အမိကိုကြည့်ရင်း ငိုရှိုက်ချင်လာသည်။ သူ့မိခင်၏လည်ပင်းကို သိုင်းဖက်ထားသော ထွန်းက သက်သက်ကို ပြုံးရယ်ပြသည်။ ထွန်း၏မျက်လုံးများသည် မမစော၏မျက်လုံးများကဲ့သို့ပင် ကျယ်ဝန်းပြီး အသိဉာဏ်ကြီးဟန် ဖော်ပြနေသည်။ သာမန်ကလေးများထက် အတန်ငယ် ညှက်ဟန်ရှိပြီး ပြေးလွှားခုန်ပေါက် မကစားတတ်ဘဲ ငြိမ်သက်အေးဆေးလေသည်။

'မမသက်'

'ဘာလဲ ထွန်း'

'မေမေ ဘယ်တော့ နေကောင်းမှာလဲ'

'ကောင်းမှာပေါ့ကွယ်'

'မေမေ အမြဲတမ်းအိပ်နေတယ်'

'အိပ်မှ အားရှိတယ်လေ'

ထွန်းသည် ချစ်စဖွယ်ပြုံးရယ်လိုက်သည်။ ထူဝန်းပြည့်ဖြိုးသော ပန်းရင့်ရောင်နှုတ်ခမ်းလေးသည် စုလှိုင်၏နှုတ်ခမ်းနှင့်တူသည်။ ချိုသာပျော့ပျောင်းသော မျက်နှာသွယ်သွယ်လေးမှာကား မမစောနှင့်တူလေသည်။

'ဖေဖေက ပြောတယ်'

'ဘာတဲ့လဲ သား'

'ဒီနေ့ ချောချောလာခဲ့မယ်တဲ့'

'ဟုတ်လား စောစော လာမယ်တဲ့လား'

'ထွန်းက မေမေအမြဲအိပ်နေတယ်ဆိုတော့၊ အိပ်ပါစေတဲ့၊ မေမေ မနိုးတော့ရင် ထွန်းကို ဖေဖေခေါ်ထားမှာပေါ့တဲ့'

မမစော၏မျက်လုံးညိုကြီးများသည် ရုတ်ခြည်း စင်းငိုက်ပြီး မျက်ရည်ရစ်ဝဲလာသည်။ ထွန်းကို တင်းတင်းကျပ်ကျပ်ဖက်လိုက်ပြီး ပင့်သက်ရှူလိုက်သည်။

'မေမေ ငိုနေလား'

'ငိုပါဘူး သားရယ်'

'ထွန်း တိပါတယ် မေမေငိုတယ်'

'ဘာဖြစ်လို့ ငိုရမှာလဲကွယ်'

'ဖေဖေ မလာလို့လား'

မမစောသည် မျက်ရည်များ စီးကျလာသည်။ ဘာစကားမှ ဝင်မပြော တတ်ဘဲ သူတို့သားအမိကို မျက်ရည်အဝိုင်းသားနှင့် ငိုင်ကြည့်နေသော သက် သက်ကို မျက်ရည်ကြားမှပြုံးပြသည်။

ထိုနေ့ညက သက်သက်သည် တော်တော်နှင့် အိပ်မပျော်တော့ချေ၊ မျက်ရည်များကြားမှ မချိပြုံးလေး ပြုံးပြသော မမစော၏အပြုံးကိုသာ တရစ်ဝဲဝဲ မြင်ယောင်နေလေသည်။

*

နှင်းမှုန်များသည် ရီဝေမှုန်မှိုင်းနေသည်။ အေးစိမ့်နေသောဆောင်းရာသီ နံနက် ခင်းဖြစ်၍ အမာညိုအိပ်ရာမှ မထချင်ပေ။ ကွေးကောင်းကောင်းနှင့် စောင်ပုံထဲ၌ မြုပ်နေသည်။ စောင်နှစ်ထပ်ခြုံထားရုံမက ထဘီကိုပါပခုံးထိခြုံပြီး ပုစွန်တုပ်လို ကွေးထားသဖြင့် နွေးပြီးနေ၍ကောင်းနေသဖြင့် ထဖို့နေနေသာသာ လှုပ်ပင်မလှုပ် ချင်ပေ။ သူ့အားမှမေမေကြီးကိုမူကား မတွေ့ရတော့ချေ။ ဘုရားခန်းထဲ ရောက်နေ လောက်ပေပြီ။

မကြာမီ ဘုရားခန်းမှလွင့်ပျံလာသော ဓမ္မစကြာရွတ်ဖတ်သံကိုကြား ရသည်။ အမာညိုသည် ကြည်နူးစဖွယ် ဓမ္မသံကိုနားထောင်ရင်း ပေါက်ကျိုင်း အကြောင်းကိုစဉ်းစားနေလေသည်။ ပေါက်ကျိုင်းကို သူချစ်သော်လည်း မလေး စားပေ။ သူငယ်ချင်းအဖြစ်သာမြင်သည်။ ရန်ဖြစ်ဖက်၊ ငြင်းခုံဖက်၊ ကျောင်းပြေး ဖက်တစ်ဦးအဖြစ်သာ သဘောထား၍ရသည်။ အိမ်ဦးနတ်အဖြစ် သတ်မှတ်၍ မရပေ။ ပေါက်ကျိုင်းကို ကြည်ညိုလေးစားရန် စဉ်းစားမိတိုင်း ရယ်ချင်လေသည်။

'ညီလင်းညို ဟေး ညီလင်းညို'

အောက်ထပ်မှအော်ခေါ်သံကိုကြားရသည်။ ညီလင်း၏သူငယ်ချင်း တစ်ဦးဦး စောစောစီးစီးပေါက်ချလာခြင်းဖြစ်သည်။

'ဟေး အိပ်ပုပ်လှချေကလားကွ၊ မထသေးဘူးလား'

'လာပြီ လာပြီ'

အမာညိုသည် တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်နေရင်း နားစွင့်မိသည်။ မည်သူ့အသံနည်း စဉ်းစားနေမိသည်။ 'နွေသူရိန်' ဟူသော ကဗျာဆရာ ညောင်နာနာလေးဖြစ်မည် ထင်သည်။ သူ့အသံသည် ထိုကဲ့သို့ပင် ပျာလောင်လောင် ဖြစ်လေသည်။

'ဘာလဲကွ စောစောစီးစီး'

'မင်းဘိုးအေ၊ လက်မှတ်သွားတိုးရအောင် စောစောစီးစီးလာပါဆိုကွ'

'ဟာကွာ၊ မိုးတောင်မလင်းသေးဘူး'

'လင်းပါပြီကွ ထိန်လို့၊ မင်းတို့အဖေနဲ့တောင် လမ်းမှာတွေ့ခဲ့သေးတယ်။ လူကြီးက လမ်းလျှောက်ထွက်လို့ မင်းတို့က ပျင်းနေ'

အပြန်အလှန်စကားပြောသံများကိုနားထောင်ရင်း အမာညိုသည် ကျွန်းဆွယ်ပွဲကိုသတိရသည်။ ပြေးခုန်ပစ်ပွဲကိုကြည့်လိုလှသော်လည်း မကြည့်ခဲ့ရပေ။ မနေ့က ပွဲဦးထွက် ရွှေတံဆိပ်ကို မြန်မာပြည်အတွက် သံလုံးပစ် ဂျနီဖာတင်လေးက ဆွတ်ခူးပေးခဲ့သည်။ မျက်ရည်များအကြားမှ ဝမ်းသာအားရ ပြုံးနေသော ဓာတ်ပုံကို သတင်းစာထဲတွင်သာကြည့်ပြီး ကျေနပ်ခဲ့ရလေသည်။ လက်မှတ်မရသောကြောင့် အောင်ဆန်းကွင်းအနားသို့ ကပ်ပင် မကပ်နိုင်ခဲ့ပေ။ ဒီလို နေရာကျတော့ အမာညိုသည် ယောကျ်ားလေးများကိုပင် မနာလိုဖြစ်မိသည်။ မိန်းကလေးများသည် သူတို့ယောကျ်ားလေးများကဲ့သို့ စိတ်ရှိတိုင်းမတိုးနိုင်ပေ။

'ဘော်လီဘောမှာလည်း နိုင်ခြေရှိတယ်နော်၊ ဒို့မြန်မာတွေနိုင်မှာကွ'

'ဟေ့ လက်မှတ်ရသလား'

'တိုးရမှာပဲ အစ်ကိုရေ့'

အိပ်ချင်မူးတူးလှမ်းမေးသော ကျော်ထွန်းညို၏အသံကိုကြားရသည်။ ကိုကို့အသံကို ကြားသောအခါ အမာညိုသည် စောင်ခြုံထဲ၌ခေါင်းပုသွားရင်း ခစ်ခနဲ ရယ်လိုက်မိလေသည်။ ရုပ်ရှင်ရုံထဲကပြန်ထွက်သွားသော ကိုကို့အား ကြည့်ရင်း ပေါက်ကျိုင်းသည် 'ကိုယ့်ယောက်ဖလောင်းကြီးမျက်နှာကလည်းကွာ မချိုမချဉ်နဲ့၊ မန်ကျည်းရွက်ဟင်းချိုကြီးလိုပဲ' ဟု တိုးတိုးပြောခဲ့လေသည်။ အမာညိုကမူ ကော်ငြာများထဲတွင်တွေ့ရတတ်သော ဆေးမစားမီပုံကို ကြံကြံဖန်ဖန် သတိရသည်။

'ဟေ့ ညီလင်း၊ သက်သက်က မင်းအစ်မဆို'

'ဘယ်က သက်သက်လဲ'

'ဆရာမလေးလေ၊ ထဘီနီနီနဲ့ဆရာမလေး'

'အေးပေါ့ ငါ့အစ်မပေါ့၊ မင်းဘယ်လိုသိ'

မိသက်၏အကြောင်းကိုကြားရသောအခါ ဖိမ်လေးနှင့်မှိန်းနေသော အမာညိုသည် မျက်လုံးကျယ်သွားသည်။ ခေါင်းကို ငေါက်ခနဲထောင်ကာ နားစွင့်မိလေသည်။

'ငါ့အဒေါ် ဆေးရုံတက်နေရတယ်ကွ၊ အဲဒါ သူက ချီးကျူးလွန်းလို့ ကြားဖူးနေတာ၊ တစ်နေ့က ငါဆေးရုံကိုသွားတော့ အဒေါ်က သက်သက်နဲ့ မိတ်ဆက်ပေးတယ်၊ ငါက မိန်းမှာ တက်နေတယ်ဆိုတော့ ညီလင်းမသိဘူးလား တဲ့၊ မင်းကလည်းကွာ တကယ်လှ့ျိုတယ်၊ ဒီလောက် အစ်မလှလှလေးရှိနေတာကို'

နွေသူရိန်၏အသံသည် တိုးလိုက်ကျယ်လိုက်နှင့် အပေါ်ထပ်သို့လွင့် တက်လာသည်။ သက်သက်ကို လှသည်ဟုပြောသဖြင့် စောင်ပုံထဲမှ အမာညိုသည် အကျေနပ်ကြီးကျေနပ်သွားသည်။ သို့သော် နောက်ဆက်တွဲစကားကို ကြားရသောအခါတွင်ကား ဝုန်းခနဲ ခုန်ထမိလေသည်။

'လှတဲ့အစ်မတော့ ဝှက်ထားပြီး သုံးမရတဲ့ပိန်တာရိုးအစ်မကျတော့မှ ဒို့နဲ့မိတ်ဆက်ပေးတယ်၊ စွာလိုက်တာလည်း လန်လို့'

'ဟော့ကောင်၊ တိုး တိုး'

သူတို့အသံသည် ချက်ချင်းတိုးသွားသည်။ ကျော်ထွန်းညို၏ရယ်သံကို ကြားရသည်။ အမာညိုသည် ဖောက်ထိုးဖြစ်နေသောထဘီကို ဒေါသဖြစ်ဖြစ်နှင့် ပြင်ဝတ်လိုက်သည်။ အောက်ထပ်ဆင်းပြီး ရန်ထောင်မည်စိတ်ကူးမိသော် လည်း ဘယ်လိုစပြီး ရန်စကားပြောရမည်နည်းစဉ်းစား၍မရသောကြောင့် အိပ်ရာထဲသို့ ဆောင့်ခနဲ ပြန်လှဲချလိုက်သည်။

'လှတယ်လို့တော့ မဟုတ်ဘူး၊ ဒါပေမဲ့ သိပ်ချစ်စရာကောင်းတာပဲ'

'အောင်မာ၊ မင်းက'

'အဟုတ်ပြောတာ၊ ငါတော့ အဟုတ်လေးစားသွားပြီ၊ ကြိုက်သွားပြီ'

အမာညိုသည် ကိုကို့မျက်နှာပြုံးနေမလား မဲ့နေမလား ချောင်းကြည့် ချင်စိတ်ပင်ပေါက်လာသည်။ ဘာသံမှမကြားရဘဲ ငြိမ်နေပုံထောက်လျှင် ကိုကို သည် စိတ်မဝင်စားချင်ယောင်ဆောင်နေဟန်တူလေသည်။

'ဟဲ့ မိညိုလေး မထသေးဘူးလား၊ ခြောက်နာရီခွဲနေပြီ'

'ချမ်းတယ် မေကြီးရဲ့'

'ချမ်းလွန်းသည်ဟူ၍လည်းမပျင်းနှင့်၊ ပူလွန်းသည်ဟူ၍လည်း မပျင်းနှင့်တဲ့၊ လုပ်စရာရှိတာကို လုပ်ချိန်မှာလုပ်ရမှာပဲ၊ ပျင်းတယ်ဆိုတာ ကောင်းတယ် အောက်မေ့လို့'

မေမေကြီး၏စကားမဆုံးခင် အမာညိုသည် အိပ်ရာထဲမှ ထလိုက်သည်။ စောင်များကို ခေါက်သိမ်းသည်။ မေမေကြီးပြန်ထွက်သွားပြီး အောက်ထပ် ဆင်းသွားသံကြားသောအခါတွင်ကား ဝုန်းခနဲ ပြန်လှဲပြီး ခေတ္တ ကွေးလိုက်သေးသည်။

'ငါသာ ယောကျ်ားယူရင် ထမင်းတွေဟင်းတွေ လေးငါးရက်စာ ချက်ထားပြီး ပြန်ပြန်နွှေးစားမယ်၊ နေ့တိုင်းစောစောထပြီး ချက်နေရတာ ပျင်းစရာ၊ နောက်ပြီး စားပြီးတိုင်း ပန်းကန်ဆေးရတာကလည်း ဒုက္ခတစ်ခု။ အိမ်မှာ ငှက်ပျောပင်စိုက်ထားပြီး ငှက်ပျောဖက်နဲ့ပဲစားမယ်၊ ပြီးရင် လွှင့်ပစ်လိုက်ရုံပဲ၊ ဘယ်လောက် ဟန်ကျလဲ၊ သူက အချက်အပြုတ်ဝါသနာပါလည်း ကောင်းသား၊ ငါ သက်သာတာပေါ့'

အမာညိုသည် အေးစက်နေသောခြေဖျားလေးများကို ထဘီနှင့်ဖုံးရင်း စဉ်းစားနေသည်။ လမ်းလျှောက်ရာမှပြန်လာသော ဖေဖေ့ခြေသံကိုကြားသောအခါမှ ဝုန်းခနဲပြန်ထပြီး စောင်ကိုဆက်၍ခေါက်လေသည်။

အမာညိုအောက်ထပ်ဆင်းလာသောအခါ ညီလင်းတို့ထွက်သွားကြပေပြီ။ ကျော်ထွန်းညိုက မျက်နှာသစ်နေသည်။ အမာညိုသည် သူ့အနားကပ်သွားပြီး တိုးတိုးလေးပြောလိုက်သည်။

'မသိသူကျော်သွား၊ သိသူဖော်စားတဲ့ ကိုကိုရဲ့'

'ဘာလဲဟ'

'ကိုကိုက ကျော်သွားတော့ နွေသူရိန်က ဖော်စားလိမ့်မယ်နော်'

ကျော်ထွန်းညိုက မျက်နှာကိုဆပ်ပြာတိုက်ရင်းတန်းလန်းမှ ဆပ်ပြာအဖွေးသားနှင့်လှည့်ကြည့်သည်။ အမာညို ဘာကိုဆိုလိုသနည်း အသေအချာ သိလိုဟန်ရှိသည်။

'ဘာကိုဖော်စားမှာလဲဟ'

'သက်သက်ဆိုတဲ့ အမြုတေ ရတနာလေးကိုလေ'

အမာညိုက ရယ်သံလေးနှင့်ပြောကာ မီးဖိုချောင်သို့ လှစ်ခနဲ ဝင်ပြေးလေသည်။ ဘာမှျပင်မကြာလိုက်။ ဂုန်းခနဲ လဲပြိုသံနှင့်အတူ မေမေ့ဆူသံကို ကြားရသောအခါ ကျော်ထွန်းညို တဟားဟားရယ်မိသည်။

'ဟောဒီ မျောက်ညိုမဟာလေ နေရာတကာ တလွှားလွှားနဲ့ သူ့ဟာသူ ငြိမ်နေတဲ့ဈေးခြင်းတောင်းဝင်တိုက်တာ၊ ဈေးခြင်းတောင်းအပြစ်လို့ ပြောဦး မလို့လား၊ ပြန်ကောက်၊ အဲဒီပဲကြီးစေ့တွေတစ်စေ့မကျန်ပြန်ကောက်၊ တကတဲတော် တကယ့်ဆတ်ဆလူးမ'

*

စုလှိုင်သည် ဖရက်ဒီ့ကိုကြည့်ရင်း လှောင်ပြုံးလေးပြုံးနေမိသည်။

'အခု နယ်လီချိုနဲ့တွဲနေတယ်မဟုတ်လားဖရက်၊ ဘာလို့စုဆီလာတာလဲ'

'သူနဲ့တွဲတာနဲ့ စုဆီ မလာရတော့ဘူးလား'

'ဒီလိုတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ တော်ကြာ သူက စိတ်ကောက်နေဦးမယ်'

'စိတ်ကောက်ရင်လည်း ချော့လို့လွယ်ပါတယ်'

'ဟာ ဟ၊ ယူက မ ကျွမ်းကျေနေပြီပေါ့'

'ဒါပေါ့၊ အရင်တုန်းက စုအပေါ် စိတ်ကောင်းထားပြီး လွှတ်ပေးခဲ့မိတာတွေကိုလည်း နောင်တရတတ်နေပြီ'

ဖရက်ဒီက စုလှိုင်ကို ခပ်စူးစူးလေးကြည့်နေသည်။ စုလှိုင်က မရယ်ချင်ဘဲနှင့်ရယ်လိုက်သည်။ ဖရက်ဒီ့ကိုကြည့်ရင်း စိုင်းကိုသတိရနေသည်။ ဖရက်ဒီနှင့် ယှဉ်လျှင် စိုင်းသည် နုပျိုဖျတ်လတ်နေသည်။ အသားအရေဖြူဖွေ့ဖွေ့နှင့် စီးကရက်ကိုမပြတ်ဖွာတတ်သောဖရက်ဒီသည် ထိုင်းမှိုင်းပြီး နဂိုအသက်ထက် ပိုပြီးကြီးသည်ဟု ထင်နေရလေသည်။

'စုကိုလည်း တစ်လိပ်ပေးပါလား ဖရက်'

'ဆေးခြောက်ပါတယ်'

'ဟင် ယူဆေးခြောက် ရှုနေလား'

'နည်းနည်းလေးပါ၊ မများပါဘူး၊ ရီတီတီဖြစ်ရုံလေး'

စုလှိုင်ကို ဖရက်ဒီက စီးကရက်တစ်လိပ်လှမ်းပေးသည်။ ဆေးခြောက်

ပါသည်ဆို၍ စုလှိုင်သည် မီးမညှိဖြစ်ဘဲ ဒီအတိုင်းပင် ကိုင်ထားသည်။ စမ်းကြည့်လိုစိတ်ရှိသော်လည်း သူ့ရှေ့တွင် မူးသွားမည်ကို စိုးရိမ်နေသည်။

'ယူ အခုဘယ်သူနဲ့တွဲနေလဲ'

'ဘယ်သူနဲ့မှမတွဲဘူး'

'မချစ်တတ်သေးဘူးလား'

'ဟင့်အင်း'

စုလှိုင်သည် ဆံပင်လေးများ လွင့်ပါသွားအောင် ခေါင်းကို တအားယမ်းလိုက်သည်။ သူထိုင်နေသော ခုံတန်းလျားလေးဘေးမှ နှင်းဆီရုံတွင် နှင်းဆီပွင့်ဖြူဖြူလေးက ညှိုးလျနေသည်။ ပွင့်ဖတ်လေးများ ပျော့ကာ ငိုက်ကျနေသည်။ စုလှိုင်က လက်နှင့်ယမ်းလိုက်သောအခါ ပွင့်ဖတ် ပျော့ပျော့လေးများ ကြွေကျသွားသည်။

'စု တစ်ခါမှ ပန်းမပန်ဘူးနော်'

'ဟင့်အင်း မပန်တတ်ဘူး'

'ပန်းကြိုက်တဲ့ မိန်းကလေးရဲ့စိတ်ဟာ နူးညံ့တယ်တဲ့'

'စုရဲ့စိတ်က နူးမှမနူးညံ့ဘဲ၊ ဖရက်သိသားနဲ့'

စုလှိုင်သည် နွမ်းနေသောပန်းလေးများကိုထပ်၍ ခြွေချလိုက်သည်။ မြေပေါ်တွင် ပွင့်ဖတ်ဖြူလေးများပြန့်ကျဲကုန်သည်ကို ဖရက်ဒီက ရီဝေစွာ ကြည့်နေသည်။

'ယူ နယ်လ်ီကိုချစ်လား ဖရက်'

'အင်း ချစ်တယ်၊ ဒါပေမဲ့ စုကိုချစ်သလောက်တော့ မချစ်ဘူးထင်တယ်'

စုလှိုင်သည် ကျေနပ်စွာရယ်လိုက်မိသည်။ သူက မချစ်သော်လည်း လူတိုင်းလူတိုင်းသူ့ကိုချစ်ပြီး စွဲလမ်းတမ်းတနေစေလိုသည်။ ထိုစိတ် မကောင်းမှန်းသိသော်လည်း စုလှိုင်သည် သူ့စိတ်ကိုမတားမဆီးလွှတ်ထားသည်။ စိတ်ဟူသည်ကို တား၍ရသည်ဟုလည်း မထင်မှတ်ပေ။

'ဒက်ဒီ မိန်းမ နံပါတ်နှစ်သေတော့မယ်၊ ဖရက် သိလား'

'အင်း ကြားတယ်၊ မာမီပြောတယ်၊ ခု အဘိုးကြီးတော့ အတော်ဆွေးနေမှာပဲ'

'သူ့မှာပေါပါတယ်'

ပန်းပွင့်ကြွေလေးများအနားတွင် အဝါရောင်ဆင်တူလိပ်ပြာလေး နှစ်ကောင်ပျံဝဲနေသည်။ ပူးလိုက်ခွာလိုက် နီးလိုက်ဝေးလိုက်နှင့် တစ်စုံတစ်ခုကို ရှာဖွေနေသလို တရစ်ဝဲဝဲပျံသန်းနေကြလေသည်။

'တစ်ခါတစ်ခါတော့တွေးမိတယ် သိလားဖရက်၊ လူဖြစ်လာရတာ ဘာများ အဓိပ္ပာယ်ရှိပါလိမ့်လို့၊ ဘဝရဲ့အဓိပ္ပာယ်ကို ဒို့ရှာမတွေ့ဘူး၊ တစ်ခါတလေ စိတ်ရှုပေါက်တယ်၊ ငါ လူဖြစ်လာမယ့်အစား တိရစ္ဆာန်တစ်ကောင်ကောင်ပေါ့၊ ဆိုပါတော့ ဟိုနားမှာပျံနေတဲ့လိပ်ပြာလေးပဲဖြစ်လိုက်ပါတော့လို့'

'ဘာဖြစ်လို့လဲ'

'သူတို့ဘဝမှာ အဖေ အမေ မောင်နှမ သမီးရည်းစား ချစ်ခြင်းမေတ္တာမှ မရှိကြတာ၊ စုက သူတို့လိုပဲ၊ ဒါပေမဲ့ ကိုယ်ကလူကိုယ်ဖြစ်နေတယ်'

စုလှိုင်သည် ခြောက်ခြောက်သွေ့သွေ့လေးရယ်လိုက်သည်။ ဆေးလိပ်သောက်လိုစိတ် ပြင်းပြစွာဖြစ်ပေါ်လာသည်။

'ဒက်ဒီမဆုံးခင်ကပြောဖူးတယ်၊ လူနဲ့တိရစ္ဆာန်ကိုစည်းတားထားတာ၊ ကိုယ်ကျင့်တရားနဲ့ချစ်ခြင်းမေတ္တာတဲ့၊ ကိုယ်က အိမ်မှာဝိုင်းထောင်နေတဲ့သူပဲ၊ ဆေးခြောက်လည်း ရှူတယ်၊ အရက်လည်း သောက်တယ်၊ အခုဆိုရင် မိန်းမလည်း လိုက်နေပြီ၊ နောက်ပြီး ဘိန်းကုန်တောင်ကူးဦးမယ်၊ ကိုယ်ကျင့် တရားဘက်ကတော့ သုံးမရပါဘူး၊ ဒါပေမဲ့ ချစ်ခြင်းမေတ္တာတော့ရှိတယ်၊ ချစ်တတ်တယ်၊ စုဟာ ကိုယ့်ရဲ့အချစ်ဦးပါ'

'မေ့လိုက်စမ်းပါ ဖရက်ရာ'

စုလှိုင်က ခေါင်းကိုခါယမ်း၍ပြောသည်။ ရင်ထဲတွင်ဟာပြီး လည်ချောင်းက နာကျင်လာသည်။

'စုလေ လူတွေကိုမုန်းတယ်၊ လူစုလူဝေးထဲမှာလည်း မပျော်ဘူး၊ အခုကျွန်းဆွယ်ပွဲတဲ့၊ လက်မှတ်တွေ တိုးလိုက်ကြတာ၊ အုန်းအုန်းကျွက်ကျွက် သွားလိုက်ကြတာ၊ စုလေ သွားပြီးကြည့်ချင်စိတ်လည်းမရှိဘူး၊ မြန်မာ ပထမ ရရ မရရ စုအတွက်အရေးမကြီးပါဘူး'

'တိုင်းပြည်ကိုမချစ်ဘူးလား၊ တိုင်းပြည်အတွက်ဂုဏ်မယူချင်ဘူးလား'

'ဟင့်အင်း၊ ကိုယ့်ကိုယ်ကိုတောင် ချစ်မှချစ်ရဲ့လား မသိဘူး'

စုလှိုင်က ခြောက်ကပ်ကပ် ရယ်ပြန်သည်။ ဖရက်ဒီက သူ့ကို စိတ်မကောင်းသလိုကြည့်နေသည်ကိုတွေ့သောအခါ မခိုးမခန့်ပြုံးပြလိုက်လေသည်။

'ကဲ ထားပါတော့၊ ကိုယ့်ကိုတော့ စု စိတ်မဆိုးနဲ့နော်၊ မချစ်တတ်တာ က ထားပါတော့၊ ဒါပေမဲ့ ဟိုစိတ်၊ ဟိုစိတ်ရော မရှိဘူးလား၊ ဒီလောက် ကျန်း မာနေတာပဲ၊ ကိုယ် ဆိုလိုတာက ပွင့်ပွင့်လင်းလင်းပြောရရင်၊ ဟိုလေ တစ်ခါ တလေ ယောက်ျားလေးကို မတောင့်တဘူးလား'

စုလှိုင်သည် ဖရက်ဒီ့ကို ခပ်စူးစူးလေးစိုက်ကြည့်သည်။ ထူဝန်း ပြည့်ဖြိုး သော နှုတ်ခမ်းနှစ်လွှာကို တင်းတင်းလေးစေ့ထားရင်း မျက်နှာလေးနီလာသည်။

'စု မညာချင်ပါဘူး၊ အဲဒီစိတ်တော့ရှိတာပေါ့၊ စိတ်ချမ်းသာမယ်လည်း ထင်ရင်၊ အခွင့်အရေးလည်း ပေးလာရင်၊ စုကိုယ်တိုင်လည်း နှစ်သက်ရင် စု အဲဒီလူနဲ့ အတူတူအိပ်ချင်မှာပေါ့'

စုက ဖရက်ဒီထက် ပို၍ ပွင့်လင်းစွာပြောချလိုက်သည်။ ထို့နောက် ရုတ်ခြည်းမျက်ရည်ဝဲလာလေသည်။ ဖရက်ဒီသည် သူ့လက်ထဲမှ စီးကရက်တို လေးကို အဝေးကို လွှင့်ပစ်လိုက်ရင်း သက်ပြင်းချသည်။

'ကိုယ်ဟာ လူကောင်းမဟုတ်ပါဘူး စု၊ ကိုယ့်ပတ်ဝန်းကျင်ကလည်း မကောင်းပါဘူး၊ ဒါပေမဲ့ စုကိုတော့ စိတ်ကောင်းဝင်တုန်းသတိပေးချင်တယ်၊ စိတ်ထင်ရာလျှောက်မလုပ်ပါနဲ့၊ ခုချိန်အထိ စုမှာ နာမည်ပျက်မရှိသေးဘူး၊ အဲဒီလို လုပ်ရင်တော့ အသားစားကျားတွေ ဝိုင်းလာလိမ့်မယ်'

စုလှိုင်၏မျက်နှာလေးသည် ရုတ်တရက်ပျော့ပျောင်းသွားသည်။ ဖရက် ဒီ့ကို ကျေးဇူးတင်သလို လှမ်းကြည့်ရင်း မျက်ရည်မကျဘဲ ရှိုက်လိုက်မိသည်။

ထိုစဉ်တွင် သူတို့နားသို့ မာမီရောက်လာသည်။ မာမီ့မျက်နှာသည် ထိတ်လန့်တုန်လှုပ်နေသလို ဖြူရော်နေသည်။

'သူ သေခါနီးနေပြီ သိလား စု'

'ဟုတ်လား'

မာမီသည် စုလှိုင်၏ဘေးတွင်ဝင်၍ထိုင်သည်။ ထို့နောက် စုလှိုင်၏ လက်များကို ဆုပ်ကိုင်လိုက်သည်။

'ခုနပဲ စု ဒက်ဒီကို ဖုန်းဆက်တယ်၊ သူက အဲ သူက သူမဆုံးခင် စုနဲ့ တွေ့ချင်တယ်တဲ့'

'ဟင်'

'ဟုတ်တယ် စုနဲ့စကားပြောချင်တယ်လို့တောင်းပန်နေသတဲ့၊ အဲဒါ အဲဒါ'

စုလှိုင်၏ခေါင်းထဲတွင် မူးမိုင်းပြီးနောက်ကျိသွားသည်။ မာမီ့ကို မျက်လုံးဝိုင်းကြီးများနှင့်လှမ်းကြည့်ရင်း ဘာမှပြန်မပြောမိဘဲ ငြိမ်နေမိသည်။ သူ့ နှလုံးသားကို အေးစက်သောလက်ချောင်းကြီးများက လာရောက် ဆုပ်ကိုင်လိုက်သလို စိမ့်စိမ့်အေးပြီး မွန်းကျပ်လာသည်။

'သေခါနီးလူရဲ့ဆန္ဒမို့ လိုက်လျောပါလို့ ဒက်ဒီက ပြောနေတယ်'

'အို စု စု မတွေ့ချင်ဘူး'

'စု ဒက်ဒီက ကားလွှတ်လိုက်မယ်တဲ့'

'စု သူ့ကိုမုန်းတယ်'

စုလှိုင်ကအော်လိုက်သည်။ ထို့နောက် ခုံတန်းလေးကို ပန်းလျှစွာ မှီလိုက်သည်။ သူဘာပြောပြော ဒက်ဒီ့အလိုကျအတိုင်း သွားတွေ့ရမည်ကိုကား စိတ်ထဲမှ အလိုလိုသိနေလေသည်။

'စုရယ် သေခါနီးလူကို ဒီလောက်တော့လိုက်လျောလိုက်ပါ၊ သူ့မှာ အချိန်များများ မကျန်တော့ပါဘူး'

ဖရက်ဒီကပါ ဝင်ပြောသည်။ စုလှိုင်သည် အပြာရောင်ကောင်းကင်ကြီးကိုမော်ကြည့်နေသည်။ တိမ်ဖြူဖြူများသည် ဟိုတစ်စု သည်တစ်စုပြန့်ကျဲနေသည်။ တိမ်တိုက်လေးများကို တစ်ခုနှစ်တစ်ခုရေတွက်ရင်း ကစဉ့်ကလျား ဖြစ်နေသောစိတ်များကို ပြန်လည်စုစည်းနေမိလေသည်။

မကြာမီ ကားသံကိုကြားရသည်။ ကားမောင်းသော ဦးဆာမိသည် စုလှိုင်ကို စိုးရိမ်ဟန်နှင့်လှမ်းကြည့်နေသည်။ လွှတ်လိုက်၍လာမည့်သာ လာရသော်လည်း စုလှိုင်လိုက်လာလိမ့်မည်ဟု ထင်မိပုံမရချေ။

စုလှိုင်သည် နေရာမှ လေးလေးတွဲ့တွဲ့ထသည်။ ထို့နောက် ကားဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားလေသည်။

*

'မမရေ ကျောင်းတွေပိတ်လိုက်တယ်တဲ့'

ညီလင်းက အသံကျယ်ကြီးနှင့်အော်ကာ အိမ်ပေါ်သို့ခုန်ပေါက်တက်လာသည်။

စောင်ပုံထဲတွင် ထဘီခြုံကွေးနေသော အမာညိုက ဝုန်းခနဲခုန်ထလေသည်။

'ဟယ် အဟုတ်လား'

'အဟုတ်ဗျ၊ ရေဒီယိုက အခုပဲ ကြေညာသွားတယ်'

ညီလင်းက ဝမ်းသာအားရပြောသည်။ သူသည် ယခုထိ ကလေးစိတ် ပျောက်သေးသူမဟုတ်ချေ။ ကျောင်းသာပိတ်ပါစေ၊ ဘာကြောင့်ပိတ်ပိတ် ဝမ်းသာမည်သာဖြစ်သည်။

'စာသင်ပျက်တာပေါ့ဟာ'

အမာညိုက အိပ်ရာထဲသို့ပြန်လှဲသည်။ သူဖျားနေသည်မှာ သုံးရက်ရှိပေပြီ။ ထို့ကြောင့် ရေဒီယိုလာချိန်အထိ အိပ်ရာထဲတွင်နေခွင့်ရခြင်းဖြစ်သည်။ ကျောင်းမတက်ရသည်မှာလည်း သုံးရက်ရှိပြီမို့ ပေါက်ကျိုင်းကို သတိရနေသည်။ သတင်းမေးရောက်မလာသဖြင့်လည်း စိတ်တိုမိသည်။

'လက်ဖွေ့ပွဲမှာ ပြဿနာဖြစ်တာတဲ့'

ကျော်ထွန်းညိုကပါ အခန်းထဲဝင်လာသည်။ အမာညို၏ဘေးတွင် ဝင်ထိုင်ကာ နဖူးကိုစမ်း၍ကြည့်လေသည်။

'ပူသေးတယ်၊ နင်ထမင်းခိုးစားလား'

'စားပါဘူး'

အမာညိုသည် ထမင်းကို ဆီးသီးလောက်မက်သူ မဟုတ်ချေ။ ထို့ကြောင့် ထမင်းခိုးမစားဘဲ ဆီးယိုထုပ်များကိုသာခိုးစားခဲ့သည်။ ဆီးယိုကြောင့်တော့ အဖျားမတက်နိုင်ဟုလည်း ယုံကြည်သည်။

'ပြီးခါနီးမှကွာ၊ ဘွဲ့ရခါနီးမှကျောင်းပိတ်တယ်'

ကျော်ထွန်းညိုသည် ဒီနှစ်ကုန် ဘွဲ့ရတော့မည်မို့ ကျောင်းမပိတ်စေလိုပေ။ အမာညိုကလည်း ကျောင်းပိတ်သည်ကို မလိုလားပေ။ ကျောင်းစာကြောင့်တော့မဟုတ်။ ပေါက်ကျိုင်းနှင့်နေ့စဉ်မတွေ့ရတော့မည်ကိုစိုးရိမ်သောကြောင့် ဖြစ်ကြောင်း ကိုယ့်ကိုယ်ကိုသိသည်။

'ကျွန်တော်တော့ ပျော်တာပဲ'

'ညီလင်းရာ နင့်နှယ် အမြင်ကျဉ်းလိုက်တာ'

အမာညိုက အပေါ်စီးနှင့်ပြောသည်။

'အဆောင်က လူတွေ ကိုးနာရီအပြီး ထွက်ရမယ်တဲ့'

'ဟုတ်လား'

အမာညိုသည် မိမိလေးကိုသတိရသော်လည်း ချက်ချင်းပြန်မေ့သွား

လေသည်။ ပေါက်ကျိုင်းကိုသာ သတိရသည်။ နယ်ကိုများ ချက်ချင်းတန်းပြန်သွားမလားဟုတွေးပြီး ငိုချင်လာသည်။

'မာညို'

သက်သက်၏အသံကို အလျင်ကြားရသည်။ ထို့နောက်မှ တံခါးဝသို့ရောက်လာသည်။

'မာညို နင်ဖျားနေတယ်ဆို'

သက်သက်သည် အခန်းတွင်းလှမ်းဝင်လာရင်း စိုးရိမ်တကြီး မေးသည်။ ကျော်ထွန်းညိုက ထပြီး ဖယ်ပေးလိုက်သဖြင့် ထိုနေရာတွင် တင်ပျဉ်လွှဲဝင်ထိုင်သည်။

'ဖျားတော့ ဖျားတယ်၊ ဒါပေမဲ့ အများကြီးဟုတ်ပါဘူး၊ ကျောင်းမတက်ရရုံလောက်ပဲ'

အမာညိုက ညောင်နာနာပြောသည်။ သက်သက်၏ကိုယ်မှ သနပ်ခါးနံ့က သင်းပျံ့နေသည်။ ပဲကြီးဟင်းအိုးထဲလိမ့်ကျလာသလို ခြေဆုံးခေါင်းဆုံးဘဲကျားရိုက်လိမ်းထားသည်။ အကျင့်ပါနေဟန်နှင့် အမာညို၏လက်ကောက်ဝတ်ကို ဖမ်းကိုင်ကာ သွေးတိုးစမ်းလိုက်သည်။ ကံကောင်းထောက်မ၍ ပြဒါးတိုင်အဆင်သင့်ပါမလာသောကြောင့် ပါးစပ်ထဲ ထိုးအထည့်မခံရခြင်း ဖြစ်လေသည်။

'သွေးတိုး နည်းနည်းမြန်တယ်'

'စိတ်လှုပ်ရှားနေတာကိုးဟ'

'ဘာလို့လဲ'

'ကျောင်းတွေ ပိတ်လိုက်လို့လေ'

'ဟယ် ဟုတ်လား၊ ငါမသိဘူး၊ ရေဒီယို နားမထောင်မိဘူး၊ ဒီတိုင်းထွက်လာတာ'

သက်သက်က တအံ့တသြပြောသည်။ အမာညိုသည် ယခုမှပင် ယမန်နေ့ညက သက်သက်အိမ်ပြန်အိပ်ကြောင်း စဉ်းစားမိသည်။ ညတွင်းချင်းမလာဘဲ မနက်လင်းခါမှ လာလည်သဖြင့် မကျေမနပ်ဖြစ်သွားသည်။

'နင်က ဘာလို့ခုမှလာတာလဲ'

'မနေ့က အသုဘသွားပို့ပြီးအပြန် ခေါင်းတွေကိုက်နေလို့ မာညိုရဲ့၊ နင်မသိသေးဘူးလား၊ စုလှိုင်အဖေရဲ့ဟိုဒင်း ဆုံးပြီလေ၊ ဆေးရုံမှာတစ်ခါတွေ့ပါရော'

'ဟင်၊ ဆုံးသွားပြီလား'

စုလှိုင်၏အမည်ကိုကြားသောအခါ ညီအစ်ကိုနှစ်ဦးလုံး ခေါင်းထောင်လာကြပြီး စိတ်ဝင်တစား လှမ်းကြည့်သည်။ သက်သက်ပြောသော ဟိုဒင်းဟူသည်မှာ အမျိုးသမီးတစ်ဦးဦးကိုဆိုလိုခြင်းဖြစ်ကြောင်း နားလည်သော်လည်း နံပါတ်ဘယ်လောက်နည်း သူတို့မသိပေ။

'ဘယ်သူလဲဟင်'

'နံပါတ် ဘယ်လောက်လဲ'

ညီအစ်ကိုနှစ်ဦးလုံး ပြိုင်တူမေးမိကြသည်။ မေးမည့်သာမေးသော်လည်း နံပါတ်တစ်နှင့်နှစ်ကလွဲ၍ သူတို့မြင်ဖူးကြသည်မဟုတ်ချေ။

'နံပါတ် နှစ် လေ'

'သိတယ်၊ တစ်ခါတွေ့လိုက်ဖူးတယ်၊ သားလေးတစ်ယောက်ရှိတယ်မဟုတ်လား'

ကျော်ထွန်းညိုကမေးသည်။ သက်သက်သည် စုလှိုင်၏အမည်ကိုကြားရုံနှင့် လှုပ်ရှားလာသော ကျော်ထွန်းညိုအားမော်ကြည့်ရင်း ပင့်သက်လေးမသိမသာရှိုက်မိသည်။ ခေါင်းကို ဖြည်းလေးစွာ ညိတ်ပြသည်။

'ဟုတ်တယ်၊ သနားစရာလေး'

'ဘယ်အရွယ်လောက် ရှိပြီလဲ'

'လေးနှစ်လောက်ရှိရောပေါ့၊ သက်သက်ကိုမြင်တော့ ပြေးလာပြီး သူ့အမေကိုနှိုးပေးပါလို့ပြောနေသေးတယ်၊ နောက်ပြီး အလောင်းဘေးမှာ ငိုမဲ့မဲ့လေးရပ်ပြီး မေမေ ထ ထ လို့ သွားနှိုးတယ် ကိုကိုရယ်၊ သက်သက်လည်း မျက်ရည်မထိန်းနိုင်တော့ဘူး'

သက်သက်သည် ပြောရင်း မျက်ရည်ဝဲလာသည်။ သနားတတ် ချစ်တတ်ပြီး မျက်ရည်လွယ်သောသက်သက်ခမျာ သူ့လူနာများနှင့်ပတ်သက်ပြီး ငိုရပေါင်းများလှချေပြီ။

'နင်နဲ့ခင်လို့ အသုဘလိုက်ပို့တာလား'

'အင်း၊ သူက တစ်မျိုးပဲ၊ သူသေရင် အသုဘပို့နော်လို့ မှာသွားတယ်။ ဒါနဲ့ ငါလည်း မဖြစ် ဖြစ်အောင်ပို့တာ'

မျက်ရည်ဝဲနေသော သက်သက်ကိုကြည့်ရင်း အမာညိုသည် သူပါငိုချင်လာသည်။

'စုလှိုင်ရော လာလားဟင်'

'မမကလဲ၊ လာမလားဗျ'

ဆုတ်ဆိုင်းဆိုင်းမေးသော အမာညို့ကို မသိသားဆိုးဝါးရန်ကောဟူသော မျက်နှာထားနှင့် ညီလင်းက လှမ်းပြောသည်။

'မဆုံးခင်တစ်ရက်က လာတယ်တဲ့'

'ဟယ်၊ အဟုတ်'

'အင်း၊ ဟုတ်တယ်။ ကလေးထိန်းတဲ့အန်တီကြီးကပြောတယ်၊ မမစောနဲ့နှစ်ယောက်ထဲတွေ့ကြတယ်တဲ့'

ကျော်ထွန်းညိုသည် သက်သက်ကိုငေးကြည့်ရင်း သူတို့နှစ်ဦး ဘာစကားများပြောကြလေမည်နည်းဟု စဉ်းစားနေမိသည်။ အမာညိုသည်လည်း စုလှိုင်အကြောင်းကို တွေးနေမိသောကြောင့် ပေါက်ကျိုင်းကို ခေတ္တမေ့သွားလေသည်။

အတန်ကြာငြိမ်နေမိကြပြီးနောက်မှ ညီလင်းညိုက နေရာမှထသည်။

'ကျွန်တော် အဆောင်သွားကြည့်ဦးမယ်၊ ကိုကို လိုက်မလား'

'ငါလည်း ကျောင်းဘက် သွားချင်သေးတယ်'

သက်သက်အတွက် မမစောဆုံးခြင်းက အရေးကြီးသော်လည်း သူတို့အတွက်မူ ကျောင်းပိတ်ခြင်းက ပို၍အရေးကြီးလေသည်။ မမစော အကြောင်းကို စုလှိုင်နှင့်နွှယ်၍ ခေတ္တမျှစိတ်ဝင်စားလိုက်သော်လည်း စိတ်ထဲတွင် ကြာရှည်စွဲမှတ်ထားလိုဟန်မရှိကြပေ။

အခန်းထဲမှထွက်သွားသော ကျော်ထွန်းညိုကိုကြည့်ရင်း အမာညိုသည် ပေါက်ကျိုင်းကိုတွေ့ပါက အိမ်ကိုလာခဲ့ဟုပြောလိုက်ပါဟု မှာလိုစိတ်နှင့် ပါးစပ်ယားနေသည်။ သို့သော်လည်း 'ကဲလှချေလား'ဟု အငေါက်ခံရမည်စိုးသောကြောင့် မမှာရဲချေ။ ထို့ပြင် အတန်ငယ်လည်း ရှက်နေသည်။ ထို့ကြောင့် သူတို့ညီအစ်ကို အောက်ထပ်ဆင်းသွားသည်အထိ ဘာမှမမှာဖြစ်ဘဲ မောကျန်ခဲ့လေသည်။

'မိမာညို၊ နင်အိပ်ရာထဲမှာပဲ နေနေရတာ ပျင်းနေမှာပေါ့'

'အင်း၊ သိပ်ပျင်းတာပဲ'

အမာညိုသည် သက်သက်ပန်ထားသော စပယ်ကုံးလေးကို လက်ဖြန့်တောင်းသည်။ နှစ်ကုံးရှိသည်အနက် တစ်ကုံးကို ဖြုတ်ပေးလိုက်ရလေသည်။

'ငါလေ နေရတာငြီးငွေ့ပြီး ပျင်းခြောက်ခြောက်ကြီး၊ တစ်ခုခုထူးထူးဆန်းဆန်းလုပ်ချင်စိတ် ပေါက်ပေါက်လာတယ်'

'ဘာများ အထူးအဆန်းလုပ်ချင်တာလဲ၊ ပျင်းရင် မျောက်က ကပေါ့၊ ထဘီခါးတောင်းကျိုက်ပြီး လမ်းမမှာ လျှောက်ချင်နေလို့လား'

သက်သက်က အရွှန်းဖောက်၍မေးသည်။ အမာညိုသည် မရယ်မပြုံးနှင့် ငေးနေသည်။ စံပယ်ပန်းကုံးလေးကို အသာအယာရှိုက်နမ်းနေသည်။ ထို့နောက်မှ မရေမရာလေးပြောသည်။

'ယောကျ်ားယူရရင် အပျင်းများ ပြေမလား မသိဘူး'

*

'မိညို လင်နောက်လိုက်သွားပြီ'

နားရှိ၍သာ ကြားလိုက်ရသော်လည်း သက်သက် မယုံချင်ပေ။ သူ့ရှေ့တွင် အငိုင်သားရပ်နေသော ကျော်ထွန်းညိုကို မျက်လုံးအဝိုင်းသား၊ ပါးစပ်အဟောင်းသားနှင့် ကြည့်နေမိသည်။

'မယုံဘူးလား မိသက်၊ ခွေးညိုတစ်ကောင် တကယ်လင်နောက်လိုက်သွားတာ'

'ဘယ် ဘယ်သူနဲ့လဲ'

'ဘယ်သူဖြစ်ရဦးမှာလဲ၊ ဟိုပေါက်ကျိုင်းဆိုတဲ့ငနာလေးနဲ့ပေါ့'

'နောက်နေတာလား ကိုကိုရယ်'

သက်သက်က မယုံမရဲနှင့်ထပ်၍မေးမိသည်။ မှုန်နီပြီးနေသော ကိုကို့မျက်နှာကိုကြည့်၍ နောက်ပြောင်ခြင်းတော့မဟုတ်တန်ရာဟုထင်မိသော်လည်း သေသေချာချာလည်း မယုံရဲချေ။

'ကျောင်းတွေပိတ်တော့ ဟိုကောင်က ချက်ချင်းအိမ်မပြန်ဘူးလေ၊ သူတို့အတန်းထဲက မြတ်ကိုကိုဆိုတဲ့လူအိမ်မှာကပ်နေတယ်၊ နောက် သူပြန်မယ့်နေ့ကျတော့ ဟိုဆတ်ဆလူးမက မေမေကြီးကို ဘုတာရုံလိုက်ပို့ပါရစေဆိုပြီး အတင်းပူဆာသတဲ့၊ မေမေတို့က သူတို့မရိုးဘူးဆိုတာ သိပေမယ့် ဘူတာရုံလောက်ပို့တာကိစ္စမရှိဘူးပြီး လွှတ်လိုက်တယ်တဲ့၊ ဟိုကျတော့ ဘာစိတ်ပေါက်တယ်မသိဘူး ဟိုကလည်းခေါ်၊ သူကလည်း အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ရထားပေါ် တက်လိုက်သွားသတဲ့ကွာ၊ သမီးအမိုက်ကိုခွင့်လွှတ်ပါဆိုတဲ့စာကိုတော့ ညနေစောင်းမှ

ကောင်လေးတစ်ယောက်လာ ပို့တယ်လေ'

'ဖြစ်မှဖြစ်ရလေ အမာညိုရယ်'

သက်သက်က ရယ်ချင်ငိုချင်နှင့်ညည်းလိုက်မိသည်။ 'ယောကျ်ားယူရလျှင် ကောင်းမယ်' ဟု အမာညိုကပြောခဲ့သော်လည်း အတည်ပေါက်ပြောသည်ဟု မထင်ခဲ့ပေ။ တကယ်ယူသွားလိမ့်မည်ဟူ၍လည်း တွေးပင်မတွေးမိခဲ့။

'မမကြီးဖြင့် ဒေါကန်လွန်းလို့ ဝုန်းဒိုင်းကိုကြဲသွားတာပဲ၊ ငါးရံ့ ပြာလူးတွေရော ငါးရစ်တက်တာတွေရော ဆဲလိုက်တာလည်း စုံလို့၊ မမဆို ငိုရော'

အမာညိုသည် အသက်နှစ်ဆယ်ပင်တင်းတင်းပြည့်သေးသည်မဟုတ်ပေ။ ပညာလည်း စုံသေးသည် မဟုတ်၊ အိမ်ထောင်ရေးနယ်ထဲသို့ ခြေစုံပစ်ဝင်ရန်အချိန်မတန်သေးပေ။

'သူတို့ကို ဘယ်သူကမှလည်း တားနေတာမဟုတ်ဘူး၊ အချိန်တန်လို့ ဘွဲ့ရတော့ ယူကြပေါ့၊ ခုတော့ တစ်ခါတည်း မအောင့်နိုင်မအည်းနိုင်၊ ဒါကြောင့်မို့ မမကြီးက ပြောတာ'

'မကြီးက ဘာပြောလို့လဲ'

သက်သက်က စကားလမ်းကြောင်းကို ပြောင်းလိုက်သည်။ အစ်ကိုအရင်းခေါက်ခေါက်ကတော့ ဘယ်လိုနေမည် မသိ။ သက်သက်၏ရင်ထဲတွင်ပင် ကတုန်ကယင်ကြီးဖြစ်နေသည်။ ကိုယ့်ထက်ဒေါသဖြစ်နေသူကို တွေ့ရသောကြောင့်သာ ကိုယ့်ဒေါသက ငြိမ်နေခြင်းဖြစ်သည်။ ယခုနေ အမာညို့ကိုသာ တွေ့ရလေလျှင် ပခုံးနှစ်ဖက်ကို ကိုင်ဆောင့်မိမည်လား မပြောတတ်ပေ။

'ရှိင်းပါတယ်ကွာ'

'ပြောပါကိုကိုရဲ့'

'တော်သလင်း ခွေးတွေတဲ့'

'ဟာ မကြီးကလဲ'

'သက်သက်က ရယ်လိုက်မိသည်။ မှုန်တေတေဖြစ်နေသော ကျော်ထွန်းညိုကလည်း မချိုသွားဖြဲနှင့်ရယ်လေသည်။

'ကိုကို ဘူးသီးကြော်စားဦးမလား'

'ဟင့်အင်း'

'သက်သက် ဝယ်လိုက်ဦးမယ်၊ မမကြိုက်တတ်လို့ ခဏနော်'

သူတို့နှစ်ဦးသည် ကားပေါ်မှအဆင်း ကားဂိတ်၌ဆုံမိကြခြင်း ဖြစ်

သည်။ တစ်လမ်းတည်းပြန်ရမည်မို့ အတူတကွ လမ်းလျှောက်ပြန်လာရင်း အမာညို၏သတင်းကိုကြားရခြင်းဖြစ်သည်။

သက်သက်က ဘူးသီးကြော်ဆိုင်လေးထဲသို့ဝင်ပြီး ဘူးသီးကြော် ဝယ်နေသောအခါ ကျော်ထွန်းညိုသည်ဆက်၍မသွားဘဲ ရပ်စောင့်နေသည်။ ပြုံးချိုအေးဆေးသော သက်သက်ကိုငေးကြည့်နေရင်း အမာညိုတစ်ကောင် ဘာကြောင့်ဤမျှဆတ်ဆလူးနိုင်ရလေသနည်းဟုတွေးရင်း ဒေါသဖြစ်နေသည်။

'ခုအမာညို ဒီပြန်ရောက်ပြီလား'

'ဘယ်ရောက်ဦးမှာလဲ၊ လင်နောက်လိုက်သွားတာမှ နှစ်ရက်ရှိသေးတာ၊ ဟိုဘက်က လူကြီးတွေတောင် လိုက်မလာသေးဘူး၊ မေမေကြီးကတော့ သေခန်းပြတ်တဲ့၊ လာပြန်အပ်လည်း လက်မခံဘူးတဲ့'

သက်သက်သည် ဘူးသီးကြော်ထုပ်ကိုလက်မှဆွဲကိုင်ရင်း ဆက်လျှောက်လာသည်။ ပေါက်ကျိုင်းမျက်နှာ တစ်ကမ္ဘာထင်ပြီးလိုက်ပြေးသွားသော အမာညို့အကြောင်းကို ခုထိမယုံမရဲဖြစ်နေဆဲပင်၊ ငါတို့ထက် ချစ်ရမယ့်သူတွေ့သွားပြီပေါ့ဟု တွေးမိသောအခါ ဝမ်းနည်းလာသည်။ ကျိုက္ခမီ ရေလည်ဘုရားတွင် ဘဝဆက်တိုင်းပေါင်းရပါစေဟု ဆုပန်နေလေမလားဟု စဉ်းစားမိသောအခါတွင်ကား ဒေါသထွက်လာပြန်သည်။ မေမေကြီးတို့က ဒေါသဖြစ်ဖြစ်နှင့် လာပြန်အပ်လျှင်ပင် ဆဲဆိုလွှတ်လေမလားဟု တွေးမိသောအခါ စိုးရိမ်လာပြန်သည်။

'ကိုကိုက ယူတယ်ဆို ဟုတ်သေး၊ အောင်ခါနီးနေပြီ'

'အေးလေ'

သက်သက်က ပြောမိပြောရာပြောမိစဉ် ကျော်ထွန်းညိုကလည်း ခေါင်းညိတ်ပြီး ထောက်ခံလေသည်။ သူ့အနေနှင့် မိန်းမယူဖို့မပြောနှင့်၊ ရည်းစားလေးပင် ရေရေရာရာမထားရသေးခင် သူ့ထက်အငယ် အမာညိုက ဝုန်းဒိုင်းနှင့် ယူပစ်လိုက်သည်မှာ မခံချင်စရာပင် ကောင်းနေသည်။ ကောင်းကောင်းမွန်မွန် တင့်တင့်တယ်တယ်ယူသည်ဟုဆိုလျှင်လည်း တော်သေးသည်။ ယခုတော့ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ကောက်ကောက်ပါသွားသည်ကတော့ လွန်လွန်းလှသည်။

'ဗျို့ ဒီစုံတွဲ ဘယ်ကပြန်လာတာလဲ'

လမ်းမတွင် ပုဆိုးတိုတိုလေးနှင့် ဘောလုံးဆင်းကန်နေသာ ညီလင်း

က အော်မေးလေသည်။ ကလေးတွေကြားထဲမှ ဘောလုံးသေးသေးလေးကို သူ့ အရပ်ကြီး ထိုးထိုးထောင်ထောင်နှင့် ဟိုဒီပြေးရင်း လိုက်ကန်နေသည်။

'ညီလင်းက ခုထိကလေးစိတ် မပျောက်သေးဘူး'

'အဲဒီကလေးစိတ် မပျောက်တာတွေပဲဆိုးတာ၊ ကြည့်နေပါ၊ ကလေး ကလေးနဲ့ ဘာဖြစ်လာဦးမယ် မသိဘူး'

အမာညို့ကို မကျေမနပ်ဖြစ်နေသော ကျော်ထွန်းညိုက ညီလင်းကို အခြောက်တိုက်မဲနေလေသည်။ ညီလင်းသည် ဘောလုံးလေးကို အဝေးသို့ ရောက်အောင် တအားကျုံး၍ကန်ထည့်လိုက်ပြီး သူတို့ဆီသို့ပြေးလာသည်။

'ဖင်အကျိန်းများသက်သာမလားလို့ ဘောလုံးထွက်ကန်တာ မမ သက်ရ၊ မသက်သာဘူးဗျာ၊ ကျိန်းနေတာပဲ'

ညီလင်းက မျက်နှာကိုရှုံ့မဲ့ထားသော်လည်း အသံရွှင်ရွှင်နှင့်ပြောလေသည်။ သူ့ဘေးမှကလေးများက ဝါးခနဲရယ်ကြသည်။ သူလုပ်သဖြင့် အမာညို ခမျာ ပိုပြီးအရှက်ကွဲရချေတော့မည်ဟု သက်သက်က ရယ်ချင်သည့်အထဲမှ တွေး မိသေးလေသည်။

'မမကတော့ အုပ်ထည့်သွားပြီ၊ မမသက်ရော ဘယ်တော့ယူမှာလဲ'

'ဒို့က ဘယ်သူနဲ့ယူရမှာလဲ'

သက်သက်က ပြန်မေးသောအခါ ပြုံးရယ်ရင်း အနားသို့ကပ်လာ သည်။ ထို့နောက် ကလေးများမကြားအောင် ခပ်တိုးတိုးပြောလေသည်။

'ကိုကိုနဲ့လေ'

'ဟော့ကောင် ခွေးညီ'

ကျော်ထွန်းညိုက သက်သက်ကို အားနာစွာကြည့်ရင်းတားသည်။ သက်သက်သည် စိတ်ဆိုးရန်ကြိုးစားသော်လည်း ကြိုးစား၍မရပေ။ ရှက်ရှက် နှင့်သာ မျက်စောင်းခဲလိုက်ရသည်။ ညီလင်းညိုသည် တဟားဟားရယ်ရင်း ပြန် ပြေးသွားသည်။ သူ့လိုတွေးပြန်တော့လည်း အမာညိုယောကျ်ားယူသောအလုပ် သည် ဒေါသဖြစ်စရာ ရှက်စရာဟုပင်ထင်မှတ်၍မရတော့ချေ။

'ညီလင်းကတော့ အမြဲပျော်နေတာပဲနော် ကိုကို'

'အရှက်မရှိကွာ၊ နမလင်ယူတာ အသံပြဲကြီးနဲ့ထွက်အော်နေတယ်၊ ကြည့်မရပါဘူး'

ကျော်ထွန်းညိုက မကျေမနပ်ပြောလေသည်။ စကားပင်မဆုံးသေး

ညီလင်းက အော်ပြောပြန်သည်။

'ကိုကိုရေ အိမ်မှာ ရွှေယောက်ဖကြီးရဲ့မိဘတွေရောက်နေတယ်ဗျ၊ စေ့စပ်ရေးလာလုပ်နေတာ'

'ကဲ ကြည့်'

သက်သက်သည် သူတို့ညီအစ်ကိုအားကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်မိတော့သည်။ ကျော်ထွန်းညိုကမူ ဟန်ဆောင်ကလေးပင် မရယ်နိုင် အောက်သိုးသိုးဖြစ်နေလေသည်။ ခြေကားရား လက်ကားရားနှင့်ပြေးလွှားကစားရင်း ပါးစပ်တွင်အသံချဲ့စက်တပ်ထားသောညီငယ်အား အတော်ကလေး မျက်စိ စပါးမွေးစူးနေပုံရလေသည်။

'အိမ်ထဲမဝင်တော့ဘူးလား သက်သက်'

'ဝင်တော့ဘူးလေ ဧည့်သည်တွေရောက်နေတယ်မဟုတ်လား'

'ရပါတယ်ဟ'

'တော်ပါပြီ ကိုကိုရယ်၊ လူကြီးတွေစကားပြောနေတာ အနှောင့်အယှက်ဖြစ်ပါ့မယ်၊ ကိုကိုနဲ့ညီလင်းသာ အားရင် ညဦးပိုင်းလျှောက်ခဲ့ကြပါလား'

'ဘာကျွေးမလဲ'

'လက်ဖက်သုပ်ကျွေးမယ်လေ၊ ချဉ်ချဉ်စပ်စပ်'

'အားရင် လာခဲ့မယ်'

သက်သက်က အပြုံးလေးနှင့်နှုတ်ဆက်ကာထွက်သွားသည်။ ကျော်ထွန်းညိုသည် ခြံဝတွင်ရပ်ရင်း သက်သက်ကိုငေးကြည့်နေမိသည်။ ကြည့်နေရင်းမှ နွေသူရိန်ပြောသွားသောစကားများကိုသတိရလာသည်။ နွေသူရိန် ဆိုသည့်ညောင်နာနာကောင် သက်သက်ကိုများ ကြိုက်နေမလားဟုစဉ်းစားမိသောအခါ ရင်ထဲတွင်ပူဆာဆာကြီးဖြစ်လာလေသည်။

အိမ်ပေါ်မတက်ချင်သေးသောကြောင့် အိမ်ဘေးမှကွေ့လျှောက်လာခဲ့သည်။ ညီလင်းစိုက်ထားသော တစ်ထပ်စံပယ်ရုံလေးဆီသို့ရောက်သော အခါ ခြေပစ်လက်ပစ်ထိုင်ချလိုက်လေသည်။ အခါတိုင်း အမာညို မပြတ်ခူးနေတတ်သော စံပယ်ပွင့်လေးများမှာ ယခုတော့ခူးသူမရှိဘဲ မြေပေါ်သို့ကြွေကျနေသည်။ ကျော်ထွန်းညိုသည် အပင်ပေါ်တွင်ရှိနေသေးသောပန်းလေးများကို တစ်ပွင့်ချင်း လှမ်း၍ခူးယူလိုက်သည်။ ထို့နောက် အနားတွင်ရှိသော မြက်ပင်ရှည် တစ်ပင်နှင့်ထိုင်သီနေမိသည်။

'အောင်မာ ကိုကိုက ဒီမှာကိုး၊ ဘာလုပ်နေတာလဲ ကိုကိုရ'

ခဏနေသောအခါ ညီလင်းရောက်လာလေသည်။ ကျော်ထွန်းညို၏ ဘေးတွင် ချွေးတွေသံတွေနှင့်ဝင်ထိုင်သည်။

'ငါ မျက်နှာပူတာနဲ့ အိမ်ပေါ်မတက်ချင်သေးလို့'

'အဟီး ကျွန်တော်လည်း အတူတူပဲ'

သူတို့ ညီအစ်ကိုနှစ်ဦးသား တစ်ဦးကိုတစ်ဦးကြည့်ကာ ရယ်မိကြလေသည်။

'အဟား ကိုကိုက ပန်းတွေဘာတွေသီလို့၊ ဘယ်သူ့ဖို့လဲ'

'ဘာရယ်ဟုတ်ပါဘူးကွာ၊ ပျင်းလို့'

ကျော်ထွန်းညိုက လှီးလွှဲ၍ဖြေလိုက်သည်။ ပန်းသီနေစဉ်ကမူ စုလှိုင် ပန်းပန်လေ့မရှိသည်ကို သတိရသည်။ ထို့နောက် သူ့အနားသို့ သက်သက် ရောက်လာလျှင်ကောင်းမည်ဟု တောင့်တမိသည်။ လက်ထဲမှပန်းကုံးလေးကို 'ရော့ ယူမလား' ဟု အမှတ်မဲ့ဟန်နှင့်ပေးလိုစိတ်ဖြစ်ပေါ်နေခဲ့သည်။ သို့သော် ညီလင်းကိုမူ ဖွင့်ဟဝန်မခံလိုပေ။

'ကျွန်တော့ပေးမလား ကိုကို'

'ဘာလုပ်ဖို့လဲကွ'

'မမသက်ကိုသွားပေးမယ်လေ၊ ကိုကိုစုးပြီးသီပေးလိုက်တာလို့'

'ခွေးညီ၊ မင်း တော်တော် အတို့အထောင်ကောင်းတယ်နော်'

'ကိုကို့အတွက်ပါဗျ'

ကျော်ထွန်းညိုသည် မနှစ်သက်သလို မျက်မှောင်ကုတ်ထားသော်လည်း သူ့လက်ထဲမှပန်းကုံးလေးကို ညီလင်းဆီသို့ပစ်ပေးလိုက်လေသည်။

*

စုလှိုင်သည် သေခြင်းတရားကို ဒုတိယအကြိမ်တွေးမိပြန်သည်။ မှောင်ရီ ဝိုးတဝါး အလင်းရောင်တွင် သူ့ကိုတောင်းပန်တိုးလျှိုးသလိုကြည့်နေသော မျက်လုံးညို များကို မြင်ယောင်လာသောအခါ ရင်ထဲတွင် အေးစက်တုန်ယင်လာသည်။

အသက်ရှူကျပ်သလိုဖြစ်လာသောကြောင့် မှန်ပြတင်းကို တွန်းဖွင့်လိုက် သည်။ အေးမြသော လေပြည်အေးက အခန်းတွင်းသို့ သုတ်ခနဲ ပြေးဝင်လာ သည်။ စုလှိုင်၏ ဆံနွယ်ဆံစများကိုပွတ်သပ်ဆော့ကစားသွားကြသည်။

လမိုက်ရက်ဖြစ်သောကြောင့် ကြယ်ရောင်လဲ့လဲ့ကသာ မှိန်ပြပြလင်းနေလေသည်။ အောက်ထပ်ရှိ မီးမှောင်နေလေ့ရှိသော စာကြည့်ခန်းသည် ယခုတော့ မီးရောင်ဖြာထွက်နေသည်။ ထိုအခန်းကိုရှင်းပြီး ဒက်ဒီက ထွန်းဦးလှိုင်ဟူသည့်ကောင်လေးနှင့် သူ့နာနီတို့ကို အပိုင်စားပေးထားလေသည်။

'ထွန်းရေ၊ အိပ်ပြီလား'

မအေးတင်၏အသံဖြစ်လေသည်။ ထိုကောင်ကလေးကို အတော်လေးသနားနေပုံရသည်။ သူတို့အိမ်ဖော်အားလုံး ဂရုတစိုက်နှင့် ကြင်ကြင်နာနာ ဆက်ဆံကြသည်ကို စုလှိုင်သတိပြုမိသည်။ သူတို့သဘောနှင့်သူတို့ ဂရုစိုက်ခြင်းလည်း ဖြစ်နိုင်သည်။ ဒက်ဒီသဘောကျအောင် လုပ်နေခြင်းလည်း ဖြစ်နိုင်သည်ဟု စုလှိုင်တွေးမိသည်။

'မမရဲ့သားလေးကိုမချစ်ရင်နေပါ၊ မမုန်းပါနဲ့စုရယ်၊ သူ့ကို အို၊ မမတကယ်လို့ ဒီလောကကြီးမှာမရှိတော့ရင်လေ သူ့ကို နည်းနည်းပါးပါးဂရုစိုက်'

ဆို့နင့်ကြေကွဲနေသောအသံကိုကြားယောင်လာသောအခါ စုလှိုင်သည်မျက်လုံးကိုစုံမှိတ်ထားလိုက်သည်။ ထိုစဉ်က ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါမိဘဲ သူ့ကို သတိလက်လွတ် ငေးကြည့်နေခဲ့မိသည်။ ထိုအချိန် ထိုအခါက စုလှိုင်၏ရင်ထဲတွင် ထာဝစဉ်ကိန်းအောင်းနေတတ်သော အမုန်းတရားများ လွင့်ပါးပျောက်ကွယ်နေသည်။ အမုန်းတရားသာလျှင် မဟုတ်၊ စုလှိုင်၏ရင်ထဲတွင် ဘာမျှမရှိချေ။ လွင့်ဟာပြီး သတိကင်းလွတ်နေသူလို ခံစားရလေသည်။

ခြံထဲသို့ထိုးဝင်လာသော ကားမီးရောင်ကိုတွေ့ရသည်။ ညဥ့်အမှောင်ဝယ် ပွင့်နေသော စံပယ်ပွင့်လေးများသည် မီးရောင်ဝယ် လက်ခနဲ ဖြစ်သွားကြသည်။ မာမီပြန်လာခြင်းဖြစ်မည် ထင်သည်။

စုလှိုင်သည် ပြတင်းပေါက်ပေါင်ကိုမှီထားရင်း ကောင်းကင်ကို မော့ကြည့်သည်။ မှိန်ဖျော့ဖျော့ကြယ်လေးများသည် သူ့ကိုပြန်၍ငုံ့ကြည့်နေကြ၏။

လှေကားမှလှမ်းတက်လာသောခြေသံကိုကြားရသည်။ ဒေါက်မြင့်ဖိနပ်သံမို့ မာမီခြေသံဖြစ်ကြောင်း သေချာသိနိုင်လေသည်။ ခြေသံသည် မာမီတို့အခန်းရှေ့တွင် ခေတ္တရပ်သွားပြီး စုလှိုင်၏အခန်းဘက်သို့ဆက်၍ လျှောက်လာသည်။

'စု အိပ်တော့မလို့လား'

'အစောကြီးရှိသေးတယ် မာမီ'

မာမီသည် အခန်းဝ၌ခေတ္တရပ်နေပြီးမှ အခန်းထဲလှမ်းဝင်လာသည်။ လက်တွင်ကိုင်လာသော ရွှေရောင်လက်ကိုင်အိတ်ကလေးကို စားပွဲပေါ်ပစ်တင်လိုက်ပြီး မှန်ထဲမှ သူ့အရိပ်ကို မစောင်းတစောင်းလှမ်းကြည့်လေသည်။

'မာမီ ပါတီက ပြန်လာတာလား'

'အင်း၊ ဒေစီတို့အိမ်မှာ'

ဆယ်ကျော်သက်လေးလို နုပျိုနေသောမာမီသည် ရွှေဝါရောင်ခွာမြင့်ဖိနပ်လေးကို ကန်၍ချွတ်လိုက်ပြီး စုလှိုင်၏ခုတင်ပေါ်တွင် ထိုင်လိုက်သည်။

'ဝင်စတန်တို့ ကျော်ညွန့်ဦးတို့ကတောင် စုကိုမေးနေကြသေးတယ်၊ စု လိုက်လာရင် ပျော်မှာ'

'မာမီ က သေးလား'

'ဒီအချိန် ဘယ် က ဦးမှာလဲ၊ စုကိုပဲ အကုန်လုံး ဝိုင်းမေးနေကြ တယ်'

'စု မလိုက်ချင်ပါဘူး မာမီရယ်'

'စုက လူတောမတိုးဘူးဖြစ်နေတယ်'

စုလှိုင်သည် ဘာမှပြန်မပြောဘဲ ခြောက်ခြောက်သွေ့သွေ့လေးပြုံးနေလိုက်သည်။ ခုတလော ဘယ်မှသွားလိုစိတ် မရှိချေ။ တစ်ဦးတည်း ငြိမ်သက်စွာ ငေးရင်း စီးကရက်သောက်ကာ အတွေးကမ္ဘာထဲ၌သာ နေလိုသည်။ ဘဝကို မကျေနပ်သော မာမီသည် ခန္ဓာကိုယ်ကို ဇက်ကုန်လွှတ်ကာ သွားချင်ရာသွား၊ စားချင်ရာစားပြီး ထွက်ပေါက်ရှာသည်။ စုလှိုင်ကမူ စိတ်ကိုသာ လွှတ်ပေးလိုက်သည်။ ပျံ့လွင့်သွားသောစိတ်သည် သူ့ကိုလက်ရှိကမ္ဘာထဲမှ ခေတ္တ ဆွဲထုတ်သွားလေ့ရှိလေသည်။

'သူတွဲနေတယ်ဆိုတဲ့ မင်းသမီးလည်း တွေ့ခဲ့တယ်'

'လှလားဟင်'

'မလှရင် သူက ကြိုက်ပါ့မလား စုရယ်'

မာမီကသက်ပြင်းရှိုက်ကာ လှောင်သံနှင့်ပြောသည်။ ဒက်ဒီ၏ နောက်ဆုံး အသစ်ကလေးမှာ နာမည်မကြီးတကြီး မင်းသမီးတစ်ဦးဖြစ်လေသည်။ ရုပ်ရှင်ကားများထဲ၌ ဇာတ်လိုက်မင်းသမီး၏သူငယ်ချင်း၊ ညီအစ်မစသော ဇာတ်ရံ ခန်းများထဲတွင် မကြာမကြာပါနေပြီဟုပြောသော်လည်း မြန်မာကားများ ကြည့်လေ့မရှိသော စုလှိုင်က သူ့ကိုမမြင်ဖူးသေးချေ။

'ဒါကြောင့်မို့လို့ စု အဲဒီလိုပါတီမျိုးတွေမသွားချင်တာပေါ့'

'ဘာဆိုင်လဲကွယ်၊ သူလည်း သူ့ဟာသူ စိတ်ချမ်းသာသလိုနေ၊ ကိုယ်လည်း ကိုယ့်ဟာကိုယ် စိတ်ချမ်းသာသလိုနေပေါ့'

မာမီက ခပ်ပေါ့ပေါ့ပြောကာ ရယ်သည်။ ထို့နောက် စားပွဲပေါ်မှ ရွှေရောင်အိတ်လေးကိုလှမ်း၍ ဆွဲယူသည်။ ဖွင့်ကြည့်ပြီးသောအခါ မျက်နှာလေးက ကြည့်ကောင်းရုံမဲ့သွားသည်။

'ဟင် စီးကရက်လည်း ကုန်ပြီ'

'စု အံဆွဲထဲမှာရှိတယ် မာမီ မီးခြစ်ရော'

မာမီသည် အံဆွဲကိုဆွဲဖွင့်ကာ အသင့်တွေ့ရသောစီးကရက်ဘူးကို ထုတ်ယူလိုက်ပြီးမှ စုလှိုင်ကိုအံ့သြသလို လှမ်း၍ကြည့်သည်။

'စု ဆေးလိပ်သောက်နေလား'

'တစ်ခါတလေသောက်တာပါ'

'စွဲသွားဦးမယ်နော်'

'စု စွဲချင်တယ်၊ တစ်ခုခုစွဲကြည့်ချင်တယ်၊ ဒီအသက် ဒီအရွယ်အထိ စု စွဲလမ်းတာ တစ်ခုမှမရှိသေးဘူး'

မာမီသည် ဘာမျှပြန်မပြောဘဲ စီးကရက်မီးခိုးများကို မှုတ်ထုတ်လိုက်သည်။ အေးစက်မှုန်ဝေနေသောသမီးငယ်၏မျက်လုံးများကို နားလည်ရန် ကြိုးစားနေသလို ငေးပြီးကြည့်နေလေသည်။

အသက်ရှူမဝသလိုဖြစ်လာပြန်သောကြောင့် စုလှိုင်သည် ခန်းဆီးများကို ဆွဲဖယ်လိုက်သည်။ ပြတင်းပေါက်ပေါင်ကို နောက်ပြန်မှီရင်း မျက်လုံး အစုံကို မှိတ်ထားလိုက်သည်။ အေးမြသောလေက စုလှိုင်၏ဆံပင်များကို လွင့်ခါနေအောင် ခပ်ကြမ်းကြမ်းလေးတိုက်နေသည်။ ဆံနွယ်ဆံညွှန့်များလွင့်နေပြီး မျက်စိမှိတ်ကာ မလှုပ်မယှက်ရပ်နေသောစုလှိုင်သည် သက်မဲ့အရုပ်ကလေးနှင့် တူနေလေသည်။

'စု နေကောင်းရဲ့လား'

'ကောင်းပါတယ် မာမီ အပူချိန်လည်း မရှိဘူး၊ သွေးတိုး သွေးကျလည်း မရှိဘူး၊ ဆီးဝမ်းလည်း အကုန်မှန်ပါတယ်'

စုလှိုင်က လှောင်ပြောင်သလို အတိအကျပြောရင်း ခြောက်သွေ့စွာ ပြုံးလိုက်သည်။ မာမီ စီးကရက်သောက်နေသည်ကို လှမ်းကြည့်နေရင်းမှ ဖရက်ဒ္ဒီဆီမှ ဆေးလိပ်မျိုးလေးကိုတောင့်တလာမိသည်။ သာမန်စီးကရက်ထက် အတန်

ငယ်ပြင်းသလိုထင်ရသည်။ သောက်ပြီး အတန်ကြာသည် အထိ ရီဝေတိမ်းမူး နေသော ခံစားမှုကို ပြန်လည်တမ်းတလာမိသည်။

'ဟိုကောင်လေးရောက်လာလို့ စု စိတ်မကောင်းဖြစ်နေသလားဟင်'

'မဟုတ်ပါဘူး'

'ဖြစ်စရာရှိတာတွေကတော့ ဖြစ်လာမှာပဲ စုရယ်၊ တားလို့မရဘူး၊ အဲဒီ လှိုင်းလုံးတွေကြားထဲမှာ အလိုက်သင့်လေး မျှောနေလိုက်တာက စိတ် သက်သာတယ်'

မာမီက ပြောပြောဆိုဆို ပြန်ထွက်သွားလေသည်။ စီးကရက်နံ့နှင့် ရေမွှေးနံ့သည် အခန်းတွင်း၌ ပျံ့ပြီးကျန်ခဲ့သည်။ တံခါးပေါက်တွင်တပ်ထားသော ဇာခန်းဆီးရှည်သည် လေဝယ် ဝဲလွင့်နေသည်။ ခန်းဆီးအောက်နားမှ အဖြူရောင်လိပ်ပြာရုပ်လေးများသည် တဖျပ်ဖျပ်လွင့်ခါပြီး အသက်ဝင်ပျံဝဲတော့ မယောင် ထင်မှတ်နေရသည်။

မာမီအခန်းမှ ရေပန်းဖွင့်သံကိုကြားရသောအခါမှ စုလှိုင်သည် သက်ပြင်းရှိုက်လိုက်သည်။ ရေချိုးရင်း ညည်းနေသောမာမီ့သီချင်းသံသည် ရေသံနှင့် ရောကာ သဲ့သဲ့လေးထွက်ပေါ်လာလေသည်။

စုလှိုင်သည် အတန်ကြာရပ်ပြီး တွေးတောစဉ်းစားနေမိရာမှ သူ့ ကိုယ်သူ သတိမထားမိခင်မှာပင် တယ်လီဖုန်းရှိရာသို့လျှောက်သွားမိသည်။

'ဖရက်ဒီလားဟင် စုပါ'

'ဟင် စု၊ ဘာကိစ္စရှိလို့လဲဟင်'

'ကိစ္စရှိမှ ဆက်ရမှာလားကွယ်'

'ဟုတ်ပါဘူး အံ့ဩလို့ပါ ဆိုလေ စု'

'စု အိပ်မပျော်ဘူး ဖရက်ရယ်၊ ရင်ထဲမှာလည်း တစ်မျိုးကြီးပဲ၊ ဟိုလေ ဟို တစ်ခါ ဖရက်ပေးဖူးတဲ့စီးကရက်မျိုးရှိသေးလား'

'စု သောက်ချင်လို့လား'

'အင်း'

'အခုလား'

'အင်း'

'ကိုယ် လာပေးမယ်လေ'

'ဟင့်အင်း၊ စု ဦးဆာမိကို ယူခိုင်းလိုက်မယ်'

တစ်ဖက်မှ သက်ပြင်းချသံကိုကြားရသည်။ စုလှိုင်သည် တယ်လီဖုန်းခွက်ကိုချလိုက်ပြီး အောက်ထပ်သို့ ခပ်ဖွဖွလေး ပြေးဆင်းလာသည်။

ထွန်းဦးလှိုင်အိပ်သောစာကြည့်ခန်းလေးသည် မီးမှိတ်နေချေပြီ။ ခပ်မှိန်မှိန် ဖရောင်းတိုင်အား မီးရောင်လေးကသာ တံခါးကြားမှ မဝံ့တဝံ့ တိုးထွက်နေလေသည်။

'မအေးတင် မအေးတင်'

စုလှိုင်က ခပ်အုပ်အုပ်ခေါ်လိုက်သည်။ မီးဖိုချောင်ရောက်နေသည့် မအေးတင်က တော်တော်နှင့်မကြား၍ စုလှိုင်မီးဖိုထဲအထိလိုက်သွားရသည်။

'မအေးတင်၊ ဦးဆာမိကို ကားထုတ်ခိုင်းပါ၊ နောက်ပြီး ဒီကိုခဏလာခဲ့လို့ပြော'

မအေးတင်ထွက်သွားသောအခါမှ စုလှိုင်သည် ထမင်းစားခန်းထဲ ပြန်လျှောက်လာသည်။ မျက်လွှာချရင်းပြုံးနေသော ဗီးနပ်စ်ရုပ်တုကို အတန်ကြာအောင် ငေးစိုက်ကြည့်နေမိလေသည်။

*

အမာညိုရဲ့ လက်ထပ်ပွဲသည် သူတို့မိသားစုတွင် ပထမဆုံးသောမင်္ဂလာ လက်ထပ်ပွဲဖြစ်သော်လည်း အိမ်တွင်ပင် အကျဉ်းရုံး၍ပြုလုပ်လေသည်။ မေမေ့လက်ရာမုန့်ဟင်းခါးကျွေးသည်။

ကျောင်းပိတ်နေချိန်ဖြစ်သောကြောင့် နယ်မှသူငယ်ချင်းများ မလာနိုင်သည်ကို အမာညိုစိတ်မကောင်းဖြစ်ရသေးသည်။ ရန်ကုန်ရှိသူများကိုတော့ မရမက ဖိတ်ရသည်။ အမာညို အဖိတ်ကောင်းသောကြောင့် စုလှိုင် ရောက်လာခြင်းဖြစ်လေသည်။

ပြုံးချိုနေသော အမာညိုရဲ့ မျက်နှာလေးကိုငေးကြည့်ရင်း စုလှိုင်သည် ချစ်ခြင်းမေတ္တာ၏ စွမ်းအားကို အံ့သြနေလေသည်။

'မမစု စားနော် အားမနာနဲ့'

ညီလင်းညိုက လောကွတ်ချော်နေသည်။ သူ့ဟန်အတိုင်း ခပ်ရွှင်ရွှင်ပြုံးနေသောကြောင့် မေးဖျားလေးသည် ခွက်ဝင်နေပြီး တစ်မျိုးကြည့်၍ ကောင်းနေလေသည်။

'အိမ်မှာချက်တာလားဟင်'

'မေမေချက်တာဗျ၊ ကျွန်တော်က ငါးရိုးထွင်ပေးတာ မမရဲ့၊ ဒါကြောင့် ဒီလောက်ကောင်းတာ'

'အင်း အင်း ဟုတ်မှာပဲ'

စုလှိုင်က အလိုက်သင့်လေးပြောကာ ပြုံးရယ်လိုက်မိသည်။ သူတွေ့ဖူးသမျှ ယောကျ်ားလေးများတွင် ညီလင်းနှင့်တွေ့ရသည်က စိတ်လက်အပေါ့ပါးဆုံးဖြစ်လေသည်။

ကျော်ထွန်းညိုသည် အဝေးမှသာ လှမ်းပြီးပြုံးပြ၍ နှုတ်ဆက်သည်။ စုလှိုင်၏အနီးသို့လာရမည်ကို ရွံ့နေဟန်တူသည်။ စုလှိုင်သည် မုန့်ဟင်းခါးမျှင်လေးများကို ဇွန်းနှင့်ဖိဖြတ်ရင်း ညီလင်းတစ်ခါကပြောဖူးသော ပြုစားသည်ဟူသော စကားကိုသတိရနေမိသည်။ ညီလင်းစကားနှင့်ပြောရလျှင် သူသည် အပြုစားခံရမည်ကို ကြောက်နေသည်ဟု ပြောရမည်ဖြစ်လေသည်။

'စုလှိုင်ရေ စားကောင်းရဲ့လား'

သက်သက်က စုလှိုင်၏ဘေးတွင်လာထိုင်သည်။ လက်ဖျားထိ ရှည်သော အင်္ကျီဝါလက်ရှည်နှင့်ချိတ်လုံချည်အဝါလေးကိုဝတ်ထားသည်။ နှင်းဆီပန်းအဝါလေးတစ်ပွင့်ပါ ပန်ထားလေရာ သူ့အဆင်အပြင်သည် ရိုးရိုးလေးနှင့် အဆင်ပြေပြီး ကြည့်ကောင်းနေလေသည်။ စုလှိုင်ကမူ ထုံးစံအတိုင်း ဆံပင်ကို ကျောထက်၌ ဖြန့်ချထားကာ လိမ္မော်ရောင်ဖော့ကို အပေါ်အောက် ဆင်တူ ဝတ်ထားသဖြင့် သူ့အလှသည် အများစုထဲမှ ထင်းပြီးထွက်နေသည်။

'အမာညိုကိုကြည့်စမ်း၊ ပျော်နေလိုက်တာ တပြုံးပြုံးနဲ့၊ ပေါက်ကျိုင်းကလည်း ပါးစပ်ကို မပိတ်နိုင်ဘူး'

'သူတို့တွေ သိပ်ပျော်နေကြတယ်နော်'

ညီလင်းသည် သက်သက်ရောက်လာသော်လည်း နေရာမှ ထ မသွားသေးဘဲ ဆက်၍ထိုင်နေသည်။ စုလှိုင် မိန်းမချောလေးကို ကြည့်ကောင်းကောင်းနှင့် အနားကပ်ပြီး တစ်ဝကြီးကြည့်နေလေသည်။

သက်သက်ကမူ စုလှိုင်ကိုကြည့်ရင်း မမစောကိုသတိရနေလေသည်။ မမစောမဆုံးခင်က စုလှိုင်ကိုဘာတွေများပြောသွားမည်နည်းဟု စဉ်းစားရင်း ခေတ္တမျှ ငိုင်သွားသည်။ ယခုနေဆိုလျှင် 'ထွန်း' တစ်ယောက်လည်း စုလှိုင်တို့အိမ်သို့ရောက်နေလောက်ပေပြီ။ ထွန်းကို သူတို့တွေ ကောင်းကောင်းမွန်မွန်မှ ဆက်ဆံကြပါ့မလားဟုတွေးမိသောအခါ သက်သက်၏ရင်ထဲတွင်မောလာလေ

သည်။

'စုလှိုင်နော် အဝစားရမယ်'

အမာညိုတို့စုံတွဲက အနားရောက်လာပြီး ပြောသွားသည်။ ပြုံးလွန်းပျော်လွန်းသော သူတို့နှစ်ယောက်ကိုကြည့်ရင်း စုလှိုင်သည် မနာလိုသလိုပင် ဖြစ်လာသည်။ ဘာကြောင့်များ ဒီလောက်ပျော်နေကြတာလဲဟုပင် မေးပစ်လိုက်ချင်စိတ်ပေါက်လာသည်။

'ညီလင်း၊ တင်ထွန်းမောင်တို့ လာနေတယ်လေ'

ကျော်ထွန်းညိုက လှမ်းပြောသောအခါမှ ညီလင်းသည် စုလှိုင်၏အနားမှ ခွာတော့သည်။

'ဟော့ တယ်လှပါလားကွ၊ အဲဒါဘယ်သူလဲ'

တင်ထွန်းမောင်က ညီလင်း၏လက်ကိုဆွဲကာမေးသည်။ နွေသူရိန်ကလည်း သူတို့ဘက်သို့ တဝေးတမောလှမ်းကြည့်နေသည်။ သက်သက်ကိုပင် ကြည့်လေသလော၊ စုလှိုင်ကိုပင်ကြည့်လေသလော ညီလင်း အသေအချာ မသိပေ။

'စုစုလှိုင်တဲ့၊ အမတ်ဟောင်း ဦးသာလှိုင်ရဲ့သမီးလေ'

'ဦးသာလှိုင်သမီးက နာမည်ကြီးပဲ၊ ဒါပေမဲ့ ငါ အခုမှမြင်ဖူးတယ်၊ စက်မှုက မြွေဟောက်မလေး မဟုတ်လား'

တင်ထွန်းမောင်သည် ဟိုစပ်စပ် ဒီစပ်စပ် အကုန်သိသူဖြစ်သည်။

'ငါတို့အင်းလျားမှာလာငိုင်နေတဲ့ ကျောက်မဲအကျဉ်းသားလေးက သူ့လက်ချက်မိနေတာမဟုတ်လား'

'သိပါဘူးဗျာ၊ ခင်ဗျားကလည်း စပ်စပ်စုစု'

ညီလင်းက စကားဖြတ်လိုက်သည်။ နောက်ဖေးဘက်မှ ဟင်းရည်ချိုင့်သွားယူကာ သူတို့ပန်းကန်များထဲသို့ လောင်းထည့်လိုက်သောအခါမှ သူတို့လည်း ပါးစပ်ပိတ်တော့သည်။

ကျော်ထွန်းညိုသည် နွေသူရိန်တို့၏ဘေးသို့ ယောင်လည်လည်နှင့်ရောက်လာသည်။ အိမ်ဦးခန်းမှ လူကြီးဝိုင်းသို့လည်း မဝင်ချင်၊ မိန်းကလေးဝိုင်းနှင့်လည်းမရောချင်၊ ညီလင်းတို့ လူငယ်ဝိုင်းထဲလည်း မသွားချင်ဘဲ ယောင်ချာချာဖြစ်နေခဲ့သည်။ စုလှိုင်ကိုလှမ်းမကြည့်မိအောင်သတိထားရင်း လူအများက သူ့ကိုဝိုင်းပြီးအကဲခတ်နေကြသည်ဟု ထင်နေသည်။ အနေရ အထိုင်ရခက်နေသည်။

'ကိုကို'

သတို့သမီး အမာညိုက သူတို့နားရောက်လာကာ တိုးတိုးလေးခေါ်သည်။ ဇာအင်္ကျီအဝါဖျော့ဖျော့လေးဝတ်ပြီး သဇင်ပန်းတွေဝေနေအောင် ပန်ထားသော အမာညိုသည် ချစ်စဖွယ်ကောင်းလှသည်။ မိုးမမြင် လေမမြင် ပျော်နေသဖြင့် တစ်ချိန်လုံးပြုံးရယ်နေသည်။

'ခွေးညို၊ နင့်ပါးစပ်ကြီးကို နည်းနည်းပါးပါး ပိတ်ထားစမ်း၊ တစ်ချိန်လုံးဖြဲပြီး ရယ်နေတာပဲ၊ မရှက်ဘူးလား'

'အင် ရှက်ပါဘူး'

အမာညိုသည် ခေါင်းလေးငဲ့ကာပြောရင်း ရယ်ပြန်သည်။ သူ့ကြည့်ရသည်မှာ မင်္ဂလာဆောင်သတို့သမီးနှင့်လုံးဝမတူပေ။ အခြားမိန်းကလေးများ လက်ထပ်ကြလျှင် မျက်လွှာလေးချပြီး ရှက်သွေးတဖြန်းဖြန်းဖြစ်နေတတ်သည်။ ခေါင်းလေးငုံ့ပြီး မျက်နှာလေးနီနေတတ်သည်။ ခုတော့ အမာညိုဟူသည့် ဆတ်ဆလူးမလေးသည် ရှက်သည်ဆိုသည်မှာ ဘယ်လိုနည်း၊ မေ့လျော့နေပုံပင်ရသည်။

'ကိုကိုရဲ့ သက်သက်ကိုကြည့်စမ်းပါ၊ မလှဘူးလား'

'ဟုတ်တယ်၊ သိပ်လှတာပဲ'

ကျော်ထွန်းညိုမဖြေခင် နွေသူရိန်က ဝင်ပြောသည်။ အမာညိုသည် အကျအနပြင်ဆင်ထားသော သူ့မျက်နှာလှလှလေးကိုမှ အားမနာ၊ ပြုံးနေသော နွေသူရိန်ကို ပေစောင်းစောင်း လှမ်းကြည့်ကာ မျက်စောင်းထိုးလိုက်သည်။

'ဟင်း၊ သူ့မေးတာလည်း ဟုတ်ဘဲနဲ့၊ သက်သက်က ကိုကို့ဖို့ သိရဲ့လား'

'ဟောဗျာ'

နွေသူရိန်က သူ့နဖူးသူ ထုလိုက်လေသည်။ ကျော်ထွန်းညိုကမူ သူ့ညီမကို လက်လျှော့ထားဟန်နှင့် မသိမသာမျက်နှာနီနေသည်။

'နာမည်ကြီးလည်း ကြီးလောက်တယ်ကွ၊ တကယ်လှတာကိုးကွ၊'

တင်ထွန်းမောင်က သူ့စိတ်ထဲရှိတာဝင်ပြောသည်။ အမာညိုတို့ပြောဆိုနေသည်ကို ဂရုစိုက်မိပုံမရ။ ကြားလိုက်ပုံလည်းမရချေ။

'အင်း၊ နာမည်ကြီးလည်း ကြီးလောက်ပါရဲ့၊ ပေါလည်း တကယ်ပေါတာကိုး'

'ဘယ်သူလဲ'

'တင်ထွန်းမောင်ဆိုတဲ့လူလေ'

တင်ထွန်းမောင်သည် ဒီတစ်ခါတော့ ကြားလိုက်ပုံရသည်။ သူ့ကို အတည်ပေါက်နှင့်နှက်လိုက်သော နွေသူရိန်ကို မကျေမနပ်နှင့်လှမ်းကြည့်သည်။

'မာညိုရေ၊ ဒီမှာဧည့်သည်တွေပြန်တော့မယ်တဲ့၊ နှုတ်ဆက်နေတယ်'

'လာပြီ လာပြီ'

အမာညိုသည် သတို့သမီးပီသစွာ သုတ်သီးသုတ်ပျာ ထလေသည်။ သိမ်သိမ်မွေ့မွေ့လေး လျှောက်သွားလိုက်ပုံမှာလည်း တင်ထွန်းမောင်၏ ခြေထောက်ကို ခလုတ်တိုက်ပြီး ကြမ်းပေါ်ထောက်ထားသော နွေသူရိန်၏ လက်ကို တက်နင်းသွားလေသည်။ ရှုံ့မဲ့သွားကြသူများကိုပင် လှည့်မကြည့်အားဘဲ 'ပြန်ကြတော့မလား၊ ဝအောင် စားကြရဲ့လား' ဟု အဝေးကြီးကတည်းက အော်ဟစ်ပြောသွားလေသည်။

*

'ဒီမှာ အစ်ကို၊ လူအလှနဲ့စိတ်အလှ ဘာကိုဦးစားပေးသင့်သလဲ ဟင်'

တင်မောင်ဌေးသည် ဆေးလိပ်တိုကို အငွေ့တထောင်းထောင်း ထအောင် ဖွာရင်း ချက်ချင်းအဖြေမပေးသေးဘဲ ငြိမ်နေသည်။ သူ့ရှေ့ဉစ္စာရှင် ကျော်ထွန်းညိုကို မျက်မှောင်ကုတ်၍ကြည့်နေလေသည်။

'ပြောစမ်းပါဗျ'

'ဒီလောက်လွယ်တဲ့ပုစ္ဆာကို မင်းက ငါ့ကိုဘာလို့လာမေးနေရသလဲ၊ ဒပ်ဖရင်က မွေးခန်းအဝမှာ သွားစောင့်ပြီး မွေးကင်းစကလေးတွေကို မေးပါလား'

ဆောင့်ဆောင့်အောင့်အောင့်ပြောသော တင်မောင်ဌေးကိုကြည့်ရင်း ကျော်ထွန်းညိုကပြုံးလိုက်မိသည်။ ကျောင်းပိတ်ထားသဖြင့် တစ်ကျောင်းလုံး လူသူမမြင်ရဘဲ တိတ်ဆိတ်ခြောက်ကပ်နေသည်။ သို့သော်လည်း သူတို့ကမူ နောက်ဆုံးနှစ်ကျောင်းသားများမို့ ကိုယ့်ဟာကိုယ် ပြန်ပြီး ကျောင်းဖွင့်ထားကြသည်။ ကျောင်းသို့ ကြိုကြားလာကာ ဆရာများနှင့်ဆွေးနွေးမေးမြန်းစရာ ရှိသည်များကို ဆွေးနွေးကြသည်။ ကြိုတင်လေ့လာကျက်မှတ်ထားကြလေသည်။

'ကျွန်တော်က အဲဒီလိုသမားရိုးကျအဖြေကို လိုချင်တာမဟုတ်ဘူး၊ ကိုယ်တိုင်ခံစားကြည့်ပြီး ဖြေစေချင်တာ'

သူတို့နှစ်ဦးသည် ကျောင်းခေါင်မိုးပေါ်တွင် တက်ထိုင်နေကြခြင်း ဖြစ်သည်။ ကွန်ကရိအမိုးပြားကြီးဖြစ်၍ ကျယ်ဝန်းပြန့်ပြူးသည်။ အမိုးပေါ်တွင် ခိုအိမ်ကလေးသဖွယ် ဆောက်လုပ်ထားသော စက်ခန်းကလေးဘေးတွင် ဖိနပ်ကို ဖင်ခုထိုင်ရင်း ဆေးလိပ်ဖွာရသောအရသာကို တင်မောင်ငွေး အလွန်နှစ်သက်လေသည်။ 'အာခီးမီဒီစ်က ရေချိုးရင်း အရာဝတ္ထုတွေရဲ့ထုထည်ရှာဖို့ နိယာမတစ်ခု တွေ့ခဲ့တယ်၊ အိုင်းဇက်နယူတန်က သစ်သီးကြွေတာကြည့်ရင်း အရာဝတ္ထုတွေရဲ့ တစ်ခုနဲ့တစ်ခုဆွဲငင်တဲ့ ဆွဲအားကိုသိခဲ့တယ်၊ တင်မောင်ငွေးဆိုတဲ့ ငါကရော ကျောင်းခေါင်မိုးပေါ်မှာ ဆေးလိပ်ဖွာရင်း တကယ့်အရေးပါတဲ့ ကမ္ဘာ့နိယာမကြီးတွေ မထုတ်နိုင်ဘူးပြောနိုင်လား' ဟု လေကြီးလေကျယ်ပြောရင်း စာမေးပွဲသာ တဗုန်းဗုန်းကျခဲ့လေသည်။

'ရှင်းရှင်းပြောစမ်းပါကွာ၊ ငါက စုစုလှိုင်နဲ့သက်သက်တို့နှစ်ယောက်ကို စိတ်မှန်းနှင့်ပြစ်မှားကြည့်ရမှာလား'

တင်မောင်ငွေးက တဲ့တိုးကြီးပြောချလိုက်သောအခါ ကျော်ထွန်းညို၏မျက်နှာတွင် သွေးဖြန်းသွားသည်။ ဟုတ်နေသော်လည်း ဟုတ်သည်ဟု ရှင်းရှင်းဝန်မခံလိုသောကြောင့် ခပ်ရှက်ရှက်ပြုံးရင်းငြိမ်နေသည်။

'ဩော် ကျော်ထွန်းညိုရဲ့လေး'

တင်မောင်ငွေးက သနားသလို ခေါင်းတညိတ်ညိတ်နှင့်ညည်းသောအခါ ကျော်ထွန်းညို၏မျက်နှာသည် ပို၍နီသွားသည်။

ဟိုးအဝေးတွင် ရွှေရောင်ဝင်းနေသော ရွှေတိဂုံဘုရားကို တွေ့ရသည်။ ကောက်ကွေ့နေသော ကားလမ်းများ၊ အိမ်ခေါင်မိုးများ၊ သစ်ပင်အုပ်စိမ်းစိမ်းလေးများကို အပေါ်စီးမှကြည့်ရသည်မှာ တစ်မျိုးလှနေလေသည်။

'ကဲ မင်းရဲ့ပုစ္ဆာကိုမဖြေခင် ငါတစ်ခုပဲ ကြိုတင်မေးပါရစေကွာ တစ်ခုတည်း'

'ဆိုလေဗျာ'

တင်မောင်ငွေးသည် ဆေးလိပ်တိုကို ဘေးသို့ချကာ နေရာပြင်ထိုင်သည်။ အနေရခက်နေဟန်ရှိသော ကျော်ထွန်းညိုကို အသေအချာကြည့်ရင်း လည်ချောင်းရှင်းလိုက်သည်။

'မင်းက လူအလှကို ဦးစားပေးပါပြီတဲ့ကွာ၊ လူအလှကိုဦးစားပေးသင့်တယ်ပဲ ထားပါတော့၊ စုစုလှိုင်ဆိုတဲ့မိန်းကလေးကို မင်းရမှာမို့လား'

'ဒါတော့ဗျာ'

'ဒါတော့တွေ ဘာတွေလုပ်မနေပါနဲ့ကွာ၊ ငါ့ကိုညာချင်ညာ၊ မင်းကိုယ်မင်းတော့ မညာနဲ့၊ အသေအချာစဉ်းစားစမ်း'

ကျော်ထွန်းညိုသည် ရုတ်တရက်ငိုင်သွားပြီး တစ်ကိုယ်လုံးပူရှိန်းရှိန်းဖြစ်လာလေသည်။ သူ့ကိုယ်သူညာချင်၍ပင် မရချေ။ စုလှိုင်ကို သူမရနိုင်ကြောင်း သူ့ဦးနှောက်က အသေအချာသိနေသည်။

'မင်းဟာက လမ်းတစ်လမ်းက ပိတ်နေတာပဲ၊ သွားလို့မှမရဘဲနဲ့၊ ဒါကိုများ လမ်းဆုံလမ်းခွမှာရပ်နေရတဲ့လူကျနေတာပဲ၊ စဉ်းစားနေလိုက်တာ၊ အူကြောင်ကြောင်နဲ့၊ ထွတ်'

တင်မောင်ဌေးက အားမနာပါးမနာ ဝေဖန်လေသည်။ ထို့နောက် သူချထားသော ဆေးလိပ်တိုကို ပြန်ကောက်ကာ အငြိုးတကြီးဖွာရှိုက်သည်။

ဆောင်းလေအေးက ခပ်ကြမ်းကြမ်းလေးတိုက်ခတ်နေသော်လည်း စူးရှသောနေရောင်သည် အမိုးပြားပေါ်သို့ အဆီးအတားမရှိကျရောက်နေသည်။ သို့သော် သူတို့နှစ်ဦးထိုင်နေသောနေရာကိုမူ စက်ခန်းကလေး အကွယ် ပေးထားသောကြောင့် ကွက်ကွက်ကလေး အေးနေသည်။ အဆောင်တစ်ခုနှင့်တစ်ခုအကြား မြေကွက်လပ်တွင်စိုက်ထားသော ပဲချယ်ရီပင်လေးများသည် ဝေနေအောင် ပွင့်နေသည်။ အမာညိုက ထိုပန်းများကို ကျောင်းမှအခိုင်လိုက်ခူးလာပြီး ပန်းအိုးထိုးတတ်သည်။ အနံ့မသင်းသော်လည်း တစ်ဆုပ်တစ်ခဲပွင့်တတ်သော ပန်းပွင့်လေးများသည် ချစ်စဖွယ်ကောင်းနေသည်။

ရက်ရက်နှင့်ငြိမ်နေသော ကျော်ထွန်းညိုကို တင်မောင်ဌေးသည် ကရုဏာ တစ်ဝက် ဒေါသတစ်ဝက်နှင့်ကြည့်နေမိသည်။ မရက်အောင်ပြော၍လည်း မရ၊ ထူမလိုလို့နှင့် အတော်ထိုင်းသောကောင်မို့ တစ်ခါတလေ အခြေအနေမှန်ကို သတိရအောင် နာနာနက်ပေးရသည်ဟု စိတ်ထဲမှတွေးနေမိသည်။

'သက်သက်ကို မင်းမချစ်ဘူးလား ကျော်ထွန်းညို'

'သိဘူးဗျ သံယောဇဉ်တော့ ရှိသားပဲ'

'မင်းအကြောင်း ငါသိတယ် ကျော်ထွန်းညို ငါသိတယ်၊ မင်းက သက်သက်ကို ကိုယ့်ခြံထဲက ပန်းလိုသဘောထားနေတယ်၊ ငါခူးချင်တဲ့ အချိန် ခူးလို့ရတာပဲဆိုပြီး အပြင်ကပန်းတွေကိုပဲ လှမ်းကြည့်နေတယ်၊ သူများထက် ဦးအောင် ခူးချင်နေတယ်၊ ငါသာဆိုရင်တော့ မင်းလိုနှေးမနေဘူး၊ အမြန်ဆုံးဖွင့်ပြောမှာပဲ'

'ဒါပေမဲ့ ကျွန်တော် စုလှိုင်ကိုပဲ သတိရ ရနေတယ်'

'ဒါကတော့ မင်းက သူ့အလှကို စွဲလမ်းနေတာကိုး'

'အဲဒါဟာ ချစ်ခြင်းမေတ္တာပဲ မဟုတ်လား'

ကျော်ထွန်းညိုက ခပ်လောလောလေး မေးသည်။ စုလှိုင်သည် သူ့အာရုံကို လွှမ်းမိုးလွန်းလှသည်။ သူ့နှလုံးသားအစုံကို တသိမ့်သိမ့်လှုပ်ခါလာအောင် စွမ်းနိုင်လွန်းလှသည်။

'စွဲလမ်းတာဟာ မေတ္တာမဟုတ်ဘူး ငါ့ညီ၊ မင်း ဒီလောက်ပညာတွေ တတ်နေပြီပဲ၊ ဒါလောက်တောင် မခွဲခြားနိုင်ဘူးလား'

ကျော်ထွန်းညိုသည် သက်ပြင်းချရင်း အဝေးသို့မျှော်၍ကြည့်မိသည်။ ဘီပီအိုင်ဘက်တွင် ရွှေရောင်တောက်နေသော လယ်ကွင်းများကို တွေ့ရသည်။ ရွှေဝါရောင်ကောက်ပင်များသည် နေရောင်ထဲတွင် ဝင်းအိနေနေသည်။

'သက်သက်ကို သူများဦးသွားရင် မင်းခံရမယ်နော် ကျော်ထွန်းညို၊ ငါသတိပေးလိုက်ပါရဲ့'

ကျော်ထွန်းညို၏ရင်ထဲတွင် ပူပူလောင်လောင်ကြီးဖြစ်သွားသည်။ နွေသူရိန်ကလည်း သက်သက်အကြောင်း အတော်လေး စိတ်ဝင်စားနေသည်။ "စေတနာရှင်" ဟူသော ကဗျာလေးတစ်ပိုဒ်ကိုပင် ရေးစပ်ခဲ့သေးသည်။ သူနာပြုဆရာမလေးများ၏စေတနာကို ရေးဖွဲ့ထားခြင်းဖြစ်၍ သက်သက်က တပြုံးပြုံး ကျေနပ်နေခဲ့လေသည်။ ထို့ပြင် သူတို့သည် ဆေးကျောင်းသားများ၊ ဆရာဝန်များနှင့် လက်ပွန်းတတီးဆက်ဆံရသည်။ လူနာများထဲ၌လည်း ငယ်ငယ်ရွယ်ရွယ် ယောကျ်ားပျိုများ ပါတတ်သည်။

ကျော်ထွန်းညိုသည် နေရာမှငေါက်ခနဲထသည်။ ဖင်ခုထိုင်ထားသော ဖိနပ်ကို အလောသုံးဆယ်ကောက်စွပ်ရင်း ပုဆိုးကိုပြင်ဝတ်သည်။

'ဟ ဒါကဘယ်လဲ'

'သွားမယ်ဗျာ'

'ဘယ်ကိုလဲ'

'မိသက်ဆီကို'

*

ခေါင်းငိုက်စိုက်နှင့် ခပ်လောလောလျှောက်သွားနေသော ကျော်ထွန်းညိုကို စုလှိုင်

သည် အဝေးကတည်းကလှမ်း၍မြင်သည်။ တကယ့်တကယ်တော့ သူနှင့်စကား သိပ်မပြောချင်လှပေ။ သို့သော် အမာညို၏ မင်္ဂလာဆောင်တုန်းက သူ့ကို ခပ်ရှောင်ရှောင်နေသည့်အတွက် မကျေနပ်စိတ်လေးက ကိန်းအောင်းနေသည်။ ထို့ပြင် ဘယ်သွား၍ဘာလုပ်ရမည်မသိဘဲ ပျင်းခြောက်ခြောက်ဖြစ်နေချိန်ဝယ် သူ့ကို အရှုးအမူးစွဲလမ်းခဲ့သူတစ်ဦးကို ပြန်လည်ပြီး ကစားလိုစိတ်ဖြစ်ပေါ်လာသည်။

'ဘယ်သွားမလို့လဲ ကိုကျော်ထွန်းညို'

'ဟင် စုလှိုင်'

သူ့ဘေးသို့ ကားလေးတစ်စီးထိုးဆိုက်လာသော်လည်း ကျော်ထွန်းညိုသည် ကိုယ့်အာရုံနှင့်ကိုယ်မို့ လှည့်မကြည့်မိပေ။ နှုတ်ဆက်သံကြားသောအခါမှ ချာခနဲလှည့်ကြည့်သည်။

'ဘာတွေများစဉ်းစားပြီး လျှောက်နေတာလဲ'

စုလှိုင်က ခပ်ပြုံးပြုံးမေးသည်။ ကျော်ထွန်းညိုသည် ဘာပြန်ပြောရမည် မသိဘဲ စုလှိုင်ကို အိုးတိုးအမ်းတမ်းနှင့်ကြည့်နေသည်။ သံလိုက်ဓာတ်၏ ဆွဲငင်အားကို ရှန်းကန်နေသော သံချောင်းလေးပမာ သူ့ရင်ထဲတွင် လှုပ်ရှားတုန်ခါလာသည်။

'စကား မပြောတတ်တော့ဘူးလား ကိုကျော်ထွန်းညို ဆိုတဲ့လူရယ်'

စုလှိုင်၏ မျက်ဝန်းလေးများသည် ညိုလာပြီး အလိုမကျသလိုပြောလေသည်။ ထိုအခါမှ ကျော်ထွန်းညိုသည် ကမန်းကတန်း ဖြေမိတော့သည်။

'မဟုတ်ပါဘူးဗျာ'

'ဒါဖြင့် ဘာလဲ စကားမပြောချင်လို့လား'

'မဟုတ်ပါဘူး စုလှိုင်ရယ်၊ စကားမပြောရဲလို့ပါ'

စုလှိုင်သည် အသံလွင်လွင်လေးနှင့်ရယ်လိုက်ကာ ကားတံခါးကိုဖွင့်ပေးသည်။ မျက်လုံးပြူးသွားသော ကျော်ထွန်းညိုကို ရီဝေသောအကြည့်နှင့် ညို့ယူလိုက်သည်။

'စု ကားလျှောက်မောင်းမလို့၊ လိုက်မလား'

'ဘယ် ဘယ်ကိုလဲ'

'ခြေဦးတည့်ရာပေါ့ရှင်၊ ဘာလဲ ကားတင်မှာကြောက်လို့လား'

ငြိမ်သက်နေသောရေပြင်ကို ဘာကြောင့်များ ဂယက်ထအောင် ခဲနှင့်ပစ်နေမိပါလိမ့်ဟု စုလှိုင်သည် သူ့ကိုယ်သူမကျေမနပ်ဖြစ်မိစဉ် ကျော်ထွန်းညို

သည် ကားပေါ်ရောက်လာသည်။ ဒီတော့လည်း သက်ပြင်းလေးချကာ ကားလီဗာကို ဖိ၍နင်းလိုက်လေသည်။ ဆေးရုံကြီးရှေ့မှ မန်ကျည်းပင်အိုကြီးများသည် သက်သက်ဆီသို့မရောက်တော့ဘဲ စုလှိုင်နှင့်ပါသွားသော ကျော်ထွန်းညိုကို ငေးကြည့်ရင်း ကျန်ခဲ့ကြတော့သည်။

'ကိုကျော်ထွန်းညို သက်သက်ဆီသွားမလို့လား'

'ဘာလို့ မေးတာလဲ'

'ဆေးရုံကြီးရှေ့မှာတွေ့လို့လေ'

'ဒီလမ်းပေါ်မှာ မလျှောက်ရတော့ဘူးလား စုလှိုင်'

ကျော်ထွန်းညိုသည် အမှန်ကို ဝန်မခံလိုသည့်အတွက် ကွေ့ရှောင်၍ ဖြေလိုက်မိသည်။ စုလှိုင်သည် မျက်မှောင်လေးမသိမသာကုတ်ကာ နှုတ်ခမ်းထူထူလေးကိုစေ့ပြီး ပြုံးနေသည်။ ထိုပြုံးပုံမျိုးကို သူ့မျက်နှာပေါ်တွင်သာ တွေ့ဖူးသည်။ ပျော်၍ရွှင်၍ပြုံးရယ်ခြင်းမျိုးမဟုတ်ဘဲ၊ မကျေနပ်သလိုလို သရော်သလိုလိုနှင့် ညှို့ယူဖမ်းစားသော အပြုံးမျိုးဖြစ်သည်။

'သက်သက်က လှတယ်နော်'

'စုလှိုင်လောက်တော့ မလှပါဘူးဗျာ'

'ဒါပေမဲ့ သူက စိတ်ထားကောင်းတယ်'

'စုလှိုင်ကရော စိတ်ထားမကောင်းလို့လား'

'မကောင်းဘူးလို့ ထင်တာပဲ'

ကိုယ့်ကိုယ်ကို စိတ်ထားမကောင်းသူဟူ၍ ပွင့်ပွင့်လင်းလင်းပြောလိုက်သော မိန်းမချောလေးကို ကျော်ထွန်းညိုသည် တအံ့တဩ ကြည့်မိသည်။ မျက်တောင်ရှည်ကြီးများ ဘောင်ခတ်ထားသောစုလှိုင်၏မျက်ဝန်းများသည် အေးစက်ရီဝေနေသည်။

ပြည်ထောင်စုရိပ်သာအနီးရှိ မီးပွိုင့်တွင် သူတို့မီးနီမိလေသည်။ ထိုစဉ်တွင် ဘေးချင်းယှဉ်ရပ်နေသော နံပါတ်ရှစ်ကားပေါ်မှ အသံကုန်ဟစ်၍ အော်ခေါ်လိုက်သောအသံကိုကြားရသည်။

'ကိုကို၊ ဗျိုး ကိုကို၊ ဒီမှာ ကိုကိုရဲ့၊ ဘယ်သွားမလို့တုံး'

ညီလင်းညို၏အသံကို ချက်ချင်းမှတ်မိသည်။ ကျော်ထွန်းညိုသည် ထိတ်လန့်သလိုဖြစ်သွားပြီး မော်ကြည့်လိုက်သောအခါ ကားပြတင်းဝမှ ခေါင်းကြီး ထိုးထွက်ရင်း ပြုံးတူးပြဲတဲ လှမ်းကြည့်နေသော ညီလင်းနှင့် အကြည့်ချင်း

ဆိုသည်။

'ကောင်းစားလှချေလား ကိုကိုရ'

ကျော်ထွန်းညိုက ရုတ်တရက် ဘာပြန်ပြောရမည်နည်း စဉ်းစား၍ မရသေးခင် သူက ထပ်အော်ပြန်သည်။ သူ အအော်ကောင်းသောကြောင့် အခြား ခရီးသည်များကပါ သူတို့နှစ်ဦးကို ကုန်းပြီးကဲ၍ကြည့်ကြသည်။ ထိုစဉ်တွင် မီးစိမ်းလေသည်။ စုလှိုင်က ကားစက်ရှိန်ကို တစ်ရှိန်ထိုးမြှင့်လိုက်သည်။ တဝူးဝူး အော်ရင်း အရှိန်ယူနေသော ဟီးနိုးကားအိုကြီးကို ရိပ်ခနဲ ဖြတ်၍ထားခဲ့သည်။

'ညီလင်းညိုက အတော်အံ့သြနေတယ်ထင်တယ်'

ရုတ်ခြည်းချွေးပြန်သွားသော ကျော်ထွန်းညိုသည် သက်ပြင်းမှုတ်ထုတ် ရင်း ချွေးသုတ်သည်။ "ကိုကိုရ တယ်ဟုတ်ပါလား ကိုကိုရ၊ ဒို့အစ်ကိုက စွံတယ် မောင်၊ အောင်မာ ကိုကို သူ့ကိုကြိုက်နေသေးတယ်ပေါ့လေ ဟုတ်လား၊ အပြုစားခံ ရမှာကိုတော့ သတိထားနော်" ဟု အိပ်ရာမဝင်ခင် တောင်စဉ်ရေမရ ပါးစပ်မပိတ် တမ်းပြောတော့မည့်စကားသံများကို ကြိုတင်ကြားယောင်နေသည်။

'ညီလင်းက စိုးရိမ်နေတာပါ'

'ဘယ်သူ့ကိုလဲ'

'ကျွန်တော့ကိုလေ'

'ဟာ ဟာ ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် ကားအတူတူစီးသွားကြတာ၊ ယောကျ်ားလေးကို စိုးရိမ်ရတယ်တဲ့လား၊ စဉ်းစဉ်း စားစားလေးလည်း ပြောပါရှင်'

စုလှိုင်က ရယ်သည်။ တကယ်ရယ်ချင်၍ရယ်လိုက်သောအခါ သူ့ မျက်နှာပေါ်တွင်ဖုံးအုပ်နေတတ်သော တင်းမာအေးစက်သည့် အမြွှေးပါးလေး ကွာကျသွားကာ ကြည်လင်ဝင်းပသွားသည်။

'ဒါပေမဲ့ ကျွန်တော်က မပြုစားတတ်ဘူး'

'ဩော် ဟော် စုကတော့ စုန်းမဆိုပါတော့ ဟုတ်လား'

ကားပြတင်းပေါက်မှန်ကို အကုန်ဖွင့်ချထားကာ အရှိန်ပြင်းပြင်းနှင့် မောင်းသဖြင့် စုလှိုင်၏ဆံပင်များသည် ကပိုကရိုပျံဝဲနေကြသည်။ လည်တိုင်တွင် စည်းထားသော ပိုးပဝါနီနီလေးသည်လည်း တဖျပ်ဖျပ်လွင့်နေလေသည်။ ကျော် ထွန်းညိုသည် ဘာမှပြန်မပြောဘဲ စုလှိုင်ကိုအသာငဲ့ကြည့်သည်။ ခေတ္တ ကွာကျ သွားသောအမြွှေးပါးလေးသည် သူ့မျက်နှာကို ရိပ်ခနဲ ပြန်လည် ဖုံးအုပ်သွား

သည်။

တရိပ်ရိပ်ပြေးနေသောကားလေးသည် အင်းလျားကန်ပေါင်ရိုးကို ပင် ကျော်ဖြတ်လာသည်။ တံတားဖြူလေးနားတွင် အမာညိုနှင့်သူငယ်ချင်း မြတ်ကိုကို အား တွေ့လိုက်သည်။ သူကလည်း တွေ့လိုက်ပုံရသည်။ လည်ပင်းကြီး ရှည် ထွက်လာပြီး ပါးစပ်အပြဲသားနှင့်လည်ပြန်အောင်လိုက်ကြည့်နေစဉ် ဝေးပြီး ကျန်ခဲ့ သည်။

'ဘယ်ကိုသွားမှာလဲ စု'

'ကားမောင်းနေတာလေ၊ ဘယ်ရယ်မဟုတ်ပါဘူး'

'ဘယ်အထိ သွားမလို့လဲ'

'သိဘူးလေ၊ ဓာတ်ဆီတော့ အပြည့်ပဲ'

'ကျွန်တော့ကိုတော့ လှည့်ဖြားပြီး ကားတင်လာတာမဟုတ်ပါဘူးနော်'

စုလှိုင်ရယ်ရပြန်သည်။ ဒီလိုတော့လည်း တည်တည်အေးအေးနေ တတ်သော ကျော်ထွန်းညိုသည် ညီလင်းနှင့် တူသွားသည်။

'ကားတင်လာတာဆိုရင် ဘာလုပ်မလို့လဲ'

'ကယ်တော်မူကြပါလို့ အော်ရမှာပေါ့ဗျာ'

'ကဲ၊ ဒါဖြင့်အော်လေ'

'ကယ်ကြပါ၊ ကယ်ကြပါဗျို၊ ကျွန်တော့ကို မတရား ဆွဲတင်လာပါ တယ်၊ အမလေး ကယ်ကြပါ'

ကျော်ထွန်းညိုက ရယ်မောနေရင်းမှ တကယ် ထအော်သည်။ စုလှိုင်က တသိမ့်သိမ့်ရယ်ရင်း ကားစက်ရှိန်ကို တိုးမြှင့်လိုက်သည်။ အအော်ရပ်သွားသော အခါမှ လမ်းဘေးသို့ကပ်၍ရပ်ပေးသည်။

'ကဲ ဆင်း'

'ဟောဗျာ'

'မတရားဘူးထင်ရင် လိုက်မစီးနဲ့တော့ပေါ့ ကိုကျော်ထွန်းညိုရဲ့'

'ဟာ၊ သူများသားပျိုကလေးကို ဟင်း၍ချက် ကန်စွန်း၍ချက်လို လမ်းဘေး မှာ ပစ်ခဲ့တော့မလို့လားဗျာ၊ မသကာ ကျောင်းအထိပို့ပေးတယ်ဆို ဟုတ်သေး'

အပြောင်အပြက်ပြောနေသော်လည်း ကျော်ထွန်းညို၏ရင်ထဲတွင် တုန် ယင်လှုပ်ရှားနေသည်ကို သူ့မျက်လုံးများမှတစ်ဆင့်သိလိုက်ပြီဖြစ်၍ စုလှိုင် ကျေ နပ်သွားသည်။ အနည်းဆုံးတော့ သူ့ခမျာ သုံးလေးညလောက် အိပ်ပျက်ပြီး

အတွေးနယ်ထဲတွင် ဂယောက်ဂယက်လေးဖြစ်တော့မည်မှာ သေချာနေသည်။

'ဒီတစ်ခါ သဘောတူလို့ လိုက်တာနော်၊ ဖြားယောင်းသွေးဆောင်ပြုစားမှု မဟုတ်ဘူး'

စုလှိုင်က အတည်ပေါက်နှင့်ပြန်နောက်ရင်း ကားကို စက်ပြန်နှိုးလိုက်သည်။ ကျော်ထွန်းညိုသည် စုလှိုင်နှင့်အတူတငြိမ့်ငြိမ့်ကားစီးနေရသော ပျော်ရွှင်ကြည်နူးမှုလေးကို လက်မလွှတ်လိုသေးချေ။ သို့သော် စုလှိုင်က ကျောင်းအထိလိုက်ပို့သောအခါ မဆင်းချင် ဆင်းချင်နှင့် ကားပေါ်မှဆင်းရလေသည်။

'ဟေ့၊ ပြန်လာပြီလား၊ မြန်လှချေကလားကွ၊ သက်သက်က ဘာပြောလိုက်လဲ'

ဌာနဘက်သို့ အူကြောင်ကြောင်နှင့်ပြန်လျှောက်အလာတွင် ကိုတင်မောင်ဌေးနှင့်တွေ့သည်။ ကျော်ထွန်းညိုသည် နေ့လည်အိပ်မက်မှ ဖျတ်ခနဲ လန့်နိုးသွားသလို ရင်တဒိတ်ဒိတ်ခုန်ပြီး မျက်လုံးပြူးသွားသည်။ ခေတ္တမျှ ငိုင်နေမိသေးသည်။ ထို့နောက်မှ စိတ်ဝင်တစားကြည့်နေသော တင်မောင်ဌေးကို သုံးဆယ့်နှစ်ချောင်းသော သွားများ အကုန်ဖော်ပြီး 'ဟီး' ခနဲ ရယ်ပြသည်။ သူက ရယ်ပြခြင်းဖြစ်သော်လည်း ရယ်သည်နှင့်တူဟန်မရှိချေ။ ကိုတင်မောင်ဌေးက မျက်မှောင်ကုတ်၍ အော်သည်။

'ဟကောင်၊ မင်းသွားကြီးတွေဖြဲပြီး ငါ့ကို ဘာလို့ခြောက်ပြနေတာလဲ၊ ငါ တစ္ဆေမကြောက်တတ်ဘူး'

*

'တစ္ဆေတော့ ကြောက်တယ်ဟယ်၊ အခြောက်များခံရရင်တော့ ငါ မတ်တတ်ကလဲသေမှာပဲ'

နန်းမိုးအေးက ပခုံးလေးတွန့်ကာ အသံဝဲဝဲလေးနှင့်ပြောသည်။ သက်သက်သည် သူ့ကိုကြည့်ရင်း ပြုံးနေမိသည်။ သူ တစ္ဆေကြောက်တတ်ပုံမှာကားပြောစမှတ်ပင်ဖြစ်သည်။ ညဥ့်မှောင်လျှင် အိမ်သာသို့ပင် တစ်ဦးတည်း သွားရဲသူမဟုတ်ချေ။ သို့သော်လည်း တစ္ဆေဝတ္ထု၊ သရဲဝတ္ထုဆိုလျှင် သူ့လောက် စွဲစွဲလမ်းလမ်းဖတ်တတ်သူကို ရှာ၍ပင်ရမည်မထင်။ သက်သက်တို့ ငယ်စဉ်က ဖတ်ခဲ့ရသော 'လူနီကြီး' 'နှစ်ဆောင်ပြိုင်အိမ်' 'မှော်ဝင်ပန်းချီကား' 'ဂမုန်းစောင့်ဘီလူး'စသောစာအုပ်များကို သူ့ဆီ၌ တွေ့ရသေးသည်။ တစ်ခါကလည်း

တစ်ခန်းလုံး မီးအလင်းထွန်းပြီး စောင်အထူကြီးကို ပခုံးထိ ခြုံကာ တစ္ဆေဝတ္ထုကို သဲသဲမဲမဲဖတ်နေစဉ် သနပ်ခါးဘဲကျားနှင့်ဝင်လာသော သက်သက်ကို တစ္ဆေထင်ပြီး လန့်အော်ခဲ့ဖူးသည်။ တစ်ဆောင်လုံး အထိတ် တလန့်ဖြစ်ခဲ့ရဖူးသည်။

'တစ္ဆေဆိုတာ လူထက်နိမ့်ကျတာပဲ နန်းမိုးရဲ့၊ ဘာကြောက်စရာရှိလဲ'

'အို ဟယ်၊ ငါတော့ကြောက်တာပဲ'

ဆေးရုံတစ်ခုလုံး တိတ်ဆိတ်နေသည်။ ညဥ့် ဆယ့်နှစ်နာရီကျော်ပြီမို့ လူနာများလည်း အိပ်မောကျနေပေပြီ။

အရိုးဌာနသို့ရောက်လာသောအခါ ညဂျူတီကျသော်လည်း အတန်ငယ် သက်သာသည်။ အရိုးကျိုးလူနာများသည် နာတာရှည်သဘောမျိုးဖြစ်နေ၍ အတိုင်အတော နားပူနားဆာ သိပ်မများလှပေ။ တစ်ခါတစ်ရံ ကိုက်ခဲလွန်း၍ မအိပ်နိုင်မှသာ ညည်းညူတတ်ကြသည်။ ခွဲစိတ်ဆောင်နှင့်ရောဂါဆောင်များတွင် တာဝန်ကျစဉ်ကမူ မနားရချေ။ ဟိုလူနာက အော်၊ ဒီလူနာက ဟစ်၊ အရေးပေါ် ရောက်လာသူက တစ်မျိုးနှင့် တစ်ခါတစ်ရံ မိုးလင်း၍ပင် ဘယ်အချိန်လင်းသွားမှန်း မသိအောင် အလုပ်များလှသည်။

'နင်သိလား မိသက်၊ ဘက်ဖိုးက ဦးတင်ရွှေဆိုတဲ့လူကြီးကလေ ဆေးရုံတက်ရတာ သုံးခါရှိပြီတဲ့'

'ဘာဖြစ်တာလဲ'

'ကားကြိတ်တာလေဟယ်၊ ပထမခြေထောက်နှစ်ချောင်းလုံးကို ဒူးအောက်က ဖြတ်လိုက်ရရော၊ ချိုင်းထောက်နဲ့သွားနေရတာပေါ့၊ အဲဒါတစ်ခါ အိမ်ပေါ်ထပ်က လိမ့်ကျပြီး ပေါင်ရိုးအက်ပြန်ရော၊ ဒီတော့တစ်ခါ ဒူးအထက်က ထပ်ဖြတ်၊ အဲဒါတစ်ခါခြင်ဆီလိုက်ပြန်လို့ နောက်တစ်ခါဖြတ်၊ အခု သူ့ခြေထောက် နှစ်ဖက်လုံး ငုတ်တိုလေးပဲကျန်တယ်၊ အဖြစ်ကဟယ် ကြောက်စရာ၊ တစ်ခါထဲ ဖြတ်ရတာဆို တော်သေး'

သက်သက်၏ပခုံးလေးနှစ်ဖက်သည် အလိုလိုကျုံ့ဝင်သွားပြီး သက်ပြင်းလေး ချလိုက်မိသည်။ နန်းမိုးအေးပြောသောလူနာကို သူသိသော်လည်း ထိုကဲ့သို့ ထပ်တလဲလဲဖြတ်ရသောအကြောင်းကိုကား သိမထားပေ။

'ဝဋ်ကြီးလိုက်တာနော်'

'အဲဒါလေ သူအရင်ဘဝက မိကျောင်းသား ရောင်းဖူးတယ်ထင်တယ် သိလား နန်းမိုး'

'ဘာဆိုင်လို့လဲ ဟယ်'

'မိကျောင်းသား ရောင်းရင် အရှင်ခုတ်ရောင်းရတယ် တဲ့၊ အသေသား ဆိုရင် ပုပ်လွယ်လို့တဲ့၊ မိကျောင်းကို ကြိုးနဲ့မလှုပ်နိုင်အောင်တုပ်ထားပြီး ဝယ်သူလာမှ အမြီးပိုင်းက စပြီး ခုတ်ရောင်းတာ၊ ခုတ်လိုက်တိုင်း အဲဒီ မိကျောင်းက မျက်လုံးလေး မှိတ်မှိတ်သွားတယ်တဲ့၊ အသံထွက်ပြီးမှ မအော်နိုင်တာလေ'

'တော်တော့ဟယ်၊ ကြောက်တယ်'

နန်းမိုးအေးက မျက်စိမျက်နှာပျက်လာသည်။ အရှင်လတ်လတ် အပိုင်းပိုင်းအခုတ်ခံရသော မိကျောင်းနေရာတွင် ကိုယ်တိုင်ဝင်ခံစားပြီး အသည်းနှလုံးများ ဖျပ်ဖျပ်လူးသွားဟန်ရှိလေသည်။ သို့သော် သူက တော်တော့ဟု ပြောပြီး သူကပင် ဆက်၍မေးသည်။

'နင့်ဘယ်သူပြောလဲဟင်'

'ကိုကိုပြောတာ၊ ဟိုလေ ကိုကျော်ထွန်းညို'

သက်သက်က ကိုကို့အား သတိရလာသည်။ ဒီအချိန်ဆိုလျှင် သူတို့မောင်နှမတစ်တွေ အိပ်မောကျလောက်ပေပြီ။ အမာညို၏အပြောအတိုင်း ပြောရမည်ဆိုလျှင် သန်းခေါင်ကျော်နေမှတော့ သူတို့ညီအစ်ကို၏ပုဆိုးများသည် လည်ပင်းတက်စွပ်နေပြီး တခေါခေါဟောက်နေလောက်ပြီဟု ပြောရမည် ဖြစ်သည်။

'ဘာလဲ ဟိုတစ်ခါ ငါတို့ကိုငမ်းချင်လို့ဆိုပြီး လာတယ်ဆိုတဲ့လူလား၊ ချောတယ်လေ'

'ဟုတ်ဘူး၊ အဲဒါက ညီလင်းညို'

'မိသက်ကြီးက စွံတယ်ဟယ်၊ မနေ့တုန်းကလည်း လူတစ်ယောက် နှင်းဆီပန်းတွေလာပို့သွားတယ်ဆို'

'အဲ အဲဒါက နွေသူရိန်'

သက်သက်သည် နွေသူရိန်ပေးသွားသော နှင်းဆီပန်းအဝါလေးများကို ပန်းအိုးတွင် ဝေနေအောင် ထိုးလိုက်ရသည်။ နွေသူရိန်က ပြောသွားသေးသည်။ အမာညို၏မင်္ဂလာဆောင်တုန်းက နှင်းဆီအဝါလေးတစ်ပွင့်ပန်ထားသည်မှာ လှလွန်းသောကြောင့် သူကအဝါရောင်နှင်းဆီကိုမှရှာပြီးပေးခြင်း ဖြစ်သည်ဟုဆိုသည်။

'အဲဒီလူကရော နင့်ကိုကြိုက်နေလား'

'သိပါဘူးဟယ်'

နွတ်ကသာ မသိဘူးဟုပြောလိုက်သော်လည်း နွေသူရိန်၏သဘော ထားက မရိုးသားကြောင်း သက်သက်သိသည်။ ဒီအသက် ဒီအရွယ်ရောက်နေမှ တော့ ယောကျ်ားပျိုတစ်ဦးက မိမိအပေါ် လိုသည်ထက်ပိုပြီး စိတ်ဝင်စားနေလျှင် ဂရုစိုက်နေလျှင် ဘာကြောင့်နည်း မိန်းမပျိုတိုင်း သိကြသည်သာ ဖြစ်လေသည်။

သက်သက်သည် လက်ကောက်ဝတ်အထက်နားကျကျတွင် ပတ်ထား သော နာရီကိုငုံ့၍ကြည့်လိုက်သည်။ တစ်နာရီပင်ကျော်လုပေပြီ။ မေးစင်းချင်လာ သော မျက်လုံးများကိုပွတ်ကာနေရာမှ ထလိုက်သည်။

'ပေးရှင့်တွေကို လှည့်ကြည့်လိုက်ဦးမယ်၊ နင် လိုက်မလား'

'အေး လိုက်မယ်'

နန်းမိုးအေးသည် ချက်ချင်း နေရာမှထသည်။ ထို့နောက် လက်ဆေး ကြွေဇလုံသို့သွားကာ မျက်လုံးကို ရေဆွတ်လိုက်လေသည်။ လောကကြီး တစ်ခု လုံး အိပ်မောကျနေချိန်ဝယ် တာဝန်အပြည့်နှင့်နိုးကြားနေရသော သူတို့သည် ယောင်၍မျှ မငိုက်မိအောင် သတိထားနေကြရသည်။ အနည်းငယ် အိပ်ချင်လာ သည်နှင့် လူနာများဆီသို့လျှောက်သွားကာ ကြည့်ရှုအကဲခတ်လေ့ရှိသည်က တော့ သက်သက်၏အကျင့်ဖြစ်သည်။ ရီဝေထိုင်းမှိုင်းနေသော အိပ်ချင်စိတ်ကို တာဝန်သိစိတ်နှင့်မောင်းထုတ်ပစ်ရလေသည်။

သူတို့နှစ်ဦးသည် လူနာဆောင်ထဲသို့ ယှဉ်လျက်ဝင်လာကြသည်။ လူနာစောင့်များသည် ခုတင်ဘေးတွင် ခုံကလေးများဆက်ကာ ကွေးကွေးလေး အိပ်နေကြသည်။ အချို့လည်း ခုတင်ပေါ်ခေါင်းတင်ကာ ထိုင်လျက် ငိုက်နေကြ လေသည်။ အရိုးကျိုးလူနာများသည် မသွားနိုင်မလာနိုင်သူများ ဖြစ်သည်။ အချို့ ဆိုလျှင် လှုပ်ပင် မလှုပ်ရသူများမို့ အစစအရာရာ အကူအညီလိုသည်။ လူနာ စောင့် မရှိလျှင် မဖြစ်သလောက် လိုအပ်လေသည်။

'စားပါဦးလား ဆရာမလေး'

ညလည်စာ ထစားနေသောလူနာစောင့်တစ်ဦးက သူ့လက်မှ မုန့်ကြွပ် ကြီးကို ထောင်ပြရင်းပြောသည်။

'ဆာလွန်းလို့ ရင်ထဲမှာပူနေတာပဲ ဆရာမရဲ့'

'စားပါဦးလေး စားပါ'

ယောကျ်ားဆောင်တွင် အေးအေးဆေးဆေးအိပ်နေကြ၍ သူတို့နှစ်ဦး

မိန်းမဆောင်ဘက်သို့ကူးခဲ့ကြသည်။ အဆောင်နှစ်ခုကြား လွတ်နေသော ခုတင်ပေါ်တွင် အဘိုးကြီးတစ်ဦးအိပ်နေသည်။ ထိုအဘိုးကြီးသည် လူနာစောင့်ပင်ဖြစ်သည်။ သို့သော် သူ့လူနာသည် ယောကျ်ားမဟုတ်ပေ။ ဆယ့်သုံးနှစ်ခန့်ရှိသူ့မြေးမလေးဖြစ်သည်။ တစ်လောကလုံး မြေးအဘိုးနှစ်ဦးသာ ဆွေမျိုးရှိသည်။ အဘိုးကြီးက မျက်စိမှုန်တိမှုန်ဝါးသာမြင်ရ၍ ကောင်မလေးက အကြော်ရောင်း၍ကျွေးရလေသည်။ တစ်နေ့တွင် အကြော်ဗန်းရွက်ရင်း ကားလမ်းဖြတ်အကူးတွင် ငှက်ပျောခွံနင်းမိ၍ လျှောခနဲ လဲလေသည်။ ကံကောင်းထောက်မ၍ ကားအကြိတ်မခံရသော်လည်း သူ့ခမျာ လဲနေသည့် နေရာက မထနိုင်တော့ဘဲ ဆေးရုံရောက်ခဲ့ရလေသည်။ ခါးရိုးကျိုးသွားခြင်း ဖြစ်၍ အချိန်ယူကုရသည်။ လူနာစောင့်မည့်အမျိုးလည်းမရှိ၊ လူနာစောင့် ငှားရန်လည်း ငွေမတတ်နိုင်ချေ။ အဘိုးအိုက မျက်ရည် တစမ်းစမ်းနှင့်ဆေးရုံ လိုက်လာပြီး ချုံးပွဲချငိုသောအခါ ဆရာဝန်ဆရာမတို့က မိန်းမလူနာကို ယောကျ်ားအစောင့် မစောင့်ရသော်လည်း သူတို့ကိုခြွင်းချက်အဖြစ် ခွင့်ပေး ကြရလေသည်။ အဘိုးကြီးခမျာမှာလည်း ကန်းလုလု၊ တုန်ချည့်ချည့်ကြီးမို့ စတပ်ဖ်ကဆိုလျှင် “ဟဲ့ လူနာကို လူနာက လာစောင့်နေတယ်ဟဲ့” ဟု မချိတင်ကဲ ပြောတတ်သည်။ ထုံးစံအတိုင်းဆိုလျှင် လူနာကိုသာဆေးရုံက ထမင်းကျွေးခြင်းဖြစ်သော်လည်း သူတို့ကိုမူ နှစ်ဦးလုံးကို ဆေးရုံမှကျွေးထားရ လေသည်။

‘နေပါဦး မိသက်ရဲ့ ခုန နင်ပြောတဲ့ နွေသူရိန်ဆိုတာ ကဗျာဆရာဆို ဟုတ်လား’

‘အင်း’

ခြေရင်းဘက်ရောက်နေသောစောင်ကိုယူပြီး အဘိုးကြီးကိုလွှမ်းခြုံပေးလိုက်ရင်း နန်းမိုးအေးက ပြတ်သွားသောစကားစကို ပြန်ကောက်သည်။

အဘိုးကြီးနိုးသွားမည်စိုးသဖြင့် တိုးတိုးလေးပြောသည်။

‘ငါတို့ သူနာပြုလေးတွေအကြောင်း ချီးမွမ်းပြီး ကဗျာစပ်ဖူးသေးတယ် ဆိုတာ သူလား’

‘အင်း’

သက်သက်သည် နွေသူရိန်၏ ကဗျာလေးကို စိတ်ထဲမှပြန်လည်ရွတ်ကြည့်နေမိသည်။ ကဗျာလင်္ကာကို ဝါသနာမပါသော်လည်း ထိုကဗျာလေးကိုမူ သူအလွတ်ရလေသည်။ အမာညိုကမူ နွေသူရိန်ကို အတော်လေး မြင်ပြင်းကပ်ပုံရ

သည်။ "မိသက်နော် နင် နွေသူရိန်ကို မကြိုက်ရဘူးနော်၊ ကိုကို့ကို သစ္စာ မဖောက်ရဘူး" ဟု နိုင်ထက်စီးနင်းကလေး ကြိမ်းသည်။

'ဆရာမ ဆရာမ'

လူနာစောင့်တစ်ဦးက သူတို့ကို မဝံ့မရဲခေါ်သည်။

'ဘာဖြစ်လို့လဲဟင်'

'ဟို ဟို အစ်မ ကိုယ်တွေပူနေလို့'

သူတို့နှစ်ဦးလုံး ခုတင်ပေါ်မှ လူနာဆီသို့ ခပ်သွက်သွက်ကပ်သွားကြသည်။ ထိုလူနာသည် ပြီးခဲ့သောအပတ်က ခွဲစိတ်ထား၍ ချုပ်ရိုးပင်ဖြေရသေးသူမဟုတ်ချေ။ အဖျားသွေးဝင်လျှင် မကောင်းချေ။ အတွေ့အကြုံများ နေပြီဖြစ်၍ သက်သက်သည် သူ့နဖူးကိုအုပ်၍စမ်းလိုက်သည်နှင့် အဖျားသွေး တစ်ရာကျော်ကျော် ရှိလိမ့်မည်ဟု ခန့်မှန်းမိသည်။

'ဘယ်တုန်းက စ ပူနေတာလဲ'

'ညဦးပိုင်းကမှ ဆရာမရဲ့'

'မိသက်ရေ စတပ်ဖ်ကို ပြောမှထင်တယ်'

နန်းမိုးအေးက လူနာ၏လက်ကောက်ဝတ်ကို ဖမ်းကိုင်ကာ သွေးစမ်းနေစဉ် သက်သက်သည် လှည့်ထွက်လာသည်။ တာဝန်ကျစတပ်ဖ်ကို သွားခေါ်ပြီး ပြန်လာလျှင် ပြဒါးတိုင်ယူလာရမည်ကို ကိုယ့်ကိုယ်ကို သတိပေးနေသည်။ လူနာ ဘာကြောင့်အဖျားဝင်သနည်းလည်း တွေးနေမိသည်။ ထိုအထဲမှ အမာညိုက နွေသူရိန်ကို အမြင်ကပ်နေသော တွေးလက်စ အကြောင်းကို မေ့မသွားသေးသော သူ့စိတ်ကိုပင်သူ အံ့ဩသွားသည်။ "ကိုကို့ကို သစ္စာမဖောက်ရဘူးဆိုတော့ ငါနဲ့ကိုကိုနဲ့ ဘာသစ္စာတွေများထားရသေးလို့လဲ မာညိုရဲ့" ဟု စိတ်ထဲမှပြန်ပြောရင်း သွက်သွက်လေးလျှောက်လာသည်။

*

'မိုးတောင်လင်းခါနီးနေပြီ'

အမာညိုသည် မှန်ရီဝိုးတဝါးအလင်းရောင်လေးကို အိပ်ချင်မူးတူးကြည့်ရင်း စိတ်ထဲမှရေရွတ်လိုက်မိသည်။ စောင်ကိုတင်းတင်းခြုံ၍ကွေးကွေး လေးအိပ်နေရင်းမှ သူ့ကိုယ်သူ မေမေကြီးနှင့်အိပ်နေခြင်းဖြစ်သည်ဟု ထင်နေမိသေးသည်။ တခူးခူးဟောက်သံကြီးကိုကြားရသောအခါမှ ပေါက်ကျိုင်းကို သတိ

ရသည်။ သူနှင့်ပေါက်ကျိုင်း အကြင်လင်မယားဖြစ်နေကြပြီကို ဟုတ်မှ ဟုတ်ရဲ့လားဟု အသေအချာပြန်တွေးနေမိလေသည်။

'မာ ညို'

ပေါက်ကျိုင်းက ယောင်ခေါ်ရင်း သူ့ကိုလှမ်း၍ဖက်ထားလိုက်သည်။ တစ်ခုတစ်ခု အိပ်မက်မက်နေသလား မသိချေ။ ပေါက်ကျိုင်း၏မျက်နှာသည် အိပ်ပျော်ရင်းမှ ပြုံးပြုံးကြီးဖြစ်နေသဖြင့် အမာညိုသည် ခစ်ခနဲရယ်လိုက်မိလေသည်။

'ငါ မငယ်တော့ဘူး၊ အိမ်ထောင်ရှင်မကြီးဖြစ်နေပြီ၊ အရင်တုန်းကလို ကလေးဆန်နေလို့ မဖြစ်ဘူး'

အမာညိုသည် မျက်လုံးကိုပြန်မှိတ်ထားရင်း ကြီးကြီးကျယ်ကျယ် စဉ်းစားနေသည်။ သို့သော် သူ့အတွက် ယောကျ်ားယူရသောအလုပ်သည် ပေါက်ကျိုင်းက သူတို့အိမ်ရောက်လာသည်မှလွဲ၍ ဘာမှမထူးခြားချေ။ ကိုယ်ပိုင်ငွေဟူ၍လည်း တစ်ပြားမှမရှိ၊ ကိုယ်ပိုင်အိမ်လည်း မရှိ၊ ယခင်က သူတို့မောင်နှမ စာကျက်ရသော အောက်ထပ်မှအခန်းကျဉ်းလေးသည် သူတို့နှစ်ဦးအတွက် အိပ်ခန်းဖြစ်လာသည်။ မေမေကြီးနှင့်အတူ အပေါ်ထပ်တွင် အိပ်ရာမှ အောက်ထပ်ပြောင်းလာရခြင်းတစ်ခုသာ ထူးခြားသည်။ ယခင်ကလိုပင် မေမေတို့ဆီမှ မုန့်ဖိုးတောင်းရဦးမည်၊ ကျောင်းတက်ရဦးမည်၊ စာမေးပွဲ ဖြေရဦးမည်ဖြစ်သည်။

အောက်ထပ်သို့ဆင်းလာသောခြေသံကိုကြားရသည်။ မေမေကြီး၏ခြေသံဖြစ်ကြောင်း အမာညိုမှတ်မိသည်။ မေမေကြီးသည် တစ်အိမ်လုံးတွင် အသက်အကြီးဆုံးဖြစ်ပြီး အစောဆုံးနိုးလေ့ရှိသူလည်းဖြစ်သည်။

'ငါ ဘာဖြစ်လို့များ ဒီလောက်အလောသုံးဆယ် ယူမိတယ် မသိပါဘူး၊ ဘွဲ့ရမှယူတော့ရော ဘာဖြစ်သေးလဲ၊ အေးလေကွယ် ဒါကတော့ ခွဲပြီးမှ မနေနိုင်တော့တာကိုး၊ ဘွဲ့ရဖို့ဆို အကြာကြီးစောင့်ရဦးမှာ'

အမာညိုသည် သူ့ကိုယ်သူ ချက်ချင်းပြန်ပြီး ခွင့်လွှတ်လိုက်သည်။ တစ်ရေးနိုးက ရေအသောက်များထား၍ ဆီးအိမ်က တင်းနေသော်လည်း အိပ်ရာမှမထသေးဘဲ ပေအိပ်နေသည်။ ရေချိုးခန်းထသွားပြီးလျှင် ပြန်အိပ်ရတော့မည် မဟုတ်ချေ။ မိုးကလည်း လင်းလာပြီမို့ တစ်ခါတည်းအပြီးနိုးရတော့မည်ဖြစ်သည်။

ပေါက်ကျိုင်းအိပ်ပျော်နေစဉ်မို့ အမာညိုသည် သူ့မျက်နှာကို စေ့စေ့

ကြည့်နေမိသည်။ မျက်ခုံးထူ၍ နှာတံပေါ်လွင်သည်။ မျက်လုံးကမူ မျက်တောင်တိုတိုလေးများနှင့်မို့ မလှပေ။ နဖူးသည် ကျယ်ပြန့်ပြီး ဆံတံခွန်ပါသည်ကိုတော့ အမာညိုကြိုက်သည်။ ထိုသို့ ဆံတံခွန်ပါသူများသည် ထင်ရှားကျော်စောသည် ဟုပြောကြသည်။

'မိသက်တစ်ကောင်လည်း မင်္ဂလာဆောင်ပြီးကတည်းက တစ်ခါမှ ပေါ်မလာတော့ဘူး၊ ငါယောကျ်ားယူတာနဲ့ ငါ့ကို မခင်တော့ဘူးလား မသိပါဘူး'

အမာညို၏အတွေးသည် သက်သက်ဆီသို့ပြန်းခနဲရောက်သွားသည်။ သူ့ကို ပေါက်ကျိုင်းနှင့် ရုံးတက်လက်ထပ်အပြီး ပထမဆုံးအကြိမ် ပြန်တွေ့စဉ်က ချက်ချင်းပင် စကားမပြောဘဲအတန်ကြာအောင် မျက်ရည်အဝဲသားနှင့်ငိုင်ကြည့်နေသည်ကို သတိရပြီး သူ့သူငယ်ချင်းကို သနားသွားသည်။

ပေါက်ကျိုင်းသည် ဟောက်သံပျောက်သွားကာ အသက်မှန်မှန်ရှူနေသည်။ ထို့နောက်မှ မျက်ခွံများလှုပ်ရှားလာလေသည်။

'ဟော့ နိုးပြီလား'

'ဟင့်အင်း နိုးသေးဘူး'

'နိုးရင်လည်း ထကွာ'

'အိပ်ချင်သေးတယ် မာညိုရဲ့'

ပေါက်ကျိုင်းက မျက်စိမဖွင့်ဘဲ အမာညိုနားတိုးကပ်၍လာသည်။ အမာညိုက သူ့ကိုပြန်တွန်းပြီး အိပ်ရာပေါ်မှ လိုမ့်ဆင်းလိုက်သည်။

'မိုးလင်းနေပြီ၊ နေကြီးကိုကျဲလို့၊ မေမေကြီးတောင် ထနေပြီ ပေါက်ကျိုင်းရဲ့'

'ဘာပြောတယ်၊ ဘယ်လိုခေါ်လိုက်တယ်'

ပေါက်ကျိုင်း၏မျက်လုံးများသည် ဖျတ်ခနဲပွင့်လာကာ မကျေမနပ်ကြီးပြောသည်။ အမာညို သူ့ကို ပေါက်ကျိုင်းဟုတစ်ခွန်းခေါ်လိုက်တိုင်း သူ့အသည်းကို ကျွဲတစ်ခါခတ်သလို ခံရခက်လှသည်ဟု ဖွင့်ဟညည်းညူခဲ့သည်။

'သူများတွေများ ကိုကိုတို့ မောင်မောင်တို့နဲ့ နားဝင်ချိုလိုက်တာ မာညိုရယ်'

'မာညိုက အဲဒီလိုမှမခေါ်တတ်ဘဲ'

'မခေါ်တတ်ရင် ခေါ်တတ်အောင် ကျင့်ပေါ့ဗျ၊ တကတဲ၊ ကိုယ့်

ယောက်ျားကိုများ ခေါ်ပုံလေးကသင်းလိုက်တာ'

'အောင်မာ တင်စီးလိုက်တာ၊ ဘာ ကိုယ့်ယောက်ျားလဲ'

အမာညိုက မျက်နှာလေးမဲ့ကာ မခံနိုင်သလိုပြောသည်။ သွေးထွက်အောင် မှန်သော အမှန်တရားကိုပြောခြင်းဖြစ်သော်လည်း ထိုသို့ပြောတိုင်း အမာညို ရှက်သွေးဖြန်းပြီး မခံချင်ဖြစ်တတ်လေသည်။ ပေါက်ကျိုင်းကလည်း မျက်နှာကို မဲ့ကာ ပြန်မေးသည်။

'ကဲ ကဲ ဒီလိုဆို ခင်ဗျားနဲ့ကျွန်တော်နဲ့ဘာတော်သလဲ ဒေါ်အမာညိုရဲ့ ပြောစမ်းပါဦး'

အမာညိုသည် စောင်ကိုဆွဲကာ ခေါက်သိမ်းရင်း အကျပ်ရိုက်သွားသည်။ ပေါက်ကျိုင်းတစ်ယောက် မခံနိုင်မရပ်နိုင်ဖြစ်နေသဖြင့်လည်း ရယ်ချင်နေသည်။

'သူငယ်ချင်းပေါ့'

'ဘာ သူငယ်ချင်းလဲ၊ အဲဒါ သူငယ်ချင်းလား ကဲ ကဲ'

ပေါက်ကျိုင်းသည် မချိုမချဉ်ပြောသော အမာညိုကို လှမ်းဆွဲသည်။ လွတ်အောင်ရှောင်နိုင်သော်လည်း အမာညိုမရှောင်မိပေ။ ဟန်ဆောင်ရုန်းကန်ရင်း သူ့ရင်ခွင်ထဲသို့ အလိုက်သင့်ရောက်သွားလေသည်။

*

'မမစုလား'

'ဟုတ်ပါတယ်'

စုလှိုင်သည် တယ်လီဖုန်းခွက်ကိုကိုင်ရင်း တစ်ဖက်မှ အသံရှင်ကို မှန်းဆနေမိသည်။ စိုင်းက သူ့ကို မမစုဟုခေါ်သော်လည်း ယခုအသံသည် စိုင်း၏ အသံမဟုတ်ချေ။ ထို့ပြင် စိုင်းဟူသည့်ရှမ်းချောချောလေးသည် စုလှိုင်အိမ်သို့ လာပြီး "ချစ်လုံးလုံး မုန်းလားလားပဲ မမစု၊ နောက် ကျွန်တော့ ကိုတွေ့ရင်တောင် ပြုံးမပြပါနဲ့တော့၊ မမစုကို ကျွန်တော် မုန်းလိုက်ပြီ၊ ရန်သူ အနေနဲ့ပဲ သတ်မှတ်လိုက်ပြီ" ဟု မာနလေးတဝေဝေနှင့်မျက်ရည်အဝဲသား ပြောသွားခဲ့သည်။ သူက တစ်ဖန် ဖုန်းဆက်ပြီး ဆက်သွယ်တော့မည်မဟုတ်ချေ။

'ကျွန်တော့အသံ မမှတ်မိဘူးလား'

'အင်း၊ သိတော့သိသလိုပဲ'

'သိတော့သိတယ် မမှတ်မိတာလေးကြောင့်ပါ ဆိုပါတော့၊ ဟုတ်လား မမစု'

'သြော် ညီလင်းညို'

ယခုမှပင် ပြောင်သလို နောက်သလိုပြောတတ်သောလေသံကို မှတ်မိတော့သည်။

'အိုး ဟိုး၊ မှတ်မိသကိုး'

'ဒီလေသံကို ခွေးချီသွားရင်တောင်မှတ်မိပါတယ် ညီလင်းညို'

တစ်ဖက်မှ ရယ်သံကိုကြားရသည်။ မာမီကြီးမရှိတော့သည့် နောက်ပိုင်းတွင် ကြားဖြတ်နားထောင်မည့်သူလည်း မရှိတော့ချေ။ ကိုယ့်အလုပ်နှင့်ကိုယ့်အာရုံနှင့်မို့ တစေ့တစောင်း နားထောင်မည့်သူလည်းမရှိ။ စုလှိုင်သည် တယ်လီဖုန်းကို ယခုမှပင် အသက်ရှူချောင်ချောင်နှင့် လွတ်လွတ်လပ်လပ်ပြောရတော့သည်။ ပြောတိုင်းလည်း မာမီကြီးကို သတိရသည်။ သတိရတိုင်းလည်း အမုန်းတရားက ရင်ထဲတွင် ပွားလာတတ်သည်။

'ကျွန်တော် မမစုကို မကျေနပ်လို့'

'ဘာဖြစ်လို့'

'ကိုကို့ကို ဘာလို့စိတ်ဆင်းရဲအောင် လုပ်ရတာလဲ မမစုရာ'

'အမယ်ရှင် ကျွန်မဘာလုပ်ရလို့လဲ'

'ဆင် ကျီစားရာ၊ ဆိတ်မခံသာပါဘူးဗျာ၊ ခု ကျွန်တော့ကိုကိုခမျာ ညတိုင်းအိပ်မပျော်ဖြစ်နေတယ်ဗျ၊ သိရဲ့လား'

'စုနဲ့ဘာဆိုင်လို့လဲကွယ်'

စုလှိုင်က ခပ်နွဲ့နွဲ့လေးပြောလိုက်သည်။ ဆိုင်မှန်းသိသော်လည်း မဆိုင်ဘူးဟူ၍သာ ငြင်းချက်ထုတ်ရမည်ဖြစ်သည်။

'ကိုကို့ကို ပြန်မချစ်နိုင်ဘူးလားမမစု'

'ဟင့်အင်း'

'ဘာဖြစ်လို့လဲ ကျွန်တော့ကိုကိုက ရုပ်လည်းချောတယ်၊ သဘောလည်း ကောင်းတယ်၊ ပညာလည်း ရှိပါတယ်'

'ညီလင်းညို ဥပဒေသင်တန်းများ တက်နေလားဟင်'

'တက်ပါဘူး၊ ဘာဖြစ်လို့လဲ'

'သြော် ရှေ့နေအလိုက်ကောင်းလို့ပါ'

ညီလင်းညို၏ သက်ပြင်းချသံကိုကြားရသည်။ မကျေမနပ်နှင့် မှုန်တေတေလေးဖြစ်နေမည့် သူ့မျက်နှာကို စုလှိုင်သည် မြင်ယောင်မိရင်း ပြုံးနေသည်။ သူ့အစ်ကိုအတွက် တကယ်မခံချင်၍ ပြောနေသည်လား၊ သို့မဟုတ် သူတို့အခေါ် အလှနတ်ဘုရားမလေး မိမိနှင့်ပင် စကားပြောချင်၍ ရှာကြံ ပြောနေသည်လား စုလှိုင်ကောင်းစွာမဝေခွဲတတ်ပေ။ သဲသဲကွဲကွဲသိလိုစိတ်က ရင်ထဲတွင်ပလုံစီ ထလာလေသည်။

'ညီက အစ်ကိုထက်ချောပါတယ်'

'ဘယ်ညီက ဘယ်အစ်ကိုထက်ချောတာလဲဟင်'

'စဉ်းစားကြည့်ပေါ့'

'မမစု ကျွန်တော့ကို ပြုစားနေတာလား'

'စုက စက်မှုတက္ကသိုလ်မှာ စက်မှုအတတ်သင်နေတာပါကွယ်၊ စုန်းအတတ်သင်နေတာမှမဟုတ်တာ'

'စုန်းအတတ်သင်လို့ စုန်းဖြစ်ဦးတော့၊ ကျွန်တော့ကိုတော့ ပြုစားလို့မရဘူးဆိုတာ ကြိုတင်ပြောလိုက်ချင်ပါရဲ့ဗျာ'

'အပြောကြီးလှချေလား ညီလင်းညိုရယ်'

စုလှိုင်သည် မခံချင်စိတ်ကလေးနှင့် မျက်နှာလေးနီသွားပြီး ခပ်လှောင်လှောင်ပြောလိုက်သည်။ 'မင်းက ဘာသားနဲ့ထုထားတာမို့လဲ ညီလင်းညိုရဲ့'ဟု မေးပစ်လိုက်ချင်စိတ်ပေါက်လာသည်။

'ကလီယိုပတ်ထရာက သြဂတ်စတပ်စ်ကို မဆွဲဆောင်နိုင်ဘူး မမစုရဲ့၊ ဘာလို့လဲ သိရဲ့လား၊ သူ့ရှေ့မှာတင် သူ့ရဲ့ဦးလေးဆီဆာရော၊ အန်တို နီယိုရော ကလီယိုပတ်ထရာရဲ့ညှုတ်ကွင်းထဲရောက်ပြီး ဒုက္ခရောက်ရတာ သူမြင်ထားတာကိုး'

'သြော်၊ ဟော် ဒို့ဆီဖုန်းဆက်တာ ညီလင်းညို အောက်မေ့နေတာ၊ လက်စသတ်တော့ သြဂတ်စတပ်စ်ပါလား'

ညီလင်းညို၏ ရယ်သံကိုကြားရပြန်သည်။ ထို့နောက် ခေတ္တငြိမ်သွားပြီး သက်ပြင်းချသံကိုကြားရသည်။

'မမစု သိပ်ချောတာ ကျွန်တော်သိပါတယ်၊ ဒါကြောင့်မို့လည်း တောင်းပန်ချင်တာပါဗျာ၊ ကျွန်တော့ကိုကိုကို တကယ်မချစ်ဘဲ အရူးမလုပ်ပါနဲ့၊ ကိုကိုက လူရိုးပါ လူအေးပါ'

ညီလင်းညိုက လှိုက်လှိုက်လှဲလှဲ ပြောသည်။ ဒီတော့မှ စုလှိုင် စိတ်ထဲ ရှင်းတော့သည်။ သူ့ အစ်ကိုအတွက် တကယ်မခံချင်၍ ပြောနေမှန်း သေချာတော့ သည်။

ဒီလိုဆိုပြန်တော့လည်း မကျေနပ်ချင်ပြန်၊ အစ်ကိုအတွက် ရန်အတွေ့ ကောင်းနေသည့် သူ့ကိုပြန်ပြီး ရန်တွေ့ချင်စိတ်ပေါ်လာသည်။ စုလှိုင်သည် တယ် လီဖုန်းခွက်လေးကို ကိုင်ရင်း ခေတ္တငိုင်နေမိသည်။

စုလှိုင်၏ခြေထောက်ကို မော်တော်ကားလေးတစ်စင်းက လာ၍ တိုက် သည်။ မော်တော်ကားလေးနောက်မှ ပြေး၍လိုက်လာသော ထွန်းသည် စုလှိုင်ကို မြင်သောအခါ ရုတ်တရက်ရပ်လိုက်လေသည်။ စုလှိုင်၏ခြေရင်းမှ သူ့ကစားစရာ လေးကိုလာရောက်ယူရန် ကြောက်ရွံ့နေသလို မျက်လုံးဝိုင်းကြီးနှင့် လှမ်း၍ ကြည့် နေသည်။

'စု သိပ်ချောတာ ညီလင်းညိုသိတယ်လား'

'ယောကျ်ားတိုင်း သိကြပါတယ်ဗျာ'

စုလှိုင်သည် 'ထွန်း' ကို ခပ်စိမ်းစိမ်းလှမ်းကြည့်နေလိုက်ပြီးမှ ကားလေး ကို ခြေနှင့်တွန်းပြီး သူ့ဘက်ပြန်ပို့လိုက်သည်။ ထွန်းသည် လျှောခနဲ ရောက်လာ သော ကားလေးကို ကုန်း၍ကောက်ယူလိုက်ကာ စုလှိုင်ကို ခပ်ရွံ့ရွံ့ပြုံးပြသည်။ ထို့နောက် အခန်းထဲမှ ပြေး၍ထွက်သွားလေသည်။

'ဒါပဲနော် ကျွန်တော် တောင်းပန်တာလေးသာ တစ်ဆိတ်ဆင်ခြင်ပေး ပါ မမစုရာ'

ညီလင်းညိုသည် တယ်လီဖုန်းကိုအလျင်ချသွားသောကြောင့် စုလှိုင် မခံချင်ဖြစ်ရပြန်သည်။ အတန်ကြာအောင် ငိုင်တွေတွေရပ်နေမိပြီးမှ ခြေကို ဆောင့် ပြီး လှည့်ထွက်လာခဲ့သည်။

နံနက်စောစောစီးစီး တတန်တက တယ်လီဖုန်းဆက်ပြီး ရန်အတွေ့ ကောင်းသော ညီလင်းညိုကို အတော်လေးမကျေမနပ်ဖြစ်နေမိလေသည်။ သူ့ကို ပမာမခန့် ပြောသွားသဖြင့်လည်း နဂိုက ဝေနေသောမာနများသည် လျှံကျလာ သလို ခံစားရလေသည်။

'သူ့ကို ငါတကယ် အရူးလုပ်နေမိတာပဲ၊ ဘာဖြစ်လို့များ လုပ်နေမိပါ လိမ့်'

စုလှိုင်သည် တစ်ဦးတည်းတွေးနေလိုသောကြောင့် ပန်းခြံထဲသို့ဆင်း

လာခဲ့သည်။ အတန်ငယ် အရိပ်ကောင်းသော စွယ်တော်ပင်ပုလေး၏ဘေးတွင် ထိုင်ချလိုက်သည်။ အဆုံးအစမရှိသော ကောင်းကင်ကျယ်ကို မော်ကြည့်ရင်း စိတ်အာရုံများ ပျံ့လွင့်စပြုလာသည်။

'မာမီပြောဖူးသားပဲ၊ ယောကျ်ားတွေဟာ မကောင်းဘူးတဲ့၊ ရပြီးတစ်မျိုး၊ မရခင် တစ်မျိုးတဲ့လေ၊ ဒက်ဒီကလည်း ပြောတာဘဲ၊ လူတွေဟာ မကောင်းဘူးတဲ့၊ ဒက်ဒီကိုယ်တိုင်ရော နည်းနည်းမှမကောင်းဘူး၊ အိုကွယ် ငါလည်း မကောင်းပါဘူး'

ပန်းနုရောင် စွယ်တော်ပွင့်လေးသည် လေပြည်ထဲတွင် ယိမ်းနေသည်။ အသည်းပုံရွက်စိမ်းများက ကိုင်းညွတ်ကျနေပြီး စုလှိုင်၏ခေါင်းပေါ်တွင် ယပ်တောင်များသဖွယ် ဝဲနေလေသည်။ "ငါကလည်း မကောင်းပါဘူး" ဟု အထပ်ထပ် ရေရွတ်မိရင်း စုလှိုင်သည် သစ်ရွက်လေးများကို ခြွေချလိုက်သည်။ သူ့ဘေးတွင် အသည်းစိမ်းစိမ်းလေးများ ကျဲပြန့်ကုန်သည်။

'ဒေါ်ဒေါ်ကြီး မမေဘယ်တော့ပြန်လာမှာလဲ'

ခပ်ဖွဖွလှမ်းလာသောခြေသံများနှင့်အတူ 'ထွန်း' ၏မေးသံကိုကြားရသည်။ တစ်ဖက်တွင်ထိုင်နေသော စုလှိုင်ကို သူတို့မြင်ပုံမရပေ။

'ကြားဦးမယ် ထွန်းရဲ့'

'မြန်မြန်ပြန်လာလို့ သွားပြောပေးပါလား'

'ဘာလို့လဲ ထွန်းရယ်၊ အခု နေရတာကောင်းနေတာပဲ'

'ဒါပေမဲ့ မေမေမှမရှိတာ'

ထွန်းသည် အသက်ငယ်သော်လည်း အတော်လေးစကားပီသည်။ စွယ်တော်ပင်နှင့် ကြားတွင်ခံနေသော စံပယ်ရုံကြောင့်လည်းကောင်း၊ သေချာမကြည့်မိသောကြောင့်လည်းကောင်း စုလှိုင်ကို သူတို့မမြင်ကြသော် လည်း စုလှိုင်ကမူ သစ်ရွက်လေးများကြားထဲမှနေပြီး ထွန်းကိုမြင်နေရ သည်။ ကောင်းကင်ပြင်အကျယ်ကြီးတွင် သူ့မိခင် လွင့်မျောနေသည်ဟုများ ထင်နေသလားမသိရချေ။ မျှော်လင့်တမ်းတသောမျက်လုံးအစုံနှင့် ကောင်းကင်ကိုမော်ကြည့်နေလေသည်။

'ဒါပေမဲ့ ဖေဖေရှိတယ်လေ၊ အန်တီလည်း ရှိတယ်၊ နောက်ပြီး မမလည်း ရှိတယ်မဟုတ်လား'

'ထွန်း ကြောက်တယ်'

'ဘယ်သူ့ကိုလဲ'

'မမ'

'မမက ဒီလောက်လှတာ ကလေးရယ်၊ ကြောက်စရာမရှိပါဘူး'

နာနီက ထွန်း၏စကားကိုလိုက်ကာ ခပ်ချော့ချော့လေးပြောနေသည်။ စုလှိုင်ငယ်ရွယ်စဉ်ကလည်း နာနီ၏လက်ထဲတွင်ပင် ကြီးပြင်းခဲ့ရသည်။ သို့သော် ထွန်း၏နာနီသည် သူ့နာနီနှင့်စာလျှင် ပို၍ကောင်းသည်ဟု စုလှိုင် ထင်သည်။ သူငယ်စဉ်က သူ့ကိုထိန်းသောနာနီသည် သူ့ကို ဤမျှဂရုမစိုက်လှချေ။ ထို့ကြောင့်လည်း စုလှိုင်သည် ထိုနာနီကို အစပိုင်းက တွယ်တာသလိုလိုရှိခဲ့သော်လည်း နောက်ပိုင်းတွင် လုံးဝမတွယ်တာတော့ပေ။

သစ်ရွက်စိမ်းစိမ်းများကြားမှ ကွက်ကွက်လေးတွေ့နေရသော 'ထွန်း'၏ မျက်နှာလေးပေါ်သို့ နေစက်နေပြောက်လေးများ ထိုးကျနေသည်။ နူးညံ့သော ဆံပင်လေးများသည် နဖူးပေါ်သို့ဝဲကျနေလေသည်။ သူ့ကိုကြောက်သည်ဟု ပြော နေသော ကလေးငယ်လေးကိုကြည့်ရင်း စုလှိုင်၏ရင်ထဲတွင် နာသလို ကျင်သလို တစ်မျိုးကြီးဖြစ်လာသည်။ ထိုသို့သောခံစားမှုမျိုးကို ယခင်က တစ်ခါမျှ မခံစားခဲ့ရဖူးချေ။

'မမက ထွန်းကို ဘာလုပ်လို့ ကြောက်ရတာလဲ'

'ဘာမှ လုပ်ပါဘူး'

'ဒါဆို ဘာလို့ကြောက်တာလဲ'

'ထွန်းကို စကားပြောဘူး'

တုန်ယင်လှုပ်ရှားသောအသံလေးကိုကြားရသောအခါ စုလှိုင်သည် မျက်လုံးကိုမှိတ်ထားလိုက်သည်။ ထွန်းကို ပုဂ္ဂိုလ်ရေးအရ မုန်းလိုသော်လည်း သူ့ မျက်နှာညှိုးညှိုးလေးကိုတွေ့ရသောအခါ ခါးခါးသီးသီးမုန်း၍ မရပေ။ ထိုအခါ စုလှိုင်သည် ထွန်းကို စိတ်ထဲတွင် မထားလိုတော့ပေ။ ရှင်းရှင်း ပြောရလျှင် သူ့ မောင်တစ်ယောက်အနေနှင့် အသိအမှတ်မပြုလိုသောကြောင့်လည်း ခပ်တည်တည် ခပ်အေးအေးသာ ဆက်ဆံခဲ့ခြင်းဖြစ်သည်။

စုလှိုင်သည် ဆက်၍နားမထောင်လိုတော့သောကြောင့် ထိုနေရာမှ တိတ်တိတ်ဆိတ်ဆိတ်လေးထ၍ ထွက်လာခဲ့သည်။

'စုရေ၊ စု'

မအေးတင်က အိမ်ဝတွင် ဟိုဒီကြည့်ရင်း အော်ခေါ်နေသည်။ ငိုင်တိငိုင်တိုင်နှင့်လျှောက်လာသော စုလှိုင်ကိုတွေ့သောအခါ တယ်လီဖုန်းခွက်ကို

လက်တစ်ဖက်နှင့်ကိုင်ပြီး စကားပြောဟန်ပြုကာ 'တယ်လီဖုန်းလာနေတယ်' ဟု အော်၍ပြောသည်။

'ဘယ်သူတဲ့လဲ'

'သိဘူး စုရဲ့အသိပါတဲ့'

'ယောကျ်ားလား၊ မိန်းမလား'

'အဲ ယောကျ်ား'

မေးမည့်သာမေးရသည်။ သူ့ဆီသို့ မိန်းကလေးများ ဖုန်းဆက်ခဲ့ကြောင်း စုလှိုင်သိသည်။ စုလှိုင်တွင် အမာညိုကဲ့သို့ တတွဲတွဲခင်မင်သော မိန်းကလေးမိတ်ဆွေ မရှိပေ။ စုလှိုင်ကိုယ်တိုင်လည်း မိန်းကလေးချင်း အဖော်ပြုလိုသူ မဟုတ်သည်ကို ကိုယ့်ကိုယ်ကိုသိလေသည်။

'စုလှိုင် ပြောနေပါတယ်'

'စုလား ကျော်ထွန်းညိုပါ'

'သြော်'

စုလှိုင် စိတ်မောသွားသည်။ မနက်ကပင် ညီလင်းညိုက ရန်တွေ့ခဲ့သည်။ ယခု ကျော်ထွန်းညို၏အသံကို ကြားရပြန်ချေပြီ။

'ကျောင်းတွေ ပြန်ဖွင့်တော့မယ်တဲ့'

'ဟုတ်လား ပျင်းစရာကြီးကွယ်၊ ကျောင်းပြန်တက်ရတော့မှာပေါ့'

'ကျွန်တော်ကတော့ ပျော်တယ်'

'ဘာလို့လဲ'

'ကျောင်းပိတ်ထားတော့ အလကား စာသင်ပျက်တာပေါ့၊ နောက်ပြီး အဲ၊ အဲ၊ အသိမိတ်ဆွေတွေလည်း ကွဲနေတာပေါ့'

စုလှိုင်သည် အသံသာသာနှင့်ရယ်လိုက်သည်။ မနက်ကပင် ညီလင်းညို ရန်တွေ့သွားကြောင်း ပြောရကောင်းနိုး မပြောရကောင်းနိုး စဉ်းစားနေမိသည်။ မပြောလျှင် ကောင်းမည်ဟုတွေးမိသော်လည်း ပြောချင်နေသည့်အတွက် ပြောလိုက်သည်။

'မနက်တုန်းကတောင် ညီလင်းညို ဖုန်းဆက်သေးတယ်သိလား စုကို ရန်တွေ့တာ'

'ဟင်'

'ညီတော်မောင်က ရန်အတွေ့ကောင်းပါလား ကိုကျော်ထွန်းညိုရဲ့၊

ကိုကို့ကို အရှုံးမလုပ်ပါနဲ့၊ မပြုစားပါနဲ့တဲ့၊ စုတောင် ကြောက်သွားတယ်'

'ဟာ ဒီကောင်၊ သူနဲ့ဘာဆိုင်လို့လဲ'

ကျော်ထွန်းညို၏အသံက မကျေမနပ်နှင့်လှိုင်းခတ်သွားသည်။ စုလှိုင်သည် မျက်ခုံးလေးကို အတွန့်ချိုးကာ မပီမပြင်လေးပြုံးရင်း တံမြက်စည်းလှည်းနေသော အိမ်ဖော်မိန်းကလေးကို ငေး၍ကြည့်နေသည်။

'ဆိုင်တာပေါ့ ကိုကျော်ထွန်းညိုရယ်၊ သူ့ရဲ့ အစ်ကို အရင်းခေါက်ခေါက်ကြီး ညတိုင်း အိပ်မပျော်ဖြစ်နေတာ သူနဲ့ဆိုင်တာပေါ့၊ သူက မကျေနပ် ဖြစ်ပြီး စုကို ပြောတာပါ၊ သူ့အပြစ်မဟုတ်ပါဘူး'

'ဒါဆို ဘယ်သူ့အပြစ်လဲ'

စုလှိုင်သည် သက်ပြင်းရှိုက်လိုက်သည်။ တစ်ဦးတည်းငြိမ်သက်စွာ တွေးရင်း စီးကရက်သောက်ချင်စိတ်ဖြစ်ပေါ်လာသည်။

'စု အပြစ်ဖြစ်မှာပေါ့'

'ဟာ မဟုတ်တာ'

'ဟုတ်တယ် စုက ကိုကျော်ထွန်းညိုကို ကစားနေမိတာကိုး'

'ဟင် ကစားနေတယ်'

ကျော်ထွန်းညို၏အသံက တုန်ယင်သွားသည်။ မှင်တက်မိသလို ခေတ္တ ငြိမ်သွားပြီး ခပ်လောလောလေးထပ်မေးသည်။

'စုလှိုင် အဲ စုက ကျွန်တော့်ကို ကစားနေတာလား'

'အင်း ဟုတ်တယ်'

စုလှိုင်က တိုးတိုးလေးပြောလိုက်သည်။ ထို့နောက် စကားပြောခွက်ကို ချလိုက်သည်။ တယ်လီဖုန်းခေါင်းလောင်းသံက ချက်ချင်းပင် ဆူညံစွာ မြည်လာသော်လည်း ကောက်မကိုင်ဘဲ ငြိမ်သက်စွာရပ်၍ ကြည့်နေလိုက်သည်။

အဆက်မပြတ်နှင့် ဒေါသတကြီးမြည်နေသောအသံသည် ငါးမိနစ်ခန့်ကြာသောအခါ တိတ်ဆိတ်သွားသည်။ ထိုအခါမှ စုလှိုင်သည် ထိုအခန်းထဲမှ ထွက်ခဲ့သည်။ အပေါ်ထပ်သို့ လေးကန်စွာ တက်ခဲ့လေသည်။

*

'တက္ကသိုလ်ရောက်တာ ကြာပြီကွဲ့ . . . အတွဲလေးတစ်ယောက်တော့ လိုချင်တယ် . . . မာမီရယ် ရှာပေးကွယ် ရည်းစားလိုချင်တယ် . . .။

'သူများအတွဲတွေ မြင်ရင်ကွယ် . . .သားသားစိတ်မှာ မနေနိုင်တယ် . . . မာမီရယ် ရှာပေးကွယ် ရည်းစားလိုချင်တယ် . . .'

တင်ထွန်းမောင်က ရှေ့ဘက်ခုံတွင်ထိုင်နေသော မိန်းကလေးများ ကြားအောင် အသံနေအသံထားနှင့်သီဆိုနေသည်။ ကြားတွင် အားချိန် နှစ်ချိန်ဆက်ရှိနေပြီးမှ နည်းပြတန်း ရှိသောကြောင့် စိတ်ရှည်လက်ရှည် ထိုင် မစောင့်လိုကြ၍ အလှို့လှို့ပြန်ကုန်ကြသည်။ ပြန်သူများပြန်ကုန်သော်လည်း ညီလင်းတို့ကမူ မပြန်တော့ပေ၊ ဆက်၍စောင့်နေလိုက်သည်။ ရှေ့ဘက်တွင်လည်း မိန်းကလေးများ မပြန်ကြဘဲ နေကြာစေ့ဝါးရင်း မရန်းသီး စားရင်း စကားတွတ်ထိုးနေကြသည်။

'တစ်ယောက်ထဲ ယောင်လည်လည် . . .အဓိပတိ လမ်းမဝယ်၊ အများအတွဲတွေ မြင်ရင်ကွယ် . . . သားသားလေး အားငယ်၊ ညစဉ်ညတိုင်းကွယ် . . အတွဲအကြောင်းတွေးရင် . . . သားသားအိပ်မပျော်တယ် . . '

ဖရုံစေ့လှော်စားနေသော မိန်းကလေးများက တင်ထွန်းမောင်ကို မျက်စောင်းလေးများ ချီးမြှင့်လိုက်ကြသည်။

'တော်ပါတော့ဗျာ၊ ခင်ဗျားကလဲ'

နွေသူရိန်က သဘောမကျသလို တင်ထွန်းမောင်၏ပါးစပ်ကို လက်ဝါးနှင့် လှမ်း၍ ပိတ်သည်။ တင်ထွန်းမောင်က သူ့ပါးစပ်ရှေ့ ဝဲလာသောလက်ကို တံတွေးနှင့် 'ထွီ'ခနဲ လှမ်းထွေးလိုက်သည်။ နွေသူရိန် လက်အရုပ်မြန်သောကြောင့် တံတွေးမထိခြင်းဖြစ်သည်။

'ယုတ်လိုက်တာဗျာ'

'ငါ့ဟာငါ သီချင်းဆိုတာ ဘာလို့ပိတ်ပင်သလဲကွ'

'သိက္ခာကျတယ်ဗျ၊ ခင်ဗျားကလဲ'

'ဘာသိက္ခာလဲ၊ မင်းကတော့ အလှရှာပုံတော်ဖွင့်နေတဲ့မျက်လုံးလေးနဲ့ သမာဓိပိုး ပိုးတတ်တာကိုးကွ၊ အဲဒါမှ သိက္ခာရှိတာလား'

သူတို့နှစ်ဦး တကျိတ်ကျိတ်ဖြစ်နေစဉ် ညီလင်းညိုသည် ဘာမှ ဝင်မပြောမိဘဲ ငြိမ်သက်စွာငေးနေသည်။ ညစဉ်ညတိုင်း အိပ်မပျော်တယ်ဟူသော စာပိုဒ်ကလေးကို စိတ်ထဲမှရွတ်နေမိရင်း သူ့အစ်ကိုအား သတိရနေသည်။ စုလှိုင်ဆီသို့ သူဖုန်းဆက်ပြီး ပြောသည့်အကြောင်းကို စုလှိုင်က ပြန်ပြောပုံရသည်။ ထိုနေ့က တစ်နေ့လုံး ကိုကို့မျက်နှာကြီး မှုန်နေလေသည်။ သူ့ကိုလည်း သုံးရက်ခန့် စကားမပြောဘဲနေသည်။ ကိုယ့်အပြစ်နှင့်ကိုယ်မို့ ညီလင်းညိုသည် ခပ်ကုပ်

ကုပ်လေး နေရလေသည်။ မလှမ်းမကမ်းမှသာ သွားဖြဲပြပြီး မျက်နှာချိုသွေးနေသည်။ ဘာစကားမျှ သွားမပြောရဲပေ။ အမာညိုကပင် "ကိုကို ဘာဖြစ်နေတာလဲ ညီလင်းရဲ့" ဟုလာမေးသေးသည်။ ညီလင်းသည် ခေါင်းကို အတွင်ခါပြီး "သိဘူးဗျ" ဟု ဖြောင်ညာလွှတ်လိုက်ရလေသည်။ "သူ့ဟာသူ အသည်းကွဲလို့မက ဟက်တက်ကြီးပြဲပြဲ ငါက ဘာလို့ ကြားက ဝင်ရှုပ်မိပါလိမ့်" ဟုတွေးရင်း ကိုယ့်နဖူး ကိုယ်ပင် ကိုယ့်ဟာကိုယ် ဖနောင့်နှင့်ပေါက်ချင်စိတ် ပေါက်လာသည်။

'တော်ပြီကွာ၊ ကြာတယ် ငါတော့ လစ်တော့မယ်'

တင်ထွန်းမောင်က နေရာမှဦးစွာထသည်။ ကုပ်ဖွာနေသော ရှပ်အင်္ကျီ၊ ပင်နီတိုက်ပုံနှင့်ပုဆိုးတိုတိုဝတ်ထားသော တင်ထွန်းမောင်သည် နိုင်ငံရေး သမားပေါက်စလေးနှင့်တူနေသည်။ သူသည် ဖခင်ရှိသူမဟုတ်ချေ။ မိခင် မုဆိုးမကြီးနှင့် ညီငယ် ညီမငယ်သုံးယောက်ရှိသေးသည်။ အစိုးရ ထောက်ပံ့ကြေးရသောကြောင့်သာ တက္ကသိုလ်ပညာကို တက်ရောက်သင်ကြားနိုင်ခဲ့သူဖြစ်သည်။

'ကျွန်တော်လည်း လစ်မယ်ဗျာ'

နွေသူရိန်က ဒုတိယထသည်။ သူ့မိဘများက ကုန်သည်ဖြစ်ပြီး တစ်ဦးတည်းသောသားမို့ သူ့ကို အလိုလိုက်လေသည်။ တိုက်မဆောက်နိုင်၊ ကားမစီးနိုင်သော်လည်း နွေသူရိန်သည် ဖောဖောသီသီလေးသုံးပြီး ကဗျာ ထိုင်စပ်နေနိုင်သူဖြစ်သည်။

'ဘယ်သွားကြမှာလဲ'

'ငါကတော့ အိမ်ပြန်မယ်၊ ငါ့ညီလေး ဖျားနေတယ်'

'ကျွန်တော်ကတော့'

နွေသူရိန်သည် ပျင်းတိပျင်းတွဲထိုင်နေသော ညီလင်းညိုအား ပြုံး၍ကြည့်ကာ စကားဖြတ်လိုက်သည်။ တင်ထွန်းမောင်က ဟိန်းသံနှင့် 'ဆိုလေကွာ ဘယ်လဲ' ဟု ထပ်မေးသောအခါမှ 'ဆရာမလေးဆီကို' ဟုပြောသည်။

'မမသက်ဆီကိုလား'

'အင်း'

'ဘာလုပ်ဖို့လဲ'

'ဒီလိုပဲပေါ့၊ သူ့မျက်နှာလေးကြည့်ရအောင်လို့၊ မင်းအစ်မအရင်းလည်း မဟုတ်ဘဲနဲ့ မတိုပါနဲ့ ညီလင်းရ'

'တိုပါဘူးဗျာ၊ ရအောင်ပိုးနိုင်ရင် ယူပေါ့'

ညီလင်းက အောင့်သက်သက်ပြောလိုက်သည်။ မတိုပါဘူးဟု ပြောမည့်သာပြောလိုက်ရသော်လည်း စိတ်ထဲက မကြိုက်သည်ကား အမှန်ပင်။ နွေသူရိန်သည် သူ၏အခင်ဆုံးသူငယ်ချင်းဖြစ်သော်လည်း သက်သက်နှင့် ဆက်စပ်ကြည့်၍ မရပေ။ စိတ်ကူးလေးတယဉ်ယဉ်နှင့် အချစ်ကဗျာများကိုသာ တကုန်းကုန်း ရေးစပ်နေသောကဗျာဆရာနှင့် သက်သက်ကို သဘောမတူချင်ပေ။ သက်သက်က ထက်မြက်ပြီး နွေသူရိန်က ပျော့စိစိဖြစ်နေသလို ခံစားရသည်။

'ဘာမှာဦးမလဲ ညီလင်း'

'နွေသူရိန်က လိုက်ခဲ့ပါလားဟု မခေါ်။ ဘာမှာဦးမလဲဟူ၍သာ မေးသဖြင့် ညီလင်းပြုံးလိုက်မိသည်။

'မမသက် ဘယ်နေ့အိမ်ပြန်မှာလဲလို့ မေးခဲ့ပါ'

'ဘာလုပ်ဖို့လဲဟင်'

'ဘာလုပ်လုပ်ပေါ့၊ မင်း မမေးခဲ့ရင်လည်းနေ၊ သူ့အမေ သွားမေးလို့ရတာဘဲ'

'မေးခဲ့ပါမယ်ကွ'

'သူတို့ထွက်သွားသောအခါ ညီလင်းညိုတစ်ဦးတည်းကျန်ခဲ့လေသည်။ အတန်းမပျက်လိုသောကြောင့် နောက်တစ်ချိန်ကို ပျင်းပျင်းနှင့်ထိုင်စောင့်နေရသည်။ သို့သော် စောင့်ရကျိုးမနပ်ချေ။ နည်းပြဆရာ ဖျားနေသောကြောင့် မလာနိုင်ကြောင်း လာ၍ပြောသည်။ လေးငါးဆယ်ယောက်လောက်သာ ကျန်တော့သော ကျောင်းသူကျောင်းသားများလည်း ညည်းညူပြီး ထထွက်လာကြလေသည်။ အလိမ္မာစိတ်ကလေးဝင်ကာ စိတ်ရှည်လက်ရှည် ထိုင်စောင့်သောနေ့မှ ဆရာဖျားနေသဖြင့် ညီလင်းလည်း စိတ်ညစ်သွားသည်။ ဘယ်သွားရမည်မသိဘဲ ယောင်လည်လည် ထွက်လာခဲ့လေသည်။

အိမ် မပြန်ချင်သေး။ သည်အထဲတွင် အမာညိုနှင့်ပေါက်ကျိုင်းကို သတိရလာသောကြောင့် စီးပွားရေးတက္ကသိုလ်ဘက်သို့ ထွက်လာခဲ့သည်။ ကျောင်းရှေ့တွင် အထင်ကရစိုက်ပျိုးထားသော မျောက်ငိုပင်ကြီးမှအသီးများကို ခူးယူရန်ဖြစ်လေသည်။

'ဟေ့ ညီလင်းညို၊ ဘာလာလုပ်တာလဲ'

ကျောင်းအပေါ်ထပ်မှ ကျောင်းသားတစ်ဦးက အော်၍နှုတ်ဆက်သည်။ ညီလင်းသည် သူ့ကိုလှမ်း၍လက်ပြလိုက်သည်။ မျောက်ငိုသီး ခူးမည့်

အကြောင်းကိုကား အော်မပြောချင်၍ မပြောတော့ပေ။

ထူထဲသိပ်သည်းသော အရွက်စိမ်းများနှင့်တကွ အကိုင်းများတွင် သဖန်းသီးများကဲ့သို့ အခိုင်လိုက်သီးနေသော အသီးအပွင့်များ ဝေဝေဆာဆာနှင့် မျောက်ငိုပင်ကြီးသည် အရိပ်အာဝါသ ကောင်းမွန်လှသည်။ ထိုအသီးသည် အပင်ပေါ်၌နေလျှင် သိပ်မသိသာလှသော်လည်း ခူးယူပြီးခဏအကြာတွင် ကြောင်သေးစော်နံလာတတ်လေသည်။ တစ်ခါက တင်ထွန်းမောင်တို့သည် ထို အသီးများခူးပြီး မိန်းကလေးများစုဝေးရာ "အယ်လ်စီအာ" ထဲသို့ပစ်သွင်းထားဖူး သည်။ ပကတိကြောင်အစစ်က သေးလာပန်းသွားသလို အနံ့ပြင်းပြင်း ထွက်နေ ၍ မိန်းကလေးများ အတော်ဒုက္ခရောက်သွားခဲ့ရလေသည်။ ထိုအသီးက ရနံ့ကြိုင် သင်းနေကြောင်း တော်တော်နှင့်မသိကြဘဲ တရားခံရှာမတွေ့ဖြစ်ခဲ့ရသည်။

'ဟေ့ ဒို့ကျောင်းက အသီးတွေ ဘာလုပ်ဖို့လာခူးနေတာလဲ ကျူးကျူး ကျော်ကျော်'

မိန်းကလေးတစ်သိုက်က မကြားတကြား ပြောသွားသည်။ ညီလင်း သည် သူတို့ကိုဂရုမစိုက်ဘဲ မကြားချင်ဟန်ဆောင်ကာ ဆက်၍ခူးနေလိုက်သည်။

ထိုအသီးများကို အမာညိုတို့အခန်းထဲသို့ပစ်ထည့်ထားရန် ခူးနေခြင်း ဖြစ်သည်။ ပေါက်ကျိုင်းကို အစ်ကိုကြီး ရွှေယောက်ဖကြီးဟုခေါ်ရင်း ဖက်လဲ တကင်းနေသော်လည်း ညီလင်း၏အတွင်းစိတ်ကမူ သိပ်ကျေနပ်လှသည်မဟုတ် ချေ။ အမာညိုကို ပေါက်ကျိုင်းနှင့်သဘောမတူခြင်းတော့ မဟုတ်ပေ။ ရှင်းရှင်း ပြောရလျှင် ယောကျ်ားမယူစေလိုခြင်းသာဖြစ်သည်။ ဒီလောက် ဆတ်ဆလူးနိုင် လှသည့် အစ်မနှင့်ယောက်ဖကို ကသိကအောက် ဒုက္ခပေးချင်နေသည်မှာ ကြာ ချေပြီ။ ဒီနေ့မှပင် မျောက်ငိုသီးကို သတိရတော့သည်။

'ညီလင်းညို အပင်းရှို'

စိမ်းပြာရောင်ဝတ်ထားသော ဆံပင်ကုပ်ဝဲလေးတစ်ဦးက အနားမှကပ် ဖြတ်သွားရင်း တိုးတိုးလေးရွတ်သွားသည်။ ညီလင်းက လုံးဝမကြားလိုက်သလို ကြီးမားသောကွန္တြေကို အပြည့်ဆောင်နေလိုက်သည်။ သူသည် မိန်းကလေး မှန်သမျှကို မလွတ်တမ်းငမ်းသူဖြစ်သည်။ သို့သော် တစ်စုံ တစ်ဦးကိုမှ သတ် သတ် မှတ်မှတ် မစွဲလမ်း မတမ်းတခဲ့ပေ။ အရပ်မြင့်မြင့် မေးနှစ်ခွနှင့် ရွှင်ပျော်နေ သော မျက်နှာထားရှင် လူချောလေးမို့ မိန်းကလေးများကလည်း အသင့်အတင့် စိတ်ဝင်စားကြလေသည်။

ညီလင်းသည် မျောက်ငိုသီးများကို စက္ကူနှင့်လုံလုံထုပ်ကာ အိမ်သို့ အရောက်သယ်ခဲ့သည်။ ဘတ်စ်ကားပေါ်မှ လူတချို့နှာခေါင်းရှုံ့ပွရှုံ့ပွ ဖြစ်နေသည်ကို သိသော်လည်း ကိုယ်နှင့်မဆိုင်သလို ခပ်တည်တည်လုပ်နေရလေသည်။

'ဘာတွေလဲကွ'

အိမ်ဝတွင် ကျော်ထွန်းညိုက ဆီးမေးသည်။ ညီလင်းက ဘာမှပြန်မဖြေဘဲ ပြုံးစိစိလုပ်နေသည်။ လူလစ်သောအခါမှ အမာညိုတို့အခန်းထဲ လှစ်ခနဲဝင်ပြီး ရှိရှိသမျှမျောက်ငိုသီးအကုန်လုံးကို သူတို့ခုတင်အောက် ပစ်သွင်းလိုက်လေသည်။

'မျောက်ငိုသီးတွေကိုကိုရဲ့၊ မမတို့ခုတင်အောက် ပစ်ထည့်ထားတာ'

'ဘာဖြစ်လို့လဲ'

'အသာနေ ကြောင်သေးစော် သိပ်နံတယ်'

'မင်း တော်တော်ဆိုး'

ကျော်ထွန်းညိုက ရယ်လေသည်။ ချစ်စ ခင်စ ကြင်နာစ အစ်မနှင့် ယောက်ဖကိုပင် ရှာရှာဖွေဖွေ ဒုက္ခပေးသော ညီလင်းအား လက်မြှောက် အရှုံးပေးရတော့မည်ထင်သည်။ ညီလင်းညိုသည် သူ့အစ်ကိုအား လှမ်းကြည့်နေပြီးမှ အနားသို့ ကပ်လာကာ ပခုံးကို သိုင်းဖက်သည်။ တစ်နှစ် နှစ်နှစ်ပိုင်းအတွင်း ညီလင်းသည် ထွားတက်လာသောကြောင့် သူတို့ညီအစ်ကိုနှစ်ဦး အရပ်ညီနေပေပြီ။ ထို့နောက် ဆိုးနွဲ့သော တောင်းပန်သံနှင့်ပြောလေသည်။

'ကိုကို ကျွန်တော့ကို စိတ်ဆိုးနေသေးလား'

'ဘာလို့ ဆိုးရမှာလဲ'

'ဟို၊ ဟို မစုလှိုင်ကို ပြောတာကြောင့်လေ'

'မဆိုးတော့ပါဘူးကွာ'

'ကျွန်တော်က စေတနာနဲ့ပါကိုကိုရာ'

'အေးပါ ငါသိပါတယ်'

ညီလင်းက ပြုံးရယ်လိုက်သည်။ ထို့နောက် ကျော်ထွန်းညို၏လက်မောင်းကို မနာအောင်ထိုးလိုက်လေသည်။

'သိသာသိတယ် ကျွန်တော့ကို သုံးရက်တောင် စကားမပြောဘူး၊ မျက်နှာကြီးကလည်း ပုပ်လို့'

'မင်းက အရမ်း လျှောက်လျှောက်လုပ်တာကိုးကွ'

ခြေသံကြားသောအခါ သူတို့နှစ်ဦးသား အမာညိုတို့အခန်းဘက်မှ

ခပ်သွက်သွက်ဖယ်ခွာခဲ့သည်။ ညနေစောင်းသောအခါ ညံတက်လာသော အမာညို၏ဒေါသသံကိုကြားရတော့သည်။

'ကြောင်စုတ် ကြောင်နှာ ကြောင်ပဲ့ အခန်းထဲ သေးလာပန်းသွားတယ်၊ ဟင်း၊ နံလိုက်တာ အမျိုးယုတ်တဲ့ကြောင်တော့လား မိရင်တော့ အသိပဲ'

*

၁၀–၂–၇၀

သိပ်ဆိုးတဲ့ ညီလင်း၊ မနေ့တုန်းက ခုတင်အောက်မှာ ကြောင်သေးစော်နံတဲ့အသီးတွေ လာထားသွားတယ်၊ တစ်ညလုံး နံလိုက်တာ။

၁၃–၅–၇၀

ဒီနေ့ ဘာမှ မထူးခြားဘူး၊ ပရောဂျက် တင်ရခါနီးမို့ စတူဒီယိုမှာ မြဲရတယ်၊ သြော် မိမိလေးက ပြောတယ်၊ ငါက ယောကျ်ားရပေမယ့် ဒီအတိုင်းပဲတဲ့၊ မပြောင်းလဲဘူးတဲ့၊ ငါ့ကိုယ်ငါတော့ လူကြီးဆန်လာတယ် အောက်မေ့နေတာ။

၂၀–၆–၇၀

ပေါက်ကျိုင်းနဲ့မခေါ်ဘူး၊ ဘာလို့ တခြားကောင်မလေးတွေကို လိုက်ကြည့်ရတာလဲ၊ ငမ်းရတာလဲ၊ ဟင်း သုံးရက်တိတိ မခေါ်ဘဲနေမယ်၊ ဒါမှ မှတ်မှာ။

စုလှိုင်နဲ့တွေ့တယ်၊ ပိန်သွားသလိုပဲ၊ ငါ့ကိုမြင်တော့ ပထမ ပြုံးတောင်မပြဘူး၊ နောက်မှ ညီလင်းညိုနေကောင်းရဲ့လားတဲ့ မေးတယ်၊ ဘာမှန်းလဲ မသိဘူး။

၃၀–၇–၇၀

မြတ်စွာဘုရားရေ၊ မိသက်ကို နွေသူရိန်ဆိုတဲ့ ညောင်နာနာသတ္တဝါက စာပေးသတဲ့တော့ မုန်းလိုက်တာ၊ ကိုကိုဆိုတဲ့ လူကြီး ဘာလုပ်နေသတုံး။

စိတ်ညစ်တယ်၊ မိသက်သာ နွေသူရိန်ကိုပြန်ကြိုက်ရင် မခေါ်တော့

ဘူး၊ တစ်သက်လုံး မခေါ်တော့ဘူး၊ အပြတ်ပဲ။

*

'ဒို့စာမေးပွဲအောင်တယ်'

'အောင်မယ်ဆိုတာ သိပြီးသားပေမယ့် သက်သက် ဝမ်းသာပါတယ် ကိုကိုရယ်'

သက်သက်က တည်ငြိမ်စွာပြုံးရင်းပြောသည်။ အတန်ငယ်ပိန်သွားသော ကိုကို့အား ကရုဏာသက်သလို ကြည့်နေမိသည်။

'သက်သက်ရော အခုဘယ်မှာ ဆင်းနေရလဲ'

'ကလေးဆေးရုံမှာလေ၊ ကလေးလေးတွေ သိပ်ချစ်သိပ်သနားဖို့ကောင်းတာပဲ၊ ကိုကို တစ်ခါလောက်လာကြည့်ပါလား၊ တစ်ခါတည်း အလှူငွေ ထည့်ချင်စိတ် ပေါက်သွားမယ်'

ကျော်ထွန်းညိုသည် သူ့လွယ်အိတ်ထဲထည့်လာသော စံပယ်ပန်းကုံးလေး နှစ်ကုံးကိုထုတ်ကာ သက်သက်အား လှမ်းပေးသည်။

'တာဝန်ချိန်မှမဟုတ်ဘဲ မိသက်ရယ်၊ မပန်ဘူးလား'

'ကိုကို ပန်စေချင်ရင် ပန်မှာပေါ့'

သက်သက်က ရက်သွေးလေးဖြန်းလာကာ ပန်းကုံးလေးကို ဖွဖွလေး ရှိုက်နမ်းလိုက်သည်။

'နွေသူရိန်လည်း သက်သက်ကို ပန်းတွေပေးဖူးတယ်ဆို၊ သက်သက် မပန်ဘူးလား'

'ဘုရားတင်တယ်'

နွေသူရိန်ပေးသောပန်းများကို သက်သက်သည် တစ်ခါမျှ မပန်ခဲ့ချေ။ တာဝန်ချိန် ပန်းမပန်ရ ဟူသောအကြောင်းပြချက်နှင့် ဘုရားသို့သာ ကပ်လှူခဲ့လေသည်။

'အင်း ကိုကိုလည်း ဘာလိုလိုနဲ့ အင်ဂျင်နီယာကြီးဖြစ်သွားပြီနော်၊ အလုပ်ခွင် ဝင်ရတော့မှာပေါ့'

ကျော်ထွန်းညိုသည် သက်သက်၏မျက်နှာလေးကို ငေး၍ကြည့်နေသည်။ ပြောနေသောစကားများကို ကြားပုံမရချေ။ သူ ခါတိုင်းသတိမထားမိခဲ့

သော အလှအပသည် သက်သက်၏မျက်နှာလေးပေါ်တွင် စုပုံကျရောက်နေသည်ဟု ထင်နေလေသည်။ တုန်ယင်လှုပ်ရှားကာ ရင်ခုန်စေသော ခံစားမှုမျိုးကို မပေးရုံနှင့်ငြိမ်းအေးပြီး ချမ်းမြေ့လာသလို ခံစားရသည်။ သူ့ အကြည့်၊ သူ့အပြော၊ သူ့စေတနာ၊ သူ့မေတ္တာသည် အေးမြသောရောင်ပြန်ကိုသာ ဟပ်နေစေလေသည်။

'သက်သက်၊ ဒီမှာမိသက်၊ ဒို့ကို လက်ထပ်မလားဟင်'

ကျော်ထွန်းညိုက ဆိုင်းမဆင့် ဗုံမဆင့်ဘဲ ဗြုန်းခနဲပြောချသည်။

'ဟင် ကိုကို'

သက်သက်သည် ကြားလိုက်ရသောစကားကို မယုံသလို မှင်တက်မိသွားသည်။ သူ့ဆီမှ ထိုစကားမျိုး ကြားချင်ခဲ့သော်လည်း၊ မျှော်လင့်ခဲ့သော် လည်း တကယ်ကြားရသောအခါ လန့်သွားလေသည်။

ကျော်ထွန်းညို၏မျက်နှာသည် နီနေပြီး သက်သက်ကို မကြည့်ဘဲ မျက်နှာလွှဲထားလေသည်။

'ဒို့ကို လက်ထပ်မလားလို့'

'ကိုကိုရယ်'

သက်သက်က တုန်တုန်ယင်ယင်လေး ညည်းလိုက်မိသည်။ သူက လက်ထပ်ချင်သည်ဟုမပြောဘဲ သူ့ကိုလက်ထပ်မလားဟု ကွက်ကျော်မေးသော ကိုကို့အား ဘာပြန်ပြောရမည်နည်း စဉ်းစား၍မရပေ။

'ပြောလေကွာ မိသက်၊ ဒို့ကိုလက်ထပ်နိုင်မလား'

'ကိုကိုပြောတာ မှားနေတယ်၊ သက်သက်ကိုမမေးခင် ကိုယ့်ကိုယ်ကို အရင်မေးကြည့်ပါဦး'

သက်သက်က ကတုန်ကယင်နှင့်တိုးတိုးလေးပြောသည်။ အရေးထဲ မီး ဖိုချောင်မှ မေမေက 'ကျော်ထွန်းညိုလား၊ ထမင်းစားပြီးမှပြန်ပါလား၊ ငါးပိထောင်းနဲ့ ကင်ပွန်းချဉ်ရွက်ချဉ်ရည်ချက်တယ်'ဟု အော်ပြောနေသေးသည်။ မသိမသာ ဣန္ဒြေပျက်နေသော သူတို့နှစ်ဦးကို သတိထားမိပုံမရချေ။

ကျော်ထွန်းညိုသည် သက်သက်၏စကားကို နားမလည်သလို ငိုင်သွားသည်။ ထို့နောက် သက်မ ချ၍ ရယ်လေသည်။

'မိသက်ရယ်၊ မာနကလည်း မိုးထိုးလို့၊ စကားလေးတောင် အမှားမခံတော့ဘူးလား၊ ဒို့က လက်ထပ်ချင်လို့ လက်ထပ်ခွင့်တောင်းနေတာပေါ့'

ညင်သာစွာပြောသောစကားသံကိုကြားရသောအခါ သက်သက် ဟန်မဆောင်နိုင်ဘဲ ပျော်ရွှင်ကြည်နူးစွာ ပြုံးမိလေသည်။ ဟန်ဆောင်စရာလည်း လိုမည်မထင်။ သက်သက်နှင့်ကိုကိုတို့သည် တစ်ဦးအကြောင်းတစ်ဦး အရူမ ချေးခါးက စ၍သိနေကြသည်။ အတွင်းသိအစဉ်းသိများဖြစ်လေသည်။

'ဟန်ဆောင်လေးမှ မငြင်းဘူးဆိုပြီး သက်သက်ကို အထင်မသေးပါနဲ့ ကိုကိုရယ်၊ စိတ်ထဲက မပါဘဲ ဟန်မူပိုတာမျိုးလည်း သက်သက်မလုပ်တတ်ဘူး၊ ဒီစကားကို သက်သက်မျှော်လင့်နေခဲ့တယ်ဆိုတာ ကိုကိုလည်း သိမှာပါ'

ကျော်ထွန်းညိုသည် ရုတ်တရက် မျက်ရည်ပင်လည်လာသည်။ ဤမျှ ချစ်စရာမြတ်နိုးစရာကောင်းသည့် မိန်းကလေးကို ကံကောင်း၍သာ ငါ လက်မလွှတ်ခဲ့ခြင်းဖြစ်သည်ဟုတွေးရင်း ဘုရားတမိသည်။ သူ့ရင်ထဲမှ နှလုံးသားက ညင်သာစွာလှုပ်ရှားနေသည်။ သက်သက်၏လက်ချောင်း ဖောင်းဖောင်းအိအိလေးများကို လှမ်း၍ဆုပ်ကိုင်ကာ ကြည်ကြည်နူးနူးပြုံးမိလေသည်။

'အထင်သေးတယ် ဆိုတဲ့စကားကို ဘယ်တော့မှမသုံးပါနဲ့ မိသက်ရယ်၊ မိသက်ဆိုတဲ့မိန်းကလေးဟာ ဒို့ရင်ထဲက မိန်းကလေး၊ ဒို့တန်ဖိုး အထားဆုံး၊ အမြတ်နိုးဆုံးဆိုတာ ကိုယ့်ကိုယ်ကိုတောင် တော်တော်နဲ့မသိခဲ့တဲ့ ဒို့ကသာ အထင်သေးဖို့ကောင်းနေလို့၊ မိသက်က ဒို့ကို အထင်မသေးပါစေနဲ့လို့ ဆုတောင်းရမှာပါ'

ကျော်ထွန်းညို၏ရင်ထဲမှစကားများသည် စီစဉ်ထားခြင်းမရှိဘဲ လျှောခနဲ ထွက်သွားသည်။

သက်သက်သည် ကိုကို့မျက်နှာကိုကြည့်လိုသော်လည်း မော်မကြည့်ရဲသည့်အတွက် ခေါင်းငုံ့ထားမိသည်။ ကိုကို့လက်ကို တင်းကျပ်စွာ ပြန်ဆုပ်ထားရင်း နှုတ်ခမ်းလေးများတုန်ယင်လာသည်။

မျက်ရည်မဝဲဘဲ မနေနိုင်သည့်အတွက် မျက်ရည်ဝဲလာသည်။

မပြုံးဘဲ မနေနိုင်သည့်အတွက် ပြုံးလာသည်။

ရင်မခုန်ဘဲ မနေနိုင်သည့်အတွက် ရင်ခုန်လာသည်။

ချစ်ခြင်းဟူသည်မှာ ဆင်းရဲခြင်းဟု မမစောပြောခဲ့သော်လည်း သက်သက်သည် မချစ်ဘဲမနေနိုင်တော့ပေ။

*

ညီလင်းညို လှေလှော်သင်းက ပြန်လာသောအခါ နေဝင်လုပေပြီ။ နီရဲသော နေဝန်းကြီးသည် ရေပြင်ထဲသို့ တစ်ဝက်မျှ ငုပ်လျှိုးနေပြီး အင်းလျားရဲ့ လှိုင်း ဂယက်ကလေးများကို သွေးရောင်လွှမ်းနေစေသည်။

အဆောင်ပြန်မည့်သူများနှင့် နံပါတ် ၁၆ ကားစီးမည့်သူများက ဘွဲ့နှင်း သဘင်ခန်းမ အနောက်ဘက်ရှိ မလွယ်ပေါက်လေးမှ ငုံ့လျှိုးဝင်သွားကြသည်။ ညီလင်းကမူ နံပါတ်ရှစ်ကားကိုစီးမည်ဟု စိတ်ကူးမိ၍ အင်းလျားလမ်းအတိုင်း ခြေလှမ်းကျဲကြီးနှင့်လျှောက်လာသည်။

ထိုစဉ်တွင် စုလှိုင်၏ကားလေးက ညီလင်း၏ဘေးသို့ ညင်သာစွာ ထိုးဆိုက်လာသည်။

'ညီလင်းညို'

'ဟင် မမစု'

'ကျေနပ်ပြီလား ညီလင်းညို'

'ဘာ ဘာကိုလဲ'

'သြော် ကိုကျော်ထွန်းညိုနဲ့သက်သက်တို့အဆင်ပြေသွားကြပြီ မဟုတ် လား၊ စုရဲ့ပြုစားချက်က လွတ်သွားပြီလေ'

မျက်နှာ အထားရခက်သွားသော ညီလင်းညိုကို စုလှိုင်သည် ခပ်စူးစူး လေးကြည့်နေသည်။ ထို့နောက် မသဲမကွဲလေးပြုံးလိုက်ကာ ကားကလေးကို ဘီးလိမ့်ရုံလေးမောင်းပြီး ရေစပ်ဘက်သို့ချိုးကွေ့လိုက်သည်။ စရည်းပန်းပင်ကြီး ၏အောက်တွင် သူ့ကားလေးရပ်သွားသည်။ ညီလင်းဘက်သို့ တစ်ချက်မျှ လှည့် မကြည့်ဘဲ ဂယက်ထနေသော ရေပြင်နီကို ငေးကြည့်နေသည်။

ညီလင်းသည် လမ်းပေါ်တွင်တစ်ဦးတည်း ငိုင်တွေတွေရပ်ရင်း ကျန် ခဲ့လေသည်။ မလှမ်းမကမ်းတွင်မြင်နေရသော ကဝေမလေးဆီသို့ လိုက်သွား ရကောင်းနိုး၊ သူ့ကို လျစ်လျူရှုလိုက်ကာ ကိုယ့်လမ်းကိုယ်ပင် ဆက်သွားရ ကောင်းနိုးနှင့် ရင်ထဲတွင်ဗလောင်ဆူလာသည်။ "ဘေးကင်းချင်ရင်၊ ကိုယ့်လမ်း ကိုယ်ဆက်သွား ညီလင်းညို" ဟု သူ့ဦးနှောက်ကသတိပေးနေသော်လည်း သူ့ ခြေထောက်များက ဆည်းဆာရောင်အောက်မှ မိန်းမချောလေးဆီသို့ ဦးတည်နေ ကြလေသည်။ သူ့ခြေထောက်များကသာ မဟုတ်၊ တစ်ကိုယ်လုံးက သူ့ဦးနှောက် ကို ဆန့်ကျင်နေကြလေသည်။

'မမစု ကျွန်တော့်ကို မကျေနပ်ဘူးလား'

ညီလင်းသည် ကားပြတင်းတွင်လက်ထောက်ရင်း စုလှိုင်ကိုကုန်း၍ကြည့်ကာ တိုးတိုးမေးမိလေသည်။ စုလှိုင်သည် ဘာမျှပြန်မပြောဘဲ ညီလင်းကို မျက်လွှာပင့်၍ကြည့်သည်။

'ဟုတ်လား မမစု၊ ကျွန်တော့်ကိုမကျေနပ်ဘူးပေါ့'

'ဘာ မကျေနပ်စရာရှိလဲကွယ်'

စုလှိုင်က ပင့်သက်လေးရှိုက်ကာပြောသည်။ ညီလင်းမျှော်လင့်ထားသော လှောင်ပြုံး သရော်ပြုံးများကိုမတွေ့ရချေ။ စုလှိုင်၏မျက်နှာလေးသည် အခိုက်အတန့်အားဖြင့် နူးညံ့ဖြူစင်နေလေသည်။ အခိုက်အတန့်လေးသာ ဖြစ်သည်။ နူးညံ့သောမျက်နှာလေးကို ခဏလေးသာတွေ့လိုက်ရသည်။ ညီလင်းကြည့်နေမိစဉ်ပင် အေးစက်မာကျောသောအလွှာပါးလေးက စုလှိုင်၏မျက် နှာကို ပြန်လည်ဖုံးအုပ်သွားလေသည်။

'ညီလင်း ကားထဲလာထိုင်ချင်ရင် ထိုင်ပါလား'

'ထိုင်တော့ ထိုင်ချင်တယ်၊ ဒါပေမယ့်'

'ဒါပေမဲ့ အပြုစားခံရမှာ ကြောက်တယ်လား'

'စုက စန်းကဝေဖြစ်ဦးတော့ ညီလင်းညိုကို ပြုစားလို့မရဘူးလို့ ပြောထားဖူးတယ်မဟုတ်လား၊ ကိုယ့်စကား ကိုယ်မေ့သွားပြီလားဟင်'

နေမင်းကြီးသည် လုံးဝငုပ်လျှိုးသွားချေပြီ။ ကြွင်းကျန်ရစ်သော အလျှံအဝါများကသာ ရေပြင်ကို နီရောင်ပြေးနေစေလေသည်။

ညီလင်း စုလှိုင်ဘေးသို့ဝင်ထိုင်လိုက်သောအခါ သင်းပျံ့သောရေမွှေးနံ့လေးကို ရှူရှိုက်ရသည်။ နှလုံးသားက တသိမ့်သိမ့်ခုန်လာသော်လည်း 'အားပါး၊ တယ်မွှေးပါလား' ဟု ကပြက်ကချော်ပြုံး၍ပြောလိုက်လေသည်။

စုလှိုင်သည် ညီလင်းကိုလှည့်၍ပင်မကြည့်ဘဲ ဂယက်ထနေသော ရေပြင်နီနီကိုသာ ငေးပြီးကြည့်နေသည်။ အေးစက်စက်မျက်လွှာ၏အောက်ဘက်တွင် ဆွေးမြည့်ကြေကွဲနေဟန်ရှိသောအရိပ်အယောင်ကလေးကို မြင်လိုက်ရသည်ဟု ညီလင်း ထင်လိုက်မိသည်။

'မမစု စိတ်ညစ်နေလား'

'စိတ်ညစ်လား မညစ်လားတော့မသိဘူး၊ နေရတာတော့ မပျော်ဘူး'

'ဥစ္စာပေါ၊ ရုပ်ချော၊ ပညာတတ် အစစအရာရာပြည့်စုံနေတဲ့ မမစုလို မိန်းကလေးမျိုးက မပျော်ဘူးတဲ့လား'

'သြော်၊ ဥစ္စာပေါ့၊ ရုပ်ချော၊ ပညာတတ်တဲ့လား၊ အစစအရာရာ ပြည့်စုံတဲ့ မိန်းကလေးတဲ့လား'

စုလှိုင်က လှောင်သံလေးနှင့် ထပ်ဆင့်ရေရွတ်နေသည်။ ထို့နောက် ကားရှေ့အံဆွဲဖွင့်ပြီး စီးကရက်ဘူးကို ထုတ်ယူသည်။ ကိုယ်တိုင်လည်း စီးကရက် တစ်လိပ် နှိုက်ယူကာ ညီလင်းကို စီးကရက်ဘူး ကမ်းပေးလိုက်သည်။

စုလှိုင်စီးကရက်ဖွာနေပုံကိုကြည့်ရင်း ညီလင်းအံ့သြသွားလေသည်။ ညီလင်းသည် အရွယ်ရောက်ပြီး ယောကျ်ားလေးဖြစ်သော်လည်း ဖေဖေ့ရှေ့တွင် စီးကရက်သောက်ရဲသူ မဟုတ်ချေ။ ကွယ်ရာတွင်သာ တစ်လိပ်စနှစ်လိပ်စ ခိုးပြီး ဖွာရှိုက်ရလေသည်။

'မှောင်လာပြီ မမစု'

'မှောင်တော့ ဘာဖြစ်လဲ'

'သြော်၊ ကောင်းပါ့မလားလို့'

'ဟာ ဟ၊ နာတယ်ထင်ရင် ကိုယ့်ဟာကိုယ်ပြန်သွားပေါ့ ညီလင်းညို ရယ်'

မှောင်ရီပိုးတဝါးတွင် စုလှိုင်၏အကြည့်က ရီဝေနေသည်။ ညီလင်း၏ နှလုံးသားလေးသည် တဒိတ်ဒိတ်နှင့် လျှင်မြန်စွာခုန်ပေါက်နေသည်။ အရက် မသောက်ရ၊ ဆေးခြောက်မရှူရဘဲနှင့် ရီဝေတိမ်းမူးလာသည်။

'ကျွန်တော်မူးလာတယ် မမစု'

'အရက်သောက်ထားလို့လား'

'ဟင့်အင်း အလှသောက်နေလို့'

ညီလင်းသည် သူ့ကိုယ်သူ ဘာလုပ်မိသည်ဟု သတိမထားမိခင်မှာပင် စုလှိုင်ကို သိမ်းဖက်လိုက်မိသည်။ ညှို့အားကောင်းလှသော အလှနတ်သမီးလေး ကို တရှိုက်မတ်မတ်နမ်းလိုက်မိပြီးသောအခါမှ ကိုယ့်ဟာကိုယ် လုပ်မိသောအလုပ် ကို သတိထားမိတော့သည်။ သို့သော် ပွေ့ဖက်ထားသော သူ့လက်များကို ဖြေ လျှော့ရန် လုံးဝမတတ်နိုင်ခဲ့ပေ။

'အပြုစား မခံဘူးဆို'

စုလှိုင်က တိုးတိုးလေး မေးလေသည်။ ခန္ဓာကိုယ်လေးက အတန်ငယ် တောင့်တင်းနေသော်လည်း လုံးဝရုန်းကန်ခြင်းမရှိပေ။ ညီလင်းသည် ဘာမျှ ပြန်မပြောဘဲ သူ့ကိုထပ်၍နမ်းလေသည်။

'ညီလင်းညို စုကို ချစ်နေလားဟင်'

'ဟင့်အင်း မချစ်သေးဘူးလို့ ထင်တာဘဲ'

'ဒါဆို ဘာလို့ဖက်တာလဲ၊ ဘာလို့နမ်းတာလဲ'

'စုက လှတာကိုး'

'ဒီလိုဆို အပြုစား မခံရသေးဘူးပေါ့'

'မခံရသေးပါဘူး'

သူ့တစ်ကိုယ်လုံးတွင် လှည့်ပတ်နေသောသွေးများသည် ဆူဝေလာသည်ကို ညီလင်းညိုခံစားရသည်။ တစ်ကိုယ်လုံးပူထူပြီး ကတုန်ကယင်ဖြစ်လာသည်။

'စုရော ကျွန်တော့်ကိုချစ်နေလား'

'ဟင့်အင်း မချစ်ဘူးလို့ထင်တာပဲ'

'မိန်းမတွေဟာ ချစ်ဖို့အတွက် လူဖြစ်လာတာတဲ့'

'စုကတော့ မုန်းဖို့အတွက် လူလာဖြစ်တာပါကွယ်'

'ဒီလိုဆို မုန်းတယ်ပေါ့'

'အင်း'

စုလှိုင်သည် မုန်းသည်ဟုပြောပြီး ညီလင်းကိုမကြည့်ဘဲ မျက်စိမှိတ်ထားလေသည်။ ထို့နောက် ရုတ်တရက် မျက်ရည်များစီးကျလာကာ မသဲ မကွဲလေး ရှိုက်လိုက်သည်။

စုလှိုင်၏ရှိုက်သံကိုကြားရသောအခါ ရီဝေတိမ်းမူးနေသောညီလင်းသည် အမူးပျောက်သွားသည်။ ပွက်ပွက်ဆူလာသောသွေးများသည်လည်း အတန်ငယ် အေးသွားသည်။

'ညီလင်းရယ် ပြန်ပါတော့'

'ဘာဖြစ်လို့လဲ'

'တော်ကြာ ညီလင်းကိုရူးအောင် ဒို့ပြုစားမိလိမ့်မယ်'

'မမစု ကျွန်တော့်ကို ခုထိ မပြုစားနိုင်သေးပါဘူး'

မျက်ရည်စလေးများ ယှီးလေးခိုနေသော စုလှိုင်၏မျက်တောင်ကော့လေးများကိုကြည့်ရင်း သူ့ရင်ထဲတွင် လှုပ်ခါနာကျင်နေသော်လည်း ညီလင်းက ကြိုးစား၍ပြုံးနေလေသည်။

'စုက မချစ်တတ်ဘူး'

'ကျွန်တော်လည်း မချစ်တတ်ဘူး'

'ညီလင်းက ဒက်ဒီလို လူစားမျိုး ထင်တယ်နော်'

'အင်း ဟုတ်တယ်၊ ကျွန်တော်က မိန်းမအများကြီး ယူမှာ၊ နံပါတ်တစ်တွေ၊ နှစ်တွေ၊ တစ်ဆယ်အထိ ထားမယ်'

မျက်ရည်ဝေနေသော စုလှိုင်၏မျက်လုံးလေးများသည် စိမ်းစိမ်းကားကားဖြစ်သွားလေသည်။ ရုတ်တရက် အသက်ရှူရန် မေ့လျော့သွားသလို တောင့်တောင့်တင်းတင်းလေးဖြစ်သွားသည်။ သူ့ကို ငုံ့၍နမ်းရန်ကြိုးစားသော ညီလင်းညို၏မျက်နှာကို တအားတွန်းပစ်လိုက်ကာ ရှိုက်သံလေးနှင့် ရယ်လိုက်သည်။

ပတ်ဝန်းကျင်တစ်ခွင်လုံး အမှောင်လွှမ်းလျက်ရှိချေပြီ။ အမိုက်မှောင်သည် ပတ်ဝန်းကျင်ကိုသာမက သူ့ကိုပါ တစ်စတစ်စ ဝါးမျိုလျက်ရှိသည်ကို ညီလင်းသိသော်လည်း တားဆီးရန်မတတ်နိုင်တော့ပေ။ သူ့ကို အားနှင့်တွန်းလိုက်သောလက်များကြောင့် နောက်သို့ ရုတ်တရက်လန်သွားသော်လည်း ယခင်ကထက်နှစ်ဆမျှရှိသောခွန်အားများသည် သူ့အပေါ်ဝယ် ဖိစီးပြီးကျရောက်လာသည်။ သူ့ကို တွန်းနေသော လက်ချောင်းနုနုလေးများကို မလှုပ်နိုင်အောင် ဖမ်း၍ချုပ်ထားလိုက်ကာ စုလှိုင်၏တစ်ကိုယ်လုံးကို ကျစ်ကျစ်ပါအောင်ဆွဲ၍ ပွေ့လိုက်သည်။

'ညီလင်း ဒီလိုမလုပ်နဲ့'

'လုပ်မယ်၊ ဘာဖြစ်လဲ'

'ဒို့အော်လိုက်မယ်'

'အော်စမ်း၊ စကြဝဠာတစ်ခုလုံး ကြားအောင်အော်၊ မမှုဘူး'

စုလှိုင်သည် ရုန်းကန်နေသော်လည်း အားပျော့နေလေသည်။ အော်မည်ဟုပြောမည့်သာ ပြောနေသော်လည်း တကယ်မအော်ချေ။ 'မုန်းတယ် မုန်းတယ်'ဟု အထပ်ထပ်ပြောရင်း ညီလင်း၏အနမ်းများကိုတုံ့ပြန်နေမိလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်ချေပြီ။

*

'ညီလင်း မင်းဘာဖြစ်နေလဲ'

ကျော်ထွန်းညိုက လှမ်းမေးသည်။ သူ့ခုတင်ပေါ်တွင် ဘွဲ့ဝတ်ရုံမည်းမည်းကြီးကို လွှားတင်ထားသည်။

ညီလင်းသည် ဘာမျှပြန်မဖြေမိပေ။ ဘွဲ့ဦးထုပ်အမည်းပြားလေးကို အစမ်းဆောင်းကြည့်ပြီး ပြန်မချွတ်ရသေးသော သူ့အစ်ကိုကိုသာ ခပ်ကြောင်ကြောင် ပြန်ငေးကြည့်နေလေသည်။

'မင်း ဘာဖြစ်နေသလဲ ညီ'

'ကျွန်တော်လား၊ ဘာဖြစ်နေလို့လဲ'

'ဘာလို့ငိုင်နေတာလဲ'

'ငိုင်ပါဘူး'

ငိုင်တွေတွေနှင့် 'ငိုင်ပါဘူး' ဟုဖြေရင်း ညီလင်းသည် စိတ်မပါ လက်မပါ ပြုံးလိုက်လေသည်။ သူ့အဖြစ်ကိုသူ မယုံနိုင်အောင်ဖြစ်နေသည်။ တကယ်ဖြစ်ခဲ့သည်မှဟုတ်ရဲ့လား အိပ်မက်များမက်ခဲ့လေသလားဟုတွေးရင်း ဝေဝေဝါးဝါးကြီးဖြစ်နေသည်။ မယုံနိုင်စရာပင်ကောင်းသော အဖြစ်ကို သူဖြစ်ခဲ့သည်ကား အမှန်ပင်ဖြစ်ကြောင်း သူ့နှာဝတွင် စွဲ၍ကျန်ရစ်နေသေးသည့် သင်းပျံ့ပျံ့ရနံ့ကလေးက သက်သေခံနေလေသည်။

ကျော်ထွန်းညိုသည် ခြုံလွှာမည်းကြီးကိုပါ ခြုံကြည့်ရင်း မှန်ရှေ့တွင်သွား၍ ရပ်သည်။ သူ့အရပ်က မြင့်နေသဖြင့် ဘွဲ့ဝတ်ရုံသည် အတန်ငယ် တိုနေသယောင် ထင်ရသည်။

ညီလင်းသည် အိပ်ရာပေါ်သို့ ပစ်လှဲလိုက်သည်။ အိပ်ချိန်တန်ပြီ။ မီးမှိတ်ပြီး အိပ်ပါတော့ဟုပြောချင်နေသော်လည်း ကိုးနာရီကျော်ကျော်သာ ရှိသေး၍ မပြောသာပေ။ ခါတိုင်း ညပိုင်းဆိုလျှင် ပြောင်လိုက်၊ နောက်လိုက်၊ ရယ်မောလိုက်နှင့် သူ့အသံချည်းဖြစ်သော်လည်း ယခုတော့ ငြိမ်ချက်သား ကောင်းနေလေသည်။

'အောင်မာ၊ ကိုကိုက ချောတယ်တော့၊ မေမေရေ ကိုကို့ကို လာကြည့်စမ်းပါ'

အမာညိုက အခန်းဝကတည်းက အော်ဟစ်ပြီးဝင်လာသည်။ ဖိုသီဖတ်သီဖြစ်နေသော ကျော်ထွန်းညိုအား ကြည့်ကာ 'ဟက်' ခနဲရယ်သည်။ ငြိမ်နေသောညီလင်းအား တိုးတိုးလေးလှည့်ပြောသည်။

'အဟဲ၊ ကိုကို့အတွက် နောက်ဖေးက တံမြက်စည်းကြီးယူလာပေးမှဖြစ်မယ်'

'တံမြက်စည်း၊ ဟုတ်လား၊ ငါက ဘာလုပ်ရမှာလဲမိညို'

'ခွစီးဖို့လေ၊ ဒါမှတူမှာ'

'ဘာနဲ့တူမှာလဲ'

'အဟက်၊ ကောမစ်ထဲက စုန်းမနဲ့'

'ခွေးညို'

အမာညိုက ရွှင်ရွှင်လေးရယ်ရင်း ညီလင်းဆီမှ ထောက်ခံမဲ တောင်းသလို လှမ်းကြည့်သည်။ ညီလင်းသည် မရယ်ချင်ဘဲခြောက်ကပ်ကပ် လိုက်ရယ်လိုက်သော်လည်း ထောက်ခံမဲကိုမူ မပေးဖြစ်ပေ။ သူတို့ပြောနေသော စကားများကိုလည်း စိတ်မဝင်စားပေ။ မြန်မြန် မိုးချုပ်ပြီး မီးမှိတ်ကြပါစေတော့ဟုသာ ဆုတောင်းနေမိသည်။ သို့မှသာ တစ်ယောက်တည်း အေးအေး ဆေးဆေး နေရမည်ဖြစ်သည်။

'ညီလင်း နင် ဒီနေ့နောက်ကျလိုက်တာ ဘယ်သွားနေတုံး'

အမာညိုက သဘောရိုးနှင့်မေးလိုက်ခြင်းဖြစ်သော်လည်း ညီလင်း လန့်သွားလေသည်။ မျက်နှာတွင် သွေးရောင်လျှမ်းတက်လာကာ ဘုကျကျဖြေလိုက်မိသည်။

'ဘယ်သွားသွားပေါ့ဗျာ'

'အောင်မာ နင်က၊ ငါက အကောင်းမေးတာများ'

'ကျွန်တော်က အကောင်းဖြေတာပဲ'

'ညီလင်းနော် နင်ငါ့ကို ဒီလိုလေသံနဲ့မပြောနဲ့'

အမာညိုက ခပ်ဆတ်ဆတ်လေးပြောသည်။ ဝမ်းနည်းသလို မျက်ရည်ဝဲတက်လာသော မျက်လုံးလေးများကိုမြင်သောအခါမှ ညီလင်းသည် သူ့ကိုယ်သူ သတိထားမိသည်။ သက်ပြင်းကြီး ဟင်းခနဲချလိုက်ကာ အမာညို့ကို တောင်းပန်သလို လှမ်း၍ကြည့်လေသည်။

ကျော်ထွန်းညိုသည် ဘွဲ့ဝတ်စုံကြီး ဖိုးရိုးဖားရားနှင့် ပူလောင်အိုက်စပ်လာရင်းမှ သူတို့မောင်နှမနှစ်ဦးကို ကြည့်ရင်း စိတ်ရှုပ်လာသည်။ အသားလွတ်ရန်လိုနေသော ညီလင်းသည် တစ်စုံတစ်ခုတော့ ဖြစ်လာပြီဟု တွေးလိုက်မိသည်။

ဖေဖေ၊ မေမေနှင့် မေမေကြီးသာမက ပေါက်ကျိုင်းပါ သူတို့အခန်းထဲ ရောက်လာသည်။ သန်ဘက်ခါတွင် ကျော်ထွန်းညို၏ဘွဲ့နှင်းသဘင်ရှိသည်။ ဘွဲ့နှင်းသဘင်တက်ရေးကို တစ်အိမ်လုံးစိတ်ဝင်စားကြသည်။ ကျော်ထွန်းညို၏ ဝတ်ရုံကြီးကို ဆွဲကြ၊ ဖြန့်ကြနှင့် တစ်ယောက်တစ်ပေါက် ပြောကြ၊ ဆိုကြ၊

သောသောညံနေသော်လည်း ညီလင်းသည် ဘာကိုမှစိတ်ဝင်တစား ဝင်မပြော ဖြစ်ပေ။ သူတို့အားလုံး၏မျက်နှာကြည့်ရသည်ကို စိတ်မရဲသလို ယောင်တိယောင်တောင်ဖြစ်နေလေသည်။

'သားလေး နေမကောင်းဘူးလား'

မေမေက သတိထားမိသလို ညီလင်း၏နဖူးကိုလာ၍စမ်းသည်။ ညီလင်းသည် သူပြုံးနေကျအတိုင်း ခပ်ရွှင်ရွှင်ပြုံးလိုက်သော်လည်း သိပ်ပြီး သရုပ်ပါဟန် မတူချေ။ မေမေက သူ့မျက်လုံးများကို စူးစိုက်၍ အကဲခတ်သလို ကြည့်နေလေသည်။

'ခုနကလည်း ထမင်းနည်းနည်းလေးပဲ စားတယ်'

'ကျွန်တော် လေ့လျော့တာ များသွားလို့ပါ မေမေရယ်၊ သိပ်မောသွားလို့ ပါ'

ယုံလား မယုံလားတော့ မသိရပေ၊ သို့သော် မေမေသည် "သိပ် အမောမခံပါနဲ့ကွယ်" ဟုသာ ဆိုသည်။ စူးစမ်းစကားကိုထပ်ပြီး မပြောတော့ပေ။ မိခင်၏နှလုံးသားသည် သား၏နှလုံးသားနှင့်အနီးကပ်ဆုံးနေရာတွင် ရှိသည်ဟု ပြောကြသည်။ သူ့သားငယ်၏နှလုံးသားတွင် အမည်းစက်များ စွန်းထင်းလာသည်ကို ဖွင့်မပြောသော်လည်း၊မေမေသည် အလိုလိုခံစားပြီး သိနေလိမ့်မည်ဟု ထင်မိပြီး ညီလင်းသည် အနေရ အထိုင်ရ ခက်လာသည်။

ထိုနေ့ညက ခေါင်းကိုက်သည်ဟုအကြောင်းပြပြီး ညီလင်းသည် စောစောစီးစီး ခြင်ထောင်ဆွဲချပြီး အိပ်ရာဝင်ခဲ့လေသည်။ သို့သော်လည်း လုံးဝ အိပ်မပျော်ပေ၊ ရင်ထဲတွင်ပူပြီး တသိမ့်သိမ့်လှုပ်ရှားနေသည်။ "မုန်းတယ် မုန်းတယ်" ဟု တဖွဖွပြောနေသောအသံလေးသည် လေဟုန်စီး၍ ရောက်လာပြီး သူ့နားတွင် တဝဲဝဲ လှည့်နေလေသည်။

'ညီ၊ မင်းဘာဖြစ်လာသလဲ'

တစ်အိမ်လုံးအိပ်ပြီး မီးမှိတ်သော်လည်း သူအိပ်မပျော်ချေ။ တစ်ဖက်ခုတင်မှ ကျော်ထွန်းညိုက ဒုတိယအကြိမ် ထပ်မေးလေသည်။

'မမေးပါနဲ့ ကိုကိုရာ'

ညီလင်းသည် ကတုန်ကယင်ပြောရင်း မှောက်၍အိပ်လိုက်သည်။ သူ့ပါးစပ်ကို ခေါင်းအုံးပေါ်တွင်ဖိထားသည်။ ပြောမိမည်ကို စိုးရိမ်နေသည်။

'မင်း ဘာဖြစ်လာသလဲ ညီရာ၊ ပြောစမ်းပါ'

'မမေးနဲ့ကွ'

'ဩော် ညီလင်းရယ်'

ကျော်ထွန်းညိုသည် သူ့အိပ်ရာပေါ်မှထလာသည်။ ညီလင်း၏ ခြင်ထောင်ကိုဆွဲ၍လှန်ကာ ဘေးတွင်ဝင်ထိုင်လိုက်သည်။ ညီလင်းသည် သူ့မျက်နှာကို ခေါင်းအုံးနှင့်ဖိကပ်ပြီး အသက်ပြင်းပြင်းရှူနေသည်။

'ဒို့မှာ ညီအစ်ကိုနှစ်ယောက်ပဲရှိတာညီရာ၊ မင်း ဘာကိုများ လျှို့ဝှက်စရာရှိသလဲ၊ စုလှိုင်နဲ့ကိစ္စတုန်းကတောင် ငါ မင်းကိုအကုန်လုံးပွင့်ပွင့်လင်းလင်း ပြောခဲ့တာပဲ၊ ပြဿနာဆိုတာ ရင်ထဲမှာမျိုသိပ်ထားရင် သိပ်ပူတယ်၊ ရင်အပူ၊ စိတ်အမောခံပြီးဘာလို့ ကျိတ်မှိတ်မျိုသိပ်နေတာလဲ ညီလင်း ရယ်၊ မင်း ငါ့ကို မယုံဘူးလား'

ညီလင်းသည် အဖျားတက်သလို တုန်တုန်ခိုက်ခိုက်ကြီးဖြစ်လာလေသည်။ ထို့နောက် သူ့မျက်နှာကို ခေါင်းအုံးနှင့်ခွာလိုက်သည်။ မမှိန့်တမှိန်လေးလင်းနေသောလရောင်ဖျော့ဖျော့ဝယ် ညီလင်း၏မျက်နှာသည် ဖြူရော်နေသည်။

'ဘယ်သူ့ကိုမှမပြောပါနဲ့ကိုကိုရာ၊ မမကိုလည်း မပြောနဲ့ သူငယ်ချင်းတွေကိုလည်း မပြောနဲ့ မမသက်ကိုလည်း မပြောနဲ့'

'အေးပါကွာ၊ ငါကတိပေးပါတယ်'

'ကျွန်တော် ကျွန်တော်၊ သူ့ကို မနစ်နာစေချင်ဘူး၊ လူတွေသိရင် သူအို သူရှက်မှာပေါ့'

'ဘယ်သူလဲ'

'စု၊ မမစု'

'ဟင်၊ စု စု လှိုင်လား'

'ဟုတ်တယ်၊ သူနဲ့ကျွန်တော် ကျ ကျွန်တော်၊ ကိုကိုရာ ဘယ်လိုပြောရမလဲ၊ ကျွန်တော့ကို စိတ်မဆိုးပါနဲ့ ကိုကိုရယ်၊ လူဆိုး၊ လူယုတ်လို့လည်း မပြောပါနဲ့'

ညီလင်း၏အသံသည် အဖျားခတ်ပြီး တုန်ယင်နေသည်။ မှင်တက်မိသလိုဖြစ်နေသော ကျော်ထွန်းညို၏လက်များကိုလာ၍ ဆုပ်ကိုင်သော သူ့လက်များသည် အေးနေသည်။

'မင်းတို့ ဘာဖြစ်ခဲ့ကြသလဲ'

'ဟို ဟို အထိ ဖြစ်တယ်၊ ကိုကိုနားလည်တယ် မဟုတ်လား၊ သူနဲ့

ကျွန်တော် ခရီးဆုံးထိ'

'ဘုရားရေ'

ကျော်ထွန်းညိုသည် သူ့နားပေါ် တည့်တည့် ဗုံးကျကွဲသွားသလားဟု ပင် ထင်မိသည်။ မျက်လုံးများပင် ပြာသွားလေသည်။ သူအရှုံးအမှုး စွဲလမ်းခဲ့ဖူး သည့် စုလှိုင်သည် ယခုတော့ သူ့ညီနှင့်မှ ပတ်သက်လာချေပြီ။ သူ့ညီငယ်ကို "ဖိုးစွံကွ" ဟူ၍ လက်ခမောင်းခတ်ပြီး ချီးမွမ်းရလေမည်လား။ "ဆိုးလိုက်တဲ့ကောင်၊ ဘာလို့ ဒီလို လုပ်ရသလဲ၊ နှမချင်းမစာ" ဟု ဆူရပေမည်လား။ "မင်းတော့ အပြု စားခံရပြီ ဒုက္ခပဲ" ဟူ၍ သနားရလေမည်လား သူ မဝေခွဲတတ်ပေ။

'ညီလင်း မင်း မင်း သူ့ကို'

'ကိုကိုရယ် ကျွန်တော်မရည်ရွယ်ပါဘူး၊ သူ့ကိုလည်း အစကတည်းက ကြောက်ပါတယ်၊ အိုဗျာ နစ်လည်း မနစ်နာစေချင်ပါဘူး ကိုကိုရာ၊ ကျွန်တော် လည်း ရူးသွားမလား မသိဘူး၊ ခဏလေးရူးသွားတယ်'

'သူက ဘာပြောလဲ'

'သူက သူက မေးတယ်၊ သူ့ကိုချစ်လားတဲ့၊ ကျွန်တော် ကျွန်တော် မသိဘူး ကိုကိုရာ၊ မချစ်ဘူးထင်တယ်လို့ပဲ ပြောလိုက်တယ်'

ကျော်ထွန်းညိုသည် သက်ပြင်းကြီးရှိုက်လိုက်သည်။ ညီလင်းညို၏ ဆံပင်များကို လက်နှင့်ထိုးဖွလိုက်ကာ ညင်သာသောအသံနှင့် မေးသည်။

'မင်း သူ့ကို မချစ်ဘူးလား ညီ'

'ချစ်တယ်ဆိုတာ ဘယ်လိုလဲ၊ မသိဘူး ကိုကိုရယ်၊ ကျွန်တော် တကယ် မသိဘူး၊ ကျွန်တော် အို ကျွန်တော် သူ့ကိုချစ်ချင်ချစ်နေမယ်၊ ဒါပေမဲ့ မကြိုက် တာကတော့ သေချာတယ်၊ သူ့ကိုမကြိုက်ဘူး၊ သူ့နေပုံထိုင်ပုံ၊ သူ့စိတ်ထား၊ သူ့ပတ်ဝန်းကျင် ဘာဆို ဘာကိုမှကြိုက်ကိုမကြိုက်ဘူး၊ သူ့လိုမိန်းကလေးကို ကျွန်တော် လက်ထပ်ရမှာကြောက်တယ်'

'အို ကွာ'

သူတို့ ညီအစ်ကိုနှစ်ဦး၏ အိမ်ခန်းဘေးတွင်စိုက်ထားသော စံပယ်ရုံမှ စံပယ်ပန်းများ ပွင့်အာလာပြီ ထင်သည်။ မွှေးပျံ့သင်းချိုသောရနံ့သည် လေထဲ တွင် တသင်းသင်းဝေ့ပျံ့ပြီး ပါလာလေသည်။

'ဒါပေမဲ့ မင်း သူ့ကို ကျူးလွန်ခဲ့ပြီ မဟုတ်လား'

ညီလင်းညိုသည် သူ့ကို ကရုဏာဒေါသလေးနှင့်ကြည့်နေသော

အစ်ကိုဖြစ်သူအား ရီဝေသောမျက်လုံးများနှင့်ပြန်ကြည့်နေသည်။ "မုန်းတယ်၊ မုန်းတယ်" ဟု တဖွဖွပြောနေသော နှုတ်ခမ်းလေးကို မြင်ယောင်လာသည်။

'ကျွန်တော် က သူ့ကိုမကြိုက်ဘူး၊ သူက ကျွန်တော့ကို မုန်းတယ်၊ ဒါပေမဲ့ ကိုကိုရယ်၊ ကျွန်တော်တို့ ဟိုအခြေအနေအထိဖြစ်ခဲ့ကြတယ်၊ ဘာဖြစ်လို့လဲဟင်၊ မေတ္တာကဏ္ဍ ဘယ်မှာလဲ'

ညီလင်းက ကယောင်ကတမ်းလေးပြောနေသည်။ ကျော်ထွန်းညို ဘာမျှပြန်မပြောချင်တော့ပေ။

ထိုနေ့ညက သူတို့နှစ်ဦးလုံး ကောင်းစွာ အိပ်မပျော်ကြပေ။ သို့သော် ဘာစကားကိုမျှ နောက်ထပ်မပြောကြတော့ချေ။

*

'နင့်အိမ်ကလေးက လှလိုက်တာမိညိုရယ်၊ နေချင်စရာလေး'

သက်သက်သည် စာရွက်ပေါ်မှ နှစ်ထပ်အိမ်လေးကို ငုံ့ကြည့်ရင်း ချီးကျူးလိုက်သည်။ အပြင်မှာ တကယ်ဆောက်လျှင် ဘယ်လိုနေမည် မသိရသော်လည်း စာရွက်ပေါ်တွင်မူ အိမ်ကလေးသည် အလှကြီးလှနေလေသည်။

အမာညိုသည် သူ့ဘေးတွင်ထိုင်ကြည့်နေသော သက်သက်ကိုပင် ကောင်းစွာ စကားမပြောအားပေ။ သူ့စိတ် သူ့အာရုံအားလုံးသည် သူဆွဲနေသော အဆောက်အအုံပေါ်တွင်သာ စုပုံကျရောက်နေသည်။

သူတို့ဘေးရှိ စာကြည့်စားပွဲတွင် ပေါက်ကျိုင်းသည် တကုန်းကုန်း ပုံဆွဲနေသည်။ ပေါက်ကျိုင်းနှင့်အမာညိုသည် တစ်တန်းတည်းသားများဖြစ်၍ တစ်ဦးနှင့်တစ်ဦး မကူနိုင်ပေ။ ပုံစံများကို တစ်ချိန်တည်း တင်ကြရမည်ဖြစ်လေသည်။

'ကိုကိုကလည်း ဟယ် ဒီနေ့မှ ဘယ်သွားတယ် မသိဘူး၊ ကိုတင်မောင်ဌေးကြီး လာခေါ်သွားလို့ ပါသွားတာဟ'

'ကိုကို မရှိရင် ငါမလာရတော့ဘူးလား မာညိုရယ်'

'ဟုတ်ပါဘူး၊ နင်ကလဲ'

သူတို့ အခန်းကျဉ်းကလေးသည် စာရွက်လိပ်များ၊ စက္ကူဖြတ်စများ၊ ခဲတံ၊ ဆက်စကွဲယား၊ မင်အိုး၊ ပေတံ၊ ပုံဆွဲကိရိယာအမျိုးမျိုးနှင့် ရှုပ်ပွနေသည်။ ခုတင်ပေါ်တွင်လည်း အိပ်စရာနေရာမပြောနှင့်၊ ထိုင်စရာပင် နေရာ တစ်နေရာ

လေး မကျန်ချေ။ တိုလီမုတ်စ ပုံဆွဲစာရွက်အကြီးအသေး၊ အရွယ် အစားစားတို့နှင့် ပင် ပြည့်နေသည်။

'ပုံစံက ဘယ်တော့တင်ရမှာလဲ'

'နက်ဖြန်မနက်'

'ပြီးပါ့မလား'

'ပြီးအောင် ဆွဲရမှာပေါ့မိသက်ရယ်'

'နင်တို့ ဒီည ဘယ်အိပ်ရတော့မလဲ'

'ဘယ်အိပ်ရမလဲ၊ လင်းမှာပဲ'

အမာညိုသည် တကုပ်ကုပ်ရေးဆွဲနေရင်းမှ ဝါးခနဲသမ်းဝေလိုက်သည်။ ထို့နောက် ခါးကိုဆန့်ပြီး လက်သီးဆုပ်လေးနှင့် သူ့ခါးကိုသူ နောက်ပြန်ထုနေသည်။

ပေါက်ကျိုင်းကမူ အညောင်းပင်မဆန့်အားချေ။ စွပ်ကျယ်ချိုင်းပြတ် ခေါင်းစုတ်ဖွားနှင့် တကုန်းကုန်း ရေးဆွဲနေလိုက်သည်မှာ ပုံဆွဲစာရွက်ထဲသို့ သူ့ မျက်နှာနစ်ဝင်သွားတော့မလားဟုပင် ထင်မှတ်ရလေသည်။

'ငါ့ဒီဇိုင်းက အယ်လီဖေးရှင်းသာ ကောင်းတာ၊ ပလဲန်က သိပ်မကောင်းဘူး၊ သူ့ဒီဇိုင်းက ပိုကောင်းတယ်မိသက်ရဲ့၊ ဆက်ရှင်ဖြတ်လိုက်တော့မှ ပေါ်လာမှာ၊ တကယ့်ကို အော်ဂင်းနစ်အာကီတက်ချာပဲ၊ မိစ်ဗင်ဒါရိုးလ်ရဲ့ အိုင်ဒီယာမျိုး'

'တော်စမ်းပါ မာညိုရယ်၊ နင့်အော်ဂင်းနစ်တွေ၊ မိစ်ဗင်ဒါရိုးလ်တွေ ငါနားမလည်ပါဘူး၊ မြန်မာလိုပြောစမ်း'

'အင်း ဒါဆိုရင် ဒီလို၊ ငါရဲ့ပုံစံက မတ်ရပ်ပုံသာကောင်းတာ၊ ပန္နက်က သိပ်မကောင်းဘူးတဲ့၊ သူ့ရဲ့ပုံစံက မတ်ရပ်ပုံ သိပ်မလှပေမယ့် ဖြတ်ပိုင်းပုံ ကျတော့မှ တကယ်ကောင်းမှန်းသိတာ၊ ပန္နက်ပုံက ပတ်ဝန်းကျင်နဲ့အဆင်ပြေ လိုက်လျော'

'တော်တော့ဟာ မြန်မာလိုပြောမှ ပိုရှုပ်သေးတယ်'

သူတို့နှစ်ဦးသား ရယ်လိုက်ကြသည်။ ပုံဆွဲစာရွက်ထဲ ကျွမ်းစိုက်ဝင် နေသော ပေါက်ကျိုင်းကလည်း ဟားခနဲ ရယ်လေသည်။ တစ်ဦး၏ကျွမ်းကျင် ရာ ဘာသာကို တစ်ဦးနားမလည်သည်ကတော့ မဆန်းလှပေ။ သက်သက်တို့ သူနာပြုအချင်းချင်း ပြောသောစကားများကိုလည်း တစ်ခါတစ်ရံ အမာညို နား မလည်ပေ။

အမာညိုသည် ရယ်နေရင်းမှ သူ့နားထင်ကို သူလက်နှင့်ဖိထားလိုက်သည်။

'ငါ အိပ်ရေးပျက်လို့လားမသိဘူး၊ ရိပ်ခနဲ ရိပ်ခနဲ မူးတယ် မိသက်ရယ်'

'သံပရာရည်သောက်မလား ဟင်'

'နင်ဖျော်ပေးမလား၊ များများဖျော်ခဲ့ပါဟာ'

သက်သက်သည် ရှုပ်ပွပြောင်းဆန်နေသော သူတို့၏အခန်းလေးထဲမှ ထွက်လာခဲ့သည်။ ထို့နောက် မီးဖိုချောင်ဘက်သို့တန်း၍ဝင်လာသည်။ အမာညိုတို့အိမ်သည် သက်သက်အတွက် တံခါးမရှိ ဓားမရှိ ပိုင်ပိုင်နိုင်နိုင် ဖြစ်နေချေပြီ။

မီးဖိုချောင်တွင် တစ်ဦးမျှရှိမနေပေ။ လူကြီးသုံးဦးလည်း အိမ်ပေါ်ထပ်သို့ရောက်နေပြီဖြစ်လေသည်။ သက်သက်သည် ဖန်ချိုင့်ကိုဆေးလိုက်ပြီး သကြားပုံးထဲမှ သကြားများကို ခပ်ယူလိုက်သည်။ သံပရာသီးမရှိသော်လည်း ရှောက်သီးတစ်ခြမ်းတွေ့၍ ရှောက်သီးဖျော်ရည်ပင် ဖျော်ရန်ဆုံးဖြတ်လိုက်သည်။

'မမသက် ဘာလုပ်နေတာလဲ'

ညီလင်းညိုသည် မီးဖိုခန်းသို့ဝင်လာသည်။ ရေအိုးစင်ဆီသို့ တန်းသွားပြီး ရေကို နှစ်ခွက်ဆင့်သောက်နေသည်။

'ဖျော်ရည်ဖျော်မလို့ ညီလင်း သောက်ဦးမလား'

'ရေခဲမှမပါဘဲ မသောက်ချင်ဘူး'

'တော်တော် အကောင်းကြိုက်တတ်ပါလား ကိုညီလင်းညိုရဲ့'

ညီလင်းညိုသည် ဘာမျှပြန်မပြောဘဲ ထမင်းစား စားပွဲတွင်ဝင်၍ ထိုင်လိုက်သည်။ သက်သက်သည် သကြားရည်ကို ဇွန်းနှင့်ခေါက်နေရင်း ညီလင်းကို လှမ်း၍ကြည့်နေသည်။

'ညီလင်း ခုတလော နေကောင်းရဲ့လား'

'ကောင်းပါတယ် ဘာဖြစ်လို့လဲ'

'သြော် ကြည့်ရတာ ညှဉ်းဆိုးဆိုး ဖြစ်နေလို့၊ ဆံပင်ရှည်နေလို့များလား မသိဘူး၊ နည်းနည်းညှပ်ပါဦး'

'အစ်မရယ် ဆံပင်က တမင်အရှည်ခံထားရတာပါ'

'ရင့်ရော်ရော်ကြီး ညီလင်းရဲ့'

'လူကြီးဖြစ်ပြီပဲ မမသက်ရယ် ရင့်ပါစေ'

ညီလင်းက ရင့်ကျက်သောအပြုံးကို ကြိုးစား၍ပြုံးသည်။ ထို့နောက်

စုလှိုင်ကို သတိရနေသည်။ စုလှိုင်ဆီသို့ သူ တယ်လီဖုန်းဆက်သေးသည်။ ပထမ တစ်ခါနှစ်ခါ ဖုန်းခွက်ကိုကိုင်ပြီးမှ ပြန်ချခဲ့သည်။ ထို့နောက် နံပါတ်လှည့် ပြီးမှ ပြန်ချခဲ့သည်။ အကြိမ်ကြိမ်အားယူပြီး အောင်အောင်မြင်မြင်ဆက်ဖြစ်ခဲ့သောအခါ ကား စုလှိုင်နှင့်တိုက်ရိုက်တွေ့လေသည်။ စုလှိုင်၏အသံကို သူအသေအချာ မှတ် မိသည်။ သို့သော် အသံရှင်စုလှိုင်က "စုလှိုင် မရှိပါဘူး၊ အပြင်ထွက်သွားတယ်" ဟုပြောကာ ဖုန်းခွက်ကို ချပစ်လိုက်လေသည်။

'ဖျော်ရည်တွေ များလှချေလား'

'အမာညိုရယ်လေ အိပ်ပျက်ပြီး မူးလို့တဲ့'

'သူတို့လည်း ပင်ပန်းလိုက်တာနော် မသက်သာဘူး၊ မနေ့ညကလည်း မိုးလင်းရော'

'အေးဟယ်'

'ဒီနေ့ နွေသူရိန်ကတောင် မေးသေးတယ်၊ မမသက်နဲ့ကိုကို ဘယ်တော့ လက်ထပ်ကြမှာလဲ တဲ့'

သက်သက်သည် နွေသူရိန်ကို သတိရမိသောအခါ စိတ်မကောင်းဖြစ်မိ လေသည်။ သူ့ကိုတမ်းတ၍ စပ်ဆိုခဲ့သော ကဗျာများသည် ရင်ခုန်ဖွယ်ရာ ကောင်းသည်ကတော့ အမှန်ပင်။ ကိုကို့ကိုသာ ဦးစွာမချစ်ခဲ့လျှင် ထိုကဗျာဆရာ လေးကို သက်သက် လက်ခံမိချင် လက်ခံမိမည်ဖြစ်သည်။

'ခဏနေရင် ဒို့ပြန်တော့မယ်၊ ညီလင်းလိုက်ပို့ပေးမလား'

'ဟင် ကိုကို့ကို မစောင့်တော့ဘူးလား'

'စောင့်တော့ဘူး၊ ရှစ်နာရီကျော်နေပြီ ညီလင်းရဲ့၊ တော်ကြာ မိုးချုပ်နေ ရင် ဖေဖေကကြိုက်မှာမဟုတ်ဘူး'

'ဒီလိုဆို ပြန်လေ၊ လိုက်ပို့ပေးမှာပေါ့'

သက်သက်က ဖျော်ရည်ဖန်ချိုင့်ကိုယူလာသောအခါ ညီလင်းညိုသည် အစ်မနှင့်ယောက်ဖအတွက်ဖန်ခွက်နှစ်လုံးကိုင်ကာ နောက်ဘက်မှလိုက်လာ သည်။

အခန်းထဲတွင်တော့ ပုံစံပြောင်းနေသည်။ တကုန်းကုန်းရေးဆွဲနေသူ နှစ်ဦးသည် စားပွဲနားတွင် မရှိကြတော့ပေ။ အခန်းထောင့်တွင် အမာညိုက ငုတ် တုတ်လေးထိုင်ကာ တဝေ့ဝေ့ထိုးအန်နေသည်။ သူ့ဘေးတွင် ပေါက်ကျိုင်းက ခြေမကိုင်မိ လက်မကိုင်မိနှင့် ဝိုင်းကြီးပတ်ပတ် ကနေလေသည်။

'ဟင် မာညို၊ ဘာဖြစ်လို့လဲ'

သက်သက်က သူ့ကျောလေးကို ပြေးကာဖိပေးလိုက်သည်။ အမာညို ကိုယ်စား ပေါက်ကျိုင်းက ပြုံးတုံးပြုံတဲ အဖြေပေးသည်။

'ညနေက မျှစ်ချဉ်တွေအများကြီးစားတယ်လေ၊ သခွားသီးတွေရော၊ အစာမကြေဘူး ထင်တယ်'

ညီလင်းက အဝတ်စုတ်တစ်ခုပြေးယူကာ ကြမ်းပေါ်မှသူ့အစ်မ၏ အန်ဖတ်များကို မရွံမရှာ သုတ်ပေးလေသည်။

'ရင်ထဲက ပျို့ပျို့လာတယ်ဟယ်၊ ငါ အရင်ကလည်း မျှစ်ချဉ်စားတာပဲ၊ ဒီလိုမဖြစ်ပါဘူး'

အမာညိုက မောသံလေးနှင့်ပြောကာ ပေါက်ကျိုင်းလှမ်းပေးသော ဖျော်ရည်ကို တစ်ကျိုက်ခြင်းသောက်နေသည်။ နားထင်နားရင်းလေးများ မသိမသာ ကျနေသော အမာညို့ကိုကြည့်ရင်း သက်သက်သည် သူ့လက်မောင်းကိုလှမ်း၍ ဆုပ်ကိုင်လိုက်သည်။ ထို့နောက် တိုးတိုးလေးမေးသည်။

'ဟင် ငါလည်း သတိမထားမိဘူး၊ ဟုတ်တယ်၊ အင်း ဟုတ်တယ်၊ ရက်တော့လွန်နေပြီ၊ အေးဟဲ့ အများကြီးလွန်နေပြီ၊ ဒါကဖြစ်တတ်တာပဲ၊ ငါ ဖန်ခါးသီးတွေစားထားတယ် မိသက်ရဲ့'

သက်သက်က တိုးတိုးလေးမေးသော်လည်း အမာညိုက သူ့လက်ချောင်းလေးများကိုချိုးကာ ရက်တွက်ရင်း အထိတ်တလန့်နှင့် အကျယ်ကြီး ဖြေလေသည်။ ပေါက်ကျိုင်းက မျက်လုံးပြူးမျက်ဆန်ပြူးနှင့် သူ့ခေါင်းကို လက်နှစ်ဖက်နှင့် စုံကုတ်ရင်း "ဒါဆိုရင် ဒါဆိုရင်" ဟု အထစ်ထစ်အငေါ့ငေါ့ ပြောနေသည်။

'ဟယ် မိသက်ရယ်၊ ငါဗိုက်ကြီးပူလာရင်ဒုက္ခပဲ၊ ငါရှက်တယ်ဟဲ့'

အမာညိုက ထင်မိထင်ရာပြောချလိုက်သောအခါ ညီလင်းသည် သူ့မျက်နှာကြီး နှစ်ဆမျှ ပွထသွားသည်ဟု ထင်လိုက်မိသည်။

ထို့နောက် စုလှိုင်ကို ချက်ချင်းပြေးပြီး သတိရသည်။ စုလှိုင်များ အမာညိုလို ဖြစ်နိုင်လေမလားဟု စဉ်းစားရင်း တုန်လှုပ်လာသည်။

ပေါက်ကျိုင်းနှင့်အမာညိုတို့သည် တစ်ဦးကိုတစ်ဦးကြည့်ရင်း ရယ်မလို ငိုမလိုဖြစ်နေကြသည်။ ထို့နောက် ညီလင်းညို၏ရှေ့တွင်မို့ ဆင်ခြင်ရန်ပင် မစဉ်းစား၊ အမာညိုသည် ပေါက်ကရပြောတော့သည်။

'ကလေးတော့ လိုချင်ပါတယ်ဟယ်၊ ဒါပေမဲ့ ဗိုက်ကြီးပူမလာချင်ဘူး၊ ဗိုက်ပူကြီးနဲ့ဆို ကော့လန်ကော့လန်နဲ့ သိပ်အရုပ်ဆိုးတာဟဲ့၊ ဒုက္ခပါဘဲ၊ သူများကို ဗိုက်ခဏပေးထားပြီး အစားပူခိုင်းထားရရင် ကောင်းမယ်၊ မွေးပြီးမှ ပြန်ယူမယ်လေ'

*

စုလှိုင်၏ဘေးတွင် စီးကရက်တိုလေးများကျဲပြန့်နေသည်။ ပါးစပ်ထဲတွင် စီးကရက် မီးခိုးရိုက်ကာ ပူလောင်စပ်ခါးနေသော်လည်း တစ်လိပ်ပြီးတစ်လိပ် မီးဆက်၍ညှိနေလေသည်။ တဖြည်းဖြည်းလွင့်တက်သွားသော မီးခိုးများကို ကြည့်ရင်း သူ့စိတ်သူ့အာရုံသည်လည်း မီးခိုးများလို တလွင့်လွင့်ဖြစ်သွားတတ လေသည်။

'က ကညစ် ပေမှာခြစ်၊
ခ ခရာ အသံသာ'

ထွန်း၏ စာကျက်သံကိုကြားရသည်။ စ၍ ကျောင်းထားသည်မှာ တစ်ပတ်ခန့်သာရှိသေးသော်လည်း သူသည် စာအတတ်မြန်လှလေသည်။

'ယုန်ကလေးက နားရွက်ထောင်၊
ပညာရှိယောင်ယောင်၊
ကြောင်ကလေးက လက်သည်းဝှက်၊
ချောင်းလိုက်ရတဲ့ ကြွက်'

စုလှိုင်သည် စိတ်ပါလက်ပါဆိုနေသော အသံကလေးကို နားထောင်ရင်း သူငယ်စဥ်က ဘဝကိုသတိရသည်။ စုလှိုင်ကျောင်းနေစက ကျောင်းမှ သင်ခဲ့ရသော ကဗျာလေးများကို ရွတ်ဆိုပြချင်လွန်း၍ ရွတ်ပြသော်လည်း အရေးတစိုက် နားထောင်မည့်သူမရှိခဲ့ချေ။ ထွန်းသည်လည်း သူ့လိုပင် ဒက်ဒီ့ရှေ့တွင် ရပ်ရင်း ဟန်အမူအရာလေးနှင့်ရွတ်ဆိုပြချင်လိမ့်မည်ဟု စုလှိုင်သည် ပထမဆုံးအကြိမ် စာနာမှုနှင့်တွေးလိုက်မိသည်။ သို့သော် သူမရခဲ့ သောပျော်ရွှင်ချမ်းမြေ့မှုကို ထွန်းကိုလည်း မရစေလိုသောစိတ်က စာနာမှု အပေါ်တွင် လေးလံစွာ ဖိစီးထားလေသည်။

'စု၊ စု လှိုင်၊ အိပ်နေလား'

မအေးတင်က အခန်းတံခါးကိုခေါက်၍ တိုးတိုးခေါ်သည်။ စုလှိုင်

သည် ပြန်မဖြေဘဲနေမည်စိတ်ကူးမိသော်လည်း ဘာကိစ္စများရှိပါလိမ့်ဟု တွေးမိသောကြောင့်ထူးလိုက်သည်။

'ဘာလဲ မအေးတင်'

'ဧည့်သည်လာနေတယ်'

'ဘယ်သူတဲ့လဲ'

'ကျော်ထွန်းညိုတဲ့'

စုလှိုင်သည် ဘာမှပြန်မပြောတော့ဘဲ ခေတ္တမျှငြိမ်နေသေးသည်။ မအေးတင်သည် အခန်းဝတွင်ရပ်ရင်း အဖြေစောင့်နေလေသည်။ စုလှိုင်သည် သူ့လက်ထဲမှ စီးကရက်တိုကို အခန်းထောင့်သို့ မီးမသတ်ဘဲ ပစ် လွှတ်လိုက်ပြီး သက်ပြင်းရှိုက်လိုက်သည်။

'လာခဲ့မယ်လို့ပြောလိုက်လေ'

ကျော်ထွန်းညိုသည် စုလှိုင်ဆီသို့ တစ်ခါမျှလာဖူးသူမဟုတ်ပေ။ တယ်လီဖုန်းနှင့်အဆက်အသွယ်ပြုဖူးသော်လည်း အိမ်သို့လာရန် စုလှိုင်ကလည်း တစ်ခါမျှ မဖိတ်ဖူးချေ။ သူကလည်း လာရန်မကြိုးစားခဲ့ပေ။ ယခု မလာစဖူး အလာထူးပုံကိုထောက်လျှင် ညီလင်းညို၏ကိစ္စပင်ဖြစ်ရပေမည် ဟု စုလှိုင် အပ်ချမတ်ချ တွေးမိလေသည်။

'ကိစ္စရှိလို့လား ကိုကျော်ထွန်းညို'

စုလှိုင်သည် ဧည့်ခန်းထဲသို့ ခြေလှမ်းဖွဖွလေးနှင့်လှမ်းဝင်သွားပြီး ခပ်တိုးတိုးမေးလေသည်။ သူ့ကို စူးစိုက်အကဲခတ်နေဟန်ရှိသော ကျော်ထွန်းညို၏မျက်လုံးအစုံကို ခပ်ရဲရဲပင် ရင်ဆိုင်ပြီးပြန်ကြည့်လေသည်။

'ကျွန်တော် ညီလင်းဆီက သိရတယ်'

'အကုန်လား'

'အင်း သူအကုန်ပြောပြတယ်'

စုလှိုင်၏ပါးပြင်လေးများသည် ရဲတက်လာသော်လည်း ခေါင်းကိုလုံးဝငုံ့မပစ်ပေ။ ပို၍ပင် မော့လိုက်ပြီး မျက်တောင်များမေးစင်းကာ နှုတ်ခမ်းနှစ်လွှာကို ခပ်တင်းတင်းဖိပြီး စေ့ထားလိုက်သည်။

'သူ အဲ ညီလင်းလည်း တော်တော်လေး စိတ်မကောင်းဖြစ်နေပါတယ် စုလှိုင်'

'ကိုကျော်ထွန်းညိုတို့ ညီအစ်ကိုတွေက တယ်ပြီးရှေ့နေငှားကြတာပဲ

နော်'

'ဟာ ဗျာ'

'အစ်ကို့ကိစ္စတုန်းက ညီကဝင်ရှုပ်၊ ညီရဲ့ကိစ္စကျတော့ အစ်ကိုကဝင်ရှုပ်'

စုလှိုင်က သရော်သလိုပြောသည်။ ညီလင်းညိုကိုယ်တိုင်ရောက်လာပြီး သူ့ကိုနူးညံ့ကြင်နာစွာ ချော့မော့ပြောဆိုသည်ကို မသိစိတ်ကမျှော်လင့်တောင့်တနေမိသည်။ ထိုသို့သာဆိုလျှင် စုလှိုင်၏တစ်ကိုယ်လုံးကိုဖုံးအုပ်နေသော မာနအစိုင်အခဲကြီးသည် အတန်ငယ်မျှ အရည်ပျော်ကောင်း ပျော်နိုင်မည် ဖြစ်သည်။

'သူဖုန်းဆက်တုန်းက စုက ဖုန်းချပစ်ခဲ့တော့ သူနဲ့တွေ့ချင်မှာမဟုတ်ဘူးတဲ့'

ကျော်ထွန်းညိုသည် မာနရောင်၊ သံသယရောင်များ လျှံထွက်နေသော မျက်နှာလှလှလေးကို စိတ်မကောင်းသလို အငိုင်သားကြည့်နေမိသည်။ တစ်ချိန်တစ်ခါက သူ့နှလုံးသားကို ပုတ်ခတ်ကစားခဲ့သော မိန်းကလေးဆီသို့ ညီငယ်နှင့်ပတ်သက်ပြီး ရောက်လာရပြန်ချေပြီ။ "စုလှိုင်ကိုချစ်တယ်" ဟု ပြောခဲ့သော နှုတ်ခမ်းသားများကပင် "ညီလင်းကို မချစ်ဘူးလားစုလှိုင်" ဟု မေးရချေဦးမည်။

"ဖုန်းတစ်ခါဆက်လို့၊ တစ်ခါချပစ်ရုံနဲ့ လက်လျှော့သွားတာပဲလား လို့ ညီလင်းညိုကို ပြောစမ်းပါ" ဟုပြောချင်လှသော်လည်း စုလှိုင်သည် မပြောမိအောင် သူ့ပါးစပ်ကိုသူ တင်းတင်းစေ့ထားလေသည်။ သူနှင့်တွေ့သမျှ ကြုံသမျှလူများက သူ့ကိုရူးမတတ်စွဲလမ်းခဲ့လေသမျှ ညီလင်းညိုနှင့်ကျမှ ခံရသည်။ "ချစ်တယ်၊ ချစ်တယ်" ဟု အငမ်းမရပြောရမည့်အချိန်၌ပင် "မချစ်ဘူးထင်တယ်" ဟုသာ ထပ်တလဲလဲပြောသွားခဲ့သည်။ မာကျောပြီး အေးခဲနေသော စုလှိုင်၏ နှလုံးသားအစုံကို မခံချင်စိတ်များ ပွက်ပွက်ဆူလာအောင် ပြုလုပ်ခဲ့လေသည်။

'အခုလည်း ညီလင်းပါတယ် စုလှိုင်၊ သူ ခြံပြင်မှာနေခဲ့တာပါ၊ ကျွန်တော်တို့နှစ်ယောက် တူတူလာတာပါ'

'သူ စုနဲ့ မျက်နှာချင်းမဆိုင်ရဲဘူးလား'

'ကျွန်တော် ခေါ်လိုက်ရမလား'

စုလှိုင်သည် ဘာမျှပြန်မပြောဘဲ စားပွဲပေါ်မှပန်းအိုးလေးကိုသာ စူးစူးရဲရဲ စိုက်ကြည့်နေလေသည်။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံရာရောက်သည်ကို ကျော်ထွန်းညိုသိလိုက်သည်။ ထို့ကြောင့် ခြံပြင်မှညီလင်းဆီသို့ ခပ်သွက်သွက်

ပြန်ထွက်ခဲ့သည်။

ညီလင်းညို အခန်းထဲသို့လှမ်းဝင်လာသည်ကို လှည့်မကြည့်သော်လည်း စုလှိုင် အလိုလိုသိနေသည်။ ကျော်ထွန်းညိုသည် အိမ်ထဲသို့ပြန်ပြီး လိုက်ဝင်မလာတော့ပေ။ ခြံထဲတွင်ပင် နေရစ်လေသည်။

'မမစု'

ညီလင်းညိုသည် စုလှိုင်၏ဘေးတွင် ငိုင်တွေတွေကြီးရပ်နေပြီးမှ တိုးတိုးခေါ်လေသည်။ စုလှိုင်တို့၏ဧည့်ခန်းသည် မည်သည့်အခန်းနှင့်မျှ ဆက်စပ်မနေချေ။ သီးခြားအခန်းဖြစ်၍ လုံခြုံလေသည်။ သို့သော် သူသည် စုလှိုင်ထင်သလို ပွေ့ဖက်နူတ်ဆက်ခြင်းမပြုဘဲ အပြစ်ရှိသောကျောင်းသားလို ကတုန်ကယင်ဖြစ်နေလေသည်။

'မမစု နေကောင်းရဲ့လား'

စုလှိုင်သည် သက်ပြင်းလေးရှိုက်လိုက်ပြီး သူ့ကိုမော့်၍ကြည့်မိသည်။ ရွှင်ဟန်၊ ပျော်ဟန်၊ သွက်လက်ဟန်လေးများသည် သူ့မျက်နှာပေါ်မှ အခိုက်အတန့်အားဖြင့် ထွက်ပြေးနေကြသည်ကိုတွေ့ရလေသည်။

'မမစု ဖြစ်စေချင်တာပြောပါ၊ ကျွန်တော်လုပ်ပါ့မယ်'

'ဘာ ဖြစ်စေချင်တာလဲ'

'အဲ တကယ်လို့ လက်ထပ်စေချင်ရင်'

စုလှိုင်၏ရင်ထဲတွင် ကျင်ခနဲဖြစ်သွားသည်။ "လက်ထပ်ပါ"ဟူသောစကားကို မိမိကစ၍ ပြောစေချင်ရှာ့သလားဟု တွေးမိပြီး နှလုံးသားမှ မာနတရားများသည် ဒလဟောယိုစီးလာကြသည်။ အလှမာန၊ ဂုဏ်မာန၊ ပညာမာနများ လျှမ်းလျှမ်းတလူလူ လွင့်ခဲ့သောစုလှိုင်သည် အချိုးခံရချေပြီ။

'ဩ စုက လက်ထပ်ချင်ရင် ညီလင်းညိုက လက်ထပ်မယ်ပေါ့ ဟုတ်လား၊ စုက လက်ထပ်ချင်ရင်လေ'

'ဟုတ်ကဲ့'

ညီလင်းက ခေါင်းညိတ်သည်။ စုလှိုင်သည် သူ့ကို အတန်ကြာစိုက်ကြည့်နေမိပြီးမှ ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည်။

'ကျွန်တော် အကောင်းပြောနေတာပါ မမစု၊ မိန်းကလေးတစ်ယောက်ကို ကျူးလွန်ပြီး ကျွန်တော် ရှောင်ပြေးတတ်တဲ့ကောင်စားမျိုးမဟုတ်ပါဘူး၊ တကယ်လို့ စုမှာ အဲ မမစုမှာ ကိုယ်ဝန်များရှိသွားခဲ့ရင် မနစ်နာစေရ'

'မလိုပါဘူး ညီလင်းညို'

စုလှိုင်၏မျက်လုံးလေးများသည် ရဲရဲတောက်လာသည်။ သူ့နှလုံးသားသည် တစ်ကိုယ်လုံးတွင် ရှိရှိသမျှ သွေးလွှတ်ကြောများဆီသို့ သွေးများ လွှတ်ပေးတော့ဟန်မတူ၊ ရဲရဲနီသော သွေးများအစား မာနနှင့်သံသယများကို အရည်ဖျော်ပြီး ပို့လွှတ်လိုက်ချေပြီ။ ဦးခေါင်းမှခြေဖျားထိ မာနမီးဟုန်းဟုန်း တောက်ပြီး သံသယမီးလောင်နေသည်ကို စုလှိုင်ခံစားသိရှိရလေသည်။

'ဒို့ကိုသနားလို့ ငဲ့ညှာတဲ့အနေနဲ့ လက်ထပ်မယ်ဆိုတဲ့စကားမျိုးကို ပါးစပ်က ထွက်ဝံ့ထွက်ကြည့်စမ်း ညီလင်းညို'

အနာတရဖြစ်သွားသည့် ကျားပျိုမလေးသဖွယ် မာန်ဖီနေသော စုလှိုင်ကို ကြည့်ရင်း ညီလင်းညိုသည် ထိတ်လန့်သွားသည်။ သူ့ကိုခုန်အုပ်ပြီး ကိုက်ဝါးကာ အပိုင်းပိုင်းဖွဲ့ပစ်တော့မယောင် စုလှိုင်၏မျက်လုံးလေးများသည် ဒေါသရောင် တလက်လက်ထနေလေသည်။

'မှတ်ထား ညီလင်းညို မှတ်ထားလိုက်၊ ဒို့မှာ ကိုယ်ဝန်ရှိခဲ့ရင်လည်း ဖျက်ချပစ်လိုက်မယ်၊ မင်းလိုလူစားမျိုးကိုတော့ တစ်သက် လက်မထပ်ဘူး၊ သိပြီလား ကဲ'

ညီလင်းညိုသည် မှင်တက်မိသလို ဖြစ်သွားသည်။ ပြေရာပြေကြောင်း ပြောရန်လည်းကောင်း၊ သို့တည်းမဟုတ် မခံချင်စိတ်နှင့် ပြန်လှန်ချေပရန် လည်းကောင်း ဘာစကားကိုမျှ အစရှာမရတော့ပေ။

'မပြန်သေးဘူးလား၊ ဟိုမှာ တံခါးပေါက်ရှိတယ်'

စုလှိုင်က တုန်တုန်ခိုက်ခိုက်နှင့်အော်လိုက်သောအခါမှ ညီလင်းသည် ပြန်လည်အသက်ဝင်လာသည်။ မျက်နှာတွင် သွေးရောင်ဖျန်းတက်လာပြီး စုလှိုင်ဆီသို့ တိုးလာသည်။ စုလှိုင်က နောက်တစ်လှမ်းဆုတ်ကာ "ထွက်သွား" ဟု အော်လိုက်သောအခါတွင်ကား ညီလင်း၏မျက်နှာသည် နီရာမှ ဖြူသွားသည်။ စုလှိုင်ကို တအားလှမ်းဖက်လိုက်တော့မလို လက်ရွယ်လိုက်ပြီးမှ ချာခနဲလှည့်လိုက်သည်။ ထို့နောက် လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ရင်း ခပ်သွက်သွက် ထွက်သွားလေတော့သည်။

စုလှိုင်၏ရင်ထဲတွင် တုန်ခါလှုပ်ရှားနေသော်လည်း လူကမူ မတုန်မလှုပ်နှင့် ကျောက်ရုပ်သဖွယ် ငြိမ်ငြိမ်ကြီးရပ်နေမိလေသည်။ အတန်ကြာအောင် ရပ်နေမိပြီးမှ ဆိုဖာပေါ်သို့ခွေကျသွားသည်။ သူ့ကိုယ်သူ သတိ မထားမိခင်မှာပင်

မျက်လုံးအိမ်မှမျက်ရည်ပူများ တစိမ့်စိမ့်စီးကျလာလေသည်။

တစ်မျက်နှာလုံး မျက်ရည်ပူများနှင့်ရွှဲစိုလာသော်လည်း စုလှိုင်လုံးဝ မရှိုက်မိပေ။ နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ပြီး အသက်အောင့်ထားသဖြင့် လည်ချောင်းသည် ကွဲမတတ် နာကျင်နေသည်။ မျက်ရည်များအကျရပ်စေရန် မျက်လုံးအိမ်ကိုမှိတ်ထားမိရင်း အသက်ကို မေ့တစ်ချက် လျော့တစ်ချက် ရှူနေမိလေသည်။ "ဒီမျက်ရည်တွေက ဘာလို့ကျရတာလဲ" ဟု စိမ့်ထွက်နေသော မျက်ရည်ကိုပင် မုန်းစိတ်ဝင်ပြီး တူးတူးခါးခါးကြီး ဖြစ်လာလေသည်။

တိုးတိတ်ညင်သာသော ခြေသံလေးသည် အခန်းထဲသို့ ဖွဖွလေး လှမ်းပြီးဝင်လာသည်။ သူ့ဘေးတွင် ညင်သာသောအသက်ရှူသံလေးကို ကြားရသည်။

စုလှိုင် မျက်လုံးဖွင့်ကြည့်သောအခါ သူ့ကို ငိုမလိုမျက်နှာထားလေး နှင့် တိတ်ဆိတ်စွာရပ်ကြည့်နေသော ထွန်းကို မျက်ရည်ကြားမှတွေ့ရလေသည်။ စုလှိုင်နှင့် အကြည့်ချင်းဆုံသောအခါ ထွန်းသည် ဆတ်ခနဲ နောက်သို့ တွန့်သွားသော်လည်း ထွက်မပြေးပေ။ သူ့လက်ထဲမှ လက်ကိုင်ပဝါဖြူဖြူလေးကို ခပ်ရွံ့ရွံ့လေး လှမ်းပေးလေသည်။ သူ့မျက်လုံးလေးများက "ဘာလို့ငိုတာလဲဟင် မငိုပါနဲ့" ဟု ပြောနေသယောင်ရှိသည်။ ပူလောင် ပြင်းပြနေသော စုလှိုင်၏ နှလုံးသားကို နှင်းရည်လေးတစ်စက်က မထိတထိ လှမ်းပက်ရန် ကြိုးစားနေသည်နှင့်တူသည်။

စုလှိုင်သည် နုနယ်ဖြူစင်သော ကလေးငယ်လေးကို အတန်ကြာငေး ကြည့်နေမိပြီးမှ ပဝါဖြူလေးကိုလှမ်းယူလိုက်သည်။ စိုရွှဲနေသောမျက်ရည်များကို ပွတ်သုတ်ပစ်လိုက်ပြီး လက်ကိုင်ပဝါလေးကိုပြန်၍ပစ်ပေးလိုက်သည်။ ထို့နောက် သူ၏မောင်ငယ် ထွန်းကို ပထမဦးဆုံးအကြိမ် မသဲမကွဲလေး ပြုံးပြလိုက်မိလေသည်။

*

'မနည်းဘူးလား သဲလ်မာရဲ့'

'နည်းရင်ထပ်ခေါ်လေ ပြေးမှာလား လိုက်မှာလား'

'ဟုတ်ကဲ့၊ နောက်ရှိုးပါတဲ့ဗျား'

စုလှိုင်သည် မာမီတို့ဝိုင်းကိုလှမ်းကြည့်နေသည်။ ကစားကြသူ ငါးယောက်ရှိလေသည်။ မာမီနှင့်အံတီကြည်ကိုသာ စုလှိုင်ရင်းရင်းနှီးနှီးသိသည်။ ကျန်ယောက်ျားသုံးဦးကို အသေအချာမသိပေ။ အသက်လေးဆယ်ခန့် လူနှစ်ဦး

သည်ကား မိုးကုတ်မှလာသော ကျောက်ကုန်သည်များဟုဆိုသည်။ အသက် အစိတ်ခန့်ရှိ အသားဖြူဖြူလူမှာမူ သူ့ရှေ့မှတစ်ချပ်မှောက်ဝိုင်းထက် စုလှိုင်ကို ပိုပြီးစိတ်ဝင်စားနေဟန်တူသည်။ အကြည့်ချင်းဆုံပြီး ပြုံးပြရန် ကြိုးစားနေလေသည်။

'သူဘယ်သူလဲဟင် ဖရက်'

'စိုင်းမင်းအောင်လေ ဘွဲ့ရပြီးသားပဲ၊ စုကို သူရိုတ်နေပြီမဟုတ်လား'

ဖရက်ဒီသည် လိမ္မော်ရည်ခွက်ကိုင်ရင်း စုလှိုင်၏ဘေးတွင်လာ၍ ထိုင်သည်။ ထို့နောက် သူ့လက်ထဲမှ လိမ္မော်ရည်ခွက်ကို စုလှိုင်အားလှမ်း၍ ပေးသည်။

'စု လိုက်မလာတာကြာပြီ၊ အခုမှ ဘာစိတ်ကူးပေါက်ပြီး လိုက်လာတာလဲ'

'ဒီလိုပါပဲ'

ရေခဲတုံးလေးများသည် ဖန်ခွက်ထဲတွင် ချာလည်လှည့်ပြီး ပြေးနေကြသည်။ စုလှိုင်သည် ဖန်ခွက်ကို လက်ထဲတွင် ခပ်ဖွဖွလေးလှုပ်ခတ်နေသည်။ မိမိကိုယ် မိမိပင် အလေးအနက်တန်ဖိုးမထားဘဲ စိတ်အလိုသို့လိုက်ခဲ့မိသည့် တဒင်္ဂကို ပြန်လည်သတိရနေသည်။ ထိုတဒင်္ဂသည် ပြီးမသွားခဲ့ပေ။ သူ့နောက်သို့ အရိပ်လို ကပ်၍ပါလာသည်။

'ဟာ ဟ၊ ကင်းစုံနော်၊ ရှုံးရင်တင်လိုက် စဉ်းစားမနေနဲ့'

'အရှုံးပေးပါတယ်ဗျာ'

မာမီသည် သူ့ရှေ့မှငွေများကိုသိမ်း၍ယူလိုက်သည်။ မာမီသည် သူ့ကိုယ်သူ အလှပြင်ရာ၌ စုလှိုင်ထက် အဆပေါင်းများစွာပို၍ကျွမ်းကျင်လေသည်။ မီးရောင်အောက်ဝယ် ကြွေရောင်နုနုလေးပြေးနေသော မာမီ့မျက်နှာလေးသည် နုပျိုရွှန်းစိုနေသည်။ ပြုံးလိုက် ရယ်လိုက်သောအခါများတွင်ကား နဂိုလင်းနေသော မီးရောင်သည် ပို၍လင်းသွားသည်ဟုပင်ထင်ရလေသည်။

'ဖရက် စာမေးပွဲ အောင်ပြီပဲ၊ အရင်တုန်းကပြောတော့ ဘွဲ့ရပြီးရင် ဒါတွေမလုပ်တော့ဘူးဆို'

'မာမီက ပြောမရဘူး စု၊ နောက်ပြီး ဒါက စီးပွားရေးပဲ၊ အခု ကိုယ် 'ဖိုး' သွားချမလားစိတ်ကူးတယ်၊ အဲဒါက သိပ်ရတာ'

'ဖိုး၊ ဟုတ်လား၊ အဲဒါ ဘာလဲ'

စုလှိုင်က မျက်ခုံးလေးတွန့်ကာ မေးလိုက်သည်။ "ဖိုး" ဟူသော စကားလုံးကို ပထမဆုံးအကြိမ် ကြားဖူးခြင်းဖြစ်သည်။

'ဟိုမှာ စိုင်းမင်းအောင် တွေ့လား၊ သူ အဲဒါပဲ လုပ်နေတာ'

စုလှိုင်သည် စိုင်းမင်းအောင်ကို လှမ်းကြည့်လိုက်သည်။ နိုင်ငံခြား ရှပ်အင်္ကျီ၊ တက်ထရက်ဘောင်းဘီ၊ စီကိုနာရီနှင့် သူ့တစ်ကိုယ်လုံးတွင် အကောင်းစားချည်းဖြစ်သည်။ လူကုံထံ ကြေးရတတ်သားသမီးသဖွယ် ခပ်နုနု လူစားမျိုးဖြစ်လေသည်။

သူ့ကိုလှမ်း၍ပြုံးပြသော စိုင်းမင်းအောင်ကို ခပ်ဖျော့ဖျော့ပြန်ပြုံးပြလိုက်ရင်း စုလှိုင်၏စိတ်သည် ညီလင်းဆီသို့ မဆီမဆိုင်ရောက်သွားပြန်သည်။ စိတ်ပါလက်ပါပြောနေသော ဖရက်ဒီ၏စကားများကို မကြားတချက် ကြားတချက်နှင့် ငိုင်တွေတွေဖြစ်သွားသည်။ တဒင်္ဂအတွင်း ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်၏အရိပ်သည် ယခုတော့ သူ့ကိုခြောက်လှန့်နေချေပြီ။ လစဉ်ဖြစ်နေကျ အမျိုးသမီးသဘာဝဓမ္မတာသည် ဖြစ်ချိန်တန်လျက်မဖြစ်ဘဲ တစ်ပတ်ခန့် ရက်ကျော်နေပြီကို အချိန်ပြည့်သတိရနေသည်။ မူးဝေပျို့အန်ခြင်းများ မဖြစ်သေးသော်လည်း စုလှိုင်သည် သူ့ဝမ်းထဲ၌ ရမ္မက်၏အသီးအပွင့်လေး ကိန်းအောင်းနေမည်ကို စိုးရိမ်ထိတ်လန့်နေရပြီဖြစ်လေသည်။

'သိပ်ကောင်းတယ် စုရဲ့၊ ကိုယ့်မှာ ထည့်ပြီးသား တစ်လိပ်ပဲ ရှိတယ်၊ စု စမ်းကြည့်ချင်လို့လား'

'ကောင်းသားပဲ'

စုလှိုင်သည် အလိုက်သင့် ပြန်ပြောရင်း သူ့ပြဿနာကိုသာ သူ ဆက်၍တွေးလေသည်။ ဆေးသောက်ရမည်လား၊ ဆေးထိုးရမည်လား အသေအချာမသိသော်လည်း ငွေရှိလျှင် ပြဿနာရှင်းရန် သိပ်ပြီးခက်ခဲမည်ဟု မထင်မိပေ။ ကိုယ်ဝန်ကို ဖျက်ဆီးမပစ်ဘဲ အိမ်ထောင်ပြုလိုက်လျှင် ပြဿနာအလိုလို ရှင်းသည်ဟု တစ်ဖက်မှ တွေးမိပြန်သည်။ သို့သော် ထိုအတွေးသည် စုလှိုင်၏ခေါင်းထဲသို့ ဘယ်ဘက်မှဝင်ပြီး ညာဘက်မှ လျှောခနဲပြန်ထွက်သွားလေသည်။ ဒက်ဒီနှင့် မာမီတို့၏ အိမ်ထောင်ရေးကိုသာ သူ့မျက်စိထဲတွင် မြင်ယောင်လာသည်။ ထိုသို့သော အိမ်ထောင်ရေးမျိုးကို သူ မတည်ထောင်ချင်ပေ။

'ရော့ ရှားရှားပါးပါး တစ်လိပ်ရမယ်'

သူ့ကို ကမ်းပေးသော စီးကရက်တောင့်ကလေးကို ငေးကြည့်နေပြီးမှ

ဖရက်ဒီ ခုနက ပြောသော 'ဖိုး'ဟူသော ဝေါဟာရကို ပြန်လည်သတိရသည်။

'အခုသောက်ရင်ရလား၊ မူးသလား'

စုလှိုင်သည် စီးကရက်ဖြူလေးကို နှုတ်ခမ်းတွင် ဖွဖွလေး ခဲလိုက်ရင်း ပြုံးနေသည်။ ဖရက်ဒီက ဓာတ်ငွေ့မီးခြစ်လေးကို ဖျောက်ခနဲ ဖွင့်ပြီး ကမ်းပေးသည်။ ပြာလဲ့သော မီးတောက်ကလေး ဘယ်ယိမ်းညာယိမ်းနှင့် ယိမ်းနွဲ့နေသည်ကို ငေးကြည့်ရင်း စုလှိုင်သည် ဖရက်ဒီ ညွှန်းလှသည့် 'ဖိုး'ကို စ၍ မြိုးစမ်းကြည့်မိလေသည်။

'ကောင်းသားပဲ'

'ဟော့ ဖရက်ဒီ၊ ယူအခု စုကိုလက်ထပ်ချင်သေးလား'

'စု ဘာဖြစ်လို့ မေးတာလဲ'

'မေးကြည့်တာပါ'

'စုကိုတော့ လက်ထပ်ချင်ပါသေးတယ်၊ ဒါပေမဲ့ ကိုယ် နယ်လီချိုနဲ့ လက်ထပ်ရမယ်'

'ဟင်၊ လက်ထပ်တော့မယ်လား'

'အင်း'

စုလှိုင်၏ခေါင်းထဲတွင် ကြည်လင်လာသည်။ လေးလံထိုင်းမှိုင်းနေသော စိတ်သည် အတန်ငယ် ပေါ့ပါးလာသည်။

'နေပါဦး၊ ယူက ဘာလို့ ဒီလောက်မြန်မြန်လက်ထပ်မှာလဲ'

'မမြန်လို့မှမရဘဲ၊ နယ်လီက လောနေတယ်'

'ဘာလဲ ကိစ္စများနေလို့လား'

'မဟုတ်သေးပါဘူး'

"သူ့ကို ကိုယ် စုလောက်မချစ်ပါဘူး၊ ဒါပေမဲ့ သနားတယ်၊ သူက ကိုယ့်ကို တကယ်ချစ်တယ်'

စုလှိုင်သည် ဖရက်ဒီ၏ စကားများကို ကြားသော်လည်း စိတ်မဝင်စားတော့ပေ။ ပြန်၍လည်း မပြောလိုတော့ချေ။ ကင်းစုံတွေ ကွင်းစုံတွေ အော်နေသော မာမီတို့ဝိုင်းမှအသံများကိုလည်း မကြားလိုတော့တဲ့ အနှောင့်အယှက် ဖြစ်နေ သည်။ ထိုနေရာက ထသွားပြီး တိတ်ဆိတ်သည့်နေရာသို့ သွားပြီး အိပ်ရလျှင် ကောင်းမည်ဟု စဉ်းစားလိုက်မိသည်။ သို့သော် နေရာမှထရန် ကြိုးပမ်းရမည်မှာ ပင်ပန်းလှသည်။ မျက်လုံးအစုံသည် စင်းငိုက်ပြီး အိပ်ချင်သလို ဖြစ်လာလေ

သည်။

*

'ညီလင်းညို၊ မင်းကတော့ မင်းအဘိုးကြီးမျက်နှာရှိနေတာပဲ၊ အလုပ်ရမှာပါ၊ မခဲ ယဉ်းပါဘူး'

'နောင်ခါလာ နောင်ခါစျေးပေါ့ဗျာ၊ ခင်ဗျားကလည်း စာမေးပွဲလည်း အောင်သေးတာ မဟုတ်ဘဲနဲ့'

'အေးလေကွာ၊ မုန့်ဆီကြော်ဖြင့် ဘယ်နေမှန်းမသိသေးဘူး၊ သူက နှုတ်ခမ်းနာတာ စိတ်ပူနေတယ်'

ယုဒသန်မျှော်စင်ကြီး၏အရိပ်သည် အေးမြလှချေသည်။ ထုထည်ကြီး သော အဆောက်အအုံဖြစ်သည့်အလျောက် သူ့အောက်ဝင်လိုက်သည်နှင့် အတန် ငယ်အေးသွားသည်။ တင်ထွန်းမောင်သည် မျှော်စင်ဘေးရှိလမ်းကူး အုတ်ခုံနေရာ လေးတွင် စာအုပ်ဖင်ခုပြီး ထိုင်ချလိုက်သည်။

'ဟော့ကောင် နွေသူရိန် မင်းအသည်းကွဲ ဟက်တက်ပြဲကြီး ပြန်စေ့သွား ပြီ မဟုတ်လား၊ မစေ့သေးရင် ဟောဒီ ညီလင်းညိုဆီက ကော်တောင်းပြီး မှိုချ၊ တစ်ခါတည်း ဆက်သွားမယ်၊ ဒီကောင်က အဆက်ကောင်း ပလပ်စတာရော ကော်ရော'

တင်ထွန်းမောင်က ဝင်းမှည့်နေသော သစ်တိုသီးကို လက်နှင့်ဖိညှစ်ကာ ခွဲလိုက်သည်။ အဖိလွန်သဖြင့် အတွင်းသားများကိုပါ ညှစ်မိကာ အရည်များ ထွက် လာကာ လက်ချောင်းများ ပေကုန်လေသည်။ သူ့လက်ညှိုးကို သူ့လျှာနှင့် တို့ ကြည့်ကာ "ချိုတယ်ကွ" ဟုပြောသောအခါ နွေသူရိန်က မျက်နှာ ရှုံ့သွားသည်။

ဝေစည်မြင့်မားလှသော သစ်တိုပင်ကြီးသည် ယုဒသန်မျှော်စင်ကြီးနှင့် အပြိုင်ပင် ကောင်းကင်သို့ လှတက်နေသယောင် ထင်ရသည်။ ဝင်းဝါနေသော အသီးမှည့်များကို အပင်ပေါ်တွင်တွေ့ရသည်။

'တက္ကသိုလ်က ဇာတ်လမ်းလေးတွေကို ဒီသစ်တိုပင်ကြီးတော့ ကောင်း ကောင်းသိမှာပဲနော်'

နွေသူရိန်က သစ်တိုပင်ကြီးကို မော်ကြည့်ရင်း တမ်းတလွမ်းမောစွာ ပြောလေသည်။ ထိုစဉ်တွင် သစ်တိုပင်ကြီးက ခေါင်းညိတ်ထောက်ခံသလို အသီး တစ်လုံး ခြွေချလိုက်သည်။ ဘုတ်ခနဲကျလာသောသစ်သီးကို တင်ထွန်းမောင်က

ပြေး၍ကောက်လေသည်။

'ဘာလဲ မင်းနဲ့ဝါဝါခင်တို့ ဇာတ်လမ်းလား'

တင်ထွန်းမောင်က မြက်တောထဲတွင် အသီးကြွေများကို နောက်ထပ်၍ တွေ့ရနိုးနှင့် ကုန်းကုန်းကွကွ ရှာဖွေနေရင်းမှ လှမ်းမေးသည်။ သက်သက်က ကျော်ထွန်းညိုကို လက်ခံလိုက်ပြီဟုသိရသောအခါ နွေသူရိန်သည် တစ်ပတ်ခန့် မှိုင်တွေချသွားသည်။ မျက်နှာကလေး ညှိုးပြီး အင်းလျားတွင် သွား၍ ငိုင်နေတတ်သောကြောင့် ညီလင်းညိုတို့ သူ့နောက်သို့တကောက်ကောက်လိုက်ရသေးသည်။ သို့သော် မကြာလိုက်ချေ။ တစ်ပတ်ခန့်မှိုင်ပြီးသောအခါတွင်ကား ပုံမှန်သို့ ပြန်ရောက်သွားလေသည်။ နှစ်ပတ်ခန့်ကြာသောအခါတွင်ကား ဝါဝါခင်ဟူသော မိန်းမလှလေးကို စိတ်ဝင်စားလာပြန်လေသည်။ အလှကဗျာလေးများသည် ပြန်လည်နိုးကြားပြီး အသက်ဝင်လာကြလေသည်။

ညီလင်းညိုသည် ဘာစကားကိုမျှ ဝင်မပြောဖြစ်ချေ။ ဒေါသ မာနနှင့် သံသယတို့ အထပ်ထပ်လွှမ်းနေသောမျက်လုံးလေးများနှင့် သူ့ကိုစားမတတ် ဝါးမတတ်ကြည့်နေသော စုလှိုင်ကိုသာ မြင်ယောင်နေသည်။ တုန်တုန်ခိုက်ခိုက် နှင့် "ထွက်သွား" ဟု အော်လိုက်သောအသံသည် သူ့နားထဲတွင် ပဲ့တင်ထပ်နေသည်။ လူကြားထဲတွင် ဣန္ဒြေမပျက်သွားလာလှုပ်ရှားနေရသော်လည်း ညီလင်း၏ စိတ်သည် ကယောင်ချောက်ချားဖြစ်နေလေသည်။ သူ့နှလုံးသားသည် မီးပုံထဲ ထည့်ပြီးအဖုတ်ခံလိုက်ရသလို ပူကျက်နေသည်ဟုပင် ထင်မှတ်နေမိသည်။ သို့သော် သူသည် ဆွေးလိုသူမဟုတ်၊ ငေးလိုသူ မဟုတ်၊ ငိုင်၍မှိုင်လိုသူလည်း မဟုတ်ချေ။ ထို့ပြင် ကိုယ့်ကိုယ်ကိုမို့ ပြောသည်တော့မဟုတ်၊ သူ့၌ စိတ်ကောင်းလေး ရှိသည်။ စုလှိုင်၏နာမည်ကိုပျက်ပြားစေမည့်စကားကို တစ်ခွန်းတလေမျှပင် မဟာချေ။ သူတို့နှစ်ယောက် အကြောင်းကို ကျော်ထွန်းညိုတစ်ဦးကလွဲ၍ မည်သူ့ကိုမျှပြောမပြပေ။

'ညီလင်း မင်း ခုတလောဘာဖြစ်နေလဲ'

'ဘာမှမဖြစ်ပါဘူး'

'ဒါပေမဲ့ အရင်ကနဲ့မတူဘူး'

'ဘယ်လိုများ ဖြစ်နေလို့လဲ သူရိန်ရာ'

'တစ်မျိုးပဲ၊ အရင်ကလို မရွှင်ဘူး'

'မင်းကလဲကွာ၊ အမြဲရယ်နေရတော့မှာလား'

မြေပေါ်မှကျောက်ခဲလေးတစ်လုံးကို ကုန်းကောက်ကာ ညီလင်းသည် မြက်တောထဲသို့ပစ်လိုက်သည်။ ထို့နောက် သစ်တိုသီးရှာနေသော တင်ထွန်းမောင်အား လှမ်းပြောလိုက်သည်။

'အပင်ပေါ်က အသီးတွေ ခဲနဲ့ပစ်ချပါလားဗျ'

'လူတွေ ထိကုန်မယ်ကွ'

'လူအရှင်းစောင့်ပြီး သတိထားပစ်ပေါ့'

နွေသူရိန်နှင့်ထိုအကြောင်း ဆက်မပြောလိုသောကြောင့် စကားလွှဲလိုက်ခြင်းဖြစ်သော်လည်း ညီလင်းသည် သစ်တိုသီးကို အမှန်တကယ် စိတ်မဝင်စားလှပေ။ သို့သော်လည်း သူ့အနားတွင်တွေ့ရသော ကျောက်ခဲကြီးကြီး တစ်လုံးကို ကောက်ပြီး တင်ထွန်းမောင်ဘက်သို့ ပစ်ပေးလိုက်မိသည်။

'အသီးစိမ်းတွေဆိုရင် ချဉ်မှာပေါ့'

'ချဉ်လည်း ကောင်းတာပဲ၊ ငါးပိချက် ချက်လို့ရတယ်ကွ သိလား'

နှစ်ခါပင် မတိုက်တွန်းရချေ။ တင်ထွန်းမောင်သည် သစ်တိုသီးများကို ခဲနှင့်ထုလေတော့သည်။ အားကုန်ပစ်တင်လိုက်သောကျောက်ခဲသည် သစ်ရွက်များကို ခြွေချပြီး မြေပေါ်သို့ပြန်ကျလာသည်။ သစ်တိုသီးတစ်လုံးမျှ ကြွေမလာပေ။ နွေသူရိန်ကကြည့်၍ရယ်နေစဉ် တင်ထွန်းမောင်သည် ကျလာသော ကျောက်ခဲကို ပြေးကောက်သည်။ ထို့နောက် အားနှင့်မာန်နှင့် တအားလွှဲ၍ပစ်ပြန်သည်။

'ဗျိုး သံလုံးပစ် ချန်ပီယံကြီး၊ လူတွေထိကုန်မယ်ဗျ၊ သတိ သတိ'

'ဂျနီဖာတင်လေးအစ်ကို ဖင်နီတာတင်လေး အစွမ်းပြနေပါပြီဗျို့၊ ဝေးဝေးက ရှောင်ကြ ရှားကြပါ'

တစ်ဖက်ဆောင်မှထွက်လာသော ကျောင်းသားများသည် ခေါင်းကို လက်ဝါးများအုပ်ကာ မြက်တောထဲမှ အပြေးအလွှားဖြတ်သွားရင်း အော်ဟစ်နောက်ပြောင်သွားကြသည်။ တင်ထွန်းမောင်က သူတို့ကိုသွားဖြဲ၍ရယ်ပြလိုက်ပြီး ပုဆိုးပြင်ဝတ်သည်။ ပဌမအကြိမ်ကြိုးပမ်းသောအခါတွင်ကား သစ်တိုသီးများ တဖုတ်ဖုတ် ကြွေကျလာလေတော့သည်။

'အိမ်ထောင်တစ်ခု တည်ဆောက်မယ်ဆိုရင် ချစ်တာနဲ့ကြိုက်တာ ဘာကို ပိုအရေးကြီးမလဲဟင် သူရိန်'

ညီလင်းညိုက ခပ်တိုးတိုးမေးသောအခါ နွေသူရိန်က အံ့ဩသလို လှည့်ကြည့်သည်။

'ချစ်တာက အရေးကြီးတာပေါ့၊ ချစ်ခြင်းမေတ္တာဆိုတာ အရာရာကို စိုးမိုးတာပဲ၊ မင်းကို ဆရာတက်တိုးဆောင်းပါးတွေပေးဖတ်ရဦးမယ်၊ ချစ်ရင် အကျိုး မုန်းရင်အပြစ်တဲ့၊ မချစ်မနှစ်သက်သူနဲ့ပေါင်းသင်းရခြင်း ဆင်းရဲ ဆိုတာ ဘယ်လောက်ဆိုးမလဲ'

'အသီးတွေက စိမ်းသေးတယ်၊ ဒါပေမဲ့ငါးပိချက်ဆိုရင် သိပ်ကောင်းတာ၊ အမေကြိုက်တယ်ကွ၊ ဝက်သားနဲ့ချက်လည်း ကောင်းတာပဲ'

ကြွေကျလာသောသစ်သီးများကို ပြေးလွှားကောက်ယူရင်း တင်ထွန်းမောင်က အော်၍ပြောသည်။ ထို့နောက် သူ့လက်ထဲမှအသီးများကို စကားပြောနေသော ညီလင်းညိုတို့ဆီသို့ပစ်၍ပေးသည်။ မျက်နှာကို အသီးများ လာမထိအောင် ရှောင်တိမ်းရင်း အမိဖမ်းလိုက်ကြရသည်။

'ဒီမှာဗျ ကိုတင်ထွန်းမောင် ညီလင်းညိုက မေးနေတယ်၊ အိမ်ထောင်တစ်ခုတည်ထောင်ဖို့ရာ ချစ်တာနဲ့ကြိုက်တာ ဘာကအရေးကြီးသလဲတဲ့၊ ချစ်ခြင်းမေတ္တာက အရေးကြီးတာပေါ့နော် ဗျာ'

'မဟုတ်ဘူးကွ ကြိုက်ဖို့ရာသာ အရေးကြီးတာ'

တင်ထွန်းမောင်သည် သူတို့ဘေးသို့ပြန်ရောက်လာသည်။ နွေသူရိန်၏ စာအုပ်အဖုံးကိုခွာယူပြီး သစ်တိုသီးများထုနေရင်းမှ ငြင်းချက်ထုတ်လေသည်။

'ခင်ဗျားကလည်းဗျာ၊ ကြုံကြုံဖန်ဖန်'

'တကယ်ပြောတာ ချစ်တယ်ဆိုတာ သမီးရည်းစားဘဝမှာသာ အရေးကြီးချင်ကြီးမှာ သူရိန်ရ၊ သမီးရည်းစားဆိုတာ ချစ်တဲ့အချိန်လေးသာ ခဏတွေ့ကြတာ၊ အဲ တကယ်တမ်း ဘဝကိုလက်တွဲပြီးလျှောက်ကြတော့မယ် ဆိုတော့ မသေမချင်းသက်ဆိုင်နေကြပြီ၊ ဒီတော့ သူ့အကျင့်ဝါသနာဗီဇ စိတ်နေသဘောထား သူ့ပတ်ဝန်းကျင်အကုန်လုံးကို မင်းလက်ခံနိုင်ဖို့ ကြိုက်ဖို့လိုလာပြီ မဟုတ်လား၊ အဲဒီအချိန်ကျတော့ ချစ်တယ်ကွယ် ချစ်တယ်ကွယ် ဆိုတာနဲ့ မပြီးတော့ဘူး သူငယ်ချင်းတို့ရဲ့'

နွေသူရိန်သည် စာအုပ်ဖုံးဘဝမှ သစ်တိုသီးထုပ်ရသည့်ဘဝကို ရောက်သွားရှာသည့် ရုပ်ရှင်မင်းသမီးပုံ လှလှလေးကို မကျေမနပ်နှင့် ကြည့်နေသည်။

'ငါထင်တယ်ကွာ ချစ်တာဟာမခဲယဉ်းဘူး၊ ကိုယ်နဲ့သွားအတူ စားအတူ လက်ပွန်းတတီးနေရရင် ချစ်လာမှာပဲ၊ သံယောဇဉ်ရှိလာမှာပဲ၊ ကြိုက်ဖို့ကသာ ခဲယဉ်းတာ၊ ဒီလိုကွာ ဒီလို၊ မင်းကလည်း သေအောင်ချစ်နေဦး၊ မင်းကို

လည်း သေအောင်ချစ်နေဦးတော့၊ တစ်ယောက်နဲ့တစ်ယောက် ခံယူချက်ချင်း မတူရင် ဝါသနာဗီဇချင်းမတူရင် ပတ်ဝန်းကျင်အသိုင်းအဝိုင်းချင်းမတူရင် အဲဒီ အိမ်ထောင်ဟာ မသာယာနိုင်ဘူး သိရဲ့လား'

'မဟုတ်သေးပါဘူးဗျာ'

'အနီရောင်ဟာ လှတယ်ကွ၊ အစိမ်းရောင်ဟာလည်း သူ့ဟာသူလှနေ တာပဲ၊ ဒါပေမဲ့ သတ်သတ်စီသာ ကောင်းတာ၊ ပေါင်းလိုက်ရင် ညစ်ပုပ်ပုပ်ကြီး ဖြစ်သွားတတ်တယ်'

အုတ်ချပ်များကြားထဲမှ တွယ်ကပ်ပြီးပေါက်နေသော ညောင်ပင် သေး သေးလေးမှ အရွက်များကိုစိုက်ကြည့်ရင်း ညီလင်းသည် အမာညို၏ ဆေးဘူး ဆေးခွက်များကို ပြေးပြီးမြင်ယောင်မိသည်။ အဆောက်အဦးတစ်ခုတွင် မူလ ပုံစံသာမက ကြမ်းခင်းနံရံမျက်နှာကြက်မှအစပြု၍ တံခါးပေါင်အဆုံး အသေးစိတ် အရောင်အသုံးပြုပုံကလည်း လှပမှု မျက်စိပသာဒဖြစ်မှုကို များစွာ အထောက် အကူဖြစ်ကြောင်းကို အမာညိုက မကြာခဏပြောတတ်သည်။ လိမ္မော်၊ အဝါ၊ အပြာ၊ အဖြူ၊ အနက် အမျိုးမျိုးတွဲပြီး အရောင်စပ် သုံးသော်လည်း အနီရောင်နှင့် အစိမ်းရောင်ကိုကား ရောစပ်ပြီးသုံးလေ့မရှိပေ။ တစ်ခါက ညီလင်းသည် ပျင်းပျင်း ရှိသည်နှင့် အမာညို၏စုတ်တံဆေးဘူးများကိုကောက်ယူပြီး အနီရောင်နှင့် အစိမ်း ရောင်ဆေးကို ရောကြည့်ဖူးသည်။ တင်ထွန်းမောင်ပြောသည့်အတိုင်း ညစ်ပုပ်ပုပ် အရောင်ကြီးဖြစ်ပေါ်ခဲ့လေသည်။

'ဒီလိုပဲကွ သူလည်း သူ့ပတ်ဝန်းကျင်နဲ့သူ ဟုတ်နေမှာပဲ၊ ကိုယ်က လည်း ကိုယ့်ဝန်းကျင်နဲ့ကိုယ်ပဲ၊ သွားပေါင်းလို့ မရတာတွေရှိတယ်၊ ဒီမှာ နွေသူရိန် မင်းဟာ အစိမ်းရောင်ဖြစ်ခဲ့ရင် အနီရောင်ကိုတော့ သွားမယူလေနဲ့ ညစ်ပုပ်ပုပ် အိမ်ထောင်ရေးကြီးဖြစ်လာလိမ့်မယ်'

ကိုတင်ထွန်းမောင်တစ်ယောက် ဘယ်အချိန်ကများ ဒီသဘောတရား တွေ လေ့လာလိုက်ပါလိမ့်ဟုတွေးရင်း ညီလင်းသည် ရင်ခုန်လာသည်။ "ငါက အစိမ်းဆိုရင် သူကအနီပေါ့၊ မမစုက အနီရောင်ပေါ့လေ" ဟု တမ်းတလွမ်းမော စွာတွေးနေမိသည်။ ဇော့ကာဝိုက်ကာတိုက်သွားသော လေရူးကလေးသည် ညီ လင်း၏ပါးပြင်ကိုပွတ်တိုက်ကျီစယ်သွားရင်း "မုန်းတယ် မုန်းတယ်" ဟု တဖွဖွ ပြောနေသံလေးကိုပါ တိုးတိုးလေးပြန်လည်ကြားယောင်လာစေသည်။ "သူ ငါ့ကို တကယ်မုန်းသလား" ဟု ဆက်၍တွေးမိပြန်သည်။ ဒေါသရောင်နှင့် လက်နေ

သော မျက်ဝန်းနက်နက်လေးများကို တွေးထင်မြင်ယောင်မိသောအခါ ရင်ထဲတွင် လှိုက်မော၍လာပြန်လေသည်။ “စုက ကျွန်တော့ကိုမချစ်ဘဲနဲ့ မုန်းနေလျက်နဲ့ ဘာလို့များဒီလိုဖြစ်ခဲ့ရသလဲ၊ စုနစ်နာတဲ့အလုပ်ကို ဘာလို့လုပ်ရသလဲ၊ ဘာလို့ ဒီအလုပ်လုပ်ရသလဲစုရယ်၊ စုသာ နစ်နာတာပဲမဟုတ်လား၊ အင်းလေ မမစုက ဒါကိုတန်ဖိုးမထားဘဲ ပေါ့ပေါ့သာတွေးနေရင်တော့ တစ်မျိုးပေါ့၊ ဒီလိုကိစ္စတွေကို စုက ပေါ့ပေါ့တန်တန်သဘောထားနေပြီလားဗျာ ဟင်” ဟု ရင်ထဲတွင် တစ်ဦးတည်း စကားပြောနေမိပြန်သည်။ ထိုစဉ်တွင် နွေသူရိန်က သူ့ကျောကို ဖြန်းခနဲ ရိုက်လိုက်သည်။

‘ဟကောင် ညီလင်းညို၊ ခေါ်လို့မကြား မေးလို့မကြား မင်းဘာဖြစ်နေ တုံး’

‘ဘာဖြစ်နေလို့တုံးကွ၊ နာလိုက်တာ’

‘ဟာ ဒီလောက်တောင်ငိုင်နေတာ၊ ဘာတွေစဉ်းစားနေတုံး’

‘ဘာ စဉ်းစား စဉ်းစား မင်း အပူလား’

ညီလင်းညိုသည် နေရာမှ ခပ်တောင့်တောင့်ထသည်။ ဖင်ခုထားသော စာအုပ်များကို ဆွဲယူလိုက်ကာ မျက်နှာမှုန်မှုန်နှင့်ထွက်လာခဲ့သည်။

*

‘ကိုကို နယ်သွားရရင် သက်သက်လိုက်မှာလား’

‘လိုက်မှာပေါ့ ကိုကိုရယ်’

ခေါင်းကလေးကို စိတ်ပါလက်ပါညိတ်ပြလိုက်ရင်း သက်သက်သည် ကျော်ထွန်းညို၏အင်္ကျီပေါ်တွင် ပြေးနေသော ပုရွက်နီလေးကို လက်နှင့် အသာ အယာ တောက်ချလိုက်သည်။

‘မြို့နယ်တိုင်းမှာ ဆေးပေးခန်းရှိတာပါပဲ ကိုကိုရာ၊ ကိုကိုနဲ့သက်သက် ကလည်း တစ်မြို့နယ်ထဲ သွားကြလို့ရတာပဲ၊ ကိုကိုက လမ်းတွေ တံတားတွေ ဆောက်၊ အပျက်အစီးတွေကိုပြင်၊ သက်သက်က လူနာတွေကိုပြုစု’

ချမ်းမြေ့ဖွယ်ကောင်းလှသည်။ ထိုသို့ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်း လှသော ဘဝလေးကို သူနှင့်သက်သက်တို့ လက်တွဲ၍တည်ဆောက်ကြရမည် ကို တွေးမိသောအခါ ကျော်ထွန်းညို၏ရင်ထဲတွင် ကြည်နူးမှုနှင့်တသိမ့်သိမ့်လှုပ် ရှားလာလေသည်။

'ကဲ မိသက်၊ ပြော ဘာကားကြည့်မှာလဲ'

'ကိုကိုကြည့်ချင်တဲ့ကား ကြည့်'

'မိသက်ကြည့်ချင်တာ ကြည့်ကွာ'

သူတို့နှစ်ဦးသား ရုပ်ရှင်ရုံများဘက်သို့လျှောက်လာကြသည်။ ပပဝင်း ရုံပေါ်တွင် ဂျိမ်းစဘွန်းက ပြုံးနေလေသည်။ သူ့ဘေးတွင် မလုံ့တလုံ လှပျိုဖြူလေးများက ဝိုင်းနေကြသည်။ လမ်းကူးလိုက်လျှင် မခို့တရို့ကြည့်နေသော ရာမီလာ တဂိုးက ဘုရင့်ရုံထဲမှ စောင့်နေမည်ဖြစ်လေသည်။

'အာရဒနား ကြည့်မလား ကိုကို'

'ကောင်းတယ်တဲ့လား'

'ကောင်းတယ်လို့ ပြောကြတာပဲ၊ ငိုတော့ငိုရတယ်တဲ့၊ ကိုကို လက်ကိုင် ပဝါ ပါလာရဲ့လား၊ တော်ကြာ ရုံထဲမှာသက်သက်ဆီက လက်ကိုင်ပဝါ မတောင်း ရဘူးနော်'

သက်သက်က မနောက်သာနောက်သာ နောက်ပြောင်နေသည်။ အိန္ဒိယ ရုပ်ရှင်သည် အဆိုအကများလွန်းသဖြင့် ကျော်ထွန်းညိုကြည့်လေ့မရှိပေ။ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသည်ဟုယူဆသည်။ သို့သော် သက်သက် ကြည့်လို ပါက သူလည်းကြည့်ရန်အသင့်ပင်ဖြစ်သည်။

'ကိုကို ကြည့်ချင်ရဲ့လား'

'မိသက် ကြည့်ချင်ရင် ကိုကိုလည်း ကြည့်ချင်တာပေါ့'

"ဟုတ်ဘူး၊ ကိုကိုမကြည့်ချင်ရင် သက်လည်း မကြည့်ချင်တော့ဘူး ကိုကိုရဲ့'

သူတို့နှစ်ဦးသည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ရယ်မိကြသည်။ သက်သက်က ဖရုံစေ့လှော်နှင့် ပြောင်းဖူးပြုတ်များဝယ်နေစဉ် သူ သည် လက်မှတ်ရုံလေးသို့သွားကာ ဒီစီမှနှစ်စောင်ဝယ်လိုက်သည်။

'သက်နဲ့လျှောက်လည်ရတာ ကိုကိုပျော်ရဲ့လား'

သက်သက်က စိုးရိမ်ဟန်လေးနှင့် တိုးတိုးမေးသည်။ အမှန်တကယ် လည်း စိုးရိမ်မိသည်။ သူနှင့်အတူ သွားလာလှုပ်ရှားနေသော်လည်း ကျော်ထွန်း ညို၏စိတ်ဝိညာဉ်သည် အခြားသူတစ်ဦးကို တမ်းတသတိရနေမည်ကို စိုးရိမ်လှ သည်။ ကျော်ထွန်းညိုက သက်သက်ကို စချင်စိတ်နှင့် "မပျော်ဘူး" ဟု မျက်နှာ ထား တည်တည်နှင့်ပြောမည်ပြုသေးသည်။ သို့သော် အကဲခတ်နေဟန်ရှိသော

မျက်လုံးလေးများကိုတွေ့သောအခါ မနောက်ပြောင်ရက်တော့ပေ။

'ပျော်တယ် မပျော်ဘူးဆိုတာ ကလေးစိတ်ပါ မိသက်ရယ်၊ မတည်ငြိမ်တဲ့စိတ်၊ လှုပ်ရှားတက်ကြွတဲ့ စိတ်မျိုးပါ၊ သက်သက်နဲ့နေရရင် ကိုကို့ရင်ထဲမှာ အေးပြီး ချမ်းမြေ့နေတာပဲဆိုရင် မပြည့်စုံဘူးလား' ဟု တည်ငြိမ် အေးဆေးစွာ ပြောလိုက်ရင်း စုလှိုင်ကို သတိရနေမိသေးသည်။ စုလှိုင်နှင့် အတူ ရုပ်ရှင်ကြည့်ကြသောအချိန်လေးများသည်လည်းကောင်း၊ ကား လျှောက်စီးခဲ့ကြသောအချိန်လေးများသည်လည်းကောင်း သူ့စိတ်ထဲတွင် ဝဲလှည့်သလို ချာလည်လှည့်ပြီး ပေါ်လာသည်။ ထို့နောက် ညီလင်းနှင့်စုလှိုင်၊ သူ့အချစ်ဆုံးညီငယ်နှင့် အရှုံးအမူး စွဲလမ်းခဲ့မိသည့် မိန်းမချောလေးတို့ မှောက်မှားကြသည့်အကြောင်းကို သတိရပြီး ထိုင်းမှိုင်းသွားသလို ခံစားရလေသည်။ နှုတ်ခမ်းနှစ်လွှာကို တင်းတင်းဖိစေ့ထားပြီး ခေါင်းကလေးမော့ကာ သူ့ကိုမာနလေးတဝေဝေနှင့်ကြည့်နေသော မိန်းမလှလေး စုလှိုင်ကို တွေးထင်မြင်ယောင်ရင်း သက်ပြင်းရှိုက်လိုက်သည်။

'ဟင် ကိုကို သက်ပြင်းတွေဘာတွေချလို့ ဘာတွေစဉ်းစားနေလဲ ဟင်'

'သြော် ကြည့်ပါဦး၊ အမှိုက်တွေ ရှုပ်လိုက်တာ'

သံမံတလင်းပေါ်တွင် ကျဲပြန့်နေသော ချိုချဉ် စက္ကူစများနှင့် ကွာစေ့ခွံများကိုညွှန်ပြရင်း ပြောမိပြောရာ ပြောလိုက်သည်။ စုလှိုင်၏အကြောင်းကို တွေးတောနေသည်ဟုတော့ မပြောလို။ ထိုသို့သာဆိုလျှင် သက်သက်သည် ဝမ်းနည်းအားငယ်စိတ်နှင့် မျက်ရည်ဝဲပြီး နှုတ်ဆိတ်သွားမည်ဖြစ်လေသည်။ မကျေနပ်စကားကိုသော်လည်းကောင်း၊ ရန်တွေ့စကားကိုသော် လည်းကောင်း ပြောလိမ့်မည်တော့မဟုတ်ချေ။

'အမှိုက်တွေကို စက္ကူနဲ့အသာထုပ်ထည့်ပြီး ရုံပြင်ကျအမှိုက်ပုံးထဲပစ်လို့ရှိရင်လည်း ရတာပဲနော်ကိုကို၊ ကြည့်တဲ့လူတွေကသာ နည်းနည်းလေး သတိထားလိုက်ကြရင် ဒီလောက်ပွရှုပ်နေမှာမဟုတ်ဘူး'

'စည်းကမ်းဆိုတာ နေရာတကာမှာအရေးကြီးတယ်၊ စည်းကမ်းမရှိတဲ့လူဟာ တိုးတက်ဖို့မလွယ်ဘူး သက်ရဲ့၊ ဒီလိုပဲ လူမျိုးလိုက်ချီပြီး စည်းကမ်းမဲ့နေရင် ဒီတိုင်းပြည်တိုးတက်ဖို့ လွယ်ပါဦးမလား'

'စည်းကမ်းရှိဖို့ဆိုတာကလည်း စည်းကမ်းပေးဦးမှပေါ့ ကိုကိုရယ်၊ အခုဟာက အမှိုက်ပစ်ချင်တိုင်းပစ်၊ ဘာမှ အရေးမှမယူတာ'

သက်သက်သည် ပြောင်းဖူးစေ့လေးများကို တစ်စေ့ချင်းခွေယူပြီး

ကျော်ထွန်းညို၏လက်ထဲသို့လှမ်းထည့်သည်။ သူတို့နှစ်ဦးသည် သမီးရည်းစား ဖြစ်လာကြသော်လည်း ချစ်စကား ကြိုက်စကားများကို ခွဲခွဲနွဲ့နွဲ့ပြီး မပြောကြပေ။ "ဘယ်လောက်ချစ်" "မိုးလောက်ကြီးချစ်" "ယုံပါဘူးကွယ်" ဆိုသော စကားမျိုးများကို ပြောမည့်အစား တွေ့သမျှ မြင်သမျှလေးများကိုသာ သူ့အမြင် ကိုယ့်အမြင် ပြောရင်း၊ သဘောချင်းမတိုက်ဆိုင်လျှင် ငြင်းခုန်ရင်း၊ ထို့နောက် ပြိုင်တူအလျှော့ပေးရင်း အချိန်ကုန်တတ်သည်။ "ချစ်တယ်၊ ချစ်တယ်" ဟု အထပ်ထပ်ပြောနေသည်ထက် ထိုသို့ကြည်လင်ချမ်းမြေ့စွာစကား ပြောရသည်ကို နှစ်ဦးလုံး ပို၍နှစ်သက်ကြသည်။ အမာညိုကမူ "ဘယ်လိုစုံတွဲကြီးလဲဟ၊ ပျင်းစရာကြီး" ဟု သြဘာပေးလေသည်။

'ဟော ကြွက်'

သက်သက်က လန့်၍အော်သည်။ ကွာစေ့ခွံလေးများနားသို့ရောက်လာသော ကြွက်ကလေးသည် ရုတ်ခနဲနောက်ဆုတ်ပြီးထွက်ပြေးသွားသည်။

'ရှိုင်ရယ်ရုံက ကြွက်က ပိုဆိုးတယ်၊ တစ်ခါတုန်းက ရုပ်ရှင်ကြည့်တုန်း ကိုကို့ခြေမကို ဘာမှတ်လဲ မသိဘူး၊ လာကိုက်ဖူးတယ် သိလား'

'ကြွက်ကလေးက ပြောမသွားဘူးလား'

'ဘာပြောရမှာလဲ'

'ခွေးချေးစော်နံလိုက်တာ၊ နောက်တစ်ခါ ချေးပုံနင်းမလာနဲ့လို့လေ'

'အဲဒီလိုတော့ မပြောပါဘူး၊ ဒါပေမဲ့ နောက်တစ်ခါလာရင် တစ်ယောက်ထဲမလာနဲ့၊ အတွဲနဲ့လာခဲ့တဲ့'

'အောင်မာ တယ်ဟုတ်'

မီးမှောင်ပြီး ကြော်ငြာများ ထိုးပြနေသော်လည်း ရုံထဲသို့ဝင်လာသူများ မစဲသေးချေ။ မှောင်ထဲတွင်ပင် စမ်းတဝါးဝါးဝင်လာရသူများကို မျက်စိ အကျင့်ရပြီးသူများက ထိုင်လျက်မှကြည့်နေရသည်မှာ ရယ်ဖွယ်ကောင်းလှသည်။

'အခုလေ တုပ်ကွေးအဆန်းဖြစ်နေတယ်ကိုကို သိလား၊ သွေးလွန်တုပ်ကွေးတဲ့၊ အရင်တုန်းက မြန်မာပြည်မှာမရှိဘူး၊ အခုမှရောက်လာတာလို့ ပြောတယ်၊ သိပ်ကြောက်ဖို့ကောင်းတယ်၊ ကလေးတွေဆိုရင် ပိုဖြစ်နိုင်တယ် တဲ့'

'အခုဖြစ်နေကြပြီလား'

'ဟင့်အင်း အများကြီးတော့ မဖြစ်သေးပါဘူး၊ ဒါပေမဲ့ စိုးရိမ်ရတယ်လို့ ဆရာတွေပြောနေကြတာပဲ'

သက်သက်က ကျော်ထွန်းညို၏လက်ထဲသို့ ပြောင်းဖူးစေ့လေးများ ထည့်ပေးပြန်သည်။ ပြောင်းဖူးကို တစ်စေ့ချင်း တဖောက်ဖောက်ဝါးနေရင်း ကျော်ထွန်းညိုသည် သက်သက်ပြောသမျှကို စိတ်ဝင်တစား နားထောင်နေသည်။

'ဟိုမှာတွေ့လား ကိုကို၊ ကြော်ငြာက စကားလုံးကို ကြည့်စမ်းပါဦး၊ မီးနီကိုဖြတ်ကူးက လိုရာမရောက် သေရွာရောက်နိုင်သည်တဲ့ မှားနေတယ်နော်' မီးနီကို ဖြတ်ကူးက ဆိုတော့ မီးနီကြီးပေါ်ကနင်းပြီး ဖြတ်ကူးတဲ့အတိုင်းပဲ၊ မီးနီစဉ် ဖြတ်ကူးက လို့ ရေးရမှာပေါ့နော် ကိုကို'

'အေးလေကွာ ဟုတ်ပါရဲ့'

'သဒ္ဒါဟာသိပ်အရေးကြီးတယ်၊ သဒ္ဒါမတတ်ရင် စာမတတ်ဘူးဆိုတာ မှန်တယ်နော်'

'ကိုကိုရဲ့မိသက်က ဆေးပေးခန်းမရှိတဲ့ရွာဆိုရင်လည်း မူလတန်း ဆရာမလေးဝင်လုပ်လို့ရနေပြီပဲ၊ ဆရာမကြီးဒေါ်သက်သက်ရဲ့ကျောင်းက ကလေးတွေဆိုရင် သဒ္ဒါ နိုင်နိုင်နင်းနင်းနဲ့ထွက်လာမှာ'

'ကိုကိုကလဲ'

သက်သက်က ခေါင်းလေးငဲ့ကာ ပြုံးရယ်နေသည်။ ကလေးများကို စာသင်ပြရလျှင်လည်း သက်သက်ကတော့ ပျော်မည်ပင်ဖြစ်သည်။ လူအများကို အကျိုးပြုရသောအလုပ်သာဖြစ်ပါစေ၊ မည်သည့်အလုပ်မျိုးမဆို သက်သက် ဟူသည့် မိန်းကလေးသည် စိတ်ဝင်တစားနှင့်ပြုလုပ်မိမည်သာ ဖြစ်လေသည်။

နိုင်ငံတော်အလံက ပိတ်ကားပေါ်တွင် တလွင့်လွင့်နှင့်ပေါ်လာသော အခါ တစ်ရုံလုံး ဝုန်းခနဲ မတ်တတ်ရပ်လိုက်ကြသည်။ အမျိုးသားသီချင်း တီးလုံး ကြားရသောအခါ သက်သက်သည် ကြက်သီးမြမြလေးထလာသည်။ တလူလူ လွင့်နေသော အလံတော်ကိုမြင်ရတိုင်း၊ စိတ်အင်အားတက်ကြွဖွယ်ရာ မြိုင်ဆိုင် လှသောအမျိုးသားသီချင်းတီးလုံးကိုကြားရတိုင်း သက်သက်၏ ရင်ထဲတွင် ပြည် ချစ်စိတ်များ ပြည့်လျှမ်းပြီး ကြက်သီးထလာလေ့ရှိလေသည်။

'ဒါဒို့ပြေ၊ ဒါဒို့မြေဆိုတဲ့စကားဟာ သိပ်ကောင်းတာပဲနော် ကိုကို၊ အား အပြည့်မာန်အပြည့် ဟင် ကိုကို ဟိုကဝင်လာတာ စုလှိုင်မဟုတ်လား'

မှောင်ထဲတွင် ကျင့်သားရနေပြီဖြစ်သော ကျော်ထွန်းညို၏မျက်လုံးများ သည် စုလှိုင်ကိုချက်ချင်းမှတ်မိသည်။ စုလှိုင်၏ဘေးတွင် အမျိုးသား တစ်ဦးပါ သည်။ သူတို့နှစ်ဦးစလုံး မျက်လုံးများပြာဝေနေဟန်နှင့် အလယ်လမ်းတွင် ခေတ္တ

မတ်တတ်ရပ်နေကြသည်။

ပိတ်ကားပေါ်မှ ရှာမီလာတဂိုးက ပြုံးချိုစွာညို့ယူနေချေပြီ။ မီးရထား နောက်မှ မော်တော်ကားနှင့်လိုက်ရင်း သီချင်းဆိုနေသော မင်းသား၏တေးသံက လည်း မြူးကြွလှသည်။ ကျော်ထွန်းညိုရော သက်သက်ပါ ရှာမီလာ တဂိုးထက် စုလှိုင်ကို ပို၍စိတ်ဝင်စားကြသည်။ ထို့ကြောင့် ပိတ်ကားကို မကြည့်ဘဲ အလယ် လမ်းကို ခေါင်းစောင်း၍ ကြည့်နေမိကြသည်။ မြူးကြွသောတေးသံထက် သူတို့ပြောသည့်စကားကို ပို၍သိလိုသည်။ ထို့ကြောင့် နားကိုစွင့်ထားမိပြန်သည်။

'စု မျက်စိတွေတော့ ပြာနေတာပဲ စိုင်းမင်းအောင်၊ ယူရော မြင်ရပြီလား ဟင်'

'နည်းနည်းမြင်ရပြီ၊ လာ လာ'

စုလှိုင်၏ဘေးမှလူသည် စုလှိုင်၏လက်ကိုတွဲ၍ခေါ်သွားသည်။ သူ တို့၏ထိုင်ခုံသည် တစ်ဖက်အစွန်တွင်ဖြစ်သည်။ ထိုင်ချလိုက်သောအခါ သူတို့ကို မမြင်ရတော့ချေ။ သက်သက်က တိုးတိုးလေးမေးသည်။

'အာရ်အိုင်တီက လူပဲလား ဟင်'

'မသိဘူး'

သူတို့နှစ်ဦးလုံးပြိုင်တူသက်ပြင်းချလိုက်ကြသည်။ မီးရထားပေါ်မှ ရှာမီလာတဂိုးသည် မခို့တရို့နှင့် ရက်စနိုးလေးပြုံးနေလေသည်။

*

'လှလိုက်တာဟယ်၊ အဲဒီကော့စမတ်ပန်းတွေက စမ်းသပ်ပြီးစိုက်ထားတာများ လား မသိဘူး၊ အပွင့်ကြီးတွေ ကြီးလိုက်တာ အရမ်းပဲ'

ညိုးဖျော့လာသောနေရောင်အောက်တွင်ပွင့်နေသော ပန်းပွင့်ရောင်စုံများ သည် သန်မာလန်းဆန်းလှသည်။ ခရမ်းရင့်ရောင်၊ ခရမ်းနုရောင်၊ အဝါဖျော့၊ အဖြူစသည်ဖြင့် ရောင်စုံရောယှက်ကာ လေပြည်ထဲတွင် ယိမ်းနွဲ့တွတ်နေကြလေ သည်။ အမာညိုသည် ရောင်စုံပန်းတောကြီးကိုကြည့်ကာ ရူးချင်စိတ်နှင့် လက် ယားလာသည်။

'သွားခူးရအောင် မိလေးရာ'

'တော်ကြာ စမ်းသပ်ထားတာတွေဆိုရင် မကောင်းပါဘူးဟာ'

'အိုကွာ တစ်ပွင့်နှစ်ပွင့်ခူးရုံနဲ့ သူတို့စမ်းသပ်ထားတာတွေ မပျက်ပါ

ဘူး’

စက်မှုတက္ကသိုလ်နှင့်မျက်နှာချင်းဆိုင်တွင် စိုက်ပျိုးရေးသုတေသန အဆောက်အအုံရှိသည်။ ခြံဝင်းက ကျယ်လှသည်။ ကျယ်လှသော ထိုခြံဝင်းထဲတွင် စမ်းသပ်စိုက်ပျိုးထားသော ဂျုံ၊ စပါး၊ ဟင်းသီးဟင်းရွက်ခင်းများကို တွေ့ရတတ်သည်။ အရှေ့ဘက်မြက်ခင်းတွင် အလှစိုက်ထားသောပန်းများသည်ကား စမ်းသပ်ချက် ဟုတ်မဟုတ် သူတို့မသေချာလှပေ။

‘မာညိုရာ၊ မဟုတ်တာတွေ လုပ်မနေပါနဲ့၊ ကလေးကျနေတာပဲ’

ပေါက်ကျိုင်းက မကြိုက်သလိုပြောသောအခါ အမာညိုက မျက်စောင်းခဲသည်။ ခူးမည် မခူးမည် မသေချာသေးသောစိတ်သည် ခူးယူမည့်ဘက်သို့ ချက်ချင်းအလေးသာသွားလေသည်။

‘ထမင်းဆာပြီကွာ၊ အိမ်ပြန်မယ့်ဟာ ဖြောင့်ဖြောင့်တန်းတန်းပြန်ကြပါစို့၊ ဟော ဟိုမှာကားချောင်တယ်’

‘ချောင်ရင် ကိုယ့်ဟာကိုယ်ပြန်နှင့်’

အမာညိုသည် ခြံဝင်းသို့စွတ်ခနဲဝင်သွားကာ ပန်းရုံဘေးသို့ရောက်သွားသည်။ မိမိလေးနှင့်မဝါတို့ကလည်း နဂိုထဲက ခူးချင်ချင်မို့ အမာညို၏နောက်သို့ရယ်မောရင်း ပြေးလိုက်သွားကြသည်။ သို့သော် ခြံဝင်းထဲသို့ ရောက်သောအခါ သူတို့သည် ပန်းခူးရေးထက် မာလကာသီးခူးရေးကို ပိုမို စိတ်ဝင်စားသွားကြလေသည်။ ရုံးအဆောက်အအုံနောက်ဘက်တွင် စမ်းသပ် စိုက်ပျိုးထားသော မာလကာပင်တန်းရှိသည်။ ယခင်တစ်ပတ်က လမ်းလျှောက်ရင်း လာကြည့်စဉ်က အသီးများကျစ်သေးသည်ကို သတိပြုမိသည်။ ယခုလောက်ဆိုလျှင် ပွပြီးစား၍ကောင်းသောအနေသို့ရောက်နေလောက်ပေပြီ။ အမာညိုက ပေါက်ကျိုင်းကိုပါ အပါခေါ်ရန်ကြိုးစားသည်။

‘ဟေ့ မာလကာသီးသွားခူးရအောင်’

‘မခူးဘူးကွာ လာခဲ့၊ ထမင်းဆာပြီ’

‘မာလကာသီးစားရင် အဆာပြေတာပေါ့’

‘သူများတကာ ပင်ပင်ပန်းပန်းစမ်းပြီးစိုက်ထားတာ သွားဖျက်ဆီးဦးမလို့လား မာညိုရာ’

‘အသီးခူးတာ၊ ဖျက်ဆီးတာမှမဟုတ်တာ’

‘တော်ကြာ အစောင့်တွေ့ရင် လိုက်ရိုက်နေမယ်ကွာ’

'ကြောက်ရင်နေပေါ့၊ ပြီးမှတောင်းမစားနဲ့နော်၊ မကျွေးဘူး'

မိန်းကလေး ငတက်ပြားသုံးဦး ရုံးနောက်ဘက်သို့ ယောင်လည်လည်နှင့်လျှောက်သွားကြသည်ကိုကြည့်ရင်း ပေါက်ကျိုင်းသည် သက်ပြင်းချမိရာသည်။ ထို့နောက် လမ်းဘေးတွင်စိတ်ပျက်လက်ပျက်နှင့် ငုတ်တုတ်ထိုင်ချလိုက်သည်။

'မာညိုရာ လာခဲ့၊ ဒီလိုဆို ဒို့လျှောက်ပြောမယ်နော်'

ပေါက်ကျိုင်းက နိုင်ပေါက်ကိုင်ကာ လှမ်းအော်ပြောသောအခါ အမာညိုသည် မကြားချင်ဟန်ဆောင်ရင်း ခပ်သွက်သွက်လျှောက်သွားသည်။ သူ့၌ ကိုယ်ဝန် နှစ်လကျော်ကျော်ရှိနေပြီကို အမာညိုသည် မည်သူ့ကိုမျှ အသိမပေးသေးချေ။ သိလည်း မသိသာလှသေးသောကြောင့် ရှက်စိတ်တဝေဝေနှင့် ဖုံးထားလေသည်။ သူ့သူငယ်ချင်းများသိပြီး ရယ်မောနောက်ပြောင်မည်ကို အမာညိုက စိုးရိမ်လှသည်။ ထိုအကြောင်းကို ပေါက်ကျိုင်းက သိသဖြင့် သက်သက်မဲ့ အကျပ်ကိုင်ကာ ပြောခြင်းဖြစ်လေသည်။

'ဟော့ ပေါက်ကျိုင်းက ဘာတွေလျှောက်ပြောမယ် ပြောနေတာလဲ'

'အလကားပါ'

စူးစမ်းသလိုမေးလာသော မဝါကို အကြောင်းမဲ့မျက်စောင်းထိုးလိုက်ရင်း အမာညိုသည် စကားဖြတ်လိုက်သည်။ မာလကာပင်ပေါ်မော့ကြည့်ကာ အသီးပွပွများရှာရင်း အလုပ်ရှုပ်ပစ်လိုက်ရင်း အခြောက်တိုက်အကျပ်ကိုင်သော ပေါက်ကျိုင်းကို စိတ်ထဲမှကျိတ်ပြီး ဒေါသဖြစ်နေလေသည်။

ခြံဝင်းစောင့်ဦးလေးကြီးကို မတွေ့ရချေ။ ထို့ကြောင့် မိမိလေးသည် မာလကာကိုင်းကို အတင့်ရဲစွာနှင့် ခုန်၍ဆွဲသည်။ သူ့အရပ်က အတန်ငယ် ပုနေသောကြောင့် မမီမကမ်းနှင့် လွတ်လွတ်သွားလေသည်။

'ဟော့ ဟိုအကိုင်းပေါ်ကအသီးတွေ သိပ်ကောင်းတာပဲ'

'ငါ တက်ခူးမယ်ဟာ'

'တော်ကြာ ပြေးပေါက်မှားနေမယ်'

'အို မီမှမမီဘဲ'

အမာညိုသည် သစ်ပင်ပေါ်သို့ ခြေမြန်လက်မြန်နှင့်ရောက်သွားသည်။ သစ်ပင်တက်တွင်တော့ အမာညိုတို့က ဝိဇ္ဇာဘွဲ့ရထားသူဖြစ်လေသည်။ ကျောင်းမှ ခရေပင်လေးများကိုလည်း အကုန်တက်ဖူးသည်။ ခရေပင်ပေါ်တက်ပြီး

အကိုင်းကိုခြေနှင့်နင်းကာ တသိမ့်သိမ့်လှုပ်ချပြီး ပန်းများကြွေအောင် ပြုလုပ်ပေးလေ့ရှိသည်။ ခရေပန်းကြိုက်သော မိမိလေးတို့က အမာညိုကို အထူး အားကိုးကြရလေသည်။

သစ်ပင်ပေါ်ရောက်သည်နှင့် မီးရာအသီးကို ဆတ်ခနဲလှမ်းခူးကာ တစ်ကိုက်ကိုက်စားလိုက်သည်။ အောက်ဘက်မှမော့ကြည့်နေသူနှစ်ဦးကိုငုံ့ကြည့်ရင်း 'ဟာ ကောင်းတယ်ဟ၊ ချိုလည်းချို၊ ပွလည်းပွ' ဟုပြောလေသည်။

'ငတ်လှချေလားဟဲ့၊ ပြီးမှစားစမ်းပါ၊ မြန်မြန်ခူး၊ မြန်မြန်သွားကြရအောင်'

မိမိလေးက စိုးရိမ်ပူပန်စွာအော်သည်။ အပင်ပေါ်မှမာလကာသီးကို စားချင်လှ၍ ခိုးယူနေရသော်လည်း ထိုသို့မလုပ်သင့်ကြောင်းကိုကား သိသည်။

'ဘာ မြေသြဇာတွေထည့်ထားလဲမသိဘူး၊ ဂျီဟောလ်က အပင်ထက်ကောင်းတယ်၊ ရော့ စားမပစ်နဲ့ဦးနော်၊ အဲဒါ ငါဆက်စားမှာ'

အမာညိုသည် သူ၏စားလက်စမာလကာသီးကို တံတွေးနှင့် မထိတထိ ထွေးပြီးမှ ပစ်ပေးလိုက်သည်။ စားရန်အသင့်စောင့်နေသော မိမိလေးနှင့် မဝါတို့သည် မျက်နှာများရှုံ့မဲ့သွားသည်။ လူဟူသည်မှာ ကိုယ့်တံတွေးကို ကိုယ်မရွံတတ်သော်လည်း အခြားသူ၏တံတွေးကိုကား အလွန်ရွံတတ်ကြသည်။ ထို့ကြောင့်လည်း အမာညိုက သူ့မာလကာသီးကို မဝါတို့မစားအောင် လုပ်လိုက်ခြင်းဖြစ်သည်။

'ခွေးမနော်၊ နင်အတော်ယုတ်'

သစ်ပင်ပေါ်မှအမာညိုသည် ရယ်မောရင်း နောက်တစ်ဆင့်ထပ်တက်လိုက်သည်။ အကိုင်းဖျားမှအသီးပွပွများကို မမီမကမ်းလှမ်းခူးလိုက်လေသည်။ ထိုစဉ်တွင် မိမိလေး၏အော်သံကိုကြားရတော့သည်။

'ဟင် မာညို၊ ဆင်းခဲ့၊ ဆင်းခဲ့'

'ဟောတော့'

အစောင့်ဦးလေးကြီးသည် သူတို့ကို ဘယ်နေရာကများ လှမ်းမြင်လိုက်လေသည်မသိ။ လက်ကိုဝှေ့ယမ်းကာ ပြေးလာသည်။ သူ့ပါးစပ်ကလည်း စူးစူးဝါးဝါးအော်ဟစ်လာလေသည်။

'မြန်မြန်ဆင်း မိညို မြန်မြန်ဆင်း'

မဝါသည် ဦးလေးကြီးကို အလန့်တကြားကြည့်ရင်း မာလကာပင်ကို

လက်နှင့်ပုတ်ကာအော်သည်။ အမာညိုသည် ရင်တဒိန်းဒိန်းခုန်လာပြီး မျက်လုံးများ ပြာလာသည်။ မည်သည့်အကိုင်းကိုနင်းပြီး မည်ကဲ့သို့ပြန်ဆင်းရမည်နည်း စဉ်းစား၍မရတော့ချေ။

'လာပါဟ မြန်မြန်'

သစ်ပင်အောက်မှသူရဲကောင်းနှစ်ဦးသည် အမာညိုကိုစောင့်မည့်ပုံ မရကြတော့ပေ။ ပြေးမည့်ဟန်ပြင်နေကြသည်။ သည်လိုတော့လည်း အဖြစ် မခံနိုင်။ ရန်သူ့လက်တွင်သုံ့ပန်းဖြစ်ပြီး တစ်ဦးတည်းကျန်ခဲ့ရမည့်အရေးသည် ရင်လေးဖွယ် ကောင်းလှသည်။ အမာညိုသည် ဘာကိုမျှမစဉ်းစားနိုင်တော့ချေ။ ခြေကားရား လက်ကားရားနှင့် ဝုန်းခနဲခုန်ချလိုက်သည်။

'ဟေး ဟေး၊ ဘာလို့ခုန်နေရတာလဲ ဟေး ဟေး'

ချွေးကျ ကျလာသောအမာညိုသည် ထိုအသံကို ပီပီသသကြားလိုက်သေးသည်။ ခြေနာသလား၊ လက်နာသလား မစဉ်းစားနိုင်အောင်ခင်မှာပင် သူ့ကို တစ်ဖက်တစ်ချက်မှ ဆွဲထူလိုက်သည်ကို သိလိုက်သည်။ ထို့နောက် မဝါနှင့် မိမိလေးတို့နှစ်ဦးကြားတွင် တရွတ်တိုက်ပြီး ပါသွားသည်။ မိနစ်ပိုင်း အတွင်း၌ပင် ခြံပြင်သို့ ကသောင်းကနင်းနှင့်ရောက်သွားလေတော့သည်။

'ဟေး စားချင်လို့ ခုန်တာပေါ့ ဟေး ဟေး'

ခြံပြင်ရောက်သောအခါတွင်ကား သူတို့ မကြောက်ကြတော့ချေ။ သူ့ပိုင်နက်ထဲကလွတ်မြောက်လာပြီမို့ အားတက်လာသည်။ ဇောချွေးများ ပြန်ကာလျှာထွက်အောင်မောနေသော်လည်း မဝါက အားကျမခံ ပြန်လည်အော်ဟစ်လိုက်လေသည်။

'ဝမ်းသာလိုက်တာဗျာ၊ ကောင်းလိုက်တာဗျာ၊ မှတ်ပြီလားဗျ'

အရေးမလှဘဲ အပြေးအလွှားဆုတ်ခွာလာရသော တောက်ပြားသုံးဦးကို ကြည့်ရင်း ပေါက်ကျိုင်းက ဝမ်းသာအားရပြောသည်။ အမာညိုသည် သူ့ကို မျက်စောင်းမခဲနိုင်သေးချေ။ မျက်နှာလေးရှုံ့မဲ့ပြီး လမ်းဘေးတွင်ပင် ထိုင်ချသည်။ သူ့ခါးကို သူ့လက်နှင့်ဖိထားရင်း ရင်တုန်ကာ မူးဝေလာသလို ခံစားရသည်။

'ဟင် မာညို၊ ဘယ်နား နာသွားလဲ'

'မသိဘူး၊ တစ်မျိုးကြီးပဲ'

မဝါသည် အမာညို၏ခြေထောက်ကိုငုံ့ကြည့်သည်။ ခြေနာသွားသည်ဟု ထင်မိသောကြောင့်ဖြစ်သည်။ ပေါက်ကျိုင်းက ဘုမသိဘမသိ မေးသည်။

'လဲလာလို့လား'

'ဟုတ်ဘူး၊ သစ်ပင်ပေါ်က ခုန်ချတာ'

'ဗျာ'

ပေါက်ကျိုင်း၏မျက်လုံးသည် ပြူးထွက်လာသည်။ မျက်စိမျက်နှာပျက်နေသော အမာညိုကိုကြည့်ရင်း ဂုန်းခနဲခုန်၍ ထလိုက်သည်။

'မာညိုကိုမဆူနဲ့နော်၊ မဆူရဘူးနော်၊ ခါးထဲမှာကိုက်တယ်၊ တစ်မျိုးကြီးပဲ ပေါက်ကျိုင်းရဲ့'

'မာညိုရယ် မိမာညိုရယ်၊ ကိုယ့်ကိုယ်ကိုသိသားနဲ့ မိုက်လှချေလား၊ တစ်ခုခုများဖြစ်သွားရင် ဒုက္ခ'

'မဆူပါနဲ့ဆို၊ မာညိုမေ့သွားလို့ပါ၊ တကယ့်ကိုမေ့သွားလို့ပါ'

ကရုဏာဒေါသောနှင့်နီလာသော ပေါက်ကျိုင်း၏မျက်နှာကိုတွေ့သောအခါ အမာညိုသည် ချက်ချင်းပင် မျက်ရည်ဝဲလာသည်။ အပြစ်တင် ဆူပူသော စကားကို ဆက်၍ကြားရပါက တစ်ခါတည်း ငိုချလိုက်တော့မည် ဖြစ်ကြောင်းကို ပေါက်ကျိုင်းက ကောင်းကောင်းသိလေသည်။

'ဘာဖြစ်လို့လဲ၊ ဘာဖြစ်တာလဲဟင်'

'ဘာလဲ၊ ခါးရိုးမျက်သွားတာလား'

နားမလည် ပါးမလည်နှင့် အတွင်မေးနေသော မိမိလေးတို့နှစ်ဦးအား အမာညိုက မျက်စိသူငယ်နှင့်မော်ကြည့်သည်။ မပြောတော့လည်း မပြော မပြောနှင့် လုံလှသည်။ ပြောမည့်ပြောတော့လည်း အမာညိုဟူသည့် မိန်းကလေးသည် ဒလဟောပင်ပြောတော့သည်။

'နင်တို့ကလည်း မသိဘူးလား၊ ငါ့မှာကလေးရှိနေပြီ၊ အယ် အဲ အပြင်မှာ မဟုတ်ဘူး၊ ဗိုက်ထဲမှာရှိတာလေ၊ နင်တို့မရိပ်မိဘူးလား၊ ငါသစ်ပင်တက်တာ ဘာလို့မတားတာလဲ၊ ဟီး ဘာလို့ကြည့်နေတာလဲ၊ ခုတော့ ငါ့ဗိုက်ထဲက ကောင်လေး သေများသေမလားမသိဘူး၊ အောင့်နေတယ်ဟဲ့'

'ဟောတော့'

မဝါတို့နှစ်ဦး ကြက်သေ သေသွားကြစဉ် ပေါက်ကျိုင်းက ဖြုတ်သွားသော သုံးဘီးတစ်စီးကို လက်ပြပြီးတားလေသည်။ သုံးဘီးက လက်ခါပြသွားသည်။

အမာညိုသည် ခါးကိုလက်နှင့်ဖိထားရင်း ထိတ်လန့်ကြောက်ရွံ့လာ

သည်။ ဘားမားစတားဇာတ်လိုက် ဦးလူပေါ၏ခေါင်းကြီးနှင့်တူလှသော ကျောင်းဂိတ်ဝကို ငေးကြည့်နေမိရင်း ချွေးများပြန်တက်လာသည်။ သာမန် အချိန် ဆိုလျှင် ထိုဂိတ်ဝကို အစွဲပြု၍ ထိုနားမှဘတ်စ်ကားမှတ်တိုင်သည်ပင် ဦးလူပေါမှတ်တိုင်ဟု တွင်နေရသည့်အကြောင်းကိုတွေးကာ ပြုံးရယ်မိဦးမည်ဖြစ်သော် လည်း ယခုတော့ ဘာဆိုဘာမျှ မတွေးနိုင်ချေ။

ထိုစဉ် ကျောင်းဝင်းထဲမှ ကားလေးတစ်စီးထွက်လာသည်။ စုလှိုင်၏ ကားလေးဖြစ်သည်ကိုသိလိုက်သဖြင့် ခေတ္တငိုင်သွားသော မဝါနှင့်မိမိလေးသည် ပြန်လည်လှုပ်ရှားလာသည်။

လမ်းတစ်ဖက်တွင် ဗရုတ်သုတ်ခဖြစ်နေကြသော သူတို့လေးဦးကို စုလှိုင်က သတိထားမိပုံမရချေ။ ကားလေးကို ချိုးကွေ့မည်ပြုစဉ် ပေါက်ကျိုင်း မိမိလေးနှင့်မဝါတို့သည် ခုန်ကာပေါက်ကာနှင့် သံပြိုင်အော်ဟစ်မိ ကြလေသည်။

'ဟေး စုလှိုင်၊ ဟိုး ခနဟိုး၊ မြို့ထဲလိုက်ချင်တယ် ဟိုး'

*

အမာညိုတို့၏အိမ်တွင် ကျော်ထွန်းညိုနှင့်ညီလင်းညိုကိုမတွေ့ရချေ။ နှစ်ဦးလုံး အပြင်ထွက်နေဟန်ရှိသည်။

'ဟဲ့ ဘာဖြစ်လာလဲမိညို ဘာဖြစ်လာလဲ'

ရှုံ့မဲ့နေသောအမာညိုကိုတွေ့သောအခါ သူ့မိဘနှင့်အဘွားဖြစ်သူတို့က စိုးရိမ်ပူပန်စွာ မေးနေကြသည်။ အမာညိုနားတွင် ဝိုင်းအုံနေကြသော ကြောင့် လိုက်ပို့သောစုလှိုင်ကို ထိုင်ပါ ပြုပါနှင့် ဧည့်ဝတ်ပြုရန် သတိမရကြပေ။ အမာညို ကိုယ်စား ပေါက်ကျိုင်းက အကျိုးအကြောင်းကို ဗလုံးဗထွေးပြောပြနေစဉ် စုလှိုင်သည် တံခါးပေါင်ကိုမှီ၍ရပ်ရင်း သူတို့မိသားစုကိုငေးကြည့်နေမိလေသည်။

'ဟယ် မျောက်လောင်းမရဲ့၊ လူတစ်ယောက်အသက်ဆိုတာ လွယ် လွယ်နဲ့ဖြစ်တာ အောက်မေ့လို့၊ မိန်းမကောင်း မိန်းမမြတ်ဆိုတာ ကိုယ့်ရဲ့ ကိုယ်ဝန်ကို စောင့်ရှောက်နိုင်ရတယ် ဟဲ့၊ ဖြစ်လိုက်ရင် အရာနဲ့အကြောင်းကြောင်း၊ ဟဲ့ မောင်ပေါက်ကျိုင်း ဆရာဝန်ပြေးခေါ်လှည့်လေ'

'ဒေါက်တာမြတ်ထွေး ပြေးခေါ်ချေ၊ ဒီက ဖုန်းဆက်လိုက်မယ်'

'လမ်းထိပ်ဆေးခန်းက ဆရာဝန်ခေါ်ပါ၊ နီးနီးနားနား'

'လာ လာ သမီး၊ အခန်းထဲမှာ လှဲနေလိုက်'

တစ်ယောက်တစ်ပေါက်ပြောနေကြသောစကားများကို နားထောင်ရင်း စုလှိုင်သည် သက်ပြင်းချလိုက်သည်။ ပေါက်ကျိုင်းက ယခုမှပိုပြီး ပြူးပြူးပျာပျာဖြစ်လာသည်။ စုလှိုင်၏သားမှဖြတ်ကာ တဖုတ်ဖုတ်နှင့် ပြေးဆင်းသွားလေသည်။

'ဩော် မိန်းကလေး ထိုင်ပါဦးကွယ်'

'တော်ပါပြီအန်တီ၊ စုပြန်တော့မယ်'

'ကျေးဇူးတင်ပါတယ်ကွယ်၊ နောင်လည်း လာလည်ပါဦး'

'ဟုတ်ကဲ့'

စုလှိုင်သည် စိုးရိမ်ပူပန်နေသူများကိုခြ၍နှုတ်ဆက်လိုက်ကာ အိမ်ပေါ်မှ ပြန်ဆင်းခဲ့သည်။ ညီလင်းညိုနှင့်မတွေ့ခဲ့ရသောကြောင့် တစ်ဖက်မှ စိတ် သက်သာရာရသလိုခံစားရပြီး တစ်ဖက်မှ ပူဟာပြီးမောသွားသလို ခံစားရလေသည်။ သို့သော် ကံမကုန်သေးသောကြောင့်ထင်သည်။ စုလှိုင်ကား ခြံထဲမှအထွက်တွင် ညီလင်းညိုက ခြံထဲသို့လှမ်းဝင်လာလေသည်။

စုလှိုင်၏ကားကိုလှမ်းမြင်သောအခါ ညီလင်းသည် အံ့သြသွားသလို လှမ်းကြည့်နေသည်။ ထိုအခါ စုလှိုင်သည် မရည်ရွယ်ဘဲနှင့်ကားကို စက်မသတ်ဘဲ ခေတ္တရပ်လိုက်မိသည်။ မျက်နက်ထောင့်ကပ်ကြည့်ရင်း မလေးမခန့်လေး ပြုံးမိသည်။ ထိုအခါ ညီလင်းညိုက ကားဘေးသို့ရောက်လာလေသည်။

'မမစု ကျွန်တော့ဆီလာတာလား'

'ထင်လိုက်တာကွယ်'

လှောင်ရယ်လေး ရယ်လိုက်ရင်းမှ စုလှိုင်သည် "မိန်းမကောင်း မိန်းမမြတ်ဆိုတာ ကိုယ့်ရဲ့ကိုယ်ဝန်ကိုစောင့်ရှောက်နိုင်ရတယ်ဟဲ့" ဟူသော စကားကို ပြန်လည်ကြားယောင်လာသည်။ ရင်ထဲတွင် စူးရှနာကျင်လာသယောင်ရှိသည့်အတွက် နှုတ်ခမ်းဖူးလေးများကိုတွန့်ကာ ပို၍ ရယ်လိုက်သည်။ "လူ တစ်ယောက်အသက်ဆိုတာ ဖြစ်လိုက်တာမှလွယ်လွယ်လေးပါကွယ်၊ ဖြစ်ဖို့ရာ မခဲယဉ်းပါဘူး၊ တဒင်္ဂအတွင်းမှာလည်း ဖြစ်တတ်တာပဲ၊ အင်း ဖျက်ဆီးပစ်ဖို့ရာလည်း မခက်ပါဘူး" ဟု ဆက်၍စဉ်းစားရင်း သူ့တစ်ကိုယ်လုံးကို ရေနွေးပူနှင့်လှမ်းပက်လိုက်သလို ထူထူပူပူကြီးဖြစ်သွားလေသည်။

'မမစု နေကောင်းရဲ့လား'

'ဘာဖြစ်နေလို့လဲ'

'သြော် ဖြူရော်ရော်ဖြစ်နေသလားလို့'

သူ့ကို သနားသလိုကြည့်နေသောညီလင်းညိုရဲ့မျက်လုံးအစုံကိုတွေ့သောအခါ စုလှိုင်၏နှလုံးသားသည် ရုတ်တရက် ပျော့ပျောင်းသွားသလို ရှိလေသည်။ သို့သော် ချက်ချင်းပင် မာနဖုံးကာ ပြန်လည်မာကျောသွားသည်။

'စု တစ်ခုခုဖြစ်လို့ တစ်ခုခုလုပ်လိုက်တယ်လေ'

'ဘာ'

ညီလင်းညိုသည် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်သည်။ သူ့နှလုံးသားသည် နာရီချိန်သီးလို ဘယ် ညာယမ်းခါသွားသည်ဟုထင်လိုက်မိသည်။ ရပ်တည်ရာမရဘဲ လူတစ်ကိုယ်လုံး ယိမ်းထိုးလှုပ်ရှားသွားလေသည်။

'လုပ်ရက်လိုက်တာဗျာ'

ဆို့နင့်စွာပြောသော ညီလင်းညိုအားကြည့်ရင်း စုလှိုင်သည် မျက်ရည်စို့လာသည်။ သို့သော် သူ့မျက်နှာပေါ်မှ မာနနှင့်သံသယတို့က လုံးဝပျောက်ကွယ်မသွားဘဲ သရော်ပြုံးလေးကိုပြုံးမဲ့ပြုံးနေလေသည်။ စိတ်ထိခိုက် တုန်လှုပ်သွား သောညီလင်းညိုကြောင့် တစ်နည်းအားဖြင့်ကျေနပ်သွားသည်။ ညီလင်းကို ထိုမျှမက စိတ်ထိခိုက်အောင် လုပ်ချင်သောစိတ်ကလေးကလည်း နာကျင်နေသောရင်ထဲတွင် ခိုတွယ်နေသေးလေသည်။

'သွားမယ်'

စုလှိုင်၏ကားလေးထွက်သွားသည်အထိ ညီလင်းညိုသည် ဘာစကားကိုမျှ ထပ်မပြောဖြစ်တော့ချေ။ သူ့တစ်ကိုယ်လုံးကို အံ့သြစိတ်၊ ဒေါသစိတ်၊ တုန်လှုပ်စိတ်နှင့် ကြေကွဲစိတ်တို့ကသာ တစ်ထပ်ပြီးတစ်ထပ် ရစ်ပတ်ထားလေသည်။

*

'ဟုတ်လား ကိုကို၊ မာညို ကလေးပျက်လို့ဆို၊ အခုပဲ လမ်းမှာ ပေါက်ကျိုင်းနဲ့ တွေ့လိုက်တယ်'

'ဟုတ်တယ် မိသက်'

'မာညိုရယ်၊ မဖြစ်သင့်တာကို ဖြစ်ရတယ်'

သက်သက်က မချိတင်ကဲလေးညည်းပြီး အိမ်ထဲသို့ခပ်သွက်သွက်လှမ်းဝင်လာသည်။ ကျောင်းမှပြန်လာသော ပေါက်ကျိုင်းနှင့်အိမ်သို့ပြန်လာသော

သက်သက်တို့ လမ်းတွင်ဆုံမိကြသည်။ အမာညိုကို လုံးဝမဆူရဲသော ပေါက်ကျိုင်းက သက်သက်ကိုတွေ့သောအခါမှ အလုံးစုံပြောပြရင်း ဒေါသထွက်ရတော့သည်။ "မျောက်မလေးက သူ့မှာကိုယ်ဝန်ရှိနေတာကိုမေ့ပြီး သစ်ပင်တက်သတဲ့ဗျ၊ နောက်ပြီး တစ်ခါမေ့ပြီး ခုန်ချသတဲ့ဗျ၊ လူမှတ်လို့ ကြိုက်မိပါတယ် အခုမှ မျောက်မယောကျ်ားဖြစ်ရတော့တယ်" ဟု သူ့နှဖူး သူထုရင်းပြောသောအခါ သက်သက်သည် စိုးရိမ်ထိတ်လန့်နေသည့်ကြားထဲမှ ရယ်ခဲ့ရသေးလေသည်။

အိပ်ရာပေါ်တွင် ပက်လက်ကလေးမှိန်းနေသော အမာညိုသည် သက်သက်ကိုမြင်သောအခါ မချိပြုံးလေး ပြုံးပြသည်။

'မာညိုရယ် နင်ကလည်း ဆော့လိုက်တာ လွန်ရော'

ခရီးရောက်မဆိုက်ပင် သက်သက်က အပြစ်တင်စကားပြောမိတော့သည်။ ဖြူရော်ဖျော့တော့နေသောအမာညိုသည် ချက်ချင်းမျက်ရည်ဝဲလာသည်။ အပြစ်ရှိသောကလေးငယ်လို မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် ငိုမဲ့မဲ့ဖြစ်လာလေသည်။

'ငါ့ကိုယ်ငါ အရင်ကလိုပဲ ထင်တာကိုး မိသက်ရယ်၊ အဲဒါကို ငါ မေ့မေ့သွားတယ်'

'မေ့ဗျာမေ့၊ နောက်တစ်ခါဆိုရင် ယောကျ်ားယူပြီးသားကိုမေ့ပြီး နောက်တစ်ယောက်နောက်ကိုများ လိုက်သွားဦးမလားမသိဘူး'

ပေါက်ကျိုင်းကပြောသောအခါ အမာညိုသည် ငိုမဲ့မဲ့နှင့်ရယ်လေသည်။ ထို့နောက် ဆိုးနွဲ့သောအသံလေးနှင့် "နောက်တစ်ခါဆိုရင် သစ်ပင် မတက်တော့ပါဘူး၊ ခုန်မချတော့ပါဘူး၊ သိမ်သိမ်မွေ့မွေ့လေးပဲနေပါတော့မယ် ပေါက်ကျိုင်းရဲ့" ဟု ခပ်တိုးတိုးပြောလေသည်။ ပေါက်ကျိုင်းက သက်ပြင်းချကာ သူ့ခေါင်းကို သူ့လက်နှစ်ဖက်နှင့်စုံကုတ်နေစဉ် သက်သက်သည် ပေါက်ကျိုင်းကို မျက်ရိပ်ပြကာ ပြန်ထွက်လာခဲ့သည်။ အမာညို ဆိုးတေမလေးကို အခုနေ ဖိပြောပြီး ဆုံးမလိုက်စေချင်သောကြောင့်ဖြစ်သည်။

သက်သက်က စံပယ်ပန်းခူးရန် ခြံထဲသို့ဆင်းသွားသောအခါ ကျော်ထွန်းညို လိုက်လာလေသည်။ စံပယ်ပွင့်များခွေထည့်ရန် ပလပ်စတစ်ခွက်ကလေးကိုလည်း ယူဆောင်လာသည်။

'မိသက်ရယ်၊ ကိုကိုတို့ဘယ်တော့လက်ထပ်ကြမလဲ'

'ဖြည်းဖြည်းပေါ့ ကိုကိုရာ၊ ကိုကိုလည်း အလုပ်တောင် မဝင်ရသေး၊

သက်ကလည်း သင်တန်းမပြီးသေး’

‘အလုပ်က ရှေ့လဝင်ရတော့မယ် သက်ရဲ့၊ ပုသိမ်မှာလေ’

‘မော်တင်စွန်း ဘုရားပွဲကျရင် သက်တို့လာခဲ့မယ်ကိုကို’

စံပယ်ပွင့်များကို ကျော်ထွန်းညိုက မြက်ပင်ရှည်နှင့်သီပေးလေသည်။ ဖြူဖွေးလတ်ဆတ်သော စံပယ်ပွင့်လေးများကို တစ်ပွင့်ချင်းခူးယူရင်း သက်သက်သည် ကြည်ကြည်နူးနူးလေးဖြစ်နေသည်။ သက်သက်က ပန်းများ အကုန်ခူး၍ ပြီးသွားသော်လည်း သီနေသောကျော်ထွန်းညိုက မပြီးနိုင်သေးချေ။ အလှဆုံး အပွင့်လေးများကိုရွေးပြီး စိတ်ရှည်လက်ရှည်သီကုံးနေလေသည်။

‘ကိုကိုတို့လက်ထပ်ပြီးရင် မိညိုလိုတော့ သက်က ခုန်လိုက် ပေါက်လိုက် မလုပ်ရဘူးနော်၊ သက်က အဲဒီမျောက်မလေးသူငယ်ချင်းမို့ ကြိုပြောထားရတာ’

‘ခုန်လိုက်ပေါက်လိုက် လုပ်ရင်ကော’

‘ရိုက်မှာပေါ့’

‘ဟင် ကိုကိုရယ်’

နောက်မှန်းသိသော်လည်း သက်သက်၏မျက်နှာလေးသည် ငယ်သွားသည်။ အမာညိုလိုတော့ “ဟင်း၊ ထိဝံ့ထိကြည့်ပါလား တစ်ခါတည်း ပေါင်ကြားကို ဆောင့်ကန်ထည့်လိုက်မှာပေါ့” ဟု ပေါက်ကရ မပြောတတ်ရှာချေ။ “ကိုကို ရိုက်လည်း ခံရမှာပဲ၊ သက်တို့က မိန်းမသားပါကိုကိုရယ်” ဟု ဆိုနေဟန် ရှိသော မျက်လုံးလေးများကိုကြည့်ရင်း ကျော်ထွန်းညို၏ရင်တွင် ကြင်နာစိတ် ကဲလာသည်။ သက်သက်၏လက်ကလေးများကိုလှမ်း၍ ဆုပ်ကိုင်လိုက်ရင်း “တကယ် လို့များ သက်ကိုရိုက်မိရင် အဲဒီမိုက်လှတဲ့လက်ကို ဖြတ်ပစ်လိုက်မယ်” ဟု တိုးတိုးလေး ပြောလိုက်မိသည်။

‘အမယ်လေး၊ နှစ်ယောက်သား ဘယ်ပျောက်သွားပါလိမ့်လို့ ထင်နေတာ၊ လက်စသတ်တော့ ဒီရောက်နေကြတာကိုး’

ညီလင်းညိုက သူတို့ဘေးသို့ရောက်လာသည်။ သူ့လက်ထဲတွင် ရေပန်းကရားကို ရေအပြည့်ထည့်ပြီးဆွဲလာလေသည်။ သူစိုက်သမျှပန်းပင်လေးများက ပွင့်လေတိုင်း သက်သက်တစ်လှည့်၊ အမာညိုတစ်လှည့် ခူးယူ ပန်ဆင်ကြသော်လည်း မည်သူကမျှ ရေလောင်းရန် သတိရကြသည်မဟုတ်ချေ။ ညီလင်းတစ်ဦးတည်းကသာ ဒိုင်ခံပြီး ရေလောင်းရလေသည်။

'အနှောင့်အယှက်ဖြစ်တယ်ထင်ရင် နေရာပြောင်းဗျ၊ သစ်ပင်ကတော့ ရေလောင်းရမှာပဲ'

အေးချမ်းစွာထိုင်နေကြသော ချစ်သူနှစ်ဦးအား ညီလင်းညိုသည် ရေနှင့် မထိတထိလှမ်းပြီး ပက်လိုက်သည်။ လက်ဝါးလေးနှင့်ခံလိုက်သော်လည်း သက်သက်၏ မျက်နှာပေါ်သို့ ရေစက်ရေပေါက်များ ကျလာသည်။ အေးမြသော ရေစက်ကလေးများကို ပွတ်သုတ်၍မပစ်ဘဲ သက်သက်သည် ဒီအတိုင်း ထားလိုက်ကာ ရယ်နေသည်။

'မမသက် အဲဒီပန်းတွေခူးချင်သလောက်ခူး၊ ဒီဘက်က စံပယ်ပင်လေးက ပွင့်လာရင်တော့ မခူးရဘူးနော်'

ညီလင်းညိုသည် ဝါးခြမ်းပြားလေးများဝိုင်း၍ ခြံခတ်ထားသော စပယ်ပင်လေးကိုပြရင်းပြောသည်။

'ဘာဖြစ်လို့လဲ'

'အကြောင်းရှိလို့ပေါ့'

'ဘာအကြောင်းလဲ'

'ဘာအကြောင်း ဖြစ်ဖြစ်ပေါ့'

'မပြောရင် ခူးမှာပဲ'

'ခူးရင် အသိပဲ'

'မခူးစေချင်ရင် ပြောပေါ့'

'သက်ကလည်းကွယ် ညီလင်းမဖြေချင်တာကို မမေးပါနဲ့'

စိတ်တိုလာဟန်ရှိသော ညီလင်းညိုကို စိတ်မကောင်းသလိုလှမ်းကြည့်ရင်း ကျော်ထွန်းညိုက စကားဝင်ဖြတ်သည်။ ထိုစံပယ်ပင်လေး၏ ဇာတ်လမ်းကို သူသိလေသည်။ စုလှိုင်ဆီသို့ သူတို့ညီအစ်ကိုနှစ်ဦးသွားကြပြီး စုလှိုင်က ညီလင်းကို "ထွက်သွား"ဟု နှင်ထုတ်သည့်နေ့က ထိုစံပယ်ပင်လေးကို ညီလင်းညို စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ "တစ်ခုခုလုပ်ချင်တယ် ကိုကိုရယ်၊ ကျွန်တော့ရင်ထဲမှာ တစ်မျိုးကြီးပဲ ကိုကိုရာ၊ အရက်သွားသောက်ရအောင်လေ"ဟု ထိုင်လိုက် ထလိုက်နှင့်ဆောက်တည်ရာမရပြောနေခဲ့သည်။ "အရက်တော့မသောက်ပါနဲ့ညီရာ ဖေဖေသိရင်မကောင်းဘူး၊ နောက်ပြီး အရက်မူးရင် ကျွဲခိုးပေါ်သတဲ့၊ လာကွာ ခြံထဲဆင်းကြမယ်။ လလည်းသာတယ်၊ ခြံထဲမှာ သီချင်းဆိုမယ်၊ အသံကုန်ဟစ်ဆိုမယ်ကွာ၊ ဖေဖေမေးရင်တော့ ကြည့်ဖြေတာပေါ့"ဟုပြောပြီး နှစ်ဦးသား ခြံထဲ

ဆင်းခဲ့သည်။ ခြံထဲရောက်သောအခါတွင်ကား သီချင်းမဆိုဖြစ်ကြတော့ပေ။ ရွှန်းမြသာယာလှသောလရောင်ရိပ်ဝယ် အတန်ကြာအောင်ရပ်နေခဲ့ပြီးမှ ညီလင်းသည် ထိုစံပယ်ပင်ကလေးကို ကိုင်းဖြတ်ကာစိုက်ပျိုးခဲ့လေသည်။ ဘေးဘက်တွင် ဝါးခြမ်းပြားလေးများကာရံပြီး "အမှတ်တရပေါ့ ကိုကိုရာ" ဟု တုန်ယင်သောအသံနှင့်ပြောခဲ့လေသည်။

'ကိုကို ပုသိမ်သွားရရင်တော့ မမသက်ဆွေးပြီ'

'မဆွေးပါဘူး လိုက်မှာပေါ့'

'ချက်ချင်းလား'

'ချက်ချင်းတော့ ဘယ်ဟုတ်မှာလဲ ဖြည်းဖြည်းပေါ့'

'ညီလင်းရာ ငါတို့က လူချင်းဝေးချင်သာဝေးမယ် နှလုံးသားချင်းက နီးတယ်ကွ'

'နီးကြပါဗျာ နီးကြပါ'

ညီလင်းက နှုတ်ခမ်းလေးကိုမဲ့ကာပြုံးရင်း သူတို့ကို ရေနှင့်လှမ်းပက်သည်။ ထို့နောက် ခြေလှမ်းကျဲကြီးနှင့် ပြန်ထွက်သွားလေသည်။

ရေစက်ရေပေါက်ကလေးများ တင်ကျန်ရစ်သောသစ်ရွက်လေးများသည် မြမြစိမ်းနေသည်။ သက်သက်က သီချင်းလေးတစ်ပုဒ်ကို တိုးတိုးလေးညည်းနေမိစဉ် ကျော်ထွန်းညိုသည် ပန်းသီ၍ပြီးစီးသွားသည်။ မွှေးပျံ့သင်းကြိုင်နေသော စံပယ်ကုံးကို အသာရှိုက်နမ်းလိုက်ပြီးမှ သက်သက်၏တစ်ပတ်လျှိုဆံထုံးတွင် ရစ်ခွေပြီးပန်ဆင်ပေးလိုက်လေသည်။

*

၁၉–၁၀–၇၀

ကိုကိုရေ

နေရထိုင်ရတာ အဆင်ပြေရဲ့လား၊ ထမင်းဆိုင်မှာ စားနေရတယ် ဆိုတော့ ဘယ်စားကောင်းမှာလဲနော်၊ ကိုကို ပိန်သွားမလားမသိဘူး၊ သက်လေ ကိုကို့ကိုသတိရပါတယ်၊ အမြဲတမ်းသတိရနေတယ်လို့တော့ မညာချင်ဘူး၊ သက်ရဲ့လူနာတွေကိုပြုစုနေရတဲ့အချိန်မှာတော့ ကိုကို့ကို သတိမရဘူး။

အခုလေ သက်မှာ သားတွေသမီးတွေ အများကြီးပဲ၊ ဆေးရုံက ကလေးတွေပေါ့၊ သိပ်ချစ်ဖို့ သိပ်သနားဖို့ကောင်းတယ်၊ သူတို့

ကို သက် နာမည်အမျိုးမျိုး ပေးထားတယ်၊ မျက်နှာဝိုင်းဝိုင်းလေးနဲ့ ချာတိတ်ကလေးက ဖိုးလမင်းတဲ့၊ တစ်ယောက်ကတော့ ပဲလှော် ကြိုက်လွန်းလို့ ပဲလှော်လို့ ခေါ်တယ် ကိုကိုရဲ့၊ ဆေးထိုးတိုင်း ငိုတဲ့ ကလေးကိုတော့ ထိုးငိုတဲ့၊ နောက်ပြီးကိုကိုရယ် ဆရာတွေလာတိုင်း ဖောင်တိန်မင်နဲ့ သူ့မျက်နှာမှာ နှုတ်ခမ်းမွေးဆွဲခိုင်းတဲ့ ကလေး တစ်ယောက်ရှိသေးတယ်၊ သူ့နာမည်ကတော့ ဝင်းဦးလေ။

၁၅–၁၁–၇၀

ဗျိုး ကိုကိုကြီး

မာညိုတို့ဆီတော့ စာမရေးဘူး၊ မိသက်ဆီကိုတော့ စာ နှစ်စောင်ရှိပြီ မတရားဘူး၊ အင်းလေ ဘယ်တူပါ့မလဲ၊ ၅၂၈ နဲ့ ၁၅၀၀ ကြားမှာ ၉၇၂ တောင် ကွာနေသေးတာပဲ။

ကိုကို ကျောင်းကစောစောထွက်သွားရတာ နာတာပဲ၊ အခု ရန်ကုန်မှာ တက္ကသိုလ် နှစ်ငါးဆယ်ပွဲအတွက် ပြင်ကြ ဆင်ကြနဲ့ အလုပ်ရှုပ်နေကြတယ်၊ တက္ကသိုလ်တိုင်း ဌာနတိုင်းက မုန့်ရောင်းမယ်လေ၊ နောက်ပြီး ကပွဲတွေရှိသေးတယ်၊ အငြိမ့်လည်း ပါတယ်၊ မာ ညိုတို့ကျောင်းက အငြိမ့်ပါတယ်၊ နောက်ပြီး ထီးယိမ်းကမယ်လေ၊

အခုလေ နှစ်ငါးဆယ်ပြည့် အထိမ်းအမှတ်ပို့စကတ်တွေ ထုတ်မယ်ကိုကို၊ မာညိုတို့ဌာနက ဆွဲရတာပေါ့၊ ပုံနှိပ်ပြီးရင် ပို့လိုက်မယ်နော်၊ နောက်ပြီး အထိမ်းအမှတ်မုခ်ဝတွေလည်း ဆောက်ဦးမယ်၊ အဲဒါက ပြိုင်ပွဲဝင်ရမယ်လေ။

၂၀–၁၁–၇၀

ကိုကို

ပုသိမ်သူတွေ ချောရဲ့လားဟင်၊ ကျွန်တော့အတွက် ချောချောလှလှလေးတစ်ယောက်လောက် ရှာပေးစမ်းပါကိုကိုရာ၊ ဘာလိုလိုနဲ့ ရှေ့နှစ်ဆို ကျွန်တော်လည်းဘွဲ့ရပြီ၊ ကွာလီဖိုင်းဖြစ်ရင်တော့ အမ်အက်စီ ဆက်တက်ရမှာပေါ့၊ ဒါမှမဟုတ်လည်း ဘီအက်စီပဲပေါ့ဗျာ။

နွေသူရိန်ကတော့ အိုတီအက်စ် တက်မယ်ပြောနေတယ်၊ အဲဒါကြားတော့ မမကဘာပြောတယ် အောက်မေ့လဲ၊ "ဒီပိန်ခြောက်

ခြောက် ညောင်နာနာကောင်လေးက စစ်ထဲဝင်ဖို့ နေနေသာသာ သစ်ပင်တောင် ငါ့ လောက်တက်နိုင်လို့လား” တဲ့လေ၊ ကိုတင်ထွန်းမောင်ကတော့ ရရာအလုပ် ဝင်လုပ်မှာပဲတဲ့။

ကျွန်တော်လည်း စိတ်လေတယ် ကိုကိုရယ်၊ သူနဲ့လည်း တစ်ခါတွေ့သေးတယ်။

*

ညီလင်းသည် စုလှိုင်ကို ရှစ်မိုင်ပျော်ပွဲစားရုံ၌ တစ်ခါထပ်၍တွေ့လေသည်။ ညီလင်းက တစ်ယောက်တည်းဖြစ်သော်လည်း စုလှိုင်သည်အဖော် တစ်ယောက်ပါသည်။

တစ်ယောက်တည်း ပုလင်းထောင်နေသောညီလင်းကို စုလှိုင်က သတိထားမိပုံမရချေ။ သူ့အဖော်၏လက်မောင်းကိုဆုပ်ကိုင်ကာ ဘေးဘက်မှ ကျော်ဖြတ်သွားသည်။

ညီလင်းကလည်း စုလှိုင်ကို မမှတ်မိချေ။ သူ့ဘေးမှကျော်ဖြတ်သွားသောစုလှိုင်ကိုမြင်သော်လည်း စုလှိုင်အစစ်ဟုမထင်။ စိတ်စွဲလမ်းမှုကြောင့်အမြင်သွေမှားဝေဝါးခြင်းဟုသာ ယူဆသည်။ အနီရောင်အင်္ကျီနှင့်လုံချည်ကို ဆင်တူဝတ်ထားသောစုလှိုင်သည် မီးတောက်မီးလျှံလေးလို ရဲရဲတောက်နေလေသည်။ ညီလင်းညိုသည် အရက်ဖန်ခွက်ကလေးကို တင်းတင်းဆုပ်ကိုင်ရင်း မီးလျှံကလေးကိုငေးစိုက်ပြီး ကြည့်နေမိသည်။ တဟုန်းဟုန်း တောက်နေသော မီးလျှံလေးသည် ယိမ်းနွဲ့လှုပ်ရှားနေသည်ဟုထင်နေသည်။ ဆိုင်တွင်းရှိ ယောကျ်ားသား အကုန်လုံးသည် ကျော့ကျော့ကလေးလျှောက်သွားသော စုလှိုင် မိန်းမချောလေးကို စိုက်ငေး၍ကြည့်နေကြသည်။ သို့သော်လည်း စုလှိုင်သည် မည်သူ့ကိုမျှအရေးမစိုက်ချေ။ ထိုသို့သောအကြည့်မျိုးသည် သူ့အတွက်ရိုးလှချေပြီ။

ခန်းဆီးလေးကာထားသော သီးသန့်အခန်းလေးထဲသို့ဝင်မည်ပြုစဉ် စုလှိုင်သည်နောက်ဘက်သို့ အမှတ်မဲ့လှည့်ကြည့်သည်။ ထိုစဉ်တွင် ညီလင်းညိုနှင့်အကြည့်ချင်းဆုံလေသည်။

‘ဟင် ညီလင်းညို’

ညီလင်းသည် သူ့ကိုယ်သူ မူးနေသည်ဟုထင်နေသော်လည်း သူ့အမည်ကိုရေရွတ်လိုက်သော စုလှိုင်၏အသံကို မှတ်မိသည်။ မီးလျှံနီရဲရဲလေးက

သူ့ဘက်သို့ ရွှေ့လျားလာသောအခါတွင်ကား အမြင်သွေမှားခြင်းမဟုတ်ကြောင်း သေချာသွားသည်။ စုလှိုင်အစစ်ဖြစ်ကြောင်း သိသောအခါ အရက်မူးသည်ထက် ပိုပြီးရီဝေမူးယိမ်းလာလေသည်။

'ညီလင်းညို အရက်သောက်နေသလား'

'ဟုတ်ကဲ့'

'တစ်ယောက်တည်းလား'

'ဟုတ်ကဲ့'

'ဒီစားပွဲမှာ စုထိုင်မယ်'

'ဟုတ်ကဲ့'

စုလှိုင်သည် ညီလင်း၏ရှေ့တွင် ဝင်၍ထိုင်သည်။ သီးသန့်အခန်းလေးထဲသို့ဝင်မည်ပြုသော အမျိုးသားသည် ပြန်လှည့်ပြီး သူတို့ဘေးသို့ ရောက်လာလေသည်။ ညီလင်းညိုသည် သတိအနေအထားနှင့် ခပ်တောင့်တောင့်ထိုင်ပြီး အရက်ဖန်ခွက်ကို တင်းတင်းဆုပ်ကိုင်ထားသည်။ ပလုံစီထ နေသော ဦးနှောက်တို့က "မမူးနဲ့ မရမ်းနဲ့၊ တွေ့ကရာမပြောနဲ့"ဟု သူ့ကို လှမ်းပြီးပြောနေကြသည်။

'မိတ်ဆက်ပေးရဦးမယ်၊ သူက ညီလင်းညိုတဲ့၊ သူကတော့ စိုင်းမင်းအောင်တဲ့၊ မှတ်ထားနော် ညီလင်း'

'ဟုတ်ကဲ့၊ ဝမ်းသာပါတယ်'

တကယ်ဝမ်းမသာဘဲနှင့် ဝမ်းသာသည်ဟုပြောလိုက်ပြီး ညီလင်းသည် ဟက်ခနဲရယ်လိုက်မိသည်။ ပြုံးရယ်ရင်း လက်ကမ်းပေးသော သူ့ကို ခေတ္တငေးကြည့်နေမိသေးသည်။ ပြီးမှ သူ့လက်ကို ကမန်းကတန်းဆန့်ထုတ်ကာ ဖျစ်ညှစ်နှုတ်ဆက်လိုက်ရသည်။ မခံချင်သလိုလို၊ ဝမ်းနည်းသလိုလို၊ ဒေါသဖြစ်သလိုလိုနှင့် ရင်ထဲတွင် မအီမလည်ကြီးဖြစ်လာသည်။ လှောင်သလိုလို ပြုံးနေသော စုလှိုင်၏ပခုံးနှစ်ဖက်ကို ကိုင်လှုပ်ကာ "ယဉ်ကျေးမှုဆိုတာ မျက်နှာပြောင်တိုက်တာပဲလားဗျ၊ ဟင် ပြောစမ်းပါ စုရဲ့"ဟု အော်ပြီး မေးလိုက်ချင်စိတ် ပေါက်လာလေသည်။

'ထိုင်လေ ကိုအောင်၊ ဒီမှာပဲ ထိုင်ကြပါစို့'

စုလှိုင်က စိုင်းမင်းအောင်၏လက်ကိုဆွဲကာ ထိုင်ခိုင်းသည်။ ကိုအောင်ဟုခေါ်လိုက်သောအသံလေးသည် ညီလင်း၏နားထဲသို့ခါးပြီးဝင်သွားသည်။ သို့သော် ဣန္ဒြေမပျက်ပြုံးနေနိုင်အောင် ကိုယ့်ကိုယ်ကိုထိန်း၍ ထားသည်။ လှောင်

ပြောင်သရော်လိုသူ၏ရှေ့တွင် မနှစ်သက်စကား၊ မနာလိုအကြည့်များကို ထုတ်ဖော်မပြောမိ မပြမိအောင် ထိန်းနိုင်သောသတိရှိနေသေးသည်။

'မမစု နေကောင်းသွားပြီလား'

'အရင်က နေမကောင်းလို့ မေးတာလား'

'ဟိုတလောက ဖျားရော်ရော်နဲ့မို့'

စုလှိုင်က သွေးသွန်သည်ဟုပြောခဲ့သည့်စကားကိုရည်ရွယ်ပြီး ညီလင်းက မေးသည်။ စုလှိုင်သည် ချက်ချင်းသဘောပေါက်သွားသည်။ ထို့နောက် ရယ်သည်။

'သြော် ဒါလား ဟင်း ဟင်း၊ ကောင်းသွားပါပြီရှင်၊ သိပ်ကောင်းနော် ကိုအောင်ရယ်'

ဟင်းလျာစာရင်းကတ်ပြားလေးကိုကြည့်နေသည့် စိုင်းမင်းအောင်၏ လက်ကိုလှမ်း၍ဆုပ်ကိုင်ရင်း စုလှိုင်က ထောက်ခံမဲတောင်းသည်။ စိုင်းမင်းအောင်က နှုတ်မှမဖြေဘဲ ခေါင်းညိတ်ပြီးပြုံးနေသည်။

'ကဏန်းလက်မကြော်ရယ်၊ ငါးချိုချဉ်ကြော်ရယ်၊ ဝက်သားပဲငပိရယ်၊ နောက်ပြီး ဘာမှာဦးမလဲစု၊ ဟင်းချိုကရော ဘာဟင်းချိုကြိုက်သလဲ၊ ငါးခေါင်းဟင်းချို ကောင်းမလား'

'ကိုအောင်ကြိုက်တာ မှာပါကွယ်'

စုလှိုင်က ခပ်နွဲ့နွဲ့ပြောသည်။ ညီလင်းသည် ဖန်ခွက်ထဲမှလက်ကျန်အရက်များကို တစ်ရှိန်ထိုးမော့ချလိုက်သည်။ "ကျွန်တော့်ကိုရွဲ့နေတာလား မျက်နှာပြောင်လှချေကလား ဟင်၊ အင်္ကျီအဝတ်အစား လဲဝတ်သလို အတွဲကို ထည်လဲထားတတ်တဲ့ အနီးရောင်မလေးရဲ့၊ ကျုပ်ကိုများ မနာလိုဖြစ်မယ်အောက်မေ့နေသလား၊ ဝေးပါသေးရဲ့ဗျာ' ဟု စိတ်ထဲမှနေပြီး အော်ဟစ်နေသည်။

'ဟိုဟာလည်း ကုန်ပြီ ကိုအောင်ရဲ့၊ စု ထပ်လိုချင်သေးတယ်'

'စုက တစ်နေ့ဘယ်လောက်သောက်နေလဲ'

'စစချင်းတော့ တစ်လိပ်၊ နှစ်လိပ်ပါ၊ နေ့တိုင်းလည်း မသုံးပါဘူး'

ညီလင်းညိုသည် နေရာမှထလိုက်သည်။ သူတို့ပြောနေသောစကားများကိုလည်း နားမလည်၊ သူတို့ရှေ့တွင်လည်း ဆက်၍ထိုင်နေလိုစိတ်မရှိတော့ပေ။ သူတို့နှစ်ဦးလုံးကိုလည်း မုန်းလာသည်။

'ဟင် ညီလင်းညို ပြန်တော့မလို့လား'

'ပြန်မယ်'

'ဘာလဲ စုတို့က နှောင့်ယှက်သလိုဖြစ်နေလို့လား'

'မဖြစ်ပါဘူးဗျာ၊ ကျွန်တော်ကသာ စုတို့ကိုနှောင့်ယှက်သလိုဖြစ်မှာစိုးလို့ပါ'

ညီလင်းသည် မူးသော်လည်း အမူးပါးဖြစ်သည်။ စကားတစ်ချက်မှ မမှားခဲ့ပေ။ မျက်နှာလည်း တစ်ချက်မှမပျက်ခဲ့ပေ။ မာနတရားသည် သူ့ရင်ထဲတွင် တောင်လိုမောက်နေသည်။ ထို့ကြောင့် ခေါင်းကိုဟန်ပါပါညွတ်၍ ကပြက်ကချော်လေးပြုံးပြီး နှုတ်ဆက်ကာလှည့်ထွက်လာခဲ့သည်။

အရက်ကလေး မဖြစ်စလောက်သောက်ထားသည်ဟုသာပြောရမည်ဖြစ်သော်လည်း အူရိုင်းသာသာမို့ ညီလင်းသည် အတော်အသင့်မူးသည်။ သို့သော် အရက်မူးသည်ထက်ပိုမူးသောဝေဒနာကြောင့် လူက ခပ်ယိုင်ယိုင် ဖြစ်နေသည်။

အပြင်ဘက်တွင် မိုးဖွဲဖွဲရွာနေသည်။ ညီလင်းသည် မိုးရွာထဲတွင် ထီးမပါဘဲလျှောက်ရင်း ရီဝေယိမ်းမူးသောအရသာကို ခံစားနေရလေသည်။

'လှပမှုတွေ . . . ပေါင်းဆုံဖွဲ့စည်းလာ . . . မောင့်ပတ်ဝန်းကျင်မှာဖြူနီပြာရောင်စုံ . . . ဖူးပွင့်ကြဝေဆာ . . . ခင်စရာပေမယ့်လဲ . . . သူတို့ကို မမက်မောပါ . . . အမြဲတသ စွဲလမ်းခဲ့တဲ့ . . . တစ်ပွင့်ထဲသော ပန်းသစ္စာ . . . မြတ်နိုး ထိုးစိုက် . . . မောင့်အသည်း၌ဆင်မြန်းဖို့ ရွယ်လာ . . .'

မရည်ရွယ်ဘဲနှင့် သီချင်းတစ်ပုဒ်ကို တိုးတိုးလေး ညည်းနေမိသည်။ မိုးရွာထဲတွင် တစ်ဦးတည်းခပ်ယိုင်ယိုင်လျှောက်ရင်း သီချင်းတိုးတိုးဆိုနေသော ညီလင်းညိုသည် စိတ်မနှံ့သူနှင့်တူနေလေသည်။ အနီးကပ်ပြီး အသေအချာကြည့်လျှင် သူ့ပါးပြင်ပေါ်တွင် စိုနေသောမိုးရေများတွင် မျက်ရည်များလည်း ရောနေကြောင်း သိကောင်းသိနိုင်မည်ဖြစ်သည်။

*

'ဟင် ထွန်း မဟုတ်လား'

ခုတင်ပေါ်မှ လူနာကလေးငယ်လေးအားကြည့်ရင်း သက်သက် အံ့သြသွားသည်။ လေးငါးခြောက်လပိုင်းအတွင်းဝယ် ထွန်းသည် မသိမသာလေး ထွားလာသည်။ သို့သော် မမစော၏ မျက်လုံးလေးများနှင့်တူလှသော သူ့မျက်လုံး

ညိုညိုလေးများသည်ကား လုံးဝမပြောင်းလဲပေ။

'မမသက်'

ထွန်းသည် သူ့လက်ကလေးများအား လာ၍ဆုပ်ကိုင်သော သက်သက်ကိုမော်ကြည့်ရင်း တိုးတိုးလေးခေါ်သည်။

'ထွန်း ဘာဖြစ်တာလဲ ဖျားတာပဲလား'

'ခေါင်းမူးတယ်'

သက်သက်သည် ခုတင်ခြေရင်းမှ လူနာမှတ်တမ်းလေးကို ဖတ်ကြည့်လိုက်သည်။ အဖျားကြီးပြီး ဆေးရုံသို့ရောက်လာခြင်းဖြစ်သည်။ ဖျား စက ၁၀၅ အထိ ဖျားခဲ့သည်ဟုရေးထားသည်။ သွေးလွန်တုပ်ကွေး လက္ခဏာမတွေ့ရသဖြင့် တော်သေးသည်ဟုဆိုရမည်။ ရိုးရိုးအဖျားကြီးခြင်းက သွေးလွန်တုပ်ကွေးလောက်တော့ အန္တရာယ်မကြီးလှပေ။ ထွန်း၏ဘေးတွင် လူနာစောင့်ကို မတွေ့ရပေ။ အဖေတစ်လှည့်၊ အမေတစ်လှည့်စောင့်ကြပ်ယုယနေသူများကြားဝယ် သူသည် ညှိုးရော်ဖျော့တော့စွာ မျက်လုံးကို စုံမှိတ်ထားလေသည်။ သက်သက် နားလည်လိုက်သည်။ ထွန်းဟူသည့် ငါးနှစ်သားအရွယ်ကလေးငယ်သည် ကာယ ဝေဒနာထက် စိတ်ဝေဒနာကိုပို၍ ခံစားနေရချေပြီ။

'ထွန်းရဲ့နာနီ လိုက်မလာဘူးလား ဟင်'

'လာတော့လာတယ် ထွက်သွားတယ်'

သက်သက်သည် ကြေကွဲစိတ်ကလေးနှင့် ပင့်သက်ရှိုက်လိုက်မိသည်။ ဝမ်းနှင့်မလွယ်၊ သားမမယ်ပါချေ။ မိရင်း ဖရင်းနှင့်တူသောမေတ္တာကို မည်သည့်ကလေးထိန်းကမျှ ပေးနိုင်လိမ့်မည်မဟုတ်ပါချေ။

'ဖေဖေ မလာဘူးလား'

'လိုက်ပို့တယ်'

ပုန္နေးခြောက်သွေ့လျက်ရှိသောနှုတ်ခမ်းလေးသည် ဖြူရော်နေသည်။ သူ့လက်ဖျားလေးများကို ကြင်နာစွာဆုပ်နယ်လျက်ရှိသော သက်သက်ကို မော်ကြည့်နေသော မျက်ဝန်းညိုလေးများတွင် မျက်ရည်ကြည်များ ရစ်ဝဲနေသည်။

'ညက မိုးတွေရွာတယ် မမသက်'

ဟုတ်ပါသည်။ ဒီဇင်ဘာလတွင် မျက်စိလည်ကာရွာသော မိုးမို့ မိုးအေးဆောင်းအေး နှစ်မျိုးထွေးကာ အရိုးခိုက်အောင် ချမ်းလှသည်။

'လျှပ်စီးတွေလက်တော့ သစ်ပင်အောက်မှာ မေမေရပ်နေတယ်၊ ထွန်း

မိုးရွာထဲထွက်ရှာတယ် တွေ့လည်း မတွေ့ဘူး မမရယ်'

'အို ထွန်းရယ်၊ ထွန်း စိတ်က ထင်လို့ပါ၊ မေမေမဟုတ်ပါဘူး'

'ဒါပေမဲ့ ထွန်းတွေ့တယ်၊ မေမေ့ကိုပဲတွေ့နေတယ်၊ ထွန်းပြေးသွားရင် မေမေပျောက်သွားရော'

အရွယ်နှင့်မလိုက်သောစိတ်ဝေဒနာကိုခံစားနေရသော ထွန်း၏မျက်နှာလေးသည် ညှိုးငယ်ဖျော့တော့လှသည်။ သက်သက်ကို အားကိုးတကြီးကြည့်ကာ ရှိုက်ငင်နေသည်။

'မေမေ့ကိုခေါ်ပေးပါ မမသက်'

'ကလေးရယ်'

သက်သက်သည် မျက်တောင်တဖျပ်ဖျပ်ခတ်၍ မျက်ရည်ကိုထိန်းထားရသည်။ အထီးကျန်ကလေးငယ်၏စိတ်သည် မိခင်ကိုခွဲလမ်းမှုနှင့် ယောက်ယက်ခတ်လျက်ရှိချေပြီ။

'ဟေး သား နေကောင်းပြီလားကွ'

ဒေါက်တာကျော်မောင်သည် ထွန်းကိုပြုံးရွှင်စွာနှုတ်ဆက်သည်။ ဆရာဝန် ရောက်လာသဖြင့် သက်သက်သည် အသာနောက်ဆုတ်လိုက်သည်။

'သား မုန့်စားမလား၊ ဘောလုံးယူမလား'

'မေမေ့ကိုခေါ်ပေးပါ'

ဆရာဝန်က သူ့အိတ်ထဲမှမုန့်ကိုထုတ်ကာပေးသော်လည်း ထွန်းက လှမ်းမယူချေ။ ခေါင်းကိုခါယမ်းရင်း ရှိုက်နေသည်။

'သားသား မေမေက ဘယ်သွားလို့လဲ'

'ကြံတောကို'

'ဟာ'

'မေမေ အိပ်ပျော်နေတော့ ကြံတောကိုပို့ထားတယ်တဲ့၊ နာနီက ပြောတယ်၊ ဦးဦးသွားခေါ်ပေးပါလား'

'အေး၊ သွားခေါ်ပေးမယ်၊ သားသား မငိုနဲ့တော့နော်၊ အောင်မာ ငါ့သားက လူချောပါလားဟ၊ ကြည့်စမ်း မျက်တောင်ကြီးတွေကို ရှည်လို့ ကော့လို့၊ သားမှာ အစ်မ မရှိဘူးလားဟင်၊ ဦးဦးကိုပေးမလားကွ'

ဆရာဝန်သည် လိမ်မာပါးနပ်စွာ စကားလွှဲသည်။ သူ့အိတ်ကို ဖွင့်ကာ အထဲမှဘောလုံးလေးများ၊ အရုပ်လေးများကိုထုတ်ကာ လှမ်းပေးလေသည်။

ကလေးဆေးရုံတွင် တာဝန်ကျဆရာဝန်များနှင့် ကလေးအထူးကုဆရာဝန်များသည် ပြဒါးတိုင်၊ နားကြပ်၊ ဆေးထိုးအပ်တို့ထက် မုန့်လက်ညှိုး၊ ချိုချဉ်၊ ဘောလုံး၊ အရုပ်ကားလေးများကို ဦးစားပေးပြီး သယ်ယူလာလေ့ရှိသည်။ သက်သက်တို့ သူနာပြုလေးများကို သင်ပြသူဆရာကလည်း ကလေးငယ်များအား သားဟူ၍၊ သမီးဟူ၍ တရင်းတနှီးခေါ်ရန်ပြောခဲ့ သည်။

'မမရှိတယ်'

'လှလား'

'လှတယ်'

'ဘယ်မလဲကွ၊ ဦးဦးကိုပြပါဦး'

'မမက လာပါဘူး ဦးဦးရယ်'

သက်သက်၏ရင်ထဲတွင် ကျင်ခနဲဖြစ်သွားသည်။ ကလေးငယ်၏ ဝေဒနာကို တစ်ဝက်တစ်ပျက်ကလေး လှမ်း၍မြင်လိုက်သည်။ စိန်ပေါ၊ ရွှေပေါ၊ ငွေပေါသော သူ့ဘဝ အထီးကျန်လေးတွင် မေတ္တာကား ရှားပါးလှဟန်တူလေသည်။ သက်သက်သည် ထိုနေရာမှ တိတ်တိတ်ဆိတ်ဆိတ်လေး ထွက်လာမိသည်။

ထို့နောက် သူ၏ဦးနှောက်က တားနေသော်လည်း ကြင်နာတတ်သော နှလုံးသားက တိုက်တွန်းလှသောကြောင့် စုလှိုင်ဆီသို့ တယ်လီဖုန်းဆက်ပြီး ဆက်သွယ်မိခဲ့လေသည်။

'ဟင် သက်သက်လား၊ ဘာကိစ္စရှိလို့လဲဟင်'

'ထွန်း ဆေးရုံတက်နေရတယ်လေ၊ ကလေးဆေးရုံမှာ၊ အဲဒါသက်နဲ့ အခုပဲတွေ့တယ်၊ ယူမသိဘူးလား စုလှိုင်'

'အင်း သိပါတယ်'

'လာရော မလာဘူးလားဟင်'

သက်သက်က စိတ်အားထက်သန်စွာပြောသောအခါ တစ်ဖက်မှ စုလှိုင်၏အသံလေးသည် ငြိမ်ကျသွားသည်။ မျက်မှောင်လေး မသိမသာချီရင်း တွေတွေကလေးဖြစ်နေမည့် စုလှိုင်ကို သက်သက်မှန်းဆ၍ကြည့်မိသည်။

'လာဖို့ ကောင်းပါတယ်ကွယ်'

'စု မအားဘူး သက်သက်၊ ယူမသိဘူးလား၊ အခု တက္ကသိုလ်ရွှေရတုသဘင်ပွဲလေ၊ စုတို့ မုန့်ရောင်းရဦးမယ်'

သက်သက်သည် ပင့်သက်လေးရှိုက်လိုက်မိသည်။ သိပါသည်။ ရန်ကုန် တက္ကသိုလ်၏နှစ်ငါးဆယ်ပြည့် ရွှေရတုသဘင်အထိမ်းအမှတ်ကို ခြိမ့်ခြိမ့်သဲ ကျင်းပနေကြောင်း သိပါသည်။ အမာညို၊ ပေါက်ကျိုင်းနှင့် ညီ လင်းတို့သုံးဦးလုံး ပို့စကဒ်များကို အားတက်သရော ရောင်းနေသဖြင့် သက်သက်ခမျာ ငါးကျပ်ဖိုး ခန့် ဝယ်ခဲ့ရပြီးဖြစ်သည်။ ထို့ပြင် သက်သက်တို့နှင့် အများဆုံးနီးစပ်သော ဆေး တက္ကသိုလ်ကလည်း ကြာဆံဟင်းခါးရောင်းမည် ဆိုသဖြင့် ဟင်းခါးလက်မှတ် များကို တစ်စောင်တစ်ကျပ်နှင့်ကြိုတင်ဝယ်ခဲ့ ရသေးလေသည်။ မည်သို့ပင်ဆိုစေ တက္ကသိုလ်ပွဲမည်မျှစည်ကားနေပါစေ၊ သက်သက်အတွက်မူ ရွှေရတုသဘင်ပွဲ ထက် စိတ်ပျက်အားငယ်နေသော ကလေးငယ်က ပို၍အရေးကြီးလေသည်။

'ပွဲက ညနေပိုင်းမှ လူစည်တာပဲ စုလှိုင်ရယ်၊ ကလေးက သိပ်အားငယ် နေလို့ပါ၊ ခဏလောက် မလာနိုင်ဘူးလား'

'သူ့နာမီ ပါတာပဲ၊ ဘာအားငယ်စရာလိုလဲ'

'မတူပါဘူး စုလှိုင်ရယ်'

'ကိုယ်က လာကြည့်တော့ရော ဘာလုပ်တတ်တာလိုက်လို့၊ ညကြီး မိုးချုပ် မိုးရွာထဲထွက်လို့ ဖျားတဲ့သူကို စုက ဘာလုပ်ပေးရမှာလဲ'

စုလှိုင်၏အသံက မာဆတ်ဆတ်လေးဖြစ်နေသည်။ သက်သက် ဒေါ ကလေးထလာပြီး တယ်လီဖုန်းခွက်ကို ချလိုက်တော့မည်ဟု စိတ်ကူးမိသေး သည်။ သို့သော် ထွန်း၏မျက်နှာ ညှိုးညှိုးလေးကိုမြင်ယောင်လာသဖြင့် လေပျော့ ကလေးနှင့် ထပ်၍ပြောခြင်းဖြစ်သည်။

'စုလှိုင်လာတယ်ဆိုရင် သူ အားတက်သွားမှာပေါ့ကွယ်'

'အိုကွယ် စုက သူ့ကို ဘာဆေးပေးနိုင်တာလိုက်လို့'

'ဆေးထက်စွမ်းတာပေးနိုင်တယ် မဟုတ်လား'

'ဘာလဲ'

'မေတ္တာလေ'

ကတုန်ကယင်လေး ပင့်သက်ရှိုက်လိုက်သောအသံကို သက်သက် ကြားလိုက်ရသည်။ ထို့နောက် သရော်သံလား၊ ငိုရှိုက်သံလား မကွဲပြားသော အသံလေးနှင့်ရယ်လိုက်သံကို ဆက်၍ကြားရသည်။

'သူ့ကိုပေးစရာ မေတ္တာဆိုတာ စုမှာမှမရှိတာ'

စုလှိုင်က တယ်လီဖုန်းခွက်ကို အလျင်ဦးအောင် ချသွားခဲ့သည်။ သက်

သက်သည် အတန်ကြာအောင် ငိုင်နေမိသည်။ မကျေနပ်စိတ်လေးများ တဖွားဖွား ထလာပြီး ကိုကို့အား သတိရလာသည်။ "ကိုကို့ရဲ့စုလိုင်က နည်းနည်းမှ စိတ်ကောင်းမရှိဘူး" ကုလားမနိုင် ရခိုင်မဲ့ပြီး စကားနာထိုးချင်စိတ်ပေါက်လာသည်။ ထိုသို့ပြောလျှင်လည်း ကိုကိုက "ကိုကို့ရဲ စုလိုင်မဟုတ်ပါဘူး သက်ရယ်၊ သက် သူငယ်ချင်း စုလိုင်ပါ" ဟု လှီးလွှဲပြီးပြောမည်ကို ကြိုတင်ကြားယောင်နေသည်။

'ဟေ့ မိသက်ကြီး ဂျူတီပြီးရင် ဓာတ်ပုံပြပွဲသွားကြည့်ရအောင်လေ'

'ဘယ်မှာလဲ'

'လိပ်ခုံးမှာ'

ဦးစိတ်တိုသည် သက်သက်၏ ဘေးမှလျှောက်၍ လိုက်လာသည်။ အင်္ကျီဖြူပေါ်တွင် ဆွယ်တာနီနီလေးထပ်ဝတ်ထားသဖြင့် တစ်ကိုယ်လုံးနီကာ အနီရောင်မလေးဖြစ်နေသည်။ ဘေးဘက်မှဖြတ်သွားသောဆေးကျောင်းသားတစ်ဦးက "ဟာ စာတိုက်ပုံးက ဒီရောက်နေတာကိုး" ဟု ရယ်မောနောက်ပြောင်သွားသည်။

'ချမ်းလိုက်တာဟယ် လွန်ရော၊ ဆောင်းတွင်းကြီးကို ဘာလို့မိုးရွာနေတယ်မသိဘူး၊ အေးစိမ့်နေတာပဲ'

ဒီဇင်ဘာလကြီးတွင် မိုးရွာသဖြင့် စိမ့်စိမ့်အေးနေသည်။ စိတ်အိုက်နေသော သက်သက်ကမူ အအေးဒဏ်ကို သတိမထားမိချေ။ ပူသလိုလို အိုက်သလိုလိုပင်ဖြစ်နေလေသည်။

'ဘင်္ဂလားအော်မှာ မုန်တိုင်းရှိလို့တဲ့'

'ဘာပဲဖြစ်ဖြစ်ဟယ်၊ မိုးရွာရွာနေပူပူပေါ့၊ ဓာတ်ပုံပြပွဲတော့ သွားကြည့်ရအောင်'

'ဘာတွေများပါလို့လဲ'

'ရှေးခေတ် တက္ကသိုလ်အကြောင်းသိရတာပေါ့ဟယ်၊ တက္ကသိုလ်နှစ်ငါးဆယ်နဲ့ကြုံလို့ ကြည့်ရတာဟဲ့ မိသက်ရဲ့၊ နှစ်တစ်ရာဆိုရင် ဒို့ကြုံနိုင်မှာ မဟုတ်တော့ဘူးထင်တယ်'

'ဘာလို့လဲ'

'ဟယ်၊ နောင် နှစ်ငါးဆယ်ဆို ဒို့အိုလှပေါ့၊ သေချင်ရင်တောင် သေလောက်နေပြီ'

သက်သက်သည် ဦးစိတ်တို့နှင့်သာ အလိုက်သင့်စကားပြောနေရသော်လည်း စိတ်မဝင်စားလှပေ။ ရင်ထဲတွင် ကိန်းအောင်းနေသော မကျေမချမ်းစိတ်ကလေးကလည်း ပျောက်မသွားချေ။ “ငါ့နှယ် မနေနိုင်မထိုင်နိုင် မလာချင်မှန်းသိလျက်နဲ့ အလကားသွားပြောမိတယ်၊ မိုက်လိုက်တာ” ဟု တွေးရင်း ကိုယ့်ကိုယ်ကို မကျေမနပ်လေးဖြစ်နေလေသည်။

သို့သော် ဆေးရုံပေါ်တက်လာသော စုလှိုင်နှင့်ပက်ပင်းတွေ့ရသော အခါ သက်သက်၏ရင်ထဲမှ မကျေနပ်စိတ်များ ချက်ချင်းလွင့်ပါးသွားကြသည်။ မပြုံးမရယ် တည်တည်လေးကြည့်နေသောစုလှိုင်၏လက်ကို ပြေး၍ဆုပ်ကိုင်ကာ ဝမ်းသာအားရလှုပ်ယမ်းမိသည်။ “ကိုကိုရဲ့၊ သက်သူငယ်ချင်းစုလှိုင်က စိတ် ထားကောင်းတယ် သိရဲ့လား၊ ထွန်းကိုလာကြည့်တယ်၊ သက်ပြောတဲ့ စကားကို နားထောင်တယ်” ဟု စိတ်ထဲမှနေပြီး အော်ဟစ်ပြောနေသည်။

ခေတ္တထွက်သွားသော နာနီသည် ထွန်းအနားသို့ပြန်ရောက်မလာသေးပေ၊ ဘေးဘက်တွင်တန်းလေးများကာရံထားသော ခုတင်လေးပေါ်တွင် ထွန်းသည် မျက်လုံးလေးစုံမှိတ်ကာ မှိန်းနေလေသည်။

‘စုမှာ နောက်ထပ် မောင် ထပ်ရတော့မှာမဟုတ်တော့ဘူး သိလား သက်သက်၊ သူက စုရဲ့တစ်ဦးတည်းသော မောင်ပဲဖြစ်နေပြီ’

စုလှိုင်က ထွန်းကိုငေးကြည့်ရင်း အိပ်မက်မက်နေသူလို တိုးတိုးလေး ပြောသည်။ သက်သက်ကို ဦးတည်ပြောနေဟန်ရှိသည်။ သို့သော်လည်း စင်စစ် မည်သူ့ကိုမျှပြောခြင်းမဟုတ်ဘဲ တစ်ဦးတည်း ညည်းညူနေခြင်းဖြစ်ကြောင်း သက်သက်နားလည်လိုက်သည်။

‘ဘာဖြစ်လို့လဲ’

‘မာမီရော ဒက်ဒီရော နှစ်ယောက်လုံး ကလေးမရအောင်တားလိုက်ကြတယ်တဲ့လေ၊ ဟင်း ဟင်း နှစ်ယောက်လုံးပေါ့’

စုလှိုင်သည် မပွင့်တပွင့်လေးရယ်နေသည်။ နှုတ်ခမ်းဖျားလေးသည် သရော်သလိုတွန့်နေပြီး မျက်လုံးအစုံကမူ မှုန်မှိုင်းရီဝေနေလေသည်။

စုလှိုင်၏ရယ်သံလေးကိုကြားသောအခါ ထွန်း၏မျက်လုံးလေးများသည် ဖျတ်ခနဲပွင့်လာသည်။ သူ့ခုတင်ဘေးတွင်ရပ်နေသောစုလှိုင်အား မယုံသလို ငေးကြည့်ရင်း ဖြူရော်သောမျက်နှာလေးတွင် သွေးရောင်ရိပ်ရိပ်လေး လျှမ်းတက်လာသည်။

အသက်ဆယ့်ခြောက်နှစ်ခန့်ကွာသော မကြီးနှင့်မောင်ငယ်ထွေးတို့သည် တစ်ဦးကိုတစ်ဦးငေးကြည့်ရင်း မျက်ရည်ရစ်ဝဲနေကြစဉ် သက်သက်သည်ထိုနေရာမှ တိတ်တိတ်ကလေးပြန်ထွက်လာခဲ့လေသည်။

၁၊ ၁၂၊ ၇၀

'ထွန်း' ဆေးရုံတက်ရတာကို စုလှိုင်လာကြည့်တယ်၊ စုလှိုင်မှာ အကြင်နာတရားရှိပါတယ်၊ မေတ္တာတရားရှိပါတယ်၊ ထွန်းကိုငုံ့ကြည့်ရင်း မျက်ရည်လေးဝဲနေတဲ့ပုံဟာ ငါ့မျက်စိမှာစွဲနေတယ်၊ ငါသာ ပန်းချီဆွဲတတ်ရင်လေ အဲဒီပုံကိုဆွဲမယ်၊ နောက်ပြီး 'မေတ္တာရိပ်' လို့ နာမည်ပေးမယ်။

*

တက္ကသိုလ် ရွှေရတုသဘင်ပွဲတွင် အမာညိုတို့ ဗိသုကာဌာနက ပလပ်စတစ်ပစ္စည်းများ ရောင်းလေသည်။ ပလပ်စတစ်ပေတံ၊ ဆပ်ပြာခွက်၊ ရေခွက်လေးများမှအစပြု၍ အင်္ကျီချိတ်၊ ရေဇလုံ၊ ရေပုံးများအထိ ပလပ်စတစ်ပစ္စည်းစုံတင်၍ရောင်းသည်။

ဘင်္ဂလားအော် မုန်တိုင်းကြောင့် သဝေထိုးပြီးရောက်လာသော မိုးသည် ပွဲတော်ကိုအတော်ကလေး ကသိကအောက်ဖြစ်စေသည်။ သို့သော် အမာညိုတို့ကိုကား မိုးကအကျိုးပေးလေသည်။ ဆောင်းစရာ ထီးမပါသော လူငယ်များသည် ပလပ်စတစ်ရေပုံးအသေးစားလေးများကို ဝယ်၍ဆောင်းကြသည်။ အနီ၊ အဝါ၊ အပြာ၊ အစိမ်း၊ အရောင်စုံလှသော ရေပုံးလေးများသည် မိုးရေခံ ဦးထုပ်အဖြစ် ဘဝပြောင်းသွားပြီး လက်မလည်အောင်ရောင်းရလေသည်။

'မိမာညို ငါတို့ဝယ်ထားတဲ့ မုန့်တီလက်မှတ်တွေ အလကားဖြစ်တော့မယ်၊ ရေခဲမုန့်လက်မှတ်ရော နောက်ပြီး ရဟတ်စီးဖို့လက်မှတ်လည်း လေးစောင်တောင်ရှိသေးတယ်'

'ဒီလောက်လူတွေကျပ်နေတာ ဆိုင်ပြင်ထွက်ချင်သေးလို့လား မိမိလေး ရာ'

'လူကတော့ တစ်ချိန်လုံးကျပ်မှာပဲ'

အဓိပတိလမ်း တစ်လျှောက်လုံး ကြိတ်ကြိတ်တိုးနေသော လူအုပ်ကို

ကြည့်ပြီး ဆိုင်ပြင်ထွက်ရမည်ကိုကြောက်သည်။ လမ်းဘေးတောက်လျှောက် ဆိုင်များဆက်နေသည်။ တက္ကသိုလ်ကျောင်းသားကျောင်းသူဘဝမှနေပြီး နေ့ချင်း ညချင်း စျေးသည်ဖြစ်ကုန်ကြသော စျေးသည်များကလည်း တကြော်ကြော် နှင့် စျေးခေါ်ကောင်းလှသည်။ အဓိပတိလမ်း ဟိုဘက်ထိပ်မှ ဒီဘက်ထိပ် ရောက် အောင် သွားရလျှင် တစ်နာရီခွဲ နှစ်နာရီခန့်ကြာမည်ထင်သည်။ ကြက်ပျံ မကျ စည်ကားသည်ဟူသောစကားကို အမာညိုသည် ယခုမှလက်တွေ့သိရလေသည်။

'ပဲကြီးလှော် ပဲကြီးလှော် တိုင်းလုံးကျော်တဲ့ ပဲကြီးလှော်၊ နည်းနည်း ကလေး ဝါးရင် ကျဲကျဲကလေး အားမပါပေမယ့်၊ တော်တော်ကလေးစားရင် မော်တော်ကလေးသွားသလို၊ တဖွတ်ဖွတ်နဲ့၊ ပေါင်ကြားမှာစက်တပ်လို့ လိုရာ ခရီးကို မြန်မြန်နီးနိုင်တဲ့ ပဲကြီးလှော်'

ကျောင်းသားတစ်ဦးက ပဲကြီးလှော်ထုပ်ကလေးကိုမြှောက်ကာ မြှောက်ကာပြရင်း သံနေသံထားနှင့်အော်နေသည်။

'ပလပ်စတစ် ပလပ်စတစ် တအားဟစ်လို့ ရောင်းလိုက်မယ် ပလပ် စတစ်'

ပေါက်ကျိုင်းသည် ရေပုံးအဝါတစ်လုံးကိုဆောင်းထားပြီး သူ့လက်ထဲ တွင်လည်း ပလပ်စတစ်ပစ္စည်းစုံကိုဆွဲကိုင်ကာ အသံကုန်အော်နေလေသည်။ သူတကာလိုလည်း ကာရန်နဘေနှင့် မအော်တတ်မဟာစ်တတ်သဖြင့် ကျယ် လောင်သောအသံတစ်ခုတည်းကိုသာ အားကိုးအားထားပြုနေရရှာလေသည်။

အမာညိုသည် ဆိုင်နောက်ဘက်ရှိ ခပ်ကြမ်းကြမ်းရိုက်ထားသော ဝါး ကွပ်ပျစ်လေးပေါ်တွင်ထိုင်နေသည်။ အားရပါးရအော်ဟာစ်ရောင်းချနေသော ပေါက်ကျိုင်းကိုကြည့်ကာ ရယ်ချင်နေသည်။ ပေါက်ကျိုင်းတစ်ယောက်တည်း သာ ရှာန်ဝင်ပြီးအော်ဟစ်နေသည်မဟုတ်ချေ။ သူ့ဘေးတွင် ကျောင်းသား လေး ငါးယောက်ကလည်း ပစ္စည်းမျိုးစုံကို မြှောက်ကိုင်ရင်း တစ်ယောက်တစ်ပေါက် အော်ဟစ်ပြီး စျေးခေါ်နေကြသည်။ ဆိုင်တွင်းမှဖွင့်ထားသော သီချင်းသံနှင့်သူတို့ အသံသည် ဗလုံးဗထွေးရောကာဆူညံနေသော်လည်း အားလုံးပျော်နေကြလေ သည်။

'စုလှိုင်၊ မဝယ်တော့ဘူးလား'

လူအုပ်တွင်းမှ စုလှိုင်ကို မိမိလေးက အော်ခေါ်သည်။ စုလှိုင်သည် အရပ်မြင့်မြင့် ယောကျာ်းပျိုတစ်ဦး၏လက်မောင်းကိုဆွဲကိုင်ကာ လူကြားထဲမှ

ခဲခဲယဉ်းယဉ်းတိုးရင်း သူတို့နားရောက်လာသည်။ ပျော်ရွှင်တက်ကြွနေသော သူတို့တစ်တွေကိုကြည့်ကာ ပြုံးရယ်လိုက်သော်လည်း ငြီးငွေ့နေသော ဟန်က ပေါ်လွင်နေလေသည်။

'လူတွေကျပ်လိုက်တာ၊ ဘာများ ဒီလောက်တိုးဝှေ့ပြီး ပျော်နေကြတယ် မသိဘူး'

စုလှိုင်၏ညည်းသံကို မည်သူမျှအရေးမထားမိကြချေ။ သူ့လက်တွင်းသို့ ဆပ်ပြာခွက်၊ ပေတံ၊ ရေခွက်များ အတင်းကောက်ထည့်ပြီး သူပေးသော တစ်ဆယ်တန်ကိုပြန်၍မအမ်းဘဲယူထားလိုက်ကြလေသည်။ ခါတိုင်းအချိန်ဆိုလျှင် စုလှိုင်ကို ဒီမျှတရင်းတနှီးမဆက်ဆံရဲကြသော်လည်း အားလုံးပျော်ရွှင်နေချိန်မို့ ဖွတ်အတင်းအနိုင်ကျင့်မိကြခြင်းဖြစ်သည်။ အမာညိုသည် စုလှိုင်စိတ်များဆိုးသွားမလားဟုစိုးရိမ်မိသော်လည်း စိတ်ဆိုးဟန်မရှိချေ။ သူ့ပိုက်ဆံအကြွေပြန်မအမ်းသည်ကိုပင် သတိထားမိပုံမရချေ။ ယောက်ျားလေးအများစုကမူ စုလှိုင်၏ဘေးမှကိုလူချောကိုဝိုင်း၍ အကဲခတ်ကြသည်။ မနာလိုသောမျက်လုံးများနှင့်ကြည့်မိကြလေသည်။

'ဘာမှ မဝယ်တော့ဘူးလား ဟင်'

မိမိလေးက မေးသောအခါ သူသည် ပြုံးရယ်လိုက်သည်။ ထို့နောက် တစ်ကျပ်တန်ဆပ်ပြာခွက်လေးကိုကောက်ယူကာ ငွေအစိတ်ထုတ်ပေးလေသည်။

'ပြန်မအမ်းပါနဲ့ဗျာ၊ အလှူငွေပဲထားလိုက်ပါ'

'ကိုအောင်က ရက်ရောလှချည်လား'

မိမိလေးက ငွေအစိတ်ကိုမြှောက်ပြကာ ဝမ်းသာအားရအော်လိုက်စဉ် စုလှိုင်က တိုးတိုးလေးပြောသည်။ ထိုစဉ် သူသည် စုလှိုင်၏လက်ကိုဆွဲကာ လူကြားထဲသို့ပြန်တိုးသွားသည်။

'သာဓု၊ သာဓု၊ ဤသို့ပြုရ ကုသလကြောင့် များလှထိုထို ယောက်ျားပျိုတို့အထဲမှ ကံထူးသူ အသင်သတို့သားသည် အနားတွင်ရှိ၊ နတ်မယ်တမိအား၊ လက်ဝယ်ပိုင်ပိုင်၊ အနိုင်ရနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ရပါကြောင်း ဟောင်းဟောင်း ဒူဝေဝေဝေ'

ကျောင်းသားတစ်ဦးက အသံပြဲ အသံကွဲကြီးနှင့် ထအော်လေသည်။ သူတို့နှစ်ဦးကို ရှက်သွေး ဖြန်းသွားအောင်ပြုလုပ်ခြင်းဖြစ်သော်လည်း သူတို့က

အရေးမစိုက်လှချေ။

အမာညိုသည် လူအုပ်ကြားထဲတိုးဝင်ပျောက်ကွယ်သွားသော စုလှိုင်ကို ငေးကြည့်နေမိရင်းမှ ကိုကို့အား သတိရနေသည်။ စုလှိုင်၏ဘေးမှယောကျ်ား ပျိုကိုတွေ့လျှင် ကိုကိုသည် မလိုတမာစိတ်များဖြစ်ပေါ်လာဦးမည်လားဟု စဉ်းစားနေမိသည်။ ကိုကို့ဆီမှစာတစ်စောင်ထဲတွင်မူ "စုလှိုင်ကိုသနားတယ်" ဟု ပါဖူးလေသည်။ "သူ့ရဲ့စိတ်ကို သူအမြဲညှဉ်းဆဲနေတယ်၊ သူဟာ သံသယအကျဉ်း ထောင်ထဲက လူသားတစ်ယောက်" ဟု ဆက်၍ ရေးခဲ့သေးသည်။ တစ်ခါတစ်ရံ တော့ အမာညိုတွေးတော၍ ဒေါသဖြစ်မိသည်။ သူတို့မောင်နှမ သုံးယောက်လုံး သာမက သက်သက်ကပါ စုလှိုင်၏အကြောင်းကို မကြာခဏ တွေးတောမိ၊ စဉ်းစားမိ၊ ပြောမိကြသော်လည်း စုလှိုင်ကမူ သူတို့ကို ဖုတ်လေသည့်ငါးပိ ရှိသည်ဟုပင်ထင်မှတ်ပုံမရသောကြောင့်ဖြစ်သည်။ ရှင်းရှင်းပြောရလျှင် အမာညို သည် စုလှိုင်ကို ခါးခါးသီးသီးမမုန်းသော်လည်း စိတ်ထဲတွင်တော့ အတော်လေး အချဉ်ပေါက်သည်။ သူ့အစ်ကိုနှင့်သူ့မောင်က စိတ်ဝင်စားလှသောကြောင့်လည်း ပိုပြီးမကျေမနပ် ဖြစ်ရလေသည်။

'ကဲ မိမာညို၊ နင် ရဟတ်သွားမစီးတော့ဘူးလား၊ လက်မှတ်တွေ အဆုံး ခံမှာလား'

'အင်း ဆုံးချင်ဆုံးပါစေတော့၊ ငါမသွားချင်ဘူး မိမိလေးရာ၊ ဒီလောက် လူတွေကျပ်နေတာ၊ တော်ကြာ ငါ့ဗိုက်ကိုလူတိုးမိမှာစိုးတယ်'

အမာညိုက တိုးတိုးလေးပြောသောအခါ မိမိလေးသည်မျက်လုံးပြူး သွားသည်။ အမာညို၏ဝမ်းဗိုက်ကို နားမလည်သလိုငုံ့ကြည့်လေသည်။

'ငါ နောက်ထပ်နှစ်လရှိနေပြီ မိလေးရဲ့၊ ဒီတစ်ခါ တစ်ခုခုဖြစ်ရင် ငါ့ကို အကုန်ဝိုင်းဆဲမှာ၊ ငါလေ ဗိုင်းကောင်းကျောက်ဖို့၊ ပိပိပြားပြားလေးပဲ နေတော့ မယ်လို့'

'အောင်မာ ခွေးမ'

မျက်နှာငယ်လေးနှင့်ပြောသော အမာညိုအားကြည့်ရင်း မိမိလေးက ဟားကနဲရယ်လိုက်မိသည်။

'ဒီလိုဆို နင် ဟိုအင်္ကျီလေးဝတ်ရတော့မှာပေါ့လေ၊ ဟိ ဟိ ရယ်စရာ ကြီး'

'ဒါ ရယ်စရာလား'

အမာညို၏မျက်နှာလေးသည် ရဲခနဲဖြစ်သွားသော်လည်း မရှက်ချင်ဟန်ဆောင်၍ ခပ်တည်တည်လုပ်နေသည်။ "ဟ တစ်ယောက်ပြီးတစ် ယောက် မြန်လှချည်လားဟ မိမာညို"ဟု ပြောင်စပ်စပ်နှင့်ဆက်၍ပြောလာမည်ကို ကြောက်သောကြောင့် မျက်နှာထားကို ဇွတ်ကြီးတင်းထားလေသည်။

'နင့်ဗိုက်ကို ဘယ်သူက ဘာလုပ်မှာမို့လဲဟယ်၊ လက်မှတ်တွေနှမြောစရာ'

'ငါက ငါ့ဗိုက်ကိုအထိတောင်မခံနိုင်ဘူး မိလေးရဲ့'

'ဒီလိုဆို နင် ပေါက်ကျိုင်းနဲ့အတူတူမအိပ်နဲ့ပေါ့'

'ဘာလို့လဲ'

'သူကတော့ နင့်ကိုမထိဘဲ နေမှာမို့လား'

'ကဲဟာ ခွေးမ၊ ညစ်စုတ်ဦး'

အမာညိုသည် မိမိလေး၏လက်မောင်းကို တအားလိမ်ဆွဲလိုက်သည်။ လိမ်ဆွဲရုံနှင့်အားမရ၍တစ်ခါ ကျောကိုထုပြန်သည်။ မိမိလေးခမျာ ခြေကားရားလက်ကားရားနှင့် အမလေး ဘလေး တသွားလေသည်။

'ငါက ရိုးရိုးပြောတာ၊ အတူတူယှဉ်အိပ်နေတာ ကန်မိကျောက်မိ ထိမိတာပေါ့၊ အဲဒါကို ဘာလို့နင်ကငါ့ကိုထုရတာလဲ၊ နင့်ဟာနင် အဓိပ္ပာယ်တွေ လျှောက်တွေးနေတာကိုး'

နဂိုက အသားညိုသူဖြစ်သော်လည်း မိမိလေး၏လက်မောင်းသည် နီရဲသွားသည်။ သူ့လက်မောင်းကိုသူ စုတ်တသပ်သပ်နှင့်ပွတ်သပ်ရင်း မကျေမနပ်ဖြစ်နေသည်။ အမာညိုသည် မိမိလေးကို အားနာ သနားသွားသော်လည်း ပြန်မချော့ချင်သည့်အတွက် မသိချင်ဟန်ဆောင်နေလိုက်သည်။

ထိုစဉ် သက်သက်တို့ရောက်လာကြသည်။ ဆိုင်ရှေ့တွင်မရပ်ဘဲ ဆိုင်ဘေးမှကွေ့ကာ အမာညိုထိုင်နေရာသို့ ကျော်ခွပြီးရောက်လာလေသည်။ သက်သက်၏ဘေးတွင် ဦးစိတ်တို၊ နန်းမိုးအေးနှင့် အမာညိုနှင့်ကောင်းစွာ မရင်းနှီးသေးသောမိန်းကလေး နှစ်ဦးလည်းပါလေသည်။

'သူနာပြုတပ်ဖွဲ့ လာပါပြီဗျို့'

ပေါက်ကျိုင်းက အော်ပြောသည်။ မိမိလေးကို ပြန်မချော့ချင်ဘဲ စိတ်အိုက်နေသော အမာညိုသည် အတော်ဝမ်းသာသွားသည်။

'ဒီမှာကြည့်ပါဦး သက်သက်ရယ်၊ ဒို့လက်မောင်းမှာနီရဲပြီး အတွင်း

ကြေကြေသွားပြီ၊ ဒီမိန်းမလက်ချက်၊ အဲဒီမျောက်လောင်းမလက်ချက်'

မိမိလေးက သူ့လက်မောင်းကိုထိုးပြပြီး ဆီးတိုင်နေလေသည်။ သက်သက်က သူ့ပိုက်ဆံအိတ်ထဲတွင် ထာဝစဉ်ထည့်ထားလေ့ရှိသော ပရုတ်ဆီဘူးလေးကိုထုတ်ပြီး လိမ်းပေးသောအခါမှပင် ငြိမ်တော့သည်။

'အမာညို ဒီနားမှာ အိမ်သာမရှိဘူးလား'

'ဟင့်အင်း ရှိဘူးဟ၊ အိမ်သာက ကျောင်းဆောင်တွေထဲမှာ အဝေးကြီး'

'ခက်တာပဲ ငါတို့တွေ စားသောက်တာတွေများတော့ ဆီးသွားချင်နေပြီ၊ ခုနတုန်းကညီလင်းကို ရေခဲမုန့်ဆိုင်မှာတွေ့လို့ မေးကြည့်သေးတယ်၊ သူက လမ်းဘေးထိုင်ပေါက်လိုက်ပေါ့တဲ့'

'အဲဒါမှ ဒုက္ခ'

'အေး၊ ဒုက္ခပဲ၊ အဆောင်ထိပြန်ရောက်အောင်ခံဖို့မလွယ်ဘူး၊ ခါတိုင်းနင်တို့ဘယ်လိုသွားလဲ'

'မနေ့တုန်းကတော့ ဒီနောက်ကဆရာအိမ်မှာခွင့်တောင်းပြီး ဝင်သွားကြတယ်၊ ဒါပေမဲ့ တစ်ယောက်ပြီးတစ်ယောက်ဆိုတော့ များလာတော့ အားနာစရာကောင်းလာတယ်၊ ဒီနေ့တော့ ငါတို့လိုဒုက္ခသည်တွေကို ခဏ ခဏ တံခါးဖွင့်ပေးပြီး ရှုရှုတယ်နေရတာစိတ်ညစ်လို့ထင်တယ်၊ တွေ့လား၊ တံခါးပိတ်ပြီး မီးမှိတ်ထားပြီ'

သက်သက်၏မျက်နှာလေးသည် ရှုံ့သွားသည်။ သူ့ဘေးမှ ဦးစိတ်တို၏မျက်နှာလေးသည်လည်း မဲ့သွားသည်။ အမာညိုက သူတို့ကိုကြည့်ကာ ဟက်ခနဲရယ်လေသည်။

'မိသက် နင် ကိုကို့ကို သတိရမနေဘူးလား'

'ဘာဆိုင်လို့လဲ'

'ငါတွေးမိလို့ပါ၊ ရှုရှုတွေ၊ အီးအီးတွေက ထွက်ချင်ပြီဆို အောင့်မရသလိုပဲ ချစ်တဲ့စိတ်ဆိုတာလည်း ချစ်ချင်ပြီဆိုရင် အောင့်မရဘူးတဲ့၊ နင်လည်း အခုလိုပဲ မအောင့်နိုင်လို့ ကိုကို့ကိုချစ်ခဲ့တာမဟုတ်လား'

'ဘာဆိုင်လို့လဲ မိညိုရယ် ပေါက်တတ်ကရ'

သူတို့မိန်းကလေးတစ်သိုက် တကျိတ်ကျိတ်ဖြစ်နေကြစဉ် ပေါက်ကျိုင်းသည် သူတို့ဘေးသို့ရောက်လာသည်။ တံခါးပိတ်မီးမှိတ်ထားသော အိမ်ကို

ဖွင့်ခိုင်းရန်လည်း အားနာ၊ အန္တရာယ်မို့လည်း လွယ်မထားနိုင်သောကြောင့် ခြံထဲဝင်ပြီး မှောင်ရိပ်ခိုရန် အားလုံးသဘောတူပင် ဆုံးဖြတ်ကြသည်။ မိန်းကလေး တစ်သိုက်ကြားထဲတွင် ပေါက်ကျိုင်းသည် ကံဆိုးလှစွာ နှင့် ကန့်လန့်ကန့်လန့် ပါလာပြီး ခြံဝတွင် မယောင်မလည်ရပ်ရင်း အစောင့်လုပ်ရရှာလေသည်။

'ဟော့ ဖြည်းဖြည်းနင်း၊ တော်ကြာ ကြားသွားရင် အိမ်ရှင်တွေစိတ်ဆိုးမှာ ပေါ့'

မိန်းကလေး ခုနစ်ဦးသည် ခြံထဲသို့ ချွတ်နင်းဝင်ခဲ့ကြသည်။

'ဟော့၊ ဒီပန်းရုံလေးနားက မှောင်တယ်၊ လာကြ လာကြ'

သူတို့ခုနစ်ဦးသည် တစ်ဦးနှင့်တစ်ဦး ကျောပေးကာ ပန်းရုံလေးဘေးတွင် ဝိုင်းပတ်၍ထိုင်ကြရင်း တထိတ်ထိတ်နှင့်တရှဲရှဲလုပ်နေကြရသည်။ ဝုတ်ခနဲ ထိုး၍ ဟောင်လိုက်သောခွေးသံကိုကြားသောအခါတွင်ကား ကိစ္စပြီးသူရော မပြီး သေးသူပါ အူယားဖားယား ထပြေးကြရလေသည်။ မည်သို့ဆိုစေ တက္ကသိုလ် ဆရာကြီး၏အိမ်ရှေ့မျက်နှာစာတွင် အလှစိုက်ထားသော ပန်းရုံလေးကို သူတို့ ခုနစ်ဦးက ညကြီးမင်းကြီး ရေလောင်းပေးခဲ့ကြသည်။

'ပန်းပင်လေးကတော့ ထင်မှာပဲ၊ ဒီတစ်ခါ ရေတွေက ငန်ငြိငန်ငြိနဲ့ ဘယ်လိုပါလိမ့်လို့'

ဦးစိတ်တိုက ကြံကြံဖန်ဖန်ပြောရင်း မျက်လုံးလေးပိတ်သွားအောင် ရယ်နေလေသည်။ အန္တရာယ်မှလွတ်ကင်းသွားပြီဖြစ်၍ ယခုမှ တစ်ကိုယ်လုံး ပေါ့ပါးကာ အူမြူးလာဟန်ရှိသည်။ မိမိလေးကမူ စိုးရိမ်ထိတ်လန့်ဟန်နှင့် ခေါင်း ကုတ်နေလေသည်။ ထို့နောက်မှ သက်ပြင်းလေးချကာ ပြောသည်။

'ငါတော့ အဲဒီရေအိုင်က အနံ့ထွက်လာမှာပဲစိုးတယ်၊ မနက်ကျလို့ အနံ့တထောင်းထောင်းနဲ့ဆိုရင် ဒီအိမ်ကဆရာကြီးလည်း ဒေါသတချောင်းချောင်း ထွက်ပြီ မှတ်တော့'

ဗိုင်းကောင်းကျောက်ဖိ ပိပိပြားပြားလေးနေတော့မည်ဟု ခုနကပင် ပြောခဲ့သော အမာညိုကမူ ရယ်လေသည်။ ထို့နောက် သူ့ညဉ်အတိုင်း ပေါက် ကရပြောတော့သည်။

'အောင်မာနော်၊ ဒီလိုအိမ်မျိုးရှေ့မှာ ရှူရှူပေါက်ခွင့်ရတာ နည်းတဲ့ကုသိုလ် လား၊ ရွှေရတုသဘင်ပွဲကိုအမှီပြုလို့ ဒီအခွင့်အရေးရတာ၊ ဒိပြင်အချိန်ဆိုရင် ဝေး သေး၊ နောင်ဆိုရင် ဒီအိမ်မြင်တိုင်း ဟိ ဟိ တက္ကသိုလ်နှစ်တစ်ရာပြည့်မှပြောရ

မယ်၊ ဘွားဘွားတို့ ရှုရှုပြန်းခဲ့တာ ဒီအိမ်ကြီးပေါ့ ငါ့မြေးရဲ့လို့လေ'

*

၂၊ ၁၂၊ ၇၀

စုလှိုင်ကို ညက လူကြားထဲမှာတွေ့လိုက်တယ်၊ စိုင်းမင်းအောင် ဆိုတဲ့ လူရဲ့လက်မောင်းကို တွဲလို့ပေါ့၊ ငါကတော့ ပွဲခင်းထဲမှာ ဇာတ်စင်ပေါ်က အငြိမ့်မင်းသမီးက ဝဲလို့ပျံလို့ ကနေတယ်လေ၊ မင်းသမီးကိုမကြည့်မိဘဲ သူ့ကိုငေးကြည့်နေမိတယ်၊ အငြိမ့်ပွဲကို သူတို့ နှစ်ယောက် ခဏလေးရပ်ကြည့်ပြီး ပြန်ထွက်သွားကြတယ်၊ လူပြက်ကပြက်လုံးတွေထုတ်နေတော့ လူတွေက တဝေါဝေါရယ်နေတယ်၊ ငါက မရယ်မိဘဲ ငိုင်နေတော့ ကိုတင်ထွန်းမောင်က ငါ့ ကျောကိုရိုက်ပြီး မေးတယ်လေ၊ "ညီလင်းညို၊ မင်းဘာဖြစ်နေသလဲ"တဲ့၊ 'ငါမသိဘူး၊ ငါမဖြေတတ်ဘူး၊ ငါဘာဖြစ်နေတာလဲဟင်'

၄၊ ၁၂၊ ၇၀

ကျောင်းတွေပိတ်ပြန်ပြီ၊ ပွဲခင်းထဲမှာ အမှိုက်တွေကို ပွလို့ရှုပ်လို့၊ အဓိပတိလမ်းတစ်လျှောက်ကဆိုင်တန်းတွေလည်း ဖြုတ်ပြီးသိမ်းဆည်းနေကြတယ်၊ ငါတို့ဌာနဘက်က ဆိုင်လည်း ငါမသွားချင်ဘူး၊ တစ်ယောက်တည်းပဲ လမ်းလျှောက်လာတယ်၊ ကိုပေါက်ကျိုင်းနဲ့ မမကိုတောင် တွေ့သေးတယ်၊ ခုံတွေ ကုလားထိုင်တွေဖြုတ်ပြီး ကားပေါ်တင်နေကြတယ်လေ၊ "လုပ်အားပေးပါဦး"လို့ အော်နေကြတယ်၊ ငါက လက်ခါပြပြီး ဝေးဝေးကရှောင်ခဲ့တယ်၊ "ကျောင်းသူလေးတွေ ချောတယ်၊ လာကြည့်ပါဦး" တဲ့၊ ထပ်အော်နေကြသေးတယ်၊ ကွယ် စုလှိုင်လောက် ဘယ်သူလှမလဲ။

*

'စုလှိုင်က သိပ်လှတာပဲ'

စိုင်းမင်းအောင်ကပြောသောအခါ စုလှိုင်သည် မခန့်တရန့်လေးရယ်လိုက်မိသည်။ ဒီလိုအပြောမျိုးတွေ ကြားဖူးသည်မှာ များလှချေပြီ။ ငါးသိုင်းများတော့ ဟင်းဟုန်သည်ဟူသောဆိုစကားရှိသည်၊ ကြားရဖန်များလှချေတော့

လည်း ရှိနေချေပြီ။ ထူးခြားပြီး ရင်မခုန်လှတော့ပေ။

'တကယ်ပြောတာပါ'

သူကထပ်၍ပြောပြန်သည်။ ခါတိုင်း ဖားလျားချထားနေကျ ဆံပင်များကို အခွေအဝိုက်လေးများပြုကာ ထုံးဖွဲ့ထားသဖြင့် အမြင်ဆန်းကာ ကြည့်၍မရိုးနိုင်အောင် ဖြစ်နေသည်။ ပန်းရောင်တွင် ငွေချည်လေးများထိုးထားသော ဝတ်စုံကို ခပ်ရိုးရိုးပင်ဝတ်ထားသော်လည်း စုလှိုင်၏အလှသည် လူကြားထဲတွင် ထူးခြားပေါ်လွင်နေသည်။

'အဟုတ်ပြောတာ၊ သတို့သမီးထက် အများကြီးပိုလှတယ်'

'မလုပ်ပါနဲ့ ကိုအောင်ရယ်၊ တော်ကြာ နယ်လီချိုကြားသွားလို့ စိတ်ဆိုးနေပါ့မယ်'

ဆိုဖာကုလားထိုင်တွင် ယှဉ်တွဲထိုင်နေကြသော ဖရက်ဒီနှင့်နယ်လီတို့သည် ကြည့်၍ကောင်းသော အတွဲတစ်တွဲပင်ဖြစ်သည်။ သတို့သမီး၏ ခါးကမူ မဖုံးနိုင်မဖိနိုင်ဘဲ တုတ်သဖြင့် လူတွေက ကျိတ်၍ပြုံးကြသည်။

'ဟိုတစ်ပတ်က ဖရက်ဒီ တစ်သောင်းကျော်ကျော် ကျန်တယ်၊ ဒါတောင် သိပ်မများလို့'

'ဖမ်းမိသွားရင်တော့ဒုက္ခ၊ အန္တရာယ်တော့ များသားနော်'

'သိပ်မများပါဘူး'

သူတို့နှစ်ဦးထိုင်နေသောစားပွဲသည် အခန်းထောင့်တွင်ရှိ၍ လူရှင်းသည်။ စုလှိုင်သည် လိမ္မော်ရည်ကို တစိမ့်စိမ့်သောက်ရင်း ဖရက်ဒီကိုလှမ်းကြည့်နေမိသည်။ လူ့လောကတွင် ရှိရှိသမျှလူများသည် တစ်ရာလျှင် ကိုးဆယ်ခန့်က အိုးနှင့်အိမ်နှင့်သားမယားနှင့်အတည်တကျနေလိုတတ်ကြသည်။ ဖရက်ဒီသည် ထိုသို့သောလူစားမျိုးဖြစ်လေသည်။ ထိုသို့နေနိုင် အောင်လည်း သူ့နှလုံးသားတွင် မေတ္တာတရားရှိလေသည်။ "မေတ္တာခေါင်းပါးတဲ့ ငါ့လိုလူမျိုးတွေကတော့ အမြဲအထီးကျန်ဖြစ်နေမှာပဲထင်ပါရဲ့လေ' ဟု ဆက်၍တွေးနေမိသည်။ အောင်မြင်သာယာသောအိမ်ထောင်မျိုးကို ဖန်တီးနိုင်စွမ်းရှိလိမ့်မည်ဟု သူ့ကိုယ်သူ မထင်ပေ။

'စု'

စိုင်းမင်းအောင်က တိုးတိုးခေါ်သည်။ စုလှိုင်လှည့်ကြည့်လိုက်သော အခါ သူ့ကိုစူးစိုက်ကြည့်နေသောမျက်ဝန်းအစုံကိုတွေ့ရလေသည်။

'စု ကိုယ့်ကို ချစ်လား'

လူကြားထဲတွင် လေသံတိုးတိုးနှင့်မေးသော သူ့မျက်နှာသည် ထူးထူးခြားခြား တည်ကြည်နေသည်။ စုလှိုင်သည် သူ့ကို နားမလည်သလိုကြည့်ပြီး ရုတ်တရက်ရယ်ချလိုက်သည်။

'ဘာအရူးထတာလဲ'

'သိချင်လို့ပါ'

'စုတော့ မသိချင်ပါဘူး'

'ဘာဖြစ်လို့လဲ'

'သိချင်စိတ် မရှိလို့ပေါ့'

စုလှိုင်သည် ကိတ်မုန့်လေးတစ်ချပ်ကိုကောက်ယူ၍ စားနေလိုက်သည်။ တီးဝိုင်းက တီးမှုတ်နေသောသီချင်းသံသည် မြိုင်ဆိုင်လှသည်။ အင်္ကျီလည်ဟိုက်ဝတ်ထားသော အဆိုတော်မိန်းကလေးက ဆိုင်းချက်အလိုက် ကိုယ်ကို ယိမ်းကာ သီဆိုနေသည်။

နောက်ကျမှရောက်လာသော ဒက်ဒီနှင့်မာမီသည် အခန်းထဲသို့ ခပ်သွက်သွက်ဝင်လာကြလေသည်။ အခုလိုကြည့်ပြန်တော့လည်း သူတို့နှစ်ဦးသည် ထာဝစဉ်ရန်ဖြစ်နေတတ်သော အကြင်လင်မယားနှင့်မတူတော့ပေ။ ပြုံးရယ်ကြည်သာနေကြလေသည်။ ပရိသတ်ကမူ သူတို့ကိုကြည့်ရင်း နီးကပ်ရာ ခေါင်းချင်း ပို၍ကပ်သွားကြသည်။ မျက်စပစ်လိုက် နှုတ်ခမ်းမဲ့လိုက်နှင့် အတင်းကို တိုးတိုးပြောကြလေသည်။ အချို့သည် ဒက်ဒီ၏နံပါတ် ကလေးများကို ရေတွက်နေမည်ဖြစ်ပြီး အချို့သည်ကား ဂဏန်းသင်္ချာ စိတ်ဝင်စားသော မာမီ၏ဉာဉ်ကို ပြောနေကြမည်ဖြစ်လေသည်။

'စု စိုင်းမင်းဆွေကိုသိလား'

စိုင်းမင်းအောင်က မေးသောအခါ စုလှိုင်သည် အံ့ဩသွားသလို မျက်လုံးလေးစွေကြည့်ရင်း ခေါင်းကိုညိတ်ပြသည်။ စိတ်ထဲတွင် အမှတ်မထားတော့၍မေ့နေသော်လည်း အမည်ကိုပြန်လည်အစဖော်ပေးလျှင်တော့ သတိ ရတတ်ပါသေးသည်။

'ခင်သလား'

'ဘယ်သူက ခင်တာကိုမေးတာလဲ၊ စုက ခင်တာလား၊ သူက ခင်တာလား'

'သူ့စိတ်ကို ကိုယ်သိပါတယ်၊ စုက သူ့ကို ခင်သလားလို့မေးတာပါ'

'စုမှ မခင်တတ်ဘဲ'

စုလှိုင်သည် သူ့ရှေ့ရောက်လာသော ရေခဲမုန့်ခွက်ကလေးကို အနီးသို့ ဆွဲယူလိုက်သည်။ ခုတလော ထမင်းစားချင်စိတ် သိပ်မရှိလှပေ။ ယခင်က အချဉ် အနည်းအပါးကြိုက်သော်လည်း ယခုတော့ အချဉ်လည်းမစားချင်ပေ။ ချိုချို အေး အေး အရသာလေးများကိုသာ တပ်မက်တော့သည်။

'ဘာလို့မေးတာလဲကိုအောင်၊ စိုင်းနဲ့ကိုအောင်နဲ့သိလို့လား'

သတို့သား သတို့သမီးဆီသို့ သွားရောက်နှုတ်ဆက်နေသူများအား ကြည့်ရင်း စိုင်းမင်းအောင်သည် ပြုံးနေသည်။

'ညီအစ်ကိုအရင်းပဲ စုရယ်'

'ဟင်'

'အံ့သြသွားသလား စု'

'ဟင့်အင်း မအံ့သြပါဘူး'

စုလှိုင်သည် တအံ့တသြဖြစ်သွားသော်လည်း ခေါင်းကို ခါယမ်းပြ လိုက်သည်။ ညီအစ်ကိုအရင်းဟုပြောသောအခါမှ သူတို့နှစ်ဦး ရုပ်ချင်းတူသလို လို ထင်လာမိတော့သည်။

'စုကို မမြင်ဖူးခင်ကတည်းက ကိုယ်သိနေတာ၊ ညီလေးက ပြောပြထား လို့'

'ဟုတ်လား'

စုလှိုင်သည် ရေခဲမုန့်ကို ဣန္ဒြေရရစားနေသော်လည်း အတန်ငယ် စိတ်လှုပ်ရှားလာသည်။ သူ့တွင် ညီရှိကြောင်း တစ်ခါမျှစကားမဟခဲ့ဖူးချေ။ လေသံပင်မတိမ်းဘဲ လုံအောင်ဖုံးထားခဲ့သည်။ သူ့ညီကလည်း ကိုယ့်ကိုအရှုံး အမူးစွဲလမ်းပြီးနာကြည်းသွားခဲ့သူမို့ စုလှိုင်စိတ်မလုံချင်လှပေ။

'ညီလေးကို ကိုယ်သိပ်ချစ်တယ်၊ ကိုယ်တို့ဟာ ငယ်ငယ်ကတည်းက မိဘဆုံးသွားတာ၊ ညီလေးရဲ့အဖေကလည်း ကိုယ်ပဲ၊ အမေကလည်း ကိုယ်ပဲ၊ ကိုယ်က ဥပဒေနဲ့မလွတ်ကင်းတဲ့ အရောင်းအဝယ်တွေလုပ်နေပေမယ့် ကိုယ့် ညီကိုတော့ ကိုယ် ဖြူဖြူစင်စင်ပဲထားတယ်၊ ဒီကရတဲ့ငွေနဲ့ သူ့ကိုစားစရိတ်၊ ကျောင်းစရိတ် ထောက်နေရပေမယ့် ဒီကိစ္စတွေနဲ့ သူ လုံးဝမပတ်သက်ဘူးလေ'

ဆူညံရှုပ်ထွေးနေကြသော လူများကိုကြည့်ရင်း သူက အေးဆေးငြိမ်

သက်သောအသံနှင့်ပြောနေသည်။

'ညီအစ်ကိုတော်တာကို စောစောကဘာလို့မပြောတာလဲ'

'တမင်မပြောတာပါ'

'ဘာလို့လဲ'

'သြော် ကိုယ့်ညီလေးအသည်းကွဲရသလို စုကိုလည်း ပြန်ပြီးကွဲအောင်များ လုပ်နိုင်မလားလို့'

'ဟာ ဟ၊ ဘယ်သူက လုပ်မှာလဲ'

'ကိုယ်ကလေ'

စုလှိုင်သည် ခေါင်းကလေးကို နောက်သို့လှန်ကာ ဟက်ဟက် ပက်ပက် ရယ်လိုက်လေသည်။ သူ့ရယ်သံက ကျယ်လွန်း၍ အချို့လူများလှည့်ကြည့်ကြသည်။ "ကမ္ဘာပေါ်မှာ အကောင်းဆုံးပြက်လုံးကိုကြားလိုက်ရလို့ ဣန္ဒြေမဆောင်ဘဲ ရယ်မိတာပါရှင်' ဟူ၍ပြောလိုက်ရလျှင်ကောင်းမည်ဟု စဉ်းစားရင်း စုလှိုင်သည်ထပ်၍ရယ်မိပြန်သည်။ ရယ်မောနေသော စုလှိုင်ကို စိုင်းမင်းအောင်က ခပ်တွေတွေကြည့်ရင်း ပြုံးနေလေသည်။

'ရယ်စရာကောင်းသလား စုလှိုင်'

'ဒါပေ့ါ၊ ဒါပေ့ါ'

'ကိုယ့်ကိုလက်ထပ်ဖို့ရာ မစဉ်းစားခဲ့ဘူးပေါ့'

'ဟင့်အင်း'

စိုင်းမင်းအောင်က သက်ပြင်းချလိုက်သည်။

'အဲဒါပဲကောင်းပါတယ်၊ စုကသာ လက်ထပ်ချင်တယ်ဆိုရင် ကိုယ်က အားနာနေရမှာ'

'ဘာရယ်'

'သြော်၊ ကိုယ်အမှန်အတိုင်းပြောတာပါ စိတ်တော့မဆိုးနဲ့၊ စုလိုမိန်းကလေးမျိုးကိုလည်း ကိုယ်မယူချင်ဘူး'

သူက တိုးတိုးလေးပြောသော်လည်း စုလှိုင်၏နားဝတွင်ကပ်ပြီး ဗုံးကွဲသွားသည်ဟု ထင်လိုက်မိသည်။

'ဘာ'

'ကိုယ်မကောင်းတာကိုယ်သိပါတယ်၊ ဒါပေမဲ့ ယောကျ်ားတွေရဲ့စိတ်ကို စုသိတယ်မဟုတ်လား၊ ကိုယ်က စုထက် ဆယ်ဆပိုပြီးဆိုးချင်ဆိုးမယ်၊

ဒါပေမဲ့ ကိုယ်ယူမယ့်မိန်းကလေးကိုတော့ စုထက်ဆယ်ဆပိုကောင်းစေရ မယ်'

စုလှိုင်၏နားဝတွင် လေတဂူးဂူးထွက်သွားပြီး မျက်လုံးများပြာဝေသွားသည်။ အားတုံ့အားနာမျက်နှာထားနှင့်ပြုံးနေဟန်ရှိသော သူ့မျက်နှာကိုကြည့်ရင်း တဆတ်ဆတ်တုန်ယင်လာသည်။

စုစုလှိုင် အချိုးခံရချေပြီ၊ တစ်ချီတည်း အလဲထိုးခံလိုက်ရချေပြီ။

'သတို့သားနဲ့သတို့သမီး တွဲပြီးသီချင်းဆိုပါ၊ အများက တောင့်တနေပါတယ်'

အတန်ငယ်ယစ်ထွေနေသူများက လက်ခုပ်တီးကာ ပွဲတောင်းနေကြသည်။ မာမီသည် ဒက်ဒီ့လက်မောင်းကို မှီတွဲကာ လုပစ္စာရပ်ရင်း အရာရှိကြီးတစ်ဦးနှင့် ပြုံးကာရယ်ကာ စကားပြောနေသည်။ လူကြားထဲတွင် လူးလာခေါက်တုံ့သွားနေသော အန်တီကြည်ထံမှ စိန်ရောင်၊ ရွှေရောင်များသည် ပြိုးပြိုးပြက်ပြက် လင်းလက်နေသည်။ သတို့သမီးဖခင် ဦးဘချိုကမူ သူ့ သမီးခါးတုတ်ပုံထူးလှသောကြောင့် မျက်နှာထားရခက်နေဟန်ရှိသည်။ ထိပ်စားပွဲတွင် ခပ်ကုပ်ကုပ် ထိုင်နေသည်။

'တစ်ခါထပ်ပြောပါဦး ကိုအောင်၊ တစ်ခါထပ်ပြောစမ်းပါ'

စုလှိုင်က အံကြိတ်သံလေးနှင့် မေးလိုက်သည်။ သူ့ရင်ထဲမှ မာနတရားသည် နဂါးတစ်ကောင်ပါးပျဉ်းထောင်လာသလို လူးလွန့်ကာ အရှိန်ယူနေသည်။ စိုင်းမင်းအောင် သက်ပြင်းချရင်း ထပ်ပြောသည်။

'မင်းကို ကိုယ် လက်မထပ်နိုင်ဘူး စု'

'ကဲ'

စုလှိုင်သည် နေရာမှဝုန်းခနဲထလိုက်သည်။ သူ့ညာဘက်လက် သည် ဖြုန်းခနဲမြောက်တက်သွားသည်။ ထို့နောက် တစ်သက်နှင့်တစ်ကိုယ် ပထမဦးဆုံးအကြိမ်အဖြစ် လူတစ်ဦးကို ပါးရိုက်ဖူးလိုက်သည်။ လူပုံ အလယ်တွင် ဖြစ်သည်။

'ဖြန်း' ခနဲမြည်သွားသောအသံနှင့်အတူ စုလှိုင်၏လက်ဖဝါးသည် ပူပြီး စပ်ဖျဉ်းဖျဉ်းဖြစ်သွားသည်။ စိုင်းမင်းအောင်၏ခေါင်းသည်လည်း ငိုက်ခနဲလည်ကျသွားလေသည်။ ဒေါသနှင့်မာနသည် စုလှိုင်၏တစ်ကိုယ်လုံးကို ဝါးမျိုထား ချေပြီ။ ဝင်းဝင်းတောက်နေသော မျက်လုံးအစုံသည်လည်း စိုင်းမင်းအောင်၏ မျက်နှာကွက်ကွက်ကလေးမှတစ်ပါး ဘာကိုမျှမမြင်တော့ချေ။

မီးကိုရေနှင့်ဖျန်းလိုက်သလို ဖြစ်သွားလေသည်။ ဆူညံနေသော ပရိ

သတ်သည် ရုတ်ချည်းတိတ်ဆိတ်သွားသည်။ သူတို့နှစ်ဦးကို မျက်လုံးအပြူး သားနှင့် တအံ့တသြလှမ်းကြည့်ကာ ကြက်သေ သေနေကြသည်။

တဆတ်ဆတ်တုန်ယင်နေသောစုလှိုင်ကို တအံ့တသြငေးကြည့်ကာ စိုင်းမင်းအောင်က အတန်ကြာအောင် ငြိမ်နေသည်။ ထို့နောက်မှ နီရဲသွားသော သူ့ပါးပြင်ကိုပွတ်ကာ နေရာမှထသည်။ ဦးခေါင်းကို ဟန်ပါပါညွှတ်လိုက်ကာ အကုန်လုံးကိုပြုံးပြလေသည်။ အခန်းထဲမှနေ၍ တစ်လှမ်းချင်း ထွက်သွားသော သူ့နောက်သို့ မျက်စိများလိုက်ပါသွားသည်။ မြင်ကွင်းထဲမှ ပျောက်သွားသော အခါမှ ရှိရှိသမျှမျက်စိအကုန်လုံးသည် စုလှိုင်ဆီသို့ စုပုံကျရောက်လေသည်။ ထို့နောက် ဝေါခနဲဆူညံသွားသည်။

'စု၊ စုလှိုင်'

စုလှိုင်ဆီသို့ မာမီက ခပ်သွက်သွက်လျှောက်လာသည်။ ဒယ်ဒီက မျက်မှောင်ကုတ်နေသည်။ ဖရက်ဒီကမူ ပါးစပ်အဟောင်းသားဖြစ်နေလေသည်။ သတို့သမီးနယ်လီချို၏မျက်နှာလေးကမူ နီရဲနေသည်။ လူပေါင်းများစွာ၏ ပါးစပ်တို့သည် မဲ့လိုက်၊ ရွဲ့လိုက်၊ ဟလိုက်၊ စေ့လိုက်ဖြစ်နေကြသည်။

ဒေါသမီး၊ မာနမီး၊ တဟုန်းဟုန်းတောက်လောင်နေသောစုလှိုင်သည် အားလုံးကို အလျှံထွက်နေသော မျက်လုံးလေးနှင့်ရင်ဆိုင်ကြည့်သည်။ ထို့ပြင် ဝင့်ဝင့်စားစား ပြုံးနေလေသည်။

*

'ဟုတ်မှဟုတ်ရဲ့လား ညီလင်းရယ်၊ လူပုံလယ်မှာ ပါးရိုက်တယ်ဆိုတာ အရိုက်ခံရတဲ့သူတင်မကဘူး၊ ရိုက်တဲ့သူလည်း အရှက်ကွဲတာပဲ'

'တကယ်ပါကိုကိုရဲ့၊ အဲဒီမင်္ဂလာဆောင်မှာ နွေသူရိန်ရဲ့အဆက် ဝါဝါခင်ရှိနေတာပဲ၊ အဲဒီစားပွဲနားက နားစွန်နားဖျားကြားလိုက်တဲ့လူတွေကပြော တယ်တဲ့၊ စုလှိုင်ကို စိုင်းမင်းအောင်က လက်မထပ်နိုင်ဘူးဆိုလို့ စုလှိုင်က ထရိုက်တာတဲ့'

ညီလင်းညို၏မျက်နှာထားသည် တည်ကြည်နေသည်။ ထို့ကြောင့် နောက်ပြောင်ပြောခြင်းတော့ မဟုတ်တန်ရာဟု ကျော်ထွန်းညိုက တွေးမိလေ သည်။ ထို့ပြင် သူ၏ညီငယ်သည် မြင်မြင်ကရာကို ရယ်မောနောက်ပြောင်နေ တတ်သော ကလေးသာသာ လူငယ်လေး မဟုတ်တော့ပေ။ အတန်ငယ် ရင့်

ကျက်တည်ကြည်လာသော လူရွယ်ကလေးဖြစ်လာချေပြီ။ ညိုမှောင်သော မျက်လုံးလေးများသည် ယခင်တုန်းကလို ရွှင်ပြုံးတောက်ပသော အရောင် ရွှန်းလက် မနေတော့ချေ။

'မင်းစိတ်ထဲမှာ ဘယ်လိုနေလဲ ညီ'

'ဘာကိုလဲ'

'သူ့အကြောင်း တွေးမိရင်လေ'

'တစ်မျိုးကြီးပဲ'

ညီလင်းသည် သူ့အစ်ကိုအားမကြည့်ဘဲ မျက်နှာလွှဲထားသည်။ ရေနံဆီမီးဖိုမှ ပြာလဲ့လဲ့မီးတောက်ကို ငေးစိုက်ကြည့်နေသည်။ ကျော်ထွန်းညိုသည် ပုစွန်တုပ်စိမ်းစိမ်းကြီးများကို ဖင်ထိုင်ခံပေါ်တင်ပြီး နုတ်ခမ်းမွေးဖြတ်လိုက်လေသည်။ စလှိုင်အကြောင်း ဆက်ပြောချင်သေးသော်လည်း မပြောတော့ဘဲ ပါးစပ်ကို ပိတ်ထားလိုက်သည်။

'ပုစွန်တုပ် တစ်ပိဿာ ငါးကျပ်ဆိုတော့ သိပ်ပေါတယ်နော် ကိုကို၊ အကောင်ကြီးတွေကလည်း အကြီးကြီး'

'မြစ်ဝကျွန်းပေါ်ကိုးကွ၊ ဒါတောင် မြို့ပေါ်မို့လို့၊ တောပိုင်းမှာဆို ဒီထက်ပေါတယ်၊ ငါတော့ ညတိုင်ပျင်းရင်း ပုစွန်တုပ်မီးဖုတ်စားနေတာပဲ'

'ကျွန်တော်တို့ငယ်ငယ်ကဆိုရင် မေမေ့ဈေးခြင်းတောင်းထဲကနှိုက်ပြီး ဖုတ်စားကြတာနော် ကိုကို၊ ဒါပေမဲ့ အဲဒီတုန်းကထင်းမီးဖိုဆိုတော့ ပိုပြီးဖုတ်လို့ကောင်းတယ်၊ အခုဟာကရေနံဆီမီးဖိုကြီး၊ ပုစွန်မီးဖုတ်ဖြစ်မှာ မဟုတ်ဘူး၊ ပုစွန်မီးကင်ပဲ ဖြစ်မှာပေါ့ဗျာ'

'ဘယ်တတ်နိုင်မှာလဲကွ၊ ငါ့တစ်ယောက်ထဲနေတာ၊ ရေနွေးအိုးတည်ဖို့လောက်ကိုတော့ ထင်းမီးမမွေးနိုင်ဘူး'

ညီလင်းညိုသည် ကျောင်းပိတ်သည်နှင့် ကျော်ထွန်းညိုရှိရာ ပုသိမ်သို့ လိုက်လာခဲ့သည်။ ဆိုင်းမဆင့်ဗုံမဆင့် ရောက်လာသောညီငယ်ကို တစ်ဦးတည်း ပျင်းနေသောကျော်ထွန်းညိုက ဝမ်းသာအားရကြိုဆိုခဲ့လေသည်။ သုံးလေးငါးလ ခန့် ကွဲနေသော ညီအစ်ကိုနှစ်ဦးသည် ပြောစရာစကားများ မကုန်နိုင်တော့ချေ။ ကျော်ထွန်းညိုသည် အင်ဂျင်နီယာ ရင့်မကြီးဖြစ်သော် လည်း ပျဉ်ကာ၊ ပျဉ်ခင်း၊ သက်ကယ်မိုးအိမ်လေးကို တစ်ခြမ်းငှား နေထိုင်နေ ရရှာသူဖြစ်သည်။ အိမ်ထောင်ပရိဘောဂ မယ်မယ်ရရမရှိသော်လည်း အိမ်ရှေ့မှအိမ်နောက်ဖေးထိအောင် ရှုပ်

ပွနေလေသည်။ သူတို့ညီအစ်ကိုနှစ်ဦးလုံး သပ်သပ်ရပ်ရပ်နေတတ်ထိုင်တတ်သူများမဟုတ်သည့်အတွက် ဖုန်များလည်း ထုတက်နေသည်။ သူတို့နှစ်ဦးသည် ဖုန်တောထဲတွင်ထိုင်၊ ဖုန်တောထဲတွင်စားပြီး ဖုန်တောထဲတွင်ပင် လေပန်းကြသည်။ တံမြက်စည်းလှည်းဖို့ ဖုန်ခါဖို့ စိတ်မကူးကြ၊ လှည်းကျင်းစရာလည်း တံမြက်စည်းမရှိချေ။

အမြင်မတော်လွန်းသောကြောင့်ထင်သည်။ တစ်ဖက်ခန်းတွင်နေထိုင်သော အိမ်ပိုင်ရှင်ဦးလေးကြီးက တံမြက်စည်းတစ်ချောင်းကိုင်ကာပေါက်ချလာသောအခါမှ အိမ်ကလေးသည် သန့်ပြန့်သွားလေတော့သည်။ အတန်ငယ်ရက်သွားသောကျော်ထွန်းညိုသည် ထိုနေ့ညနေပိုင်းရုံးမှအပြန်တွင် တံမြက်စည်းနှစ်ချောင်းဝင်၍ ဝယ်လာခဲ့လေသည်။

'ကိုကိုလည်း မိန်းမယူဖို့ကောင်းပြီ၊ မမသက်က ဘာလို့အချိန်ဆွဲနေတာလဲ'

'သင်တန်းပြီးတာနဲ့ ငါကတော့ ယူချင်တာပဲ၊ အခုလို ကိုယ့်မိသားစုနဲ့ခွဲပြီး တစ်မြို့တစ်ရွာမှာ တစ်ယောက်ထဲလာနေရတာ သိပ်ပြီးစိတ်လေတယ်ကွ'

ပုစွန်တုပ်ကြီးများကို ဖဲထီးသံချောင်းနှင့် ထုတ်ချင်းခပ်ထိုးကာ မီးဖိုပေါ်ကန့်လန့်ဖြတ်တင်လိုက်သည်။ ညီလင်းညိုသည် သံပရာသီးတစ်ခြမ်းကို ညှစ်ထည့်နေသည်။ ပုစွန်ကင်နှင့်တို့၍စားရန်ဖြစ်သည်။

'ဖေဖေတို့မေမေတို့ကတော့ မော်တင်ဘုရားပွဲကျရင် လာကြမယ် ပြောနေတယ်၊ နောက်ပြီး မမသက်နဲ့ကိုကို့ကိုလည်း အဲဒီလောက်ကျရင် လက်ထပ်ပေးမယ်တဲ့၊ မေကြီးကတော့ ခဏခဏပြောတယ်၊ ကိုကို့အတွက်လည်း စိတ်အေးရပြီ၊ မမကလည်း သူ့ဟာနဲ့သူဖြစ်သွားပြီ၊ ကျွန်တော့ကိုပဲ မဟုတ်မဟတ်မိန်းကလေးနဲ့ ကြိုက်မှာစိုးရိမ်နေရတယ်တဲ့'

'ဟား ဟား၊ ပုသိမ်ကောလိပ်က ကျောင်းသူလေးတွေ မဆိုးဘူးကွ ချောတယ်၊ ညနေကျရင် ကန်သုံးဆင့်ဘက်လမ်းလျှောက်ကြမယ်လေကွာ၊ ကန်သုံးဆင့်က အင်းလျားထက်သန့်ရှင်းတယ် ညီရ၊ ဟိုလိုအတွဲတွေ ချောင်မခိုဘူး'

'ကိုကိုရာ၊ ကျွန်တော့အတွက်တော့ ဒီပြင်မိန်းကလေးတစ်ယောက်ကို ချစ်ဖို့ရာ သိပ်မလွယ်ပါဘူး'

'ဘာပြောတယ် ညီ'

ကျော်ထွန်းညို အံ့သြသွားသည်။ ညီလင်းညိုကို ဖျတ်ခနဲလှည့်ကြည့်

လေသည်။ ညိုမှောင်နေသောမျက်လုံးလေးများတွင် သူ့ရင်ထဲမှဝေဒနာသည် တစ်စွန်းတစ်စ ထင်ဟပ်နေလေသည်။

'ညီ၊ မင်း သူ့ကို တကယ်စွဲလမ်းနေသလား'

'စွဲလမ်းတာတော့ မဟုတ်ဘူးကိုကို၊ ဒါပေမဲ့ တစ်မျိုးပဲ၊ ကျွန်တော် လည်း မပြောတတ်ပါဘူး ကိုကိုရယ်'

'မင်း သူ့ကို တကယ်ချစ်နေလားဟင်'

'မသိဘူး ကိုကိုရယ်၊ ချစ်တယ်လို့လည်း မထင်ဘူး၊ ကြိုက်တယ်လို့ လည်း မထင်ဘူး၊ စွဲလမ်းတယ်လို့လည်း မထင်ဘူး၊ ဒါပေမဲ့ သူ့ကိုမေ့မရဘူး'

မီးဖိုမှ မီးရောင်ဟပ်သောကြောင့်လားတော့ မသိရချေ။ ညီလင်း၏ မျက်နှာလေးသည် နီနေသည်။ စုလှိုင်ဟူသည့်မိန်းမလှလေးကို သူမေ့မရချေ။ စိတ်ချင်းမရင်းနှီးမီ အဆင့်ကျော်ပြီး ခန္ဓာကိုယ်ချင်း ရင်းနှီးလိုက်သောကြောင့် လည်း မဟုတ်ချေ။ သူ့ကို တစ်ခါတစ်ရံသနားသည်၊ တစ်ခါတစ်ရံ အမြင်ကတ် သည်၊ တစ်ခါတစ်ရံနာကြည်းသည်၊ တစ်ခါတစ်ရံ မုန်းမိသည်။ မည်သို့ပင်ဆို စေ သနားခြင်း နာကြည်းခြင်းစသည့် စုလှိုင်နှင့်ပတ်သက်သောခံစားမှုတစ်ရပ် ရပ်သည် သူ့ကို တစ်ခုမဟုတ်တစ်ခုက အစဉ်အမြဲလွှမ်းမိုးထားတတ်လေသည်။

'သူ့ဝမ်းထဲမှာ ကျွန်တော့်ရဲ့သွေးတည်ခဲ့ဖူးတယ်မဟုတ်လား ကိုကိုရယ်၊ အဲဒါကိုတွေးမိရင် ကျွန်တော့်ရင်ထဲမှာ ဖြောင်းဆန်သွားတာဘဲ၊ သူ့ကိုလည်း သိပ်မုန်းတယ်၊ ဘယ်လိုလဲ မသိပါဘူးဗျာ၊ ကျွန်တော်လည်း မပြောပြတတ်ဘူး၊ သူ ကျွန်တော့်ကိုမြင်ရင် ဘာလို့လှောင်သလိုပြောင်သလို ရယ်ရယ်ပြနေရတာလဲ'

'သူ့မှာ သံသယတွေ သိပ်များတယ် ညီရယ်'

'ဘာလို့ များနေတာလဲဟင်'

'တစ်ကိုယ်လုံးလည်း မာနချည်းပဲ'

'ဘာလို့လဲဗျာ'

'အခုဒီမှာ ညတိုင်ဆိုသိပ်ပျင်းဖို့ကောင်းတယ်၊ အိမ်ရှေ့အိမ်က ကိုသာမြ နဲ့ စစ်တုရင်ထိုးရင်ထိုး မထိုးရင် စာဖတ်၊ ဒီတော့ ပျင်းရင် ဟိုတွေး ဒီတွေးပေါ့၊ အခုတော့ တွေးရင်းတွေးရင်း သူ့ကိုနားလည်လာသလိုပဲ'

မီးဖိုဘေးဇလုံထဲတွင် မီးဖိုပေါ်တက်ရန်အလှည့်မကျသေးသော ပုစွန် တုပ်ကြီးသုံးကောင်သည် သူတို့ညီအစ်ကိုအား ပြူးကြောင်ကြောင်နှင့်လှမ်းကြည့် နေကြဟန်ရှိသည်။ ညီလင်းညိုသည် အောက်နှုတ်ခမ်းကို ခပ်ဖိဖိလေး ကိုက်ထား

ရင်းမှ သက်ပြင်းရှိုက်လိုက်မိလေသည်။ သူကတော့ နားမလည်ပါ။ စုစုလှိုင်ဟူသည့်မိန်းမချော မာနခဲလေးအကြောင်းကို နားလည်နိုင်စွမ်း မရှိပါချေ။

'ငါတို့အိမ်မှာ ကြက်သားဟင်းချက်ရင် လူကြီးတွေအတွက် အသည်းအမြစ်ကို စားဦးစားဖျားဖယ်ထားတတ်တယ်မဟုတ်လား၊ တစ်ခါတလေ ဆောင်းတွင်း သိပ်အေးတဲ့အခါဆိုရင် အဲဒီအသည်းလေးဟာ မာခဲပြီး အေးစက်သွားတတ်တယ်လေကွာ၊ ငါတော့ အဲဒါကိုပဲသတိရတယ်၊ စုလှိုင်ရဲ့အဖြစ်က အဲဒီလိုပဲကွ၊ အေးစက်နေတဲ့ပတ်ဝန်းကျင်မှာနေရလို့ သူ့နှလုံးသားဟာ မာခဲနေတာ၊ သူ့အဖေ၊ သူ့အမေ၊ သူ့အဘွား၊ သူ့ပတ်ဝန်းကျင်က ရေခဲခန်းလေးဖြစ် နေတာကိုး၊ သံသယ အမှုန်တွေ၊ မာနအမှုန်တွေက သူ့ကို တဖြည်းဖြည်း ဖိပြီးအုပ်ထားကြတယ်လေ'

ကျော်ထွန်းညိုက ပုစွန်ညှီများပေနေသော သူ့လက်နှင့်ညီလင်း၏ လက်ချောင်းများကိုဆုပ်ကိုင်လိုက်သည်။ သူ့ညီငယ်ကို သူ့လိုပင်လိုက်၍ တွေးစေ၊ မြင်စေချင်သောစိတ်ဆန္ဒနှင့် ညီလင်းညို၏မျက်လုံးများကို တည့်တည့်စိုက်၍ ကြည့်သည်။

'ဒီသံသယတွေ၊ ဒီမာနတွေကြားထဲမှာ သူပျော်နေတယ်ထင်သလား ညီရယ်'

'အိုဗျာ၊ ဒါကတော့ ကိုကိုထင်တာကိုး၊ သူမပျော်ရင် ရယ်နေမလားဗျ'

ညီလင်းက မျက်မှောင်ကုတ်နေသည်။ အစ်ကိုဖြစ်သူ၏စကားကို အတွင်းစိတ်မှလက်ခံလိုသော်လည်း ချက်ချင်းကြီးခေါင်းညိတ်ပြီးမထောက်ခံချင်လှပေ။ အတိုက်အခံကလေးပြန်ပြောပြီး စကားနိုင်လုချင်နေသည်။

'ဒီအိမ်က ကိုဘိုးသာတို့၊ နှမ်းဆီတစ်ပိဿာ ရှစ်ကျပ်တဲ့ ယူကြဦးမလား၊ အလိုတော် ဘာနံ့လဲ ညှော်လိုက်တာလွန်ရော'

တစ်ဖက်ခန်းမှအသံကိုကြားသောအခါမှ သူတို့နှစ်ဦးလုံးသတိဝင်လာသည်။ စူးစူးဝါးဝါးညှော်သောအနံ့သည် သူတို့မီးဖိုချောင်မှ ထွက်နေခြင်း ဖြစ်လေသည်။

မီးကင်ထားသော ပုစွန်သုံးကောင်သည် မည်းချိပ်ကောက်ကွေးလျက်ရှိချေပြီ။

*

'မမ'

မရဲတရဲခေါ်သံလေးကိုကြားရသည်။ ထွန်း၏အသံဖြစ်ကြောင်း စုလှိုင်သိလိုက်လေသည်။ စိတ်ထဲတွင် အနှောင့်အယှက်ဖြစ်သွား၍ လှည့်မကြည့်ဘဲနေလိုက်သည်။ ခပ်ဖွဖွလေးလှမ်းလာသောခြေသံလေးက သူ့စားပွဲဘေးသို့ရောက်လာလေသည်။

'ကဲ ဘာလဲဆို'

စုလှိုင်က ခပ်ဆတ်ဆတ်လေးပြောကာ ငဲ့ကြည့်သည်။ ချစ်ခင်နှစ်သက်ဖွယ်ကောင်းလှသော မျက်လုံးဝိုင်းကြီးများသည် ရွှန်းလက်နေသည်။ ပူနွေးသောရောင်ခြည်များ ဖြာထွက်နေဟန်ရှိလေသည်။ ထွန်းသည် ယခုနောက်ပိုင်း၌ စုလှိုင်ကို အရောတဝင်ဆက်ဆံရန်အခြေအနေကို ထာဝစဉ် မျှော်လင့်နေတတ်လေသည်။ အမူအရာလေးကသာ မရဲတရဲလေးဖြစ်နေသော်လည်း သူ၏ အစ်မကြီးသည် သူ့ကိုချစ်ခင်သည်ဟု ယုံကြည်စိတ်ချနေဟန်ရှိကြောင်းကို မျက်လုံးလေးများမှ တစ်ဆင့်သိရသည်။

'ထွန်း ပထမရတယ်'

စုလှိုင်သည် ထွန်းကိုကြည့်ရင်း သူငယ်ငယ်က ပထမရလျှင် သာမန်ကာ လျှံကာနှင့်အသိအမှတ်ပြုမခံရသည့်အတွက် ဝမ်းနည်းအားငယ်ခဲ့ရသည်များကို ပြန်၍သတိရမိလေသည်။ ထွန်းကိုလည်း သူ့လိုပင်ခံစားစေချင်သောစိတ်ကလည်း ဝမ်းထဲမှကြွတက်လာသည်။ စာနာစိတ်နှင့် မနာလို စိတ်တို့သည် သူ့ရင်ထဲတွင် ဆောင်ဘင်ခတ်နေကြသည်။ သို့သော်လည်း စိတ်ကောင်းလေးက အနိုင်ရသွားသည်။ ထို့ကြောင့် ထွန်း၏ပါးကလေးကို လက်ချောင်းလေးများနှင့် ပွတ်သပ်ကာ ပြန်ပြုံးပြလေသည်။

'တော်တာပေါ့ ထွန်း၊ သိပ်ကောင်းတာပဲကွယ်'

ထွန်း၏မျက်နှာလေးသည် နှင်းဆီသွေးလျှမ်းတက်လာကာ ပြုံးရွှင်သွားသည်။ စုလှိုင်ကို အားရပါးရရယ်ပြကာ အခန်းထဲမှပြန်ပြီး ပြေးထွက်သွားသည်။ သူ့ခြေသံလေးသည် တဒုန်းဒုန်းနှင့်ပွဲတင်ရိုက်ပြီး ကျန်ခဲ့လေသည်။ စုလှိုင်သည် ငိုင်တွေတွေကလေးကျန်ခဲ့ရင်းမှ ထွန်းကို ခဲတံရောင်စုံဘူးလေးဝယ်ပြီး ဆုချရလျှင်ကောင်းမလား စဉ်းစားနေမိသည်။ ထွန်းနှင့်ပတ်သက်၍ တစ်စုံတစ်ခုစဉ်းစားတိုင်း စုလှိုင်၏ရင်ထဲတွင် ပဋိပက္ခဖြစ်ရလေသည်။ စာနာစိတ်နှင့် မကျေနပ်စိတ်၊ ကြင်နာစိတ်နှင့် မုန်းတီးစိတ်၊ ထောက်ထားစိတ်နှင့် စိမ်းကားသောစိတ်၊

ဉာဏ်တာစိတ်နှင့် မနာလိုစိတ်များသည် သူ့ရင်ထဲတွင် ထာဝစဉ်ပင် အားပြိုင်ကြလေသည်။ တစ်ခါတစ်ရံ စိတ်ကောင်းလေးကအနိုင်ရကာ တစ်ခါတစ်ရံတွင်ကား မကောင်းသောစိတ်က အနိုင်ရသွားတတ်သည်။

ဒက်ဒီသည် ထွန်း၏မိခင်ရှိစဉ်က ထွန်းနှင့် အတန်ငယ်ရင်းနှီးဟန်ရှိသော်လည်း ယခုတော့ ဝေးကွာသွားချေပြီ။ ထွန်း၏ဘဝသည် စုလှိုင်လိုပင် အထီးကျန်ဖြစ်သွားရလေသည်။

'စုရေ တယ်လီဖုန်းလာတယ်'

'ဘယ်သူတဲ့လဲ မအေးတင်'

'နယ်လီချိုတဲ့'

'စု အိပ်ပျော်နေတယ် ပြောလိုက်ပါ'

မအေးတင်သည် ဘာမျှဆက်မပြောတော့ဘဲ ပြန်လှည့်ထွက်သွားသည်။ နယ်လီသည် သူတို့မင်္ဂလာပွဲ၌ စုလှိုင်ပုဏ္ဏာကထွက်ထားသည်ကို သိပ်ပြီး မကျေနပ်လှချေ။ ထို့ကြောင့် အကြောင်းရှာတယ်လီဖုန်းဆက်ပြီး ထိုအကြောင်းဆီသို့ လှည့်ပတ်ဆွဲခေါ်သွားကာ စကားနာထိုးတတ်သည်။ ထို့ပြင် သူ့ယောကျ်ားဖရက်ဒီကလည်း စုလှိုင်ကိုမရသောအခါမှာ သူ့ဘက်သို့ လှည့်လာသူဖြစ်ကြောင်းကို အတွင်းသိ အပြင်သိ အားလုံးသိမို့ မိန်းမပီပီ မခံချင်စိတ်ကလေးကလည်း တလူလူဖြစ်နေဟန်တူသည်။

ဒီတစ်ခါတော့ စုလှိုင်သည် အခန်းတံခါးကို ထ၍ ပိတ်လိုက်သည်။ အနှောင့်အယှက် များလွန်းသည်ကို မကျေနပ်ပေ။ လည်ချောင်းများ ခြောက်ကာရင်ထဲတွင် မောနေသည်။ ဒယ်ဒီအကြောင်း၊ မာမီအကြောင်း၊ စိုင်းအကြောင်း၊ ညီလင်းအကြောင်း၊ ကိုအောင့်အကြောင်း၊ ဘာဆို ဘာမှ သတိမရချင်တော့ပေ။

*

၁၉၇၁ ခု မေလထဲတွင် ကျော်ထွန်းညိုနှင့်သက်သက်တို့ လက်ထပ်ကြသည်။

နှစ်ဦးသဘောတူ ရုံးတက်ပြီး လက်မှတ်ထိုးရုံမှအပ မည်သည့်ဧည့်ခံပွဲကိုမျှ မပြုလုပ်ချေ။ ဘုန်းကြီးငါးပါး ဆွမ်းပင့်ကျွေးပြီး "လက်ထပ်ပြီးစီးကြောင်း" ကြော်ငြာကို ကြေးမုံနှင့်လုပ်သား သတင်းစာနှစ်စောင်တွင် ထည့်လိုက်ခြင်းဖြင့် လင်မယားအရာမြောက်သွားကြလေသည်။

'ဒါပဲကောင်းပါတယ် ကိုကိုရယ်၊ စားနိုင် သောက်နိုင်လူတွေကို ဖိတ်

ပြီး ထမင်းကျွေး၊ မုန့်ကျွေး လုပ်နေတာ အဓိပ္ပာယ်မရှိပါဘူး'

နှစ်ဖက်မိဘက အတန်ငယ် တင့်တင့်တယ်တယ်လေး မင်္ဂလာဆောင်စေလိုသော်လည်း သူတို့နှစ်ဦးလုံးက ငြင်းကြသည်။ သူတို့အတွက်ထုတ်ပေးသော မင်္ဂလာစရိတ်သုံးထောင်ကိုကား သက်သက်၏အလိုကျ ဆေးရုံသို့ ပေးလှူခဲ့ကြလေသည်။

'ကိုကိုမိန်းမယူတာ အရေးမကြီးဘူး၊ ကျွန်တော်က ဘုံပျောက်ပြီပေါ့ဗျာ'

'သုံးလေးရက်ပါကွာ မင်းကလဲ'

ကျော်ထွန်းညိုတို့ ညီအစ်ကိုနှစ်ဦး၏အခန်းကို မင်္ဂလာအခန်းအဖြစ်သတ်မှတ်လိုက်သဖြင့် ညီလင်းညိုခမျာ အခြောက်တိုက် ဘုံပျောက်သွားရှာသည်။ သူ့မွေ့ရာကို သင်ဖြူးဖျာလေးနှင့်ပတ်ကာ အခန်းထဲမှ ထမ်း၍ထွက်လာရသောညီလင်းအားကြည့်ရင်း အကုန်လုံးပွဲကျနေကြလေသည်။

'ငါ့သားက အပေါ်ထပ်လာကွာ ဘုရားစင်ရှေ့မှာအိပ်ပေါ့ ဟုတ်လား'

ဖေဖေက ရယ်မောရင်းပြောသည်။ ညီလင်းညိုက မျက်နှာကို လိုသည်ထက် ပို၍ရှုံ့ကာ အပေါ်ထပ်သို့ ညည်းညည်းညူညူနှင့်တက်သွားသည်။ ကျော်ထွန်းညိုသည် ခွင့်ရက်ကုန်သည်ထိ ရန်ကုန်တွင်ပင် နေမည် ဖြစ်သည်။ သူပြန်သောအခါတွင်ကား သက်သက်ကတစ်ပါတည်းလိုက်သွားမည်ဖြစ်လေသည်။ သူ၏အလုပ်ကိုလည်း ပုသိမ်ဆေးရုံကြီးတွင်ခန့်ရန် လျှောက်ထားခဲ့ပြီးဖြစ်သည်။

'ဘုရားစင်ရှေ့မှာ တစ်ညလုံးဆုတောင်းနိုင်တာပေါ့ ညီလင်းရ၊ တပည့်တော်လည်း စွံလိုပါ၏။ မ စပါဘုရားလို့လေ ဟုတ်ဘူးလား'

အမာညိုက ရယ်မောနောက်ပြောင်နေသည်။ ကိုယ်ဝန်အရင့်အမာကြီးကိုလွယ်ထားရသဖြင့် သူ့လှုပ်ရှားမှုများသည် ယခင်တုန်းကလို ဖျိုးဖျိုးဖျတ်ဖျတ်သွက်သွက်လက်လက်မဟုတ်တော့ပေ။ မောင်ပေါက်ကျိုင်းကလည်း သူ့မယားအလှ မျောက်လောင်းမလေး ခုန်လိုက်ပေါက်လိုက် လုပ်ဦးမည်စိုး၍ မျက်ခြည်မပြတ် စောင့်ကြည့်နေလိုက်သည်မှာ မျက်လုံးပင် အတန်ငယ်ပြူးလာသည်ဟုညီလင်းထင်မိသည်။

'တစ်ညလုံးတော့ ဆုတောင်းနေရမှာပဲ၊ ဒါပေမဲ့ ကျွန်တော့အတွက်မဟုတ်ဘူး မမအတွက်'

'အောင်မာ ဘာငါ့အတွက်လဲ'

'ဟုတ်တယ်ဗျ၊ မမရဲ့ကလေးမှာ အမြီးကလေး ပါမလာပါစေနဲ့လို့ ဆုတောင်းရမှာ၊ တော်ကြာ ဒေါ်အမာညိုတစ်ယောက် မျောက်မွေးတယ်ဆိုရင် လူကြားမကောင်း သူကြားမကောင်း'

နှုတ်ခမ်းစူသွားသော အမာညိုအားကြည့်ရင်း တစ်အိမ်သားလုံး ဝါးခနဲ ရယ်လိုက်ကြလေသည်။ တစ်အိမ်သားလုံး ပျော်ရွှင်ပြီး စိတ်လက်ပေါ့ပါးနေကြသည်။ နွေးထွေးသော မေတ္တာငွေ့သည် တစ်အိမ်လုံးကိုလွှမ်းခြုံထားသယောင် ရှိလေသည်။ ကျော်ထွန်းညို၏ဘေးတွင် ယှဉ်လျက်ထိုင်နေသော သက်သက်၏ မျက်နှာလေးသည် နူးညံ့ချိုသာကာ ထူးထူးကဲကဲလှပနေသည်။ မျက်လုံးလေးသည် အရောင်လဲ့လဲ့ထွက်နေကာ ပါးကလေးက မသိမသာ နီရဲနေသည်။ အမာညိုက အပိုးမသေသောမျက်နှာနှင့် စပ်ဖြဲဖြဲ လှမ်းကြည့်တိုင်း သူ့ခေါင်းလေးသည် ငုံ့၍ငုံ့၍ သွားသည်။

'ကိုကိုနော် ခဲဖိုးပေးရမှာနော်'

'ဘာလို့ပေးရမှာလဲ'

'မပေးရင်တော့ ကိုကိုတို့အခန်းထဲ ဝင်အိပ်နေမှာပဲ'

အမာညိုက ဆိုးနွဲ့နေပြန်သည်။ သူ့ကိုတော့ အားလုံးလက်မြှောက်ထားရလေသည်။ "ကောင်းကောင်း နေတော့မယ် ကလေးမဆန်တော့ဘူး" ဟူသော စကားကို အတွင်းရွတ်ရင်း ယခင်ပုံစံအတိုင်း ဆိုးမြဲ၊ နွဲ့မြဲ၊ ဗိုလ်ကျမြဲ ဖြစ်နေလေသည်။ ယောက်ျားရမှပင် ပို၍ဆိုးတော့သည်။ သူ့ယောက်ျားက သူ့အလိုလိုက်တိုင်း လူတကာပေါ်တွင် ပိုပြီးဗိုလ်ကျချင်လာသည်။

ထိုနေ့ညက အမာညိုသည် သူ့စကားနှင့်အညီ ကျော်ထွန်းညိုတို့ အခန်းထဲ ဝင်အိပ်နေသည်။ အမာညိုကို မြှောက်ပေးသူများက ပေါက်ကျိုင်းနှင့် ညီလင်းညိုတို့ဖြစ်သည်။ ငွေငါးဆယ်ပေးမှ ဖယ်ပေးမည်ဟု အကျပ်ကိုင်ကြလေသည်။

'ဟ ခွေးညိုမ ဖယ်ဟ'

'ဖယ်နိုင်ပါဘူး'

'နင့်ဗိုက်ကြီး ငါထုချလိုက်မယ်နော်'

'ထုပါလား ဒါမှ ကလေးလေးထွက်လာပြီး မင်္ဂလာခန်းက တစ်ခါတည်း မီးနေခန်းဖြစ်သွားမယ်'

ခုတင်ပေါ်တွင် ဗိုက်ကြီးအကားသားနှင့် တက်အိပ်နေသောအမာညိုက ခပ်တည်တည်ကြိမ်းရင်း မျက်လုံးကိုစုံမှိတ်ထားလိုက်သေးသည်။ မေမေ

ကြီးက "ဟဲ့ကောင်မလေး ထွက်ခဲ့" ဟု လှမ်းအော်နေသည်ကိုလည်း မကြားချင် ဟန်ဆောင်နေလေသည်။

အကျပ်ရိုက်နေသော ကျော်ထွန်းညိုအားကြည့်ရင်း ပေါက်ကျိုင်းနှင့် ညီလင်းညိုတို့သည် ပြုံးစိစိဖြစ်နေကြသည်။ သက်သက်ကမူ ပန်းနုရောင်မျက်နှာ လေးနှင့်ခေါင်းလေးငုံ့ကာ ပြုံးရယ်နေလေသည်။

ည ဆယ်နာရီခန့်ရှိပေပြီ။ တစ်နေ့ကုန် စိတ်ပင်ပန်းထားသော မင်္ဂလာ ဦး စုံတွဲမို့လည်း အနားယူလိုလှချေပြီ။ ထို့ကြောင့် ဈေးဆစ်၍မရမည့်အတူတူ သူတို့တောင်းသောငွေကို ဆောင့်ကြီးအောင့်ကြီးနှင့် ထုတ်ပေးလိုက်ရသည်။

'ဟား ဒါမှကိုကိုကွ၊ ဒို့အစ်ကိုက ဒီလိုဒီလိုလိမ်မာတာ၊ အဟား အိပ် မက်လှလှမက်ပါစေဗျာ၊ အဟီး ယောင်လို့ ယောင်လို့၊ အစ်ကိုတို့က အိပ်ကြမှာ မှ မဟုတ်တာ'

အပေါက်ဝတွင်ခေါင်းပြူကြည့်ရင်း ညီလင်းက နောက်ပြောင်နေသေး သည်။ ကျော်ထွန်းညိုက တံခါးကို ဆွဲပိတ်ကာ ဂျက်ချလိုက်သည်အထိ အပေါက် ဝမှ ခွာမသွားသေးဘဲ တံခါးရွက်ကိုခေါက်ကာ ရယ်မောနေကြသေးလေသည်။

ကျော်ထွန်းညိုသည် သက်ပြင်းကြီးချကာ သက်သက်အားလှမ်းကြည့် သည်။ ခုတင်ခြေရင်းတွင် မတ်တတ်လေးရပ်နေသော သက်သက်ကလည်း သူ့ကိုလှမ်းကြည့်နေသည်။ နှစ်ဦးလုံးရင်ဆိုင်ကြည့်ကြရင်း သက်သက်သည် ရင်ခုန်လာသည်။ ထို့ကြောင့် သူက အလျင်မျက်နှာလွှဲကာ ခေါင်းလေးငုံ့လိုက် သည်။ သူ့ဆီသို့တရွေ့ရွေ့လျှောက်လာသော ကျော်ထွန်းညို၏ခြေထောက်များ ကို ကြည့်နေရင်း နှုတ်ခမ်းလေးများက တုန်ယင်လာလေသည်။

'ဟိတ် ကောင်မလေးကို လွှတ်လိုက်'

ပေါက်ကျိုင်း၏အသံအစ်အစ်ကြီးက ငှက်ဆိုးထိုးသံကြီးလိုပေါ်လာ သည်။ ကျော်ထွန်းညိုသည် ရုတ်တရက်မို့ လန့်ဖျပ်သွားမိသည်။ မျက်လုံးပြူးပြီး ကြောင်တက်တက်ဖြစ်သွားလေသည်။ တီးတိုးစကားပြောသံနှင့် ရယ်သံများကို ကြားရသည်။ ကျော်ထွန်းညိုသည် မလှုပ်ရဲဘဲငြိမ်နေသည်။ သူတို့တွေ ပျင်းပြီး အခန်းရှေ့မှထွက်ခွာသွားသောခြေသံကိုကြားသောအခါမှ သက်ပြင်းကြီးကို ဟင်း ခနဲ ချမိတော့သည်။

'တော်တော်ဆိုးတဲ့ ကောင်တွေ'

'သူတို့လည်း ပျော်လို့ပေါ့ ကိုကိုရယ်'

'ပျော်စရာရှားလို့ဗျာ၊ ဟိုဗိုက်ပူမလေးက သာကဲသေးတယ်'

ကျော်ထွန်းညို မကျေမနပ်ပြောလေသည်။ တသိမ့်သိမ့်ခုန်နေသော ရင်အခုန်သည် ပျောက်သွားပြီး အူကြောင်ကြောင်ကြီးဖြစ်သွားလေသည်။

'လသာလိုက်တာ ကိုကိုရယ်၊ ခြံထဲမှာကြည့်ပါဦး၊ စံပယ်ပန်းလေးတွေ ပွင့်နေပြီ'

သက်သက်သည် ပြတင်းတံခါးကိုတွန်းဖွင့်ရင်းပြောသည်။ ကျော်ထွန်းညိုသည် မီးခလုတ်ကိုပိတ်လိုက်သည်။ ရွှန်းမြသောလရောင်သည် ဇာခန်းဆီးများကိုကျော်ဖြတ်ပြီး အခန်းတွင်းသို့ဝင်ရောက်လာသည်။

'လှလိုက်တာ ကိုကိုရယ် ကြည့်ပါဦး၊ အခုလို မိုးဦးကျညမှာသာတဲ့ လဆိုတာ မိုးတိမ်မိုးသားတွေကိုဖြတ်ပြီး မနည်းလင်းရတာနော်'

ကျော်ထွန်းညိုသည် သက်သက်နှင့်အတူ ပြတင်းဝတွင်ယှဉ်ရပ်ရင်း လပြည့်ဝန်းကိုမော်ကြည့်မိသည်။ မိုးသားမိုးတိမ်များက ကွက်ကျားရှိနေသော်လည်း လပြည့်ဝန်းက ထိန်ထိန်သာနေသည်။ တရိပ်ရိပ်ပြေးလွှားနေသော မိုးသားများကမူ လပြည့်ဝန်းကို ဇာပဝါပါးပါးနှင့်ခြုံလိုက်သလို တစ်ခါတစ်ရံ ရိပ်ခနဲ ဖုံးကွယ်ထားတတ်ကြလေသည်။

'ကိုကိုရယ် သီချင်းဆိုပါလား'

'ဟာ ကိုကို့အသံက ကောင်းမှမကောင်းဘဲ၊ သက်သက်ဆိုလေ'

'ဟင် သက် အသံကလည်း မကောင်းဘူး'

သက်သက်သည် ကျော်ထွန်းညို၏ပခုံးကို နွဲ့နွဲ့လေး မှီလိုက်သည်။ ကျော်ထွန်းညိုကလည်း သက်သက်၏ပခုံးကို သိုင်းဖက်ထားလိုက်သည်။ နှစ်ဦးလုံး၏ရင်ထဲတွင် ချမ်းမြေ့ကြည်နူးနေကြသည်။

အေးမြနေသောလရောင်ဝယ် သက်သက်၏မျက်နှာလေးသည် ပျော်ရွှင် ကြည်နူးမှုနှင့် တောက်ပနေသည်။ တစ်ပွင့်စ နှစ်ပွင့်စ ပွင့်နေသော စပယ်ပွင့်လေးများကိုငေးကြည့်နေရင်း သူ့ကိုယ်သူ ပန်းမွှေ့ရာထဲသို့ ရောက်နေသည်ဟု ထင်နေမိလေသည်။

'ကိုကိုရယ်'

'သက်'

'သိပ်လှတယ် ကိုကိုရယ်၊ ဒီလိုညကြီးကို အိပ်ပစ်လိုက်ရမှာ နှမြောစရာကြီး'

'အင်း'

ကျော်ထွန်းညိုသည် သက်သက်နဖူးစွန်းလေးကို မထိတထိရှိုက်နမ်းလိုက်သည်။ သင်းပျံ့သောသနပ်ခါးနံ့လေးကိုရှိုက်၍ ရှူရင်း ယစ်မူးရီဝေလာသည်။

'တစ်ညလုံးမအိပ်ဘဲ စကားပြောကြရအောင်လေ နော် ကိုကို'

'ဟင် ဘယ်ဖြစ်မလဲ'

ကျော်ထွန်းညိုသည် သက်သက်ကိုတင်းကျပ်စွာဖက်လိုက်ရင်း ကန့်ကွက်သည်။ လဝန်းကိုတိမ်ဖုံးသွားသည်။ စံပယ်ရနံ့က ပိုပြီးမွှေးလာသည်။ လေပြည်အေးက ပိုပြီးအေးလာသည်။

အရေးကောင်း ဒိန်းဒေါင်းဖျက်ပြန်သည်။ အပေါ်ထပ်သို့ တဒုန်းဒုန်းပြေးတက်သွားသောအသံနှင့်အတူ ငှက်ဆိုးထိုးသံနှင့်တူသော ရွှေယောက်ဖပေါက်ကျိုး၏အသံကိုကြားရပြန်သည်။

'မကြီး၊ မာညိုဗိုက်နာနေတယ်တဲ့၊ မာညိုဗိုက်နာတယ်တဲ့ဗျ၊ မကြီးရ'

သက်သက်သည် ကိုကို့ရင်ခွင်ထဲမှရုန်းထွက်လိုက်သည်။ လရောင်သည် ပြန်လင်းလာသည်။ သနပ်ခါးနံ့ရှူရင်း မူးနေသောကျော်ထွန်းညို လည်း အတန်ငယ် အမူးပြေသွားသည်။

သူတို့နှစ်ဦး အခန်းထဲမှထွက်လာသောအခါ မျက်စိမျက်နှာပျက်နေသော အမာညိုအား ဧည့်ခန်းထဲတွင်တွေ့ရသည်။ ခါးတစ်ဖက်ကို လက်ကလေးနှင့်ဖိထောက်ထားရင်း ထိုင်နေရမလို ထနေရမလိုနှင့် မျက်နှာလေးရှုံ့နေသည်။

'ရက်မစေ့သေးဘူး၊ တစ်ပတ်လောက်လိုသေးတယ် မိသက်ရဲ့၊ မေမေ မာညိုဗိုက်နာတာ ကလေးမွေးချင်လို့လား၊ ဝမ်းသွားချင်လို့လား၊ ဘာမှန်းလဲ မသိဘူး မကြီးရဲ့၊ ပြောစမ်းပါ'

အမာညိုသည် သူ့ကိုယ်သူ ကလေးမွေးတော့မည်ဟု ထင်ဟန်မတူချေ။ သို့သော်လည်း သူ့ကို ညတွင်းချင်းပင် ဆေးရုံပို့ကြရသည်။ နံနက် လင်းအားကြီးတွင် အမာညိုသည် သူတို့အားလုံးအတွက် ချစ်စရာသား ယောကျာ်းလေး တစ်ဦးကို ဖွားမြင်ပေးခဲ့လေသည်။

*

'သမီးလေးဗျ သမီးလေး၊ ကိုကျော်ထွန်းညိုရေ ခမီးခမက်တော်ကြစို့ရဲ့'

ဒေါက်တာမိုးသူ၏အသံအဆုံးတွင် စူးစူးဝါးဝါး အော်ငိုလိုက်သော ကလေးသံလေးကို ကြားရသည်။

ထိုင်လိုက်ထလိုက်နှင့် ဂနာမငြိမ်ဖြစ်နေသောကျော်ထွန်းညိုသည် မွေးခန်းထဲသို့ စွတ်ခနဲပြေးဝင်သွားသည်။ ဒေါက်တာမိုးသူသည် ဘဲကင်နီနီလေးနှင့် တူသောအရာဝတ္ထုတစ်ခုကို မြှောက်၍ ဇောက်ထိုးကိုင်ထားသည်။ "အူဝဲ အူဝဲ ဝဲ ဝဲ" ဟူသောအသံလေးသည် ထိုအရာဝတ္ထုလေးဆီမှ ထွက်ပေါ်နေခြင်းဖြစ်သည်။

ကျော်ထွန်းညိုသည် အညစ်အကြေးများ ပေကျံနေဆဲဖြစ်သော ဘဲကင်ကလေးနှင့်တူသော သူ့ရင်သွေးငယ်ငယ် ပိစိကွေးလေးအားကြည့်ရင်း ပီတိတွေဖြာလာသည်။

'အို ဘယ့်နှယ် မွေးခန်းထဲဝင်လာရတာလဲ၊ ထွက်ပါရှင်'

ဆရာမလေးတစ်ဦးက သူ့နားမှကပ်၍ ပြောလိုက်သော်လည်း သူက အရေးမစိုက်အားချေ။ မွေးစင်ပေါ်မှ သက်သက်ဆီသို့ပြေးသွားသည်။

'သက် သက် မိသက်'

'ကိုကိုရယ်'

သက်သက်သည် မျက်ရည်စများကြားမှပြုံးရင်း သူ့လက်များကို ပြန်ပြီး ဆုပ်ကိုင်ထားသည်။ ဖြူရော်နေသော မျက်နှာလေးတွင် ချွေးသီး ချွေးပေါက်လေးများ စို့ထွက်နေလေသည်။ သူက ချွေးစလေးများကို လက်ဝါးနှင့်တယုတယ သပ်ကာ သုတ်ပေးလိုက်သည်။

'မိန်းကလေးတဲ့ ကိုကို'

'ဟုတ်တယ်၊ မိန်းကလေးတဲ့၊ သမီးလေး အမေတူ သမီးလေး'

သက်သက်က ပြုံးလိုက်သည်။ အနိုင်ယူသော ကျေနပ်ပြုံးလေးဖြစ်သည်။ သက်သက်စပြီး ကိုယ်ဝန် ရှိစဉ်ကတည်းကပင် သမီးယူမလား၊ သားယူမလား ပြဿနာကို သူတို့ငြင်းခုန်ခဲ့ကြသည်။ သက်သက်က သားလေးလိုချင်သော်လည်း ကျော်ထွန်းညိုကမူ သမီးဦးကလေးသာလိုချင်သည်။ သို့မှသာလျှင် အမေနှင့်နီးနီးကပ်ကပ် တိုးတိုးဖော်လေးရမည်ဟု အကြောင်းပြခဲ့သည်။ ခုတော့ သက်သက်သည် သူ့အလိုကျ သမီးငယ်ကလေးကို မွေးဖွားပေးခဲ့ပေပြီ။

'ဟော့လူ မွေးခန်းထဲ ယောကျာ်းမဝင်ရဘူးလေ၊ ထွက်ဗျ'

'မထွက်ဘူးဗျာ'

'ထွက်ဗျာ၊ ခင်ဗျားမိန်းမကို ပြန်ပြီးချုပ်ပေးရဦးမယ်၊ လိမ္မာသားနဲ့ ထွက် ဒီလိုဂျစ်ကျနေရင် ခင်ဗျားသမီးနဲ့ ကျုပ်သားကို မပေးစားဘူးဗျနော် ဟင်း'

ဒေါက်တာမိုးသူကရယ်မောရင်း ကြိမ်းသည်။ ထို့နောက် ရေချိုးသုတ်သင်ပြီးစနီတာရဲလေးကို ပြသည်။ သမီးလေးသည် လောကကြီးကို မျက်လုံးလေး အပြူးသားနှင့် လှမ်းကြည့်နေလေသည်။ နက်မှောင်အိထွေးသော ဆံပင်များသည် သူ့မိခင်၏ဆံပင်များနှင့်တူလေသည်။ မျက်လုံးလေးကို အစွမ်းကုန်ဖွင့်ရင်း ဟိုကြည့် ဒီကြည့်၊ ကြည့်နေပုံလေးမှာ 'ဟိုဟာဘာလဲ၊ ဒီဟာဘာလဲနှင့် တမေးတည်း မေးကာ စပ်စုတော့မည့်ဟန်လေးဖြစ်သည်။

'ကိုကို အပြင်ထွက်လေ'

သက်သက်က လှမ်းပြောသောအခါမှ သူသည် အခန်းအပြင်ဘက်သို့ ပြန်၍ထွက်လာခဲ့သည်။ ရန်ကုန်သို့သံကြိုးရိုက်ကာ အကြောင်းကြားရဦးမည် ဖြစ်ကြောင်း သတိရလာသည်။ သို့သော်လည်း သူတို့သားအမိနားမှ မခွာလိုသေးသောကြောင့် ခေတ္တပြန်၍မေ့ထားလိုက်သည်။

'ငါ ကလေးအဖေဖြစ်ပြီ၊ လူကြီးဖြစ်ပြီ'

ကျော်ထွန်းညိုသည် ခုံတန်းလျားလေးပေါ်တွင်ထိုင်ရင်း စဉ်းစားနေမိသည်။ လူကသာ ငြိမ်နေသော်လည်း သူ့စိတ်များကမူ စင်္ကြံလမ်းတစ်လျှောက် ဟိုဘက်ဆုံးမှ ဒီဘက်ဆုံးရောက်အောင် ကျွမ်းလိုမ့်ထိုး၍နေမိလေသည်။

ခုမှပင် သတိရတော့သည်။ သမီးလေးတွင် ခြေချောင်း လက်ချောင်း ကလေးများ အစုံအစေ့ပါရဲ့လား။ သူ မကြည့်မိသေးပေ။ သူ့ ရင်သွေးငယ်သည်

အင်္ကျီမစုံလေးဖြစ်မည်ကို သူ အစိုးရိမ်ဆုံးဖြစ်သည်။ ခြေနှစ်ဖက်ရော အနိမ့်အမြင့်မှ ညီရဲ့လား မသိရပေ။ သူ့ရင်ထဲတွင် ထူထူပူပူကြီးဖြစ်သွားသည်။ နေရာမှ ဆတ်ခနဲထကာ မွေးခန်းဝသို့ပြေးသွားမိပြန်သည်။ အခန်းဝသို့ရောက်သောအခါ ခြေလှမ်းတန့်သွားသည်။ ဒီတစ်ခါထပ်ဝင်သွားလျှင် ထပ်၍အော်ခံရဦးမည်ဖြစ်သည်။ အင်ဂျင်နီယာရင့်မကြီးတစ်ယောက်လုံးလုပ်နေပြီး ဆေးရုံစည်းကမ်းမလိုက်နာသောကြောင့် ခဏခဏအော်ခံနေရမည်ဆိုပါက မကောင်းလှချေ။

'ဟော ဆရာမ'

ဆရာမလေးတစ်ဦး အခန်းထဲမှထွက်အလာတွင် ကျော်ထွန်းညိုက တော်၏မတော်၏မစဉ်းစားနိုင်ဘဲ လက်ကိုဖမ်းဆွဲလိုက်သည်။ ချိုသာသောမျက်နှာလေးကို မှတ်မိသည်။ သူက သိသိ မသိသိ သူ့ကိုတော့ သိနေလိမ့်မည်ဟု သူထင်သည်။ သက်သက်သည် သူတို့နှင့်အတူတူလုပ်ဖော်ကိုင်ဖက် ဖြစ်၍ သက်သက်၏ခင်ပွန်းဖြစ်သည်ကိုတော့ သူတို့သိကြလိမ့်မည်ဖြစ်သည်။

'ဟို ဟို ကလေးမှာ အင်္ကျီစုံရဲ့လားဟင်'

ဆရာမလေးသည် သူ့ကိုအံ့သြသလိုကြည့်နေမိပြီးမှ သဘောပေါက်လာသလို ရယ်သည်။ သားဦးတွင် ရှုးတတ်ကြသော အူကြောင်ကြောင်ဖခင်များကိုလည်း မကြာခဏတွေ့ဖူး၍ ရိုးနေလောက်ပေပြီ။

'လက်က နှစ်ချောင်း၊ လက်ချောင်းလေးတွေက ဆယ်ချောင်း၊ နောက်ပြီး ခြေကနှစ်ချောင်း၊ ခြေချောင်းလေးတွေက ဆယ်ချောင်း၊ ခေါင်းကတော့တစ်လုံးထဲပဲ'

ဆရာမလေးသည် ဟာသနှောကာပြောရင်း ရယ်သည်။ ကျော်ထွန်းညိုက စိတ်အေးသွားသလို သက်ပြင်းချလိုက်သည်။

'ခင်ဗျားက ရင်ချင်းဆက် အမြွှာလိုချင်လို့လား ကိုကျော်ထွန်းညို၊ မနန်းစိုး မနန်းစံကလည်း ပုသိမ်နယ်ကမို့ အားကျနေသလား'

ဒေါက်တာမိုးသူက မွေးခန်းထဲမှထွက်လာသည်။ ဆယ်တန်းအောင်ပြီးကတည်းက ကွဲသွားသောသူငယ်ချင်းကို အလုပ်ဝင်ခါမှ တစ်ရပ်တစ်ရွာတွင်ပြန်၍ဆုံမိတော့သည်။ ထို့ကြောင့် ဗိုက်နာ ခေါင်းကိုက်မှအစပြု၍ သူ့ကို အားကိုးအားထားပြုရသည်။ အိမ်သူသက်ထားက အဝေးတစ်မြို့တွင်ရောက်နေသဖြင့် အစားအသောက်ဆင်းရဲသော ဒေါက်တာမိုးသူကလည်း အိမ် ထမင်း အိမ်ဟင်း အစား ကောင်းကောင်းလေးစားချင်တိုင်း သူတို့နှစ်ဦးဆီသို့ပေါက်ချလာတတ်

လေသည်။

‘ကဲ စိတ်ချပြီးပြန်တော့ကိုယ့်လူ၊ မနက်ကျမှ လာခဲ့ပေတော့’

‘အစောကြီးရှိသေးတာပဲ’

‘မစောဘူးဗျ မိုးချုပ်ပြီ၊ သူ့အတွက် ခါတ်ဗူးတို့ အင်္ကျီလုံချည်အပိုတို့ ရော’

‘အဲဗျ ဟုတ်သားပဲ’

‘အဲဒါတွေ ပြန်ယူဦး’

ကျော်ထွန်းညိုသည် အိမ်သို့ ခပ်သွက်သွက်ပြန်လာခဲ့သည်။ ဆေးရုံ တက်လျှင် လိုအပ်မည့်ပစ္စည်းလေးများကို သက်သက်သည် ခြင်းတောင်းတစ်လုံး ထဲတွင် ကြိုတင်၍ထည့်ထားခဲ့သည်။ အစပိုင်းက သက်သက်သည် ရန်ကုန်ပြန်၍ မွေးဖွားမည်စိတ်ကူးသေးသည်။ သို့သော်လည်း “သက်မွေးနေတုန်း ကိုကိုဘေး နားမှာ ရှိချင်တယ်ကွယ်” ဟူသောစကားတစ်ခွန်းကို ကျော်ထွန်းညိုက အမှတ် မထင်ပြောလိုက်မိသဖြင့် သူသည် ရန်ကုန်သွားရန် စိတ်မကူးတော့ဘဲ ပုသိမ်တွင် ပင် မွေးရန် ဆုံးဖြတ်ချက်ချလိုက်လေသည်။ သက်သက်၏ အမေက လာမည်ဟု ပြောခဲ့သော်လည်း သူ့ဖခင် အတန်ငယ် နေမကောင်း ဖြစ်နေသောကြောင့် ရောက် မလာနိုင်သေးပေ။ ကျော်ထွန်းညို၏မိခင်မှာကား အမာညို ကလေးထိန်းနေရ သည်နှင့်ပင် မောလှချေပြီ။

‘မိညိုက ယောကျ်ားလေး ငါက မိန်းကလေးတဲ့၊ မိညိုကောင်ကတော့ မိညိုနဲ့အတော်တူတယ်၊ မွေးလာကတည်းက ပြောင်စပ်စပ်နဲ့ ငါ့သမီးကတော့ ညီလင်းနဲ့ နည်းနည်းဆင်သလိုပဲ၊ ဟောဗျာ ဘယ်နပေါင်ရှိလဲ မမေးခဲ့မိပြန်ဘူး၊ ကလေးလေးကသေးတော့ သေးသေးလေးရယ်၊ အေးလေ ဒီလောက်ပဲနေမှာ ပေါ့၊ ဒီထက်ကြီးလည်း မွေးရတဲ့သူ သေရောပေါ့’

ကျော်ထွန်းညိုသည် ဟိုတွေး ဒီတွေး တွေးရင်း သံကြိုးရုံးထဲသို့ဝင်လိုက် သည်။ အမာညို မျောက်မက မျောက်ကလေးတစ်ကောင်မွေးထားသည်ဟု မေမေ ကြီးက အချိန်ပြည့်ညည်းနေတတ်သည်။ အမာညို၏သားတော်မောင်ကိုလည်း ညီလင်းက “ဟနုမာန်”ဟု ကြံကြံဖန်ဖန် အမည်ပေးထားသည်။ မီးတောက်အောင် ဆော့လွန်း၍ မျောက်အမည်ပေးထားခြင်းဖြစ်သည်ဟု ဆိုသည်။ ပေါက်ကျိုင်းနှင့် အမာညိုတို့က တဆူဆူတည့်ညံနှင့်ကန့်ကွက်ကြသော် လည်း ထိုအမည်သည် အတည်ဖြစ်ပြီး လူတိုင်းနှုတ်ဖျားတွင် စွဲနေလေသည်။ “သားကြီးရယ် မိန်းကလေး

ပဲ လိုချင်တယ်၊ သက်သက်လို အေးအေးဆေးဆေး မိန်းကလေးမျိုး”ဟု တဖွဖွ ပြောခဲ့သော မေမေနှင့်မေမေကြီးတို့ကမူ မိသက်က သမီးလေးမွေးကြောင်းသိလျှင် အလွန်ကျေနပ်ဝမ်းသာသွားကြမည်ထင်သည်။

'အင်း ငါ့သမီးကို ညီလင်းတွေ့ရင် ဘာနာမည်များမှည့်ဦးမယ်မသိဘူး'

ကျော်ထွန်းညိုသည် သံကြိုးရိုက်ရန် စကားလုံးစဉ်းစားနေစဉ် ညီလင်းကို သတိရမိသေးသည်။ ထို့နောက် အစိုးမရသောစိတ်အစဉ်က စုလှိုင်ဆီသို့ လှစ်ကနဲ ရောက်သွားသည်။ စုလှိုင်၏ဝမ်းကြာတိုက်တွင် သန္ဓေတည်ခဲ့သော ညီလင်း၏သွေးသည်လည်း လူ့ပြည်သို့ရောက်ခွင့်ရလျှင် ချစ်စရာ ကလေးငယ်လေးသာ ဖြစ်ပေလိမ့်မည်။

'လေယာဉ်ကွင်းက အတက် ပျက်တာတဲ့၊ ပင်လယ်ထဲ ထိုးကျသွားတယ်လို့ ပြောတာပဲ'

ကြေးနန်းလက်ခံသူက အခြားတစ်ဦးကိုပြောနေသည်။ ကျော်ထွန်းညိုကို စကားလုံးစီရန် စာရွက်ကလေးတစ်ရွက် ကမ်းပေးလိုက်ရင်း သူ့စကား ကိုသူ ဆက်ပြောသည်။

'ခရီးသည်တွေ ရှင်ဖို့တော့ ဘယ်လွယ်မလဲ'

'ဘာလဲဟင် လေယာဉ်ပျက်လို့လား'

ကျော်ထွန်းညိုက ဝင်မေးမိသည်။

'ဟုတ်တယ်၊ သံတွဲက အတက်လေ၊ မဇင်လေဆိပ်မှာပေါ့၊ ပင်လယ်ထဲ ထိုးကျသွားတာတဲ့'

'ဟုတ်လား ကျွတ် ကျွတ်၊ ခရီးသည်တွေတော့ နည်းမှာမဟုတ်ဘူး'

သံတွဲတွင် အသိရှိမရှိ စိတ်ထဲမှအပြေးအလွှားစဉ်းစားလိုက်မိသည်။ အမှတ်ရသလောက်တော့ မရှိပေ။ သူကိုယ်တိုင်လည်း သံတွဲသို့ တစ်ခါတစ်ခေါက်မျှ ရောက်ဖူးသူမဟုတ်ပေ။ ထို့ကြောင့် စိတ်မကောင်းဖြစ်မိသော်လည်း သိပ်တော့ လေးလေးနက်နက် နင့်နင့်နဲနဲကြီး ဖြစ်မသွားချေ။ မူလကိစ္စ ဖြစ်သော သံကြိုးရိုက်ရေးကို ပြန်သတိရသောအခါ စာရွက်လွတ်ပေါ်တွင် တိုတိုနှင့် လိုရင်းရောက်စေရန် စာစီကြည့်ရင်း လေယာဉ်ပျက်ကိစ္စသည် ခေါင်းထဲမှ ထွက်သွားသည်။

'သက်၊ မိန်းကလေးမွေး၊ နှစ်ဦးလုံး ကျန်းမာ'

*

'ဘာပြောတယ်၊ လေယာဉ်ပျက်တယ် ဟုတ်လား၊ မာမီပါသွားတယ်ဟုတ်လား ဟင် ဟင် ဟုတ်ရဲ့လား'

စုလှိုင်က အော်ဟစ်၍ပြောလိုက်သည်။ သူ့ရှေ့တွင်ရပ်နေသော ဒက်ဒီကို မမှတ်မိတော့သလို ပြူးကြောင်၍ကြည့်နေသည်။ ဒက်ဒီဘေးတွင် ဖြူရော်ဖျော့တော့သောမျက်နှာတစ်ခုကိုတွေ့ရသည်။ ထိုမျက်နှာကို အတန်ကြာအောင် ငေးကြည့်နေမိပြီးမှ ဖရက်ဒီဖြစ်ကြောင်းကို သူ့ဦးနှောက်က အသိပေးလာသည်။

'ဟုတ်တယ် စု၊ မာမီလည်းပါသွားတယ်'

'မာမီ၊ စုမာမီလား'

'စုမာမီရော၊ ကိုယ့်မာမီရော'

ဖရက်ဒီက တုန်ယင်စွာပြောသည်။ စုလှိုင်မယုံချင်။ မာမီနှင့်အန်တီကြည်တို့သည် ငပလီသို့အပန်းဖြေရန် သွားကြသည်။ အလုပ်များသော ဒက်ဒီကလည်း လိုက်မသွားနိုင်။ စာမေးပွဲနီးလှပြီဖြစ်သော စုလှိုင်ကလည်း လိုက် မသွားနိုင်ပေ။ သူတို့အဖွဲ့ထဲတွင် ယောကျ်ားနှစ်ဦးပါသွားမည်ဖြစ်သည်ကိုလည်း အလိုလို သိနေသည်။

'မာမီတစ်ပတ်လောက်ပဲ ကြာမှာပါ စု၊ ငပလီမှာ ဒီအချိန်က ရေကူးလို့လည်း မကောင်းပါဘူး၊ အဖော်ကောင်းလို့သာ လိုက်သွားတာ၊ စုအတွက် ခရုပုတီးလှလှလေးတွေဝယ်ခဲ့မယ်' ဟုပြောသွားခဲ့သည်။ မာမီတို့ ယနေ့ပြန်လာမည်ဟူသောသံကြိုးကိုရသည်ဟု ဖရက်ဒီက နေ့ခင်းကပြောသေးသည်။ စုလှိုင်လိုက် မကြိုဟုသာ ပြောလိုက်သည်။ စာမေးပွဲနီးလှပြီမို့ စာကိုသာအလေးပေး၍ ကျက်နေသည်။ "ဖိုး" ကိုပင် ကြိုးစားပြီး မသောက်ရှုဘဲနေသည်။ တတ်နိုင်သမျှ လျှော့၍ သုံးသည်။ နောက်ဆုံးနှစ်စာမေးပွဲကို အမှတ်ကောင်းကောင်းနှင့် အောင်မြင်လိုသောကြောင့်ဖြစ်သည်။ စုလှိုင်သည် နေရာတကာ သူများထက်သာခဲ့သူမို့ သူတစ်ပါးက သူ့ထက်သာကာ အမှတ်ကောင်းကောင်းရသွားမည်ကို စိုးရိမ်စိတ်အပြည့်ရှိသည်။ ရှင်းရှင်း ပြောရလျှင် စုလှိုင်စာကျက်သည်မှာ ပညာကို တန်ဖိုးထားလှသောကြောင့် မဟုတ်ချေ။ သူများထက်သာလိုသောကြောင့် ဖြစ်သည်။

'စု ကြောင်မနေနဲ့'

ဒက်ဒီက စုလှိုင်၏ပခုံးကို ကိုင်လှုပ်လိုက်သည်။ စုလှိုင်သည် ဆတ်ခနဲတုန်သွားပြီး ခုနတုန်းက သူတို့ပြောသောစကားကို ပြန်လည်အမှတ်ရသည်။

လေယာဉ်ပျက်သည်တဲ့၊ မာမီပါသွားသည်တဲ့။

'မာမီ မာမီ အို မာမီ'

'စိတ်ခိုင်ခိုင်ထား စု'

လေယာဉ်ပျက်ရာတွင် မာမီပါသွားသည်။ ထိုထက်ဆက်ပြီး စုလှိုင် မတွေးရဲပေ။

'အို မာမီ ဘာဖြစ်သွားလဲ'

'သေဖို့များတာပေါ့ စုရယ်၊ ဘယ်တတ်နိုင်မှာလဲ'

အခန်းဝတွင်ရပ်နေသော ထွန်းက သူတို့ကို မျက်လုံးလေးအဝိုင်းသား နှင့် ကြည့်နေသည်။ သူ့ဘေးမှ မအေးတင်ကမူ မျက်ရည်တွေစီးကျလာကာ အခန်းထဲပြေးဝင်လာလေသည်။

'မမသေပြီ ဟုတ်လား၊ အမလေး မမရဲ့'

စုလှိုင်သည် ရှိုက်ငင်နေသောမအေးတင်ကိုကြည့်ကာ နောက်ဘက် သို့ ထိတ်လန့်တကြားဆုတ်လိုက်သည်။ သူတို့အားလုံးကို ရန်သူလိုကြည့်ကာ စူးစူးဝါးဝါးအော်လိုက်သည်။

'ဘာ သေရမှာလဲ၊ ဘယ်သူသေရမှာလဲ၊ မသေဘူး'

မာမီသည် စုကို ဘယ်သောအခါကမှ တယုတယဂရုစိုက်ခဲ့သူတော့ မဟုတ်ချေ။ မာမီ့ရင်ခွင်တွင် စုလှိုင် မခိုဝင်ခဲ့ရဖူးချေ။ သို့သော်လည်း မာမီ့ကို ဤကမ္ဘာ ဤလောကကြီးတွင် သက်ရှိထင်ရှားရှိစေလိုသည်။ ခရေပင်ပေါ်မှ ခရေပန်းလေး ဖြုတ်ခနဲကြွေကျသွားသလို သူ၏မာမီသည် ရုတ်တရက်သေကျေ ပျောက်ကွယ်သွားပြီဟုဆိုသည်ကို လက်မခံနိုင်ချေ။

'စု စိတ်ကိုငြိမ်ငြိမ်ထားမှပေါ့'

ဒက်ဒီက ရှေ့သို့တိုးလာသည်။ ဒက်ဒီ၏မျက်ဝန်းများသည် နီကြင် နေပြီး ထူဝန်းပြည့်ဖြိုးသောနှုတ်ခမ်းသည် ဖြူရော်ခြောက်သွေ့နေလေသည်။

'ဘာလို့ ကယောင်ချောက်ချားဖြစ်နေရတာလဲ သမီးရယ်၊ အမှန်တရား ကို လက်ခံစမ်းပါ'

ဒက်ဒီက စုကိုမခေါ်စဖူး သမီးဟု လှိုက်လှဲသောအသံနှင့်ခေါ်သည်။ ဖရက်ဒီသည် ကုလားထိုင်ပေါ်သို့ထိုင်ချလိုက်ရင်း နံရံပေါ်မှပြက္ခဒိန်ကိုငေးကြည့် နေလေသည်။ သို့သော် မြင်ပုံမရချေ။ သူ့မျက်လုံးအိမ်တွင် မျက်ရည်များနှင့် ရီဝေနေသည်။

စုလှိုင်၏ဒူးများသည် ရုတ်တရက် ယိုင်ညွှတ်လာသည်။ အားအင်ကုန်ခန်းသွားသလို မောပန်းဟိုက်နွမ်းလာသည်။ စိတ်ထဲမှနေပြီး "မာမီသေပြီ၊ မာမီမရှိတော့ဘူး"ဟု အော်ဟစ်နေမိလေသည်။

'မ မ'

ထွန်းသည် စုလှိုင်၏ဘေးတွင်ရပ်ကာ မော်ကြည့်နေသည်။ စုလှိုင်ပြုံလဲလာပါက ဆီးဖမ်းတော့မယောင် လက်ကလေးအသင့်ပြင်ကာ ရွှယ်ထားရင်း မျက်ရည်ဝိုင်းနေသည်။

'မာမီသေပြီတဲ့ ထွန်းရယ်'

'မေမေ့လို အိပ်သွားတာလား'

'အင်းလေ အင်းပေါ့'

နဂိုကတည်းက အားနည်းကာပိန်နေသော စုလှိုင်၏ကိုယ်လုံးလေးသည် ကြည့်ရင်းကြည့်ရင်း ပိုပြီးပိန်သွားဟန်ရှိသည်။ ဖြူရော်ဖျော့တော့သော မျက်နှာလေးတွင်မူ သွေးတစ်စက်မျှရှိပုံမရတော့ချေ။

'ဘယ်တတ်နိုင်မှာလဲ သမီးရယ်၊ လူဆိုတာ သေမျိုးချည်းပဲဟာ၊ တရားနဲ့ဖြေရမှာပေါ့'

စုလှိုင်က နံရံကိုမှီထားကာ မူးဝေလာစဉ် ဒက်ဒီကတရားသံနှင့်ပြောသည်။

စုလှိုင်သည် ကျားသစ်မလေးလိုမာန်ဖီရင်း ဒက်ဒီ့ကို စူးစူးဝါးဝါးလေးကြည့်မိသည်။ ထို့နောက် ဒက်ဒီ့ကို တစ်သက်နှင့်တစ်ကိုယ် ပထမဦးဆုံး အကြိမ်နှင့်နောက်ဆုံးအကြိမ်အဖြစ် ရန်သူလိုကြည့်ပြီး ဒေါသတကြီးရန်တွေ့လိုက်လေသည်။

'ဘာတရားလဲ၊ ဘာတရားနဲ့ဖြေရမှာလဲ၊ ဒက်ဒီကတော့ ဖြေစရာတရားတွေ သိပ်ရှိနေတာကိုး၊ တစ်ဖိုလ်ဆင်း တစ်ဖိုလ်တက်၊ ငကန်းသေရင် ငစွေရောက်လာမှာကိုး ဟုတ်လား၊ ဒက်ဒီကတော့ မယားကိုး၊ မယားသေရင် အစားဝင်မယ့်မယားတွေ အပြည့်၊ စုမှာက အမေပါ၊ အမေသေရင် အမေစားမရပါဘူး၊ ဘာတရားနဲ့ဖြေရမှာလဲ ပြောစမ်းပါဒက်ဒီရဲ့၊ ပြောစမ်းပါဦး၊ အမေ ပျောက်တဲ့ စုတို့ထွန်းတို့ကို တရားပြစမ်းပါဦး'

ဒက်ဒီသည် စုကိုထိတ်လန့်အံ့ဩစွာကြည့်ရင်း နောက်ဘက်သို့ယိုင်သွားသည်။ မသဲမကွဲ ညည်းလိုက်သောအသံကို အားလုံးကြားလိုက်ရသည်။

ထို့နောက် ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း သူ့မျက်နှာကို လက်ဝါးနှင့်အုပ်ထားလိုက်လေသည်။

စုလှိုင်သည် နံရံကိုအားပျော့စွာမှီရင်း ကြမ်းပေါ်တွင်ပင်ထိုင်ချလိုက်သည်။ ထွန်းသည် စုလှိုင်၏ဘေးတွင် ငုတ်တုတ်လေးလိုက်ထိုင်လိုက်လေသည်။ အခြေအနေအရပ်ရပ်ကို သဘောပေါက်နားလည်အောင် ဉာဏ်မမီသော်လည်း သူပါရောပြီးစိတ်ဆင်းရဲနေဟန်နှင့် ငိုမဲ့မဲ့လေးဖြစ်နေသည်။

သူ့ကိုဖျောင်းဖျနှစ်သိမ့်မည့်သူမရှိသောအခါမှ စုလှိုင်၏စိတ်တို့သည် တဖြည်းဖြည်းငြိမ်လာသည်။ အသက်ကို မမှန်မကန်လေးရှိုက်နေရင်းမှ မာမီအကြောင်းစဉ်းစားသည်။ ထို့နောက် စုလှိုင် ငိုလေသည်။

*

'သံတွဲလေယာဉ် ပျက်တဲ့အထဲမှာ စုလှိုင်အမေပါသွားတယ်တဲ့ နင်သိလား ညီလင်း'

အမာညိုကပြောသောအခါ ညီလင်းသည် ခေါင်းကို ခပ်လေးလေးညိတ်ပြသည်။ ထိုအကြောင်းကို သူ သိပြီးဖြစ်သည်။ သတင်းစာထဲတွင်လည်း အမည်စာရင်းပါသည်။

'စုလှိုင်တော့ဒုက္ခပဲ၊ သနားပါတယ်ဟယ်'

ညီလင်းသည် ဘာမှမပြောဘဲငြိမ်နေသည်။ ဘာ ပြန်ပြောရမည်ကိုလည်း စဉ်းစား၍မရချေ။ သူ့အတွက်တော့ အမှန်တကယ်ပင် စိတ်မကောင်းဖြစ်မိသည်။ မည်သို့သောအမေပင်ဖြစ်ပါစေ။ အမေပျောက်သော ရင်သွေးအတွက် အမေစားမရနိုင်ပေ။

အမာညို၏သားငယ် "ဟနုမာန်"သည် အခန်းထဲမှ ယိုင်ထိုးယိုင်ထိုးနှင့် ထွက်လာသည်။ လမ်းစမ်း၍လျှောက်ကတည်းက သူ့ကိုမည်သူမှဖေးမပြီး လက်တွဲ၍မရတော့ပေ။ တွဲလာသမျှလက်များ တွန်းလွှတ်ပြီး သူ့စိတ်နှင့်သူ့ကိုယ် ခြေလွတ်လက်လွတ်လျှောက်သည်။ တဗိုင်းဗိုင်းလဲသော်လည်း မငိုပေ။ ပေတေတေနှင့်ကုန်းထကာ ဆက်၍လျှောက်တတ်လေသည်။

'လာ လာ ဟနုမာန် ဦးညီဆီလာ'

ဟနုမာန်သည် ညီလင်းဆီသို့လာတော့မယောင် ဦးတည်လာပြီးမှ ကွေ့ထွက်သွားသည်။ သွားကျဲကျဲလေးပေါ်အောင် ပြောင်စပ်စပ်နှင့်ရယ်သွား

သည်။

'ဟော့ကောင် ဗရုတ်'

ညီလင်းက ပြုံး၍အော်လိုက်သောအခါ "ဂျာ" ဟု ထူးသည်။ စကားကို လေးလုံးကွဲအောင် မတတ်သေးသော်လည်း သူ့ကိုမည်သို့ပင်ခေါ်ခေါ် တဂျာထဲ ဂျာရင်း အတွင်ထူးတတ်လေသည်။

'သံကြိုးစာ သံကြိုးစာ'

အပေါက်ဝမှအော်သံကြားသောအခါ အကုန်လုံး ထိတ်ခနဲဖြစ်သွားကြသည်။ အသက်ကြီးသော်လည်း သူတို့အားလုံးထက် လျင်မြန်ပေါ့ပါးသော မေမေက တံခါးဝသို့ အရင်ဆုံးရောက်သွားလေသည်။

'သက်သက်မွေးပြီတဲ့ မိန်းကလေးတဲ့'

'ဟယ် မိန်းကလေးတဲ့လား'

'ဒါမှကောင်းတာ အေးအေးငြိမ်ငြိမ်လေး လာမှာ'

'ဟနုမာန်ရေ မင်းအတွက် ညီမလေးရပြီကွ'

သူတို့အားလုံး ဆူညံသွားကြသည်။ ညီလင်းသည် သူ့အနားရောက်လာသော ဟနုမာန်ကိုဆွဲဖမ်းပြီး ပေါင်ပေါ်တင်ကာ ဖက်ထားလိုက်ရင်း "ကျွန်တော် စာမေးပွဲပြီးတာနဲ့ ကိုကိုတို့ဆီလိုက်သွားမယ်" ဟု အော်လေသည်။

'အဲဒီမျောက်ကလေးဟနုမာန်ကို နိုင်နိုင်နင်းနင်းထိန်းမယ့်သူရှိရင် ငါလည်း လိုက်သွားချင်လိုက်တာ'

ပက်လက်ကုလားထိုင်တွင် ပုတီးစိပ်နေသော မေမေကြီးက ဘာမှဝင်မပြောဘဲ ကျေနပ်ပြုံးသာပြုံးနေသည်။ မေမေကြီးသည် ယခုတလော၌ ယခင်ကလောက် လှုပ်လှုပ်ရှားရှား မလုပ်နိုင်တော့ပေ။ အသားအရေများလည်း ပိုမိုလျော့ပါးပြီး အိတွဲလာသည်။ ဟနုမာန်ကမူ ထိုပျော့တွဲနေသော လက်မောင်းသား အိအိကြီးများကိုကိုင်ရသည်ကို အလွန်သဘောကျလေသည်။

'ညီလင်းနော် နင်ပဲကျန်တော့တာ'

'ယူတာက လွယ်ပါတယ် မမရယ်၊ မယူဘဲ နေရတာကသာ အင်မတန် ခက်တာ'

'အေးလေ မစွံတော့လည်း ပြောဦးပေါ့'

'ဟဲ့ ငါ့မြေးကလေး လိမ်လိမ်မာမာနေတာ ဘာမနာလိုဖြစ်နေရတာလဲ မိညိုရဲ့၊ ညည်းလို မိုက်စေချင်လို့လား'

'မိုက်တယ်ဆိုတာက လွယ်ပါတယ် နော် မေကြီးရယ်'

ညီလင်းသည် ရယ်မော၍ပြောနေရသော်လည်း ရင်ထဲတွင်မူ စစ်ခနဲ စစ်ခနဲ နာကျင်သွားလေသည်။ "ကျွန်တော့ရင်သွေးလေးကိုသာ စုလှိုင်က လူ့ပြည်ရောက်ခွင့်ပြုခဲ့ရင် ဟောဒီဟနုမာန်လေးနဲ့အသက်မကွာပါဘူးဗျာ" ဟု စိတ်ထဲမှကျိတ်ပြီးအော်ဟစ်ရင်း မျက်ရည်ဝဲချင်လာသည်။

'နင် ဖြူပြာဆိုတဲ့ကောင်မလေးနဲ့ ကြိုက်နေတယ်ဆို'

'မကြိုက်ပါဘူး၊ ရှိတ်ရုံပါ'

ပေါင်ပေါ်တွင် ငြိမ်ငြိမ်ထိုင်နေရသည်ကို ဟနုမာန်က လုံးဝ မနှစ်သက်ပေ။ အတင်းလျှောဆင်းနေသည်။ ညီလင်းကမလွှတ်ဘဲ တင်းတင်းလေး ဖက်ထားသည်။

'မိန်းမယူဖို့ မလွယ်သေးပါဘူးဗျာ၊ အောင်ရင် အလုပ်က ဘယ်မှာနေမှန်း မသိသေးဘူး၊ ဖေဖေပြောလို့ အလုပ်သမားမှတ်ပုံတင်တော့ တင်ထားတာပဲ'

'နင် အိုတီအက်စ် တက်ပါလား'

'အင်း တက်တော့ တက်ချင်တာပဲ၊ ဒါပေမဲ့ အောင်ဦးမှကိုး၊ စစ်ဗိုလ်ဖြစ်ချင်ပေမယ့် စစ်တော့မတိုက်ချင်ဘူး မမရ'

'သူကတောင် စစ်ဗိုလ်လုပ်ချင်တယ်၊ စစ်ထဲဝင်ချင်တယ်ဖြစ်နေတယ်'

အမာညိုသည် သူ၏အိမ်ဦးနတ် မောင်ပေါက်ကျိုင်းကို ပေါက်ကျိုင်းဟု ခေါ်နေရာမှ လူကြားမကောင်းဖြစ်လာသောကြောင့် ဆင်ခြင်သည်။ ရှေ့တင်ဆိုလျှင် သံပြတ်နှင့်ခေါ်ပြောဆက်ဆံကာ ကွယ်ရာတွင်မူ ပေါက်ကျိုင်း ဟူသော နာမ်အစား သူ ဟူသောနာမ်စားကို အသုံးပြုထားလေသည်။

'မမတို့က အောင်တာနဲ့အလုပ်ရမှာ၊ ဘာစဉ်းစားနေရသေးလဲ၊ ကိုတင်ထွန်းမောင်ကတော့ အစောကြီးကတည်းက အလုပ်သမားမှတ်ပုံတင်လုပ်ထားတယ်၊ အောင်ပြီးအလုပ်မရရင်တော့ မော်လမြိုင်ဆင်းမယ်တဲ့'

"ဘာလုပ်ဖို့"

'မှောင်ခိုလုပ်မယ်တဲ့၊ အဲဒါက စားသာတယ်တဲ့၊ အား ခွေးကလေး'

ဟနုမာန်သည် သူ့ကိုဖမ်းချုပ်ထားသော ညီလင်း၏လက်ကို ကုန်း၍ကိုက်သည်။ လက်လွတ်သွားသောအခါမှ ပေါင်ပေါ်မှလျှောဆင်းကာ ယိုင်ထိုးယိုင်ထိုးနှင့်ထွက်ပြေးသွားလေသည်။ ထို့နောက် သူ့ကိုမျက်မှောင်ကုတ်၍ ကြည့်

နေသောညီလင်းကို လှည့်ကြည့်ပြီး သွားအကျဲသားနှင့် တဟဲဟဲရယ်ပြလေသည်။

'ခွေးကောင် ဗရုတ်ကလေး'

'ဂျာ'

ဟနုမာန်သည် သူ့ဝတ္တရားမပျက်ထူးလိုက်ရင်း အိမ်ဦးခန်းတွင် သတင်းစာဖတ်နေသော ဖေဖေ့ဆီသို့ပြေးသွားလေသည်။

"အင်း ငါ့ရဲ့မတော်လိုက်ရတဲ့ ယောက္ခမကြီးတော့ ဆုံးသွားပြီပေါ့၊ စုတော့ စိတ်ညစ်နေမှာပဲ၊ သူကလည်း ဘယ်လိုလဲမသိဘူး၊ ယောကျ်ားယူချင်လည်း ယူဖို့ကောင်းပြီ၊ တစ်ယောက်ယောက်ကို သတ်သတ်မှတ်မှတ်ပေါ့၊ ခုတော့ ထင်ရာလုပ်နေသလိုပဲ၊ ခုတလောတော့ ဘယ်သူနဲ့မှတွဲတယ် မကြားဘူး၊ ဟို တလောကတော့ အဝေးကတွေ့လိုက်တယ်၊ သိပ်ပိန်တာပဲ'

ညီလင်းသည် စုလှိုင်အကြောင်းတွေးမိပြန်သည်။ စုလှိုင်၏ဘဝကို အေးချမ်းသာယာစေချင်သောစေတနာတော့ အပြည့်ရှိသည်။ စုလှိုင်ကို အပြည့်အဝ နားမလည်သော်လည်း တစ်ပိုင်းတစ်စတော့ နားလည်သည်ဟု ထင်သည်။ ထို့ကြောင့် လုံးလုံးလျားလျား မသနားသော်လည်း သနားစိတ်တော့ အတန်ငယ်ရှိသည်။

'ညီလင်း၊ နင် အယ်မာထွေး သိတယ်မဟုတ်လား'

'သိပါဘူး'

'ငါတို့ဆယ်တန်းတုန်းက တူတူပဲ၊ ဆံပင်တိုတိုလေးနဲ့ ချစ်စရာလေး၊ နင်တောင် တစ်ခါက ကြိုက်တယ် ပြောဖူးသေးတယ်'

'အင်း အင်း ထားပါတော့၊ အဲဒါဘာဖြစ်လဲ'

'အဲဒါလေ သူက စုလှိုင်အဖေကြီးနဲ့ဖြစ်နေတယ်တဲ့'

'ဟာဗျာ မမ သူငယ်ချင်းဆို၊ စုလှိုင်ရဲ့သူငယ်ချင်းပဲပေါ့'

'အေးလေဟယ်၊ သူ့သမီးသူငယ်ချင်းပေါ့၊ အယ်မာက ခေတ်ဆန်တယ်လေ၊ လှလည်းလှတယ်လေ၊ အခု ရုပ်ရှင်မင်းသမီးပေါက်စပေါ့၊ အဲလေ ရုပ်ရှင်ရှုးပဲရှိဦးမှာပေါ့၊ အဲဒီမှာ အဘိုးကြီးနဲ့တွေ့ကြတာလို့ပြောတယ်၊ စုလှိုင် စိတ်ထဲမှာတော့ ဘယ်လိုနေမယ်မသိဘူး'

'အဘိုးကြီးကလည်း သောင်းကျန်းလိုက်တာဗျာ'

'အေးဟယ်၊ အခုဆို မိန်းမကြီးသေသွားပြီဆိုတော့ ဘယ်နံ့ပါတ်များ

ရှေ့တက်မယ် မသိဘူး’

ထိုစဉ် ပေါက်ကျိုင်းက အပြင်မှပြန်လာလေသည်။ သူ့လက်ထဲတွင် ပါလာသော စာရွက်လိပ်များ၊ ပုံဆွဲကိရိယာများကို အခန်းထဲထိ တန်းပြီး သယ်သွားလေသည်။ ဘွဲ့ယူစစ်တမ်းအတွက် လိုအပ်သောပစ္စည်းများကို ဝယ်ခြမ်းပြီး ပြန်လာခြင်းဖြစ်သည်။

‘ဟော့ သက်သက်က မိန်းကလေးမွေးတယ်တဲ့’

‘ဟုတ်လား၊ ယောက်ျားလေးဆိုရင် ကောင်းမှာကွာ၊ ဟနုမာန်နဲ့ အဖော်ရတာပေါ့’

ပေါက်ကျိုင်းသည် သူ့သားလေးကို သူတစ်ပါးက ဟနုမာန်ခေါ်တိုင်း နားကြားပြင်းကတ်မိသော်လည်း သူကိုယ်တိုင်ကမူ ဟနုမာန်ဟုပင် ထာဝစဉ် ခေါ်မိလေသည်။

‘ဟော့ ဟီးရိုးအင်း သောက်ဖူးလား ညီလင်း’

အခန်းထဲမှပြန်ထွက်လာပြီး ညီလင်းဆောသို့လာထိုင်ကာ တိုးတိုးလေး မေးလေသည်။ နားစွန်နားဖျားကြားလိုက်သော အမာညိုကလည်း သူတို့ဆောသို့ ကပ်လာသည်။

‘ဟင့်အင်း’

‘ငါသောက်ဖူးပြီကွ၊ အလကားပဲ၊ ဖွဲ’

‘ဟင် ဘယ်တုန်းက’

‘ခုနတုန်းကပဲကွ၊ မြတ်ကိုကို ဘယ်ကရလာတယ်မသိဘူး၊ ငါ့ကို တစ်လိပ်ပေးတယ်၊ ငါလည်း သောက်ဖူးတယ်ရှိအောင် သောက်ကြည့်တာ’

‘ဟင်းနော်၊ တော်ကြာပွဲပြီး ဘိန်းစားဖြစ်သွားမယ်၊ ကောင်းတာမှတ်လို့၊ သတင်းစာထဲမှာရေးထားတာ မဖတ်ရဘူးလား’

အမာညိုက ကြိမ်းသည်။ ဖေဖေကြားသွားမည်စိုးသောကြောင့် ကျယ်ကျယ်တော့မပြောရဲချေ။ ပေါက်ကျိုင်းက မျက်နှာကိုရှုံ့ကာ ခေါင်းခါပြသည်။

‘ဘာစွဲရမှာလဲ၊ ဘာမှမဖြစ်ဘူး မာညိုရ၊ ငါက မူးများလာမလား၊ ရီဝေဝေများ ဖြစ်လာမလားနဲ့ မျက်လုံးမှိတ်ပြီးစောင့်နေတာ၊ ဘာမှမဖြစ်ဘူး’

‘ခင်ဗျား အေ ပီ စီ နဲ့တွေ့လာပြီထင်တယ်’

‘ဘာ အေပီစီလဲ’

‘မသိဘူးလား၊ အေပီစီကို အမှုန့်ကျိတ်လိုက်ရင် ဘိန်းဖြူမှုန့်နဲ့တူတယ်

တဲ့၊ တချို့ မအူမလည်တွေ အေပီစီ ထိကုန်တာပဲလို့ ပြောသံကြားဖူးလို့'

ပေါက်ကျိုင်းက သူ့နဖူးသူထုကာ ကျိတ်၍ရယ်သည်။ စစ်တမ်းတင် ရခါနီး အလုပ်ပင်ပန်း စိတ်ပင်ပန်းလှသဖြင့် အပန်းပြေသည်ဟုပြောသော ဘိန်း ဖြူ စီးကရက်ကိုသောက်ကြည့်ခါမှ အေပီစီနှင့်တိုးရလေသည်။

'ဒါပဲ ကောင်းပါတယ်၊ တော်ကြာ အစစ်သောက်မိပြီး စွဲသွားရင် အခက်ပဲ'

အမာညိုသည် ပေါက်ကျိုင်းကို မျက်နှာထားတင်းတင်းနှင့်ကြည့်နေ သည်။ စိုးရိမ်တကြီးနှင့်ကြိမ်းသည်။ ထို့နောက် ခြိမ်းကာခြောက်ကာနှင့် ကတိ အမျိုးမျိုးတောင်းလေသည်။

'အေပီစီသော ဘာသော နောက်ဆိုရင် စမ်းတောင်မကြည့်ရဘူး သိ လား၊ အဲဒီကတိကိုပေး၊ ဒီလိုဆိုရင် စီးကရက်ရိုးရိုးတောင် မသောက်ရဘူး သိ လား၊ ဟင်း ဘိန်းစားဖြစ်ချင်လို့လား'

'ဘိန်းဖြူရှူတာ ဘိန်းစားတာ မဟုတ်ဘူးဟ၊ ဘိန်းစားလို အောက်ကျ နောက်ကျ အောက်မေ့လို့'

'အင်းလေ၊ အဲဒီဘိန်းဖြူ နောက်ထပ်ရှူကြည့်ပါလား၊ ရှင်ရှူရင် ကျုပ် လည်း ရှူမှာပဲ၊ စွဲမယ့်စွဲ နှစ်ယောက်အတူတူ စွဲမယ်'

'ကြောက်ပါတယ် အစ်မရာ'

ပေါက်ကျိုင်းက ရယ်မောပြီးညည်းညူလိုက်သည်။ အမာညိုက အသား လွတ် စိုးရိမ်နေခြင်းဖြစ်သည်။ စမ်းကြည့်လိုစိတ်နှင့်သာ စမ်းကြည့်သော်လည်း ဘိန်းဖြူဟူသည်မှာ တကယ့်အန္တရာယ်ဖြစ်ကြောင်း အမာညို သိသလို သူလည်း သိထားသည်ပင်ဖြစ်လေသည်။ အရသာသိရုံမျှ တစ်လိပ် နှစ်လိပ် စမ်း၍ မြည်း ကြည့်ရုံနှင့် စွဲမည်လည်းမထင်ပေ။ သူသည် ထိုမျှထိ စိတ်ဓာတ် ပျော့ညံ့သူမဟုတ် ဟု သူ့ကိုယ်သူယုံကြည်သည်။ ထို့ပြင် စွဲချင်ဦးတော့ အခြေအနေအရ စွဲနိုင် မည်လည်း မဟုတ်ပြန်ပါချေ။ ထိုမျှဈေးကြီးသောဘိန်းဖြူကို သူ့လို သာမန်လူက လိုတိုင်းဝယ်ပြီး သောက်ရှူရန်ငွေကြေးမတတ်နိုင်ကြောင်းကို အမာညို စဉ်းစား မိဟန်မတူချေ။

'ဟော့ မိန်းကလေးတွေလည်း ဘိန်းဖြူရှူတာပဲ'

'ဘယ်သူ ရှူလို့လဲ'

'စုလှိုင်ပေါ့'

‘ဟင်၊ တကယ်’

အမာညိုနှင့်ညီလင်းတို့သည် မျက်လုံးပြူးသွားကြလေသည်။ ပေါက်ကျိုင်းကို မယုံသလို လှမ်းကြည့်ကြသည်။

‘ခင်ဗျား ဘယ်လိုလုပ် သိသလဲ’

‘ဒီလိုပဲ ပြောနေကြတာပဲ’

‘ရမ်း ပြောနေကြတာပါ’

ညီလင်းက မကျေမနပ်ပြောသည်။ စုလှိုင်နှင့်တစ်ခါက တွဲခဲ့သော စိုင်းမင်းအောင်သည် ဘိန်းဖြူနှင့်နီးစပ်သူဟု သိထားခဲ့ရသည်။ ဒီလိုဆိုပြန်တော့လည်း စုလှိုင် ဟီးရိုးအင်းရှူသည်မှာ ဖြစ်နိုင်ပေသည်။ လွန်ခဲ့သော သုံးနှစ်လောက်ကတည်းက စီးကရက်ကို နှစ်နှစ်ခြိုက်ခြိုက် သောက်ရှုခဲ့သူသည် ဟီးရိုးအင်းကိုလည်း အခြေအနေပေးလျှင် သောက်ရှုမည်သာဖြစ်ကြောင်း ညီလင်း၏ အတွင်းစိတ်က လက်ခံသည်။ အခြေအနေပေးမည်ကလည်း ကိုးဆယ်ရာနှုန်း သေချာနေလေသည်။ ပတ်ဝန်းကျင်အခြေအနေ၊ စိတ်ဓာတ်အခြေအနေ၊ ငွေအင်အားအခြေအနေ ထိုအခြေအနေအရပ်ရပ်သည် စုလှိုင်ကို သိမ်းသွင်းဆွဲဆောင်ကြလိမ့်မည် ထင်သည်။

‘ရှူတာက အကြောင်းမဟုတ်ပါဘူး’

ညီလင်းက ခပ်ဆတ်ဆတ်လေး ပြောမိပြန်သည်။ ထို့နောက် စိတ်ထဲမှ တီးတိုးဆုတောင်းရင်း ဆက်၍ပြောနေမိသည်။

‘စုလှိုင် ဘိန်းဖြူတော့ မစွဲပါစေနဲ့၊ မစွဲပါနဲ့ စုရယ်၊ မကောင်းပါဘူး’

*

စုလှိုင်သည် သေခြင်းတရားကို တတိယအကြိမ်တွေးမိပြန်သည်။ သေမင်း၏လက်တံများသည် ရှည်လျားလှချေသည်။ ကျန်းမာသူ မကျန်းမာသူ၊ စိတ်ချမ်း သာသူ စိတ်မချမ်းသာသူ၊ ကြီးသူငယ်သူ မည်သူကိုမဆို အချိန်မရွေး၊ နေရာမရွေး လှမ်းပြီးဖမ်းဆွဲနိုင်ရန် ကြိုးစားလျက်ရှိချေသည်။ သေမင်းလက်တံ ရှည်များသည် နေရောင်ခြည်ထဲတွင်လည်းကောင်း၊ လရောင်ထဲတွင်လည်းကောင်း၊ အမှောင်ရိပ်၌လည်းကောင်း ပုန်းခိုနေကြသည်။ သူတို့အမိအရဖမ်းဆွဲနိုင်မည့်သူကို ချောင်းမြောင်းနေကြသည်ဟု စုလှိုင်ထင်မိလေသည်။

တလွင့်လွင့်လူပ်ရှားနေသော ဇာခန်းဆီးများကိုကြည့်ရင်း စုလှိုင်သည်

ထိတ်လန့်တုန်လှုပ်လာသည်။ ဇာခန်းဆီးထဲတွင်ပုန်းအောင်းနေသော သေမင်းက သူ့ကို လက်တံရှည်များနှင့်လှမ်းပြီးဆွဲရန် ကြိုးစားနေသည်ဟု ထင်လာသည်။

'မ မ'

အခန်းထဲသို့ဝင်လာသော ထွန်းက တိုးတိုးလေးခေါ်သည်။ သူ့လက်ထဲမှ နွားနို့ဖန်ခွက်ကလေးကို သတိကြီးစွာ ကိုင်လာလေသည်။

'မမအေးတင်က ပေးလိုက်တယ်၊ သောက်ပါတဲ့'

စုလှိုင်သည် နွားနို့မသောက်ချင်သော်လည်း ဖန်ခွက်လေးကို လိုလိုချင်ချင်လှမ်းယူလိုက်သည်။ ကြောက်လန့်တုန်လှုပ်စိတ်က သူ့ကို ဖိစီးလာချိန်ဝယ် ထွန်းရောက်လာသည်ကို ကျေနပ်သွားသည်။ အားမကိုးလောက်သေးသော ကလေးငယ်လေးပင်ဖြစ်သော်လည်း စုလှိုင်သည် အတန်ငယ် အားရှိသွားသလို ခံစားရသည်။

'ခုနက ဖေဖေလာတယ်'

'ဟုတ်လား'

'အစ်မကြီးတစ်ယောက် ပါလာတယ်'

'ဘယ်အရွယ်လောက်လဲ'

'ထွန်းမသိဘူး၊ လှတယ်၊ သူက မမကိုမေးတယ်၊ စာမေးပွဲအောင်တယ် မဟုတ်လားတဲ့၊ ကျောင်းပြီးပြီ မဟုတ်လားတဲ့၊ မမအောင်တာ သူ့ကို ဘာမှလည်း မကျွေးဘူးလားတဲ့'

'အယ်မာ'

စုလှိုင်က တိုးတိုးလေးရေရွတ်လိုက်မိသည်။ အယ်မာသည် သူ့ဖခင်နှင့်တွဲပြီး သူ့အိမ်သို့ ခပ်ပြောင်ပြောင်လိုက်လာရဲချေပြီဟု တွေးရင်း စုလှိုင်က သက်ပြင်း ရှိုက်လိုက်သည်။ ထွန်းကို ရီဝေသောမျက်လုံးများနှင့်ငေးကြည့်ရင်း ခြောက်ကပ်ကပ်ကလေး ပြုံးပြလိုက်သည်။ ခုတော့ သူနှင့်ထွန်းသည် ဘဝတူများဖြစ်ကြပေပြီ။

'ထွန်း သွားတော့၊ ဒို့ စီးကရက်သောက်ဦးမယ်'

ထွန်းကို အမိန့်ပေးသလို ပြောလိုက်ရင်း စုလှိုင်သည် အံဆွဲထဲမှ စီးကရက်ကို ထုတ်ယူသည်။ ထွန်းသည် စုလှိုင်၏စကားကို မလွန်ဆန်ရဲသလို နေရာမှ ဖြည်းဖြည်းလေး ထလိုက်သည်။ သူ့မျက်လုံးအစုံကမူ စုလှိုင်၏ လက်ထဲမှ စီးကရက်လေးကို စိုက်၍ ကြည့်နေလေသည်။

'မမ'

'ဘာလဲ'

'အဲဒါ ဘိန်းဖြူ ဆိုတာလား'

'ဟုတ်တယ်'

'သေတတ်တယ်ဆို'

'ဘယ်လိုလုပ် သိသလဲ။ ထွန်း ဘာမှ မသိသေးပါဘူး၊ အခုမှ အသက်ကလေး ခုနစ်နှစ်တောင်မပြည့်သေးဘဲနဲ့'

'ထွန်းတို့ ဆရာမ ပြောပြတယ်'

'ဖိုး'ကို အခုမှလူတွေသိပြီး ရုတ်ရုတ်သဲသဲဖြစ်နေသည်ကို စုလှိုင် ရယ်ချင်နေသည်။ လူငယ်လေးများက တဖြုတ်ဖြုတ်ကာ ဈွဲလမ်းလာကြသည်။ လူကြီးများက ပညာပေးပွဲ ဟောပြောပွဲတွေ လုပ်နေသည်။ ထွန်းတို့လို ကလေးငယ်များကပင် ဘိန်းဖြူကိုသိပြီး ကြောက်ရွံ့ဖွယ်သေဆေးအဖြစ် မှတ်ယူနေကြလေသည်။ သူတို့ကပြောနေကြသည်။ ဟောနေကြသည်။ ရေးနေကြသည်။ သို့သော် စုလှိုင်ကမူ ဖတ်လည်းမဖတ်၊ မှတ်လည်းမမှတ်၊ ယုံလည်းမယုံပေ။ သူတို့ပြောသလို သေတတ်သည်ဟုဆိုလျှင် ဖရက်ဒီသေနေသည်မှာ ကြာလှပြီ။ စုလှိုင်လည်း သေလောက်ပေပြီ။ ခုတော့ သူတို့သေရန် အဝေးကြီးလိုသေးသည်ဟု ထင်သည်။ သို့သော် စုလှိုင် တစ်ခုတော့ လက်ခံသည်။ ဘိန်းဖြူသည် လူကို အားနည်းစေသည်။ သား ငါးများ ထမင်း ဟင်းများကို သိပ်ပြီး စားမဝင်တော့သောကြောင့် ဖြစ်သည်။ စားရန်လည်း စိတ်အာရုံ မရှိလှသောကြောင့် စားမဝင်ခြင်း ဖြစ်လေသည်။ မည်သို့ပင်ဆိုစေ စုလှိုင်သည် တစ်နေ့တခြားပိန်လာသည်ကို သူ့ကိုယ်သူ သိလေသည်။

'မကောင်းဘူးတဲ့'

ထွန်းသည် အခန်းမှ ထွက်မသွားသေးဘဲ တိုးတိုးလေးကပ်ပြောသည်။ စုလှိုင်ကိုသာ သူမကြောက်ရလျှင် လက်ထဲမှစီးကရက်လေးကို လှမ်းဆွဲပြီး လုယူလေမလားဟုစဉ်းစားရင်း စုလှိုင်သည်ပြုံးလိုက်မိသည်။

စုလှိုင်သည် ခုတင်ပေါ်သို့လှဲချလိုက်သည်။ ခုတင်ခြေရင်းတွင် လွှားထားသော အင်္ကျီဝါဝါလေးက ကြမ်းပေါ်သို့လျှောကျသွားသည်။ သူ့၌ အဝတ်သစ် အစားသစ် မတိုးသည်မှာ ကြာလှချေပြီ။ ရသမျှမုန့်ဖိုးများသည် ဘိန်းဖြူဝယ်ရသည်နှင့်ပင်မလောက်ချင်တော့ပေ။ ထွန်း ပြောသည်မှာ အနည်းငယ်တော့

ဟုတ်သည်။ ဘိန်းဖြူသည် မကောင်းချေ။ ငွေ အလွန်ကုန်သောကြောင့် ဖြစ်လေသည်။

'မမ ထမင်းစားမယ်'

'ထွန်းရယ် သွားစမ်းပါ'

'ဒီနေ့ ကြက်သားချက်တယ်တဲ့၊ မမအေးတင်က ပြောတယ်'

'သွားစမ်းပါလို့ပြောနေတယ်နော် သွား၊ ကိုယ့်ဟာကိုယ်သွားစား၊ အခန်းတံခါးကိုပိတ်ပစ်ခဲ့'

စုလှိုင်က ခပ်ဆတ်ဆတ်လေးအော်လိုက်သောအခါ ထွန်းသည် မျက်ရည်ဝဲလာသည်။ ထို့နောက် အခန်းထဲမှ တိတ်တိတ်ဆိတ်ဆိတ်ကလေး လှည့်ထွက်သွားလေသည်။ အခန်းတံခါးကိုလည်း စုလှိုင်၏အလိုကျ ပိတ်ပေးသွားလေသည်။ စုလှိုင်သည် တစ်စုံတစ်ဦးဝင်လာမည်စိုးသောကြောင့် လှဲနေရာမှ ထကာ တံခါးကို ဂျက်ချလိုက်သည်။ အံဆွဲထဲတွင် ဆယ်လိပ်ရှိသည်။ ဒီနေ့အတွက်တော့ လုံလောက်သည်။ နောက်နေ့များအတွက်တော့ ခက်မည်။ ငွေလည်း မရှိတော့။ သို့သော်လည်း သိပ်ပြီးခက်လှမည်တော့ မထင်။ မသောက်ဘဲနေကြည့်လျှင် နေချင်နေနိုင်မည်။ ယခင်စာမေးပွဲနီးစဉ်ကလည်း နေခဲ့ဖူးသည်။ လျှော့၍သုံးဖူးသည်။ အင်း မနေနိုင်ရင်တော့ ငွေကိုရအောင်ရှာရမည်ပင်ဖြစ်သည်။

*

'ကျွန်တော် စာရေး မလုပ်ချင်ဘူးဖေဖေ၊ ကျွန်တော်သိတာ အောက်စီဂျင် နိုက်ထရိုဂျင်ပဲ၊ စာရင်းဇယားတွေ ဖိုင်တွဲတွေမှမဟုတ်တာ'

ညီလင်းက ခါးခါးသီးသီးပြောမိသည်။ ဖေဖေက သူ့ကိုမျက်မှောင်ကုတ်၍ ကြည့်နေလေသည်။

'ဒါဖြင့်ရင် မင်း အောက်စီဂျင်ဆက်လုပ်နေနိုင်အောင် ဘာလို့စာမကျက်ခဲ့သလဲ၊ အမ်အက်စီဆက်တက်ဖို့ ကွာလီဖိုင်းတောင်မဖြစ်ဘဲနဲ့ မင်းရဲ့ နိုက်ထရိုဂျင်တွေ ဟိုက်ဒရိုဂျင်တွေ ဘယ်နားမှာသွားသုံးနိုင်ဦးမှာလဲကွ ဟင်'

ဘယ်နားမှာသွားသုံးရမည်နည်း။ ညီလင်း မဖြေတတ်ပါ။ ကျောင်းမှ သင်ပေးလိုက်သောပညာကို မည်သည့်နေရာတွင်အသုံးချရမည်နည်း။ သူလည်း မသိပါ။ လက်တွေ့အားဖြင့်မူ ဓာတုသမားလည်း စာရေးလုပ်သည်။ ရူပသမား

လည်း စာရေးလုပ်သည်။ မြန်မာစာ၊ ရာဇဝင်တို့ကလည်း စာရေးလုပ် ကြသည်။ ဘူမိဗေဒနှင့်အောင်သူကလည်း သမဝါယမတွင် စာရေးလုပ်ရသည်။ ရုံးအလုပ်တွင် အောက်စီဂျင်အကြောင်း အသေးစိတ်သိရန်မလို။ မိုက်ခရိုစကုပ်တွေ၊ သာမိုစကုပ်တွေ ကြည့်တတ်ရန်လည်း အရေးမကြီး၊ သက်ရင့်ကျောက် သက်နုကျောက်နှင့်တကွ ရာမရကန်တွေ ကျောက်စာတွေကို မသိလျှင်လည်း ဖြစ်သည်။ သို့သော် သူတို့အားလုံးသည် အောက်တန်းစာရေးတစ်နေရာအတွက် လုပြီးလျှောက်ကြရလေသည်။

'စာကလေး တော်မလိုလို တော်မလိုလိုနဲ့၊ ပေါ့ပေါ့နေလွန်းတာ မှတ်ပြီလား၊ မင်း ဆရာဝန်ဖြစ်ချင်ရင်၊ အင်ဂျင်နီယာလုပ်ချင်ရင်၊ စာရင်းစစ်အရာရှိကြီး ဖြစ်ချင်ရင် ဆယ်တန်းကတည်းက ဂုဏ်ထူးတွေတသီကြီးထွက်အောင် စာကုန်းကျက်ခဲ့ရတယ် သိရဲ့လား'

'ဒါပေမဲ့ ကျွန်တော် ကိုကိုတို့ မမတို့ထက်တော့ မညံ့ပါဘူး ဖေဖေရာ၊ သူတို့သင်နေ လုပ်နေတာတွေကို ကျွန်တော်သင်ရရင်လည်း သူတို့လိုပဲတတ်မှာပါ'

'အေး၊ ဒါပေမဲ့ မင်းညံ့လို့ သင်ခွင့်မရခဲ့တာပေါ့'

'ကျွန်တော်မညံ့ဘူးဖေဖေ၊ စာမေးပွဲမှာ တစ်ချက်တည်း ကျွန်တော် ခဏလေးညံ့သွားတာ၊ တစ်သက်လုံးမညံ့ဘူး'

ညီလင်း၏မျက်နှာသည် နီလာသည်။ သူ့ကိုစိတ်တိုင်းမကျနှင့် ဒေါသဖြစ်နေသောဖခင်ဖြစ်သူကို ရင်ဆိုင်ကြည့်သည်။ သူ့ကိုယ်သူသိသည်။ ဉာဏ်ကောင်းသော်လည်း ပေါ့ပေါ့နေသည်။ ဘာရည်မှန်းချက်ကိုမှ ကြီးကြီး ကျယ်ကျယ် မထားခဲ့ပေ။ ထို့ကြောင့်လည်း ဖိဖိစီးစီးမကြိုးစားခဲ့ဖူးပေ။ တက္ကသိုလ်ဝင်တန်းကိုလည်း အစားမပျက် အအိပ်မပျက် ပေါ့ပေါ့လေးဖြေခဲ့ သည်။ ထို့ကြောင့် အောင်သော်လည်း အမှတ်နည်းလေသည်။ အတန်ငယ် သွားချင်စိတ်ရှိသော စိုက်ပျိုးရေးတက္ကသိုလ်သို့တက်ရန်ပင် အမှတ်မမီခဲ့ပေ။ သို့သော်လည်း ညီလင်း စိတ်မညစ်ပေ။ ကံ့ကော်တောတွင် ကံ့ကော်နံ့ရှူရခြင်းသည်လည်းကောင်း၊ အင်းလျားရေပြင်တွင် လှေလှော်ရခြင်းသည် လည်းကောင်း၊ တမာနံ့ရှူရသည်ထက် ရေနီမြောင်းဘေးတွင်လမ်းလျှောက် ရသည်ထက် ပို၍ကောင်းမည်ဟု တွေးမိသောကြောင့်ဖြစ်လေသည်။ သူ မကြိုးစားခဲ့သည်ကို ညီလင်း ကောင်းစွာ သိသည်။ သို့သော် ညံ့ဖျင်းခြင်းမဟုတ်ချေ။ မကြိုးစားခြင်းနှင့် ညံ့ဖျင်းခြင်း မတူသည်

ကို ဖေဖေ့အား နားလည်အောင် ကျကျနနရှင်းပြချင်သည်။

'ဒီလိုဆို မင်း အိုတီအက်စ် တက်မလား'

'အဖေနော်၊ ကျုပ်သားလေး အေးအေးဆေးဆေး နေတာနေပါစေ၊ စစ်ထဲဝင်တာ မကြိုက်ပါဘူး'

ညီလင်း ခေါင်းမခါရမီ မေမေက ဝင်ပြောလေသည်။ သူသည် သေနတ်ကိုင်ပြီး စစ်တိုက်ရန်လည်း ဝါသနာပါသူမဟုတ်ပေ။ တစ်ခါတစ် ခါတော့ ညီလင်းသည် သူ့ကိုယ်သူပင် မသိပေ။ သူဘာကို လုပ်လိုသနည်း၊ မည်သည့် ဘဝ ရောက်လိုသနည်း၊ သူ့ကိုယ်သူ မသိသည့်အတွက်မူ ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်မိသည်။

စာမေးပွဲပြီးသည်နှင့် ပုသိမ်သို့လိုက်သွားမည်ဟု စိတ်ကူးထားသော်လည်း လက်တွေ့တွင် မသွားဖြစ်သေးပေ။ အမာညိုနှင့်ပေါက်ကျိုင်းကသာ သူတို့ယောက္ခမနှင့်မိဘရှိရာ မုဒုံမြို့သို့ပြေးကြလေသည်။ ဟနုမာန်လည်း သူတို့နှင့်အတူပါသွား၍ ညီလင်းတို့အိမ်သည် ခြောက်သွေ့၍ကျန်ခဲ့သည်။ ဟနုမာန်အပေါ်တွင် အာရုံများ စုပုံကျရောက်နေသော ဖေဖေနှင့်မေမေသည် ယခုမှပင် ညီလင်းကို ပြန်လည်သတိရလေသည်။ အသက်နှစ်ဆယ်ကျော် သူတို့သားကြီးကို ကလေးလို ကြည့်၊ ကလေးလိုမြင်ကာ ကလေးလိုပင် ဆူပူချင်နေသည်ဟု တွေးရင်း ညီလင်းသည် ရယ်လည်းရယ်ချင်သည်။ စိတ်လည်း ညစ်လာသည်။ တကယ့်တကယ်တော့ သူတို့သားသည် အသက်အရွယ်အားဖြင့်ရော၊ စိတ်ဓာတ်အားဖြင့်ရော၊ ကလေးအရွယ်ကို လုံးဝလွန်မြောက်ခဲ့ပြီကို မိဘများသည် မေ့လျော့နေတတ်ကြလေသည်။

'ဖေဖေလည်း မကြာခင် ပင်စင်ယူတော့မှာ၊ ဖေဖေပင်စင်မသွားခင် သားငယ်ကို အလုပ်သွင်းပေးခဲ့ချင်တယ်'

'ဒါပေမဲ့ ဖေဖေ၊ ကျွန်တော်ရုံးအလုပ်မှ မလုပ်ချင်တာပဲ'

'ခက်တာပဲ၊ ဒီလိုဆို မင်းဘာလုပ်ချင်တုံး'

'ကျွန်တော့ကိုယ်ကျွန်တော် မသိဘူးဖေဖေ'

ဖေဖေရော မေမေပါ သက်ပြင်းချကြလေသည်။

"စုလှိုင်နဲ့တွေ့ချင်တယ်ဖေဖေ" ဟု ယခုအချိန်တွင် သူလုပ်ချင်နေသော အလုပ်ကို မုသားမပါဘဲ အမှန်အတိုင်းပြောလိုက်လျှင်တော့ သက်ပြင်းချကြလိမ့်မည်မထင်။ သူ့ကိုထ၍ထုမလား၊ ရိုက်မလားတော့ ညီလင်းမစဉ်း စားတတ်ပေ။

သို့သော်လည်း ထိုစကားသည်အမှန်ပင်ဖြစ်သည်။ ညီလင်း သည် ယခုအချိန်၌ သူ့ရှေ့ရေးထက် စုလှိုင်၏ရှေ့ရေးကို ပိုပြီးတွေးနေမိသည်။

'ခက်တာပဲ၊ စိုက်တဲ့အတိုင်း ရိတ်ရတာပဲ၊ သားမှတ်ထား၊ သားစိုက်ခဲ့တဲ့အပင်ကို သားရိတ်ရမှာပဲ'

ဖေဖေက ခပ်လေးလေးပြောသည်။

'ကျွန်တော်စိုက်တဲ့အပင်က လက်တွေ့စမ်းသပ်ခန်းထဲမှာဖေဖေ၊ ရိတ်တော့ ရုံးခန်းထဲကအပင်ကို ရိတ်ရမှာလား'

ညီလင်းက ပြောသောအခါ ဖေဖေသည် ဘာစကားကိုမျှဆက်၍မပြောတော့။ နှစ်ဦးလုံးမကျေမနပ်ဖြစ်နေသည်။ သို့သော် တစ်ဦးကိုတစ်ဦးတော့ မဟုတ်ကြပေ။

အတန်ကြာငြိမ်နေကြပြီးသောအခါ ညီလင်းက အလျင် နေရာမှထသည်။ မေမေ့အလှည့်မလာခင် ကြိုတင်ပြီး ထခြင်းဖြစ်သည်။ ဖေဖေပြီးလျှင် မေမေလာမည်ဖြစ်သည်။ ဖေဖေက အလုပ်အကြောင်းပြောသည်။ မေမေက မိန်းမအကြောင်းပြောမည်ဖြစ်လေသည်။ မေမေသည် ညီလင်း၌ရည်းစားရှိ မရှိကို အကဲခတ်နေတတ်သည်။ ဟိုမိန်းကလေးတော်တယ်၊ ဒီမိန်းကလေး သင့်တယ် နှင့် ပြောတတ်လေသည်။

'ညနေကျွန်တော်အိမ်ပြန်နောက်ကျမလားမသိဘူး မေမေ၊ စိတ်မပူနဲ့နော်'

'ဘယ်သွားမလို့လဲ သား'

'နွေသူရိန်တို့ဘက်ပါ'

ညီလင်းက ဖြောင်ညာလိုက်သည်။ နွေသူရိန်ရန်ကုန်၌မရှိပေ။ သူတို့အမျိုးများရှိရာ မြစ်ကြီးနားဘက်သို့ အလည်သွားနေသည်။ စင်စစ်သူသွားမည်က စုလှိုင်ဆီသို့။

*

'ကိစ္စရှိလို့လာတာလား ညီလင်းညို'

'ဟုတ်တယ်'

'ဘာကိစ္စလဲ'

'မမစုနဲ့တွေ့ချင်တဲ့ကိစ္စ'

'ဟာ ဟ၊ ဘာကိစ္စ တွေချင်ရတာလဲ'

'ပိန်လား ဝလား၊ သေချာသိချင်လို့ပါ'

'ဒို့ ပိန်တယ်'

'ဟုတ်တယ်၊ သိပ်ပိန်တယ်'

'ဒီတော့'

'ဒီတော့ သူများတွေပြောနေကြတာ မှန်တာပေါ့'

'ဘာလဲ'

'စုလှိုင် ဟီးရိုးအင်း စွဲနေတယ်တဲ့'

ညီလင်းညိုသည် ဆိုဖာကုလားထိုင်တွင် ဣန္ဒြေရရဝင်ထိုင်လိုက်သည်။ မတ်တတ်ရပ်နေဆဲဖြစ်သော စုလှိုင်က သူ့ကို တွေတွေဝေဝေကြည့်နေကာ မဲ့ပြုံးလေး ပြုံးလိုက်လေသည်။ ထို့နောက် မဆီမဆိုင်စကားကိုပြောသည်။

'အမာညိုတို့ နေကောင်းလား'

'ကောင်းပါတယ်၊ ကလေးတောင်ရပြီ ကိုကိုရော၊ မမက သား၊ ကိုကို နဲ့မမသက်က သမီး'

'ဟုတ်လား'

စုလှိုင်က မျက်တောင်ကို တဖျပ်ဖျပ်ခတ်လိုက်သည်။ အကဲခတ်ရ ခက်ခဲလှသောအပြုံးကို ပြုံးနေသည်။ ထိုအပြုံးကို ညီလင်း မုန်းသည်။ မိုနာလီဇာ ၏အပြုံးမျိုးဟု ထင်သည်။ အဓိပ္ပာယ်ဖော်၍မရချေ။

'မမစုရော ကလေးမလိုချင်ဘူးလား'

'မလိုချင်ဘူး'

'ဒါကြောင့် ဖျက်ချခဲ့တာပေါ့နော်'

'ဒါပေါ့ ဘာလို့ဒါတွေကို ပြန် သတိရနေတာလဲ၊ ကြာပြီပဲ'

'ပြန်သတိရတာမဟုတ်ဘူး စု၊ အမြဲသတိရနေတာ'

စုလှိုင်က မျက်တောင်ခတ်ရင်း ပြုံးပြန်သည်။ ထိုတဒင်္ဂတွင် ကြည်နူး သာယာခဲ့ရသောစိတ်ကလေးသည် သူ့ဆီသို့ပျံဝဲလာသည်ဟု ထင်လိုက်မိသည်။ သို့သော် နာကြည်းစိတ်ကလေးကလည်း ကပ်လျက်ဝဲနေသည်။ ညီလင်းညိုသည် သူ့ကိုပွေ့ဖက်နမ်းရှုပ်နေခဲ့စဉ်၌ပင် မေတ္တာစကား အနုးအညွှ့်လေးများကို မပြော ခဲ့သည်ကို သတိရသည်။

'ညီလင်း ပြန်တော့'

'နှင်ပြီလား'

'ဟုတ်တယ်'

'ဘာလို့လဲ'

'ဆက်ပြီး စကားမပြောချင်လို့ပေါ့'

'ဘာလို့ မပြောချင်တာလဲ၊ ကျွန်တော့ကိုကြောက်လို့မဟုတ်လား'

'ဒို့ကြောက်ရမယ့်သူ လောကကြီးမှာ မရှိဘူး'

'လူကိုတော့ ဘယ်ကြောက်မှာလဲ၊ ဒါပေမဲ့ လွှမ်းမိုးလာမယ့် မေတ္တာတရားကို မမစု ကြောက်နေတယ်'

'ဘာပြောတယ်'

'ဟုတ်တယ်၊ မမစုကသံသယအကျဉ်းထောင်ထဲကမိန်းကလေးလို့ ကိုကိုပြောခဲ့တာ သိပ်ဟုတ်တာပဲ၊ မမစု ကျွန်တော့ကိုသံသယရှိနေတယ်၊ ကျွန်တော့ကို ချစ်မိမှာလည်း ကြောက်နေတယ်လို့ ကိုကိုကပြောတယ်'

စုလှိုင်၏မျက်နှာလေးသည် ပို၍ဖြူသွားသည်။ ထို့နောက် နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့လိုက်သည်။

ဖြူဖပ်ဖြူရော်လေးဖြစ်နေသော စုလှိုင်ကိုကြည့်ကာ ညီလင်းသည် ကြေ ကွဲနာကြည်းခဲ့ရသည်များကိုမေ့ပြီး မချိတင်ကဲဖြစ်လာသည်။

'စေတနာနဲ့ပြောတာပါ စုရယ်၊ ဟီးရိုးအင်းကိုတော့ မစွဲပါနဲ့'

'စုဟာစု ဟီးရိုးအင်းစွဲလို့မက ဘာဖြစ်ဖြစ် ညီလင်းနဲ့ဘာဆိုင်လဲ'

စုလှိုင်က ခေါင်းကိုဖျတ်ခနဲမော့လိုက်ကာ မာနလျှံကဲသောအသံနှင့် ပြောလေသည်။ ညီလင်းကို မထီမဲ့မြင်ကြည့်လေသည်။

'သာမန်မိတ်ဆွေတစ်ယောက်အနေနဲ့တော့ ဆိုင်တယ်လို့ထင်ပါတယ် မမစု၊ ဆက်မလုပ်သင့်တာကို မလုပ်နဲ့ ဆိုတာလောက်ကိုတော့ ကျွန်တော့မှာ ပြောခွင့်ရှိပါတယ်'

'ဘာလို့ မလုပ်သင့်ရမှာလဲ'

'ကျွန်တော့်ကိုမမေးနဲ့ မမစု၊ ကိုယ့်ကိုယ်ကိုပြန်မေး၊ မသိသေးရင် မူလတန်းကလေးလေးတွေကိုမေး၊ သူတို့ကအစ သိတယ်၊ မမစုရဲ့ခေါင်းထဲမှာ ဘာတွေ ရှိနေလဲ၊ ဦးနှောက်အစား ဘာတွေရောက်နေလဲ၊ လုပ်သင့်လုပ်ထိုက်တာကို ဘာလို့ နားမလည်ရသလဲ၊ ကိုယ့်ကိုယ်ကို မှန်ထဲပြန်ကြည့်ပါလား၊ ဘယ်လိုရုပ်ထွက်နေပြီလဲ'

'ဘာရုပ်ထွက်ထွက် ဘယ်သူ့အပူမှ မဟုတ်ဘူး'

စုလှိုင်သည် အော်ဟစ်ပြောလိုက်သည်။ မခံချင်စိတ်ကြောင့် မျက်နှာလေး နီလာသည်။

'ဟုတ်တယ်၊ ကျွန်တော့အပူ မဟုတ်ဘူး၊ မမစုရဲ့အပူ၊ ခင်ဗျားအေးမှာ ရှိနေတဲ့ လူတွေရဲ့အပူ၊ ဒါပေမဲ့ ခင်ဗျားတို့ သူတို့ကမပူလို့ ကျုပ်ကဝင်ပူရတာ၊ ခင်ဗျားရည်းစားတွေကမပူလို့ ကျုပ်ကပူရတာ၊ သိလား သိလား'

ညီလင်းကလည်း ဒေါသတကြီးအော်လိုက်မိသည်။ စုလှိုင်သည် သူ့မျက်နှာကို ကုတ်ဖဲ့တော့မလို အံကြိတ်ပြီး ရှေ့သို့တိုးလာသည်။ ညီလင်းက မခန့်တရန့်ရယ်ကာ သူ့လက်များကို လက်ကောက်ဝတ်မှဆီးကိုင်ပြီး ဖမ်းချုပ်ထားလိုက်သည်။

'ကျွန်တော့အသားကို နာအောင်လာမလုပ်နဲ့ မမစု၊ ကျွန်တော်က အသားနာရင် စိတ်ဆိုးတတ်တယ်'

'ခွေး၊ နင်ခွေးလား'

စုလှိုင်က သူ့လက်များကိုပြန်၍ဆောင့်ဆွဲသည်။ ညီလင်းက မလွှတ်ဘဲ ဒေါသနှင့်ညှစ်ပြီး ကိုင်ထားသည်။ နှစ်ဦးလုံး ဒေါသဆောင်နေသောကြောင့် ခြံထဲသို့ ဝင်လာသောကားသံကိုလည်းကောင်း၊ အိမ်ထဲသို့ဝင်လာသော ခြေသံကိုလည်းကောင်း သတိမထားမိကြပေ။

'ဟုတ်တယ် ကျုပ်ကခွေး၊ ခွေးဆိုတာ အလွန်ဆုံး ချေးပဲစားတယ်၊ ချေးက အဆိပ်မဟုတ်ဘူး၊ မသေတတ်ဘူး၊ ခင်ဗျားကတော့ ခွေးထက်မိုက်တယ်၊ ချေးထက်ဆိုးတဲ့ ဟီးရိုးအင်းကိုရှူတယ်၊ စွဲနေတယ်၊ ဖြတ်ဖို့လည်း စိတ်မကူးဘူး၊ ဟင်း၊ ခွေးထက်မိုက်တဲ့ မိန်းကလေး'

'ကဲ ဟာ'

စုလှိုင်သည် သူ့လက်ကိုဖမ်းချုပ်ထားသော ညီလင်း၏လက်ကို ကုန်း၍ ကိုက်လိုက်သည်။ နာကျင်စွာအော်လိုက်သောအသံကိုကြားသော်လည်း လွှတ်မပေး။ ချိုမြမြ သွေးအရသာက လျှာကိုထိသောအခါမှ ကြောက်လန့်တကြားလွှတ်ပေးကာ နောက်ဆုတ်လိုက်သည်။ ညီလင်း၏လက်ခုံတွင် သွေးစို့နေသည်ကိုတွေ့ရသည်။

ကျွန်တော်က အသားနာရင်စိတ်ဆိုးတယ်ဟုပြောခဲ့သော်လည်း တကယ့်တကယ်နာလာသောအခါ ညီလင်းသည်စိတ်မဆိုးပေ။ စိတ်ဆိုးရမည်

ကို မေ့လျော့နေသလို သူ့မျက်နှာသည် ဖြူရော်သွားသည်။ သူ့ကို ထိတ်လန့်သလိုကြည့်နေသောစုလှိုင်ကို ကြေကြေကွဲကွဲပြန်ကြည့်ရင်း မပီမပြင်ပြုံးပြလေသည်။

သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး အတန်ကြာအောင် ငေးကြည့်နေမိကြပြီးမှ ညီလင်းက တစ်ခါထပ်ပြီးကြေကွဲစွာပြုံးပြသည်။ ထို့နောက် ဘာစကားမျှမပြောတော့ဘဲ လှည့်ထွက်လာလေသည်။

သို့သော် ညီလင်းသည် ဧည့်ခန်းတံခါးဝတွင် ရပ်နေသောသူ့ကို မြင်သောအခါ ခြေလှမ်းတုံ့သွားသည်။ သူ၏မျက်လုံးများသည် စူးရှတောက်ပြောင်လှသည်။ ထူဝန်းပြည့်ဖြိုးသောနှုတ်ခမ်းများမှာကား စုလှိုင်နှင့်တူလေသည်။ သူသည် စုလှိုင်၏အဖေဖြစ်ကြောင်း ညီလင်းမှတ်မိလိုက်ချိန်ဝယ် သူက စတင်ပြီးပြုံးလိုက်လေသည်။

'မင်းနာမည်တော့ ငါမသိဘူး၊ ဒါပေမဲ့ မင်း ရုပ်ရှင်ဘက်ကိုများ ဝါသနာ မပါဘူးလား'

'မသိဘူးခင်ဗျ'

'မင်းသားလေး ဘာလေးဖြစ်ချင်တဲ့စိတ်ကူးများ ပေါ်ဖူးသလား'

'ဟင့်အင်း၊ တစ်ခါမှမပေါ်ဘူး'

စုလှိုင်၏ဖခင်ဘေးတွင် ချောမောလှပသောမိန်းမပျိုလေးတစ်ဦးကို တွေ့ရသည်။ သူက ညီလင်းကို စုန်ကာဆန်ကာကြည့်ရင်း ပြုံးနေလေသည်။

'မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွေ ခေတ်စားနေတုန်း အဲဒီလို ဇာတ်လမ်းတစ်ပုဒ်ရိုက်ဖို့ စဉ်းစားထားတယ်၊ မင်းသားသစ်တင်ချင်တယ်၊ မင်းသမီးကတော့ သူပေါ့'

ဦးသာလှိုင်သည် သူ့ဘေးမှအမျိုးသမီးလေးကို မေးငေါ့၍ပြသည်။ သူ့သမီးဘိန်းဖြူရှူနေသည်ထက် ဘိန်းဖြူကားရိုက်ရမည်က ပို၍အရေးကြီးနေသည်ကို ညီလင်းသိလိုက်သည်။

'ဟိုတလောက သာစည်ရထားမှောက်တာ မှတ်မိလား'

'ဟင့်အင်း'

ညီလင်းက ခေါင်းခါပြလိုက်သည်။ ရထားတိုက်သော သတင်း၊ မှောက်သောသတင်းများကို ဖတ်မိရတတ်သော်လည်း အသေးစိတ်တော့ မမှတ်မိပေ။

'အင်းလေ ထားပါတော့၊ အဲဒီတုန်းက ငါရွေးထားတဲ့မင်းသားသစ် ပါသွားတယ်၊ ဒါကြောင့် နောက်ထပ်တစ်ယောက်ရှာနေရတယ်'

'ဟုတ်ကဲ့'

'မင်းကို တစ်ကွက်နှစ်ကွက်လောက် စမ်းရိုက်ကြည့်ရင် ဖြစ်မလား'

'ဝမ်းနည်းပါတယ်ခင်ဗျား၊ ကျွန်တော် အမှုအရာမလုပ်တတ်ပါဘူး'

ညီလင်းက တမင်လုပ်ထားရသောအသံနှင့်ရိုရိုသေသေပြောသည်။ သူပြန်ချင်ပြီ။ သမီးကိုလည်း စိတ်ကုန်သည်။ အဖေကိုလည်း စိတ်ကုန်သည်။

'စဉ်းစဉ်းစားစားပြောပါရှင်၊ ဒီလိုအခွင့်အရေးဆိုတာ တော်ရုံလူမရ ပါဘူး၊ စောင့်နေတဲ့သူတွေ ရိုက်သတ်လို့မကုန်ပါဘူး'

အမျိုးသမီးလေးက ပြောသည်။ ညီလင်းသည် သူ့ကိုလှမ်းကြည့်ရင်း မှတ်မိလိုက်သည်။ အမာညိုပြောသည့် "အယ်မာ" ဖြစ်လေသည်။

'ဟုတ်ကဲ့၊ ရိုက်သတ်လို့မကုန်ရင် တစ်ယောက်နှစ်ယောက်တော့ ကျန် မှာပါခင်ဗျား၊ ကျန်တဲ့နှစ်ယောက်ကို အချင်းချင်းပြန်ရိုက်ခိုင်းရင် နောက်ဆုံး တစ်ယောက် ရနိုင်တာပေါ့'

ညီလင်းက အငေါ်တူး၍ပြောသည်။ တစစ်စစ် နာလာသောလက်ကို ယမ်းခါလိုက်သည်။ စုလှိုင်ကို စောင်း၍ကြည့်မိသည်။ သို့သော် ဘယ်အချိန်က ထွက်သွားသည်မသိ။ မရှိတော့ချေ။

'ဘိန်းဖြူကားရိုက်ဖို့ထက် ဦးရဲ့သမီး ဘိန်းဖြူစွဲနေတာက ပိုအရေးကြီး မယ်ထင်ပါတယ်ခင်ဗျာ၊ လူထုကိုပညာမပေးခင် သူ့ကိုအရင်ပညာပေးဖို့ လိုလိမ့် မယ်လို့ထင်ပါတယ်'

ဧည့်ခန်းထဲမှထွက်မလာမီ ထိုစကားကိုပြောဖြစ်အောင် ပြောပစ်ခဲ့သေး လေသည်။ မတော်ရသော ယောက္ခမကြီး၏ မျက်နှာက ရိပ်ခနဲနီသွား၍ ကျေနပ် သွားရသည်။

အရက်ဆိုင်ဘက်သို့ ဦးလှည့်ချင်ချင်ဖြစ်နေသော ခြေနှစ်ချောင်းကို ညီလင်းသည်ဇွတ်အတင်းပြန်ဆွဲပြီး အိမ်သို့ပြန်လာသည်။ ဒီမိန်းကလေးကို လုံးဝ မေ့ပစ်တော့မည်။ သူနှင့်ပတ်သက်သမျှ အကောင်းလည်းမတွေးတော့၊ အဆိုး လည်းမတွေးတော့ဟု စိတ်ကို တုံးတုံးချပြီး ဆုံးဖြတ်ထားလိုက်လေသည်။

သို့သော် ထိုနေ့ညတွင် စုလှိုင်သည် သူ့ဆီသို့ပထမဦးဆုံးအကြိမ် တယ်လီဖုန်းဆက်လေသည်။

'ညီလင်းကို ဒက်ဒီပြောတာစဉ်းစားပါ ညီလင်း'

'ကျွန်တော် မစဉ်းစားချင်ဘူး'

'ဒီတစ်ခါ ဒို့စေတနာနဲ့ပြောတာပါ၊ ဒက်ဒီက ညီလင်းကို ဘာကြည့်ပြီး သဘောကျသွားတာလဲတော့ ဒို့ မသိဘူး၊ ဒါပေမဲ့ ဘယ်သူ့ကိုမှ ဒီလို အခွင့်အရေး မပေးဖူးဘူးဆိုတာတော့ ဒို့သိတယ်'

'ဒါ အခွင့်အရေးလား'

'အခွင့်အရေးပေ့ါ၊ တစ်ကွက်နှစ်ကွက် စမ်းရိုက်ကြည့်တာ ညီလင်း အတွက် ဘာမှအရှုံးရှိမှာမဟုတ်ဘူးလို့ထင်တယ်၊ စိတ်မဝင်စားရင် နောက်ဆုတ် လိုက်ပေ့ါ၊ ဒက်ဒီကလည်း ယူ့ကိုစမ်းပြီးရိုက်ကြည့်မှာပါဘဲ၊ မစွံရင် ယူ လုပ်ချင်လို့ သေနေဦးတော့ လုပ်ခိုင်းမှာမဟုတ်ဘူး'

'သေချာလုချည်လား'

'ဒက်ဒီက ငွေမျက်နှာနဲ့ မိန်းမရဲ့မျက်နှာနှစ်ခုပဲကြည့်တာ၊ ယူ့လို ယောကျ်ား ဘာလုပ်ဖို့လဲ'

ညီလင်းက ရယ်လိုက်မိသည်။ သူ၏ထူးဆန်းလှသော ကံကြမ္မာကို အံ့သြနေသည်။ မင်းသားဖြစ်ချင်သူတွေ ရိုက်သတ်၍ပင်မကုန်နိုင်ဟု အယ်မာ ထွေးက ပြောခဲ့သည်။ သို့သော် သူကမူ မင်းသားမဖြစ်ချင်ပေ။ ဖြစ်ဖို့ရာလည်း စိတ်မပါ၊ စိတ်လည်းမကူးမိချေ။ သို့သော် စုလှိုင်ပြောသလို တစ်ကွက်နှစ်ကွက် စမ်းကြည့်ရကောင်းမလားဟူ၍မူ စဉ်းစားလာမိသည်။

'စုလှိုင် ကိုက်ထားတာ သိပ်နာနေတယ်'

'ဆောရီးပဲကွယ်'

'ကျွန်တော့်စေတနာကို စု သဘောမပေါက်ဘူး'

စုလှိုင်သည် ဘာမှပြန်မပြောဘဲငြိမ်နေလေသည်။ ညီလင်းက ထပ် ပြောသည်။

'တကယ်ပြောတာပါစု၊ အချိန်မနှောင်းခင် ဖြတ်ဖို့ကြိုးစားပါကွာ'

'အချိန် နှောင်းနေရင်ကော'

'မနှောင်းသေးပါဘူး စုရယ်'

'စု စွဲနေပြီညီလင်း၊ မသောက်ဘဲ မနေနိုင်တော့ဘူး'

စုလှိုင်က ရှိုက်သံနှင့်ပြောသည်။

'စွဲရင်လည်း ပြတ်အောင်ဖြတ်'

'ဒီလိုဆို ရေတိမ်တိမ်လေးမှာ နစ်လိမ့်မယ်၊ သေလိမ့်မယ်၊ သိလား'

'သေပါစေကွယ်၊ သေတော့ရော ဘယ်သူ့ငိုမှာမို့လဲ'

စုလှိုင် ဖုန်းချသွားသည်။ ညီလင်းသည် ထိုနေရာ၌ပင်ဆက်၍ အတန်ကြာအောင် ရပ်နေမိလေသည်။ ငိုင်တွေတွေဖြစ်နေသောသူ့ကို ဖေဖေက အကဲခတ်သလို လှမ်းကြည့်နေသည်။ ညီလင်းက အသက်ပြင်းပြင်းရှူလိုက်ကာ လှမ်းမေးလိုက်သည်။

'ကျွန်တော် ရုပ်ရှင်မင်းသားလုပ်ရင် ဖေဖေသဘောကျမှာလားဟင်'

သူ့ဖခင်ကအဖြေမပေးချေ။ ရှူးကြောင်ကြောင်သတ္တဝါတစ်ကောင်ကို ကြည့်သလို လှမ်းကြည့်နေသည်။ ညီလင်း၏စကားကို ယုံကြည်ဟန်မရှိချေ။

*

၃၊ ၄၊ ၇၄

ကိုကိုရာ

ကံကြမ္မာဆိုတာ တကယ်ဆန်းကြယ်တာပဲ၊ တကယ်လို့ ရထားသာမှောက်ခဲ့ရင် တကယ်လို့ မှောက်ဦးတော့ ဦးသာလှိုင်ရွေးထားတဲ့မင်းသားသစ်က ပါမသွားခဲ့ရင်၊ ကျွန်တော်လည်း စုလှိုင်ဆီကို မသွားဖြစ်ရင်၊ သွားဖြစ်ဦးတော့ ဦးသာလှိုင် ရပ်ကြည့်နေတာကို သိရင် ကျွန်တော်က ကင်မရာရှေ့ရောက်ဖို့ရာ အကြောင်းဘယ်ရှိမလဲ၊ ကျွန်တော့ အသံ၊ ကျွန်တော့အမူအရာက သူ့ဇာတ်လမ်းနဲ့ အင်မတန်ကို အံဝင်နေတယ်တဲ့လေ၊ ဟား ဟား၊

'ဒါပေမဲ့ ကိုကိုရာ၊ ကျွန်တော်မင်းသား မဖြစ်ပါဘူး၊ ကျွန်တော်သာ ကင်မရာကိုမကြောက်ရင် ကပ်စေးစေးမိတ်ကပ် အထူကြီးကို လိမ်းနိုင်ရင်၊ ကိုယ့်မျက်နှာကို မှန်တွေမီးတွေ တအားထိုးနေတဲ့ကြားထဲက အမူအရာလုပ်တတ်ရင်တော့ ညီလင်းညိုဆိုတဲ့ကောင် ရုပ်ရှင်မင်းသားများ ဖြစ်မလား မသိဘူး၊ ခုတော့ တစ်ကွက်စမ်းရိုက်ပြီးတာနဲ့ သူလည်း စိတ်ပျက်၊ ကျတော်လည်း စိတ်ပျက်ပဲ၊

သူဆိုတာ ဦးသာလှိုင်ကို ပြောတာပါ၊ တကယ်စေတနာမပါဘဲနဲ့ ပညာပေးကား ရိုက်မယ်ကြံနေတဲ့ သူလေ၊ ငွေနောက်ကို သဲကြီးမဲကြီးလိုက်နေတဲ့သူလေ။။

*

မရှုချင်၍လည်း တခြားရှုစရာ လေမရှိပေ။

ပြုတ်ဆန်နံ့သည် အောက်သိုးသိုးနှင့်မို့ အခံရဆိုးလှသည်။ ကမ်းနား တစ်လျှောက်လုံးတွင် ထိုအနံ့ စုန်ကာဆန်ကာပြေးလွှားနေလေသည်။

'ဆိုးလိုက်တဲ့အနံ့ဗျာ'

'မဆိုးပါနဲ့ကွာ၊ ဒါနဲ့ပဲ ငါတို့တွေနိုင်ငံခြားငွေရနေတာ ကြည့်ပါလား'

ပြုတ်ဆန်များလာရောက်တင်ယူနေသော နိုင်ငံခြားသင်္ဘောကြီးများ သည် ကြီးမားလှချေသည်။ ပုသိမ်ဆိပ်ကမ်းတွင် ကျောက်ချကပ်ထားသည်။ ဆန်များတင်ပြီးလျှင် ပင်လယ်သို့ ပြန်လည်ထွက်ကြရမည်ဖြစ်သည်။

'အဟဲ ဟုတ်သားပဲ၊ ဒါတွေတင်စရာရှိလို့ သင်္ဘောက ဒီကမ်းလာတာ၊ သင်္ဘောက ကမ်းကပ်လို့လည်း ကျွန်တော်လည်း ပစ္စည်းဝယ်လို့ရတာ၊ အကျိုးနဲ့ အကြောင်းက ဒီလိုရှိတာပဲ'

တင်ထွန်းမောင်က ပြောပြီးရယ်လေသည်။ သူသည် ယခင်တုန်းက အတိုင်းပင်ဖြစ်သည်။ ရုပ်သဏ္ဌာန်အားဖြင့် လုံးဝမပြောင်းလဲပေ။ ပါဝါမျက်မှန်က အတန်ငယ်ပို၍ထူလာသည်သာ ပြောင်းလဲလာသည် ထင်သည်။ သို့သော်လည်း အတွင်းစိတ်ပိုင်းဆိုင်ရာကမူ အတော်ကြီးပြောင်းလဲနေပြီဖြစ်လေသည်။ စီးပွား ရေးဘက်စိတ်ရောက်ကာ စီးပွားရေးသမားဖြစ်နေချေပြီ။ ပုသိမ်တွင် နိုင်ငံခြား သင်္ဘောများ ကပ်တိုင်း သူရောက်လာလေ့ရှိသည်။ သင်္ဘောသားတို့ပါလာသော ရေဒီယို၊ ခေါက်ထီး၊ အဝတ်စများကို ဝယ်ယူသည်။ တစ်ခါတစ်ရံ ငွေနှင့် ဝယ် သည်။ တစ်ခါတစ်ရံကျောက်နှင့် ဝယ်သည်။ ပုသိမ်လမ်းသည် မော်လမြိုင်လမ်း လို နာမည်မကြီးချေ။ သင်္ဘောသားပေါင်းစုံဆီမှဝယ်သောပစ္စည်းများမို့ အမျိုး ပေါင်းစုံသည်။ တစ်မျိုးတည်း အများကြီးလည်းမရချေ။ ထို့ကြောင့် သူ ရန်ကုန် ပြန်လျှင် မှောင်ခိုပစ္စည်းများပါသွားသော်လည်း မှောင်ခိုကုန်သည်နှင့်တော့ မတူပေ။ နိုင်ငံခြားပစ္စည်းကို ကိုယ်သုံးအဖြစ် ပေါပေါများများသုံးလေ့ရှိသူ တစ်ဦး နှင့်သာတူသည်။

'ညီလင်းညိုကတော့ အတော်ခွကျတာပဲ၊ သူ့ရုပ်ကလည်း ဖြောင့်ဖြောင့် နဲ့ မင်းသားလုပ်ရင် မိနေမှာ'

'ငါတော့ သူ့ကို မင်းသားမလုပ်စေချင်ပါဘူးကွာ'

'ဘာဖြစ်လို့လဲ'

'ဒီကောင်က ကလေးစိတ်ကွ၊ ရင့်ကျက်သေးတာမဟုတ်ဘူး၊ ခု တစ်မျိုး တော်ကြာတစ်မျိုး၊ ကားမရိုက်ဖြစ်တာ တော်သေး၊ စမိပြီးမှ ဆက်မရိုက်ချင်ဘူး ဆိုရင် ခက်မယ်'

'တစ်ကားလောက်ရိုက်တာတော့ ဘာဖြစ်လဲဗျာ၊ စိတ်မဝင်စားရင် ဆက်မရိုက်နဲ့ပေါ့၊ ကျွန်တော်နဲ့တစ်ခါတွေ့တယ်၊ အမူအရာလုပ်ရတာလည်း ခက်တယ်တဲ့၊ မှန်ထိုး၊ မီးထိုး ခံရတာလည်း စိတ်ညစ်တယ်ဆိုပြီး ခြျသံပါအောင် ညည်းသွားတယ်၊ ကျွန်တော်သာ သူ့လိုရုပ်ချောရင် ဘယ်နေမလဲ နာမည်ကြီး မင်းသားဖြစ်သွားမယ်'

'ရုပ်ရှင်ရိုက်တယ်ဆိုတာ ရုပ်တစ်ခုတည်း လိုတာ မဟုတ်ဘူးကွ၊ အနု ပညာအရည်အချင်း အပြည့်ရှိရတယ်၊ မင်းကောင်က ဇာတ်စင်ပေါ်တောင် တစ်ခါတက်ဖူးလို့လား၊ ဘာအမူအရာ လုပ်တတ်လို့လဲ'

တင်ထွန်းမောင်သည် ရွံ့ညွန်ထဲတွင်ခုန်ပျံနေသော ငါးပျံလေးများကို ငေးကြည့်နေသည်။ ဖောင်စီးကဏန်းကလေးများသည်လည်း နွံပေါ်တွင် ခြေ ကားရား လက်ကားရားနှင့်ပြေးနေကြလေသည်။ တွင်းသေးသေးလေးများထဲသို့ ဝင်သွားလိုက် ပြန်ထွက်လာလိုက်နှင့် ဘာတွေများ အလုပ်များနေကြသနည်း မသိရချေ။ သူတို့အလုပ်နှင့်သူတို့တော့ ရှုပ်နေကြသည်ဖြစ်သည်။ နွံနှင့်မြေအစပ် တွင်မူ ခရာပင်များစီတန်းပေါက်နေသည်။ ခရာရွက်ချွန်ချွန်လေးများသည် ဝင်လုဆဲနေရောင်ခြည်ဝယ် စိမ်းမြတောက်ပနေသည်။

'နွေသူရိန်ကတော့ လျှောက်လွှာတစ်စောင်ကိုင်ပြီး အကုန်လိုက် လျှောက်တာပဲ၊ အခုတော့ အလုပ်ရသွားပြီ'

'ဘယ်မှာလဲ'

'သိပါဘူးဗျာ၊ ကုန်သွယ်ရေးလား၊ ဆောက်လုပ်ရေးလား၊ သမ ဝါ ယမလား တစ်ခုခုပဲ၊ သူလျှောက်တာက များတော့ ဘယ်မှာရသွားလဲ ကျွန်တော် လည်း မသိတော့ဘူး'

'ကဗျာ မစပ်တော့ဘူးလား'

'အင်း၊ အရင်ကလောက်တော့မစပ်တော့ဘူး၊ ဝတ္ထုရေးမယ်ပြောနေ တယ်'

တင်ထွန်းမောင်က ရယ်သည်။ တကယ့် တကယ်တော့ သူတို့ သုံး ယောက်သည် လက်တွဲဖြုတ်လိုက်ပြီး ကိုယ့်လမ်းကိုယ်လျှောက်နေကြရပြီ ဖြစ်

လေသည်။ တစ်ယောက်ကို တစ်လမ်းစီဖြစ်သည်။

'သူက ညီလင်းကို သိပ်အားကျနေတယ်၊ သူနဲ့နေရာချင်း လဲလိုက်ချင်တယ်တဲ့၊ ဟော၊ ဟိုမှာ မမသက် လိုက်လာပြီ'

သက်သက်က ထမင်းစား လိုက်ခေါ်ခြင်းဖြစ်သည်။ သမီးလေးကိုချီပြီး သူတို့ဆီသို့ ခပ်ဖြည်းဖြည်းလျှောက်လာသည်။ ဆည်းဆာရောင်ဖျော့ဖျော့ဝယ် သက်သက်၏အပြုံးကတောက်ပနေလေသည်။ သူဝတ်ထားသော ထဘီ အညိုရောင်လေးက လေထဲတွင်တဖျပ်ဖျပ်လွင့်နေ၍ လက်တစ်ဖက်နှင့်ထိန်းထားရသည်။

ခုတော့ သူ့ဘဝတွင် အစစအရာရာပြီးပြည့်စုံပြီဟု ကျော်ထွန်းညို ထင်သည်။ သူဌေး မဖြစ်သော်လည်း သူတို့ဘဝနှင့်သူတို့ လူတန်းစေ့စေ့လေး နေနိုင်သည်။ ချစ်ဇနီးရှိသည်။ ချစ်သမီးရှိသည်။ သူ့အိမ်လေးသည် မေတ္တာရနံ့ကြိုင်ပြီး ထာဝစဉ်ပင် နွေးထွေးနေလေသည်။

သမီးသည် သူ့ကို အဝေးကတည်းက မှတ်မိသည်။ လက်ညှိုးလေးထိုးပြီး စူးစူးဝါးဝါး အော်လေသည်။ အမာညို သားကို "ဟနုမာန်" ဟု အမည်ပေးခဲ့သော ညီလင်းညိုသည် သူ့သမီးကိုကား "စပ်စုမ" ဟု အမည်ပေးပြန်သည်။ မျက်လုံးလေးအဝိုင်းသားနှင့်စူးစမ်းတတ်လွန်းသောသမီးနှင့် လိုက်လျောသော အမည်ဖြစ်သော်လည်း ကျော်ထွန်းညိုသိပ်မကြိုက်ချေ။ သမီး၏အမည်ကို သည့်ထက် လှစေချင်သည်။ သို့သော်လည်း ထုံးစံအတိုင်း ထိုအမည်သည်သာ အတည်ဖြစ်ပြီး နှုတ်ကျိုးသွားကြလေသည်။

မျက်လုံးပြာနှင့်သဘော်သားကြီးနှစ်ဦးက သူတို့ဘက်သို့လျှောက်လာသည်။ တင်ထွန်းမောင်က သူတို့ကို ဆီးကြိုနှုတ်ဆက်လိုက်သည်။ သူတို့တစ်တွေ အလုပ်ကိစ္စပြောနေကြစဉ် ကျော်ထွန်းညိုရှောင်၍ထွက်ခဲ့သည်။ သက်သက်ဆီသို့ ကြိုလျှောက်သွားပြီး သမီးလေးကိုလှမ်းခေါ်လိုက်သည်။

သမီး၏ပါးမို့မို့လေးကို နမ်းလိုက်မိချိန်တွင် သက်သက်က ပြောသည်။

'ကိုကိုရယ် ထမင်းမစားသေးဘူးလား၊ ဒီနေ့ ကိုကိုကြိုက်တဲ့ ပဲကြီးဟင်းနဲ့ဆူးပုပ်ချက်တယ်လေ'

*

ဆူးပုပ်ရွက် ရေနွေးဖြောသောအနံ့ကို ညီလင်း လုံးဝမကြိုက်ပေ။ အမှတ်မဲ့ပြော

ရလျှင် တညင်းသီးနံ့နှင့်တူသော်လည်း တညင်းသီးနံ့ထက်စူးလေသည်။ ထို စူးစူး ဝါးဝါးနံသော အရွက်ကို တစ်အိမ်လုံးကြိုက်နှစ်သက်ကြ၍ ညီလင်း အံ့သြရသည်။

အမာညိုသည် ရေနွေးထဲမှ ဆူးပုပ်ရွက်လေးများကို ဇွန်းနှင့်ဆယ်ကာ ထမင်းဘူးနှစ်ဘူးထဲသို့ မျှ၍ထည့်သည်။ အမာညိုတို့ အတို့အမြုပ်ကြိုက်ပုံကား လွန်သည်။ ရုံးသို့ထည့်သောထမင်းဘူးတွင်ပင် တို့စရာထည့်ယူတတ်သည်။ ထမင်းကို ငါးပိရေဆမ်းသွားတတ်လေသည်။

'မေမေ မံမံ၊ မံမံ ကျွားမယ်'

ဟနုမာန်က အမာညို၏ထဘီစကိုဆွဲကာ အော်နေလေသည်။ အမာညိုက ဂရုမစိုက်ပေ။ ထမင်းဘူးထည့်ရင်း အလုပ်ရှုပ်နေသည်။ ရေချိုးခန်းထဲမှ ထွက်လာသော ပေါက်ကျိုင်းက ဟနုမာန်ကိုကောက်ချီပြီး အပြင်ဘက်ခေါ်သွားသည်။

'ဖြည်းဖြည်းပေါ့ မမရာ လောနေတာပဲ၊ မမကြည့်ရတာ မောလိုက်တာ'

'ရှစ်နာရီထိုးနေပြီ၊ ရေတောင်မချိုးရသေးဘူး၊ တော်ကြာ ရုံးမမီရင် မြင်းနီစီးရမှာ'

ရုံးနောက်ကျပြီး မင်နီအတားခံရမည်ကို အမာညိုအလွန်စိုးရိမ်သည်။ ကျောင်းသားဘဝတုန်းက ဖင်လှည့်ခေါင်းလှည့်နှင့် အစဉ်ပင် ကျောင်း နောက်ကျလေ့ရှိသည်။ သို့သော် အလုပ်သမားဖြစ်လာသောအခါတွင်ကား တာဝန်ဝတ္တရားဟူသော ဝန်ထုပ်ကြီးကမူ သူ့ကိုဖိစီးလာသည်။ တာဝန်ဟူသော ကြိမ်ဆော်သံကြောင့် ရှစ်နာရီခွဲပြီးသည်နှင့် ပေါက်ကျိုင်းနှင့်အမာညိုတို့နှစ်ဦးလုံး ဘတ်စ်ကားမှတ်တိုင်သို့ သုတ်သီးသုတ်ပျာနှင့် ပြေးလေ့ရှိ သည်။ သို့မှသာ ကားစောင့်ရသည်နှင့် ကားတိုးရသည်နှင့် ရုံးကို ကိုးနာရီခွဲအမီရောက်လေသည်။ ဖေဖေကလည်း ပင်စင်ယူပြီဖြစ်သဖြင့် ယခင်တုန်းကလို ရုံးကားလေးကပ်ပြီးမစီးနိုင်တော့ပေ။

'မဖြစ်သေးပါဘူး၊ မမအတွက်တော့ ကားလေးဘာလေးဝယ်ပေးဦးမှပါ၊ ကိုရိုလာဆိုရင် တော်ပြီလား'

'အောင်မာလေး၊ ရုံးသာမြန်မြန်ရောက်ပါစေ၊ ဘီးဖက်ပြီးလိုက်ရလိုက်ရ၊ ဘာကားဖြစ်ဖြစ်၊ ဦးပန်ချာကားဖြစ်ဖြစ်'

'ဟဲ့ မပြောကောင်း မဆိုကောင်း'

မေမေက ငေါက်သောအခါ အမာညိုသည် ခေါင်းလေးပုသွားကာ

ရေချိုးခန်းထဲသို့ဝင်ပြေးသွားလေသည်။ တဝုန်းဝုန်းရေချိုးသံကိုကြားရသည်။ ဆယ်ခွက်ခန့်ချိုးပြီးသောအခါ ခေတ္တရပ်ပြီး ဆပ်ပြာတိုက်သည်။ ထို့နောက် တိုက်ထားသောဆပ်ပြာများစင်သွားအောင် ဆယ်ခွက်ခန့်ထပ်၍ လောင်းသည်။ စုစုပေါင်း သုံးမိနစ်ခန့်သာရှိမည်ထင်သည်။ အမာညို၏ရေချိုးခြင်းကိစ္စသည် ပြီးစီးသွားလေသည်။

'ညီလင်း၊ နင်နက်ဖြန် အင်တာဗျူးရှိတယ် မဟုတ်လား'

'အင်း'

'ဘာတွေဖတ်ထားလဲ၊ နိုင်ငံတကာရေးရာ ဖတ်ရဲ့လား'

'ဖတ်ချင်ဘူးဗျာ၊ ရုံးမှာလည်း မလုပ်ချင်ဘူး'

'နင်တော့ ခက်တာပဲ၊ ဒီလိုဆိုဘာလို့ မင်းသားဖြစ်အောင်မလုပ်လဲ၊ ဒီလောက်အခွင့်အရေးရနေတာကို၊ မိတ်ကပ်လိမ်းရတာ ကပ်စေးစေးဖြစ်သလေး၊ မင်းသမီးကို ဖက်ရတာ အတုချည်းမို့ ဖီလင်အောက်သလေးနဲ့၊ အလကား အဖြစ်မရှိဘဲနဲ့ အရိုးများသောချေးခါးသော လုပ်နေတယ်'

ညီလင်းသည် ဘာမှပြန်မပြောဘဲ မျက်မှောင်ကုတ်နေမိလေသည်။ သူတို့အိမ်တွင် လူစေ့တက်စေ့ တာဝန်ကိုယ်စီရှိကြသည်ဟုထင်သည်။ သူတစ်ဦးတည်းသာ ယောင်ခြောက်ဆယ် ဖြစ်နေလေသည်။ တစ်နေ့တစ်နေ့ ဟိုယောင်ယောင် ဒီယောင်ယောင်နှင့်ပင် အချိန်ကုန်နေရသည်။ သူနှင့် စာလျှင် နွေသူရိန်တို့၊ တင်ထွန်းမောင်တို့က အများကြီး ပိုပြီးပြတ်သားသည်။ နွေသူရိန်က သူ့လို အရိုးမများ ချေးမခါးဘဲ ရုံးလုပ်ငန်းသို့ ဝင်လိုက်သည်။ တင်ထွန်းမောင်ကလည်း မှောင်ခိုဟူသောအမည်ကို ရဲရဲဝံ့ဝံ့ ခံယူသည်။ စီးပွားရေးကိုဇောက်ချလုပ်သည်။ သူကသာ ဟိုစမ်းစမ်း ဒီစမ်းစမ်းနှင့် ဘယ်ဘက်မှာမှ သုံး၍မရသောသူ ဖြစ်နေလေသည်။

'မေမေ'

ညီလင်းက ခေါ်သောအခါ မေမေက ဟင်းချက်ရင်းတန်းလန်းမှ မသိမသာ စောင်း၍ ကြည့်သည်။ သူ့ကို "အင်တာဗျူး" သွားစေချင်သော်လည်း တိုက်တွန်းစကားတစ်ခွန်းမှ ဝင်မပြောပေ။ ဟိုယောင်ယောင် ဒီယောင်ယောင် ဖြစ်နေသောသားငယ်ကို သနားလည်းသနား၊ စိတ်လည်း မကောင်း ဖြစ်နေပုံရသည်။

'မေမေ၊ ကျွန်တော် သုံးဘီးမောင်းရင် ဘာပြောမလဲ'

'သားက မောင်းချင်လို့လား'

'ကျွန်တော် စာမေးပွဲအောင်တာ ဆယ်လလောက်ရှိပြီ၊ ခုထိ မိဘဆီမှာ ကပ်စားပြီး မုန့်ဖိုးတောင်းနေရတုန်းပဲ၊ ကျွန်တော်အလုပ်လုပ်ချင်တယ်၊ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ်၊ ကိုယ့်အချိန် ကိုယ်ပိုင်တဲ့အလုပ်ပဲ လုပ်ချင်တယ်'

'သားဖေဖေက သဘောတူပါ့မလား'

'ဘာလို့လဲ'

'ဩော် သူ့သားက သုံးဘီးမောင်းတယ်ဆိုတော့ သူ့အပေါင်းအသင်း မိတ်ဆွေတွေကြားထဲမှာ ပြောလို့ကောင်းပါ့မလားကွယ်'

'ကျွန်တော် သူများပစ္စည်းခိုးတာမှမဟုတ်ဘဲ မေမေရယ်'

သူတို့ကသာ ဖေဖေ သဘောမတူဟု ထင်ခဲ့သော်လည်း ဖေဖေသည် ကန့်ကွက်စကားတစ်ခွန်းမှ မပြောခဲ့ပေ။ ညီလင်းကိုစေ့စေ့ကြည့်ကာ ပြုံးသည်။ ထို့နောက် "ကောင်းတယ် ကောင်းတယ်၊ ကားကို ဘယ်ကငှားမလဲ" ဟုမေးလေသည်။

*

'စု ကိုယ့်ကိုယ်ကို လွန်လွန်းနေပြီလို့ မထင်ဘူးလား'

'ထင်ပါတယ် ဒက်ဒီ'

စုလှိုင်က ဒက်ဒီ့ကို မျက်လွှာလေးပင့်ကြည့်ကာ စိတ်မပါလက်မပါ အဖြေပေးလိုက်သည်။ ကိုယ့်ကိုယ်ကို လွန်လွန်းနေပြီဟု အမှန်တကယ်ထင်မိပြီတော့ ဖြစ်သည်။ သို့သော် ကိုယ့်စိတ်ကို ကိုယ်တားဆီး၍မရနိုင်သည်ကတော့ တစ်ပိုင်းဖြစ်သည်။

'စုရဲ့လက်ဝတ်လက်စားတွေရော'

'မရှိတော့ဘူး'

'မာမီ့ဟာတွေရော'

'တစ်စုံတော့ ကျန်ပါသေးတယ်'

'သိပ်လွန်နေပြီ'

'ဟုတ်ပါတယ်'

အသားအရေများ ဖြူရော်ခြောက်သွေ့နေသောစုလှိုင်ကို ဒက်ဒီက စိုက်၍ ကြည့်နေသည်။ စုလှိုင် အကျင့်ပါနေသည်။ ဒက်ဒီ့ကိုပင် မခန့်တရန့် ပြုံးပြမိ

သည်။

စုလိုင်၏အခန်းထဲသို့ ဒက်ဒီမလာဖူးသေး၊ တစ်ခါမျှပင် မရောက်ဖူးဟု ထင်သည်။ မာမီသေပြီးသည့်နောက်ပိုင်းတွင် စုလိုင်နှင့်ဒက်ဒီသည် ပို၍ စိမ်းသွားသည်။ ဒက်ဒီက ဆယ်ရက်ဆယ့်ငါးရက်နေမှ တစ်ခါနှစ်ခါသာ အိမ်ပြန်တတ်သည်။ ရွှေတောင်ကြားလမ်းတွင် ဒက်ဒီပိုင် တိုက်တစ်လုံးရှိသေးသည်။ ထိုတိုက်တွင်ပင် သွား၍အိပ်တတ်လေသည်။ ဒက်ဒီတစ်ယောက်တည်း အိပ်သည်ဟုဆိုလျှင်တော့ စုလိုင် ဝါးလုံးကွဲရယ်မိလိမ့်မည် ဖြစ်သည်။ မည်သူနှင့် အိပ်သနည်းဟုမေးလျှင်တော့ အဖြေရခက်လိမ့်မည် ထင်သည်။ ဒက်ဒီသည် ယခင်တုန်းကလို မဟုတ်တော့ဘဲ ပုံစံပြောင်းသွား သည်။ မည်သူ့ကိုမျှ အတည် တကျ နံပါတ်မတပ်တော့ပေ။

'ဒက်ဒီ ဘာလို့နောက်ထပ်မိန်းမတစ်ယောက်ကို လက်ထပ်မယူသလဲ၊ စု သိလား'

'သိတယ်'

'ဘာလို့လဲ'

'လက်ထပ်ဖို့မှမလိုဘဲ၊ ရနေတာပဲ'

ဒက်ဒီ၏မျက်လုံးများသည် မှုန်မှိုင်းသွားသည်။ စုလိုင်ကိုစိမ်းစိမ်းကြည့်ကာ သက်ပြင်းချလေသည်။

'ဒါကြောင့် မဟုတ်ဘူး စု၊ ဒက်ဒီသေသွားရင် ကျန်သမျှအမွေတွေကို စုတို့မောင်နှမပဲ ရစေချင်လို့'

စုလိုင်၏နှုတ်ခမ်းပေါ်မှ မထီလေးစားအပြုံးလေးသည် တဖြည်းဖြည်း ပျောက်သွားသည်။ ဒက်ဒီ့ကို မယုံသင်္ကာနှင့်လှမ်း၍ကြည့်မိသည်။ ဒက်ဒီက စုလိုင်ကို နူးညံ့စွာပြုံး၍ပြသည်။ စုလိုင်သည် လျှပ်စစ်ဓာတ် အလိုက်ခံရသကဲ့သို့ တုန်တုန်လှုပ်လှုပ်ဖြစ်သွားလေသည်။

'မယုံဘူးလား စု'

'စုလား စု ယုံချင်လိုက်တာ'

'ဒက်ဒီ လူတွေကိုမချစ်တတ်ဘူး စု၊ ဒါပေမယ့် ဒက်ဒီမချစ်တဲ့လူတွေထဲမှာ သမီးနဲ့သား မပါဘူး'

'စုတို့ကို ဒက်ဒီ ချစ်တယ်လား'

နူးညံ့ခြင်း နွေးထွေးခြင်းများသည် ဒက်ဒီ့မျက်နှာတွင် ထင်ဟပ်လာကြ

သည်။ နှုတ်မှမူ ဘာမှပြန်မပြောဘဲ ခေါင်းကိုဖြည်းလေးစွာညိတ်ပြလေသည်။

'သမီးကို ဒက်ဒီ မဆုံးမတတ်ခဲ့ဘူး၊ ဒီအတိုင်းပဲ လွှတ်ထားခဲ့တယ်၊ ဒီလိုဖြစ်တာ သမီးအပြစ်မဟုတ်ပါဘူး၊ ဒက်ဒီ့အပြစ်အများကြီးပါတာ ဒက်ဒီ သိပါတယ်'

စုလှိုင်သည် ကုလားထိုင်နောက်ကျောကို ဖြည်းဖြည်းလေးမှီချလိုက်သည်။ ဒက်ဒီ့ကို မယုံနိုင်သလို ငေးကြည့်နေရင်း မျက်ရည်ရစ်ဝဲလာလေသည်။ "သမီး သမီး" ဟုခေါ်သံကိုကြားနေရသော သူ့နားကိုလည်း မယုံ ချင်။ သိမ်မွေ့နူးညံ့သော ဒက်ဒီ့မျက်နှာကိုမြင်နေရသည့် သူ့မျက်လုံးများကိုလည်း မယုံချင်ပေ။

'သမီး'

ဒက်ဒီက တိုးတိုးခေါ်သည်။ မျက်ရည်ကြည်များရစ်ဝိုင်းနေသော စုလှိုင် ၏မျက်လုံးများကို စိုက်၍ကြည့်သည်။

'သမီးကသိပ်လှတယ်၊ ပညာလည်း ရှိတယ်၊ အသက်ကလည်း ငယ်ငယ်လေး၊ ဒီလောကကြီးမှာ သမီးလူလုပ်ဖို့ မင်းမူဖို့ အချိန်တွေ အများကြီး ကျန်သေးတာ သမီးသိရဲ့လား၊ ဒီ အဖြူမှုန့်တွေကို ရှူရင်း ရှိုက်ရင်းနဲ့ပဲ ဘဝတုံး၊ အညွန့်ကျိုးခံတော့မှာလား'

စုလှိုင်၏ပခုံးနှစ်ဖက်ကိုဆုပ်ကိုင်ရင်း ဒက်ဒီက ကြေကွဲစွာပြောသည်။

'စု၊ စုမနေနိုင်ဘူး ဒက်ဒီရယ်၊ မရှူရရင် မနေနိုင်တော့ဘူး'

'နေနိုင်ရမယ် စု'

'စု သေသွားလိမ့်မယ်'

စုလှိုင်၏ပါးပြင်ပေါ်သို့ မျက်ရည်များစီးကျလာသည်။ ဒက်ဒီ့ကို အားကိုးချင်သောစိတ်နှင့် အာခံချင်သောစိတ်သည် သူ့ရင်ထဲတွင် လုံးထွေးသတ်ပုတ်နေကြလေသည်။ "အသုံးမကျတဲ့ဒက်ဒီ၊ ဒီအချိန်ကျမှ ဘာလို့လာပြောနေသလဲ" ဟု ပြန်ပြီးအော်ပစ်လိုက်ချင်စိတ်ကလည်း နှုတ်ခမ်းဝထိတက်လာသည်။

'အမှားတစ်ခါမှ မမှားဖူးတဲ့သူဟာ လူကောင်းတဲ့၊ မှားမိတဲ့အမှားကို ပြင်နိုင်တဲ့သူကတော့ လူတော်တဲ့'

'အို စုမတော်ဘူး၊ စုလေ တော်လည်း မတော်ဘူး၊ ကောင်းလည်း မကောင်းဘူး'

'ဒက်ဒီ့သမီးဟာ မကောင်းချင်နေ တော်ရမယ်'

'အို မတော်ဘူး ဒက်ဒီ စု မတော်ဘူး၊ စု မနေနိုင်ဘူး အို ဒက်ဒီရယ်၊

စုကို လွှင့်ပစ်လိုက် လမ်းဘေးမှာသွားပြီး လွှင့်ပစ်လိုက်'

စုလှိုင်က ကယောင်ချောက်ချားအော်နေမိသည်။ ဒက်ဒီသည် သူ့ကို ဇွတ်အဓမ္မချုပ်ကိုင်ကာ ဘိန်းဖြူဖြတ်ခိုင်းတော့မည်ဖြစ်ကြောင်းကို အလိုလိုသိပြီး တုန်တုန်လှုပ်လှုပ်ဖြစ်နေသည်။

'စု သေသွားလိမ့်မယ် စု သေလိမ့်မယ်'

'ဘာလို့သေရမှာလဲ မသေစေရဘူး'

ဒက်ဒီက အမိန့်ပေးသောအသံနှင့်ပြောကာ စုလှိုင်၏စာကြည့်စားပွဲပေါ်မှဆေးလိပ်ဘူးလေးကိုကောက်ယူလိုက်သည်။ ထို့နောက် အံဆွဲကို ဆွဲ၍ဖွင့်ကာ အတွင်းမှသံဘူးလေးကိုပါ ယူလိုက်လေသည်။

'အို ဒက်ဒီ ဘာလုပ်တာလဲ'

'စု မသောက်ရတော့ဘူး'

'ဒက်ဒီ အို ဒက်ဒီ စုကို သတ်တော့မလို့လား'

'မဟုတ်ဘူး၊ သမီးကို ပြန်ရှင်လာအောင် လုပ်မလို့ပါကွယ်'

စုလှိုင်၏တစ်ကိုယ်လုံးသည်နတ်ကျသလို တုန်ယင်လာသည်။ ဒက်ဒီ့လက်ထဲမှဘူးလေးကို လှမ်းပြီးဆွဲယူရန်ကြိုးစားသော်လည်း မအောင်မြင်ပေ။ ဒက်ဒီက သူ့လက်ကိုလွှဲဖယ်လိုက်သည်။ အပေါက်ဝတွင်ရပ်နေသော လူတစ်ဦးဆီသို့ ထိုဘူးလေးကိုပစ်ပေးလိုက်သည်။

'သတ္တိရှိပါ သမီးရယ်'

ချွေးစေးများပြန်နေသောစုလှိုင်၏နဖူးပြင်ကို ဒက်ဒီက ငုံ့၍နမ်းလိုက်သည်။ တုန်ယင်အေးစက်နေသောလက်ကလေးကို အားပေးသလို ဆုပ်ကိုင်နှုတ်ဆက်ပြီး အခန်းထဲမှထွက်သွားသည်။

'ဒက်ဒီ ဒက်ဒီ'

စုလှိုင်က အော်ခေါ်လိုက်စဉ် ဒက်ဒီက အခန်းတံခါးကို ပိတ်လိုက်လေသည်။ စုလှိုင်က တံခါးကို တဒုန်းဒုန်းထုလိုက်မိသည်။

'သမီးရယ် သတ္တိရှိပါ၊ ဒက်ဒီဆရာဝန်နဲ့စီစဉ်ထားပြီးသားပါ၊ တစ်နေ့ကို နှစ်ခေါက်လာလိမ့်မယ်၊ လိုအပ်တဲ့ဆေးတွေ သူပေးလိမ့်မယ်၊ အားဆေးသွင်းပေးလိမ့်မယ်'

'မလိုချင်ဘူး'

'သမီးလေး အလူးအလဲခံရမယ်ဆိုတာ ဒက်ဒီသိပါတယ်၊ ဒါပေမဲ့

ဒက်ဒီလုပ်ရမှာပဲ၊ သမီးကိုချစ်လို့ပါ၊ သမီးသိတယ်မဟုတ်လား'

ဒက်ဒီ့အသံက တုန်ယင်နေသည်။ စုလှိုင်က ကြောက်ရွံ့စိတ်၊ ဝမ်းနည်း စိတ်တို့နှင့် ငိုရှိုက်မိစဉ်တွင် တံခါးကို သော့ခတ်သောအသံကို ကြားလိုက်ရလေ သည်။

*

'သုံးဘီးဆရာ၊ သုံးဘီး သုံးဘီး'

အသက်လေးဆယ်ခန့် အမျိုးသမီးတစ်ဦးက ကားကိုလက်တပြပြနှင့် တားသည်။ ကျောင်းလွယ်အိတ်ကလေးများကိုယ်စီလွယ်ထားသော အသက် ရှစ်နှစ်အရွယ် မောင်နှမနှစ်ဦးကလည်း သုံးဘီးကားကို မျှော်လင့်ချက်ကြီးစွာနှင့် ကြည့်နေကြသည်။ ကျောင်းသွားမည့်ကလေးများဖြစ်လိမ့်မည် ထင်သည်။ ညီလင်းသည် ကားစက်ရှိန်ကိုချက်ချင်းလျှော့ကာ သူတို့ဘေးသို့ရပ်လိုက်သည်။

'ပြည်လမ်း ပဲခူးကလပ်နား ရမလား'

'ရပါတယ်'

'ဘယ်လောက် ပေးရမလဲ'

'မီတာကျသလောက်ပေါ့ အစ်မရာ၊ ကျွန်တော် ပိုမယူပါဘူး၊ ကလေး တွေ ကျောင်းပို့ဖို့ မဟုတ်လား'

'ကျေးဇူးပါပဲရှင်၊ ကဲ တက် တက်၊ လာ လာ ဒီဘက်ကလာ၊ ကျောင်း ကားက ပျက်နေလို့ဆရာကြီးရဲ့'

ထိုကဲ့သို့ အရေးတကြီးသွားရန်လိုအပ်သူကို လိုက်ပို့ရခြင်းမျိုးကို ညီ လင်းကျေနပ်သည်။ ကျောင်းသွားမည့် ကလေးများ၊ ဆေးရုံပို့ရမည့်လူနာများ အတွက်ဆိုလျှင် ညီလင်းအလွန်စိတ်ပါသည်။ အမူးသမားများတက်လာလျှင် တော့ စိတ်ညစ်ရသည်။ ညပိုင်းရောက်ပြီး လမ်းဘေး၌ ယိုင်ထိုးယိုင်ထိုးနှင့် လက် ပြတားနေသူကိုတွေ့ပါက လက်ခါပြပြီး တချိုးတည်း မောင်းပြေးတတ်သည်။ အမူးသမားများက မပီမသနှင့်ကလော်ဆဲရင်းကျန်ရစ်တတ်လေသည်။

'မေမေ၊ ကားဆရာကြီးနာမည်က ညီလင်းညိုတဲ့'

ဂါဝန်စိမ်းနှင့်ကလေးလေးက ကားမှန်တွင်ကပ်ထားသော စာရွက် လေးကိုဖတ်ကြည့်ကာ ပြောသည်။

'အဲဒီနာမည်ကို သားကြိုက်တယ်'

ချာတိတ်လေးကပါ ပြောသည်။ ညီလင်းသည် သူတို့ကိုငဲ့ကြည့်ကာ ပြုံးနေမိသည်။ ဖေဖေမေမေတို့မှည့်သောအမည်ကို သူသည် အသာတကြည် လက်သင့်ခံခဲ့ခြင်းဖြစ်သည်။ တစ်ခါမျှ ရှည်ရှည်ဝေးဝေးမစဉ်းစားခဲ့ပေ။ အနာဂတ်၏ကြယ်ပွင့်လေးများကပါ သူ့အမည်ကို ကြိုက်နှစ်သက်အောင် မှည့်ခေါ်ခဲ့သော မိဘနှစ်ပါးကို ယခုမှ ကျေးဇူးတင်ရကောင်းမှန်း သိလာသည်။

'သားနာမည်ကရော ဘယ်လိုခေါ်လဲ'

'သားနာမည်က ပုံမလာပါဘူး ဦးဦး၊ ဇော်တူးတဲ့'

ချာတိတ်က ကြီးကြီးကျယ်ကျယ်ပြောသည်။ သူ့မိခင်လား အဒေါ်လား မသိရသောအမျိုးသမီးက ဘာမျှဝင်မပြောဘဲပြုံးရယ်နေသည်။ ကလေးများ ဘာပြောပြော နှစ်သိမ့်ကျေနပ်နေသောသူ ဖြစ်မည်ထင်သည်။

ညီလင်း၏ကားက ဖွတ်ချတ် ဖွတ်ချတ်နှင့် မြည်နေသည်။ တကျွီကျွီ တအိအိနှင့် အသံစုံလည်းကြားရသည်။ ဘေးမှဖြတ်၍ကျော်တက်သွားသော မာဇဒါ နောက်ဖွင့်ကားပေါ်မှ မိန်းကလေးနှစ်ဦးသည် သူ့ကိုအမှတ်မဲ့ကြည့်ပြီး မျက်လုံးပြူးသွားကြလေသည်။ ညီလင်းက သွားဖြဲပြီးရယ်ပြလိုက်သည်။ ညီလင်းနှင့်မျက်မှန်းတန်းမိသော စီးပွားရေးတက္ကသိုလ်မှ ကျောင်းသူနှစ်ဦးဖြစ်လေသည်။ နောက်တစ်နေ့ သူတို့ကျောင်းရောက်သောအခါ "ဟို ညီလင်းညိုဆိုတဲ့သူလေ၊ သုံးဘီးမောင်းနေတာတွေ့ခဲ့တယ်တော့" ဟူသော သတင်းကို ဖြန့်ချိကြတော့မည်ဖြစ်သည်။

ကျောင်းဝင်းထဲတွင် ကလေးများသည် ပြေးလွှားဆော့ကစားနေကြသည်။ လူချမ်းသာများ၏ သားသမီးများ ထားသော ကျောင်းပင်ဖြစ်မည်ထင်သည်။ အဖိုးတန်မှန်ကားများသည် တစ်စီးနှင့်တစ်စီး ဖင်ချင်းခေါင်းချင်း ဆက်နေကြသည်။ ထိုအထဲတွင် ညီလင်း၏သုံးဘီးကားစုတ်ကလေးက ကန့်လန့်ကန့်လန့်နှင့် ရယ်စရာကောင်းနေသည်။

ပေါ်တီကိုအောက်တွင် ကလေးများဆင်းသွားပြီး ဘီးတစ်ချက် နှစ်ချက်သာ လှိမ့်ရသေးသည်။ သုံးဘီးကားကလေးက အစွမ်းပြတော့သည်။ တဖွတ်ဖွတ် တချတ်ချတ်မြည်ပြီး ထိုးရပ်သွားတော့သည်။ သူ့နောက်ဘက်တွင် ကားကြီးကားကောင်းများက တသီတတန်းကြီးတန်းနေသည်။ ဟွန်းကို တပေါ်ပေါ် နှိပ်နေကြသည်။ ညီလင်းသည် ချွေးများပြန်လာကာ သူ့ကားလေးကို လမ်းဘေးသို့ တွန်းချရလေသည်။

'ကူတွန်းပေးရမလား အစ်ကိုကြီး'

'ရပါတယ်ကွ ပေါ့ပေါ့လေးပါ'

ညီလင်းက ရပါတယ်ဟု ပြောလိုက်သော်လည်း သေးငယ်ပျော့ပျောင်းသောလက်ကလေးနှစ်ဖက်က သူ့ကားကို နောက်ဘက်မှကူ၍တွန်းပေးသည်။

'ကျေးဇူးပဲ ချာတိတ်ရာ ကျေးဇူးပဲ၊ ဒီကားစုတ်ကလည်း တပြင်ထဲပြင်ပြီး တပျက်ထဲပျက်နေတယ်'

ညီလင်းက သူ့ဘေးမှကလေးငယ်ကို ကျေးဇူးတင်စကားပြောလိုက်သည်။ ပထမတော့ ခုနကားပေါ်မှပါလာသော ဇော်တူးဟူသောချာတိတ်ကလေး လာတွန်းပေးသည်ဟုထင်လိုက်မိသည်။ သို့သော် အသေအချာကြည့်မိသောအခါမှ ယခုချာတိတ်သည် အခြားတစ်ယောက်ဖြစ်သည်ကို သိရသည်။ ကလေးငယ်သည် သူ့ကိုမော်ကြည့်ရင်း မပွင့်တပွင့်လေး ပြုံးပြလေသည်။

ညီလင်းညိုသည် ကားစက်ဖုံးကိုဖွင့်လိုက်သည်။ ကားငှား၍ မောင်းနေသော်လည်း သူသည် ကားအကြောင်းသိပ်နားလည်သူမဟုတ်သေးပေ။ လေ့လာနေဆဲပင်ရှိသေးသည်။ မည်သည့်နေရာက စက်ချွတ်ယွင်း၍ ထိုးရပ်သွားသနည်း အပြစ်မရှာတတ်ပေ။ ကားစက်ခေါင်းထဲမှပစ္စည်းများကို ငုံ့ကြည့်ရင်း ခေါင်းကုတ်မိသည်။ ထို့နောက် သက်ပြင်းချသည်။ သူ့ကို စိတ်ဝင်တစားနှင့် စောင့်ကြည့်နေသော သူငယ်လေးကို လှမ်းကြည့်ပြီး စိတ်ပျက် လက်ပျက် ရယ်ပြလိုက်သည်။

'အစ်ကိုကြီးကို ထွန်းသိတယ်'

'ဘယ်သူ့ကို ငါ့ကို'

'ဟုတ်တယ် ထွန်းသိတယ်'

သူကတော့ ဒီသူငယ်လေးကိုမသိပေ။ ဖေဖေ့မိတ်ဆွေတစ်ဦးဦး၏ သားငယ်လေးဖြစ်နိုင်သည်။ သူကတော့ လူကြီးဖြစ်လေသည်။ လူကြီးဟူသည်မှာ လူငယ်လေးများကို အကုန်လုံး မသိနိုင်ပေ။ သို့သော် လူငယ်လေးများကမူ လူကြီးများကိုသိကြလေသည်ဟု ညီလင်းကတွေးလိုက်မိသည်။

'ထွန်းတို့အိမ်ကို အစ်ကိုကြီးလာဖူးတယ်'

'ဟုတ်လား'

'လာပြီး မမနဲ့ရန်ဖြစ်တယ်လေ'

'ဟောဗျာ၊ မင်းမမက ဘယ်သူလဲ'

'စုစုလှိုင်'

'ဟင်'

သူ့ရှေ့တွင်ရပ်နေသော စုလှိုင်၏မောင်ငယ်က သူ့ကိုမော့ကြည့်နေသည်။ စုလှိုင်၏မျက်လုံးတွင် ထာဝစဉ်တွေ့ရတတ်သော သံသယနှင့် မာနများကို သူ့မျက်လုံးတွင်မတွေ့ရပေ။ ကြည်လင်နူးညံ့သော မျက်လုံးဝိုင်းများတွင် အားငယ်စိုးရွံ့ခြင်းနှင့်အတူ ရောယှက်နေသောမေတ္တာအရိပ်အယောင်များကို တွေ့ရလေသည်။

'ဩော်၊ မင်းကစုရဲ့ မောင်လေးကိုး'

ညီလင်းက ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။ ကြိုးစားပြီးမေ့ထားခဲ့သော မိန်းမလှလေးက သူ့အာရုံတွင် ထင်ဟပ်လာသည်။

'မင်းအစ်မ နေကောင်းရဲ့လားဟင်'

ညီလင်းက မေးသောအခါ ထွန်းသည် သူ့နှုတ်ခမ်းနှစ်လွှာကို ခပ်တင်းတင်းလေး စေ့လိုက်သည်။ ရန်သူလော၊ မိတ်ဆွေလောဟု စူးစမ်းအကဲခတ်နေဟန်ရှိသော သူ့အကြည့်လေးကြောင့် ညီလင်းညိုသည် ပြုံးရယ်လိုက်မိသည်။

'ဘာလဲ မင်းအစ်မက ငါနဲ့စကားမပြောရဘူးလို့ မှာထားသလား'

ထွန်းက ခေါင်းလေးခါပြသည်။ ခုနစ်နှစ်ခန့်သာရှိဦးမည်ဖြစ်သော်လည်း သူ့မျက်နှာလေးသည် တည်ငြိမ်နေသည်။ သာမန်ကလေးငယ်တို့ထက် ပိုမိုသော အတွေ့အကြုံများကြောင့် ကလေးကဲ့သို့ ရွှင်မြူးသွက်လက်ဟန်များသည် သူ့ဆီ၌ မရှိကြပေ။

'မမ နေမကောင်းဘူး'

'ဖျားတာလား'

'ထွန်းမသိဘူး မမကို အခန်းထဲမှာ သော့ခတ်ထားတယ်'

'ဘာကွ'

ညီလင်းက အော်လိုက်မိသည်။ သူ့ကို မော်ကြည့်နေသော ကလေးငယ်၏ဘေးတွင်ထိုင်ချလိုက်ရင်း သူ့ပခုံးလေးများကို ဆုပ်ကိုင်လိုက်သည်။

'မင်း မမကို အခန်းထဲမှာ သော့ခတ်ထားတယ် ဟုတ်လား'

'ဟုတ်တယ်၊ ဆရာဝန်မကြီးလည်း ရှိတယ်'

'နေ နေပါဦး၊ ဘယ်သူက လုပ်ထားတာလဲ'

'ဖေဖေက'

ထွန်းက အသံတုန်တုန်လေးနှင့်ပြောသည်။ စိတ်မချမ်းမြေ့သော အရိပ်အယောင်သည် သူ့မျက်နှာတွင်ထင်ဟပ်လျက်ရှိသည်။ ညီလင်းက အသက်ကို ရှိုက်၍ ရှူလိုက်သည်။ ဦးသာလှိုင်ဟူသည့် စုလှိုင်၏ဖခင်ကို တစ်သက်နှင့်တစ်ကိုယ် ပထမဆုံးအကြိမ် လေးစားမိသည်။

'မင်း ဖေဖေသိပ်တော်တာပဲ၊ ဒီလိုပဲလုပ်ရမယ်'

ထွန်းသည် ညီလင်းညိုကိုမျက်လုံးအဝိုင်းသားနှင့်ကြည့်နေလေသည်။

'မမက အော်ငိုတယ်'

ညီလင်း၏ရင်ထဲတွင် စစ်ခနဲ နာကျင်သွားသည်။ လူးလဲနေအောင်ခံစားနေရရှာမည့်မိန်းကလေး၏ဝေဒနာကို တွေးကြည့်မိပြီး ရင်ဆို့သွားလေသည်။

'မမကို မင်းသနားလား'

ထွန်းသည် မျက်ရည်ဝိုင်းသောမျက်လုံးများနှင့် သူ့ကိုစိုက်ကြည့်ရင်းခေါင်းညိတ်ပြသည်။

'မင်းသနားရင် သူဘာခိုင်းခိုင်းလုပ်မပေးနဲ့'

'ဖေဖေကလည်း ပြောတယ်၊ မမခိုင်းတာကို လုပ်မပေးရဘူးတဲ့၊ မမလေ တံခါးကိုထုတယ်၊ မမအေးတင်ကို အော်ခေါ်တယ်၊ ဦးဆာမိကိုခေါ်တယ်၊ ထွန်းကိုခေါ်တယ်'

'မင်းသွားသလား'

'ဟင့်အင်း ငိုတယ်'

ထွန်းက ရှိုက်လိုက်သည်။ ညီလင်းသည် ထွန်းကို သိုင်း၍ဖက်ကာ မျက်ရည်များသုတ်ပေးလိုက်သည်။ ထို့နောက် အသံတိမ်တိမ်နှင့်ပြောလေသည်။

'ကလေးရယ်၊ မင်းက ယောကျ်ားပဲ၊ ဘာလို့ငိုရမလဲ'

*

နွေသူရိန်က သူ့ခေါင်းကိုသူကုတ်သည်။

'ငါတော့ မိန်းမယူရမှာ ကြောက်နေတယ် ညီလင်း'

'ဘာလို့လဲ'

'ငါ့လခလေးနဲ့ ဘယ်လိုလုပ်ပြီး သွားစားမလဲ'

'မင်း ဝါဝါခင်ရော'

'မနှစ်ကတည်းက ယူသွားပါပေါ့လား'

'မင်းနဲ့တော့ မဟုတ်ဘူးပေါ့'

'သေချာတာပေါ့ကွာ'

ပေါက်ကျိုင်းက သူတို့နှစ်ဦးကိုကြည့်ကာ ရယ်လေသည်။ နွေသူရိန်က သူ့ကိုမကျေမနပ် လှမ်းပြောသည်။

'ဘာရယ်တာလဲဗျ၊ ခင်ဗျားက'

'ဟုတ်ပါဘူးကွာ၊ မိန်းမယူတယ်ဆိုတာ စဉ်းစားနေလို့မရဘူးကွ၊ စဉ်းစားလေ မယူဖြစ်လေပဲ'

'ကုန်ဈေးနှုန်းကြီးက ကျွန်တော့ကို သရဲလိုခြောက်နေတာ'

'ဒါကြောင့် မစဉ်းစားနဲ့ပြောတာပေါ့၊ ငါတို့ကိုကြည့်ပါလား၊ ဘာမှမစဉ်းစားဘူး၊ စွတ်ပြီး ယူပစ်လိုက်တာ၊ အထိုက်အလျောက်တော့ဖြစ်သွားတာပဲ၊ ဟင်း စဉ်းများစဉ်းစားနေရင် ခုထိယူဖြစ်မှာမဟုတ်ဘူး၊ ခုတော့ ယူဖြစ်တဲ့အပြင် တစ်ယောက်နဲ့တစ်ဗိုက် အမြတ်ထွက်နေပြီ'

'ဟင်း နော်'

'ဈေးမှပြန်လာသော ကိုယ်ဝန်သည် အမာညိုက မျက်စောင်းလှမ်းထိုးသည်။ ညီလင်းသည် မျက်နှာပူပူနှင့် ရယ်နေလိုက်ရသည်။

တနင်္ဂနွေနေ့ဖြစ်သော်လည်း သူတို့အိမ်တွင် လူမစုံပေ။ လူကြီးသုံးဦးက မိုးညှင်းဝိပဿနာသို့သွားကြသည်။ ထို့ကြောင့် လူငယ်များချည်းကျန်ခဲ့လေသည်။ ယမန်နေ့ကမူ ပြန်ရောက်ရောက်ချင်း ရေချိုးမိ၍ အပူရှပ်သွားသည်ထင်သည်။ နှာစေးပြီးဖျားနေသောကြောင့် ညီလင်းသည် ဒီနေ့တစ်နေ့ အလုပ်မဆင်းတော့ဘဲ အနားယူလိုက်ရသည်။

'ဘာဝယ်ခဲ့လဲ မမ'

'ပုစွန်ကျားက နှစ်ဆယ်တဲ့၊ ကြက်သားက နှစ်ဆယ့်နှစ်တဲ့၊ ဆီကလည်း သုံးဆယ်ဈေးရှင့်'

'ဒီတော့ ဘာဝယ်ခဲ့လဲ'

'ပုစွန်သုံးဆယ်သားရယ်၊ ဆီလေးဆယ်သားရယ်၊ ချဉ်ပေါင်ငါးစည်းရယ်၊ ရုံးပတီသီး ဆယ်တောင့်ရယ်၊ ခရမ်းကြွပ်သီးခြောက်လုံးရယ်၊ အို တို့တို့တိတိနဲ့ကုန်ရော၊ ဟနုမာန်က ပေါင်မုန့်စားချင်လို့မှာလိုက်တာတောင် ပိုက်ဆံမကျန်လို့ မဝယ်နိုင်တော့ဘူး'

အမာညိုနောက်ဖေးချောင်သို့ဝင်သွားသောအခါ သူတို့သုံးဦးလုံး လိုက်လာခဲ့ကြသည်။ နောက်ဖေးဘက်သည် ပို၍လင်းသောကြောင့် ကူစရာ ရှိသည်ကို ဝိုင်းကူရင်း စကားပြောကြရန် ဖြစ်သည်။

'ကော်ဖီမှုန့်ရှိခြင်း၊ သကြားရှိခြင်းနဲ့ နို့ဆီတစ်လုံးရှိနေခြင်းစတဲ့ ဂုဏ်အင်္ဂါများနဲ့ညီညွတ်နေလို့ ကော်ဖီတစ်ခွက်တော့ သောက်ရမယ် နွေသူရိန် ရေ'

အမာညိုက ပြောသောအခါမှ ပေါက်ကျိုင်းက မတ်ခွက်ကိုလှမ်းယူကာ ကော်ဖီဖျော်လေသည်။ ခါတိုင်းနေ့များတွင်မူ သူတို့လူငယ်များက ထမင်းရည်ပင်သောက်ကြသည်။ လူကြီးသုံးဦးအတွက်သာ ကော်ဖီဖျော်လေ့ရှိလေသည်။

'ခင်ဗျားတို့ရုံးရော၊ ကန်တော်ကြီးစောင်းမှာပဲလား ကိုပေါက်ကျိုင်း'

'အေးပေါ့၊ ကရဝိက်ကြီးပြီးမှ ပြောင်းရမှာ'

'ဘယ်တော့ ပြီးမလဲ'

'နီးပါပြီ၊ မလှဘူးလား'

'သိပ်လှပါတယ်၊ သိပ်လည်း ကုန်မှာပဲနော်'

'သိန်းနှစ်ရာကျော် ကုန်တယ်လို့ပြောတာပဲ၊ ပိုရင်လည်း ပိုမှာပေါ့၊ အတိအကျတော့ ငါလည်း မပြောတတ်ဘူး'

'အားပါး၊ ဆေးရုံဆောက်ရင် ဆယ်လုံးလောက် ရမှာ'

'အောင်မာ အောင်မာ ဟနုမာန်မျောက်ကလေး၊ ပုစွန်ကိုများ အလကားနေရင်း မီးဖုတ်စားမလို့လား၊ နင့်အဖေနင့်အမေက ဓာတိကမဟုတ်ဘူးဟဲ့၊ ချ ချထား၊ တကတဲတော်၊ ဒါတွေဘယ်ကတတ်ထားတာလဲ'

အမာညိုသည် ဟနုမာန်၏လက်မှပုစွန်များကို ပြန်လည်လုယူလိုက်သည်။ ဟနုမာန်က ပေတေတေနှင့်နောက်တစ်ကောင် ထပ်နှိုက်သည်။ အမာညိုက ထပ်၍လုယူကာ ရိုက်တော့မလို လက်ရွယ်သောအခါ မကျေမနပ်နှင့် မဲ့လာလေသည်။

'လာ လာ သား၊ ဖေဖေ့ဆီလာ လာပါကွ၊ ကော်ဖီသောက်ရမယ်၊ ဒီနေ့ မင်းသောက်နေကျ ထမင်းရည်ကြီး ခေါက်ထားလိုက်'

ပေါက်ကျိုင်းက သူ့သားကိုဆွဲခေါ်လိုက်သည်။ ရှေ့တွင် ကော်ဖီ ပန်းကန်နှင့် ဘီစကွတ်မုန့်ကိုတွေ့သောအခါမှ ဟနုမာန်သည် သွားအကျဲသားနှင့် ပြုံးလာလေသည်။ သူသည် သူ့မိခင် အမာညိုထက် သူ့ဖခင် ပေါက်ကျိုင်းကို

ပို၍ ချစ်လေသည်။ အမာညိုသည် စိတ်မထင်လျှင်မထင်သလို ဆိုးခနဲဆတ်ခနဲ ရိုက်တတ်ခေါက်တတ်သော်လည်း ပေါက်ကျိုင်းသည် သူ့သားကို လေသံမာမာပင် မပြောဖူးချေ။

'ခင်ဗျားတို့တောင် ဒီလောက်ဖြစ်နေကြတာ၊ ကျွန်တော် မိန်းမ မယူရဲတာ ဆန်းသလား'

'ယူလိုက်ရင်လည်း အထိုက်အလျောက် ဖြစ်သွားမှာပါပဲကွာ'

'ဖြစ်မလားဗျ၊ တော်ကြာ မိန်းကလေးက မောင်ရယ် လေဟာပြင်ဘက် လမ်းလျှောက်ရအောင်ဆိုရင် ခက်မယ်၊ အစပဲရှိဦးမယ်၊ သူ့လုံချည် တစ်ဝတ်စာ ဝယ်ရင် လခပြုတ်ပြီပဲ၊ အဆုံးအထိဆက်လျှောက်မိရင်တော့ အဲဒီ မိန်းမကို လေလံတင်ရောင်းရမှာပဲ'

'ဘာလို့လဲ'

'သူဝယ်ထားတဲ့မှောင်ခိုကြွေးတွေ ဆပ်ရအောင်လေ'

ညီလင်းက တသိမ့်သိမ့်ရယ်မိလေသည်။ နွေသူရိန်သည် ယခင်တုန်းကလို အနုအလှလေးတွေနှင့်ပျော်မွေ့မနေတော့ဘဲ လက်တွေ့ကျကျ တွေးတတ်ပြောတတ်လာပြီဖြစ်သည်ဟုတွေးနေမိသည်။

'သက်သက်ကိုသာ ရအောင်ပိုးနိုင်ရင် မှောင်ခိုကြွေးမဆပ်ရဘူး သိလား၊ မိသက်က မှောင်ခိုမက်တဲ့ မိန်းကလေးမဟုတ်ဘူး'

အမာညိုက အနိုင်ယူသောအသံနှင့်ပြောလေသည်။

'ရအောင်မပိုးနိုင်ခဲ့လို့ ခင်ဗျားအစ်ကိုနောက်ပါသွားတာပေါ့ဗျ'

အမာညိုသည် ပုစွန်များကိုအခွံခွာပြီးသောအခါ ဓားပါးလေးယူကာ ကျောဘက်မှချေးကြောင်းလေးများကို ခွဲထုတ်နေသည်။ ထို့နောက် သက်သက်ကို သတိရနေလေသည်။ သက်သက်ဆီမှ နောက်ဆုံးရသောစာထဲတွင် ပေါ်ဆန်းမွှေး တစ်အိတ်ပို့ပေးမည်ဟုပါသည်။ သို့သော် ဆန်သည် ကန့်သတ်ကုန်ဖြစ်နေ၍ သင်္ဘောတင်ခွင့်မရသေးသောကြောင့် ရောက်မလာပေ။ သူနှင့်သက်သက် နှစ်ဦး ဆုံလျှင် "နင်တို့ဆီမှာ ဆန်ဘယ်ဈေးလဲဟင်၊ ဆီကရော ဘယ်ဈေးလဲ၊ ဝက် ဝမ်းပျဉ်းဆီဝယ်ပြီးဆီထုတ်ပါလား၊ ဝက်ဆီက ဟင်းရွက်ကြော်ရင်ကောင်းတယ်၊ ဝက်ဆီဖတ်လည်း စားရတယ်"နှင့်ပင် ပြီးကြတော့သည်။ ဒါမှမဟုတ်လျှင် "ဟနုမာန်တုန်းက ထိုင်ချင်ရင် ဝမ်းသွား သလား၊ စပ်စုမတော့ ဝမ်းလျှောနေတယ် ဟယ်၊ ငှက်ပျောသီးဖီးကြမ်းက မီးဖုတ်ကျွေးရင် ကောင်းမလား၊ အစိမ်း ကောင်း

လား၊ ငါက အစိမ်းတွေကျွေးမိလို့များ ဝမ်းသွားသလားမသိဘူး၊ မေမေကတော့ ပြောတယ်၊ ကြက်သွန်ဖြူလေး မီးဖုတ်ကျွေးရင် ဝမ်းရပ်တယ်တဲ့”ဟူသော စကားများကိုသာ ပါးစပ် မပိတ်တမ်း ပြောမိကြလေသည်။

‘မာညိုရေ၊ စုလှိုင်တစ်ယောက် ဘယ်ကိုမှလည်း အလုပ်မလျှောက်ဘူး၊ ဘယ်မှလည်း အလုပ်မဝင်ဘူးနော်’

ပေါက်ကျိုင်းက လှမ်းပြောသည်။ ထိုအခါ အမာညိုသည် စုလှိုင်ကို သတိရပြန်သည်။

‘မတွေ့တာတောင်ကြာလှပေါ့၊ ဘယ်များရောက်နေတယ်မသိဘူးနော်၊ ပျောက်ချက်သားကောင်းလိုက်တာ’

ညီလင်းသည် ခြင်းတောင်းထဲမှ ချဉ်ပေါင်ပင်များကိုလှမ်း၍ယူလိုက်ကာ ဆိတ်ခြွေနေလိုက်သည်။ စုလှိုင် အခန်းထဲ အလျောင်ခံထားရကြောင်း မပြောမိအောင် ပါးစပ်ကိုတင်းတင်းပိတ်ထားသည်။ စုလှိုင်ကိုသတိရသည်။ မတွေ့ရသည်မှာ အတန်ကြာပေပြီ။ သူ့လက်ခံပေါ်မှ စုလှိုင်၏သွားရာများပင် အမာရွတ်ထင်နေပြီဖြစ်သည်။ သို့သော် သို့သော်လည်း သူ့နှလုံးသားမှ ဒဏ်ရာကမူ ခုထိအကင်းမသေသေးကြောင်း သူသိလေသည်။

‘သူတို့ကချမ်းသာတာပဲ၊ ပညာကိုအပျော်သင်တာ၊ အလုပ်လုပ်ဖို့မှမလိုဘဲ’

‘အလုပ်မလုပ်ချင်ရင် ဘာလို့သင်နေလဲကွာ၊ သူ့နေရာမှာ ဒီပြင် တစ်ယောက်အတွက် အခွင့်အရေးလျော့တာပေါ့’

‘ဒါပေမဲ့ နိုင်ငံခြားထွက်ချင်ရင်ထွက်မှာပေါ့၊ ဘယ်ပြောနိုင်မလဲ ကိုပေါက်ကျိုင်းရ’

‘ဒီက အင်ဂျင်နီယာတွေက ကမ္ဘာ့အဆင့်မမီဘူးဆို’

‘ဒါတော့ ဘယ်တတ်နိုင်မှာလဲ၊ လူချင်းကွာတာမဟုတ်ပါဘူး၊ အခြေအနေချင်းကွာတာပါ၊ သူတို့လိုသာ ပြည့်ပြည့်စုံစုံသင်ခွင့်ရရင် သူတို့လိုပဲ တတ်မှာပေါ့၊ မြန်မာတွေက ပျင်းသာပျင်းတာ မဖျင်းပါဘူးဟယ်၊ ယှဉ်ပြီး သင်ကြည့်စမ်းစေချင်တယ်’

အမာညိုသည် ဟင်းအိုးကို မီးဖိုပေါ်တင်လိုက်ရင်းပြောသည်။ ငြိမ်ချက်သားကောင်းနေသော ဟနုမာန်က သူ့အမေကို သွားဖြဲပြီး ရယ်ပြနေလေသည်။

ညီလင်းကမူ ဟနုမာန်ထက်ပင် ငြိမ်ချက်သားကောင်းနေသည်။ စု

လှိုင်အကြောင်းကိုပဲ တွေးနေမိသည်။ မည်သည့်အရာမဆို စွဲလမ်းမိသော အရာတစ်ခုကို အပြတ်ဖြတ်ရလျှင် ဆင်းရဲခြင်းကြီးစွာ ခံစားရသည်ကို ညီလင်း သိသည်။ စုလှိုင်သည်လည်း လောကငရဲသို့ ရောက်ရှိနေမည်ဖြစ်သည်။ သူ့တစ်ကိုယ်လုံး တုန်ယင်နေမည်လား၊ မျက်နှာကလေး ဖြူရော်ရှုံ့မဲ့ကာ အော်ငိုနေမည်လား၊ ကြမ်းပေါ်တွင်ပင် တစာစာအော်ဟစ်ရင်း လူးလိမ့်နေမည်လား။ ညီလင်း မတွေးလိုပေ။ ယခုအချိန်တွင်တော့ စုလှိုင်ကို ပထမဦးဆုံးအကြိမ်အဖြစ် လုံးလုံးလျားလျား သနားနေမိလေသည်။

*

'စု ဖရက်ဒီအကြောင်း သိပြီးပြီလား'

ဒက်ဒီက မေးသည်။ စုလှိုင်သည် အားနည်းသော အပြုံးဖျော့ဖျော့လေးကို ပြုံးရင်း ခေါင်းကိုအသာအယာညိတ်ပြသည်။ သူ့ကို အကဲခတ်နေဟန်ရှိသော ဒက်ဒီ့ကိုပြန်၍ကြည့်နေမိလေသည်။

'ဆေးထိုးပွဲနှဲရော အပ်ရော တွေ့တာတဲ့၊ ဘိန်းဖြူတွေရောပေါ့၊ အခုတော့ အချုပ်ထဲမှာပဲ၊ သူ့မိတ်ဆွေတွေကတော့ အာမခံရအောင် ဝိုင်းပြီး ကြိုးစားနေကြတယ်'

အချုပ်ခန်းထဲရောက်နေမည့် ဖရက်ဒီ၏ရုပ်သွင်ကို တွေးထင် မြင်ယောင်မိရင်း စုလှိုင်သည် သက်ပြင်းလေးချလိုက်သည်။ ဖရက်ဒီသာမက၊ တစ်ချိန်က သူ့အခန်းထဲဝင်ရာလျှင် သူလည်းအချုပ်ထဲရောက်ဖို့ လမ်းအများကြီးရှိလေသည်။

'အခုနေ ရရင် စု ပြန်သောက်ဦးမှာလား'

'စုရဲ့စိတ်ကို စုမသိဘူး၊ ကိုယ့်စိတ်ကိုယ် နိုင်မနိုင် သိပ်မသေချာဘူး'

စုလှိုင်သည် ဖရက်ဒီ့အကြောင်းဆက်၍တွေးမိပြန်သည်။ သူ့ကို ဘိန်းဖြူနှင့်စတင်မိတ်ဆက်ပေးခဲ့သူဖြစ်သော်လည်း ဖရက်ဒီသည် သူ့အပေါ်တွင် စိတ်ဆိုးစိတ်ယုတ်ထားခဲ့သူမဟုတ်ဟု ယုံကြည်သည်။ အခုလိုအချုပ်ထဲ ရောက်နေသည်ဟုကြားရသောအခါ သူ့အတွက် စိတ်မကောင်းဖြစ်မိလေသည်။

ချုံးချုံးကျပြီး ကယောင်ချောက်ချားနှင့် ဆောက်တည်ရာမရဖြစ်နေသော စုလှိုင်သည် ယခုရက်ပိုင်း၌ အတန်ငယ်ပြန်ပြီး တည်ငြိမ်လာသည်။ အဆိုးဆုံးကာလကို ကျော်လွှန်ခဲ့ပြီဖြစ်လေသည်။ စုလှိုင်ကို တစ်အိမ်လုံး မျက်ခြည်

မပြတ်စောင့်ကြည့်နေကြသေးသော်လည်း ယခင်တုန်းကလိုတော့ သော့ခတ်မထားတော့ပေ။ ဖခင်ဖြစ်သူကလည်း နှစ်ရက်တစ်ခါ သုံးရက်တစ်ခါ ရောက်လာပြီး ကြည့်ရှုအကဲခတ်လေ့ရှိသည်။ ဆရာဝန်ကမူ နေ့တိုင်းလာပြီး အားဆေးသွင်းပေးလျက်ရှိသည်။

'စုက ဆေးလိပ်ထဲထည့်သောက်ရုံမို့တော်သေးတာ၊ အကြောထဲသွင်းနေတဲ့သူဆိုရင် မလွယ်ဘူးတဲ့'

ဒက်ဒီက နှစ်သိမ့်သည်။ ပြီးတော့ ဒက်ဒီက ဆက်ပြောသည်။

'စု၊ ကိုယ့်စိတ်ကို ကိုယ်နိုင်အောင်ထိန်းထားနော်၊ ဒက်ဒီ သန်ဘက်ခါဆိုရင် နယ်ထွက်ရမယ်'

'ဘယ်ကိုလဲဟင်'

'မြစ်ဝကျွန်းပေါ်ဘက်လေ၊ ရိုက်ကွင်းရိုက်ကွက် သွားကြည့်မလို့'

ဒက်ဒီသည် ယခင်က ရုပ်ရှင်ကုမ္ပဏီကိုသာ ငွေရင်း မတည်သည်။ ကုမ္ပဏီပိုင်ရှင်အမည်ခံရုံသာဖြစ်သည်။ ယခုတော့ ရုပ်ရှင်ထုတ်လုပ်သူ ဖြစ်နေချေပြီ။ ဒါရိုက်တာဟူသောအမည်ကိုကား လုံးလုံးလျားလျား မခံယူသေးပေ။

'အယ်မာရောလား'

စုလှိုင်က မေးသောအခါ ဒက်ဒီသည် မကြားချင်ဟန်ဆောင်နေသည်။ ထွန်း ယူလာသောသတင်းစာကို လှမ်း၍ယူကာ ဟိုလှန်ဒီလှန်ကြည့်ရင်း အလုပ်ရှုပ်နေလေသည်။ ဒက်ဒီခရီးသွားရာသို့ အယ်မာပါ ပါသွားမည်မှာ ကျိန်းသေသည်။ ထို့ကြောင့် ဒက်ဒီ့ကို လှောင်ပြုံးလေးပြုံးပြလိုက်ချင်သော်လည်း မပြုံးပြတော့ဘဲ မျက်စိကိုမှိတ်ထားလိုက်သည်။

'သုံးဘီးမောင်းတဲ့အစ်ကိုကြီးက မမကို ခဏခဏမေးတယ်၊ နေကောင်းသွားပြီလားတဲ့'

'ဘယ်သူလဲ၊ ဘယ်က သုံးဘီးမောင်းတဲ့သူလဲ'

'ညီလင်းညိုဆိုတဲ့အစ်ကိုကြီးလေ'

'ဩော်၊ သူ သုံးဘီးမောင်းနေသလား'

စုလှိုင်၏စိတ်သည် ညီလင်းညိုဆီသို့ လွင့်ပျံ့သွားသည်။ သူနှင့် မတွေ့သည်မှာ ကြာလှချေပြီ။ စုလှိုင်၏အိပ်မက်များဆီသို့ သူသည် တစ်ခါတစ်ရံ အလည်လာတတ်သည်။ အိပ်မက်ထဲ၌ပင် ကပြက်ကချော်ပြုံးရင်း "ကျွန်တော့ကို မပြုံစားနဲ့၊ ပြုံစားလို့လည်း မရဘူးဗျ" ဟု ပြောတတ်လေသည်။

ဒက်ဒီသည် သတင်းစာကိုပြန်ချလိုက်ရင်း ထိုင်ရာမှထသည်။ ထို့နောက် စုလှိုင်ကိုပြုံး၍နှုတ်ဆက်ကာ အခန်းထဲမှ ထွက်သွားလေသည်။

စုလှိုင်သည် အိပ်ရာပေါ်တွင်ငြိမ်သက်စွာအိပ်နေရင်း ဒက်ဒီပစ်ချသွားသော သတင်းစာလေးကို ငေးကြည့်နေသည်။ ဒက်ဒီပြောသွားသော စကားသည် သူ့နားထဲသို့မဝင်ပေ။ လျှံ၍သွားသည်။ အားဆေးများသွင်းရလွန်းသဖြင့် နာနေသောလက်ကို ဖွဖွလေးစမ်းရင်း ညီလင်းညိုတို့၏အကြောင်းကို ဆက်၍ တွေးနေလေသည်။ ထွန်းက ပြောသွားသည်။ သုံးဘီးမောင်းတဲ့ အစ်ကိုကြီးတဲ့။ သူ သုံးဘီးမောင်းနေလေသည်။ နောက်ပြီး စုလှိုင်၏သတင်းကို မကြာခဏမေးနေသည်တဲ့။ ဒီလိုတော့လည်း သူ ငါ့အကြောင်းကို တော်တော်လေးစိတ်ဝင်စားသားပဲ၊ ဂရုစိုက်သားပဲဟုတွေးရင်း စုလှိုင်ရင်ထဲတွင် ကျေနပ်လှိုင်းလေး ရိုက်ခတ်လာသည်။

*

'တောက်'

ကြမ်း၍ရှနေသော သူ့ခေါင်းပြောင်ပြောင်လေးကို လက်နှင့်ပွတ်ကြည့်ရင်း ညီလင်းက တောက်ခေါက်လိုက်သည်။ သူ့ဆံပင်သည် သာမန်ထက်အတန်ငယ်ရှည်သော်လည်း လွန်လွန်ကဲကဲကြီးမဟုတ်ပေ၊ ကြည့်၍ ကောင်းသည်ဟု သူ့ကိုယ်သူထင်သည်။ ဖေဖေနှင့်အတိုက်အခံလုပ်ကာ တယုတယမွေးထားရသောဆံပင်ရှည် ကုပ်မဝဲတဝဲလေးသည် ခုတော့ အကုန်လုံး မြေခခဲ့ချေပြီ။

'ညီလင်းရယ်၊ နှုတ်ခမ်းကြီး စူမနေစမ်းပါနဲ့၊ နဂိုထဲက ခေါင်းတုံးပြောင်နဲ့မို့ ရယ်စရာကောင်းနေတဲ့အထဲ နှုတ်ခမ်းစူထားတော့ ကာတွန်းနဲ့တူလိုက်တာ'

'တူ တူပေါ့ဗျာ'

ညီလင်းညိုသည် အမာညိုကို မျက်စောင်းခဲ၍ကြည့်မိသည်။ ဟနုမာန်ကမူ သူ့ဦးလေးကိုသူကြည့်ကာ လက်ခုပ်လက်ဝါးတီးပြီး သဘောကျနေသည်။ ထို့ကြောင့် ညီလင်းသည် ဟနုမာန်ဟူသည့် သူ့တူအရင်းခေါက်ခေါက်ကလေးကို ပထမဦးဆုံးအကြိမ်အဖြစ် မြင်ပြင်းကတ်မိတော့သည်။

'အမာညို ရယ်မနေနဲ့၊ ညည်းဗိုက်ကိစ္စ စဉ်းစားဦး၊ ညည်းက သူများနဲ့တူတာမဟုတ်ဘူး၊ ဗိုက်နာချင် ချက်ချင်း၊ မွေးချင် ချက်ချင်း'

မေမေကြီးက စိုးရိမ်ပူပန်စွာပြောနေသည်။ ညကြီးမင်းကြီး အရေးပေါ် ဗိုက်နာလာပါက ခက်ချေမည်ဟု စဉ်းစားနေသောကြောင့် ဖြစ်လေသည်။ အမာညိုကမူ ထုံးစံအတိုင်းရယ်နေသည်။ ဘာကိုမျှ ကြောင့်ကြစိတ်မထားပေ။ ဆံပင်ရှည်များသုတ်သင်ရေးတွင် ညီလင်းညို ပါသွားပြီး ခေါင်းတုံးအပြောင်သားနှင့် အိမ်ပြန်လာသောအခါ ပိုပြီးရယ်မိပြန်သည်။

'မပူပါနဲ့ မေကြီးရဲ့၊ အဆင်ပြေမှာပါ'

ရယ်နေသော အမာညိုကို ဖေဖေသည် တိတ်ဆိတ်စွာ ငေးကြည့်နေသည်။

ညီလင်းသည် သူ့အခန်းထဲသူဝင်လာကာ အိပ်ရာပေါ်ပစ်၍လှဲချလိုက်သည်။ ကြမ်းကြမ်းရှရှခေါင်းတုံးလေးသည် ခေါင်းအုံးထဲနစ်ဝင်သွားသည်။ ထို့ကြောင့် အုံးထားသောခေါင်းအုံးကို မကျေမနပ်နှင့်ဆွဲထုတ်ပြီး လွှင့်ပစ်လိုက်မိလေသည်။ ခေါင်းအုံးအောက်တွင် ထိုးထည့်ထားသော နေ့စဉ်မှတ်တမ်း နီနီလေး ကပါ ခုတင်အောက်သို့ရောၡ ကျသွားသည်။ ညီလင်းညိုသည် မှတ်တမ်းလေးကို ကုန်း၍ကောက်လိုက်ကာ ရေးမှတ်လိုက်သည်။

၁၆၊ ၁၂၊ ၇၄

ကိုရင်ဝတ်တုန်းကသာ ရိတ်ခဲ့သောဆံပင်၊ ဒီနေ့ ခေါင်းတုံးဖြစ်ပြီ၊ ကိုရင်ဝတ်သောကြောင့်တော့မဟုတ်။ လမ်းသရဲတိုင်း ဆံပင်ရှည်ကြသည်ဟု ပြောကြသည်။ သို့သော် ဆံပင်ရှည်သူတိုင်း လမ်းသရဲမဟုတ်၊ ငါလည်း ဆံပင်ရှည် သည်။ သို့သော် လမ်းသရဲမဟုတ်။ ဆံပင်ပြန်ပေါက်လာလျှင်လည်းပြန်ပြီးအရှည်ခံဦးမည်။

*

မိညိုရေ

သက်သက် စာရေးလိုက်တယ်၊ ရန်ကုန်က သတင်းတွေလည်း ကြားရတယ်၊ ကောလာဟလတွေကလည်း အများကြီးပေါ့၊ နယ်မှာဆိုတော့ ရန်ကုန်သတင်းပဲ နားစွင့်နေရတယ်ကွယ်၊ ပြောနေကြတာ ဘယ်ဟာမှန်လို့ ဘယ်ဟာမှားမှန်းလည်း မသိဘူး၊ ခေါင်းတုံးပြောင်နဲ့ညီလင်းကိုတော့ လာပြီးတွေ့ချင်သား၊ ရယ်ရင်တော့ စိတ်ဆိုးမှာပဲ ထင်တယ်နော်။

မာညိုရော မွေးပြီလား၊ သံကြိုးမရ စာမရနဲ့မို့ ဘာလေးမွေးလည်း

မှန်းကြည့်နေရတယ်၊ ကိုကိုကတော့ “စပ်စုမ” နဲ့အဖော်ရအောင် သမီးလေးမွေး ပါတဲ့။

ပြောရဦးမယ်၊ စုလှိုင်အဖေကြီးနဲ့ အယ်မာရယ်လေ၊ ပုသိမ်ကိုရောက် လာကြသေးတယ်၊ ရုပ်ရှင်မင်းသမီးလာတယ်ဆိုပြီး လူတွေဝိုင်းကြည့်နေတာနဲ့ သက်လည်း တိုးကြည့်တာလေ၊ အယ်မာရယ်ပေါ့၊ ရွှေမုဋ္ဌောဘုရားကြီး လာဖူး တာလေ၊ သက်ကိုတော့ သူမမြင်ဘူး၊ သွားနှုတ်ဆက်ဦးမလို့ပဲ၊ လူတွေဝိုင်းအုံနေ တာနဲ့ မသွားတော့ဘူး၊ အယ်မာက လှတယ်ကွယ်၊ ဒါပေမဲ့ မိတ်ကပ်နဲ့နှုတ်ခမ်း နီနဲ့ ဆံပင်ပုံဆန်းနဲ့ မျက်မှန်ဝိုင်းကြီးနဲ့ဆိုတော့ သူမှန်းတောင် မမှတ်မိဘူး၊ ဒို့တွေ ဆယ်တန်းတုန်းက ထုပ်ဆီးတိုးကြတာ သတိရ လာတယ်၊ အဲဒီတုန်းက သူက ငယ်ငယ်နုနုလေး သန့်သန့်စင်စင်လေးနော်၊ ပါတာနီစားနေရင် တောင်းပြီး နှုတ် ခမ်းနီအောင်ပွတ်တတ်တဲ့ အလှကြိုက်မလေး အယ်မာထွေးပေါ့၊ ခုတော့ အရင်လို မသန့်စင်တော့ဘူး၊

မြစ်ဝကျွန်းပေါ်ဘက်ကိုနောက်ခံထားပြီး ရုပ်ရှင်ရိုက်မလို့ လို့ပြောကြ တယ်၊ အကွက်အကွင်းလှတဲ့နေရာတွေလာရှာတာတဲ့လေ၊ ဒီလိုဆို ပုသိမ်ကို ခဏခဏလာရမှာပဲ။ နောက်တစ်ခါကြုံရင်တော့ သူ့ကိုနှုတ်ဆက်ဦးမယ်။

ကိုကိုက ပြောနေတယ်၊ ညီလင်းကို အေးအေးကုပ်ကုပ်နေပါတဲ့၊ ကြွ စောင်းစောင်း မလုပ်ပါနဲ့တဲ့။ အမာညို ပြောလိုက်ဦးနော်။

*

အင်းလျားရေပြင်သည် ဆည်းဆာရိပ်ဝယ် ဂယက်ထနေလေသည်။ နီရဲသော ရောင်ခြည်သည် ရေထဲတွင်တဖျပ်ဖျပ်လက်နေသည်။

စုလှိုင်သည် ရေပြင်ကျယ်ကိုငေးကြည့်ရင်း ကုန်လွန်ခဲ့သောနှစ်ကာလ များကို ပြန်လည်ပြီးစဉ်းစားနေမိသည်။ မာမီကြီးသေသည်။ ထို့နောက် မာမီသေ သည်။ အန်တီကြည်သေသည်။ ထို့ပြင် ယခုအခါတွင်ကား ဖရက်ဒီပါ သေပြန် ချေပြီ။ သေရပုံကလည်း ဘိန်းဖြူလွန်၍ သေဆုံးခြင်းဖြစ်သည်။ အချုပ်ထဲမှ အာမခံနှင့် ခေတ္တထွက်နေရစဉ် ဖရက်ဒီသည် ဘိန်းဖြူကိုပိုပြီး အသုံးပြုခဲ့လေ သည်။ အကြောဆေးသွင်းသည်မှာ အချိန်အဆမျှားသွားသည် ထင်သည်ဟု ပြောကြသည်။ ဖရက်ဒီသည် မှိန်းနေရာမှ ပြန်လည်ပြီး နိုးကြားမလာတော့ဘဲ သေမင်းနောက်သို့ ကောက်ကောက်ပါသွားခဲ့လေသည်။

'နယ်လီ့ကို သနားတယ်ဆို၊ သမီးလေးကို သနားတယ်ဆို မောင်ရေ ထားခဲ့ပြီလား'

နယ်လီချို၏ငိုသံကို သူ့နားဝတွင် ယခုတိုင်ပင် ကျယ်ကျယ်လောင်လောင် ကြားနေသေးသည်။ မျက်ရည်လည်ရွဲနှင့် အရူးတစ်ပိုင်းဖြစ်နေသော နယ်လီ့ကိုကြည့်ရင်း စုလှိုင်သည် တုန်တုန်ယင်ယင်ဖြစ်လာသည်။ 'အို မောင်ရဲ့၊ အချုပ်ထဲပြန်မသွားချင်ဘူးဆို၊ ခုတော့ မသွားရတော့ပါဘူး၊ မသွားရတော့ဘူး မောင်ရဲ့'ဟု အော်လိုက်ပြီး ဖရက်ဒီ၏ရုပ်အလောင်းကိုဖက်ထားသော နယ်လီသည် သတိလစ်သွားခဲ့သည်။

ပိန်ချုံးဖျော့တော့နေသော ဖရက်ဒီ၏မျက်နှာကိုစိုက်ကြည့်ရင်း စုလှိုင်သည် "သွားတော့ ဖရက်ရယ်၊ သွားပေတော့"ဟု ရင်ထဲမှနှုတ်ဆက်ရင်း မျက်ရည်ရစ်ဝဲလာခဲ့လေသည်။

'သေတယ်ဆိုတာ မဆန်းပါဘူး၊ နေကောင်းတဲ့လူတွေရော နေမကောင်းတဲ့လူတွေရော၊ ချမ်းသာတဲ့လူတွေရော ဆင်းရဲတဲ့သူရော၊ ကြီးတဲ့သူရော ငယ်တဲ့သူရော၊ လှတဲ့သူရော ရုပ်ဆိုးတဲ့သူရော၊ စိတ်ထားကောင်းတဲ့သူရော စိတ်ယုတ်မာရှိတဲ့သူရော၊ အိုကွယ် မြင်မြင်သမျှလူတွေဟာ တစ်နေ့ သေကုန်ကြရမှာပဲ၊ ငါရော ငါလည်း အချိန်မရွေးသေနိုင်တာပဲ၊ ငါ့ရှေ့မှာ သွားကုန်ကြပြီ'

ထာဝစဉ်ပျံ့လွင့်လှုပ်ရှားနေတတ်သော စုလှိုင်၏စိတ်တို့သည် ယခုနောက်ပိုင်း၌ အတန်ငယ်တည်ငြိမ်လာသည်။ လျှောင်ပြောင်သရော်သလို ပြုံးနေတတ်သော မျက်လုံးလေးများတွင် ဘဝကို သံဝေဂရသော အရိပ်အယောင်လေးသည် တစ်ခါတစ်ရံ ကိန်းအောင်းလာတတ်လေသည်။

'မမစု'

'ဟင် ညီလင်းညို'

ညီလင်းသည် ကားမှန်တံခါးဝတွင် လက်ထောက်ကာ သူ့ကိုငုံ့ကြည့်နေသည်။

'ကျွန်တော် အင်းလျားလမ်းကို အငှားလိုက်လာတာ၊ အပြန်ဒီဘက်ကြည့်မိတော့ မမစုရဲ့ကားကို တွေ့လို့'

ညီလင်း၏မျက်နှာလေးသည် မသိမသာလေး နီနေလေသည်။ ဒီနေရာသို့ ရောက်လေတိုင်း ဒီရေစပ်သို့သူမကြည့်ဘဲ မနေနိုင်ချေ။ အစဉ်အမြဲ လှမ်းပြီးကြည့်မိသည်။ လွန်ခဲ့သော လေးနှစ်ခန့်က ဒီနေရာ ဒီဒေသတွင် သူနှင့်စုလှိုင်တို့

အချစ်ရည်သောက်သုံးပြီး ယစ်မူးခဲ့ဖူးသည်ကို သူ့မသိစိတ်က အစဉ်သတိရနေသောကြောင့်ဖြစ်လေသည်။

'မမစု ဘာလုပ်နေတာလဲ'

'ဒီလိုပါပဲ၊ ဟိုတွေး ဒီတွေးပေါ့'

'ဘိန်းဖြူပြတ်သွားပြီမဟုတ်လား ပြန်ပြီး စိုပြည်လာသလိုပဲ၊ ကျွန်တော် ဝမ်းသာလိုက်တာ'

ဝမ်းသာစကားပြောသော ညီလင်းညို၏ မျက်လုံးများကို စုလှိုင်က စူးစိုက်၍ကြည့်လိုက်မိသည်။ ထိုစကားသည် ပါးစပ်ဖျားမှလာခြင်းလော၊ စိတ်ထဲမှလာခြင်းလော၊ အသည်းနှလုံး၏ အတွင်းဘက်မှထွက်လာခြင်းလော သိလိုနေလေသည်။

'လုံးဝကို ပြတ်သွားပါပြီကွယ်'

'သိပ်ဝမ်းသာစရာကောင်းတာပဲ၊ ကျွန်တော် ချီးကျူးပါတယ်ဗျာ၊ မမစု တော်တယ်'

'ဘာလို့လဲ'

'တစ်ခါမှ မမှားဖူးတဲ့သူဟာ လူကောင်းတဲ့၊ ဒါပေမဲ့ အမှားထဲက ရုန်းထွက်နိုင်တဲ့သူကတော့ လူတော်ပဲလေ'

ညီလင်းသည် ဒက်ဒီပြောသောစကားလုံးများကိုပင် အသုံးပြုကာ ပြောလေသည်ဟုတွေးရင်း စုလှိုင်သည် ပြုံးရယ်လိုက်မိလေသည်။

'ဒက်ဒီ့ ကျေးဇူးတွေပါကွယ်'

'ကျွန်တော်ကြားတယ်၊ မမစုရဲ့အဖေကိုတောင် လေးစားသွားမိတယ်'

'အဟုတ်လား'

'အဟုတ်ပြောတာပါ၊ ကျွန်တော် ကားထဲဝင်ထိုင်ရမလား ဟင်'

ခွင့်တောင်းသလိုပြောသော ညီလင်းကို ငေးစိုက်၍ကြည့်ရင်း စုလှိုင်သည် အသာအယာ ခေါင်းညိတ်၍ပြလိုက်သည်။ ညီလင်းသည် ကားတံခါးကို ဆွဲ၍ဖွင့်ကာ စုလှိုင်၏ဘေးတွင် ဝင်ထိုင်သည်။ သင်းပျံ့သောရေမွှေးနံ့လေးကို ရှူရှိုက်ရသောအခါတွင်ကား ယခင်ပုံစံအတိုင်း "အား မွှေးလိုက်တာ" ဟုပြောလေသည်။

'ကျွန်တော့်ကိုယ်ကတော့ နံစော်လို့၊ ကမာရွတ်မှာ ကားပျက်နေလို့ နှိုက်ချွတ်ပြီးပြင်ခဲ့သေးတယ်'

ညီလင်းက အားနာသလိုပြောသည်။ သူ့လက်နှစ်ဖက်လုံး စက်ဆီများနှင့် မည်းနေကာ ပါးပြင်တွင်ပါ အမည်းစင်းတစ်စင်း ထင်နေလေသည်။

'ကျွန်တော် စကားပြောချင်လို့သာလာတာ၊ အမှန်ဆိုရင် မလာသင့်ဘူး၊ ကြည့်ပါလား ကျွန်တော့သုံးဘီးလေး အလကားရပ်ထားရပြီ၊ နေ့တွက်နဲ့ငှားတာဆိုတော့ အချိန်တိုင်း တန်ဖိုးရှိနေတာ'

'ကဲကွယ် ဒီလိုဆိုရင် စုကိုခရီးသည်အနေနဲ့ပဲ သဘောထားလိုက်ပေါ့၊ ညီလင်းပြန်တော့ သုံးဘီးခပေးလိုက်မယ်လေ'

'ဟာဗျာ၊ ကျွန်တော် ဒီလောက်မဆင်းရဲပါဘူး'

'အိုကွယ် စုက ဒီလိုသဘောပြောတာမဟုတ်ပါဘူး၊ စုနဲ့စကားပြောနေတဲ့အချိန်အတွက် ညီလင်းကိုမနစ်နာစေချင်လို့ပါ'

'ဒီလိုဆို တကယ်ပေးမှာလား'

'တကယ်ပါ'

ညီလင်းက ရယ်ကာ စုလှိုင်၏လက်ကလေးကို လှမ်း၍ဆုပ်ကိုင်လိုက်သည်။ သူ့လက်တွင်ပါ စက်ချေးများပေသွားသည်ကိုသိသော်လည်း စုလှိုင်မရှန်းမိပေ။

'သုံးဘီးခက ထောင့်ငါးရာတန်တယ် မမစုရဲ့'

'ဒါပေမဲ့ ငါးရာနှစ်ဆယ့်ရှစ်ကစပြီး မီတာချိုးရမှာပေါ့ ညီလင်းရယ်'

သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦးကြည့်ကာ ရယ်မိကြလေသည်။ စုလှိုင်၏လက်ခုံတွင် မည်းသွားသည်ကိုတွေ့သောအခါ ညီလင်းသည် အားနာသွားသလို သူ့အိတ်ထဲမှလက်ကိုင်ပဝါကိုထုတ်ယူကာ ပြန်၍သုတ်ပေးလေသည်။ သို့သော် သူ့လက်ကမည်းပေနေသဖြင့် သုတ်ရင်းမည်းရင်းနှင့် လုံးလည် ချာလည်လိုက်နေလေသည်။

'ထွန်းဆီကနေ စုရဲ့သတင်းအကုန်သိရတယ်၊ ထွန်းက ကျွန်တော့သူငယ်ချင်းလေ'

'အင်း၊ ထွန်းပြောပြတယ်၊ တလောက ခေါင်းတုံးကြီးနဲ့ဖြစ်သွားသေးတယ်ဆို၊ ဒါနဲ့ ညီလင်းက စုရဲ့သတင်းကို ဘာလို့စုံစမ်းနေတာလဲ'

'စုံစမ်းတာမဟုတ်ပါဘူးဗျာ၊ ခရီးသွားဟန်လွှဲကြုံလို့ မေးကြည့်တာပါ'

ညီလင်းက စုလှိုင်ကိုဖြတ်ကနဲကြည့်လိုက်ပြီးမှ ခပ်ပေါ့ပေါ့ဖြေသည်။

'ဩော်'

ရယ်ရွှင်နေသောစုလှိုင်၏မျက်လုံးအိမ်သည် အတန်ငယ်ကျဉ်းသွားလေသည်။ သံသယမျက်လုံးနှစ်စုံသည် တစ်စုံနှင့်တစ်စုံရင်ဆိုင်ကြည့်မိကြပြီး မရယ်ချင့်ရယ်ချင် ရယ်လိုက်ကြသည်။

ညီလင်းသည် စုလှိုင်၏နဖူးပြင်ပြန့်ပြန့်လေးကို အသာအယာရှိုက်နမ်းလိုစိတ်ဖြစ်ပေါ်လာရင်း စိုင်းမင်းအောင်ကိုသတိရလာသည်။ သူနှင့် စုလှိုင်တို့ ရှစ်မိုင်ပျော်ပွဲစားရုံတွင် တစ်ခါတွေ့ကြစဉ်က စုလှိုင်၏ဘေးတွင် စိုင်းမင်းအောင် ပါလာခဲ့သည်။ နှစ်ငါးဆယ်တက္ကသိုလ် ရွှေရတုသဘင်ပွဲတုန်းကလည်း စုလှိုင်ဟူသည့် မိန်းမလှလေးသည် စိုင်းမင်းအောင်၏လက်မောင်းကို မှီတွယ်ပြီး လျှောက်လည်နေခဲ့သေးလေသည်။

'ဘယ်သူ့အကြောင်းတွေးနေသလဲ ညီလင်း'

'စိုင်းမင်းအောင် အကြောင်းပါ'

'ထင်သားပဲ'

'အခု သူဘယ်ရောက်သွားပြီလဲ ဟင်'

'မသိဘူး၊ ဖရက်ဒီမသေခင်ကပြောသွားတာတော့ ယိုးဒယားဘက်ရောက်နေတယ်တဲ့၊ သူ့ညီလေးနဲ့တော့ စုနဲ့ဗိုလ်ချုပ်ဈေးထဲမှာ တစ်ခါတွေ့သေးတယ်'

စုလှိုင်သည် စိုင်းနှင့်ဗိုလ်ချုပ်ဈေးထဲတွင် ပြန်၍ဆုံဖြစ်သည်။ စိုင်း၏ဘေးတွင် လှပချောမွေ့သော မိန်းကလေးတစ်ဦးပါလာလေသည်။ စုလှိုင်က ပြုံး၍ နှုတ်ဆက်သောအခါမှ စိုင်းသည် ပြန်လည်ပြုံးရယ်လာလေသည်။ သူ့ဘေးမှ မိန်းကလေးနှင့်စုလှိုင်ကို မိတ်ဆက်ပေးသည်။

'သူက ကျွန်တော်ရဲ့နန်းမိုးအေးပါ မမစု၊ သူနာပြုဆရာမလေးပါ' ဟု စိုင်းက ဂုဏ်ယူသောလေသံလေးနှင့်ပြောလေသည်။ နန်းမိုးအေးဟူသည့် မိန်းမချောလေးသည် စုလှိုင်ကိုကြည့်ကာ လှိုက်လှိုက်လှဲလှဲပြုံးပြသည်။ သက်သက်က တစ်ခါပြောပြထားသောကြောင့် သူတို့အထက်တန်းက အချောဆုံး ဟူသောစုလှိုင်ကို သူယခင်ကတည်းက သိနေသည်ဟုဆိုလေသည်။ သက်သက်၏ သူငယ်ချင်း သူနာပြုဆရာမလေးကို စုလှိုင်ကငေးကြည့်ရင်း သူ့အကြောင်း ဘာတွေများပြောပြထားသလဲဟုစဉ်းစားနေမိသေးလေသည်။ စိုင်းသည် သူ့အစ်ကို စိုင်းမင်းအောင်၏အကြောင်းကို လေသံပင်မဟမိန်းခဲ့ပေ။

'စိုင်းမင်းအောင်နဲ့စုနဲ့ ကြိုက်ခဲ့ကြသလားဟင်'

ညီလင်းက မေးသည်။ ညီလင်း၏မျက်လုံးအစုံတွင် မနာလိုသော အရိပ်အယောင်များကို ဖျတ်ခနဲတွေ့လိုက်ရသဖြင့် စုလှိုင်ကျေနပ်သွားလေသည်။

'စု ဘယ်သူ့ကိုမှ မကြိုက်ဘူး'

'ထားပါတော့၊ ကျွန်တော်နဲ့ဖြစ်သလိုရော'

'ဒါတော့ ဖြစ်ခဲ့ဖူးတယ်'

'စုရယ်'

ညီလင်းက သက်ပြင်းချလိုက်သည်။ စုလှိုင်သည် နှုတ်ခမ်းကို တင်း တင်းစေ့ကာ မျက်တောင်တဖျပ်ဖျပ် ခတ်နေမိလေသည်။

'ညီလင်းရော ဒီကြားထဲမှာ ဘာမှမဖြစ်ခဲ့ဘူးလား'

'ကျွန်တော်လား၊ ကျွန်တော် ဘယ်သူ့ကိုမှ ချစ်လို့မရခဲ့ဘူးလေ'

ညီလင်း၏အသံက ဒေါသနှင့်အဖျားခတ်ကာ တုန်၍နေလေသည်။ စုလှိုင်သည် စိတ်မကောင်းဖြစ်မိသော်လည်း ယခုကဲ့သို့ ညီလင်းတစ်ယောက် မလိုတမာဖြစ်နေသည်ကို သဘောကျနေမိသည့်အတွက် ကိုယ့်ကိုယ်ကိုပင် သိပ်နားမလည်ချင်ပေ။ သူ့စကားနှင့်ပင်သူ့ကို "ညီလင်းရေ အပြုစားခံနေရပြီလား" ဟု မေးလိုက်ချင်စိတ်ပေါက်လာသည်။

'ဟော မိုးတွေရွာလာပြီ'

မိုးစက် မိုးပေါက်များသည် ကားအမိုးပေါ်သို့ ဖြိုးဖြိုးဖြောက်ဖြောက်နှင့် ခုန်ဆင်းလာကြလေသည်။ ညီလင်းသည် မိုးပေါက်များကိုငေးကြည့်ပြီး မျက်မှောင်ကုတ်နေလေသည်။ ထို့နောက်မှ သက်ပြင်းတစ်ချက်ချကာ ပြုံးလိုက်သည်။

'ကျွန်တော် ရုတ်တရက်မနာလိုဖြစ်သွားတာ'

ညီလင်းက မချိပြုံးနှင့်ပြောရင်း စုလှိုင်၏လက်ကလေးကို သူ့ဘက်သို့ ဆွဲယူပြီး ဖိညှစ်ထားလိုက်လေသည်။

'ဘာလို့ မနာလိုဖြစ်တာလဲ'

'အရုပ်ကလေးကို ကျွန်တော်တစ်ယောက်ထဲပိုင်ချင်လို့ပေါ့ဗျာ'

'ဘာလို့ ပိုင်ချင်တာလဲ'

'လှတာကိုး'

'ဩော်၊ လှလို့လား'

မိုးပေါက်များသည် ကျဲရာမှ စိပ်လာသည်။ ညီလင်းသည် စုလှိုင်ကို

ထွေးပွေ့ကာ အသာအယာရှိုက်နမ်းလိုက်လေသည်။ စုလှိုင်က ညီလင်းကို တွန်းပစ်လိုက်ပြီး မဲ့မဲ့လေးပြုံးကာ မေးသည်။

'လှလို့နမ်းတာလား'

'အင်းပေါ့'

ညီလင်းက စုလှိုင်ကို ထပ်၍နမ်းသည်။

'စု တစ်ယောက်ယောက်ကို လက်ထပ်ဖို့ကောင်းပြီ'

'ဘယ်သူ့ကိုလက်ထပ်ရမှာလဲ'

'စုကြိုက်တဲ့သူ တစ်ယောက်ယောက်ကိုပေါ့'

'စုက ဘယ်သူ့ကိုမှမကြိုက်ဘူး'

'ခက်တာပဲ၊ ကျွန်တော့်ကိုရော မကြိုက်ဘူးလား'

'ညီလင်းက ဘယ်လိုထင်လို့လဲ'

'ကြိုက်များ ကြိုက်သလားလို့'

ညီလင်းက ပြုံးရယ်ရင်း စုလှိုင်ကိုအကဲခတ်သလိုကြည့်နေလေသည်။ သံသယမျက်လုံးလေးများသည် တစ်ဦးနှင့်တစ်ဦးရင်ဆိုင်ပြီး အားပြိုင်နေကြသည်။ ညီလင်းကို အတန်ကြာအောင်စိုက်ကြည့်နေမိပြီးမှ စုလှိုင်က ခေါင်းကို ယမ်းလိုက်သည်။

'ကိုယ့်ကိုယ်ကို အထင်ကြီးလှချည်လားကွယ်'

'စုက သိပ်မာနကြီးတာကိုး'

'စုက မာနကြီးတာ ကြာလှပြီ'

'ကျွန်တော်ကလည်း ကိုယ့်ကိုယ်ကို အထင်ကြီးပြီး ဘဝင်မြင့်တာ မွေးကတည်းကပဲ'

သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး ရန်သူလိုကြည့်မိကြပြန်လေသည်။ စုလှိုင်၏မျက်လုံးလေးများသည် ခါးခါးသီးသီးဖြစ်လာပြီး ဟက်ဟက် ပက်ပက် ရယ်လိုက်လေသည်။

'ကဲ ကိုညီလင်းညို၊ မှောင်လာပြီ၊ ကျွန်မ ပြန်ပါရစေတော့'

'ခဏ နေပါဦး'

ညီလင်းသည် စုလှိုင်ကို တွေတွေဝေဝေ ကြည့်နေမိပြီးမှ ရုတ်တရက် သိမ်းကျုံးပြီး ဖက်လိုက်သည်။ ထို့နောက် တိုးတိုးပြောသည်။

'ကျွန်တော်ကြားဖူးတာက အချစ်ဟာ အင်အားကြီးတယ်တဲ့၊ အခု

တော့ ကျွန်တော်တို့ရဲ့အမုန်းတွေက အင်အားကြီးလိုက်တာနော်၊ စုကို ကျွန်တော် မုန်းတယ်၊ စုကရော ကျွန်တော့ကို မုန်းနေတာပဲ မဟုတ်လား’

‘ဟုတ်တယ်၊ မုန်းတယ်’

စုလှိုင်က မျက်စိမှိတ်ထားရင်းပြောသည်၊ ညီလင်းက သူ့ကိုနမ်းလိမ့်ဦးမည်ဟုလည်း ထင်နေသည်။ သို့သော် ညီလင်းက စုလှိုင်၏ဆံပင်လေးများကိုသာ အသာအယာရှိုက်နမ်းပြီး ကားပေါ်မှဆင်းသွားသည်။

‘ညီလင်း ခွေး၊ ခွေးကလေး၊ အရမ်းမုန်းတယ်’

စုလှိုင်က အော်လိုက်မိသည်။ မိုးရေထဲတွင်လျှောက်သွားနေသော ညီလင်းက သူ့ကိုလှမ်းကြည့်ကာ သက်ပြင်းချသည်။ သူ့မျက်နှာပေါ်ကျနေသော မိုးရေများကို လက်နှင့်သပ်ကာ တွေပြီးရပ်နေလေသည်။ ထို့နောက်မှ သုံးဘီးကားလေးထဲသို့တက်ထိုင်ကာ စက်နှိုးလိုက်သည်။ ကားလေး၏ နောက်ဘက်အိပ်ဇောပိုက်မှ မီးခိုးများတထောင်းထောင်းထွက်လာသည်။ ဖွတ်ချတ်ဖွတ်ချတ်နှင့် ဆူညံအောင် မြည်လာသည်။ ညီလင်းသည် ကားကို ကွေ့ထွက်ရင်း

‘မမစု၊ ကျွန်တော့ကို သုံးဘီးဖိုးလည်း မပေးပါလား’ဟု မချိပြုံးပြုံးပြီး အော်ပြောသွားလေသည်။

*

‘အောင်မာ ခွေးမသား ညီလင်းညို၊ မင်းက ငါ့ကို မှောင်ခိုဆိုပြီး နှိမ်တာပေါ့လေ ဟုတ်လား’

တင်ထွန်းမောင်က မခံနိုင်သလို ပြောသည်။ မျက်မှန်ထူထူကြီးအောက်မှ မျက်လုံးများသည် မကျေမနပ်နှင့်မို့ နဂိုထက်ပို၍ ပြူးနေလေသည်။

‘မဟုတ်ပါဘူးဗျာ၊ မှောင်ခိုကို ကျွန်တော် မနှိမ်ပါဘူး၊ ဒါပေမဲ့ ကျွန်တော် မှောင်ခိုအလုပ်ကို အားမပေးချင်ဘူးလို့ပြောတာပါ’

‘ခွေးသား၊ မင်းက ဘာကြီးကျယ်တာလဲ၊ မင်းက မှောင်ခိုအလုပ်ကို အားမပေးချင်ရင် ဘာလို့ မှောင်ခိုပစ္စည်း ဝတ်နေသလဲ၊ မင်းဝတ်ထားတဲ့ အင်္ကျီက မြန်မာဖြစ်မို့လားဟေ၊ မင်းအတွင်းက ခံထားတဲ့ ဇာပေါက်စွပ်ကျယ်ကလည်း ယိုးဒယားကကွ၊ မင်းလက်က နာရီရော ဘာလို့ပတ်ထားသေးလဲ၊ ဟင်၊ မပြောလိုက်ချင်ဘူး၊ မင်းတစ်ကိုယ်လုံး ပုဆိုးတစ်ထည်ပဲ မြန်မာဖြစ် ပါတယ်၊ ဘောင်းဘီဝတ်ထားလိုက်ရင် ကုန်ပြီ’

'ဒါတော့ဗျာ'

'အေးလေ၊ ဒါကို မင်းတို့က ကျေးဇူးမတင်ဘဲ အပြစ်တင်နေချင်သေးတယ်'

ညီလင်းက ရယ်ချင်ငိုချင်ဖြစ်လာပြီး သူ့ခေါင်းကိုသူ စုံကုတ်လိုက်မိသည်။ တင်ထွန်းမောင်ကို စကားအရာတွင် ပြိုင်လျှင်တော့ နိုင်မည်မဟုတ်ချေ။ ယခင်ကတည်းက တစ်ခါမျှ မနိုင်ခဲ့ဖူးချေ။

ပြဿနာ အရင်းခံကတော့ သုံးဘီးကားပင်ဖြစ်သည်။ တင်ထွန်းမောင်က သူ၏သုံးဘီးကားကို လာငှားသည်။ မော်လမြိုင်ရထားကို ရန်ကုန် ဘူတာကြီးမဝင်မီ လမ်းမှကြိုစောင့်ရမည်။ အပေးအယူလုပ်ထားသဖြင့် သူတို့စောင့်ရာ နေရာတွင် ရထားက နှေးသွားမည်ဖြစ်လေသည်။ ထိုစဉ်တွင် မှောင်ခိုပစ္စည်းများကို ရထားပေါ်မှပစ်ချမည်။ သူတို့က ကောက်ယူပြီး ကားပေါ်တင်ကာ အမြန်မောင်းထွက်ကြရမည် ဖြစ်လေသည်။ သိပ်ပြီးခဲယဉ်းသော အလုပ်မဟုတ်သော်လည်း ညီလင်းက မလုပ်လိုပေ။ အေးအေးဆေးဆေးလေးသာ ခရီးသည် အကြို အပို့ လုပ်ချင်သည်။ ထို့ကြောင့် မလုပ်လိုကြောင်းတစ်ခွန်းသာ ပြောရသေးသည်ကို တင်ထွန်းမောင်က ဒေါပွသွားခြင်း ဖြစ်လေသည်။

'ဟင်း ငါသာ သိကြားမင်းကြီးလို တန်ခိုးရှိရင် ဆူးလေမီးပွိုင့်မှာရပ်ပြီး ရှိရှိသမျှ မှောင်ခိုထည်တွေ ကိုယ်ပေါ်က ပျောက်စေ'လို့ အမိန့်ပေးလိုက် ချင်ပါရဲ့၊ ဟင်း မပြောချင်ဘူး၊ မပြောလိုက်ချင်ဘူး'

'ရှောင်းလို့ဝတ်နေတာပေါ့ဗျာ၊ မရှောင်းလို့ ဝယ်မရရင်လည်း ဘယ်သူဝတ်မှာလဲ'

'ဝတ်လို့ရှောင်းတာကွ၊ ဝတ်လို့ရှောင်းတာ'

တင်ထွန်းမောင်က ဒေါကြီးမောကြီးဖြစ်နေလေသည်။ ညီလင်းသည် ဘာမှပြန်မပြောဘဲ ငြိမ်နေသည်။ ထိုအကြောင်းကို သက်သက်နှင့် အမာညိုတို့ ဆွေးနွေးနေကြသံကို တစ်ခါက သူကြားခဲ့ရဖူးသည်။ 'အချိတ်တွေက လှတော့လှပါတယ်၊ ဒါပေမဲ့ ဈေးကကြီးတယ်၊ အနံကွင်းကလည်း တိုတယ်၊ ရေလျှော်လည်းမခံဘူး၊ နေ့တိုင်းနေ့တိုင်း ရုံးသွားကျောင်းသွားဝတ်နေရတာ၊ အပေခံ၊ အကြမ်းခံ၊ ရေလျှော်ခံတဲ့လုံချည်ကိုပဲ ဝတ်ချင်တာပေါ့၊ ငွေကုန်တာချင်း အတူတူ ကိုယ့်မြန်မာဖြစ်ကို ဝယ်ချင် အားပေးချင်လိုက်တာမှ စိတ်ထဲမှာ ယားကျိယားကျိနဲ့တောင်ဖြစ်လို့'ဟု အမာညိုက ကြိတ်မနိုင်ခဲမရ ပြောခဲ့လေသည်။ သို့သော်

ထိုစကားများကို တင်ထွန်းမောင်ကိုတော့ ပြန်လည်ပြီး ပြောမပြလိုတော့ပေ။

'မင်းကွာ တောက် အင်မတန်ဖင်ခေါင်းကျယ်တယ်'

'မဟုတ်ရပါဘူး ကိုတင်ထွန်းမောင်ရာ၊ ကျွန်တော့ကိုအထင်မလွဲပါနဲ့၊ ကျွန်တော်က အစ်ကို့အလုပ်ကို နှိမ့်ချနေတာမဟုတ်ပါဘူး၊ ဒါပေမဲ့ ဒါတွေရလာဖို့အတွက် ကျွန်တော်တို့တိုင်းပြည်က ကျောက်တွေ နွားတွေ ထွက်နေရတယ်ဆိုတာသိနေလို့ စိတ်ထဲမှာမသန့်ရှင်းတာပါ၊ ထားပါတော့လေ ဒါက ကျွန်တော်တတ်နိုင်တဲ့ကိစ္စမှမဟုတ်တာ၊ ကဲ ဘယ်နေ့လဲ ဒီတစ်ခါတော့ ကျွန်တော်လိုက်ပါ့မယ်၊ ကဲ ကဲ ကျေနပ်ပြီလား'

'မကျေနပ်ဘူးကွ၊ တကတဲ၊ ရှိခိုးဦးတင်'

ကိုတင်ထွန်းမောင်က မကျေမနပ်ဖြစ်နေသေးသော်လည်း သူ့မျက်နှာမှ ဒေါသခိုးများ အတန်ငယ်လျော့ပါးသွားသည်။ ညီလင်းသိပါသည်။ ညီလင်းမလိုက်လျှင်လည်း သူ့အတွက် ဘာမျှအရေးမကြီးပေ။ ပိုက်ဆံပေးလျှင် အငှားကားတွေ လိုလျှင်လိုချင်သလောက်ရလေသည်။ သို့သော်လည်း သူငယ်ချင်းအနေနှင့် ပြောမိပြီးမှ အငြင်းခံလိုက်ရ၍ တစ်ရှူးထိုးဒေါပွသွားခြင်း ဖြစ်လေသည်။

'စုစုပေါင်း တစ်နာရီလောက်ပဲကြာမှာပါကွာ၊ ငါးဆယ်ပေးမယ်၊ မင်းမရှုံးပါဘူး'

ညီလင်း၌ အရှုံးမရှိပေ။ အဖမ်းအဆီးရှိဦးတော့ အငှားကားမောင်းသူ၌ အပြစ်မရှိပေ။ အေးအေးဆေးဆေး နေလိုသောစိတ်ကလေးကြောင့်သာ ငြင်းလိုက်မိခြင်းဖြစ်သည်။ မခံနိုင်မရပ်နိုင်ဖြစ်သွားသော တင်ထွန်းမောင်ကို တွေ့သောအခါတွင်ကား အားနာစိတ်နှင့်မို့ စကားကိုပြင်ရတော့လေသည်။ ထိုအခါမှ တင်ထွန်းမောင်၏မျက်နှာသည်လည်း ကြည်သာရွှင်ပျလာတော့သည်။

'ငါ အရင်တစ်ပတ်က ပုသိမ်ဘက်သွားသေးတယ်၊ မင်းအစ်ကိုနဲ့တွေ့သေးတယ်'

'ကိုကို နေကောင်းလား'

'ကောင်းပါ့ကွာ၊ သူတို့စုံတွဲမြင်လိုက်ရင် တယ်ပြီးစိတ်ချမ်းသာတာပဲ၊ ငါတောင် မိန်းမယူချင်စိတ်ပေါက်ပေါက်လာတယ်၊ စပ်စုမကလည်း အရမ်းကို စပ်စုနေပြီမောင်'

'တွေ့ချင်တယ်ဗျာ'

'သူတို့လည်း ရန်ကုန်ပြန်ပြောင်းရမလိုလိုပြောနေတာဘဲ၊ ငါက သူ့ကို

"ဘာလဲ လမ်းဖောက် မပြီးလို့ ပြေးတာလား" ဆိုတော့ မင်းအစ်ကို အင်ဂျင်နီယာကြီးက မခံချင်ဘူးကွ'

'ဘာလဲဗျ'

'အော်ကွာ ပုသိမ်နဲ့မုံရွာကားလမ်း ဖောက်မလို့ဆိုပြီး ကမ်းနားမှာ ဆိုင်းဘုတ်ကြီး တင်ထားတာပဲ၊ "ပုသိမ် မုံရွာ ရှေဦး လမ်းမကြီး ဤနေရာတွင်စသည်" တဲ့လေ၊ ငါလည်း စောင့်တာပေါ့ကွာ၊ အဲဒီလမ်းကြီးပြီးသွားရင် မုံရွာဘက်က ပစ္စည်းတွေ သယ်ချပြီး ပုသိမ်ဆင်းလာရရင် ဖိမ်ပဲပေါ့၊ ဟား ဟား သူ့လမ်းကြီးက အစသာရှိတာ၊ ရှေ့တက်လာတာ မတွေ့ရဘူးကွ၊ ဒီပြင်မြို့တွေက ကြားဖြတ်ဖောက်နေလားတော့ ပြောတတ်သေးဘူးလေ၊ ဒါနဲ့ ငါလည်း စိတ်ပေါက်ပေါက်နဲ့ "ပုသိမ် မုံရွာ ရှေဦး လမ်းမကြီး ဤနေရာတွင် စ၍ ဤနေရာတွင်ဆုံးသည်"လို့ လူကြားထဲ အော်ဖတ်လိုက်တာ မင်းအစ်ကိုစိတ်ဆိုးသွားလို့ မောင်ရ'

တင်ထွန်းမောင်က တဟားဟားရယ်နေလေသည်။ ညီလင်းညိုကလည်း လိုက်၍ရယ်မိလေသည်။ သူ ပုသိမ်သို့တစ်ခါရောက်သွားစဉ်ကလည်း ထိုဆိုင်းဘုတ်ကြီးကို မြင်ခဲ့လေသည်။

'မင်းအစ်ကို အရွေးမှန်တယ်ကွ၊ သူတို့အိမ်ထောင်ရေးက တကယ်သာယာတယ်၊ အပေးအယူမျှတယ်၊ မမသက် တစ်ခါတစ်လေ ညဂျူတီဆင်းရရင်လည်း မင်းအစ်ကိုက ကလေးကို ကျေကျေနပ်နပ်ထိန်းတာပဲ၊ အောင်မာ တစ်ခါတော့ ရန်ဖြစ်ကြတယ်မောင် ဘာကြောင့်ထင်လဲ'

'ဘာကြောင့်လဲ'

'မင်းအစ်ကိုနဲ့ စုလှိုင်နဲ့ရပြီး သက်သက်ကသာ နွေသူရိန်နဲ့ရရင် စပ်စုမဟာ ဘယ်သူ့ကလေးဖြစ်မလဲဆိုတဲ့ပြဿနာနဲ့လေ'

'သေပါတော့ဗျာ'

ညီလင်းညိုသည် သူ့နဖူးကို သူရိုက်လိုက်မိသည်။ ချစ်ကြသူတို့သည် တစ်ခါတစ်ရံ ရူးကြောင်ကြောင်ဖြစ်ကုန်တတ်ကြသည်ဟု တွေးရင်း ပြုံးနေမိသည်။

'သူတို့ရန်ဖြစ်တာကြည့်ရတာ ပျော်စရာတော့ကောင်းသားကွ၊ ငါတောင် မိန်းမယူပြီး အဲသည်လိုရန်ဖြစ်ချင်စိတ်ပေါ်လာတယ်၊ မင်းရော မတွေ့သေးဘူးလား'

'ဘာတွေ့ရမှာလဲ'

'ရည်းစားလေး၊ အဆက်လေးလေကွာ'

'အပူမရှာပါရစေနဲ့ဗျာ'

အပူမရှာလိုသော ညီလင်းညိုသည် စုလှိုင်နှင့် စိုင်းမင်းအောင်၏ အကြောင်းတွေးမိပြီး ရင်ထဲတွင် ပူ၍သွားလေသည်။ သူတို့တွေ တစ်ခုခုဖြစ်ခဲ့လျှင်လည်း ဘာမှမဖြစ်ခဲ့ပါဘူးဟုသာ ညာလိုက်ပါတော့ဟုပင် ဖွင့်ပြီး သင်ပေးလိုက်ချင်သည်။ နဂိုကတည်းက ထင်မိပြီးဖြစ်သော်လည်း စုလှိုင်၏ နှုတ်မှဝန်ခံချက်ကို သူမကြားလိုခဲ့ပေ။ မကြားလိုဘဲနှင့် မေးမိသည်။ မေးမိပြန်တော့လည်း စုလှိုင် မိန်းမလှလေးက မကွယ်မထောက်ဘဲ ခေါင်းညိတ်ပြခဲ့လေသည်။ ဆိုင်လည်း မဆိုင် ပိုင်လည်း မပိုင်သူဖြစ်သော်လည်း ထိုတဒင်္ဂ အတောအတွင်း၌ ညီလင်း၏ရင်ထဲတွင် မကျေနပ်စိတ်များက လေပွေမုန်တိုင်းလို အုံကြွလာခဲ့လေသည်။

'ညီလင်းညိုမျက်နှာကြီးက ညိုလိုက် မည်းလိုက်နဲ့ ဘာဖြစ်သွားတာလဲ'

တင်ထွန်းမောင်ကမေးသောအခါ ညီလင်းသည် ဟက်ခနဲရယ်သည်။ ထို့နောက် မျက်နှာကိုတည်လိုက်ကာ လေးနက်သောအသံနှင့်ပြောလေသည်။

'ခင်ဗျားမသိလိုက်ဘူးလား၊ ကျွန်တော့ရင်ထဲမှာ မုန်တိုင်းတိုက်သွားတာလေ'

'ဘာမုန်တိုင်းလဲ၊ ဆိုက်ကလုံးလား၊ ဟာရီကိန်းလား'

'အဲဒါတွေထက် ဆိုးတာပေါ့၊ ချစ်မုန်တိုင်းတဲ့'

*

စဦးပိုင်းကတော့ မုန်တိုင်းကျလာလိမ့်မည်ဟု မထင်မှတ်မိပေ။ လေထန်ပြီး မိုးရွာရုံလောက်သာ ထင်မိလေသည်။ သို့သော် လေထန်သည်က တစ်စထက်တစ်စ ပိုပြီးပြင်းလာသောအခါ သက်သက်သည် ထိတ်လန့်လာလေသည်။

ယမန်နေ့က ညဂျူတီဆင်းထားရသောကြောင့် ယနေ့နေ့လည်ပိုင်းတွင် အနားရသည်။ နံနက်ပိုင်းကမူ မိုးလေးတစိမ့်စိမ့်နှင့်မို့ အိပ်၍ကောင်းကောင်းနှင့် တုံးနင်းသရော အိပ်ပျော်သွားသည်။ သက်သက် အိပ်ရာက နိုးသောအခါ နေ့လယ်ဆယ့်နှစ်နာရီခန့်ရှိပေပြီ။ လေကကြမ်းနေပြီဖြစ်သည်။ စပ်စုမကလည်း ပခက်ထဲတွင် အိပ်ပျော်နေကာ သူ၏အထိန်းမငွေမြသည် အိမ်ပြင်ဘက်သို့ စိုးရိမ်တကြီးကြည့်နေသည်။

'လေသိပ်ကြမ်းတာပဲ အစ်မ'

'အေးဟယ်၊ မိုးတွေလည်း ယိုကုန်ပြီရော၊ ခွက်တွေနဲ့ခံပါဦး၊ ကြမ်းတွေ ရွှဲလိမ့်မယ်'

'ကျွန်မ လူမှန်းသိကတည်းက ဒီလောက်လေကြမ်းတာ မကြုံဖူးသေးဘူး'

ပုသိမ်သူစစ်စစ် မငွေမြကပြောသည်။ မီးဖိုချောင်မှ ရှိသမျှခွက်တွေ ပုံးတွေယူကာ မိုးရေခံရသည်။ သက်သက်တို့အိမ်ရှေ့မှ မန်ကျည်းပင်ကြီးသည် ယိမ်းထိုးလှုပ်ရှားနေသည်။ မန်ကျည်းရွက် မန်ကျည်းကိုင်းများသည် ကျိုးပြတ်ပြီး အိမ်ထဲသို့ လေနှင့်အတူလုံးထွေးပြီး ဝင်လာလေသည်။

'ဟယ် အစ်မ အစ်မရေ သွပ်မိုးတွေလန်ကုန်ပြီ'

မငွေမြက အော်ပြောစဉ် အိမ်မိုးထားသောသွပ်ပြားများကွတက်ပြီး လန်ကုန်သည်။ သွပ်မိုးပြားကြီးနှစ်ချပ်သည် သံမှိုကိုနှဲ့၍ချွတ်နေသလို တကျွိကျွိ တအိအိမြည်နေပြီးမှ ဝုန်းခနဲလန်ထွက်သွားသည်။ ပြင်းထန်လှသောလေက လေးလံလှသောသွပ်ပြားကြီးကို စက္ကူချပ်ကလေးကဲ့သို့ လွင့်ပါအောင် သယ်ဆောင်သွားသည်။ အိမ်ထဲသို့မိုးရေများ ဒလဟောယိုစီးလာသောအခါ ပုခက်တွင်းမှ စပ်စုမလေးကလည်း ထိတ်လန့်တကြားနှင့် စူးစူးဝါးဝါးအော်၍ ငိုလေတော့သည်။

'ဟယ်၊ မုန်တိုင်းတိုက်နေပြီ ထင်ပါရဲ့၊ ကြမ်းလိုက်တာလွန်ရော'

သက်သက်သည် သမီးလေးကိုပြေး၍ပွေ့ယူလိုက်ရင်း အိမ်ပြိုကျမည်ကို စိုးရိမ်လာသည်။ သူတို့နေသောအိမ်သည် သစ်သားအိမ်လေးမို့ အခြေမခိုင်လှချေ။ အိမ်ထဲတွင်လည်း မိုးရေများက တဖြုန်းဖြုန်းကျနေသည်။ မွေ့ရာများပေါ် ရေယိုလာသောအခါတွင်ကား သမီးကိုချပြီး မငွေမြနှင့်အတူ မွေ့ရာများကို မနိုင်မနင်း မပြီး ရေလွတ်ရာသို့ ရွှေ့ရပြန်သည်။

'အစ်ကိုပြန်လာရင် ကောင်းမယ် အစ်မ'

'ဟယ်၊ မလာပါစေနဲ့၊ ဒီမိုးဒီလေထဲပြန်လာရင် တော်ကြာသစ်ပင်တွေလဲတာနဲ့တိုးပြီး ပိနေရင်'

သက်သက်သည် လမ်းမဘက်သို့ စိုးရိမ်ပူပန်စွာနှင့်ကြည့်နေမိသည်။ အမိုးလန်သည်မှာ သူတို့တစ်အိမ်တည်းတော့ ဟုတ်ဟန်မတူပေ။ သွပ်ပြားများသည် စက္ကူချပ်ပေါ့ပေါ့လေးကဲ့သို့ မိုးပေါ်တွင် လွင့်ပျံနေသည်။ အချို့လည်း

မြေပေါ်တွင် ရုပ်တိုက်ပြီးပြေးနေကြသည်။ လေတိုက်သံက တဝုန်းဝုန်းနှင့်ဆူနေသည်။ မိုးကျသံက တဖြုန်းဖြုန်းနှင့်ညံနေသည်။ သစ် ကိုင်းအကျိုးအပြတ်များကလည်း မိုးရေထဲတွင် လုံးထွေးနေလေသည်။

'လာ လာ မငွေမြ၊ ဒို့တွေ နောက်ဖေးပြောင်းနေရအောင်၊ အိမ်ရှေ့က မန်ကျည်းပင်ကြီး စိတ်မချရဘူး၊ တော်ကြာလဲပြီး အိမ်ထက်ပိလာရင် ဒုက္ခ'

သူတို့သုံးဦး မီးဖိုချောင်သို့ပြောင်းပြီးမကြာမီပင် ဘယ်ယိမ်းညာယိမ်းနှင့် သိမ့်သိမ့်ခါနေသော မန်ကျည်းပင်ကြီးသည် ဝုန်းခနဲပြိုလဲကျတော့သည်။ သူတို့တွေ လက်မတင်ကလေးလွတ်သွားခြင်းဖြစ်လေသည်။ မကျည်းပင်အိုကြီးသည် အိမ်ဘက်သို့ တည့်တည့်လဲကျခြင်းဖြစ်သည်။ တစ်အိမ်လုံး သိမ့်သိမ့်ခါပြီး အိမ်ရှေ့တစ်ခြမ်းသည် ကျိုးပြတ်ပြိုကျသွားသည်။ မန်ကျည်းကိုင်း မန်ကျည်းရွက်များက အိပ်ခန်းထဲသို့ ထိုးထိုးထောင်ထောင်နှင့်ထိုးဝင်လာကြသည်။ အခါတိုင်း မမီမကမ်းနှင့်လှမ်းခူးနေရသောပင်ဖျားမှ မန်ကျည်းရွက်ညွှန့်များ မန်ကျည်းသီးနုများသည် ကြမ်းပေါ်တွင်ပြန့်ကျဲကုန်လေတော့သည်။

'ဘုရား ဘုရား ဘုရားကယ်မပါ'

မငွေမြက အထိတ်တလန့်ရေရွတ်နေစဉ်တွင် သက်သက်သည် သမီးလေးကို တင်းတင်းကျပ်ကျပ်ဖက်ထားလိုက်သည်။ အခါတိုင်းနေရာတကာတွင် စပ်စုနေကျဖြစ်သော စပ်စုမလေးသည် ဒီတစ်ခါတော့ မစပ်စုနိုင်ရှာတော့ပေ။ မျက်လုံးကလေး ပြူးဝိုင်းနေသည်။ သက်သက်၏ရင်ခွင်ထဲတွင် ခေါင်းကလေးပုပြီး ငုံ့မဲ့မဲ့ဖြစ်နေရှာလေသည်။ သို့သော်အိမ်ထဲသို့ ရောက်လာသော မန်ကျည်းပင်ကြီးကို တွေ့သောအခါတွင်ကား "မေမေ၊ မေမေ၊ မဂျီးတီး မဂျီးတီး" ဟု ပျော်ရွှင်စွာ အော်နေလေသည်။

လေကလည်း တစ်စထက်တစ်စ ပိုပြီးကြမ်းလာသည်။ တစ်အိမ်နှင့်တစ်အိမ်လည်း မကူနိုင် မကယ်နိုင်ကြပေ။ ကြမ်းသမျှလေဒဏ်ကို လည်စင်းပြီး ခံနေကြရသည်။ အချို့ရဲတင်းသူများသည် အန္တရာယ်ကိုမကြောက်ဘဲ မိုးထဲ လေထဲ ထွက်ကာ လမ်းမပေါ်မှသွပ်ပြားများကိုကောက်ယူနေကြသည်။ သက်သက်ကမူ သမ္ဗုဒ္ဓေကိုသာ ထပ်ပြန်တလဲလဲရွတ်မိသည်။ သို့သော် ဘုရားစာထဲတွင် စိတ် မရှိ၍ အမြီးအမောက်မတည့်ဘဲ အမှားမှားအယွင်းယွင်းဖြစ်နေသည်။ ကမ်းနားဘက်မှာတော့ ဒီရေတက်လာတော့မှာပဲဟု ပထမဦးစွာတွေးမိသည်။ ထိုမှ တစ်ဖန် ကိုကိုတစ်ယောက် နံနက်က အနွေးထည်မှဝတ်သွားရဲ့လားဟု ပူမိပြန်

သည်။ ထို့နောက် ဆေးရုံက အမိုးတွေလန်ကုန်ရင်တော့ လူနာတွေ ရွှဲကုန်တော့မှာပဲဟု စိုးရိမ်မိပြန်လေသည်။

'ပင်လယ်ထွက်တဲ့စက်လှေတွေတော့ ဒုက္ခပဲအစ်မရေ၊ အကုန်မှောက်ကုန်တော့မှာပဲ'

မငွေမြစိုးရိမ်ပူပန်စွာပြောသည်။ သက်သက်ကမူ သူပြောသည်ကို စိတ်မဝင်စားနိုင်ပေ။ အားငယ်စိတ်ကြီးစိုးလာ၍ ကိုကို့ကိုတမ်းတနေသည်။ ပြန်လည်းလာစေချင်သည်။ သို့သော် လမ်းတွင် တစ်ခုခုဖြစ်မည်ကိုလည်း စိုးရိမ်နေလေသည်။

'ရုပ်ရှင်အဖွဲ့လေ ဒီနေ့မနက်ပဲထွက်သွားတာ၊ အစ်မရဲ့သူငယ်ချင်းဆိုတဲ့ မင်းသမီးလေးလည်း ပါသွားတယ်လေ'

'အယ်မာ'

သက်သက်က ထိတ်လန့်တုန်လှုပ်စွာ ရေရွတ်လိုက်မိသည်။ မငွေမြကို အလန့်တကြားလှည့်ကြည့်မိသည်။

'အယ်မာ၊ ဟုတ်လား၊ အယ်မာ ပင်လယ်ဘက်ထွက်သွားတယ်'

'ဟုတ်တယ်၊ ဒီမနက်ပဲ ဟိုး လိပ်ကျွန်းဘက်ကိုသွားမှာတဲ့'

'ဘုရား ဘုရား၊ ဒီမိုးဒီလေနဲ့ သူတို့တွေ ဘာမှမဖြစ်ပါစေနဲ့'

သက်သက်က ဆုတောင်းလိုက်မိသည်။ သူတို့အိမ်ရှေ့မှ ဘုရားစင်လေးကိုမျှော်ကြည့်မိသည်။ သစ်ကနက်သား ရုပ်ပွားတော်လေးသည် မန်ကျည်းရွက်များကြားသို့ ရောက်နေလေသည်။ ထိုစဉ်တွင် အသံကုန်ဟစ်အော်ကာ ခေါ်လိုက်သော ကိုကို၏အသံကို ကြားရသည်။

'သက်ရေ သက် မိသက် သမီး'

ကျော်ထွန်းညိုသည် ပြိုပျက်နေသောအိမ်ကိုကြည့်ကာသတိလက်လွတ်ဖြစ်သွားပုံရသည်။ တုန်ယင်ချောက်ချားစွာအော်ဟစ်ရင်း ပြေးတက်လာသည်။

'ကိုကို ကိုကို၊ မိသက်တို့ဒီမှာ ဘာမှမဖြစ်ဘူး၊ သမီးလည်း ရှိတယ်'

သက်သက်က ဝမ်းသာအားရအော်သည်။ မိုးရေများနှင့် ရွှဲရွှဲစိုနေသောကျော်ထွန်းညိုသည် မန်ကျည်းကိုင်းများကိုကျော်ခွပြီး သူတို့ဆီသို့ အပြေးရောက်လာသည်။ ထို့နောက် မငွေမြရှေ့မို့ ဆင်ခြင်ရန်ပင် သတိမရ တော့ပေ။ ချစ်ဇနီးနှင့် ချစ်သမီးကိုသိမ်းပြီး ဖက်ထားလိုက်လေသည်။

*

'ငါ့ ပတ်ဝန်းကျင်ကလူတွေ ကုန်ပြီပေါ့၊ ငါနဲ့ပတ်သက်သမျှ လူတွေလည်း ကုန်ပြီပေါ့'

စုလှိုင်သည် ရွှေရောင်ဝင်းနေသော ရုပ်ပွားတော်လေးကိုမော်ကြည့်ရင်း တစ်ဦးတည်းပြောလိုက်မိသည်။ ဘုရားပန်းများသည် ညှိုးရော်နေသည်။ ဖန်ပြာခွက်ထဲတွင်ကား ပိုးလောက်လမ်းလေးနှစ်ကောင်သည် တလွန့်လွန့် ကူးခပ်မြူးထူးနေကြသည်။

'ပထမဆုံးမာမီကြီး၊ နောက်မာမီ၊ အခုတော့ ဒက်ဒီ၊ ဖရက်ဒီ၊ မမစော၊ နောက်ပြီး အယ်မာ၊ မာမီကြီးက အိုပြီ၊ မာမီကတော့ အရွယ်လတ်၊ ဒက်ဒီက ချမ်းသာတယ်၊ ဖရက်ဒီကတော့ ငယ်သေးတယ်၊ မမစောကတော့ သေရမှာကြောက်တယ်တဲ့၊ အယ်မာလည်း ကြောက်မှာပဲ၊ လှလည်းလှလိုက်တာ၊ ဒါပေမဲ့ သူတို့အားလုံး သေသွားကြပြီ၊ ဒီကမ္ဘာ ဒီလောက၊ ဒီဘဝကြီးထဲကနေ ထွက်သွားကြပြီလေ'

ဒက်ဒီသေဆုံးသွားခြင်းအတွက် စုလှိုင်သည် အကြီးအကျယ်စိတ်ထိခိုက်ခဲ့ရသည်။ ဒက်ဒီ့ကို အားကိုးလာသော အချိန်၊ ချစ်ခင်လာသောကာလသို့ ရောက်သောအခါမှ အပြီးတိုင်ခွဲခွာရလေသည်။

'မာမီရော ဒက်ဒီရော အသေဆိုးကြတယ်၊ နှစ်ယောက်လုံးပင်လယ်ထွက်ပြီး သေကြတယ်နော်၊ ဟိုပင်လယ်အောက်ကြမ်းပြင်မှာ ဒက်ဒီနဲ့မာမီ ပြန်တွေ့ကြမှာပါ၊ အဲဒီကျတော့ရော ရန်ဖြစ်ကြဦးမှာလား'

စုလှိုင်က တိုးတိုးလေး ပြောနေမိပြန်သည်။ ယခုတလောတွင် သူ့အတွေးများသည် ယခင်တုန်းကလို ရင်ထဲ၌ပင် ဝဲလှည့်မနေတော့ပေ။ တစ်ခါတစ်ရံတွင် နှုတ်မှပွင့်ထွက်လာတတ်သည်။ တစ်ဦးတည်း ငေးရင်းငိုင်ရင်း တိုးတိုးလေး ပြောနေမိတတ်သည်။ ထိုအခါမျိုးတွင် မအေးတင်က စိုးရိမ်ပူပန်သောမျက်လုံးများကိုဆောင်ကာ သူ့အပါးသို့ ရမယ်ရှာပြီးရောက်လာတတ်သည်။ စုလှိုင်က "စုမရူးပါဘူး မအေးတင်ရဲ့ စိတ်ထဲမှာရှိတာတွေကို ပြောနေတာပါ"ဟု ဖြေသိမ့်သလိုပြောသောအခါမှ ပို၍စိုးရိမ်သွားဟန်နှင့် ဆရာဝန် ခေါ်လာလေတော့သည်။ ဆရာဝန်က စုလှိုင်ကိုသိပ်မတွေးနှင့်ဟု ပြောလေသည်။ စုလှိုင်က ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် တွေးမြဲ တွေးလေသည်။

'ကြည့်ပါဦး၊ ဘုရားစင်ကလည်း ရှုပ်လို့၊ သောက်တော်ရေခွက်ထဲမှာ

လည်း ပိုးလောက်လမ်းတွေနဲ့၊ ဘုရားပန်းတွေကလည်း ညှိုးလို့၊ မဖြစ်ပါဘူး၊ ရေတော်ခွက်တွေကို တိုက်ဆေးဦးမှပါပဲ၊ ဘုရားပန်းလည်း ချူးဦးမှ၊ ခြံထဲမှာ ဘာပန်းများ ရှိမလဲ မသိဘူး'

စုလှိုင်သည် ကတ်ကြေးကိုင်ကာ ပန်းခြံထဲသို့ဆင်းလာခဲ့သည်။ အိမ်ဆောင်တွင်ရှိသော ဆောင်တော်ကူးပန်းရုံကြီးသည် စိမ်းမြမြအရွက်များနှင့် ဝေဆာနေသည်။ ပွင့်ချိန်မဟုတ်သောကြောင့် အဖူးအပွင့်များကိုမူ မတွေ့ရပေ။ ထိုပန်းနွယ်ရုံကြီးကိုငေးကြည့်ရင်း အယ်မာကိုသတိရလာသည်။ တစ်ခါက ထိုပန်းများကို ကျောင်းသို့ယူသွားဖူးသည်။ အယ်မာသည် ပျော်ရွှင်စွာ ခုန်ပေါက်ပြီး ပန်းများကို ပွေ့ယူသွားခဲ့လေသည်။ သူ့ဆံပင်တိုတိုလေးတွင် မရမက ပန်ဆင်ရင်း ရယ်မောနေသော အယ်မာ့မျက်နှာနုနုလေးကို ပြန်ပြီးမြင်ယောင်လာသည်။ ယခုတော့ ထိုမိန်းကလေးသည်လည်း ဒက်ဒီနှင့်အတူ ပင်လယ်ရေအောက်ကြမ်းပြင်တွင် မေးစက်အနားယူနေချေပြီ။

'မမစု'

ညီလင်းညို၏အသံကိုကြားရသည်။ စုလှိုင်သည် နောက်သို့လှည့်မကြည့်ဘဲ ငြိမ်ငြိမ်သက်သက်ပင် ဆက်၍ရပ်နေလေသည်။

'မမစု၊ ဘာတွေတွေးနေသလဲ'

'ဒီလိုပါပဲ၊ ဟိုတွေး ဒီတွေးပေါ့'

'သိပ်မတွေးပါနဲ့ဗျာ'

'ဘာလဲ စုကိုရူးနေတယ် ထင်လို့လား'

'ရူးနေတယ်တော့ မထင်ပါဘူး၊ ဒါပေမဲ့ ရူးသွားမှာစိုးရိမ်လို့ပါ'

'စု ရူးကြည့်ချင်တယ်'

'ဘာဖြစ်လို့လဲ'

'ရူးတဲ့လူတွေဟာ သိပ်ပြီးစိတ်ချမ်းသာကြမှာ၊ သူတို့စိတ်ကမ္ဘာထဲမှာ သူတို့ဖြစ်ချင်သမျှတွေ အကုန်ဖြစ်နေတာ မဟုတ်လား'

စုလှိုင်သည် မှည့်ဝါနေသော သနပ်ခါးပန်းများကို အခိုင်လိုက် ချူးယူလိုက်သည်။ ညီလင်းသည် စုလှိုင်၏မျက်နှာလေးကို စူးစိုက်ကြည့်နေသည်။ သံဝေဂ၏အရိပ်အယောင်များ ယှက်သန်းနေသောမျက်နှာလေးသည် ညှိုးရော်နေသည်။ စွဲမက်ဖွယ် သနားဖွယ် ကောင်းနေသည်။ သနပ်ခါးပွင့် ဝါဝါလေးများက သင်းပျံ့မွှေးထုံနေလေသည်။ အမှည့်လွန်နေသော အပွင့်ဝါလေးများကမူ

မြေပေါ်သို့ ကြွေကျသွားကြလေသည်။

'မမစု၊ အားကိုးရာဖို့ကောင်းပြီ'

'ဒို့က အဖေအရင်း အမေအရင်းကိုတောင် အားကိုးခဲ့တာမဟုတ်ဘူး'

ညီလင်းညိုကိုမြင်သောအခါ ထွန်းသည် အိမ်ထဲမှပြေး၍ထွက်လာသည်။ သို့သော် စုလှိုင်နှင့်ရပ်၍စကားပြောနေသည်ကိုတွေ့သောအခါတွင်ကားခြေလှမ်းတုံ့သွားလေသည်။ ညီလင်းကို ပြုံးရယ်ပြလိုက်ပြီး ကွေ့ရှောင်ထွက်သွားလေသည်။

'မမစုက တစ်သက်လုံး ကိုယ်ထင်တာ ကိုယ် လုပ်ခဲ့တာပဲ၊ ဘယ်သူ့ကိုမှ အားမကိုးဘူးဆိုတာ ကျွန်တော်သိပါတယ်'

'စုက မွေးလာကတည်းက တစ်ယောက်တည်းပါ၊ သေရင်လည်း တစ်ယောက်တည်း သေရမှာပဲ မဟုတ်လား'

'ဟုတ်ပါတယ်၊ လူတိုင်း လူတိုင်း တစ်ယောက်တည်း မွေးပြီး တစ်ယောက်တည်း သေကြရတာပဲ၊ ဒါပေမဲ့ နေတဲ့ဘဝမှာတော့ အမှီသဟဲရှိကြတယ်၊ အဖော်ရှိကြတယ်လေ'

'စု ဘယ်သူ့ကိုမှ မယုံဘူး'

'ကျွန်တော့်ကိုရော'

'မယုံဘူးကွယ်၊ ဘယ်လိုလုပ်ပြီး ယုံရမှာလဲ'

'ကောင်းပါတယ်၊ မယုံပါနဲ့၊ ကျွန်တော်ကလည်း မမစုကိုမယုံဘူး'

'ဘာရယ်'

'စုကိုမယုံဘူး၊ ဒါပေမဲ့ သနားနေတယ်'

'မသနားရဘူး၊ ဒီစကား ထပ်မပြောနဲ့'

စုလှိုင်က ကဲကဲဆတ်ဆတ်လေး ပြောသည်။ မှုန်ရီဝေမှိုင်းနေသော မျက်လုံးလေးတွင် မာနရိပ်ကလေးပြန်ပြီးထင်ဟပ်လာလေသည်။ ညီလင်း၏ရင်ခွင်တွင် ပန်းလျှစွာနွဲ့မှီလိုစိတ်နှင့် ခါးသီးစွာတွန်းပစ်လိုစိတ်က ရင်ထဲတွင် ပဋိပက္ခဖြစ်လာကြရပြန်လေသည်။

ညီလင်းသည် သူ့လက်ထဲမှ သနပ်ခါးပန်းဝါဝါလေးကို ရှိုက်နမ်းရင်း မချိပြုံးပြုံးလိုက်သည်။ သူ့လက်ခုံပေါ်မှအမာရွတ်ကလေးကို စိုက်ကြည့်ရင်း အတန်ကြာအောင် ငြိမ်နေလေသည်။ အမာရွတ်ဖြူဖြူလေးက ကွေးကွေး ဝိုက်ဝိုက်လေးဖြစ်သည်။ စုလှိုင်က သူ့လက်ခုံကို တအားကိုက်လိုက်စဉ်က ခံစားခဲ့ရ

သလို ယခုပြန်ပြီး တစစ်စစ်နာကျင်နေသည်ဟု ထင်မိသည်။

'ကျွန်တော်လည်း မိန်းမယူရတော့မလား မသိဘူး'

'ဟင်'

'မေမေတို့က စပ်နေကြတယ်၊ ဖေဖေ့မိတ်ဆွေတစ်ယောက်ရဲ့သမီး ပဲ'

ညီလင်းက စုလှိုင်ကိုအကဲခတ်သလိုကြည့်နေသည်။ စုလှိုင်သည် ရုတ်တရက်မျက်နှာပျက်သွားသော်လည်း ချက်ချင်းပြင်လိုက်သည်။ သူ့ကို စူးစိုက်ပြီး ကြည့်နေသောညီလင်းကို အပြုံးချိုချိုလေး ပြုံးပြလိုက်လေသည်။

'ဟုတ်လား၊ သြော် ညီလင်း လက်ထပ်တော့မယ်လား'

စုလှိုင်က တစ်ဦးတည်းပြောနေသလို ပြောလိုက်သည်။ ထို့နောက် ပြုံးရယ်လိုက်ပြန်သည်။ ရင်ထဲမှနှလုံးသားကမူ စည်းချက်ကျကျ လှုပ်ရှားနေရာမှ နေးလိုက်မြန်လိုက်ဖြစ်လာသည်။ လက်ဖျားလေးများ အေးလာသည်။

'ကောင်းတာပေါ့ကွယ် ကောင်းတာပေါ့'

'သြော်၊ ကောင်းသတဲ့လား'

'ဒါပေါ့'

'စုက သဘောတူတယ်ပေါ့လေ'

'ဘာများ မတူစရာ ရှိလို့လဲကွယ်'

'ကျွန်တော် မိန်းမယူလိုက်ရတော့မယ်ပေါ့'

'ယူပေါ့'

'တကယ်လား'

'သြော် ကွယ် တကယ်ပေါ့'

သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး ငြိုးသူရန်ဘက်လို ကြည့်မိကြပြန်သည်။ နှစ်ဦးလုံး၏ရင်ထဲတွင် ကျင်နေအောင် နာနေသည်။ သို့သော် တစ်ဦးကို တစ်ဦး အသိမပေးချေ။ နာကျင်နေသောနှလုံးသားကို သံသယအစိုင်အခဲ၊ မာန အစိုင်အခဲများကြားထဲတွင် ဝှက်ထားကြလေသည်။

'ကောင်းပြီ ကျွန်တော်ဖိတ်စာပို့လိုက်မယ်'

'ဆက်ဆက်ပို့'

စုလှိုင်ကရွှင်ပျစွာပြောသည်။ သူ့ကို အသေအချာအကဲခတ်နေသော ညီလင်းကို တစ်ချိန်လုံးပြုံးပြနေခဲ့သည်။ ညီလင်း၏မျက်နှာသည် နီနေသော

လည်း အပြုံးမပျက်၊ နှုတ်ဆက်ပြီး ပြန်သွားလေသည်။

သူ့ကို ကျောခိုင်းသွားသော ညီလင်း၏ကျောပြင်ကိုစိုက်ကြည့်ရင်း စုလှိုင်သည် နှုတ်ခမ်းကို တင်းတင်းလေးဖိပြီး ကိုက်ထားမိသည်။ ညီလင်း၏ သုံးဘီးကားကလေး ခြံထဲမှထွက်သွားသည်အထိ မလှုပ်မယှက်ငြိမ်နေသည်။ ကားလေးပျောက်သွားသောအခါမှ သူ့လက်ထဲမှ သနပ်ခါးပန်းများကို ဖိချေပြီး မြေပေါ်သို့လွှင့်ကျဲပစ်လိုက်လေသည်။ သူ့နှုတ်ခမ်းတွင် ခိုတွယ်နေသော အပြုံးချိုချိုလေးသည်လည်း လွင့်စဉ်ပြီးထွက်ပြေးသွားလေသည်။ ထို့နောက် မျက်ရည် တစ်စက်မှမကျဘဲ ရှိုက်လိုက်မိသည်။

'ဒက်ဒီ အို မာမီ၊ စု ကိုဘာလို့ ထားခဲ့ကြတာလဲ'

စုလှိုင်သည် မြက်ခင်းပေါ်တွင် ပန်းလျှနွမ်းနယ်စွာ ထိုင်ချလိုက်သည်။ ဒက်ဒီမဆုံးမီက စုလှိုင်ကို နိုင်ငံခြားသို့စေလွှတ်ရန်စီစဉ်ခဲ့လေသည်။ အမေရိကား တွင်ရှိ သူ၏မိတ်ဆွေတစ်ဦးနှင့်ဆက်သွယ်ကာ စုလှိုင်အတွက် အလုပ်ရှာပေးခဲ့ သည်။ "ဟိုမှာက အစစအရာရာ တိုးတက်တယ်စု၊ ဒက်ဒီတောင် ထွက်ချင်တာ၊ လုပ်ငန်းက ဒီမှာအခြေကျနေလို့၊ စု အလုပ်လုပ်ရင်း ပညာဆက်သင်" ဟုပြောခဲ့ သည်။ အလုပ်ခန့်စာ ရောက်လာပြီဖြစ်သော် လည်း စုလှိုင်သွားဖို့ စိတ်မဆုံးဖြတ် မိပေ။ မြန်မာပြည်တွင်ပေးသွင်းခဲ့ရမည့်လျော်ကြေးကို ပေးခွင့်ရနေပြီဖြစ်သော် လည်း စုလှိုင် သွားရောက် မပေးမိသေးချေ။

ခုတော့ စုလှိုင်၏စိတ်တို့သည် ပြတ်သားလာကြသည်။

သွားမည် မြန်မာပြည်မှ ခွာတော့မည်။

*

လွန်ခဲ့သော လေးနှစ်ကျော်က စိုက်ထားခဲ့သော စံပယ်ပင်လေးသည် သန်စွမ်းလှ ချေပြီ။ အပင်များပွားပြီး စံပယ်ရုံလေးပင်ဖြစ်နေပြီဖြစ်လေသည်။ စံပယ်ပွင့် ဖွေး ဖွေးများသည် မြစိမ်းရောင်အရွက်များနှင့် လိုက်ဖက်လှသည်။ အမာညိုကပင် "ကျောက်စိမ်းစားပွဲပေါ်မှာ ပုလဲလုံးလေးတွေ စီထားတာနဲ့ မတူဘူးလားဟင်" ဟု စိတ်ကူးမယဉ်တတ် ယဉ် တတ်နှင့် ယဉ်ခဲ့သေးလေသည်။

'ညီလင်းရေ ဒီအပင်က စံပယ်ပန်းတွေ ခူးခွင့်ရှိပီလား'

'ဟင့်အင်း၊ မခူးရဘူး'

သက်သက်က မေးသောအခါ ညီလင်းကခေါင်းယမ်း၍ပြလိုက်လေ

သည်။

'တစ်ပွင့်တည်း၊ တစ်ပွင့်တည်းချူးမယ်လေ'

'မမသက်ရာ၊ ဟိုဘက်အပင်တွေက သွားချူးစမ်းပါ၊ ဟိုမှာအများကြီး'

'ဖြစ်နေလိုက်တာဟယ်၊ သမီးလေး၊ ဦးညီလစ်ရင် အဲဒီပန်းတွေချူးပစ်သိလား'

သက်သက်က သူ့သမီးစပ်စုမကိုမြှောက်ပေးသည်။ လမ်းလျှောက်တတ်ခါစ တောက်တောက်ပြေးနေပြီဖြစ်သော စပ်စုမလေးက စံပယ်ပွင့်လေးများကို မမီမကမ်းလှမ်းချူးသည်။ တူမငယ်လေးကိုတော့ ညီလင်း အလျှော့ပေးရလေသည်။

'ဟော့ မုန်တိုင်းထဲမှ သစ်ပင်မပိခဲ့တဲ့ စပ်စုမ၊ ငါ့ကိုဗိုလ်ကျဖို့လွတ်လာတာလား'

'အဲဒီတုန်းကများ ကံကောင်းလို့ဟယ်'

သက်သက်က ပခုံးလေးကျုံ့ကာ ပြောသည်။ ကျော်ထွန်းညိုသည် ရန်ကုန်သို့ပြန်လည်ပြောင်းရွှေ့လာရသည်။ သျှောင်နောက်ဆံထုံးပါဟူသော ဆိုရိုးစကားရှိသည်နှင့်အညီ ဌာနဆိုင်ရာလူကြီးများက သက်သက်ကိုလည်း ရန်ကုန်ဆေးရုံသို့ ပြောင်းပေးလေသည်။ ယခုတော့ သူတို့အိမ်ကြီးသည် လူကြီး၊ လူရွယ် ကလေးအစုံအလင်နှင့်စည်ကားနေချေသည်။ အမာညိုဇ၏သား နှစ်ယောက်နှင့် သက်သက်၏သမီးတို့သုံးဦးသားပေါင်းပြီး ဖြောင်းဆန်အောင် ဆော့တတ်ကြသည်။ ငြိမ်ငြိမ်အေးအေးလေး နေတတ်သော စပ်စုမသည် ရန်ကုန်ရောက်လာပြီးသည့်နောက်ပိုင်းတွင် လုံးဝပုံစံ ပြောင်းသွားသည်။ သူ့အစ်ကို ဟနုမာန် လုပ်သမျှ အကုန်လိုက်လုပ်တတ်လေသည်။ ဝုန်းခနဲ ဒိုင်းခနဲ ပြုလဲသံများကို မကြာခဏကြားရသည်။ သူတို့နှစ်ဦး၏ နဖူးနှင့်ချိုစောင်းတို့သည် သပြေသီးမှည့်များ အစဉ်သီးနေတတ်လေသည်။ မိခင်နှစ်ဦးက ပရုတ်ဆီဘူးကို ကိုယ်နှင့်မကွာ ဆောင်ထားကြရသည်။ ဒိုင်းခနဲကြားလိုက်တိုင်း ပြေးပြီးလိမ်းပေးနေကြရလေသည်။

'ညီလင်းပေးတဲ့နာမည်ကို ဒီတစ်ခါတော့ အမာညိုက အတော်သဘောကျနေတယ်။ တော်သေးတာပေါ့ဟဲ့၊ ညီလင်းက ဝိဇယဇာတ်ဖတ်မိပေလို့ပဲ၊ သူ ကာတွန်းတွေဖတ်နေတုန်း ငါ့သားလေးကို နာမည်ပေးခိုင်းမိရင် "ငတက်ပျား" တို့ "ဦးဒိန်းဒေါင်" တို့ "ဦးကပ်စီး" တို့ ဖြစ်လာမှာတဲ့'

ကလေးကို အမည်ရွေးနေကြစဉ်က ညီလင်းသည် ဝိဇယဇာတ် ဖတ်နေမိသည်။ ထို့ကြောင့် "ဟော့ကောင် ငါ့တူလေး မင်းကိုငါ "ဝိဇယ" လို့ ခေါ်မယ်" ဟု ပြောလိုက်သည်။ ထို့ကြောင့် မည်မျှပင်လှသော ကောင်းသောအမည်ကို နေ့သင့်နံသင့်ရွေးမှည့်သော်လည်း သူတို့အိမ်မှာတော့ ဟနုမာန်၏ညီလေးသည် "ဝိဇယ" ဟုသာ တွင်သွားလေတော့သည်။ ဘီလူးတို့ကိုနိုင်သော လူစွမ်းကောင်း မင်းသား၏အမည်မို့ အမာညိုက သဘောကျနေခြင်းဖြစ်သည်။

'မမ ဘာလုပ်နေလဲ၊ ခုနက ကိုပေါက်ကျိုင်းကို ဆူနေတယ်မဟုတ်လား'

'အေးဟယ်၊ ပေါက်ကျိုင်းက ခရမ်းကြွပ်သီးကို ငါးပိရည်နဲ့တို့စားတာ ကုန်အောင်မစားလို့တဲ့၊ တစ်လုံးကို ဆယ်ပြားတောင်ပေးရတာ၊ အညှာပါ ကုန်အောင် စားရမယ်ဆိုပြီး ဆူနေတာလေ'

'မမကဗျာ၊ အားကြီးပူညံပူညံလုပ်တာပဲ၊ အရင်ကနဲ့မတူတော့ဘူး'

'သူလည်း ဘယ်လုပ်ချင်ပါ့မလဲ ညီလင်းရယ်၊ အိမ်ထောင်ရှင်မရယ်လို့ ဖြစ်လာရင် မိန်းမကြမ်း မဖြစ်ချင်ဘဲ ဖြစ်ရတော့တာဘဲ၊ အခု ဖေဖေတို့ မေမေတို့က တရားဘက်ကိုစူးစိုက်နေကြတော့ မီးဖိုချောင်တာဝန်က သူ့ပခုံးပေါ်ရောက်လာတယ်မဟုတ်လား'

'ဟာဗျာ သူ့ကိုကြည့်ပြီး မိန်းမယူရမှာကြောက်လာတယ်၊ သူ့လို မိန်းမနဲ့သာရရင် ခရမ်းသီးကို အညှာပါစားရမှာ၊ ဟင်းများချက်နေရင် သိပ်ရယ်ရတယ်၊ ဆီမှုတ်ကလေးကိုင်ပြီး နည်းနည်းလေးထည့်လိုက်၊ လက်တွန့်သွားလိုက်၊ ထည့်လိုက် တွန့်လိုက်နဲ့ ချိုမိုင်မိုင် ကတာ ကျနေတာပဲ'

သက်သက်သည် တသိမ့်သိမ့်ရယ်မောရင်း ညီလင်း၏ဘေးတွင် ဝင်၍ထိုင်လိုက်သည်။ စပ်စုမသည် သူ့လက်ထဲမှ စံပယ်ပွင့်လေးများကို သက်သက်အား ကမ်းပေးသည်။ မွှေးထကြိုင်သင်းနေသောပန်းရနံ့ကို ရှူရှိုက်လိုက်ရင်း သက်သက်၏ရင်ထဲတွင် အေးသွားသည်။ စံပယ်ရနံ့သင်းပျံ့ပျံ့ကို ရှူရတိုင်း သက်သက်သည် သူတို့၏မင်္ဂလာဦးညလေးကိုသတိရသည်။ ထိုစဉ်က စံပယ်နံ့သည် ကြိုင်နေအောင် သင်းပျံ့မွှေးနေခဲ့လေသည်။

'ညီလင်းက လူကြီးတွေစပ်တဲ့ မိန်းကလေးကို ဘာလို့ငြင်းတာလဲ'

'ကျွန်တော် သူ့ကိုမနှိပ်စက်ချင်လို့ပါ'

'ဘာပြောတယ်၊ မနှိပ်စက်ချင်လို့ ဟုတ်လား'

'ဟုတ်တယ်၊ သူ့ကိုမှ ကျွန်တော်မချစ်တာဘဲ၊ မချစ်ဘဲနဲ့ယူရင် သူလည်း စိတ်ဆင်းရဲ၊ ကျွန်တော်လည်း စိတ်ဆင်းရဲ'

'ကောင်မလေးက မဆိုးပါဘူးဆို'

'အင်း မဆိုးပါဘူး၊ ကျွန်တော်ယူတောင် ယူလိုက်ဦးမလို့၊ ဒါပေမဲ့ ခုနတုန်းက ပြောသလိုပေါ့၊ နှစ်ယောက်လုံး စိတ်ဆင်းရဲမှာစိုးလို့'

'ယူတော့လည်း ချစ်သွားကြမှာပေါ့ ညီလင်းရယ်'

'သိပါဘူးဗျာ'

'ညီလင်းမှာ ချစ်တဲ့လူ ရှိထားလို့လား'

ညီလင်းညိုသည် ဘာမှပြန်မဖြေဘဲ ငြိမ်နေလေသည်။ သူနှင့်စုလှိုင်၏ ဇာတ်ကြောင်းကို သူတို့ညီအစ်ကိုနှစ်ဦးမှလွဲ၍ မည်သူမျှသိမထားကြပေ။ ရည်းစားသနာ မရှိပါဘဲလျက် လူကြီးတွေစီစဉ်သမျှ ခေါင်းခါနေသဖြင့်လည်း အမာညိုတို့ သက်သက်တို့က အံ့ဩနေကြလေသည်။

'ရှိတယ်လို့ ထင်တာပဲ'

'ဘယ့်နှယ်လဲ ညီလင်းရဲ့၊ ရှိရင်ရှိတယ် မရှိရင်မရှိဘူးပေါ့၊ ဘယ့် နှယ် ထင်တာပဲလဲ'

'ကျွန်တော်က ချစ် မချစ် မသေချာဘူး၊ သူက ချစ် မချစ်လည်း မသိဘူး'

'ဘယ်သူလဲဟင်'

'မသိချင်ပါနဲ့ဗျာ'

ညီလင်း၏မျက်နှာသည် သွေးရောင်လျှမ်းတက်လာသည်။ စုလှိုင်ကို ဖိတ်စာပို့ပေးလိုက်မည်ဟု ခေါင်းမော်ကာ ပြောခဲ့သော်လည်း လက်တွေ့တွင်မူ မပို့ဖြစ်ခဲ့ပေ။ သူ့အကြောင်းကို မကြာခဏတွေးနေမိသော်လည်း သူ့ဆီသို့ မသွားဖြစ်အောင် စိတ်ကိုထိန်းထားနိုင်ခဲ့လေသည်။ တစ်ခါတော့ အမြတ်တော်ခွန်ရုံးမှ ဆင်းလာသောစုလှိုင်ကိုတွေ့ရသေးသည်။ သူဝတ်နေကျ အရောင်တောက်တောက် အဝတ်အစားမျိုးမဟုတ်ဘဲ အင်္ကျီဖြူနှင့်လုံချည်ပြာဖျော့ဖျော့လေး ဝတ်ထားသဖြင့် ကြည့်ရသည်မှာ အေးချမ်းနေလေသည်။ ညီလင်းကို တွေတွေလေး ငေးကြည့်နေပြီးမှ "ဖိတ်စာ မပို့သေးပါလား" ဟု သရော်သလို မေးသွားသည်။

'ဟော့ ဘာလုပ်နေကြတာလဲ'

ကျော်ထွန်းညိုနှင့်ပေါက်ကျိုင်းသည် သူတို့ဘေးသို့ ယောင်ပေပေနှင့်

ရောက်လာကြသည်။

'လေဘေးဒုက္ခသည်တွေကို ကြိုဆိုကြပါခင်ဗျာ'

ပေါက်ကျိုင်းက အရွှန်းဖောက်ကာ ပြောသည်။ တမင်လုပ်ထားသော ကုပ်ချောင်းချောင်းအမူအရာလေးနှင့် ငုတ်တုတ်ထိုင်ချလိုက်သည်။ အမာညို ဆူလွှတ်၍ လွင့်ထွက်လာသူများကို လေဘေးဒုက္ခသည်များဟု အချင်းချင်း အမည်ပေးထားကြလေသည်။

'အလကား ကောင်မလေးကွာ၊ သူ ငယ်ငယ်တုန်းကလည်း သရေကွင်း ရေနံဆီစိမ်ပြီး အကြီးကြီးဖြစ်အောင် လုပ်ကစားနေကျပဲ၊ အခုကလေးကျတော့ ချုပ်ချုပ်ချယ်ချယ်'

'ဘာဖြစ်လို့လဲ ကိုကိုရဲ့'

'ဘာဖြစ်ရမလဲ မိညိုပေါ့၊ ဟနုမာန်ကို ဒို့က သရေကွင်းလေးငါးကွင်း ရေနံဆီစိမ်ပေးလိုက်မိပါတယ်၊ ပြစ်မှုကြီး တသီကြီးနဲ့စွဲချက်တင်ခံရတော့တာပဲ၊ နို့ဆီခွက်က ရောင်းစားဖို့တဲ့၊ သုံးလုံးကို တစ်ကျပ်ရတယ်တဲ့၊ ဆော့စရာ မဟုတ်ဘူးတဲ့၊ နောက်ပြီး ရေနံဆီဆိုတာကိုလည်း ကစားစရာလို့ ကိုကိုက ထင်သလားတဲ့၊ တစ်လ တစ်လ အလျှဉ်မီအောင် မနည်းသုံးနေရတာမသိဘူးလားတဲ့၊ အပြင်ကဝယ်ရရင် ဈေးကသုံးလေးဆများတယ်တဲ့၊ ဟာကွာ၊ ဗျစ်တောက် ဗျစ်တောက်နဲ့၊ ငါလည်း ကျောကော့ပြီး လစ်လာရတာပဲ'

ကျော်ထွန်းညိုက ရယ်မိသည်။ သူပုသိမ်ပြောင်းမသွားခင်က ရယ်မောပျော်ရွှင်ရန်သာ စဉ်းစားတတ်သော ညီမငယ်အမာညိုသည် အပြောင်းလဲကြီးပြောင်းလဲလျက် ရှိပေပြီ။ နေရာတကာတွင် စီးပွားရေးပေတံကြီးနှင့် တိုင်းပြီး "ဒါက ဘယ်လောက်တန်တယ်၊ အောက်မေ့သလဲ၊ အလကားရတယ် ထင်နေသလား" ဟု တဆူဆူတညံညံလုပ်တတ်သူ ဖြစ်နေချေပြီ။ ကျော်ထွန်းညိုသည် သူ့ညီမကိုသူကြည့်ပြီး ရယ်လည်းရယ်ချင် စိတ်လည်း ညစ်လှသည်။

'ငါက နင်ဒီလိုလုပ်နေ၊ တော်ကြာ ပေါက်ကျိုင်းက နောက်မိန်းမယူသွားမယ်ဆိုတော့ ယူပါစေတဲ့'

'ဟုတ်တယ်ဗျ၊ ကျွန်တော့်ကိုလည်း ခဏခဏပြောတယ်၊ ခုနေသာ သူ အပိုပြုန်ဖြစ်ရင် ယောက်ျားမယူတော့ဘူးတဲ့'

ပေါက်ကျိုင်းက သူ့ခေါင်းကိုသူကုတ်ကာ ရယ်နေသည်။ သူတို့နှစ်ဦးလုံး အလုပ်သင်မို့ နှစ်ဦးပေါင်းလျှင် လခခြောက်ရာရသည်။ ထိုလခထဲမှ စား

စရိတ်မပါသေးဘဲ ကလေးနို့မှုန့်ဖိုးနှင့်ဆေးဖိုးက တစ်ဝက်မက နုတ်သည်။ မိဘအိမ်ကပ်စားနေ၍ တော်တော့သည်။ ကိုယ့်အိုးကိုယ့်အိမ်နှင့်ဆိုပါက တစ်လနှင့်တစ်လ အလျဉ်မီရန် မလွယ်ပေ။ ယခုလည်း အမာညိုခမျာ အတွင်းခံဘော်လီအင်္ကျီဝယ်ချင်သည်မှာ သုံးလေးလရှိပြီဖြစ်သော်လည်း ယခုတိုင် မဝယ်နိုင်ရှာသေးပေ။

'သိပ်မပြောနဲ့၊ တော်ကြာ ညီလင်းတစ်ယောက် အိမ်ထောင်မပြုရဲဘဲဖြစ်နေဦးမယ်၊ ခုတောင် ဟိုတွေးဒီတွေးနဲ့၊ ကိုကိုရေ ညီလင်းက သက်ကို ပြောတယ်၊ သူ ချစ်တဲ့သူရှိတယ်လို့ သူ့ကိုယ်သူထင်တယ်တဲ့၊ ဘယ်သူလဲ ကိုကိုသိလားဟင်'

ကျော်ထွန်းညိုသည် ရယ်၍နေရာမှ ရုတ်တရက်တည်သွားသည်။ ငြိမ်ချက်သားကောင်းနေသော ညီလင်းကို ကရုဏာမကင်းလှမ်း၍ ကြည့်လိုက်မိလေသည်။ ညီလင်းသည် ပြောဆိုနေကြသောစကားများကို ကြားဟန်မတူပေ။ စံပယ်ပွင့်လေးများကိုငေးကြည့်နေသော်လည်း မြင်ပုံမရချေ။ သူ့စိတ်သည် တစ်စုံတစ်ဦးဆီသို့ ပျံ့လွင့်နေဟန်ရှိသည်။

'ဟ ညီလင်း၊ မင်းမှာအဆက်ရှိတယ် ဟုတ်လား'

ပေါက်ကျိုင်းက မျက်လုံးပြူးမျက်ဆံပြူးနှင့် မေးလေသည်။

'ဒီစံပယ်ပင်မှာလည်း ဇာတ်လမ်းတစ်ပုဒ်ရှိရမယ်'

စပ်စုလိုစိတ်၊ သိလိုစိတ်ပြင်းပြနေသော သက်သက်နှင့် ပေါက်ကျိုင်းတို့သည် ညီလင်းညို၏မျက်နှာကို ဝိုင်းပြီးအကဲခတ်နေကြသည်။ မရမက မေးကြတော့မည့်ဟန် ပြင်နေကြလေသည်။

'မိသက်ရယ်၊ စပ်စုမရဲ့အမေလို့ မပြောရဘူး၊ စပ်စုလှချည်လား'

ကျော်ထွန်းညိုက ဆက်၍မမေးရန် မျက်ရိပ်ပြပြီး သက်ပြင်းရှိုက်လိုက်မိသည်။ ညီလင်း၏နှလုံးသားအနာသည် ယခုထက်တိုင်မကျက်သေးကြောင်း သူသိထားသည်။ ဘာကိုမှအစွဲအလမ်းမထားဘဲ ပေါ့ပေါ့ကလေးတွေးကာ ရယ်မောနေတတ်သော လူပျော်လူရွှင်ကလေးညီလင်းညိုသည် ယခင်တုန်းကလောက် မပျော်နိုင် မရွှင်နိုင်သည်မှာ နှစ်နှင့်ချီ၍ကြာခဲ့ပေပြီ။ ကျော်ထွန်းညိုက ဟန့်လိုက်သောကြောင့် ပေါက်ကျိုင်းနှင့်သက်သက်သည် ပါးစပ်ပိတ်သွားကြသည်။ သို့သော်လည်း ညီလင်းကို သိလိုစိတ်ကဲနေသော မျက်လုံးများနှင့် လှမ်းကြည့်ပြီး မေးခွန်းပေါင်းများစွာကို အသံတိတ်မေးနေကြသည်။

'ကျွန်တော် လမ်းထိပ်သွားဦးမယ်'

အနေရခက်လာသော ညီလင်းက နေရာမှထသည်။ လမ်းထိပ် ကွမ်းယာဆိုင်သို့ ရမယ်ရှာပြီး ရှောင်ပြေးရန်ဖြစ်သည်။ သူ့ကို စူးစိုက်အကဲခတ်နေသူများအား ဟဲခနဲသွားဖြဲပြလိုက်ပြီး လှည့်ထွက်လာခဲ့လေသည်။ သူထွက်သွားသည်နှင့် ကိုကို့အား ဝိုင်းပြီး အစ်ကြအောက်ကြတော့မည်ဖြစ်လေသည်။ ကိုကိုကတော့ လုံးဝစိတ်ချရသည်။ နှုတ်လုံမည်ဟု ယုံကြည်သည်။ သူ့အတွင်းရေးကို သူ မပြောစေချင်ပါဘဲလျက် မည်သည့်အခါမျှဖွင့်ပြောလိမ့်မည် မဟုတ်ချေ။

'အစ်ကို အစ်ကိုကြီး'

ခေါင်းငိုက်စိုက်နှင့်လျှောက်လာစဉ် သူ့ဘေးသို့ကားလေးတစ်စီးက ကပ်၍ ရပ်လိုက်သည်။ အမောတကောခေါ်သံလေးကို ကြားလိုက်ရသည်။

'ဟင် ထွန်း'

ထွန်းသည် ညီလင်းညိုကို အားကိုးတကြီးနှင့်ကြည့်နေသည်။ မျက်လုံးညိုကြီးတွင် မျက်ရည်များရစ်ဝဲနေလေသည်။ ထွန်း၏ဘေးတွင်တော့ မအေးတင် မျက်စိမျက်နှာပျက်နေသည်။ ထို့နောက် သူ့ကိုညှိုးငယ်စွာကြည့်နေသော ဦးဆာမိ။

'ဟင် ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်လာလို့လဲ'

ညီလင်းက ကားတံခါးဝမှကုန်းကြည့်ရင်း စိုးရိမ်ပူပန်စွာ မေးလိုက်မိသည်။

'မမလေ မမသွားပြီ အစ်ကို'

'စုလား ဘယ်သွားတာလဲ'

'နိုင်ငံခြားကိုတဲ့'

'ဟာ'

ညီလင်း၏ရင်ထဲတွင် ဟာခနဲဖြစ်ပြီး လှိုက်မောသွားသည်။ ခေါင်းထဲတွင် ရိပ်ခနဲမူးသွားသည်။ "သွားပြီ၊ သူ ထွက်သွားပြီ" တဲ့။

'ဘယ် ဘယ်တုန်းက သွားတာလဲ'

'အခုပဲ၊ မမက သူ့ကိုဘယ်သူမှလိုက်မပို့ရဘူးတဲ့'

ထွန်း၏မျက်ဝန်းများသည် ရီဝေမှုန်မှိုင်းလာပြီး မျက်ရည်များစီးကျလာလေသည်။ ကွေကွင်းဆင်းရဲရခြင်းကို ထိုကလေးငယ်သည် အရွယ်နှင့်မမျှအောင် ခံစားတတ်နေပေပြီ။

'ကျွန်မတို့လည်း မသိဘူး၊ သူသွားမှာကို ဘယ်သူမှမသိဘူး၊ ဒီမနက်မှ စုကပြောတယ်၊ ပစ္စည်းတွေအားလုံးကို ထွန်းရဲ့နာမည်နဲ့လွှဲခဲ့ပြီတဲ့၊ ဒါပေမဲ့ ထွန်းက သိပ်ငယ်သေးတော့ ဝိုင်းပြီးစောင့်ရှောက်ကြပါတဲ့၊ နောက်ပြီး ကိုညီလင်းညိုကို ဒီစာပေးလိုက်ပါတဲ့၊ သူက နက်ဖြန်မှပေးခိုင်းတာ၊ ဒါပေမဲ့ ကျွန်မတို့က ချက်ချင်း'

မအေးတင်၏အသံသည် တိမ်ဝင်သွားပြီး ရှိုက်နေသည်။ ထို့နောက် စာအိတ်လေးနှစ်အိတ်ကို လှမ်းပေးသည်။ တစ်အိတ်ပေါ်တွင် "ညီလင်းညို" ဟု ရေးထားသည်။ အခြားတစ်အိတ်တွင် "ကိုကျော်ထွန်းညို၊ သက်သက်၊ ကိုပေါက်ကျိုင်းနှင့် အမာညို" ဟုရေးထားလေသည်။

သူ့အမည် ရေးထားသောစာအိတ်ကို ညီလင်းသည် တုန်ယင်သော လက်များနှင့်ဖောက်လိုက်သည်။

၁၊ ၃၊ ၇၆

ညီလင်းရေ

ဒို့သွားပြီ၊ ဒီတိုင်းပြည်ကိုတော့ ပြန်လာဖြစ်တော့မယ်မထင်ပါဘူး။

ထွန်းကို စိတ်မချဘူးကွယ်၊ သူ့ကို စုလို မဖြစ်စေချင်ဘူး၊ ဒီကလေးဟာ အထီးကျန်ဘဝမှာ အိပ်မက်ဆိုးတွေမက်နေမှာ စိုးရိမ်တယ်၊ ညီလင်းတို့မိသားစုလေးဟာ ပျော်စရာကောင်းတယ်၊ မေတ္တာငွေ့လွှမ်းပြီး နွေးထွေးတယ်၊ စုရဲ့ မောင်လေးကို ညီလင်းတို့ စောင့်ရှောက်ပါနော်၊ စုငယ်ငယ်တုန်းက အရူးအမူးတမ်းတခဲ့ဖူးတဲ့ မိသားစုဘဝလေးကို မျှပေးကြပါကွယ်၊ တတ်နိုင်ရင်တော့ သက်သက်တို့က ထွန်းကိုမွေးစားနိုင်ရင်ကောင်းမယ်၊ သူတို့ဆီကိုလည်း စု သပ်သပ်စာရေးလိုက်တယ်၊ ပေးလိုက်နော်။

သွားရတော့မယ်ဆိုတော့လည်း စိတ်မကောင်းဘူးကွယ်၊ စုလေ အခု နည်းနည်းချစ်တတ်လာပြီလို့ထင်တယ်၊ ညီလင်းနဲ့ ထပ်တွေ့စရာလမ်း မရှိတော့ဘူးဆိုတော့ စုရဲ့မာနကို ဘေးချိတ်ထားပြီး တစ်ခုလောက် မေးချင်တယ်၊ ညီလင်းက စုကိုချစ်တယ်လို့ ဘာဖြစ်လို့မပြောခဲ့တာလဲ၊ နောက်ပြီး ဟိုတစ်ခါတုန်းက ညီလင်း စုအိမ်ကို လာတုန်းကလေ "စုကိုလက်ထပ်ပါရစေ" လို့မပြောဘဲ ဘာဖြစ်လို့များ

"ကျွန်တော့်ကို လက်ထပ်မလား" လို့မေးခဲ့တာလဲ ဟင်၊ ညီလင်းက စုကိုမချစ်ဘူးလား၊ နောက်ပြီး လက်မထပ်ချင်ဘူးလား၊ တော်ပါပြီ လေ၊ စိတ်မောပါတယ်။

ဟိုကျရင် ဒို့ စာမရေးတော့ဘူး၊ ထာဝရခွဲကြပါစို့၊ သွားပြီ နော်။

စုလှိုင်

ညီလင်း၏လက်များသည် တဆတ်ဆတ်တုန်ယင်လာပြီး မျက်ဝန်းများနီကြင်လာသည်။ တံတွေးကိုအထပ်ထပ်မျိုရင်းငိုင်နေသည်။

'စု သွားတာမကြာသေးဘူး၊ မီချင်မီမလားမသိဘူး'

မအေးတင်က ပြောသည်။ နှုတ်ခမ်းများဖြူရော်ကာ မျက်ရည်ဝိုင်းနေသော ညီလင်းအားကြည့်ရင်းမှ အကြံပေါက်လာဟန်ရှိသည်။ ထွန်း၏လက်ကို ဆွဲကာ ကားပေါ်မှဆင်းလေသည်။

ထို့နောက် ညီလင်းညိုကို တိုက်တွန်းသောလေသံနှင့်ထပ်ပြောသည်။

'လိုက်သွားရင် မီမလားမသိဘူး၊ ကားယူသွားပါလား'

*

ရွှေဝါရောင်တောက်နေသော ဆည်းဆာရိပ်ဝယ် အရာရာသည်ခြောက်သွေ့နေလေသည်။ သူ့ရှေ့မှလျှောက်သွားနေသော မျက်နှာဖြူအမျိုးသမီးနှစ်ဦး၏ အဝါရောင် ဆံပင်များကို ဆည်းဆာရောင်က လိမ်းကျံထားသဖြင့် ပို၍ဝါကာ နီရောင်ရိပ်ရိပ်ပြေးနေသည်။

စုလှိုင်သည် လေယာဉ်ခရီးသည်များနှင့်အတူရောရော၍လျှောက်သွားရင်း အသက်ကို တဝကြီးရှိုက်၍ရှူလိုက်သည်။ အမိမြန်မာပြည်မှလေကို နောက်ဆုံးရှူရခြင်းဖြစ်သည်။ နောင်သောအခါများတွင် ရှူရရှိုက်ရတော့မည် မဟုတ်ချေ။

'ဒီတိုင်းပြည်မှာ ငါချစ်စရာလူမှ မရှိတော့ဘဲ၊ သေကုန်ပြီ၊ ထွန်း အတွက်လည်း ပစ္စည်းတွေ အကုန်ပေးပစ်ခဲ့တာပဲ၊ ညီလင်းရော ငါထွက်သွားတာသိရင် သူဘယ်လိုနေမယ် မသိဘူး၊ အိုကွယ် သူ့ဟာသူမိန်းမယူပြီး သာယာချမ်းမြေ့တဲ့ ဘဝလေးကို တည်ထောင်နေမှာပါလေ'

လေးကန်စွာလျှောက်သွားရင်းမှ စုလှိုင်၏ရင်ထဲတွင် အတွေးတို့က

ဝဲလှည့်လာလေသည်။

မြန်မာပြည်မှထွက်သည့်နေ့ကျမှပင် စုလှိုင်သည် သူဝတ်လေ့မရှိ သော ချိတ်ထဘီလေးကို မြန်မာဆန်ဆန်ဝတ်လာခဲ့သည်။ စိမ်းပြီဆိုမှ စုလှိုင်တို့က အပြီးတိုင် စိမ်းချင်သည်။ ထို့ကြောင့် အင်္ကျီစိမ်းနှင့်ထမီအချိတ်စိမ်းလေးကို ဝတ်လာခဲ့မိသည်။ ရွှေဝါရောင်ဆည်းဆာရောင်သည် စိမ်းမြနေသောစုလှိုင်ကို အဝါရည်လိမ်းပေးထားလေသည်။

'ကျွန်တော် ကူညီရမလား'

စုလှိုင်၏ဘေးတွင် မျက်နှာဖြူအမျိုးသားတစ်ဦးက ယှဉ်လျှောက်လာရင်းမေးသည်။ လေယာဉ်နှင့်ပါလာပြီး လေယာဉ်ဆီဖြည့်စဉ်ခေတ္တခဏ မြေပြင်သို့ ဆင်းလာသောခရီးသည်ဖြစ်ဟန်တူသည်။ ကြော့ရှင်းလှပနေသောစုလှိုင်ကို ချီးမွမ်းသလိုကြည့်ရင်း ဆွဲကိုင်ထားသောကြိမ်ခြင်းတောင်းကို ကူဆွဲပေးမည့်ဟန်နှင့် လက်ကမ်းလာလေသည်။

'ကျေးဇူးတင်ပါတယ်ရှင်၊ ကိစ္စမရှိပါဘူး'

ကြိမ်ခြင်းတောင်းက မလေးလှသောကြောင့် စုလှိုင်က ခေါင်းယမ်းကာ အပြုံးနှင့်ငြင်းလိုက်သည်။ ယခုအချိန်တွင် မည်သူနှင့်မျှလည်း စကားလက်ဆုံ မပြောလိုသေးသောကြောင့်ဖြစ်သည်။ အတွေးကိုသာ အဖော်ပြုပြီး တိတ်တိတ်ဆိတ်ဆိတ်လေးနေလိုသေးသည်။

နောက်နောင်တွင်ကား ထိုကဲ့သို့သောလူမျိုးခြားများနှင့်သာ ဆက်ဆံရပေတော့မည်။ ကိုယ့်မြန်မာစကားကို ကိုယ်အသုံးပြုချင်၍မှ ပြုရတော့မည် မဟုတ်ချေ။ ဒီလို တွေးမိပြန်တော့လည်း စုလှိုင်၏ရင်ထဲတွင် လေးလံလာသည်။ ကိုယ့်တိုင်းပြည်၊ ကိုယ့်ဘာသာစကားကို ချစ်တတ်သောစိတ်လေးက သူမသိဘဲနှင့် သူ့ရင်ထဲတွင် တိတ်တိတ်ကလေး ကိန်းအောင်းနေခဲ့ဟန်ရှိသည်။

သူ့ကို တစ်နယ်ရပ်ခြားသို့သယ်ဆောင်သွားမည့်လေယာဉ်ကြီးက အသင့်စောင့်လျက် ရှိချေပြီ။ ရှေ့ဘက်မှသွားနှင့်သောခရီးသည်များက လေယာဉ်ပေါ်ပင် တက်နေကြပြီကို လှမ်းမြင်နေရသည်။ စုလှိုင်သည် နောက်ဘက်သို့ လည်ပြန်လှည့်ကြည့်လိုက်မိသည်။ တစ်ဖက်အပေါ်ထပ်ဝရန်တာတွင် လိုက်ပါပို့ဆောင်သူအနည်းအကျဉ်းရှိသည်။ ဆိုင်ရာလူများကို လက်ပြနှုတ်ဆက်နေကြသည်။ သူ့ကို လေယာဉ်ကွင်းသို့လိုက်ပါပို့ဆောင်သူပင် တစ်ဦးမျှမရှိခဲ့သည်မို့ လက်ပြနှုတ်ဆက်သူလည်းရှိနေမည်မဟုတ်သည်မှာ သေချာသည်။

စုလှိုင်သည် အသက်ကိုရှိုက်၍ရှူလိုက်မိပြန်သည်။ မိနစ်ပိုင်းအတွင်း၌ အပြီးတိုင် ခွဲခွာရတော့မည့် မြန်မာပြည်မြင်ကွင်းကို တဝကြီးခြံ၍ကြည့်လိုက်ပြီး အပြီးတိုင် ကျောခိုင်းလိုက်သည်။

'စု မမစု၊ နေပါဦး မမစု'

တုန်ယင်အက်ကွဲနေသော အမောတကော ခေါ်သံကို သဲ့သဲ့ကြားလိုက်ရသည်။ စုလှိုင်၏ခေါင်းလေးသည် ချာခနဲပြန်၍လည်သွားသည်။ နှလုံးသားက တဒိုင်းဒိုင်းနှင့်ခုန်ပေါက်လာသည်။ သူလုံးဝမျှော်လင့်မထားခဲ့မိသောအသံဖြစ်သည်။

'သူ သူ ညီလင်း'

ညီလင်းသည် ဝရန်တာလက်ရန်းမှ ကိုယ်ကိုကိုင်းညွတ်ကာ ဒိုင်ဗင်ထိုးဆင်းတော့မလို ဖြစ်နေလေသည်။ ထို့နောက် ခြေဖျားထောက်ကာလက်နှစ်ဖက်လုံးကိုမြှောက်ပြီး ဝှေ့ယမ်းပြပြန်သည်။

'စုကို ကျွန်တော်ချစ်တယ်၊ ကြားရဲ့လား၊ မမစုကို ကျွန်တော်ချစ်တယ်'

စု၏ခေါင်းကလေးလှည့်လာသည်ကိုတွေ့သောအခါ ညီလင်းသည် အားတက်လာဟန်ရှိသည်။ သူ့ဘေးမှလူများကိုလုံးဝ ဂရုစိုက်နိုင်ဟန်မတူချေ။ နှစ်ကိုယ်ကြားလေး တီးတိုးပြောရမည့်စကားကို အသံကုန်အော်၍ ပြောသည်။

စုလှိုင်၏ဒူးများသည် ရုတ်တရက် ယိုင်ညွတ်သွားသည်။ ခုန်ပေါက်အော်ဟစ်နေသောညီလင်းကိုမျှော်ကြည့်ရင်း တစ်ကိုယ်လုံးတုန်ယင်ပြီး အေးစက်လာလေသည်။

'စုကို ကျွန်တော်ချစ်တယ်၊ လက်ထပ်ပါရစေ'

တအားကုန် အော်ပြောနေသော ညီလင်း၏အသံသည် အက်ကွဲနေသည်။ စုလှိုင်၏နှလုံးသားက လည်ချောင်းဝတွင်လာပြီး တစ်ဆို့နေသည်။ အူအသည်းများ ကြောင်းဆန်ကုန်ပြီဟုထင်လိုက်မိသည်။ စုလှိုင်သည် သူ့ကိုယ်သူ သတိမထားမိခင်မှာပင် မျက်လုံးအိမ်တွင် မျက်ရည်များအိုင်ထွန်းလာပြီး ဒလဟောစီးကျလာလေသည်။

'စုကို လက်ထပ်ပါရစေဗျ'

နားထဲတွင် ဆူဝေလာသော်လည်း အမြင်များဝေဝါးလာသော်လည်း သူရူးသဖွယ် ရင်ပွင့်မတတ် အော်လိုက်သောထိုအသံကို သဲ့သဲ့လေးကြားနေရသည်။ လက်နှစ်ဖက်လုံးကိုဝှေ့လိုက်ယမ်းလိုက်ဖြစ်နေသော သူ့ရုပ်သွင်ကို

ရေးရေးလေး မြင်နေရသည်။

'ဘာလို့ ခုမှလာပြောနေတာလဲ ညီလင်းရယ်'

စုလှိုင်က မချိတင်ကဲပြောလိုက်မိသည်။ တင်းကျပ်မောဟိုက်ပြီး အသက်ရှူရကျပ်သောဝေဒနာကို ခံစားနေရသည်။ ရှေ့လည်းမတိုးနိုင်၊ နောက်လည်းမဆုတ်နိုင်ဘဲ လမ်းခုလတ်တွင်ရပ်ရင်း တုန်တုန်ယင်ယင်နှင့်ငိုရှိုက်နေမိသည်။

'ခွင့်ပြုပါရှင်၊ လေယာဉ်ပေါ်မှာ ခရီးသည်တွေ စုံကုန်ပါပြီ၊ ဒီက မစု တစ်ယောက်ပဲ ကျန်ပါတော့တယ်'

ရွှေဝါရောင်ဆံပင်နှင့် လေယာဉ်မယ်လေးက လာပြောသည်။ ကြင်နာသောအပြုံးလေးကိုပြုံးပြပြီး စုလှိုင်၏လက်မောင်းကိုဆွဲကိုင်၍ခေါ်သည်။

'နေရစ်တော့ ညီလင်းရယ်'

စုလှိုင်သည် လက်ကလေးတစ်ဖက်မြှောက်ကာ ဖော့ယမ်းပြလိုက်ပြီး ချာခနဲကျောခိုင်းလိုက်သည်။ ထာဝရခွဲခွာကြရပေပြီ။ ကြာတော့လည်း မေ့သွားကြမှာလား မသိပါဘူး။ "စုကိုမမေ့ပါနဲ့ကွယ်၊ တစ်ခါတလေတော့ သတိရပါ"ဟု ရင်ထဲမှပြောနေမိသည်။ ဆို့ကျပ်နာကျင်နေသောဝေဒနာကြောင့် အသက်ကိုပင် ခဲယဉ်းပင်ပန်းစွာရှိုက်၍ရှူနေရသည်။

'မမစု မသွားပါနဲ့ ပြန်လာခဲ့ပါ'

သုတ်သုတ်ကလေး လျှောက်သွားနေသော စုလှိုင်၏ခြေထောက်များကို ညီလင်း၏အသံသဲ့သဲ့လေးက ဆောင့်၍ဆွဲလိုက်သည်။ စုလှိုင်မဟာန်နိုင်တော့၊ ခြေလှမ်းအမှားမှားနှင့် ယိမ်းထိုးလာလေသည်။

'ပြန်လာခဲ့ပါ မမစုရဲ့'

ငိုသံပါနေသောအသံသဲ့သဲ့လေးက သူ့နားထဲသို့ အဟုန်ပြင်းစွာပြေးဝင် လာသည်။ စုလှိုင်သည် ရုတ်တရက် ရပ်တန့်လိုက်မိသည်။ အေးစက်တုန်ယင်နေသောလက်သည် ကြိမ်ခြင်းတောင်းလေးတစ်ခုကိုပင် မြဲမြဲအောင်ကိုင်မထားနိုင်တော့ပေ။ အားလျော့ကာ လွတ်ကျသွားသည်။ မိန်းကလေးအသုံးအဆောင် အလှပြင်ပစ္စည်းများနှင့် ယွန်းထည်ပစ္စည်းအသေးအမွှားလေးများသည် လမ်းပေါ်တွင် လွင့်ကျဲသွားလေသည်။

'အို လေယာဉ်ထွက်ချိန်တော့ နောက်ကျတော့မှာပဲ'

လေယာဉ်မယ်လေးက စိတ်ရှုပ်စွာပြောရင်း ပြန့်ကျဲနေသောပစ္စည်း

များကို အပြေးအလွှား လိုက်ကောက်လေသည်။ စုလှိုင်သည် တွေတွေလေး ရပ်နေမိသည်။ တုန်ယင်နေသောလက်ချောင်းလေးများကို အချင်းချင်း တင်းတင်းကျပ်ကျပ်ဆုပ်ထားလိုက်လေသည်။

'နောက်မကျပါဘူး၊ ဘာလို့နောက်ကျရမှာလဲ'

'ဘာလို့လဲ'

'အချိန်ကုန်မခံနဲ့လေ၊ ဒါတွေကိုဘာလို့ ကောက်နေတာလဲ၊ ထားခဲ့ပေါ့'

'အို မင်းပစ္စည်းတွေ'

'ဟင့်အင်း ကိစ္စမရှိဘူး၊ ဒို့လည်း မလိုက်တော့ဘူး'

စုလှိုင်က ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်းချလိုက်သည်။ သူ့ရင်ထဲတွင် သတ္တိများပြည့်လျှမ်းလာသည်ဟု ထင်လိုက်မိသည်။ ခေါင်းကိုဆတ်ခနဲမော့ကာ နှုတ်ခမ်းလေးကို တင်းတင်းစေ့ထားလိုက်သည်။

ပုစွန်ဆီသွေးရောင် ဆည်းဆာရိပ်ဝယ် အရာရာသည် ဆန်းသစ်လှပနေသည်ကို စုလှိုင်တွေ့ရသည်။ လေထဲတွင်ပင် မေတ္တာရနံ့များ မွှန်းထုံနေသည်။ ချိုမွှေးသင်းပျံ့နေသည်။

'ဟင် ဘာဖြစ်တာလဲ ဘာဖြစ်လို့လဲ'

လေယာဉ်မယ်လေးက တအံ့တသြမေးသည်။ စုလှိုင်သည် မသိလားနားမလည်ရန်ကောဟူသောအကြည့်လေးနှင့် သူ့ကိုအထက်စီးမှ ဝံ့ဝံ့စားစား လေးကြည့်လိုက်မိသည်။

'မင်း မသိဘူးလား၊ မင်း မချစ်ဖူးဘူးလား၊ ဒို့ကိုများ ဒို့ရဲ့ချစ်သူနဲ့ခွဲနိုင်လိမ့်မယ်လို့ မင်းကထင်နေသလား'

စုလှိုင်သည် သူ့ကိုစောင့်နေသော လေယာဉ်ကြီးအား ကျောခိုင်းလိုက်သည်။ လေယာဉ်ကွင်းအဆောက်အအုံဘက်သို့ အားကုန်ပြန်ပြေးလာသည်။ ပါးပြင်နှစ်ဖက်ပေါ်သို့ မျက်ရည်များစီးကျလာသည်။ ပြေးရင်း ငိုသည်။ ငိုရင်း ရှိုက်သည်။ ထို့နောက် ရှိုက်ရင်း ရယ်မိပြန်လေသည်။

ညီလင်းသည် ခုန်ကာပေါက်ကာနှင့် ရင်ပွင့်မတတ် အော်ဟစ်နေဆဲဖြစ်သည်။ စုလှိုင်၏နားထဲတွင် ဆူဝေနေသောကြောင့် သူဘာပြောနေသနည်း အသေအချာမကြားရချေ။ "စုကို သိပ်ချစ်တယ်၊ ချက်ချင်းလက်ထပ်မယ်"ဟု အော်နေသည်ထင်သည်။ ဒါမှမဟုတ် "ကျွန်တော့ကိုချစ်ရဲ့လား" ဟု မေးနေ

သည်လားမသိရ။ "စုကို ကျွန်တော်မခွဲနိုင်ဘူး၊ စုရော ကျွန်တော့်လိုပဲမဟုတ်လား" ဟုပြောနေသည်လည်း ဖြစ်နိုင်သည်။

စုလှိုင်သည် မေတ္တာရနံ့နှင့်သင်းထုံချိုမွှေးနေသော လေအေးကိုရှိုက်၍ရှူရင်း ညီလင်းးကိုမော်ကြည့်သည်။ ပါးပြင်ပေါ်မှမျက်ရည်များကို ကလေးငယ်ကဲ့သို့ လက်ခုံနှစ်ဖက်နှင့်ပွတ်သုတ်လိုက်သည်။ ထို့နောက် ခေါင်းကို တအားညိတ်ပြလိုက်လေသည်။

မစန္ဒာ

၁၀. ၁၁. ၁၉၇၇

## စာရေးသူ၏ အတ္ထုပ္ပတ္တိ



အမည်ရင်း ဒေါ်ချိုချိုတင် ဖြစ်သည်။ ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့တွင် ရန်ကုန်မြို့၌ အဖ ဦးထွန်းဘော်(မန်းတင်)၊ အမိ ဒေါ်သန်းတင်တို့မှ မွေးဖွားသည်။

ရန်ကုန်မြို့ မြို့မ အမျိုးသမီး အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်သည်။

၁၉၆၅ ခုနှစ် အောက်တိုဘာလထုတ် ငွေတာရီမဂ္ဂဇင်းပါ 'ကျွန်မ အရာမဲ့' ဝတ္ထုသည် ပထမဆုံးပုံနှိပ်ဖော်ပြခြင်းခံရသော ဝတ္ထု ဖြစ်သည်။

၁၉၆၅ ခုနှစ်မှစ၍ ရန်ကုန်စက်မှုတက္ကသိုလ်တွင် တက်ရောက်သင်ကြားခဲ့ရာ ၁၉၇၁ ခုနှစ်တွင် ဗိသုကာဘွဲ့ ရသည်။ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဗိသုကာအဖွဲ့(၂)၌ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၂ ခုနှစ်တွင် ပထမဆုံး လုံးချင်းဝတ္ထု 'ငယ်သူမို့မသိပါ'ကို ရေးသား ထုတ်ဝေသည်။ စာရေးသက် အနှစ် ၄၀ ခန့်အတွင်း ဝတ္ထုတိုနှင့် မဂ္ဂဇင်းဝတ္ထုရှည် ၁၀၀ ကျော်၊ ဝတ္ထုလတ် ၂ ပုဒ်နှင့် လုံးချင်းဝတ္ထု ၁၃ အုပ်တို့ကို ရေးသားခဲ့သည်။

ထုတ်ဝေခဲ့သောစာအုပ်များအနက် 'အဝေးဆိပ်ကမ်း ပန်းဆိပ်ကမ်း'သည် ၁၉၉၄ ခုနှစ် အမျိုးသားစာပေ(ဝတ္ထုရှည်)ဆု၊ 'ဝတ္ထုတိုများ-၃'သည် ၁၉၉၉ ခုနှစ် အမျိုးသားစာပေ(ဝတ္ထုတိုပေါင်းချုပ်)ဆု၊ 'ဆဋ္ဌဂံ'သည် ၂၀၀၂ ခုနှစ် အမျိုးသားစာပေ(ဝတ္ထုရှည်)ဆုတို့ကို ရရှိခဲ့သည်။

ခင်ပွန်းသည် ဗိသုကာ ဦးအောင်မောင်၊ သမီး မအောင်ငြိမ်းချမ်း၊ သား မောင်မိုးငြိမ်းချမ်းတို့နှင့်အတူ အမှတ် ၁၇၃၊ ကျောက်ကုန်းမြိုင်လမ်း၊ သုဝဏ္ဏ၌ နေထိုင်လျက် ရှိသည်။


လှတဲ့နှလုံးသားကလှတယ် အရိပ်
ဆိုးတဲ့နှလုံးသားက အရုပ်ဆိုးတယ်
သူ့နှလုံးသားထဲက အရိပ်ဟာသူ့ဘဝမှာ
လာပြီး ထင်ပါတယ်လေ
တချို့ အရိပ်တွေက သိပ်လှတယ်
တချို့အရိပ်တွေကျတော့ အရုပ်ဆိုး
တယ်ကွယ်။

# မစန္ဒာ

အရိပ်